
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်











## ထီပေါက်နိုင်သော ဂါထာတော်

တေ အဂ္ဂံ ဘိက္ခဝေ၊ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ၊
ပဌမံ သလာကံ၊ ဂဏှန္တာနံ၊ ယဒိဒံ ကောဏ္ဍဓာနော၊
ဧတေန သစ္စ ဝဇ္ဇေန ဇေံမေ ဟောတု။

အနက်

**ဘိက္ခဝေ**–ရဟန်းတို့၊ **ပဌမံ**– ပဌမရှေးဦးစွာ၊ **သလာကံ**–စာရေးတံမဲကို၊ **ဂဏှန္တာနံ**–ယူကုန်သော၊ **မမ**–ငါဘုရား၏၊ **သာဝကာနံ**–တပည့် ဖြစ်ကုန်သော၊ **ဘိက္ခူနံ**–ရဟန်းတို့တွင်၊ **ယဒိဒံ ယောအယံ ကောဏ္ဍဓာနော**– အကြင်ကောဏ္ဍဓာနသည် (**အတ္ထိ**–ရှိ၏)၊ **တေ–သော**–ထိုကောဏ္ဍဓာနသည်၊ **အဂ္ဂံ–အဂ္ဂေါ**–အမြတ်ဆုံး အသာဆုံး ပေတည်း။

**ဧတေနသစ္စဝဇ္ဇေန**– ဤမှန်သော စကားကို ဆိုရခြင်းကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇေံ–တထာ**– ထိုအတူ ပဌမဆုံးမဲကို ရခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

လောကီပညာ ရသစုံ မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရှင်သုံး စာစောင်




နာယကကြီး

ဒေါက်တာ အောင်ခိုင်

M.B.B.S (Ygn)

ဒု-တာ-ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Áryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီ[illegible]

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဏ္ဏဒီ မြန်မာဂုဏ်ထူး) ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmer),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း


တောကြီးအလယ် ကျောက်စရစ်ကုန်းအား ရှင်းလင်းသောအခါ မြေအောက်တွင် မိကျောင်းရုပ် ခံထားသော စေတီရာကို...

☁ စာ-၉


ထုတ်ဝေသူ

ဦးခင်မောင်စင်း(မ)ဦးကျော်မိုးသိန်း(၀၀၇၃၉)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်

အမှတ် ၁၇/တ၊ ၅၆-လမ်း၊ ၂-ရပ်ကွက်

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး

မိလျှံနာစာပေ (တောင်ကြီး)

ဝဂ်ါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့

☎-၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၉၆၈၀၀၄၁၉၂။

ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဝေ

၂၀၁၇ ခုနှစ်၊ ဇွန်လ

အမှတ် ၃၇၀

တန်ဖိုး - ၂၃၀၀ကျပ် (ဖြန့်ချိဈေး)

[နှစ်ထောင့်သုံးရာကျပ်]

အုပ်ရေ

၁၀၀၀

☎- ၀၉ ၇၇၆၃၄၉၇၈၅၊


၀၉ ၉၆၈၀၀၄၁၉၂။

F.1B. June, 2017.





www.burmeseclassic.com

www.burmeseclassic.com



ရတနာမဥ္ဇူဘုရား ဝါတော်(၅၀၀)ပြည့်
အထိမ်းအမှတ်အဖြစ်
ကျောက်စာများ... စာ-၄၁

ငွေနန်းသာရီ နဂါးလှေကြီးကို
ကန်တော့ပွဲ၊ ပန်း၊ ရေချမ်း၊ ဒီ များ
အမြဲ ကပ်လှူထားသည်... စာ-၁၂၉



## တွေ့ဆုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)
သဘာဝဗေဒတိုင်းရင်းဆေးခန်း ဆရာဦးသန်းဆွေထွန်း
(တဆ-ဝ၂ဝ၆၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော
အသည်းခြောက်ရောဂါ ကာကွယ်စောင့်ရှောက်နည်းများ
*[မြောင်းမြ မောင်ယဉ်တင့်]* ၁၂၅


## ပညာပေးရောင်ခြည်


ဂမ္ဘီရပညာရှင်ကြီးတစ်ဦးအကြောင်း တစ်စေ့တစ်စောင်း
*[စလင်းဦးကျော်]* ၂၂၅


## လက္ခဏာရောင်ခြည်


ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦး၏ လက္ခဏာ
*[သန်းပညာ]* ၁၅
တက္ကသိုလ်ကျောင်းသားတစ်ဦး၏ လက်ဖဝါးပြင်ပေါ်မှာ
*[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့]* ၃၀
ဒီလိုလက္ခဏာရှင်များကို သတိထားပါ ၁၅၀
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၂၀၁
တစ်ချက်ကောင်းပေါက်ကွက် *[ဦးသော်ခင်-ဟသ်ာတ]* ၂၁၅


## လမ်းညွှန်ရောင်ခြည်


မိုင်းရှူးရတနာမြေမှ လွယ်ဆောင်ထောက်(ခေါ်)
အဘိုးတောင်နှင့် အဘွားတောင် *[ပုသိမ်-အောင်သန်းဦး]* ၃၃
ရွှေ(၉)ဆူ အဓိဋ္ဌာန်ခရီးမှ ရွှေမြင်းဝန် *[အောင်ဇ-LL.B]* ၆၅
ကန့်ဘလူနယ်မြေမှ ဦးမော့လာသော ရသေ့တောင်(၂)
*[ဗိုလ်သန်း-ကန့်ဘလူ]* ၇၃
ပုသိမ်မြို့မှ စန်းစိန်ကုန်းဘုရားကျောင်း(၂) *[ဟူဂျင်းဇီ]* ၈၁
သာသနာ့နယ်မြေဖြစ်လာသည့် လူရုပ်တောင်
*[လှိုင်ဘုတ်း-နမ့်စန်]* ၁၅၃


## အထူးကဏ္ဍရောင်ခြည်


မြဝတီမြို့မှ ကောင်းကျိုးနိမိတ်ဝေဆာစေသည့်
မိကျောင်းကုန်း သာသနာ့မြေသို့(၁) *[ထက်မင်းကျော်စွာ]* ၉
အကြွဲအောင်စေသည့် ရွှေလုံထောင် ကုန်းတော်
*[ခရီးသည်သုတေသီ]* ၁၇
ရွှေမင်းဝံ ပေါ်တော်မူ ကုန်းတော်မှ သာသနိက
အဆောက်အအုံများ(၄) *[ဇင်ညိုငယ်]* ၄၉
သိင်္ဂါရ ရသ ကဗျာလင်္ကာဖြင့် တနင်္သာရီမြို့က ယဉ်ကျေးမှု
အမွေအနှစ် နောင်တ နဂါးလှေပွဲတော်
*[သီတာဆန်း-မော်လမြိုင်]* ၁၂၉
သာဝကပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ
အလင်းရောင်ထွန်းပြောင်စေသော မီးအိမ်ရှင် မဟာရှင်
ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စ
မဟာထေရ်ကြီး(၂) *[ခင်ခင်ဝင်း-မော်ရဝတီ]* ၁၄၅
စစ်ကိုင်း မြို့ဖေယျာတစ်လွှား ထူးခြားဌာနများ(၁)[နံကိုင်းတောင်မှ
ဗိဇ္ဇာရသေ့ဂူများ] *[ဘကြီးအောင်-စစ်ကိုင်းတောင်]* ၁၆၉
အနေကောင်းလို့ အသေကောင်းတဲ့ ဆရာတော်ကြီး
*[ကောင်းမြင့်မြတ်စိန်]* ၂၄၉




www.burmeseclassic.com

www.burmeseclassic.com


## ❦ ကိုယ်တွေ့ရောင်ခြည် ❦

ဒေါ်မေအုတ်ကျောင်းဆရာတော်နှင့် ထူးခြားသည့်
ဖြစ်ရပ်များ [ဇင်ညိုငယ်] ၂၂

သယ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော်မှ ယက္ခညီနောင်
ရဲ့ ပွင့်လန်းလာသောကံ [ဦးစိန်-တိုးချောင်ကြီး] ၁၆၁

အသက်ကို တစ်နှစ်ကြိုတင် နိမိတ်ဖတ်ခြင်းကြောင့်
အန္တရာယ်မှ လွတ်ကင်းခဲ့ခြင်းလား
[စကြံတောင်သူတော်-စဥ့်ကူးမြို့] ၂၃၃

ကျွန်တော့်အဖေ [ဦးညာထ] ၂၃၇

ဂန္ဓာရီခရီးသည်တစ်ဦးနှင့် တွေ့ဆုံခဲ့ရဖူးခြင်း
[မကွေး ဝင်းမောင်] ၂၆၅

ငှက်မုဆိုးနှင့် ချိုးလည်ပြောက် [တင်ဘုန်းဝင်း] ၂၉၉

## ＊ ကျင့်စဉ်ရောင်ခြည် ＊

နမောင်းချက် စီးပွားတက်နှင့် ဂုဏ်တော်(၉)ပါး
ပုတီးစိပ်ပူဇော်နည်း [မောင်ဗဟိန်း-အင်းတော်] ၃၆

တေဇောကသိုဏ်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်
ပြုလုပ်ရမည့် အစီအရင်နှင့် ပွားများပုံနည်းများ
[ရွှေဘီသိန်း] ၁၅၈

အောင်ချမ်းသာမှ ပုဇိအာ ပုတီးစိပ်နည်း [အာသဝထ] ၁၆၅

အောင်မြင်မှုသရဖူ ဆောင်းလိုသူများအဖို့
ပထဝီဇယမန္တန်နှင့် စွမ်းအင်များ [ဦးကိုဦး] ၁၈၇

အကြားအမြင်ရစေသော ပုတီးစိပ်နည်း
[မြင့်ဆွေသိန်း- တကောင်းသား
ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်] ၂၃၉

## ● အစီအရင်ရောင်ခြည် ●

ကြားညပ်သော အိမ် [မြဗဒ္ဓမှာ] ၅၅

ကိုယ်ဝန်ဆောင်များ မီးဖွားလွယ်ကူစေရန်
[ပေါင်းတည်မြလှိုင်-တိုင်းရင်းဆေး] ၁၂၈

ခန္ဓာကိုယ် လောက်တက်ခဲ့သော်[အရာခံဗိုလ် မျိုးမောင်] ၁၇၅

အခက်အခဲပြေလည်စေရန် နည်းလမ်းအစီအရင်
[မင်းခန့်ကျော်နိုင်] ၂၀၄

နမောပုံ ဂါထာစွမ်းဖြင့် အခြောက်အလှန့်
ကင်းလွတ်ခဲ့ရသည့် အစီအရင်
[အောင်(သိဒ္ဓိရာဇ)နဝင်းမြို့တော်] ၂၃၃

## ❐ အဂ္ဂိရတ်ရောင်ခြည် ❐

ပြဒါးမှ ရွှေဖြစ်နိုင်ပါသလော(၂) [ဦးမနောမယ-ပြည်] ၃၇

သိဒ္ဓိဝင်နေလခါတ်လုံး [စနေသား-မော်ကျွန်း] ၉၅

လက်ချား [ရဲမျိုးသူ-ဖောဓိမြိုင်] ၁၈၃

ရေသံ၊ ခြသံလမ်း [တင်လှ-ဆ-မ-ငြိမ်း] ၂၀၀

အဂ္ဂိရတ်ပညာနှင့် နက္ခတ်ပညာ
[ဂါမဏိဇော်- င်း၊ ဝေဒပညာရှင်] ၂၀၅








ကျောက်မဏ္ဍာပ်ဂူ၊ ဝိဇ္ဇာဂူနှင့် ဆံရှည်ရသေ့ဂူများ၏
တည်ရှိရာ နံကိုင်းတောင်တော်ထက်မှ
ရှင်ပင်နံကိုင်းစေတီတော်ကို... ☛ စာ-၁၆၉

စန်းဝိမ်ဂုမ်းဘုရားကျောင်းတွင်
မိုးကောင်းကင်ကို ထိုးမိုးစားပြုသော
ငါးကြီးကလေးများကို... ☛ စာ-၈၂




www.burmeseclassic.com

www.burmeseclassic.com



မဟာလယ်တီဂူစမ်းမျက်နှာစေတီတွင်
ဓာတ်လုံးများ၊ ရုပ်ပွားတော်များ
မကြာခဏ ရောက်ရှိလာသဖြင့် ☚ စာ-၂၂

ဘီလူးသုံးကောင်
ဆောင့်ကြောင့်ထိုင်၍ ခြေတော်ရာကို
လက်နှစ်ဖက်ဖြင့် ပင့်မထားပုံမှာ ☚ စာ-၅၁




## ✷ ဂါထာမန္တန်ရောင်ခြည် ✷

မကောင်းသော ဘေးအန္တရာယ် ကာကွယ်သောဂါထာ
[ဦးငွေအောင်မွန်] ၁၀၁
သာမဏေသုခဆရာတော်ကြီးရဲ့ စန္ဒမုခိဘီလူးမကြီး
ရွတ်ဆိုသော စိန္တာမဏိဂါထာ
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၀၅
သာသနာပြုအကျော်များလက်စွဲပြု ပွားများခဲ့သော
မေနသိဒ္ဓိဂါထာတော်
[အောင်ဝင်းတင့်–ဘူမိ/ကံမ၊ ဂျီးဖြူသာသနာပြု] ၁၂၁
ခန္ဓာကိုယ်ကို ဘေးအန္တရာယ် မကျရောက်စေနိုင်သည့်
အစွမ်းထက်ဂါထာ [မောင်ကံ–တံတားရွာ] ၂၆၈

## ✷ ဆေးနည်းတိုရောင်ခြည် ✷

ဆံပင်မကျွတ် ပိုမိုနက်လိုပါသလား
[ကောင်းဟိန်း–ကျွန်းသစ်] ၈၈
ခြေဖနောင့်နာ ခံစားနေရသူများသို့ [စဂ်း–ဥပဒေ၊ ရွှေဘို] ၁၄၁
အတွင်းဒဏ်အတွက် တရှုတ်ဒဏ်ကြေဆေးခါးရည်
(မော်လောကကဲ) [ခိုင်မင်း–သတုံ] ၁၅၂
တောင်တက်နိုင်ကြောင်း ဆေးနည်းကောင်း
[ညိုမောင်လေး–ရေနံချောင်း] ၁၆၈
ကင်းခြေများအတွက် ဆေးနည်းမခက်
[မောင်ခင်လတ်–အင်းစိန်] ၁၉၁
ရေလည်းဆေး၊ ဆေးလည်းရေ [ကိုကိုခန့်ချော–ကသာမြေ] ၂၈၀

## ◆ ဆေးဗေဒရောင်ခြည် ◆

သက်ရှည်ကျန်းမာ ရွှေရုပ်လှာ အသားလှ
ဆေးနည်းတစ်လက် [မြောင်းမြ မောင်ယဥ်တင့်] ၂၄
မျက်စိအကြောအားဆေး [ခင်ဝင်း–စက်မှု၊ ငြိမ်း] ၁၀၄
ရုပ်ပျိုအားတိုးဆေး [ညိုမောင်လေးရေနံချောင်း] ၁၆၈
သက်တော်ရှည်ဆရာတော်ကြီး၏ ကျန်းမာသက်ရှည်
အားဆေး [ပေါင်းတည် သိန်းဝင်းထက်] ၂၆၄
ရေဖျဉ်းစွဲလို့ ဆေးနည်းတို [ချစ်ခင်ဆွေ–ဥပဒေ] ၃၀၃

## ✳ ဂန္ဓာရဝိဇ္ဇာရောင်ခြည် ✳

ဒဏ္ဍာလိုတံခါးမှူး [ဘွန်းနေနီ] ၂၈၁
အဂ္ဂိရတ်ဝိဇ္ဇာလမ်းမှ အန္တရာယ် [ကောင်းသုခ] ၂၈၉

## ✿ မိတ်ရွှမ်းအင်းရောင်ခြည် ✿

ရွှေပေါ်ကျွန်းမှ အိပ်မက်ထဲက ကိုယ်တွေ့ဖြစ်ရပ်
[မင်းမောင်ဘွား–မြောင်းမြ] ၂၉၄

## ▲ ထူးခြားသစ်ပင်ရောင်ခြည် ▲

မမြင်ဘူးသေးသူများ မြင်ဖူးစေချင် [နှစ်ပေါက်ပါသည့် ဝါး]
[ဗီးကုန်း ဩဘာမော်] ၇၂
ကံကောင်းခြင်းလက်ဆောင် [ထူးခြားအင်းဂမုန်း]
[နတ်မောက်မျိုးနေ] ၁၈၅




www.burmeseclassic.com

www.burmeseclassic.com


## ဗဟုသုတရောင်ခြည်

ပျားရည်စမ်းသပ်နည်းတစ်ခု [ရာမည ကုမာရ-ပေါင်မြို့] ၁၄၄
ရေနစ်သူကို ရှာဖွေရန် နည်းကောင်း
[ဦးကိုကိုကြီး-စစ်ဆေးရေး (၂)မတယ၊ ထုံးဘို] ၁၈၃
ဝပါးကြီးမြွေကြီးကို တွေ့ပေမယ့်
[နိုင်ဒွဲတွတ်-ဝိဇ္ဇာ၊ စီးပွားရေး] ၂၂၉

## ထူးခြားပစ္စည်းရောင်ခြည်

ဓာတ်လိုက်ခံရခြင်းနှင့် ကျောက်မိုးကြိုးသွား [ချစ်ဆိုင်] ၇၀
ထူးခြားသောကျောက်ဆင်ရုပ်ကြီး[သာထက်ဇော်-မကွေး] ၇၈
ဝါးအမြွှာပူး [မောင်မောင်ထွန်း-မုံရွာ] ၈၇
ထူးခြားတဲ့ သံစ်ခွေ [ဦးစိန်-တိုးချောင်ကြီး] ၂၄၆

## ကိုယ်ခံပညာရောင်ခြည်

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ (ဒုတိယပိုင်း) (၈)
[ဆရာကြီးမင်းယက္ခ-တိုက်ပွဲဝင်] ၁၃၇

## ကုထုံးရောင်ခြည်

ပိစပ်ရှုတွမှုဆေးဖြင့် အနေတ်နာနှင့် အစာအိမ်ရောဂါ
တုကြစ့်လား [ကျောင်းအုပ်ကြီး] ၃၁
ရှုတ်တရက်လေဖြတ်လျှင် ချက်ချင်း ကောင်းပတတိ
ဖြစ်အောင် ပြုစုကုသနည်း [မြင့်မြတ်ထွန်း] ၁၅၆

## ဝိဇ္ဇာဓရရောင်ခြည်

ကိုယ်တွေ့ကြုံလို့ ယုံရသည်(၇) [နှင်းပုလဲသွဲ] ၁၉၈

## သုတေသနရောင်ခြည်


မိတ်ဝင်စားဖွယ်ကောင်းသော ထိုင်းရှိသက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၉၅
ထုတ္တန့်သိမ်ပုထိုးတော်မှ ရွှေခေတ် ရခိုင်မှုရာ
ဝတ်ဆင်ထုံးဖွဲ့မှု ဒီရိုင်းသက်ရာများ(၁၆)
[ပန်းချီထူးလှ-ရွှေဟောင်းသုတေသန] ၂၀၉
ဓသောလီခေတ် မောတိုင်းစစ်ခြားမင်းလက်ထက်
အတိတ်နိမိတ်တောက်သူမှုများ [စောထွီးရှင်-မြောက်ဦး] ၂၃၆

## မြစ်ချင်းဖြိုးဆေးပင်ဆေးမြစ်ရောင်ခြည်

တောတောင်အတွင်းမှ ဆေးဖက်ဝင်ပစ္စည်းများ(၂)
[ကျွန်းမာလန်းဆန်းအောင်ရှိစေသော ဆေးပင်][သူရမင်းနိုင်-ဖျာပုံ] ၁၀၉
တင်းကိုတ်ဝေဒနာအတွက် ဆေးနည်းကောင်းတစ်လက်
[လှထွန်းငွေ-စက်စဲ] ၁၆၆
မြရာခေါက် ဆီးချုပ်ပျောက်၏ [ဖိုးကြော်ကြား] ၂၁၆

## တိရစ္ဆာန်ရောင်ခြည်

ကျွဲနွား အနာရောဂါကင်း အင်း [ချစ်နော်-မကွေး] ၁၆၄
နွားမကြီးများမှ နွားပိုက်(နွားထီး)မွေးအောင်
လက်တွေ့ပြုလုပ်နည်း [နတ်မောက် လှမြင့်သစ်] ၂၄၈
ကျွဲနွားအချေပြားတွင် ဝဲယားနာပေါက်ခြင်းအတွက်ဆေး
[ငွေသိန်း-တီး၊ မွေး၊ ကု] ၂၈၈

2

အရာတော် ဦးပဥ္စင်းငယ်ဘဝက
ရိုက်ထူးထားသော ဓာတ်ပုံတစ်ပုံအား
တွေ့ရှိသည်နှင့် ကြက်သီးများ... စာ-၄၅

ရှင်ပင်မြတ်သိန်းဦးဇေတီဇော်၏
ပိန္နဲခွဲပလ္လင်ထက်မှ ဥမင်သုံးဆယ်ဘုရားသို့
ရည်ရေကျနေဟန် ခြသေ့ပျိုတစ်စီးမှာ... စာ-၆၂





www.burmeseclassic.com

www.burmeseclassic.com




ယနေ့
အချိန်မှာ
တော့
ယကျ
ညီနောင်
နတ်ဘီလူး
နတ်နန်းကြီးက…

◀ စာ-၁၆၁



သင်္ဂဇာ
ဆရာတော်ကြီး
မှ
မဟာရင်
ကိုယ်တော်အား
တိုင်ကပ်
နာရီကြီးနှင့်
ဓာတ်တော်
ကြုတ်နှစ်လုံးကို…

◀ စာ-၁၄၆



ငှက်ပျော
တစ်ခိုင်တည်း
မှ
အထက်တွင်
ဖီးကြမ်း
အောက်တွင်
ကသဲသီးများ
ထွက်နေပြီး…

◀ စာ-၅၄


## ❁ ကြည်ညိုဖွယ်ရာ ဆောင်းပါးများ ❁

သမိုင်းဝင် ရတနာမဏ္ဍပ်ဘုရားနှင့် ကျောက်စာ
[ရေနံမြေလွှမ်းစု] ၄၁

စစ်ကိုင်းတောင်ရိုးမှ ဥမင်သုံးဆယ် မြတ်ဘုရား၏
ထူးခြားအံ့ဖွယ်(၇)သွယ် [ဦးစိန်သွင်] ၁၉၃

## ✻ အောင်မြေ ဆောင်းပါးများ ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိခိုးပူဇော် ဂါထာတော်များ(၅၂)[ရှင်ပင်မြတ်သိန်ဒိုး
စေတီတော်] [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၅၇

လှုမ္ဘိနီအင်ကြင်းကုန်းမှ အဓိဋ္ဌာန်နေရာထူး
[ထက်မင်းကျော်စွာ] ၈၉

## ✧ ထီ ဗေဒ ဆောင်းပါး ✧

၂၀၀၆ ခုနှစ်၊ ဇွန်လတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၃၆

၂၀၁၇ ခုနှစ်၊ ဇွန်လ ထီထိုးလိုက ရွေးချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၂၀၈

## ✻ စိုက်ပျိုးရေး ဆောင်းပါး ✻

မြေကျဉ်းကျဉ်းတွင် နန္ဒင်းရှင်းတက် စီးပွားတက်အောင်
စိုက်ပျိုးနည်း [မောင်ခင်သက်လှိုင်-လယ်ဝေး] ၂၀၂

## ❂ အင်းဂဏ ဆောင်းပါး ❂

နှိုကြောင်းပိတ်နာနှင့် အင်းဂါထာ [ကိုစိုးဆန်း] ၁၄၂

## ✎ ပုဂ္ဂိုလ်ထူး ဆောင်းပါး ✎

ကျောက်တံခါးမြို့ မရွှိမာရုံကျောင်းမှ ဆုထူးပန်
ဆရာတော်ဦးကေသရ(၁) [ထက်မင်းကျော်စွာ] ၂၅

## ✤ ထူးခြားဆန်းကြယ် ဆောင်းပါး ✤

ကိုတိုးရဲ့ ဂန္ဓာရီခရီးအစ [ဘဘမုံ-ဖျာပုံ၊ ဖရာပို ၆] ၄၅

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့ ညောင်ကပွင်အုပ်စု
ကရင်ပျဉ်ထောင်တွင်းရွာမှ သီရိခေမာမြစေတီတော်ကြီး
နှင့် စေတီတော်ကြီး မတည်မီနှင့် တည်ပြီးနောက်
လွန်ခဲ့သောနှစ်(၂၀)ကျော်က တွေ့ကြုံခဲ့ရသော
ဖြစ်ရပ်ဆန်းများ [ဦးအောင်ထွန်း-အတွင်းရေးမှူး၊
သီရိခေမာမြစေတီအကျိုးဆောင်] ၁၁၃

ရှမ်းတောင်တန်းပေါ်တွင် အဖြစ်ဆန်းနှင့်
ကြုံတွေ့သူ မုဆိုးကြီးဦးထန်ကီးပေါင်
[အီကင်းဦးမြမောင်-မန္တလေး] ၂၂၂

ပင်းယရွှေစည်းခုံဘုရားကြီး လျှပ်စစ်မီး ပူဇော်ရန်
မီးစက်ဖိုးငွေတစ်ရာ လာလှူသွားသော
ဘုမ္မိယဇနီးမောင်နှံ [ချို-အမရပူရ] ၂၈၇

နဂါးမှာရောင်ခြည်မျှဝေခြင်း ၇

www.burmeseclassic.com

## ❁ အမေးအဖြေကဏ္ဍ ❁

ပညာရှင်များ ဖြေကြားပေးစေချင်ပါသည်
[တောင်ဘက်လှည့်သော ဗုဒ္ဓရုပ်ပွားတော်]
[ခရီးသည်သုတေသီ] ၁၅၅

## ☐ မြန်မာနှစ်ဦး အထူးကဏ္ဍ ☐

၁၃၇၉ ခုနှစ် ပက္ခအဟောနှင့် ယတြာ
[အောင်နန္ဒစံ-ကျိုက်လတ်] ၉၅

## ✂ နေ့စဉ်သုံးအစလစ်ညွှန်ကဏ္ဍ ✂

၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၅၂
၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၈၀
၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၁၁၂
၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၅၉

## ✲ မြန်မာ့ရိုးရာပညာကဏ္ဍ ✲


ပဥ္စလက်အခါနှင့် စက်လေးလုံး
[မောင်ဗဟိန်း-အင်းတော်] ၁၅၉
လူနာ၏ အန္တရာယ်လွတ်ကြောင်း ယတြာချေနည်း
[ကောင်းခန့်-သခွတ်ခြေ၊ ဝက်လက်] ၂၂၄

## ◆ ကျန်းမာရေး ဓာတ်စာကဏ္ဍ ◆

(၁၂)လရာသီ နက္ခတ်ဓာတ်စာ (2017-Aprilလအတွက်)
တန်ခူးလ မိဿရာသီ(Aries) နက္ခတ်ဓာတ်စာ
ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ
[ဆရာ မင်းချမ်းသာ] ၂၁၃
၂၀၁၇ ခုနှစ်၊ ဧပြီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၉၆


## ● ပရလောကကဏ္ဍ ●

သစ်ကိုင်းတစ်ကိုင်းတော့ ချန်ထားပေးပါ
[စောမိသွင်-ရန်ကုန်] ၂၁၅
ကိုချစ်ခင် တွေ့ကြုံနေသည်
[အေးချမ်းအောင်-ရမည်းသင်း] ၂၄၁
လေနှင့်အတူလာ၍ စိတ်နှင့်အတူ ပျောက်သွားခြင်း
[ဝမ်း-စက်မှုတက္ကသိုလ်] ၂၅၃
မဏိသေလစေတီတော်၏ အစိဋ္ဌာန်ခရိုးစဉ်နှင့်
ထူးခြားချက်များ[မောင်မောင်သိန်း-သတင်းထောက်၊ ဇီးကုန်း] ၂၅၃
ကျွန်တော် သရဲမကြောက်ပါ [ကိုထွန်း-မင်းလှ] ၂၅၈
ဓနုသလွန်ကိုင်းဖျားက ပရလောကသားလေးလား
[ဟူကျင်းဇီ] ၂၈၅
လွင့်မြောလိပ်ပြာလေလား [ဦးစိုး-မတ္တရာ] ၃၀၅
ဓ နက္ခတ္တကဏ္ဍမဂ္ဂဇင်း



ဂနေဒေါင်ရှိ
ငါးရုံပင်း၏ အိုင်ငယ်လေးတွင်
လိပ်နှင့် မိကျောင်းရှိတယ်တဲ့ ပါ... ➡ စာ-၁၂၀

အကာယ်၏ ကြံအဘွားရုပ်ပုံ
ကျောက်တောင် ပြိုပျက်သွားပါက
အရှေ့ဘက်မှလည်း ကျောက်ပျက်ရတနာများ ➡ စာ-၃၃




ကင်းကိုက်ဝေဒနာ ခံစားရပါက
ကြံဇော်ဂျီမှတ်ဆိတ် ဂမုန်းပင်မှ ဥကို
ယူပြီး ထိုးခြေကာ ဒဏ်ရာပေါ်သို့.... ➡ စာ-၁၆၆



www.burmeseclassic.com

www.burmeseclassic.com



▲ (ပုံ-၁) မိကျောင်းရုပ်ဟုနှင့် ကန်တော်

ထက်မြက်ကြောင်း

မြဝတီမြို့မှ ကောင်းကျိုးနိမိတ် ဝေဆာစေသည့်

# မိကျောင်းကုန်းသာသနာ့မြေသို့ (၁)

စဉ်းနိုဒါန်း

မဟာသက္ကရာဇ် ၂ ခုနှစ်တွင် တရုတ်နိုင်ငံအလယ်ပိုင်း ယန်စီကျန်ခေါ် မြစ်ဝါမြစ်ဝှမ်းမှ ပြောင်းရွှေ့ ဝင်ရောက်လာသော မွန်ဂိုလူမျိုးတို့သည် စစ်တောင်းမြစ် တောင်ဘက်ရှိ လူသားစား ခမင်လူရိုင်းတို့အား တိုက်ခိုက်နှိမ်နင်း၍ မြို့ပြတူထောင်ကြသည်။

မဟာသက္ကရာဇ် ၅၀ ပြည့်နှစ်တွင် လူမျိုးစုခေါင်းဆောင် စောဖင်းညဲအား **"တိဿဓမ္မသီဟရာဇာ"** ဘွဲ့မည်ဖြင့် မင်းမြှောက်ကာ ကရဏ္ဍကတိုင်း သုဘိန္ဒနဂရမြို့ တည်ကြသည်။ ထိုအချိန်မှစ၍ "မွန်ဂို"အမည်မှ **"မွန်"** ဟူ၍ ခေါ်ဝေါ်ကြလျက် မြန်မာနိုင်ငံတွင် ရှေးဦးအခြေစိုက်သော လူမျိုးတစ်မျိုး ဖြစ်ပေါ်လာသည်။ ***(ပြည်တော်သာ ဦးထွန်းရီ၏ ပါဒနိုင်ငံတော်ကြီး ရာဇဝင်သမိုင်း အခန်း-၂ မှ ထုတ်နုတ်သည်။)***

**တိဿရာဇာ (တိဿဓမ္မသီဟရာဇာ)မင်း**သည် ကရဏ္ဍတိုင်းနှင့် ယောနကတိုင်းတို့အကြား တောင်မြောက်တန်းနေသော ဒိုဝ်ဇနး(ဒေါန)တောင်ကြားလမ်းဝတွင် စခန်းထောက်မြို့အဖြစ် ဇေယျမြို့ကို မဟာသက္ကရာဇ် ၈၈ ခုနှစ်တွင် တည်ထောင်သည်။

ဇေယျမြို့တွင် (၇)လကြာ စံမြန်းပြီးနောက် အမှုထမ်း သူရဲကောင်းကြီး ကရင်တိုင်းရင်းသား **"ဗညားကူန္ဒာ"** ကို လွှဲအပ်၍ သုဘိန္ဒနဂရသို့ ပြန်ကြွတော်မူသည်။

ဗညားကူန္ဒာသည် မြို့ရံ(၆)မြို့ကို




▲ (ပုံ-၂) မိကျောင်းကုန်းဆရာတော် ဦးဝရောစန





www.burmeseclassic.com

www.burmeseclassic.com





▲ (ပုံ-၄) ကိုးထောင်ပြည့်စေတီတန်းတော်

◀ (ပုံ-၃) မိနမာန်အောင်စေတီ

ထပ်မံဝန်းရံထူထောင်၍ သုဘိန္ဒနဂရ လက်အောက်ခံ ဇေယျာဘူမိတိုင်းကို ချဲ့ထွင်ခဲ့သည်။ မြို့ရံ(၆)မြို့တွင် ပေါင်မြို့နှင့် မြဝတီမြို့ နှစ်မြို့သာ ယခုအခါ ထင်ရှားကျန်ရစ်၍ ကျန်မြို့များမှာ မြို့ဟောင်းနေရာသာ ရှိတော့သည်။

**[ထိုမြို့ နှစ်မြို့အနက် ပေါင်မြို့သည် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်တွင်းရှိ အိမ်ခြေ အနည်းငယ်မျှသာရှိသော "ပေါင်"ကျေးရွာအဖြစ် တည်ရှိ၍ မြဝတီမြို့သာလျှင် နယ်စပ်ကုန်သွယ်ရေး စခန်းဖြင့် စည်ကားသော ခရိုင်မြို့တစ်မြို့အဖြစ် မြင်တွေ့ရပေသည်။]**

***(ရွှေမြင်းတင်စေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရင်တိန် စုဆောင်းကူညီပေးသော ကျိုက်မြဝတီသမိုင်းစေတီ ေါ် ရွှေမြင်းတင်စေတီ သမိုင်းမှတ်တမ်းများမှ ထုတ်နုတ်ဖော်ပြပါသည်။)***

**စဦးမြဝတီနှင့် ထူးသောနိမိတ်**

မြဝတီမြို့ရဲ့မြို့ကို တည်ထောင်သော အခါ စတင်အုပ်ချုပ်ရသူ မြို့စားမှာ သုမဏာဖြစ်သည်။ သူ အုပ်ချုပ်စဉ် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၌ ဘုရားရှင်ကြွရောက်၍ တရားမဓမ္မ ဟောကြားကာ ဆံတော်လေးဆူ ပေးသနားခဲ့သည်။

သူ ကွယ်လွန်သောအခါ သားတော် **"နေဓမ္မာရာဇာ"**က ဆက်၍ အုပ်ချုပ်သည်။ ထိုစဉ်က **"မြဗတီ"**ဟူ၍ မွန်စာကမ္ပည်းဖြင့် ဖော်ပြ၏။

**"ဘရဲ့ဗတီး"**ဟူသော နီးစပ်သည့် အသံထွက်ရှိ၏။ ဘရဲ့(မြ)=ကျောက်မျက်ရတနာမြေဖြစ်၍ **ဗတီး**=သဲ ဖြစ်သည်။ မြကျောက်ထွက်သော သဲမြေဟု ဒဿဒ်ပွါယ်ရ၏။

**"နေဓမ္မာရာဇာ"** မြို့စားနောက် ဆက်ခံသူကို မှတ်တမ်း မတွေ့ရပါ။ သုဝဏ္ဏဘူမိပြည့်ရှင်မင်း၏ သမီးတော် မြစန္ဒီနှင့် သမက်တော် စစ်သူကြီး "ဖိုးခဲ"တို့က မြဝတီမြို့ကို ပြန်လည်မွမ်းမံထူထောင်ကြသည်ဆို၏။

ဆံတော်ရှင်စေတီအနီး မြစန္ဒီမြို့စားမင်းသမီး တူးဖော်ခဲ့သည်ဆိုသော မြစန္ဒီကန်တော်ရှိ ရှေးအုတ်ချပ်များနှင့် အဆင်တန်ဆာများအရ ကျန်ခဲ့သော နှစ်(၂၀၀၀)ကျော်က လက်ရာဖြစ်နိုင်သည်ဟု သုတေသီများ ခန့်မှန်းကြသည်။

ထို့ကြောင့် မြစန္ဒီ၏ ခမည်းတော် ရာဇာစောဝေ (သို့မဟုတ်) မနူဟာမင်းဟူ၍ ကွဲလွဲနေသည့်အနက် ရာဇာစောဝေမင်းကိုသာ ရည်ညွှန်းကြသူများလေသည်။

မြစန္ဒီမင်းသမီးသည် မြဝတီမြို့ကို ပြန်လည်ထူထောင်သောအခါ မြို့တောင်ဘက် မင်္ဂလာတံတားသို့ လှည့်လည်စဉ် ကျုံးအနီး အင်းကြီးတွင်း၌ မိကျောင်းဖို,မနှစ်ကောင် မြူးထူးပျော်ပါး ဆော့ကစားနေကြသည်ကို မြင်တွေ့ရသည်။

ပညာရှိ အမတ်တို့ကို မေးမြန်းသော အခါ မြို့ရွာ အေးချမ်းသာယာစေမည့် ထူးခြားသော အမြင်နိမိတ်ဖြစ်ကြောင်း လျှောက်တင်ကြသည်။

ထို့ကြောင့် မြို့စားမင်းသမီးက မြို့ရွာ ဖွံ့ဖြိုးသာယာစေရန် ရည်ရွယ်၍ မိကျောင်းရုပ်ခံ ဉာဏ်တော်(၇)တောင်ရှိသော စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။

အနီးရှိ တောင်ကုန်းတော်တွင်





www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၅) ဘောဘိုးဘိုးအောင်နှင့် ရွှေနန်းစင်တောင် ဆရာတော်ရုပ်တုများ

(ပုံ-၆) တောဓိပင်ပြိုဟ်ရှုခွင်တန်းတောင်



လည်း စေတီတစ်ဆူ တည်ထားခဲ့ရာ "မြစန္ဒီစေတီ" ဟုတွင်၍ ထိုတောင်ကုန်းဝန်းကျင်ကို မိကျောင်းကုန်းဟု သမုတ်ခဲ့သည်။ ***(ရွှေမြင်းဝန်စေတီ သမိုင်းသစ်၊ စာမျက်နှာ(၃၄)မှ ထုတ်နုတ်သည်။)***

### မိကျောင်းကုန်းသာသနာ့မြေ

ဤသို့လျှင် မြဝတီမြို့၏ အတိတ်နိမိတ်ကောင်းပေါ်ထွန်းရာ မိကျောင်းကုန်းဌာနသည် အေဒီ(၂၀)ရာစုတိုင်အောင် ချုံနွယ်ပိတ်ပုံးနေသည့် ကျောက်စရစ်ကုန်းမြေ အဖြစ်သာ တည်ရှိခဲ့သည်။

အေဒီ ၁၉၈၇ ခုနှစ်တွင် မြဝတီမြို့ ဘုရားကြီးကျောင်းတိုက်ရှိ ရဟန်း (၁၀)ဝါရ အရှင်ဝိရောစနသည် မိကျောင်းကုန်း ဖုန်းဆိုးတောသို့ ကြွရောက်တော်မူခဲ့သည်။

**သာမညဆရာတော်ကြီး ဦးဝိနယသက မြဝတီမြို့ ရွှေမြင်းဝန်စေတီ၏ တောင်ဘက် လူသူမနေသော ဖုန်းဆိုးမြေတောကြီးသည် သာသနာ ပွင့်လင်းတောက်ပရာ နေရာဖြစ်ခဲ့သည်။**

**ယခုအခါ မြို့လည်ခေါင်ထွန်းရန် အခါသင့်ပြီဖြစ်ကြောင်း မိန့်ကြားတော်မူသဖြင့် ဘုရားကြီးတိုက်ဆရာတော် ဦးဝိမလက တပည့်ရင်းဖြစ်သော ဦးဝိစာရစနအား တာဝန်ပေးတော်မူသောကြောင့် ဖြစ်သည်။**

ထိုအရှင်သည် လျှိုမြောင်နိမ့်မြင့်ပေါ်များသော တောကြီးအလယ် ကျောက်စရစ်ကုန်းအား ရှင်းလင်းသောအခါ မြေအောက်တွင် မိကျောင်းရုပ်ခံ၍ တည်ထားခဲ့သော စေတီရာကို မြင်တွေ့ရသည်။

ရှေးလက်ရာ ရုပ်ပွားတော်များ၊ ရုပ်တုများ၊ သရီရဓာတ်တော်,မွေတော်များ စသည် တွေ့ရှိရသဖြင့် ဥပဇ္ဈာယ်ဆရာဖြစ်သူ ဦးဝိမလအား လျှောက်ထားအသိပေးကာ ဆက်လက်တူးဖော်သည်။

နောက်ဆုံး အောက်အဆင့် ဌာပနာတိုက် ပေါ်လုနီးအချိန်တွင် မိုးစုန်းစုန်းချုပ်၍ ညကာလ ရောက်လာသဖြင့် နောက်တစ်နေ့နံနက်၌ ဆက်လက်တူးဖော်ရန် ဆုံးဖြတ်ကာ လုပ်ငန်းစဉ်ခေတ္တနားခဲ့ကြသည်။

နွေခေါင်ခေါင်ကာလ ဖြစ်လင့်ကစား ထိုညတွင် ကောင်းကင်တစ်ခု အုံ့မှိုင်းကာ လျှပ်စီးလက် မိုးခြိမ်း၍ မိုးသည်းထန်စွာ ရွာသွန်းလေသည်။ နံနက်မိုးလင်း၍ လုပ်ငန်းခွင် စတင်ရန် ပြင်ဆင်သောအခါ တူးထားသော ချိုင့်ဝှမ်းတစ်ခုလုံး ရေများ ပြည့်လျှံနေလေတော့သည်။

ဌာနကာရကပုဂ္ဂိုလ်များ မထောက်ခံ၊ သဘောမတူဟု ယူဆကာ သာမညဆရာတော်ကြီးနှင့် ဘုရားကြီးတိုက်ဆရာတော်တို့၏ ဩဝါဒကို ခံယူလျက် ထပ်မံတူးဖော်ခြင်း မပြုဘဲ အနီးကုန်းမြင့်ထက်၌ ဥဒ္ဒေသတော် အမြင့်(၉)တောင်ရှိသော ဆုတောင်းပြည့်စေတီတော်ကို စတင် တည်ထောက်ပူဇော်

www.burmeseclassic.com

သည်။

ထို့နောက် မြစန္ဒီစေတီပေါင်း ကိန်းဝပ်တော်မူရာ တောင်ကုန်းထက်၌ မုနိလေးဆူ စံပယ်တော်မူသော ဇိနမာရ်အောင်စေတီတော်ကြီးကို ဆက်လက်တည်လုပ်သည်။

မိကျောင်းရုပ်နှင့် စေတီပေါင်း တွေ့ရာ ချိုင့်ဝှမ်းရေကန်၌ မိကျောင်းရုပ်တုကြီးတစ်ခု ပြုလုပ်ခဲ့လေသည်။ ထိုချိုင့်ဝှမ်းကိုလည်း ကန်တော်အဖြစ် မွမ်းမံတည်ဆောက်ခဲ့သည်။[ပုံ–၁]

## ပထမအကြိမ် ကြည့်ညိုရစဉ်


ဤကဲ့သို့ မိကျောင်းကုန်း သာသနာမြေကို စတင် ထူထောင်ကြိုးပမ်းစဉ် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် ကာလတွင် မြဝတီသို့ စာပေခရီးအဖြစ် ပထမအကြိမ် ရောက်ဖြစ်ခဲ့သည်။

မြဝတီမြို့၊ ကြခင်းရပ်ကွက်၊ ကြခင်းလမ်းတွင် ကုန်စုံဆိုင် ဖွင့်လှစ်ရောင်းချနေသော တူဖြစ်သူ "တိုးဝေလွင်"နှင့် မိကျောင်းကုန်း သာသနာမြေသို့ စတင်ရောက်ရှိသောအခါ **ပျဉ်းထောင်ဇရပ်** (ယခု ဖျက်သိမ်းလိုက်ပြီဖြစ်သည်။)ပေါ်၌ ဒေသခံလူကြီးအချို့ကို တွေ့ရ၏။

ဆရာတော်မှာ တိစွတစ်ခုဖြင့် မြို့တွင်း ကြွရောက်နေသဖြင့် ခေတ္တစောင့်ဆိုင်းပါဟု ဆိုလျက် ကွမ်း, ဆေး, လက်ဖက် တည်ခင်းဧည့်ခံကြသည်။

နာရီအနည်းငယ်ကြာသော် ဆရာတော် အရှင်ဝိဓော်စန ကြွရောက်လာသည်။ အကျိုးအကြောင်း သိရသောအခါ လိုလားစွာပင် လိုက်ပါကူညီရှင်းပြပေးသည်။

သက်တော်(၄၀)ကျော်ခန့် ရှိ၍ ပြောဆိုလှုပ်ရှားဟန်အရ အမှန်ဘက်မှ ရဲဝံ့ပြတ်သားသူဖြစ်ကြောင်း ခန့်မှန်းရသည်။ တည်ဆောက်ပြီးသမျှ စေတီ



▲ (ပုံ-၇) အောင်သိဒ္ဓိစေတီနှင့် ဗုဒ္ဓပြခန်း (တည်ဆောက်ဆဲ)

▼ (ပုံ-၈) မင်္ဂလာရာမသိမ်တော်



နှစ်ဆူနှင့် တည်ဆောက်လက်စ မိကျောင်းရုပ်တု၊ ရေကန်တို့အား မှတ်တမ်းပြု၍ ဘုရားဖူးလမ်းညွှန် ဆောင်းပါး ရေးသားဖြစ်ခဲ့သည်။

## စိတ်ဓာတ်ပြင်းထန်သော ဆရာတော်[ပုံ-၂]

ထိုသို့ လေ့လာသောအချိန်၌ တစ်ဖက်နိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်နေကြသည့် အလုပ်သမားများ အနက် တရားမဝင် ရွှေ့ပြောင်းရောက်ရှိသည်ဟု စွပ်စွဲ၍ မြန်မာနိုင်ငံ မြဝတီဘက်သို့ ပြန်လည်ပို့ဆောင်သဖြင့် မြဝတီမြို့တွင်း၌ အလုပ်သမားများစွာ ခြေချင်းလိမ်လျက်ရှိ၏။

မိမိ၏ဇာတိမြေမှ တူသားများပင် လျှင် လေး,ငါးဦးမျှတွေ့ရ၏။ ရွှေမြင်းဝန် စေတီဝင်းအတွင်း၌ လည်းကောင်း၊ တောရကျောင်းဝင်း၌ လည်းကောင်း၊ မိကျောင်းကုန်းသာသနာမြေ၌ လည်း

www.burmeseclassic.com






(ပုံ-၉) မိကျောင်းကန်တွင်းမှ ငါးမွဲဒီများ

(ပုံ-၁၀) ရှင်ဥပဂုတ္တကျောင်းဆောင်

(ပုံ-၁၁) မဟာဗုဒ္ဓဝင်ပြတိုက် ကမ္ဗည်းဆိုင်းဘုတ်




ကောင်း အလည်းသင့်သလို ခိုလှုံကြရ၏။

မိကျောင်းကုန်း ဆရာတော်က တတ်အားသမျှ ဆွမ်း၊ ထမင်းများ စွန့်ကြဲ ကျွေးမွေးပါသည်။ ထိုစဉ်ကာလ ဌာနဆိုင်ရာ တူညီဝတ်စုံဝတ်ထားသူ လေးဦးမျှ ကျောင်းဝင်းအတွင်း ရောက်လာကာ ခိုလှုံသူများနှင့် ကတောက်ကဆတ် ဖြစ်ကြသည်။

ဆရာတော်က ရုတ်ရုတ်သဲသဲ မြင်ကွင်းကြောင့် စုံစမ်းကြည့်သောအခါ မှတ်ပုံတင် စစ်ဆေးသည့်ဆိုလျက် တစ်ဦးလျှင် ငွေ(၅၀၀)ကျပ် တောင်းခံကြောင်းသိရ၏။

ဆရာတော်သည် ရုတ်ရက် မျက်နှာ တည်တံ့သော အသွင်သို့ ပြောင်းလဲသွားကာ အနီးရှိ ဆောက်လက်စ လုပ်ငန်းခွင်မှ ၄"×၂" သစ်ပိုင်းကို ကောက်ယူလေတော့သည်။ ငွေတောင်းသူတို့ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးကြလေသည်။

'နုရာဝဲ့ရွဲ လဲရာသူမိုးထောင်းတာက ခံသာသေးတယ်။ ဒုက္ခဖြစ်လို့ ဘုန်းကြီးကျောင်း ကပ်ရပ်နေရသူတွေကို အသားလိုးချင်တဲ့ ကောင်တွေ နေပါဦးလား'

ဟူ၍ ကြိမ်းပါလေတော့သည်။

မိကျောင်းကုန်း ဆရာတော်မှာ သက်တော် ငယ်ရွယ်သော်လည်း မြဝတီမြို့ခံနှင့် တစ်ဖက်ကမ်းရှိ မယ်တော်၊ မဲဆောက် လူထုက သာမည ဆရာတော်ကဲ့သို့မဟုတ် ကြည်ညိုလေးစားကြလေသည်။

သာသနာရေးတွင် လည်းကောင်း၊ လောကီရေးတွင် လည်းကောင်း မတရားမှုမြင်လျှင် သည်းခံခြင်း မရှိသော ဆရာတော် ဖြစ်ပေသည်။

## မျက်မှောက်အခြေအနေ

(၁၆)နှစ်မျှ ကြာမြင့်ပြီးနောက်

www.burmeseclassic.com





(ပုံ-၁၃) အလောင်းတော် သိဒ္ဓတ္ထဖွားတော်မူခန်း

(ပုံ-၁၂) သုဇာတာရှင်ရှေ့ မျှောတော်မူသည့်ရွှေခွက်

ဒုတိယအကြိမ်မြောက် ရောက်ဖြစ်သောအခါ တည်ဆောက်လက်စ စေတီလုပ်ငန်းခွင်မှ ထွက်ကြွလာကာ ခေါင်းညိတ် အသိအမှတ်ပြုတော်မူသည်။ ညချမ်းခါ အလုပ်နားချိန်၌ ထပ်မံ ဖူးတွေ့သောအခါ...

'ဘုန်းကြီး မှတ်မိပါတယ်။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ဤလက္ခဏာရှင်သည် သာသနာ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်၍ ဌာနကာရကအင်အား ကောင်းမွန်လှသော မိကျောင်းကုန်းသာသနာ့မြေကို သာသနိက အဆောက်အအုံများ ဝေဆာစွာဖြင့် စည်ကားတိုးတက်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ခန့်မှန်းရေးသည်တဲ့။ ဘုန်းကြီး ဓာတ်ပုံနဲ့ လက္ခဏာပုံစံတွေ ဖော်ပြထားတယ်။ မိကျောင်းကုန်းအကြောင်းလဲ သီးခြားဆောင်းပါး တွေ့ရပါတယ်'

လွန်ခဲ့သော (၁၆)နှစ်တာ ကာလကို မနေ့တစ်နေ့က ကိစ္စကဲ့သို့ ခရေစေ့တွင်းကျ ပြောဆို မိန့်ကြားတော်မူလေသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို လစဉ် ဖတ်ရှုလေ့လာတော်မူကြောင်း သိရှိရပေသည်။

## ဆရာတော်၏

## ထေရုပ္ပတ္တိအကျဉ်း

မိကျောင်းကုန်းဆရာတော် လောင်းလျာကို မြဝတီမြို့၊ ဗမာစုရပ်ကွက် (အမှတ်–၄ ရပ်ကွက်)နေ ဦးလှအောင် ဒေါ်မြခင်တို့မှ မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၂)ရက် ဗုဒ္ဓဟူးနေ့ နံနက်(၁၀း၄၀)နာရီ၌ မွေးဖွားခဲ့သည်။ မွေးချင်း(၇)ဦးအနက် စတုတ္ထဖြစ်သည်။ ငယ်မည် မောင်ဝင်းစိန် တွင်၏။

အသက်(၁၅)နှစ်တွင် ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဝိမလထံတွင် ရှင်သာမဏေဝတ်၍ ပရိယတ္တိစာပေများ သင်ယူသည်။

၁၃၃၈ ခုနှစ်တွင် ဆရာတော် ဦးဝိမလအား ဥပဇ္ဈာယ်ပြု၍ ဘုရားကြီးတိုက် ခဏ္ဍသိမ်၌ ရဟန်းဘောင်သို့ ရောက်ရှိ၏။

အရှင်ဝိရေစန ဘွဲ့မည်တွင်၏။ ရဟန်း(၁၀)ဝါအရတွင် သာမညဆရာတော်နှင့် ဥပဇ္ဈာယ်ဆရာတို့၏ မိန့်ကြားလမ်းညွှန်မှုအရ မိကျောင်းကုန်းသာသနာ့မြေ ဖြစ်လာမည့် ဖုန်းဆိုးတောအား စတင်ရှင်းလင်း၍ စေတီပုထိုးများ တည်ဆောက် သာသနာပြုတော်မူသည်။

၁၃၄၉ ခုနှစ်တွင် မိကျောင်းကုန်းကန်တော်၊ ကိုးတောင်ပြည့် ဆုတောင်းပြည့်စေတီနှင့် ဇိနမာရ်အောင်စေတီများ တည်ဆောက်သည်။

၁၃၆၅ ခုနှစ်တွင် ဒက္ခိဏာရာမ သုံးထပ်ကျောင်းကြီး တည်ဆောက်သည်။

၁၃၇၀ ပြည့်နှစ်တွင် မင်္ဂလာရေသိမ်တော်ကို တည်ဆောက်သည်။

၁၃၇၂ ခုနှစ်တွင် ရုပ်တုရုပ်ကြွများ ပါဝင်သော အခန်းပေါင်း (၃၂)ခန်းရှိ မဟာဗုဒ္ဓဝင်ပြတိုက်ကြီးကို တည်ဆောက်သည်။

ရှေ့လဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဆောက်လုပ်ရေး

# အင်ဂျင်နီယာတစ်ဦး၏

## လက္ခဏာ




ယခု ဖော်ပြထားတဲ့ လက္ခဏာကတော့ **အသက်အားဖြင့် (၄၀)ကျော် အောင်မြင်ပြည့်စုံနေတဲ့ အင်ဂျင်နီယာတစ်ဦးရဲ့** လက္ခဏာပုံရိပ်ပါပဲ။

**❑ ဉာဏ်လမ်း(A.A)သည် တနင်္လာဂြိုဟ်ခုံဆီသို့ ကွေးညွတ် ဆင်းနေတယ်။**

ဒါကတော့ စိတ်ကူးနဲ့လက်တွေ့ အကောင်အထည်ဖော်နိုင်မယ်၊ စိတ်ကူးစိတ်သန်းကောင်းမယ်။

**❑ ရတနာဘဏ်တိုက် (B.B) ပါ,ပါတယ်။**

ဒါကတော့ ငွေကြေး စုဆောင်းမိမယ်။ ငွေများများ ကိုင်တွယ်သုံးစွဲရတဲ့ လုပ်ငန်းနဲ့ အကျိုးပေးနေတယ်။

**❑ လက်မဖဝါး ဒိုင်းပြီး (စ) တနင်္လာဂြိုဟ်ခုံဘက်သို့ ဖောင်းကား သွားတယ်။**

ဒါကတော့ ဖွံ့ကောင်းမှုနဲ့ လှုပ်ရှားရမှုတွေ ရှိမယ်။

**❑ ကြာသပတေးဂြိုဟ်ခုံမှာရည်ရွယ်ချက်လမ်း ပါတယ်။ (ခ)**

ဒါကတော့ ရည်ရွယ်ချက်ကောင်းတွေရှိမယ်၊ ရည်ရွယ်ထားတာကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိမယ်။

**❑ စနေဂြိုဟ်ခုံနဲ့ တနင်္ဂနွေဂြိုဟ်ခုံကြားမှာ မွေးတစ်ခု ပါ,ပါတယ်။ (ဂ)**

ဒါကတော့ အောင်မြင်မှု၊ လူသိများထင်ရှားမှု၊ ဥစ္စာဓန နိုင်မြဲမှုကို ဖြစ်စေမယ်။

**❑ တနင်္ဂနွေဂြိုဟ်ခုံနဲ့ ဗုဒ္ဓဟူးဂြိုဟ်ခုံကြားမှာ မွေးတစ်ခု တွေ့တယ်။ (ဃ)**

ဒါကတော့ လူမှုဆက်ဆံရေး ပညာဉာဏ် ရှိခြင်းပါပဲ။

**❑ လက်သန်း အတွင်းဘက် ယိုင်နေတယ်။ (c)**

ဒါကတော့ အေးအေးဆေးဆေး တွေးခေါ် ဆင်ခြင်တတ်တဲ့ ဉာဏ်ကို ပြတယ်။

**❑ လက်မ အားကောင်းတယ်။ (စ)**

စိတ်ဓာတ်ကြံ့ခိုင်တယ်၊ ဆုံးဖြတ်ချက် မှန်ကန် ပြတ်သားမယ်။

*အေးပါစေ အောင်ပါစေ*

**သန်းပညာ**




www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တာဆထလ(တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေ့ါပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ, . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေ့ါ"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်တွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ဖေ်ာလမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com

www.burmeseclassic.com

အကြံ့အောင်စေသည့်

# ရွှေလှံ့ထောင် ကုန်းတော်

ခရီးသည်ဘုတော်သီ

ကျောက်ဆည်မြို့ ရွှေသာလျောင်း တောင်ခြေတွင် ကျုန်စစ်သား အိမ်နိမ့်စံဘဝ ဗိုလ်ဝင်ခံ (လှုသူ့စုဆောင်း)စဉ် အစိုးရမှာ လှံ့စကြာ ထောင်ရာအရပ် ကုန်းမြေတည်ရှိသည်။

အင်အားတောင့်တင်း၍ ပုဂံထီးနန်းကို သိမ်းပိုက်ရန် အောင်မြေနင်း၍ စတင် စစ်ကြေညာသော ကုန်းမြေဖြစ်သောကြောင့် ဇာတိမာန် တက်ကြွစေသောနေရာ ဖြစ်သည်။ အထွတ်အထိပ်ရောက်သောအခါ အထိမ်းအမှတ်စေတီ တည်ဆောက် ပူဇော်ခဲ့သဖြင့် ယနေ့တိုင် ဖူးမြော်တွေ့ရလေသည်။

### မြန်မာ့ရှေးဟောင်း အယူအဆ

ရွှေလှံ့ထောင်ကုန်းတော်သို့ တက်ရောက်လေ့လာသောအခါ **ဝေဘူ ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ရွှေလှံ့ထောင် ပဋိပတ္တိကျောင်း ဆရာတော် အရှင်ပညာသာမိအား** ဖူးတွေ့ခဲ့ရကာ မှတ်သားဖွယ်ရာများကို နာယူခွင့်ရခဲ့သည်။

ကျောက်ဆည် လယ်တွင်းကိုးခရိုင်တွင် ဆည်များအား နိုင်ငံတော်က ဆက်လက်မွမ်းမံပြုပြင်ရာ၌ အောက်ခြေတွင် **ထန်းလုံးများ ခံတိုင်စိုက်ကာ မြေဖို့ထားသည်ကို တွေ့ရှိရသည်။**

ထန်းလုံးများသည် နှစ်တစ်ထောင်ခန့် ကြာသော်လည်း ဆွေးမြည့်ခြင်း မရှိ။ မာကြောခိုင်ခံ့ဆဲ ဖြစ်သည်ကို တွေ့ရသည်။ ရေအောက်တွင် လေနှင့် လုံးဝ တွေ့ထိခြင်း မရှိသော ထန်းသားသည် နှစ်ပေါင်းမည်မျှ ကြာသော်လည်း ပျက်စီးခြင်းမရှိဟု မှတ်သားရသည်။

ဤသည်မှာ "လံတော" အောင်ဓာတ်ဖြင့် "ရေ" "က" "ထန်း" ကိုထိန်းကွပ်ထားခြင်း ဖြစ်လေသည်။

ယင်းကဲ့သို့ပင် **"ရွှေလှံ့ထောင်"** သည်လည်း **"လံတော"** အောင်ဓာတ်ပညာဖွဲ့မည် ရှိသောကြောင့် **ကျန်စစ်သားမင်း အောင်မြေအောင် နိမိတ်ဆောင်စေတီအဖြစ်** ပူဇော်ခဲ့ခြင်း ဖြစ်လေသည်။



▲ ရွှေလှံ့ထောင် ရုပ်ပွားတော်


### ကုန်းတော်ဆီသို့

ကုန်းတော်မှာ တောင်ခြေတွင်

www.burmeseclassic.com



◆ ရွှေလုံထောင်စေတီ



◆ ရွှေလုံထောင် အရှေ့မုခ်လိုက်

နောင်တော်ကြီးစေတီနှင့် အထက်ကုန်းမြင့်တွင် ရွှေလုံထောင်စေတီတို့ ကိန်းဝပ်ကြကာ သွပ်မိုးစောင်းတန်းလှေကားဖြင့် တက်ရောက်ရသည်။

မြို့ကွဲစ နံနက်နေရောင်အောက်တွင် ကုန်းတော်အား မှိုင်းပျပျ ဖူးတွေ့ရသည်။ အနီးတွင် လေးမျက်နှာဈေးတည်ရှိ၍ သွားလာလှုပ်ရှားနေကြသော ဈေးသည် ဈေးဝယ်များအား ရင့်ကျက်သော ဣန္ဒြေတော်ဖြင့် ကြည့်ရှုနေသည့်ပမာ ဖြစ်သည်။

စောင်းတန်းအတက် မုခ်ဦးတွင် ဆင်ကြီးနှစ်ကောင်ရံ၍ အနီး၌ သက္ကရာဇ် ၄၂၈ ခုနှစ်တွင် ကျန်စစ်မင်းတည်ဆောက်ပူဇော်သည့် ရွှေလုံထောင်ဆုတောင်းပြည့်စေတီဟူသော ကမ္ပည်းဆိုင်းဘုတ် စိုက်ထူထားသည်။ စာရေးဆရာ ရေပြည့်ကြာနှင့်အတူ စကားတပြောပြောဖြင့်တက်လာကြရာ ဆွမ်းခံပြန် ရဟန်းအိုတစ်ပါးကို ဖူးတွေ့ရသဖြင့် ဆွမ်းသပိတ် သယ်ယူ ကူသိလ်ပြုကာ ဆက်လက် တက်ရောက်ကြသည်။

ဦးပဥ္ဇင်းကြီးက ဤကုန်းတော်တွင် ယောဂီပရိသတ် အတန်စုံလင်စွာ လာရောက်၍ ပဋိပတ်အလုပ်များ ကျင့်ကြံလေ့ရှိကြသည်။ အထူးသဖြင့် ဝန်ထမ်းများနှင့်စာသင်သားကျောင်းသားတို့မှာ လုပ်ငန်းနှင့် စာမေးပွဲ အရည်အချင်းစစ်ပွဲများ၌ ထူးချွန်စွာ အောင်မြင်ကြကြောင်း ဝမ်းမြောက်ဖွယ် ကြားသိရသည်ဟု မိန့်ကြားသည်။

ကုန်းတော်ထက် ရောက်သောအခါ အရှေ့ဘက် အာရုံခံတန်ဆောင်းနှင့် အရှေ့လှည့်မုခ်ဦမင်ပါ ရွှေလုံထောင်စေတီကို ဖူးမြင်ရသည်။ အရှေ့ဘက်ဆင်ခြေလျှောကျောက်ကြီးမှာ ကျယ်ဝန်းလှကာ ထိုနေရာမှ **ရွှေသာလျောင်းတောင်ခါးပန်းရှိ ကျောက်သေတ္တာနှင့် ကျောက်သဘော်တို့ကို** ရှင်းလင်းစွာ တွေ့မြင်နိုင်လေသည်။

စေတီတော်မှာ လေးထောင့်ပစ္စယံ သုံးဆင့်အထက် ကြာလှန်ခံ၍ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ နှောင်းခေတ် မွမ်းမံမှုလက်ရာဖြစ်သည်။ အရှေ့လှည့် လိုဏ်ဦမင်မှာ မူလဦမင်ဖြစ်သော်လည်း ခေတ်လက်ရာ ကနုတ်တံကဲ

www.burmeseclassic.com





▲ စောင်တန်းနံ့သာမှ

ကျောက်လှေကားတစ်စင်း

◀ မုခ်ဦးကဲ့အထက်မှ အရူပီမုဖြာရုပ်တု

**ခဲ့သော ရေကန်တစ်လုံး**ကို တွေ့ရသည်။ ရွှေလုံထောင် အောင်ဓာတ်ဆောင်ရာတွင် **"လံ"** ဗုဒ္ဓဟူးနံက ထိန်းကွပ်ခြင်း ဖြစ်ရာ **"ရေ"** လှူခြင်းဖြင့် အောင်နိမိတ်ဆောင်ခြင်း ဖြစ်လေသည်။

များဖြင့် တန်ဆာဆင်ထားသည်။

**မုခ်ဦးကဲ့အထက်တွင် ကြာတစ်ပွင့်ပေါ်၌ လက်အုပ်ချီထားသော အရူပီမုဖြာရုပ်တုကို တွေ့ရသည်။ မကိုဋ်ရင်ဖုံး၊ လက်ကြပ်များ တန်ဆာဆင်ထားသဖြင့်မူလဒီဇိုင်းကား ကျွန်ုပ်မင်းကို ရည်ညွှန်းဟန် ရှိလေသည်။**

လိုဏ်အတွင်း၌ **ဘူမိဖဿမုဒြာဖြင့် စံပယ်သော မောဓိရှိးရုပ်ပွားတော်**ကို ဖူးမြင်ရသည်။ အစားထိုးပူဇော်ထားသော ခေတ်သစ်လက်ရာ ဆင်းတုဖြစ်သည်။ ဤရုပ်ပွားတော် ရှေ့မှောက်တွင် သီလယူ တိုင်တည်၍ မိမိလိုရာ အကြံအစည်၊ သမ္မာဆန္ဒများကို ဆုတောင်းကြသည်။ တတ်နိုင်သမျှ အချိန်တာ သတ်မှတ်၍ ကမ္မဋ္ဌာန်း ဆောက်တည်ကြသည်။

ဆန္ဒပြည့်ဝ၍ အကြံအစည် အောင်မြင်ကြသည်ဟု ကျော်ကြားသည်။ အရှေ့ဘက်လှည့်သော တစ်ဝဂ္ဂ ပေါင်းလဲစေတီဖြစ်သည့် အပြင် လံတောအောင်ဓာတ် ကိန်းဝပ်သဖြင့် အောင်မြင်ရခြင်း ဖြစ်ပေသည်။

ကုန်းတော်မြောက်ဘက် ကပ်လျက် ဆင်ခြေလျှောတွင် **လွန်ခဲ့သော နှစ်တစ်ရာကျော်က တူးဖော်လှူဒါန်း**

## နောင်တော်ကြီးစေတီ

ထို့နောက် ဆရာတော်ဦးပညာသာမိအား ဖူးတွေ့ကြားနာပြီးနောက် အောက်ခြေရှိ နောင်တော်ကြီးစေတီ ရှိရာသို့ ဆင်းသက်ကြသည်။ ရွှေလုံထောင် နောင်တော်ကြီးစေတီသည် မူလလက်ရာအတိုင်း ရှေးမူမပျက် မွမ်းမံထားခြင်းဖြစ်ရာ ပုဂံအရိပ်ကို စူးစမ်းနိုင်သည်ဟု ကြားနာရသည်။

စောင်းတန်းနံဘေး ကျောက်သား မြေကွက်လပ်မှ အောက်ခြေသို့ ရှုမ်းမြင်နိုင်ပါသည်။ လမ်းမတစ်လျှောက်


www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေလှုံ့ထောင်ကျုံးတော်

အတက်မုခ်ဦး ▶



▲ အထက်သီးမှ ဖူးရသော


နောင်တော်ကြီးစေတီ



▼ နန်းတော်ရာကျောက်ကာ ရေကန်

▼ ရွှေလှုံ့ထောင် ဆရာတော်

ဦးပညာသာမိ





www.burmeseclassic.com



▲ နောင်တော်ကြီး စေတီ



▲ အဂ္ဂိထောင့်မှ မြင်ရသော ဘီလူးပန်းဆွဲပုံများ

သွားလာနေသော လေးမျက်နှာဈေး မြင်ကွင်းနှင့် အဝေးဆီတွင် **ကျန်စစ်သားဗိုလ်ဝင်ခံရာ လေးမျက်နှာ စေတီတို့ကို တွေ့ရသည်။**

ဈေးသည်ဈေးဝယ်တို့သည် နောင်တော်ကြီးစေတီမွှာရုံတွင် တစ်ထောက်တစ်နား ခိုနားလေ့ရှိကြသဖြင့် လူသူစည်ကားသောနေရာ ဖြစ်သည်။

နောင်တော်ကြီးစေတီသည် ပင်မစေတီကြီးနှင့် ပုံစံတူ လေးထောင့်ပစ္စယံ သုံးဆင့်ထက်ကြာလှန်နှင့်ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသော်လည်း ခေါင်းလောင်းအနား တစ်လျှောက် **ဘီလူးပန်းဆွဲများကို ရှေးမူအတိုင်း လေ့လာနိုင်သည်က ထူးခြားပါသည်။**

အထက်ကျောက်ဖျာမှ စီးမိုး၍ ဖူးရသည်တွင် ဘီလူးရုပ်ပွားများမှာ အမူအရာ ကွဲပြားနေသည်ကို တွေ့သဖြင့် ကုန်းတော်ရင်ပြင်သို့ သွားရောက်၍ အနီးကပ် လေ့လာကြည့်သည်။

အရှေ့၊ အနောက်၊ တောင်နှင့်မြောက် ဘီလူးလေးကောင်မှာ ပါးစပ်စေ့ပိတ်ထားကြကာ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုထောင့်များရှိ ဘီလူးများသည် သွားအဖြဲသား ပါးစပ်ဟထားသောပုံစံ ဖြစ်နေသည်။ တစ်နည်းအားဖြင့် ပါပဂြိုဟ်ထောင့်များရှိ ဘီလူးများ ပါးစပ်ဟထားခြင်း ဖြစ်သည်။

ပါပ သဘောအရ ရဲရင့်ခြင်း၊ ထွန်းတောက်ခြင်း၊ လှုပ်ရှားခြင်းတို့ကို ဖော်ဆောင်ကာ ပူဇော် အဓိဋ္ဌာန်ပြုသူတို့အတွက် ဤစွမ်းအင်များ ဖြည့်စွမ်းပေးလိုခြင်း ဖြစ်နိုင်ပါသည်။

အကြံအောင်စေရန်
ပညတ်ဆောင် ဒါန

စေတီတန်ဆောင်းနံဘေး၊ တောင်စောင်း ဆင်ခြေလျှောတွင် ကမ္မဋ္ဌာန်းတစ်ပါး ကျောင်းကလေးများ ရှိပါသည်။ ထိုကျောင်းများ၏ မျက်နှာစာတွင် မျက်စိပသာဒဖြစ်စေမည့် ပန်းအလှပင်များ စိုက်ပျိုးထားရာ ကြံပင်အချို့ကိုလည်း တွေ့ရသည်။

**ဒါနစွမ်းအောင် ထူးခြားပြည့်စုံသည့် ရွှေလုံထောင်ကုန်းတော်တွင်အကြံအစည်အောင်မြင်ရေး အတွက် ပညတ်ကို ဆောင်ကာ ကြံပင်များ စိုက်ပျိုးလှူဒါန်းကြခြင်း ဖြစ်ပေလသည်။**

လန်းဆန်း ရှင်သန်နေသဖြင့် ကုသိုလ်ရှင်အတွက် ဝမ်းမြောက်ဖွယ် နိမိတ်ကောင်း ဖြစ်ပေသည်။ အချို့က ဘဝတက်လမ်း ခိုင်မာစေရေးအတွက် ကျောက်အုတ်လှေကားများ လှူဒါန်းကြသည်။

သာသနိက အဆောက်အအုံ လှူဒါန်းမှု ကုသိုလ်အပြင် ဆိုင်ရာနိမိတ်၊ ပညတ်များအရ ကောင်းကျိုးလည်း တိုးပွားရရှိစေသည့် ကောင်းမြတ်သော အစီအစဉ် ဖြစ်လေသည်။

ရွှေလုံထောင်စေတီကား **"လုံထောင်"** ဟွဲ့မည် ပညတ်သာမက နေရာဌာနအနေဖြင့် **"လယ်တွင်း"** ကိုးခရိုင်ဒေသတွင် တည်ရှိသဖြင့် **"လံတော"** အောင် ထပ်ဆင့်လျက်ရှိသည့်အပြင် **ကျောက်ဆည်နှင့် ကျန်စစ်(မင်း) နံတူ ဆင့်ပြန်ရာ အောင်မြင်မှုများ ပေးစွမ်းနိုင်သည့် နေရာထူးအဖြစ် သွားရောက်လေ့လာ ကျင့်ကြံသင့်လှပေသည်။**


***[ဆရာတော် ဦးပညာသာမိအားရှိသေစွာ ကန်တော့လျက် ကူညီပေးသူ ရှေ့ပြည့်ကြာ (ကျောက်ဆည်)အားလည်း ကျေးဇူးတင်ရှိပါသည်။]***

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



▲ ခေတ်လုံးနှင့် ထူးခြားသည့်များ ရှိသည့်
လယ်တီ ဂူပျက်ဘုရားဆောင်



▲ ခေတ်လုံးရသည့် ဂူပျက်ဘုရားစေတီပုံတွင်မှ
ဂူမှုခတော် အရိုးအရာ

စင်သိုယ်

# ဒေါ်မေအုတ်ကျောင်းဆရာတော် နှင့်

## ထူးခြားသည့် ဖြစ်ရပ်များ

မုံရွာသို့ ယခင်တစ်ခေါက်ရောက်စဉ် **မဟာလယ်တီတိုက်၊ ဒေါ်မေအုတ်ကျောင်းမှ ဆရာတော် အရှင်ကုမာရအား** တွေ့ဆုံပူဇော်လိုသော်လည်း ကျန်းမာရေး သည်းထန်စွာ အရေးကြီးနေချိန်ဖြစ်၍ ဆိုင်းငံ့ခဲ့ရသည်။

(၃)လခန့်အကြာ တစ်ခေါက်ပြန်ရောက်သွားသောအခါ ဆရာတော်ကြီးမှာ ၁၃၆၆ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်ပြီဖြစ်ကြောင်း ဝမ်းနည်းစွာ သိရှိရသည်။

ဆရာတော်ကြီးနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များကို အရှင်သီလာစာရမှတစ်ဆင့် ကြားသိရလေရာ ကိုယ်တိုင်မိန့်ကြားချက်ကို နာယူခွင့် မရတော့သော်လည်း တပည့်ဆရာတော်များ၏ တစ်ဆင့်စကားကို နာကြား ပူဇော်ရလေသည်။

ဆရာတော်လောင်းလျာ မောင်မန်းကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ သားရိုးကုန်းကျေးရွာနေ ဦးအောင်ညွန့်၊ ဒေါ်မယ်ထင်တို့မှ ၁၂၈၉ ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ အသက်(၁၇)နှစ်တွင် သာမဏေဝတ်၍ ကျည်းပင်ချောင်ကျောင်းတွင် စာဝါသင်ယူသည်။

၁၃၀၉ ခုနှစ်တွင် ကျည်းပင်ချောင်ရွာ ပညာရာမကျောင်းဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြုကာ ဦးကုမာရဘွဲ့အမည်ဖြင့် မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။

မန္တလေး မစိုးရိမ်တိုက်၊ မုံရွာမဟာ



www.burmeseclassic.com

www.burmeseclassic.com

လယ်တီတိုက်တို့တွင် ပရိယတ္တိစာပေများ သင်ယူ၍ ဒေါ်မေအုတ်ကျောင်း စာချနာယကဆရာတော် တာဝန်ယူခဲ့သည်။

မဟာလယ်တီမှ ပေးအပ်သော အုပ်ချုပ်ရေး၊ စာပေစီစစ်ရေး တာဝန်၊ သာသနာဝန်များအပြင် ဘုရားစေတီများ၊ မုခ်၊ တံတိုင်း၊ လမ်းများပြုပြင်၍ အများအကျိုး၊ သတ္တဝါအကျိုး သယ်ပိုးခဲ့သည်။ ပျံလွန်တော်မူခါနီးအချိန်အထိ တပည့်ဒါယကာများအပေါ် သံယောဇဉ်ကြီး၍ မေတ္တာထားခဲ့သူ ဆရာတော်ကြီး ဖြစ်သည်။

ပြင်းထန်သောဝေဒနာ ခံစားရသော်လည်း သတိမြဲမြံစွာ သည်းခံ၍ တပည့်ဒါယကာ သံဃာတော်များ၏ အခြေအနေကို စိုးရိမ်တကြီး မေးမြန်းလေ့ရှိကာ ဝေဒနာကို ဖုံးကွယ်ထားတတ်သည်။

ပျံလွန်တော်မူရန် (၁၅)မိနစ်ခန့် အလို သွေးဝမ်းသွားရာ အရှင်သီလာစာရအားခေါ်၍ပြသည်။ နှုတ်မှမိန့်တော်မူခြင်း မရှိသော်လည်း မရဏာလမ်းကို ကောင်းစွာ သိမြင်ကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။


သုတ်သင်ပြီးသောအခါ သာမဏေတစ်ပါးကို ရေနွေးကြမ်း ငှဲ့ခိုင်းသည်။ ထိုရေခွက်ကို ဘုရားစင်တင်၍...

'အဆောင့်အရှောက် အကူအညီပုဂ္ဂိုလ်များ ရှိပါက ဦးပဉ္စင်းကိုယ်စား တပည့်ဝတ္တရား ချို့ယွင်းမှုရှိလျှင် သည်းခံပေးကြပါ'

ဟူ၍ ရွတ်ဆိုလျက် တိုးညင်းစွာ ခန္ဓာဝန်ချတော်မူလေသည်။

ဆရာတော်သည် **မဟာလယ်တီတိုက်အုပ်ချုပ်ရေးနာယကဆရာတော်တစ်ပါး**အဖြစ် ဒေါ်မေအုတ်ကျောင်းတွင် စာချသီတင်းသုံးနေစဉ် တစ်ညတွင် လူတစ်ယောက်က ကြေးလင်ပန်း






ဒေါ်မေအုတ်ကျောင်းဆရာတော်အရှင်ကုမာရ (သက်တော် ၇၇-နှစ်တွင် ပုံရိုက်သည်)

▲ ဆရာတော် မွေးဖွားသော တာမွေမြို့ အောင်မိုးမိတ်စေတီနှင့် တံခွန်တိုင်

▼ ဒေါ်မေအုတ်ကျောင်း မဟာလယ်တီတိုက်



လှူကာ ဘုရားတွင်ပေါက်ပေါက်တင်ရန် လျှောက်ထားသည်။ **ကြီးပွားမည့်နိမိတ်**ဟု ယူဆတော်မူသည်။

ထိုနောက်ပိုင်းတွင် ဘုတလင်၊ တမူးစသည့် မြို့နယ်များရှိ ရှေးဘုရားစေတီများ ပြုပြင်မွမ်းမံရကာ ပရိသတ်စည်ကားသိုက်မြိုက်စွာ ပူဇော်ခြင်းကို ခံယူရလေသည်။

တစ်ညတွင် အဘိုးအိုတစ်ဦးက ဓာတ်လုံးတစ်လုံးပေးကာ သတ္တဝါကယ်တင်ရန် လျှောက်ထားသည်။ နံနက်လင်းသော် လက်ဝါးတွင်း၌ ဓာတ်လုံးကို တွေ့ရသည်။ **ငွေဖလားတွင်ပွတ်၍ လက်ပေါ်တင်လျှင်ပူသည်။**

ရောဂါဝေဒနာရှင်များအား ဤဓာတ်လုံးစိမ်ရေဖြင့် တိုက်ကျွေးခြင်းဖြင့် သက်သာပျောက်ကင်းသည်ကို တွေ့ကြုံရသည်။ ထိုဓာတ်လုံးသည် ဆရာတော် ပျံလွန်တော်မမူမီ မရှုန်းမာသူ



www.burmeseclassic.com

www.burmeseclassic.com

ဒါယကာတစ်ဦးအား ခေါ်ယူပေးအပ်ထားသည်ဟု သိရသည်။

ဆရာတော် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော**မဟာလယ်တီရှစ်မျက်နှာစေတီ**တွင်လည်း ဤကဲ့သို့ဓာတ်လုံးများ၊ ရုပ်ပွားတော်များ မကြာခဏရောက်ရှိလာသဖြင့် တပည့်သံဃာများအား စွန့်ကြဲလေ့ရှိသည်။ အရှင်သီလာစာရထံတွင် ထိုဓာတ်လုံးများ၊ ထူးခြားပစ္စည်းများစွာကို တွေ့ရှိရပေသည်။

ဆရာတော်သည် အလိုနည်း၍ ငွေကြေးဝတ္ထု ကိုင်တွယ်သုံးစွဲလေ့မရှိချေ။ ဂျပန်နိုင်ငံမှလှူဒါန်းသော ရွှေစင်ရုပ်ပွားတော်၊ ပြည်တွင်း ဒါယကာများလှူသည့် မော်တော်ကား၊ ရုပ်သံစက်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်စသည်များကို ငြင်းပယ်တော်မူခဲ့သည်။

အများအတွက် လမ်းဖောက်ရန်၊ ဘုရားပြုပြင်ရန်ဟု လျှောက်ထားပါက ခေါင်းစဉ်ခွဲ၍ လက်ခံသိမ်းထားစေသည်။ ကိုယ်တိုင် ငွေကြေးကိုင်တွယ်ခြင်း မရှိသော်လည်း သတိကြီး၍ စာရင်းဇယား နိုင်နင်းသည်။လှူဒါန်းငွေ၊ သုံးစွဲငွေများကို သက်ဆိုင်ရာ ခေါင်းစဉ်နေ့ရက်၊ အချိန်နှင့်တကွ မှန်ကန်စွာ ထောက်ပြမိန့်ကြားနိုင်သည်။

ဆရာတော် ဦးစီးပြုပြင်ခဲ့သော စေတီ၊ မုခ်၊ တံတိုင်း၊ လမ်းများစသည်တို့အတွက် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် ဆောက်လုပ်ရေးပစ္စည်းများအတိုင်းအတာ မည်မျှအတွက် အချိုးအဆ မည်မျှလိုအပ်သည်။ ခေတ်ပေါက်ဈေးအရ ကုန်ကျစရိတ်၊ လုပ်အားခစသည်တို့ကို ပညာရှင်များထက် စေ့စပ်သေချာစွာ တစ်မှုဟုတ်ချင်း မိန့်ကြားတတ်သည်။

စာရင်းမှားယွင်းမှု၊ မရိုးမဖြောင့်မှုများကိုလည်း တစ်ဖက်သား လက်ခံနိုင်အောင် နူးညံ့သိမ်မွေ့စွာ သိမ်းသွင်းဆုံးမလေ့ ရှိပေသည်။ မုံရွာ၊ ဘုတလင်၊ တမူးစသည့်ဒေသများမှ တပည့်ဒါယကာများသည် အခက်အခဲကြုံတွေ့ရပါလျှင် ဆရာတော်ကြီးအား တမ်းတပူဇော်ခြင်းဖြင့် ပြေလည်ကြသည်ဟု အထူးယုံကြည်ကြလေသည်။

ဖင်ညိုငယ်

သက်ရှည်ကျန်းမာ ရွှေရုပ်လှ

# အသားလှဆေး

# နည်းတစ်လက်



▲ အဘိဓမ္မာတောင်သာ ဆရာကြီး ဦးရွှေသော့

အာယုဗ္ဗေဒဆရာကြီး ဦးတင်ဦး၊ အဘိဓမ္မာတောင်သာ ဆရာကြီး ဦးအေးချမ်းတို့နဲ့အတူ လက်တွဲပြီး ဆေးကုသခဲ့တဲ့ အဘိဓမ္မာတောင်သာ ဆရာကြီး ဦးရွှေသော့နဲ့တွေ့ဆုံခိုက်မှာ အမျိုးသား၊ အမျိုးသမီး၊ လူကြီးလူငယ် အရွယ်မရွေး အသုံးပြုနိုင်တဲ့ ဆေးနည်းကောင်းတစ်လက် ချီးမြှင့်ပေးပါရန် ပန်ကြားခဲ့ပါတယ်။

အဲဒီအခါမှာ **အသက်(ရရ)နှစ်ရှိနေပြီဖြစ်တဲ့ အဘိဓမ္မာတောင်သာ ဆရာကြီး ဦးရွှေသော့က** နောင်လာနောက်သားများမှ မှတ်သားနာယူပြီး အရွယ်မရွေးအသုံးပြုနိုင်တဲ့ "**ရွှေရုပ်လှ အသားလှဆေး**"ဆေးနည်းတစ်လက် ချီးမြှင့်ခဲ့ပါတယ်။

ဒီဆေးဟာ နွေမိုးဆောင်း ဥတုသုံးပါးလုံး လူမျိုးမရွေး၊ ဘာသာမရွေး သုံးစွဲနိုင်ပြီး အနာကင်းပြီး အဆင်းလှစေတဲ့ဆေးဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။ ချီးမြှင့်ခဲ့တဲ့ ဆေးနည်းမှာ...

ရွှေရုပ်လှ အသားလှဆေး

၁။ ကျောက်ဆေးဒန်းမှုန့် (၂)ကျပ်သား
၂။ နနွင်းမှုန့်စစ်စစ် (၁၀)ကျပ်သား
၃။ နွားနို့စစ်စစ် (၄)ပိဿာ

ပထမ ကျောက်ဆေးဒန်းမှုန့်နဲ့ နနွင်းမှုန့်တို့ကို နွားနို့(၅၀)ကျပ်သားနဲ့ သမအောင် မွှေပြီး နေလှန်းပါ။ ခြောက်ပါက အမှုန့်ပြန်ပြုလုပ်ပြီး နွားနို့(၅၀)ကျပ်သားနဲ့ ထပ်မံရောစပ်ပြီး နေလှန်းပါ။

ဤနည်းအတိုင်း နွားနို့ (၄)ပိဿာ ကုန်အောင် နေလှန်းပါ။ ခြောက်သွေ့သောအခါ ဖန်ပုလင်းတွင် လေလုံအောင် ပိတ်ပြီး သိမ်းပါ။ တစ်နေ့တစ်ကြိမ် ရွှေးစေ့ခန့် ရေအေး၊ ရေနွေး၊ နွားနို့၊ ကော်ဖီ နှစ်သက်ရာနဲ့သောက်ပါ။

ရက်(၂၀)အတွင်း အသားအရေ စိုပြည်ဝင်းဝါလာပါမယ်။ စွဲစွဲမြဲမြဲ စားသုံးသွားပါက အသားအရေ စိုပြည်ဝင်းဝါလာရုံမက သက်ရှည်ကျန်းမာ အနာရောဂါကင်းစေသည့် ဆေးကောင်းတစ်လက်ဖြစ်ကြောင်း သိရှိရပါတယ်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက် ရေးသား တင်ဆက်လိုက်ခြင်းဖြစ်ပါတယ်။

**[ရွှေရုပ်လှ အသားလှဆေးနည်း ချီးမြှင့်ခဲ့သော အဘိဓမ္မာတောင်သာ ဆရာကြီးဦးရွှေသော့အား ကျေးဇူးတင်ဂါရဝပြုလျက်...]**

မြောင်းမြ မောင်ယဉ်တင့်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းမှ

# ဆုထူးပန်ဆရာတော် ဦးကေသရ (၁)

ထက်မြင့်ကျော်စွာ

## မိတ်ဆက်နိဒါန်း

ရမည်းသင်းမှအပြန်တွင် တောင်ငူမြို့၊ မဟောသဓတိုင်းရင်းဆေးခန်းသို့ ဝင်ရောက်ဖြစ်ခဲ့ရာ ဆရာဦးကျော်မြင့်က ဤသို့ ပြောပြသည်။

'ဆရာ…ကျောက်တံခါးကို သွားစေချင်တယ်။ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝ၊ ကျောက်တံခါးမှာရှိတုန်းက မြို့လယ်ကျောင်းလို့ ခေါ်တဲ့ မဇ္ဈိမာရုံကျောင်းတိုက်မှာ ထူးခြားတဲ့ ဆရာတော်ကြီးတွေ ရှိခဲ့ဖူးတယ်။


ပထမဆရာတော်က ဦးပဏ္ဍိတဲ့။ လောကီလောကုတ္တရာ စွယ်စုံနှံ့စပ်တယ်။ လုပ်ရတ်ပညာမှာ အတော့်ကို ခရီးပေါက်မြောက်နေပြီဖြစ်တဲ့ ဓာတ်လုံးကို ပိုင်ဆိုင်ထားတယ်။

သာမန် ရောဂါတွေလောက်တော့ ဓာတ်လုံးရေစိမ်တိုက်တာနဲ့ ချက်ချင်းကောင်းသွားတယ်။ ဝိဇ္ဇာရေနယဝေဒနာတွေမှာတော့ အထူးနိုင်နင်းတယ်။ ဒါပေမယ့် အဲဒီဆရာတော်က လူထွက်သွားတယ်'

'ဘာဖြစ်လို့လဲ ဆရာ'

'ကျောင်းနားက မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ပြုသွားတယ်။ အမိုက်အကြောင်းရင်းကတော့ လူရူးတစ်ယောက်ကို ဓာတ်လုံး ရေစိမ်တိုက်ရာမှာ အရူးက ဓာတ်လုံးပါ မျိုချပြီး ထွက်ပြေးသွားတယ်။ တစ်ခုခု မှားယွင်းလို့ ပြန်သိမ်းသွားတာလို့လဲ ဆိုကြတယ်။ အဲဒီအချိန်ကစပြီး စိတ်ဓာတ်ကျပြီး လူထွက်သွားတယ်။

နောက် နှစ်နည်းနည်းကြာတော့ ဆရာတော်ဦးကေသရ ကျောင်းထိုင်တယ်။ သူက ပဲခူးအောက်ပိုင်းကနေကြွလာတာပါ။ ဦးပဏ္ဍိ လူ့ဘဝနဲ့ ကွယ်လွန်ခါနီးမှာ ဆရာတော်ဦးကေသရ



ရွှေဘုန်းတိုးစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဘုန်းတိုးစေတီအဝင်လမ်း

ကြပြီး ဆေးကုပေးတယ်။

ဆေးစောင့်၊ အင်းစောင့်တွေအားလုံး ဖယ်ပေးပြီး မိမွေးတိုင်း၊ ဖမွေးတိုင်း သွေးရိုးသားရိုးဝေဒနာတွေပဲ ကျန်တော့မှ ကျောင်းပြန်ကြတယ်။ ရက်ပိုင်းလောက်အကြာမှာ ဦးပဏ္ဍိ ကွယ်လွန်သွားပါတယ်။

'ဆရာတော်နှစ်ပါးက ဆရာတပည့်လား'

'မဟုတ်ပါဘူး။ ဦးပဏ္ဍိ လူထွက်ပြီး ကျောင်းထိုင်မရှိဘဲ အတော်ကြာမှ ဦးကောသလ ကြွလာတာပါ။ သူလဲ လောကီလောကုတ္တရာနဲ့စပ်တဲ့ ဆရာတော်ကြီးပါပဲ။ ဦးပဏ္ဍိကို ကျွန်တော်တို့ မူလတန်းကျောင်းသားအရွယ်မှာ လူဝတ်နဲ့ တွေ့ဖူးတယ်။

ဆရာတော်ဦးကောသလက ၁၃၂၆ ခုနှစ်လောက်ကတည်းက မြို့လယ်ကျောင်းထိုင်ဆရာတော် ဖြစ်နေပါပြီ။ တီတီကျကျသိချင်ရင် ကျောက်တံခါးကိုသွားပြီး လေ့လာလို့ ရတယ်။ ကျွန်တော့်ညီနဲ့ ဆက်သွယ်ပေးလိုက်ပါမယ်။ သူလဲ ထိုက်သင့်သလောက်တော့ သိပါတယ်'

## သတ္တဝါ ကယ်တင်ခြင်း

ဆရာတော်ဦးကောသလသည် ဝါတွင်းချိန်တွင် မဇ္ဈိမာရုံကျောင်း၌ သီတင်းသုံးဝါ ကပ်ဆိုကာ ဝါကျွတ်သောအခါ တောတောင်များသို့ လှည့်လည်၍ မြင်အပ်,မမြင်အပ်သော ဝေနေယျများကို တရားဟောကြား ဩဝါဒပေး၍ မကျွတ်လွတ်သေးသူတို့အား ချေချွတ်ပေးတော်မူသည်ဟု သိရသည်။

'ဆရာတော် တောတွင်းကြွတော့မယ်ဆိုရင် လူတစ်ရပ်ကျော်လောက်ရှိတဲ့ ဖယောင်းတိုင်ကြီးတွေကို ဒကာတွေက လုပ်ပေးရတယ်။ ရည်မှန်းထားတဲ့နေရာရောက်ရင် သန့်ရှင်းရေးလုပ်၊ ဝန်းကျင်အနီးချုပ်စပ်မှာ သီတင်းသုံးနေကြတဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဝတ္ထုငွေ၊ ဆွမ်းခဲဖွယ်တွေ ကပ်လှူတယ်။ ပရိတ်ကမ္မဝါ ရွတ်ဖတ်ကြတယ်။ ဆွမ်းကပ်ဖို့ ဆရာတော် ကိုယ်တိုင် ဆွမ်းခံကြွတယ်။

ကျွန်တော်တို့က ကျောင်းသားဘဝ ကျောင်းပိတ်ရက်နဲ့ဆုံလို့ ဆွမ်းခံလိုက်ဖူးတယ်။ အိုးခွက်ကြီးငယ်နဲ့ ကပ္ပိယကျောင်းသားတွေ အများကြီးပါတယ်။ ပင့်သံဃာတွေအပြင် ဝေယျာဝစ္စ ပြုလုပ်သူတွေအားလုံး ဘုဉ်းပေး၊ စားသောက်နိုင်အောင် အလှူပယ်ရပါတယ်'

'ဘယ်နေရာတွေမှာ ဆွမ်းခံတာလဲ'

'အနီးဆုံးရွာမှာ ဆွမ်းခံကြတယ်။ ရွာခံတွေအပြင် မသိမမြင်ဘူးတဲ့လူတွေ အများကြီး

www.burmeseclassic.com

ဆွမ်းလာလောင်းကြတယ်လို့ ရွာသားတွေက ပြောကြတယ်။ တချို့ကျောင်းတွေကဆွမ်းအာဟာရ မမှုတလို့ လာလျှောက်ရင် ဆရာတော်ကိုယ်တိုင် ရှေ့က ဆွမ်းခံကြွပေးတယ်။ ဆွမ်းတွေ မသယ်နိုင်လောက်အောင် ရကြပါတယ်။

သံဃာတွေ ဆွမ်းကပ်၊ ပရိတ်ကမ္မဝါ ရွတ်ဖတ်ပူဇော်ပြီးရင် အားလုံးပြန်ကြရတယ်။ ဆရာတော်တစ်ပါးတည်းနေခဲ့ပြီး ညဘက်မှာ ဖယောင်းတိုင်ထွန်း၊ ဝေနေယျတွေကို ချေချွတ်တော်မူတယ်လို့ သိရတယ်။


အချိန်ကာလတစ်ခုအထိ သင့်လျော်သလို သီတင်းသုံးပြီးရင် တခြားတစ်နေရာ ပြောင်းကြွပါတယ်။ တစ်တောဝင် တစ်တောင်ထွက်နဲ့ ဒီလိုပဲ ကြွပြီး ဝါဝင်ခါနီးမှာ မြို့လယ်ကျောင်းကို ပြန်ကြွတယ်။

ဆရာတော်ပြန်ကြွလာရင် လမ်းမှာ ငွေစက္ကူတွေ ကြဲတယ်။ ဝါဆိုလဆန်း (၈)ရက်နေ့မှာ ပြန်ရောက်လေ့ရှိတယ်။ တောထွက်ချိန်မှာလဲ ဒီလိုပဲ ဝတ္ထုငွေတွေ ကြဲလေ့ရှိပါတယ်။

ကထိန်ကိစ္စ၊ တခြားသာသနာရေးကိစ္စ ဘုရားတည် ကျောင်းဆောက်စတာတွေရှိရင် တန်ခူးလလောက်မှာ တောထွက်တယ်။ များသောအားဖြင့် တန်ခူးလဆန်း(၈)ရက်နေ့မှာ စထွက်လေ့ရှိပါတယ်။

ဝါဆိုလဆန်း (၁၂)ရက်နေ့ကျရင် ကျောက်တံခါးဝန်းကျင်မှာ သီတင်းသုံးကြတဲ့ သံဃာတွေကို ပင့်ဖိတ်ပြီး သင်္ကန်းကပ်လှူပါတယ်။ နေရာအနှံ့မှာ စေတီတွေလဲ တည်ခဲ့တယ်။

ရေနီ တောင်ဖီလာတောင်ပေါ် စေတီ၊ ရေနီအနောက်ဘက်နားမှာ နှစ်ဆူ၊ ကျောက်တံခါးမြို့နားမှာ ရွှေဘုန်းပွင့်စေတီ၊ ရွှေဘုန်းတိုးစေတီ၊



ရွှေဘုန်းတိုးစေတီရှုခင်း

မင်းဘူး၊ စကု၊ မကွေးနယ်တွေမှာလဲ ဆရာတော်မွမ်းမံခဲ့တဲ့ စေတီတွေ အများကြီးရှိတယ်။

တောင်ဖီလာတောင်ပေါ် စေတီဆိုရင် မကြာခဏ ရောင်ခြည်တော် ကွန့်မြူးတော်မူတာကို အနီးရွာတွေက ဖူးကြရတယ်' *(ရေနီတောင်ဖီလာတောင်နှင့် ဆရာတော်ဦးပဏ္ဍဝအကြောင်း၊ ပူဇော်မှုဆောင်းပါးကို ၂၀၁၃ ခုနှစ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဇူလိုင်လမှ အောက်တိုဘာလအထိ လေးလတိုင်အောင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)*

## ဆရာတော်၏ ဝါဆိုသင်္ကန်းအလှူ

ဆရာတော်ဦးကေသရ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ပတ်သက်၍ ကျောက်တံခါးမြို့ တောကျောင်းခေါ် ကျွန်းကုန်းတောရ ဆရာတော်ဦးကုမာရ သက်တော်(၈၀)ပြည့် အထိမ်းအမှတ် စာအုပ် စာမျက်နှာ ၁၈၆-၁၈၇တို့၌ ဤသို့ ဖော်ပြထားသည်။

'ကျွန်းကုန်းတောရ ဆရာတော်သည် ရဟန်းငယ်ဘဝတွင် ကျောက်တံခါးမြို့ မြို့လယ်ကျောင်း (မဇ္ဈိမာရုံကျောင်း)ဆရာတော်ဦးကေသရက မြို့ပေါ်မှာ သံဃာများကို နှစ်စဉ်ပင့်၍ ဝါဆိုသင်္ကန်း ကပ်လှူသည်ကို တွေ့ကြုံရဖူးသည်။

သင်္ကန်းအလှူခံသော သံဃာများ ကြွရာလမ်းကို ခြေဖမိုးမြုပ်သည်အထိ ပန်းများခင်းထား၏။ ပန်းခင်းသော လမ်းပေါ် လျှောက်လှမ်းရသော သံဃာတို့မှာ သဘောကျ ပြုံးရွှင်နေကြသည်။

ဆရာတော်ဦးကေသရ၏ မျက်နှာတော်မှာ ပြုံးရွှင်နေပြီး မြင်ရသူများပင် ဝမ်းမြောက် ကြည်နူးကြရ၏။ ဆရာတော်သည် နှစ်စဉ်ဝါဆိုသင်္ကန်း ကပ်လှူရသည်ကို ပီတိဖြစ်ရသည်ဟု ဆိုပါသည်။

ထိုစဉ်က သင်္ကန်းရှားပါးလှသဖြင့် အလှူခံရကြသူ သံဃာများမှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ ဆရာတော်ဦးကေသရ ထိုသို့ ဝါဆိုသင်္ကန်း ကပ်လှူနေသည်ကို တွေ့ရကြုံရသဖြင့် ကျွန်းကုန်းတောရ ဆရာတော်သည် **"ဒီဆရာတော်လိုမျိုး ဝါဆိုသင်္ကန်း ကပ်လှူနိုင်ရင် ကောင်းမှာပဲ"** ဟု ကြံစည် စိတ်ကူးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးကေသရကို အတုယူပြီး လှူနိုင်အောင် ကြိုးစားမည်ဟူသော စိတ်ကူးသည် တော်တော်နှင့် အကောင်အထည် မပေါ်ခဲ့ပေ။ ၁၃ရ၁ ခုနှစ်၊ ဝါဆိုလဆုတ်(၂)ရက်နေ့တွင်မှ ဝါဆိုသင်္ကန်း စတင် ကပ်လှူဖြစ်တော့သည်။ ***(ဆရာတော် ဦးကေသရ ပျံလွန်တော်မူပြီး နှစ်ပေါင်း ၂၀ အကြာတွင် ဖြစ်ပေသည်။)***

## မဖျိမာရုံကျောင်းသို့

ဆရာဦးကျော်မြင့်က ကျောက်တံခါးမြို့မှ ညီဖြစ်သူ ဦးတင်ကြည်ထံသို့ ဖုန်းဆက်မှာကြားပေးသဖြင့် ကျောက်တံခါးမြို့သို့ ရောက်သောအခါ စာတိုက်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် အေးအေးလူလူ စကားပြောကြသည်။

ဦးတင်ကြည်၏ အိမ်ဆိုင်ကလေးမှာ ရောင်းကုန်ပစ္စည်းများ၊ ဝယ်သူများနှင့် ပြည့်နှက်နေသဖြင့် သူ၏ ရုံးခန်း၌ နားနားနေနေ ပြောဆိုနိုင်ရန် ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

ဆရာတော်ဦးကေသရသည် ၁၉၈၉ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ရာ ဆက်ခံသော ကျောင်းထိုင် သုံး,လေးပါး လွန်မြောက်၍ မဖျိမာရုံကျောင်းအတွင်း ဆရာတော်နှင့်ပတ်သက်သော ပစ္စည်း၊ အသုံးအဆောင်၊ ဓာတ်ပုံ စသည် တစ်စုံတစ်ရာမှာ မကျန်ရစ်တော့ကြောင်း သိရသည်။

သွားရောက် လေ့လာကြည့်ရာ စောင်းတန်းနှင့် သစ်ပင်များအကြားရှိ ကျောင်းဆောင်ကို ဓာတ်ပုံရိုက်ရန် အခက်အခဲကြုံရသဖြင့် ကျောင်းမုခ်ဦး တစ်ခုကိုသာ မှတ်တမ်းပြုခဲ့ရလေသည်။



▲ အဆောက်အအုံသစ်အတွင်းမှ ရုပ်ပွားတော်

ထို့ကြောင့် ဆရာတော်၏ ဘဝပုံရိပ် အချို့ သိနိုင်ရန်အတွက် ရင်းနှီးသော တပည့်ဒါယကာများကို စုံစမ်းကြည့်ရာ ဦးတင်ကြည်၏ တစ်ဝမ်းကွဲအစ်မ ဒေါ်ရှုဟုန်ထံသို့ လမ်းညွှန်ကြသည်။ ဒေါ်ရှုဟုန်က သူ ကလေးဘဝကပင် ဆရာတော် မဖျိမာရုံကျောင်းသို့ ကြွရောက် သီတင်းသုံးနေပြီဖြစ်သည်။

ဆရာတော်၏ ဖိုရုံတွင် ပိုင်းကူ၍ ဖိုဆွဲခြင်း၊ ရွှေစက်တော်ဘုရားဖူးခရီးတွင် လိုက်ပါခွင့်ရခြင်း၊ ပျံလွန်တော်မူ ခါနီး ရက်အနည်းငယ်မျှ ပြုစုခွင့်ရခြင်း စသည်ဖြင့် သူသိသမျှ ပြောပြသည်။ **ဆရာတော်၏ ထေရုပ္ပတ္တိကို မသိရပါ။**

အနီးနေ ကပ္ပိယဖြစ်သူ ဦးအောင်စိန်လည်း ကွယ်လွန်သွားပြီဖြစ်၍ မလွယ်ကူတော့ဟု ဆို၏။ **ပဲခူးမြို့အောက်ဘက်၊ ကဝမြို့နယ်၊ ဇ,လေးရွာ ဇာတိဖြစ်ကာ ၁၂၈၀ ပြည့်နှစ်တွင် မွေးဖွားကြောင်းသာ သိခဲ့ရလေသည်။**

## ကုသိုလ်ထူးလေသလား

တစ်နေ့တွင် မဖျိမာရုံကျောင်းသို့ အာဂန္တုသံဃာတစ်ပါး ရောက်လာကာ ဆရာတော် ဦးကေသရအား လျှောက်ထားသည်။

'တပည့်တော်ကို ဆေးကုသပေးပါ ဘုရား'

'ဟာ... တပည့်တော် ဆေးမကုတတ်ပါဘူး။ ဆရာဝန်ဆီ သွားပြမှပေါ့'

'ဆရာဝန်တွေ မတတ်နိုင်တဲ့ရောဂါပါ ဘုရား။ တပည့်တော် စိတ်ထဲ လိုချင်တာကို စဉ်းစားလိုက်တာနဲ့ ရောက်ရောက်လာတယ်။

ငှက်ပျောသီး စားချင်တယ်ဆိုတာနဲ့ ပါးစပ်ထဲ ငှက်ပျောသီးရောက်လာပြီး မကုန်ကုန်အောင် စားရတယ်။

ဒီလိုပဲ တခြားကိစ္စတွေမှာလဲ တ,လိုက်တာနဲ့ ဖြစ်လာတတ်လို့ မစဉ်းစားဝံ့အောင် ဖြစ်နေရပါတယ်ဘုရား'

ဆရာတော် စစ်ဆေးကြည့်သောအခါ ကမ္ဘဖိဒ္ဓိ ကြီးမားသည့် ပရလောကသားတစ်ဦးက အတိတ်က မောင်ငယ်တော်စပ်သဖြင့် ကူညီပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ဤသို့ပြုခြင်းသည် ကူညီရာမရောက်ဘဲ ကာယကံရှင်အား ဒုက္ခသာ ပိုစေကြောင်း၊ မိမိကိုယ်တိုင် ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ ကာယကံရှင် ကုသိုလ်အမှုများကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသင့်ကြောင်း ဩဝါဒပေး ဆုံးမတော်မူရာ ထိုသံဃာလည်း ဓာဖြည်းဖြည်းနှင့် သက်သာရာ ရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဘုန်းတိုးသိမ်

ဆရာတော်ဦးကောသရသည် တောတောင်အနှံ့သို့ ကြွရောက်၍ ဝေနေယျများအား တရားဟော ချေချွတ်ပေးတော်မူလေ့ရှိသဖြင့် ပရလောကသားများက လေးစားကြည်ညိုစွာ ကူညီပေးကြသည်။

တောထွက်၊ ကျောင်းဝင်ချိန်များတွင် ဝတ္ထုငွေများ ကြဲခြင်း၊ ဘုရားစေတီများစွာ ပြုပြင်မွမ်းမံခြင်းတို့သည် ဘုမ္မိရတ်များက ရွှေမန်ကျည်းတောင့်များ ကပ်လှူခြင်းကြောင့် ဖြစ်နိုင်သည်ဟု ယူဆကာ မသမာသူတစ်စုက ညဉ့်နက်သန်းခေါင်အချိန်တွင် ကျောင်းသို့လာ၍ ဓားပြတိုက်ကြလေသည်။

ဆရာတော်အား ကြိုးတုပ်ကာ စစ်မေးသော်လည်း ရွှေငွေအဖိုးတန်ပစ္စည်း မရရှိသဖြင့် ဓားဖြင့်ခုတ်ရာ တုပ်နှောင်ထားသော ကြိုးများသာ ပြတ်၍ ဆရာတော်မှာ ဒဏ်ရာရခြင်း မရှိချေ။

ဓားပြများသည် ထိုအဖြစ်ကြောင့် ကြောက်လန့်တကြား ထွက်ပြေးကြသည်တွင် ဒကာများ ရောက်လာသောအခါ ကျကျန်ရစ်သော ဓားများနှင့် ပြတ်နေသည့် ကြိုးစများသာ မြင်တွေ့ရတော့သည်ဟု သိရပေသည်။

## ရွှေဘုန်းပွင့်စေတီ

ဆရာတော်ဦးကောသရ ဦးဆောင်မွမ်းမံခဲ့သည့် စေတီပုထိုးများအနက် **ရွှေဘုန်းပွင့်စေတီနှင့် ရွှေဘုန်းတိုးစေတီ**နှစ်ဆူသို့ သွားရောက် ဖူးမြော်ကြည်ညို ဖြစ်ခဲ့သည်။

ရွှေဘုန်းပွင့်စေတီသည် ကျောက်တံခါးမြို့နယ်၊ သူဌေးကုန်းရွာ၏ မြောက်ဘက်ယွန်းယွန်း **"နိုလုံ"**ရွာခေါ် **"ဘုရားကြီးကုန်း"**ရွာအနီး၌ ကိန်းဝပ်တော်မူသည်။ စွန်းလွန်းဆရာတော်ကြီးဦးကဝိ၏ တပည့်တစ်ပါးဖြစ်သော ဦးရေဝတ၏ ဦးဆောင်မှုဖြင့် နိုလုံရွာသား စကောကာရင်တိုင်းရင်းသား ဦးထွန်းမြင့်က ရှေးစေတီဟောင်းကို စတင်မွမ်းမံခဲ့သည်။

စေတီ အပြီးမသတ်နိုင်ဘဲ ဖြစ်နေရာ ၁၃၂၇ ခုနှစ်တွင် ဆရာတော် ဦးကောသရ ဦးဆောင်မှုဖြင့် ပြန်လည် ပြုပြင်ခဲ့သည်။

ယခုအခါ **ဆရာတော်ဦးအဂ္ဂသီလ** (မူလဒါယကာ ဦးထွန်းမြင့်)သက်တော်(၇၅)နှစ်၊ ဝါတော်(၂၅)ဝါက ထိန်းသိမ်းစောင့်ရှောက်လျက် သီတင်းသုံးတော်မူလျက် ရှိသည်။

ဦးအဂ္ဂသီလ မိန့်ကြားချက်အရ **ဆရာတော်ဦးကောသရသည် ဆုထူးပန်(ဘုရားဆုပန်) ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရပေသည်။**

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

# တက္ကသိုလ်ကျောင်းသားတစ်ဦး၏

## လက်ဖဝါးပြင်ပေါ်မှာ

ဆရာကြီးဦးအောင်မြင့် (ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ






၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်နေ့တွင် ကျွန်ုပ်နှင့် တွေ့ဆုံခဲ့သည့် **အသက်(၂၀)အရွယ် တက္ကသိုလ်ကျောင်းသား**လူငယ်တစ်ဦး၏ ညာလက်ဖဝါးပြင်ပုံစံကို ဖော်ပြပေးလိုက်ပါသည်။

ကာယလမ်းကြောင်း အလွန်ကောင်းသည်။ **ကျွန်း၊ အပြတ် လုံးဝ မရှိပါ။** ဥပဒ်လမ်း ဖြတ်သန်းခြင်းလည်း မရှိပါ။ (က)

ကျန်းမာကြံ့ခိုင် သန်စွမ်းခြင်း ဖြစ်လိမ့်မည်။


**ကမ္ဘလမ်းကြောင်း (ထီးရိုး)** ကောင်းသည်။ လက်ဖဝါးအလယ်မှာ **ဉာဏလမ်းနှင့်ပေါင်းပြီး တြိဂံ ဖြစ်နေသည်။** (ခ)

အတိတ်ကံပါရမီကြောင့် ဉာဏ်ပညာ ထူးချွန်ထက်မြက်မည်။

ဉာဏ်လမ်းကြောင်း ကောင်းသည်။ **လမ်းကြောင်းနှစ်ထပ်လို ဖြစ်နေပြီး** အလယ်မှာ **ကမ္ဘလမ်းနှင့်ပေါင်းကာ တြိဂံသင်္ကေတ** ဖြစ်နေသည်။ ဉာဏ်လမ်းကြောင်း ရှည်လျားဖြောင့်တန်းသည်။ ဉာဏလမ်းအဖျားနှင့် ကာယလမ်းအဖျား အနည်းငယ် ကွာဟနေသည်။ (ဂ)


ကိုယ်ဉာဏ်ကောင်းခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ လုံ့လဝီရိယရှိခြင်း၊ အယူဉ်အမြင်စိတ် ရှိခြင်း၊ သင်လွယ်တတ်လွယ် ဖြစ်ခြင်းတို့ကြောင့် ခက်ခဲနက်နဲသော ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်မည်။

***




**ကာယလမ်းကြောင်းအတွင်းဘက် အင်္ဂါဂြိုဟ်ခုံ (အစို)တွင် တြိဂံ၊ စတုဂံသင်္ကေတမျိုးများရှိပြီး အင်္ဂါအစိုဂြိုဟ်ခုံအားကောင်းသည်။** (ဃ)

***





စစ်ပညာ၊ ခွဲစိတ်ဆေး ပညာတို့နှင့် အကျိုးပေးမည်။

လက်ညှိုးအောက် **ကြာသပတေးဂြိုဟ်ခုံပေါ်မှာ အင်္ဂလိပ်အက္ခရာ (H)** သင်္ကေတရှိသည်။ (င) *[ကြာသပတေးဂြိုဟ်ခုံကို အားကောင်းစေသည်။]*

ပါရဂူဘွဲ့မျိုးရသည်အထိ ခေတ်ပညာ တတ်မြောက်ခြင်း၊ အလုပ်အကိုင် ရာထူးမြင့်မားခြင်း ဖြစ်နိုင်သည်။

* * * ⟶




လက်ခလယ်အောက် **စနေဂြိုဟ်ခုံ**



www.burmeseclassic.com

**မှာ ထောင်လိုက် မျဉ်းမတ်ရှိသည်။** စနေဂြိုဟ်ခုံကို အားကောင်းစေသည်။ (စ) နိုင်ငံရေးပညာ၊ တတ်သတ္တုပညာ၊ ဆေး ပညာ၊ ဂမ္ဘီရပညာရပ်များ တူးချွန်နိုင်သည်။

လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ **ထောင်လိုက်မျဉ်းပြိုင်၊ အောင်လံသင်္ကေတများ** ရှိသည်။ (ဆ) တနင်္ဂနွေဂြိုဟ်ခုံကို အားကောင်းစေသည်။

ထီဆုကြီးပေါက်ခြင်း လုပ်ငန်းမှ ငွေဝင် အလွန်ကောင်းခြင်း နာမည်ဂုဏ်သတင်း ကျော်ကြားခြင်း အလုပ်အကိုင် စီးပွားရေးဆိုင်ရာတို့မှာ ထိပ်ဆုံးရောက်နိုင်ခြင်း ရှိမည်။

***




လက်သန်းအောက် **ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ မတ်တတ်မျဉ်းတိုများ** ရှိသည်။ (ဇ) ဗုဒ္ဓဟူးဂြိုဟ်ခုံကို အားကောင်းစေသည်။

ရေကြောင်းပညာ အရောင်းအဝယ်ပညာ ဆေးဝါးပညာများ ကျွမ်းကျင်နိုင်သည်။

**ခြံဝင်းသုံးသောလျှင် (၁၀)တန်းကို ဂုဏ်ထူးများနှင့် ထူးချွန်စွာ အောင်မြင်ပြီး ဆေးပညာရပ်များ ဆက်လက် သင်ကြားခွင့်ရမည်။ ဝါကျွတ်ချိန်အထိ ရှိမည်။ ခွဲစိတ်ကုသမှု ခြင်းနိုင်သည်။**

နောင်အခါ မြန်မာနိုင်ငံတွင် ထိပ်တန်း ဆရာဝန်များတွင် တစ်ဦး အပါအဝင်ဖြစ်လာနိုင်သည်။

**မှတ်ချက်**

ယခု လက္ခဏာရှင်မှာ **ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်မှ ဖြစ်ပြီး ယခုအခါ ဆေးတက္ကသိုလ်တွင် ပညာသင်ယူနေဆဲ** ဖြစ်သည်။

***အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေသ)***
**လက္ခဏာဗေဒင်ပညာသုတေသီ**



# ပိစပ်ရွက်မှုဆားဖြင့်

## အဆုတ်နာနှင့် အစာအိမ်ရောဂါ ကုကြစို့လား

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်" ဟု ဆိုရိုးစကား ရှိပါသည်။ ထို့ကြောင့် **ဆရာဦးမြသန်း (ကျောင်းကုန်း)** မွန်ပြည်နယ်တွင် ဆေးကုသစဉ်က လက်တွေ့သင်ကြားပေးခဲ့သော နွယ်မြက်သစ်ပင် ပိစပ်ပင်ဆားဖြင့် **အဆုတ်ရောဂါနှင့် အစာအိမ်ရောဂါ** ကုသခဲ့နည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ သိရှိနိုင်ကြရန်အတွက် စေတနာကောင်းဖြင့် ရေးသားတင်ပြပါမည်။

ထို့အပြင် **ပိစပ်ဆားချက်နည်း**ကိုလည်း တင်ပြပါဦးမည်။

**ပိစပ်ပြာ (၄)ပြည်၊ (၅)ပြည်ခန့်ကို (၂၀)ပိဿာဝင် စဉ့်အိုးတွင်ရေအပြည့်ဖြည့်ပြီး** စိမ်ထားပါ။

ရေကြည်လာလျှင် ဒယ်အိုးသန့်သန့်တွင် ထည့်ပြီး မီးပြင်းပြင်းဖြင့် ကျိုပါ။ ပြာရည် ပျစ်ချွဲလာလျှင် မီးမှုဉ်းမှုဉ်းတွင် အဆက်မပြတ် ယောက်မဖြင့် နာနာမွှေပြီး နာနာချေပါ။ ဖြူဖွေးလတ်ဆတ်သော ပိစပ်ရက္ခမူဆားကို ရပါမည်။

၁။ **အဆုတ်နာအတွက်** ပျားရည်တစ်ဇွန်းတွင် ပိစပ်**ရက္ခမူဆား မန်ကျည်းစေ့ခန့်** ထည့်မွှေပြီး နေ့စဉ်သောက်ပါက အဆုတ်ရှိအနာများ ကျက်ကာ ရောဂါ သက်သာပျောက်ကင်းခဲ့ပါသည်။

၂။ **အစာအိမ်အနာအတွက်** ရက္ခမူဆား မန်ကျည်းစေ့ တစ်စေ့ခန့်ကို **မြေပဲဆီ(သို့မဟုတ်) နှမ်းဆီ(၂)ဇွန်း၊ သကြား(၂)ဇွန်း** ပွက်ပွက်ဆူသည့်ရေနွေး လက်ဖက်ရည် အချိုပန်းကန်(၁)လုံးနှင့် ရောဖျော်သောက်လျှင် နွားနို့ကဲ့သို့ ချိုဆိမ့်သောအရသာရှိမည်။

ဤဆေးကိုနေ့စဉ်သောက်ပါက အစာအိမ်အနာ ပျောက်ကင်းသက်သာပါသည်။

ပျောက်ကင်းခဲ့သည်ကို ကျေးဇူးဆပ်သောအားဖြင့် **ဝိဇ္ဇာဓရနည်းဖြင့် အထူးကု သိဒ္ဓိဝင် ရွှေပြာပိုင်ရှင် ဆရာဦးမြသန်းနှင့်ဖနီး ဆရာမဒေါ်စန္ဒာအေးအား** ဤဆေးစာမူဖြင့် ကုသိုလ်ယူ ဂုဏ်ပြုအပ်ပါသည်။

**ကျောင်းအုပ်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့် "**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**" တမ္ဘူ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့် ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

**၁။ နှလုံးရောဂါဖြစ်ခြင်းအကြောင်း**

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး သွေးတိုး ဆီးချိုရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာနိုပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ၊ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက်၌ ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၅၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**


အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံသိမ်း–ဇော်ဝင်းဦး

◆ အဘွားတောင်တော်နှင့် တန်ဆောင်း

မိုင်းရှူးရတနာမြေမှ လွယ်ဆောင်ထောက် (ခေါ်)

# အဘိုးတောင် နှင့် အဘွားတောင်

မိုင်းရှူးရတနာမြေမှ **အဘိုးတောင်နှင့်အဘွားတောင်သည် ဝမ်းကမ်းအရပ်နှင့် လေးမိုင်ခန့် ကွာဝေးပါသည်။**

ယခုအခါ အဘိုးတောင်ကား မရှိတော့ ပြိုကျပျက်စီးသွားပြီဖြစ်သော်လည်း အဘွားတောင်ကိုကား ငွားငွားစွင့်စွင့် မြင်နေရပါသည်။

ဘိုးဘွားတောင် သမိုင်းအကျဉ်းမှာ ရှေးက ဗြဟ္မာမင်းကြီးကိုးပါးသည် ပုဖန်နှင့် ယာဖန်အမည်ရှိသော ဘိုးဘွားနှစ်ဦးအား ဖမျှဒိပ်ကျွန်း အသီးသီးအား လှည့်လည်ပြရာ ပုဖန်နှင့်ယာဖန် ဘိုးဘွားနှစ်ဦးက တောင်ကျွန်းကို သဘောကျ ရွေးချယ်လိုက်ကြသည်။

ထိုတောင်ကျွန်းတွင်ပင် ဗြဟ္မာမင်းကိုးပါးက ပုဖန်၊ ယာဖန်တို့နှင့် တူအောင် ကျောက်တုံးကြီးများ ဖန်ဆင်းပြီး ကမ္ဘာတည်သရွေ့ တည်စေဟု အဓိဋ္ဌာန်ပြုခဲ့ကြသည်။

ထို့နောက် ပုဖန်၊ ယာဖန်ဘိုးဘွားနှစ်ဦးတို့၏ ရုပ်ပုံဖြစ်သော ကျောက်တောင်နှစ်ခုကို ဤသို့ ပြောဆိုကြ၏။

'သင်တို့နှစ်ယောက် ဤလူ့ဘဝမှ စုတေကွယ်လွန်ကြလျှင် ပုသရှေ့ယျ၊ နှိုင်းသရှေ့ယျ ဟူသော နာမည်ဖြင့် ဤမြေနေရာကို စောင့်ရှောက်သည့် တန်ခိုးကြီးသည့် ဘုမ္မစိုးနတ်များ ဖြစ်ကြရလိမ့်မည်'

ဟု ပြောပါသည်။

ပုဖန်၊ ယာဖန် အဘိုးအဘွားနှစ်ဦးလည်း သက်တမ်းကုန်ဆုံးသောအခါ ဘုမ္မစိုးနတ်များဖြစ်ကြပြီးလျှင် ဂေါတမဘုရားရှင်၏ သာသနာတော် နှစ်,နှစ်ထောင်သို့ ရောက်သောအခါ အဘိုးဖြစ်သူ ပုသရှေ့ယျ၏ ရုပ်ပုံကျောက်တောင်ကြီးသည် သက်တမ်းကုန်၍





www.burmeseclassic.com

www.burmeseclassic.com



◆ အဘွားတောင်အား အနီးကပ်မြင်တွေ့ရပုံ

ပြိုလဲကျရာ တောင်အောက်လျှိုထဲ ရောက်သွားပြီး အပုပ်နံ့လည်း တစ်တောလုံး ပျံ့နှံ့သွားခဲ့သည်ဟု ဆိုပါသည်။

ထိုအပုပ်နံ့ကြောင့် မော်ဖ၊ မိုင်းလင်းဘက်မှလူများသည် မိုင်းလင်းစော်ဘွားကို လျှောက်တင်ကြရာ မိုင်းလင်းစော်ဘွားက သူ၏ စေတမန်ကို စေလွှတ်၍ မိုင်းရှူးစော်ဘွားကြီးအား ပူသချော်ယျ၏ ရုပ်အလောင်းကို လာရောက် သင်္ဂြိုဟ်ပေးပါရန် လျှောက်ထား တင်ပြသည့်အခါ မိုင်းရှူးက...

**'ငါတို့ မသင်္ဂြိုဟ်တတ်ကြောင်း။ သင်တို့ သင်္ဂြိုဟ်တတ်က လာရောက် သင်္ဂြိုဟ်နိုင်ကြောင်း'**

ကို ပြန်လည်မိန့်ကြားလိုက်သည်။

ထို့နောက် မိုင်းလင်းစော်ဘွားသည် မှူးမတ်ဗိုလ်ပါအခြွေအရံနှင့် လာရောက်ပြီး ပူသချော်ယျ၏ အလောင်းကို မီးသင်္ဂြိုဟ်လိုက်ပါသည်။

ဤအခါ အပုပ်နံ့များ ပျောက်ကွယ်သွားပြီး မိုင်းလင်းစော်ဘွားသည်လည်း ဘိုးဘွားရုပ်ပုံ ကျောက်တောင်ရှိရာ လွယ်ဆောင်ထောက်ဒေသကို အုပ်ချုပ် စိုးပိုင်ခွင့်ရရှိခဲ့ကြောင်း သိရပါသည်။

ပူသချော်မကွယ်လွန်မီက အဘိုး အဘွားရုပ်ပုံ ကျောက်တောင်နှစ်ခုအနက် အဘိုးရုပ်ပုံ ကျောက်တောင်သည် အနောက်ဘက်သို့ မျက်နှာမူ၍ အဘွားရုပ်ပုံ ကျောက်တောင်ကား အရှေ့ဘက်သို့ မျက်နှာမူပါသည်။

အဘိုးရုပ်ပုံကျောက်တောင် ကွယ်လွန် ပြိုပျက်သွားသဖြင့် ယခုအခါ အနောက်ဘက်မှ ကျောက်မျက်ရတနာများထွက်ရှိလာခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အကယ်၍ အဘွားရုပ်ပုံ ကျောက်တောင် ပြိုပျက်သွားပါက အရှေ့ဘက်မှလည်း ကျောက်မျက်ရတနာများ ထွက်ရှိလိမ့်ဦးမည်ဟု အယူရှိပါသည်။

ယခုအချိန်၌မူ အရှေ့ဘက်မှ ရတနာများကို အဘွားသချော်ယျက ထိန်းသိမ်း စောင့်ရှောက်ထားသဖြင့် ကျောက်မျက်ရတနာများ မထွက်သေးခြင်းဖြစ်သည်။

အဘွားသချော်ယျ မျက်နှာမူရာ အရှေ့ဘက်၌ အနောက်ဘက်ထက် ကျောက်မျက်ရတနာများ ပိုမို များစွာ ထွက်ရှိနိုင်သည်ဟု အယူရှိနေကြပါသည်။

ပူသချော်ယျ၊ နှိုင်းသချော်ယျတို့ ထိန်းသိမ်း စောင့်ရှောက်ထားကြသည့် ရတနာများသည် ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် သုံးစွဲရန်နှင့် လှူဒါန်းရန်ဖြစ်ကြောင်း သိရှိရပါသည်။

ပူသချော်ယျ၊ နှိုင်းသချော်ယျ အဘိုး အဘွားနှစ်ယောက်သည် ဤလွယ်ဆောင်ထောက် ရတနာဥယျာဉ်ကို ဗျာဒိတ်အတိုင်း ထိန်းသိမ်းစောင့်ရှောက်ကြရင်း အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူသည့်အခါ လက်ဦးစွာ ဖူးတွေ့ရပြီး မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကို ကေန် ရောက်ကြမည့်သူများ ဖြစ်ကြပါသည်ဟု လွယ်ဆောင်ထောက်သမိုင်းက ဆိုပါသည်။

ဤ လွယ်ဆောင်ဆောက်သမိုင်းကို ရှေးဟောင်း ယွန်းဘာသာမှ ရှမ်းဘာသာသို့ ဘာသာပြန်ပြီး ရှမ်းဘာသာမှ မြန်မာဘာသာသို့ **လှိုင်လင်မြို့ သာသနဝီပုလ ဓတ်တော်ကျောင်းတိုက်မှ နာယက ဆရာတော် ဘဒ္ဒန္တ ပညာနန္ဒ (သာသနဓဇဓမ္မာစရိယ) ပြန်ဆိုထားသည့် မူရင်းစာမှ အနှစ်ချုပ်ကာ** စာရေးသူမှ ပြန်လည် ရှင်းလင်းတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

ကျွန်တော်သည် အဘွား နှင်းသခင်ဲ့ယျ၏ ကျောက်တောင်ကြီးကို ငေးမော ကြည့်ရှုနေမိပါသည်။

**ကျောက်တောင်ကြီးတွင် အဘိုးအဘွားတို့၏ ခြေတော်ရာ၊ လက်တော်ရာများကို တွေ့မြင်နိုင်ပြီး ယခုအခါ ၎င်းခြေတော်ရာ၊ လက်တော်ရာများကို ရွှေချထားသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။**

လပြည့်လကွယ် နေ့ရက်များတွင် ၎င်းအဘိုးအဘွား ကျောက်တောင်၌ လူစည်ကားလှပြီး အမွှေးတိုင်၊ ဆီမီးတိုင်၊ ပန်း၊ ရေချမ်းများ ကပ်လှူကြပြီး ကျောက်ထွက်ကောင်းရန်၊ ကျောက်ကောင်းရရှိရန် ဆုတောင်းနေကြသူများဖြင့် ဝေဆာနေပါသည်။

ဆုတောင်း ပြည့်သူများကလည်း ဘိုးဘွားကျောက်တောင် အဆင်းအတက်လမ်းများ ပြုပြင်ပေးခြင်း၊ ဘိုးဘွားကျောက်တောင်ရှိ ဘုန်းတော်ကြီးကျောင်းအတွက် မီးစက်များ၊ ရေစုပ်စက်များ လှူဒါန်းကာ ဘိုးဘွားနတ်ကွန်းများအား ပြုပြင် မွမ်းမံပေးလျက်ရှိနေကြပါသည်။

ယခုအခါ ဘိုးဘွား ကျောက်တောင်ကြီးတွင် ရေမီးအစုံဖြင့် တင့်တယ်လျက်ရှိနေပြီလည်း ဖြစ်ပါသည်။

ကျောက်သမားများ၊ လောပန်းများ၊ ကျောက်တူးသမားများ၊ အရောင်းအဝယ်လုပ်သူများ အားလုံးသည် ဘိုးဘွားကျောက်တောင်တွင် ယုံကြည်စွာဖြင့် ကုသိုလ်ဒါနပြုကြခြင်း၊ ဆုတောင်းကြခြင်းတို့ဖြင့် မိမိတို့၏ အတ္တအကျိုး၊ ပရအကျိုးတို့ကို ရှက်ဆောက်နိုင်ရန် တစ်ဖက်မှ ဆုတောင်း၊ တစ်ဖက်မှ ထုတ်လုပ် တူးဖော်ရင်း လွယ်ဆောင်ထောက်ရတနာမြေဝယ် အလုဆင့်လျက် ရှိနေကြပြီ ဖြစ်ပါသတည်း။

**ပုသိမ်–အောင်သန်းဦး**

---

<u>**စာရှုသူ...သုတေသီ...ပညာရှင်များသို့...**</u>

အထက်ပါ ဆောင်းပါးမှာ (၂၄–၁၂–၂၀၀၁)ခုနှစ်က ရောက်ရှိလာသော ဆောင်းပါး ဖြစ်ပါသည်။ ယခုမှ ဖော်ပြခွင့်ရပါသည်။

သို့ဖြစ်၍ ဒေသန္တရစာရေးဆရာ၊ ဝါသနာရှင်များမှ ဆောင်းပါးပါ အဘိုးတောင်နှင့်အဘွားတောင်ကို ယခုကာလ အခြေအနေအတိုင်း ဖော်ထုတ်ရေးသားပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

*ဦးကျော်မိုးသိန်း*
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*

---

**စာရှုသူ...သုတေသီ...**
**ပညာရှင်တို့ခင်ဗျာ...**

၂၀၁၇ခုနှစ်
ဇူလိုင်လထုတ်သည်
**နက္ခတ္တရောင်ခြည်**
**မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်**
**အမှတ်တရ**
**အထူးထုတ်လ**
ဖြစ်ပါသည်။
သို့ဖြစ်ပါ၍
မည်သူမဆို
ပါဝင်ရေးသားနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၀၉–(မြေညီ)**
**၂၉–လမ်း(အထက်)**
**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၇၆၃၄၉၇၈၅**
**၀၉–၉၆၈၀၀၄၁၉၂**



www.burmeseclassic.com

www.burmeseclassic.com



နမောင်းချက် စီးပွားတက်နှင့်

# ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပူဇော်နည်း

ဉာဏ်ရှိပြီး ကံမွဲသူများအတွက် နမောင်းချက် စီးပွားတက်နှင့် ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပူဇော်နည်းကို ပေးပါရစေ။

စာရေးသူရဲ့ နေ့စဉ် စရဏာကျင့်စဉ်များထဲက တစ်ခုပါ။ ကံကောင်းသူများ ပိုကောင်းလာမှာဖြစ်ပြီး နိမ့်ပါးသူများ၊ ဘာလုပ်လုပ် ဘာမှမဖြစ်သူများ အဆင်ပြေလာမှာဖြစ်တဲ့ ဤပုတီးစိပ်နည်းကို ဓမ္မဒါနအဖြစ် ဝေပါရစေ။

တနင်္ဂနွေအစ စနေအဆုံး နေ့သားသမီးများအတွက် ဦးစွာ နမောင်းချက်ကို ရွတ်ဆိုပုတီးစိပ်ရပါမယ်။

နောက်မှ နေ့သားအလိုက် ရွတ်ဖတ်ပူဇော်ရမယ့် ဘုရားဂုဏ်တော်ကိုးပါးကို ဆက်ပြီး ရွတ်ဖတ် ပူဇော်ပုတီးစိပ်ရပါမယ်။

၁။ နမောတဿ

၂။ နမော ဘဂဝတော

၃။ နမော အရဟတော

၄။ နမော သမ္မာသမ္ဗုဒ္ဓဿ

၅။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ(*နောက်မှ တနင်္ဂနွေသားဆိုရင် အရဟံသိဒ္ဓိ ဆိုရပါမယ်။*)

ပုတီးစိပ်မယ်ဆိုရင် အချက်(၅)ချက် စလုံးပြီးမှ တစ်ခေါက်ရေတွက်ပါတယ်။ ပုတီးတစ်လုံးချရပါမယ်။

နေ့အလိုက် ဂုဏ်တော်များကို ဂြိုဟ်အလိုက် ပိုင်းခြားပြပါမယ်။

**❖တနင်္ဂနွေသားဆိုရင်...**

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ အရဟံ သိဒ္ဓိ" ပါ။

- ❖ **တနင်္လာသားဆိုရင်** ဤနည်းအတိုင်း **"သမ္မာသမ္ဗုဒ္ဓေါ သိဒ္ဓိ"**ပါ။
- ❖ **အင်္ဂါသားဆိုရင် "ဝိဇ္ဇာစရဏ သမ္ပန္နောသိဒ္ဓိ"**ပါ။
- ❖ **ဗုဒ္ဓဟူးသား (နံနက်ပိုင်းဆိုရင်) "သုဂတောသိဒ္ဓိ"**ပါ။
- ❖ **ကြာသပတေးသား** ဆိုရင် **"လောကဝိဒူသိဒ္ဓိ"**ပါ။
- ❖ **သောကြာသား**ဆိုရင် **"အနုတ္တရော ပုရိသ ဒမ္မသာရထိသိဒ္ဓိ"** ပါ။
- ❖ **စနေသား**ဆိုရင် (နံနက်ပိုင်း) **"သတ္ထာဒေဝမနုဿာနံ သိဒ္ဓိ"** ပါ။
- ❖ **ဗုဒ္ဓဟူးသား(နေ့ ၁၂ နာရီမှ ညဥ့် ၁၂နာရီ)**ထိ ဖွားသူဆိုရင် **"ဗုဒ္ဓေါ သိဒ္ဓိ"**ပါ။
- ❖ **စနေ(နေ့၁၂နာရီမှ ညဥ့် ၁၂နာရီထိ)**ဖွားသူဆိုရင် **"ဘဂဝါသိဒ္ဓိ"** ပါ။

တနင်္ဂနွေမှ စနေထိ အထက်ဖော်ပြပါ နေ့သားအလိုက် ဂြိုဟ်သက်အရ ပုတီးစိပ်မယ်ဆိုရင်...

***

လျှာရမည့်ပန်းမှာ နေ့သားအလိုက် နေ့နံပန်းများ ဖြစ်ပါတယ်။

ဤသို့ ပုတီးစိပ်ပြီးလျှင် သာသနာစောင့်နတ်၊ မြို့တော်ရှင်၊ နယ်တော်ရှင်နှင့် ဝေနေယျသတ္တဝါများကို မေတ္တာပို့အမျှဝေပါ။

မွေးနေ့မှစပြီး ဆောင်ရွက်ကြည့်ပါ။ အဓိဋ္ဌာန်ရက်(သို့မဟုတ်) ရက်သတ္တပတ်မှာ ဂြိုဟ်သက်အလိုက် ဖြစ်ပါတယ်။

မည်သို့နိမ့်ပါးစေကာမူ နမောင်းချက်၏ တန်ခိုး၊ ဂုဏ်တော်၏ တန်ခိုးများကြောင့် ဘဝကို အောင်လံထူလာနိုင်မှာဖြစ်ကြောင်း ဓမ္မဒါနပြုရင်းဖြင့်...။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(*အင်းတော်*)**

| | | |
|---|---|---|
| ◎ တနင်္ဂနွေသားအနေဖြင့် | (၆)ခေါက်ဖြစ်စေ | ပုတီး(၆)ပတ်စိပ်ပါ။ |
| ◎ တနင်္လာသားဆိုလျှင် | (၁၅)ခေါက်(သို့မဟုတ်) | (၁၅)ပတ်။ |
| ◎ အင်္ဂါသားဆိုလျှင် | (၈)ခေါက်(သို့မဟုတ်) | (၈)ပတ်။ |
| ◎ ဗုဒ္ဓဟူးသား(နံနက်) | (၁၇)ခေါက်(သို့မဟုတ်) | (၁၇)ပတ်။ |
| ◎ ကြာသပတေးသားဆိုလျှင် | (၁၉)ခေါက်(သို့မဟုတ်) | (၁၉)ပတ်။ |
| ◎ သောကြာသားဆိုလျှင် | (၂၁)ခေါက်(သို့မဟုတ်) | (၂၁)ပတ်။ |
| ◎ စနေသား(နံနက်) | (၁၀)ခေါက်(သို့မဟုတ်) | (၁၀)ပတ်။ |
| ◎ ဗုဒ္ဓဟူးသား(ညနေပိုင်း) | (၁၂)ခေါက်(သို့မဟုတ်) | (၁၂)ပတ်။ |
| ◎ စနေသား(ညနေပိုင်း) | (၁၀)ခေါက်(သို့မဟုတ်) | (၁၀)ပတ်။ |



www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးမှ ရွှေဖြစ်နိုင်ပါသလော (၂)

ဦးမနောမယ (ပြည်)



**ယခင်လမှ အဆက်**

**ဒန်သန္ဓေ တည်စေခြင်း**

'ကြေးနီသည် မြင်းပိုရ်တောင်လောက်ပင် ရှိသော်လည်း လူကဲ့သို့ ပဋိသန္ဓေ မနေတတ်လျှင် ရွှေချိပ်၊ ငွေချိပ် မဖြစ်'

ဆိုသော ဩဝါဒတော်အရ ပဋိသန္ဓေ တည်နိုင်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ရွှေချိပ်၊ ငွေချိပ် ဖြစ်မည်ဟု ယူဆရပါမည်။

ထို့ကြောင့် ဒန်(ကြေးနီ) သို့မဟုတ် ဒုဗ္ဗာသည် ကိတ်မျိုးစေ့ကို ချပေးနိုင်သော[?]တစ်ခုဖြစ်သည်ဟု မှတ်ယူရပါမည်။

ဒန် တစ်မျိုးတည်းသာ ကိတ်မျိုးစေ့ကို ချပေးနိုင်တာလားဟု မေးလာမည်ဆိုလျှင် မဟုတ်ပါဟု ဖြေရပါမည်။ အခြားသော ဓာတ်များလည်း ကိတ်မျိုးစေ့ကို ချပေးနိုင်ကြောင်း မှတ်သားသိရှိရပါသည်။

**ကျောက်ဆေးဒန်၊ စိန်နီမြင်းသွား၊ ဟင်းရိုင်းနီ**တို့သည်လည်း ကိတ်မျိုးစေ့ကို ချပေးနိုင်ပါသည်။ သို့သော် စိန်နီမြင်းသွားနှင့် ဟင်းရိုင်းနီတို့သည် အစစ်အမှန်ရဖို့ ခက်ခဲသည်နှင့် အမျှ ဈေးနှုန်းကလည်း မြင့်မားလှပါသည်။ ကိတ်မျိုးစေ့ကို ချပေးနိုင်သည် ဆိုသော်လည်း ရာခိုင်နှုန်းအားဖြင့် အနည်းငယ်မျှသာ ချပေးနိုင်ကြောင်း မှတ်သားဖူးပါသည်။

သက်ရင့် ကျောက်ဆေးဒန်သည် ကိတ်မျိုးစေ့ကို ရာခိုင်နှုန်း အများဆုံး ချပေးနိုင်ပါသည်။ ဆေးဒန်းသတ္တုကို ထုတ်ပြီး သန္ဓေသွင်းစရာမလိုဘဲ ယင်းအတိုင်းလည်း လုပ်ဆောင်နိုင်သည်ဟု ဆိုပါသည်။

**ဒန်(ကြေးနီ)နှင့် ဒုဗ္ဗာ**တို့သည် ပစ္စည်း အမှန်အကန်ရဖို့လည်း လွယ်သည်။ ဈေးနှုန်းလည်း သက်သာသည်။ ကိန်မျိုးစေ့ကိုလည်း တန်းမီအောင် ချပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့် ကိတ်မျိုးစေ့အတွက်ဆိုလျှင် ဒန်(ကြေးနီ)ကိုသာ အများ အသုံးပြုကြခြင်းဖြစ်သည် သိရပါသည်။

ပြဒါး၊ ဒုဗ္ဗာတို့ကို မီးနှင့်စီရင်၍ ရွှေ၊ ငွေ ဖြစ်သည်ဟု ဆိုထားပြန်ရာ မစီရင်တတ်လျှင် (သို့မဟုတ်) မလုပ်တတ်လျှင် ရွှေချိပ်၊ ငွေချိပ် မဖြစ်ဟု ဆိုထားသောကြောင့် လုပ်တတ်၊ ကိုင်တတ်ဖို့ အထူးလိုအပ်ကြောင်း မိန့်ဆိုထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဖိုခွင်ဝင်၍ ပြဒါးနှင့် ဒုဗ္ဗာ သို့မဟုတ် ဒန်(ကြေးနီ)တို့ကို မီးနှင့် စီရင်တော့မည်ဆိုလျှင် ပြဒါးတွင် ဒန်(ကြေးနီ)ကို သန္ဓေအဖြစ် တည်နိုင်အောင် ဆောင်ရွက်ပေးရပါတော့မည်။

ကြေးနီသည် လူကဲ့သို့ ပဋိသန္ဓေ နေတတ်မှပဲ ဆိုထားသဖြင့် ရှေးဦးစွာ ပဋိသန္ဓေ၏သဘောကို သိထားဖို့ လိုအပ်ပါမည်။

ပဋိသန္ဓေ စတင်ဖြစ်တည်သောအခါ သာမန်အားဖြင့်ဆိုလျှင် ရုပ်ဝတ္ထု ဒြပ် တစ်ခုအနေဖြင့် မဟုတ်ဘဲ ကလလ ရေကြည်မှသာ စတင် တည်ခြင်းဖြစ်ကြောင်း သိကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ပြဒါးတွင် ဒန်(ကြေးနီ)ကို သန္ဓေ တည်စေသောအခါတွင်လည်း ဓာတ်သားအနေဖြင့် မဟုတ်ဘဲ ကလလရေကြည်သဘော ဖြစ်သည့် အဆီအနှစ်အဖြစ်ဖြင့်သာ တည်စေရမည်ဖြစ်ပါသည်။

အင်္ဂရိတ်ကျမ်းများတွင် "**ကျောက်နဂါးအသားကို ထုခြေ၊ အရည်ကို ညှစ်၍ယူ**"ဟူ၍ လည်းကောင်း၊ "**နဂါး ခြင်ဆီ ဝ,အောင်မှီ**"ဟူ၍ လည်းကောင်း ပြဆိုထားကြပါသည်။

ထိုပြဆိုချက်များသည် ဒန်ကို ပဋိသန္ဓေတည်စေခြင်း သဘောများကိုပင် ညွှန်းဆိုထားခြင်းများ ဖြစ်ပါသည်။ **ကျောက်နဂါးဆိုသည်မှာ ဒန်(ကြေးနီ)ကို ခေါ်ဆိုခြင်း** ဖြစ်ပါသည်။

ထို့ကြောင့် ဒန်(ကြေးနီ)၏ အဆီအနှစ်ရဖို့ လိုအပ်လာပါပြီ။ "**ကျောက်နဂါးအသားကို ထုခြေ၊ အရည်ကို ညှစ်၍ယူ**"ဟု ဆိုထားသဖြင့် ဒန်အသားများ ပျက်စီးစေပြီး အဆီအနှစ်သာ ကျန်ရန် နည်းလမ်းရှာပြီး လုပ်ဆောင်ရမှာ ဖြစ်ပါသည်။

လက်တွေ့ လုပ်ဆောင်သောအခါ အင်္ဂရိတ်လောကတွင် **ကမ္ဘာ့[?] ဟုပင်**

www.burmeseclassic.com

**တင်စားရသော နာ**ကို အသုံးပြု၍ ချက်ရပါမည်။ "**နာ**" နှင့် "**ဒန်**" တွဲမိလျှင်ပင် ထိုဓာတ်တွဲကို **အန္တောဓာတ်** ဟု ခေါ်ဆိုကြပါသည်။ ယင်း **အန္တောဓာတ်**ကို မီးဓာတ်၊ **မီးခဲ၊ မီးတောက်ဓာတ်**ဟုလည်း သတ်မှတ်ကြပါသည်။

ဒန်ကို နာနှင့် ချက်သောအခါ ဒန်နှင့် နာကို မိမိတို့ **လိုသလောက် အလေးချိန်ဆတူ (ဥပမာ။ ။ ဒန် ၂–ကျပ်၊ နာ ၂–ကျပ် စသည်)ကို ဣန္ဒာစရိယလုံခေါ် လုံပြွတ်တွင် ထည့်၍ ချက်ထိုး၊ ထိုးသွားရပါမည်။** တက်လာသော နာချော်များကို သွန်ယူထားပါ။ ထည့်ထားသော နာများ လုံးဝကုန်သွားသည်အထိ မချက်ရပါ။


စတင် ထည့်ခဲ့သည့် နာ၏ သုံးပုံ၊ နှစ်ပုံခန့် ချော်ဖြစ်ပြီးလျှင် နောက်ထပ် နာကို ပထမထည့်သည့် အလေးချိန်အတိုင်း ထပ်ထည့်၍ ချက်သွားပါ။

ဤသို့ဖြင့် နာ တစ်ဆယ့်နှစ်ကြိမ် ထည့်ပြီးလျှင် တော်လောက်ပါပြီ။ ဒန်ကိုတော့ ထပ်မထည့်ရပါ။

နောက်ဆုံးအဆင့်တွင် ကျန်ရမည့် ဓာတ်သားသည် စတင်တည်ခဲ့သည့် ဒန်နှင့်နာ နှစ်မျိုးပေါင်း အလေးချိန်၏ လေးပုံ၊ သုံးပုံခန့်သာ ရှိနေရပါမည်။

ဒန်ကို နာနှင့် ချက်နေသောအခါတွင် အမြဲ သတိထား၍ ကြည့်နေရပါမည်။ နာသည် လုံကို စားတတ်သဖြင့် အလွယ်နှင့်ပင် လုံ ပေါက်သွားစေနိုင်ပါသည်။ လုံသည် စိတ်မချရသော အနေရှိလျှင် ချက်ချင်း အသစ်လဲ၍ လုပ်ဆောင်ပါ။ ပေကပ်ပြီး လုပ်မနေသင့်ပါ။

အကယ်၍ လုံပေါက်သွားပါက တည်ထားသော ဓာတ်အချိုးအစားများ ပြောင်းလဲသွားပြီး လိုအပ်သော ဒန်ဆီသည်လည်း အရနည်းသွားတတ်ပါ



သည်။ လုံးဝ မရသည်များလည်း ရှိပါသည်။

ချက်၍ရသော ဓာတ်သားသည် အန္တောဓာတ်သား အစစ်အမှန်ပင် ဖြစ်ပါသည်။ **နဂါးခြင်းဆီ(သို့မဟုတ်) နာဆီနှင့် တွဲနေသော ဒန်ဆီ**လည်း ဖြစ်ပါသည်။ **အဆင်းမှာ ဘော်သား**ကဲ့သို့ ဖြစ်ပါသည်။

ထိုဓာတ်သားကို ပိုင်းဖြတ်၍ အပေလေတွင် ထားကြည့်ပါက တစ်ခဏအတွင်းမှာပင် ဒန်အရောင် ဟိတ်များ ပေါ်လာပါမည်။ ဤသို့ဖြစ်မှသာလျှင် ဒန်ဆီ(သို့မဟုတ်) နဂါးခြင်းဆီ ရပြီဖြစ်ကြောင်း သေချာပါသည်။

ဒန်အဆီသည် မိမိအလျောက် ရပ်တည်နိုင်စွမ်း မရှိသဖြင့် နာကိုပါ အဆီအနှစ် ဖြစ်စေပြီး တည်ရာမှီရာအဖြစ် တွဲပေးထားခြင်း ဖြစ်ပါသည်။

ယခု ဒန်ဆီရပြီဖြစ်၍ ပြဒါးတွင် သန္ဓေတည်စေလိုပါက တည်စေနိုင်ပြီ ဖြစ်ပါသည်။ သန္ဓေတည်စေလိုပြီ ဆိုပါလျှင်...

ပြဒါးကို မီးထိုးခံအောင် ရှေးဦးစွာ ဆောင်ရွက်ထားရပါမည်။ မည်သည့်နည်းဖြင့်ဖြစ်စေ **ပြဒါးသန့်သန့် မီးထိုးခံအဖြူဖြစ်လျှင်** ရှေ့အဆက်စဉ်ကို ဆောင်ရွက်နိုင်ပါသည်။

မီးထိုးခံ ပြဒါးကို အတွင်းအား (ပါစက တေဇော) ကောင်းအောင် ဆောင်ရွက်ရပါမည်။ ပါစကတေဇောအား ကောင်းဖို့လိုအပ်သဖြင့် "**သာယာဖြည်းညင်း တေဇောသွင်း**" ဆိုသည့်အတိုင်း လုံကို ခါးတိုက်ထားကာ မီးမျှဉ်းနှင့် မှန်မှန် ထိုးသွားရပါမည်။

ပါစကတေဇောအား ကောင်းလာပါက ဓာတ်သည် ခြောက်သွေ့သော အသွင်ကို ဆောင်၍ အချိုင့်အခွက်များ ပေါ်နေတတ်ပါသည်။

**ဤအခါမှ ဖြစ်သေးပြီဆိုလျှင် မြေဆီသည် သန္ဓေဆောင်ရန် အသင့် ဖြစ်နေပြီဟု ယူဆနိုင်ပါသည်။**

ပြဒါးကို သန္ဓေဆောင်စေတော့မည် ဆိုလျှင် ဣန္ဒာစရိယလုံခေါ် လုံပြွတ်တွင် ပါစကတေဇော အားကောင်းပြီးဖြစ်သော ပြဒါးကို ထည့်၍ ဆွဲဖိုတွင် မီးမှန်မှန်နှင့် ပျော့ရုံမျှ ထိုးပါ။ မီး မလွန်စေရန် သတိပြုရပါမည်။ မီးလွန်ပါက အပြင် မီးအားကြောင့် လောင်မြိုက်မီး ဖြစ်သွားကာ အကျိုးသက်ရောက်မှုလည်း တစ်မျိုး ဖြစ်သွားပါမည်။

**မီးမှန်မြင် မြေဆီအရည် ပျော်သောအခါ မီးမြှေ့လုပ်ထားသည့် ဒန်ဆီ(သို့မဟုတ်) နဂါးခြင်းဆီ(သို့မဟုတ်) အန္တောဓာတ်သားကို ညှပ်မှန်ကိုင်၍ ရည်ရှည်မျှော ထိုး၍ ကျွေးပေးရပါမည်။**

အစာဓာတ်သားကို တို့ကျွေးခြင်းနှင့် အခဲလိုက် ထည့်ကျွေးခြင်းတို့မှာ သဘောသွားချင်း၊ အကျိုးသက်ရောက်မှုချင်း မတူပါ။ ကွာခြားမှု များစွာရှိပါသည်။

အခဲလိုက် ထည့်ကျွေးသောအခါ ပြဒါးသည် အစာကို ချက်ချင်း မစားနိုင်ဘဲ ရှေးဦးစွာ အစာဓာတ်သားကို အရည်ဖြစ်သွားစေရန် မိမိ၏ လက်ရှိအတွင်း တေဇောအား(ပါစက)ကို မျှဝေပေးရပါသည်။ ဤသို့ မျှဝေပေးလိုက်ရသောအခါ ပြဒါး၏ ပါစကတေဇောအားသည် လျော့နည်းသွားပါမည်။

အတွင်းအား ပါစကတေဇောအား မကောင်းဘဲ အစာကို စားသောအခါ ကြေကြေညက်ညက် ဖြစ်သည်အထိ မစားနိုင်တော့ပါ။ အစာ မကြေညက်သဖြင့်လည်း ဒန်ဆီကို လိုအပ်



www.burmeseclassic.com

www.burmeseclassic.com

သလောက် မရနိုင်ဖြစ်ကာ သန္ဓေလည်း အောင်အောင်မာမာ မတည်နိုင်တော့ပေ။

တေဖော အားကောင်းလာစေရန် ဆိုပြီး ဆွဲဖိုကို ထပ်ဆွဲပေးမည် ဆိုလျှင် ပြဒါးသည် အစာကို အတွင်းတေဖော အားနှင့် စားရမည့်အစား အပြင်မီးအားဖြင့် လောင်မြိုက်စားသွားမည် ဖြစ်သဖြင့် ဒန်ဆီများကိုပါ လောင်မြိုက်သွားပြီး သန္ဓေမတည်နိုင်၊ မအောင်မာနိုင်ဘဲ ဖြစ်သွားပေဦးမည်။

ပါစက တေဖောအား ပြည့်ပြီး ဖြစ်သော ပြဒါးကို ဓာတ်ပျော်မီးနှင့် ထိုး၍ အရည်ပျော်ပြီဆိုလျှင် အစာဓာတ်သားကို ညှပ်နှင့် ကိုင်၍ ပြဒါးရည်ကို တို့ပေးလိုက်ပါ။ ပြဒါးသည် ချက်ချင်း ဆွဲယူ ဝါးမျိုစားသွားသည်ကို တွေ့မြင်ရပါမည်။

ပြဒါးသည် အစာကို ကြေညက်စွာ ဝါးမျိုစားသောက်ပြီး ဒန်ဆီကို နာဆီနှင့် အတူတကွ လက်ခံ သိမ်းယူထားပြီး မလိုအပ်သည့် အညစ်အကြေးများကို ခွဲထုတ်လိုက်ပါသည်။ ဆန်ကွဲစေ့ ပမာဏအရွယ် စည်ဖောင်းလေးများ အသွင်ဖြင့် လုံအောက်ခြေမှ မျက်နှာပြင်ပေါ်သို့ အန်ထုတ်ပြီး လုံဘေး နံရံသို့ ကပ်ကပ်သွားစေပါသည်။ ယင်းတို့သည် ချော်အသွင် ဖြစ်သွားပါသည်။

ထိုသို့ အကြိမ်ကြိမ် ဝါးမျို စားသောက်ပြီး စည်ဖောင်းလေးများ တက်မလာတော့ဘဲ ငြိမ်သက်သွားပြီဆိုလျှင် ဖိုကို အနည်းငယ် ဆွဲပေးပြီး အထက်ကနည်းအတိုင်း နောက်တစ်ကြိမ် ထပ်ကျွေးပေးရပါမည်။

ဤနည်းဖြင့် ပြဒါးသည် အစာကို စားနိုင်အား ရှိသလောက် အကြိမ်ကြိမ် ကျွေးပေးပြီးနောက် ပြဒါးသည် စားနိုင်အား လျော့နည်းလာသည်ကို တွေ့ရပါမည်။ ပြဒါး၏ ပါစကအား နည်းသွားပြီဖြစ်ကြောင်း သဘောပေါက်ရပါမည်။

ထိုအခါ ပြဒါး၏ အတွင်းတေဖောအား ပြန်ကောင်းလာစေရန် ဆောင်ရွက်ပေးရပါမည်။ အတွင်းတေဖောအား ကောင်းလာပြီဆိုလျှင် အစာကို ရှေ့နည်းအတိုင်း ကျွေးပေးရပါဦးမည်။

ဤသို့ အခါခါ ကျွေးလာပြီး ပြဒါးသည် အတွင်းတေဖောအား ကောင်းနေပါလျက် အစာကို မစားနိုင်၊ မမျိုနိုင်တော့သောအနေ ရောက်ပြီဆိုမှ အကျွေးကို ရပ်ပေးရပါမည်။

ထိုသို့ဖြစ်ပြီဆိုလျှင် ပြဒါးတွင် ဒန်ဆီ အလုံအလောက် စွဲဝင်သွားပြီဟု သာမန်အားဖြင့် ပြောရပါမည်။

ပို၍ သေချာစေရန် ဓာတ်ကို တေဖော တက်ပြီး မှတ်ကျောက်တွင် တိုက်ကြည့်ပါ။ **မှတ်ရောင်သည် အဖြူရောင်သာ ဖြစ်ပါမည်။**

မှတ်တိုက်ထားသော ဓာတ်သားပေါ်သို့ ယမ်းစိမ်း ငရဲမီး တင်လိုက်ပါက အားလုံး စားသွားပါလိမ့်မည်။ မှတ်ကျောက်ပေါ်မှ ငရဲမီးများကို ရေနှင့် ဆေးလိုက်ပါ။ လက်နှင့် မပွတ်ရပါ။ ရေများ ခြောက်သွားသောအခါ မှတ်ပေါ်တွင် **မည်းမည်းအတန်းကို** တွေ့ရပါမည်။ ထို မည်းမည်းအတန်းသည် ထင်ထင်ရှားရှား ပေါ်လွင်နေပြီဆိုလျှင် ပြဒါးတွင် ဒန်သန္ဓေအောင်မာစွာ တည်နေပြီ (သို့မဟုတ်) ကိတ်မျိုးစေ့ ကျရောက်မှီတွယ်နေပြီဖြစ်ကြောင်း ခိုင်လုံသွားပါတော့သည်။

***ဆက်လက် ဖော်ပြပါမည်***

***ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**ဦးမစနောမယ(ပြည်)**

**စာမူပို့လိုက...**

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၀၉ (မြေညီ)**
**၂၉–လမ်း (အထက်)**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း–**
**၀၉–၇၇၆၃၄၉၇၈၈**
**၀၉–၉၆၈၀၀၄၉၂**


www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကို သောက်ပါ




မှတ်ပုံတင် ၁၁၀၆ (ပိုင်) ၀၁၂၄၇၃၇ လိုင်စင် ၁၀၇၈ (တိုး)

အမှတ်တံဆိပ်

ထာဝထ (စာနယ်ဇင်း) ၀၂၂/၀၆၁၄

"ကိုမင်းကျော်ပါလား .... မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို .. စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ ... ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး .... ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ ... သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် ... ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက ... ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် ... နိုင်ငံတကာဆေးတွေသောက်တာ ... တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ ..."
"မပေါ့နဲ့ကိုမင်းကျော် ... သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ ...
"ဒါဆို ... ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ... အခုလဲ ကျွန်တော့်မိတ်ဆွေ ... တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် ... ဆရာမဒေါ်ဝင်းဝင်းဇော် ...က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း ... သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် ... သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို ... ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ ... ကံကောင်းပြီးရင် ... ကံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် ... ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး ... အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ ... အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား ... ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက ..."
" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန် များရင် ... မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး ... ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ ... အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ ... ရောဂါမတိုးချင်သာနေမယ် ... သက်သာပျောက်ကင်းမှာ မဟုတ်ဘူး ... အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "
" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် ... အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ ... အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ ... ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် ... သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ ... နှစ်ထပ်ရှိမှတ်မိမယ်ဆိုရင် ... ထပ်ပြောလိုက်မယ် ... **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် .. အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ .....**"

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း — ၀၁ ၅၉၀၅၅၈

ဖြန့်ချိရေး — အောင်သိဒ္ဓိဆေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင်

# ရတနာမဇ္ဈုဘုရား နှင့် ကျောက်စာ

ရေနံမြေ-လွင်ရီ

**သမိုင်းဝင် ရတနာမဇ္ဈုဘုရားသည် မန္တလေးမြို့ မင်းတဲအရပ်တွင် တည်ရှိတော်မူ၍** မဟာသီဟသူရ (ပြည်စုန်မင်း)၏ တောင်ညာစံမိဖုရားခေါင်ကြီးဖြစ်သော **"အမိတ္တသီရိမဟာဒေဝီ"** က တည်ထား ကိုးကွယ်တော်မူခဲ့ခြင်း ဖြစ်သည်။


ဉာဏ်တော်ကား ရှေးခေတ်က(၄၅)ပေရှိပါသည်။ သို့ရာတွင် နှောင်းခေတ် ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသည့် ရွှေဒေါင်းရပ်မှ ဦးထွန်းခိုင်၊ အီကင်း အနောက်ရပ်မှ ဦးဘစိမ်းစသော ပုဂ္ဂိုလ် (၁၁)ဦးတို့က ဦးဆောင် ကမကထပြုကာ သာသနာတော်နှစ် ၂၅၀၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၃ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၂)ရက်နေ့တွင် အထက်သို့ ထပ်မံမြှင့်တင်ခဲ့သဖြင့် ဉာဏ်တော် (၇၄)ပေခန့် ရှိတော်မူခဲ့ပါသည်။

ထို့နောက်တစ်ဖန် ဘုရားဂေါပက ဥက္ကဋ္ဌ ဦးကိုလေးနှင့် အတွင်းရေးမှူး ဦးခင်မောင်ထွန်းစသော ဂေါပကအဖွဲ့ဝင်များက ဦးစီးကာ ထပ်မံ၍ မြှင့်တင်ခဲ့သဖြင့် ယခုမျက်မှောက်ကာလတွင် ဉာဏ်တော်(၁၀၈)ပေ ရှိတော်မူပါသည်။

ဘုရားအရာမ်အတွင်းရှိ ကျောက်စာကိုကား သက္ကရာဇ် ၈၆၃ ခုနှစ်တွင် နန်းတက်သော **"ရွှေနန်းကြော့ရှင်"** ဘုရင်က ရေးထိုး စိုက်ထူခဲ့ခြင်း ဖြစ်သည်။

ထိုကျောက်စာသည် ရာဟုထောင့်တွင် တည်ရှိ၍၊ အရှည်(၄)ပေ (၃)လက်မရှိပြီး၊ ပြက်(အနံ)မှာ အထက်ပိုင်းတွင် (၂)ပေနှင့် (၉)လက်မရှိ၍ အောက်ပိုင်းတွင် (၂)ပေနှင့်(၄)လက်မရှိပေသည်။

ယခုမျက်မှောက်ကာလ၌ သမိုင်းဝင် ကျောက်စာဘေးတွင် **ရတနာမဇ္ဈုဘုရား ဝါတော်(၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ်** ကျောက်စာများ ရေးထိုး စိုက်ထူလျက်ရှိပေသည်။ ထို ကျောက်စာတို့လည်း သမိုင်းဝင် ကျောက်စာ



◆ ရတနာမဇ္ဈုဘုရား ရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com



◆ ရတနာမဏ္ဍူဘုရား



◆ ဟောင်တော်ဦးစေတီ

ပမာဏနှင့် တူညီပေသည်။

[မှတ်ချက်။ ။ ပစ္စက္ခကာလ၌ သမိုင်းဝင် ကျောက်စာနှင့်တကွ နှောင်းခေတ်ထိုး ကျောက်စာတို့သည် ကျောက်စာတိုက်အတွင်း၌ ရှိလေသည်။

**သာသနာသက္ကရာဇ် ၂၅၂၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော်(၁) ရက်နေ့သည် ဖော်ပြပါ သမိုင်းဝင် ဘုရား၏ ဝါတော်(၅၀၀)ပြည့်နေ့ ဖြစ်သဖြင့်၊ ဘုရားဂေါပကအဖွဲ့သည် အမှတ်တရဖြစ်စေခြင်းငှာ၊ ထိုနှစ် ပြာသိုလဆန်း(၇)ရက်မှ လပြည့်နေ့သို့တိုင် ဗုဒ္ဓပူဇနီယပွဲ တော်ကြီးကို ကျင်းပပူဇော်ခဲ့ကြပြီး မော်ကွန်းတင်ကမ္ပည်း ကျောက်စာတိုက်ကြီးကို ပန္နက်ချကာ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ *စာရေးသူ*]**

ဘုရားတည်ခဲ့ခြင်းအကြောင်း

သက္ကရာဇ် ၇၂၆ ခုနှစ်တွင် ရတနပူရ အင်းဝမြို့ကို တည်တော်မူခဲ့သော သတိုးမင်းဖျားဘုရင်မှ နန်းဆက်(၁၁) ဆက်မြောက်ဖြစ်ကာ သက္ကရာဇ် ၈၃၀ ပြည့်နှစ်တွင် နန်းတက်ခဲ့သော "**မဟာသီဟသူရ**" (သီရိသုဓမ္မရာဇာဓိပတိ) သည် မိဖုရားကြီး "**အမိတ္တသီရိမဟာဓမ္မဒေဝီ**"နှင့်တကွ စစ်အင်္ဂါ လေးပါးခြံရံလျက် အင်းဝမြို့မှ ဧရာဝတီ မြစ်ကြောင်းအတိုင်း ကရဝိက်ဖောင်တော်ဖြင့် ဆန်တက်ကာ ရေကြောင်း ထွက်တော်မူပါသည်။

ယခု ရတနာမဏ္ဍူဘုရား တည်ထားရာ ချောင်းပေါက်ရွာသို့ ရောက်သောအခါ မြစ်ကမ်းဘေးသို့ ဖောင်တော် ဆိုက်ကပ်ပြီး မန္တလေးဘုရားသို့ သွားရောက် ဖူးမြော်ကာ ပျက်စီးယိုယွင်းနေသည်များကို ပြုပြင် မွမ်းမံတော်မူပါသည်။

**(မန္တလေးဘုရားဟူသည် မန္တလေးတောင်ပေါ်ရှိ စေတီဟောင်းစေတီပျက်တို့ကို စုပေါင်းပြီး တစ်ဆူတည်းအသစ် တည်ထားတော်မူသော ဘုရား ဖြစ်သည်။**

**ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်၍၊ ဂေါတမမြတ်စွာဘုရား၏ မေးရိုးတော်ကို ဌာပနာခဲ့သည်ဟု ဆိုပါသည်။ ထိုဘုရားသည် မန္တလေးတောင်ပေါ်တွင် တည်ထားတော်မူခဲ့သော ဘုရား ဖြစ်သည်။ *စကားချပ်*)**


ဘုရားကို ပြုပြင်မွမ်းမံ၍ အလိုတော်ကျသည်နှင့် မင်းမိဖုရားနှစ်ပါးတို့သည်





www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာတိုက်တော်




ထီးတော်တင်ပြီး ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပပူဇော်ခဲ့ကြသည်။

ထို့နောက် မန္တလေးဘုရားမှ ပြန်လည်ကြွချီခဲ့ရာ ချောင်းပေါက် မြစ်ကမ်းထိပ်သို့ ရောက်သည့်တွင် ဘုရင်ကြီးသည် ဟိုင်းဘီလူးအမည်ရှိ ဆင်တော်ကိုစီး၍ လည်းကောင်း၊ ရတနာယာန်ကျော်အမည်ရှိမြင်းယာဉ်တော်ကို စီး၍ လည်းကောင်း စစ်ဆင်စစ်ထိုး အမျိုးမျိုးကို ပြတော်မူခဲ့သည်။

ဤသို့ဖြင့် မဟာသီဟသူရမင်း နတ်ရွာစံ ကံတော်ကုန်သည့်နောက် မိဖုရားကြီးသည် ဘုရင်ကြီး စစ်ခင်းပြသခဲ့သော အရပ်ဟူ၍ အမှတ်တရ ဖြစ်စေခြင်းငှာ လွမ်းစေတီသဘောဖြင့် ရတနာမဉ္ဇူဘုရားကို သာသနာတော်နှစ် ၂၀၂၂ ခုနှစ်၊ သက္ကရာဇ် ၈၄၀ ပြည့်နှစ် ပုသနှစ်(ဖုသနက္ခတ်နှင့် ယှဉ်သောနှစ်) ပြာသိုလပြည့်ကျော် (၁)ရက်၊ အင်္ဂါနေ့၌ တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။

## ကျောက်စာရေးထိုး စိုက်ထူခြင်း

မဟာသီဟသူရ (ပြည့်စုန်မင်း)၏ သားတော်အိမ်ရှေ့ ဥပရာဇာသည် သက္ကရာဇ် ၈၄၂ ခုနှစ်တွင် **“သီရိသုဓမ္မ ရာဇာဓိပတိ”**ဘွဲ့ကို ခံယူပြီး မိဖုရား **“အတုလသီရိဓမ္မဒေဝီ”**နှင့် ဘိသိက်ခံယူကာ နန်းတက်တော်မူခဲ့သည်။


ထိုမင်းကားရာဇဝင်၌ **ဒုတိယမင်းခေါင်**ဟု တွင်လေသည်။ ထိုမင်းနတ်ရွာစံသည့်နောက် သားတော်အငယ် (ငယ်မည်နရပတိ)သည် သက္ကရာဇ် ၈၆၃ ခုနှစ်၊ ကဆုန်လဆုတ်(၉)ရက် ကြာသပတေးနေ့တွင်**“မဟာဓမ္မရာဇာဓိပတိ”**ဘွဲ့ကို ခံယူကာ နန်းတက်တော်မူခဲ့သည်။

ထိုမင်းကားရာဇဝင်၌ **ရွှေနန်းကြော့ရှင်**ဟု တွင်လေသည်။


ထိုမင်း၏ ဘိုးတော်ဘွားတော်များ ဖြစ်ကြသော မဟာသီဟသူရမင်းတရားနှင့် မိဖုရားကြီး အမိတ္တသီရိမဟာဓမ္မဒေဝီတို့သည် မြေးတော်လေး (နရပတိလေး)ကို ချစ်ခင်ကြသဖြင့် ရင်ခွင်ပိုက်ကလေးဘဝမှစ၍ ယုယပိုက်ထွေး ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည်။

ရွှေနန်းကြော့ရှင်သည် ထိုကျေးဇူးတော်တို့ကို အောက်မေ့တော်မူသဖြင့် ဘွားဖေတော် တည်ထားကိုးကွယ်တော်မူခဲ့သော ရတနာမဉ္ဇူဘုရား၌ ဆွမ်းတော်တင်၊ တံမြက်လှည်းခြင်းဝတ်၊ ဆီမီးဝတ်၊ သောက်ရေသုံးရေဝတ် စသောဝတ္တရား မပြတ်မလပ်စေခြင်းငှာ ရွှေတော်(၄၀)ပိဿာဖြင့် လယ်ယာမိုးမြေ

www.burmeseclassic.com



ကျောက်စာ အာသာမြင်



မူရင်းကျောက်စာ(ရှေ့မျက်နှာ)



မူရင်းကျောက်စာ(နောက်ကျော)

တို့ ဝယ်ယူကာ ဘုရားကို လှူဒါန်းပြီး...

'ထိုမြေယာတို့သည် ဘုရားဝတ္တကမြေ ဖြစ်စေ၊ အကောက်ခွန်အရာရှိတို့သည် ထိုမြေယာတို့ကို လယ်သမားတို့အား လုပ်ကိုင်စေ၍ လယ်တစ်ပယ်လျှင် တစ်နှစ်အတွက် ကြေးနှစ်ပိဿာနှင့် ငါးဆယ်ကျပ်သား အခွန်ကောက်ကာ ဘုရားအတွက် အသုံးပြုကြစေ'

ဟု အမိန့်တော်ချမှတ်ခဲ့ပါသည်။ ရွှေနန်းကြော့ရှင် မင်းတရားသည် အပြောကျယ်လှသော ဘုရားဝတ္တကမြေတို့ကို နယ်ရှစ်ရပ်ခွဲကာ ပိုင်းခြားသတ်မှတ်ပြီး နောင်လာနောက်သားတို့ သိရှိကြစေရန် ကမ္ပည်းကျောက်စာ ရေးထိုး မှတ်တမ်းတင်ခဲ့သည်။

ထိုဝတ္တကမြေ အပိုင်းအခြားတို့အား ၄ အာက်ပါအတိုင်းဖြစ်သည်။

၁။ အရှေ့သို့လားသော် **"ဘိုးတော်ဂူ"** ***(ထိုဂူကား မျက်မှောက်ကာလတွင် မန္တလေးတောင်ခြေရင်းရှိ ဘိုးတော်ဂူ ဖြစ်သည်။)***

၂။ အရှေ့သို့လားသော် **ကျီးဖြူနားမန်ကျည်းပင်** ***(ယင်းမန်ကျည်းပင်သည် ယခုခေတ်ရုံးကြီး၏ အရှေ့တောင်နားတွင် ရှိခဲ့ဖူးသည်။)***

၃။ တောင်သို့လားသော် **"မြောင်လှ"** ***(မြောင်လှသည် ယခုခေတ် ဒေါနဖြူရပ်ကွက် ဖြစ်သည်။)***

၄။ အနောက်သို့လားသော် **ပုစွန်ချောင်းအဝ** ***(ထိုချောင်းအဝကား ယခုခေတ် ဗိုလ်ပန်းရပ်ကွက် ဖြစ်သည်။)***

၅။ ပုစွန်ချောင်းဝမှ အနောက်မြောက်သို့လားသော် **သင်္ဂဇာချောင်းဝအထိ** ***(ထိုသင်္ဂဇာချောင်းသည် ယနေ့ထက်တိုင် အထင်အရှား ရှိပါသေးသည်။)***

၆။ သင်္ဂဇာချောင်းမှ အနောက်မြောက်သို့လားသော် **ခဝါတော်ဆိပ်ကျောက်တိုင်။** ***(ယခုခေတ် မန္တလေးမြို့၏ အနောက်မြောက်၊ တာရိုးဘေး အရပ်သိမ်တော်အနီး ဖြစ်သည်။)***

၇။ အရှေ့မြောက်သို့လားသော် **ထိမ်ပင်အိုင်ကျောက်တိုင်** ***(ယခုခေတ် ရွှေတစ်ချောင်း၊ ပေါ်တော်မူဘုရားအနီးတွင် ရှေးက ထိမ်ပင်အိုင် ကျောက်တိုင်ရှိခဲ့သည်။)***

၈။ ထိမ်ပင်အိုင်ကျောက်တိုင်မှ အရှေ့မြောက်သို့လားသော် **အရိပ်မထွက်ဘုရား၏ တောင်တံတိုင်းအထိ။** ***(ယနေ့ထက်တိုင် အရိပ်မထွက်ဘုရားရှိနေပါသေးသည်။)***

(ရတနာမဥ္ဇူဘုရား၏ ဗုဒ္ဓပူဇနီယပွဲတော်ကို မျက်မှောက်ကာလတွင် နှစ်စဉ်မပျက် သီတင်းကျွတ်လဆန်း (၁၃)ရက်မှ လပြည့်နေ့ထိ ကျင်းပလျက်ရှိပါသည်။ ***စာကြွင်း)***

## ရေနံမြေ–လွမ်းစု

ကျမ်းကိုး

၁။ ရတနမဥ္ဇူဘုရားကျောက်စာ
မြန်မာ့ပညာရှိ ဦးဘော(ကျောက်စာရုံးစာရေးကြီး)

၂။ ရတနမဥ္ဇူ ဘုရားသမိုင်း
ဘဒ္ဒန္တကုမာရာဘိဝံသ(ဝဋ္ဋံသကာ၊ ပါဠိဦးသီရိရောမဏိ–ဘီအေ)

၃။ မှန်နန်းရာဇဝင်

၄။ ဦးကုလားရာဇဝင်

၅။ မြန်မာခေတ်လိုက်ရာဇဝင် (ဖော်ခင်–ကျောင်းသုံး)



www.burmeseclassic.com


www.burmeseclassic.com

ကိုတိုးတိုးရဲ့

ဘာဘဆွဲ (ဖျာပုံ-ဗရာဇိ၆)

# ဂန္ဓာရီခရီးဘဝ





◄ နဂါး(၉)ကောင် ရုပ်ပွားတော်

ယခင်ဘဝ

ရွှေဖျိုင်းနားဆရာတော်ပုံတော် ►

ကိုတိုးတိုးသည် ဖျာပုံမြို့နယ်၊ ဂျိုဝါရွာတွင် နေထိုင်သည်။ ထင်း အရောင်းအဝယ်လုပ်၏။ သစ်မာသားကို ရောင်းဝယ်ခြင်းမဟုတ် ဒေသထွက် အုန်း, သရက်,ပိန္နဲ, ကုက္ကို, ပိတောက်, ပျဉ်းမ စသည့် အပင်များအား လိုက်လံဝယ်ယူပြီး ကိုယ်တိုင် ခုတ်လှဲ ခွဲစိတ်ရောင်းချသည်။

သစ်ပင်များ ခုတ်လှဲရာတွင် ငှက်သိုက်နှင့် ခါချဉ်အုံများ ပျက်စီးပြီး အသက်ပေါင်းများစွာ သေကျေလေသည်။ ထိုအခါ ကိုတိုးတိုး စိတ်မကောင်းခြင်းများစွာ ခံစားရသည်။

သို့ဖြစ်၍ သည်အလုပ်ကို သူ မလုပ်ချင်သည်မှာ အမှန်။ အခြား ရွေးချယ်စရာ အလုပ်မရှိ၍သာ လုပ်နေရခြင်း ဖြစ်ပါသည်။

သို့သော်လည်း သူ၏ မွေးနေ့တိုင်း တိရစ္ဆာန်ကလေးများ သေစေနိုင်မည့် အပင်များအား ခုတ်လှဲခြင်းမပြု။ ထိုနေ့၌ သက်သတ်လွတ်စားပြီး ကုသိုလ်ကောင်းမှု ပြုလုပ်သည်မှာ နှစ်အတန်ကြာခဲ့ပါပြီ။

ဆောင်းဥတု၏ တစ်ခုသောညဥ့်၌ အိပ်ပျော်နေစဉ်...


'ရွှေဖျိုင်းနားဆရာတော်ကို သွားဖူးပါ'

ဟု ပြောသံကြားရ၍ ပြောသည့် အသံရှင်ကို မတွေ့ချေ။ ထိုဆရာတော်အား သူ ကြားပင်မကြားဘူးပါ။


နတ်တို့ပြုဆောင် တဘောင်အတိတ် နိမိတ်အိပ်မက်တို့သည်ကား မှန်သည်များ ရှိသကဲ့သို့ မှားသည်များလည်း အများအပြားပင်။ သို့ဖြစ်၍ ထိုအိပ်မက်အား အချိန်ပေး အလေးအနက်ထား စဉ်းစားမနေတော့ပေ။

အဆိုပါ အိပ်မက်သည် ထိုညနှင့် ပင် ရပ်မသွား။ မကြာခဏ မက်သည်။

www.burmeseclassic.com



◆ ရွှေဖျိုင်နားဆရာတော် သက်တော်(၆၀)ကျော်



◆ ရွှေဖျိုင်နားဆရာတော် လက်ထဲ၌ ရွှေဖျိုင်နားနမိ



▼ ကိုတိုးတိုးနှင့် ဇနီးမသဝေလွင်

ထိုအခါ ကိုတိုးတိုးသည် အလေးထား လာရပေတော့၏။ ရွှေဖျိုင်းနားဆရာ တော် အမှန်တကယ် ရှိမရှိ လေ့လာရ ပေလိမ့်မည်။

ကိုတိုးတိုးအိမ်နှင့် တစ်အိမ်ကျော် တွင် နေထိုင်သည့် ဘကြီးတစ်ယောက် သည် သက်သတ်လွတ်စားပြီး တော တောင်အနံ့ ဂန္ဓာရီ လှည့်သူဖြစ်သည်။ ရံဖန်ရံခါ သုသာန်များတွင် ကမ္မဋ္ဌာန်း တရား ပွားများ၏။ စာပေဗဟုသုတ လည်း အထိုက်အလျောက် ပြည့်စုံ သည်။

ထိုဘကြီးထံမှာ လေ့လာစုံစမ်း မေးမြန်းရာ **ရွှေဖျိုင်းနားဆရာတော် မှာ ပြည်မြို့တောရတွင် သီတင်းသုံး နေထိုင်ကြောင်းနှင့်** ဆရာတော်၏ ဘဝ တစ်စိတ်တစ်ဒေသကိုလည်း သိခွင့်ရခဲ့လေသည်။

ထိုအတောအတွင်းမှာပင် နေလ ဂျာနယ်တစ်စောင်(မည်သို့ ရောက်ရှိလာ သည်မသိ) အိမ်မှာ တွေ့ရ၏။ ဂျာနယ် မှာ လွန်ခဲ့သည့် (၁၃)နှစ်ခန့်က ထုတ် ဝေခဲ့သော ဂျာနယ်ဖြစ်သည်။ ကောင်း နွမ်းစုတ်ပြတ်ပြီး စာမျက်နှာမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

(၄)မျက်နှာသာ ကျန်ရှိတော့သည်။

စာမျက်နှာ တစ်နေရာ၌ စာရေးဆရာ ဦးစိန်သာဗလမှ ဆရာတော်ကြီးဘဝဖြစ်စဉ် ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ကိုတိုးတိုး လွန်စွာသိချင်နေသည့် ဆန္ဒကို သိကြားမြဟ္မာ နတ်ဒေဝါများက ကူညီ ဖြည့်ဆည်းပေးသည်လား မဆိုနိုင်။ ကိုတိုးတိုး အံ့သြနေမိသည်မှာတော့ အမှန်ပင်။

နောက်တစ်နေ့ နံနက်တွင် ကျိုက်လ ◌ သို့ သစ်ရောင်းသွားသည်။ သစ်ဝယ်သူနှင့် လက်ဖက်ရည်ဆိုင် တွင် ထိုင်နေစဉ် ဦးပဉ္ဇင်းတစ်ပါး ကိုတိုးတိုးထံသို့ လျှောက်လာပြီး ပြုံးပြသည်။

ထိုဦးပဉ္ဇင်းအား ကိုတိုးတိုး မသိ၊ တွေ့ဖူး၊မြင်ဖူးချင်လည်းမရှိ။ လူမှုရေးအရ ကိုတိုးတိုး ပြန်လည် ပြုံးပြလိုက်၏။ ဦးပဉ္ဇင်းသည် ကိုတိုးတိုးအနီးသို့ ရောက်ရှိလာပြီး...

'ဆရာတော် စောင့်နေတယ်'

ဟု ပြောပြီး ခပ်သုတ်သုတ် လှည့်ထွက်သွားတော့၏။ ကိုတိုးတိုးလည်း မေးချိန်မမီ၊ ပြောချိန်မရ အရောင်းအဝယ် စကားကလည်း မပြတ်သေး၍ နောက်က အပြေးလိုက်ပြီးလည်း မမေးဖြစ်။

ဘာရယ်ကြောင့်မသိ တစ်ခဏသာ တွေ့လိုက်ရသော်လည်း ဦးပဉ္ဇင်းလေး၏ တည်ငြိမ်သည့် မျက်နှာကလေးမှာ မျက်စိထဲကမထွက်။ တစ်ခါတွေ့ရုံနှင့် တစ်သက်လုံး မေ့ပျောက်မရနိုင်သည့် မျက်နှာကလေး။

ထိုအတောအတွင်း မမျှော်လင့်ဘဲ ငွေအမြောက်အမြား ရရှိလိုက်၏။ ထို့နောက် ဘိုကလေးမြို့နယ်၊ ညံ့တောအင်းရွာသို့ ကုက္ကိုပင် သွားဝယ်သည်။ ကိုတိုးတိုးသည် သစ်ပင်တန်ဖိုးအား (၃)သိန်းခန့် မှန်းထား၏။ ရောင်းသူမှ တစ်သိန်းခွဲနှင့် ရောင်းလိုက်သည်။

သစ်ချော မထုတ်လုပ်မီကတည်းကပင် တစ်သိန်းခွဲ မြတ်နေပေ့သည်။ ထိုရက်များ၌ အရောင်းအဝယ်ကလည်း မကြုံစဖူး ထူးကဲစွာ ကောင်းမွန်သည်။

သို့ဖြစ်၍ ဆရာတော်အား ဖူးမြော်ချင်စိတ်များ ကိုတိုးတိုးရင်ထဲသို့ တိုးဝင်ရောက်ရှိလာပါသည်။

သို့နှင့် (၂၃.၁၂.၂၀၁၆) နေ့လယ် (၂)နာရီတွင် ကားဖြင့် ပြည်မြို့သို့ ထွက်ခဲ့သည်။ ကိုတိုးတိုးနှင့်အတူ ဇနီးသည် ဝေဝေလွင်၊ အဖေဦးကြီးမြင့်၊ အစ်ကို ဦးတင့်လွင်၊ အစ်မ ဘိုကလေး စမ်းစမ်းအေး ညီမ နီနီလွင်တို့ လိုက်ပါလာကြသည်။ နောက်တစ်နေ့ ညနေ (၅)နာရီခန့် ပြည်မြို့ရှိ ဆရာတော်ကျောင်းသို့ ရောက်ရှိသည်။

**ဆရာတော် ရှိတော့သော်ငြားလည်း ဆရာတော်ရုပ်ပွားတော်ကို ဖူးမြော်ကြည့်သည့်အခါ သက်ဝင်လှုပ်ရှားနေသည်ဟု ထင်မိသည်။**

ကျောင်းအတွင်း လှည့်လည်ကြည့်ရှုရာ **ဆရာတော် ပဉ္ဇင်းငယ်ဘဝက ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံအား တွေ့ရှိ၏။ ထိုပုံကို တွေ့သည်နှင့် ကိုတိုးတိုး အံ့သြတုန်လှုပ်မိသည်။ ကြက်သီးများလည်း တဖျန်းဖျန်း ထလျက်ရှိသည်။**

ကိုတိုးတိုး မြင်တွေ့ရသော ဓာတ်ပုံသည် ကား ကျိုက်လတ်မြို့မှာ တွေ့လိုက်ရသော ဦးပဉ္ဇင်းပုံနှင့် ထပ်တူထပ်မျှ တူနေခြင်း ကြောင့်ပင်။

***ရွှင်လန်းချမ်းမြေ့ပါစေ***

**ဘဘမှုံ(မျာပုံ-ဓရာဝီ ၆)**


စာရှုသူ...သူတေသီ...

ပညာရှင်တို့ခင်ဗျာ...

၂၀၁၇ခုနှစ်

ဇူလိုင်လထုတ်သည်

**နက္ခတ္တရောင်ခြည်**

**မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်**

**အမှတ်တရ**

**အထူးထုတ်လ**

ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**အမှတ် ၂၀၉-(မြေညီ)**

**၂၉-လမ်း(အထက်)**

**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊**

**ဖုန်း- ၀၉-၇၇၆၃၄၉၇၈၅**

**၀၉-၉၆၈၀၀၄၁၉**




www.burmeseclassic.com

www.burmeseclassic.com

► ကြော် ငြာ ဆောင်း ပါး ◄

နှလုံးရောဂါ ကင်းဝေးအောင်

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တသထလ၊တိုး (၁၃၁၂)

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း ပက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၅/၃၅၆) ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၃၂

---

ဖြောင်းမြဲ တောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမင်းဆံ ပေါ်တော်မူကုန်းတော်မှ

## သာသနိက အဆောက်အအုံများ (၄)

စင်သိုက်



▲ ဘားမဲ့စေတီ

**ယခင်လမှ အဆက်**

ရတနာသုံးပါးဖူးမြော်ရာ ဆရာတော် သံဃာတော်များကို ဆည်းကပ်ရာတို့၌ အသုံးပြုကြသည်။

ထို့ကြောင့်လည်း ဒုတိယ နဝဒေးကြီးက ရှစ်ရပ်ကိုးခန်းပလ္လင်ဖွဲ့တွင်...

'မိုးမှုမြင့်စွန်၊ စေတဝန်တွင်၊ ရောင်ခွန်ညွှန့်လန်း၊ သံစံသင်္ကန်းကို၊ ထူးဆန်းပလ္လင်၊ ဟသ်္ာရှင်လျက်၊ သုံးအင်ရတနာ၊ ဖူးမြော်ရာသည်၊ ဟံသာသန'

ဟူ၍ စပ်ဆိုခဲ့လေသည်။

## ဘားမဲ့စေတီ

ထိုင်တော်မူ အုတ်ကျောင်းပုထိုး၏ အနောက်ဘက်တွင် ဘားမဲ့စေတီ ကိန်းဝပ်တော်မူသည်။ ဖရုံမြောင့်ချိုးပစ္စယံသုံးဆင့်အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

စေတီအောက် လိုဏ်မုခ်အတွင်း၌ ညောင်ရမ်းခေတ်လက်ရာ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်။

ဘားမဲ့ဆရာတော် တည်ထားကိုးကွယ်ခဲ့သော စေတီဖြစ်ကြောင်း သိရ၏။ ဘားမဲ့ဆရာတော်အား လေ့လာကြည့်သောအခါ ရာမညဒေသဖွား မွန်တိုင်းရင်းသား ဆရာတော်တစ်ပါး ဖြစ်သည်။

ဘုရင့်နောင်ကျော်ထင် နော်ရထာလက်ထက်တွင် အထူး ရှိသေလေးစားခြင်း ခံတော်မူရသော်လည်း ဘုရင့်နောင်၏သား ငါးဆူ ဒါယကာမင်းလက်ထက် ၉၅၅ ခုနှစ်တွင် အာစာရဆရာတော်ခေါ် ဘားမဲ့ဆရာတော်နှင့်အတူ **ညောင်ရမ်းသို့ပို့ခြင်း** ခံခဲ့ရသည်။ ***(မှန်နန်းရာဇဝင် တ-၆၀၄)***

ယင်းနှင့် ပတ်သက်၍ ဘားမဲ့ဆရာတော် မွန်ဘုန်းကြီးဖြစ်၍ မွန်တို့ကို အားကြီးအောင် ပြုရာသည်။ မွန်နံကို နှိမ်မည်ဟူ၍ ညောင်ရမ်းမြို့သို့ပို့အပ်ခြင် မြန်မာညောင်ရမ်းမင်းသားတို့ တရား





www.burmeseclassic.com

www.burmeseclassic.com



◆ ဖေလကျောက်ထင်စေတီ

ခြေတော်ရာစေတီ ◆

◆ ခြေတော်ရာကို ပန့်ထားသော တောင်ဘက် အဝင်ဝမှ ဘီလူးရုပ်





တည့်မကြောင်း ပြသဆုံးမ၍ နောင်တွင် တိုးပွားကြီးကျယ်ခြင်းသို့ ရောက်သည်။

ကိုယ်တော် (ငါးဆူ ဒါယကာဘုရင်) မှ ဘား လျှော့ပါးခြင်းသို့ ရောက်လေ၏။ ဘားမဲ့ဆရာတော်ကို ညောင်ရမ်းသို့ ပို့သည်မှာ ညောင်ရမ်းကို အားပေးသည် မည်လေသည်။ ***[ရွှေဆရာတော်၏ မေတ္တာစာအဖြေကျမ်း၊ စာမျက်နှာ-၃၈၈]***

ဘုရင့်နောင်မင်းကြီး ဟံသာဝတီ ကမ္ဘောဇသာဒီ နန်းတော်တွင် စံမြန်းခိုက် သားတော်ရှင်သစ္စာအား ညောင်ရမ်းကိုစားစေ၏။

သက္ကရာဇ် ၉၄၁ ခုနှစ်၊ ကဆုန်လဆုတ်(၆)ရက်တွင် ဘားမဲ့ဆရာတော်၊ ဘားထနီးဆရာတော်၊ ဘားနှိုက်ဆရာတော်၊ ဘားလောဆရာတော် စသည့် ဆရာတော်(၁၁)ပါးကို ပင့်ဖိတ်၍ ရွှေတော်မှောက်တွင် သားတော် အိမ်ရှေ့ဥပရာဇနှင့် နော်ရထာစောတို့အား ညီနောင်ချစ်ခင်စွာ နေထိုင်ကြရန် ဆုံးမလျက် နော်ရထာစောအား ဇင်းမယ်ကို ပေး၏။ ***(မှန်နန်းရာဇဝင် စာ-၅၈၃)***

ဘုရင့်နောင်မင်းကြီး ကံကုန်ပြီးနောက် သားတော်ငါးဆူ ဒါယကာ ဆက်ခံသောအခါ အထက်ပါကဲ့သို့ ဆရာတော်ကြီးများကို အဝေးသို့နှင်သဖြင့် မိမိယုတ်လျော့ကာ ညောင်ရမ်းသားရှင်သစ္စာသည် ညောင်ရမ်းမင်းတရားအဖြစ် ညောင်ရမ်းမင်း(၁၀)ဆက်ကို ထူထောင်နိုင်ခဲ့သည်။

ဘားမဲ့ဆရာတော်ကား မြန်မာသမိုင်း တွင်ရစ်မည့် ⁄မင်းဆက်သစ်ပေါ်ထွန်းစေရန် အဓိက ထောက်ကူပေးခဲ့သော ဆရာတော်ဖြစ်ပေသည်။

ထို့ကြောင့် ဘားမဲ့ဆရာတော် တည်ထားကိုးကွယ်သည့် ဤစေတီသည် ၉၅၅ ခုနှစ် နောက်ပိုင်း ညောင်ရမ်းခေတ်ကာလ၌ တည်ထားခဲ့သည်ဟု ယူဆဖွယ် ရှိလေသည်။

ထိုမှအနီးရှိ ဂန္ဓကုဋိတန်ဆောင်း အတွင်း၌ မဟာ်ရုပ်တော်သုံးဆူ စံပယ်တော်မူကြသည်။ အလယ်တွင် မြတ်စွာဘုရားရုပ်ပွားတော် စံပယ်၍





www.burmeseclassic.com


www.burmeseclassic.com





▲ ခြေတော်ရာပင့်ထားသော အနောက်ဘက်မှ ဘီလူးရုပ်

▼ မြောက်ဘက်မှ ခြေတော်ရာပင့်ဘီလူး



▲ ခြေတော်ရာပါစေတီ

ယာလက်ဖြင့် သပိတ်ကိုမ,ကာ ဝဲလက်ကို နံဘေးတွင် ချထားသည်။

ဝဲ,ယာ နှစ်ဖက်နှစ်ချက်တွင်ကား သာဝက ရဟန္တာရုပ်တုတော်များ ဖြစ်ကြကာ ဝဲလက်ဖြင့် သပိတ်ကို ပင့်မ,ထားဟန်တွေ့ရ၏။ သပိတ်ကား မပါရှိပေ။

ထို့နောက် လေးမျက်နှာ ဒီပင်္ကရာစေတီအား ဖူးမြော်သည်။ အနောက်မှန်လိုဏ်တွင် ထူးခြားသည့် ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။

ဝဲလက်က သပိတ်ပိုက်ထားသည့် ပတ္တဟတ္ထမုဒြာဖြစ်၍ လက်ယာလက်မှ ရင်တွင်အပ်၍ ရှေ့သို့ ဖြန့်ပြထားသော အဘယမုဒြာဖြစ်သည်။ ထိုင်တော်မူ ဆိုသော်လည်း တင်ပျဉ်ခွေမဟုတ်ပါ။ ခုံပေါ်ထိုင်၍ ခြေချထားဟန်ရှားပါးသောပုံတော် ဖြစ်ပေသည်။

တန်ဆောင်းတစ်ခုအတွင်း၌ နေနှင့်



▼ ထောင့်ချင်းအရှေ့မှ ပုံထိန်းဘီလူး




www.burmeseclassic.com

www.burmeseclassic.com

လဟု ရေးထားသော ကျောက်တုံး နှစ်တုံးယှဉ်လျက် စေတီငယ်နှစ်ဆူ ပူဇော်ထားသည်။


ယှဉ်လျက်ရှိသော်လည်း ထို ကျောက်တုံးမှာ အထက်အောက် ထပ်နေသည့် ကျောက်ထပ်ဖြစ် ကြောင်း သိရသည်။

ကျောက်တုံးအား အသာအယာ တီးခတ်ကြည့်ပါက လိုဏ်သံမြည်၏။ အမိဋ္ဌာန်ပြုကာ တီးခတ်ပါက မြည် သောအသံမှာ ပြောင်းလဲသွားသည်ဟု ဆိုလေသည်။



▲ ထပ်ခြမ်းပွဲအတွင်းမှ ဘီလူးပုံဆေးရေးပန်းချီ

▼ ကျိုက်ကြီးသမျှ ကျိုက်တော်



## ခြေတော်ရာစေတီ

ခြေတော်ရာစေတီမှာ လေးထောင့် ကုလားကျောင်းခံ၍ အထက်တွင် ခေါင်းလောင်းမှောက်စေတီ ပေါက် ထားသည်။ တောင်လှည့်အဝင်မုခ် ပါရှိ၍ အဝင်မုခ်မှာ ကိုယ်တစောင်း ထား၍ ဝင်ရလောက်အောင် ကျဉ်း မြောင်းစွာ ပြုလုပ်ထားသည်။

အတွင်း၌ ပါဒစေတီ ခြေတော်ရာ တစ်ဆူ ပူဇော်ထားသည်။ ဝဲဘက် ခြေတော်ရာဖြစ်သည်။ နဂါးခြောက် ကောင် အမြီးခေါင်းဆိုင်၍ ရံထား သည်။

စက်လက္ခဏာ ဖွဲ့စည်းပူဇော်ပုံမှာ ထူးခြားလှ၏။ ခြေဖဝါးတော်တွင် အလျားလိုက်(၉)ကွက်၊ ထောင်လိုက် (၁၀)ကွက် စုစုပေါင်း(၉၀)ရှိ၏။ ခြေ နှောင့်တော်၌ အပြင်ရစ် (၁၀)ကွက်၊ ဒုတိယအရစ် ပတ်လည် (၈)ကွက် ရံထား၏။ အတွင်းအကျဆုံး တတိယ အရစ်တွင်ကား စက်လက္ခဏာမပါ ဗလာ(၁၀)ကွက် ရှိ၏။

မန္တလေးမဟာမုနိဘုရား ခြေတော် ရာတန်ဆောင်းရှိ တောင်ခွင်သာသနာ ပိုင် အသိအမှတ်ပြု စက်လက္ခဏာများ နှင့် ဖွဲ့စည်းပုံ မတူညီသကဲ့သို့ အင်းဝ ခေတ် ခြေတော်ရာစက်လက္ခဏာ ဖွဲ့စည်းပုံများနှင့်လည်း မတူသော သီးခြားဖွဲ့စည်း ပူဇော်မှု ဖြစ်လေသည်။

ခြေတော်ရာပလ္လင်၏ တောင်၊ အနောက်နှင့် မြောက်ဘက်တို့၌ ဘီလူး တစ်ကောင်စီ (စုစုပေါင်း သုံးကောင်) ဆောင့်ကြောင့်ထိုင်၍ ခြေတော်ရာကို လက်နှစ်ဖက်ဖြင့် ပင့်မထားပုံ သရုပ် ဖော်ထားသည်။

ထို ဘီလူးသုံးကောင်စလုံးမှာ ရင် သားဖော်ထားသော ဣတ္ထိလိင်ဘီလူး မများ ဖြစ်ကြ၏။ ပြုံးရယ်သောမျက်နှာ ထား ရှိကြ၏။


ခေါင်းရင်းဘက်၊ အရှေ့ဘက် ပလ္လင် ခြေတွင် သွားစွေ့၊ ခေါင်းမော့လျက် ခြေတော်ရာကို ပခုံးထမ်းထားသော ဘီလူးမှာ ပုလ္လိင်ဖြစ်ပုံရ၏။ လက်တွင် ပန်းခက်ပန်းနွယ်များကို ကိုင်ထား သည်။

ခြေတော်ရာ ပါဒစေတီလိုဏ်သည် ကမ္ဘဋ္ဌာန်းဘာဝနာများ အားထုတ်ရန် ရည်ရွယ်ထားဟန်ရှိသည်။ ဆရာတော် က ဤသို့မေး၏။




www.burmeseclassic.com

www.burmeseclassic.com



▲ နှစ်ကျိပ်ရှစ်ဆူ ဘုရားများနှင့် ပွင့်ရာ ဗောဓိပင်

▼ အောက်ခြေမှ အင်း၀(ညောင်ရမ်း)ခေတ် လူပုံရေးဟန်



'ဆရာလဲ နေရာစုံအောင် သွားလာဖူးတော့ ဒီလိုဏ်ဂူကို ဘယ်လို သဘောရသလဲ'

'လိုဏ်ဂူအတွင်းမှာ လူတစ်ကိုယ်ချောင်ချောင်ချိချိ နေနိုင်တယ်။ ပြတင်းသုံးပေါက်၊ အဝင်မုခ်တစ်ပေါက် ရှိပေမယ့် အုတ်နံရံထုက လေးပေလောက်ထူပြီး ကျဉ်းမြောင်းထားမို့ ပြင်ပအနှောင့်အယှက်တွေ လျော့ပါးစေတယ်။

ရှေးဟောင်းမြေလိုဏ် ဖြစ်ပေမယ့် နဂါးငွေ့ (ကာဗွန်မိုနောက်ဆိုက်ပါဝင်သော ထိုင်းမှိုင်းသောထု)လို ဆိုးရွားတဲ့ အနံ့အသက်တွေ လင်းနို့ စတဲ့ တိရစ္ဆာန်အညစ်အကြေးအနံ့တွေမရှိဘူး။ လိုဏ်တွင်း လေရှူရတာ ကြည်လင်လန်းဆန်းစေပါတယ် ဘုရား'

'ဘုန်းကြီးလဲ ဒါကို ပြောချင်တာပါပဲ။ လိုဏ်ထဲမှာ မကောင်းတဲ့အနံ့အသက်တွေ မရှိဘူး။ တရားအားထုတ်ကြတဲ့ ဆရာတော်ကြီးတွေကတော့ နဂါးပြည်က မြေသင်းနံ့တွေ ရှူရှိုက်ရတယ်လို့ မိန့်တော်မူကြတယ်။ ဘုန်းကြီးကတော့ နံ့သာနံ့လို၊ ကတိုးနံ့လို အနံ့မျိုးလို့ ထင်မိပါတယ်'

ပါဒစေတီလိုဏ်အတွင်း ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ကြသူတိုင်း သမာဓိတည်ကြည်ပါက မွှေးပျံ့သော ရနံ့များ ရှူရှိုက်ကြရသည်ဆို၏။ သမ္မာဒေဝများ၏ ကာရကာ အထောက်အပံ့ စွမ်းအင်ပြည့်ဝခြင်းကြောင့် ယူဆဖွယ် ရှိလေသည်။

လိုဏ်ပေါင်းမိုးထက်တွင် ညောင်ရမ်းခေတ် ကျိုက်တငိုု ရေးဆွဲတန်ဆာဆင်ပြုပုံ လေ့လာနိုင်၏။ ဆေးရေးပန်းချီ အတန်အသင့် ကျန်ရှိ၏။ ကျိုက်တငို ထောင့်စွန်းလေးခုတွင် ဘီလူးရုပ်တစ်ရုပ်စီ ရေးဆွဲထားရာ ဘီလူးရုပ်များမှာ ပြူးဖြဲဖြဲ အမူအရာနှင့် တွေ့ရပေသည်။

နံရံပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားရှင်တော်တို့ကို ပွင့်ထွန်းရာ ဗောဓိပင်နှင့်တကွ ကမ္မည်းတင် ရေးဆွဲထား၏။

ဒီပင်္ကရာ မြတ်စွာဘုရား ပေါက်ပင်၌ ပွင့်တော်မူဟန်၊ တဏှင်္ကရာမြတ်စွာဘုရား သခွတ်ပင်၌ ပွင့်တော်မူဟန် စသည်ဖြင့် ရေးထိုးထားသည့် ကမ္ပည်းစာများမှာ မုံရွာနယ်၊ အမြင့်မြို့ဟောင်းရှိ ရင်းရဲဘုရားဝင်းတွင်း ဆေးရေးပန်းချီများ၏ ကမ္ပည်းစာများထက် သတ်ပုံသတ်ညွှန်း ပိုမို မှန်ကန်သည်ကို တွေ့ရ၏။

ရင်းရဲဘုရား ကမ္ပည်းစာများမှာ အင်းဝခေတ်ဦးပိုင်း ဖြစ်လေရာ အင်းဝခေတ်နှောင်းဖြစ်သော ညောင်ရမ်းခေတ်ကမ္ပည်းတို့မှာ ယနေ့ခေတ် သတ်ပုံသတ်ညွှန်းနှင့် ပိုပိုနီးစပ်လာခြင်း ဖြစ်နေလသည်။

ပန်းချီရေးဟန်တို့မှာ အင်းဝခေတ်ပုံစံအတိုင်း ကိုယ်တစောင်း အနေအထားဖြင့် ပါးစုံမို့ဖောင်းလျက် သရုပ်ဖော်ထားသည်။

ဘုရားရုပ်ဟန္တာရုပ်များကို ရှေ့မှ

www.burmeseclassic.com

အတည့်မြင် အနေအထားအတိုင်း ပုံမှန်အချိုးအစားဖြင့် ကြည်ညိုဖွယ် ရေးခြယ်ထားကြလေသည်။

ခြေတော်ရာ စေတီလိုဏ်၏ အပြင်ဘက်နံရံတွင် မူလအုတ်သားပြင်ထက် ပိုထွက်နေသော အမှတ်အသားအချို့ကို တွေ့ရ၏။ ကြက်ခြေပုံသဏ္ဌာန် ထင်ရှားစွာရှိသည်။ လက်ဝါးကပ်တိုင်နှင့် ဆင်တူနေသည်။

ပါဒစေတီလိုဏ် နံရံတွင် အခြားဘာသာမှ အမှတ်အသားသဖွယ် ဖြစ်နေသောကြောင့် ဆရာတော်က ဆေးခြယ်၍ ဖုံးကွယ်လိုသော်လည်း ရှေးအထောက်အထား ဖြစ်နေခြင်းကြောင့် မူလအတိုင်း ထားရှိကြောင်း မိန့်တော်မူသည်။

ပုဂံတူရွှင်းတောင် စွယ်တော်ရှင်စေတီ၏တောင်ဘက် တောင်နှာမောင်း၌ ကျောက်ရေကန်ကြီးတစ်ကန် ရှိသည်။ ထိုရေကန်၏ နံရံတွင် တရုတ်စမအက္ခရာတံဆိပ် ထွင်းထားသည်ကို မြင်တွေ့နိုင်သည်။

ရွှေစည်းခုံစေတီအနီး ကျန်စစ်သားဥမင်၏ အဝင်ဝ အတွင်းဘက် မြင်းမိုရ်ပိတ်တွင်လည်း ယင်းနှင့်အလား သဏ္ဌာန်တူ ဆေးရေးစမများ တွေ့ရ၏။

ယခု ပါဒစေတီလိုဏ်အပြင်နံရံရှိ ကြက်ခြေနှင့် အခြားအမှတ်အသားများမှာ ပုဂံခေတ် တရုတ်စမများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေသည်ကို စိတ်ဝင်စားဖွယ် တွေ့ရပေသည်။

ညောင်ရမ်းခေတ် တရုတ်–မြန်မာ ဆက်ဆံရေးနှင့် ပတ်သက်သော အထောက်အထားတစ်ရပ် ဖြစ်ဖွယ်ရှိသည်ဟု ယူဆရပေသည်။

### နိဂုံးတိုက်တွန်းချက်

ရွှေမင်းဝံ ပေါ်တော်မူကုန်းတော်ရှိ



▲ ရှိရှားထားသည့် ဖယောင်းမရှိတဲ့

▼ ခြေတော်ရာစေတီ မြောက်ဘက်အပြင်မှ တွေ့ရှိရသော အမှတ်အသားများ



ဘုရားပုထိုး သာသနိက အဆောက်အအုံများမှာ ညောင်ရမ်းခေတ် ကိုးကွယ်ယုံကြည်မှု ဘာသာရေး အခြေအနေကိုသာမက စီးပွားရေး လူမှုရေး၊ အနုပညာ၊ ဗိသုကာ စသည့် အခြားသော မျက်နှာစာများအတွက် လည်း အထောက်အကူပေးနိုင်သော ရှေးအထောက်အထားများ ဖြစ်ကြပါသည်။

သို့ဖြစ်၍ စစ်ကိုင်းသို့ ရောက်ရှိပါက **ပေါ်တော်မူကုန်းဆရာတော် အရှင်ဗုဒ္ဓဃောသအား ဆက်သွယ်ဖူးတွေ့လျက်** လေ့လာကြည်ညိုသင့်သော နေရာထူး ဖြစ်ပါသည်။


တူးဖော်ရန် ကျန်ရှိသေးသည့် အဆောက်အအုံ အစွန်းအစများကိုလည်း မြင်တွေ့ခဲ့ရလေရာ အားလုံး တူးဖော် သုတေသနပြုပြီးပါက **လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ကျော်ခန့်က ညောင်ရမ်းခေတ် အခြေအနေကို** ပိုမိုပီပြင်စွာ လေ့လာနိုင်ပေမည်ဟု တွေးဆတိုက်တွန်းလိုက်ရပါသည်။

**ဖေငြိမ်ဘယ်**



www.burmeseclassic.com

www.burmeseclassic.com



# ကြားညှပ်သော အိမ်

**ကြားညှပ်သောအိမ်ဆိုသည်မှာ မိမိ အိမ်နှင့် ဘေးနှစ်ဘက်ရှိ အိမ်နီးချင်းနှစ်အိမ် တို့သည် မောင်နှမ ဆွေမျိုး မိဘ အချင်း ချင်းဖြစ်နေကြပါက မိမိအိမ်သည် ကြား ညှပ်သောအိမ် ဖြစ်ပေသည်။**

ထိုသို့ ကြားညှပ်သောအိမ်တွင် နေထိုင်သူအဖို့ စီးပွားမတက်တတ်ဟု မြန်မာ့အစဉ်အလာ ယုံကြည်မှုရှိကြ သကဲ့သို့ နေရာဒေသ အတော်များများ ကလည်း ယင်းအယူအဆကို လက်ခံ ယုံကြည်မှု ရှိကြသည်။

ထိုသို့ လက်ခံယုံကြည်မှုရှိကြခြင်း မှာလည်း ရှေးလူကြီးများ၏ ကိုယ်တွေ့ အတွေ့အကြုံများအရ လက်ခံ ယုံကြည်ခဲ့ကြပြီး နောင်းလူတို့ကိုလည်း ကြားသိထားသည့်အတိုင်း ပြောကြား ခဲ့ကြပေသည်။

ထိုသို့ ရှေးရိုးအဘိုးအဘွားများ ပြောကြားခဲ့၍ သိမှတ်ခဲ့ရသူများ ရှိ သကဲ့သို့ အမှုမဲ့အမှတ်မဲ့နေသူတို့မှာ မသိရှိဘဲ ထိုကဲ့သို့သော အိမ်မျိုး၌ နေမိ၍ စီးပွားကျကြရသည်။

ရှေးကတည်းက မောင်နှမကြား၊ လင်မယားကြား၊ ဆွေမျိုးကြားစသော ကြားသုံးကြားကို ရှောင်ရမည်။ မရှောင် က မောင်နှမ၊ လင်မယား၊ ဆွေမျိုး ဟူသည် မတည့်လျှင် ခဏသာဖြစ် သည်။ ထိုကြားကိစ္စများကို ဝင်ရောက် ဖြေရှင်းက မိမိအပေါ် အမှုပြန်ပတ် တတ်သောကြောင့် ဖြစ်သည်။

ထို့အတူပင် မောင်နှမ နှစ်အိမ်ကြား၊ ဆွေမျိုးနှစ်အိမ်ကြား မနေသင့်ဟု ဆို သည်။ မဖြစ်မနေ ထိုအခြားတစ်ပါး မောင်နှမဆွေမျိုးတို့ ညှပ်ထားသော အိမ်၌ နေထိုင်ရပြီဟုဆိုလျှင် သို့ မဟုတ်ဘဲ ပထမ မိမိနေသောအိမ်မှာ မောင်နှမဆွေမျိုးကြား ညှပ်မနေသော် လည်း နောက်ပိုင်း မိမိဘေးအိမ်နှင့် ဆွေမျိုးတော်သူက မိမိအိမ်၏ တခြား ဘက်ခြမ်းကို လာရောက် ဝယ်ယူ နေထိုင်လိုက်ပြီဆိုလျှင် ရှေးဘိုးဘွားတို့ လက်ခံကျင့်သုံးခဲ့သော အောက်ပါ အခိုက်ပြေနည်းလေးကို အသုံးပြုနိုင် ရန် ရေးသား တင်ပြလိုက်ရပေသည်။

၁။ မိမိအိမ် ခြေရင်းဘက်ဘေး၌ တစ်ဖက်ခြံနှင့် တစ်စပ်တည်းမဖြစ်စေရန် လူသွားလမ်း ကြောင်းလေးတစ်ခု ဖောက်လုပ်ပေးလိုက်ပါ။
၂။ သို့မဟုတ်ပါက ခြံစည်းရိုးနှစ်ခုကြား၌ ကြားခံ ရေနုတ်မြောင်းလေးတစ်ခု တူးဖော်ထား ပေးလိုက်ပါ။
၃။ သို့မဟုတ်ပါက ခြေရင်းဘက်ခြမ်း၌ နွား တင်းကုပ်အိမ်သော်လည်းကောင်း၊ ကြက်ခြံ ကြက်အိမ်သော်လည်းကောင်း၊ နတ်အိမ် သော်လည်းကောင်း ပြုလုပ်ပေးပါ။

ထိုသို့မှမဟုတ်လျှင် စတိသဘောဖြင့် တဲ အိမ်လေးတစ်လုံးဖြစ်စေ၊ မဏ္ဍပ်လေးတစ်ခု ဖြစ်စေ ထိုးထားပေးပါက ခြေရင်းခြံချင်းနီး အိမ်နှင့် တစ်ဆက်တည်း မဖြစ်ဘဲ ကြားခံဖြင့် ခြားနေပြီဖြစ်သောကြောင့် မိမိ၏ အိမ်သည် ကြားညှပ်အိမ် မဖြစ်တော့ပေ။

ယင်းတို့အားလုံးသည် အိမ်ခေါင်း ရင်းဘက်၌ မပြုလုပ်ရပါ။ အိမ်ခြေရင်း ဘက်၌သာ ပြုလုပ်ရပါမည်။

**မြပဒုမ္မာ**



www.burmeseclassic.com

www.burmeseclassic.com

## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်စွန်း သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ပွိုင့်ထူးဇော် ဂါထာတော်များ ( ၅၂ )

(အောင်မြေမြတ်)
(စစ်ကိုင်းတောင်)

ရှင်ပင်မြတ်သိန်းဦး

စေတီတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃-ကြိမ် ရွတ်ပါ။]***

ပတူးသံဃရာဇ မာပိတံ၊
အနေက မြတ်သိန်းဦး ထူပံ။
တ္တမိနာ ပုညကမ္မေန၊
စိရံဋ္ဌိ ဘဝေယျာံ။

***[အရှင်အာဒိစ္စဝံသ-စစ်ကိုင်း၊]***

မြန်မာပြန်

**ပတူးသံဃရာဇ** - ပတူးကြီး သံဃရာဇာ အရှင်မြတ်သည်၊

**အနေကမြတ်သိန်းဦးထူပံ**- ရှင်ပင်မြတ်သိန်းဦးစေတီတော်မြတ်ကို၊

**မာပိတံ** - တည်ထားကိုးကွယ်ခြင်း ပြုအပ်ခဲ့လေပြီ။

**တ္တမိနာ ပုညကမ္မေန** - ဆွမ်း,ပန်း, ရေချမ်း,ဆီမီးတို့ဖြင့် လေးမြတ်ပူဇော်ပါရ ဤကောင်းမှုမြတ်ပုညကြောင့်၊


**အဟံ** - "..."ဟု နာမသမုတ်အပ်သော ကျွန်ုပ်အား၊

**စိရံဋ္ဌိ**–နှစ်ပေါင်းများစွာ ကျန်းမာချမ်းသာလျက် အသက်ရှည်ခြင်းသည်၊

**ဘဝေ ဘဝါမိ** - ကောန်စင်စစ် ဖြစ်ရပါစေသား အရှင်ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၅၂၆ ခုနှစ်။



▲ ပတူးကြီးသံဃရာဇာ၏ ကုသိုလ်တော်
ရှင်ပင်မြတ်သိန်းဦးစေတီ

ဘုရားဒါယကာ


ပတူးကြီး မဟာသံဃာရာဇာဘွဲ့ခံ အရှင်သဒ္ဓမ္မပုညမထေရ်။

တည်နေရာ

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်၏ တောင်ဘက်မှဖြိုးအနီး။

www.burmeseclassic.com





▲ ပတ္တူးကြီးသံဃရာဇာ၏ ကုသိုလ်တော် ရှင်ပင်မြတ်သိန်ဦးစေတီတော်အား ဗေဒါရာ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ညလမင်းကြီးနှင့်အတူ မှုမြင်ရပုံ

◀ ညမင်းသုံးဆယ်မှ ပတ္တူးကြီးသံဃရာဇာ၏ အလိုတော်ပြည့် သမ္မာသိဒ္ဓိရုပ်ရှင်တော် (အလိုတော်ပေါက်ရုပ်ပွား)

## ပွဲတော်ရက်

နှစ်စဉ် တပို့တွဲလပြည့်နေ့။

## အောင်မြေ

စေတီတော်၏ မြောက်ဘက် ဖြစ်သော်လည်း ယခုအခါ အောင်မြေနေရာတွင် ကုသိုလ်ရှင်များ၏ ကြိုဟ်ပြေနံ့ပြေ ရုပ်ပွားတော်ရှစ်ဆူ ပူဇော်ထားပါသည်။

## အစောင့်အရှောက်

သောတာပန် ဘိုးဘိုးကြီး။

## ထူးခြားချက်

ဘုရားဒါယကာ ပတ္တူးကြီးမဟာသံဃရာဇာအား စစ်ကိုင်းညောင်ပင်သာဦးပုည အရှင်မြတ်ကြီးက ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အဖြစ် မှင်တမ်းလင်္ကာ ရေးသားခဲ့လေသည်။

အင်းဝခေတ်ဦး ပတ္တူးစည်းခုံ ကျောက်စာ၌လည်း တွေ့မြင်နိုင်ကြလေ၏။

## ညောင်ပင်သာ ဦးပုည၏လင်္ကာ

✳ စစ်ကိုင်းဝေယျာ တောင်အမျှားတွင်ဖြင့်
မားမားစွင့်စွင့် မောက်လို့ဗို
ပတ္တမြားခေါ်ကြ တောင်ညိုညိုမှာ
ဝိဇ္ဇာဓိုရ်ရှိလို ပုဂ္ဂိုလ်ထူး
ပတ္တူးသိရီ ထေရ်မဟာသည်
တပည့်သံဃာ ဂိုဏ်းရှိရိုးပိုင်မှူး
ဟူ၍လည်းကောင်း၊ အခြားလင်္ကာ
တစ်ခုတွင်လည်း...
✳ မုနိယောကြား ခဲဝါးပါးတွင်
တစ်ပါးဆင့်ကဲ ဖြစ်နိုင်ခဲသား
လက်ဝဲလက်ယာ လမ်းနှစ်ဖြာနှင့်
ဖြူဝါပြီးမြောက် "ထွက်ရပ်ပေါက်"ဟု
မိုးအောက်မြေပြင် လွှန်ပေါ်ထင်၍
ဘုရင်အထူး သဒ္ဒါရူးသား
ပတ္တူးအစ သံဃရာဇာ
မင်းဆရာ.........
ဟူ၍လည်း ဖော်ပြထားပါသည်။


ပတ္တူးကြီး မဟာသံဃရာဇာအား မိဖုရားကြီးစောဥမ္မာ၏ ကျောင်းကျောက်စာတွင် "ပိဋကတ်သုံးပုံ၌ ရဲရင့်သော ပညာအားဖြင့် **"သီရိသဒ္ဓမ္မ သေနာပတိ"**ဟု ထင်ရှားစွာသော အမည်တော်လည်း ဟိတသော သဒ္ဒါ ပညာ လုံ့လအားနှင့် ထီးဖြူလည်း ဆောင်းထသော **"ပိတုသံဃရာဇာ"** ဟု ရေးထိုးထားလေ၏။

ပင်းယနှင့် စစ်ကိုင်း ပျက်သောအခါ သတိုးမင်းဖျားသည် အင်းဝတွင် နန်းတက်လေ၏။ ပတ္တူးကြီးသံဃရာဇာ အရှင်မြတ်အား မီးသွေးနှင့် အဂ္ဂိရတ်ပစ္စည်းများ လိုလေသေးမရှိ လှူဒါန်းထောက်ပံ့၍ တပည့်အဖြစ် ခံယူလေသည်။

စစ်ကိုင်းတွင် နန်းတည်၍ မသင့်ဟု အဟောထွက်၍ သံဃရာဇာက စပါးကြီးနိမိတ်ကို ဖတ်ကြားသောကြောင့် ဆရာတော်၏ အစီအမံဖြင့် သက္ကရာဇ် ၇၂၆ ခုနှစ်၊ တပေါင်းလဆန်း(၆)ရက် အင်္ဂါနေ့ နက္ခတ်(၂၆)လုံး၊ ဒိနက်နေ့၊ သောကြာ၊ မူဒွဟူး၊ ၌တွင် ကြာသ

www.burmeseclassic.com





◆ ပတ္တူကြီးသံဃာရာမ တည်ထားသော
ဥမင်သုံးထပ်ရှိမှာတော်များအား မှုမြင်ရုံ(ဗျဂ်ဘုရားအတွက်
စာတ်သက်အတော်ကြာပြီးသည့် ရှင်ပဒ်မြတ်သိန်ဦးအတော်မြတ်ကို
တာဝန်ရှိတည်၊ တည်ထားပါစီ)

ရှင်ပဒ်မြတ်သိန်ဦးအတော်နှင့် ကိုယ်လုံးပြည့်ရှုသက်နိုင်ကာလှူနေသော
အမှုဦးလူညာရှင်အတော်ကြီးနှင့်အတူ မှုမြင်ရုံ ◆

ပတေး,စနေ၊ တူဝယ်ရာဟု၊ ကရကင်္ဂ တွင်အင်္ဂါ၊ မကာရ အခုတ်ပြုလျက် ညှဉ့်သုံးဗဟိုအလွန် တူလဂ်ဝယ်၊ ရတနာပူရ ရွှေဝမြို့နှင့် နန်းတော်သစ် စတင်သည်......ဟု **မှန်နန်းရာဇဝင်** တွင် ဖော်ပြထား၏။

သတိုးမင်းဖျားသည် အင်းဝ,ပင်းယ, စစ်ကိုင်း သုံးဌာနကို အုပ်ချုပ်မင်းလုပ် သောအခါ ရဲစွမ်းသတ္တိ တန်ခိုးအာဏာ ဩဇာထက်မြက်လှပေ၏။

ပုဂံပြည်မှ စောမွန်နစ်မင်းကလည်း သစ္စာခံလာ၏။

ရေလွဲငါးခရိုင်ကို ဖျက်ဆီးသော ငနွယ်ကုံးစား ဘယကျော်သူအား ကိုယ်တိုင်ဖမ်းဆီး၍ ကွပ်မျက်ပြီး အလောင်း၏ရင်ဘတ်ပေါ် ပွဲတော်အုပ် တည်ခင်း စားတော်မူသည်။

ရှင်ယောင်ရှင်ပျက် ရဟန်းတု တစ်ဦးကိုလည်း လက်ဖြင့် အသေ သတ်၍ နန်းရင်ပြင်ကြမ်းပေါက်ကို ပစ်ချလေသည်။

အစွမ်းထက်လှ၍ ရဲမက်များ ဖမ်းဆီး မရနိုင်သော စစ်ကိုင်းရေဝန်းရပ်သား သူခိုးကြီးငတက်ဖျားအား လက်ရ ဖမ်းဆီး၍ မင်းမှုထမ်းစေခဲ့သည်။

ဤမျှ ရဲစွမ်းသတ္တိနှင့် ဩဇာ ထက်မြက်ခြင်းကား ပတ္တူကြီးသံဃ ရာဇာ၏ အကူအညီကြောင့်ဟု ဆိုပါ သည်။

## ပတ္တူကြီးမဟာသံဃရာဇာ၏ ထူးခြားချက်များ

၁။ ပိဋကတ်သုံးပုံ၌ ရဲရင့်ခြင်း။
၂။ သီရိသဒ္ဓမ္မသေနာပတိအဖြစ် ထင်ရှားခြင်း။
၃။ ထီးဖြူဆောင်းပုဂ္ဂိုလ်ဖြစ်ခြင်း။
၄။ ပိဋကတ်သုံးပုံအား ကိုးပုံအထိ ရေးကူးခဲ့ သော ဒါယကာဖြစ်ခြင်း။
၅။ စေတီတော်(၄)ဆူ၊
၆။ ကျောင်းတော်ကြီး(၇)ဆောင်၊
၇။ ဂူကြီး(၅)လုံး
၈။ သံဃာတော်များ၏ အကျိုးကို ဆောင်ရွက် ခြင်း။
၉။ အင်္ဂိရတ်ပညာဖြင့် ပေါက်မြောက်ခြင်း၊ ဆေးဝါးပညာတတ်သိခြင်း။
၁၀။ ဝေဒပညာအရာ၌ ဘုရင်များကပင် အားကိုး ကြရခြင်း...

စသော အရည်အချင်းများမှာ သူမတူအောင် ထူးခြားလှပါပေသည်။

ပိုမို၍ ထူးခြားချက်ကား သက်တော် (၁၀၃)နှစ်တိုင်အောင် သာသနာအရေး၊ လောကအရေးတို့အား ကျန်းမာရေး ကောင်းစွာ ဆောင်ရွက်နိုင်ခြင်းကြောင့် ကျောက်စာရုံတွင် **"ရဟန်းဝိဇ္ဇာဓိုရ် ပိတူးကြီးမဟာသံဃရာဇာ ဇီဝက"** ဟူ၍ ဖော်ပြထားပါသည်။

## သံဃာရာဇာဟု ခေါ်တွင်ပုံ


ဝိနည်းမိုရ် ဆရာတော်ကြီးများ ရှောင်ရှားကြသည့် သံဃကိစ္စများကို ကိုယ်စားပြု၍ ဦးမံခံနှံခဲ့ဆောင်ရွက်ခြင်း ပင် ဖြစ်ပါသည်။ သံဃဘဏ္ဍာထိန်း ရဟန်းကြီး ဖြစ်လေ၏။


၁။ ပရိက္ခရာရစ်ပါမှုတစ်ပါး အပိုအသုံးအဆောင်



www.burmeseclassic.com

www.burmeseclassic.com





▲ ရှင်ပင်မြတ်သိန်းဦးစေတီမှ ပြိုပျက်နေပြီ ရုပ်ပွားတော်များ

◀ ရှင်ပင်မြတ်သိန်းဦးစေတီတော်မြတ်၏ အရံစေတီ "ကြက်တူရွေးစေတီတော်"

မယိုမှီးခြင်း၊

၂။ ငွေကြေးအသပြာကို လက်မခံ၊ မယိုမှီးခြင်း၊

၃။ စားစရာရိက္ခာနှင့် ပရိဘောဂများ အသုံးမပြုခြင်း၊

ထိုကဲ့သို့ မြိုးမြိုးချွေတာ ခေါင်းပါးစွာ ကျင့်ကြံအားထုတ်လေ့ရှိသော သူတော်ကောင်းကြီးများ၊ ရဟန်းတော်များအတွက် "ပရဟိတ" ဆောင်ရွက်ခြင်း ဖြစ်လေ၏။

ပဒူရွာတွင် အနေများခြင်း၊ စေတီတော်ကြီးတစ်ဆူ တည်ထားခြင်း၊ ရေကန်တူးခြင်း၊ ကျောင်းတော်ကြီး ကည်ဆောက်ခြင်းကြောင့် "**ပဒူကြီး သံဃရာဇာ**" ဟူ၍ ကျော်ကြားလာခဲ့ခြင်း ဖြစ်လေသည်။

ပိဋကတ်သုံးပုံကို သုံးစုံရေးကူး၍ လှူဒါန်းခြင်း၊ ဥမင်ဘုံးဆယ်ဘုရား၊ မြတ်သိန်းဦးစေတီ၊ ပတ္တမြားစေတီ၊ ပဒူစည်းခုံကြီးစေတီ၊ ဂူတော်ကြီးများနှင့် ကျောင်းတော်ကြီးများ တည်ဆောက်ခြင်း၊ ထီးတင်ခြင်း၊ မွမ်းမံ ပြင်ဆင်ခြင်းများသာမက လိုအပ်ရာ သာသနဌာနများ၌ ရုပ်တုတော်များ ထုလုပ်ခဲ့သည်။

သံဃာတော်၊ ဖိုးသူတော်များ၊ သာမဏေများအတွက် သင်္ဖြုန်း, အိပ်ရာခင်း, ဖိနပ်, ထီး, တောင်ဝှေး, ပဝါ လိုလေသေးမရှိ လှူဒါန်းခြင်း၊

မိမိအား ကူညီဆောင်ရွက်ပေးကြသော သံဃာကြီးများ၊ လူပုဂ္ဂိုလ်များကို အရေးပါလျှင် အရေးပါသလို လုပ်သလောက် ငွေကြေး, မြင်း, နွား, သိုး, ဆိတ်, စပါး စသည် ပေးကမ်းခြင်း၊

ပေစာကူးသူ၊ ကူးပြီးစာကို ကြည့်ရှုပေးသူ၊ စာတည်းဆောင်ရွက်သူ၊ မျဉ်းသားပေးသူများပါမကျန် ချီးမြှင့်ထောက်ပံ့ပါသည်။

ပုဂံပြည် ရွှေစည်းခုံစေတီတော်ကြီး ရွှေသင်္ကန်း ကပ်လှူသောအခါ ဆင်တစ်စီး, မြင်း, နွား, ကျွဲ, ဆိတ်တို့ကိုလည်းကောင်း၊ ရွှေလေးကျပ်သား, ငွေသားလေးဆယ်, ကြေးပိဿာချိန်လေးရာနှင့် တံမြက်လှည်းဖို့ လူတစ်ယောက်တို့ကိုလည်းကောင်း ပေးခဲ့လေ၏။

ထင်ရှားကျော်ကြားသည့် မထေရ်ကြီးလေးပါးအတွက် ဆင်တစ်စီး၊ ဆိတ်တစ်ကောင်၊ ရွှေတစ်ကျပ်သားတို့ လှူခဲ့လေသည်။

စပါးတင်းပေါင်းများစွာ ဝယ်ယူခြင်း၊ မြေယာ, ထန်းပင်များ ဝယ်ယူစိုက်ပျိုးခြင်း၊ ဆင်, မြင်း, ကျွဲ, နွား, သိုး, ဆိတ်များ ဝယ်ယူ၍ အငှားကျောင်းဆိုင်းခြင်းများ ပြုလုပ်ခဲ့လေ၏။

မြေယာဝယ်ယူခြင်းမှာ ဘုရားတည်ရန်၊ အုတ်ဖုတ်ရန်နှင့် ထန်းပင်များမှာ ထန်းလျက်အတွက်၊ အစားအစာ ပရိဘောဂတို့အတွက် ဖြစ်လေသည်။


စစ်ကိုင်း၊ မုံရွာ၊ မုံရွေး၊ မန္တလေး၊ ပဒူ၊ ခက်ခ၊ အုန်းညို၊ မင်းရွာနှင့် အင်းဝ၊ ပင်းယတို့တွင် ကူညီဝယ်ယူ ဈေးဖြတ်ပေးကြသော ပွဲစား နောက်ပါများကိုပါ ချီးမြှင့်လေ့ ရှိပါသည်။

ဤနည်းအားဖြင့် သာသနာ့အကျိုး သံဃာတော်အရှင်မြတ်များ၏အကျိုး တို့ကို မနေမနား လုပ်ကိုင်ခဲ့သည့်




www.burmeseclassic.com

www.burmeseclassic.com



◄ အရုံဗိမ္မာနိုင်ရစေတီတော်၏ အာရုံခံစေတီ



ရှင်ပင်မြတ်သိန်းဦးစေတီတော်၏ အောင်မြေနေရာ ►

**"ရွှေဦးပရဟိတပုဂ္ဂိုလ်ကြီး"** ဖြစ်လေသည်။

ဆရာတော်ကြီးကား စစ်ကိုင်းမင်းဆက်မှ အင်းဝမင်းဆက်အထိ သိမီခဲ့ရပြီး မင်းဆက်ပေါင်း (၁၄)ဆက်တိုင်အောင် သက်တော်(၁၀၃)နှစ်အတွင်း တိုင်းပြည်အကျိုး၊ မင်းများ၊ အမတ်များ၏ အကျိုးပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့သည့် "သာသနာ့အာဇာနည်ကြီး" အဖြစ် မှတ်တမ်းတင်ရပါတော့သည်။

သက္ကရာဇ် ၇၂၆ ခုနှစ်တွင် အင်္ဂရတ်ကိစ္စ ပြီးစီးအောင်မြင်ခဲ့သောအခါ မိမိမှီခိုဆောင်ရွက်ခဲ့သည့် လိုဏ်ဂူကြီးအား အင်္ဂရတ်ပစ္စည်းများ၊ ဆေးတော်ကြီးများကို ဌာပနာပြု၍ တောင့်စောင့်ဘီလူးကြီးတို့ကို မေတ္တာရပ်ခံပြီး ဂူပေါက်ပိတ်လိုက်လေ၏။

ထိုဂူပေါက်ရှေ့တွင် ဆင်းတုတော်တစ်ဆူ ပြုလုပ်၍ ယခုအခါ **"အလိုတော်ပေါက်ဘုရား"**ဟူ၍ အမိဌာန်ပြုပူဇော်ကြသော ဆင်းတုတော်ကြီး ဖြစ်တွန်းနေလေပြီ။ ဆင်းတုတော်ကြီးအား တည်ဆောက်ထားသည့် လိုဏ်ဂူတော်ကြီးမှာ **"ဥမင်သုံးဆယ်ဂူ"**ဟူ၍ ကျော်ကြားလှပေ၏။

ဥမင်သုံးဆယ်ဘုရား လိုဏ်ဂူတော်မှာ ဓာတ်ပစ္စည်းများ ဌာပနာထားသောကြောင့် ဓာတ်ဖက်စေတီတစ်ဆူကိုလည်း မျက်နှာမူရာ တောင်အရပ်ဖြစ်သော ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ တောင်ဘက်မုခ်ဦးရှေ့တွင် နှစ်အတွင်း တစ်ပြိုင်တည်း ထားရှိကိုးကွယ်လေ၏။

ဥမင်သုံးဆယ်ဘုရားမှာ တောင်တော်အမှတ်(၂၂) သမိုင်းဝင်ဖြစ်၍ ပတ္တူးကြီးသံဃရာဇာ ဓာတ်အောင်မြင်ပြီး ရွှေဖြစ်ခဲ့သောကြောင့် **"သုဝဏ္ဏဂီရိတောင်"**ဟူ၍ အမည်တွင်ခဲ့ကြောင်း မှတ်သားရပါသည်။

၎င်းတောင်တော်ထိပ်တွင် **"ရှင်ပင်ငှက်မြတ်နားစေတီ"** တည်ရှိသောကြောင့် ဓာတ်ဖက်စေတီတော်ကိုလည်း **"ရှင်ပင်မြတ်သိန်းဦး"**ဟူ၍ ဘွဲ့အမည်ပေးခဲ့သည်ဟု အချို့သောသုတေသီများက မှတ်ယူကြလေသည်။

ရှင်ပင်မြတ်သိန်းဦး တည်ရှိရာတောင်တော်မှာ **"ရွှေဖားတောင်"**၏ တောင်ဘက်စွန်း ဖြစ်ပါသည်။ သမိုင်းဝင် တောင်တော်အမှတ်(၁၉) ဖြစ်ပါသည်။

**ဓာတ်ဖက်စေတီတော် ဖြစ်သည့်အတိုင်း စစ်ကိုင်းတောင်ရိုးတွင် လျှင်မည်မျှပင် အလှုပ်ကြမ်းသော်လည်း ပြိုကျပျက်စီးခြင်းမရှိသော စေတီတော်ဖြစ်လေသည်မှာ ထူးခြားလှပေ၏။**

မြတ်သိန်းဦး စေတီတော်အား ပတ္တူးကြီးသံဃရာဇာကိုယ်တိုင် ဘုရားရှင်၏ ဓာတ်တော်မွေတော်များ၊ ကြေးနက်ဓာတ်လုံး၊ သွပ်ပြဒါးဓာတ်လုံး၊ နာကိုးပါးဓာတ်လုံးတို့ဖြင့် အောင်ဓာတ်သွင်း ဌာပနာထားကြောင်းလည်း မိမိ၏ ဆရာတော်ကြီးမှ ပြောကြားထားပါ၏။

လွန်ခဲ့သော နှစ်(၆၀)ခန့် သက္ကရာဇ် ၁၃၁၈ ခုနှစ် တစ်ခုသော လဆန်းရက်တွင် ဓာတ်ကိစ္စပြီးစီးသော အဘိုးဘိုးဝေမင်းသည် တပည့်ရင်းများဖြစ်ကြသော အင်္ဂရတ် ဝိဇ္ဇာသနာရှင် ရဲမှူး



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးအောင်သန်းနှင့် နှုတ်ခမ်းမွေး ဦးဘရွှင်တို့ဖြင့် ရောက်ရှိလာကြလေသည်။

ရှင်ပင်မြတ်သိန်းဦး စေတီတွင် အဓိဋ္ဌာန်ဝင် အားထုတ်ကြလေ၏။ အဓိဋ္ဌာန် ပြီးမြောက်သောအခါ နှုတ်ခမ်းမွေး ဦးဘရွှင်မှာ သွပ်ဓာတ်လုံး အောင်မြင်ခဲ့၍ ကျော်ကြားခဲ့လေသည်။


နောင်အခါတွင် ရှင်ပင်မြတ်သိန်းဦး စေတီတော်အား ပွဲကြီးခင်း၍ ဆွမ်း, ပန်း, ရေချမ်း, သစ်သီးမျိုးစုံတို့ဖြင့် ကွယ်လွန်ခါနီး အချိန်တိုင်အောင် ကပ်လှူကြလေသည်။

ဝါဆိုလပြည့် ဆွမ်းဦးပုညရှင် ဘုရားပွဲတော်ရက်တိုင်း စတုဒိသာများဖြင့် ဘုရားဖူးသူများ၊ အာရုံတော်ဝတ် အသင်းများကို ကျွေးမွေးဧည့်ခံကြလေသည်။ ယနေ့တိုင် သားစဉ်မြေးဆက်များက လှူဒါန်း ဒါနပြုလျက် ရှိကြလေ၏။

ဘုရားပွဲတော်အား "စန်းစန်း" စားသောက်ဆိုင်မှ ဦးရဲနောင်+ဒေါ်စမ်းစမ်း မိသားစုတို့မှ နှစ်စဉ် တပို့တွဲလပြည့်နေ့ ရောက်တိုင်း ရှင်ပင်မြတ်သိန်းဦး စေတီတော် ဘုရားပွဲကို ဆက်လက်ဆောင်ရွက် ကုသိုလ်ယူနေလေပြီ။

အချို့သော ပညာရှင်များက ဤစေတီတော်တွင် ဌာပနာသောအခါ ပတ္တူကြီးသံဃရာဇာက သတိုးမင်းဖျား လက်ထက်တွင် ပြုစုရေးသားသော ကျမ်းမြတ်နှစ်ဆူကိုပါ ဌာပနာထားသည်ဟု ယုံကြည်ကြပါသည်။

ထိုကျမ်းနှစ်စောင်မှာ **"လောကဒီပနီကျမ်းနှင့် ဩကာသဒီပနီကျမ်း"** များဖြစ်သည်။ လောကဒီပနီကျမ်းမှာ ရန်ကုန်တက္ကသိုလ် သမိုင်းသုတေသန ဦးစီးဌာန စာကြည့်တိုက်အမှတ် စာစုအမှတ် **"တသသ ၄၈၀" ပေမူအဖြစ်**



▲ ရှင်ပင်မြတ်သိန်းဦးစေတီတော်၏ စိုးပိုင် ပလ္လင်ထက်မှ ဥမင်သုံးဆယ်ဘုရားဆီသို့ ရည်မျှော်နေဟန် ခြင်္သေ့ရုပ်တော်ကြီး

**ယနေ့တိုင် သိမ်းဆည်းထားရှိကြောင်း** မှတ်သားရပါသည်။

ပတ္တူကြီးသံဃရာဇာ ဆရာတော်ကြီးသည် သက်တော်(၁၀၃)နှစ်ရှိသောအခါ ပတ္တမြားစေတီ တောင်တော်တွင် **ထွက်ရပ်ပြုတော်**မူပါသည်။

## ရှင်ပင်မြတ်သိန်းဦးစေတီ၏ပုံဟန်

စေတီတော်၏ ဉာဏ်တော်မှာ (၂၇)ပေ ရှိလေ၏။ သို့အတွက် အတန်ငယ်သေးသည်ဟု ဆိုရပါမည်။ ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ မုခ်ဦးအဝင် ကွမ်းပါးထိပ်တွင် မာတ်ဖက်စေတီအဖြစ် တည်ရှိခြင်းကြောင့် ပို၍ပင် ထူးခြားမှု ဖြစ်နေလေသည်။

ဖိနပ်တော်၏ ပါပထောင့်များတွင် ကေသရာဇာခြင်္သေ့များဖြင့် ဝန်းရံထားခဲ့လေရာ ယခုအခါ ခေတ်ကာလပေါင်း မြောက်မြားလှစွာ ကျော်ဖြတ်လာခဲ့ရပြီး ဖြစ်သောကြောင့် ရှေးခေတ်လက်ရာများ မဟုတ်တော့ပါ။

စေတီတော်၏ ပထမပစ္စယံနှင့် ဒုတိယပစ္စယံတို့အား ထောင့်လေးဌာနတို့၌ ရေတကောင်းပုံ ပဒေသာရွှေပန်းအိုးကြီးများဖြင့် တန်ဆာဆင်ပူဇော်ထားရှိလေရာ ပဒေသာပန်းအိုးကြီး ရှစ်လုံးဖြစ်ပါသည်။

အထက်ဆုံး တတိယပစ္စယံ၌ အမြတ်ရတနာသုံးပါးအား အထူးပြုသောအနေနှင့် ရွှေစေတီ(၄)ဆူတို့ဖြင့် ကြည်ညိုဖွယ် ဖူးမြင်ကြရပေလိမ့်မည်။


စေတီတော်မြတ်၏ ကြာပလ္လင်ထက်ဝယ် ခေါင်းလောင်းရွှေအုပ်ဖြင့် ဆင့်တင်ထားလေ၏။ ခေါင်းလောင်း၏ ခါးစည်းတော်အား အလယ်ဗဟိုချက်၌ ခါးပတ်သဖွယ် ခိုင်ခံ့စွာ စည်းပတ်ထားခြင်းကို တွေ့ရပါလိမ့်မည်။

ရွှေခါးစည်းတော်၏ အထက်



www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်ပင်မြတ်သိန်းဦးစေတီ၏ အင်္ဂါတော်မှ ကျောက်များတွင် ထူးခြားစွာ ရှင်သန်နေသော အဓိရောင်ကိုယ်ရံကြီးကမှန်ပင်

အောက်တွင် ရိုးရှင်းစွာ မြန်မာ့ရိုးရာ ပန်းကနုတ်များဖြင့်သာ ထည့်သွင်း ပူဇော်ထားလေ၏။

ခေါင်းလောင်းတော်၏ အနားရစ်မှ စတင်ပြီး ထုပိကာဦးစွန်း ခရေသီးတိုင် ခေါင်းဆုံးအထိ ရွှေရောင်ဆေးများဖြင့် တပ်လျှုထားရှိပါသည်။

ဘုရားဖူးလာ ခုနစ်နေ့သားသမီးများ အတွက် ကောင်းကျိုးချမ်းသာ လိုရာ ဆန္ဒ ပြည့်စွမ်းသောအားဖြင့် **ရွှေဖောင်း ရစ်(၇)ရစ်ဖြင့်** ဆင့်တင် ခင်းကျင်း ထားလေသည်။

ထုပိကာမှ ကြာခံကြာပွင့်များကို ရွှေဖောင်းတော်၏ ဉာဏ်တော်အမြင့် အတိုင်း တူမျှစွာ ဖန်တီးထားပုံမှာ (၇)ရက်သားသမီးများကို ရင့်ဝယ်သား တဲ့သို့ သဘောထားကြောင်း ပေါ်လွင် လှပေတော့၏။

**ခရေသီး၏အောက်ရှိ ထုပိကာကြားမှ တွင် ထူးခြားသော ဓာတ်လုံးများ ဌာပနာ ထားကြောင်း အပ္ပိရုပ်ပညာရှင်များက ယူဆယုံကြည်ကြလေသည်။**

**အဘဘိုးထေမင်းကလည်း ကြာခံကြာ မှင့်များကို အာရုံဘာ၍ မဝိုတ်မသုန် ရှုကြည့်၍ ထုတောင်ကြည့်သို့ ကောင်း လက်အထောင် ရှိခဲ့ပါသည်။**

ခရေသီး၏အထက် မြင်းမိုရ်ထက် တွင် ရွှေထီးတော်ကို အထွတ်တင် ပူဇော်ထားလေ၏။ ရွှေထီးတော်ကြီး၏ ပုံဟန်မှာ ရှေးအခါက သောတာပန် နတ်မင်းကြီး၏ ဦးသျှောင်ပုံ ဖြစ်သည် ဟု အဆိုရှိပါသည်။

**ဆရာတော်ကြီး ဦးဉတ္တမသိဒ္ဓိကမှ** သတိုးမင်းဖျား နန်းတက်ခါစ အသုံးပြု ခဲ့သည့် "**တိုက်ပွဲအောင် ဦးသျှောင် တော်**"ဖြစ်သည်ဟု အမိန့်ရှိခဲ့ပါ၏။

ယနေ့ ဖူးမြင်ကြရသော ရွှေထီးတော် မှာ ယနေ့ခေတ်လက်ရာ ဖြစ်ပါသည်။

ရှင်ပင်မြတ်သိန်းဦး စေတီတော်ကား စစ်ကိုင်းတောင်ရိုး မြောက်ဘက် မျက်နှာမူရာ ဥမင်သုံးဆယ်စေတီ၏ ဓာတ်ဖက်စေတီဖြစ်ခြင်း၊ ဆွမ်းဦး ပုညရှင်စေတီတော်မြတ်ကြီး၏ ဥပစာ ဖြစ်ခြင်းတို့ကို သိမြင်နိုင်ကြလေ၏။

အရှေ့အရပ်တွင် ဥမင်ကိုးဆယ် စေတီတော်၊ တောင်ဘက်အရပ်တွင် မယ်နု၏ တောင်ဘီလူးစေတီတော်၊ ယုံဖြူစေတီတော်တို့ တည်ရှိလေ သည်။

**စေတီတော်၏ အနောက်ဘက် ချုပ်ထဲတွင် အဘဘိုးဘိုးအောင်၏ စေတီတော်တို့က ဝန်းရံတည်ရှိနေလေရာ အောင်မြေ ဌာန ဖြစ်လေ၏။**

ပတ္တူးကြီးသံဃရာဇာ၏ ဓာတ်ဖက် စေတီဖြစ်သည့်အတွက် ဓာတ်ကိစ္စ အတွက် ဓာတ်သက် ရရှိနိုင်သော စေတီထူး ဖြစ်ပါသည်။

စေတီတော်မှာ **ဝိဇ္ဇာစည်းဖြစ်သော ကြောင့်** ဆွမ်းဦးပုညရှင်စေတီတော် သို့ ဘုရားဖူးရောက်ရှိပါက တစ်ဆက် တည်း ဝင်ရောက်ဖူးမြော် ဆုတောင်း နိုင်ကြမည် ဖြစ်ပါသည်။

**ရှင်ပင်မြတ်သိန်းဦး စေတီတော်ကို အသက်သတ်လွှတ်သွန်း၊ သစ်သီးကိုးမျိုး၊ ဆီမီး၊ ပန်း၊ အလှူတိုင်တို့ဖြင့် အဓိဋ္ဌာန် ပြုနိုင်ကြလေသည်။**

***ဘေးဘယာကင်းကွာ အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

**ကိုးကားစာများ**

- **စစ်ကိုင်းသာသနာဝင်ကျမ်း။**
- **မှန်နန်းရာဇဝင် ပ-တွဲ၊**
- **သာသနာ့လင်္ကာရကျမ်း။**
- **အရှင်စာရိန္ဒ၏ ဥမင်သုံးဆယ် သမိုင်း။**
- **သမြူမြူသောင်း၏ ဘုရားသမိုင်း။**
- **စစ်ကိုင်း နှစ်(၇၀၀)ပြည့် မှတ်တမ်း။**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခု ကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါ တယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညှင်းဆောင်ဆိုသလို တန်ခိုး ရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြွတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့် စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင် ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတနဲ့ဥဏှ ဝိရောဓိပစ္စယ ကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိစီးမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၈၊ ၀၉ ၂၅၀၀၁၅၀၈၅

မြောင်းမြ မောင်ယဉ်တင်



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမြင်းဝန်စေတီတော်ကို သပ္ပိယ်စွာ ဖူးမြင်ရပုံ

ဇော်ကြစ (LL.B)

# ရွှေ (၉)ဆူ အဓိဋ္ဌာန်ခရီး မှ ရွှေမြင်းဝန်

ကျွန်ုပ်သည် အခြေအနေပေးလျှင် ပေးသလို မြန်မာနိုင်ငံအနှံ့အပြား လိုက်သွားရင်း ရွှေ(၉)ဆူ အဓိဋ္ဌာန်ဝင်လေ့ရှိပါသည်။

(၂၀၁၅)ခုနှစ်အတွက် ကျွန်ုပ် ဝင်ရောက်ခဲ့သော ရွှေ(၉)ဆူ အဓိဋ္ဌာန်ခရီးမှာ နေ့ချင်းပေါက်အဓိဋ္ဌာန်ဖြစ်၍ ပိုပြီးထူးခြားပါသည်။ ထိုရွှေ(၉)ဆူမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရွှေတိဂုံစေတီတော် *(ရန်ကုန်မြို့)*
၂။ ရွှေမော်ဓောစေတီတော် *(ပဲခူးမြို့)*
၃။ ရွှေအင်ဒုံစေတီတော် *(ဘီးလင်းမြို့၊ ဒေါက်ရပ်ရွာ)*
၄။ ရွှေဇာရုံစေတီတော် *(သထုံမြို့နယ်၊ ဒုံခန်းရွာ)*
၅။ ရွှေကုံသာစေတီတော် *(သုဝဏ္ဏဝတီမြို့၊ ချောင်းရွာ)*
၆။ ရွှေဇာရုံစေတီတော် *(သထုံမြို့)*
၇။ ရွှေဆံမျှော်ကျွန်းအေးစေတီတော် *(ဘားအံမြို့)*


◆ ရွှေမြင်းဝန်စေတီတော်အဝင်မုခ်ဦးတံခါး






www.burmeseclassic.com

www.burmeseclassic.com





◆ ရွှေမြင်းဝန်စေတီတော် အာရုံခံတန်ဆောင်း တန်ဆောင်းအတွင်းရှိ မယောမြတ်စွာ ကိုယ်ပွားရုပ်ပွားတော် သိမှတ်ဖွယ်ရာများ ဆိုင်းဘုတ် ◆

၈။ ရွှေဆံတော်စေတီတော် ***(ကျုံ့ဒိုးမြို့နယ်၊ ဂျိုင်းရွာ)***

၉။ ရွှေမြင်းဝန်စေတီတော် ***(မြဝတီမြို့)***

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို ဖြတ်သန်းဆက်သွယ်ထားသော မော်တော်ကားလမ်းဘေးအနီးကလေးတွင် ရှိကြသော ရှေးဟောင်းသမိုင်းဝင် စေတီတော်များဖြစ်ကြသည့်အပြင် ထိုဒေသအသီးသီးတွင်လည်း လူသိများ ထင်ရှားသော စေတီတော်များ ဖြစ်ကြပါသည်။

ရန်ကုန်မြို့ နေအိမ်မှ မနက်(၅)နာရီခန့်ထွက်ကာ ရွှေတိဂုံစေတီတော်ကို ပထမဆုံးသွားရောက် ဖူးမြင် အဓိဋ္ဌာန်ဝင်ရသည်။ အဓိဋ္ဌာန်ဝင်ချိန်က ဘာမျှသိပ်မကြာပါ။ ဖွယ်ကူမြန်ဆန်သော အဓိဋ္ဌာန်သာဖြစ်ပါသည်။

စေတီတော်၏ မိမိမွေးနံ အရပ်၊ ထောင့်မှာ အဆင်သင့်ယူဆောင်သွားသော ဖယောင်းတိုင်း(၉)တိုင်ကို တစ်စုတည်း ထွန်းလှူပူဇော်က အောက်ပါ အဓိဋ္ဌာန်ဂါထာတော်ကို (၉)ခေါက်ရွတ်ပွားပူဇော်ခြင်းသာ ဖြစ်ပါသည်။

ဝေရာ ဓံသီယ ဘောဂါစ၊
အန္တာ ဒီဃာ ဘောဂဝါ။
အန္တာ ဘဋ္ဌ ပရိသော၊
ဘဝသော ပိပုထော သိဝံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အန္တာ** | = | အနန်တာ |
| **ဘဋ္ဌ** | = | ဘစ်ဇ |

အနက်

**ဘဝသော–** ယခုဖြစ်ရဘဝမှာ၊ **ဝေရာဓံသီယ ဘောဂါစ–** ရန်သူတို့ မဖျက်ဆီးနိုင်သော စည်းစိမ်ရှိသည့် လည်းကောင်း၊ **အန္တာ ဒီဃာ ဘောဂဝါ –** အဆုံးအပိုင်းအခြားမရှိ မကုန်ခန်းနိုင်သော စည်းစိမ်ရှိသည့် လည်းကောင်း၊ **အန္တာ ဘဋ္ဌ ပရိသော–** အဆုံးအပိုင်းအခြားမရှိသည်ဖြစ်၍ မပြိုကွဲသော ပရိသတ်ရှိသည်လည်းကောင်း၊ **သိဝံ–** ဘေးရန်မသိမ်း ငြိမ်းချမ်းစွာအဖြစ်သို့၊ **ပိပုထော–** ရောက်ရ,ရပါလိုပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***


ဂါထာ(၉)ခေါက် ရွတ်ပြီးသည်နှင့် မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းပြုကာ ခရီးဆက်ရပါသည်။


ထိုနည်းအတိုင်း **ရွှေမော်ဓော၊ ရွှေအင်ဒိန်၊ ရွှေဇာရုံ၊ ရွှေဘုံသာ၊ ရွှေစာရုံ၊ ရွှေရင်မျှော်၊ ရွှေဆံတော်** တို့ကို အစဉ်အတိုင်း ဝင်ရောက် အဓိဋ္ဌာန်ဝင်ခဲ့သည်။

ကျွန်ုပ်၏ နံနက်စာကို ပဲခူးတွင် စားသောက်ပြီး နေ့လယ်စာကို ဘားအံတွင် စားသောက်ပါသည်။

မြဝတီမြို့သို့ ညနေ(၆)နာရီခန့်တွင် ရောက်ရှိသည်။ မြဝတီမြို့ အမှတ်(၉) ရပ်ကွက်၊ ရွှေမြင်းဝန်စေတီတော်မှာ ရွှေ(၉)ဆူအဓိဋ္ဌာန်၏ နောက်ဆုံးအဖြစ်

www.burmeseclassic.com





▲ ရွှေမြင်းဝန်စေတီတော် အာရုံခံတန်ဆောင်း တန်းအတွင်းရှိ ရုပ်ပွားတော်များ

◄ ရွှေမြင်းဝန်စေတီတော်၏ ကမ္ဗည်းကျောက်စာ

အဝိဌာန်အောင်မြင်စွာ ပြီးဆုံးစေပါသည်။

**"ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်"** ဆိုသော ခမ်းနားထည်ဝါသည့် ...ဦးကြီးရှိသည်။ ဉာဏ်တော်အမြင့် (၁၂၃)ပေကျော်သော စေတီတော်ကြီးမှာ ရွှေတိဂုံစေတီတော်ကဲ့သို့ပင် ရွှေ...ရောင် ဝင်းပြောင်နေပါသည်။

(၂)ကေကျော် ကျယ်သော စေတီတော် ပရိဝုဏ်အတွင်းမှာ သာသနိက အဆောက်အအုံ များစွာရှိပါသည်။ ...ရွှေမြင်းဝန်စေတီတော်တွင် အရံစေတီတော်(၅၈)ဆူ၊ ပုထိုးတော်(၁၂)ဆူ ခြေ...တော်ရာပါဒစေတီတော် (၁)ဆူနှင့် ...အောင်မြေစေတီ (၁)ဆူရှိသည်။

...ရုပ်ပွားရုပ်တုမျိုးစုံ များစွာ ရှိသည်။ ...စေတီတော်ကြီး၏ အာရုံခံတန်ဆောင်း ...အတွင်း ပူဇော်ခံထားသော ဗုဒ္ဓရုပ်ပွား ...တော်များမှာ အထူးသပ္ပါယ်လှသည်။

...ပရိဝုဏ်အတွင်းမှာ **ဗောဓိညောင် ...ပင်ကြီး**ကလည်း အရိပ်အာဝါသကောင်းလှသည်။ ဗောဓိပင်အနီးမှာ နဂါးရုံ ဆုတောင်းပြည့်ဘုရားကို ဖူးမြင်ရသည်။ ဘုရားပရိဝုဏ် အနောက်ဘက် ကားလမ်းဘေးတွင် သမိုင်းဝင် မြစ်ဆိပ်ရေကန်ကို တွေ့ရှိရသဖြင့် စိတ်ဝင်စားမိပါသည်။

ရွှေမြင်းဝန် စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ရင်ပြင်တော်မှာ **"ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော် မြတ်ကြီး၏ သိမှတ်ဖွယ်ရာများ"**ဟု ခေါင်းစဉ်တပ်ထားသော အစိမ်းရောင် ဆိုင်းဘုတ်ကြီးတစ်ချပ် တွေ့မြင်ရသည်။

ထို့ပြင် ရွှေမြင်းဝန်စေတီတော်ကြီး၏ သမိုင်းအကျဉ်းကို ဖော်ပြထားသည့် ကမ္ဗည်းကျောက်စာ တစ်ချပ်ကိုလည်း တွေ့ရှိရသဖြင့် လွန်စွာ ကျေနပ်မိပါသည်။

ကိုယ်သိလိုသော အချက်အလက်များကို မည်သူ့ကို မမေးမြန်း မစုံစမ်းရဘဲ လွယ်ကူစွာ သိရှိရခြင်းကြောင့် ဖြစ်ပါသည်။

သိမှတ်ဖွယ်ရာ ဆိုင်းဘုတ်နှင့် ကမ္ဗည်းကျောက်စာတို့ကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ရွှေမြင်းဝန်၏ သမိုင်းအစကို ကျွန်ုပ်လက်လှမ်းမီသမျှ ဖော်ပြပေးပါမည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်မမူမီ နှစ်ပေါင်း(၅၀)ခန့်က ယခုခေတ် မွန်ပြည်နယ်၊ သထုံမြို့မှာ ကရဏ္ဍက တိုင်း၏မြို့တော် သုဘိန္ဒမြို့ဟူ၍ တည်ရှိခဲ့သည်။

ထိုမြို့ကို တည်ထောက် အုပ်ချုပ်မင်းလုပ်ခဲ့သူမှာ **တိဿသဗ္ဗမင်း** ဖြစ်သည်။

ထိုမင်းလက်ထက်တွင် အရှေ့ဘက်ရှိ အာယုဒ္ဓယတိုင်းမှ ဂျွန်း(ခ)ယွန်း လူမျိုးများ ကျူးကျော်ကာ ဝင်ရောက်တိုက်ခိုက်လာသဖြင့် ပြန်လည် ခုခံတိုက်ခိုက်ရာ ချေမှုန်းအနိုင်ရရှိခဲ့သည်။


ထို ကျူးကျော်လာသူတို့အား လိုက်လံတိုက်ခိုက်ရင်း နယ်စွန်နယ်ဖျားရှိ ဒိုးဟ်နတောင်တန်းအထိ ရောက်ရှိပြီး တောင်ကုန်းတစ်ခုပေါ်တွင် စခန်းချကာ အောင်ပွဲခံသည်။

ထို့နောက် ထိုတောင်ကုန်းအနီး တောင်ကြားလမ်းကို ပိတ်ဆို့နိုင်သည့် နေရာတွင် နောင်အခါ ကျူးကျော်သူ




www.burmeseclassic.com

www.burmeseclassic.com



▲ နဂါးရုံဆုတောင်းပြည့်ဘုရားနှင့် မဟာဗောဓိညောင်ပင်



ရွှေမြင်တင်စေတီတော် အနောက်ဘက်ရှိ သမိုင်းဝင်မြစ်ရေကန်

တို့ကို တားဆီးခုခံ တိုက်ခိုက်နိုင်သော အရံတပ်မြို့ တစ်မြို့ တည်ထားပြီး **ဖယမြို့**ဟု သမုတ်ကာ ခေတ္တစံမြန်းသည်။

ထို့နောက် သုဘိန္နမြို့တော်သို့ ပြန်ခါနီးတွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော စစ်သူကြီး ဗျညားအိန္ဒအား မြို့စားမင်းအဖြစ်ခန့်အပ်ကာ တာဝန်ပေးပြီး **"စောဗျညားကူ္ကန္ဒသေနရာဇ"** ဟူသောဘွဲ့ကို အပ်နှင်းခဲ့သည်။

ဖယျမြို့တည်ခုနှစ်မှာ ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်းသက္ကရာဇ်(၈၈)ခုနှစ်ဖြစ်ပေသည်။ ယခုအခါ ကရင်ပြည်နယ် ကော့ကရိတ်မြို့၏ အရှေ့တောင်ဘက်(၃)မိုင်ခန့်အကွာတွင် မြို့ဟောင်းရှိပါသည်။

သက္ကရာဇ် (၁၁၀)ပြည့်နှစ်တွင် တိဿသက္ကမင်း နတ်ရွာစံပြီး သုဘိန္နမြို့တော်တွင် မင်းဆက်ပြတ်ခိုက်၊ စောဗျညားကူ္ကန္ဒသေနရာဇာ မင်းသည် လက်အောက်ခံ မြို့စားမင်းအဖြစ် မနေတော့ဘဲ သီးခြားမင်းပြုခဲ့သည်။

နိုင်ငံတော်ကို **ဖယျဘူမိရဋ္ဌတိုင်း**ဟု သမုတ်၍ မြို့တော်ကို ဒွါရပူရမြို့ဟု သမုတ်သည်။ ထိုအချိန်တွင် သုဘိန္နမြို့မှာလည်း တိဿသက္ကမင်းကြီး၏ ကိတ္တိမမြေးတော်အား တိဿဓမ္မသီဟရာဇာဘွဲ့ဖြင့် မင်းမြှောက်ကာ မြို့တော်ကို **"သုဓမ္မဝတီ"**ဟူ၍ သမုတ်ပါသည်။

စောဗျညားကူ္ကန္ဒသေနရာဇာ မင်းသည် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် အရံတပ်မြို့(၆)မြို့ကို တည်ထောင်ကာ မြို့စားမင်းများ ခန့်ထားပေးခဲ့သည်။

ထိုအရံတပ်မြို့ (၆)မြို့အနက် ဒွါရပူရမြို့တော်၏ အရှေ့ဘက်နယ်စပ်တွင် **"ကွန်ဖရဲပတီ"(ယခု–မြဝတီ)** မြို့မှာ အပါအဝင်ဖြစ်ပြီး မြို့စားမင်းမှာ **"သုမန"**ဖြစ်သည်။

သက္ကရာဇ်(၁၁၁)ခုနှစ်တွင် သုဓမ္မဝတီ(သထုံ)မြို့မှ တိဿဓမ္မသီဟရာဇာမင်း၏ ဖိတ်ကြားချက်အရ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်သည် နောက်ပါရဟန္တာများနှင့်အတူ ကြွချီလာရာ လမ်းခရီးတွင် ကွန်ဖရဲ့ပတီ(မြဝတီ)သို့ ရောက်ရှိသည်။

ထိုစဉ်က ထိုမြို့မှာ အိမ်ခြေ(၅၀၀)ခန့်ရှိသည်။ သုမနမြို့စားမင်းနှင့် မြို့သူမြို့သားတို့က မြတ်စွာဘုရားနှင့် ရဟန္တာတို့အား ဆွမ်းလုပ်ကျွေးကြပြီး ကိုးကွယ်ဆည်းကပ်ရန် တစ်စုံတစ်ရာ ပေးသနားပါရန် တောင်းခံကြသဖြင့် မြတ်စွာဘုရားရှင်က ဆံတော်(၄)ဆူ ချီးမြှင့်တော်မူခဲ့သည်။

မြတ်စွာဘုရားနှင့် ရဟန္တာများလည်း သုဓမ္မဝတီမြို့တော်သို့ ဆက်လက် ခရီးဆက်သွားကြသည်။

သုမနမြို့စားမင်းသည် မြတ်စွာဘုရားရှင် ချီးမြှင့်ခဲ့သော ဆံတော်(၄)ဆူအနက်မှ (၃)ဆူကို ဒွါရပူရမြို့တော်ရှိ စောဗျညားကူ္ကန္ဒသေနရာဇာ မင်းကြီးကို သွားရောက် ဆက်သကာ ဆံတော်(၁)ဆူကို ကွန်ဖရဲ့ပတီ(မြဝတီ)မြို့မှာ ဌာပနာ၍ စေတီတော်တည်ထား ကိုးကွယ်ရန် မင်းကြီး၏ ခွင့်ပြုချက် ရယူပြီးမှ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုစဉ်က စေတီတော်၏ ဘွဲ့အမည်မှာ ကျိုက်ဖရဲ့ပတီ(ကျိုက်မြဝတီ) ဖြစ်သည်။ ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်းသက္ကရာဇ်(၁၁၁)ခုနှစ်မှာ စေတီတော်တည်ထားခဲ့ခြင်းဖြစ်သည်။


ကျိုက်ဖရဲ့ပတီ(မြဝတီ) မြို့စားမင်း သုမန ကွယ်လွန်သောအခါ ယင်း၏သားတော်ကို **"မနုဿရာဇာ"** ဟူသော ဘွဲ့ပေးပြီး မြို့စားအဖြစ် ဆက်လက် ခန့်ထားပေးခဲ့သည်။

ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်း သက္ကရာဇ်(၁၄၈)ခုနှစ်တွင် သက်တော်(၉၀)ရှိပြီဖြစ်သော စောဗျညားကူ္ကန္ဒသေန



www.burmeseclassic.com

www.burmeseclassic.com




ရာဇမင်းကြီး နတ်ရွာစံလေသည်။

ထိုအချိန်တွင် ဒွါရပူရမြို့တော်၌ မင်းဆက်ပြတ်ခိုက် ကြုံသဖြင့် နေတွေ့ာရာဇာမင်းလည်း မြို့ကို အခိုင်အမာတည်ဆောက်ကာ ကွန်ဖရဲ့ပတီ (မြဝတီ)မြို့မှာ သီခြားမင်းပြုခဲ့ပါသည်။

ထိုမင်းလက်ထက်တွင် ဖခင် သုမနမင်းတည်ထားခဲ့သည့် ကျိုက်ဖရဲ့ပတီ (ကျိုက်မြဝတီ)ဘုရားကို ပြန်လည်ပြုပြင်ခဲ့သည်။ ထို့နောက် ကွန်ဖရဲ့ပတီ (မြဝတီ)၏ သမိုင်းကွင်းဆက်ပြတ်သွားသည်။

နယ်နိမိတ်ချင်းကပ်နေသော ယွန်း (ယိုးဒယား)တို့၏ လက်အောက်သို့ ကျရောက်သွားသလား (သို့မဟုတ်) သုဓမ္မဝတီရှိ မွန်ဘုရင်တို့၏ လက်အောက်သို့ ကျရောက်သွားသလား ဆိုသည်ကို မသိရပါ။

ကမ္ပည်းကျောက်စာအရ ဆိုလျှင် မြန်မာသက္ကရာဇ် (၃၆၈)ခုနှစ်တွင် သုဝဏ္ဏဘုမ္မိ(သထုံ)ပြည့်ရှင် မနုဟာမင်းကြီး၏ သမီးတော်တစ်ပါးဖြစ်သော မြစန္ဒီမင်းသမီးလက်ထက်တွင် ပြန်လည် ပြုပြင်ခဲ့သည်ဟု ဖော်ပြထားသဖြင့် မွန်ဘုရင်တို့၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားခြင်း ဖြစ်နိုင်ပြီး မြို့စားအဖြစ် မြစန္ဒီမင်းသမီး ဖြစ်ခဲ့မည်ဟု ယူဆရပါသည်။

ယခု ရွှေမြင်းဝန်ဘုရားကြီး အနောက်ဘက်ရှိ မြစန္ဒီရေကန်မှာ ထိုမင်းသမီးလက်ထက် တူးဖော်ခဲ့ခြင်းဖြစ်မည်ဟု ဆက်စပ် တွေးယူမိပါသည်။

မြန်မာသက္ကရာဇ် (၉၄၂)ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းကြီးလက်ထက်တွင် ထပ်မံ ပြုပြင်ခဲ့သည်။

ထိုကာလမှစ၍ **"ကျိုက်မြဝတီ"** ဘုရားမှာ ရွှေမြင်းဝန်ဘုရားဟု နာမည်ထင်ရှားပြောင်းလဲခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

ထိုမှတစ်ဖန် မြန်မာသက္ကရာဇ် (၁၂၅၇)ခုနှစ်တွင် သစ်ခေါင်းကြီး ဦးတက်ဖောက ရွှေမြင်းဝန်စေတီတော်ကြီးကို ပြုပြင်မွမ်းမံခဲ့သည်။

မြန်မာသက္ကရာဇ် (၁၃၅၇)နှင့် (၁၃၆၄)ခုနှစ်တို့မှာ သာမညတောင်ဆရာတော်ဘဒ္ဒန္တဝိနယအား အမှူးထား၍ ဘက်စုံမွမ်းမံ ပြုပြင်ခြင်းများ ဆောက်ရွက်ခဲ့သလိုနောက်ပိုင်းကာလများတွင်လည်း မြဝတီဒေသမှ အုပ်ချုပ်သူများ ဆရာတော်ကြီးများနှင့် မြို့သူမြို့သား အလှူရှင်အများ ကောင်းမှုဖြင့် အကြိမ်ကြိမ် ပြုပြင်မွမ်းမံမှုများ ပြုခဲ့ကြောင်း ကမ္ပည်းကျောက်စာအရ သိရှိရပါသည်။

စာဖတ်သူများအနေဖြင့် အခြေအနေပေးလျှင် ရွှေတိဂုံစေတီတော်မှ ရွှေမြင်းဝန်စေတီတော်အထိ ရွှေ(၉)ဆူ အဓိဋ္ဌာန်အား ဝင်ရောက်နိုင်စေရန် လမ်းညွှန်ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

ရုံးပိတ်ရက်တွင် သွားလိုပါက စနေနေ့မနက်သွားပြီး မြဝတီမြို့တွင် တစ်ညအိပ်ကာ နောက်တစ်နေ့မနက် စောစော ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ဝန်းကျင်ရှိ ဝမ်းစကင်းခြေတော်ရာ၊ ရွှေကျောင်းတော်၊ သံလိုက်တောင်ကုန်း၊ နဂါးဘုရားဂူ၊ ဖဝေါ်ဘိုးဘိုးကြီးနန်း၊ မဲ့ကာဆာရေတံခွန်၊ မဲ့ကာဆာရေပူအပန်းဖြေစခန်း၊ ဖုတ်ဖမြို့မှ ဖားကျလိန်းရေတံခွန်ကြီးစသည်တို့မှ မိမိတို့ သွားလိုရာကို သွားရောက်လည်ပတ်ပြီး မွန်းလွဲပိုင်း ပြန်လာလျှင် ရန်ကုန်မြို့သို့ ည(၁၁)နာရီခန့်မှာ ပြန်ရောက်နိုင်ပါသည်။

ကိုယ်ပိုင်မော်တော်ကားဖြင့် သွားရောက် အဓိဋ္ဌာန်ဝင်လိုသူများအတွက် အဆင်ပြေပါလိမ့်မည်။

*(စေတနာမှန်လျှင် ကံကောင်းမည်)*

**အောင်စေ** *(LL.B)*



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်လိုက်ခံရခြင်း နှင့်

ချမ်းအိုင်

## ကျောက်မိုးကြိုးသွား ဆေးအသုံး

တစ်နေ့တွင် ကျွန်ုပ် တာဝန်ထမ်းဆောင်လျက်ရှိသော ပန်းတောင်းမြို့နယ်၊ ဆင်တဲအလုပ်ရုံမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်လှဲလှဲက ကျွန်ုပ်ထံတွင် ကျောက်မိုးကြိုးသွားရှိက ခေတ္တငှားပေးပါရန် လာပြီး ပြောပါသည်။

ထိုအခါ ကျွန်ုပ်က ဗဟုသုတရှာမိုးလို၍...

'ဘယ်နေရာမှာ အသုံးပြုချင်တာလဲ'

ဟု မေးရာ ဒေါ်လှဲလှဲက...

'မနေ့က ကျွန်မရဲ့ ဘယ်ဘက်လက်မှာ လျှပ်စစ်ဓာတ်လိုက်မိလို့ အဲဒီလက်တစ်ချောင်းလုံး အခုထိ ထုံကျဉ်နေတယ်။ အဲဒါကို သွေးပြီး လိမ်းချင်လို့ပါ'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က...

'ကျုပ်လဲ အဲဒါမျိုး လျှပ်စစ်ဓာတ်လိုက်တာ လေး,ငါးခါမက ခံရဖူးပါတယ်ဗျာ။ ဒီလိုမျိုးကြီးတော့ ထုံကျဉ်ပြီး မကျန်ခဲ့ပါဘူး'

ဟု ပြောလိုက်သောအခါ ဒေါ်လှဲလှဲက...

'အဲဒါတော့ မပြောတတ်ပါဘူးရှင်၊ လူတစ်ယောက်နဲ့တစ်ယောက် ကိုယ်ခံအားချင်း မတူတာလဲ ပါနိုင်သလို၊ ရောဂါအခံ ရှိနေလို့လဲ ဖြစ်နိုင်ပါတယ်။

ကျွန်မလဲ အဲဒီကိစ္စတွေကို ရှင်းပြနိုင်လောက်တဲ့ အနေအထားမျိုး မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ထုံကျဉ်ပြီး ကျန်ခဲ့တာ အမှန်ပါပဲ'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က...


'ဒီလိုမျိုးထုံကျဉ်ပြီး ကျန်ရစ်ခဲ့ရင် ဒီလိုမိုးကြိုးသွားနဲ့သွေးပြီး လိမ်းရတယ်လို့ ဘယ်သူကများ လမ်းညွှန်လိုက်သလဲဗျာ'

ဟု ပြောလိုက်ရာ ဒေါ်လှဲလှဲက...

'ဒုက္ခပါပဲရှင်၊ ကဲ... ရှိရင်လဲ ငှားပေးပါ။ မရှိရင်လဲ မငှားနဲ့တော့ ပြန်မယ်'

ဟု ပြောပြီး ပြန်သွားတော့မည်ပြုစဉ်...

'ပြန်မသွားပါနဲ့ဦးဗျာ၊ ကျုပ်ဆီမှာ ရှိလဲရှိပါတယ်။ ငှားလဲငှားပေးပါ့မယ်။ ကျုပ်က ဗဟုသုတအဖြစ် မေးကြည့်တာပါ'



ဟု ပြောလိုက်သောအခါမှ ဒေါ်လှဲလှဲက...

'ဒီလိုလား ဒါဆိုလဲ ပြောပြခဲ့ပါမယ်။ ကျွန်မရဲ့ ပထမဆုံး အတွေ့အကြုံက ညောင်ခြေထောက်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွန်မရဲ့ အစ်မ ဓာတ်လိုက်ခံရစဉ်အခါကပေါ့။

သူ့ရဲ့ ညာဘက်လက်မှာ ဓာတ်အလိုက်ခံရတယ်ဆိုရင်ပဲ၊ ညာဘက်လက်တစ်ချောင်းလုံး ထုံကျဉ်ပြီး ကျန်ခဲ့တဲ့အပြင် နှလုံးတွေပါ ရောင်တက်လာသလား မဆိုနိုင်ပါဘူး။ ဘယ်ဘက် အခြမ်းမှာရှိတဲ့ ရင်အုံကြီး တစ်ခုလုံးဟာ ရောင်ကိုင်းမို့မောက်လာတော့တာပဲတဲ့။

အသက်ရှူရတာလဲ ကပ်လာတယ်လို့ ဆိုတယ်။ အဲဒါနဲ့ ပြည်ဘက်ကမ်းမှာရှိတဲ့ ပါရဂူတစ်ဦးရဲ့ ဆေးခန်းမှာ သွားပြရတာပေါ့။ အောက်စီဂျင်တွေ ပေးရတဲ့အထိလို့ ဆိုတယ်။ အဲဒီဆေးခန်းမှာ တစ်ရက်နေပြီး ဆေးတစ်လစာနဲ့အတူ ပြန်ခဲ့ရတယ်တဲ့။

အိမ်ရောက်ပြီး ပါရဂူပေးလိုက်တဲ့ ဆေးကိုလဲ ဆက်ပြီး သောက်လာတာပေါ့။ ဒါပေမယ့် သိပ်ပြီး မသက်သာလှပါဘူး။

ဒီအခါ ကျွန်မကို လှမ်းပြီးအကြောင်းကြားတော့ ကျွန်မလဲ သူ့ဆီရောက်သွားရတာပေါ့။ ကျွန်မကတော့ ဆေးမကုတတ်ပါဘူး။ သူ့အတွက် လိုအပ်တဲ့ အခြားဝေယျာဝစ္စတွေကိုပဲ လုပ်ပေးရတာပါ။

ဘယ်ဘက်အခြမ်းမှာရှိတဲ့ သူ့ရဲ့ ရင်ဘတ်ကြီးဟာ ရောင်ကိုင်းနေတော့ သူ့ရဲ့ လက်နှစ်ဖက်စလုံးကလဲ သိပ်ပြီး လှုပ်ရှားလို့ မရဘူး။ ပက်လက်ကုလားထိုင်ပေါ်မှာ လက်နှစ်ချောင်းကို နောက်ပစ်ပြီး ထိုင်နေရတယ်လေ။

အဲဒီနေ့မှာပဲ မိတ္ထီလာဘက်မှာရှိတဲ့ ကျွန်မတို့ရဲ့ တစ်ဝမ်းကွဲ အစ်ကိုဖြစ်သူ ကိုရင်လှလဲ ရောက်လာတယ်။ သူ့ကိုလဲ လှမ်းပြီး အကြောင်းကြားထားလို့ ရောက်လာခဲ့ရခြင်းပါ။ သူက ဗိန္ဒောဆေးဆရာပါ။

ရောက်လာတာနဲ့ သူ့သိက အသင့်



www.burmeseclassic.com

www.burmeseclassic.com

ပါလာတဲ့ ကျောက်မိုးကြိုးသွားကို ကျောက်ပျဉ်မှာ ရည်ကျဲကျဲလေး သွေးပြီး ထုံကျဉ်နေတဲ့လက်မှာရော၊ ရောင်ကိုင်းမို့မောက်လာတဲ့ ရင်ဘတ်မှာပါ တစ်ခါပဲ လိမ်းလိုက်ရတယ်။ တဖြည်းဖြည်းနဲ့ အရောင်ကျပြီး ထုံကျဉ်မှုဝေဒနာတွေပါ ပျောက်ကင်းသွားတော့တယ်။

***ကျွန်မတို့အစ်ကိုက ဗိဿာသေးသေးရာ ဆိုတော့ သူတို့ဘက်မှာလဲ အဲဒီလိုမျိုး ဖြစ်လေ့ဖြစ်ထရှိတဲ့ သူတွေကို ဒီနည်းနဲ့ပဲ ကုသခဲ့တယ်လို့ ဆိုတယ်။***

နောက်ပြီး ကျွန်မတို့ကိုလဲ ဗဟုသုတအဖြစ် ပြောပြခဲ့ပါသေးတယ်။ အချို့လူတွေ ဓာတ်လိုက်ခံရပြီး ဓာတ်တိုင်ပေါ်က ပြုတ်ကျခဲ့သူဆိုပါတော့ ဒီအခါ လူနာက သတိလစ်နေမယ်။

အဲဒီလိုဖြစ်နေရင် ကျောက်မိုးကြိုးသွားကို ကျောက်ပျဉ်မှာ ပျစ်ပျစ်ကလေးသွေးပြီး ရလာတဲ့ဆေးရည်နဲ့ သတိမေ့နေတဲ့ သူ့ရဲ့လျှာကို ဆွဲထုတ်ပြီး လျှာပေါ်မှာတင်၊ လက်နဲ့ ခပ်နာနာလေးဖိပြီး ပွတ်ဆွဲပေးရမယ်။

နှစ်ခါ၊သုံးခါလောက် သွေးပြီး လျှာပေါ်မှာ ပွတ်ဆွဲပေးပေးလိုက်ရင် သတိပြန်ရလာတာကို တွေ့ရမယ်။ အဲဒီအခါ အခြေအနေကြည့်ပြီး လိုအပ်ရင် ဆေးရုံ့ဆေးခန်းတွေကို ပို့ပေါ့။ ဒါက အရေးပေါ် အခြေအနေမှာ ကုသဖို့ ပြောတာပါ။

ထုံကျဉ်ပြီး ကျန်ခဲ့မယ်ဆိုရင်လဲ ခုနင်က ပြောခဲ့တဲ့အတိုင်း အရည်ခပ်ကျဲကျဲနဲ့သွေးပြီး လိမ်းသွားရမယ်လို့ မှာခဲ့ပါတယ်။

နောက်တစ်ခု အတွေ့အကြုံက ကျွန်မတို့ အိမ်နီးချင်းဖြစ်တဲ့ မရင်မြဆိုရင်လဲ မီးပူတိုက်ရင်းနဲ့ ဓာတ်လိုက်ဖူးတယ်။ သူလဲ ဒီကျောက်မိုးကြိုးသွားနဲ့ပဲ သွေးပြီး လိမ်းခဲ့တာ တစ်ခါပဲ လိမ်းရတယ်။

ကျွန်မကတော့ အခုနဲ့ပါဆိုရင် သုံးကြိမ်မြောက် ဓာတ်လိုက်ခံရခြင်းပါပဲ။ အရင်(၂)ခါ ဓာတ်လိုက်ခံရတုန်းက အခုလိုပဲ ထုံကျဉ်ပြီး ကျန်ခဲ့တာပါ။ အဲဒါ ဒေါ်ခင်ဌေးတို့အိမ်မှာရှိတဲ့ ကျောက်မိုးကြိုးသွားကိုယူပြီး သွေးလိမ်းလိုက်တာ တစ်ခါပဲ လိမ်းရတယ်။ ရောဂါက သက်သာသွားရော ဆိုပါတော့။ အခုတော့ သူတို့လဲ ခွင့်ယူပြီး ရန်ကုန်သွားကြတယ်။

အိမ်မှာလဲ အစောင့်မရှိတော့ အခက်တွေ့နေရပြီ၊ ဒါကြောင့် ရှိတယ်ဆိုရင် အမြန်သာ ငှားပေးပါတော့၊ အိမ်မှာလဲ လုပ်စရာတွေက ရှိသေးတယ်'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က အိမ်တွင်ရှိသော ကျောက်မိုးကြိုးသွားအား ငှားပေးလိုက်ရာ ဒေါ်လှဲ့လှဲ့က...

'ကျေးဇူးပဲ'

ဟု ပြောပြီး ပြန်သွားပါတော့သည်။

နောက်တစ်နေ့ အလုပ်ရုံသို့ ရောက်သောအခါ ဒေါ်လှဲ့လှဲ့က ကျွန်ုပ်ထံသို့ ရောက်လာပြီး ဒုတိယအကြိမ် "ကျေးဇူးပဲ"ဟု ပြောကာ ငှားသွားသော ကျောက်မိုးကြိုးသွားအား ပြန်၍ လာပေးပါတော့သည်။

ကျွန်ုပ်က သူ့အား ဝေဒနာတွေ ပျောက်ကင်းသွားပြီလားဟု မေးလိုက်ရာ သူက...

'မပျောက်ကင်းသေးဘဲ ပြန်လာပေးပါ့မလား'

ထိုအခါ ကျွန်ုပ်က ၊ သူ့ထက် ဦးအောင်...

'ကျေးဇူးပဲ'

**ချစ်ဆိုင်**


စာရှုသူ...သုတေသီ...

ပညာရှင်တို့ခင်ဗျာ...

၂၀၁၇ခုနှစ်

ဇူလိုင်လထုတ်သည်

နက္ခတ္တရောင်ခြည်

မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်

အမှတ်တရ

အထူးထုတ်လ

ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၀၉-(ဧမြည်)

၂၉-လမ်း(အထက်)

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၇၆၃၄၉၇၈၅

၀၉-၉၆၈၀၀၄၃၅၂




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇွန်လ

# လာဘ်လာဘ

ရှင်လန်းကြပါစေ



ဇွန်လတွင် ငွေကြေးလာဘ်လာဘ ရှင်လန်း၍ ငွေကြေးသောကများ ကင်းကွာကြစေရန် အောက်ပါအတိုင်း ယတြာပြုလုပ်နိုင်ကြပါသည်။

◎ **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**တို့ အောင်သပြေ(၅)ခက်၊ အုန်းလက်(၅)ရွက်နှင့် တံခွန်(၁၀)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် ပေါက်ပန်းဖြူ(၃)ညွှန့်၊ ဥသျှစ်(၃)ညွှန့်၊ ဆီး(ဖီး)ညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ဩဇာညွှန့်(၈)ညွှန့်၊ ခရေ(၈)ညွှန့်၊ သီဟိုဠ်ညွှန့်(၈)ညွှန့်နှင့် ဖယောင်းတိုင် (၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ခရေ(၆)ညွှန့်၊ အောင်သပြေ(၆)ညွှန့်၊ ဆီး(ဖီး)ညွှန့်(၆)ညွှန့်နှင့် ဆွမ်းထမင်း(၈)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် အများကိုးကွယ်သော စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ဥသျှစ်ညွှန့်(၂)ညွှန့်၊ စွယ်တော်ညွှန့်(၂)ညွှန့်၊ ကံ့ကော်ညွှန့်(၂)ညွှန့်နှင့် တံခွန်(၃)ခုတို့ကို စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **ကန်ရာသီဖွား(ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ကံ့ကော်(၁)ညွှန့်၊ ဩဇာ(၁)ညွှန့်၊ အုန်းလက်(၁)ရွက်နှင့် သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက်အတွင်းမွေးသူ)**တို့သည် အုန်းလက်(၄)ရွက်၊ ကွမ်းရွက်(၄)ရွက်၊ ခရေညွှန့်(၄)ညွှန့်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီပုထိုးတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ရွှက်လှ(၆)ညွှန့်၊ အောင်သပြေ(၆)ခက်၊ သီဟိုဠ်ညွှန့်(၆)ညွှန့်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးသူ)**တို့သည် သီဟိုဠ်(၃)ညွှန့်၊ ကေရာဇ်ညွှန့်(၃)ညွှန့်၊ ဆီး(ဖီး)ညွှန့်(၃)ညွှန့်နှင့် တံခွန်(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)**တို့သည် ဩဇာ(၉)ညွှန့်၊ ရွှက်လှ(၉)ညွှန့်၊ အောင်သပြေ(၉)ခက်နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

◎ **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မွေးသူ)**တို့သည် ပေါက်ပေါက်(၇)ပန်းကန်၊ ဥသျှစ်ညွှန့်(၇)ညွှန့်၊ စွယ်တော်ညွှန့်(၇)ညွှန့်နှင့် ဖယောင်းတိုင် (၉)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် စွယ်တော်(၁၀)ညွှန့်၊ အုန်းလက်(၁၀)ရွက်၊ ပိတောက်(၁၀)ညွှန့်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

ရရန်ရှိသော ငွေကြေးလာဘ်လာဘများ အဆင်ပြေသွက်လက်စွာ ဝင်ရောက်လာပါလိမ့်မည်။

**လာဘ်လာဘပြည့်ဝကြပါစေ။**

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

ကန့်ဘလူနယ်မြေ မှ

# ဦးမော့လာသော ရသေ့တောင် (၂)

ဖိုးလှသန်း
(ကန့်ဘလူ)



◆ ရသေ့တောင်ထိပ်မှ ဘုရားတောင်ရှုမြင်ကွင်း

**ယခင်လမှ အဆက်**

**ရသေ့ကြီး ။ ။** 'ရပါတယ်၊ ကျုပ် သိသလောက် နိုင်သလောက် ပြောပြပေးပါ့မယ်၊ ဖြေပေးပါ့မယ်။ အမှန်တော့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတို့၊ လောကုတ္တရာစာတွေ ရေးနေတဲ့ ဦးသန်းဖေတို့ဆိုတာ တစ်ဖက်က ကျုပ်တို့နဲ့ လက်တွဲပြီး စာပေဒါနနဲ့ သာသနာပြုနေကြတဲ့ ဘာသာရေးအရံ အင်အားတွေပါ။

ဦးသန်းဖေရဲ့ စာတစ်ပုဒ်က ကျုပ်တို့ ဥမင်တောင် သာသနာရေးပေါ် အထောက်အပံ့တစ်ခု ဖြစ်စေခဲ့ပါတယ်။ "နှုတ်တစ်ရာ စာတစ်လုံး"၊ "သတင်းစာတ်ပုံကားတစ်ချပ် စာလုံးတစ်သောင်း" ဆိုသလိုပေါ့ဗျာ။

အဲဒီ စာကြောင့် ဓာတ်ပုံတွေကြောင့် ခုန်နီးရပ်ဝေးက လူတွေ ဥမင်တောင်ကို ပိုသိလာတယ်လို့ ပြောပါရစေ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ဦးသန်းဖေ တို့ကို ကျေးဇူးတင်ပါတယ်'

**စာရေးသူ ။ ။** 'ဒီ ဥမင်တောင်ပေါ်မှာ စေတီပေါင်း ဘယ်နှဆူ တည်ပြီး သွားပြီလဲ ဘုရား'

**ရသေ့ကြီး ။ ။** 'နှစ်ဆယ့်ငါးဆူ တိတိ တည်ပြီးသွားပြီ၊ အရင် တစ်ခေါက် ဦးသန်းဖေနဲ့ ဦးဘချုပ်တို့ လာစဉ်က **"ရွှေအောင်တော်မူ ရွှေအေး စေတီဘုရားတစ်ဆူ"**ပဲ ရှိသေးတာ။

အဲဒီအချိန်က ကျုပ် ဥမင်တောင် ထိပ်ကို သော့ခတ်ပြီး ချိပ်ပိတ်ထားချိန် ပေါ့။ နောက်ပိုင်း ဥမင်တောင်တံခါး ဖွင့်ပေးလိုက်တယ်။ ကျုပ်လူတွေ နဲ့ ကြိုးစားချိတ်ဆက်ပြီး ပေါင်းစည်း လိုက်တာနဲ့ ဘုရားဒကာတွေ အလျှို အလျှို ဒီတောင်ပေါ် ရောက်လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး ခွန်းစာသောင်ပေါ်မှ ဂူက်ထွာတော်မိုးတည်းမှ
အထက်တွင် ဖီးကြမ်း၊ အောက်တွင် ကသဲ ငှက်ပျောဖီး
ဖီးကြမ်းက ပါတ်မှုည့်နေကာ ကသဲက အစိမ်းရောင်မပျက်
ရှိသေးသည်။ သင်္ကြီးခွန်း ကင်လှူထားမှု



ရသေ့ကြီး ''ဦးသီတာရာဇာ''

ပါပဲ'

**ဓာတ်ရေးဆွေ ။ ။** 'အရင်က လူပရိသတ် ကိုအဝေးက ကင်းကင်း လွတ်လွတ် ရှောင်ရှားနေခဲ့တဲ့ အရှင်ဘုရား။ ခုတော့ လူတွေနဲ့ ဘယ်လိုလုပ်ပြန်ပေါင်းထုပ်လိုက်ပါသလဲ ဘုရား'

**ရစချေကြီး ။ ။** 'ကျုပ် ရသေ့ဝတ်စ တရားစဉ် နုတုန်း ကတော့ လူတွေနဲ့ မတွေ့ချင်ဘူး။ လူတွေပေါ် အခြောက်တိုက် ခါးသီးပြီး ကြောက်သလို လန့်သလို ဖြစ်နေခဲ့တယ်။

နှစ်ကလေးတွေရဲ တရားစဉ် အရှိန်လေးတွေ တက်လာ,ရင့်လာတော့ မှန်ကန်တဲ့ စိတ်ကူးစိတ်သန်းလေးတွေ မျက်စိထဲ ပေါ်ပေါက်လာတယ်။ အတွေးကောင်းလေးတွေလဲ ခေါင်းထဲ ဝင်;ဝင်လာတယ်ဗျ။

ငါတစ်ကိုယ်တည်း လွတ်ရာကျွတ်ရာ ဒေသတစ်ခုမှာ ပတ်ဝန်းကျင်နဲ့ အဆက်ဖြတ်တောမှိုက်ဂူအောင်းပြီး စရဏတရားကျင့်စဉ်တွေ တောင်ပြိုကမ်းပြို နေ့မအား ညမအား တစ်စိုက်မတ်မတ် ကျင့်ကြံအားထုတ်နေတာဟာ ငါ့တစ်ခုတည်း။ ငါတစ်ယောက်တည်း ဒီသံသရာက လွတ်မြောက်ရေးဖြစ်တယ်။ အများအတွက် ဖြစ်မလာဘူး။ အများ ပါမလာဘူးလို့ မေ့မိဒ္ဒါန်ကျကျ နှလုံးသားစိတ်သန္တာန်မှာ ထင်လာတယ်။

သာသနာပြုတဲ့နေရာမှာ တစ်ဦးတစ်ယောက်အကျိုး ရှေးရှုပြီး အတ္တဆန်နေလို့ မကောင်းဘူးဆိုတဲ့ အသိတစ်ချက် ခေါင်းထဲဝင်လိုက်တာနဲ့ ကျုပ်ဂူအပြင် ထွက်လာတယ်။ ပြီးတော့ ဥမင်တောင်တံခါးကို အပြီးဖွင့်ပေးလိုက်တယ်။

ဒီမှာပဲ အများနဲ့ လုပ်ယူရမယ့်၊ အများအကျိုးရှိမယ့် ဥမင်တောင်သာသနာ့ရေး လမ်းကြောင်းပေါ် ငါစွဲလေးတွေ ဖြုတ်ပြီး ခြေချခဲ့ပါတယ်။ ပရဟိတဘက် တစ်လှည့် ဘက်ပြောင်းပြီး သဗ္ဗေသတ္တာဝေနေယျာတွေရဲ့ မျက်နှာကို ကြည့်ခဲ့ပါတယ်'

**ဓာတ်ရေးဆွေ ။ ။** 'လမ်းကြောင်းမှန်ပေါ် အရှင်ဘုရား ခြေချ လိုက်တာပါပဲ ဘုရား'

**ရစချေကြီး ။ ။** 'ကြုံကြိုက် တိုက်ဆိုင်လို့ ပြောရဦးမယ်။ မန္တလေးတောင်ကို မွေ့ရာပေးပေးခဲ့တဲ့

www.burmeseclassic.com





◄ တရားရှုနှင့် ရသေ့ကျောင်းသို့
လိုက်ပို့ပေးသော မောင်မျိုး(စ)အောင်လှိုင်မျိုး
◄ စံပိုယ်နှုံးသာ-ကန့်ဘလူ-ကျွန်းလှလမ်း

ဦးခန္တီရသေ့ကြီးကိုကြည့်၊ ရသေ့ကြီးလဲ အစပိုင်းတော့ လူတွေနဲ့ ခပ်ရှောင်ရှောင် နေလာခဲ့ပုံ ရတယ်။

တရားအကျင့်တွေ ရင့်မှည့်လာချိန်မှာ လူတွေနဲ့ ရောထွေးယှက်တင် ဖြစ်ပေါင်းပြီး မန္တလေးတောင် သာသနာပြုစခန်းကြီးကို ကမ္ဘာက သိအောင် ထူထောင်ပေးခဲ့နိုင်တယ်။

မန္တလေးတောင်နဲ့စာရင် ဥမင်တောင်က ဖီး(ဆီး)ကင်းလောက်ပါ။ ဒါပေမယ့် ဘယ်ဟာမဆို လုပ်ယူရင် ရပါတယ်'

**စာရေးသူ ။ ။** 'စကားမစပ် လမ်းကိစ္စကရော ဘုရား'

**ရသေ့ကြီး ။ ။** 'ရေဝင် ရေထွက် ကောင်းတဲ့ဥမင်တောင် ကျောက်လမ်းမှာ ကတ္တရာ ထပ်ပိုးလွှာခင်းလို့ မရဘူး၊ ရေရှည်ခံမှာ မဟုတ်ဘူး။

ကျောက်,ကျောက်ချင်း ထပ်မယ့် ချိုက်ခံ ရေရှည်ခံ ကွန်ကရစ်ပဲ လုပ်ဖို့ လမ်းကုသိုလ်ရှင်တွေကို တိုက်တွန်းထားတယ်'

**စာရေးသူ ။ ။** 'လျှပ်စစ်မီး ကိစ္စကရော ဘုရား'

**ရသေ့ကြီး ။ ။** 'လူတွေက (၂၄)နာရီ မီးထိလုပ်ဖို့ ကျုပ်ကွယ်ရာမှာ တီးတိုးတီးတိုး ပြောနေကြတယ်။

ကျုပ်ကတော့ လက်ရှိ မီးစက်လေးနဲ့ ဘုရားတွေဘက်ရော၊ ဂူတွေဘက်ရော ခုချိန်မှာ ခေါင်းဝင်ကိုယ်ဆံ့ ဖြစ်နေသေးတာပဲ။ (၂၄)နာရီ မလုပ်စေချင်သေးဘူး။ နောက်တော့ တစ်မျိုးပေါ့။

အမိကနဲ့ သာမည ခွဲပြီး လမ်းကို အမိကနေရာ ထားပေးဖို့ ပြော,ပြောနေရတယ်'

**စာရေးသူ ။ ။** 'အရှင်ဘုရားရဲ့ ရသေ့တောင် ဘာသာရေး လမ်းကြောင်းက ဦးမော့လာခဲ့ပါပြီ။ ရှေ့ဆက်မယ့် ခရီးလမ်းများရှိရင် မိန့်ပါဦးဘုရား'

**ရသေ့ကြီး ။ ။** 'ခုမှ စလုံးရေစ ရှိပါသေးတယ်။ ဒီတောင်ပေါ်မှာ လုပ်စရာတွေ အများကြီး ကျန်သေးတယ်။ ဘုရားတွေ ဆက်တည်စရာ ရှိသေးတယ်။


အတိတ်ပဋ္ဌာန်းဆက်နဲ့ လာခဲ့တော့ ဒီတောင်ရဲ့ ရှေ့ခရီးပေါ် ကျုပ် နည်းနည်းတော့ ကြိုသိထားနှင့်တယ်။ လက်တွေ့မပါသေးလို့ ဒီထက် ပိုမပြောသင့်သေးဘူးပေါ့'

**စာရေးသူ ။ ။** 'သားရဲ တိရစ္ဆာန်တွေနဲ့ တောတောင် အနေအထားလဲ အမိန့်ရှိပါဦး ဘုရား'


**ရသေ့ကြီး ။ ။** 'တောကတော့ အနေအထားမပျက် သေးမဲ့ တောင်လေးလိုဖြစ်နေခဲ့ပါပဲ။ ဦးသန်းဖေ မြင်ခဲ့တဲ့ လမ်းတစ်လျှောက်မှာ ကျုပ်တောအပြုပ်ပတ်လည်က ဘာမှ ရှိမကျန်ကြတော့ဘူး။ ဒီတောလေးသာ ကွက်ကျန်နေတာ။

ကျုပ် ဒီရောက်တာ (၃၁)နှစ် တင်းတင်း ရှိသွားပြီ။ ရောက်စ အတူနေလာကြတဲ့ အကောင်ကြီးတွေက ရေကြည် မြက်နုရာ စားကျက်,စားကျင်း ရွက်ရှာ

ဥမင်တောင်(သို့မဟုတ်)ရေသွတောင် လမ်းပြမြေပုံအညွှန်း




[မှတ်ချက် ။ ။ ပထမခေါက်ထမ်း ≈စံပါယ်နံ့သာ(၁၀-မိုင်)ထွဲဆိပ်+(၆-မိုင်)တောဝင်လမ်း=၁၆မိုင်ခေါင်း
ဒုတိယခေါက်ထမ်း ≈စံပါယ်နံ့သာ(၂-မိုင်)ရှိုကြီးကျေ့+(၃-မိုင်)တောဝင်လမ်း= ၅မိုင်ခေါင်း
စာရေးသူ]




ရင်း အဝေးရောက်ကုန်ပြီ။ ဘုရားတွေ ဝင်တည်လိုက်တော့ လူဝင်လူထွက် များလာပြီး သူတို့အတွက် နေရာထိုင်ခင်း ကျဉ်းမြောင်းသွားရှာမှာပေါ့။

အကောင်ငယ်တွေဖြစ်တဲ့ ချေ့၊ ဒရယ်,သမင်လောက် ကျန်တော့တယ်။ တောင်ဆိတ်လေးတွေ အနည်းအပါး ကျန်သေးတယ်။

ကျောက်ဂူကြီးကိုးလုံးနဲ့ ဆယ်ကေက်ျာ် ကျောက်ဖျာကြီးကတော့ ပကတိ အရှိအတိုင်းပါပဲ။ ကျောက်သွေးက ကျပ်အလှည့် ရောက်မလာတော့ပါဘူး။ ကပ္ပိယတွေရဲ့ အားဆေးတွေဖြစ်ကုန်ပြီ။ တောင်တော်က နတ်ကြီးတော့ သား,ငါးမပြောနဲ့ ကြက်ဥတောင် ပြုတ်မရဘူးလို့ ကပ္ပိယတွေက ပြောကြတယ်'

**စာရေးသူ** ။ ။ 'တပည့်တော် သိချင်တာလေးတွေက ထင်ထားတာထက် ပြည့်စုံသလောက် ဖြစ်သွားပါပြီ ဘုရား။ တပည့်တော် နောက်ထပ် သိချင်တာက ဒီတောင်တော်ပေါ်မှာ အံ့ရှင်ဘုရား တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းလေးတွေများရှိခဲ့ရင် သည်းခံပြီး အမိန့်ရှိပေးပါဦး ဘုရား



www.burmeseclassic.com

www.burmeseclassic.com

**ရစသေ့ကြီး ။ ။** 'ဒီတောင်တော် ရောက်စက တွေ့ခဲ့တဲ့ **လူပု လေးတွေတို့၊ ကျောင်းစိမ်းဝတ် ကျောင်းသားလေးတွေ၊ ပြီးတော့ ရန်သူ့လက်ချက်နဲ့ အစိမ်းသေ သေသွားရှာတဲ့ ကိုရင်ကြီး**ကိုတော့ ဘုရား တွေတည်ပြီး နောက်ပိုင်း မတွေ့မြင် ရတော့ဘူးဗျ။ ကျွတ်တမ်းဝင်သွားကြပုံ ရတယ်။

တောင်တော်က သန့်သလို ဖြစ်သွား တယ်။ အေး… ဆံပင်ကျောလယ်ချ လေးတွေနဲ့ အဝါရောင် ထဘီပတ် လည်စင်း ဆင်တူဝတ်ထားကြတဲ့ ညီအစ်မနှစ်ယောက်ကိုတော့ ရွှေတွဲလဲ ငွေတွဲလဲ အဝတ်စား သစ်သစ်လွင်လွင် လေးတွေနဲ့ ဘုရားတွေဘက်မှာ မကြာ မကြာ တွေ့နေရသေးတယ်။

ကျုပ်အထင်တော့ အထက်ပုဂ္ဂိုလ် တွေရဲ့ ခိုင်းစေချက်အရ တမလွန် ဘဝကနေ ဥမင်တောင်မှာ သာသနာ ပြုဖို့ ရောက်လာတဲ့ သိုက်နန်းက ညီအစ်မနှစ်ဖော်လားတော့ မပြော တတ်ပေဘူး'

**စာရေးသူ ။ ။** 'မဖြစ်နိုင်ဘူးလို့လဲ ပြော မရဘူးပေါ့ ဘုရား'

**ရစသေ့ကြီး ။ ။** 'ပြောစရာ တစ်ခု ကျန် သေးတယ်။ ကျုပ် ဒီ တောင်ပေါ် စ,ရောက်တဲ့ညက ကျုပ် အခု နေ,နေတဲ့ ကျောက်ဂူကြီးကို သူနိုင်ငါနိုင် အပြိုင်ကဲ့ပြီး ဒီနှစ်ထပ်ဂူ ကို သူ့လက်ထဲက ကျုပ် လုယူခဲ့ရတဲ့ ကျားကြီးကတော့ ဒီတောမှာ ကျန်းကျန်းမာမာနဲ့ ရှိနေသေးတယ် ဗျ။ မကြာမကြာ တောင်ပေါ်မှာ တွေ့နေရတယ်။

တချို့ လပြည့်လကွယ် ညတွေမှာ လဲ တောတောင်ထဲ လှည့်ပတ်သွားလာ နေတဲ့ သူရဲ့ တွန်းတွန်းတိုက်တိုက် တောတိုးလှုပ်ရှားသံတွေနဲ့ မာန်ဖီဟိန်း ဟောက်တဲ့ ခူရှေ့ည်ည် အသံပလံတွေ ကို ကျုပ်နဲ့ ကပ္ပိယတွေ ကြားနေရ တတ်တယ်။

**တောင်တော်စောင့် နတ်စီးကျား ကြီးဖြစ်ချင် ဖြစ်နေမှာပေါ့**။ ဒီလောက် ပါပဲ။ ဟိုအရင်ကလို ဒီမှာ ဖြစ်ရပ်ဆန်း တွေ သိပ်မတွေ့ရတော့ပါဘူး'

**စာရေးသူ ။ ။** 'အရှင်ဘုရားလဲ ပင်ပန်း သွားပါပြီ ဘုရား။ မေး မြန်း လျှောက်ထားစရာလဲ မကျန် သလောက် ဖြစ်သွားပါပြီ ဘုရား။ နောက်ဆုံးအနေနဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ဘယ်လို အမှာစကားများ မိန့်ကြားလိုပါသလဲ ဘုရား'

**ရစသေ့ကြီး ။ ။** 'အလည်း သင့်တဲ့အခါ စာပေဒါနနဲ့ **"ဥမင် တောင် သို့မဟုတ် ရသေ့တောင်" ပေါ် ဝိုင်းဝန်း သာသနာပြုပေးကြပါ လို့'**

---

အပြန်လမ်း

---

စာရေးသူတို့ ဂူအောက် ပြန်ဆင်း လာခဲ့သည်။ ဥမင်တောင်အဝင်လမ်း တွင် ရှောင်တခင် တွေ့ခဲ့ရသော "ဒိုင်နာ"ကားနှစ်စီးပေါ်မှ ချပ်သင်း၊ ကိုးတောင်ဘို့ ကျေးရွာများမှ ဘုရားဖူး များ ရသေ့ကြီး နေထိုင်ရာဂူသို့ ဖြည်း ဖြည်းမှန်မှန် တက်လာနေကြသည်။

နေစွယ်ကျိုးပြီး ဥမင်တောင်ပေါ် နေက မေးတင်စ ပြုနေပြီ။ မိုးနှင့်လေ ကြား အပြန်လမ်းက ရှိသေးသည်။ တောင်ဆင်းလမ်းတွင် တက်သုတ်ရိုက် ပြီး ဆိုင်ကယ်ကို နောက်ကြောင်း လှည့်ပြန်ခဲ့ကြရာ ရှခင်းသာ(၁)သို့ ရောက်ခဲ့သည်။ မိုးသက်လေပြည်နု လေးများ တသုန်သုန် တိုက်နေသည်။ ကျောထဲ ကျဉ်ခနဲ ဖြစ်သွားသည်။

လွှမ်းမောစရာ တောင်ပြာတန်းပေါ်မှ ဘုရားစေတီပုထိုးများကို သေးရေး ပန်းချီကားချပ်သဖွယ် နေဝင်ဆည်းဆာ အလှနှင့်အတူ အပြန်လမ်းတွင် မြင် တွေ့လိုက်သည်နှင့် ကုန်းဘောင်ခေတ် မင်းတိုင်ပင်(မတိုင်ပင်) ဆရာတော်ကြီး ဇေတဝန်ဆရာတော်ကြီး ရေးစပ်ခဲ့ သော နိမိတ်တဘောင် တေးထပ်လေး ကို ပြက်ပြက်ထင်ထင် အမှတ်သွားရမိ လိုက်ပါတော့သည်။ **ကပ္ပိယဦးဘိုးသာ ၏ အတိတ်တဘောင် တေးထပ် လေးက…**


❖ လမ်းမျှူဟာ နွယ်တစ်လျှောက်၊
ဆိုက်မြိုက်ဖို့ပေါ်လာ။
❖ ရွှေဘိုမြောက်က ရွှေဥမင်မှာ၊
ဘုရားတွေ မှိုလိုပေါက်ရပ်ဖြင့်၊
ရောက်ပါလိမ့်စကြာ။
❖ ကျား သစ်ကယ် ဆင်၊
တောဝက်တွေ ပေါ်ပါတဲ့၊
ဂူအောင်းတဲ့ ရသေ့ကျော်၊
ဘေးမသီရန်မခ။
❖ သယ်နှစ်ကျော်အောင် ချိန်ကျခါမှ၊
ဇွဲအောင်တော်မူစေတီ စတယ်၊
တည်ကြအများ။ ။

**[မှတ်ချက် ။ ။ ဤစာမူ ဖြစ်မြောက် ရေးအတွက် စ,လယ်,ဆုံး ကူညီခဲ့ကြ သော ကန့်ဘလူမြို့၊ အမှတ်(၃) ရပ်ကွက်မှ လူငယ်ရသေ့တောင် အေးဂျင့်(AGENT)များ ဖြစ်ကြသည့် မောင်မျိုး (ခ) မောင်အောင်လှိုင်မျိုး (စက်ဘီးပြုပြင်ရေး)၊ မောင်နိုင်စိုး နှင့် အမှတ်(၂)ရပ်မှ မောင်ခွေ (ခံဘ)တို့အား ဤစာဖြင့် ဂုဏ်ပြု အပ်ပါသည်။ စာရေးသူ]**

**ဇိုလ်သန်း(ကန့်ဘလူ)**



www.burmeseclassic.com



▲ ကျောက်ဆင်ရုပ်ကြီး တောတိုက်အနေအထားပုံ

သာထက်ဖော်
(မကွေး)

# ထူးခြားသော ကျောက်ဆင်ရုပ်ကြီး

တစ်နေ့သောအခါသမယတွင် **မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ လဲပင်ကျင်းကျေးရွာမှ** ဦးမုတ်နှင့်ဇနီး ဒေါ်သန်းစိန်တို့ထံက ဖုန်းဝင်လာသည်။

'ဆရာသာထက်ဖော်နဲ့ စကားပြောချင်လို့ပါ'

'ဟုတ်ကဲ့...အခုပြောနေတာ ဆရာသာထက်ဖော်ပါခင်ဗျာ။ ကျွန်တော် ဘာများ ကူညီပေးရမလဲပြောပါ'

'ဩော်... ဆရာလား၊ ဆရာရေ ကျွန်တော်တို့ရွာကို ရောက်မလာတာ အတော်ကြာပြီနော်။ ဖြစ်နိုင်မယ်ဆိုရင် ဒီနေ့ လာစေချင်ပါတယ်။ လာမယ် မဟုတ်လား ဆရာ'

'ဘယ်ကိုလဲ'

'ကျွန်တော် ကိုမုတ်ကြီးပါ။ ကျွန်တော်တို့ လဲပင်ကျင်းရွာကိုလေ။ ဆရာရေးဖို့အတွက် စာမူကုန်ကြမ်း ရှိတယ်ဗျ။ ကျွန်တော်တို့ လဲပင်ကျင်းရွာနဲ့ ထန်းကိုင်းရွာကြားမှာရှိတဲ့ ဖုန်းတိုင်ကြီးနားက စောင့်ကြိုနေမယ် ဟုတ်လား'

'ဟုတ်ကဲ့... နာရီဝက်အတွင်း အရောက်လာခဲ့ပါ့မယ်'

ထိုသို့ ပြောဆိုရင်း ကျွန်တော်သည် ဆိုင်ကယ်ဖြင့် လဲပင်ကျင်းကျေးရွာသို့ ထွက်လာခဲ့သည်။ ဦးမုတ်သည် သူ့စကားအတိုင်း ကျွန်တော့်ကို ဖုန်းတိုင်ကြီးနားက အမှန်တကယ် စောင့်ကြိုနေ၏။

'ဗျို့...ဆရာရေ ကျုပ် ဒီမှာ ဒီကို လာ...လာ...'

'ရွာကို သွားကြမယ်လေ ကိုမုတ်ကြီးရဲ့'

'ဟုတ်ပါတယ် ဆရာရယ်...ဆရာ့ကို ကျုပ် ထူးထူးဆန်းဆန်း ပြစရာရှိလို့ပါ'

www.burmeseclassic.com

ထို့ကြောင့် ကျွန်တော်သည် ဦးမုတ်ခေါ်ရာသို့ သွားလိုက်သည်။ ဦးမုတ်သည် လမ်းဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများကို ပါလာသော ဓားဖြင့် ခုတ်ရှင်းနေသည်။ ကျွန်တော်ကတော့ ဦးမုတ် လုပ်ရပ်ကို ဘာမျှ နားမလည်ဘဲ အငေးသား ကြောင်ကြည့်လျက်ကြည့်နေမိသည်။

ခဏအကြာ၌ ချုံနွယ်များ ရှင်းလင်းခြင်း ပြီးဆုံးသွားသည်။ ထိုအခါ ပုံတွင် မြင်ရသည့်အတိုင်းသက်ရှိဆင်ကြီး တစ်ကောင် ဝပ်နေဟန် ကျောက်တုံးကြီး တစ်တုံးကို အမှတ်မထင်တွေ့လိုက်ရသည်။



ကျောက်ဆင်ရုပ်ကြီးကို ရှေ့ဘက်မှ မြင်တွေ့ရပုံ

ကျောက်တုံးကြီးသည် လူကြီးတစ်ယောက်၏ လက်တစ်လံသာသာရှိပြီး ဝါဝင်းသော အဆင်းရှိ၏။

ထန်းကိုင်း (ထန်းကိုင်းရေနံမြော်)မှ လဲပင်ကျင်းကို သွားမည်ဆိုပါက လက်ဝဲဘက်တွင်ရှိကာ လဲပင်ကျင်းမှထန်းကိုင်းကို သွားမည်ဆိုပါက လက်ယာဘက်တွင် ရှိသည်။

ယင်းဆင်ရုပ်ကြီးနားတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းတာဝါတိုင်ကြီး ထင်ရှားစွာ တည်ရှိသည်။ ထိုအခါကျမှ ကျွန်တော်သည် ဦးမုတ် ဖုန်းဆက်၍ ပြောပြလာသည့် စာမူကုန်ကြမ်းမှန်း သိလေတော့၏။

'ကဲ… ဆရာသမားရေးဖို့အတွက် စာမူကုန်ကြမ်း ရပါပြီဗျာ။ ဟောဒီမှာကြည့်'

'အင်း… ဆင်တစ်ကောင်နဲ့တော့ အတော်လေး တူတယ်နော်။ သူ့ရဲ့ ထူးခြားဖြစ်စဉ်လေး ဘာလေးကော မသိဘူးလားဗျ'

'တိတိပပတော့ သိပါဘူးဗျာ၊ တချို့ကတော့ ပန်ထွာဘုရင်မ ပြေးလမ်းကနေ ထွက်ပြေးလာတဲ့ ဆင်ကြီးတဲ့။ ဒီနားအရောက်မှာ ဒွတ္တပေါင်မင်းရဲ့ ရဲမက်တွေ နောက်က လိုက်လာတာမိသွားလို့ ကျောက်ဆင်ကြီးသဏ္ဍာန် အယောင်ဆောင်ရင်းကနေ တကယ့် ကျောက်ဆင်ကြီး ဖြစ်သွားတာတဲ့။

ဒဏ္ဍာရီလိုလို ပုံပြင်လိုလို တကယ်လိုလို ပြောသံမျိုးတော့ တစ်စွန်းတစ်စ ကြားဖူးတာပဲ။ အတိအကျ အခိုင်အမာတော့ ပြောမရဘူးပေါ့ ဆရာ။

ဒါပေမယ့် တစ်ခုတော့ တိတိကျကျ ပြောလို့ရတာ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီရွာနှစ်ရွာကြားမှာ အခုလို သက်ရှိဆင်ကြီးနဲ့ အရွယ်အစားနီးနီး တူတဲ့ ကျောက်ဆင်ရုပ်ကြီး အမှန်တကယ် ရှိနေတာပဲလေ။

ဒီလမ်းခရီးကို ဖြတ်သွားဖြတ်လာ သွားကြသူတိုင်းက ဒီကျောက်ဆင်ရုပ်ကြီးကို တအံ့တသြ ငေးမောကြည့်မိကြတယ်ဆရာ။

တချို့က ကျောက်ကုန်းပေါ် တက်စီးတဲ့ သူစီး၊ တချို့က ကျောက်ဆင်ရုပ်ကြီးနဲ့ တွဲပြီး ဓာတ်ပုံရိုက်တဲ့သူ ရိုက်ကြနဲ့ပေါ့။

နွေရာသီ၊ ဆောင်းရာသီလိုမျိုးမှာတော့ ကျောက်ဆင်ရုပ်ကြီးက ထင်သာ မြင်သာရှိပေမယ့် အခုလို မိုးရာသီကျတော့ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ရုတ်တရက် မမြင်တွေ့နိုင်ဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ထူးတာကတော့အတော်ထူးတာပေါ့။ နောက်ဆုံး ဘာပဲပြောပြော သဘာဝတရားရဲ့ ထူးခြားဆန်းကြယ်တဲ့ ပြယုဂ် တစ်ခုလို့တော့ သတ်မှတ်နိုင်တာပေါ့။ ဟုတ်ဖူးလား'

'မှန်တာပေါ့ ဦးမုတ်ရာ၊ သဘာဝတရားကြီးကနေ လောကလူသားတွေအတွက် ဂမ္ဘီရပစ္စည်း၊ ရုပ်ဝတ္ထုတွေ အမျိုးမျိုးကို လက်ဆောင်ပေးနေတယ် ဆိုရင်လဲ မမှားပါဘူး။

ကျွန်တော်တို့ ခင်ဗျားတို့အနေနဲ့ ကိုယ့်ပတ်ဝန်းကျင်က လူသားတွေကို ကိုယ်သိသရွေ့၊ ကိုယ်မြင်သရွေ့၊ ကိုယ်ကြားသရွေ့ စာမျက်နှာထက်ကနေ နိုင်သလောက်လေး ဖော်ထုတ်ရေးပြသွားရမယ်လေ'

'ကဲ…ဆရာသမားရေ ရွာလဲရောက်ပြီ။ အခု ဆရာနဲ့ ကျုပ်နဲ့တွေ့ခဲ့ရတဲ့ ကျောက်ဆင်ရုပ်ကြီးအကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးဖြစ်အောင် ရေးပေတော့ဗျာ'

'စိတ်သာချ ဦးမုတ်ရေ'

**မြှောပစေ ရတ္တဝတီ မြေတွေ့**

**// သာထက်ဇော် (မကွေး) //**


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၇၉**

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ဖုံ့ဖိုဝ်ရှင်နှင့်

# ကံကြမ္မာ



✣ ကြွက်နှစ်ဖွား

ရင်ဆိုင်ဖြေရှင်းနေရသော အမှုကိစ္စပြဿနာများ ပြေလည် လျော့ပါးသွားလိမ့်မည်။ ရပ်ဝေးရောက်နေသူများ မျက်နှာပန်းလှစွာဖြင့် အိမ်ပြန်ရကိန်းရှိသည်။

စာဖိုးဆောင်သုံးပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေး အမြတ်အစွန်း ရတတ်သည်။ လူအများနှင့် ဆက်ဆံရသော လုပ်ငန်းများတွင် အောင်မြင်မှု ရရှိမည်။

လျှာ,လည်ချောင်းနှင့် ပတ်သက်သော ဝေဒနာများ သတိထားကာကွယ်ပါ။

✣ နွားနှစ်ဖွား

ငွေကြေးလာဘ်လာဘ ရွှင်လန်းမည်။ ကံတိုက်လုပ်ငန်းနှင့် အကျိုးပေးသော ကာလဖြစ်သည်။ ကြာရှည်ခံ စည်သွတ်ပစ္စည်းများ လက်ဆောင်ရတတ်သည်။

ကြွေးမြီများ ပြေလည်သွားလိမ့်မည်။ အမျိုးသားဖောက်သည်ရှင် ဖနီးမယား ရနိုင်ခြေရှိသည်။ အမျိုးသမီးတို့မှာ ဖခင်ထံမှ အမွေအနှစ်ရကိန်းရှိသည်။

✣ ကျားနှစ်ဖွား

နေအိမ် ပတ်ဝန်းကျင်၌ ဖြစ်ပေါ်လာသော အမှုကိစ္စများတွင် ခုံသမာဓိလူကြီးအဖြစ် ဦးဆောင်ဖြေရှင်းရလိမ့်မည်။

မျက်မှန်,ရုပ်သံစက်များ လက်ဆောင်ရတတ်သည်။ သစ်တောထွက် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးလိမ့်မည်။ အသည်းနှင့် ပတ်သက်သော ရောဂါများ သတိထားကာကွယ်ပါ။

✣ ယုန်နှစ်ဖွား

ပြစ်တင်စွပ်စွဲခြင်း ခံရတတ်သည်။ ဆူးငြောင့်,သစ်ကိုင်းသစ်ခက်များနှင့် ထိရှ၍ သွေးသံထွက်ယိုနိုင်သည်။

မိမိနှင့် ပတ်သက်မှု မရှိသော ကိစ္စရပ်များ၌ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် အကျိုးနည်းရဖွယ်ရှိသည်။

အထည်အလိပ်များနှင့် ပတ်သက်၍ အကျိုးပေးမည်။ မိခင်၏ ဆွေမျိုးသားချင်းများတွင် ဒုမင်္ဂလာကိစ္စ ပေါ်ပေါက်တတ်သည်။

✣ နဂါးနှစ်ဖွား

ငွေကြေးအစုအပုံလိုက် ရရှိနိုင်သည်။ ထီး,ခမောက်, ဦးထုပ် လက်ဆောင်ရတတ်သည်။ အရေပြားတွင် ဖြစ်ပေါ်တတ်သော ဝေဒနာများကို ဂရုစိုက်ကာကွယ်ပါ။

ကြေးသံသတ္တုပစ္စည်းများ အကျိုးပေးထက်သန်မည်။ နေအိမ်ရှိ ယာဉ်ရထားများ ပြုပြင်ရဖွယ်ရှိသည်။ ရွှေငွေအတွင်းပစ္စည်း တိုးပွားမည်။

✣ မြွေနှစ်ဖွား

ရာထူးတိုးတက်မည်။ နေထိုင်မှု အဆင့်အတန်း မြင့်မားလာမည်။ တပည့်တပန်း သားမြေးတို့၏ ပူဇော်ခြင်း ခံရဖွယ်ရှိသည်။

နားနှင့်အကြားရုံဆိုင်ရာ ရောဂါများ သတိထားပါ။ နေအိမ်ရှိ ခြံ,ခြင်,ပုရွက်,ကြွက် စသော ပိုးမွှားတိရစ္ဆာန် အဖျက်အဆီးများ လျော့ပါးသွားလိမ့်မည်။ စားသောက်ကုန် ပစ္စည်းများနှင့် အကျိုးပေးသောကာလဖြစ်သည်။

✣ မြင်းနှစ်ဖွား

ငွေကြေးဥစ္စာ ဆုံးရှုံးလျော့ပါးနိုင်သည်။ စာရင်းဇယားများ ဂရုစိုက်ပါ။ သူတစ်ပါးအတွက် အာမခံတာဝန်ယူပေးခြင်းများကို ရှောင်ကြဉ်ပါ။

ရေခဲတော်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးလိမ့်မည်။ ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ သတိထား ကာကွယ်ပါ။

ပြည်ပရပ်ဝေးမှ သတင်းစကားများ ကြားသိရလိမ့်မည်။ ပန်းဆိုကား၊ လက်ကိုင်ဖုန်း ဝင်တတ်သည်။

✣ ဆိတ်နှစ်ဖွား

ယာဉ်ရထား လျော့ပါးဆုံးရှုံးနိုင်သည်။ လောင်းကစားမှုများကြောင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်တတ်သည်။

စက်ဘီး,အပ်ချုပ်စက် ကဲ့သို့သော စွမ်းအင်မဲ့စက်များ အကျိုးပေးလိမ့်မည်။ လယ်ကွင်း,ယာခင်းများသို့ အလည်အပတ် သွားရောက်ရတတ်သည်။

✣ မျောက်နှစ်ဖွား

အကြံအစည် အောင်မြင်၍ အိုးအိမ်,ခြံမြေ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ဝင်ကိန်းရှိသည်။

ကြွေထည်,မြေထည် ပစ္စည်းများနှင့် အကျိုးပေးမည်။ ငယ်ရွယ်သူတို့ ချစ်မှုရေးရာတွင် မျက်နှာပန်းပွင့်သောကာလ ဖြစ်သည်။

✣ ကြက်နှစ်ဖွား

ထိတ်လန့်ဖွယ် အနိဋ္ဌာရုံ မြင်ကွင်းများ မြင်တွေ့ရတတ်သည်။ အမွေအနှစ်ကိစ္စ စကားများရတတ်သည်။

ဆိုးဆေးအဖျော်ယမကာ သောက်သုံးဖွယ် ပစ္စည်းများနှင့် အကျိုးပေးသောကာလ ဖြစ်သည်။

အမျိုးသမီးတို့သည် ခင်ပွန်းသည်နှင့် ကတောက်ကဆတ် ဖြစ်ရတတ်၍ အမျိုးသားတို့မှာ သားသမီး(သို့မဟုတ်)တူ,တူမများနှင့် စိတ်ဝမ်းကွဲရတတ်သည်။

✣ ခွေးနှစ်ဖွား

ပတ်ဝန်းကျင်မှ အထင်ကြီး လေးစားခြင်းခံရမည်။ နေအိမ်သို့ ဂုဏ်သရေရှိ ဧည့်သည်များ အလည်အပတ် ရောက်လာမည်။

ယာဉ်ရထားဝင်ကိန်းရှိသည်။ စည်းစိမ်ဥစ္စာ တိုးပွားမည်။ အဆုတ်နှင့် အသက်ရှူလမ်းဆိုင်ရာ ရောဂါများ သတိထားပါ။

စက်ရုံ,အလုပ်ရုံကြီးများသို့ လေ့လာရေး အလည်အပတ် သွားရောက်ရတတ်သည်။

✣ ဝက်နှစ်ဖွား

မိတ်ဆွေအပေါင်းအသင်း တိုးပွားမည်။ ပရဟိတလုပ်ငန်း များပြားသောကာလဖြစ်သည်။ လျှပ်စစ် အသုံးအဆောင်ပစ္စည်းများနှင့် အကျိုးပေးလိမ့်မည်။

နေအိမ် (သို့မဟုတ်) လုပ်ငန်းဌာန အပြောင်းအရွှေ့ ကြုံရတတ်သည်။

ပိုမိုကောင်းမွန်သော နေရာဌာနသို့ ရောက်ရှိနိုင်သည်။ နှလုံးအိမ်နှင့် ပတ်သက်သော ဝေဒနာများ ကြိုတင်ကာကွယ်ပါ။

**ဤလတွင် ကံဇာတာ နိမ့်ပါးနေသူတို့သည်** တနင်္ဂနွေနေ့တွင် သက်ကြီးပိုင်း အမျိုးသားတစ်ဦးကို အဖြူရောင် အသုံးအဆောင် ပစ္စည်းတစ်ခု လက်ဆောင်ပေးလှူဒါန်းပါ။ အဆိုးတရားများ လျော့ပါးပျောက်ကွယ်သွားပါလိမ့်မည်။

*ကြိုဆောင်သမျှ အောင်မြင်ကြပါစေ။*

**ဟူကျင်းဇီ(Hu Jin Zi)**



www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မြို့မှ


# စန်းစိန်ကုန်းဘုရားကျောင်း (၂)

ဟူကွင်းဝီ




▲ အရိယာတို့၏ အဆောင်အယောင်များ

▼ ဆုတောင်းစာများ




**ယခင်လမှ အဆက်**

## အရိယာတို့၏ အဆောင်အယောင်များ

ခန်းမကြီး၏ ဝဲယာနံရံများတွင် အရိယာများ၏ အဆောင်အယောင် အဆင်တန်ဆာများကို စနစ်တကျ စီတန်းထားသည်။ ဘွဲ့နာမတော် ကမ္ပည်းများ၊ ကျိုင်းများ ( 木履 木拳 ) ထွန့်ပန်ခေါ် အဲမောင်းလှုင်ကန်များ သေည်တို့ ဖြစ်သည်။

**အရိယာများ ဒေသစာရီကြွချီရာတွင် အခြွေအရံများက အဆိုပါ အဆောင်အယောင်များကို စွဲကိုင် ခြံရံသွားရသည်။** မြို့တွင်း အပူဇော်ခံ လှည့်လည်ခြင်း၊ တောင်ပင်လယ်သို့ ဘုရားဖူးကြွခြင်း စသည့် အခမ်းအနား များတွင် ထိုအဆောင်အယောင် အပြည့်အစုံ ခင်းကျင်းသွားလာရလေ သည်။

ကမ္ပည်းစာတစ်ချပ်တွင် **စန်းစိန့် ကုန်း** (သူတော်မြတ်သုံးပါးဗိမာန်) ဟူသော စာတန်းနှင့် အခြားတစ်ခုတွင် **"ရှောင်ကြဉ်ခြင်း၌ နက်ရှိုင်းစွာ တည်ကြည်ပါ၏"** ဟု ရေးထိုးထား သည်။ **"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"** ဟူသော အနက် အဓိပ္ပါယ်နှင့် ဆင်တူသည်။

ယင်းတို့၏ အထက်တွင် ဆုတောင်း ထောမနာပြု စာတန်းများစွာ ချိတ်ဆွဲ ထားသည်။ အခြားသော ဘုံအဖွဲ့ အစည်းများမှ ပေးပို့သော လက်ဆောင် ဂုဏ်ပြုစာတန်းများဖြစ်သည်။ ယင်းတို့တွင် ရေးမှတ်ထားသော ရက်စွဲအရ ဤဘုရားကျောင်း၏ ရှေးကျသည့် သက်တမ်းကို တွက်စစ်၍ ရနိုင်ပေ သည်။

## သိကြားစေ ညွှန်ပြခြင်း


ခန်းမန်ရံ လက်ဝဲဘက်ထောင့်တွင် **စည်တော်နှင့် ခေါင်းလောင်းများ** အား စင်တင် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ **အရိယာများအား ပူဇော်လှူဒါန်းမှုပြုစဉ် သက်သေပြု လှုံ့ဆော်ကြေညာသည့် အနေဖြင့် စည်နှင့် ခေါင်းလောင်းတို့အား စည်း ချက်ကျစွာ တီးခတ်လေ့ရှိသည်။**


သဒ္ဓါ ထက်သန်သည့်အလေ့အကျင့် ပမာဏများပြားသော ဆီမီးပူဇော်ငွေ



www.burmeseclassic.com

www.burmeseclassic.com





▲ မိုးကောင်းကင်ကို ကိုယ်စားပြုသော ခေါင်းလောင်းများ

◀ မြေကြီးမှ စည်တိုနှင့် ခေါင်းလောင်း

များ လှူဒါန်းသူ၏ စေတနာသဒ္ဓါတရားကို အသိအမှတ်ပြု ထိုးနှက်ခေါ်ဩခြင်းလည်း ဖြစ်သည်။

**"စည်တို"သည် မြေကြီးကို ကိုယ်စားပြု၍ "ခေါင်းလောင်းသံ" က ကောင်းကင်ကို ကိုယ်စားပြုသည်။** မိုးနှင့်မြေကြီးကို တိုင်တည်ခြင်းသို့မဟုတ် လောကစကြဝဠာအနှံ့သို့ ပျံ့နှံ့ သိရှိစေခြင်းဖြစ်လေသည်။

အရိယာများ၏ ကျေးဇူးဂုဏ်တို့အား လေးနက်စွာ နှလုံးသွင်း ပူဇော်စဉ်စည်၊ ခေါင်းလောင်းအား အချက်ကျကျ ထိုးနှက်၍သံကို ကြားရသောအခါ ဖော်ပြနိုင်စွမ်းမရှိသော ပီတိနှင့် အေးချမ်းမှုကို ခံစားရပေသည်။ သာဓုခေါ်စင်မြင့်ဟုလည်း ညွှန်းဆိုနိုင်ပါသည်။

## တံခါး၀ ဆုတောင်းစာများ

အ၀င်အထွက် တံခါးမများ၏ အထက်ပေါင်တွင် လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်စီတွင် လည်းကောင်း ဆုတောင်းစာ ကမ္ပည်းများ ချိတ်ဆွဲထားရာ ဘုံဘုရားကျောင်း၏ ခံ့ထည်မှုနှင့် လိုက်လျောညီထွေစွာပင် အင်အားပြည့်၀သည့် လက်ရေးအသတ်အငင်များဖြစ်သည်ကို တွေ့ရသည်။

ယင်းတို့၏ တွဲဖက်၍ ရှေးဟောင်းတရုတ်စာရေးထုံး **"တံဆိပ်တုံးစာ"** လက်ရေးစာလုံးများကို တွေ့မြင်ရလေရာ အဖိုးထိုက်တန်လှသော "စာလုံးရေးသားမှုပညာရပ်" ပြခန်းသဖွယ် ရှိပေသည်။

## လေသာပြတင်း သို့မဟုတ် ကောင်းကင်ရေတွင်း

**ဘုံဘုရားကျောင်းများ၏ မျက်နှာမူရာသည် တောင်တန်းများဆီသို့ လည်းကောင်း၊ ပင်လယ်ရေပြင်ဆီသို့ လည်းကောင်း မျက်နှာပြုလျှော့ရှိကြသည်။** တောင်တန်းကြီးများကဲ့သို့ နှစ်ကာလရှည်ကြာ တည်တံ့စေရန် သို့မဟုတ် ပင်လယ်ရေပြင်ကျယ်ကဲ့သို့ အရှိန်အ၀ါ ကောင်းသတင်း ကျယ်ပြောပျံ့နှံ့စေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

အလားတူပင် **ကောင်းကင်ရေတွင်း** (天 井) tiān jǐng ဟုခေါ်သော **လေသာပြတင်းများ ထားရှိလေ့ရှိသည်။** ပြတင်းပြင်များဟု ခေါ်ဆိုခြင်းမှာ တံခါး၊ ပြတင်းပေါင် စသည် သတ်မှတ်တပ်ဆင်ခြင်း မရှိ၊ အလင်းရောင်နှင့် လေ၀င်လေထွက်ရှိစေရန် ရည်ရွယ်သော ဟင်းလင်းပေါက်များ ဖြစ်သောကြောင့်ပင်။

**"ကောင်းကင်ရေတွင်း"**အား ၀ိယာ အညီအမျှထားရှိကာ ကောင်းကင်ဘုံမှ နတ်ဩဇာများ ခံယူနိုင်စေရန် စီစဉ်လေ့ရှိသည်။

**စန်းစိန့်ကုန်း ဘုံကျောင်းသည် ၀န်မြစ်ရေပြင်အား ဗဟိုပြုထားသဖြင့် ကောင်းမွန်သော အင်္ဂါတစ်ရပ်ဖြစ်သည်။** အတွင်းဆောင်ခန်းမ အ၀င်အထက်ရှိ ကောင်းကင်ရေတွင်း နေရာကိုမူ နှောင်းလူများ မွမ်းမံပြုပြင်ခဲ့သဖြင့် အင်္ဂတေပြား အမိုးပိတ်ဖုံးထားကာ မှန်ကဲလားများ တပ်ဆင်ထားသည်ကို တွေ့ရသည်။

မြစ်ကမ်းခြေကပ်လျက် ရှိသည့် အပြင် မိုးများသော ရာသီဥတုအခြေ






www.burmeseclassic.com

www.burmeseclassic.com





▲ အတွင်းတံခါးထက်မှ ဆုတောင်းစာ

◄ မင်္ဂလာရှိစေသော တိုးသစ္စာ

▼ တံခါးမကြီးထက်မှ ဆုတောင်းစာ




အနေကြောင့် ဖြစ်တန်လေသည်။ မှန်ကပ်တပ်ဆင်ထားသော လေသာပြတင်းကြောင့် မူလအနှစ်သာရကို မြင်နိုင်ပေသည်။

## ဝသုန္ဓြေနတ်မင်း စံကျောင်း

ခန်းမအဝင်ဝ လက်ယာဘက်ထောင့်တွင် **"ဖုတဲခီးရ်"**(Fú dè Cí)ဟု ကမ္ပည်းတင်ထားသော စံကျောင်း တစ်ဆောင်အတွင်း **ဝသုန္ဓြေနတ်မင်း ရုပ်ထုကို** မြင်တွေ့ရသည်။ **"မြေရှိလျှင် ဝသုန္ဓြေနတ်မင်း ရှိပါမည်"**ဟူသော ကမ္ပည်းစာအရ မြေနှင့် ကင်းကွာ၍ မရစကောင်းသော လူတိုင်းအတွက် ဝသုန္ဓြေနတ်မင်းသည် အားကိုးဖွယ်ရာ ဖြစ်သည်။

**စုတဲကုန်း** (သုခပါရမီတိုးဘိုး)ဟူ၍လည်းကောင်း၊ **ထူတီကုန်း** (ဝသုန္ဓြေနတ်မင်း)ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသည်။ အစဉ်အဆက် ကိုးကွယ်ကြသူများက **တာ့ဖောကုန်း**(ဘဘိုးတော်နတ်မင်း)ဟု ခေါ်ဝေါ်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း(၄၀၀၀)ခန့်ကာလ ချို(ကျိုး) မင်းဆက်ခေတ်ဦးပိုင်းတွင် မြေယာကိုသာ အသက်မွေးဝမ်းကျောင်းရသောအချိန်၊ မြေယာအခွန်ဝန် ဖြစ်ခဲ့သည်။

ကြွယ်ဝသောမျိုးရိုးမှ ဆင်းသက်သူဖြစ်ရာ ဘုရင့်အလိုကျ အခွန်အတုပ်များ အပ်နှင်းရာတွင် စိုက်ထုတ်ပေးဆပ်ကာ မရှိနွမ်းပါးသော လယ်သမားများအား ညှာတာပေးကမ်းလေ့ရှိသဖြင့် လူအပေါင်း လေးစားခြင်းခံရသည့် အရာရှိမင်းဖြစ်သည်။


**အသက်(၁၁၂)နှစ်တွင် ကွယ်လွန်သော်လည်း သူ၏ ဂုဏ်ကျေးဇူးကို အောက်မေ့တသကာ ယနေ့တိုင် မပြတ် ပူဇော်ကြသည်။** လူတစ်ဦး၏ နောက်ဆုံးခရီးဖြစ်သော ဈာပနကိစ္စတွင်ပင် ဝသုန္ဓြေနတ်မင်းထံမှ မြေကွက်ဝယ်ယူ ခွင့်တောင်းပြီးမှသာ မြှုပ်နှံသင်္ဂြိုဟ်လေ့ ရှိကြလေသည်။

အထူးသဖြင့် တိရစ္ဆာန်မွေးမြူသူ



www.burmeseclassic.com

www.burmeseclassic.com



▲ သွေးသောက်ညီအစ်ကိုများအတွက် ဆုတောင်းကမ္ပည်းစာ



▲ တံခါး(ယာ)ဆုတောင်းစာ



▲ တံခါး(ဝဲ)ဆုတောင်းစာ

များ၊ တောင်သူလယ်သမားများ၊ ဘူမိဗေဒသ ဓာတ်သတ္တု၊ ကျောက်မျက်တူးဖော်သူများ၊ ကုန်သည်ပွဲစားများက အလေးအံနက်ပြု ကိုးကွယ်ကြလေသည်။ **မြေနှင့်စပ်လျဉ်းသမျှ ကိစ္စအဝဝတွင် အဆင်ပြေ၍ စီးပွားတိုးတက်စေသည်ဟု ယုံကြည်ကြသည်။**

စံကျောင်းအတွင်း နတ်မင်းကြီး၏ ဝဲယာတွင် ကျိုင်းကိုင်သာဝက နတ်သား(၂)ပါးကိုလည်း ဖူးတွေ့နိုင်ပေသည်။ အချို့က နတ်မင်းကြီးနှင့်ယှဉ်တွဲလျက် ဝသုန္ဒြေနတ်မယ်တော် "ထုတိချွဲန်းချွဲန်" ကိုလည်း တွဲဖက်ပူဇော်ကြသည်။

## နံရံပန်းချီကားနှင့် အာသီသ

အခန်းအပြင်နံရံတွင်မူ ဒေဝတာပုရာဏ်များမှ သရုပ်ဖော်ပန်းချီကားချပ်များကို တွေ့မြင်ရသည်။ ရှေးလက်ရာမပျက် မွမ်းမံထားခြင်းဖြစ်သည်။

▼ ကောင်းကင်ခရတွင်း



တံစက်မြိတ်အပြင်တွင်မူ ရွှေငွေစက္ကူများရှိသည့် ပြာခံပြာသာဒ်ကို ခံ့ညားစွာ တွေ့မြင်ရသည်။

နံရံပန်းချီများနှင့် ဆိုင်းဘုတ်များ၊ ဆုတောင်းစာများတွင် ခုနှစ်သက္ကရာဇ်များ မှတ်တမ်းပြုထားရာ သမိုင်းအထောက်အထားအတွက် အားပြုနိုင်ပေသည်။

**"စန်းစိန့်ကုန်း"** ဘုရားကျောင်း တည်ဆောက်သည့် ကာလအား ခန့်မှန်းရ၍ ရှိ သင်ပုန်းကျောက်ကမ္ပည်းပါ "တာနာ ကျိုက်" ခုနှစ်အရ ၁၉၃၂ ခုနှစ် ဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့ပါသည်။

ဆုတောင်းစာများအနက် အခြားအဖွဲ့အစည်းများမှ လက်ဆောင်ပေးပို့သော ဆုတောင်းကမ္ပည်းလက်ဆောင်တွင် မန်ချူးမင်းဆက်မှ "ကြို" မင်းသက္ကရာဇ် (宣统) (၆)နှစ်မြောက်

www.burmeseclassic.com






◆ ဝဲယာ သာဓကနှစ်ပါး

◆ ထေယဉ်ဖွားတော်မင်းဘုရားကျောင်း

◆ အပြင်ဆုံးမှ ပန်းချီကား



ဟု အစောဆုံး သက္ကရာဇ်တစ်ခုကို တွေ့ရသည်။

ခန်းမဆိုင်းဘုတ်များတွင်မူ (光 緒) ကွမ်းရှိသက္ကရာဇ်များဖြင့် ဖော်ပြထားသည်။ သို့ဖြစ်ရာ ဖြစ်နိုင်ခြေ ရှိသည်ကို နှိုင်းချုပ်ဆန်းစစ်ရပါလျှင်...

ထိုးကျိုရ်သက္ကရာဇ်များ ရေးထိုးထားသော လက်ဆောင် ဆိုင်းဘုတ်အရ **ဤဘုရားကျောင်းသည် ကြံမြင်းခေတ်ကာလ(ခရစ်နှစ် ၁၈၆၂ မှ ၁၈၇၄ အထိ)အတွင်း သို့မဟုတ် ထိုထက်စော၍ တည်ရှိခဲ့ပြီး ဖြစ်သည်**ဟု ယူဆနိုင်သည်။

တံခါးထက်ကမ္ပည်းမှ ကွမ်းရှိသက္ကရာဇ်များအရ ခန်းရှိမင်းလက်ထက် (၁၈၇၅ မှ ၁၉၀၂ အထိ)ကာလတွင် ဘုရားကျောင်းအား ထပ်မံပြင်ဆင်တည်ဆောက်ခဲ့ပါမည်။

**မြန်မာနိုင်ငံသို့ လာရောက်ကာ အခြေချနေထိုင်ကြသော တရုတ်နွယ်ဖွားအများစုသည် ရေလမ်းခရီးမှ ဝင်ရောက်လာကြရာ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ မုတ္တမကွေ့အနီးရှိ မော်လမြိုင်နှင့်ဝန်းကျင်ဒေသ၊ ပုသိမ် စသည့် ပင်လယ်ကမ်းခြေမြို့များတွင် စတင်၍ အခြေစိုက် နေထိုင်ခဲ့ကြသည်။**

ယင်းဒေသများသည် ရှေးယခင်ကာလ ပင်လယ်ကမ်းခြေ ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်ကာ ရောင်းဝယ်ဖောက်ကား စည်ပင်နေသော မြို့များဖြစ်ကြသည်။ **ယင်းတို့မှတစ်ဆင့် ရန်ကုန်နှင့် အခြားသော ကုန်းတွင်းအနည်းငယ်ကျသော မြို့များဆီသို့ ပျံ့နှံ့သွားကြသည်။**

(၁၈)ရာစုကာလတွင် ရန်ကုန်သည် ဆိပ်ကမ်းမြို့အဖြစ် အသုံးပြုနေပြီဖြစ်သော်လည်း ကျန်ကမ်းခြေမြို့များသာ နိုင်ငံခြားကုန်သွယ်မှုတွင် လွယ်ကူနီးစပ်လေရာ ပုသိမ်၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ် စသောမြို့များရှိ ဘုရားကျောင်းများက သက်တမ်း ပို၍ စောသည်ဟု ယူဆရခြင်းသာ ဖြစ်ပါသည်။ သုတေသီများ လေ့လာ၍ သက်တမ်း

www.burmeseclassic.com

အမှန်ကို ဖော်ထုတ်နိုင်ပါလျှင် အလွန်ပင် သင့်မြတ်လှလေသည်။

## ဘဝမျက်နှာစာအတွက်

## ဟောကိန်းလွှာ

စန်းစိန့်ကုန်း ဘုရားကျောင်းအတွင်း၌ **"ချီးချန်း" ခေါ် စာရေးတံမဲချ၍ အမေးပြဿနာများ မေးလျှောက်နိုင်သည်။ ဝါးပြားငယ်များ ထည့်ထားသော ဝါးဆစ်ဘူး(၃)ခုအား တွေ့မြင်ရသည်။**

မိမိ တွေ့ကြုံရင်ဆိုင်နေရသော ဘဝမျက်နှာစာရှိ အရေးကိစ္စများနှင့် ပတ်သက်၍ ဤ"**စာရေးတံမဲချခြင်း**"ဖြင့် အဖြေဟောကိန်းလွှာများ တောင်းခံနိုင်ကြသည်။ **စာရေးတံမဲများမှာ (၁၀၃) ခုရှိ၍ ပင်လယ်ဒေဝီ "ထျန်းဟို့" ၏ အဖြေသဘောထား မှာတမ်းလွှာများ ဖြစ်ကြသည်။** အမြတ်ဆုံး ဟောကိန်း(၃)ခုနှင့် သာမန်ယေဘူယျ ဟောကိန်း(၁၀၀)တို့ ပါဝင်သည်။

ဝါးဆစ်ဘူးအား လက်ဝါးနှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ပင်လယ်ဒေဝီအား



ကြားပြာသာဒ်နှင့် ဘုရားကျောင်းဆိုင်းဘုတ်

သိလိုရာ မေးလျှောက်ရသည်။ ထို့နောက် ဝါးဆစ်ဘူးကို လှုပ်ခါပေးခြင်းဖြင့် ဦးစွာ ထွက်ကျလာသော စာရေးတံမဲ(ဝါးပြား)ကို ယူရသည်။

ထိုဝါးပြားပေါ်ရှိ ကမ္ဗည်းအရ အဖြေစာရွက်ကလေးများကို နံရံရှိ ဟောစာတမ်းဗီရိုငယ်တွင် ရွေးချယ် ဖတ်ရှုရလေသည်။


ဘုရားကျောင်း လုံခြုံရေးတာဝန်ခံ ကိုအောင်စိုးက နေ့စဉ် ပိတ်ရက်မရှိ ဖွင့်လှစ် စောင့်ကြပ်ပေးသဖြင့် အဆင်ပြေစွာ မေးလျှောက်နိုင်သည်။

တရုတ်ဘာသာ ဟောကိန်း၏ မြန်မာပြန်အဓိပ္ပါယ်ကို သိရှိလိုပါလျှင် သူ့အား အကူအညီတောင်းခံ ရေးမှတ်သွားနိုင်ပါသည်။ **ဟောစာတမ်းတွင် မူရင်းလက်ာ၊ ရှင်းလင်းချက်၊ အကျယ်ရှင်းလင်းချက် စသည်ဖြင့် ပြည့်စုံစွာ ဖော်ပြထားလေသည်။**

သို့ဖြစ်၍ ပုသိမ်မြို့ စန်းစိန့်ကုန်း ဘုရားကျောင်းသည် ရှေးအနုပညာလက်ရာများနှင့်တကွ အရိယာသုံးပါးကို ကြည်ညိုပူဇော်နိုင်သည် သာမက မိမိရင်ဆိုင်နေရသော ဘဝအခက်အခဲများကို တင်ပြ မေးလျှောက်နိုင်သည့် နေရာထူးတစ်ခုပင် ဖြစ်လေသည်။

**ဟူရင်းစီ**

မှာတမ်းလွှာတောင်းခံသည့် စာရေးတံများ





www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံး အတူတက်ညီနေသော ဝါးအမြွာပူး




အဆစ်နေရာ ခွဲထွက်နေသော ဝါးအမြွာပူး

# ဝါးအမြွာပူး

စာရေးသူတို့၏ အိမ်နားမှ အိမ်ဝင်း မြေကွက်အား မကြာသေးမီက ဝယ်ယူလိုက်သော မြေကွက်ပိုင်ရှင်သည် ထိုအိမ်ဝင်း မြေကွက်လပ်အတွင်းတွင် အဆောက်အအုံ ဆောက်လုပ်လျက် ရှိလေရာ အဆောက်အအုံကို ကနီမြို့မှ လက်သမားဆရာများ ဖြစ်ကြသည့် ကိုတင့်၊ ကိုဝင်းမြင့်၊ ကိုနိုင်ဝင်း၊ ကိုထွန်းအောင်ဝင်းတို့ဖြင့် ကိုဆွေမြွေး ဆိုသူက တာဝန်ယူ၍ ဆောက်လုပ်နေပါသည်။

တစ်နေ့ စာရေးသူ၏အိမ်သို့ ကိုဆွေမြွေး လာရောက်သည့်အခါ စာရေးသူထံတွင်ရှိနေသော ဂမ္ဘီရပစ္စည်း ဆန်းအတော်များများကို တွေ့ရှိသွားလေရာ ကနီမြို့မှ သူ၏အိမ်တွင်လည်း ဂမ္ဘီရဝင်ပစ္စည်းဖြစ်သည့် **ဝါးအမြွာပူး တစ်ခု**ရှိကြောင်း ပြောပါသည်။

ဝါးအမြွာပူးဆိုသောကြောင့် စာရေးသူအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားဖော်ပြရန်အတွက် စိတ်ဝင်စားသွားမိသော်လည်း ကနီမြို့မှာရှိသည်ဆိုသောကြောင့် စာရေးသူလည်း ကိုဆွေမြွေးကို ကနီမြို့သို့ပြန်ဖြစ်ပါက ထိုဝါးအမြွာပူးအား မုံရွာမြို့သို့ ယူလာခဲ့ရန်ကိုသာ ပြောလိုက်ရပါတော့သည်။

(၁၄)ရက်၊ (၁၅)ရက်လောက် ကြာသည့်အခါတွင် ကိုဆွေမြွေးက လက်သမားဆရာများ ကနီမြို့သို့ပြန်၍ အမျိုးသားမှတ်ပုံတင်များ အသစ်ထဲလုပ်ကြမည် ဖြစ်သည့်အတွက် သူလည်း လိုက်သွားမည်ဖြစ်ကြောင်းနှင့် စာရေးသူကိုလည်း ကနီမြို့သို့ အလည်လိုက်ခဲ့ရန် ခေါ်သောကြောင့် စာရေးသူအနေနှင့် လိုက်သွားဖြစ်ပါတော့သည်။

ကနီမြို့သို့ ရောက်သည့်အခါတွင် ကိုဆွေမြွေး၏ အိမ်မှာပင် တည်းခိုပါသည်။ စာရေးသူ ကနီမြို့သို့ လိုက်လာခဲ့ခြင်းမှာ ဝါးအမြွာပူးအား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲတွင် ထည့်သွင်းဖော်ပြလိုသည့်အတွက် ဓာတ်ပုံများ ရိုက်ယူလိုသောကြောင့် လိုက်လာခြင်းဖြစ်ပေရာ ကိုဆွေမြွေးထံမှ ဝါးအမြွာပူးကို တောင်းယူ ကြည့်ရှုမိပါသည်။

ဝါးအမြွာပူးမှာ မျှင်ဝါးမျိုးဖြစ်ပြီး ဝါးလုံး၏ အတုတ်မှာ ယောက်ျားကြီးတစ်ယောက်၏ လက်ကောက်ဝတ်ခန့် တုတ်ပေသည်။ ဝါးအမြွာထွက်ပုံမှာ ဝါး၏အဆစ်ရှိနေရာမှ ဝါးလုံးနှစ်လုံး ခွဲထွက်လာပြီး ခွဲထွက်နေသော



www.burmeseclassic.com

www.burmeseclassic.com

ဝါးလုံးနှစ်လုံး၏ အတုတ်မှာလည်း တစ်လုံးနှင့်တစ်လုံးရွယ်တူပင် ဖြစ်သည်။ ဝါးလုံး၏ အရှည်မှာ တစ်တောင်ကျော်ခန့် ရှည်လျားပါသည်။

စာရေးသူလည်း ဝါးအမြွှာပူးအား ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံများ ရိုက်ယူပြီးသည့်နောက် ကိုဆွေမြေ့ကိုဝါးအမြွှာပူး ရရှိခဲ့ပုံနှင့် ဝါးအမြွှာပူး၏ ထူးခြားချက်များကို မေးမြန်းကြည့်သည့်အခါတွင် **ကိုဆွေမြေ့မှာ သစ်တောဦးစီးဌာနမှတောခေါင်းတစ်ဦးဖြစ်ကြောင်း။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၌ သူ တာဝန်ကျစဉ် မင်းတုန်းချောင်းအနီးရှိ ဝါးတောထဲတွင် ထိုဝါးအမြွှာပူးကို တွေ့ရှိရကြောင်း။**

အထူးအဆန်း ဖြစ်သည့်အတွက် အိမ်တွင်အလှထားရန် ခုတ်ယူလာခဲ့ကြောင်း၊ ဝါးအမြွှာပူး၏ သိသာသော **ထူးခြားမှုတစ်ခုမှာသူအိမ်ထောင်ကျပြီး (၆)နှစ်လောက်အထိ သားသမီးများ မရရှိ မထွန်းကားခဲ့ကြောင်း။** သူအနေနှင့် သားသမီး ရရှိတော့မည်ဟု မထင်မိကြောင်း။

သို့သော်လည်း ဝါးအမြွှာပူး ရရှိပြီးသည့်အခါတွင် သားနှစ်ယောက်နှင့် သမီးတစ်ယောက် ရရှိလာခဲ့ကြောင်း၊ ထို့အပြင် အလုပ်အကိုင်များမှာလည်း အစစအရာရာ အဆင်ပြေ ကောင်းမွန်ကြောင်းများကို ပြောပြပါသည်။


သားသမီး ထွန်းကားစေပြီး အလုပ်အကိုင် အဆင်ပြေ ကောင်းမွန်သည့် ဝါးအမြွှာပူးအား စာဖတ်ပရိသတ်များ ကြည့်ရှု လေ့လာနိုင်ကြစေရန်အတွက် ဓာတ်ပုံများနှင့်တကွ ဖော်ပြလိုက်ရပါသည်။

**ကနီမြို့သို့ ခေါ်ဆောင်သွားပြီး ညှိခံကျေးမွေးကာ ဝါးအမြွှာပူး အကြောင်းကို ရှင်းလင်းပြောပြသည့် ကိုဆွေမြေ့အား ကျေးဇူးတင်ရှိပါကြောင်း။**

**မောင်မောင်ထွန်း (မုံရွာ)**

# ဆံပင်မကျွတ်

ပိုရှိနေတယ်လိုပါသလား

ကျွန်ုပ်၏ ဇနီးသည် သကြိန် အထူး အလုပ်ပိတ်ရက်တွင် သီလရှင်ဝတ်လိုကြောင်းကျွန်တော့်အား ခွင့်ပြုချက် တောင်းလာပါသည်။ ကောင်းသော ကျင့်ဝတ်မို့ ချောမောစွာ ခွင့်ပြုခဲ့ပါသည်။

ဇနီးသည်မှာ အသက်အရွယ် ငယ်ငယ်ရွယ်ရွယ်နှင့် အလွန် အင်မတန် ဆံပင်ကျွတ်သည်။ မြန်မာအမျိုးသမီးများဆန္ဒအရဆံကေသာလှလှသည် အမျိုးသမီးများ၏ပသာဒအလှဟု စကားအဆိုရှိ၏။

သို့ကလိုကြောင့်လည်း ဇနီးသည်သည် သီလရှင်တစ်လခန့် တရား အားထုတ်ပြီး လူဝတ်ပြန်လဲခဲ့သည်။ သူမမှာ တစ်လလည်း ဆံပင်ပုံစံမကျ၊ နှစ်လ,သုံးလအထိ ပုံစံမကျတော့ သူ့ခမျာ စိတ်ဓာတ်ကျနေ၏။

သူမဆံပင် ကျွတ်ရုံမက ဆံပင်များ နီကြန်ကြန်ဖြစ်၊ ဆံပင်မသန်ဘဲ အခက်အခဲ ဖြစ်နေ၏။

သူမ၏ သီလရှင်ကြီးသည် ဆေးဝါးအတတ် ဆေးနည်းတိုအတတ် လွန်စွာကျွမ်းကျင်သည်ဟုဆို၏။

သူမ ဆံပင်မသန်၊ မကြာခဏ ဆံပင်ကျွတ်၊ ဆံပင်က နီကြန်ကြန်ဖြစ်နေတာ သူမ၏ သီလရှင်ကြီးထံ အကူအညီ တောင်းခဲ့ပါ၏။

ဆေးမြင်းခွာ (သို့မဟုတ်) မြင်းခွာရွက်ရိုးရိုး၊ ကွမ်း၊ ကြိတ်မှန်ရွက် ဆတူရော၍ ကြိတ်ပါ။

အရည်ရသောအခါ အရည်ကို ညှစ်ယူပါ။ ရသောအရည်နှင့် မကြာခဏ ခေါင်းတွင် လိမ်းပေးပါ။ ဆံပင်တိုစများကို များများစိုရွဲအောင် လိမ်းကျံရပါမည်။

ယင်း **မြင်းခွာရွက်၊ ကြိတ်မှန်ရွက်၊ ကွမ်းရွက်** ဆတူဆိုပေမယ့် **(၅)ကျပ်သားစီ** (သို့မဟုတ်) **(၁၀)ကျပ်သားစီ၊ (၄၅)ကျပ်သားစီ** ရောကြိတ် ရေသင့်တင့်အောင် ထည့်ပါ။ အဆိုပါ သစ်ရွက်(သုံး)မျိုးရည်ကို ပုလင်းထဲ ထည့်စု၍ သုံးရပါသည်။ လနှင့်ချီအောင် စောင့်ခဲ့ရသော ကျွန်တော်၏ဇနီး ဆံပင်သည် နက်၍သန်စေ ခြင်း၊ ဆံပင်ကျွတ်ခြင်းမှ ဝုံး၀ ကင်းဝေးသွားပါသည်။

အများသူငါ သုံးစွဲကြည့်မှာ ဦးရေအေး၍ စိတ်ကြည်လင်နေမည်ဖြစ်ကြောင်း မုဒိတာပွားလိုက်ပါကြောင်း...


*သုခိတာ ဟောထ ဒုက္ခ မုစ္စတ*

**ကောင်းဟိန်း(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com



▲ အနောက်ဘက် (၅)ထွတ်နိမ့် သွယ်လျသော စေတီ(ယာ/၃)

ထက်မြက်ကျော်စွာ

# လုမ္ဗိနီအင်ကြင်းကုန်းမှ

## အစိဋ္ဌာန် နေ့ရာထူး

လွန်ခဲ့သော ၂၀၀၄ ခုနှစ် ခရီး **ထွက်စဉ်က** တွေ့ကြုံခဲ့ရသော အတွေ့ အကြုံဖြစ်ပါသည်။ ပြန်ပြောင်းတင်ပြ ရသော်...

ပျော်ဘွယ်မြို့ အရှေ့မြောက်ဘက် တောင်ကြီးသွားလမ်းခွဲ (၃)မိုင်ခန့် အကွာတွင် ရှိသည့် အင်ကြင်းကုန်းရွာ သည် ယခင်က ပျော်ဘွယ်မြို့ကို အုပ် ချုပ်ရသော တိုက်နယ်မြို့ဖြစ်ခဲ့သော် လည်း ယခုအခါ အိမ်ခြေ တစ်အိမ်မျှ ပင် မရှိသော ယာတော ဖြစ်နေလေပြီ။

မြို့ပျက်သွားသော်လည်း မြို့ဦး စေတီကုန်းတော်မှာ ကျစ်ရစ်ဆဲဖြစ်၍ စေတီတော်များကိုလည်း မွမ်းမံပြင်ဆင် ထားသဖြင့် သပ္ပါယ်စွာ ဖူးမြင်ရလေ သည်။

ကားလမ်းနံလေး ထည်ဝါသော မုခ်ဦးတွင် **လုမ္ဗိနီရာမ အင်ကြင်းကုန်း တောရကျောင်းဟူသော ကမ္ပည်းကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ရေး ထိုးထားကာ စေတီကိန်းဝပ်ပုံ ထူးခြားသဖြင့်** ဝင်ရောက်လေ့လာ ကြည့်သည်။

### ဆရာတော် ဦးဝိစာရ

မုခ်ဦး၏ လက်ဝဲဘက် အုတ်ခင်း လမ်းကလေးအတိုင်း ဝင်ခဲ့ရာ စေတီ ကုန်းမြေကို ပတ်ဝိုင်းလျက်ရှိသော ကျုံးတစ်ခုကို တွေ့ရသည်။ ရေထိန်း နံရံ ကျုံးကူး တံတားတို့ကို သပ်ရပ်စွာ မြင်ရသည်။

လမ်းအဆုံးတွင် သစ်ပင်အုပ်အုပ် ဆိုင်းဆိုင်းနှင့် တဲကျောင်း တစ်ဆောင် ရှိကာ တောရကျောင်းဆရာတော် ဦးဝိစာရကို ကျောင်းဝရန်တာ၌ ဖူးတွေ့ ရသည်။

ဆရာတော်သည် **တမီးလ်လူမျိုး** ဖြစ်ကာ ၁၉၇၉ ခုနှစ်တွင် ဗုဒ္ဓဘာသာ ကို စတင်လေ့လာခဲ့သည်။ **၁၉၈၆ ခုနှစ် တွင်** ဗုဒ္ဓဘာသာသို့ လုံးဝ ကူးပြောင်း ကာ ရန်ကုန် မဟာစည်ရိပ်သာ၊ မိတ္ထီလာကျောက်ဆင်တောရ ပင်းတပဲ တဲစုလေးမျက်နှာတို့တွင် **ဝိပဿနာ တရားများ အားထုတ်ခဲ့သည်။**

လူဝတ်ကြောင်ဘဝက အထက် တန်းရှေ့နေ၊ ကုန်သည် စသည် လုပ်ကိုင် အသက်မွေးခဲ့သည်။ ၎င်း၏ အမည် ဦးတင်ရွှေဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com





▲ သိမ်တော်နှင့် စေတီပုံ့ပုံ့

◀ ပိဋကတ်ကျမ်း ဉာဏ်တော်အမြင့်သုံးစေတီ

ဗုဒ္ဓတရားတော်ကို ပြောင်းလဲ သက်ဝင်သူတို့ ဓလေ့အတိုင်း စရဏအား ကောင်းလှသည်။ အတွေးအမြင်တို့လည်း ထူးခြားသည်။ ပျော်ဘွယ် (အညာ)ဓလေ့ (၃၇)မင်းနတ်များ၊ ဥစ္စာစောင့်များကို အလေးထား ကိုးကွယ်ကြသော်လည်း ဤအကြောင်းတို့နှင့် ပတ်သက်၍ မေးလျှောက်သောအခါ...

'ဝေယျာနိက ပရလောကဆိုတာ ရှိကောင်း ရှိမှာပေါ့။ ဘုန်းကြီးကတော့ ပြင်ပအနှောင့်အယှက်ထက် မိမိကိုယ်တွင်းက အနှောင့်အယှက်ကို ပိုကြောက်တယ်။ ပြီး သတိထားတယ်။ မိမိကိုယ်ကို နိုင်နင်းမှ ပြင်ပလောကကို ခြေလှမ်းစ,နိုင်မှာပေါ့'

ဟု မိန့်ကြားသည်။ မိန့်ကြားရာတွင် စကားလုံးရွေး၍ ဂရုတစိုက် မိန့်လေ့ရှိသည်။ မကျီးတန်းစကြာရွာမှ ဤနေရာသို့ ပြောင်းရွှေ့ သီတင်းသုံးသည်မှာ (၇)ဝါ ရှိပြီဟု သိရသည်။ တစ်ခါတစ်ရံ သီတင်းသုံးဖော် သံဃာ တစ်ပါးစ၊ နှစ်ပါးစ ရှိ၍ များသောအားဖြင့် **တစ်ပါးတည်း နေထိုင်ကျင့်ကြံနေလေ့ရှိသည်**ဟု သိရသည်။

'ဘုန်းကြီးက တမီးလ်ဘာသာ၊ ဟိန္ဒူဘာသာနဲ့ အင်္ဂလိပ်ဘာသာတွေကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်ပါတယ်။ ဗုဒ္ဓတရားတော်တွေကို လူမျိုးမရွေး ကျင့်ကြံနိုင်အောင် ကမ္ဘာလှည့် သာသနာပြုဖို့ အာသီသ ရှိပါတယ်'

'ဒါဆိုရင် အရှင်ဘုရား ဆရာကြီးဂိုအင်ကာနဲ့ကော ရင်းနှီးပါသလား ဘုရား'

'ကြားဖူးတယ်။ လူချင်း မတွေ့ဖူးပါဘူး။ ဒီကုန်းတော်မှာ အဓိဋ္ဌာန်ပြုကျင့်ကြံသူတွေရှိရင် ဖိတ်ခေါ်ချင်ပါတယ်။ ဒါပေမယ့် ဘုန်းကြီးကိုယ်တိုင် တဲကျောင်းလေး မယိုင့်တယိုင်နဲ့ ဖြစ်သလိုနေပြီး ဒီကနေ တစ်မိုင်ခွဲလောက်ဝေးတဲ့ ကြက်တည်ရွာကို ဆွမ်းခံကြွရတာ ဝါဂဲစရဂါမ်ပြုရတယ်။ နေရာထိုင်ခင်း အခက်အခဲကြောင့် အားနာရပါတယ်။

ဒါကြောင့် တရားဝိပဿနာကို တကယ်ကျင့်ကြံချင်လို့ လျှောက်ထားလာရင် ဘုန်းကြီးကပဲ စရိတ်စက တာဝန်ယူ လှူဒါန်းပြီး ရန်ကုန် မဟာစည်ရိပ်သာကို ပို့ပေးပါတယ်။ **နောင်တစ်ချိန်မှာ ဒီကုန်းတော်ကို တရားရိပ်သာအဖြစ် စည်ကားလာအောင်၊ သာသနာတော် ပွင့်လင်းလာအောင် ကြိုးပမ်းနေပါတယ်'**

ဆရာတော်မှာ ကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသူဖြစ်ပြီး အိမ်ထောင်မရှိ၊ မကျန်ရစ်ပါ။ သာသနာအတွက် အလုံးစုံ စွန့်လွှတ်ပြီးဖြစ်ရာ နိုင်ငံခြား သာသနာပြုလုပ်ငန်းအတွက် ငွေကြေး အခက်အခဲ မရှိချေ။ သို့သော် သက်ဝင်ယုံကြည်သူများနှင့် အများဒါယကာ ပေါင်းစည်းကာ သာသနာပြုလိုဟန် ရှိလေသည်။


အင်ကြင်းကုန်းစေတီမြေနှင့် ဆက်လျက်ရှိသော ယာမြေ(၅)ဧကကို ဝယ်ယူကာ ကျောင်းမြေအဖြစ် သတ်မှတ်ခဲ့သည်။ ပြုပြင်မွမ်းမံပြီးသော မိုးလုံလေလုံ ခိုင်ခံ့သည့်သိမ် ရှိပြီးဖြစ်သော်လည်း တဲကျောင်း၌သာ သီတင်းသုံးနေဆဲဖြစ်သည်။

• **ဘုရားရှင်ဟောကြားခဲ့သော ဘုန်းတော် အလျောက် ရရှိသော ကျောင်းဒီပကာရ တွင် ကျောက်ခဲ့သီတင်းသုံးရာမည် ဆိုသည်ကို အလေးအနက် ထောက်ရှုလေသည်။**

နည်းစနစ်များနှင့် ပတ်သက်၍...

'လယ်တီမှ မဟာစည်မှ မိုးကုတ်မှ စသဖြင့် ခွဲခြားမှု မရှိပါဘူး။ ကြိုက်သည့်နည်းနဲ့ အားထုတ်

www.burmeseclassic.com



တောင်ဘက်စေတီ ခေါင်းလောင်းမှ လှပသော အဆင်တန်ဆာများ

ပါး အလုပ်စခန်းဝင်ဖြစ်ဖို့သာ အဓိကပါပဲ' ဟု မိန့်ကြားသည်။

## အင်ကြင်းကုန်း ရွာဟောင်းနေရာ

ဆရာတော်အား ခွင့်ပန်ကာ ကျုံးတော်လည်ပိုင်းနေသော ကုန်းတော်သို့ သွားခဲ့သည်။ ကုန်းတော်တောင်ဘက်တွင် ချုံနွယ်၊ သစ်ပင်ကြီးများ ရှင်းလင်းနေသည့် ကွက်လပ်တစ်ခု တွေ့ရသည်။

မူလ အင်ကြင်းကုန်း တိုက်နယ်မြို့အဆင့်မှ စစ်အတွင်း ပြေးလွှားကြသဖြင့် အိမ်(၁၉)အိမ်သာရှိသော ရွာသယ်အဖြစ် ကျန်ရစ်သည်။

နောင်တွင် အဝေးပြေးလမ်းများ ဖြစ်သည့် ရထားလမ်း၊ ကားလမ်းများဆုံသော ပျော်ဘွယ်သို့ ပြောင်းရွှေ့နေထိုင်ကြသဖြင့် ရွာဟောင်းကုန်းမြေအဖြစ် ကျန်ရစ်ခြင်းဖြစ်သည်ဟု စေတီမွမ်းမံနေသူ ပန်းရန်ဆရာက ပြောပြသည်။ **ရွာဟောင်းကုန်းအနီး အင်ကြင်းကုန်း ရေကန်မှာ ကောစ, ပြုနေပြီကို တွေ့ရသည်။**

ကျုံးတစ်ဖက်စီသို့ ဆက်သွယ်ထားသော အုတ်တံတားကလေးအပေါ်မှ ဖြတ်ကျော်ကာ တစ်ချိန်က သာယာလှပခဲ့သော အင်ကြင်းကုန်းရေကန်နှင့် ရွာဟောင်းကုန်းကို ကျော်ခိုင်းလျက် စေတီတော်များကို လေ့လာကြည့်ရှုသည်။

## ကုန်းတော်တစ်ခွင်

ကုန်းတော် အနောက်ဘက်ပိုင်းတွင် **စေတီ(၅)ဆူတန်း**ရှိသည်။ ဉာဏ်တော်နှင့် ဖွဲ့စည်းပုံ မတိမ်းမယိမ်း ရှိသည်။ **ပစ္စယံသုံးဆင့်ကို ကထပ်ပုံပြုလုပ်၍ ခေါင်းလောင်းမှောက်စေတီ တင်ထားသည်။**

ခေါင်းလောင်းနှင့် ပစ္စယံကြား ကြာမှောက်ကြာလန်များရှိခြင်းနှင့် အနောက်ဆုံးမှ ဒုတိယစေတီဖောင်းရစ်သွယ်လျှပ်နှုတ်ခမ်းတို့မှာ ရှမ်းလက်ရာများဖြစ်သည်။

အင်ကြင်းကုန်းမှ အရှေ့(၁၄)မိုင်အကွာတွင် ယခင်က **ရှမ်းစော်ဘွား ပိုင်နယ်စပ်**ရှိလေရာ ရှမ်းဗမာ ဗိသုကာလက်ရာများ ပေါင်းစပ်နေခြင်း ဖြစ်သည်ဟု သိရသည်။

စေတီအားလုံး၏ ခေါင်းလောင်းအထက်ပိုင်းတွင် ကြာပွင့်ဖတ်များ တန်ဆာဆင်ထားသဖြင့် ဖူးမြင်ရသည်မှာ အသွင်ထူးနေပေသည်။

ငါးဆူတန်းအရှေ့၊ ကုန်းတော်အလယ်တွင် လှုပ်နီသိမ်တော်ကြီးကို တွေ့ရသည်။ အုတ်တိုက်အဆောက်အအုံ ဖြစ်၍ မူလ သိမ်ပန္နက်နေရာတွင် ကိုကျော်ကျော်မိသားစု (ရွှေပန်းထိမ်၊ ပျော်ဘွယ်၊ မြင်းဘက်ရပ်)မှ အလှူဒါ

www.burmeseclassic.com



ဆရာတော်ဦးဝိစာရ



သိမ်အနီး(၃)ဆူအစု

အရှေ့ဘက်(၄)ဆူ အစု



ခုနှစ်တွင် အသစ်ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

သိမ်တော်အနီးတွင် ထုထည်အားကောင်းသော စေတီတစ်ဆူ ရှိသည်။ အနောက်ဘက်စေတီများနှင့် ပုံစံတူသော်လည်း **ခေါင်းလောင်းမှောက်၊ ဖောင်းရစ်တို့မှာ ပုံ့ပုံ့ယ်ယ်** ရှိသည်။ ထည်ဝါသော ပုံဟန်ဆောင်နေသည်။

သိမ်အနီးစေတီ သုံးဆူ ထောင့်မှန်ပုံတည်ရှိကာ တောင်ဘက်စေတီသည် ဖိနပ်အခြေနှင့် ဉာဏ်တော်အမြင့်ဆုံးဖြစ်၍ ခေါင်းလောင်း တန်ဆာဆင်မှုမှာလည်း သေသပ်အနုစိတ်သည်ကို တွေ့ရသည်။

ဆရာတော်ဦးဝိစာရ ကိုယ်တိုင်ကြီးကြပ်၍ မူလပုံစံ အဟောင်းအပျက်နမူနာအချိုးအစရ မွမ်းမံ ပြုပြင်ခြင်းဖြစ်ရာ မူလလက်ရာ မပျက်စေရန် အတတ်နိုင်ဆုံး ကြိုးစားထားသည်ဟု ကြားနာရသည်။

**ယင်း စေတီကြီး၏ မှန်ချပ်(သင်ရှုက်) ကနုတ်များ၊ ဘီလူးပန်းဆွဲများမှာ အလွန်လှပသည်။ ဘီလူးများမှာ မျက်လုံးအစွယ်တို့ကို ဘီလူးသဏ္ဌာန်ပေါ်ရုံမျှ ပြုလုပ်လျှက် မတိုင်ရ ရုပ်ပွဲ့ အထင်တန်သင့်ကို အသားပေး သွန်းလုပ်ထားသဖြင့် ဥပမာ ကာအမြစ် ယဉ်ကျေးမှုသော ဘီလူး အသွင်ပီပြင်ပါသည်။**

ကုန်းတော် အရှေ့ဘက်အစွန်းတွင် **လေးဆူ၊ စတုရန်းပုံတည်သော စေတီများရှိသည်။ ရှစ်မြောင့်ပစ္စယံနှင့် ကြာလန်၊ ခေါင်းလောင်းပုံစေတီမှာ ရှမ်းလက်ရာဟန်ဖြစ်သည်။** ယင်းရှေ့မှ စေတီမှာ ပစ္စယံတိုင်းတွင် မုခ်လေးဖက်နှင့် စုစုပေါင်းမုခ်(၁၂)ခုရှိ၍ အထက် ကျည်းဝန်းကို အသားပေးကာ ကြာလန်ပါးလျလျနှင့် သွယ်လျသော ခေါင်းလောင်းပုံ ရှိသည်။

အရှေ့ဘက်စွန်း စေတီမှာ (၈)မြောင့်ပစ္စယံ၊ ခေါင်းလောင်းသွယ်လျ၍ ဖောင်းရစ်များ ထုထည်ကောင်းသည်။ မြောက်ဘက်စေတီမှာ မုခ်လေးခုနှင့် ခုံထည်သော ဖောင်းရစ်များရှိသည်။ လေးဆူစလုံး ပုံစံတစ်မျိုးစီ ကွဲပြားကြသည်။


## ထူးခြားစွာ ကိန်းဝပ်တော်မူဟန်နှင့် အဓိဋ္ဌာန်လိုဏ်ဂူ

အရှေ့ဘက်စွန်း စေတီသည် လေးထောင့် အုတ်ခုံထက်ပစ္စယံ ရှစ်မြောင့်

www.burmeseclassic.com



◆ အရှေ့ဖွဲ့မစေတီနှင့် ကမ္မဋ္ဌာန်းလိုဏ်
ဆရာတော်၏ ဝါဆိုကျောင်း ◆



◆ လုမ္ဗိနီရွာမ အင်ကြင်းကုန်းတောရ မျက်နှာစာ



◆ အင်ကြင်းကုန်း ရေကန်



နှင့် သွယ်လျလျှဟန် ပေါက်နေသည်။ ကြာပလ္လင်ခံ ခေါင်းလောင်းမှာ ထုရှည်ပုံရှိကာ အထက်မှာ ဖောင်းရင်းများမှာ သွယ်လျခြင်းမရှိ ထုထည်အားကောင်းသည်။ အနောက်ဘက် မုခ်လိုဏ်ပါရှိ၍ အဓိဋ္ဌာန်ဂူဖြစ်သည်။

ဆရာတော်သည် ကုန်းတော်သို့ ရောက်ခါစအချိန်တွင် ဤစေတီအား ဦးစွာ စတင် ပြုပြင်ခဲ့သည်။ **စနေထောင့် အောက်ခြေပိုင်း သရိုးများ ကွဲအက်နေသော်လည်း မူလပုံစံ မပျက်စေရန် ဖြိုဖျက်ခြင်း မပြုခဲ့ချေ။**


ဤလိုဏ်ဂူကလေး၌ အဓိဋ္ဌာန်ပြု ကမ္မဋ္ဌာန်း တည်ဆောက်ပါလျှင် ထူးခြားသော အတွေ့အကြုံနှင့် အကျိုးရလဒ်များ ရရှိနိုင်သည်ဟု သိရသည်။ **အရှေ့ဘက် စေတီခုနစ်ဆူ ကိန်းဝပ်ဟန်မှာ ကောင်းကင်လမ်းပြ ခုနစ်စင်ကြယ်ပုံစံ ဖြစ်သည်။**



www.burmeseclassic.com

www.burmeseclassic.com

***




ကြယ်လက်ာအာရဲနှစ်စင်ကြယ်အား...

"မ၊ စက်၊ တတ်၊ လေ၊ သည်း၊ အုး၊ ကြွေ" ဟု ဦးခေါင်းမှစ၍ အမည်ပေးသည်။ **မ၊** ကြာသပတေးမှ စကာ **ကြွေ၊** တနင်္လာကြယ်တွင် အမြီးပိုင်းဆုံးသည်။

**နေကြယ်ကို လှည့်ပတ်ရသော ကြယ် ၇ စင်ကား ကြာသပတေးကြယ်သည် အနီးဆုံး၊ လှည့်ပတ်သော၊ ကော်ဝန်း အကျဉ်းဆုံးဖြစ်၍ တနင်္လာကြယ်သည် အဝေးဆုံး၊ ကော်ဝန်းအကျယ်ဆုံးဖြစ်သည်။**

စေတီပုံတွင် **ကြွေ၊** တနင်္လာကြယ် နေရာတွင် သိမ်ရှိကာ စက်ပိုင်းနေရာတွင် စေတီ(ဉာဏ်တော်အမြင့်ဆုံး၊ ဗိနပ်အကျယ်ဆုံး)တည်ရှိနေကြသည်။

စေတီတည်ခြင်းမှာ ထပ်မံပြောင်းလဲ၍မရ အစဦးသေချာ တည်မြဲရန်လိုသည်။ သိမ်မှာ ရဟန်းတော်များအတွက် အဖန်ဖန် သိက္ခာထပ်ရခြင်း လှုပ်ရှားသည့်သဘော ရှိသည်။

ထို့ကြောင့် ပညတ်နိမိတ်မကောင်းသော "ကြွေ" နေရာတွင် လှုပ်ရှားမှု သဘောဆောင် သိမ်ထားရှိကာ သိမ်အနီး အရှေ့ဘက်၌ စေတီတည်ဆောက်ခြင်း ဖြစ်နိုင်သည်ဟု သိရသည်။

**ကြယ်ဦးခေါင်းဖြစ်သော (မ) စေတီမှာ မစခြင်း၊ ကာယ်မခြင်း အနက်**ရှိသဖြင့် ဤစေတီ၏ ကမ္ဘဋ္ဌာန်းဂူတွင် တရားထူး ပေါက်မြောက်ခြင်း၊ သမ္မာဒေဝ သိဒ္ဓိရှင်တို့ ကူညီမစခြင်း ခံစားရသည်။ အနီးဆုံးကြယ်ဖြစ်၍ ပင်ပန်းဆင်းရဲမှု နည်းပါးသည်။

ဤကဲ့သို့ ကိန်းဝပ်ဟန်အရ ဤကုန်းတော်ရှိ စေတီတော်များအား ပူဇော်၊ မွမ်းမံလှူဒါန်းရခြင်းကြောင့် **ဘဝမျက်နှာစာတွင် ဦးတည်ရာမဲ့ ထမ်းပျောက် တွေဝေနေရခြင်း၊ အထီးကျန်နေရခြင်းတို့မှ ကင်းဝေးစေသည်ဟု သိရပေသည်။**

အနောက်ဘက်(၄)ဆူတန်းမှာ **ကျီးတာရာ နေရာဖြစ်ကာ** ကုန်းတော်၏ အဝင်ဝ မျက်နှာစာတွင် တည်ရှိ သည်။ **ကျီးသာလျှင် ညွှန် လာပါသည်။ အဝေးမှ ကြည်ညိုလျှင် ဤ(၄)ဆူတန်းကို စတင်ဖူးမြော်ရသဖြင့်** စိတ်ဝင်တစား လာရောက် ကြည်ညိုပူဇော်လေ့ရှိကြသည်။ **ကျီးသာခြင်း လောကီနိမိတ်နှင့် ဆင်တူပါသည်ဟု လေ့လာသိမှတ်ရသည်။**

သို့ဖြစ်လေရာ သီးခြား ကျုံးပတ်လည် ရံလျက် ထူးခြားစွာ ကိန်းဝပ်တော်မူသော လုမ္ဗိနီ အင်ကြင်းကုန်း စေတီတော်များအား ဖူးမြော် လေ့လာနိုင်ရန် တင်ပြလိုက်ပါသည်။

***(ဆရာတော်ဦးဝိစာရအား လေးစားစွာ ကန်တော့အပ်ပါသည် ဘုရား...)***

**ထက်မင်းကျော်စွာ**

**စာမျက်နှာ (၉၅)မှ အဆက်**

လုံကို နှိမ့်နိုင်သလောက် နှိမ့်ထိုးပါ။

(၄)နာရီလောက် ထိုးပြီးမှ ခြင်း (သို့မဟုတ်) တောင်ပို့သံ သန့်စင်ပြီးသားကို သူ့အပေါ်မှ ထိပ်ဆောင်းလုပ်၍ ချော့ထည့်ပြီး ထိုးရပါမည်။ လုံကွဲတတ်၍ အလွန် သတိထားလုပ်ကိုင်ရသောအပိုင်း ဖြစ်ပါသည်။

ပြီးရင် နာကို ရသည့်ခေတ္တသားအလေးချိန်၏ ဆတူထည့်ပြီး ထိုးရပါသည်။ အပျော့အပျဉ်းဓာတ် ရပြီဆိုတော့မှ **ရွှေ(ကီတ်)** အနည်းငယ်(၅)မူးသားထည့်ပြီးထိုး၊ ချက်ပါ။

ထိုသို့ အဆင့်ဆင့် လုပ်ဆောင်ပြီးလျှင် ဘော်သားဆိုက်ဓာတ်လုံး ရပါမည်။ လုံခြောက် များများထိုး၊ နာနှင့်များများချက်၊ နောက်ဆုံး နှစ်လ၊ သုံးလအချိန်လောက်နှင့်ပင် အရောင်တဝင်းဝင်းနှင့် ရှုမငြီးဖွယ် နာမ်ဝင်ဓာတ်လုံး (ရွှေတို့၊ သံတို့၊ ပြဒါးတို့ကို ဆွဲ၊ ငုတ်၊ ခဲအဆင့်ကျော်ပြီး ဖြာချနိုင်သော) သိဒ္ဓိဝင်ဓာတ်လုံးကို ရမှာ ဖြစ်ပါသည်။

**နာနှင့်ခန့်သည်** အရွှေချော်ဖြစ်ထွက်မည်။ **ဘော်သည်** ချော်ဖြစ်ထွက်မည်။ **ရွှတ်သည်** ဖြာဖြစ်ထွက်မည်။

ကိတ်ဓာတ်နှင့် မင်းလေးပါးတို့ ဓာတ်လုံးအတွင်း ကိန်းအောင်းနေလိမ့်မည်။

မိတ်ဆွေတို့ လိုရာစခန်းကို ဉာဏ်ရှိသလို တက်လှမ်းနိုင်ကြောင်း စေတနာ၊ သဒ္ဓါထားပြီး ရေးသားတင်ပြလိုက်ရပါသည်။

**[အင်္ဂရိတ်ဓာတ်ပညာ သင်ကြားပေးသော သာသနာ့ကာရီ ဆရာတော်ကြီး(ဦးပဏ္ဍိတ)ကို ဦးခိုက်ရှိခိုးလျက်...]**

**စနေသား(မော်ကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိစဝင် နေလ ထမင်းလုံး

စနေသား
(မော်ကျွန်း)

"နဂါးကျင်ချေး လိုတိုင်းပြီး၏"

အဂ္ဂိရတ်ကို လိုက်စားကြသော အမျိုးကောင်းသား အများစုတို့သည် သွပ်,သံ,ရွှေ စသည်ဖြင့် မိမိတို့ ကြိုက်နှစ်သက်သော ဓာတ်တို့ကို စီရင်ကြလေသည်။

သို့သော် ရုပ်ဓာတ်များဖြစ်သော ကြောင့် ခရီးနှောင့်နှေးကြန့်ကြာလေ သည်။ ဖမ်းရခက် ဈေးကလည်းကြီး သော **စိန်,ဆေး,ဒန်း,ကန့်,ဟင်းရိုင်း** တို့ကိုမူ ဖမ်းခြင်း,စီရင်ခြင်း အလွန် နည်းလေသည်။

"နည်းကမခက် မီးကခက်သည်" ဟုဆိုသော စကားအရာမှာလည်း ရှိသောကြောင့် မီးမတတ်က ဘာမှ မရသည်က များလေသည်။

ဓာတ်ကစားကြသော ပုဂ္ဂိုလ်တို့ သည် ဓာတ်ကြီးဓာတ်ကောင်း မရှိ လျှင်မဖြစ်၊ အနည်းဆုံးတော့ ဓာတ်လုံး တစ်လုံး ကောင်းကောင်းရှိသင့်သည်။

အစွမ်းထက်သော ဓာတ်လုံးရှိမှ သာ လုပ်ချင်တာလုပ် အဟုတ်ဖြစ်ရ မည်။ မသိသူကျော်သွား သိသူဖော်စား နိုင်အောင် အောင်မြင်ပြီးမြောက် သိဒ္ဓိ ပေါက်ဓာတ်ရအောင် စေတနာအရင်း ခံ၍ လမ်းစဉ်ကို ရေးသားရခြင်း ဖြစ်ပါ သည်။

ပထမ...

| | |
|---|---|
| ၁။ မိန်နီ | ၂-ကျပ်သား |
| ၂။ စိန်ဖြူဆင်ဦးနှောက် | ၅-ကျပ်သား |
| ၃။ ဆေးဒန်း | ၂-ကျပ်သား |
| ၄။ ကန့် | ၅-ကျပ်သား |
| ၅။ ပြဒါး | ၁-ကျပ်သား |
| ၆။ နာ | ၁-ကျပ်သား |
| ၇။ ဘော် | ၁-ကျပ်သား |
| ၈။ ငွေ့တွတ် | ၁-ကျပ်သား |
| ၉။ ကျောက်နီ(အုန်) | ၁-ကျပ်သား |

တို့ စုရပါမည်။



"**မီးအတတ်**"ဟု ဆိုရာတွင် ပထမ **ဖွဲမီး** ဒုတိယ**လေဖိုအပျော့မီး** တတိယ **လေဖိုအပြင်းမီး**၊ စတုတ္ထ **ဖိုခွင်မီး**တို့ သည် အခြေခံအပိုင်း ဓာတ်ဖမ်းသော အပိုင်း ဖြစ်ပါသည်။

ချော်နှင့် ပတ်သက်၍လည်း **လက် ချား,ဖဝက်သာ,ဆားချော်** စသည် တို့သည် မဖြစ်မနေ သုံးရသော သဘော ရှိပါသည်။

**ဂဠုန်ချော်**ဟု ဆိုအပ်သော **နာ, ယမ်း,ဆားချော်**သည် မဖြစ်မနေ အသုံးပြုဓာတ်ဖမ်းရာ၌ အလွန်အသုံး တည့်လှကြောင်း တွေ့ရသည်။

နာကို အပါးခတ် ကတ်ကြေးစာချ ပြီး လုံပက်ထဲတွင် ကျို၊ ယမ်းများများ ကို ဖြည်းဖြည်းချင်းထည့်၊ ဘင်္ဂလီဆား ကိုလည်းထည့်၊ လက်ချား,ဖဝက်သာ ကိုလည်း ထည့်ပြီး မီးနွေးနွေးနှင့်ကျို ပါ။ ကောလီကျုအောင် မွှေပါ။

ကောလီကျုပြီး အဝါရောင် အရည် ရတော့မှ ဖွန်းနှင့် ခပ်ထား၊ အေးလျှင် အမှုန့်လုပ်ပါ။

**စိန်ဖြူဆင်ဦးနှောက်** (၃)ကျပ်သားကို မတ်ခွက်ထဲ ထည့်ပြီး ငါးပြားစေ့ (၃)စေ့ ကတ်ကြေးစာချထည့်ပြီးရင် ရေလက်လေးလုံး မြုပ်အောင်ထည့်ထား၊ နောက်နေ့ကျမှ ခွက်ထဲက စိန်ဖြူ ပြဒါးရည်ကို ယူထားပါ။ ပြဒါးရည်နှင့် စိန်ဖြူပြဒါးရည်တို့ကို ရောပြီး ထုံတင် ခဲပါ။

ရသည့် ထုံခဲကို ပါးပါးလေးတွေ လုပ်ပြီး မင်းလေးပါးနှင့် တစ်ထပ်စီ ထည့်၊ ချော်အပေါ်က ထည့်ပြီး ဖော် လုံအောင် မံပါ။ ဖော်လုံတော့မှ လေဖို အပျော့မီးနှင့် လုံခံသလောက် တင် ဖုတ်ပါ။

ရသည့် အခဲကို နာ(၁)ကျပ်သားနှင့် နောက် တစ်လုံ တစ်ထပ်စီလုပ်ပြီး လေဖိုပြန်တင်ပါ။ အားလုံးပြီးပြီဆို တော့မှ ဒန်သန့်(၁)ကျပ်သား၊ ဘော် (၁)ကျပ်သားကို အရည်လင်အောင် ကျို၊ ငွေ့တွတ်ပေါက်ထည့်၊ အေးတော့မှ အမှုန့်ပြု၊ ယခင် လေဖိုတင်ထားသော မင်းလေးပါးနှင့် ရော၍ အပေါ်က ဂဠုန်ချော်ထည့်ပြီး မီးလျှံစ,ထိုးပါ။


စာမျက်နှာ (၉၄) သို့

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇွန်လအတွက်

# ကျန်းမာရေးအတွက် အကြံပေးချက်

◆ **မိသရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)တို့သည်** ဝါယောဓာတ်စာများကို အားပြု၍ တေဇောဓာတ်စာများ လျှော့ပေါ့ သုံးဆောင်ပါ။

▲ **ပထဝီဓာတ်စာ ။ ။** ကြက်၊ ချိုး၊ ခါ၊ ငုံးသားများ၊ ဒရယ်၊ သမင်၊ ချေ၊ ဆတ်၊ ဆိတ်သားများ၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်သား၊ လင်းမြွေ၊ စပါးကြီး၊ မြွေသား၊ ပုရစ်၊ ပလူ၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်...

ငါးလင်ပန်း၊ ငါးမြွေထိုး၊ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ ထောပတ်၊ ဝိန်းဥ၊ ကိုင်းဥ၊ ကန်စွန်းဥ၊ ဥသျှစ်...

တညင်းသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မန်ကျည်းမှည့်၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်သီး။

▲ **အာပေါဓာတ်စာ ။** ကျွဲသား၊ ကြွံသား၊ ရေမြွေ၊ ရေကြက်သား၊ ဝက်သား၊ လိပ်သား၊ ခရု၊ ကဏန်း၊ ကနုကမာ၊ ဖျိုင်းသား၊ ဖားသား၊ ငါးလင်ပန်း.....

ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးဝက်မ၊ ငါးသင်အုံး၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး...

စပျစ်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘော်သီးနုံ၊ ငှက်ပျောသီး၊

ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ မင်းကွတ်သီး၊ ကြက်သွန်နီ၊ ရေထိကရုံး၊ ကျောက်ပွင့်၊ အောင်မဲညို၊ တော်သလင်းဖူး...

ဂေါ်ဖီထုပ်၊ နံနံ၊ မုန်ညင်းဖြူ၊ ပုန်းရည်ကြီး၊ ကြံရည်၊ အုန်းရည်၊ ဖလံတောင်ဝေ၊ ရေသရက်ကင်း၊ မဲဇလီကြီး။

◆ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့သည်** ဝါယောဓာတ်စာကို အားပြု၍ တေဇောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

◎ **တေဇောဓာတ်စာများ ။ ။** ကြက်သား၊ ကြောင်သား၊ ရှဉ့်သား၊ ကြွက်သား၊ မြွေပွေး၊ မြွေဟောက်သား၊ ငါးမြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ငါးကြင်း၊ ငါးသလောက်၊ ဒူးရင်းသီး၊ ရဲယို၊ သဘော်သီးမှည့်၊

စောင်းလျားသီး၊ မရန်းသီး၊ ဩဇာသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးချဉ်သီး၊ ကနစိုးသီး၊ လက်ဖက်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ မိသလင်၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး...

ကရဝေး၊ သစ်ကြံပိုး၊ ဖာလာ၊ လေးညှင်း၊ ပတဲကော၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ကြိတ်မှန်ရွက်၊ ချဉ်ပေါင်ရွက်၊ ကြာဟင်းရွက်၊ ကုက္ကိုရွက်၊ ဝဥ၊ အင်ဥ၊ ပီလောပီနံဥ၊ ထန်းရည်။

◎ **ဝါယောဓာတ်စာများ ။ ။** ငါးခုံးမ၊ ငါးမြစ်ချင်း၊ ငါးမြင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ ငှက်ဥအမျိုးစုံ၊ လိပ်ဥ၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်ရွက်...

ကြောင်လျှာသီး၊ တမာရွက်၊ သဘော်သီးရင့်၊ ကန့်ကလာ၊ လက်ဖက်၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်...

လက်ပံပွင့်၊ သခွတ်ပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ မန်ကျည်းမှည့်၊ စပါးလင်၊ ဟင်းနုနယ်၊ မုန့်ဟင်းခါး၊ ထန်းလျက်။

◆ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည်** အာပေါဓာတ်စာကို အားပြုသုံးဆောင်၍ ပထဝီဓာတ်စာကို လျှော့ပေါ့စားသုံးသင့်သည်။

◆ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည်** တေဇောဓာတ်စာကို အဓိကသုံးဆောင်၍ ဝါယောဓာတ်စာကို ဆင်ခြင်မှီဝဲပါ။



◆ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)တို့သည်** ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။

◆ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)တို့သည်** တေဇောဓာတ်စာကို အဓိကထား၍ ဝါယောဓာတ်စာကို လျှော့ပေါ့မှီဝဲပါ။

◆ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)တို့သည်** အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို ဆင်ခြင်စားသုံးပါ။

◆ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည်** ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့စားသုံးပါ။

◆ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့သည်** ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို ရှောင်ကြဉ်စားသုံးပါ။

◆ **မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့သည်** တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာကို လျှော့ပေါ့စားသုံးပါ။

◆ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)တို့သည်** အာပေါဓာတ်စာကို အားဖြည့်စားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့ဆင်ခြင်ပါ။

◆ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)တို့သည်** ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

***အာရောဂျသုလာဘ်နှင့် ပြည့်စုံပါစေ***

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်ဗေဒင်ပညာတွင် **ပက္ခ အယူအဆ** ရှိပါသည်။ **အထွန်းနှင့် ပုတိ၊ သိုက်နှင့်ရာဇ၊ အဓိပတိနှင့် မရဏ၊ ဘင်္ဂနှင့်ဘင်္ဂ** ဟူ၍ ပက္ခအတွဲ (၄)တွဲ ရှိပါသည်။

ပုတိမှ အထွန်းသို့တက်သော အတွဲသည် "အကောင်းပက္ခ" ဖြစ်ပြီး အထွန်းမှ ပုတိသို့ ဆင်းသောအတွဲသည် "အဆိုးပက္ခ" ဖြစ်ပါသည်။

မရဏမှ အဓိပတိသို့ တက်သောအတွဲသည် "အကောင်းပက္ခ" ဖြစ်ပြီး အဓိပတိမှ မရဏသို့ဆင်းသော အတွဲသည် "အဆိုးပက္ခ" ဖြစ်ပါသည်။

သိုက်မှ ရာဇသို့ သွားသော အတွဲသည် "အကောင်းပက္ခ"ဖြစ်ပြီး ရာဇမှ သိုက်သို့ သွားသော အတွဲသည် "အဆိုးပက္ခ" ဖြစ်ပါသည်။

ဘင်္ဂနှင့်ဘင်္ဂ အတွဲသည် "အဆိုးပက္ခ" ဖြစ်ပါသည်။

ထို့ကြောင့် အကောင်းပက္ခ (၃)တွဲနှင့် အဆိုးပက္ခ(၄)တွဲဟူ၍ အတွဲ(၇)တွဲ ဖြစ်သွားပါသည်။

* * **[နံပါတ်-၁]*

(၇)ရက်သားသမီး အားလုံးတို့သည် မြန်မာနှစ် တစ်နှစ်တွင် ပက္ခ တစ်လုံးလုံးနှင့် မိ,မိနေတတ်ပါသည်။

အကောင်းပက္ခမိခြင်းနှင့် အဆိုးပက္ခမိခြင်း ဟူ၍သာ ကွာခြားကြမည် ဖြစ်ပါသည်။ ယခုလာမည် **၁၃၇၉ ခုနှစ်သည် (၀)ကြွင်းသော မဟာဘုတ်နှစ်** ဖြစ်ပါသည်။

* * **[နံပါတ်-၂]*

**၁-ကြွင်း မဟာဘုတ်သမား(မြန်မာသက္ကရာဇ် ၁၃၁၀, ၁၃၁၇, ၁၃၂၄, ၁၃၃၁, ၁၃၃၈, ၁၃၄၅, ၁၃၅၂, ၁၃၅၉, ၁၃၆၆, ၁၃၇၃ ခုနှစ်မွေး) အားလုံးတို့သည် ၀-ကြွင်းမဟာဘုတ်နှစ်တွင် ဗုဒ္ဓဟူး အကောင်းပက္ခ မိပါ**

# ၁၃၇၉ ခုနှစ်
# ပက္ခအကောင်းနှင့် မကြာ

ဆွေကြည်နွဲ့
(ကျိုက်လတ်)




**သည်။**


ထို့ကြောင့် အစီအရင် မကောင်းသော ဘုရားရုပ်ပွားတော်တို့ ဝင်လာမည်။ ရွှေပေါင်းဝင်မည်။ ရှင်သီဝလိ၊ ရှင်ဥပဂုတ် ကြွလာတတ်သည်။

ဝမ်းပျက်၊ဝမ်းလျှောဖြစ်ပြီး ဝမ်းသာစရာ သတင်း ကြားရတတ်သည်။

ကျန်းမာရေး ညှိုးနေသော ညီအစ်ကို မောင်နှမ သားသမီး တို့ပြန်လည်ကောင်းမွန်လာမည်။ နာတာရှည်ဝေဒနာရှင်များ ပြန်လည် ကောင်းမွန်လာမည်။ ဝမ်းကိုက်ခြင်း၊ ဗိုက်နာခြင်း နိမိတ်တွေ့လျှင် ကောင်းသောနိမိတ် ဖြစ်သည်။

ဗုဒ္ဓဟူးသားသမီးများ ကျန်းမာရေး








www.burmeseclassic.com

www.burmeseclassic.com


**နံပါတ်-၃**

| | | |
|---|---|---|
| | ၆ | |
| (၁) | ၄ | ၀ |
| ၅ | ၂ | ၃ |

၂-ကြွင်းမဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | (၁) |

၀-ကြွင်းမဟာဘုတ်





**နံပါတ်-၄**

| | | |
|---|---|---|
| | ၀ | |
| ၂ | (၅) | ၁ |
| ၆ | ၃ | ၄ |

၃-ကြွင်းမဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | (၅) |
| ၃ | ၀ | ၁ |

၀-ကြွင်းမဟာဘုတ်





**နံပါတ်-၅**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | (၂) |
| ၀ | ၄ | ၅ |

၄-ကြွင်းမဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| ၆ | (၂) | ၅ |
| ၃ | ၀ | ၁ |

၀-ကြွင်းမဟာဘုတ်





**နံပါတ်-၆**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | (၆) |

၅-ကြွင်းမဟာဘုတ်

| | | |
|---|---|---|
| | ၄ | |
| (၆) | ၂ | ၅ |
| ၃ | ၀ | ၁ |

၀-ကြွင်းမဟာဘုတ်




ညံ့ပြီး လူဝဖြိုးလာတတ်သည်။ လုပ်သမျှ အခက်အခဲများကြားမှ အောင်မြင်မှုတချို့ ရမည်။

လေဖြတ်ပြီး ထိပေါက် ရာထူးတက်တတ်သည်။ ကိုယ်ဝန်ရှိပါက လက်ပွားလေးများ မွေးဖွားတတ်သည်။

ယကြော ။ ။ ဂြိုဟ်သွားနေ့ နံနက် (၁၁)နာရီ မှ (၁)နာရီတွင် သီလရှင်ကြီး သီလရှင်လေးများကို လိမ္မော်ရည် တိုက်ပြီး "ယကြော" ဂါထာကို ရွတ်ဆို သက်သာ ရှုပ်ထုတ်ပူဇော်ပါ။



* * *[နံပါတ်-၃]

၂-ကြွင်း မဟာဘုတ်သမားမြန်မာ သက္ကရာဇ် ၁၃၀၄, ၁၃၁၁, ၁၃၁၈, ၁၃၂၅, ၁၃၃၂, ၁၃၃၉, ၁၃၄၆, ၁၃၅၃, ၁၃၆၀, ၁၃၆၇, ၁၃၇၄ ခုနှစ်မွေး)အားလုံးတို့သည် ၀-ကြွင်း မဟာဘုတ်နှစ်တွင် တနင်္ဂနွေ အဆိုးပက္ခ မိပါသည်။

ထို့ကြောင့် အောင်မြင်နေသော အလုပ်အကိုင်များ ကျဆင်းတတ်၊ ထိခိုက်တတ်သည်။ ဖခင် ကျန်းမာရေး ညံ့တတ်သည်။ ကြီးကဲသူတို့နှင့် အဆင်မပြေ ဖြစ်တတ်သည်။ ခေါင်းမူး၊ ခေါင်းကိုက်၊ အရိုးတွင် ဝေဒနာပေါ်တတ်သည်။

အလုပ်ပြုတ် အလုပ်က ထွက်ရတတ်သည်။ အင်းတိုက်ခံရတတ်သည်။ အိမ်ရောင်းချင်စိတ် ပေါ်တတ်သည်။ အိမ်ထောင်ရေး မတည်မငြိမ် ဖြစ်မည်။

တနင်္ဂနွေသားသမီးများ အလုပ်မှာ စိတ်မဝင်စား အလုပ်ပြုတ်တတ်၊ အထက်လူကြီး၏ ငြိုငြင်မှု ခံရတတ်၊ ကျန်းမာရေး ညံ့တတ်၊ ဆုံးဖြတ်ချက်များ မှားတတ်၊ မိသားစု အုပ်စုအတွင်း ပြဿနာပေါ်တတ်၊ မကြာခဏ ခေါင်းကိုက်တတ်သည်။

ယကြော ။ ။ တနင်္ဂနွေနေ့ မွန်းတည့် (၁၂) နာရီမှ (၂)နာရီအတွင်းတွင် သူမိန်းကလေးများအား အာလူးကြော် ကျွေးမွေးပါ။

* * *[နံပါတ်-၄]

၃-ကြွင်း မဟာဘုတ်သမားမြန်မာ





www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၁၃၀၅, ၁၃၁၂, ၁၃၁၉, ၁၃၂၆, ၁၃၃၃, ၁၃၄၀, ၁၃၄၇, ၁၃၅၄, ၁၃၆၁, ၁၃၆၈, ၁၃၇၅, ခုနှစ်မွေး)အားလုံးတို့သည် ၀-ကြွင်း မဟာဘုတ်နှစ်တွင် ကြာသပတေး အကောင်းပက္ခ မိပါသည်။

ထို့ကြောင့် ဂမ္ဘီရပညာရပ်များ၊ ထူးခြားသော ပညာရပ်များ ရတတ်သည်။ အခက်အခဲ ဖြစ်နေသော ပညာရေးများ ထူးထူးခြားခြား အောင်မြင်လာမည်။ မိတ်ဆွေကောင်း၊ ဆရာကောင်းတို့၏ အကျိုးပြု ကူညီခံရမည်။

ဂန္ဓာရီပညာရပ်များကို စိတ်ဝင်စားလာတတ်သည်။ မြေ,အမွေကိစ္စများ အဆင်ပြေ ဝင်လာတတ်သည်။ အတွေးအခေါ်ကောင်းများ ပေါ်မည်။

သင်တန်းများ တက်ရတတ်သည်။ ဘာသာရေးလုပ်လေ တိုးတက်လေ ဖြစ်မည်။ တန်ခိုးကြီးဘုရား၊ ဆရာတော်၊ ပုဂ္ဂိုလ်ထူးတို့ ဖူးတွေ့ရတတ်သည်။

ကြာသပတေးသားသမီးများ လုပ်သမျှ အလုပ်များ အစပိုင်း အီလည်လည် ဖြစ်နေတတ်သော်လည်း နောက်ပိုင်း အောင်မြင်မှုများ ရရှိမည်။

ဂမ္ဘီရပညာရပ်များ သင်လို လေ့လာလိုစိတ်များ ပေါ်မည်။ ဆရာသမားတို့၏ အကူအညီ မစမှု ခံရမည်။ အထက်လမ်းဆရာများ၊ ဘိုးတော်များနှင့် တွေ့ကြုံရပြီး မစမှု ခံရမည်။

**ယတြာ ။ ။ ကြာသပတေးနေ့ နံနက် (၁၀)နာရီ မှ (၁၂)နာရီ အတွင်းတွင် ကိုယ်ကို ပန်းသီး(၅)လုံး တင်လျှုပြီး "ပဌာန်း"ဂါထာကို ဇနီးစဉ် သတ်အေ ရွတ်ဆော်မှုတော်ပါ။**

** * *[နံပါတ်-၅]*

**၅-ကြွင်း မဟာဘုတ်သမားမြန်မာ သက္ကရာဇ် ၁၃၀၆, ၁၃၁၃, ၁၃၂၀, ၁၃၂၇, ၁၃၃၄, ၁၃၄၁, ၁၃၄၈, ၁၃၅၅, ၁၃၆၂, ၁၃၆၉, ၁၃၇၆, ခုနှစ်မွေး)အားလုံးတို့သည် ၀-ကြွင်း မဟာဘုတ်နှစ်တွင် တနင်္လာ အဆိုးပက္ခ မိပါသည်။**

ထို့ကြောင့် ငွေကြေးကိစ္စများ အခက်အခဲ ကြုံရတတ်သည်။ အချစ်ရေး အဆင်မပြေဖြစ်မည်။ ကား,ခွေး အန္တရာယ်ရှိသည်။ ခါး,ခြေထောက်တို့တွင် ထိခိုက်ဒဏ်ရာ ရတတ်သည်။ ငွေကုန်ကြေးကျများတတ်၊ ကြွေးတင်တတ်သည်။

အလှူမင်္ဂလာကိစ္စ အဆင်မပြေဖြစ်မည်။ မိခင် ကျန်းမာရေး ဂရုစိုက်ရမည်။ အထည်မှ ကျောက်တို့ ပြုတ်တတ် ထွက်တတ်သည်။

တနင်္လာသားသမီးများ ငွေကြေးပြေလည်နေရာမှ အခက်အခဲ ကြုံတွေ့ရတတ်၊ အကြောင်းမဲ့ ကုန်တတ်သည်။ ဘာလုပ်လုပ် အခက်အခဲ တွေ့ရတတ်သည်။

ငယ်ရွယ်သူများ အချစ်ရေး အဆင်မပြေ ဖြစ်တတ်သည်၊ ခြေထောက်တွင် အနည်းငယ် ဒဏ်ရာရတတ်သည်။

**ယတြာ ။ ။ တနင်္လာနေ့ နံနက် (၈)နာရီ မှ (၁၀)နာရီအတွင်း ဘုန်းကြီးကျောင်းတွင် တံမြက်စည်းလှူည်။ သန့်ရှင်းရေး ဆောင်ရွက်ခြင်း မကြာမကြာ ပြုလုပ်ပေးပါ။**

** * *[နံပါတ်-၆]*

**၆-ကြွင်း မဟာဘုတ်သမားမြန်မာ သက္ကရာဇ် ၁၃၀၇, ၁၃၁၄, ၁၃၂၁, ၁၃၂၈, ၁၃၃၅, ၁၃၄၂, ၁၃၄၉, ၁၃၅၆, ၁၃၆၃, ၁၃၇၀, ၁၃၇၇ ခုနှစ်မွေး)အားလုံးတို့သည် ၀-ကြွင်း မဟာဘုတ်နှစ်တွင် သောကြာ အကောင်းပက္ခ မိပါသည်။**

ထို့ကြောင့် ခက်ခဲနေသောခရီး၊ မသွားဖြစ်သောခရီး သွားလာရတတ်သည်။ သွားကိုက်,သွားနာ ဖြစ်ပြီး မထင်မှတ်ဘဲ ခရီးဝေးသွားရမည်။ သတင်းစကားကောင်း ကြားခါနီး သွေးထွက်သံယိုအနည်းငယ် ဖြစ်တတ်သည်။

ကွဲကွာနေသော ဆွေမျိုးများ


နံပါတ်-၇

|   |   |   |
|---|---|---|
|   | (၇) |   |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

၆-ကြွင်းမဟာဘုတ်

|   |   |   |
|---|---|---|
|   | ၄ |   |
| ၆ | ၂ | ၅ |
| (၇) | ၀ | ၁ |

၀-ကြွင်းမဟာဘုတ်





နံပါတ်-၈

|   |   |   |
|---|---|---|
|   | ၄ |   |
| ၆ | ၂ | ၅ |
| ၇ | (၀) | ၁ |

၀-ကြွင်းမဟာဘုတ်

|   |   |   |
|---|---|---|
|   | ၄ |   |
| ၆ | ၂ | ၅ |
| ၇ | (၀) | ၁ |

၀-ကြွင်းမဟာဘုတ်



www.burmeseclassic.com

ပြန်လည်ဆုံတွေ့ရမည်။ မသင့်မြတ်ခဲ့သော ဆွေမျိုးများနှင့် ပြန်လည်သင့်မြတ်လာမည်။

ဆွေမျိုးတို့၏ ကူညီထောက်ပံ့မှုရမည်။ ဇနီးဖြစ်သူ၏ အကူအညီ အကျိုးပြုမှု ခံရမည်။ အနုပညာအသုံးအဆောင်ပစ္စည်း၊ ဖိနပ်ပစ္စည်း အဟောင်းတို့ ဝင်လာမည်။

သောကြာသားသမီးများ ခရီးထွက်ခါနီး စိတ်အနှောင့်အယှက် ဖြစ်တတ်သည်။ အခက်အခဲ ပြဿနာ ကြုံတွေ့ရပြီး နောက်ဆုံးတွင် အားလုံး အဆင်ပြေသွားမည်။ ထင်မှတ်မထားသော အောင်မြင်မှုများ ရရှိမည်။

**ယတြာ ။ ။ သောကြာနေ့ နံနက် (၆)နာရီ မှ (၈)နာရီအတွင်းတွင် ဘုရားရှင်ကို သစ်သီး(၆)မျိုး ကပ်လှူပါ။ "သိရည္သိ"ဂါထာကို ဇနေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။**

** * *[နံပါတ်–၇]*

**၆-ကြွင်း မဟာဘုတ်သမား(မြန်မာသက္ကရာဇ် ၁၃၀၈, ၁၃၁၅, ၁၃၂၂, ၁၃၂၉, ၁၃၃၆, ၁၃၄၃, ၁၃၅၀, ၁၃၅၇, ၁၃၆၄, ၁၃၇၁ ခုနှစ်မွေး) အားလုံးတို့သည် ဝ-ကြွင်း မဟာဘုတ်နှစ်တွင် အင်္ဂါ အဆိုးပက္ခ မိပါသည်။**

ထို့ကြောင့် အစွပ်အစွဲ အတိုင်အတောဝေဖန်ခံရတတ်သည်။ အပြိုင်အဆိုင် မနာလိုသူတို့ပေါ်မည်။ သူတစ်ပါး စော်ကားမှု ခံရမည်။ စုန်းတိုက်၊ ဆေးမိ၊အစာမိ ခံရတတ်သည်။ ဆေး၊အစား မှားတတ်သည်။ စိတ်ရောဂါ ဖြစ်တတ်သည်။

ပတ်ဝန်းကျင်နှင့် ပြဿနာပေါ်မည်။ မိန်းကလေးများ နတ်ပူးသလို ဖြစ်မည်။ ယောကျာ်းလေးများ စိတ်လေမည်။

အောက်လက်ငယ်သားတို့၏ တော်လှန်ခြင်း ခံရမည်။ ခင်ပွန်းဖြစ်သူ



ကျန်းမာရေးညံ့တတ်၊ ယင်းနှင့်ပြဿနာပေါ်မည်။ စက်ပစ္စည်းတို့ ဒုက္ခပေးသည်။

အင်္ဂါသားသမီးများ အလွန်အမင်း စိတ်ဓာတ်ကျတတ်သည်။ အလုပ်အကိုင် အဆင်ပြေသော်လည်း စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေတတ်သည်။

အလုပ်ထဲ စိတ်မဝင်စားဖြစ်သည်။ သူတစ်ပါး အပြောအဆို ခံရမည်။ မိန်းကလေးဖြစ်က ပယောဂ ဖြစ်တတ်သည်။

**ယတြာ ။ ။ အင်္ဂါနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ဆိတ်(သို့မဟုတ်) ဓာကာလေးများကို အစာကျွေးပါ။**

** * *[နံပါတ်–၈]*

**ဝ-ကြွင်း မဟာဘုတ်သမား(မြန်မာသက္ကရာဇ် ၁၃၀၂, ၁၃၀၉, ၁၃၁၆, ၁၃၂၃, ၁၃၃၀, ၁၃၃၇, ၁၃၄၄, ၁၃၅၁, ၁၃၅၈, ၁၃၆၅, ၁၃၇၂ ခုနှစ်မွေး) အားလုံးတို့သည် ဝ-ကြွင်း မဟာဘုတ်နှစ်တွင် စနေ အဆိုးပက္ခ မိပါသည်။**

ထို့ကြောင့် အပူလောင်၊ မီးလောင် ဓာတ်လိုက်ခံရတတ်သည်။ နတ်တိုက်ခြင်း ခံရတတ်သည်။ အမှုအခင်း ဖြစ်ပွားတတ်သည်။ ဖြစ်လျှင် ရှုံးမည်။ အမျိုးသမီးများ ကိုယ်ဝန်ရှိက ထိခိုက်တတ်သည်။

အလုပ်သမားများ ပြဿနာရှာပြီး ထွက်သွားတတ်သည်။ သူတစ်ပါးကိစ္စ ဝင်ကူညီမိလျှင် ကြားညပ်သွားတတ်သည်။ ထမင်းစားပျက်မည်။ လူမျိုးကွဲနှင့် ပြဿနာပေါ်မည်။ ထိခိုက်ဒဏ်ရာ ရတတ်သည်။

စနေသားသမီးများ ရပ်ကွက်ရှုံးရောက်ခြင်း၊ အမှုဖြစ်ခြင်း၊ ထောင်ကျတတ်ခြင်းကြုံမည်။ ပြဿနာများ၊ စိတ်ညစ်စရာများ အများအပြား ကြုံရတတ်သည်။ အပူလောင် ဓာတ်လိုက်တတ်သည်။ ပူပင်သောက များမည်။

**ယတြာ ။ ။ စနေနေ့ မွန်းလွဲ(၂)နာရီမှ (၄)နာရီအတွင်း မွန်းပါးသော ကလေးသူငယ်များအား မုန့်ကျွေးပါ။**

**ယတြာများကို** တစ်လလျှင် (၁)ကြိမ်ခန့် လစဉ် ဆောင်ရွက်သွားရပါမည်။

ပက္ခယတြာများကို ဆောင်ရွက်ခြင်းဖြင့် အဆိုးပက္ခသမားများ အနေဖြင့် အဆိုးများ လျော့နည်းပျောက်ကွယ်စေကာ... အကောင်းပက္ခသမားများ အနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ အနှောင့်အယှက် ကင်းရှင်းစွာဖြင့် ရရှိခံစားကြရမည် ဖြစ်ပါသည်။

**(စကားချပ် ။ ။ အကောင်းပက္ခ သမားများသည် ကောင်းကျိုးများကို ရရှိမည် ဖြစ်သော်လည်း ပက္ခ၏ သဘောသဘာဝအရ အတိုက်အခံ အနှောင့်အယှက် ရန်များနှင့် မကင်းတတ်ပါ။)**

***ဘဝအစစ လှကြပါစေ။***

**အောင်နန္ဒ(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com



# မကောင်းသော ဘေးအန္တရာယ်

## ကာကွယ်သောဂါထာ

ဦးငွေအောင်ပြွန်

စတုဒ္ဒိသာ ဒိဏ္ဏာသဝါ။
သမန္တာ လောကပါလာ စ၊
ဣန္ဒာ ဒေဝါ သပြဟ္မကာ။
ဓတေသံ အာနုဘာဝေန
သဗ္ဗေ ဘယာ ဥပဒ္ဒဝါ၊
အနေကာ အန္တရာယာပိ
ဝိနဿန္တု အ,သေသတော။
အာနက်အာဓိပ္ပာယ်

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး ရေးသားတော်မူသော **"သုကုမာရ ဓမ္မဒီပနီ"** ကျမ်းတွင် နေ့စဉ် အန္တရာယ်ကင်းရန် ညွှန်ကြားချက်ကို အကြံပြု ရေးသားထားပါသည်။

ထို(စ)ခုသော အချက်တို့မှ...

"သိရည်ဗုဒ္ဓသေဋ္ဌော"စသည် ဂါထာသည် ညည်းဘီလူးသဘက် စသော နာနာဘာဝ ကောင်းဆိုးဝါးတို့၏ အန္တရာယ်မှ ကင်း လွတ်စေတော်မူ၏"

ဟု ရေးသားထားပါသည်။

ထိုဂါထာပါဠိမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

---

သိရည်ဂါထာတော်

---

သိရည္ဗိ မေ ဗုဒ္ဓသေဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလ္လာနော၊
ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ မမ အာနန္ဒော၊

မေ-အကျွန်ုပ်၏၊ **သိရည်**-ဦးခေါင်းရတနာ မြတ်အင်္ဂါ၌၊ **ဗုဒ္ဓသေဋ္ဌော**-လူသုံးပါးတို့ထက် အထူးသဖြင့် ချီးမွမ်း အပ်သော မြင့်မြတ်ထွတ်တင် မြတ်စွာဘုရားရှင်သည်၊ **တိဋ္ဌတု**-တည်ရှိပါစေသတည်း။

**မေ**-အကျွန်ုပ်၏၊ **ဒက္ခိဏေ**-လက်ယာပခုံးထက်၌၊ **သာရိပုတ္တော**-ပညာအရာ ဧတဒဂ်ထား ကြီးမားရှိန်ဝါ အရှင်သာရိပုတ္တရာသည်၊ **တိဋ္ဌတု**-တည်ရှိပါစေသတည်း။

**မေ**-အကျွန်ုပ်၏၊ **ဝါမအံသေ**-လက်ဝဲပခုံးထက်၌၊ **မောဂ္ဂလ္လာနော**-လက်ဝဲတော်ရံ တန်ခိုးလျှံတက် တန်ခိုး ထက်သည့် အရှင်မောဂ္ဂလာန်သည်၊ **တိဋ္ဌတု** - တည်ပါစေသတည်း။

**မေ**-အကျွန်ုပ်၏၊ **ပုရတော**-

www.burmeseclassic.com



မျက်နှာတည်ရာ ရှေ့ဘက်မှာလျှင်၊ **ဝိရူဠက္ခယ်** – သုံးပုံပိရူဠက်နတ် တရားမြတ်သည်၊ **တိဋ္ဌတု** – တည်ပါစေသတည်း။

**ပစ္ဆိမေ** – နောက်ကျောတည်ရာ အရပ်မှာလျှင်၊ **အာနန္ဒော**–တေဒဂ်ငါးတန်ဘွဲ့ထူးခံသည့် အရှင်အာနန္ဒာသည်၊ **တိဋ္ဌတု**–တည်ပါစေသတည်း။

**မေ**–အကျွန်ုပ်၏၊ **စတုဒ္ဒိသာ**–ဝန်းကျင်ပတ်ချာ လေးမျက်နှာတို့၌၊ **ဒီဃာသဝါ** – အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်တို့သည်၊ **တိဋ္ဌန္တု**–တည်ပါစေကုန်သတည်း။

**မမ**–အကျွန်ုပ်၏၊ **သမန္တာ**–ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာတို့၌၊ **သမ္ဗုဒ္ဓကာ**–တန်ခိုးကြီးစွာ ပြဟ္မာတို့နှင့်တကွ၊ **ဣန္ဒာဒေဝါစ**–သိကြားမင်းနှင့် နတ်ခပင်းတို့သည် လည်းကောင်း၊ **လောကပါလာစ** – လောကကို စောင့်ကြပ် နတ်အများတို့သည်လည်းကောင်း၊ **တိဋ္ဌန္တု**–တည်ကြပါစေကုန်သတည်း။

**စေတသာ** – ဤဆိုခဲ့ပြီးကုန်သော ဘုရား, တရား, သံဃာ, သိကြား, ပြဟ္မာတို့၏၊ **အာနုဘာဝေန**–တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်၊ **သဗ္ဗေ** – ခပ်သိမ်းကုန်သော၊ **ဘယ** **ဥပဒ္ဒဝါစ**– ဘေးဥပဒ် မှန်သမျှတို့သည်လည်းကောင်း၊

**အနေကာ** – တစ်ပါးမက ထူးထွေဆန်းပြား များပြားလှစွာသော၊ **အန္တရာယာဝိ**–ဘေးအန္တရာယ် အသွယ်သွယ်တို့သည်လည်းကောင်း၊ **အသေသတော**–အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**–နေခြည်လွှင့်ပျောက် နှင်းရေပေါက်သို့ ကင်းစင်လွင့်ပျောက်ကြပါစေကုန်သတည်း။

## နာနာဘာဝ အန္တရာယ်မှ ကိုယ်တွေ့ကင်းလွတ်ရသူ

အထက်ပါ ဂါထာကို နေ့စဉ် ရွတ်ဖတ်သောကြောင့် မြေစောင့်ဘီလူးနှင့် သရဲတို့ အန္တရာယ်မှ ကင်းလွတ်ခွင့်ရသူ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရပါသည်။

ထိုပုဂ္ဂိုလ်မှာ မြန်မာ့မီးရထားကော်ပိုရေးရှင်းမှ မီးရထားလမ်းအင်ဂျင်နီယာကြီးဖြစ်သူ ဦးကြည်ခင်ဖြစ်ပါသည်။

စာရေးသူ၏ ရင်းနှီးသော အိမ်နီးချင်းတစ်ဦးဖြစ်ပါသည်။ သူက စာရေးသူအား သူ၏ ကိုယ်တွေ့အဖြစ်အပျက်ကို အောက်ပါအတိုင်း ပြောပြပါသည်။

'ကျွန်တော်ကတော့ မြန်မာ့မီးရထားကော်ပိုရေးရှင်းမှ မီးရထားသံလမ်းအင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အနှံ့အပြားမှာရှိတဲ့ မီးရထားသံလမ်းတွေကို လိုက်လံစစ်ဆေးခြင်း၊ မီးရထားလမ်းသစ်ဖောက်လုပ်ရာမှာ နေရာရွေး တိုင်းတာခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း စတာတွေကို ဆောင်ရွက်ရပါတယ်။

ဒီလိုနဲ့ **၁၉၇၇ ခုနှစ်က** ပြည်မြို့နဲ့ ရွှေတောင် ရထားလမ်းပေါ်မှာရှိတဲ့ မြို့သစ် နမယံကျေးရွာ မီးရထားလမ်းဖောက်လုပ်ရာမှာ ဦးဆောင်ကြီးကြပ်ရပါတယ်။

ဖောက်လုပ်ရမယ့် မီးရထားလမ်းသစ် အူကြောင်းပေါ်မှာ နဂါးမောင်နှမ ဥစ္စာစောင့်ရှိတယ်ဆိုတဲ့ ရေအိုင်ကြီး တစ်ခု ရှိတယ်။

အဲဒီရေအိုင်ကြီးကို မြေဖို့ပြီး ရထားလမ်း ဖောက်လုပ်ရမှာဖြစ်တယ်။ အနီးအနားမှာရှိတဲ့ ကုန်းကမူမြင့်တစ်ခုမှ မြေတွေကို ဘူဒိုဇာစက်ကြီးတွေနဲ့ တူးဖော်ပြီး မြေဖို့ရတယ်။

ကျွန်တော်ကတော့ အဲဒီလို လုပ်ရတာ ဘေးအန္တရာယ်များမှန်း သိပါတယ်။ ဒါပေမယ့် အထက်က မီးရထားမင်းကြီးရဲ့ အမိန့်အာဏာအရ မဖြစ်မနေ တာဝန်ထမ်းဆောင်ရတာ ဖြစ်တယ်။

နမယံရွာအပြင်ဘက် မနီးမဝေးမှာ သင်္ချိုင်းကုန်းမြေရှိတယ်။ မီးရထားလမ်းသစ်အူကြောင်းကလဲ အဲဒီသင်္ချိုင်းကို တည့်တည့်ဖြတ်ဖောက်ရမှာ ဖြစ်တယ်။

ရွာသားတွေက ကန့်ကွက်ကြတယ်။ ကျေးရွာလူကြီးတွေကို အကျိုးအကြောင်း နားလည်အောင် ရှင်းပြပြီး ဆောင်ရွက်ရတာပေါ့။ ရွာနဲ့ မနီးမဝေး တစ်နေရာမှာ သင်္ချိုင်းသစ် နေရာတစ်ခု သတ်မှတ်ပေးလိုက်ရတယ်။

ကျွန်တော်ကတော့ နံနက်အိပ်ရာမှ ထခါစမှာ (၁)ကြိမ်၊ အလုပ်ခွင်ကို သွားခါနီးမှာ (၁)ကြိမ်နဲ့ ညအိပ်ရာဝင်ခါနီး ဘုရားရှိခိုးရာမှာတော့ (၁)ကြိမ် ဆိုပြီး **သီရသ္မီ ဗုဒ္ဓသေဋ္ဌောဂါထာ**ကို မှန်မှန်ရွတ်ပါတယ်။

နမယံရွာသင်္ချိုင်းကိုဖြတ် မီးရထားလမ်းသစ်ဖောက်ရာမှာ သစ်ပင်ကြီး တစ်ပင်အောက်မှာရှိတဲ့ ရှေးဟောင်းဆရာကြီးတစ်ယောက်ရဲ့ အုတ်ဂူ

www.burmeseclassic.com

www.burmeseclassic.com

သချိုင်းကို တူးဖြိုဖယ်ရှားခဲ့ရတယ်။

**သူ့ရဲ့ အုတ်ဂူထဲမှ သူ့ရဲ့ အရိုးစုတွေနဲ့ အတူ ပိုးထည်အနီရောင်(၁)ခုနဲ့ ကျူပ်ပြားစေ့ တွေတွေကို တွေ့ရပါတယ်။**

တစ်နေ့မှာ ကျွန်တော်တို့ မီးရထားလမ်းသစ်ဖောက်နေတဲ့ နေရာကို အဲဒီကျေးရွာက လူကြီးတွေ၊ အဲဒီခေတ်က ကျေးရွာကောင်စီလူကြီးတွေ ရောက်လာကြပြီး ပြောကြတယ်။

သူတို့ထဲက မိန်းမတစ်ယောက်ကို နဂါးမောင်နှမ ဥစ္စာစောင့်က ပူးဝင်ပြီး မီးရထားလမ်းဖောက်လုပ်ရေး ကြီးကြပ်တဲ့ ကျွန်တော့်ကို တောင်ကုန်းပေါ်က တွန်းချဖို့ ကြိုးစားသော်လဲ မရကြောင်း...၊

ကျွန်တော့်ကို သတ်ချင်ပေမယ့် သူတို့ထက် တန်ခိုးကြီးတဲ့ အထက်နတ်မင်းကြီးတွေက စောင့်ရှောက်နေတာမို့ သတ်ခွင့်မရကြောင်း ဒေါ်သန့်ပူးဝင်ပြီး ပြောသတဲ့။

နမယ်သချိုင်းက ဂိုဏ်းပယောဂဆရာကြီးဘဝက သေဆုံးသွားပြီး သရဲဖြစ်နေတဲ့ နာနာဘာဝ အကောင်ကြီးကလဲ မကျေနပ်ဘူး။ ကျွန်တော်တို့ကို ရန်ငြိုးထားတယ်။

ကျွန်တော့်ကိုတော့ တစ်စုံတစ်ရာ ဘေးအန္တရာယ်ဖြစ်အောင် မလုပ်နိုင်ပါဘူး။ ကျွန်တော်က သီရသွီဂါထာကို အမြဲ ရွတ်ဖတ်နေတာကိုး။

တစ်နေ့မှာ ကျွန်တော်တို့ မီးရထားလမ်းသစ်ဖောက်လုပ်ရေး အလုပ်သမားအဖွဲ့ တစ်နေ့တာ အလုပ်နားလို့ ညနေဘက်မှာ အိမ်ပြန်လာကြတဲ့အခါ၊ အဲဒီနေ့ဟာလဲ တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ အဖိတ်နေ့ဖြစ်တယ်။

ပယောဂဆရာ သရဲကြီးက ကျွန်တော့်တပည့် တစ်ယောက်ရဲ့ လက်ထဲမှာ ယူလာတဲ့ ဓိုင်းတာရေးဗူးပစ္စည်းတွေ ထည့်ထားတဲ့ ပတ္တူအိတ်ကြီးထဲမှာ ကပ်လိုက်လာသတဲ့။

ကျွန်တော်တို့ အိမ်ကို ပြန်ရောက်တော့ အဲဒီအိတ်ကြီးကို ကျွန်တော့်ရဲ့ ဇနီးကို အပ်လိုက်သတဲ့။ ညကျတော့ ကျွန်တော့်ရဲ့ဇနီးဟာ မျက်စိတွေ နီရဲပြီး ကိုယ်ပူ အပြင်းအထန် ဖျားတော့တယ်။ သတိမေ့သွားပြီး ပယောဂဆရာသရဲ ဝင်ပူးလာတော့တယ်။

သရဲက ပူးဝင်ပြီးပြောတယ်။ ကျွန်တော့်ကို သတ်ဖို့ ကြိုးစားပေမယ့် မရလို့ ကျွန်တော့်ရဲ့ဇနီးကို ဒုက္ခဖြစ်အောင် လုပ်ရကြောင်း၊ နေစရာ သစ်ပင် အစားပေးရမယ်၊ မပေးရင် သေအောင်လုပ်မယ်လို့ ပြောတယ်၊

နောက်တစ်နေ့အထိ လူနာ မသက်သာလို့ သံဃာတော်ငါးပါးတို့ကို ပင့်ဖိတ်ပြီး ပဌာန်းနိယ ကမ္မဝါစာနဲ့ ပရိတ်တရားတော်များကို ရွတ်ဖတ်စေပါတယ်။ ပရိတ်ရေ၊ ပရိတ်ချည်တို့ဖြင့် ကျွန်တော်တို့ရဲ့ဇနီးကို ပက်ဖျန်းပေးတယ်။ သောက်စေတယ်။ ပရိတ်ချည်ခင် စွပ်ပေးမှ သက်သာရာရတယ်။

ကျွန်တော့်ရဲ့ တိုင်းတာရေးပစ္စည်းထည့်အိတ်ထဲမှာ ပူးဝင်လာတဲ့ သရဲအတွက် သူတို့ရွာသချိုင်းအနားမှာရှိတဲ့ သစ်ပင်တစ်ပင်မှာ နေရာအစားပေးလိုက်ရတယ်။

အဲဒီတော့ သီရသွီဗုဒ္ဓသေဠော ဂါထာ တန်ခိုးတော်ကြောင့် သရဲ၊ သဘက် စတဲ့ နာနာဘာဝကောင်တို့ မဖမ်းစားနိုင်ကြောင်း တကယ့်ကိုယ်တွေ့ ဖြစ်ပါတယ်'

ဟု ပြောပြပါသည်။

**[တကယ့်အဖြစ်အပျက်ကို အမည်ပြောင်း၍ တင်ပြပါသည်။]**

**ဦးငွေအောင်မွန်**


**စာရှုသူ...သုတေသီ...**

**ပညာရှင်တို့ခင်ဗျာ...**

၂၀၁၇ခုနှစ်

ဇူလိုင်လထုတ်သည့်

**နက္ခတ္တရောင်ခြည်**

**မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်**

**အမှတ်တရ**

**အထူးထုတ်လ**

ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**အမှတ် ၂၀၉-(ဓမြည်)**

**၂၉-လမ်း(အထက်)**

**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၇၆၃၄၉၇၈၅**

**၀၉-၉၆၈၀၀၄၁၁၅**




www.burmeseclassic.com

www.burmeseclassic.com





# မျက်စိ အတွက်အားဆေး

စာရေးသူ လွန်ခဲ့သော(၆)နှစ်ခန့်က မျက်မှန်လုပ်ရန်အတွက် မျက်စိစမ်းသပ်စစ်ဆေးခဲ့ရသည်။ ပါဝါ(၃၀၀)ဖြစ်ပါသည်။ မျက်မှန်လုပ်၍ စာဖတ်ပါသည်။

အစတော့ အဆင်ပြေသလို ရှိခဲ့ပါသည်။ စာရေးသူ တရုတ်သိုင်းစာအုပ်အထူကြီးများ အဖတ်များခဲ့ပါသည်။ တစ်နှစ်လောက်အကြာမှာ မျက်မှန်အဆင်မပြေတော့ပါ။

ဖြစ်ပုံမှာ စာတစ်အုပ် စ,ဖတ်စတွင် အဆင်ပြေသော်လည်း စာမျက်နှာ(၂၀)၊ (၃၀)ခန့်အရောက်တွင်တော့ စာလုံးများ ဝါးသွားပါသည်။ မျက်ရည်ပူလဲကျပါသည်။ နာရီဝက်ခန့် စာဖတ်ရပ်၍ ဆက်ဖတ်ရပါသည်။

နောက် တစ်နာရီခန့်တွင် တစ်ကြိမ်ရပ်နားပြီးမှ ဆက်ဖတ်ရပါသည်။ စာဖတ်ရာတွင် အရှိန် ပျက်ပျက်သွား၍ စိတ်ညစ်ရပါသည်။

စာရေးသူတွင် တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသော တပ်ကြပ်ကြီးတစ်ဦးရှိပါသည်။ ယခုတော့ ပင်စင်ယူပြီး ဖြစ်ပါသည်။

သူနှင့် စာရေးသူ တစ်နေ့စကားပြောရင်း စာရေးသူ၏ မျက်စိဒုက္ခပေးပုံကို သူ့ကို ပြောပြမိသည်။ စာရေးသူ၏ အဒေါ်အရင်း၏ ယောက်ျားထံတွင် မျက်စိဆေးနည်းတစ်ခုရှိကြောင်း၊ သူသွားတောင်းရာ ဆေးနည်းမပေးဘဲ ဆေးသာ ဖော်ပေးကြောင်း ညီတော်သူမှ ပြောပါသည်။

ယခုတော့ ဦးလေးဖြစ်သူမှာ ကွယ်လွန်သွားပါသည်။ ဆေးနည်းကို သေရွာယူသွားခဲ့ပါသည်။

စာရေးသူထံ အားလျော်စွာ ဆေးနည်းတစ်ခုရ၍ ဖော်စပ်အသုံးပြုခဲ့ပါသည်။ ကျွန်တော်၏ညီအား စားသုံးကြည့်စေရာ ဦးလေးဖော်ပေးသောဆေးနှင့် အတူတူပဲဟု ပြောပါသည်။

စာရေးသူ ယင်းဆေးနည်းအတိုင်း စားသုံးခဲ့ရာတွင် (၅)လခန့်အကြာတွင် မျက်မှန်လွတ် စာဖတ်နိုင်ခဲ့ပါသည်။ စာဖတ်ရာတွင်လည်း ရပ်နားထားရန် မလိုတော့ပါ။

ငယ်စဉ်ကစ၍ တစ်ပတ်တစ်ခါ အနိုပ်သည်နှင့် နှိပ်ရသော အကြောတက်ရောဂါလဲ ပျောက်ကင်းသွားပါသည်။

ယခင်ကဆိုလျှင် ကိုရီးယားဂျင်ဆင်းအားဆေးများ မှီဝဲရပါသည်။ ယခုဘာအားဆေးမှ စားစရာ မလိုတော့ပါ။

စာရေးသူကတော့ ဒီလောက်ကောင်းသော ဆေးနည်းကို သေရွာယူမသွားလိုပါ။ မိမိကိုယ်တိုင် ဖော်စပ်အသုံးပြုလိုကလဲ သုံးနိုင်ပါသည်။

မိမိကိုယ်တိုင် ဖော်စပ် အသုံးမပြုနိုင်သူများအတွက် အသင့်ဖော်စပ်၍ စီးပွားရေးတစ်ရပ်အနေဖြင့် လုပ်ကိုင်စားမည့်သူများရှိပါကလဲ ကန့်ကွက်ရန်မရှိပါ။

| | |
|---|---|
| ၁။ ရှားစောင်းလက်ပပ် | (၅၀)ကျပ်သားပါပါးလှီး |
| ၂။ ထန်းလျက်အညို | (၅၀)ကျပ်သား |
| ၃။ မန်ကျီးမှည့်အနှစ် | (၄၀)ကျပ်သား |
| ၄။ ပျားရည် | (၂၅)ကျပ်သား |
| ၅။ တွင်းတောင်ရေညှိစိမ်း (ပဲရှိဘိမင်) အလုံး | (၂၀) |
| ၆။ နှမ်းဆီစစ်စစ် | (၅)ကျပ်သား |
| ၇။ ဆားအနည်းငယ် | |

ဖြစ်ပါသည်။

မီးအေးအေးနှင့် ညှောင်စေးကျအောင် ကျို၍ လေလုံသော ပုလင်းတွင်ထည့်၍ **တစ်နေ့(၂)ကြိမ် မနက်၊ ည ထမင်းစားဇွန်း တစ်ဇွန်း၊** စားသုံးနိုင်ပါသည်။

*ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**ခင်ဝင်း(စက်မှု-ငြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com

# သမဏသုခ ဆရာတော်ကြီးရဲ့

## စန္ဒာမုခိ ဘီလူးမကြီး ရွတ်ဆိုသော စိန္တာမဏိဂါထာ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

တစ်နေ့သောအခါမှာ ဆားတောင်ရွာမှာနေတဲ့ ကျွန်တော့်သူငယ်ချင်း ဦးမြတ်သာတစ်ယောက် ရောက်လာပါတယ်။ ရောက်တာနဲ့တစ်ပြိုင်တည်း သူ လွယ်နေကျ ချိုင်းညှပ် ဂျင်းလွယ်အိတ်ထဲက "နို့ထန်းလျက်" ထုပ်ကလေးကို ချပေးပြီး စကားတွေ ဖောင်ဖွဲ့တော့တာပါပဲ။

'ဒီလိုကွာ ငါ အခု သက်ပြည့်ပင်စင်ရလို့ အနားယူလိုက်တာ(၆)လလောက်ရှိပြီ။ အားအားရှိနေတာနဲ့ ဟိုဘုရားသွားလိုက်၊ ဒီဘုရားသွားလိုက်၊ ပုတီးလေးစိပ်လိုက်ဆိုတော့ ရွာထဲမှာ ငါက အသက်ကလဲကြီး၊ ကျောင်းဆရာကြီးလဲ လုပ်ခဲ့တာဆိုတော့ အရပ်သားတွေက တစ်ဆိတ်ရှိရင် ငါ့ဆီလာလာပြီး အကူအညီ တောင်းကြတယ်ကွ'

'အေးလေ၊ အဲဒါ ကောင်းတာပေါ့ကွာ။ ကိုယ်ကျွမ်းကျင်တာ လုပ်ပေးလိုက် ပြီးတာပဲဟာ။ သူများလဲ စိတ်ချမ်းသာ၊ ကိုယ်လဲ ချမ်းသာ မဟုတ်ဘူးလား'

'မဟုတ်သေးဘူးကွ၊ အခုဟာက မင်းနဲ့မှ ဖြစ်မှာမို့ ငါ လာခဲ့ရတာ'

'အင်းလေ ပြောပါဦး၊ မင်းဥစ္စာက ဘာလုပ်ပေးရမှာလဲ'

'ဒီလိုကွ၊ ရွာထဲမှာ ကလေးတွေ တချို့ ဖျားလာရင်လဲ ငါ့ဆီ ခေါ်လာကြတယ်။ မျက်စိကျိန်း ဗိုက်နာရင်လဲ ငါ့ဆီ လာကြတာပဲ။ ပြီးတော့ ကလေးမိဘတွေက သူ့တို့ကလေးတွေ အန္တရာယ်ကင်းအောင်ဆိုပြီး အဆောင်တွေ လက်ဖွဲ့တွေ လုပ်ခိုင်းကြတယ်။ အဲဒီတော့ မိဘတွေ စိတ်ချမ်းသာပါစေတော့ဆိုပြီး ဘာနေ့သားလဲမေးပြီး မွေးနံဘုရားမှာ ဆီမီးတို့၊ ရေတို့ ပူဇော်ခိုင်းတာတို့ ဟန်နဲ့မာန်နဲ့ ခုနစ်မောင်းတင်ပြီး လုပ်ပေးရတာ။ ကြာတော့ ထပ်တောင်နေပြီ ဆက် မလုပ်တတ်တော့ဘူး၊ လုပ်ရမယ်ပြီး'



▲ သမဏသုခ ဆရာတော်ကြီး ဦးဝိသုဒ ဘုရားဖူးတော်မူနေစဉ်

'ဒါများကွာ ဘာခက်သလဲ လို့ မင်းမှာ သရဏဂုံလဲတည်ပြီးသားပဲ။ ပရိတ်ရွတ်၊ ပုတီးစိပ် သမာဓိအား ကောင်းနေတဲ့လူပဲကွာ။ မင်း စေတနာနဲ့ လုပ်ပေးတာ မမှားပါဘူး'

'မမှားပေမယ့် ငါ့လူရယ်... အားကိုးစရာ အစွမ်းအစတစ်ခုခု ရှိနေရင် ပိုပြီး ကောင်းတာပေါ့ကွာ။ မင်းက ဒီကိစ္စတွေမှာ ငါ့ထက် အပုံကြီး နှံ့စပ်တာမို့ပါ'

'အေးပါကွာ၊ မင်း... ရွာမှာ ဘိုးတော်ဖြစ်အောင်တော့ ငါလုပ်မပေးတတ်ဘူး။ ဆရာတစ်ဆူလို ဖြစ်အောင်တော့ မန္တန်တစ်ပုဒ် ပေးလိုက်ပါ့မယ်'

'အဲလိုမှပေါ့ ကိုရင်ရယ်၊ ငါလဲ ဘိုးတော်တော့ မဖြစ်ချင်ပါဘူး၊ လူတွေကို အကူအညီပေးနိုင်ရင်ပဲ တော်လှပါပြီကွာ။ ဒါ့ထက် ဂါထာတော်ရဲ့ အကြောင်းတော့ ပြောပြဦးကွ၊ နောက်ခံသမိုင်းသိရရင် ပိုကောင်းတာပေါ့'

'ရွှေမြတ်သာရယ် မင်းကတော့ ကျောင်းဆရာပီသပါပေရဲ့။ မင်းလို လူမျိုးတွေအတွက်ငါလေ့လာမိသလောက် လေ့လာထားလို့ တော်သေးတယ်နော'

'မဟုတ်ပါဘူးကွ။ ငါက အထောက်အထားရှိပြီး ခိုင်မာတဲ့အရာမျိုးကို နှစ်သက်တတ်လို့ပါကွာ၊ မင်းကို အထင်မသေးပါဘူး'

'အေးပါကွာ၊ ငါသိပါတယ်။ ငါပေးမယ့် မန္တန်တော်က "**စန္ဒာမုခိ ဘီလူးမဂါထာ**"လို့ ခေါ်သကွ။ ငါတို့ဆရာ ဘုန်းတော်ကြီးက ချီးမြှင့်ထားတာ။ ဆရာတော်ကြီးဘွဲ့တော်က "**ဦးဝိသုဒ**"တဲ့။ **စစ်ကိုင်းကောင် ပတ္တမြားစေတီအနီးက "သမဏသုခရောင်"မှာ တစ်ပါးတည်း ကာတရီသီတင်းသုံးနေတာကွ။** မင်းကို ငါလိုက်ပို့ပေးဦးမယ်'

www.burmeseclassic.com

'ကောင်းပါလေ့ကွာ။ ဆရာတော်ကြီးကို ငါဖူးချင်ပါတယ်။ မင်းဂါထာကို ဆက်စမ်းပါဦး။ ငါ တော်တော် စိတ်ဝင်စားတယ်ကွာ'

'ဒီလိုကွာ၊ ဂါထာတော်က **စန္ဒာမုခိ ဘီလူးမကြီးနဲ့ ပတ်သက်နေတော့** ငါ လေ့လာသိရသလောက် ပြောပါ့မယ်။ ကျန်တာတွေကိုတော့ မင်းဆက်ပြီး လေ့လာပေါ့။ **မန္တလေးတောင်ပေါ်မှာ ရောက်ရင် စန္ဒာမုခိ ဘီလူးမကြီး ရုပ်တုကို မင်းတွေ့သားပဲ။** ဂန္ဓာရီ လောကသားတိုင်း လေးစားဂါရဝပြုတဲ့ ရသေ့ကြီး ဦးခန္တီကိုယ်တိုင် သွန်းလုပ်ထားခဲ့တာပေါ့။

ဘီလူးမကြီးဟာ မြတ်စွာဘုရားကို လှူဒါန်းစရာ ဘာမှမရှိတဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဖိမိရသားမြတ် ဖြတ်ပြီး လှူဒါန်းခဲ့တာ မင်းသိမှာပါ'

'အေး... ဟုတ်တယ်ကွ၊ စန္ဒာမုခိ ဘီလူးမကြီးရဲ့ ကိုယ်ပွားပုံ မန္တလေးတောင်မှာ အခုအချိန်ထိ မပျက်မစီး ရှိနေတယ်။ ဘီလူးမကြီးရဲ့ သဒ္ဓါစိတ်ကတော့ အံ့ဩချီးမွမ်းရုံမကဘူး လူသားတိုင်း နမူနာယူလောက်ပါတယ်။ မန္တလေးတောင် သမိုင်းထဲမှာ အပြည့်အစုံ ရှိတာပဲ'

'နောက်တစ်ခု ရှိသေးတယ်။ ငါ ၁၉၇၂ ခုနှစ်လောက်က ကချင်ပြည်နယ် မိုးညှင်းမြို့ ဘူတာမှာ ဝန်ထမ်းလုပ်နေတုန်းက **မိုးညှင်းမြို့ရဲ့ အရှေ့ပြောက်ဘက် (၄)မိုင်လောက်မှာ "ဘီလူးမြို့"ဆိုတာ ရှိတယ်ကွ။** အဲဒီမှာနေတဲ့ ငါ့မိတ်ဆွေ ရှမ်းအမျိုးသားကြီး ဦးစံထွန်းက ဖိတ်ခေါ်လို့ **ဘီလူးမြို့ရဲ့ စန္ဒာမုခိဒ္ဓကြောင်းကို** သိခဲ့ရတယ်။

ရာဇဝင် အတိုချုပ်ကတော့ မိုးညှင်းနေပြည်တော်မှာရှိတဲ့ ဘုရင်ကလေးဟာ လူပယောင်ဆောင်နေတဲ့ ဘီလူးမကလေးကို အလွန် ချစ်မောလှပတာကြောင့် မိဖုရားမြှောက်လိုက်သတဲ့။ အဲဒီ ဘီလူးမကလဲ နန်းတွင်းမှာရှိတဲ့ မိဖုရားကြီးနဲ့ မွေးတော်မူတော်တွေရဲ့ မျက်လုံးတွေကို ထောက်ပြီး ဘီလူးမြို့ကို ပို့ထားသတဲ့။

ဘုရင်ကြီးမှာ စန္ဒကုမာရဆိုတဲ့ သားတော်တစ်ပါး ရှိတယ်။ သားတော်ကိုလဲ လူပယောင်ဆောင်ထားတဲ့ ဘီလူးမကြီးက လည်ပင်း တခဲ့ပြီး ဘီလူးမြို့ကို အသွားခိုင်းလိုက်တယ်။ စာထဲမှာတော့ ဘီလူးမင်းကြီးစားဖို့ ဆက်လိုက်တာလို့ ရေးလိုက်တာ။

လမ်းခရီး တောထဲမှာ စန္ဒကုမာရမင်းသားလေး မောပန်းလို့ အိပ်ပျော်နေတဲ့အခိုက် သူတော်စင် ရသေ့ကြီးတစ်ပါးက မြင်တွေ့ပြီး လည်ပင်းက စာကို ***"မင်းသားလေးကို စန္ဒာမုခိ မင်းသမီးနဲ့ ပေးစားလိုက်ပါ"***

လို့ ပြင်ပေးလိုက်တယ်။

ဘီလူးမြို့ရောက်တဲ့အခါ ဘီလူးမင်းကြီးက သမီးတော် စန္ဒာမုခိနဲ့ ပေးစားလိုက်သတဲ့။ ဒီလိုနဲ့ စန္ဒကုမာရ မင်းသားလေးဟာ စန္ဒာမုခိ ဘီလူးမင်းသမီးရဲ့ အချစ်တော်ဖြစ်တဲ့အတွက် နန်းတွင်းက ဖုတ်ထားခဲ့တဲ့ မိခင်ရဲ့ မျက်လုံးနဲ့ မွေးမယ်ကျမ်းမယ်တွေကို သိခဲ့ရတယ်။

တစ်နေ့မှာတော့ မင်းသားလေးဟာ မိခင်မိဖုရားကြီးရဲ့ မျက်လုံးနဲ့ မွေးမယ်ကျမ်းမယ်တွေကို ယူပြီး ထွက်ပြေးခဲ့တယ်။ ဒါကို သိလိုက်တဲ့ စန္ဒာမုခိ ဘီလူးမင်းသမီးဟာ မင်းသားလေးနောက်ကို ပြေးလိုက်တော့တာပေါ့။ မင်းသားလေးက မိုးညှင်းပိုင်နက်ကို ရောက်သွားတဲ့အတွက် အမောဆို့နေတဲ့ စန္ဒာမုခိ ဘီလူးမကလေးဟာ မြေပေါ်မှာ လဲကျပြီး ဗိုလ်ကြွေခဲ့တယ်။ ဗိုလ်လိုက်တာ ဖွက်အိုင်ကြီးတောင် ဖြစ်သွားတယ်။

နောင်အခါမှာတော့, အဲဒီနေရာမှာ ရောက်လာတဲ့ ခရီးသည်တွေဟာ ရပ်နားပြီးတော့...

'ဖို့...စန္ဒာမုခိ ဘီလူးမကြီး၊ စန္ဒကုမာရ မင်းသား လာပြီ လာပြီ...လို့ အော်လိုက်ရင် စေစေက ဖွက်အိုင်ကလေးထဲက ရွှံ့ဖွက်တွေဟာ တဖွမ်းဖွမ်းနဲ့ ပွက်ထလာတယ်ကွ။ အဲဒါ အခုအချိန်ထိ ရှိနေတုန်းပဲ။ ငါကိုယ်တိုင် လက်တွေ့ မြင်ခဲ့ရတာ။ အဲဒီအကြောင်းကို "စာရေးဆရာ မနုဿကျော်ဝင်း"ကလဲ ဆောင်းပါးတစ်ပုဒ် ရေးဖူးတာ ရှိတယ်'

နောက်တစ်ခု ရှိသေးတယ်။ အဲဒီအကြောင်းကတော့ ငါတို့ **စစ်ကိုင်းမြို့နယ်ရဲ့ သမိုင်းမှာ** အထင်ကရပါတဲ့

▼ တောင်တမန် ဘီလူးကြီးနှင့် အထောင်များ





www.burmeseclassic.com

www.burmeseclassic.com

**ဇာတ်လမ်း။** မွေးရာပါ မျက်စိမမြင်တဲ့ **စူဠသမ္ဘဝ၊ မဟာသမ္ဘဝ** မင်းသားညီနောင်ကို သူတို့ခမည်းတော်က အရိုက်ရမှာစိုးတဲ့အတွက် ဖျောက်ဖျက်ခိုင်းလိုက်တာ။

မိခင်ဖြစ်တဲ့ မိဖုရားကြီးက သားတွေကို အလွန်ချစ်တဲ့ မိခင်မေတ္တာနဲ့ စားသောက်ဖွယ်ရာ အစုံအလင် ထည့်ပေးပြီး ရေဝတီမြစ်ကြောမှာ ဖောင်တော်နဲ့ မျှောလိုက်တာ စစ်ကိုင်းမြို့အဝင်မှာ စစ်ပင်ကြီးနဲ့ ငြိနေသတဲ့။

ဒီလို စစ်ပင်ကိုင်းနဲ့ ငြိပြီး ဖောင်တော်ရပ်နေတဲ့အခါ စန္ဒာမုခီဘီလူးမကြီးတွေ့မြင်တော့ မင်းသားညီနောင်ရဲ့ ထမင်းဝိုင်းမှာ စားစရာတွေကို ဝင်လုစားသတဲ့။ မင်းသားညီနောင် သိပြီး လက်ကို ဖမ်းဆုပ်ထားလိုက်တယ်။

မင်းသားညီနောင်ဟာ ဘုန်းကံရှိတဲ့ သားတော်တွေ ဖြစ်လေတော့ စန္ဒာမုခီဘီလူးမကြီးဟာ အသတ်ခံရမှာ စိုးရိမ်ပြီး အပေးအယူလုပ်တဲ့အနေနဲ့ **မင်းသားညီနောင်ရဲ့ မျက်စိကို ကုပေးရတော့တယ်။** အဲဒီနေရာမှာ **စန္ဒာမုခီဘီလူးမနဲ့ မျက်စိအကြောင်းအရာတွေဟာ** တိုက်ဆိုင်နေတာ အံ့ဩစရာကောင်းတယ်။

နောက် ဇာတ်လမ်းတစ်ခုကတော့ လူသားတွေကို မြိန်ရေယှက်ရေ စားသောက်လေ့ရှိတဲ့ စန္ဒာမုခီ ဘီလူးမကြီးဟာ သူစားသောက်ဖို့အတွက် ဖမ်းဆီးထားတဲ့ ကလေးငယ်ကို တအားငိုကြွေးနေတဲ့အတွက် သူ့နို့ချိုကို တိုက်ကျွေးမိတယ်။ ဒီတော့ ဘီလူးမကြီးဟာ မိခင်စိတ်ဝင်လာပြီး ကလေးငယ်ကို သံယောဇဉ် ဖြစ်သွားတယ်။ နောက်တော့ သားအဖြစ် မွေးမြူထားသတဲ့။

နောင် လူလားမြောက်လာတဲ့အခါမှာ **"စိန္တာမဏိဂါထာတော်"**ကို သင်ကြားပေးတယ်။ အမွေပေးတယ်ပေါ့ကွာ၊ မင်းလဲ ကြားဖူးမှာပါ'

'အေး... ငါလဲ ကြားဖူးတယ်။ ကြာနီကန်ဆရာတော် ဟောထားတဲ့ အခွေတောင်ရှိတယ်။ မင်းပေးမယ်ဆိုတဲ့ဂါထာက အဲဒီ **စိန္တာမဏိဂါထာတော်**လား'

'ဘယ်ဟုတ်ရမှာလဲ ဒီဂါထာတော်က ရှေးက ဂမ္ဘီရဆရာကြီးတွေ စီစဉ်ခဲ့ပြီး သမားစဉ် အဆက်ဆက် လက်ဆင့်ကမ်းခဲ့တာ ငါ့လူရဲ့'

'လက်ဆင့် ကမ်းခဲ့တာဆိုတော့ ဘယ်နှစ်ဆက်လောက် ရှိနေပြီလဲ သူငယ်ချင်း'

'**ဒီ သိရည်လောက်ကတော့ တို့ ဆရာတော်ကြီး ဝေယံဒွယ်နေရှိစဉ်အခါက မြန်မာသမားတော်ကြီး ဦးငြေ...ဆိုတဲ့ အမည်နဲ့ ဆေးဆရာကြီးဘဝမှာ**

▼ စန္ဒာမုခီ ဘီလူးမကြီး မြတ်စွာဘုရားကို ဖိတ်ခေါ်သည့်ပြဇာတ် လူကြိုက်များပုံ



**လောကီပညာတွေ၊ လောကုတ္တရာ ပညာရပ်တွေ နယ်တကာလှည့်ပြီး လေ့လာသင်ယူရင်း ဂီဓိဘာမီနှ ဆေးကျမ်းက ရရှိခဲ့တဲ့ ဂါထာတော် မြစ်သလို နတိယ အဆက်အနွယ်အဖြစ် လက်ခံ ရရှိခဲ့တယ်လို့ ဆိုကြတယ်ကွ။**

အခု တပည့်ရင်းတွေဖြစ်တဲ့ **ကိုခင်မော်တို့၊ ကိုဘိုဝင်း(မြန်မာဗီသုကာ)** တို့၊ ငါတို့ဆိုရင် တတိယ အဆက်အနွယ် ဖြစ်တာပေါ့ကွာ။ ဒီဂါထာတော်က ဆရာတော်ကြီးကိုယ်တိုင် လက်တွေ့ အသုံးပြုခဲ့ပြီး အကျိုးအလွန်ကြီးမားတဲ့အတွက် ငါတို့ တပည့်တွေကို ဆက်ပြီး ချီးမြှင့်ခဲ့တာ ၂၀၀၁ ခုနှစ်က ဆိုတော့ (၃)နှစ်ကျော်ကျော် ရှိသေးတယ်'

'ဒါဖြင့် မင်းကိုယ်တိုင် အသုံးပြုပြီး အကျိုးရှိတာတွေ ပြောဦးလေကွာ။ လက်တွေ့သိရတော့ ပိုပြီး လေးနက်တာပေါ့ သူငယ်ချင်းရယ်'

'ဒီလိုကွ အကျိုးရှိတာတွေကတော့ တော်တော်များတယ်။ ငါ့ရဲ့ အစ်ကိုကြီးဖြစ်တဲ့ **ဦးကျော်ရွှေမောင်မောင် (မန္တလေးသိုလ်)** ဆိုရင် ဒီဂါထာနဲ့တင် ဆရာကြီးတစ်ဆူ ဖြစ်နေတာကြည့်။ တို့တပည့်တွေလဲ ဒီဂါထာကို အမြဲလက်ကိုင်ထားကြတယ်။ ဘာပြုလို့လဲဆိုတော့...

၁။ ဆရာတစ်ဆူအဖြစ် လူသူရိုသေအပေါင်းက ခံညား ရိုသေလေးစားတယ်။
၂။ စားစရာ သောက်စရာ ဘယ်အခါမှာမှ မရှားပါးဘူး။
၃။ ရေဖြစ်ဖြစ် ဆီဖြစ်ဖြစ်၊ အုန်းဆီဖြစ်ဖြစ်၊ သွားတိုက်ဆေးကိုပဲ ဖြစ်ဖြစ်၊ စားသောက်စရာပဲဖြစ်ဖြစ် ဒီဂါထာတော်နဲ့ ဥုံ...ကို ဟိတ်တင်ပြီး (၇)ကြိမ်၊ (၇)ရက်မြောက်အောင် ရွတ်ဖတ်ထားပြီး အသုံးပြုမယ်ဆိုရင် သူ့နေရာနဲ့သူ အလွန် ကျေးဇူးများတယ် ဉာဏ်ရှိသလောက် သုံးကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

၄။ ကိုယ့်ကိုဟိုတုန်းက ဘယ်လောက် မုန်းမုန်း ကျိုးတဲ့လူ ဖြစ်ပါစေ၊ မိမိကို ချစ်ခင်လာစေ တတ်တယ်၊

၅။ သူရိုးအပြု သောင်းကျန်းတဲ့ အရပ်မှာ ဖြစ်စေ၊ စုန်းကဝေ တစ္ဆေသဘက်၊ ရဲသွမ်းတဲ့ ဒေသဖြစ်သော်လဲ မိမိရဲ့ မိသားစုနဲ့ပတ်ဝန်းကျင် အဖော်မွန်တွေကို လုံခြုံစိတ်ချမှု အပြည့်အဝ ပေးနိုင်တယ်။ စိတ်ချမ်းသာစေ တယ်'

'ကဲ...ကဲ မင်းပြောတာနဲ့တင် ငါ အားတက်လာပြီ။ ဂါထာတော်ကိုသာ ချီးမြှင့်ပါတော့ သူငယ်ချင်းရယ်'

'ပေးချင်လို့ ပြောနေတာပေါ့ကွာ၊ နားထောင်ဦးဟ၊ ဂါထာတော်နဲ့ ပတ်သက်လို့ လိုက်နာစရာတွေက ရှိသေး တယ်။ခပ်ပေါ့ပေါ့ ရွတ်ရတာမဟုတ်ဘူး။

**က။ မနက် အိပ်ရာကထထချင်း မြတ်စွာဘုရားကို ရေတော်တစ်ခွက်၊ အလင်းတိုင်တစ်တိုင် ကပ်လှူပူဇော်ရမယ်။**

**ခ။ ဘုရားရှင်ကို ဝတ်ပြုတိုင်း ပြုတိုင်းမှာ စန္ဒာမုခီ ဘီလူးမကြီးအတွက် ဘုရားလှူဖို့ရာ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိ ပူဇော်ပေးရမယ်။ မေတ္တာပို့ရမယ်၊ အမျှပေးရမယ်။**

**ဂ။ မနက် (၇)ခေါက်၊ ည (၇)ခေါက် ရွတ်ပတ်ပူဇော်ရမယ်။ နေ့လယ် ပိုင်းမှာ ရွတ်ဆိုခွင့်ရသေးရင်လဲ (၇) ခေါက် ရွတ်ဆိုနိုင်တယ်။**

မှတ်ထားရမှာကတော့ မနက်၊ နေ့၊ ည ဘယ်အချိန်မှာပဲ ရွတ်ရွတ် (၇)ကြိမ် ထက် မပိုစေရ။ အဲဒါကတော့ အတိ အကျပါပဲ'

စိန္တာမဏိဂါထာတော်

စိန္တာမဏိ ဒီပကတံ၊
ဘုမ္မိယ စောရ ပါရသ္မိ၊
ဒီဗ္ဗစက္ခုံပိ ဒိဿရေ၊
စန္ဒာဒေဝီ အဿမုခီ၊
စိန္တာမဏိ ဝိယံမမ၊
ဓနံ ယဿ ဒိဿ ဒိသီ၊
ယောပံ ဖဿတိ ဒိဋ္ဌေဟံ၊
မာတာ ပုတ္တံ ဝ ဩရသံ။

*(ဦးဝါသဝ၊ သမထာသုခရှောင်၊ စစ်ကိုင်းတောင်)*

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **စိန္တာမဏိ** | = | စိန်တာမဏိ |
| **ဘုမ္မိယ** | = | ဘုမ်မိယ |
| **ပါရသ္မိ** | = | ပါရသမိ |
| **ဒီဗ္ဗစက္ခုံပိ** | = | ဒိဗ်ဗစက်ခုံပိ |
| **ဒိဿရေ** | = | ဒိတ်သရေ |
| **စန္ဒာဒေဝီ** | = | စန်ဒါဒေဝီ |
| **အဿမုခီ** | = | အတ်သမုခီ |
| **ယဿ** | = | ယတ်သ |
| **ပဿတိ** | = | ပတ်သတိ |
| **ဒိဋ္ဌေဟံ** | = | ဒိတ်ထေဟံ |
| **ပုတ္တံ** | = | ပုတ်တံ |
| **ဩရသံ** | = | အောရသံ |

အနက်

**စန္ဒာဒေဝီ အဿမုခီ**–စန္ဒာဒေဝီ **ယာ အဿမုခီယာ၊** အဿမုခီ စန္ဒာ ဒေဝီ ဘီလူးမသည်။ (**ဒီနံ့၊** သားတော်အား ပေးအပ်သော) **စိန္တာမဏိ၊** စိန္တာ မဏိမည်သော မန္တန်သည်။ **ဒီပကတံ၊** မှိုခိုအားထားရာ ကျွန်းသဖွယ် ပြုတတ် ၏။ **ဘုမ္မိယ စောရပါရသ္မိ၊** မြေပြင်တွင် ခြေရာခံ၍ သူခိုးကို ဖမ်းရာ၌ တစ်ဖက် ကမ်းရောက်၏။ **ဒီဗ္ဗစက္ခုံပိ၊** နတ်



မျက်စိသဖွယ် အမြင်ကိုလည်း။ **ဒိဿရေ၊** ထင်စေ(ကုန်)၏။

**စိန္တာမဏိ၊** စိန္တာမဏိ မန္တန်သည်။ **မမ၊** ငါ့အား။ **ဝိယံ၊** သတ္တဝါဟူသမျှ ချစ်ခင်ခြင်းကို။ (**ဘဝတု၊** ဖြစ်စေ သတည်း။) **ဓနံ၊** ဥစ္စာကိုလည်းကောင်း။ **ဒိသဒိသီ၊** ကျွန်ယောကျ်ား၊ ကျွန် မိန်းမကို လည်းကောင်း။ (**ဘဝတု၊** ဖြစ်စေသတည်း။) **ယော၊** အကြင်သူ သည်။ **မံ၊** ငါ့ကို။ **ပဿတိ၊** မြင်၏။ (**သော၊** ထိုသူသည်။) **မာတာ၊** မိခင် သည်။ **ဩရသံ၊** ရင်၌ဖြစ်သော။ **ပုတ္တံ၊** သားကို။ (**ဒိဋ္ဌ ဣဝ**)၊ ရှုမြင်သကဲ့သို့။ **အဟံ၊** ငါ့ကို။ **ဒိဋ္ဌေ၊** ရှုမြင်ရာ၏။ (ရှုမြင်စေသတည်း)

*(ယဿ–ဂစားပဒါလင်္ကာရ)*

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ မဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက– ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)] မှ ပြန်ဆိုပေးပါသည်။]*

'အေး... ဂါထာတော်က တိုတိုလေး နဲ့ ရွတ်လို့ကောင်းသားပဲကွာ၊ ကြိုက် သွားပြီ။ ဒါ့ထက် ဂါထာတော်ကို ဘယ် နေ့ကစပြီး ဘယ်နှစ်ရက် ရွတ်ရမှာလဲ ပြောဦးလေကွာ။ ပုတီးကော စိပ်ရဦး မှာလား'

'ကောင်းတဲ့ကိစ္စတွေပဲကွာ၊ ပုတီး ပါစိပ်တော့ သမာဓိအားကောင်းပြီး ပိုပြီး တောင်မှ ထက်မြက်နိုင်တာပေါ့။ ဘယ် နေ့ ဘယ်ရက်မှ ရွေးမနေနဲ့။ ဒီကနေ့ စပြီး လူပရိသတ်တွေ၊ မိတ်သင်္ဂဟတွေ ကို မမုန်းမမေ့၊ မေတ္တာထားနေသရွေ့ ရွတ်ပေတော့များ'

**အောင်ရွှေမြတ် (စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com



# တောတောင်အတွင်းမှ

## ဆေးဖက်ဝင်ပစ္စည်းများ(၂)

သူရမင်းနိုင်
(ဖျာပုံ)

### ကျန်းမာလန်းဆန်း

### အားရှိစေသော ဆေးပင်

လွယ်ဆေးတောင်၊

လွယ်ဆေးတောင်သည် **မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း တမ့်ယန်းမြို့၏ အရှေ့မြောက်ယွန်းယွန်းတွင် ရှိ၏။**

ယာဉ်လမ်းအတိုင်း သွားသော် **တမ့်ယန်းမှ** အရှေ့စူးစူး **ပန်မောင်ရွာသို့**(၇)မိုင်ခန့်၊ **ပန်မောင်မှ လွယ်ဆေးရွာသို့** (၃)မိုင်ခန့်နှင့် **လွယ်ဆေးရွာမှ မြောက်စူးစူးသို့** (၂)မိုင်နီးပါး လူလမ်း အတိုင်း သွားရ၏။

မြေပုံပေါ်တွင် အဖြောင့်တိုင်းပါက တမ့်ယန်းမှ (၇)မိုင်နီးပါးမျှသာ ရှိမည် ဖြစ်ပါသည်။

လွယ်ဆေးတောင်သည် ပေပေါင်း (၆၆၃၉)ပေ မြင့်၏။ ပတ်ဝန်းကျင်တွင် မြောက်ဘက်၌ ယင်းကဲ့သို့ အလားတူ မြင့်မားသော **မန်ပလောင်(ဗန်ပလောင်)** တောင်ကြီးက ထီးထီးမားမားရှိနေပြီး တောင်ထိပ်မှ အရှေ့ဘက်သံလွင်ကို ကျော်၍ ကြည့်လိုက်လျှင်မူ ပေ(၇၀၀၀) ကျော်မြင့်သော တောင်ကြီးများကို မှိုင်းမှိုင်းညိုညို မြင်တွေ့ရမည်ဖြစ်ပါ သည်။

တောင်ဘက်တွင် **မိုင်းကောင် ဒေသကို** အပေါ်စီးမှ မြင်တွေ့ရနိုင်ပြီး အနောက်ဘက်တွင်ကား တမ့်ယန်းမြို့ ကလေးကို ညဘက် မြူရှင်းချိန်များ၌ လျှပ်စစ်မီးရောင် တလက်လက်ဖြင့် လွမ်းမောဖွယ် မြင်တွေ့နိုင်ပါ၏။

ကျွန်ုပ် လွယ်ဆေးတောင်ထိပ်စခန်း တွင် တာဝန်ယူရသည့်အချိန်မှာ မိုး ကာလဖြစ်၏။ မိုးကာလဖြစ်သည့် အလျောက် မိုးမှာ သဲသဲမဲမဲ ရွာသည့် အချိန်ရှိသကဲ့သို့ တဖွဲဖွဲနှင့်လည်း တစ်နေကုန် မရပ်မနား ရွာတတ်၏။

မိုးစဲပြန်တော့လည်း ဒေသအခေါ် မှိုင်း(မြူ)များ တိုက်နေသဖြင့် တောင် ပေါ်တွင် မြင်ကွင်းက ကျဉ်းလှသည်။ ထိုကဲ့သို့ မိုးရွာ မှိုင်းတိုက်နေသည့် အချိန်များတွင် သက်ရှိများမှာ မိမိတို့ အသိုက်အမြုံအတွင်း၌သာ နေထိုင် လေ့ ရှိကြ၏။

နေသာသောနေ့များ၌ လွယ်ဆေး တောင်ပေါ်တွင် ပျားနှင့် ပျားအလားတူ ပန်းဝတ်ရည်စားသုံးသော သတ္တဝါငယ် ကလေးများ၏ သစ်ပင်တစ်ပင်မှ တစ်ပင်၊ ပန်းပွင့်တစ်ပွင့်မှ တစ်ပွင့် ကူးလူးပျံသန်းကာ ဝတ်ရည်စုပ်ယူနေ သည့်မြင်ကွင်းကို မြင်တွေ့နိုင်ပေ သည်။

နေသာသော တစ်ရက်တွင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မိမိနှင့်အတူနေ တပ်စုမှ တပ်ကြပ်ကြီးတင်နေနှင့်အတူ စခန်းအတွင်းဘက် စည်းရိုးများကို လိုက်လံစစ်ဆေးကြည့်ရှုပါသည်။

စခန်းစည်းရိုး၏ အချို့သောနေရာများတွင် တောပန်းတောင်ပန်း နွယ်ပင်များတက်နေသဖြင့် ရှင်းလင်းပစ်ရန် ကျွန်ုပ်က သူ့အား ညွှန်ကြားရ၏။

**တစ်နေရာတွင်မူ နှစ်ပေခန့် အမြင့်ရှိသော အပင်ငယ်တစ်ပင်ကို ကျွန်ုပ် သတိထားမိလိုက်သည်။ အပွင့်မှာ စံပယ်ပင်ကဲ့သို့ အထုပ်အထုပ်ရှိပြီး အရောင်မှာ အပြာရောင်ဖြစ်၏။ အရွက်တွင် ရွက်ကြားဆီးလက်ရှိသည်ကို တွေ့ရသည်။**

ကျွန်ုပ် ထိုအပင်ကို သတိထားမိသည်က ပျားနှင့် အခြား ဝတ်ရည်စုပ်ပိုးကလေးများမှာ တစ်ကောင်နှင့်တစ်ကောင် လုယက်တိုးဝှေ့ကာ ထိုအပင်၏ အပွင့်များပေါ်တွင် အငမ်းမရ ဝတ်ရည်စုပ်ယူနေကြခြင်းပင် ဖြစ်၏။

'ဆရာတင်ရဲ့ ဒီအပင်ကို ကြည့်စမ်းပါဦးဗျာ အနီးအနားမှာ ဒီပြင်ပန်းပင် ပန်းပွင့်တွေ ရှိနေပါလျက်နဲ့ အင်းဆက်ကလေးတွေက အဲဒီအပင်ရဲ့ ပန်းပွင့်က ဝတ်ရည်ကိုပဲ အလုအယက် စုပ်နေတာက ထူးခြားမနေဘူးလား'

ကျွန်ုပ်က ပြောလိုက်သည်။

ထိုနေ့က ကျွန်ုပ်တို့နှစ်ဦးလုံး စိတ်ဝင်တစားဖြင့် အဆိုပါ အပင်ကလေးကို အတန်ကြာသည်အထိ ကြည့်ရှုနေခဲ့မိပါသည်။

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် ဖြစ်သည်။ စခန်းသို့ ရိက္ခာပို့ လားများနှင့် လားထိန်း(၆)ယောက် ရောက်ရှိလာကြ၏။ ရိက္ခာများချအပြီးတွင် မိမိစစ်သည်များက လားထိန်းများအား လက်ဖက်ရည်အချိုဖြင့် ဧည့်ခံကြပါသည်။

လားထိန်းများမှာ ဒေသခံများဖြစ်ပေရာ ယမန်နေ့က ကျွန်ုပ်တို့ စိတ်ဝင်တစားဖြစ်မိသော အပင်ငယ်ကို သူတို့တစ်တွေ သိလိုသိငြား ပြကြည့်ရန် ကျွန်ုပ် စိတ်ကူးရမိ၏။

ကျွန်ုပ်က တပ်ကြပ်ကြီးတင်အေးအား အဆိုပါ အပင်မှ အပွင့်ပါသော အကိုင်းအခက်အချို့ကို သွားရောက် ချိုးယူစေခဲ့ပါသည်။ ယင်းနောက် လားထိန်းများအား အဆိုပါ အကိုင်းအခက်တို့ကို ပြသပြီး မည်သည့်အပင်ဖြစ်ကြောင်း ကျွန်ုပ်က မေး၏။

လားထိန်းများမှာ မြန်မာစကားလုံးဝ မတတ်ကြပါ။ သူတို့အထဲက တစ်ဦးကသာ ကျွန်ုပ်မေးသည်ကို သဘောပေါက်ပြီး ထိုအပင်ကို သူသိကြောင်း ကိုယ်ဟန်အမူအရာဖြင့် ပြပါသည်။

သူက ပါးစပ်ဖြင့် စားသောက်ဟန်ပြုပြီး သူ၏ လက်မောင်းကို ကွေးကာ ကြွက်သားကို ထုတ်ပြ၏။

**ထိုအပင်ကို စားက အားရှိကြောင်း** ပြောလိုက်ဟန် ရှိပါသည်။ အနီးရှိ စစ်သည်များက သူပြုမူ ပြသနေသည်ကို သဘောကျသဖြင့် ရယ်မောကြသည်။

အဆိုပါ လားထိန်းကို မြန်မာစကားဖြင့် မေးမြန်း၍ မရသဖြင့် တရုတ်စကားအနည်းငယ် တတ်ကျွမ်းသော ကျွန်ုပ်၏ စစ်သည်တစ်ဦးကို စကားပြန်ထားကာ မေးမြန်းရသည်။

လားထိန်းက သူငယ်စဉ်က အပြင်းဖျားသဖြင့် အားပြတ်ကာ ခန္ဓာကိုယ်ချည့်၍သွားခဲ့ကြောင်း၊ ဆေးဆရာ၏ ညွှန်ကြားချက်အရ စောစောက ကျွန်ုပ်ပြသာ အပင်မျိုးမှ **အမြစ်ကို ပါးပါးလှီးကာ ကြက်သားဖြင့် ပေါင်း၍ စားခဲ့ရကြောင်း၊ (၇)ရက်ခန့်စားမိသည်တွင် အခြေအနေပြန်လည်ကောင်းမွန်လာခဲ့ကြောင်း**နှင့် ဆေးပင်၏အမည်ကိုမူ သူ မမှတ်မိတော့ကြောင်း ပြောပြပါသည်။

ကျွန်ုပ်နှင့် တပ်ကြပ်ကြီးတင်သေသည် ထိုနေ့က ညစာကို ကြက်သားနှင့် ဆေးမြစ်ပေါင်းထားသော ဟင်းဖြင့် စားကြ၏။ **ဆေးမြစ်၏ အရသာမှာ မူး ခါး ချိုဖြစ်ပါသည်။** ပူသည် ဆိုရသော်လည်း အလွန်အကျူးမပူပါ။ အခိုးပူသည့် သဘောမျှ ဖြစ်သည်ဟု ဆိုနိုင်၏။

နံနက်လင်း၍ အိပ်ရာမှ ထသည်နှင့် ကျွန်ုပ်နှင့် တပ်ကြပ်ကြီးတင်တေတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ရယ်မောမိကြပါသည်။

ကျွန်ုပ်တို့၏ မျက်ခုံးများမှာ မို့နေ၏။ နှုတ်ခမ်းနှင့် ပါးများတွင်လည်း သွေးရောင်က လွှမ်းနေသည်။ ညက အိပ်ရတာကတော့ ဘာကောင်းသလဲ မမေးနဲ့ဟူ၍ နှစ်ဦးလုံးက ပြောမိကြ၏။

အိပ်ရာက နိုးဖြစ်တော့လည်း လူက သမ်းသမ်းဝေဝေ မရှိ၊ ပကတိ (ပြကတေ့) လန်းဆန်းနေသည်ဖြစ်ရာ ကျွန်ုပ်တို့သည် အဆိုပါ ဆေးမြစ်ကို မကြာမကြာ စားဖြစ်ကြပါသည်။

ထိုရက်များအတွင်း စစ်ကြောင်းဌာနချုပ်မှ ရန်သူ့သတင်း မည်သို့ရသည် မသိရပါ။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ တပ်ကို သတ်မှတ်နယ်မြေအတွင်း နေ့ည လှုပ်ရှားစေခဲ့ပါသည်။

နေ့စဉ်ရက်ဆက်ဆိုသလို ပေ (၇၀၀၀)နီးပါးမျှ မြင့်မားသည့်တောင်ကို အတက်အဆင်း ပြုလုပ်နေကြရသည့် ကျွန်ုပ်နှင့် စစ်သည်များမှာ ပင်ပန်းနွမ်းလှချေ၏။

ယင်းသို့ နေ့နေ့ညည လှုပ်ရှားနေရာမှ တစ်ရက်တွင် စစ်ကြောင်းမှ ကျွန်ုပ်အား ညွှန်ကြားချက် အသစ်ပေးပါသည်။

ညွှန်ကြားချက်အသစ်မှာ နောက်နေ့



www.burmeseclassic.com

www.burmeseclassic.com

နံနက်တွင် ပန်မောင်၌ တပ်ရင်းမှူးကို ဆင်းတွေ့ရန် ဟူ၍ ဖြစ်၏။

ကျွန်ုပ်သည် ထိုနေ့ နံနက်စောစောမှာပင် လုံလောက်သော အင်အားဖြင့် တောင်ပေါ်မှ ဆင်းခဲ့၏။ ကျွန်ုပ် ပန်မောင်ရွာသို့ ရောက်ပြီး တစ်နာရီခန့် အကြာတွင် တပ်ရင်းမှူးနှင့်အဖွဲ့ မိုင်းကောင်မှ ရောက်ရှိလာပါသည်။ ကျွန်ုပ်အား မြင်သည်နှင့်...

'ဟကောင် ဗိုလ်မင်းနိုင်ရဲ့...ငါကဖြင့် မင်းကို ဒီရက်ပိုင်းအတွင်းမှာ ငါ ခိုင်းတာတွေက များနေလို့ ဒီကောင်တော့ တော်တော် ပင်ပန်းနေလောက်ပြီဆိုပြီး လာကြည့်တာ။

အခုတော့ မင်းမျက်နှာက ဖောင်းမို့နေပြီး သွေးရောင် လွှမ်းနေတာပါပဲကလား။ အအာရှိ အိပ်နေတယ်နဲ့တူရဲ့'

တပ်ရင်းမှူးက ပြောတော့သည်။

'အားရင် အိပ်တာကတော့ အမှန်ပါပဲ။ ဒါပေမယ့် တပ်ရင်းမှူးခိုင်းထားတာက အားမှ မအားရတာဆိုတော့ ကျွန်တော့်မှာ အိပ်ရတယ် မရှိပါဘူး။ **အခုလို သွေးအားကောင်းပြီး ကျန်းမာနေတာက ကျွန်တော် ဆေးကောင်း ရထားလို့ပါ'**

ကျွန်ုပ်က ပြန်ပြောလိုက်၏။

'ဆေးကောင်းရရင်လဲ ငါ့ကို သတိရဦးမှပေါ့ကွ၊ ဒါမျိုးဆိုရင် မင်းက ကိုယ့်ဆရာကို သတိမရတော့ဘူး ဆိုပါတော့'

တပ်ရင်းမှူးက ပြောသဖြင့် ကျွန်ုပ်က ဘောလွယ်အိတ်အတွင်း အသင့်ပါလာသော ဆေးမြစ်အချို့ကို စားသုံးပုံ စားသုံးနည်းနှင့်တကွ ထောက်လှမ်းရေးအရာရှိ လက်တွင်းသို့ ပေးအပ်လိုက်ပါသည်။

နောင်တွင်လည်း စက်ဖြင့် မှာသဖြင့် ကျွန်ုပ်က တောင်ပေါ်တွင် ဆေးမြစ်စုကာ ဂုန်နီအိတ်တစ်ဝက်ခန့် ပို့ပေးခဲ့ရပါ၏။



ရက်များမကြာမီ ကျွန်ုပ်တို့တပ်သည် စစ်ဆင်ရေးနယ်မြေ အပြောင်းအလဲရှိသဖြင့် လွယ်ဆေးတောင်စခန်းကို အခြားတပ်သို့ လွှဲပေးခဲ့ရပါသည်။ မိုင်းကောင်တွင် ကျွန်ုပ်နှင့် တပ်ရင်းမှူး ဆုံသည့်အခါ၌...

'ဗိုလ်မင်းနိုင်ရေ... မင်း ဟိုတလောက ပေးတဲ့ ဆေးမြစ်အပင်ကို မှတ်ကော မှတ်မိသေးရဲ့လား။ အဲဒီဆေးမြစ်ဟာ တကယ့်ကို အစွမ်းထက်တယ်ကွ လိုသလောက် များများစားစား ရနိုင်မယ်ဆိုရင်တော့ ကောင်းတာပေါ့ကွာ။

တို့တစ်တွေ တပ်က အငြိမ်းစားယူပြီးရင် အဲဒီဆေးမြစ်နဲ့ "လွယ်ဆေးတောင် အားဆေးကြီး"ဆိုပြီး အားဆေးဖော်စပ် ရောင်းကြတာပေါ့။

ဒီဆေးမြစ်ရဲ့အစွမ်းကို သိသွားရင် ဝယ်မယ့်လူတွေက တန်းစီနေကြမှာကို ငါတော့ မြင်ယောင်နေမိတယ်။ မင်း ဆေးမြစ်က ဟိုကိစ္စမှာလဲ အတော့်ကို အားကိုးလောက်တဲ့ ဆေးမြစ်ကြီးပဲ'

ဟု တပ်ရင်းမှူးက ရယ်မောရင်း မှတ်ချက်ချပါသည်။

ယခုအချိန်၌ ကျွန်ုပ်သည် တိုက်ပွဲဒဏ်ရာဖြင့် တပ်မှ အငြိမ်းစား ယူပြီးသည်မှာ (၃)နှစ်မျှ ရှိပြီဖြစ်သော်လည်း လွယ်ဆေးတောင်ပေါ်သို့ မရောက်ဖြစ်သေးပါ။ တစ်ချိန်ချိန်တွင်တော့ အရောက်သွားဦးမည်ဟု အားခဲထားဆဲ ဖြစ်ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ထဲမှ ကျန်းမာရေးအတွက် လောလောလတ်လတ် ဆေးမြစ် အလိုရှိသူများ သွားရောက် ရှာဖွေသုံးစွဲနိုင်စေရန် ဤဆောင်းပါးဖြင့် လမ်းညွှန်အပ်ပါသတည်း။

**စာကြွင်း။ ။ ယင်းဆေးပင်၏ အမြစ်မှာ သဘာဝမြစ်ကဲ့သို့ရှိပြီး ကျောက်စိုင် ကျောက်ခဲများကိုပင် ဖောက်ထွင်း ရှင်သန်နိုင်ကြောင်း တွေ့ရှိရပါသည်။**

**သူရမင်းနိုင်(ဖျာပုံ)**

## စာရှုသူ...သုတေသီ၊ ပညာရှင်များသို့...

ဤဆောင်းပါးပါ ဆေးပင်ကို သိရှိသူများ(သို့မဟုတ်) ဒေသခံ တိုင်းရင်းဆေးပါသ်နာရှင် သုတေသီပညာရှင်များမှ **ဆေးပင်အမည်နှင့် ဆေးအစွမ်းကို** တတ်နိုင်သမျှ ရှာဖွေဖော်ထုတ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*
ဦးကျော်ရိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...။

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...။ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာကနသိရှိစေရန် အလို့ငှာစေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဇွန်လ (၂၆)**ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၂၆)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၆)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၉)ရ၏။ ယင်း (၂၉)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၉ = ၁၁ = ၂ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဇွန်လ(၂၆)**ရက်နေ့တွင် **(၂)ဂဏန်း ကြီးစိုးနေ၏။**

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထား

သော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း** ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆစ္စပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည့် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ဝေငေးဆုမြည့်ပါစေ။***

**သုခရုစ် (ကျိုက်သတ်)**

**❖ ၂၀၁၇ ခုနှစ်၊ ဇွန်လ ❖**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | 1 ၈ | 2 ၉ | 3 ၁ |
| 4 ၂ | 5 ၃ | 6 ၄ | 7 ၅ | 8 ၆ | 9 ၇ | 10 ၈ |
| 11 ၉ | 12 ၁ | 13 ၂ | 14 ၃ | 15 ၄ | 16 ၅ | 17 ၆ |
| 18 ၇ | 19 ၈ | 20 ၉ | 21 ၁ | 22 ၂ | 23 ၃ | 24 ၄ |
| 25 ၅ | 26 ၆ | 27 ၇ | 28 ၈ | 29 ၉ | 30 ၁ | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ ညောင်ကာပွင့်အုပ်စု ကရင်ပျဉ်ထောင်တွင်းရွာမှ

# သိရိခေမာမြေစေတီတော်ကြီး နှင့်

စေတီတော်ကြီးမတည်မီနှင့် တည်ပြီးနောက် လွန်ခဲ့သော နှစ်(၂၀)ကျော်က တွေ့ကြုံခဲ့ရသော

# ကြုံဖူးသော ထူးခြားဖြစ်ရပ်ဆန်းများ

ဦးအောင်လွင် (အတွင်းရေးမှူး)
စီမံ/ဘဏ္ဍာရေး သိရိခေမာမြေစေတီအာကျိုးဆောင်
တာပွန်လမ်း၊ ဝင်းကောလာ ပေါင်းတည်မြို့၊ ပြည်ခရိုင်



ဌာပနာသော မြတ်ဘုရားရုပ်ပွားတော်

သို့...

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

ဆရာခင်များ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာအုပ် အမှတ်(၉၉) အောက်တို ဘာလ ၁၉၉၄ ခုနှစ်ထုတ် စာအုပ် စာမျက်နှာအမှတ်(၂၈)တွင် ပါဝင်သော စာအရ ယခု စာရေးလိုက်ပါတယ်။

ကျွန်တော် စာမရေးတတ်ပါ။ သို့ပါ၍ အကြောင်းအရာကိုသာ တိကျစွာ ရေးသားပေးပါတယ်။ လိုအပ်သလို ပြင်ဆင်တည်းဖြတ်၊ ဖျက်သင့် ပယ်သင့် သည်တို့ကို ပြုပြင်တည်းဖြတ် အသုံးပြု နိုင်ရန် ရေးသားပေးပို့လိုက်ပါတယ်။

လိုအပ်မည်ထင်သော ဓာတ်ပုံများ ထဲ ထည့်ပေးလိုက်ပါတယ်။

နေရာကတော့ ဆရာတော်တစ်ပါး ရဲ့ **အဓိဋ္ဌာန်အောင်ရာ** နေရာဖြစ်ပါ တယ်။ အဲဒီဆရာတော်ဟာ ထူးခြား သော်လဲ အတွင်းတပည့်များကို နှုတ်ပိတ်ထားတာကြောင့် ကျော်ကြား မှု မရှိဘဲ ခန္ဓာဝန် ချသွားတော်မူခဲ့ပါ တယ်။

ဆရာတော်ရဲ့ ထူးခြားချက်ကတော့ ပုံတော်မမှုမီ (၅)နှစ် အပိုင်းအခြား အတွင်းမှာ **ဆရာတော်ရဲ့ ညာဘက် ဘက်မောင်းထိပ်၊ လည်ပင်း၊ ပခုံး၊ နံတော်တို့မှာ စလွယ်သဏ္ဍာန် ဓာတ်တော်**တို့ ပေါ်လာပါတယ်။ အသား

www.burmeseclassic.com

ကနေ သွေးကြောကွက်သလို အပြာအစိမ်းရော သွေးကြောရောင် ပေါ်တာပါ။


အတွင်းတပည့်များကိုလဲ ဤအကြောင်းအား ဘယ်သူ့မှ မပြောရဟု နှုတ်ပိတ်ကတိခံစေပါတယ်။ နောက်ပိုင်းမှာ ဆရာတော်ဟာ လူတစ်ဦးရဲ့ အတွင်းအကြံ၊ စိတ်ထားတွေက စသိလာပါတယ်။

တိုက်ဆိုင်တဲ့ ဒါယကာတွေ အများကြီး ရှိလာပါတယ်။ ပျားရည်များ ပရိတ်ရွတ် မေတ္တာပို့စဉ် အဖုံးပွင့်ထွက် ပြည့်လာခြင်း၊ ငှက်ပျောသီးအစိမ်းများ အလိုအလျောက် မျက်စိအောက်မှာပဲ ဝင်းမှည့်သွားခြင်း၊ သိုက်များက ပုဂ္ဂိုလ်များလာရောက်ပူဇော်ကြခြင်း၊ ရသေ့များလာရောက်၍ သာသနာပြုကိစ္စများကို လျှောက်ထားပြီး အကူအညီ တောင်းခံခြင်း၊ တောတောင်များထဲသို့ကြွရောက်တော်မူခြင်းများ ပြုလုပ်ပါတယ်။

အဲဒီအချိန်က လာရောက်တဲ့ ပုဂ္ဂိုလ်များကတော့ မှတ်မိသရွေ့ **ကျစ္စာသာသနာမြေမှ အဘရသေ့ကြီး ဦးသုနာဂရ၊ မြေလျှောက် ဝိဇ္ဇာကြီးဟု ဆရာတော်ပြော၍ သိရသော အဘဦးထွန်းအုံ၊ ကုလားဒိုတီ အဝတ်ဖြူဝတ် လူကြီးတစ်ဦးတို့ကို**တော့ ကောင်းကောင်း မှတ်မိပါတယ်။

ဖူကြိုက်ဆရာတော်၊ မြေထဲ စကားတောင်ကိုးကွေ့ဆရာတော်၊ ခန်းထီ အမည်ရှိသော ပုဂ္ဂိုလ်၊ ခင်တန်းကုန်းတောရဆရာတော်တို့ဟာလဲ ဆရာတော် ညဘက် တရားအားထုတ်ချိန်များမှာ ပြောလို့ကြားရတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။

တစ်ခါတစ်ရံ ဆရာတော်က **"ဖိုးကြာ၊ ဖိုးကြာ"**လို့ အမိန့်ရှိလို့ တပည့်တွေ ကုန်းဦးချပေမယ့် ဘာမှ



ရွှေလှိုင်ကျွန်းနာရီယ ဆရာတော်ကြီး

မမြင်ရဘူး။ ဒါပေမယ့် အချိန်မှဲ့ ခရေနံ့၊ စံပယ်နံ့၊ အမွှေးနံ့သာနံ့တွေ ကြိုင်နေတတ်ပါတယ်။

အထူးခြားဆုံးကတော့ ဆရာတော်ဟာ ကိုရင်လေးတစ်ပါးနဲ့အတူ ဓာတ်ပုံရိုက်ခံစဉ်မှာ ဓာတ်ပုံကူးဆေးတဲ့အခါ **အလွန်ကြည်လင်သော မျက်နှာဖြင့် ဘုရားရုပ်တုတော်တစ်ဆူ ကိုင်မြှောက်ထားတဲ့ ရဟန်းတစ်ပါးရဲ့ ပုံတော်ဟာ အဲဒီဆရာတော်ရဲ့ ပခုံးပေါ်ကတစ်ဆင့် ပေါ်နေပါတယ်။**

ဒီဓာတ်ပုံဟာ တစ်ဦးကာစ တစ်ရာဖြစ်မှာစိုး၍ ဆရာတော်ဟာ ခန္ဓာဝန်ချခါနီး နာရီပိုင်းအလိုကျမှ တပည့်များကို အသိပေးခဲ့လို့ နောက်ပိုင်း ကျန်တပည့်များက ခွင့်ပြုချက်ဖြင့် ကန့်သတ် ကူးယူပူဇော်ကြရပါတယ်။

အဲဒီအချိန် အပိုင်းအခြားအတွင်းမှာ ဆရာတော်ဟာ တပည့်ဒါယကာရင်းဖြစ်တဲ့ ဦးအောင်ကြည်ကို...

'ဒါယကာကြီးရေ... လိုချင်တာကတစ်မျိုး ရတာကတစ်မျိုး ဖြစ်နေတယ်'

ဟု မကြာခဏ ပြောပါတယ်။

၁၃၄၈ ခုနှစ် ဝါတွင်းပိုင်းမှာစပြီး...

'တရားအလုပ်ကို ကြိုးစားလုပ်တော့မယ် ဘယ်ပြည့်သည့်မှ မတွေ့လိုပါ'

www.burmeseclassic.com

ဟု ပြောပြီး အားထုတ်မှုအလုပ်ကို...

- **နံနက်(၄)နာရီမှ နေ့လယ်(၁၁)နာရီ၊**
- **နေ့လယ်(၁၂)နာရီမှ ညနေ(၄)နာရီ၊**
- **ညနေ(၅)နာရီမှ ည(၇)နာရီ၊**
- **ည(၈)နာရီမှ (၁၂)နာရီ၊ (၁)နာရီ**

အထိ ကြိုးစားအားထုတ်ပါတယ်။

ရန်ကုန်မြို့ တောင်ဥက္ကလာပ စွန်းလွန်းတိုက်မှာလဲ ကမ္မဋ္ဌာန်းနည်း (၄)လ သွားခံယူပါတယ်။ ပြန်လာပြီး ဝါဆိုလဆန်းမှ စတင် အားထုတ်ပါတယ်။

ဒါယကာများကိုလဲ "**အတွေ့အထူးမရှိဘဲ မလာရ**"ဟု အမိန့်ရှိပြီး ကျောင်းတံခါး သော့ခတ်ပြီး နေခဲ့ပါတယ်။

အဲဒီလိုနဲ့ ၁၃၄၉ ခုနှစ်၊ တန်ဆောင်မုန်းလရောက်တဲ့အခါမှာ တပည့်ဒါယကာတွေကို...

'ယခု သာသနာကြီးဟာ အင်မတန်ကြည်ညိုဖွယ်ကောင်းတယ်။ မရနိုင်တာမရှိဘူး။ ကြိုးစားရင် ကြိုးစားသလောက်ခံစားနိုင်တယ်။ မြင့်မြင့်သာပစ်တင် အားရှိသလောက် အမြင့်ပစ်တင်ကြ။ အောက်ဆော့မြန်မကျဘူး။ တင်သင့်တဲ့နေရာ တင်ဖို့မှာပဲ' ဟု ပြောကြားတာကို မကြာခဏကြားရပါတယ်။

အဲဒီလိုနဲ့ ၁၃၄၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော်ပိုင်းမှာ အဓိဋ္ဌာန်အောင် စေတီတစ်ဆူ တည်ဖို့ နေရာရွေးထားတယ်။ အဲဒီနေရာမှာ မြေပေါက်စေတီတစ်ဆူတည်မယ်ဟု မိန့်ကြားပါတယ်။

အဲဒီလို မိန့်ကြားပြီးနောက် **အထက်က ဖော်ပြခဲ့တဲ့ ပုဂ္ဂိုလ်တွေ ရောက်လာပါတယ်။** တစ်ဦးစီမှာ ဌာပနာဖို့ပစ္စည်းတစ်မျိုးစီ (၂)မျိုးစီ ပါလာပါတယ်။



◆ စေတီပြည့်ဝသိဒ္ဓိရှိသော နာယက
သက်တော်ရှည်ဆရာတော်ကြီးနှင့်

ပါလာတဲ့ ပစ္စည်းတွေကတော့...

- ❖ အင်္ဂလိပ်သာဓါတ်တော်ရေ။
- ❖ ရုပ်တော်မှုတ်ဗျာဒိတ်ပြုပြန်၊
- ❖ ထိုင်ဝန်မှုပုံသဏ္ဌာန်မျိုးစုံဘုရား (၁၈)ဆူ

စသည်တို့ ရောက်လာပြီး...

**ဓာတ်တော်များမှာ** ထူးခြားသော ရွှေရောင်အဆင်းရှိပြီး **ပြင်ညီပေါ်တွင် ရွေ့လျားနေသော ဓာတ်တော်၊** ပုလဲ၏ အရောင်ဓာတ်တော်၊ အသွေးရောင်ဓာတ်တော်များ တဖြည်းဖြည်း ရောက်လာပါတယ်။

အဲဒီအချိန် တစ်လျှောက်ဟာ တိုင်းပြည် မငြိမ်မသက်တဲ့အချိန်အတွင်း စုစုပေါင်း ဌာပနာပစ္စည်းအမျိုးပေါင်း (၅၀)ကျော် ရရှိလာပါတယ်။

အဲဒီအချိန်အတွင်းမှာပဲ **သိုက်နန်းရှင်တစ်ဦး (ရွှေလောင်း၊ ငွေလောင်း)** ဟု နောင်အခါသိရသော နေရာတစ်ခုမှ စေတီဖြစ်မြောက်ရေးအတွက် ပစ္စည်းမျိုးစုံ လှူဒါန်းပါတယ်။

ဆရာတော်ကို အဘရသေ့ကြီး ဦးသုနာဂရ၊ ဦးထွန်းအုံနဲ့ ကုလားအဘကြီးတို့က သာသနာပြု စေတီတည်ဆောက်လျှင် ကူညီပါမည်ဟု ကတိပေးပါတယ်။

ရွှေဘိုသာသနာပြု ဆရာတော်ကလဲ "**ငါးမည်ရ ပြည်ရွှေဘို**"ဖြင့် ပင့်ပါ ကူညီပါမည်ဟု လည်းကောင်း၊ အောင်ပါစေဖြင့် အောင်အတိတ်ယူရန် ပြောကြားကြပါတယ်။

ဆရာတော်ဟာ တရားအားထုတ်ရင်း ၁၃၅၂ ခုနှစ်၊ နယုန်လဆန်း(၆)ရက်နေ့မှာ တပည့်တွေခေါ်ပြီး စေတီတည်ရန် မိန့်ကြားတဲ့အခါ လက်ထဲမှာလဲ ငွေလုံးဝမရှိကြ၊ ဦးဆောင်ပေးမယ့်လူကလဲ မပေါ်နဲ့ အားလုံး ဦးခေါင်းငုံ့နေကြပါတယ်။

(၃)ကြိမ်မေးတဲ့အခါမှာ ကျွန်တော်ကပဲ (၃)နှစ်အတွင်း ဆန္ဒပြည့်ဝစေရမယ်လို့ ကတိပြုတယ်။ ကျွန်တော်ရဲ့အတွေးကတော့ ခပ်ပေါ့ပေါ့ပါ။ စေတီအဖြစ်ကလေး (၅)တောင် အမြင့်လောက်လုပ်၊ ဆရာတော်စုထားတဲ့ ဌာပနာဖို့ ရုပ်ပွားတော်တွေထည့်၊ သူ့ဆန္ဒပြည့်ဝတော်ပြီပေါ့။

အဲဒီလို ကတိပေးတဲ့အခါ ယခုမလေးရှား ရောက်နေတဲ့ သူငယ်ချင်းကိုကြည်ဦးကလဲ လိုအပ်တာ ကူညီမယ်လို့ ပြောတယ်။

**အဲဒီအခါမှာ ကိုကြည်ဦးကိုအများ ထေမြဲ တယ်တက်လက်ပဲအခါမှာ ဝလုံးကို ညာလက်နဲ့ ကွင်းပြီး ထိပ်ကို (၃)ခါ ရေး (၃)ခါ အုပ်ကိုင်ပါတယ်။**

အဲဒီလိုလုပ်ပြီးတော့ ကျွန်တော့်ကိုတော့...

'အရာရာ သည်းခံပါ။ သည်းခံမှ အောင်မြင်မည်၊ နင် ကြပ်ကြပ်သတိထား'

ဟု မိန့်ပြီး ပုတီးတစ်ကုံး စွပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီပုတီးက သိမ်ပေါင်း(၁၀)ခုမှာ သိမ်ဝင်ပြီး ပြုလုပ်ထားကြောင်း မိန့်ကြားပါတယ်။ မည်သည့် တပည့်ဒါယကာကိုမှ ဘာမှပစ္စည်းမျှ စွန့်ပေးခြင်း မပြုလုပ်ဘဲ နောက်ဆုံးအချိန်အထိ နေသွားခဲ့ပါတယ်။

ဆရာတော် အမိန့်ရှိတော့ ဘုရားတပည့်တော်တွင် အားကိုးစရာ ဦးဆောင်မည့် ပုဂ္ဂိုလ်မရှိပါ။ စရဏာအား မရှိပါ။ ဓနအင်အား မရှိပါဟု လျှောက်ထားရာ ဆရာတော်က...

'ဦးဆောင်မည့်ပုဂ္ဂိုလ် တနင်္ဂနွေသားပေါ်မည်။ ယင်းပုဂ္ဂိုလ် ယခု ကျန်းမာရေးချို့ယွင်း၍ အိပ်ရာထဲမှာ ရှိတယ်။ လေဖြတ်ထားကြောင်း ဘုရားပြီးသည်အထိ ဦးဆောင်လိမ့်မည်'

ဆိုပြီး နောင်ပြုရမည့် ဖြစ်လာမည့်အကြောင်း၊ ဘုရားနှင့်ပတ်သက်၍ ကြိုတင် ပြောပြပါတယ်။ လိုက်လဲရေးမှတ်စေပြီး ဘွဲ့တော်ကိုပါ တစ်ခါတည်း ပြောပါတယ်။ အဲဒီအချိန်က ကျွန်တော်ရဲ့ အသက်ဟာ (၂၇)နှစ်ပဲ ရှိပါသေးတယ်။


စေတီဩဝါဒ စခံတဲ့ အခါကျတော့မှ အဲဒီပုဂ္ဂိုလ်ကို စတွေ့ရပါတယ်။ **ဦးဣန္ဒြေဘာသလို့ ဘွဲ့ရှိပြီး အသက် (၉၀)ရှိနေပြီ** ဖြစ်ပါတယ်။ လယ်တီဆရာတော်ကြီးကို ဆွမ်းကွမ်း လုပ်ကျွေးရင်း (၃)ဝါလောက် နည်းခံခဲ့တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

ပန္နက်ရိုက်ပြီးချိန်မှစ၍ ဗောဓိတတ်နန်းမှ ဆရာဦးလှသိန်း ညီမ ဒေါ်ခင်မြနဲ့ ရက္ကန်းစင်တောင် ဆရာတော်ကြီးရဲ့ တပည့်များက ကူညီမှုများ ပေးခဲ့ကြပါတယ်။

အဲဒီပုဂ္ဂိုလ်များရဲ့ အကူအညီဟာ ဘုရားတည်တဲ့ ကိစ္စတစ်လျှောက်လုံးမှာ ကြီးစွာသော သင်ဆရာ၊ မြင်ဆရာ၊



(၁၉-၆-၉၅)စေတီ ရွှေထီးတော်အပြီး အထက်မှ ရှုမြင်ကွင်းပုံ



(၁၈-၉-၉၅)စေတီအား အထက်မှ ရှုမြင်ကွင်းပုံ

ကြားဆရာအဖြစ် အာစရိယဂုဏ်မြောက်စွာ စေတနာနဲ့ ကူညီခဲ့ကြတာကို နေ့တိုင်း သတိရမိပါတယ်။

ဆရာတော်ကြီး ဦးဣန္ဒြေဘာသရဲ့ ဦးဆောင်မှု ဩဝါဒနဲ့ သေဋ္ဌာရုံစာသင်တိုက် ဦးစီးပဓာနဆရာတော် ဦးကောဏ္ဍည၊ ဖျဉ်ထောင်တွင်းရွာ ကရင်ဗုဒ္ဓဘာသာပြန့်ပွားရေး သာသနာပြု ဆရာတော်ဦးစာရိတ္တတို့ရဲ့ ကူညီမှုဖြင့် စေတီတော်ကြီးကို တည်ဆောက်ကြပါတယ်။

အပေါ်မှာ ဖော်ပြခဲ့သလိုပဲ အောင်ပါစေဖြင့် အောင်ဓာတ်အောင် အခါယူပါတယ်။ အောင်မြေမှာ အဓိဋ္ဌာန်ပြုပါတယ်။ ပြီးတော့ ငါးမည်ရ ပြည်ရွှေဘိုနဲ့ ရွှေဘိုသာသနာပြု ဆရာတော်နဲ့တကွ အကူအညီပေးမယ့် ပုဂ္ဂိုလ်တွေ ပင့်ဖိတ်ပြီး ပြုလုပ်ကြတာဟာ စေတီတည် ဖို့ လက်ချည်းဗလာကနေ အုတ်(၁၀၀၇၀၀)ချပ်ကုန်တဲ့ စေတီကြီး ပေါ်ထွက်ခဲ့ရပါတယ်။

ရှမ်း၊ ကရင်၊ ချင်း၊ ရခိုင်၊ ကယားနဲ့ ကုလား၊ တရုတ်၊ အိန္ဒိယသားအစုံအလင် ဒါယကာတွေ ပေါ်လာပြီး စေတီကြီးလဲ အပြီးသတ်ခဲ့ပါတယ်။

ဝမ်းစာထည့် ဘုရားမဟုတ်ဘဲ အုတ်သားအပြည့် (၆)ထပ်(ခတောင်) (၁)ကြိမ် အမာခံကျောက်ထည့်စနစ် (၉)ပေတစ်ကြိမ် သဲအားဖြည့် ကွန်ကရစ်လောင်းစနစ်ဖြင့် တည်ဆောက်ပါတယ်။

ကရင် အမိုး၊ အပါး ၊ဖထီး အဖီး၊ အားတီ၊ အားမတွေက လိုတာအားလုံး အမာခံကူညီကြတယ်။ ဒါကြောင့် အဲဒီခေတ်က ငွေ(၅)သိန်းကျော်နဲ့ ဘုရားအပြီးသတ်နိုင်တယ်။ သဲ၊ အုတ်၊ ကျောက် မဝယ်ရပါ။

လုပ်အားပေးတဲ့အထဲက ရွှေတောင်မြို့နယ် ကရင်ရွာတွေ၊ သဲကုန်းမြို့နယ်၊ နတ္တလင်းမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ မင်းလှမိုးညိုနယ်တစ်ဝိုက်၊ ဟသ်ာတမြို့နယ်တစ်ဝိုက် ဧရာဝတီတိုင်းဒေသကြီးက၊ ကရင်ပြည်နယ်ဘက်ကရော ပဲခူးရိုးမအရှေ့ဘက် တလဲမီး၊ ရွှေခင်တုံအထိ လုပ်အားဒါနတွေ ပေးကြတာ အံ့ဩစရာဝမ်းသာစရာ အလွန်ကောင်း



www.burmeseclassic.com

www.burmeseclassic.com





▲ သီရိသမာပြခေစေတီတော် အနီးမှ ကြည့်ရှုပုံ

◀ [illegible]

ပါတယ်။

သူ့အစားအသောက်နဲ့သူ လာရောက် ကူညီကြတာပါ။ ပတ်ဝန်းကျင်ရွာတွေဖြစ်တဲ့ ညောင်ပင်သာ၊ စပါးကြွယ်၊ ကျွန်းကုန်း၊ ချောင်းနား၊ သစ်ကျိုတ်ကုန်း၊ ဇရပ်လှ၊ ကြို့ပင်စုကုန်းကြီး၊ ကုန်းကလေး၊ လယ်ဦးစု၊ ပေါက်မှော်၊ ရွာသစ်ကုန်း၊ ကြံတောစု၊ ကျွဲတဲရွာတွေကလဲ စွမ်းအားရှိသလောက် လုပ်အားဒါနတွေ ကူညီကြပါတယ်။

ဌာပနာပိတ်ပွဲတွေ၊ အုတ်မြစ်ချပွဲတွေမှာ အထူးအဆန်းပစ္စည်းတွေ တွေ့ရတယ်။ ချိုးအမြုတေ၊ လိပ်အမြုတေ၊ အုန်းအမြုတေတွေ ဌာပနာဖို့ လာလှူတယ်။ သာသနာကန်တော့ပွဲထဲမှာ အထုပ်ကလေးတွေနဲ့ တွေ့ကြရတာ။

ကန်တော့ပွဲတွေက ဘုရားပွဲ၊ သာသနာပွဲ၊ အရှင်ဥပဂုတ္တပွဲ၊ သာသနာပြု ဆရာတော်များ၊ ဆရာများပွဲ၊ သိုက်ပွဲ၊ မြေတိုင်ပွဲတွေပါပဲ။

ကန်တော့ပွဲတွေထဲမှာ ရတနာတွေကို ထုတ်ပြီး ထည့်ထားတာတွေ၊ ငွေဒင်္ဂါးတွေ ထည့်ထားတာတွေလဲ တွေ့ရပါတယ်။

မြားစည်းကို ခြေတစ်ဘက်၊ ပန်းစည်းကို ခြေတစ်ဘက်ခါးမှာ ကြယ်(၅)ပွင့်ရှိတဲ့ အစပတ်နေတဲ့ **၁၈၀၅ ခုနှစ် ငွေပြားတစ်ပြား၊** ငှက်ရုပ်ပါ ငွေပြားပါ။ မျှော်စင်ရုပ်မဟာတံတိုင်း(၃)ကျပ်သားစီ၊ ငွေပြား၊ နေတံဆိပ်၊ ရေနဂါးတံဆိပ်နဲ့ စုစုပေါင်း အမျိုးကွဲ (၁၄)မျိုး တွေ့ရပါတယ်။

စေတီတည်ရာ (၃)နှစ်(၆)လအတွင်း ဌာပနာဖို့ စိန်ဖူးမှာ ပူဇော်ရန်၊ ရွှေထီးဝယ်ရန် စသည်ဖြင့် သိုက်နန်းရှင်များ၊ သိုက်နန်းရှင်များကို ရည်စူး၍ဟု အမည်များဖြင့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ၊ ငွေစက္ကူများ ဆည်းလည်းများ လှူဒါန်းကြတာ စာရင်းအရ ဌာန(၁၀)ခုကျော် မှတ်တမ်းတွေ့ရပါတယ်။

ကျွန်တော်ကတော့ အဲဒီနယ်ဘက်မှာ မကျွမ်းကျင်ဘူး။ စိတ်လဲ မဝင်စားဘူး။ ဒါကြောင့် တကယ် ဟုတ်မဟုတ်၊ သိုက်ရှိမရှိ မသိရပါ။

**သိုက်ဆိုတဲ့ဌာနတွေ အနည်းငယ် ရေးပြပါမယ်။ အကျိုးဆောင်အဖွဲ့ မှတ်တမ်းအရ...**

၁။ မင်းရှင်သရက်သိုက်၊
၂။ အုံးသံတော်ရှင်သိုက်စောင့် ပုဂ္ဂိုလ်များအတွက် ဒေါ်စိန်ကြည် ပတ္တမြား(၄)လုံး စိန်ဖူးတွင်၊
၃။ ရွှေအုန်း(၉)ပင်သိုက်၊
၄။ မြနန်းရှင်သိုက်၊
၅။ အေးသိတောင်သိုက်နန်းရှင်၊
၆။ ဒုံဝန်း-အေးဝန်း သိုက်နန်းရှင်အတွက် မိနော်ဇာက
၇။ ရွှေလောင်း၊ ငွေလောင်းသိုက် လှေယဉ်(၁)စီး အလှူ ၄(နှ)
၈။ ရွှေလှောင့်သိုက်ဆိုတာတွေဟာ မှတ်တမ်းတချို့ကို တွေ့ရပါတယ်။

ထူးခြားတာက **ငွေမဆိုတဲ့ ဓာတ်ခဲ အလေးအချိန် (၅)ကျပ်သားစီး အုန်းပင်တံဆိပ် ငွေပြားကြီး(၂)ချပ်** ဟာလဲ ထူးခြားပါတယ်။

စေတီတော်ရဲ့ ထူးခြားချက်က မမြင်အပ်သော ပုဂ္ဂိုလ်များ ကူညီမှုတွေဟာ ရရှိနေတယ်၊ ခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ချက်က စေတီရဲ့ တနင်္ဂနွေထောင့်မှာ သိုက်အတွက် ဆိုပြီး နေရာတစ်ခု ပေးထားကြတယ်။ စနေထောင့်မှာတော့ အလှူဒါယကာ တစ်ဦးမှ ငါးရုံမင်း၊ မိကျောင်း၊ လိပ်(၁) ကောင်ကိုလဲ ထုလုပ်ထားတယ်။

စေတီတော်အတွက် တကယ် ဘဏ္ဍာရေးဌာနက ဦးဆောင်သူတွေ ဟာ တစ်ခါမှ ဒီလိုသာသနာလုပ်ငန်း မလုပ်ဖူးဘူး။ အတွေ့အကြုံမရှိတဲ့ လူငယ်တွေပါ။

ဒါပေမယ့် မမြင်ရတဲ့ စွမ်းအားတွေ၊ အကူအညီတွေရနေသလိုပဲ တစ်ခု ပြီး တစ်ခု အောင်မြင်တယ်။ ကျွန်တော်တို့ အတိုင်းအတာနဲ့တော့ ကြီးမားတဲ့ အောင်မြင်မှုပေါ့။

ကိုအောင်ထွန်းက ထိုစဉ် (၃၃)နှစ်၊ ကိုတင်ဌေးက(၂၄)နှစ်၊ ကျွန်တော်က (၂၇)နှစ်၊ ကိုကြည်ဦးက (၃၀)နှစ်၊ ကိုအေးသောင်းက (၃၁)နှစ်ပါ။ အဲဒီ လူငယ်အဖွဲ့က စီမံ/ဘဏ္ဍာကို တာဝန် ယူပြီး ကိုယ့်အစားနဲ့ ကိုယ့်စရိတ်နဲ့ သာသနာပြုကြတာပါ။

အဘက်ဘက်က ကူညီလမ်းပြတာ ကတော့ **ကြယ်မင်း ဦးလှနိုင်ပါ။** သူကတော့ ယခင်က ဗိုလ်တထောင် ဘုရားဂေါပကပါ။

စေတီရဲ့ ထူးခြားချက်တွေကိုလဲ လိုရင်းရေးပြပါဦးမယ်။ တစ်ခုတော့ မေးချင်ပါတယ်။

သိုက်ဆိုတာ တကယ်ရှိသလား။ ဖော်ပြတဲ့ သိုက်တွေကရော ဒီတိုင်းပြည် မှာ ရှိသလား။ စေတီဝင်းထဲက သိုက် နေရာကတော့ ပူးကပ်ခြင်း၊ မထင်မရှား တွေ့ရခြင်း၊ အထိတ်အလန့် ဖြစ်ပေါ် စေခြင်းမျိုးလဲ ကြုံကြတယ်လို့ သိရ တယ်။ ကျွန်တော်ကတော့ တစ်ခါမှမတွေ့ ပါ။ ဒေသခံတွေကတော့ သိကြတယ်။



▲ ကာရင်(ဧကောကာရင်) ဖူးသာသနာပြု ဆရာတော်ဆိမ့်

ကြည်ပြာရောင် အလွန်တောက်ပ သော အရောင်တစ်ခုဟာ စေတီတော် ကြီးကို လှည့်နေတာမျိုး၊ စေတီကြီးက အလွန်ဖြူဖွေးတဲ့ အလင်းရောင်များ ထွက်နေတာမျိုးတွေတော့ တွေ့ရမြင်ရ ဖူးကြရတယ်။ ဒါကလဲ ညဘက် ကိုင်း စောင့်၊ ယာစောင့် လယ်ထဲထွက်ကြတဲ့ ဒေသခံတွေက တွေ့ကြတာပါ။

ပျဉ်ထောင်တွင်းရွာက ဦးဖိုးဆောင်း ကျတော့ လမိုက်ရက် မိုးမှောင်ကျနေ တဲ့ အချိန်မှာ စေတီကြီးကို လင်းရောင် တွေနဲ့ထင်ထင်လင်းလင်းကြီး တွေ့ရတယ်၊

စေတီကြီးနဲ့ (၂)မိုင်လောက်ဝေးတဲ့ ညောင်ကပွင်ရွာ၊ ကျွဲတဲရွာကနေ တစ်ခါတစ်ရံမှာ မီးထွန်းထားသလို တောက်ပစွာ မြင်နေရတယ်။

အဓိဋ္ဌာန်ပြည့်အောင် စေတီတည် နိုင်းတဲ့ ဆရာတော်ကတော့ ခန္ဓာဝန် မချခင်ကတည်းကအမိန့်ရှိထားကတော့...

"ဒီစေတီထဲမှာ ဌာပနာမယ့် ဓာတ်တော် မွေတော်တွေနဲ့ ဆင်းတုရုပ်ပွားတော်တွေဟာ အလွန်ထူးခြားသော အကြောင်းများရှိတယ်။ ယသိသူကျော်သွား သိသူဖော်စားလိမ့်မယ်" တဲ့။

ပျဉ်တောင်တွင်းရွာ ဆိုတာက တစ်ချိန်က ခရစ်ယာန်ဘာသာဝင် ရွာမို့ ၁၈၈၂ ခုနှစ်မှာ ရွာတည်ခွင့် ရကြတာ။ ကျွဲတဲရွာဆိုတာကလဲ ၁၈၈၂ ခုနှစ် လောက်ကတည်းက အနောက်ပျဉ် ထောင်တွင်းလို့ အမည်တွင်ခဲ့တယ်။ ဖခ်ပလခေတ်ကျမှ ကျွဲတဲဖြစ်လာတာ။

အဲဒီမှာ ခရစ်ယာန်ကျောင်းရှိထယ်။ ကျွဲတဲရွာမှာလဲ အခုတော့ ခရစ်ယာန် ဘာသာဝင် (၇)အိမ်လောက်ပဲ ရှိတော့ တယ်။

ဦးကုလန္ဒောဘာသ ဆရာတော်ရဲ့ ကျင့်ကြံအားထုတ်မှု၊ ဟောပြောမှု၊ မသိတာ သိအောင်ပြသမှုကြောင့် ရဟန်းပြုတာပါ။

ဆရာတော်ဟာ သုသာန်ရုတင် ဆောက်တည်ပြီး ဒါယကာ/မတွေ ဖြောင့်ကြကင်းအောင်၊ ရှိတာနဲ့ပဲ လှူနိုင်အောင် အသားလွှတ် ဆွမ်း ဘုဥ်းပေးပါတယ်။ ဝိနည်းကိုလဲ ရဟန်း ဝတ်ကတည်းက စနစ်တကျ ထိန်းသိမ်းပါတယ်။

အခုတော့ **သက်တော်(၆၇)နှစ်၊ ဝါတော်(၂၅)ဝါ**ရှိပါပြီ။ ဝိနည်းတော် လေးစားခြင်း၊ သူတစ်ပါးစိတ်ကို သိမြင် ခြင်းနဲ့ အခြား ထူးခြားချက်ကတော့ တစ်နေ့ ဂါထာ (၁၀၀၀)ကျအောင် မှုဖော်ခြင်းပါပဲ။

စေတီဘုရားဆိုတာ ဘယ်လိုဟာလဲ လို့ မေးကြရတဲ့ လက်ညိုးညွှန်စရာ မရှိတာကနေပြီး စေတီကြီးတစ်ဆူ ဖေါ်ပေါက်လာတော့ ဒေသခံတွေ အားလုံး အလွန်ဝမ်းသာကြတယ်။

၁၉၉၀ ပြည့်နှစ်ကတည်းက မြို့နယ် အုပ်ချုပ်ရေး အရာရှိများကပါ လိုအပ် တဲ့ အကူအညီတွေကို ပေးကြပါတယ်။ ယခုတော့ စေတီဘုရား၊ သိမ်၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ တင့်တယ်လာပြီပေါ့။

ဒါကြောင့် ရှာတတ်မှ တွေ့ဆိုသည့် စကားပုံတစ်ခု ရှိပါသည်။ **ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ် ညောင်ကပွင်အုပ်စု ကရင်ပျဉ်ထောင်တွင်းရွာမှာ သီရိခေမာမြစေတီတော်ကြီး ရှိပါသည်။**

ရွှေတိဂုံစေတီတော်ကြီး၏ ပုံအချိုးအားဖြင့် (၈း၁)စာနှုန်းဖြင့် တည်ထားသောကြောင့် ကြည်ညိုသပ္ပါယ်ဖွယ်ကောင်းလှပါသည်။

စေတီတော် တည်ဆောက်ရန် မိန့်မှာခဲ့သော ဆရာတော်မှာ **စွန်းလွန်းကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးခေမိန္ဒ၏ အဓိဋ္ဌာန် အောင်စေတီအဖြစ်** ၁၃၄၉ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ နေရာရွေးချယ်ပြီး "**သီရိခေမာဓာတုရွှေစေတီ**"ဟုဘွဲ့သမုတ်ပါသည်။

စေတီတော် တည်ဆောက်ရန် စွန်းလွန်းဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာတော်က...

'၁၃၅၂ ခုနှစ်၊ နယုန်လဆန်း(၆)ရက်နေ့တွင် တပည့်ဒါယကာတွေခေါ်ပြီး နောက်ရက်ပေါင်း (၂၀)ပြည့်တဲ့ တနင်္လာနေ့နံနက် အရုဏ်မတက်မီ ခန္ဓာဝန်ချမည်၊ နေ့ချင်းပြီး ဂူသွင်းပါ လိုအပ်သော ကိစ္စများ ပြုလုပ်ထားကြပါ'

ဟု မိန့်ကြားပါသည်။

ဘုရားတည်ပါက တနင်္ဂနွေသား ဦးဆောင်မည့် ပုဂ္ဂိုလ်ပေါ်မည်၊ ရပ်ဝေးဗုဒ္ဓဟူးလာမည်၊ တနင်္ဂနွေ၊ တနင်္လာ၊ စနေများနှင့် အကြံပြုပါဟု မိန့်ကြားပြီး ရှေ့လုပ်ရမည့် ဘုရားတည်ရေး ကြုံတွေ့ရမည့် အကြောင်းအရာ အကျဉ်းကို မှတ်သားရေးမှတ်စေပါသည်။

၁၃၅၂ ခုနှစ်၊ နယုန်လဆုတ်(၁၀)ရက် ညသန်းခေါင်အချိန်တွင်...

'အနတ္တအပ္ပမာဒေနပြုကြ'



▲ သီရိခေမာမြစေတီအောင်မြေ
(၉)တိုင်း (၉)ဌာန အောင်မြေပါဝင်သည့်
ကရင်-မြန်မာ (၂)ဘာသာ
ကျောက်စာမော်ကွန်း

ဟု မိန့်ပြီး လဆုတ်(၁၁)ရက် နံကန်(၃)နာရီတွင်...

'ပိုတာရှိက်တာ ဝမ်းနည်းပူဆွေးတာတွေ ကင်းချင်ရင် အရဟတ္တဖိုလ်ရအောင် ကြိုးစားကြ၊ အချိန်စောတယ်မရှိ နောက်ကျတာပဲရှိတယ်။ ယခုလုပ်ရင် ယခုရမယ်။ အလုပ်လုပ်သလောက် အကျိုးခံစားရမယ်။ မရဏနုဿတိ အမြဲပွားများကြ၊ လိမ္မာစွာ ကြိုးစားရစ်ကြ'

ဟု မိန့်မှာပြီး **(၁၈-၆-၉၀)နယုန်လဆုတ်(၁၁)ရက် နံနက်(၄)နာရီ (၁၅)မိနစ်တွင် ခန္ဓာဝန်ချတော်မူ၍ ပေါင်းတည်မြို့ ကြူတော်ကုန်းသုဿန်တွင် ဂူသွင်းထားပါသည်။**

ဆရာတော်ဦးခေမိန္ဒ၏ မိန့်မှာချက်အရ (၁၅-၁၀-၉၀)တွင် စေတီတည်ရေးအဖွဲ့ ဖွဲ့ပြီး ဆရာတော်ပြောခဲ့သော နေရာရှာဖွေရာ ပျဉ်ထောင်တွင်းရွာ ဘုန်းတော်ကြီးကျောင်းအတွင်း မြေစာမြက် လက်ယာရစ်ခွေရာ ဩဇာပင်ကြီးကိုတွေ့၍ ယင်းနေရာကို ဗဟိုထားပြီး တန်ဆောင်မုန်းလဆန်း(၇)ရက် ဗုဒ္ဓဟူးနေ့ နံနက်(၈)ဖဝါးအချိန်မှာ ပန္နက်ရိုက်ခဲ့ပါတယ်။

ဘုရားတည်ရန် ဩဝါဒခံယူချိန်တွင်မှ ဩဝါဒစရိယ ဆရာတော် ညောင်ပင်သာရွာကျောင်း **ဦးကုလနန္ဒာဘာသ** (သက်တော်-၉၀၊ ဝါတော်-၇၀)မှ နောင်ကာလကို ရည်မျှော်၍ "**သီရိခေမာဓာတုရွှေစေတီ**" အစား "**သီရိခေမာမြစေတီ**"ဟု ဘွဲ့တော်သစ် တင်လှူပါသည်။

၁၃၅၂ ခုနှစ် တပို့တွဲလပြည့် အင်္ဂါနေ့ နံနက်(၈)ဖဝါး (၂)ဗီလာ နာရီ (၉)နာရီတွင် ကျားက ဂဠုန်နိုင်သည့် အခါ၌ ဖေဂ္ဂုသတ်တော်ရွတ်ပြီး ပဋ္ဌာန်မြားရတနာအုတ်ကို တောင်ဘက်မျက်နှာပြုပြီး အုတ်မြစ်ချခဲ့ပါသည်။

စေတီတော်၏ မြေဝင်အနက်(၁၁)ပေရှိပြီး (၁၆)ပေ (၆") တည်ရန် လျာထားသော်လည်း နယ်(၄)ရပ်ဒါယကာ/မများ၏ စေတနာကြောင့် ဉာဏ်တော်(၄၅)ပေနှင့် အလေးချိန်(၁၀၈)ကျပ်သားရှိ ရတနာစိန်ဖူးတော် ငှက်မြက်နားတော် ရတနာတို့တွင် စိန်ကျောက်(၆၀၃)လုံးဖြင့် တင်လှူပူဇော်ခဲ့ပါသည်။

သီရိခေမာမြစေတီတော်ကြီး တည်ဆောက်ချိန်မှစ၍ အဓိဋ္ဌာန်ဝင်သူများ၊ သစ္စာပြုသူများ၊ ပုတီးစိပ်သူများ အောင်မြင်ကြပါသည်။

စေတီတည်ရာ ဘုရားပရိဝုဏ်အတွင်း အဓိဋ္ဌာန်ပြည့် ဆရာတော်ရှာဖွေခဲ့သော အောင်မြေဌာနတွင် စေတီတော်ဩဝါဒစရိယ ဆရာတော်များ၏ ဆန္ဒအရ (၉)တိုင်း (၉)ဌာန အောင်မြေကို ပူးပေါင်း၍ သီရိခေမာမြစေတီတော် အောင်မြေနေရာထားပါသည်။

www.burmeseclassic.com



ဝေဠုဝတောင် မီးရှုံ့မင်းဆိုင်ဝယ်

**အောင်(၉)ဌာနကား...**

၁။ လုမ္ဗိနီအင်းကြင်တောမြေနှင့်မိဂဒါဝုန်မြေ
၂။ သတ္တဌာနမြေ
၃။ ကန္ဒီအောင်မြေ(သီဟိုဠ်)
၄။ သထုံအောင်မြေ
၅။ ရန်ကုန်အောင်မြေ
၆။ ပြည်အောင်မြေ
၇။ ရွှေဘိုအောင်မြေ
၈။ မန္တလေးအောင်မြေ
၉။ စေတီမူလအောင်မြေနှင့် ကျောက်မျက်ရတနာဌာန(၉)ခုမြေများ ဖြစ်ပါသည်။

သီရိခေမာ မြစေတီတော်ကြီး၏ စေတီရံများမှာ လက်ယာရစ်အားဖြင့် တနင်္ဂနွေထောင့် အောင်ချမ်းသာစေတီ၊ တနင်္လာအရပ် ခေမာအောင်သီရိစေတီ၊ အင်္ဂါထောင့်ဇမ္ဗူဗုဒ္ဓ ဘုန်းတော်ပွင့် စိန်ရောင်ခြည်စေတီ၊ ဗုဒ္ဓဟူးအရပ် လောကချမ်းသာရစေတီ၊ စနေထောင့် နိဗ္ဗာနစေတီနှင့် မိုးကောင်းဘုရား၊ ကြာသပတေးအရပ် မာန်ပြေချမ်းသာစေတီ၊ ရာဟုထောင့် ရန်ပြေရတနာစေတီ၊ သောကြာအရပ် သကျဇိနစေတီများ ဖြစ်ပါတယ်။

စေတီရံတိုင်းမှာ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်၊ ရုပ်ပွားတော်၊ ဓမ္မစေတီများ ဌာပနာပူဇော်ထားပါတယ်။ စေတီရံအားလုံးဟာ လောကနန္ဒာစေတီပုံများ ဖြစ်ပါတယ်။

စေတီတော်ကြီး၏ ကြာသပတေးအရပ် ဗုဒ္ဓရုပ်ပွားတော်တွင် ညာလက်ရုံးတော်၌ ၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် နဂါးယ်များ စွဲလာပါတယ်။ အခြားရုပ်ပွားတော် (၇)ခုနဲ့ မုခ်ပေါက် (၇)ခုတွင် မစွဲပြီပါ။

ဝါခေါင်လပြည့်နေ့တွင် ဘုရား၏ ဆံတော်ထိပ်မှ ဘယ်ဘက်နားတော်အထိ ဆံပင်ဘေးချနေသကဲ့သို့ ထိုရုပ်ပွားတော်အနီး ရှင်သီဝလိရုပ်တုတော်၏ သပိတ်တော်မှ ကိုယ်အောက်ပိုင်း တစ်ခုလုံးနီးပါး စွဲဝင်လာခြင်းကို တော်သလင်းလပြည့်နေ့တွင် တွေ့ရပါတယ်၊

ဘုရားရှင် ရုပ်ပွားတော်၏ ဦးခေါင်းရောင်လျှံအထက် မျက်နှာကြက်တွင် ပန်းခွဲသဏ္ဌာန် အသွယ်သွယ်ကျ၍ နဂါးပုံကဲ့သို့ အကြေးများပါသော ကျောဘက်တစ်လျှောက် ခါးတော်အောက်အထိ နဂျယ်များ စွဲငြိလာခြင်းကို တွေ့ရပါတယ်။

ဒါကြောင့် ကြည်ညိုသပ္ပါယ်ဖွယ် စေတီဘုရားကို ဖူးမြော်ရင်း ကြုံကြိုက် ဖန်ဖန် နဂါးရောင်ရောင် ထူးဆန်းတဲ့ နဂျယ်ကောင်များ ဝင်ရောက်နေရာယူပုံကိုကြည့်ရှုရင်း အောင်မြေမှာ အောင်အတိတ်နဲ့ အောင်အဓိဋ္ဌာန်တွေ ဝင်ရောက် ပေါက်မြောက်နိုင်အောင် သီရိခေမာ မြစေတီတော်ကြီး တည်ရှိရာအရပ်သို့ ကြွလှမ်းခဲ့ကြပါရန်...

အထက်ပါ အကြောင်းအရာများ အားလုံး မှန်ကန်ပါတယ်။ ကျွန်တော်ကိုယ်တိုင် အကျိုးဆောင်အဖွဲ့၏ မှတ်တမ်းနဲ့ စီမံ/ဘဏ္ဍာအဖွဲ့ဝင်ဖြစ်ပါတယ်။

(၂၀-၉-၉၅)နေ့တွင် ပျဉ်ထောင်တွင်းရွာမှ ဦးသန်းထွန်းမှ ဘုရားကြီးရောင်ခြည်တော် ကွန့်မြူးသည်ကို မြင်တွေ့ဖူးမြော်ရပါတယ်။

(၂၈-၉-၉၅)နေ့တွင် ပျဉ်ထောင်တွင်းရွာမှ စောထွန်းသိန်း မိသားစုမှ မာကျူရီမီးလုံးအရွယ် အစိမ်း,အဝါ, အပြာ,အနီ ရောင်စုံဖြာသော မီးလုံးကဲ့သို့ အရောင်များ ဖြာနေပုံကို ဖူးမြင်ရပါတယ်။

(၇,၈,၉,၁၀–၉၅) နေ့များတွင် မီးကျီမီးပန်းကဲ့သို့ ရောင်စုံကွန့်မြူးသည်ကို ဒေါ်အေးသိန်း မိသားစုမှ ဖူးမြင်ကြရပါတယ်။

စေတီတော်ဒြဝိဒ နာယက ဆရာတော်ကြီးမှ ကြာသပတေးအရပ်တိလောကချမ်းသာ ရုပ်ပွားတော်မြတ်တွင် နဂျယ်စွဲခြင်းနှင့် ပတ်သက်၍ ကောင်းသောစွဲခြင်း ဖြစ်ကြောင်း၊ အဓိဋ္ဌာန်အောင်သူများ၊ ပဋ္ဌာန်းဆက်ရှိသူ ပါရမီရင့်မည့်သူများ၊ ကောင်းသော ပုဂ္ဂိုလ်ထူးများ ဝင်ထွက် ဖူးမြော်ကြမည်ဟု မိန့်ကြားပါတယ်။

အဲဒီနှစ်အဖို့ မိုးသက်လေသက်ရှည်နိုင်ကြောင်း မိန့်ကြားပါတယ်။

**ဦးအောင်ထွန်း(အတွင်းရေးမှူး)**
**စီမံ/ဘဏ္ဍာရေး**
**သီရိခေမာမြစေတီအကျိုးဆောင်**
**တာပွန်လမ်း၊ ဝင်းကောသော**
**ပေါင်းတည်မြို့၊ ပြည်ခရိုင်**

www.burmeseclassic.com

www.burmeseclassic.com

အောင်ဝင်းလင်း (ဘူမိ၊ ကံမ)
ဂျိုးဖြူသာသနာပြု

သာသနာပြုအကျော်များ လက်စွဲပြု ပွားများခဲ့သော

# ဓနသိဒ္ဓိဂါထာတော်





ဓနသိဒ္ဓိဂါထာတော်ကိုဋ္ဌေဝင်ဂါထာ၊ လိုတရဂါထာ၊ ဣဋ္ဌသာသယဂါထာ၊ မြတ်ဘုရားဂုဏ်တော် တစ်ဆယ့်သုံးပါးဂါထာတော်ဟူ၍ လူသိများပြီး ထူးခြားထက်မြက်အစွမ်းထက်သော ဂါထာတစ်ပုဒ် ဖြစ်ပါတယ်။

ရှေးအစဉ်အဆက်မှစ၍ ယနေ့တိုင် သာသနာပြုအကျော်များ အမြဲအဓိဋ္ဌာန်ထား ရွတ်ပွားခဲ့သောဂါထာဖြစ်ပါတယ်။

ဒီဂါထာကို **ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ သတ္တဝတီဂျိုးဖြူတောင် သာသနာ့အောင်မြေတွင် ဂျိုးဖြူသာသနာပြုစခန်းကြီးကို မူလ အဘိုးဂျိုးဖြူဆရာတော်ကြီး ဦးအာဒိစ္စဝံသ လမ်းညွှန်မှုကြားသည့် ဩဝါဒအတိုင်း** ဘုရား၊ စေတီ၊ ကျောင်းဇရပ်၊ ရေကန်များကို ပြီးပြည့်စုံအောင် တည်ထား သာသနာပြုခဲ့သည့် **ဂျိုးဖြူအဘိုးဆရာတော်ကြီး၏သားတပည့် သတ္တဝတီဂျိုးဖြူ သာသနာပြု ဘဒ္ဒန္တ အဂ္ဂသာရ [အဖေကြီး ဦးအေးဖေ** (MA,BL) (Dip,in Japanese) Osaka University of Foreign studies တွဲဖက်ပါမောက္ခ] နဲ့အတူ အနီးကပ် သာသနာပြုရာမှ အဖေကြီး ဘုန်းဘုန်းထံမှရခဲ့သော ဂါထာ ဖြစ်ပါတယ်။

ဂျိုးဖြူသာသနာပြု ဆရာတော်ကြီး ဦးအဂ္ဂသာရ(အဖေကြီးဦးအေးဖေMA,BL) အဖေကြီး ဘုန်းဘုန်းနဲ့အတူ နေ့စဉ်နက်တိုင်းသမ္ဗုဒ္ဓေဂါထာကို(၃)ခေါက်၊ ဓနသိဒ္ဓိဂါထာကို (၉)ခေါက် အဓိဋ္ဌာန်ဖြင့် ရွတ်ပွားပူဇော်ပါတယ်။ စာရေးသူနဲ့အတူ အနီးကပ်သာသနာပြုနေသော ဦးခင်အောင်၊ အနီးကပ် သာသနာပြု ဒါယိကာများလဲ အဖေကြီး ဘုန်းဘုန်းနဲ့အတူ ရွတ်ပွားကြပါတယ်။

အဖေကြီးဘုန်းဘုန်း အဓိကထားသော အဓိဋ္ဌာန်များမှာ...

၁။ ဓါတ်ကြီးလေးပါး ဆွမ်းတော်တင်ခြင်း၊
***(လယ်တီဆရာတော်ကြီးနည်းဖြင့်)***

၂။ သုဂတောကျင့်စဉ်၊
***(လယ်တီဆရာတော်ကြီးနည်း)***

၃။ သမ္ဗုဒ္ဓေ (၃)ခေါက် ရွတ်ဆိုပြီး ဓနသိဒ္ဓိဂါထာ (၉)ခေါက် ရွတ်ပွားခြင်းတို့ဖြစ်ပြီး ခရီးသွားသည်အထိ အဓိဋ္ဌာန်မပျက် ပွားများခဲ့ပါတယ်။

ဓနသိဒ္ဓိဂါထာကို ဉာဏ်ရှိသလို၊ အချိန်ရလျှင်ရသလို ရွတ်ပွားရန် အဖေကြီးမှ စာရေးသူအား မိန့်မှာခဲ့ပါတယ်။ ဒီဂါထာက သာသနာပြု **ရသေ့ကြီး ဦးခန္တီရဲ့ လက်စွဲဖြစ်တယ်။** သူ ဒါနဲ့ သာသနာပြုသွားတာဟု ပြောပါတယ်။

သာသနာပြု မန္တလေးတောင် ရသေ့ကြီး ဦးခန္တီသည် ရွှေမြင်တင်တောင်မှစ၍ မန္တလေးတောင်၊ ရန်ကင်းတောင် အပါအဝင် မြန်မာပြည် တစ်နံတစ်လျား ရှိ မြို့ပေါင်း (၂၀)နဲ့ ဌာနပေါင်း (၄၇) ဌာနတွင် ဘုရားစေတီပုထိုး၊ ဂူကျောင်း၊ ပြာသာဒ်၊ စောင်းတန်း၊ သာသနိက အဆောက်အဦးပေါင်း များစွာကို စစ်ကြိုခေတ် တစ်လျှောက်လုံး ထူးခြားစွာ တည်ထားခဲ့ပါသည်။ သာသနဟိတဓနောယက ရသေ့ကြီး ဦးခန္တီဟု အမည်တွင်ခဲ့ပါသည်။

စာရေးသူအနေဖြင့် **စစ်ကိုင်းမြို့ ဝါးချက်မင်းကျောင်း ဆရာတော်ကြီးနဲ့ ရသေ့ကြီးဦးခန္တီတို့ လက်စွဲပြုပွားများခဲ့ကြသော ဓနသိဒ္ဓိဂါထာတော်** ပေါ်ထွန်းလာသော အတ္ထုပ္ပတ္တိကို အနည်းငယ်ဖော်ပြပါမည်။

စစ်ကိုင်းမြို့ ဝါးချက်မင်းကျောင်း ဆရာတော်ကြီးသည် သီလဂုဏ်၊



www.burmeseclassic.com

www.burmeseclassic.com

သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံသော ဆရာတော်ကြီးအဖြစ် ထင်ရှားပါတယ်။

တစ်နေ့သောအခါ မန္တလေးတောင်မှ သာသနာပြုရသေ့ကြီး ဦးခန္တီဟာ စစ်ကိုင်းမြို့ ဝါးချက်မင်းကျောင်း ဆရာတော်ကြီးရဲ့ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တို့ကို ကြားသိ ကြည်ညိုတော်မူလို့ စစ်ကိုင်းဘက်သို့ ကူးပြီး ဆရာတော်ကြီးအား ဖူးမြော်ပါတယ်။

ကျောင်းရောက်တဲ့အခါ ဝါးချက်မင်းကျောင်းဆရာတော်ကြီးအား ဝတ်ပြုပါတယ်။ ဆရာတော်ကြီးမှ ပဋိသန္ထာရစကား ဆိုတော်မူပြီး...

'အခု ဝတ်ပြုနေသည်မှာ ဘယ်သူလဲ'

**ရသေ့ကြီး။** ။ တပည့်တော် ခန္တီရသေ့ပါဘုရား။ ဆရာတော်အား ဖူးမြော်လို၍ မန္တလေးမှ လာရောက်ကြောင်းပါဘုရား။

**ဆရာတော်။** ။မန္တလေးတောင် ရသေ့ကြီး ဦးခန္တီလား။ သာသနာပြုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေတာ ကြားသိရ၍ ဝမ်းမြောက်လှတယ်။

ရသေ့ကြီး စွမ်းဆောင်ချက်များကတော့ မြန်မာတစ်ပြည်လုံး ကျော်ကြားတော်မူတယ်။ အများမတူ ထူးခြားတယ်လို့ ကြားသိရတယ်။ ထူးခြားသောအစွမ်းများရှိလျှင် ကြုံကြိုက်တုန်း ပြပေးခဲ့စမ်းပါဦး။

**ရသေ့ကြီး။** ။ မှန်ပါ့... ဆရာတော် ကြည့်လိုတာဖြင့်တပည့်တော်ပြပါမည်။ သို့သော် အချိန်နည်းနည်းပေးပါဘုရား။

**ဆရာတော်။** ။ရသေ့ကြီး အချိန်ဘယ်လောက်များ ပေးရမှာပါလဲ။



**ရသေ့ကြီး။** ။ အချိန် (၁၅)မိနစ်ခန့် ပေးပါဘုရား။

**ဆရာတော်။** ။အချိန် (၁၅)မိနစ်ခန့်မဟုတ်ပါ။ရသေ့ကြီးအစွမ်းကို ကြည့်ရမယ်ဆိုရင် တစ်နာရီလဲ စောင့်ရမှာပေါ့။

ဝါးချက်မင်းကျောင်း ဆရာတော်ကြီးနဲ့ ရသေ့ကြီးဦးခန္တီတို့ ဤသို့ ပြောဆိုလျှောက်ထားပြီး ဆရာတော်ထံ ခွင့်ပန်၍ ရသေ့ကြီးဦးခန္တီသည် ဘုရားခန်းသို့ ဝင်ရောက်ပြီး ဂါထာရွတ်ဖတ်ပူဇော်ပြီး (၁၅)မိနစ်ခန့် ပုတီးစိပ်၍ ဘုရားခန်းမှထွက်လာပြီး ဆရာတော်နဲ့ ပဋိသန္ထာရစကားများ ပြောဆိုပြီး ခဏအကြာတွင် ဆရာတော်မှ ရသေ့ကြီးအား ကျီစယ်လိုသဖြင့်...

'ရှသေ့ကြီးအစွမ်းက မပြသေးပါလား။ (၁၅)မိနစ်ကျော်နေပြီ'

ဟု မိန့်ကြားရာ ရသေ့ကြီးမှ...

'ခေတ္တ စောင့်တော်မူပါဘုရား၊ မကြာခင် ဆရာတော် တွေ့မြင်ရပါမယ်'

ဟု လျှောက်ထားစဉ် ဒါယကာတစ်စု ကျောင်းပေါ်သို့ ရောက်ရှိလာပြီး ရသေ့ကြီးဦးခန္တီ ရောက်ရှိနေကြောင်း ကြားသိရ၍ ရောက်ရှိလာကြောင်း၊ ရသေ့ကြီးအား ဖူးမြော်ခွင့်ပြုပါရန် လျှောက်ထားရာ ဆရာတော်ကြီးမှ ဒါယကာတို့ရှေ့တွင် ရှိနေတာ ရသေ့ကြီး ဦးခန္တီဖြစ်ကြောင်း မိန့်တော်မူပါတယ်။

ဒါယကာများလဲ ရသေ့ကြီးအား ဖူးမြော်ကန်တော့၍ သေတ္တာငယ်လေးတစ်လုံးအား ရသေ့ကြီးကို လှူဒါန်းပြီး ရသေ့ကြီး သာသနာပြုရာတွင် အသုံးပြုနိုင်ရန် လှူဒါန်းကြောင်း လျှောက်ထားပြီး ပြန်သွားကြပါတယ်။

ဒါယကာများပြန်သွားတဲ့အခါ ဆရာတော်နဲ့ ရသေ့ကြီးဦးခန္တီတို့ ဒါယကာများ လှူဒါန်းသွားတဲ့ သေတ္တာငယ်အားဖွင့်ကြည့်ရာ အရည်အသွေး ကောင်းမွန်လှသော **ရွှေဒင်္ဂါးပြား(၃၀)**ကို တွေ့ရလို့ ဝါးချက်မင်းကျောင်းဆရာတော်က...

'ရသေ့ကြီးအစွမ်းကို မြင်ရပါပြီ။ ဆရာတော့်အစွမ်းကိုလဲ ပြချင်ပါတယ်'

ဟု မိန့်တော်မူရာ ရသေ့ကြီးမှ...

'ဆရာတော်သည် လောကီ၊ လောကုတ္တရာအရာ ကျွမ်းကျင်တော်မူကြောင်း ကြားသိရပါတယ်။ ဆရာတော်အစွမ်းကိုလဲ တပည့်တော် ကြည့်လိုပါတယ်ဘုရား'

ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ အချိန်အနည်းငယ်ပေးပါရန် မိန့်တော်မူရာ အချိန်မည်မျှ ပေးရမည်လဲဟု ပြန်လည်လျှောက်ထားသဖြင့် ရသေ့ကြီးလိုပဲ အချိန်(၁၅)မိနစ်ပေးရန် မိန့်တော်မူ၍ ဘုရားခန်းသို့ဝင်ကာ ဂါထာရွတ်၊ ဘုရားကန်တော့ ပုတီးစိပ်ပြီး (၁၅)မိနစ်ခန့်အကြာတွင် ဘုရားခန်းမှထွက်လာပြီး ရသေ့ကြီးနဲ့ စကားစမြည် ပြောဆိုနေစဉ် ရသေ့ကြီးမှ...

'ဆရာတော်အစွမ်းကလဲ မပြသေးပါလား'





www.burmeseclassic.com

www.burmeseclassic.com

ဟု လျှောက်ထားရာ မကြာခင် တွေ့မြင်ရမည်ဖြစ်ကြောင်း မိန့်တော်မူပါတယ်။

ထိုစဉ် ကျောင်းပေါ်သို့ ဒါယကာ နှစ်ဦး ပုတ်တစ်လုံးအား ရှေ့နောက် ဦးပဲ့ထမ်း၍ တက်လာပြီး ဆရာတော်အားလှူဒါန်းလို၍လာကြောင်း ပြောဆိုလျှောက်ထားပြီး ဆရာတော်နဲ့ ရသေ့ကြီးအား ဝတ်ချပြီး ပြန်သွားကြလေရာ၊ ဒါယကာများ လှူဒါန်းခဲ့သောပုတ်ကြီးကိုကြည့်ရာတွင် တန်ဖိုးကြီးလှသောပိုးသက်န်းအထည်(၃၀)ဖြစ်ကြောင်း တွေ့မြင်ရပါတယ်။

ရသေ့ကြီးလဲ...

**'ဆရာတော်အစွမ်းကို တွေ့မြင်ရပါပြီ ဘုရား'**

လို့ လျှောက်ထားပါတယ်။ အဲဒီအခါ ရသေ့ကြီးက...

'ဆရာတော် စောစောက ဘုရားခန်းဝင်၍ ဘာလုပ်ပါသလဲ'

ဟု လျှောက်ရာ ဆရာတော်ကြီးမှ ဘုရားဂုဏ်တော်ရွတ်ပွား၍ ပုတီးစိပ်ကြောင်း မိန့်တော်မူပြီး...

**'ရသေ့ကြီး ဘုရားခန်းဝင်ပြီး ဘာလုပ်လဲ'**

ဟု မိန့်တော်မူရာတွင်လဲ ဘုရားဂုဏ်တော်ရွတ်ဆို၍ ပုတီးစိပ်ပါကြောင်း လျှောက်ထားသဖြင့် ဆရာတော်ကြီးနဲ့ ရသေ့ကြီးတို့ ရွတ်ပွားပုတီးစိပ်သောဂါထာမှာ အတူတူပင်ဖြစ်နေပြီး မနေသိဒ္ဓိဂါထာဖြစ်နေကြောင်း သိရပါတယ်။

အဘိုးဂျိုးဖြူ ဆရာတော်ကြီး ဦးအာဒိစ္စဝံသမှ သက္ကဝတီဂျိုးဖြူတောင် သာသနာ့အောင်မြေစခန်းတွင် ဘုရားစေတီပုထိုး၊ ဂူကျောင်း၊ပြာသာဒ်၊ စောင်းတန်း၊ ရေကန်၊ သာသနိက အဆောက်အဦးများ တည်ထားရန် **ပန္နက်တော်(၅၀)အား** သားတပည့်



ဖြစ်သူအဖေကြီးဘုန်းဘုန်းဦးအဂ္ဂသာရ [အဖေကြီးဦးအေးဖေ(MA,BL) ဂျပန်ညှော်ပါမောက္ခ]ကို တာဝန်ပေး၍ သာသနာ့သော့ အပ်နှင်းခဲ့ပါတယ်။

အဖေကြီးဘုန်းဘုန်း ဦးအဂ္ဂသာရ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဂျိုးဖြူတောင် သာသနာ့အောင်မြေတွင် အဘိုးဆရာတော်ကြီး တာဝန်ပေးခဲ့သော ပန္နက်တော်(၅၀)ကို ပြီးစီးပြည့်စုံအောင် သာသနာပြုနိုင်ခဲ့ပါတယ်။

၎င်းသို့ သာသနာပြုရာတွင်လဲ မနေသိဒ္ဓိဂါထာကို လက်ကိုင်ထား ရွတ်ပွားခဲ့ပါတယ်။

အဖေကြီးဘုန်းဘုန်းက စာရေးသူအား သာသနာပြုရန်အတွက် အဓိဋ္ဌာန်ဝင်ခိုင်းရာတွင် နေ့စဉ် သမ္ဗုဒ္ဓေ (၃) ခေါက် ရွတ်ပြီး၊ မနေသိဒ္ဓိဂါထာကို (၉) ခေါက် ရွတ်ရပါတယ်။

အဲ့ဒီရွတ်ပွားတဲ့အတိုင်း အဓိဋ္ဌာန်ကျင့်စဉ်အဖြစ် ပုတီးစိပ်၍ အဓိဋ္ဌာန်ဝင်ခဲ့ပါတယ်။ (၁၀၈)လုံးပုတီးဖြင့် ပုတီးစိပ်ပါတယ်။

၁။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၁)ပတ် (၉)ရက်။
၂။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၂)ပတ် (၉)ရက်။
၃။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၃)ပတ် (၉)ရက်။
၄။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၄)ပတ် (၉)ရက်။
၅။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၅)ပတ် (၉)ရက်။
၆။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၆)ပတ် (၉)ရက်။
၇။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၇)ပတ် (၉)ရက်။
၈။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၈)ပတ် (၉)ရက်။
၉။ သမ္ဗုဒ္ဓေ (၃)ခေါက်ရွတ်ပြီး မနေသိဒ္ဓိဂါထာ တစ်ပုဒ် ပုတီး(၁)လုံးချ (၉)ပတ် (၉)ရက်။

အခုဖော်ပြခဲ့တဲ့ ပုတီးစိပ်ကျင့်စဉ်ကို စာရေးသူအနေဖြင့် (၉)ပတ်၊ (၉)ရက် ပြည့်လျှင် အစမှ ပြန်စပြီး သာသနာပြုစဉ်အတွင်း အဓိဋ္ဌာန်ဝင်ကာ သက္ကဝတီဂျိုးဖြူတောင်ပေါ်ရှိ သာသနစခန်းတွင် **ဥတ္တရလာဘမင်းကြီး၏ ပန္နက်၊ ဂျိုးဖြူအဘိုးက အဖေကြီးဘုန်းဘုန်းအား တာဝန်ပေးသော ပန္နက်တော် (၅၀)မှ တစ်ခုဖြစ်သော ရွှေတိဂုံပုံတူ ရွှေတိဂုံညီတော်၊ အတုမရှိ သားတော်များ ဘုရားကြီး ရွှေသားအစစ်သင်္ကန်းတော်ကပ်လှူရန်** အဖေကြီးဘုန်းဘုန်းနဲ့ အနီးကပ်နေပြီး အလှူခံဖြတ်ပိုင်းကို ကိုင်ပြီး အလှူရှင်များအား အလှူခံဖြတ်ပိုင်းများဖြတ်ပေးပြီး၊ အလှူငွေကို စာအိတ်ထဲထည့်၍ ဘုန်းဘုန်းကြီးအား ကပ်လှူစေလျက် အလှူခံခဲ့ရာ တစ်နေ့ကို အလှူငွေ သိန်း(၃၀) အနည်းဆုံး နေ့စဉ်ရရှိပါတယ်။

အဖေကြီး ဘုန်းဘုန်းမှ စာရေးသူအား...

'သာသနာပြုတဲ့နေရာမှာ အဓိဋ္ဌာန်ဝင်



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာတရားပွားများ၊ သစ္စာပြုပါ။ ကိုယ်လုပ်တဲ့အလုပ်ကို သစ္စာပြုပါ။ အဖေကြီးရဲ့ သာသနာပြုလုပ်ငန်းတွေကို ဒါနဲ့ လုပ်နေတာ'

ဟု မိန့်ခဲ့ပါတယ်။

အဓိဋ္ဌာန်ဝင်တဲ့နေရာမှာလဲ သီလဖြူစင်ဖို့က အရေးကြီးပါတယ်။ မင်းရဲ့ သီလဖြူစင်မှုပေါ် မူတည်ပြီး အဓိဋ္ဌာန်အစွမ်းကို ရလိမ့်မယ်ဟု ညွှန်ကြားခဲ့ပါတယ်။

သာသနာပြုအကျော် စစ်ကိုင်း ဝါးချက်မင်းကျောင်း ဆရာတော်ကြီးနဲ့ သာသနဟိတရေသာသနာပြုရသေ့ကြီး ဦးခန္တီ၊ သက္ကဝတီဂျိုးဖြူသာသနာပြု ဦးအဂ္ဂသာရ (အဖေကြီး ဦးအေးဖေ MA,BL) လက်စွဲပြု ပွားများတော်မူကြသည့်...

## ဓနသိဒ္ဓိဂါထာတော်

အရဟံ၊ ဗဟိ အန္တဇယံ သုဂတံ၊ အမိတံ၊ ဝိရဇံ၊ လလိတံ၊ အတုလံ၊

စရဏံ၊ တိ ဘဝုပသမံ၊ ယမကံ၊ သုခဒံ၊ သရဏံ၊ ပဏာမာမိ ဇိနံ။

၁။ **အရဟံ**–ပူဇော်အထူးကို ခံယူတော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၂။ **ဗဟိ အန္တဇယံ**–အတွင်းအပရန်ကို အောင်တော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၃။ **သုဂတံ**–ကောင်းသော စကားကို ဟောပြောတော်မူတတ်သော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၄။ **အမိတံ**–မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၅။ **ဝိရဇံ**–ကိလေသာ မြူကင်းတော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၆။ **လလိတံ**–တင့်တယ်သပ္ပါယ်တော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၇။ **အတုလံ**–အတုမရှိသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၈။ **စရဏံ**–အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၉။ **တိ ဘဝုပသမံ**–ဘုံသုံးပါး၌ ကိလေသာငြိမ်းအေးသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၁၀။ **ယမကံ**–ရေမီးအစုံစုံ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံသောမြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၁၁။ **သုခဒံ**–ချမ်းသာကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၁၂။ **သရဏံ**–ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

၁၃။ **ဇိနံ**–မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို **ပဏာမာမိ** ရှိခိုးပါ၏။

ဓနသိဒ္ဓိဂါထာတော်အား သာသနာပြုလိုသူများ သိရှိရန်နဲ့ ဓနသိဒ္ဓိဂါထာတော်ဖြင့် အဓိဋ္ဌာန်ထား ပုတီးစိပ်ရွတ်ပွားပြီး သာသနာပြုလုပ်ငန်းများအောင်မြင်စေရန် ရည်ရွယ်၍ သီလဖြူစင်ပြီး၊ မေတ္တာပွားကာ၊ သစ္စာပြုနိုင်စေရန် ဓမ္မဒါနအဖြစ် ရေးသားဖော်ပြလိုက်ရပါတယ်။

မြတ်ဘုရားဂုဏ်တော် ဓနသိဒ္ဓိဂါထာတော် တန်ခိုးကြောင့် လျင်စွာချမ်းသာ သာသနာပြုနိုင်ပါစေ...။

**အောင်ဝင်းတင့်** *(ဘွဲ့၊ ကံမ)*
ဂျိုးဖြူသာသနာပြု


ဗာဟုသုတ...သုတေသီ...
ပညာရှင်တို့ခင်ဗျာ...

၂၀၁၇ခုနှစ်
ဖုလိုင်လထုတ်သည့်
နက္ခတ္တရောင်ခြည်
မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်
အမှတ်တရ
အထူးထုတ်လ
ဖြစ်ပါသည်။
သို့ဖြစ်ပါ၍
မည်သူမဆို
ပါဝင်ရေးသားနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉–(မြေညီ)
၂၉–လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၇၇၆၃၄၉၇၈၈
၀၉–၉၆၀၀၀၁၉၂




www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) သဘာဝဓမ္မတိုင်းရင်းဆေးခန်း

# ဆရာ ဦးသန်းဆွေထွန်း

(တဆ-ဝ၂၃၂) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

မြောင်မြ မောင်ယဉ်တင့်

# အသည်းခြောက်ရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

အသည်းခြောက်ရောဂါဟာ ပိုးကြောင့် ဖြစ်နိုင်သလို၊ အရက် စွဲစွဲမြဲမြဲ သောက်သုံးသူများလဲ အသည်းခြောက် ရောဂါ ဖြစ်နိုင်ပါတယ်။ အရက်, ဆေးလိပ် မသောက်ဘဲ အဝလွန်သူတွေ၊ ဆီးချိုရောဂါရှိသူတွေလဲ အသည်းခြောက်ရောဂါ ဖြစ်နိုင်ပါတယ်။

အဲဒီ အသည်းခြောက်ရောဂါရဲ့ ဖြစ်စဉ်နဲ့ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းတွေကို သိရှိဖို့အတွက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသန်းဆွေထွန်းက တိုင်းရင်းဆေးသမားတော်ကြီး ဦးရွှေသော့ရဲ့ မြေးဖြစ်ပြီး **သဘာဝဓမ္မဆရာကြီး ဦးထွန်းရည်နဲ့ သဘာဝဓမ္မဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်း** ဖြစ်ပါတယ်။ ဆေးကုသက် နှစ်(၂၀)ကျော် ရှိနေပြီဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **“ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ အသည်းခြောက် ရောဂါ ကာကွယ်စောင့်ရှောက်နည်း များကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥပမာ အသည်းခြောက်ရောဂါ ဖြစ် စေတဲ့ အကြောင်းရင်းများကို သိပါ ရစေ”**



◆ ဆရာဦးသန်းဆွေထွန်း(တဆ-ဝ၂၃၂)

○ ‘အသည်းခြောက်ရောဂါကို အများ အားဖြင့် အသည်းရောင် အသားဝါ ဘီပိုး, စီပိုးတို့ကြောင့် ဖြစ်တယ်လို့ ယူဆကြပါတယ်။

လူအများစု အသည်းခြောက်တဲ့ အကြောင်းရင်းဖြစ်လို့ ယူဆကြတာပါ။ အသည်းခြောက်တာဟာ ပိုးကြောင့် တစ်ခုတည်း မဖြစ်နိုင်သလို၊ အရက် စွဲစွဲမြဲမြဲ သောက်တဲ့လူတွေ အဖြစ်များ တာ တွေ့ရပါတယ်။

ပိုးကြောင့်၊ အရက်ကြောင့် မဟုတ်ဘဲ အသည်းဟာ အကြောင်းအမျိုးမျိုးတို့ကြောင့်လဲ အသည်းခြောက်တတ် ပါတယ်။

‘အဲဒါကတော့ အသည်းထဲမှာ အဆီတွေ များစွာစုပြီး အသည်းခြောက်ခြင်းပဲဖြစ်ပါတယ်။ အဲဒီလူတွေကတော့ အဝလွန်တဲ့သူတွေ၊ ဆီးချိုရောဂါရှိတဲ့ သူတွေ ဖြစ်ပါတယ်။

ပိုးကြောင့်လဲမဟုတ်၊ အရက်ကြောင့်လဲ မဟုတ်ဘဲ ဆေးလိပ် လွန်ကျူးစွာ သောက်တဲ့သူတွေ၊ ဆေးဆိုးထားတဲ့ အစားအစာတွေ လွန်ကျူးစွာ စားသောက်တဲ့သူတွေ အသည်းခြောက်တာ တွေ့ရှိရပါတယ်။

ဥပမာ ဆေးဆိုးထားတဲ့ ငရုတ်သီးမှုန့် နှစ်ရှည်လများ စားသောက်တဲ့သူတွေဟာ အသည်းခြောက်တာ တွေ့ရပါတယ်။ ငရုတ်သီးအပူကို ဆေးထပ်မံဆိုးထားတဲ့အတွက် အသည်းခြောက်ရခြင်းပဲ ဖြစ်ပါတယ်။

နောက် ထပ်မံတွေ့ရှိရတဲ့ အသည်းခြောက်သူတွေကတော့ ဂက်(စ်)နဲ့ ကြာရှည်စွာ လုပ်ကိုင်ကြတဲ့သူတွေ၊ ဂက်(စ်)မီးခြစ် ထည့်တဲ့သူတွေဟာ အရက်, ဆေးလိပ် လုံးဝမသောက်ပေမယ့်အသည်းခြောက်တာ တွေ့ရှိရပါတယ်။

အသည်းခြောက်စေတဲ့ အကြောင်းရင်းများကို **အာယုဗ္ဗေဒနည်းအရ ပြော ရရင်** ကာလ, အတ္တ, ဒိဋ္ဌ, ကိမိ,

www.burmeseclassic.com

အာဂန္တုကလို့ ဆိုအပ်တဲ့ အကြောင်းတွေမှာ ရောဂါရှင်ဟာ လွန်,ယုတ်, လွဲမှား ပြုကျင့်ဖန် များခြင်းကြောင့် ခန္ဓာကိုယ်မှာရှိတဲ့ ဓာတ်ခုနစ်ပါး မညီညွတ်ဘဲ သွေးနဲ့အတူ ပျက်စီးပြီး ဒေါသ(၃)ပါး၊ မလ(၁၂)ပါး...

အညစ်အကြေးတို့ ညစ်နွမ်းလွန်ကဲမှုကြောင့် ခန္ဓာကိုယ်မှာ အဖု,အကျိတ်, အခဲ,အနာတွေ ဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် အသည်းကောဋ္ဌာသ အတွင်း ကလာပ်စည်းတွေ ပျက်စီးရခြင်း ဖြစ်ပါတယ်။

ဒေသနာနည်းအရ ပြောရရင် ကံ, စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန် (၄)ပါး ညီညွတ်မျှတမှု မရှိဘဲ လွန်, ယုတ်,လွဲမှား ပြုကျင့်ဖန်များခြင်းကြောင့် အာပေါဓာတ် ယုတ်လျော့ ခန်းခြောက်ပြီး၊ ဝါယောဓာတ် ပူပွတဲ့အတွက် ပထဝီဓာတ်ငုပ်ပြီး အသည်းဟာ ပုံမှန် မဟုတ်တော့ဘဲ ရောင်ခြင်း၊ ကြီးခြင်းကို **အသည်းရောင်ခြင်း**လို့ ခေါ်ပါတယ်။

အဲဒီနောက် အာကာသဓာတ် လွန်ကဲလာတဲ့အခါ အသည်းရဲ့ နံရံနဲ့ အနားသားများ ခန်းခြောက်မာကျောစ ပြုလာပါတယ်။ အဲဒါကို **အသည်းခြောက်ခြင်း**လို့ ခေါ်ကြပါတယ်။ အသည်းခြောက်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ယေဘုယျအားဖြင့် ပြောရရင်...

၁။ ပိုးအမျိုးမျိုးတို့ နှိပ်စပ်ခြင်း။
၂။ အသည်းကို ပူလောင်စေတတ်သော အပူလွန်ကဲတဲ့ အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း။
၃။ တစ်မျိုးနှင့်တစ်မျိုး မတည့်သော အစားအစာများကို ရောစပ်၍ စားသောက်ဖန် များခြင်း၊
၄။ အရက်, ဆေးလိပ်, စီးကရက်တို့ကို လွန်ကျူးစွာ သောက်သုံးခြင်း။
၅။ ခဲ,ပြဒါးပါသော ဆေးများ သောက်သုံးမိခြင်း၊
၆။ မှိုတက်သော အစားအစာ, အဆိပ်အတောက်ရှိသော အစားအစာများ စားသောက်မိခြင်း၊
၇။ ကန့်, ခဲမိုး, ဓာတ်ခိုး, ဓာတ်ငွေ့များ ရှူရှိုက်ရသော လုပ်ငန်းများကို ကြာရှည်စွာ လုပ်ကိုင်ရခြင်း...

**အသည်းကို ပူလောင်စေတတ်သော အပူလွန်ကဲတဲ့ အစားအစာများကို လွန်ကျူးစွာ စားသောက်ခြင်းကို...**

စတဲ့ အကြောင်းရင်းအမျိုးမျိုးကြောင့် အသည်းခြောက်ရောဂါ ဖြစ်စေခြင်းပဲ ဖြစ်ပါတယ်'

▲ **'အသည်းခြောက်ရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'အသည်းခြောက် ရောဂါရဲ့ လက္ခဏာများကတော့...
၁။ လက်ယာဘက် နံညွန့်အောက်မှ အောင့်ခြင်း၊
၂။ မျက်စိဝါခြင်း။
၃။ ဆီးပူ, ဆီးနည်း, ဝမ်း,လေချုပ်ခြင်း၊
၄။ အအိပ်အစားပျက်ခြင်း။
၅။ စားပြီးသော အစားအစာများ မကြေကျက်ခြင်း၊
၆။ မောပန်းမူးဝေခြင်း။
၇။ အသက်ရှူကျပ်ခြင်း၊
၈။ အသည်းပေါ် လက်နဲ့စမ်းရင် လိပ်ကျောကုန်းလို့ မာကျောကျောစမ်းမိခြင်း၊
၉။ ဝမ်းဗိုက်ပူတင်းပြီး . မအီမအသာဖြစ်ခြင်း
၁၀။ ဇရေဖျဉ်းစွဲခြင်း၊
၁၁။ အင်္ဂါကြီးငယ်နှင့်အတူ ခန္ဓာကိုယ်အောက်ပိုင်း ဖောရောင်ခြင်း၊
၁၂။ အားအင်ကုန်ခန်း၍ တဖြည်းဖြည်း ပိန်ချုံးကာ အသားအရေ ညိုညစ်မည်းခြောက်လာခြင်း၊
၁၃။ အမျိုးသမီးများ ဓမ္မတာမမှန်ခြင်း...

စတဲ့ အကြောင်းအချက်များဟာ အသည်းခြောက်ရောဂါရဲ့ လက္ခဏာများ ဖြစ်ပါတယ်'

▲ **'အသည်းခြောက်ရောဂါ ကြိုတင်ကာကွယ်စောင့်ရှောက်နည်းများကို ပြောပြပေးပါဦး ဆရာ'**

○ 'အသည်းခြောက်ရောဂါနဲ့ အသည်းရောဂါအမျိုးမျိုး ကြိုတင်ကာကွယ်စောင့်ရှောက်နည်းများကို ပြောပြပေးပါမယ်။
၁။ အပူ,အစပ် အစားအစာများကို လွန်ကျူးစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။
၂။ အခိုးအကာင်းရှိသော အုန်းသီး, အုန်းနို့, ဒူးရင်းသီး, မှို, မျှစ်တို့ကို လွန်ကျူးစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။
၃။ အရက်, ဆေးလိပ်, စီးကရက်, မူးယစ်ဆေးများ သုံးစွဲခြင်းမှ လုံးဝ ရှောင်ကြဉ်ရပါမယ်။
၄။ နိုင်ငံတကာမှ တင်သွင်းရောက်ရှိလာသော ကွမ်းစားဆေးများ ထည့်စားခြင်းမှ လုံးဝ ရှောင်ကြဉ်ရပါမယ်။
၅။ ဆိုးဆေးအမျိုးမျိုးပါသော အစားအစာများ၊ ဆိုးဆေးပါသော ငရုတ်သီးမှုန့်များ စားသောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မှ လုံးဝ ရှောင်ကြဉ်ရပါမယ်။
၆။ နေပူ၊ မီးပူခံပြီး အလုပ်လုပ်ခြင်း လုံးဝ ရှောင်ကြဉ်ရပါမယ်။
၇။ အပူငုပ်စေတဲ့ အပူထဲမှ ပြန်လာလာချင်း ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းကို လုံးဝ ရှောင်ကြဉ်ရပါမယ်။
၈။ ဆီး၊ ဝမ်း၊ လေ အဟုန်တို့ကို တားမြစ်ခြင်း(အချုပ်ခံခြင်း) ရှောင်ကြဉ်ပါ။ နေ့စဉ် ဆီး၊ ဝမ်း၊ လေ မှန်အောင် ဂရုစိုက်ရပါမယ်။
၉။ ကန့်၊ ငရဲမီး၊ ဓာတ်ဆီ၊ ဓာတ်ငွေ့၊ ဂတ်(စ်)ငွေ့များ ရှူရှိုက်ရသော လုပ်ငန်းများ လုပ်ကိုင်ခြင်းမှ လုံးဝ ရှောင်ကြဉ်ရပါမယ်။
၁၀။ မှိုတက်သော အစားအစာ၊ အဆိပ်အတောက်ရှိသော အစားအစာများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။
၁၁။ မေထုန်မှု လွန်ကဲခြင်းကို ဆင်ခြင်ပြီး လိင်အပျော်အပါး လိုက်စားခြင်းကို လုံးဝ ရှောင်ကြဉ်ရပါမယ်။
၁၂။ ချိုလွန်း၊ ချဉ်လွန်း၊ ငန်လွန်း၊ စပ်လွန်း၊ ဆိမ့်လွန်း၊ ဖန်လွန်းသော အစားအစာများ လွန်ကဲစွာ စားသောက်ခြင်းကို ရှောင်ကြဉ်ပြီး ရသာ(၆)ပါး မျှတအောင် စားသောက်ရပါမယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း စားသောက်နေထိုင် ကျင့်ကြံသွားမယ်ဆိုရင် အသည်းခြောက်ရောဂါသာမက အသည်းရောဂါအမျိုးမျိုးကို ကြိုတင်ကာကွယ်နိုင်ပါတယ်'

▲'ဖြည့်စွက်ပြောစရာရှိရင် ပြောပြပေးဆို'

'ထပ်မံဆုံး ဖြည့်စွက်ပြောချင်တာကတော့ အရက်၊ ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ်ဆေးများ သုံးစွဲခြင်းမှ လုံးဝရှောင်ကြဉ်ပါ။

အရက်စွဲစွဲမြဲမြဲ သောက်တတ်သူများအနေနဲ့ အရက်သောက်ရင် ရေရော သောက်ပြီး အစာများများ စားသောက်ရပါမယ်။

အသည်းရောဂါအမျိုးမျိုး သက်သာပျောက်ကင်းစေတဲ့ နိုင်ငံတကာမှ တင်သွင်းလာသော ဆေးများကို နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်များနဲ့ တိုင်ပင်ပြီး သုံးစွဲရပါမယ်။

အသည်းရောဂါ အမျိုးမျိုးအတွက် မြန်မာ့တိုင်းရင်းဆေးများကိုလဲ တတ်သိနားလည်တဲ့ တိုင်းရင်းဆေးဆရာ တိုင်းရင်းဆေးဆရာမများနဲ့ တိုင်ပင်ပြီး သောက်သုံးဖို့ လိုအပ်ပါတယ်။

အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို အသည်းအတွက် အကျိုးပြုတဲ့ **ကြက်သဟင်းရွက်ကို ဟင်းချိုချက်လို့ပဲဖြစ်ဖြစ်၊ အစွက်ကို ပြုတ်လို့ပဲဖြစ်ဖြစ် မကြာခဏ သောက်သုံးသင့်ပါတယ်။** ကြက်သဟင်းရွက် များများရဖို့ ကိုယ်တိုင်စိုက်ပျိုးထားသင့်ပါတယ်။ ဖြစ် ထွန်းလွယ်တဲ့ စားပင်၊ ဆေးပင် ဖြစ်ပါ တယ်။

နောက်ဆုံး မှာကြားချင်တာကတော့ လိင်အပျော်အပါး လိုက်စားခြင်းမှ လုံးဝ ရှောင်ကြဉ်ပါလို့ ပြောချင်ပါတယ်'

▲'ကျေးဇူးတင်ပါ ဆရာ'

ဆရာဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

ဆရာ ဦးသန်းဆွေထွန်း
သဘာဝဓမ္မတိုင်းရင်းဆေးခန်း
အမှတ်(၃၉)၊ လှော်ကားလမ်းမကြီး
(၁၀၅)ရပ်ကွက်၊
အုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း−၀၉ ၃၀၀ ၂၇၄၅၄၊ ၀၉ ၂၅၄၇၇၇၃၃၈၊
၀၉ ၇၉၉၅၅၆၃၂

// မြောင်းမြ မောင်ယဉ်တင့် //

မည်သူမဆိုပါဝင်ရေးသားနိုင်ပါသည်...
စာမူပို့လိုက...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း− ၀၉−၇၇၆၃၄၉၇၈၅
၀၉−၉၆၀၀၀၄၄၂



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ဝန်ဆောင်များ

## မီးဖွားလွယ်ကူစေရန် စတီနည်း



"ယောက်ျားဖောင်စီး မိန်းမမီးနေ" စကားရပ်ကို ငယ်ရွယ်စဉ်ကပင် လူကြီးသူမများမှတစ်ဆင့် ကြားဖူးခဲ့ပါသည်။

အဓိပ္ပာယ်ကတော့ ရေပြင်ကျယ်တွင် ဖောင်စီး ရေလုပ်သားများမှာ အသက်အန္တရာယ် စိုးရိမ်ရသလို မီးဖွားရမည့် မိခင်လောင်းများမှာလည်း အသက်အန္တရာယ် အလွန် စိုးရိမ်ရခြင်းကို တင်စားပြောဆိုခြင်း ဖြစ်ပါသည်။

သည်အထဲတွင် ခဲရာခဲဆစ် မီးဖွားရသည့် အမျိုးသမီးများ၏ အသက်အန္တရာယ်မှာ ပိုပြီး ကြီးမားပါသည်။

**၁၉၅၈ ခုနှစ် ခန့်လောက်က** ဦးအောင်စိန်+ဒေါ်သန်းရင် ဆိုသည့် ဇနီးမောင်နှံ စာရေးသူတို့အိမ်နားတွင် နေထိုင်ပါသည်။

ဒေါ်သန်းရင်မှာ အသက်ကြီးသူဖြစ်သလို မီးဖွားရာတွင် အလွန်ခက်ခဲပါသည်။ မီးဖွားပြီး အပြင်ရောက်လာသည့် ကလေးမှာလည်း အသက်မရှည်ဘဲ ရက်ပိုင်းအတွင်း သေဆုံးတတ်ပါသည်။

သူတို့ဇနီးမောင်နှံမှာ ခဲရာခဲဆစ် မီးဖွားရသည်ကတစ်ကြောင်း၊ မွေးဖွားလာသည့် ကလေးမှာလည်း အသက်မရှည်ဘဲ သေဆုံးသွားနေသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရနေသဖြင့် ကလေးလိုချင်သော ဇနီးမောင်နှံမှာ များစွာစိတ်ဆင်းရဲနေရသည်။

တစ်နှစ်တွင် ဒေါ်သန်းရင်မှာ ကိုယ်ဝန်ရလာပြန်ပါသည်။ ခဲရာခဲဆစ် မွေးဖွားရဦးမည်။ မွေးဖွားပြီးလည်း ကလေး အသက်ရှည်နိုင်မှာ မဟုတ်သည်ကို သိရှိနေသဖြင့် ကိုယ်ဝန်ရသော်လည်း စိတ်မချမ်းမသာ ဖြစ်နေသည်။

သည်လိုနှင့် မွေးဖွားခါနီး ရက်နီးကပ်လာသည့်အခါ မမျှော်လင့်ဘဲ ရှမ်းတိုင်းရင်းသား ဆရာကြီးတစ်ဦးနှင့် သွားတွေ့ပါသည်။

ရှမ်းဆရာကြီးက သူ ကူညီမည်ဖြစ်ကြောင်း၊ ဘာမှ စိုးရိမ်စရာ မလိုကြောင်း ပြောဆိုပြီး ဇီဝိတဒါနအဖြစ် ပစ္စည်းတစ်ခု ပေးခဲ့ပါသည်။

**ယင်းပစ္စည်းအား မီးဖွားခါနီးတွင် ဦးခေါင်းဆံပင်ကြားတွင် ထိုးထားရုံနှင့် ကလေးမီးဖွားပြီးက ဆံပင်ကြားမှ ဖြုတ်ယူထားရန် မှာကြားခဲ့ပါသည်။**

ဒေါ်သန်းရင် ရက်စေ့၍ မီးဖွားခါနီးတွင် ယင်းပစ္စည်းအား ဆံပင်ကြားတွင် ထိုးထားရာ မကြာမီ လွယ်ကူစွာ ကလေးမွေးဖွားပါသည်။

မွေးဖွားပြီးဖွားချင်း ဆွဲ၍မိသဖြင့် ကလေးမလေးအမည်ကို "ဆွဲမိ"ဟု ချက်ချင်းမှည့်ခေါ် အမည်ပေးလိုက်ပါသည်။

ကြီးပြင်းလာသည့်အခါ "လှလှသန်း" ဟု အမည် ထပ်ပေးပါသည်။ ယခု အသက်ရှင်လျက် ရှိပါသည်။

ယင်းပစ္စည်းကို စာရေးသူအား ဆက်ခံပေးခဲ့ရာ ယင်းပစ္စည်းဖြင့် ကလေးများကို လွယ်ကူစွာ မွေးဖွားပေးနိုင်ခဲ့ပါသည်။

အခြားသူများကိုလည်း ငှားရမ်းခဲ့ပါသည်။ ငှားရမ်းသူများက ပစ္စည်းကို နည်းနည်းစီ ဖဲ့ယူကြရာ နောက်ဆုံး ပစ္စည်း ပျောက်ပျက်ဆုံးရှုံးသွားခဲ့ပါသည်။

**၁၉၈၆ ခုနှစ်က ပဲခူးမြို့မှာ သင်တန်းတက်ရင်း** အပေါင်းအသင်းများဖြင့် ယင်းပစ္စည်းမျိုးအား တစ်မြို့လုံး လိုလို လှည့်လည်ရှာဖွေရာ ရွှေမော်ဓောဘုရားလမ်းတွင် ထင်ထင်ရှားရှား သွားတွေ့ပါသည်။

တစ်ပင်လုံးမှ အသီးတောင့်တစ်ခုပဲ တွေ့ပါသည်။ ရှားရှားပါးပါး တွေ့နိုင်ခဲ့သောအသီး ဖြစ်ပါသည်။ တချို့နေရာများတွင် အတော်များများ သီးသည်ဟု ပြောကြပါသည်။

ယင်းအသီးများ၊ အပွင့်များအားလုံး အခြားအရောင်မသန်းဘဲ လုံးဝဖြူသော အဖြူစစ်စစ် တရုတ်စံကားပင်မှ အသီးတောင့် ဖြစ်ပါသည်။

အရိုးကွင်း အလွန်ကျဉ်းသော ကိုယ်ဝန်ဆောင်များမှလွဲ၍ ကျန် ကိုယ်ဝန်ဆောင်များ လွယ်ကူစွာ မွေးဖွားနိုင်သည်ဟု အဆိုရှိပါသည်။

အကယ်၍ ယင်းတရုတ်စံကားပင် အဖြူအသီးတောင့်ကို တွေ့ရှိသည့်အခါ အသီးကို သေချာရိုသေစွာ ကိုင်ပြီး "**ဆေးမင်းကြီးကြွပါ**"ဟု ပြောဆို၍ ဆွတ်ယူရပါမည်။

***ဒုက္ခစိတ်သိမ်း ကင်းငြိမ်းကြပါစေ။***

**ပေါင်းတည်မြလှိုင်(*တိုင်းရင်းဆေး*)**



www.burmeseclassic.com

www.burmeseclassic.com

သိဂ်ါရှ ရသ ကဗျာလက်ဖြင့် တနင်္သာရီမြို့က ယဉ်ကျေးမှု အမွေအနှစ်

# နှောင်တ နဂါးလှေပွဲတော်

ဘိလကာသန်း
(မော်လမြိုင်)

ယိုးဒယား(ထိုင်း)သို့ စစ်ချီသော **အလောင်းမင်းတရားကြီးအောင်မြေ နိမိတ်ဆောင် မြေနေရာ ရန်မြေ မာန်မြေ ရန်အောင်မြေ အောင်မြေ တုန်း တည်ရှိရာ တနင်္သာရီမြို့။**

ကြယ်ချူးတောင်ခြေရှိ ဓားသွေးချောင်း၌ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ စစ်သည်များ ဓားသွေးကာ စစ်ရေးပြင်ပုံ လက်တွေ့လေ့လာနိုင်ရန် ရေတံခွန်စမ်းလေးရှိသည်။

ကျောက်ဆိုင် ကျောက်တုံးများရှိ ဓားသွေးရာများကို လက်ဖြင့် စမ်းကြည့် သိရှိနိုင်ပါသည်။

အလောင်းမင်းတရားကြီး ခေတ်က မြန်မာ့စစ်သည်ကြီးများ စခန်းချ ဓားသွေးနေပုံ၊ ခါးတောင်းကျိုက်၊ ထိုးကွင်းများနှင့် သျှောင်တစောင်းထုံးကာ ကျားကျားလျားလျား မြင်ကွင်းကို တွေးထင်မှန်းဆ ရသများ ဖြစ်ပေါ်စေရာ တနင်္သာရီမြို့။


မြန်မာဆန်လှသော ဝတ်စားဆင်ဆင် ပြောဆိုတတ်သော ယဉ်ကျေးသိမ်မွေ့ နန်းဝလေ့နန်းဟန်ဖြင့် ယနေ့ထိုင် တွေ့မြင်ရသော တနင်္သာရီမြို့သူမြို့သားများသည် ရှေးပဝေသဏီ ညီလျားလှသော သမိုင်းကြောင်းရှည်နန်းမြို့ဟောင်း၏ သက်သေအထောက်အထားများနှင့် နန်းဆန်နေဆဲ တနင်္သာရီမြို့။

ထိုနန်းမြို့ကြီးဖြစ်ခဲ့သော တနင်္သာရီမြို့တွင် ကျေးဖူးရှင် မိတ်ဆွေ နဂါးမင်းကြီးနှင့် ဘုရင်မင်းတို့ ဝမ်းနည်းဖွယ်



▲ တနင်္သာရီမြို့ ရွှေနန်းသာရီ နဂါးလှေကြီး လှမ်းတင်သိမ်းထားပုံ

▼ ရွှေနန်းသာရီ နဂါးလှေကြီးကို ကန်တော့ပွဲ၊ ပန်း၊ရေချမ်းနှင့် အမြဲကပ်လှူထားသည်



ဇာတ်လမ်းတစ်ခု ရှိခဲ့ဖူးလေသည်။

ယနေ့တိုင် ထိုဇာတ်လမ်း မှတ်တမ်းကို အစဉ်အလာသဖွယ် ရိုးရာနွယ်လျက် ရှေးအကျဆုံး ယဉ်ကျေးမှုကို တစ်နယ်လုံး စုရုံးကျင်းပကြသည်။

## တနင်္သာရီ ရာဇဝင်နှင့် မြို့တည်ဘုရင် နှောင်တ

ကာလရှည်ကြာစွာ အနက်ရောင်နယ်မြေ ဖြစ်ခဲ့သော တနင်္သာရီမြို့။ ယနေ့ ထင်လင်းဝင်းထိန် သာယာစွာ

www.burmeseclassic.com

**မြို့၏** အနောက်တောင်ဘက်ရှိ တနင်္သာရီ မြစ်ကူးတံတားကြီးက ပြည်ထောင်စုလမ်းမကြီးနှင့် ကူးဆက်ပေးထားသည်။

အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် (၁၅၉)မိုင်ခရီးဖြင့် လမ်းသာသည်။ တနင်္သာရီမြို့နှင့် ယိုးဒယား(ထိုင်း) နိုင်ငံသို့ (၇၅)မိုင်ဖြင့် ရောက်နိုင်သည်။

ပျူခေတ်ထက် စောသော ကျောက်ခေတ်အထောက်အထား တွေ့ရှိရခြင်းနှင့်အတူ အိန္ဒိယ–တနင်္သာရီ–အယုဒ္ဓယ ဖြတ်လမ်းကြီး ရှေးက ရှိခဲ့ဖူးသဖြင့် ဝင်ထွက်သွားလာ စည်ကားရာ ဂျာလက်ာမြို့ဟောင်းကြီးသည် မြို့ရိုးကြီးများနှင့် အပြည့်အစုံ ရှိနေသည်ဟု တနင်္သာရီမြို့ မဟာရာဇဝင်ကြီးတွင် ပါဝင်သည်ကို သိရပါသည်။


'လှိုင်းလေငြိမ်သော အင်မတန်ကောင်းတဲ့ ပင်လယ်နဲ့ သိပ်မဝေးသော ဆိပ်ကမ်းမြို့ဖြစ်၍ ကပ္ပလီပင်လယ်ပြင်ကြီးကိုဖြတ်လိုက်လျှင် ပထမဆုံး မြင်ရသော ကျွန်းမှုန်မှုန်လေးဟာ တနင်္သာရီမြို့ကို ရောက်ဖို့ လမ်းပေါ်ပဲ'

ဟု **ဗင်းနစ်မြို့သား နီကိုလို ဒီကွန်တီ(Nicolo diconti)**က ရေးထားသည်ဟု သိရပါသည်။

ဥရောပတိုက်သားများသည် ကမ္ဘာ့အရှေ့ဖျားနှင့် အနောက်ဖျား ဆုံရာ ခမ်းနားကြီးကျယ်သော တနင်္သာရီ ဆိပ်ကမ်းမြို့သို့ ဥရောပ–အိန္ဒိယ ကုန်သည်များ ကုန်သွယ်ကိစ္စနှင့် ရောက်ကြသည်။ မြစ်ဝက (၄၅)မိုင်အကွာမှာ တနင်္သာရီမြို့ကို ရောက်သည်။

တနင်္သာရီမြစ်ကြီးမှ တစ်ဆင့် မြစ်ငယ်ဘက်ကို ခွဲထွက်သည့် မြစ်ကြောင်းအတိုင်းသွားလျှင် ဂျာလက်ာ သင်္ဘောဆိပ်ကြီးကို ရောက်သည်။

ထိုမြို့သည် ထိုင်းနိုင်ငံနယ်စပ် မော့



▲ လှေထိပ်မှ နဂါးဦးခေါင်းပုံများ

◆ တနင်္သာရီမြို့ ရွှေနန်းသာကီရှင်ကျောင်းကြီး၏ အမိုးမိုးလျှော်တင်ရုံထဲမှာ တွေ့ရပုံ



တောင်ကြားနှင့် (၁၀)မိုင်သာ ဝေးတော့သည်။ အယုဒ္ဓယက အရှေ့ဖျားဒေသအားလုံးကို ကုန်းလမ်းခရီး (၁၀)ရက်နှင့် ရောက်နိုင်သည်။

ထို့ကြောင့် တနင်္သာရီ–အယုဒ္ဓယ ဖြတ်လမ်းတိုက ရှေးက ဥရောပ ကုန်သည်ကြီးများလောကတွင် ရေပန်းအစားဆုံး ဖြစ်ခဲ့သည်။ အိန္ဒိယဟင်းခတ်အမွှေးအကြိုင်၏ ပထမဈေးကွက်မြို့တော်လည်းဖြစ်သည်။

အီတလီမှာ ဘုရားရှင် မဖန်ဆင်းခဲ့သော ငှက်အချို့ ဒီတနင်္သာရီမှာ လာပြီး ဖန်ဆင်းထားသည်။ အရောင်(၇)ရောင်နှင့် ငှက်များ တော်တော်လှသည်။ သိပ်မြင့်သည့် တောင်များသည် တြိဂံပုံတွေ အများကြီး တွေ့ရပါသည်။


သိပ်အံ့သြစရာကောင်းသော တနင်္သာရီမြို့သားများက ရေကြောင်း တော်တော်နိုင်





www.burmeseclassic.com

www.burmeseclassic.com




◆ နဂါးလှေကြီးများ ရေပြုလေး ရောက်လာစဉ်

◆ တနင်္သာရီမြို့ဝင် မုခ်ဦးမှာလည်း
နဂါးခေါင်းကြီး အမှတ်အသားပြုထားသည်



◆ ချောင်းကြီးအကျဉ်းရေဂေါ်ကြီး
အရှင်ပညာသီဟ နဂါးလှေများအား
ကြည့်ရှုနေစဉ်



အညို့ လူတွေပါလား၊ သူတို့က ကြမ်းတမ်း
ခက်ထန်သည့် ပင်လယ်ပြင်နှင့် နေ့တိုင်း
ထိတွေ့ဆက်ဆံနေရသဖြင့် ရေကြောင်း
ကျွမ်းကျင်ကြတာပါ။

တနင်္သာရီကမ်းရိုးတန်းနှင့် တနင်္သာရီ
မြစ် ဆက်စပ်နေသဖြင့် သင်္ဘော
အမျိုးမျိုး သုံးတတ်ကြသည်။

ပင်လယ်ကူးသင်္ဘော၊ နှစ်ပင်တိုင်
ရွက်သင်္ဘော၊ ရေတိမ်ပိုင်းသွား ဝမ်းပြာ
သင်္ဘော နဂါးလှေ၊ လောင်းလှေ၊

ဒုံးလှေတို့ကို သစ်အကောင်းစားနှင့်
ဆောက်တည်ထားသည်။ သူ့နေရာနှင့်
သူ အံဝင်ခွင်ကျ အသုံးပြုကြသည်။

'မင်းဆိမ်မင်းနားတွေမှာ လှေတော်၊ ဖောင်
တော် စသည်တို့ အများကြီး အသုံးပြုနိုင်
ကြသည်မှာ ရေနှင့်နီးစပ် နေထိုင်သူတွေ၏
ဓလေ့စရိုက်ဖြစ်သည်'

ဟု ရှေးတနင်္သာရီဒုတိယမင်း လက်
ထက် အေဒီ ၁၄၃၅ ခုနှစ်က မှတ်တမ်း
ကို အမှီပြုပြီး တနင်္သာရီသို့ အလည်

ရောက်သော ဥရောပတိုက်သား ခရီး
သွားသုတေသီက အေဒီ ၁၅၀၅ ခုနှစ်
မှာ ခရီးသွားမှတ်တမ်းရှည်ကြီး ရေးရန်
တနင်္သာရီမြို့သို့ ရောက်ရခြင်းကို ရေး
ထားသည့်စာစုမှ ထုတ်နုတ်ခြင်းဖြစ်
သည်။

အထက်ပါ တနင်္သာရီမြို့၏ ပင်လယ်
သင်္ဘောဆိပ် ဖြစ်ပေါ်လာပုံ အနေ
အထားနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
စာချစ်သူများအား မိတ်ဆက်ရေးသား
တင်ပြရခြင်းမှာ ရှေးတနင်္သာရီမြို့တည်
မင်းနှင့် နဂါးမင်းတို့ တွေ့ဆုံ ခင်မင်ရာမှ
ဖြစ်ပေါ်လာသော **"နောင်တနဂါးလှေ"**
ဖြစ်ပေါ်လာပုံ တင်ပြချင်၍ ဖြစ်သည်။

ကတိသစ္စာကို အလေးမထား
မိဖုရားအလိုသို့လိုက် အမိုက်ဇာတ်ခင်း
ကာ သူငယ်ချင်း နဂါးမင်းကို သတ်မိ
များ၍ နောင်တ တရားဖြင့် ပေးဆပ်
သွားသော ဘုရင်မင်း၏ အစဉ်အလာ
ရိုးရာပမာ လိုက်နာခဲ့သော တနင်္သာရီ



www.burmeseclassic.com

www.burmeseclassic.com

သားတို့၏ ကျေးဇူးတရား လေးစားစရာ ယဉ်ကျေးမှု **"နောင်တနဂါးလှေ"** ပွဲတော် ဖြစ်ပါသည်။

## ဇနောင်တနဂါးလှေပွဲတော်

## ဖန်တီးရှင် ဗျန်စက္ကာပိတ်မင်းကြီး


တနင်္သာရီ ပြတိုက်မြို့ကြီးကို ကြည့်ရှုလေ့လာရန် ရောက်ရှိနေရာ အနံ့ လိုက်ပါပို့ဆောင်သော တနင်္သာရီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ **တက္ကသိုလ် သန်းစိုးဝင်း(နောင်–တနင်္သာရီမြို့)**နှင့် **စာရေးဆရာမ မစန်းမြင့်(နန်းမြို့ရွှေရီ)**တို့ ဖနိုးမောင်နှံ၏ ကျေးဇူးကြောင့် နဂါးလှေပွဲတော် ယဉ်ကျေးမှု အစဉ်အလာကို အသေအချာ လေ့လာခဲ့ရပါသည်။

ပြတိုက်မြို့ကြီးဟု တင်စားခေါ်ကြသော တနင်္သာရီမြို့သည် တစ်မြို့လုံး ပြတိုက်သဖွယ် ဖြစ်နေသည်။

မြို့တွင်း လမ်းဘေး၊ လယ်ကွင်း၊ တောင်ကုန်း၊ အုတ်ပုံ၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားတန်ဆောင်း အားလုံးတို့သည် သမိုင်းဝင် ရှေးယဉ်ကျေးမှု နေရာများ မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ထားသော မြို့ခံ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် အင်အား(၆၀)ကျော်နှင့် ဩဇာရှိ ဆရာတော်ကြီးများ၏ ကြိုးပမ်းမှု ကျေးဇူးကြောင့်ဖြစ်သည်။

ရှေးအခေါ် သုဓ္ဓေကုန်း၊ အိမ်ရှေ့မင်းကုန်းဟု ခေါ်တွင်ခဲ့သော နေရာ အုတ်ခင်းလမ်းပေါ်ရှိ အုတ်ကြီးများတွင် ရှေးဟောင်း တံဆိပ်များကို မြင်တွေ့ရသည်။

မာန်လည်မြို့ တံခါးဝ မြစ်ရောက်သို့ ကျောက်သားအုတ်များဖြင့် စီခင်းထားသော သင်္ဘောဆိပ်ဟောင်းကြီးကို မြင်တွေ့ရပါသည်။



▲ ရှေးဟောင်းသုံး ဒင်္ဂါးများမှ နဂါးကြီးများနှင့်

▼ ရှေးတနင်္သာရီသားတို့ ပုံရိပ်ပန်းချီ (ချောင်းကြီးကျောင်း)



ကျောက်ပြားကြီးများ၏ ထုထည်ကြီးမားမှုကြောင့် ယနေ့ထိ မပျက်မယွင်း တည်ရှိနေခြင်းကို တွေ့ရပါသည်။

ယင်းနေရာသည် (၁၄)ရာစု ပါရှန်–အိန္ဒိယ–တနင်္သာရီ–အယုဒ္ဓယ ကုန်သွယ်ရေး ဖြတ်လမ်းကြောင်းဟု အနောက်တက်ကုန်သည်များ ရေပန်းစား၍ မှတ်တမ်းရေးခဲ့ရာ အဓိက ရေဆိပ်နေရာပင် ဖြစ်ပါသည်၊ ရေဆိပ်ရှိ အုတ်ရိုးလက်ကျန်များကိုလည်း လေ့လာရပါသည်။

လမ်းဘေးရှိ နှမ်းဖတ်ကျော... အုတ်ပြားကြီးများကို အံ့ဩစွာ ကြည့်... မှတ်တမ်းပြုပြီး ချောင်းကြီးကျော... တိုက်သို့ လေ့လာရန် ပို့ပေးပါသည်...

ထိုကျောင်းအဝင်ဝမှာပင် ... ဟောင်း နဂါးလှေကြီးကို စတင်... ရှိရပါသည်။

**ချောင်းကြီးကျောင်းတိုက် ... တော် ဦးပညာသာမိ**သ... စာ... ယဉ်ကျေးမှု ထိန်းသိမ်းရေးအဖွဲ့...




www.burmeseclassic.com

www.burmeseclassic.com



▲ နဂါးဘာသာရွှေကျိန် ပြင်ဆင်ထားပုံ

▼ နဂါးလှေဦးစင်း ဆောင်တာလှေပွဲ



ညြဲဇာရှိ ဆရာတော်ကြီးဖြစ်သည်။

တနသ်ာရီမြို့၏ နဂါးလှေပွဲတော်ကျင်းပရေးတွင် ဦးဆောင်ဆရာတော်လည်း ဖြစ်သည်၊ ဆရာ တက္ကသိုလ် သန်းစိုးဝင်းက ပြောပြပါသည်။

'ဒီနဂါး ရှေးဟောင်းလှေကြီးက ရှေးဟောင်းသမိုင်းဝင်လှေကြီးဖြစ်လို့ ချောင်းကြီးကျောင်းမှာ လွှန်းတင်ထိန်းသိမ်းထားတာ'

ရှေးလောင်းလှေ နဂါးလှေကြီးကို အနီးကပ် လေ့လာတွေ့ရှိရပါသည်။

ရှေးနှစ်ပေါင်း များစွာကပင် တနသ်ာရီမြို့မှာ နဂါးလှေရေချပွဲ၊ လှေလှော်ပြိုင်ပွဲ၊ အလှပြပွဲတွေ၊ နဂါးစာ့ကျွေးပွဲတွေ စည်စည်ကားကား ရှိခဲ့ပါသည်။

မြို့နယ်ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းမြှင့်တင် ကော်မတီသည် နဂါးလှေအဖွဲ့ဝင် လူငယ်လူလတ်ပိုင်းများ၏ အားမာန်လည်း အများဆုံး ပါဝင်ကြသည်။

'နဂါးလှေတစ်စင်းကို ယနေ့ တည်ဆောက်ရင် ကျပ်သိန်း(၁၅၀)လောက် ကုန်ကျတယ်။ ကျွန်တော်တို့ တနသ်ာရီမြို့ရဲ့ နဂါးလှေအဲသစ်ကြီး လွှန်းတင်ထားတဲ့ နေရာကို သွားပြမယ်'

လမ်းတွင် "နောင်တနဂါးလှေ" ဖြစ်ပေါ်လာပုံ ဗျန်စက္ကပိတ်ဘုရင် အကြောင်းကို ပြောပြသွားသည်ကို မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

သက္ကရာဇ် ၄၀၄ ခုနှစ် ဗျန်စက္ကပိတ် မင်းကြီးသည် တနသ်ာရီ မြစ်ညှာသို့ ဆန်တက်ကာ သိန္ဓောရွာအထက် မော်ဝန်းကြီးမြို့၌ မြို့တည်သည်။ မြို့တည်ပြီး နဂါးမင်းကြီးနှင့် မိတ်ဆွေ ဖြစ်ကြသည်။

နဂါးမင်းကြီးက **မော်ဝန်းကြီးမြို့၌ မြို့တည်ရန် မသင့်ကြောင်း။ ပတ္တမြားရွာ၌ မြို့တည်ရန် အကြံပေး၏။**

မြို့တည်ရန် နဂါးမင်းကြီးနှင့်အဖွဲ့က လာကူညီပေးမည်။ အမြန် မြို့တည်ပြီးရန် "**အသင်မင်းကြီးသာ လာခဲ့ပါ။ မိန်းမများကို ခေါ်မလာပါနှင့်**"ဟု ကတိတောင်းသည်။ မင်းကြီးက "**ကောင်းပါပြီ**"ဟု ကတိသစ္စာပြု လိုက်သည်။

မြို့တည်ရန် သွားမည့်အချိန်တွင် ဘုရင်ကြီးအား မိဖုရားကြီးက မြို့တည်ရာသို့ လိုက်ချင်ကြောင်း ပူဆာသည်။ ပူဆာလွန်းသည့်အတွက် ဘုရင်ကြီးက မိဖုရားကြီးကို ခေါ်လာခဲ့ရလေတော့သည်။

မြို့တည်ရာတွင် နဂါးများ လုပ်အားပေးနေသည်ကို မိဖုရားကြီး တွေ့သွားသောအခါ ကြောက်လန့်ပြီး အော်ဟစ်မိတော့သည်။

ထိုအခါ နဂါးမင်းကြီးက ကတိမတည် မိန်းမ ခေါ်လာမိသော မင်းကြီးကို နဂါးတို့မျက်စောင်းဖြင့် ထိုးရန်ပြု



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုးမိက ပြာကျ သေဆုံးနိုင်သည်။

ဘုန်းသမ္ဘာရှင် မင်းကြီးက လက်ဦး အောင် စွဲကိုင်ထားသော ရွှေခက်ရင်းခွနှင့် နဂါးမင်းကြီးကို ထိုးသတ်မိလိုက်တော့သည်။ နဂါးအသေကောင်ကြီးကို ရေထဲမျှောလိုက်သည်။

နဂါးအသေကောင်ကြီးသည် ကမ်းနားတောင်မှာ လာကပ်သဖြင့် နဂါးကပ်တောင်ဟု ခေါ်တွင်သည်။

နဂါးအသေကောင် ဆက်လက်မျှောလာရာ မြဝပ်ဆင်တောင်ခြေရင်း ကျောက်မော်တွင် တင်နေ၍ **နဂါးမော်** ဟု ခေါ်တွင်သည်။

တနင်္သာရီမြို့တည်ရာ ရွှေခက်ရင်းဖြင့် သေရသည်ကို အစွဲပြု၍ ခက်ရင်းသေရွာမှ ကာလရွေ့လျောလာသော အခါ **တနင်္သာရေ၊ တနင်္သာရီ** ဖြစ်လာတော့သည်။


မင်းကြီးသည် နဂါးမင်းနှင့် အချင်းများပြီး လက်ဦးအောင် ခက်ရင်းခွနှင့် ထိုးသတ်မိ မှားမိပြီးနောက် ကျေးဇူးရှင် နဂါးမင်းကြီးကို သတ်မိ မှားလေခြင်းဟု နောင်တရလျက် တနင်္သာရီမြစ်ရိုးတစ်လျှောက်တွင်ရှိသော လှေများ၏ ဦးခေါင်းပိုင်းမှာ နဂါးမင်း၏ပုံကို ထွင်းထုစေခဲ့သည်။

ရေကြောင်းတပ်များတွင် နဂါးလှေများကို အသုံးပြုသည့်အပြင် ရေခင်းသဘင်ကိုလည်း ကျင်းပပေးခဲ့ပါသည်။

တနင်္သာရီ မြစ်ကြောင်းတစ်လျှောက် နေထိုင်ကြသော တနင်္သာရီ ဒေသခံများကလည်း နဂါးလှေ တည်ဆောက်သွားလာကြသည်။


ရှေးက အလွန်စည်ကားသော နဂါးလှေပွဲတော်ကို စဉ်ဆက်မပြတ် ကျင်းပလာခဲ့ကြပါသည်။

နောက်ပိုင်းတွင် တနင်္သာရီရိုးမမှာ



▲ တနင်္သာရီမြစ်အတွင်းမှ နဂါးလှေများ(ရှေးဟောင်းနဂါးလှေပွဲတော်)

▼ တနင်္သာရီမြို့ နဂါးလှေ၏ အစဉ်အဆက် ဦးဆောင် ခေါင်းဆောင်အမည်ကို ထွင်းထုထားရှိ နဂါးလှေ လှော်တက်သိမ်းထားရာ၌ ကမ္ပည်းထိုးထားသည်




သစ်ကြီးများ ရှားပါးလာခြင်း၊ နဂါးလှေတစ်စီး ဖြစ်မြောက်ရန် ငွေကုန်ကြေးကျများခြင်းတို့ကြောင့် နဂါးလှေများ ရှားပါးတိမ်မြုပ်လာတော့သည်။

တနင်္သာရီမြို့၏ ရှေးအစဉ်အလာ ရိုးရာသုဖွယ် ယဉ်ကျေးမှုကို ထိန်းသိမ်းသော မျိုးဆက်ပေါင်း များစွာတို့သည် အစဉ်အလာမပျက် ဆက်လက်ကျင်းပ လက်ဆင့်ကမ်း အမွေဆက်ခံကြသည်။

နှစ်စဉ် သီတင်းကျွတ် လပြည့်ကျော် (၄)ရက် အောက်တိုဘာလ(၂၀) ရက်နေ့မှာ ကျင်းပကြပါသည်။

နဂါးလှေကြီးသည် (၄၀)ပေ ရှည်၍ လှေသားပေါင်း(၄၀)လှော်ခတ်သည်။

နှစ်ယောက်တွဲထိုင်ကာ ပွဲတိုင်ရှေ့တွင် မောင်း–နဲ–စည် လင်ကွင်း တီးခတ်သည့် အဖွဲ့ရှိသည်။

ထိုဂီတအဖွဲ့နှင့် တွဲဖက်ရန် နဂါးလှေ ဦးဆောင်ဖြစ်သော ဦးပေါက်ဆရာ၊ လှေပွဲထိန်းသော သျှားတက်ကိုင်နှင့် လှေလှော်သားများက နဂါးလှေလှော်ရာတွင် ရှေးအစဉ်အလာ အသုံးပြုသီဆိုသော “အေဇာ”ကိုစည်းဝါးကျစွာ သီဆိုလှော်ခတ်ကြသည်။

တနင်္သာရီမြို့၏ ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော **“နဂါးလှေတော်နှင့် ဇောလှေတော်တေး”**များ ပေါင်းစည်း ရေးစပ်ထားပါသည်။

ချောင်းကြီးချောင်းငယ် မြစ်နှစ်သွယ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

မြို့ပြိုင်ညောင်းသည်၊ ရေကြောင်းပြင်မှာ၊
နဂါးလှေသဘင်ပွဲကြီးဆင်၊

ညီညွတ်တက်ညီ၊ ဂီတမြိုင်မြိုင်၊ သံပြိုင်ကြွေးကြော်၊ အော်ဟစ်သံက၊ ဖိုးယံသို့တိုင်၊ နိုင်ငံခဲ့ပြီ။

စိတ်ခေါ်သွားပျော်၊ ပွဲတော်လှေသဘင်၊ ဟန်ရေးဆင်မယ့်၊ တက်ရေးမြူးကြွား၊ လှေတော်သားတို့ အားမာန်ဝင့်ထည်၊ လယ်သစ်နဂါး စဉ်လာထိန်းပေး။

ရှေးဟောင်းနဂါး သွင်ထူးခြားမို့ ဝင့်ကြွားဂုဏ်ဝင့်၊ ဗိတိဆင့်ဆင့်၊ ရင်နှင့်အမျှ ပျော်ရွှင်ကြသည်၊ ရွှေသာရီရဲ့ လှေသဘင်ပွဲ။

နဂါးလှေပွဲ ဦးခေါင်းဆရာတော် တနင်္သာရီမြို့နယ် သံဃနာယက ဆရာတော်ကြီး အရှင်ပညာဒီပနှင့် ဆရာတော်ကြီးများအား နဂါးလှေလေးစီးက ဦးတိုက်ကန်တော့ကြသည်။

**နဂါးစာများ ခင်းကျင်းပြင်ဆင်ပုံမှာ** မြေသပိတ်တွင် နွားနို့ပေါက်ပေါက်ထည့်၍ ဆီမီးဖယောင်းတိုင်ကြီးများ စိုက်ထူပြင်ဆင်ထားသည်။

တနင်္သာရီချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်ဆုံရာ နေရာမှ မျှောချလေ့ရှိသည်။ တန်ဆောင်မုန်းလပြည့်နေ့မှာ နဂါးစာမျှောပွဲကျင်းပသည်။

တနင်္သာရီနဂါးလှေဖြစ်သော "**ငွေနန်းသာရီ**"လှေကြီး၏ မင်္ဂလာသွားတက်ကိုင်ဖြစ်သော ဆရာတဲ့ကျသိုလ်သန်းစိုးဝင်းက ပြောပြပါသည်။

ရှေးအကျဆုံးဖြစ်သော ပွဲတော်တစ်ခုဖြစ်သော တနင်္သာရီမြို့ကလေး၏ ယဉ်ကျေးမှုအမွေအနှစ် "**နောင်တနဂါးလှေပွဲတော်**"ကို ကိုယ်တိုင်ရောက် လည်ပတ်လေ့လာကြရန် ဆင်ဆင့်ဖိတ်ခေါ်ရင်း တနင်္သာရီမြို့၏ နဂါးလှေ "**ငွေနန်းသာရီ**"ကြီး လွှမ်းဆင်ထားရာသို့ ရောက်လာသည်။

ကိုသန်းစိုးဝင်း + မစန်းစန်းမြင့်တို့ ကမ္ပည်းထိုး အဆောက်အအုံကြီးအောက်တွင် မြင်တွေ့ရပါသည်။ ချောင်းရေကမ်းစပ်တစ်ဖက်မှာ ကားလမ်းမကြီးရှိသည်။ စနစ်တကျ ထားရှိသည်။

ငွေနန်းသာရီပေါ်တွင် ကန်တော့ပွဲအမြဲ ဆက်ကပ်ထားသည်။ သံပစရိန်ကြိုးများဖြင့် အမြီးကော ဦးခေါင်းထောင်အမျိုးမျိုး ပုံသဏ္ဌာန်ပြောင်းနိုင်အောင် တပ်ဆင်ထားသည်။

သောက်တော်ရေမပြတ် ဆွမ်းနို့ပေါက်ပေါက် ပန်းမာလာများ အမြဲမပြတ် ဆက်ကပ်သည်ဟု ပြောပြသလို ကိုယ်တိုင်လည်း တွေ့ရှိရပါသည်။

နဂါးအမှတ်အသား ဒဂိုးများကလည်း ဆောင်ထားလျှင် လာဘ်ရွှင်စေသတဲ့။ မြို့ပေါက်ဝ မုခ်ဦးမှာ နဂါးဒဂိုးအမှတ်အသား ပြုထားသည်။ ဇောကဖျာ လက်ကိုင်ပေါင်းများစွာကလည်း သိဂီရရသ မြောက်လှသည်။

နဂါးလှေတော်မင်္ဂလာ ရေခင်းသဘင် အခမ်းအနား တနင်္သာရီမြို့နန်းတည် (၈၆၂)နှစ်မြောက် ဗီဒီယိုအခွေလေးကို လက်ဆောင်ပေးလာသော တက္ကသိုလ်သန်းစိုးဝင်း(နောင်–တနင်္သာရီမြို့)+မစန်းမြင့်(နန်းမြို့ရွှေရိ) စာရေးဆရာ ဖနီးမောင်နံ့အား အထူးကျေးဇူးတင်ပါကြောင်း ဤဆောင်းပါးလေးဖြင့် မှတ်တမ်းပြုလိုက်ပါသည်။

စာရှုသူများ တနင်္သာရီမြို့ ယဉ်ကျေးမှု နဂါးလှေဖွဲ့တော်သို့ လေ့လာရင်း နန်းမြို့ဟောင်းကြီးသို့ အလည်လာရောက် ကြည့်လှည့်ပါဦးဟု...

**သီတာဆန်း(မော်လမြိုင်)**


စာရှုသူ...သူတောသီ...

ပညာရှင်တို့ခင်ဗျာ...

၂၀၁၇ခုနှစ်

ဇူလိုင်လထုတ်သည်

**နက္ခတ္တရောင်ခြည်**

**မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်**

**အမှတ်တရ**

**အထူးထုတ်လ**

ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**အမှတ် ၂၀၉–(ခမြည်)**

**၂၉–လမ်း(အထက်)**

**ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၇၇၆၃၄၉၇၈၅**

**၀၉–၉၆၈၀၀၄၁၂**

www.burmeseclassic.com

ဤလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထီဆုကြီးများနှင့် နီးစပ်နိုင်စေရန် ၅,၆,၇,၀ ဂဏန်းခြေများကို ရွေးချယ်သင့်သည့် တွဲဖက်ရန် အက္ခရာများမှာ ဋ,ဒ,ဘ,သ တို့ဖြစ်ကြသည်။

**ဂဏန်းအပူးအထပ် အလိုရှိပါက ၅,၆,၇,၀** အနက် နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။


မိမိတို့ မွေးလရာသီအရ ကံအခွင့်အလမ်းကို အသုံးချလိုပါက ဇယားတွင် ကြည့်ပါ။

* * *

## ၂၀၁၇ ခုနှစ်၊ ဇွန်လတွင်

# ထီ

## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



**ဥပမာ။ ။ မိဿရာသီဖွား (မတ်လ ၂၁–ရက်မှ ဧပြီလ ၂၀–ရက် အတွင်း မွေးသူ)**တို့သည် အနက်ရောင်၊ (၇)ဂဏန်း၊ အနောက်အရပ်၊ သောကြာနေ့၊ ဖန်သောအရသာ၊ နီလာကျောက်တို့က ကံလာဘ်ပွင့်လင်းစေ၍ စပ်တူထိုးလိုလျှင် ဗုဒ္ဓဟူးသားသမီးနှင့် ကံစမ်းပါ။ သောကြာသားသမီးများကို ရှောင်ပါ။

**နေရာဌာနအလိုက် ရွေးချယ်လိုပါက** လမ်းဆုံလမ်းခွ,ကားဂိတ်,ကားမှတ်တိုင်, လှည်းဆိပ်, လှေဆိပ်, ခရီးသွားဝန်ဆောင်မှုလုပ်ငန်း စသည်တို့၏ အနီးအနား ဖွင့်လှစ်သော ဆိုင်၊ ကမ်းနား, ဆိပ်ကမ်း, သဲသောင်ပြင်, သင်္ဘောဆိပ် စသည်တို့အနီး ရောင်းချသော ဆိုင်တို့တွင် ကံစမ်းပါ။

**ဤလတွင် ထီကံထူးနိုင်သူတို့မှာ စနေသားသမီးများ ဖြစ်ကြသည်။** တနင်္ဂနွေသားသမီးတို့သည်လည်း ငွေကြေး အတန်အသင့် ဝင်ကိန်းရှိသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက** အပြာရောင်ကို နှင်းကြမ်းပြု၍ အနီရောင်ကို အထက်ဆောင်ပါ။ ဥပမာ အပြာရောင်ပုဆိုးကို ဝတ်ဆင်၍ ထီး (သို့မဟုတ်)ဦးထုပ်အနီ ဆောင်းကာ ကံစမ်းရန် ဖြစ်သည်။

| ရာသီ | အရောင် | ဂဏန်း | အရပ် | နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ် ၂၁ မှ ဧပြီ ၂၀ | နက် | ၇ | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| ပြိဿရာသီ ဧပြီ ၂၁ မှ မေ ၂၀ | နက် | ၀ | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| မေထုန်ရာသီ မေ ၂၁ မှ ဇွန် ၂၀ | ဝါ | ၅ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |
| ကရကဋ်ရာသီ ဇွန် ၂၁ မှ ဇူ ၂၀ | ပန်း | ၃ | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| သိဟ်ရာသီ ဇူ ၂၂ မှ ဩ ၂၀ | ပြာ | ၆ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ကန်ရာသီ ဩ ၂၂ မှ စက် ၂၀ | မြောက်ကျား | ၈ | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| တူရာသီ စက် ၂၂ မှ အောက် ၂၂ | မြူ | ၂ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| ဗြိစ္ဆာရာသီ အောက် ၂၃ မှ နို ၂၀ | နီ | ၁ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေးသားသမီး | အင်္ဂါသားသမီး |
| ဓနုရာသီ နို ၂၂ မှ ဒီ ၂၀ | စိမ်း | ၄ | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာသားသမီး | ဗုဒ္ဓဟူးသားသမီး |
| မကာရရာသီ ဒီ ၂၀ မှ ဇန် ၁၉ | ပြာ | ၆ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ကုံရာသီ ဇန် ၂၀ မှ ဖေ ၁၈ | ပန်း | ၃ | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| မိန်ရာသီ ဖေ ၁၉ မှ မတ် ၂၀ | မြူ | ၉ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |

*ထီဆုကြီးများဆွတ်ခူးနိုင်ကြပါစေ…*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ဆရာကြီး ဦးပြည်သိမ်း၏
လျှို့ဝှက်သိုင်းပညာ
ဖဟုတ်တော့သော
လျှို့ဝှက်သိုင်းပညာ

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) (၈)

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ဆရာကြီးဦးချစ်သန်း ကိုယ်တိုင် သင်ကြားပေးခဲ့သော တုတ်ရှည်သိုင်း သုံးကွက်အကြောင်းကို တင်ပြပြီးပါပြီ။

သို့နှင့် တစ်ဆက်တည်း ဆရာကြီး ဦးချစ်သန်း၏ ဆရာဖြစ်သော ဆရာကြီးဦးပြည်သိမ်းထံမှ လက်ဆင့် သင်ကြားရရှိခဲ့သော သိုင်းပညာရပ်တို့ ကိုလည်း တင်ပြချင်စိတ် ဖြစ်ပေါ်လာ၍ ယခုကဲ့သို့ တင်ပြရခြင်း ဖြစ်ပါသည်။

ဆရာကြီးဦးပြည်သိမ်း၏ သိုင်းပညာ ရပ်အကြောင်းကို မတင်ပြမီ သိုင်းဆရာ ကြီးဦးပြည်သိမ်းဆိုတာ ဘယ်သူလဲ၊ ဘာတွေတော်လို့ ဘာတွေကျော်တာလဲ ဘယ်လိုပညာတွေတတ်လို့ ဘယ်လို ပညာရပ်တွေအထိ နှံ့စပ်တာလဲ... ဆိုတာလောက်တော့ အကျဉ်းချုံးပြီး တင်ပြသင့်သည်ဟု ထင်ပါသည်။

**ဆရာကြီးဦးပြည်သိမ်း** သည် မြန်မာသိုင်း၊ ရှမ်းကြီးသိုင်း၊ ရှမ်းတရုတ်သိုင်း၊ အင်းလေးသိုင်း သည့် သိုင်းပညာရပ်များကို တတ် ကျွမ်းသည့်အပြင်...

မျိုးခြား ကိုယ်ခံပညာရပ်များဖြစ် သော ဂျူဂျစ်ဆု၊ ဂျူဒို၊ အိုက်ကီဒို၊ ဂျပန်အကြောကိုင်ပညာ၊ ဂျပန်အဆစ် ချိုး၊ အဆစ်တပ်ပညာ၊ နပန်းပညာ အမျိုးမျိုး မြန်မာ့ရိုးရာလက်ဝှေ့(နိုင်ငံ ကျော် ပြည်တော်ပြန်၊ ရွှေလောင်းပြန် ခိုင်တပည့်)၊ အင်္ဂလိပ်လက်ဝှေ့(ခေါ်) အနောက်တိုင်းလက်ဝှေ့ ဘောက်ဆင် ပြိုင်ပွဲတွင် ချန်ပီယံဖြစ်သည်အထိ



အောင်မြင်ခဲ့သည်။)

ဖန်စင်(ခေါ်) အင်္ဂလိပ်ဓားသိုင်း(ဝါ) ဥရောပဓားသိုင်းပညာတို့ကိုပါ ကျွမ်း ကျင်တတ်မြောက်သူ ဖြစ်ပါသည်။

သူ၏ အန္တေဝါသိက အတွင်းနေ တပည့်အရင်းကြီးမှာ ဆရာကြီး ဦးချစ်သန်း ဖြစ်ပါသည်။[**ဆရာကြီး ဦးချစ်သန်းမှာ စာရေးသူ၏ မူလ ပထမသိုင်းဆရာ ဖြစ်ပါသည်။ ဆရာ ကြီး ဦးချစ်သန်းထံတွင် (၁၅)နှစ်ခန့် သိုင်းပညာ သင်ယူပြီးမှ ဆရာကြီး ဦးပြည်သိမ်းထံတွင် ဆက်လက် ပညာသင်ယူရခြင်း ဖြစ်ပါသည်။** *စကားချပ်*]

ဆရာကြီးဦးပြည်သိမ်းကို ဂျပန်ခေတ် တွင် "**အာရှလူငယ်အစည်းအရုံး**" က သိုင်းဆရာအဖြစ် ရွေးချယ်၍ မြန်မာ နိုင်ငံအနှံ့ အာရှလူငယ်များနှင့် မျိုးချစ် တော်လှန်ရေးသမားများကို သိုင်းပညာ သင်ရန် တာဝန်ပေးခဲ့ပါသည်။ လက် ထောက်ဆရာမှာ ဆရာကြီးဦးချစ်သန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိ သောအခါတွင် "အာရှလူငယ်အစည်း အရုံးကြီး" အမည်မှ "**ဗမာနိုင်ငံလုံး ဆိုင်ရာ လူငယ်များ အစည်းအရုံး ကြီး(ဗ-လ-စ)**"သို့ ပြောင်းလဲလိုက် ကာ လူငယ်များအား ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် သိုင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဆရာကြီး၏ သိုင်းသင်တန်းကို (ဗ-လ-စ)သိုင်းသင်တန်းဟု ခေါ်ပါ သည်။

**[စာရေးသူမှာ ၁၉၅၇ ခုနှစ် မတ်လတွင် (ဗ-လ-စ)သိုင်းသင်တန်း**



www.burmeseclassic.com

www.burmeseclassic.com

**အမှတ်စဉ်(၇)သို့ တက်ရောက် ပညာသင်ယူခဲ့ပါသည်။ ထိုစဉ်က ကျောင်းအုပ်ကြီးမှာ ဆရာကြီး ဦးချစ်သန်းဖြစ်၍ နာယကဆရာ ကြီးမှာ ဦးပြည့်သိမ်း ဖြစ်ပါသည်။ *စကားချပ်*]**

ဆရာကြီး ဦးပြည့်သိမ်းသည် (ဖ၊ဆ၊ပ၊လ)အစိုးရလက်ထက် လူငယ် အဖွဲ့အစည်းနှင့် လိုက်ပါလျက် ကမ္ဘာ အနှံ့သို့ မြန်မာ့သိုင်းပညာကို ပြသခဲ့ ပါသည်။

မြန်မာ့သိုင်းပညာဖြင့် နိုင်ငံခြား တိုင်းပြည်များသို့ သွားရောက်ပြသခဲ့ သူများထဲတွင် ပထမဦးဆုံး ဖြစ်ပါ သည်။

ထိုသို့ ဂျပန်တော်လှန်ရေး ကာလမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည် အထိ နိုင်ငံအကျိုး၊ နိုင်ငံ့ဂုဏ်ရည်ကို ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံတော် အစိုးရက **နိုင်ငံ့ဂုဏ်ရည်ဘွဲ့** ချီးမြှင့်ခဲ့ ပါသည်။

စာရေးသူသည် ၁၉၆၄ ခုနှစ်၌ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမ ရပ်ကွက်၊ ကျိုက္ကဆံလမ်းနှင့် (၁၅၁) လမ်းထောင့်၊ အမှတ်(၂၃၁)တွင် **"ယက္ခသိုင်းအဖွဲ့"**အမည်ဖြင့် သိုင်း သင်တန်း စတင်ဖွင့်လှစ်ခဲ့ပါသည်။

၁၉၇၂ ခုနှစ်တွင် **"တိုက်ပွဲဝင် သင်တန်း"**ဟူ၍ အမည်ပြောင်းကာ သိုင်းသင်တန်းများကို ကျယ်ကျယ် ပြန့်ပြန့် ဖွင့်လှစ်ခဲ့ပါသည်။

သိုင်းဆရာ အမည်ကိုလည်း ထွန်းစိန်မှ **"မင်းယက္ခ"**ဟူ၍ အမည် ပြောင်းလဲခဲ့ပါသည်။

ထိုသို့ တိုက်ပွဲဝင်သိုင်းသင်တန်း ဖွင့်လှစ်သင်ကြားချိန်မှစ၍ ဆရာကြီး ဦးပြည့်သိမ်းသည် စာရေးသူ၏ သိုင်း သင်တန်းတွင် လာရောက်နေထိုင်ကာ



စာရေးသူအား သိုင်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။

ထိုစဉ်က ဆရာကြီးဦးပြည့်သိမ်း သည် ဘဝ၏ ကံကြမ္မာဆိုးတစ်ခု ကြောင့် အရက်သမားကြီး လုံးလုံးဖြစ် ခဲ့ရပါပြီ။ **[ဆရာကြီး ဦးပြည့်သိမ်း ၏ ဘဝကို ၁၉၈၀ ပြည့်နှစ်က "အပယ်ခံသိုင်းသမား" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ *စကားချပ်*]**

ဆရာကြီး ဦးပြည့်သိမ်းသည် အကြောင်းအားလျော်စွာ အင်းစိန် ထောင်ကြီးအတွင်းရှိ ထောင်ပြာတာ များအား သိုင်းပညာ သင်ကြားလေ့ ကျင့်ပေးခဲ့ရပါသည်။ အင်းစိန်ထောင် ပိုင်ကြီးသည် စိတ်အား ထက်သန်စွာ ဖြင့် သူ၏လက်အောက်ရှိ ထောင်မှူး အချို့နှင့် ငယ်သားများအား သိုင်းသင် တန်း တက်ရန် စီစဉ်တော့သည်။

သို့သော် အကျဉ်းသားတွေထဲမှ လည်း သိုင်းပညာ တတ်မြောက်သူ များ ပေါ်ထွက်လာလေတော့သည်။ ထောင်ပိုင်ကြီးသည် ထိုအကျဉ်းသား (သိုင်းသမားများ)နှင့် ဦးပြည့်သိမ်းကို ယှဉ်ပြိုင်ကစားရန် စီစဉ်တော့၏။

ထိုအကြောင်းကို ဦးပြည့်သိမ်းမှာ မသိရှာသေးပေ။(သူက သိုင်းသင်တန်း လုပ်ရမည်ကိုသာ သိသည်။ ထိုသို့ ယှဉ်ပြိုင်ပွဲလုပ်ရမည်ကို မသိပေ။) ထို့ ကြောင့် သူသည် ညနေတိုင်း ထောင်ခြံ အတွင်း သူ၏ အရပ်သား တပည့်များ ကို သိုင်းသင်ပြပေးလျက် ရှိ၏။

တစ်ညနေ၌ ဦးပြည့်သိမ်းတို့ လူသိုက်မှာ **(သိုင်းသင်တန်း စသင် ရတော့မည် ဆိုသောကြောင့်)** တုတ် တွေ့၊ ဓားတွေ ကိုယ်စီနှင့် ထောင်ထဲသို့ တပျော်တပါးကြီး လိုက်သွားကြတော့ သည်။

ထောင်တွင်းရှိ ကွက်လပ်တစ်ခု၌ ထောင်ပိုင် ထောင်မှူးနှင့် အမှုထမ်း အချို့သည် ဦးပြည့်သိမ်းတို့ အလာကို စောင့်မျှော်နေကြလျက် ရှိ၏။ သူတို့နှင့် အတူ သိုင်းအတတ် ကျွမ်းကျင်သည် ဆိုသော အကျဉ်းသား ငါးယောက် လည်းရှိ၏။

ထိုအကျဉ်းသား အားလုံးသည် ဗလကောင်းကောင်း၊ အရပ်ထောင် ထောင်မောင်းမောင်း ဖြစ်ကြ၏။ ရုပ် ကြမ်းသလောက် စိတ်ကြမ်း လူကြမ်း ဖြစ်မည့်သူများပင်။

သူတို့နှင့် ဦးပြည့်သိမ်းအား ယှဉ်ပြိုင် ကစားခိုင်းခြင်းသည် ဆင်နှင့် ဆိတ်ကို တွေ့ပေးသည့် အလားပင် ဖြစ်နေ သည်။ သို့သော် ဦးပြည့်သိမ်းကား သူတို့ကို လုံးဝ မမှုပေ။ သူသည် သူ၏ ပညာကိုသာ အားကိုးသူဖြစ်သည်။

ထောင်တွင်းရှိ မြေကွက်လပ်ပေါ်၌ ထောင်ပိုင် ထောင်မှူး ထောင်အမှုထမ်း များနှင့် အကျဉ်းသားအချို့ စုဝေးနေ ထိုင်သော ရှေ့သို့ ဦးပြည့်သိမ်းတို့ ရောက်ရှိတော့၏။

ဦးပြည့်သိမ်းသည် ဓားသူများအား နှုတ်ခွန်းဆက်ပြီးနောက် မည်သူမဆို





www.burmeseclassic.com

www.burmeseclassic.com

သူနှင့် တုတ်ရှည်ယှဉ်ရိုက်၊ ဓားနှင့်ယှဉ်ခုတ်၊ ဓားတစ်လက်ယှဉ်ခုတ်၊ ဖန်တိုအတိုက်(လက်နက်မဲ့ချင်း ရိုးရာလက်ဝှေ့ကဲ့သို့ ထိုးသတ်ခြင်း)၊ ရိုးရာလက်ဝှေ့ထိုးသတ်၊ နပန်းယှဉ်ပြိုင်လုံးသတ်နိုင်သည်ဟု စိန်ခေါ်လိုက်တော့သည်။

သည်နေရာတွင် သူတို့ထက် ပိုမိုက်မြှမှ တော်ကာ ကျပေတော့သည်။ ထို့ကြောင့် မိုက်တီမိုက်ကန်း စိန်ခေါ်လိုက်ရခြင်းပင်ဖြစ်သည်။


## ဦးပြည်သိမ်း၏
## တုတ်ရှည်သိုင်းပညာအစွမ်း

ရှေ့ဦးစွာ ထွက်လာသော အကျဉ်းသားသည် တုတ်ရှည်သိုင်းသမား ဖြစ်၏။ သူနှင့် ဦးပြည်သိမ်းသည် တုတ်ရှည် ကိုယ်စီကိုင်လျက် ရင်ဆိုင်ရပ်လိုက်ကြပြီးနောက် ယှဉ်ပြိုင်ကစားရန်အတွက် အကွက်ခင်းလိုက်ကြ၏။

ထို တုတ်ရှည်သိုင်းသမားကြီးမှာ အောင်ထောင်မောင်းမောင်း၊ ဦးပြည်သိမ်းကား အရပ်(၅)ပေ (၂)လက်မသာရှိ၍ ပုတက်တက် သေးသေးညှက်ညှက်၊ ဆင်နှင့်ဆိတ်တော့ တွေ့ကြပေပြီ။

ကြည့်မြင်ရသူများအဖို့ ဦးပြည်သိမ်းအတွက် စိုးရိမ်ပြီး ရင်ဖိုနေကြသည်။ အချည့်များမှာလည်း ထိုအခြေအနေကိုကြည့်ပြီး "ငါတို့ဆရာတော့ နိုင်မှနိုင်ပါ့မလား"ဟု အစိုးရိမ်လွန်ကာ စိတ်ပူပန်စ ပြုလာကြသည်။

ပြိုင်ပွဲထွက် ရှုံးလျှင်တော့ တုတ်သမားကြီး အောင်မြင်စွာ ဆုတ်ခွာရုံသာ ရှိတော့သည်။ တုတ်ရှည်သိုင်းသမားကြီး၏ တုတ်ကိုင်ပုံ၊ ခြေခင်းအနေအထားကို မြင်ရခြင်းဖြင့် သူသည် ရှမ်းကြီးသိုင်းပညာ(မှု)သမား ဖြစ်ကြောင်း သိလိုက်ရပေသည်။



တုတ်ကို တစ်ဖက်စဆွဲ၍ တအားကုန် ရိုက်မည့်သူမှန်း ဦးပြည်သိမ်း သိလိုက်၏။ ထိုရှမ်းကြီးသိုင်းပညာ(မှု)သည် ဦးပြည်သိမ်းတို့ လူသိုက်အားလုံး ကျင်လည်စွာ တတ်မြောက်ထားသောမှု ဖြစ်၏။

သက်လုံကောင်း၏။ သူတို့နှစ်ယောက်ကား ဘယ်ခြောက်ကာ ညာလှမ်းလျက် အရမ်းကြဲကြတော့၏။ အကျဉ်းသား သိုင်းသမားကြီးသည်ကား အကွက်စုံစုံ လက်လုံလှုံ့နှင့် တုတ်ကို တဝီဝီမြည်အောင် ဝှေ့ယမ်းတိုက်ခိုက်လျက် ရှိသည်။

ဦးပြည်သိမ်း ရိုက်လိုက်သော တုတ်ချက်များကိုလည်း သူ၏တုတ်နှင့် တားဆီးနိုင်၏။ သို့သော် ဦးပြည်သိမ်းက သူ့ကို သွက်လက်လျင်မြန်စွာ တိုက်ခိုက်သည်နှင့်အမျှ သူသည် သွက်လက်လျင်မြန်စွာ သိုင်းကွက်နင်းရင်း တုတ်ရှည်ကြီးကို တအားကုန် လွှဲ,လွှဲရိုက်သည်။

လေ့ကျင့်မှု လုံ့ဝ မရှိသော အကျဉ်းသားကြီးသည် ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ ခြေကုန်လက်ပန်း ကျပြီး တုတ်ချက် နှေးလာသည်။ ထိုအခွင့်ကောင်းကိုယူ၍ ဦးပြည်သိမ်းက တုတ်ကိုင်လက်ကို ရိုက်ချလိုက်သည်။

ထိုအကျဉ်းသား သိုင်းသမားကြီးမှာ တုတ်ကို ဆက်မကိုင်နိုင်တော့ပေ။ ဦးပြည်သိမ်းမှာ ကျင့်သားရနေသည်နှင့်အမျှ သွေးပူလာရုံမျှသာ ရှိသေးသည်။ သက်လုံကောင်းလျက်ပင်၊ ထိုပွဲတွင် ဦးပြည်သိမ်း အနိုင်ရလိုက်သည်။

တပည့်များမှာ အခုမှပင် အသက်ကို ရဲရဲဝံ့ဝံ့ ရှူဝံ့တော့သည်။ ရင်တွင်းမှ အောင်းထားသော လေများကို ဖူးခနဲ နေအောင် မှုတ်ထုတ်လိုက်ကြရသည်။ ထိုပြိုင်ပွဲကို ဝေဖန်သုံးသပ်ကြည့်ရှုရပါလျှင်...

ထိုအကျဉ်းသား တုတ်ရှည်သိုင်းသမားကြီးမှာ ရှမ်းကြီးသိုင်းမှုကို ကစားသောကြောင့် တုတ်အဖျားပိုင်းနှင့် ရိုက်ရန် အာသီသထားသည်။

အရင်းပိုင်းကို လက်နှစ်ဖက်နှင့် ကိုင်ထားသောကြောင့် တုတ်အဖျားပိုင်းမှာ ရှေ့သို့ ခပ်ရှည်ရှည် ထွက်နေသည့်အတွက် ရန်သူနှင့် အလှမ်းကွာသွားသည်။

တက်ရာ, ဆုတ်ရာမှာ ခြေလှမ်းကျဲကျဲနှင့် တက်ရ, ဆုတ်ရသည်။ လေးကွက်ခုန်ရိုက်နည်းကို အားထား၍ ရိုက်နေခြင်းဖြစ်၍ လွှားခနဲ လွှားခနဲ ခုန်တိုင်း. မောလာခြင်းဖြစ်သည်။

ဦးပြည်သိမ်းမှာ ရှမ်းကြီးမှုကို တတ်သလို ရှမ်းတရုတ်မှုကိုလည်း တတ်သူဖြစ်သည်။ ရှမ်းတရုတ်တုတ်မှာ အဖျားပိုင်းနှင့် ရိုက်တတ်သလို အရင်းပိုင်းနှင့်လည်း ရိုက်တတ်သည်။

ရှမ်းတရုတ် တုတ်ကိုင်နည်းကို နှစ်ဖက်စကိုင်နည်းဟု ခေါ်ကြသည်။ အစနှစ်ဖက်စလုံး ရှေ့သို့ထွက်၍

www.burmeseclassic.com

ရှမ်းကြီးမှုသမားကဲ့သို့ တစ်ဖက်လူနှင့် သိပ်ဝေးစွာ ရပ်ရန်မလို။ သိုင်းကွက်ကျဲကျဲနှင့် မနင်းရ၍ အမောပိုခံနိုင်သည်။

အစနှစ်ဖက်စလုံးနှင့် ကာ,တား ရိုက်နိုင်သည်။ ရိုက်ထားသော ဘယ်စဖြင့် နောက်မှ ဝင်လာသော တုတ်ကို ဘယ်စဖြင့်ပင်(လိမ်တုတ်အဖြစ်) ဖမ်းနိုင်,ကာနိုင်,ရိုက်နိုင်သည်။

ထို့နောက် ညာနောက်မှ ဝင်လာသော့ တုတ်ရိုက်ချက်ကို ရှေ့နောက်လက်ပြောင်း၍ ညာအရင်းစဖြင့် ကာ,တားရိုက်နိုင်သည်။ ရှေ့နောက်လက်မပြောင်းဘဲ ညာစကို ညာနောက်သို့ အရှည်ထုတ်၍(ပုန်းတုတ်/ဟုန်းတုတ်)အဖြစ် ကာတားရိုက်နိုင်သည်။

ထို့ကြောင့် ရှမ်းတရုတ်တုတ်သည် ရိုက်ချက် ကာချက် ပိုသွက်သည်။ ရှမ်းကြီးတုတ် တစ်ချက်ရိုက်လိုက်သည့်အချိန်တွင် ရှမ်းတရုတ်တုတ်က သုံးချက်လောက် ထွက်သွားမည်ဖြစ်သည်။ သို့သော် ရှမ်းကြီးတုတ်လောက် အားမပါလှပါ။

တုတ်ရှည်ကစားလျှင် (ယှဉ်ရိုက်လျှင်) အဝင်အထွက် သဘောကိုကြည့်ရသည်။ နေရာအကျဉ်းအကျယ်ကို ကြည့်ရသည်။

တစ်ဖက်လူသည် (ယှဉ်ပြိုင်ဘက်သည်) မည်သည့်သိုင်းပညာ နည်းစနစ်ဖြင့် ကစားသည်ကို သတိထားကြည့်ရသည်။

တစ်ဖက်လူသည် ခံစစ်ကစားကွက်ဖြင့် ကစားသလား၊ တိုက်စစ်ကစားကွက်ဖြင့် ကစားသလား ဆိုသည်ကို ဝေဖန်ဆန်းစစ်ရသည်။ ရှမ်းကြီးတုတ်သိုင်းသည် ပရိယာယ်များလှသည်။

အချို့ဆရာများက ဂုဏ်ယူဝင့်ကြွားစွာဖြင့် **"ကျွန်တော့်တို့ သိုင်းပညာက တိုက်စစ်ပဲရှိတယ်။ ခံစစ်ကို မသုံးဘူး"။** တချို့သူများကလည်း **"ကျွန်တော်တို့ပညာမှာ တက်တာပဲရှိတယ်၊ ဆုတ်တာ မရှိဘူး"**ဟုလည်း ပြောတတ်ကြသည်။

သိုင်းပညာ ယှဉ်ပြိုင်ရာတွင် ပညာတစ်ခုတည်းဖြင့် မရ။ ကာလဒေသ ပယောဂဟူ၍ အခြေအနေ အရပ်ရပ်ကို သိရှိပြီးမှ ယှဉ်ပြိုင်ရတာမျိုးဖြစ်သည်။

ဦးပြည်သိမ်းသည် ရှမ်းကြီးတုတ်ရော၊ ရှမ်းတရုတ်တုတ်ရော ရောမွှေသုံးနေခြင်းဖြစ်သည်။ ဒီနေရာမျိုးမှာ ပညာစုံသူက တပန်းသာသည်။

ထို့ကြောင့် ထိုသိုင်းသမားကြီးမှာ ရှမ်းကြီးမှုကို တရားသေ ဆုပ်ကိုင်ထားသည့်အတွက် ဦးပြည်သိမ်းက သူ့သက်လုံ ပျက်လာသည့်တိုင်အောင် အလိမ္မာနှင့် ကစားသွားခြင်းဖြစ်သည်။

ဆရာကြီးဦးပြည်သိမ်း၏ လျှို့ဝှက်ချက်တစ်ခုမှာ ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ရှေ့လောမကြီး၊ အမောမခံ၊ တစ်ဖက်သား မောလောက်မှ တစ်ဖက်သူကို အစွမ်းကုန် တိုက်ခိုက်တတ်သည်။

ထို့ကြောင့် သိုင်းသမားများသည် အမောသက်လုံကောင်းအောင် လေ့ကျင့်ထားရမည်။ တုတ်ရှည်သမား (အကျဉ်းသားကြီး)မှာ ဦးပြည်သိမ်း၏ ပုံပန်းကိုကြည့်၍ အထင်မကြီးချေ။

**[ဆရာကြီးဦးပြည်သိမ်းမှာ အရပ် (၅)ပေ (၂)လက်မသာရှိပြီး ခန္ဓာကိုယ် ကြုံလှီသေးကွေးသူဖြစ်သည်။ အရပ်ပုပြီး ခန္ဓာကိုယ် သေးကွေးသူဖြစ်သော်လည်း သူ့မာဆယ်လ် (ကြွက်သားများ)မှာ ကျစ်လျစ်သန်မာ တောင့်တင်းသည်။**

**လျင်မြန်ဖျတ်လတ်သည်။ (၄၅) မိနစ်ခန့် မနားတမ်း ယှဉ်ပြိုင်ကစားနိုင်သည်။ အမောသက်လုံ...**

**သူတစ်ဦး ဖြစ်သည်။]**

ထို့ကြောင့် အကျဉ်းသားသိုင်း... ကြီး၏ တိုက်ခိုက်သည့် နည်းပရိ... မှာ အလွန်သွက်လက်စွာ တစ်... တက်လိုက် ဆုတ်လိုက် ရိုက်လို... အားကိုသုံး၍ တိုက်ခိုက်နေ... သည်။

သို့သော့် သူ့ထက် ပရိ... သာသူနှင့်တွေ့၍ ခံလိုက်ရ... သည်။

ဦးပြည်သိမ်းသုံးသော တု... ပညာကို သူ့အနေနှင့် ယ... ခန့်မှန်း၍ မရပေ။ အရှည်နည်... သုံးလိုက်၊ အတိုနည်းစနစ် သုံ... ဖြင့် တုတ်ကို အမျိုးမျိုး ကစား... ကို တွေ့နေရသည်။

ထိုအကျဉ်းသား တုတ်ရှ... သမားကြီးမှာ သမားရိုးကျ ... မြောက်ထားသော သူ့ပညာတွ... ပင် တော်ပါပေသည်။

သို့သော် သိုင်းလေ့ကျင့်ချိန်... ဆိုးသွမ်းတိုက်ခိုက်ပြီး ထောင်... ရသော နှစ်ပေါင်း ကြာလာသ... အမျှ စိတ်သွားရာ ကိုယ်မပါဘဲ ... ဆုံး သူ့လက်ကို တုတ်ထိပြီး အ... လိုက်ရခြင်းဖြစ်သည်။

ထိုပွဲကို ဦးပြည်သိမ်း ခပ်... ချောင်နှင့် အနိုင်ရလိုက်ခြင်း မ... ပေ။ ရှမ်းတရုတ်တုတ်ဖြင့် မျက်... အောင် အသာလျှိုကစားပြီးမှ ... တုတ်နှင့် အနိုင်ယူလိုက်ခြင်း ဖြစ်...

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယက္ခ**
*(ဒိုက်ဓွဲဝင်)*

www.burmeseclassic.com

www.burmeseclassic.com

# ခြေဖနောင့်နာ

**ခံစားနေရသူများသို့**

ကျွန်မနာမည်က ဒေါ်စမ်းစမ်းမြင့်တဲ့။ ကျွန်မ အမျိုးသားက မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနက ဆရာကြီး ဦးလှအေး(ကထိက)ပေါ့။

ကျွန်မကလေ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အရမ်းကြိုက်တာပဲ။ ဝယ်လဲစုတယ်။ ရေးလဲမှတ်တယ်။ လက်တွေ့လဲကျင့်သုံးတယ်။

ဒါကြောင့် ကျွန်မကလဲ ကျွန်မသိထား လက်တွေ့ကျင့်သုံးထားတာလေးတွေနဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတစ်ဆင့် ပြည်သူလူထုကို ကူညီချင်တယ်။ တစ်ဖက်တစ်လမ်းက တစ်တပ်တစ်အား ပါဝင်ချင်ပါတယ်။ အခု ကျွန်မ ပြောပြရမယ့်အကြောင်းက...

ခြေဖနောင့်နာခြင်း (သို့မဟုတ်) ခြေဖနောင့်အတက်ထွက်ခြင်းအကြောင်းပေါ့။

ကြာခဲ့ပါပြီလေ။ **လွန်ခဲ့တဲ့ (၁၅)နှစ်လောက်ကပေါ့။** ကျွန်မ ခြေဖနောင့်တွေ တအားနာတယ်။ မနက်အိပ်ရာထရင် လမ်းမလျှောက်နိုင်ဘူး။ ခြေဖျားလေးနဲ့ အသာလေး လျှောက်သွားပြီး မျက်နှာသစ်,သွားတိုက် စတာတွေလုပ်ရတယ်။ နည်းနည်းသွေးပူလာမှ လျှောက်နိုင်တယ်။

ဒါတောင်မှ နာတာ,နာတာနဲ့ သွားနေရတယ်။ ဒေါက်ဖိနပ် မစီးနိုင်ဘူး။ ရော်ဘာဖိနပ် အထူကြီးတွေ စီးရတယ်။ ကျွန်မလိုပဲ ခြေဖနောင့်နာတဲ့သူတွေ မေးကြည့်တော့ဖနောင့်ဆေး ထိုးရတယ်တဲ့။



အဲဒီတုန်းက ကျွန်မတို့က မန္တလေးတက္ကသိုလ်ဝင်းထဲမှာ နေတယ်။ တစ်နေ့တော့ ကျွန်မတို့ရဲ့ ဇာတိဖြစ်တဲ့ ရွှေဘိုကို အလည်ပြန်ကြတယ်။ ကျွန်မရဲ့မိဘလို လေးစားချစ်ခင်ရတဲ့ တိုင်းရင်းဆေးဆရာကြီး ဦးသက်ပြင်းကို ပြောပြတော့ သူက ဆေးနည်းပေးတယ်ရှင့်။

ကားတွေက လေးသံ အနေတော်အရွယ်ကို ဝပ်ရှော့ကဖြစ်ဖြစ် တောင်းယူပါ။ အဲဒီလေးသံကို မီးကင်ပါ။ လျှပ်စစ်မီးဖိုဖြစ်စေ ဘယ်မီးဖိုမဆို ရတယ်။ (၄၅)မိနစ်ခန့် မီးကင်ပြီးရင် နန္နွင်းရေ ဖျော်ထားတဲ့ အင်တုံတစ်ခုထဲကို နှစ်လိုက်ပါ။

ပြီးရင် ချက်ချင်းပြန်ယူပြီး အဲဒီအပေါ်ကို အဝတ်ထူထူလေး ခင်းလိုက်ပါ။ အထူကတော့ ကိုယ်နင်းနိုင်(အပူခံနိုင်)သလောက် ခေါက်ထားပေါ့နော်။

ပြီးရင် နာနေတဲ့ နေရာတစ်ဝိုက်ကို လှည့်ပတ်ပြီး နင်းပေးပေါ့။ ကြပ်ထုပ်ထိုးသလိုပဲ အရမ်းနေလို့ကောင်းတယ်။

ကျွန်မကတော့ ညပိုင်း ကုလားထိုင်ပေါ်မှာထိုင်ရင်း(အခုဆို တီဗွီကြည့်ရင်းဖြစ်မှာပေါ့နော်) (၁၅)မိနစ်လောက် ဖနောင့်လေးနဲ့ အသာလေးဖိနင်းပေးတာပေါ့။ တကယ်ပျောက်တာနော်။

ကျွန်မ နီးစပ်ရာ ဆရာ,ဆရာမတွေကို ပြောပြလို့ သူတို့လဲ လုပ်ကြတာ ဘယ်အချိန်က ပျောက်မှန်းတောင် မသိကြဘူးတဲ့။ တစ်ပတ်လောက်ပဲ လုပ်ရတာပါ။

ကဲ... ခြေဖနောင့်နာတဲ့ဝေဒနာ ခံစားနေရသူအားလုံး ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာ နိုင်ကြပါစေ။

**ကျွန်မလဲ တူသောအကျိုး ခံစားရပါစေရှင်။**

**စမ်း(ဥပဒေ၊ ရွှေဘို)**


စာရှုသူ...သူတေသီ...

ပညာရှင်တို့ခင်ဗျာ...

၂၀၁၇ခုနှစ်

ဇူလိုင်လထုတ်သည့်

နက္ခတ္တရောင်ခြည်

မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်

အမှတ်တရ

အထူးထုတ်လ

ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၀၉-(မြေညီ)

၂၉-လမ်း(အထက်)

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၇၆၃၄၉၇၈၅

၀၉-၉၆၈၀၀၄၁၈၅




www.burmeseclassic.com

www.burmeseclassic.com

# နို့ကြောင်းပိတ်နာနှင့် အင်းဂါထာ

ကိုစိုးသန်း

တစ်နေ့ ဆေးရုံသို့ မိတ်ဆွေ လူနာတစ်ဦးအား သတင်းသွားမေးသည်။ ထိုစဉ် လူနာကုသခန်းတစ်ခုရှိ သားသည်မိခင်တစ်ဦးသည် မျက်နှာရှုံ့မဲ့ကာ ဝေဒနာတစ်မျိုးမျိုး၏ ဖိစီးမှု ခံစားနေရဟန် အံကြိတ်လျက် ရှိသည်ကို သနားစဖွယ် တွေ့ရလေသည်။

ကျွန်တော် အတန်ကြာ ရပ်ဆိုင်းကြည့်ရှုနေမှုကြောင့် သူ၏အနီးတွင် ရပ်နေသည့် ခင်ပွန်းသည်ဖြစ်ဟန်တူသော အမျိုးသားက ထွက်လာကာ...

'နို့ကြောင်းပိတ်တယ်လို့ ပြောတယ်။ နို့တွေခဲပြီး မထွက်ဘဲ ရောင်ကိုင်းနေတာ နှစ်ရက်လောက်ရှိပြီ။ ညနေ့ ညက မအိပ်နိုင်ဘူး'

'ဆေးရုံ ဒါမှမဟုတ် ဆေးခန်းမှာ အချိန်မီ စောစောပြမှပေါ့ နောင်ကြီးရ'

'အစကတော့ ရိုးရိုးကိုက်ခဲတာပါပဲ။ ဒီတစ်ရက်, နှစ်ရက်မှ အဆမတန် ရောင်ကိုင်းလာလို့ ဆရာဝန် ပြကြည့်တာ၊ ဆေးရုံတက်ဖို့ လိုတယ်ဆိုမှ ဒီရောက်လာကြတာပါ'

'ဆေးရုံရောက်ပြီပဲ၊ သိပ်လဲ စိတ်ပူပင်သောက ဖြစ်မနေပါနဲ့'

'ဆရာဝန်တွေကတော့ စားဆေး ထိုးဆေးနဲ့ ကုသပေးထားတယ်။ အဲဒီလိုမှ မသက်သာရင် ခွဲစိတ်ကုသပေးမယ်လို့ ပြောပါတယ်။

တချို့ လူတွေက တိုင်းရင်းဆေး အင်းတွေနဲ့ နင်းမှုတ်ပေးရင် ပျောက်တယ်လို့တော့ ပြောကြတယ်။

ကျွန်တော်ကလဲ ရဟန်းလူထွက်ဆိုတော့ ဝိနည်းအတိုင်း မကျင့်နိုင်လို့သာ ထွက်လာရတာပါ။ လောကီကိစ္စကို သိပ်မကျွမ်းဝင်သေးဘူးဗျာ'

လူပြန်တော်၏စကား ကြားရလျှင် **လွန်ခဲ့သော (၂၀)နှစ်ခန့်က ကျွန်တော် ဆေးရုံတက်စဉ် တိုင်းရင်းဆေးဆရာတစ်ဦး မေတ္တာပြုခဲ့သည့် နို့ကြောင်းပိတ်ရောဂါပျောက် ဆေးအင်းဂါထာများကို ပြန်လည် သတိရမိသည်။**

ထိုစဉ်က ကျွန်တော့် ဝဲဘက်ချိုင်းအောက်၌ အဖုကြီးတစ်ခုပမာ တင်းမာရောင်ကိုင်းလာသဖြင့် ဆေးခန်းများမှ ဆရာဝန်များ၏ ညွှန်ကြားချက်အရ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဦးသိန်းညွန့်ထံ ရောက်သွားခဲ့သည်။

သမားတော်ကြီးက ' သေချာစွာ စမ်းသပ်စစ်ဆေးပြီးနောက် ခွဲစိတ်ကုသမှု ခံယူရန် အကြံဉာဏ်ပေးသဖြင့် ဆေးရုံတက်ခဲ့ရသည်။

ခွဲစိတ်ကုသပြီး၍ လူနာကုသဆောင်ကို ပြန်လည်ရောက်ရှိသောအခါ ခြေရင်းခုတင်မှ လိပ်ဥ ခွဲစိတ်ကုသမှု ခံယူသူ **တိုင်းရင်းဆေးဆရာကြီး ဦးသာဒုတ်**နှင့် တွေ့ဆုံသိကျွမ်းရခြင်း ဖြစ်သည်။

'မောင်ရင်က ဘာအတွက် ခွဲရတာလဲ'

'မြင်းဖုလို့ ပြောကြတာပဲ ဘကြီးရယ်၊ အခု ဆရာဝန်ကြီး ခွဲလိုက်တော့ 'မှ ပြွန်ချောင်းပုံ ဇက်တီးရီးယားကြောင့် ဖြစ်တဲ့ အကျိတ်ရောင်ရောဂါလို့ ဓာတ်ခွဲခန်းစမ်းသပ်ချက်အရ သိရတယ်'

'ဒီရောဂါကတော့ (၆)လလောက် ဆေးမှန်မှန်ထိုး မှန်မှန်စားရင် ပျောက်ပါတယ်'

'ဘကြီးကကော ဘာဖြစ်လို့လဲ'



' "ယောက်ျားမှာသီး မိန်းမမှာမီး"တဲ့၊ အသက်ကလဲကြီးလာတော့ လိပ်ခြောည်ပြီး လိပ်ဥကို ဒုက္ခပေးလာတဲ့ ရောဂါပေါ့။ ဘကြီးက တိုင်းရင်းဆေးဆရာကွယ့်။ သန်တုန်း မြန်တုန်း ကာလမှာတော့ ပညာလိုချင်ဇောနဲ့ နေပူမိုးရွာမရှောင် တောကြီးမျက်မည်းထဲ အချိန်ကုန်မှန်းမသိ ကုန်ခဲ့တာပေါ့။ ဆရာ ဇီဝကလို အပင်မြင်ရင် ပစ်စရာမရှိအောင် သုံးတတ်တဲ့ ကျွမ်းကျင်သမားတော်ဖြစ်အောင် အရှုးအမူး လိုက်စားခဲ့တယ်။

နောက်ဆုံးတော့ ဆေးပညာလေး ဘာလေးကို နှံ့စပ်ကျွမ်းကျင်ခဲ့ပါရဲ့ နှစ်ရှည် အပင်ပန်းခံပြီး ပိုပိုကိုယ်ကို လျစ်လျူပြုခဲ့တဲ့ အတိုက်ကို ခံရပါလေရော၊ ဝဋ်နာကံနာ ထင်ပါရဲ့... ကိုယ်တိုင်ကုလို့ မပျောက်တော့ဘူး။ အခုတော့ အတော်သက်သာလာပါပြီ"

စကားအရှည်ကြီး ပြောလိုက်ရ၍ မောပန်းသွားဟန်ဖြင့် တွေဝေတိတ်ဆိတ်နေသော အဘိုးအိုကြည့်ကာ စိတ်ကူးတစ်ခု ပေါ်လာသဖြင့် မဝံ့မရဲ မေးစမ်းမိသည်။

'ဘကြီးအနေနဲ့ ဖြစ်နိုင်ရင်ပေါ့လေ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို ဘကြီး ကျွမ်းကျင်တဲ့ ဆေးအင်းဂါထာ တစ်မျိုးလောက် ပညာဒါနပြုခဲ့ပါလား။ ကျွန်တော်လဲ ဒီပညာတွေ လေးလေးနက်နက် စိတ်ဝင်စားလို့ပါ'

အဘိုးအိုက ခေတ္တမျှ တွေလျက် စဉ်းစားနေပြီးနောက်…

'စေတနာမှန်မှန် ဖွဲသန်သန်နဲ့ လေ့လာလိုက်စားရင်တော့ ဘယ်ပညာမဆို အကျိုးရှိရှိ အသုံးချနိုင်လောက်အောင် တတ်မြောက်လာမှာပါ။

မောင်ရင်ရဲ့ ရုပ်ဆင်းအမူအရာအရ အဘ စိတ်ချယုံကြည်လို့ တို့ဆရာ အဆက်ဆက် သုံးခဲ့ကြတဲ့ ဆေးဂါထာ တစ်ပိုဒ်ကို သင်ပေးမယ်။ သေသေချာချာမှတ်ထား။


လောကီနယ်ထဲမှာ မလွှဲမသေ ကြုံတွေ့ရတတ်တဲ့ သားမွေးမိခင်တို့ရဲ့ ဒုက္ခဝေဒနာတစ်ခုပေါ့ကွာ၊ နို့ကြောင်းပိတ်တဲ့ရောဂါ။

ဒီရောဂါရဲ့ အရင်းအမြစ်က နို့သွားရာလမ်းကြောင်းမှာ နို့ထွက်သန်လို့ဖြစ်စေ၊ သားငယ်ရဲ့ စို့နိုင်အား မသန်လို့ဖြစ်စေ၊ ဗာဟီရကြောင့် နို့မတိုက်ဖြစ်တဲ့အခါဖြစ်စေ ကြုံဖန်များလာတော့ နို့ဆိုတဲ့ ရေဓာတ်ဟာ ကိုယ်တွင်း မီးဓာတ်ရဲ့ ပြုပြင်မှုကို ခံရတယ်။

ဒီတော့ မာပျဉ်းခဲပြီး လမ်းကြောင်းပိတ်ဆို့စေတယ်။ နို့အုံတစ်ခုလုံး ရောင်ကိုင်းပြီး နာကျင်ကိုက်ခဲတဲ့ ဝေဒနာ အပြင်းအထန်ခံရတယ်။ ရောဂါ ပိုသည်းရင် အသက်အန္တရာယ်ပါ ထိခိုက်တတ်တယ်ကွယ့်။

ဒီလိုဝေဒနာသည်မျိုး ကြုံတွေ့ခဲ့ရင် ကွမ်းအစ်ထဲက ထုံးဘူးကိုယူ၊ အလယ်သားကို သုံးကြိမ်ယူ၊ လက်ဝဲလက်ဖဝါးမှာထည့်၊ အသက်အောင့်ပြီး "ကပ္ပိယံ ကရောဟိ၊ သမ္ပယိ ဘန္တေ"လို့ (၇)ကြိမ် ရွတ်ရတယ်။ ပြီးရင် ဖာခဲနေတဲ့ နို့အုံပေါ်မှာ အဲဒီထုံးကို မြင်းခွာပုံ ဟောဒီလိုရေး…

* * *



စတင်ရေးတဲ့ အချိန်ကစပြီး "ဥုံ ကပ္ပိယံ ကရောဟိ"ဆိုပြီး ပီသမှန်ကန်စွာ အသက်အောင့် သုံးကြိမ်ရွတ်၊ သုံးကြိမ် ပြည့်တာနဲ့ လက်ကလဲ ရေးလို့ ပြီးရမယ်။ မပိုမလိုစေရဘူး။

ပြီးရင် ဝဲဘက်နို့အုံဖြစ်က ဆရာ၏ ယာခြေဖနောင့်၊ ယာဘက်ရင်အုံတွင် ဖြစ်ပါက ဆရာ၏ ဝဲဘက်ခြေဖနောင့်မှာ မြင်းခွာပုံ ထုံးအင်းကို လက်ညှိုးနဲ့ထပ်ရေး၊ ရေးတဲ့ အချိန်ကစပြီး "ဥုံ ကပ္ပိယံ ဘန္တေ" ဆိုပြီး အသက်အောင့် သုံးကြိမ်ရွတ်၊ ရေးတာနဲ့ ရွတ်တာ တစ်ပြိုင်နက် ပြီးရမယ်။

ဒီနောက်တော့ ထုံးအင်းချင်း နှစ်ခုထပ်အောင် အသာအယာ နင်းပေတော့။ အသက်အောင့်ပြီး (၇)ကြိမ် နင်းရတယ်။ ရောဂါကြီးရင် တစ်နေ့သုံးခါလောက် လုပ်ပေးပါ။ ချက်ချင်း သိသိသာသာ လျော့ကျသွားလိမ့်မယ်'

ဆိုသည့် တိုင်းရင်းဆေးဆရာကြီး၏နည်းကို ထိုလူပုံတော်အား ပေးမိသည်။

ထို့နောက် သုံးရက်မြောက်နေ့ နံနက်၌ မျက်နှာသစ် ကိုယ်လက်သန့်စင်အပြီး ဧည့်ခန်းသို့ ထွက်လာရာ ရွှေငှက်ပျော၊ ဖယောင်းတိုင်၊ အောင်သပြေနှင့် ငွေတစ်ဆယ်ကို လင်ပန်းတစ်ခုတွင်ထည့်ကာ ရောက်ရှိလာသည့် အမျိုးသားတစ်ဦးကို တွေ့ရလေသည်။ ကျွန်တော် အံ့အားသင့်နေခိုက် ထိုအမျိုးသားက…

'ကျွန်တော့်ဇနီး နို့ကြောင်းပိတ်နာ ကောင်းသွားလို့ ဆေးရုံက ဆင်းရတော့မယ်။ ဆရာပြောတဲ့ ညနေကပဲ ထုံးအင်းလုပ်ပြီး နင်းလိုက်တာ ချက်ချင်းသိသာတယ်။ ဆေးက လူနာတွေတောင် အံ့ဩကြတယ်။ ဒါကြောင့် ရှာမပြန်ခင် ဆရာ့ကို လာကန်တော့တာပါ'

'ဟာ…မဟုတ်တာဘဲ၊ ခင်ဗျားကိုယ်တိုင်က ရွတ်ဆိုလုပ်ကိုင်နည်း မှန်တာရယ်၊ ဆေးရုံက ဆေးထိုးဆေးကျွေး ကုသပေးတာရယ်ကြောင့် သက်သာသွားတာပါ။ ကန်တော့ဖို့ မလိုပါဘူး'

'ဆရာဝန်၊ ဆရာမတွေကိုလဲ ကန်တော့ပြီးပါပြီ။ အာစရိယဂုဏ်ကျေးဇူးကို ရည်မှတ်ပြီး ကန်တော့တာမို့ လက်ခံပါ ဆရာ'

'ဒါဆိုလဲ ဘုရားစင်သာ ကန်တော့သွားပေတော့'

'ကျွန်တော့်နာမည် မောင်ခင်ပါ။ အရှေ့ဘက်က "ကလူ"ရွာမှာ နေတယ်။ ရွာကို တစ်ခေါက်လောက် လာလည်ပါဦး ဆရာ'

'လမ်းကြုံတော့ ဝင်ခဲ့ပါမယ်။ ကိုင်း… နေမြင့်နေမယ် သွားပေဦးတော့ ကိုခင်ရေ'

ပေါ့ပါးရွှင်လန်းစွာ ထွက်ခွာသွားသည့် ကိုခင်အား ကြည့်ကာ ဝမ်းသာပီတိအိဟုန်ဖြင့် ကျန်ရစ်ခဲ့ပါတော့သည်။

ကိုစိုးဆန်း



www.burmeseclassic.com

www.burmeseclassic.com

# ပျားရည်ကို စမ်းသပ်နည်းတစ်ခု

ကုန်လွန်ခဲ့သော ဇူလိုင်လအတွင်းက ရန်ကုန်မြို့သို့ ကိစ္စတစ်ခုဖြင့် ရောက်သွားခဲ့သည်။ ရင်းနှီးကျွမ်းဝင်မှုရှိသော ဗဟန်း(၁)လမ်းရှိ ဖင်းကျိုက်မွန်ကျောင်းတွင် တည်းခိုပါသည်။



တစ်နေ့တွင် မွန်ပြည်နယ်ဘက်မှ ဒကာတစ်ဦးက ဆရာတော်အား ပျားရည်တစ်ပုလင်း လာရောက်လှူဒါန်းသည်ကို တွေ့ရ၏။

ထိုအခါ ဆရာတော်က ပျားရည်စစ်မစစ်ကို စာရေးသူအား လက်တွေ့စမ်းသပ်ပြပါသည်။

ဆရာတော် စမ်းသပ်ပြသည့်နည်းမှာ လွယ်ကူပြီး သေချာပါကြောင်း မိန့်ကြားတော်မူပါသည်။

စာရေးသူလည်း နေရင်းဌာနသို့ ပြန်ရောက်သောအခါ မိမိဝယ်ယူထားသည့် ပျားရည်ကို စမ်းသပ်ကြည့်ရာ ပျားရည်မှာ အရောအနှောရှိနေကြောင်း တွေ့ရပါသည်။

မိမိကဲ့သို့ ပျားရည်ကို ဆေးဝါးအဖြစ် အသုံးပြုနေရသူများ ပျားရည်အစစ်ကို စမ်းသပ် ဝယ်ယူနိုင်ကြစေရန်အတွက် လွယ်ကူပြီး သေချာသည့် စမ်းသပ်မှုတစ်ခုကို တစ်ဆင့်ရေးသား ဖော်ပြနည်းပေးလိုက်ပါသည်။

---

ပျားရည်ကို စမ်းသပ်ပုံ

---

လက်ဖက်ရည်ပန်းကန် နှစ်လုံးတွင် လက်ဖက်ရည်ကြမ်း (အဖန်ရည်) လက်နှစ်လုံးခန့် ထည့်ပါ။ ပန်းကန်လုံး နှစ်ခုတွင်ရှိနေသော လက်ဖက်ရည်ကြမ်းအရောင် တူညီနေပါမည်။

ပန်းကန်လုံးတစ်ခုထဲသို့ ပျားရည် အနည်းငယ်လောင်းထည့်ပြီး ရောနှောသွားအောင် လှုပ်ပေးပါ။ ယင်းနောက် ပန်းကန်လုံး နှစ်ခုထဲရှိ ရေနွေးကြမ်းများကို နှိုင်းယှဉ်ကြည့်ပါ။

**ပျားရည်စစ်ပါက** ရေနွေးကြမ်းမှာ မူလအရောင် ပြောင်းလဲခြင်း မရှိပါ။ **အကယ်၍ မူလအရောင်မှ အရောင်ပြောင်းလဲသွားပါက** ပျားရည်မစစ်တော့ပါ။ စာရေးသူကိုယ်တိုင် အကြိမ်ကြိမ် စမ်းသပ်ခဲ့ပြီးဖြစ်ပါသည်။

**[ရန်ကုန်မြို့ ဗဟန်း(၁)လမ်း၊ ဖင်းကျိုက်မွန်ကျောင်း ဆရာတော်အား ဤစာစုဖြင့် ဂါရဝပြုပါသည် ဘုရား]**

ရာမည ကုမာရ *(ပေါင်မြို့)*

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ဖတ်ရှုလိုသူများသို့...
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀ိ/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း
**၀၉-၇၇၆၃၄၉၇၅**
**၀၉-၉၆၈၈၀၄၃၁၉၂**




www.burmeseclassic.com

www.burmeseclassic.com

သာဝကဝရိုသတ်လေးပါးအား ဝန္ဒဂုရု ဝိပဿနာဂုရု အလင်းရောင် ထွန်းပြောင်စေသော
မီးအိမ်ရှင် မဟာရင်ဂိုဏ်းချုပ်ဆရာတော် အဘိဓမ္မမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တ အာဒိစ္စမဟာထေရ်ကြီး (၂)



▲ ဘဒ္ဒန္တအာဒိစ္စမဟာထေရ် မဟာရင်ဂိုဏ်းချုပ် ပန်းချီပုံတူ

ယခင်လမှ အဆက်

## သင်္ဂဇာ ဆရာတော်ကြီး ချီးမြှောက်သော မဟာရင်ကိုယ်တော်

ဤသူဌေးကြီး ဦးမွန်ထော်သည် [illegible]ပြည်နယ် မော်လမြိုင်မြို့အနီး ကတိုးရွာမှဖြစ်သည်။

ထိုခေတ်ကာလသည် မြန်မာနိုင်ငံ အောက်ပိုင်းကို အင်္ဂလိပ်တို့၏ ဘာသာ [illegible] နယ်ချဲ့မှုကြောင့် ဗုဒ္ဓဘာသာ [illegible]မှိန်သွားမည်စိုးရိမ်သော သင်္ဂဇာ ဆရာတော်ကြီးက မော်လမြိုင်မြို့ [illegible]ကျက်သန်လန်ဘုရား ခြေတော်ရင်းရှိ [illegible]ကျည်းတော ကျောင်းတိုက်တွင် [illegible]တင်းသုံးလျက် သာသနာပြုနေချိန် [illegible]သည်။

ဘာသာရေးလေးစားသော သူဌေး[illegible] ဦးမွန်ထော်သည် မန္တလေး မင်း[illegible]ပြည်တော်တွင် နေထိုင်အမှုထမ်းခဲ့[illegible]ဖြင့် သင်္ဂဇာဆရာတော်ကြီးနှင့် [illegible] ကြည်ညိုကိုးကွယ်ရင်းနှီးပြီး [illegible]သည်။

[illegible]နေ့သောအခါ ကတိုးရွာနေ [illegible]မွန်ထော်သည် မိမိ၏ကိုးဆောင်ပြိုင် [illegible]တွင် ဆွမ်းဆက်ကပ်ရန် [illegible]ဆရာတော်ကြီးကို ပင့်ဖိတ်ထား[illegible] ကတိုးကျေးရွာတစ်ရွာလုံးရှိ [illegible]သံဃာတို့အားလည်း ပင့်ဖိတ်[illegible]သည်။

[illegible]တော်များစုံပြီး ဆွမ်းကပ်ချိန် နီးသောအခါ သင်္ဂဇာဆရာတော်ကြီးက ဦးမွန်ထော်အားမေးသည်။

'ဒကာကြီး ကတိုးရွာက သံဃာတွေစုံပြီလား ကွယ့်'

တစ်ပါးကျန်နေသေးသဖြင့် မည်သူမျှ မဖြေရဲဘဲ အသံတိတ်နေသည်။ ဆရာတော်ကြီးက ခပ်ငေါက်ငေါက် နှစ်ကြိမ်ထပ်မေးမှ...


'မစုံသေးပါဘုရား။ သုသာန်ကျောင်းက မဟာရင်ကိုယ်တော်တစ်ပါး ကျန်နေပါသေးတယ်ဘုရား'

'ဒါဖြင့် သွားပင့်ကြချေကွယ်။

www.burmeseclassic.com



သင်္ဂဇာဆရာတော့် အမှတ်တရ နာရီ



ဘုရားကျောင်းဒါယကာ ဦးရွှေလှ၏ တိုက်တစ်လုံးအိမ်

တစ်ပါးမှ မကျန်ပါစေနဲ့'

သင်္ဂဇာဆရာတော်ကြီးက ဗုဒ္ဓသာသနာ ထွန်းတောက်ဖို့အရေး ရဟန်းသံဃာအားလုံးကို ချီးမြှောက်အားပေး ဩဝါဒစကား မိန့်ချင်နေပုံရှိသည်။

ဒကာတစ်ဦး အမြန်သွားပင့်၍ ကြွရောက်လာသော မဟာရင်ကိုယ်တော်သည် သက်နီးကို သေသပ်ယနှင့်အညီ သပ်ယပ်စွာ ဝတ်ရုံလျက် မျက်လွှာချကာ ကြွရောက်ထိုင်တော်မူသည်ကို အံ့ဩစွာ တွေ့တော်မူလေသည်။

သင်္ဂဇာဆရာတော်ကြီးက မြန်မာလို မေးသည်။ မြန်မာလိုမကျွမ်းကျင်သော မဟာရင်ကိုယ်တော်က ပါဠိဘာသာဖြင့် ဖြေတော်မူသည်။ ထို့နောက် ဆရာတော် နှစ်ပါးသည် ပါဠိဘာသာဖြင့် မေးဖြေကြကုန်သည်။

သင်္ဂဇာဆရာတော်ကြီးက မန္တလေးမှ သင်္ဘောဖြင့်ကြွလာရာ သင်္ဘောပေါ်မှာ လေး,ငါးညကြာကြောင်း။ မန္တလေးသို့ တစ်ခေါက်လောက်ကြွရောက်ပါရန် ဖိတ်ကြားလိုက်သော်... မဟာရင်ဆရာတော်က မေးလေသည်။

'သင်္ဘောပေါ် လေး,ငါးည ကျိန်းရတာဆိုတော့ မာတုဂါမတွေကော သင်္ဘောပေါ် မပါဘူးလား ဘုရား...

မန္တလေးကို ကြွရောက်ချင်ပါတယ်ဘုရား... ဒါပေမယ့် သင်္ဘောပေါ်မှာ သဟသေယျ သိက္ခာပုဒ်ကို ကြောက်ပါတယ် ဘုရား'

ထိုအခါ သင်္ဂဇာဆရာတော်ကြီး သည် မဟာရင်ကိုယ်တော်၏ ပ စကားကျွမ်းကျင်နိုင်နင်းပုံ ကျ သိက္ခာကာမပုဂ္ဂိုလ် ဥပမိရှပ်ပုံ နှစ်သက်သဖြင့်...

'ဒကာတို့...ဆင်ဖြူတော်တို့မည်သည် မှာ ရွှံ့နွံတွေနဲ့ ဘယ်လောက်ပက်ပ ညစ်ပေသည်မရှိ၊ ပကတိ ဖြူစင်သ နေဘိသကဲ့သို့ ရဟန်းကောင်းပီသ သော မဟာရင်ကိုယ်တော်တစ် အောက်မြန်မာနိုင်ငံမှာရှိနေတာ မြန်မာတို့အတွက် ကောင်းပေ


ဟု မိန့်တော်မူပြီး သင်္ဂဇာဆ တော်ကြီးသည် မိမိအား လှူဒါန်း သော တိုင်ကပ်နာရီနှင့် ဓာတ်တော်






www.burmeseclassic.com

www.burmeseclassic.com





● ကတိုးမဟာရင်ကျောင်းတိုက်ရှိ မုနိဦး ရှပ်မြှောင်စေတီတော်

ကြွတ်နှစ်လုံးကို မဟာရင်ကိုယ်တော်လေးအား မေတ္တာဖြင့် ချီးမြှင့်ပြန်လှဲလိုက်လေတော့သည်။

ထို တိုင်ကပ်နာရီနှင့် ဓာတ်တော်ကြွတ်များ ယနေ့တိုင် ကတိုးမဟာရင်မူလသစ်သားကျောင်းလေးတွင် ရှိနေကြောင်း ဓာတ်ပုံဖြင့် ဖော်ပြလိုက်ရပါသည်။ **"သင်္ဂဇာနာရီ"**ဟု အမှတ်တရဖြင့် ဂုဏ်ယူ ပြသထားပါသည်။

## ကတိုးစံပြကျေးရွာတွင် မဟာရင်သာသနာစည်ပင်လာခြင်း

ကတိုးရွာမှ သူဌေးကြီးများသည် သာသနာကို အားပေးကြသည့် အားလျော်စွာ ၁၂၃၇ခုနှစ်တွင် ဦးရွှေလျှော်နှင့် ဒေါ်တာ,ဒကာမတို့သည် မဟာရင်ကိုယ်တော်အား တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းသည်။

မဟာရင်ကိုယ်တော်သည် ပရိယတ္တိသာသနာကို စတင်ပို့ချပါသည်။ စာပေပို့ချသော ကောင်းမွန်သည့် ဂုဏ်သတင်းကြောင့် မုဒုံ၊ ဘီလူးကျွန်း၊ ကျိုက္ခမီ၊ ကျိုက်မရော၊ ပေါင်၊ သထုံ၊ ဘားအံမြို့နယ်များမှ စာသင်သားရဟန်းသာမဏေများ ရောက်လာကြသည်။

ရောက်လာ ကြသော တပည့်ကြီးများ ဖြစ်သည့် ကွမ်တာရွာမှ မောဂ္ဂလိပုတ္တ၊ ကော့ခပုံရွာမှ ဦးအဂ္ဂဒီပ၊ မုရစ်ကလေးရွာမှဦးနာလာဂိရိ၊ ဇာသပြင်ရွာမှ ဦးနန္ဒာလင်္ကာရ၊ ကဒါရပ် ပေါင်မြို့မှ တာဝတိံသာကျောင်း ဦးခေမကော၊ ကလော့ရွာမှ ဦးကုသလတို့နှင့် တိုင်ပင်ကာ **"မြွယုတ္တိကနိကာယဂိုဏ်း"**ကို တည်ထောင်တော်မူသည်။

မဟာရင်ဆရာတော်ကြီးသည် ပထမဆုံး မွန်ပုံနှိပ်တိုက် **"ဗုဒ္ဓဝံသစာပုံနှိပ်တိုက်"**ကို စတင် တည်ထောင်ခဲ့လေသည်။

ဆရာတော်၏ ရေးသားသည့် ကလျာဏကမ္ဘာလင်္ကာ၊ ကျောင်းသားကျင့်ဝတ်၊ ဓမ္မစကပ်ပါဠိနိဿယ၊ ဓမ္မပဒလက်ရိုးကျမ်း။

**ပါရာဇိကလက်ရိုးကျမ်း၊ ဗုဒ္ဓဂုဏကထာ၊ မဟာဝါလက်ရိုးကျမ်း၊ ဝိနယရေလက်ရိုးကျမ်း၊ သတိပဋ္ဌာန် အဓိပ္ပါယ်အကျယ်၊ သတ်ပုံကျမ်းသင်္ဂြိုဟ်ကျမ်းစဉ်ကျမ်း၊ သုတ္တသင်္ဂဟ လက်ရိုးကျမ်း၊ ဥပါကာနုသာသနကထာဟူ၍ ကျမ်းပေါင်း (၁၃)ကျမ်း ပြုစုထုတ်ဝေခဲ့ပါသည်။**

**"မြန်မာပြန်အစ ကတိုးက"**ဟု ဆိုစမှတ်ရှိခဲ့ပါသည်။

ကတိုးရွာနေ သူဌေးကြီး ဦးရွှေလျော့သည် သက္ကရာဇ် ၁၂၅၂ခုနှစ်တွင် ပိဋကတ်မြန်မာပြန်အလုပ်ကို ငွေအမြောက်အမြား ရင်းနှီးစိုက်ထုတ်ခဲ့လေသည်။

လယ်တီဆရာတော်ကြီး၏ တပည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ **လယ်တီဝါယမ (ခေါ်) ဆရာမြို့ကို** ပင့်ဖိတ်၍ (၁၀)နှစ်တိုင်တိုင် နိကာယ်လေးရပ်ကို မြန်မာပြန်ဆိုခဲ့လေသည်။ မြန်မာပိဋကတ်ကုမ္ပဏီသို့ပေး၍ စတင်ပုံနှိပ်စေသည်။

ထို မြန်မာပြန်စာအုပ်တို့သည် ယနေ့ မျက်မြင်တွေ့ရှိရသည်ဟု ဝေဒဂူဆရာတော်က ရဲရဲ မြွက်ကြားခဲ့သည်ကို မှတ်သားခဲ့ရပါသည်။

မွန်အက္ခရာရေး ပိဋကတ်စာပေဆိုင်ရာ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ မွန်နိဿယများ အမေးအဖြေများ၊ အဆုံးအဖြတ်များနှင့် ရာဇဝင်ဆိုင်ရာ မွန်စာပေ အများအပြားတို့ကို ဆရာငှား

www.burmeseclassic.com

လက်ခပေး၍ ပေထက် အက္ခရာတင် ရေးသားစီရင်စေသော ဓမ္မဒါန အလှူ ပေစာထုတ်များမှာ ကတိုးမဟာရင် ကျောင်းတိုက်တွင် သက်သေသာဓက အဖြစ် ယနေ့တိုင် ထင်ရှားရှိနေပါသည်။


ဘုရားရှင်၏ နှုတ်ကပါဠိစကားတော်တို့ကို မြင့်တင်ချီးမြှောက်သော မွန်သူဌေး နိုင်ရွှေလေးသည် ထူးခြားပြိုင်ဘက်ကင်းသော ပိဋကတ်အလှူရှင် တစ်ဦးဖြစ်ကြောင်း မွန်မြန်မာဒါယကာများ မှတ်တမ်းပြုထားပါသည်။

**ထူးခြားသော ပိဋကရှင် တိုင်တစ်လုံး သုံးထပ်အိမ်မိုးရှင်ပြမြဲ၍ တိုင်တစ်လုံးအိမ်၏ ခေါင်မိုးကိုလည်း နာမည်ကျော်ခဲ့ပြီ ခရီးသွားများအား တင်ပြလိုက်ရပါသည်။**

ထိုကဲ့သို့ သာသနာကို ချီးမြှောက်ကြသဖြင့် **ကတိုးမဟာရင် ဓမ္မယုတ္တိ နိကာယဂိုဏ်း**သည် သက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် ပထမ မဟာရင်ဆရာတော်ကြီး ဦးဗုဒ္ဓဝံသ ကျောင်းစတင် တည်ထောင်သည်မှစ၍ ယနေ့အထိ နှစ်ပေါင်း (၁၄၁)နှစ်ကျော် ကြာညောင်းခိုင်မာ ရပ်တည်တိုးတက်ခဲ့သည်။

ဣန္ဒြေရရ မျက်နှာပန်းလှစွာ ဝိနည်းသိက္ခာကြီးခြင်း၊ အရည်အချင်း ပြည့်ဝစွာ သာသနာ့ဆီမီးတန်ဆောင် ထွန်းပြောင်ခဲ့ပါသည်။

နှစ်တစ်ရာပြည့် ပိဋကတ်သုံးပုံစာပြန်ပွဲကြီးကိုလည်း သက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း(၁)ရက်နေ့မှ (၅)ရက်နေ့ထိ မော်လမြိုင်မြို့နယ် ကတိုးမဟာရင် စာသင်တိုက်ကြီးတွင် ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။



▲ ဘဒ္ဒန္တအာသိန္နမဟာထေရ် မဟာရပိုက်ချုပ်

▼ ကျောင်းသားလေးဘဝ မောင်ပိုင်း ဆရာတော်ဦးအာသိန္နလောင်းလျာ



### မဟာရင် ဓမ္မယုတ္တိ နိကာယဂိုဏ်း ဂိုဏ်းချုပ်ဆရာတော်ကြီးများ

၁။ ပထမဂိုဏ်းချုပ် မဟာနှင့် ဖြတ်ဘုံသရေဇာဝေ တံဆိပ်တော်နှစ်ထပ်ရ အရှင်ဗုဒ္ဓဝံသ မဟာထေရ်(ခ) မဟာရင်ဆရာတော်ကြီး။ (၁၂၃၇-၁၂၈၀)

၂။ ဒုတိယဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဉာဏသီရိ မဟာထေရ်။(၁၂၈၀-၁၂၈၃)

၃။ တတိယဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တမောဂ္ဂလိပုတ္တ မဟာထေရ်။(၁၂၈၃-၁၂၉၄)

၄။ စတုတ္ထဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တနာလာဂိရိ မဟာထေရ်။(၁၂၉၄-၁၃၀၆)

၅။ ပဉ္စမဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တမဟိန္ဒ မဟာထေရ်။(၁၃၀၆-၁၃၁၈)

၆။ ဆဋ္ဌမဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဇော ပါလ မဟာထေရ်။ (၁၃၁၉-၁၃၄၉)

၇။ သတ္တမဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တမေ မဟာထေရ်။(၁၃၄၉-၁၃၅၁)

၈။ အဋ္ဌမဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဉာဏ ဓေဇမဟာထေရ်။(၁၃၅၁-၁၃၅၇)

၉။ နဝမဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂမ ပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စ



www.burmeseclassic.com

www.burmeseclassic.com



◆ ပထမမဟာရင်ဂိုဏ်းချုပ်ကျောင်းဆောင်လေး
ယနေ့တိုင် အမှတ်တရ ထိန်းသိမ်းထားသည်

ထေရ်(၁၃၆၅-၁၃၇၈)

အထက်ပါ ဂိုဏ်းချုပ်ဆရာတော်ကြီးများ အရည်အသွေးပြည့်မီစွာ ဝိနည်းသိက္ခာ အကျင့်မြတ်ကို အထူးလေးစားလိုက်နာ အားထုတ် အုပ်ချုပ်ခဲ့ကြလေသည်။

## နဝမမြောက် မဟာရင်ဂိုဏ်းချုပ် ဘဒ္ဒန္တအာဒိစ္စဆရာတော်ကြီး

ဆရာတော်ကြီးများကို ကြည်ညိုလေးစားကြသော ဒါယကာတို့သည် မဟာရင် သာသနာတိုးတက်မြင့်မားအစွန့်ရှည်အောင် ဝိုင်းဝန်းအားပေးထောက်ပံ့ကြသဖြင့် တိုးတက်ခဲ့ကြသည်။

**မဟာရင် ဓမ္မယုတ္တိနိကာယဂိုဏ်း၏ နဝမမြောက်ဂိုဏ်းချုပ် (သံဃနာယက) ဘဒ္ဒန္တအာဒိစ္စ**သည် အနေအထိုင်ကျစ်လစ် သိပ်သည်းတော်မူပြီး ဝိနည်း သိက္ခာပုဒ်တော်တို့ကိုလည်း အထူးလေးစားခြင်းကြောင့် ရဟန်းရှင်လူအပေါင်းတို့၏ ကြည်ညိုလေးစားမှုကို အထူး ခံယူရရှိတော်မူသည်။

ဆရာတော်သည် အထူးသဖြင့် မွန်တိုင်းရင်းသားများ အပေါ်တွင် အလွန် သြဇာညောင်းတော်မူသည်။

ဆရာတော်သည် ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးနှင့် သာသနာရေး တိုးတက် ပြန့်ပွားလာအောင် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် ပရိယတ္တိ သာသနာကို ကုန်စင်အောင် တတ်မြောက်ပြီးနောက် ပဋိပတ် သာသနာပြုရန် **ရန်ကုန်မြို့ မဟာစည်ရိပ်သာ မူလမဟာစည် ဆရာတော်ကြီး ဦးသောဘန**ထံတွင် ဝိပဿနာတရားတော်ကို တပည့်ခံ၍ သင်ယူတော်မူသည်။

ရန်ကုန်မြို့၊ ရွှေတောင်ကုန်း ဆရာတော် ဘဒ္ဒန္တသံဝရ ဆရာတော် ဘဒ္ဒန္တအာဒိစ္စတို့ထံတော်ပါးတွင်လည်း မဟာသတိပဋ္ဌာန် ကိုယ်တွေ့ဉာဏ်မြင် မဂ်ဖိုလ်ဉာဏ်လင်းသည့်အထိ အားထုတ်ခဲ့ပါသည်။

ကိုယ်တော်တိုင် သစ္စာလေးပါး မြတ်တရားကို သိမြင် အားထုတ်ခဲ့ပြီးနောက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရှိ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများအား ဝိပဿနာတရားစခန်းများ ဖွင့်လှစ်အားထုတ်စေ၍ ပဋိပတ် သာသနာပြုပါသည်။

တစ်ဖက်ကလည်း နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်၊ မွန်ပြည်နယ် သံဃနာယက၊ ရာမညဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတွင် မဟာရင်ဂိုဏ်းချုပ်ဆရာတော်...

နိုင်ငံတော် သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်၊ မဟာရင် ဂိုဏ်းလုံးဆိုင်ရာ စာမေးပွဲကြီး၏ ဩဝါဒါစရိယဆရာတော်...

ကတိုးကော့နှပ်ရွာရှိ ဦးနာအောက်ဘုရား၊ ရှေးဟောင်းသမိုင်းဝင် အောင်သိဒ္ဓိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် မဟာရင် စာသင်တိုက်ကြီးတို့၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဘီလူးကျွန်း၊ စာသင်တိုက်ကြီးငယ်တို့ကို ပေါ်ထွန်းစေခဲ့ပါသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ရှိ ဝိပဿနာကမ္မဋ္ဌာန်း ရိပ်သာများသို့ တပည့် ကမ္မဋ္ဌာန်းနည်းပြများ စေလွှတ်၍ အဆင့်မြင့် တည်ထောင်ပေါ်ထွန်းလာသော ကမ္မဋ္ဌာန်းရိပ်သာများ ဖြစ်စေခဲ့ပါသည်။

ထိုဆရာတော်ကြီး၏ ထေရုပ္ပတ္တိကိုလည်း ဖတ်ရှုလေ့လာစေချင်ပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း**
**(မော်ရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

ဒီလို


# လက္ခဏာရှင်များကို

သတိထားပါ

သရက်ကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

(က)အက္ခရာနဲ့ ညွှန်ပြထားတာဟာ **ညာလက်ညှိုးအောက် ကြာသပတေး ဗြိုဟ်ခုံပေါ်က ဆော်လမွန်လက်စွပ်** သင်္ကေတ(သို့မဟုတ်) **မဟော်သဓာ လက်စွပ်(သို့မဟုတ်) ကြာသပတေး ဗြိုဟ်ကွင်း** ဖြစ်ပါတယ်။

* * *





အိမ်ရဲ့

နက်နဲတဲ့
ပညာရပ်များ
လိုက်စား တတ်
မြောက်ခြင်း၊
ပညာဗဟုသုတ ပြည့်စုံခြင်း၊
အကြီးအမှူး ဆရာသမား၊
ဦးစီးခေါင်းဆောင်၊ အထက်
အရာရှိ၊ စီမံခန့်ခွဲအုပ်ချုပ်ရသူ၊
မန်နေဂျာ၊ လုပ်ငန်းရှင်စတဲ့ ပုဂ္ဂိုလ်များမှာ အများ
အားဖြင့် တွေ့ရတတ်ပါတယ်။

**(ခ)အက္ခရာနဲ့** ညွှန်ပြထားတာဟာ **ညာဖက်လမ်းကြောင်းအရှားနဲ့ အသက် လမ်းကြောင်းအဖျား (၁)စင်တီခန့် ကွာဟနေခြင်း**ဖြစ်ပါတယ်။

ဒီသင်္ကေတမျိုးဟာ စိတ်မြန်ကိုယ်မြန် လှုပ်ရှား လုပ်ကိုင်၊ ပြောဆိုတတ်တယ်။ ဒေါသ ဖြစ်လွယ် ပြေလွယ်တယ်။ လွတ်လပ်မှုကို နှစ်သက်တယ်။ တစ်ခါတစ်ရံ မစဉ်းစား မဆင်ခြင် အရမ်းကာ

www.burmeseclassic.com

www.burmeseclassic.com


မှရာ လက်လွတ်စပယ် ဆုံးဖြတ်လုပ်ကိုင် မှား ယွင်းတတ်တယ်။ ဉာဏ်လမ်းကြောင်း တိုရင် စိတ်ကို မထိန်းသိမ်းနိုင်ဘူး။

(ဂ)အကွက်ရာနဲ့ ညွှန်ပြထားတာဟာ **ဉာဏ်လမ်းကြောင်းမှ လမ်းခွဲတစ်ခုဟာ အင်္ဂါဂြိုဟ်ခုံအဖိုထဲကို ခက်ရင်းခွနဲ့ ထိုးဆင်းနေခြင်း** ဖြစ်ပါတယ်။

ဒီသင်္ကေတဟာ ဘာပဲလုပ်လုပ် တိကျတယ်။ လိုက်လျောနားလည်မှု နည်းပါးတယ်။ အပြစ်မြင်လွယ်တယ်။ ဝေဖန်ရှုတ်ချ ပြောဆိုတတ်မယ်။ အငြင်းအခုံသန်မယ်။ စကားများ ရန်ဖြစ်ချင်စိတ်များမယ်။ အနိုင်ကျင့် ဓော်ကားလိုစိတ် ရှိမယ်။ လက်ရုံးအားကိုး လုပ်တတ်တယ်။

(ဃ)အကွက်ရာနဲ့ ညွှန်ပြထားတာဟာ **လက်မခြေရင်း၊ အသက်လမ်းကြောင်း အတွင်းဘက် သောကြာဂြိုဟ်ခုံမှာ ထောင်လိုက်မျဉ်းတွေနဲ့ ကန့်လန့်မျဉ်းတွေများနေပြီး ဂြိုဟ်ခုံဖောင်းကြွ ပြည့်ဖြိုး နေခြင်း** ဖြစ်တယ်။

* * *





ဒီသင်္ကေတမျိုးဟာ ချွေးသားဆန္ဒ ပြင်းထန်တယ်။ ကာမဂုဏ် လွန်ကျူးတတ်တယ်။ အချစ်ရေး အိမ်ထောင်ရေးမှာ သစ္စာမဲ့ပြီး ဖောက်ပြန်တတ်တယ်။

ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ရုပ်ဆိုးသည်ဖြစ်စေ၊ လှသည်ဖြစ်စေ၊ ပိန်သည်ဖြစ်စေ၊ ဝသည်ဖြစ်စေ၊ ရုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆွေမျိုးဖြစ်စေ၊ သူစိမ်းဖြစ်စေ၊ အထက်အရာရှိဖြစ်စေ၊ လက်အောက်ဝန်ထမ်း ဖြစ်စေ ကာမဂုဏ်ကိစ္စမှာ စည်းမစောင့်တတ်ဘူး။ အမြဲတမ်း အကွက်ချောင်းနေမယ်၊ လစ်ရင်တွယ်မယ့် လူစားမျိုး။

(င)အကွက်ရာနဲ့ ညွှန်ပြထားတာဟာ **အသက်လမ်းကြောင်း အရင်းမှ အင်္ဂါဂြိုဟ်ခုံဘက်ကို အပြတ် အပြတ် ဆက်သွယ်နေတဲ့ မိမ်လမ်းကြောင်း၊** ဖြစ်တယ်။ တချို့က တစ်ကြောင်းတည်း ပိပြင် ထင်ရှားစွာ တွေ့ရတတ်တယ်။

* * *




အဲဒီသင်္ကေတကတော့ အရက်သေစာ မူးယစ်ဆေးဝါး၊ အပျော်အပါး၊ ကာမဂုဏ်ကိစ္စတို့မှာ တစ်မျိုး,နှစ်မျိုးတော့ စွဲလမ်း နှစ်သက်တယ်။ **သောကြာဂြိုဟ်ခုံမှာ ထောင်လိုက်ရာ၊ ကန့်လန့်ပါ မျဉ်းတွေများပြီး တင်းမာနေရင်တော့...**

ကာမဂုဏ်ကိစ္စ လွန်ကဲတတ်ပါတယ်။

(စ)အကွက်ရာနဲ့ ညွှန်ပြထားတာဟာ **နှလုံးလမ်းကြောင်း ကွေးညွှတ်ဝိုက်လွှမ်းပြီး အောက်ဘက်ကို လမ်းမျှင်တွေ ထိုးဆင်းနေကြခြင်း** ဖြစ်ပါတယ်။

* * *




ဒီသင်္ကေတဟာ ချစ်စိတ် များလွန်းတယ်။ ဗိုတတ်ခံ နှလုံးလမ်းကြောင်းဖြစ်ပြီး အချစ်မှာ စိတ်ကူးမယဉ်ဘူး။ ချုပ်၊ ချိုက် ထွေးသား ဆန္ဒပြည့်ဝဖို့ လက်တွေ့ အကောင်အထည် ဖော်လေ့ရှိတယ်။

ဒါပေမယ့် သစ္စာတော့ မရှိဘူး။ အိမ်ထောင်ကျပြီးရင်လဲ တခြားမိန်းမတွေကို ပျို့,အိုမရွေး ထပ်ကြိုက်မယ်။ ရည်းစားထားမယ်။ အပျော်ကြံမယ်။ လစ်ရင်ချိုင်မယ်။ ပိုင်ရင်ကိုင်မယ်။ မထိခလုတ် ထိခလုတ် ဇွေးတိုးစမ်းမယ်။ အခွင့်ရေးပေးရင် ပေးသလို ဇွေးသားဆန္ဒပြည့်ဝဖို့ အတွက် အနုနည်း၊ အကြမ်းနည်း ကြံသလို သုံးတတ်တယ်။

(ဆ)အကွက်ရာနဲ့ ညွှန်ပြထားတာဟာ **နှလုံးလမ်းကြောင်းအရင်းဘက်မှာ မြားပြီးသင်္ကေတတွေရှိခြင်း** ဖြစ်ပါတယ်။

ဒီသင်္ကေတဟာ ရည်းစားများခြင်း၊ သစ္စာမဲ့ခြင်း၊ နောက်ကွယ်မှာ ခြေများတတ်ခြင်းလို့ သိနိုင်ပါတယ်။

ဒီသင်္ကေတမျိုးရှိသူကို အသက်ကြီးလို့ ဖြစ်စေ၊ အထက်အရာရှိ၊ ပညာတတ် လူချမ်းသာဆိုတဲ့ ဂုဏ်သိက္ခာရှိလို့ ဖြစ်စေ အယုံ မလွယ်မိပါစေနဲ့။ သူ့ရဲ့ အချစ်နဲ့ ကာမဂုဏ် ထောင်ချောက်ထဲမှာ ကွိခနဲ မိသွားလိမ့်မယ်။

(ဇ)အကွက်ရာနဲ့ ညွှန်ပြထားတာဟာ **လက်သန်းအောက်ရှိ အိမ်ထောင်ရေးလမ်းကြောင်း ရှည်လျားစွာ ထွက်လာပြီး လက်သူကြွယ်အောက်ရှိ အောင်မြင်ရေးလမ်းကြောင်း**ကိုပါ ကျော်ဖြတ်သွားတယ်။

လက်ခလယ်အောက်၊ စနေဂြိုဟ်ခုံအောက် နှလုံးလမ်းကြောင်းအနီးမှာ **ခက်ရင်းနှစ်ခွနဲ့** ရပ်တန့်နေတယ်။

အဲဒီ သင်္ကေတကတော့ မိမိထက် အဆင့်အတန်းများစွာ နိမ့်ကျသူနဲ့ အိမ်ထောင်ကျခြင်း၊ အိမ်ထောင်ကျပြီးနောက် မိမိရဲ့အဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ အောင်မြင်မှုတို့ နိမ့်ပါး ဆုတ်ယုတ်ခြင်း၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ပြဿနာများကြောင့် မိမိရဲ့ ဂုဏ်သိက္ခာ၊ အောင်မြင် ကျော်ကြားမှု၊ စီးပွားဥစ္စာ တိုးတက်မှုတို့ ထိခိုက်ပျက်ပြားရခြင်း စသည်တို့ ဖြစ်တတ်ပါတယ်။

ကျွန်ုပ်ရဲ့ အတွေ့အကြုံအရဆိုရင် ဂုဏ်သရေရှိ သူဌေးသူကြွယ်၊ လူချမ်းသာတို့ရဲ့အိမ်မှာ အိမ်ဖော်လုပ်တဲ့ ဆင်းဆင်းရဲရဲ၊ ရုပ်ဆိုးဆိုး မိန်းကလေးများနဲ့ လွန်ကျူးမိပြီး မဖုံးနိုင် မဖိနိုင် အရှက်တကွဲ ကြုံရတဲ့ အိမ်ရှင် လူချမ်းသာ အမျိုးသား အိမ်ထောင်ဦးစီး(သို့မဟုတ်) ယင်းတို့ရဲ့ သား ပညာတတ် ရုပ်ချောများရဲ့ လက်ဖဝါးပြင်မှာ တွေ့ရဖူးပါတယ်။

ဒါ့အပြင် ကုမ္ပဏီပိုင်ရှင်၊ ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်၊ ရုံးဌာန ဦးစီးအရာရှိကြီးများ၊ ဟိုတယ်ပိုင်ရှင်၊ ဆိုင်ပိုင်ရှင် အမျိုးသားအချို့မှာလဲ ဒီလို သင်္ကေတမျိုး တွေ့ရဖူးတယ်။

သူတို့လက်အောက်က ခိုင်းစေထားတဲ့ ဝန်ထမ်းအမျိုးသမီးငယ်များနဲ့ ငြိစွန်းပြီး လွန်လွန်ကျူးကျူးဖြစ်ပြီးမှ အရှက်တကွဲ အကျိုးနည်း ပြဿနာ ရင်းကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် အိမ်ဖော်လုပ်မယ့် မိန်းကလေးတွေ ဖြစ်ဖြစ်၊ ကုမ္ပဏီလုပ်ငန်း၊ ပုဂ္ဂလိက ဝန်ထမ်းလုပ်ငန်း၊ ရုံးဌာန စသည်တို့မှာဝင်ရောက် လုပ်ကိုင်ကြမယ့် မိန်းကလေးတွေဖြစ်ဖြစ်၊ မိမိတို့နဲ့ လက်ပွန်းတတီးနေထိုင် လုပ်ကိုင်ကြရမယ့် အိမ်ရှင်(သို့မဟုတ်) လုပ်ငန်းပိုင်ရှင်(သို့မဟုတ်) မန်နေဂျာ(သို့မဟုတ်) အရာရှိ အကြီးအကဲ အမျိုးသားများရဲ့ ညာလက်ဖဝါးပြင်ကို အခြေအနေပေးရင် ပေးသလို လျှပ်တစ်ပြက် အကဲခတ် ကြည့်ရှု လေ့လာပါ။

**ယခုဖော်ပြခဲ့တဲ့ သင်္ကေတအမှတ်အသားများရဲ့ အနီးစပ်ဆုံး တူညီနေတာတွေ့ရင် သတိထား နေထိုင် ဆက်ဆံပါ။ အလစ်မပေးမိနဲ့။ လုံခြုံရာ၊ ဆိတ်ကွယ်ရာ နေရာမျိုး၊ အချိန်မျိုးမှာ နှစ်ဦးတည်း အတူ မနေမိပါစေနဲ့။**

အိမ်ထောင်ရှင် အမျိုးသမီးများ အနေနဲ့လဲ **မိမိတို့ရဲ့ ခင်ပွန်း ညာလက်ဖဝါးပြင်ကို သေချာ ကြည့်ရှုလေ့လာထားပါ။** ယခု ဖော်ပြပါ သင်္ကေတများနဲ့ အနီးစပ်ဆုံး တူညီနေရင် သတိထားပေတော့။

မိမိရဲ့ ညီမအရင်းဖြစ်စေ၊ တူမအရင်းဖြစ်စေ၊ သူ့ဘက်က ဆွေမျိုးနီးစပ် မိန်းကလေးမျိုးဖြစ်စေ၊ ယုံကြည် စိတ်ချမှု မပြုပါနဲ့။ မည်းမည်းသည်းသည်း၊ မိန့်မိန့်ကပ်ကပ်၊ အရုပ်ဆိုးဆိုး အိမ်ဖော် မိန်းကလေးဆိုပြီး တော့လဲ မဖြစ်တန်ဘူးလို့ လျှော့မတွက်ပါနဲ့။ ကိုယ်ပိုင်လုပ်ငန်းမှာဖြစ်စေ၊ ဝန်ထမ်းလုပ်ငန်းမှာဖြစ်စေ ထိုလက္ခဏာမျိုးရှိတဲ့ ခင်ပွန်းယောကျ်ားကို စိတ်ချမထားပါနဲ့။

သူနဲ့ အနီးကပ်ဆုံး ဆက်ဆံလုပ်ကိုင်နေသူ မိန်းကလေးများကိုလဲ တိုးတိုးတိတ်တိတ် သတိပေးထားပါ။ **ခင်ပွန်းကိုလဲ ပုတီးကြာကြာစိပ်ဖို့ စည်းရုံးတိုက်တွန်းပါ။ ဘာသာရေးနဲ့ နီးစပ်အောင် ဆွဲဆောင်ပါ။** ခင်ပွန်းကိုလဲ ကြင်နာပြုစု ယုယပါ။ တတ်နိုင်သမျှ မိမိခင်ပွန်းနဲ့ နီးကပ်နေအောင် ကြိုးစားပါ။ မျက်စိအောက်က အလစ်မပေးမိပါစေနဲ့။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဓေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

# အတွင်းဒဏ်အတွက်



**တရုတ်ဒဏ်ကြေဆေးခါးရည် (ဖော်စပ်နည်း)**





ဖန်တို၊ ဖန်ရှည်၊ ကွန်ဖူး၊ အလေးမ ကစားနေကြသော လူငယ် မျိုးဆက်သစ်များ အတွက် အတွင်းဒဏ်ရာ မရကြလေအောင် ကျွန်ုပ်သည် ဆေးနည်းပေး၍ကူညီပါရစေ။

ကျွန်ုပ်သည် ငယ်စဉ်က ဖန်တို၊ ဂျူဒို၊ အလေးမသော ကစားနည်းများကို ကစားခဲ့ရသော်လည်း အသက်လေးဆယ်ကျော်လာသောအခါ အတွင်းဒဏ်ရာများ ပေါ်လာပါသည်။

အတွင်းဒဏ်ရာ ဖြစ်ပုံမှာ ဆောင်းရာသီရောက်လာလျှင် **အသက်ရှူကျပ်ခြင်း၊ ရင်ခေါင်းမှအောင့်ခြင်း၊ အသက်ကို မကြာမကြာ ပင့်သက်နှင့် ရှူရခြင်း၊ အာဟာရရှိသော အစာများကို စားသော်လည်း ခွန်အား မဖြစ်ခြင်း၊ အမြဲညောင်းညာကိုက်ခဲနေခြင်းတို့** ဖြစ်ပါသည်။

ကျွန်ုပ်သည် ထိုကဲ့သို့ အတွင်းဒဏ်ရာများကို ခံစားနေရာ **တရုတ် ကွန်ဖူးဆရာတစ်ဦးနှင့်တွေ့၍** ထို တရုတ်ကွန်ဖူးဆရာက...

'ခင်ဗျား ငယ်စဉ်က အတွင်းဒဏ်ဖြစ်ခဲ့တာပဲ၊ ခင်ဗျား ဒဏ်ကြေဆေးခါးရည် သောက်ကြည့်ပါလား။ ဒဏ်ကြေဆေးရည်ဟာ ဝမ်းတွင်းက ကြက်သွေး၊ ဝက်သွေး၊ ဆံပင်ချည်နဲ့ ဖုန်မှုန့်များပင် ဝမ်းနဲ့ ပါသွားတတ်တယ်'

ဟု ပြောရာ ကျွန်ုပ်လည်း သောက်ကြည့်ရာ အတွင်းဒဏ်များ ကောင်းမွန်၍ ဆေးနည်းကို ဖော်ပြလိုက်ပါသည်။

**ဆေးနည်းမှာ...**

- မြရာရွက် (၅)ကျပ်သား
- ကြက်ဟင်းခါးသီးအရွယ်တော် (၃)လုံး
- ဆင်နှာမောင်းပင် (၂)ပင်
- လိမ္မော်ခွံ အနည်းငယ်

အထက်ပါ ပစ္စည်းများကို ရေဆေး၍ **(၃)ခွက် တစ်ခွက်တင် ပြုတ်ပါ။** အခါးကြောက်သူများ ထန်းလျက်ထည့်ပြုတ်နိုင်ပါသည်။

ကျွန်ုပ်သည် အတွင်းဒဏ်ရာဖြစ်ခဲ့၍ ကောင်းခဲ့ဖူးပါသဖြင့် ကျွန်ုပ်ကဲ့သို့ အတွင်းဒဏ်ရာ ရနေသော အားကစားသမားဟောင်းများ၊ တိုင်းပြည်ဂုဏ်ဆောင် လူငယ်အားကစားသမားများ၊ ဆံပင်ညှပ်ဆရာများ၊ တွင်ခုံဆရာများပါမကျန် အတွင်းဒဏ်ရာ မခံစားကြရလေအောင် **ဒဏ်ကြေဆေးခါးရည် ဖော်စပ်နည်း**ကို နက္ခတ်ရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဖော်ပြလိုက်ပါသည်။

**ခိုင်မင်း(သထုံ)**



www.burmeseclassic.com

www.burmeseclassic.com

သာသနာ့နယ်မြေ ဖြစ်လာသည့်

# လူရှုပ်တောင်

ရှိုင်းသုတ (နမ့်စန်)

ကျွန်တော်တို့သည် ရှမ်းပြည်ပုဂံဟု နာမည်ကြီးနေသော မိုးနဲမြို့သို့ ဘုရားဖူးသွားရန် ရည်ရွယ်ထားသည်မှာ ကာလအတော်ကြာနေပြီ ဖြစ်သည်။

(၂၁-၁-၂၀၁၇) ရက်နေ့မှာ ဦးဝင်းရှိန် (မြေစာရင်းဦးစီးမှူး-ငြိမ်း)၊ ဦးကျော်ဝင်း (ပလဖဒုဦးစီးမှူး-ငြိမ်း)၊ မောင်လှိုင်ဘုန်းသွေးတို့နှင့် အတူ ဘုရားဖူးသွားဖြစ်ပါသည်။

မိုးနဲမြို့ကို မြန်မာနိုင်ငံ၏ ဒုတိယ မြောက်ပုဂံ(ရှမ်းပြည်ပုဂံ)ဟု ခေါ်ဝေါ်ကြသည်မှာ မှန်ပါပေ၏။ မြို့ဝင်သည်နှင့် တစ်ပြိုင်နက် ဦးစွာ တွေ့မြင်ကြရသည်မှာ ဘုရားစေတီပုထိုးများပင် ဖြစ်ပါသည်။


ရှေးနှစ်ပေါင်းများစွာက ရှမ်းစော်ဘွား (စဝ်ဖ)များ နေထိုင်ရာမြို့ဖြစ်၍ ယနေ့တိုင် ဟော်ဝင်းကြီးသည် အထင်အရှား ရှိနေဆဲပင် ဖြစ်ပါသည်။

မိုးနဲမြို့သည် အကျယ်အဝန်းအားဖြင့် (၇၄၅.၅၈)စတုရန်းမိုင်ရှိပြီး ကေအားဖြင့် (၄၇၇၁၆၉)ကေ ရှိပါသည်။ မြို့နယ်သည် အရှေ့မှအနောက် (၅၈) မိုင်၊ တောင်မှမြောက် (၂၂)မိုင် ရှိပါသည်။

မြို့နယ်၏မြောက်ဘက်တွင် **နမ့်စန်မြို့နှင့်ကွန်ဟိန်းမြို့နယ်**၊ အနောက်ဘက်တွင် **မိုင်းပန်မြို့နယ်**၊ တောင်ဘက်တွင် **လင်းခေးမြို့နယ်**၊ အနောက်ဘက်တွင် **မောက်မယ်မြို့နယ်**နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိပါသည်။

မိုးနဲမြို့ရှိ ကျောင်းကန်ဘုရားစေတီပုထိုးများသည် ဟိုးယခင်ကာလက တည်ဆောက်ခဲ့သော လက်ယာများဖြစ်၍ ဖရာသဘောအရ အိုမင်းယိုယွင်းနေသော်ငြားလည်း သမိုင်းတွင် ကျန်ရစ်နေသည့် အရာတို့မှာ ဘာသာရေး သာသနာအရောင်တို့ ထွန်းပြောင်ထိန်ဝင်းနေဆဲ ဖြစ်ပါသည်။


မိုးနဲမြို့တွင် ဘုရားစေတီပုထိုးပေါင်း (၄၇၈)ဆူ ရှိပါသည်။ ဟိုးယခင်ကာလကို မှန်းမျှော်ကြည့်ပါက စေတီပုထိုးများ သစ်လွင်ဆဲဖြစ်၍ ဤနေရာ ဤဒေသသည် ထွန်းထွန်းတောက်တောက် ဖြစ်ပြီး ကျောင်းကန်ဘုရားများဖြင့် လောကီအလယ် ဝင့်ထည်စွာ တင့်တယ်နေမည်မှာ ကေန်ပင် ဖြစ်ပါပေ၏။



▲ ပေ(၅၀)ခန့်မြင့်သော လူရှုပ်ကျောက်ဆောင်ပုံ

မိုးနဲမြို့ ဥယျာဉ်ရပ်ရှိ ဟော်နန်းအဆောက်အအုံကို ၁၉၅၀ ပြည့်နှစ်တွင် စော်ဘွား "စဝ်ပြည့်" လက်ထက်

www.burmeseclassic.com



▲ ယ(၁၅၁)ပေ မြင့်သော လှရုပ်တော်၏
အောက်ဆောင်ထဲရှိ ရုပ်ပွားတော်




▲ မိုးနဲမြို့အဝင် ဆိုင်းဘုတ်

၌ ယခင် အဆောက်အအုံနေရာ၌ပင် အသစ် ပြန်လည်တည်ဆောက်ခဲ့ပါသည်။ ယင်း အဆောက်အအုံကို ၁၉၅၂ ခုနှစ်တွင် ပြီးစီးခဲ့သဖြင့် ဟော်သစ်တက်ပွဲ ယင်းနှစ်မှာပင် စော်ဘွား **"စဝ်ပြည့်နှင့်မဟာဒေဝီစဝ်မြကြည်"** တို့ ဘိသိက်ခံ ဖွင့်လှစ်ခဲ့ပါသည်။

လက်ရှိဟော်နန်းကို စော်ဘွား စဝ်ပြည့်၏ သားအကြီးဆုံးဖြစ်သူ ဦးစဝ်ထွန်းဝါမှ မြို့နယ်သမဝါယမ ဦးစီးဌာနသို့ ကာလတန်ဖိုး(၇)သိန်းဖြင့် ရောင်းချခဲ့ရာ ယနေ့ထိ သမဝါယမဦးစီးဌာနပိုင်ဖြစ်ကြောင်း သိရှိရပါသည်။

မိုးနဲဟု ပညတ်ထားသော်လည်း အမှန်တကယ် မိုးရွာသွန်းမှုမှာ မနည်းလှပါ။ မိုးနဲမြို့ဝယ် တန်ခိုးမနည်းသော ဘုရားစေတီများ ဖူးရ၍ စာရေးသူတို့အဖွဲ့သည် ဖူး၍မဝ ပြုံးရွှင်သဘောကျနေကြပါသည်။

"ဘုရားသို့မှန်း ခြေတစ်လှမ်း
သိန်းသန်းမကထိုက်၊
လူသူဖူးသူ ပေးဝေသူ၊
နတ်လူဘုံသို့ဆိုက်"

ဟူသော ကဗျာလေးကို အောက်မေ့မိပါသည်၊ ဘုရားဖူးမည့်သူတို့သည် မြတ်ဗုဒ္ဓ၏ အရဟံ အစရှိသော ဂုဏ်တော်များကို အာရုံပြု၍ စိတ်အစဉ်ဝယ် ငြိမ်းချမ်းစွာ ဖူးမြော်ကြည်ညိုမည် ဆိုပါလျှင် ထိုသူ၏ ဘုရားဖူးသွားစဉ် ခြေလှမ်းများသည် သိန်းသန်းမကထိုက်တန်လှပါ၏။

ဘုရားဖူးစဉ်ဝယ် ဖြစ်ပေါ်နေသော စိတ်အစဉ်သည် သဒ္ဓါတရားများ တဖွားဖွားဖြစ်၍နေသောကြောင့် ထို၏အကျိုးမှာ လူ့ပြည်နတ်ရပ် ကောင်းမြတ်သော ဘုံဌာနသို့ ရောက်စေပါသည်။

မိုးနဲမြို့တွင် ကုန်းစပါး၊ လယ်စပါး၊ တောင်ယာစပါးများနှင့် ပြောင်း၊နှမ်း၊ပဲ တို့ ပေါလှံစွာ ထွက်ရှိပါသည်။ မိုးနဲ ပဲပုပ်သည် လွိုင်လင်၊ပင်လုံ၊နမ့်စန် မြို့သို့တိုင် နာမည်ကြီးလှပါသည်။ မိုးနဲတို့ဟူးစိမ့်ခေါက် စသော ရှမ်းအစားအစာများ ပေါများလှပါ၏။


ဤသည်တို့မှာ မိုးနဲ မြို့သူမြို့သားများ၏ စားသုံးသူအပေါ် စေတနာသန့်သန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကြောင့်ပင် ဖြစ်သည်။ မည်သည့်အရာမဆို စိတ်စေတနာ ဖြူစင်စွာဖြင့် မိမိ ကြိုက်နှစ်သက်သကဲ့သို့ သူတစ်ပါးကိုလည်း ဤနည်းအတိုင်း ထပ်တူထား၍ ဆောင်ရွက်ပါက မအောင်မြင်စရာ အကြောင်းမရှိပါ။

ကောင်းကောင်းလုပ်၍ ကောင်းကောင်းစားရကာ ကောင်းကျိုး ရနေ



www.burmeseclassic.com

www.burmeseclassic.com



လူရုပ်တောင်ပေါ်ရှိ တရုတ်ရိုးရာနတ်ကွန်း

ကြသော မိုးနဲသားများသည် အစဉ်ကံကောင်းလျက် ရှိပါ၏။ ရှမ်း,ဗမာ, တရုတ်,ကုလား စသည်ဖြင့် လူမျိုးပေါင်းစုံ နေထိုင်ရာ မြို့လည်းဖြစ်သည်။

မိုးနဲမြို့မှ မောက်မယ်မြို့သို့ သွားရာလမ်းအထွက်ဘက် (၃)မိုင်ခန့်အကွာတွင် တောင်တန်းများ ရှိပါသည်။ **ထိုတောင်တန်းပေါ်တွင် ပေ(၄၀)ခန့်ရှိသော ကျောက်ဆောင်သည် သဘာဝအလျောက် လူရုပ်နှင့်တူနေပါသည်။**

အဆိုပါ လူရုပ်နှင့်တူသော ကျောက်ဆောင်ကို အစွဲပြု၍ **လူရုပ်တောင်**ဟု ခေါ်ဝေါ်ကြပါသည်။

တောတောင်၏ သဘာဝအရ သစ်ရိပ်တောင်ရိပ်များဖြင့် သာယာအေးချမ်းလှသည်။ ကျေးငှက်သာရကာတို့၏ တွန်ကျူးတေးဆိုသံများနှင့်အတူ တောပန်းတောင်ပန်းတို့၏ ဆင်းရနံ့ သင်းပျံ့မှုတို့ကြောင့်လည်း ကြည်နူးလွှမ်းမော၍မဆုံး သာယာအေးချမ်းလှပါ၏။

ထိုလူရုပ်တောင်ပေါ်တွင် လွန်ခဲ့သော ၂၀၀၇ ခုနှစ်ခန့်က တရုတ်လူမျိုးတို့သည် တရုတ်နတ်ကွန်းများ တည်ဆောက်၍ တရုတ်ရိုးရာ ထုံးတမ်းများဖြင့် ပူဇော်ပသကြပါသည်။

တရုတ်နတ်ကွန်း (နတ်စင်)သည် မြန်မာများနှင့်မတူပါ။ အဆောက်အအုံများသည် လှပနေ၍ ရပါသည်။ အင်္ဂတေဖြင့် ပြုလုပ်ထားသော မြင်းရုပ်,ဆင်ရုပ်, ကျားရုပ်,နဂါးရုပ်တို့ဖြင့် လက်ရာ လှပစွာ ထုလုပ်ထားကြသည်။

ထိုတောင်တန်းပေါ်တွင် ပေ(၁၅၀)ခန့်မြင့်သော ကျောက်ဆောင်ပေါ်မှ မိုးနဲတစ်မြို့လုံးရှိ ဘုရားများကို လှမ်း၍ ဖူးမြော်နိုင်ပါသည်။အပေါ်စီးမှဖူးရသည် ဖြစ်၍ တစ်မြို့လုံး ခြုံငုံ၍ မြင်ရပါသည်။

ပုဂံဘုရားနယ်မြေလောက် မကျယ်သော်လည်း တောင်ပေါ်ဒေသဖြစ်၍ ပစ္စည်းများ သယ်ယူမှုမှာ ပို၍ ခက်ခဲလှပါသည်။

အိုမင်းယိုယွင်း ပျက်စီးနေသည့် စေတီများလည်း များစွာ ရှိလေသည်။ ထိုထိုစေတီများ စ၍ တည်စဉ်ကမူ ဤလူရုပ်တောင်ပေါ်မှ လှမ်း၍ ဖူးပါက မြင်ကွင်းသည် ယခုနှစ် တူမည်မဟုတ်ပါပေ။

စတင်၍ လုပ်ဆောင်သူသည် လွယ်ကူကောင်း လွယ်ကူပါလိမ့်မည်။ ထိုအရာများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဖို့ ဆိုသည်မှာ ပိုမိုခက်ခဲလှပါသည်။

ထိုတရုတ်နတ်ကွန်းတွင် တရုတ်လူမျိုးများ သေဆုံးပါက ဆုတောင်းပေးသည့် စာများ လာရောက်ကပ်ထားလေ့ ရှိကြပါသည်။

ဤသို့ဖြင့် ၂၀၁၄ ခုနှစ်တွင် ထိုဒေသ၌ စောင့်ကြပ်လျက် ရှိကြသော တောစောင့်နတ် တောင်စောင့်နတ်တို့သည် ဝိဇ္ဇာလီကျောင်း ဆရာတော်အား အိပ်မက်ပေးသည်ဟု လူ့ရုပ်တောင်ကျောင်း ဆရာတော်မှ ပြောပြပါသည်။

**ဤတောင်ပေါ်တွင် ဘုရားဟောဒေသနာများ ပေါ်ကြွားပေးစေလိုကြောင်းနှင့် ဘုရားပုံတော်များ ထုလုပ်ပေးစေလိုကြောင်း လာရောက်မှာကြားထားသည်ဟု အိပ်မက် မြင်မက်ပါသည်။**

ဆရာတော်သည် ထိုအိပ်မက်ကို မြို့မိမြို့ဖများအား ပြောပြရာ အားလုံး၏ သဘောတူညီချက်ဖြင့် သံဃာများ၊ ဥပါသကာများဖြင့် ပဋ္ဌာန်းငါးကျမ်း ရွတ်ဖတ်ပူဇော်ပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပါသည်။

ဘုရားဖူးသူ၊ ပဋ္ဌာန်းတရား နာယူသူတို့ဖြင့် ပင်ကို တောတောင်သဘာဝ သာယာလှပနေသည့် အပေါ်ဝယ် ဗုဒ္ဓသာသနာ ရောင်ခြည်တော်ခြောက်သွယ် ခြယ်မှုန်းလိုက်ရာ လူရုပ်တောင်၏အလှသည် အချိုပေါ် သကာလောင်းသည့်နှယ် တင့်သည်ထက်တင့်၊ ဝင့်သည်ထက်ဝင့်၊ မြင့်သည်ထက်မြင့်၍ နေပါ၏။ အောင်စည်အောင်မောင်းများ တီး၍ အမျှပေးဝေကြပါသည်။

မိုးနဲမြို့ရှိ လူရုပ်တောင်သည် ထိုတောင်၌ စောင့်ကြပ်ကြကုန်သော တောစောင့်နတ်,တောစောင့်နတ်တို့၏ သမ္မာဆန္ဒအိပ်မက်အရ လူရုပ်တောင်ကျောင်းဖြစ်ပြီး သာသနာ့နယ်မြေ ဖြစ်လာပါပေတော့သည်။


**လှိုင်ဘုတ်ထီး(နမ့်ဖူ)**

www.burmeseclassic.com

# ရုတ်တရက် လေဖြတ်လျှင်

## ချက်ချင်းအကောင်းပကတိဖြစ်အောင် ပြုစုကုသနည်း

**မြင့်မြတ်လွန်း**



▲ ရုတ်တရက် လေဖြတ်လျှင်
ပြုစုကုသနည်းပေးသော
သမားတော်ကြီး
ဣန္ဒြာသယ ဦးမောင်မောင်

သမားတော်ကြီး အဘဦးမောင်မောင် ဟာ စာရေးသူတွေ့ဆုံခဲ့စဉ်က အသက် (၈၅)နှစ်ရှိပြီး အဘိဓမ္မာ တောင်သာ ဆရာအုန်းရဲ့မြေးဖြစ်ပါတယ်။

အသက်(၃၃)နှစ် အရွယ်ကစပြီး ရောဂါမျိုးစုံကို ကုသလာခဲ့တာ အတွေ့အကြုံရင့်ကျက်တဲ့ သမားတော်တစ်ဦး ဖြစ်ပါတယ်။

တိုင်းရင်းမြန်မာဆေးပညာ အဆင့် မြင့်သင်တန်း အမှတ်စဉ် ၁/၈၅ကို တက်ရောက်အောင်မြင်ခဲ့ပြီး တဆ လက်မှတ်ရ သမားတော်ကြီးဖြစ်ကာ **ဘီးလင်းမြို့၊ ဆင်းသိင်္ဂီလမ်း၊ ငှက် ပျောတောအုပ်စုကန်သာယာရပ်ကွက် (၈)မှာ ဣန္ဒြာသယဆေးကုခန်း**ကို ဖွင့်လှစ်ပြီး ရောဂါမျိုးစုံကို ကုသပေးနေ ပါတယ်။

ဆရာကြီး၏ တဆအမှတ်ကို မေး ကြည့်ရာ ခရီးသွားရင်း မှတ်ပုံတင်ရေး၊ တဆလက်မှတ်ပါ ငွေများနှင့်အတူ အခိုးခံခဲ့ရ၍ ပျောက်ဆုံးကာ မမှတ်မိ တော့ကြောင်း စိတ်မကောင်းစရာ သိရှိ ရပါတယ်။

ဆရာကြီးမှာ ဆေးကုသက်တမ်း ရင့်၍ အသက်အရွယ်အားဖြင့်လဲ ကြီးမားကာ၊ အတွေ့အကြုံသမ္ဘာလဲ ရင့်လှပေရာ ဆရာကြီးထံမှ အများ ပြည်သူကို ရေးသားတင်ပြနိုင်ဖို့ ဆေးနည်းကောင်းများကို တောင်းခံ ယူခဲ့ပါတယ်။

အထူးသဖြင့် စာရေးသူရဲ့ဖခင်ဟာ မိသားစု စကားပြောနေရင်း မည်သည့် ရောဂါမှမရှိဘဲ ရုတ်တရက် လေဖြတ် သေဆုံးခဲ့ခြင်း၊ အလှူတစ်ခုမှာ ထမင်း တစ်ဝိုင်းတည်း အတူထမင်းစားနေတဲ့ အဘအိုတစ်ဦးဟာ ထမင်းနှစ်လုပ်မျှ ပင် မဝင်မီ ရုတ်တရက် လေဖြတ် သေဆုံးသွားခဲ့ခြင်းတို့ကို မျက်မြင် ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီလို ရုတ်တရက် မိမိအနားမှာ အကြောများ တုံ့ဆွဲပြီး လေမိတာကို ဘယ်လို ပြုစုကုသပေးရမယ်ဆိုတာ ဆရာကြီးအားမေးမြန်းပြီး ကိုယ့်အနား မှာ ရုတ်တရက် လေမိဖို့ လက္ခဏာ အသွင် ပြလာတာနဲ့ ပြုစုကုသတတ် ကြစေဖို့ ရေးသားတင်ပြလိုက်ပါတယ်။

### ရုတ်တရက် လေမိသူကို ချက်ချင်း ပြုစုကုသပုံ

ဓလရောဂါဟာ အသက်(၄၀)ကျော် နဲ့ (၆၀)အတွင်းမှာ အဖြစ်များတယ်။ အတာပွနလေပတ်ဖွဲ့ အအေးများရာက ဥဒ္ဓင်္ဂမလေအထက်ကို ဆောင့်တက်ရာ ကနေ လေဖြတ်ပြီး ပါးရွဲ့၊ ခြေထောက် ဆာ၊ ခြေလက်တို့ လှုပ်မရခြင်းများ ဖြစ်တတ်ပါတယ်။

ရုတ်တရက် လေမိတဲ့သူကို အောက် ကနိုပ်ကွက်တွေနဲ့ နှိပ်ပေးမယ်ဆိုရင် ပျောက်ကင်းသက်သာမှုကို ရရှိစေပြီး ဆက်လက်ကုသတဲ့နေရာမှာ အလွယ် တကူနဲ့ ရှင်းရှင်းပြတ်အောင် သက်သာ ပျောက်ကင်းစေပါတယ်။

**နှိပ်ကွက်(၁)**

ပထမနှိပ်ကွက်က ခြေမျက်စိနဲ့ နောက်နားကပ်နေတဲ့ သွေးပြန်ကြော ကို ခပ်နာနာ နှိပ်ခြေပေးပါ။

**နှိပ်ကွက်(၂)**

နှိပ်ကွက်(၂)အနေနဲ့ကတော့ ခြေမနဲ့ ခြေဖနောင့်ကြားမှာရှိတဲ့ ခြေဖဝါး အလယ်ဘေးသားက အကြောကို ကျေအောင်နှိပ်ခြေပေးရမယ်။

**နှိပ်ကွက်(၃)**

နှိပ်ကွက်(၃)ကတော့ ဒူးဆစ် အောက်မှာရှိတဲ့ ခြေတံကောက်ကြော ကို နှိပ်ခြေပေးရမယ်။

**နှိပ်ကွက်(၄)**

နှိပ်ကွက်(၄)အနေနဲ့ အများသိတဲ့ ပေါင်တွင်းကြောကို ကြိတ်ခြေပြီး [illegible]




www.burmeseclassic.com

www.burmeseclassic.com

ပေးရမယ်။

အဲဒီလို နှိပ်ကွက်လေးကွက်နဲ့ အချိန်မဆိုင်းဘဲ ဝိုင်းဝန်းနှိပ်ပေးလိုက်ကြမယ်ဆိုရင် လေမိလို့ သတိလစ်မလိုလိုဖြစ်နေတာ၊ အာလေး၊ လျှာလေးလာတာ လျော့ကျသွားပြီး မကြာခင် သတိလည်ပြီး လူကောင်းလို စကားပြန်ပြောလာနိုင်ပါလိမ့်မယ်။

* * *





### လေမိ၍ လျှာများ၊ ကျင်ချောင်းများ အတွင်းသို့ တိုဝင်၊ တွန့်ဝင်၊ တွန့်ဝင်လျှင် နှိပ်ကွက်

အချို့ အထက်ဆောင့်တဲ့ လေအားကြီးတဲ့သူဆိုရင် လျှာနဲ့ ကျင်ချောင်းအထဲကို တိုဝင်သွားတာမျိုး ဖြစ်တတ်တယ်။

အဲဒီလိုဖြစ်လာပြီဆိုရင် ရှေးဦးပြုစုပေးဖို့က ပေါင်တွင်းကြောနဲ့ဆီးခုံအပေါ်ကြောကို နှိပ်ပေးရမယ်။ **နှိပ်ကွက်(၆)**။

ပြီးတော့ ဘဝင်ကြောလို့ခေါ်တဲ့ ရင်ဝအကြောကို နို့သီးခေါင်းအပေါ် လက်လေးသစ်နေရာမှာ လက်ချောင်းတွေနဲ့ထောက်ပြီး **နှိပ်ကွက်(၅)**ကို နှိပ်ပေးလိုက်မယ်ဆိုရင် တိုဝင်သွားတဲ့ လျှာနဲ့ကျင်ချောင်းဟာ နဂိုမူလအတိုင်း ပြန်ရှည်ထွက်လာလိမ့်မယ်။

* * *




### လေမိထားပြီးသောလူနာကို သက်သာပျောက်ကင်းစေသော ကုထုံးဆေးချက်

လေမိထားတဲ့သူဟာ သွက်ချာတောလည်ဖြစ်နေပြီး ခြေဆစ်၊ လက်ဆစ် နှစ်ဆစ် ပြုတ်နေပြီဆိုရင်တော့ ကုသလို့ မရတော့ပါဘူး။

သွက်ချာတောလည် မဖြစ်သေးဘူး၊ ခြေဆစ်၊ လက်ဆစ်ကလဲ တစ်ဆစ်လောက်ပဲ ပြုတ်သေးတာဆိုရင်တော့ ကုသပျောက်ကင်းနိုင်ပါတယ်။

**သွက်ချာတောလည် ဖြစ်နေတယ်ဆိုတာက** ကိုယ့်အိမ်သားနဲ့ မိတ်ဆွေတွေကိုတောင် ကောင်းကောင်း မှတ်မိသိရှိခြင်း မရှိတော့တာမျိုးကို ဆိုလိုပါတယ်။

**ကုထုံးဆေးချက်ကတော့...**

**ပိတ်ချင်း။ ထေးညှင်း။ ငရုတ်ကောင်းနဲ့ ဆိတ်ချေးတို့ကို** သတူကြိတ်နယ်ရေစစ်ကာ နှမ်းဆီနဲ့ရောလိမ်းပြီး အထက်ကပြောပြခဲ့တဲ့ နှိပ်ကွက်တွေအတိုင်း ထိထိမိမိ နှိပ်ပေးမယ်ဆိုရင် မကြာခင် တစ်နေ့တခြား သက်သာ ပျောက်ကင်းသွားပါလိမ့်မယ်။

### သမားတော်ကြီး အဘဦးမောင်မောင်၏ အမှာစကား

အဘအနေနဲ့က ဆေးဆရာပီပီ ကိုယ့်ကိုယ်ကို ဆင်ခြင်ပြုပြင်နေထိုင်တဲ့အတွက် အသက်(၈၅)နှစ်ထဲရောက်လာတဲ့တိုင်အောင် လေနဲ့ပတ်သက်တဲ့ ရောဂါကို မခံစားရဘူး။

ကိုယ့်မှာ ရောဂါရအောင် ဘယ်သူမပြု မိမိမှုဆိုတဲ့စကားလိုပဲ ဘယ်သူမှ မလုပ်ဘူး။ ကိုယ်ကပဲလုပ်တာ။


 စာမျက်နှာ (၁၅၈) သို့

www.burmeseclassic.com

www.burmeseclassic.com

# တေဇောကသိုဏ်းကို ပွားများနိုင်သော

## ယောဂီပုဂ္ဂိုလ် ပြုလုပ်ရမည့် အစီအရင်နှင့် ပွားများပုံနည်းများ




### ၁။ အစီအရင်ပြုလုပ်ပုံ

တေဇောကသိုဏ်းအတွက် အစီအရင် ပြုလုပ်ပုံမှာ ထင်းတို့ကို ခွဲစိတ်ဖြတ်တောက် ခြောက်သွေ့စေပြီးလျှင် သပိတ်ဖုတ်သည့် အခါကဲ့သို့ မီးလျှံရအောင် မီးညှိရပါသည်။

ထို့နောက် ဖျာသင်ဖြူး၌ဖြစ်စေ၊ သားရေပိုင်း၌ဖြစ်စေ၊ အဝတ်ပိုင်း၌ဖြစ်စေ၊ အချင်း တစ်ထွာလက်လေးသစ်ခန့် ပမာဏရှိသော အပေါက်ဖောက်ပြီး ယောဂီပုဂ္ဂိုလ်နှင့် မီးလျှံအကြား ရှေ့၌ ထားရပါသည်။

### ၂။ တေဇောကသိုဏ်းပွားများပုံ

ယောဂီပုဂ္ဂိုလ်သည် တစ်ထွာလက်လေးသစ်ခန့်မြင့်သော အင်းပျဉ်ပေါ်၌ တင်ပျဉ်ခွေထိုင်၍ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားရသည်။

မိမိမျက်စိနှင့် ဖောက်ထားသော အပေါက်သည် တစ်တန်းတည်း ဖြစ်စေရသည်။ အောက်မြက်ခင်းကိုလည်းကောင်း၊ အထက်မီးခိုးကိုလည်းကောင်း နှလုံးမသွင်းရပါ။

**အဝိုင်းအပေါက် အလယ်ရှိ တစ်ခဲနက်သော မီးလျှံ၌ စိုက်သည့် "တေဇော တေဇော"(မီး) (မီး)ဟူ၍ ပွားများရပါသည်။**

မီး၏ အညို,အဝါ စသော အဆင်းကို လည်းကောင်း၊ ပူခြင်းသဘော လက္ခဏာကိုလည်းကောင်း မဆင်ခြင်ရပါ။

တေဇောဟူသော ဝေါဟာရပညတ်၌ စိတ်ကိုထား၍ ပွားများရပါသည်။

ရွှေဘီသိန်း

စာမျက်နှာ (၁၅၇)မှ အဆက်

ကိုယ်က အနေအထိုင်အသွားအလာ အစားအသောက်ကို ဆင်ခြင်နေမယ်ဆိုရင် ရောဂါဖြစ်ခွင့်နည်းပါတယ်။

မဆင်ခြင်တဲ့သူက ရောဂါကို လက်ယပ်ခေါ်နေသလိုမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့်မို့ လူတိုင်း ကျန်းမာရေးအတွက်ဆေးပညာသဘောတရားတွေကို လေ့လာလိုက်စား သိရှိထားသင့်ကြတယ်။

မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းဟာ ဖြစ်ပြီးမှ ကုသခြင်းထက် ပိုကောင်းပါတယ်။

လေရောဂါနဲ့ပတ်သက်ပြီး ဆင်ခြင်စရာလေးတွေ ပြောရမယ်ဆိုရင် အရက်သောက်တဲ့သူတွေမှာ အဖြစ်များတာမို့ အသက်လေးဆယ်ကျော်လာရင် အရက်ကို မသောက်တော့ဖို့...။

ကိုယ်လက် လေးလံထိုင်းမှိုင်းစေတဲ့ အစားအစာတွေကို မစားကြဖို့ ပန်ကာလေနဲ့ ရေခဲရည်ကိုရှောင်ဖို့...။

အုန်းထမင်း၊ ဒံပေါက်ထမင်း၊ ဝက်သားတို့ကို စားတာလျှော့ဖို့နဲ့ လုံးဝမစားဘဲ နေထိုင်နိုင်ရင် ပိုကောင်းပါတယ်။

**အချဉ်နဲ့အခါးကို များများစားပေးဖို့** လိုလာပါတယ်။ လေမိနေတဲ့ဝေဒနာသည်တွေကိုတော့ **အချဉ်၊ အခါးနဲ့ အမွှေးအရသာတွေကို** များများကျွေးပေးရပါမယ်။

**[လေမိသူမှာ ရှင်လျက်နဲ့သေသူနဲ့ မခြားတာမို့ လေရောဂါကို ပြုစုပုံ၊ ကာကွယ်ပုံကုသပုံများနဲ့ဘက်ဆရာကြီး၏ လက်တွေ့ကုထုံးကို အများအကျိုးအတွက် မချွင်းမချန် ပြောပြပေးတဲ့အတွက်ဆရာကြီးဦးမောင်မောင်အား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ကျေးဇူးတင်ရှိပါတယ်။]**

၂၀၀၁ ခုနှစ်က တွေ့ဆုံခဲ့ပြီး ရေးမြန်းခဲ့တာပါ။

မြင့်မြတ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁)ရက်မှ (၃၀)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်

အား ဝတ္ထုငွေ (၁၅၀ကျပ် သို့မဟုတ် ၁၅၀၀ကျပ်၊ ၁၅၀၀၀ကျပ်)ကို တတ်နိုင်သလောက် လှူဒါန်းပေးပါ။



## တနင်္ဂနွေ

**စီးပွားရေး** ။ ။ ကန်ထရိုက်ဆောက်လုပ်ရေးလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေရမည်။ လုပ်ငန်းများ မတိုးချဲ့ပါနှင့်ဦး။ မပြီးစီးသောလုပ်ငန်းများကိုသာ လက်စသတ်ပါ။

**ဝန်ထမ်းရေးရာ** ။ ။ အလုပ်နှင့်ပတ်သက်သော ရေလမ်းခရီးသို့ သွားသင့်သေး။ လက်ရှိတာဝန်ယူထားသော လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးရန် ကြိုးစားလိုက်ပါဦး။

**အိမ်တွင်းရေး** ။ ။ ငွေရေးကြေးရေးသုံးစွဲမှုနှင့် ပတ်သက်၍ အိမ်ထောင်ဖက်နှင့် သဘောထား ကွဲလွဲတတ်သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားလိုက်လျှင် အားလုံးအဆင်ပြေသွားပါလိမ့်မည်။

**အချစ်ရေး** ။ ။ ချစ်သူရှိပြီးသူများ ရုပ်ချော၊ ဥစ္စာပေါသူနှင့်ထပ်မံတွေ့ရမည်ဖြစ်၍ စဉ်းစားချင့်ချိန် သုံးသပ်ဆုံးဖြတ်ပါ။

**ပညာရေး** ။ ။ အချစ်ရေးတွင် ဝိုင်းဝိုင်းလည်နေ၍ ပညာရေးကို ထိခိုက်ပါစေနှင့်။ ပညာသည် ဘဝအာမခံချက်ဖြစ်သည်။

**ကျန်းမာရေး** ။ ။ဆေးမှား၊ အစားမှားဖြစ်တတ်၍ အစားအသောက်ဆင်ခြင်ပါ။ တွဲဖက်မစားသင့်သော အစာများကို အထူးသတိထား ရှောင်ကြဉ်ပါ။

**ဆောင်ရန်ရက်များ** ။ ။၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ။၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ဘုန်းတော်ကြီးတစ်ပါးအား ဆွမ်းမကင်း ခြောက်တုံး လှူဒါန်းပါ။

## တနင်္လာ

**စီးပွားရေး** ။ ။ နိုင်ငံခြားသားများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများမှ အကျိုးအမြတ်များရမည်။

**ဝန်ထမ်းရေးရာ** ။ ။ လုပ်ငန်းခွင်တွင် (သို့မဟုတ်) အလုပ်တွင် အပိုင်အဆိုင်ပေါ်လာမည်။ မိမိကို သိက္ခာချဒုက္ခပေး၍ နာမည်ကောင်းယူချင်သူ ပေါ်လာလိမ့်မည်။ သတိထား၍ လုပ်ကိုင်ပါ။

**အိမ်တွင်းရေး** ။ ။အိမ်တွင်းရေး သာယာမည်။ မိမိအခက်အခဲများကို မိသားစုက ဝိုင်းဝန်းဖြေရှင်းပေးလိမ့်မည်။ မိမိတွင် အခက်အခဲပြဿနာများရှိသော် အားမငယ်ပါနှင့်။

**အချစ်ရေး** ။ ။ အချစ်ကံကောင်းနေသည်။ ချစ်သူဝိုင်းဝိုင်းလည်နေသည်။ အရွေးမမှား အတွေးမမှားဖို့တော့လိုပါသည်။

**ပညာရေး** ။ ။ပညာရေးကံကောင်းနေ၍ နည်းနည်းကြိုးစားရုံဖြင့် အောင်မြင်မှုများမည့်ကာလဖြစ်သည်။

**ကျန်းမာရေး** ။ ။ လေထိုးလေအောင့်ဖြစ်တတ်၍ လေပွစာများ၊ ကြွလွယ်သောအစာများကို မစားပါနှင့်။

**ဆောင်ရန်ရက်များ** ။ ။၂၊ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၂၊ ၃၊ ၅၊ ၈ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ မိမိအိမ်သို့ ကြွရောက်လာသော ရဟန်းတစ်ပါးပါး...

## အင်္ဂါ

**စီးပွားရေး** ။ ။အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်းများ ကောင်းမည်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အောင်မြင်မည်။

**ဝန်ထမ်းရေးရာ** ။ ။ ငွေကြေးကိုင်တွယ်သုံးစွဲရသောသူများ ငွေကြေးပြဿနာဖြစ်တတ်၍ စာရင်းဇယားကို အတိအကျထားပါ။

**အိမ်တွင်းရေး** ။ ။ မိသားစုအတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကောင်းမည်။ လိုအင်ဆန္ဒများပြည့်ဝမည့်ကာလဖြစ်သည်။

**အချစ်ရေး** ။ ။အချစ်ရေးအဆင်ပြေမည်။ နှစ်ဖက်သောလူကြီးမိဘများက သဘောတူကြည်ဖြူကြလိမ့်မည်။

**ပညာရေး** ။ ။ အချစ်ရေးအောင်မြင်သောကြောင့် ပညာရေးကို လျစ်လျူမရှုပါနှင့်။ မိမိဘဝတွင် အားကိုးရမည်မှာ ပညာရေးသာဖြစ်သည်။

**ကျန်းမာရေး** ။ ။ဆီးရောဂါဖြစ်တတ်သည်။ အပူအစပ်များရှောင်ပါ။ ရေများများသောက်ပေးပါ။

**ဆောင်ရန်ရက်များ** ။ ။ ၂၊ ၄၊ ၇၊ ၉၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၂၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ဆောင်ရွက်ရန်၊ ပြောဆိုရန်ကိစ္စရှိလျှင် ဘုရားတွင် နွားနို့(၃)ခွက် ကပ်လှူပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ။အလုပ်အကိုင်များ၊ လုပ်ငန်းများ အောင်မြင်မည်။ အမြတ်များမည်။ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများအကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။လုပ်ငန်းဆိုင်ရာခရီး စေလွှတ်လျှင် သွားလိုက်ပါ။ မိမိရာထူးတက်ရေးအတွက် အထောက်အကူပေးမည့် အောင်မြင်သောခရီး ဖြစ်မည်။

**အိမ်တွင်းရေး** ။ ။ အိမ်ထောင်ဖက်၏ စီးပွားရေးလုပ်ငန်းကောင်းပြီး ငွေဝင်မည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး ကောင်းမည်။ မိသားတစ်စု ပျော်ရွှင်ရမည့်ကာလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





**အချစ်ရေး** ။ ချစ်ဂုဏ်ကောင်းသောကာလဖြစ်သည်။ အချစ်ရေးတစ်ခုတည်းတွင် စီးဝင်မျောပါမနေပါနှင့်

**ပညာရေး** ။ ချစ်လဲချစ်ပါ။ ပညာရေးကိုလဲ ကြိုးစားပါ။ အချစ်ကိစ္စကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး** ။ ခေါင်းမူးခေါင်းကိုက်ဖြစ်တတ်၍ နေပူထဲမှ ပြန်ရောက်ရောက်ချင်း ခေါင်းကိုရေလောင်းပြီး မချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၇၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၀၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၅၊ ၆၊ ၈၊ ၀ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ပြောဆိုဆောင်ရွက်ရန်ကိစ္စရှိလျှင် ဘုရားတွင် စံပယ်ပန်း (၁၇)ကုံး လှူ၍ စံပယ်ပန်း (၄)ပွင့် ဆောင်သွားပါ။

## ကြာသပတေး

**စီးပွားရေး** ။နိုင်ငံခြားသားများနှင့် ပူးတွဲလုပ်ကိုင်ရသောလုပ်ငန်းများမှ အကျိုးအမြတ်များများ ရရှိမည်။

**ရာထူးရေး** ။ နေရာကောင်း၊ ဝင်ငွေကောင်းသောနေရာဌာန၊ လုပ်ငန်းသို့ ပြောင်းရကိန်းရှိသည်။

**အိမ်ထောင်ရေး** ။ မိသားစုအတွင်း ကြီးပွားရေး၊ စီးပွားရေး၊ ကျန်းမာရေးကောင်းမည်။ မိသားတစ်စု စိတ်ချမ်းမြေ့ ပျော်ရွှင်ရသောကာလဖြစ်မည်။

**အချစ်ရေး** ။မိမိ၏ အပြုအမူအနေအထိုင် အပြောအဆိုကြောင့် ချစ်သူ၏ ချစ်သံသယစိတ်ဝင်တတ်သည်။ အစစအရာရာ သတိထား ပြုပြင်လိုက်လျှင် ကောင်းသွားပါလိမ့်မည်။

**ပညာရေး** ။ အချစ်ရေးကြောင့် စိတ်ညစ်ပြီး မလေပါနှင့်။ အချစ်ပြဿနာသည် ဘဝ၏ အစိတ်အပိုင်းပါ။ ဘဝတစ်သက်တာအတွက် ပညာရေးကို အလေးထားပါ။

**ကျန်းမာရေး** ။ ခြေထောက်တွင် ထိခိုက်မိတတ်၍ သွားလာရာတွင် သတိဖြင့် သွားလာပါ။ ပေါ့ပေါ့ဆဆ မလုပ်ပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၁၊ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၅၊ ၇၊ ၈၊ ၀ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မီခင်ဖခင်(သို့မဟုတ်) မိရွယ်ဖရွယ်တို့အား နွားနို့တွင် သကြားထည့်၍ ပေါင်မုန့်ဖြင့် တိုက်ကျွေးပါ။

## သောကြာ

**စီးပွားရေး** ။ လုပ်ငန်းများတိုးချဲ့လိုက တိုးချဲ့နိုင်သောကာလဖြစ်သည်။ ရွှေပန်းထိမ်လုပ်ငန်း၊ ရွှေဆိုင်လုပ်ငန်း အောင်မြင်တိုးတက်မည့်ကာလ ဖြစ်သည်။

**ရာထူးရေး** ။ လူကြီးများ၏ အားပေးမှု လုပ်ဖော်ကိုင်ဖက်များ၏ ကူညီရိုင်းပင်းမှုကြောင့် မိမိတာဝန်ယူထားသောအလုပ်၊ လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးမည်။

**အိမ်ထောင်ရေး** ။ မိသားစုထဲမှ နိုင်ငံခြားသို့ သွားရောက်ခွင့် ကြုံလိမ့်မည်။ မိသားတစ်စု သာယာချမ်းမြေ့မည့်ကာလ ဖြစ်ပါသည်။

**အချစ်ရေး** ။ ချစ်သံသယစိတ်မဝင်အောင် သတိထားနေထိုင်ပါ။ အနေအထိုင်အပြောအဆို အပြုအမူပြင်ဆင်လိုက်လျှင် အချစ်ရေးပြန်ကောင်းသွားပါမည်။

**ပညာရေး** ။ ရပ်ဝေးမြေခြား သို့မဟုတ် နိုင်ငံခြားတွင် ပညာသင်ရကိန်းရှိနေသည်။ နိုင်ငံခြားသွားရန်ဆန္ဒရှိလျှင် ယခုကတည်းက စတင်ကြိုးစားလိုက်စမ်းပါ။

**ကျန်းမာရေး** ။အဆစ်အမျက်ကိုက်ခဲခြင်းရောဂါဖြစ်တတ်၍ အဆီအဆိမ့်များကို ရှောင်ပါ။ နားလည်တတ်ကျွမ်းသောသူနှင့် ပြသကုသပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၃၊ ၂၆၊ ၂၇။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၂၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ "ရွှေ"အစချီသောဘွဲ့တော်ရှိ ဗုဒ္ဓရုပ်ပွားတော် သို့မဟုတ် စေတီတစ်ဆူဆူတွင် မွေးနေ့နံနက် ဥဒေါင်းရှိလ?တွင် ဒိဠိတပတိ သဗ္ဗမင်္ဂလာဂါထာတော်ကို သက်စေ့ ရွတ်ပွားပူဇော်ပေးပါ။

## စနေ

**စီးပွားရေး** ။ရောင်းမှားဝယ်မှား ဖြစ်တတ်၍ လုပ်ငန်းနှင့် ပတ်သက်သောကုန်ပစ္စည်းများ ဝယ်ရာတွင် အထူးသတိထားပါ။ ငွေလိမ်ခံရကိန်း ရှိနေ၍ သတိဖြင့် လုပ်ကိုင်ပါ။

**ရာထူးရေး** ။လုပ်ငန်းအချိန်မီပြီးစီးအောင် ကြိုးစားလုပ်ကိုင်ပါ။ အကြောင်းပြချက်များမပေးဘဲ အောင်မြင်စွာ ပြီးစီးအောင် လုပ်ပြလိုက်ပါ။

**အိမ်ထောင်ရေး** ။ အလှူအတန်းပေးရခြင်း၊ မင်္ဂလာကိစ္စ ဆောင်ရွက်ပေးရခြင်းတို့ရှိမည်။ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရသောကာလ ဖြစ်ပါသည်။

**အချစ်ရေး** ။အချစ်ရေးအောင်မြင်မည့်ကာလဖြစ်သည်။ ချစ်သူမရှိသေးသူများ စိတ်ထားကောင်းသော ရိုးသားသောချစ်သူနှင့် တွေ့ရလိမ့်မည်။

**ပညာရေး** ။ အချစ်ရေးအောင်မြင်သလို ပညာရေးတွင်လည်း ကံဇာတာတက်နေသောကာလဖြစ်သည်။ နည်းနည်းကြိုးစားရုံဖြင့် ထူးထူးခြားခြားအောင်မြင်မည်။

**ကျန်းမာရေး** ။ ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်တတ်၍ အနားယူပေးပါ။ နေပူထဲမှ ပြန်ရောက်ရောက်ချင်း ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၄၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ အိမ်ရှိအတူနေသူများအား ဝက်သားကြော်ကျွေးပါ။ ဝက်သားကြွပ်ဆိုင်ဟင်းချို ပါပါစေ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com



▲ နောင်တော်ပုံ

ဉာဏ်ခိုင် (ကိုးချောင်ကြီး)

သထုံနီးကျွန်းမြို့နယ်

# ကျိုက္ကစံစေတီတော်မှ

## ယက္ခညီနောင်ရဲ့ ပွင့်လန်းလာသောကံ

မြတ်ဗုဒ္ဓ၏ ဟောကြားသော တရားတော်များမှ ကံ၏ အကျိုးတရားများအကြောင်းကို ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့သည် ယုံကြည်လေးစားကြပါသည်။

ဟောကြားတော်မူခဲ့သော တရားတော်များအတိုင်း အတိတ်ဘဝကကံနှင့် ပစ္စုပ္ပန်ကံ ကောင်း,ဆိုးအကျိုးတရားများအလိုက် ခံစားရတတ်ကြောင်းလည်း သိမြင်လာခဲ့ကြပါသည်။

သက်ရှိသတ္တဝါပင်မက မြင်အပ်, မမြင်အပ်သော ပုဂ္ဂိုလ်များတွင်လည်း ကံအကျိုးတရားများ ကောင်း,ဆိုး ခံစားရကြောင်း မြင်ကြားခဲ့ရပါသည်။

စာရေးသူ တင်ပြချင်တာက မြင်အပ်, မမြင်အပ်သော ပုဂ္ဂိုလ်များထဲမှ **ရန်ကုန်တိုင်းဒေသကြီး၊ သထုံနီးကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရားဝင်းအတွင်းမှ ယက္ခညီနောင်၏ ကံပွင့်လာပုံ** အကြောင်းပါ။

ဤ ယက္ခညီနောင်ကံပွင့်လာပုံကို စာရေးသူ တင်ပြချင်တာက ကြာပါပြီ။ သို့သော် ဆောင်းပါးတစ်ပုဒ် ရေးရာတွင် အထောက်အထား ခိုင်လုံမှုရှိရပါမည်၊ စိတ်ကူးယဉ်သော ဝတ္ထုဆောင်းပါး မဟုတ်၍ ဖြစ်ပါသည်။

ယက္ခညီနောင်၏ ကံပွင့်လာပုံကို အထောက်အထား စုံစမ်းမေးမြန်းရာ တိတိကျကျ အဖြေမပေးနိုင်ကြပါသဖြင့် ကြန့်ကြာနေခြင်းဖြစ်ပါသည်။

စာရေးသူ ငယ်စဉ်ကလေးဘဝကတည်းက ဤကျိုက္ကစံဘုရားဝင်းအတွင်း အမြဲသွားလာခဲ့ခြင်းများကြောင့် ကျိုက္ကစံဘုရားကြီးနှင့် ပတ်သက်၍ ဖြစ်ရပ်မှန်၊ ဓာတ်တော်တွေ ကွန့်မြူးခဲ့ပုံအကြောင်းကိုလည်း **၂၀၁၁ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ စာမျက်နှာ(၂၃၃)တွင်** ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုဆောင်းပါးတွင် ယက္ခညီနောင်

www.burmeseclassic.com

အကြောင်းကို အနည်းအကျဉ်းသာ ရေးသားထားပါသည်။

**၁၉၈၈ ခုနှစ် အရေးအခင်းကြီး ပြီးတော့မှ** ယက္ခညီနောင်နှစ်ပါး ကံထူး ကံပွင့်လာကြချိန်မှာ စာရေးသူက သဃ်န်းကျွန်းတွင် မနေတော့ပါ။

သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံ ဘုရားလမ်းရပ်ကွက်မှ ၁၉၇၇နှစ် ကတည်းက မန္တလေးမြို့သို့ ယင်းမှ ညောင်လေးပင်မြို့၊ ပဲခူးမြို့နှင့် မြိတ်မြို့ များသို့ ဆင့်ကဲဆင့်ကဲ ပြောင်းရွှေ့ နေထိုင်ခဲ့သဖြင့် ကျိုက္ကစံဘုရားကြီးနှင့် ပတ်သက်၍ အဆက်အသွယ် လုံးဝ ပြတ်တောက်နေခြင်းဖြစ်ပါသည်။

မန္တလေးမြို့သို့ မပြောင်းခင်က စာရေးသူ၏ဖခင်နှင့်အတူ နံနက် (၄း၀၀)နာရီခန့်တွင် ကျိုက္ကစံဘုရား ကြီး၏ ရင်ပြင်ပေါ်တွင် တံမြက်စည်း လှည်းခြင်း၊ ပုတီးစိပ်ခြင်းများ ပြုနေကြ ပါ။

ကျိုက္ကစံဘုရားကြီးနှင့် ပတ်သက်၍ ဘယ်နေရာမှာတော့ ဘယ်အဆောက် အအုံ ရှိသည်၊ ဘယ်ပုဂ္ဂိုလ်က ဘယ် နေရာမှာ စသည်ဖြင့် မှတ်မိနေပါသည်။

ယက္ခညီနောင်နှင့် ပတ်သက်၍ စုံစမ်းသိရှိရသလောက်မှာ…

၁၉၈၈ ခုနှစ် အရေးအခင်းကြီးပြီး သည့်နောက် အစိုးရက မြန်မာနိုင်ငံမှ ဘုရားပေါင်းမြောက်မြားစွာကို ဘက်စုံ *ပြုပြင်မွမ်းမံမှုများပြုခဲ့ရာ ကျိုက္ကစံ* ဘုရားကြီးလည်း ပါ,ပါသည်။

ဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သီလရှင်ကျောင်းများကို ဖျက်သိမ်း၍ ဘုရားကြီးဝင်းဘေးနား မှာပင် ကျောင်းတိုက်များ ဆောက်လုပ် ၍ နေရာအသီးသီး ချမှတ်ပေးခဲ့ပါ သည်။

မုခ်(၄)မုခ်မှ တန်ဆောင်းကြီးများကို လည်း ပြုပြင်မွမ်းမံခဲ့ပါသည်။

ဘုရားကြီး၏ တောင်ဘက်ရင်ပြင်



ညီတော်မုံ

*ပေါ်တွင် ရှိသော* ***ရသေ့ကြီးဘခေါက်*** နှင့် အရှေ့မြောက်ထောင့်တွင်ရှိသော **ကျိုက္ကစံဘိုးဘိုးကြီး…**

အရှေ့ဘက်ရှိ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ထူးများ၏ ဓာတ်နန်းနှင့် အမေ သူရဿတီမယ်တော်နန်းတွေ အားလုံး နေရာရွှေ့ပြောင်းလိုက်ပါသည်။

တစ်ဆက်တည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်က ကျိုက္ကစံဘုရားကြီး၏ အနောက်ဘက်မုခ်ဝရှိ ယက္ခညီနောင် လည်း ပါ,ပါသည်။

သို့သော် အကြောင်းကြောင်း ကြောင့် ယက္ခညီနောင်မှာမူ မရွှေ့ဖြစ် တော့ပါ။

ထို့နောက်ပိုင်းတွင် ယက္ခညီနောင် လည်း သူတို့၏ ကံတွေ ပွင့်လာသည်ဟု ဆိုရပါတော့မည်။ လူအများက ယက္ခ ညီနောင်အား အလေးထားလာပါ တော့သည်။ ယက္ခညီနောင်အတွက် ကန်တော့ပွဲတွေ ဆက်သလာကြသည်။

ဖောင်းတော်တွေ၊ သစ်သီး စား သောက်ဖွယ်မျိုးစုံနှင့် လာရောက်





www.burmeseclassic.com

www.burmeseclassic.com

ဆက်သကြတော့သည်။ ယက္ခညီနောင် သတင်းကျော်ကြားလာတော့သည်။

လုပ်ငန်းကိုင်ငန်း အဆင်ပြေချောမွေ့စေရေး ဆုတောင်းကြသည်။ တစ်ဆင့် ကြားသိရသည်မှာ ထီသမားတွေနှင့် စီးပွားရေးသမားများ၊ အများဆုံး လာရောက် ဆက်သကြကြောင်း သိရသည်၊ အောင်မြင်ကြသည်ဟု ကျော်ကြားလာသည်။

စာရေးသူလည်း ကျိုက္ကစံဘုရားကြီးသို့ ရောက်တုန်းရောက်ခိုက်မှာ ဘုရား ပူဇော်ပြီးနောက် ယက္ခညီနောင် နတ်နန်းဘက် သွားရောက် လေ့လာခဲ့ရာ စာရေးသူတို့ငယ်စဉ်က တွေ့ကြုံခဲ့ပုံနှင့် လုံးဝ မတူတော့ပါ။

ယက္ခညီနောင်တွင် တာဝန်ကျနေသော ဝန်ထမ်းအား သွားရောက်မေးမြန်းရာတွင် တစ်လလျှင် ကန်တော့ပွဲပေါင်း(၁၀၀၀)နီးပါးမျှ ရရှိကြောင်း သိခဲ့ရပါသည်။

ကန်တော့ပွဲ တစ်ပွဲလျှင်(၃၀၀၀)နှုန်းဖြင့် တွက်ပါက ပွဲ(၁၀၀၀)တွက်ဆိုလျှင် သိန်းပေါင်း (၃၀)လောက် ရှိမည်ဟု ခန့်မှန်းပါသည်။

စာရေးသူတို့ ငယ်စဉ်က ကျိုက္ကစံဘုရားကြီးတွင် ကျိုက္ကစံရွာ ဗုဒ္ဓဝေယျာဝစ္စအသင်းကြီးမှ ဦးဆောင်၍ ထုံးသက်န်းကပ်လှူပူဇော်ရာ၌ ပါဝင်လုပ်အားပေးခဲ့ပါသည်။

ဘုရားကြီး၏အထက် ကြာလန်အထိ တက်ရောက်ဖူးပါသည်၊ ဘုရားကြီး၏ အရံစေတီများ၊ ပလ္လင်၊ အထက်ဓဇ္စယာတံတိုင်း၊ ယက္ခညီနောင်နှင့် ခြင်္သေ့ကြီးများအားလုံးကို အရင် သန့်ရှင်းရေးလုပ်ပြီးမှ ထုံးသက်န်းကပ်လှူရပါသည်။

တိုးချောင်ကြီးကျေးရွာ(ယခု မြောက်ဒဂုံ) တောင်ဥက္ကလာပတို့မှ သင်္ဃန်းကျွန်းသို့ လာသူများမှာ ဤယက္ခညီနောင်ရှေ့မှ ဝင်ထွက်သွားလာကြပါသည်။ မည်သူကမှ ဂရုစိုက်ခြင်းလည်း မရှိပါ။

ယက္ခညီနောင်မှာ အမိုးအကာမဲ့နှင့် နေရပါသည်။ ရှိသေရကောင်းမှန်းလည်း မသိကြပါ။ ကလေးများဆိုလျှင် ယက္ခညီနောင်ပေါ် ခွစီး၍ ဆော့တတ်ပါသေးသည်။

ယက္ခညီနောင်ကလည်း မည်သူ့မှ ခြောက်လှန့်ခြင်း၊ ပြုစားခြင်း မပြုပါ။ အားလုံးကို ခွင့်လွှတ်သည်းခံပုံ ရပါသည်။

ယခုတော့ လူအများက ယုံကြည်လေးစားလာပါတော့သည်။ ယနေ့အချိန်မှာတော့ ယက္ခညီနောင် နတ်ဘီလူးနတ်နန်းကြီးက တန်ဆောင်းကြီးတမျှ ကြီးမားကျယ်ပြန့်လှပါသည်။

ယက္ခညီနောင်က ရောင်စုံသုတ်ဆေးများနှင့် ခြယ်သထားပါသဖြင့် အသက်ဝင်ပုံ ပေါ်နေပါသည်။



ဆက်လာသော ပွဲများ

***(ပူးတွဲဓာတ်ပုံ တင်ပြပါသည်။)***

နောင်တော်ညီတော် အတွက် ကန်တော့ပွဲများတင်ရန် သံပေါ်စင်များကို ဒွာယီညာ ဆောက်လုပ်ထားပေးရပါသည်။ ကန်တော့ပွဲ ဆက်သူ အလွန်များပြားသဖြင့် ခိုင်ခံ့အောင် သံပေါင်သံတန်းများကို အသုံးပြုနေရပါသည်။

ရန်ကုန်မြို့နယ်ရှိ စေတီပုထိုးများအတွင်းမှ နတ်နန်းများတွင် ယခုလောက်ပွဲများ ထားရှိခြင်းမရှိဟု ထင်မြင်ယူဆပါသည်။ ***(ဓာတ်ပုံများ ပူးတွဲတင်ပြပါသည်။)***

ယက္ခညီနောင်သတင်းကြောင့် လူအများ လာရောက် ဆက်သကြသဖြင့် ဘုရားဖူးများလည်း စည်ကားလာပါတော့သည်။

ဘုရားဝင်းတစ်လျှောက်တွင် အုန်း၊ ငှက်ပျောပွဲ ရောင်းသူများ၊ နိဗ္ဗာန်ကုန်ရောင်းဆိုင်များ၊ စားသောက်ဆိုင်နှင့် စတိုးဆိုင်များဖြင့် စည်ကားလာပါတော့သည်။

ကျိုက္ကစံဘုရားကြီး၏ ရင်ပြင်တော်များကိုလည်း နိုင်ငံခြားဖြစ် ကျောက်ပြားများ ခင်းထားနိုင်ပါသည်။ စေတီ၏ ခေါင်းလောင်းမှောက်အထိ ရွှေသင်္ကန်းများ ကပ်လှူနိုင်ပါပြီ။

ဘုရားကြီး ပရိဝုဏ်အတွင်းတွင်လည်း ယခင်က မြေနီလမ်းသာ ရှိပါသည်။ ယခုတော့ ကတ္တရာလမ်းများနှင့် ဝင်ထွက်သွားလာနိုင်ပါသည်။

မြတ်ဗုဒ္ဓ၏ တရားတော်အတိုင်း ကောင်းသောကံ အကျိုးပေးခြင်းကို မမြင်အပ်သော ယက္ခညီနောင်နှစ်ပါး ခံစားရပုံကို ကိုယ်တိုင်မြင်တွေ့နိုင်ကြပါသည်။

ကျိုက္ကစံ စေတီတော်မြတ်ကြီးအား စာရှုသူများ လာရောက်ဖူးမြော်ရင်း ယက္ခညီနောင်ထံ လိုရာဆုပန်နိုင်ကြဖို့ ရေးသားလိုက်ရပါသည်။

**ဦးစိန်(တိုးချောင်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ့နွား အနာရောဂါကင်း အင်း

မကွေးမြို့နယ်အတွင်းက သာယာကုန်းဆိုတဲ့ အိမ်ခြေ(၇၀)သာရှိ ကျေးရွာလေးတစ်ရွာမှာ ဦးလှမောင် နေပါတယ်။

ဦးလှမောင်ဟာ နွားကျောင်းသားကြီးပေါ့။ သူ့မှာ ထူးခြားတဲ့ ဗီဇတစ်ခုရှိတယ်။ ဘာလဲဆိုတော့ ရှေးခေတ်မြန်မာ့ရိုးရာ ဂါထာ၊ မန္တန်၊ ယတြာတွေကို သက်ဝင်ယုံကြည်မှု ရှိသလို ကိုယ်တိုင်ကိုယ်ကျလဲ လက်တွေ့ကျင့်သုံးလေ့ အမြဲရှိပါတယ်။ **(၁၉၉၉ ခုနှစ်၊ ဩဂုတ်လ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ဦးလှမောင်၏ နွားအချင်းချင်း မဓွေ့စေအောင် လုပ်နည်းကို ဖော်ပြခဲ့ဖူးပါတယ်။)**

ကျွန်တော်ဟာ ဇူလိုင်လထဲက ထုံးစံအတိုင်း အဘိုးဦးလှမောင်ရှိတဲ့ မွေးရပ်မြေကို အလည်ရောက်သွားရင်း ကျွဲနာ၊ နွားနာပျောက် အင်းတစ်အင်းကို အဘိုးဆီက ရခဲ့ပါတယ်။

အဘိုးက နွားတစ်ကောင်ချင်းကို အောက်ဖော်ပြပါ အင်းကွက်လေးတစ်ခုစီ ခလောက်မှာ ရေးဆွဲပြီး လည်ပင်းမှာ ချိတ်ဆွဲပေးနေတာလေ။ စပ်စုတတ်တဲ့ ဉာဉ်ရှိသူမို့ အနားကပ်ပြီး အဘိုးထံ ကျွန်တော် အခုလို မေးမြန်းကြည့်မိပါတယ်။

'အဘိုး နွားတွေကို ဘာလုပ်ပေးနေတာလဲဗျ။ တရှုန်းရှုန်း တအုန်းအုန်းနဲ့ပါလား'



'ဒါလေးတွေ ဆွဲပေးနေတာပါ လူလေးရာ'

'ဒီဟာတွေ ဆွဲပေးတော့ ဘာတွေကောင်းသလဲ အဘိုး'

'ရောဂါဘယမျိုးစုံနဲ့ အနာအဖျားမဝင်လာနိုင်အောင်ပေါ့'

'တယ်ဟုတ်ပါလား၊ ဒီနည်းလေးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ အရင်တစ်ခါတုန်းကလို ကျွန်တော် ရေးပို့လိုက်ဦးမယ်နော်'

'ရေးစေဗျာ၊ ပို့စေဗျာ'

ကျွဲ့နွား အနာရောဂါကင်း အင်း

| | |
|---|---|
| ထို | ထံ |
| ဦ | အ |

ဤအင်းပုံစံကို **ကျွဲ့နွားတို့၏ ခလောက်တွင် ရေးဆွဲ၍ လည်ပင်း၌** ချိတ်ဆွဲပေးပါ။

ရောဂါဘယ အထွေထွေနှင့် အနာကင်းရှင်းစေပါသည်။

**ချစ်နော်(မကွေး)**

စာရှုသူ...သုတေသီ...ပညာရှင်များခင်ဗျာ...

ဤဆောင်းပါးမှာ ပါသော အင်းကို စီရင်ရသော အစီအရင်မပါ၍ သိရှိသူ ပညာရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။


လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း၊
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



▲ လောင်းလုံးအောင်ချမ်းသာ ဆုတောင်းပြည့် စေတီတော်အား အနီးကပ် မှတ်တမ်းတင်ပုံ



အောင်ချမ်းသာမှ

# ပုဒီအာ ပုတီးစိပ်နည်း

၂၀၀၁ ခုနှစ်က လောင်းလုံမြို့သို့ ရောက်ရှိသွားရာမှ မိတ်ဆွေဖြစ်သူ ဦးတင်စိုးနှင့်အတူ ညနေခင်း လမ်းလျှောက်ကြရင်းမှ သပ္ပါယ်လှသည့် စေတီတော်တစ်ဆူသို့ ရောက်ရှိခဲ့ကြ၏။

စေတီတော်မှာ ဉာဏ်တော် အတောင်(၃၀)ခန့်ရှိပြီး အရံစေတီငယ်များရှိသည်။ အာရုံခံတန်ဆောင်း အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များမှာ ကြည်ညိုဖွယ်ရှိလှ၏။ အေးချမ်းငြိမ်သက် တိတ်ဆိတ်နေသဖြင့် အဓိဋ္ဌာန်တရား အားထုတ်ရန် နေရာထူးတစ်နေရာ ဖြစ်ပေသည်။

စေတီ၏ အာရုံအတွင်း၌ ဘုရား ထိုင်ပူဇော်နေသူများ များစွာရှိပါသည်။ သို့သော် အသံဆူညံမှု မရှိပေ။

"ဒီစေတီတော်ရဲ့ အကာတွေက ဦးသိန်း အောင်-ဒေါ်ခင်အေးမိသားစုပါ။ ဟိုတုန်းက စေတီငယ်ငယ်လေးပဲ။ သူတို့ ဦးဆောင်မှ တည်လျှဒါန်းပြီး အလှူရှင်တွေအားနဲ့ သာသနိကအဆောက်အအုံတွေ စောင်းတန်းတွေ ခုလို စည်ကား တိုးတက်လာအောင် ပြုပြင်ခဲ့ကြတာပါ"

စာရေးသူကို လိုက်ပို့သည့် ဦးတင်စိုးမှ ရှင်းပြလေသည်။ ထိုအချိန်၌ စေတီတော်တွင် ဆီမီး၊ အမွှေးတိုင် လာရောက် ထွန်းညှိပူဇော်နေကြသော ဒေါ်ခင်အေးတို့ မိသားစုကိုလည်း တွေ့ရလေသည်။

**"ဒီစေတီတော်က ရှေးဟောင်း စေတီတော်ပါပဲ။ ဒွဲ့အမည်ကို အောင်ချမ်းသာ ဆုတောင်းပြည့်စေတီတော်လို့ ပေးထား တယ်။ ဒီစေတီတော်မှာ ပုတီးစိပ်၊ အဓိဋ္ဌာန် အောင်မြင်ကြသူတွေရဲ့ မှဲ့တွေ့ ပုတီးစိပ် နည်းကို ယောဂီတွေ မျှဝေနိုင်ပြထားတာ ရှိပါတယ်"**

ဒေါ်ခင်အေး ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ စက္ကူကတ်ပြားတစ်ခု၌ အောက်ပါအတိုင်း ရေးသားထားကြောင်း ဖတ်ရှုရ၏။

**"ပု-ဒီ-အာ ဆောင်၊ ကြီးစည်အောင်"**

ရှင်တော်ဗုဒ္ဓ၏ ဉာဏ်တော်

သုံးဖြာ၊ ပု-ဒီ-အာ အဓိပ္ပါယ်ပြန်

ဓမ္မလက်ဆောင်မွန် ပုတီးစိပ်နည်း

နိဿရည်း



www.burmeseclassic.com

# ကင်းကိုက်ဝေဒနာအတွက်

ဆေးနည်းကောင်းတစ်လက်

ဂွာလွှမ်းမွှေ (စက်ခဲ)



တောတောင်များတွင် သစ်ပင်တော်တော်များများသည် ဆေးဖက်ဝင်ကြသည်။ "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်" ဟူသည့် စကားအတိုင်း သိသူများက ဖော်စားပြီး မသိသူများက ကျော်သွားကြသည်။

တစ်ရှိန်က **ဆေးတောင် ကိုရင်လေး အဖြစ်ကျော်ကြားသော ရှင်ပုဗ္ဗရ**သည် ယခင်က သီတင်းသုံးခဲ့သော မွန်ပြည်နယ်၊ ရေးမြို့နယ် အရှေ့ဘက် ယွန်းယွန်းရှိ ဆေးတောင်တွင်ရှိသော သစ်မြစ်,သစ်ဥ,သစ်ဖု,သစ်ရွက် မှန်သမျှ ဆေးဖက်ဝင်ကြသည်ဟု ဆိုကြသည်။

အိမ်တိုင်းတွင်ရှိသော အရိပ်ရပင်၊ ပန်းအလှပင် အချို့တို့သည်လည်း ဆေးဖက်ဝင်ကြသည်ကို သိကြသူနည်းသည်။

ဂမုန်းပင်များအနက် ဂမုန်းများသည် ဆေးဖက်ဝင်ကြကြောင်း သိသူနည်းကြသည်။ အိမ်သုံးမီးဖိုချောင် ပစ္စည်းအချို့လည်း ဆေးဖက်ဝင်ကြကြောင်း မသိကြပါ။

နနွင်းကိုလည်း သက်ကြီးရွယ်အိုများက အစားအစာတစ်ခု စားပြီးတိုင်း နနွင်း ထမင်းစားဇွန်းတစ်ဝက်ကို သောက်တတ်ကြသည်။ ရင်မြည့် ရင်ကယ်ကောင်းသည်ဟု ဆိုကြသည်။

နနွင်း နေ့တိုင်းသောက်သုံးလျှင် အသားအရေလှပသည်ဟု ဆိုကြသည်။ ထမင်းစားသည့်အခါတိုင်း ကြက်သွန်နီ နှစ်တက်,သုံးတက်ခန့် စားသုံးလျှင် လေဖြတ်ရောဂါ မခံရဟု ဆိုကြသည်။

ထမင်းစားပြီးတိုင်း ထန်းလျက်တစ်ခဲ,နှစ်ခဲခန့် စားသုံးလျှင် အစာကြေသည်ဟု ဆိုကြသည်။

လွန်ခဲ့သော (၁၆)နှစ်က မိဘများပိုင်သော ရော်ဘာခြံ(၆)ဧကေ သက်တမ်းရင့်သဖြင့် ခုတ်လှဲသည်။ ကန်ထရိုက်မပေးဘဲ ကိုယ်ပိုင်လုပ်ငန်းလုပ်ကာ ထင်းခြမ်းအသေးခွဲသည်။

ထိုစဉ်က ခွဲသားအဖြစ် သိပ်မတွင်ကျယ်သေးပါ။ သစ်ပါးလွှာအဖြစ်လည်း လုပ်ငန်း မတွင်ကျယ်သေးပါ။

လုပ်အားခကို ထင်းခြမ်းအရေအတွက်အလိုက် ပေးရပြီး ဝယ်သူများကလည်း ထင်းခြမ်းအရေအတွက်ဈေးအတိုင်း ဝယ်ကြသည်။

ထိုစဉ်က မော်လမြိုင်(က.ပ.ရ) ကုန်းလမ်းပို့ဆောင်ရေး ဟီးနိုးယာဉ်ကြီးဖြင့် မော်လမြိုင်မှ လာရောက် ဝယ်ယူကြသည်။

ခြံထဲတွင် မေမေက ရော်ဘာအဖြစ်တုံးတစ်တုံးပေါ်တွင် အလုပ်သမားက ကားပေါ် ပစ်တင်လိုက်သော ထင်းခြမ်းများကို ရေတွက်နေသည်။

ထိုစဉ် အလုပ်သမား ကားပေါ် ပစ်တင်ပေးလိုက်သော ထင်းခြမ်းများထဲမှ **တစ်ထွာခန့်ရှိသော ကင်းခြေများတစ်ကောင်သည်** လွင့်စဉ်ကျကာ မေမေ၏ လည်ကုပ်ပေါ်သို့ ကျကာ ကိုက်ခဲပြီး အမြီးနှင့် ထိုးလိုက်သဖြင့် မကြာမီ အဆိပ်တက်ကာ မခံရပ်နိုင်အောင် နာကျင်နေပါတော့သည်။

ကျွန်တော်လည်း ပျောက်ကင်းအောင် မည်သို့လုပ်ပေးရမည်ကို မသိနိုင်ဘဲ ဖြစ်သွားတော့သည်။

မေမေ ကင်းကိုက်ခံရသည်ကို က.ပ.ရ မော်လမြိုင် ကားမောင်းသမားက သိသွားပြီး **ဓော်ကျိုးယော်ဆိတ်ပန်း**



www.burmeseclassic.com

www.burmeseclassic.com

**ပင်၏ဥကို** ရှာခိုင်းသည်။ ဇော်ဂျီမှတ်ဆိတ်ပန်းပင်ကို အိမ်တွင် အဆင်သင့် စိုက်ပျိုးထား၍သာ တော်တော့သည်။

အချိန်ကား ဝါခေါင်လဖြစ်သဖြင့် ပန်းပင်တစ်ရုံလုံးတွင် ပန်းခိုင်(၃)ခိုင် ပွင့်နေသည်။ **နွေရာသီတွင် အပွင့်နှင့် အရွက်များ မထွက်တော့ဘဲ ဥများသာ မြေကြီးထဲတွင် မြုပ်နေတတ်သည်။**

ဇော်ဂျီမှတ်ဆိတ်ပန်းခိုင်မှာ ဝါဆို၊ ဝါခေါင်လများတွင် စ၍ ပွင့်တတ်ပြီး ပန်းပွင့်များ ချောကလက်ရောင်ဖြစ်ကာ ဆံပင်ခေါင်းစည်းကြိုးအုံနှင့် သဏ္ဌာန်တူပြီး ထိပ်တွင် မုတ်ဆိတ်သဏ္ဌာန် အမွေးများ ဖွာကျနေသဖြင့် ဇော်ဂျီမုတ်ဆိတ်ပန်းပင်ဟု ခေါ်သည်။

ကျွန်တော်လည်း ဇော်ဂျီမုတ်ဆိတ် ဥ နှစ်တက်,သုံးတက်ခန့် တူးပြီး ရေဆေးကာ အမြန်ယူသွားပြီး မော်တော်ကားသမားအား ပေးလိုက်သည်။

ကားသမားက တစ်ဥကို ပါးစပ်ထဲ ထည့်ကာ ဝါးခြေလိုက်ပြီး မေမေ ကင်းကိုက်သော လည်ကုပ်တွင် အုံထားလိုက်သည်။

(၂)မိနစ်ခန့်ကြာသောအခါ ဒဏ်ရာမှ သွေးမည်းပျစ်ခဲလျက် ထွက်လာပြီး တစ်မုဟုတ်ချင်း သက်သာသွားပါတော့သည်။

ကင်း(၃)ကင်း ရှိသည်ကို စာဖတ်သူများ သိရှိကြမည် ထင်ပါသည်။ **ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း**တို့ ဖြစ်ကြပါသည်။ ကင်း(၃)ကင်းရှိသည့်အနက် လူတစ်ယောက်သည် ကင်းတစ်ကင်း ငြိုးသည်ဟု ဆိုကြပါသည်။

ကျွန်တော်သည် ကင်းမြီးကောက် ကိုက်ခံရသည့်အခါ ခါချဉ်ကောင် ကိုက်သလောက်သာ နာပါသည်။ ကင်းခြေများနှင့် ကင်းမလက်မည်း ကိုက်ခံရသည့်အခါ အနာသည် ချိုင်းအထိပါ ရောက်ပြီး တစ်ရက်ခန့် ဝေဒနာခံရပါသည်။

ထို့ကြောင့် လူတစ်ယောက်တွင် ကင်းနှစ်ကင်းသာ ငြိုးတတ်သည်ဟု ပြောကြပါသည်။ ကျွန်တော်ကိုယ်တိုင် လက်တွေ့ခံစားဖူးပါသည်။

ဇော်ဂျီမုတ်ဆိတ်ပန်းပင်ကို အိမ်အတော်များများတွင် မြေပေါ်၌ လည်း ကောင်း၊ ပန်းအိုးများဖြင့် လည်းကောင်း အလှစိုက်ကြသည်ကို တွေ့မြင်နိုင်ပါသည်။

ထို့ကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ အကြောင်းတစ်ခုခုကြောင့် အိမ်နီးနားချင်းနှင့် မိသားစုထဲတွင် ကင်းကိုက် ဝေဒနာခံစားရပါက ပျောက်ကင်းသက်သာနိုင်ရန် စေတနာထား၍ တင်ပြလိုက်ရပေသည်။

**လှထွန်းဧွေ (စက်စဲ)**

---

**စာမျက်နှာ (၁၆၅)မှ အဆက်**

ဝု=

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဝယ် ရရှိတော်မူသော ရှေးဘဝတွေကို ပြန်အောက်မေ့နိုင်သည့် ပုဗ္ဗေနိဝါသနုဿတိဉာဏ်တော်။

ဒိ=

နတ်မျက်စိကဲ့သို့ လောကဓာတ်တစ်ခုလုံး မြင်နိုင်သော ဒိဗ္ဗစက္ခုတော်။

အာ=

အာသဝတရားလေးပါးကုန်ခန်း၍ ဘုရား အဖြစ်သို့ ရောက်တော်မူသော အာသဝက္ခယ ဉာဏ်တော်။

**ပုတီးစိပ်နည်း**

ဝု =ပုတီးတစ်လုံးချ၊
ဒိ =ပုတီးတစ်လုံးချ၊
အာ =ပုတီးတစ်လုံးချ။

၁။ ဝု–ဒိ–အာ
၂။ ဝု–အာ–ဒိ
၃။ ဒိ–ဝု–အာ
၄။ ဒိ–အာ–ဝု
၅။ အာ–ဝု–ဒိ
၆။ အာ–ဒိ–ဝု

ပတ်လည်(၆)ပတ် အဓိဋ္ဌာန်ပြု၍ စိပ်ပါ။ မိမိလိုလားသည့် လောကုတ်၊ လောကီနှစ်လီ ပွားတိုးအကျိုးဖြစ်ထွန်းပါသည်။

ဉာဏ်ရှိသူ၊ ဝါသနာပါသူ လက်တွေ့ စမ်းသပ် အသုံးပြုနိုင်ရန်။

လောင်းလုံမြို့နယ်သို့ ဘာဝနာဝတ္တရားထမ်းဆောင်ရန် ရောက်ရှိလာကြသော ဝန်ထမ်းများ၊ **ဓမ္မအလည်အပတ် ရောက်ရှိလာကြသော ကျောင်းသားကျောင်းသူ၊ ဧည့်သည်ကုန်သည်များမှ အောင်ချမ်းသာ ဆုတောင်းပြည့်စေတီတော်အား လာရောက်ဖူးမြော်ကြရင်း** အဆိုပါ ပုတီးစိပ်နည်းကို အမှတ်မထင် တွေ့ရှိကာ လက်တွေ့စမ်းသပ်ကြရာမှအံ့သြဖွယ် ဆန္ဒပြည့်ဝ အကျိုးခံစားကြရကြောင်းသိရပါသည်။

စာဖတ်သူများမှလည်း လက်တွေ့ ဆောင်ရွက် အကျိုးရှိနိုင်ကြစေရန် တင်ပြလိုက်ပါသည်။

**အာသဝဏီ**



www.burmeseclassic.com

www.burmeseclassic.com

# တောင်တက်နိုင်ကြောင်း



## ဆေးနည်းကောင်း

ကျွန်ုပ်သည် စစ်တောင်းမြစ်ဝှမ်း ဒေသသို့ ရောက်ခဲ့စဉ်က အသက် အရွယ်ကြီးလင့်ကစား **အလံတောင်၊ ဆိတ်ဖူးတောင်၊** **မရမ်းတောင်၊** **မပန်းတောင်၊ မံမဓီတောင်** အစရှိသော တောင်များပေါ်သို့ အမဲလိုက်ရာတွင် တူများ၊ ညီများပင် မမီအောင် တောင်ပေါ်သို့ ပြေးဆင်းပြေးတက်လုပ်နိုင်သော မုဆိုးကောင်းတစ်ဦးကို တွေ့ရှိခဲ့ရာ၊ ဆေးနည်းရှာဖွေနေသူပီပီ မည်သည့်ဆေးများ ဖော်စားလဲဟု မေးရာ အောက်ပါဆေးနည်းကို ရရှိခဲ့ပေသည်။

ဆေးနည်းမှာ...

၁။ ကြက်ဥ (၁၀)လုံး

၂။ ပျားရည် (၁၀)လုံး *(ကြက်ဥခွံဖြင့် ချိန်)*

၃။ နို့ဆီ (၁၀)လုံး *(ကြက်ဥခွံဖြင့် ချိန်)*

၄။ သကြား (၁၀)လုံး *(ကြက်ဥခွံဖြင့် ချိန်)*

ယင်းလေးမျိုးအား စုပေါင်း၍ ဒန်အိုးတွင် ထည့်ပြီး ကျိုရပါမည်။ လက်ကော်ရစေသာအခါတွင် နံနက်၊ နေ့လယ်၊ ည တစ်ဇွန်းစီထားရပါမည်။ အမောလုံး၍ လျင်မြန်မှုတွင် သူမတူအောင် လျင်မြန်ကြောင်း ထပ်ဆင့်ရေးသားလိုက်ရပါသည်။

**ဦးမြင့်သိန်း**
***(ပြည်သူ့စစ်သား အမှတ်တစ်)***

ဤဆေးသည် အားအင်နွမ်းနယ်သူများ၊ ဖိုမဆက်ဆံခြင်း၌ စိတ်မပါတပါ ဖြစ်နေခြင်း၊ ပန်းသေပန်းညှိုး စသည်တို့ကို ပျောက်ကင်းစေပြီး တစ်နေ့တစ်ခါ စားသုံးပါက အသားအရေ စိုပြည်လာပြီး အသားအရေ မွဲခြောက်နေသူတို့အတွက် အထူးကောင်းမွန်သော ဆေးနည်းတစ်လက်ဖြစ်ပါသည်။

ဤဆေးကို မည်သူမျှ ဖော်ပြီး မရောင်းကြသောကြောင့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး သို့ စာရေးသူ၏ ကိုယ်တွေ့ ဆေးနည်းတစ်လက် အာနိသင်ကို သိလို၍ဖော်ပြလိုက်ပါသည်။

ဤဆေးကို ချီးမြှင့်သော ဆရာတော်ကြီးမှာ သက်တော်(၈၅) နှစ်ရှိပြီး မျက်စိမှုန်ခြင်း၊ သွားကျိုးခြင်း၊ နားလေးပင်ခြင်းမရှိဘဲ လူငယ်လေး တစ်ယောက်လို လျင်မြန်စွာ သွားလာလှုပ်ရှားနေထိုင် လျှက်ရှိပေသည်။ စာရေးသူမှ ဤဆေးကို စားသုံးပြီးကတည်းက မှုလညိုနေသော အသားအရေများ ဖြူဝင်းမွတ်စင်၍ တစ်နေ့တခြား စိုပြည်ဝဖြိုးလာပါသည်။

ထို့အပြင် ဤဆေးကို မှီဝဲသုံးစွဲသူသည် ဆီးမှန် ဝမ်းမှန်ပြီး အစာအိမ် ရောဂါကို သက်သာပျောက်ကင်းစေပါသည်။

## ရုပ်ပျိုအားတိုးဆေး



နနွင်း(စားနနွင်း) (၁)ပိဿာ

နွားနို့စစ်စစ် (၃)ပိဿာ

***(နွားနို့ ဝိုထည့်နိုင်လေကောင်းပါသည်)***

**[ခ]**

ကျောက်ဆေးဒန်း (၁)ကျပ်သား

စားနနွင်း (၁၀)ကျပ်သား

နွားနို့စစ်စစ် (၃၀)ကျပ်သား

ကျောက်ဆေးဒန်းနှင့် စားနနွင်းကို အမှုန့်ကြိတ်ပြီးသောအခါ နွားနို့စစ်စစ်ထဲထည့်ပြီး မွှေပေးပါ။ ခဲသွားသောအခါ ဆေးအားလုံးကို ရွှေးစေ့(၂)စေ့ ခန့်လုံးပြီး လင်ပန်းသန့်သန့်ထဲထည့်ပြီး အားလုံး အခြောက်လှန်းပါ။

**ဆေးအညွှန်း**

တစ်နေ့ကို လူကြီးလူငယ်မရွေး (၄)လုံး ပုံမှန်စားပေးပါက တစ်ပတ်၊ နှစ်ပတ်အတွင်း အသားအရေဝင်းမွတ်စင်ကြယ်ပြီး ရောဂါဘေးဘယာ သိသာစွာ ပျောက်ကင်းလာသည်ကို တွေ့ရပေမည်။

**ညိုမောင်လေး(ရေနံချောင်း)**

**ဆေးဖော်နည်း**

**[က]**

ကျောက်ဆေးဒန်း (၁၀)ကျပ်သား



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်း မြို့လေးမှာတစ်ရှား

ထူးခြားဌာနများ (၁)

ဘကြီးအောင်
(စစ်ကိုင်းတောင်)

## နံ့ကိုင်းတောင်မှ ဗိသုကာရသော့ဂူများ

**စစ်ကိုင်းမြို့၏ သမိုင်းဝင် တောင်ထွတ်**(၅၀)ဟူ၍ သတ်မှတ်ပြီး ဖြစ်ပါသည်။ တောင်ထွတ်(၅၀)တွင် ထူးခြားသော **တောင်ထွတ်(၃၇)ထွတ်**ကလည်း ပါရှိလေ၏။


ထူးခြားသော တောင်ထွတ်(၃၇)ထွတ်၌ကား ရှေးဟောင်းဂူများနှင့် ဆန်းပြားသော နောက်ခံအဖြစ်အပျက်များကြောင့် ပိုမို၍ စိတ်ဝင်စားဖွယ် ဖြစ်နေပါသည်။

၁။ စစ်ကိုင်းတောင်ကြီးအား ဝေဟင်မှ ရှုမြင်ခံစားခွင့်ရရှိပါက လွန်စွာ မြင့်မောက်ခြင်းမရှိဘဲ တောင်အစုအပုံကြီးအဖြစ် တစ်စုတစ်ဝေး စုစည်းစွာ တည်ရှိနေခြင်းသည်ပင်လျှင် တောင်တော်(၅၀)သည် သာသနာ(၅၀၀၀)ကို ရည်ညွှန်းနေခြင်း ဖြစ်လေ၏။

၂။ မြေသည့်တောင်ကိုမဆို မိမိ အလိုကျ အလွယ်တကူ သွားရောက်နိုင်ခြင်းမှာလည်း သဘာဝတရားကြီး၏ ထူးခြားသော လက်ဆောင်ဖြစ်ပါသည်။

၃။ သာယာလှပသော သန်း၊ ဒဟတ်၊ လျော်ဖြူ၊ မန်ကျည်းနှင့် တရုတ်စံကားပင်များ၏ လမ်းသွယ်ကလေးများ၊ လှိုဏ်မြောင်များကလည်း ဥယျာဉ်ကြီးသဖွယ် ပျော်မွေ့ဖွယ် ခံစားရမည်သာ ဖြစ်ပါသည်။

၄။ ချစ်စရာကောင်းလှသော ယုန်ကလေးများ၊ ကျီ(ချေ)ငယ်များ၊ ရှဉ့်



▲ ကျောက်မျှော်ပုံ၊ ဗိသုကာပုံစံ ဆန်းသစ်ရသော ဂူများ၏ တည်ရှိရာ
နံ့ကိုင်းတောင်တော် ထက်မှ ရှင်ပင်နံ့ကိုင်းစေတီတော်

ငပေါ်လေးများနှင့်အတူ တောင်ရိုးပျော်ကျေးငှက်တို့၏ ဝေါးသံသာများက မမွှစကြာရွတ်ဆိုသံများကို နရီစည်းဝါးကျကျ လွှင့်ပျံ့နေကြခြင်းကိုလည်း စိတ်ရွှင်လန်းမှုပေးနေလေ၏။

၅။ တောင်တော်ကြီး၏ အသွားအပြန် လှိုဏ်မြောင်လမ်း ဆိတ်ငြိမ်အေးချမ်းသော တောင်ခါးပန်းမှ အရိုသာ သူတော်စင်တို့၏ ကျောင်းသင်္ခမ်း

www.burmeseclassic.com





◆ ဝိဇ္ဇာဂူများအား ကာကွယ်ထားသော
မဟာဗောဓိစေတီတော်၏ နောက်ကျောဘက် တောင်နံရံနှင့်အတူ မြင်ကွင်း
ဝိဇ္ဇာဂူများအား ကာကွယ်သောအားဖြင့်
မဟာဗောဓိစေတီတော်ကြီးဖြင့် အစားထိုးတည်ထားပုံ ◆

များ။ ဂူသိမ်တော်များကလည်း စစ်ကိုင်းသာသနာကို ထောက်ပံ့နေကြပါ၏။

၆။ ရှေးနှစ်ပေါင်း ထောင်ချီကြာညောင်းသောကာလများစွာက ရဟန်းတော်များ၊ ရသေ့ဝိဇ္ဇာကြီးများ ထွက်ရပ်ခရီးအတွက် လူသူများစွာကို အသိမပေးဘဲ မှိုင်းကျင့်ကြံအားထုတ်ခဲ့ရာ ကျောက်ဂူငယ်များကား ပိုမို၍ စိတ်ဝင်စားဖွယ်ရာ ထူးခြားမှုကို ဖော်ပြနေပါတော့သည်။

၇။ ရှင်ပင်နံ့ကိုင်း တောင်ထွတ်ကြီးမှာ ဆွမ်းဦးပုညရှင်စေတီတော်၏ တည်ရှိရာ ဓမ္မိကတောင်ခေါ် ဖဝါးဦးတောင်နှင့် အရှေ့အနောက် သွယ်တန်းနေသယောင် တည်ရှိနေကြလေ၏။ တောင်ခြေကန္တီကျွေ့ မင်းကွန်းလမ်းမကြီး၏ ဝဲယာတစ်ဖက်တစ်ချက် တည်ရှိနေပါသည်။

ရှင်ပင်နံ့ကိုင်းတောင်ကား အရှေ့ဘက်ဆုံးတောင်ဖြစ်သည်။ အနောက်ဘက်တောင်ကြောအဆုံး၌ ဘီလူးယက္ခိုက်ညီနောင်ဖြစ်သော တောင်လုံး၊ တောင်ပြူး၊ တောင်မြင့်နှင့် တောင်ကြီး အမည်တွင်သည့် ဘီလူးမင်းကြီး (၄)ဦးတို့၏ ပိုင်ဆိုင်သောတောင်ဖြစ်လေ၏။

ဘီလူးမင်းကြီးများ ပျော်စံနေထိုင်ရာ တောင်တန်းဖြစ်၍ ယနေ့တိုင်အောင် "**တောင်ဘီလူးတောင်**"ဟု အထင်အရှား အမည်တွင်နေလေသည်။

တောင်ဘီလူးစေတီလည်း တည်ရှိပါသည်။ တောင်ဘီလူးပိုင်နက်မျဉ်းမှာ ပုဏ္ဏကနတ်ဘီလူးကြီး၏ နံ့ကိုင်းတောင် လျှိုကြီးဖြစ်လေ၏။

ထိုချောက်ကမ်းပါး လျှိုကြီး၏ တောင်ခါးပန်း၌ ရှေးရှေးအခါကာလများစွာတွင် ရသေ့ကြီးများ၊ တောမှီရဟန်းတော်များ၊ ဝိဇ္ဇာထွက်ရပ်လမ်း ကျင့်ကြံအားထုတ်ခဲ့သော ကျောက်လိုဏ်ဂူများ ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါသည်။

## ဝိဇ္ဇာဂူ

နံ့ကိုင်းတောင်၏ လက်ဝဲဘက်မှာရှိသော တောင်စွယ်အား စစ်ကိုင်းတောင်ညွှန်းကျမ်းတွင် "**နဂါးရှိတောင်**"ဟု တွင်ခဲ့လေ၏။ **နဂါးရှိတောင်၏ တောင်ဘက် ဆင်ခြေလျှော တောင်ခါးပန်း၌** ဂူကြီးများ ရှိခဲ့ပါသည်။

ထိုဂူကြီးများ၌ **ဝိဇ္ဇာမယလမ်းစဉ် အားထုတ်သော ရဟန်းကြီး(၄)ပါး ရှိခဲ့လေ၏။**

၁။ အသျှင်စန္ဒကူ၊
၂။ အသျှင်နာဂပုည၊
၃။ အသျှင်သဒ္ဓမ္မပါလ၊
၄။ အသျှင်စိတ္တမုနိ

စသော ရဟန်းတော်ကြီး(၄)ပါးကို ပေါက်မြောက် အောင်မြင်တော်မူကြပါသည်။ သို့အတွက် "**ဝိဇ္ဇာဂူ**"ဟု အမည်တွင်ခဲ့ပြီးနောက် ကာလများတွင် တရားကျင့်ကြံအားထုတ်သူ များပြားခဲ့ဖူးလေသည်။

ယခုကာလတွင်ကား ဂူကြီးများအတွင်း မလိုလားအပ်သော ကိစ္စရပ်များကြောင့် လည်းကောင်း၊ မဖွယ်မရာ အဖြစ်အပျက်များကို ကာကွယ်စောင့်ရှောက်သောအားဖြင့် ဂူပေါက်များကို




www.burmeseclassic.com

www.burmeseclassic.com

ပိတ်ဆို့၍ **"မဟာဗောဓိစေတီတော်"** ဘွဲ့အမည်ဖြင့် တည်ထားလိုက်ရလေ၏။

စေတီတော်ကြီး၏ အာရုံခံလိုဏ် အတွင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူဖြင့် အပူဇော်ခံထားပါသည်။

စေတီလိုဏ်အတွင်း ဝိဇ္ဇာမယလမ်း စဉ် ကြိုးစားအားထုတ်ကြသော ရဟန်းတော်များ၊ ရသေ့များနှင့် လူသူ တော်များကို ဝါတွင်းကာလ၌ တွေ့မြင် ကြပါသည်။ သစ်သီးနှင့် သက်လွတ် ဆွမ်းကိုသာ သုံးဆောင်ကြပါ၏။

မဟာဗောဓိစေတီ ရင်ပြင်ထက်မှ အရှေ့အရပ်သို့ မျှော်ကြည့်ပါလျှင် **"ရောပထနဂါး"**မင်းကြီး၏ ပိုင်နက် ဖြစ်သော **"ရောဝတီရဋ္ဌကမ္မနီ"**ဟု အမည်တွင်ခဲ့သော မြစ်မင်း ရောဝတီ အား အပေါ်စီးမှ ရှုမငြီးအောင်ခံစားနိုင် သည့် ဗျူးပွိုင့်ဟု တင်စားရပေလိမ့် မည်။

ရှင်ပင်နံကိုင်းတောင်သို့ ကားဖြင့် သော် လည်းကောင်း၊ ခြေကျင်သော် လည်းကောင်း တက်ရောက်တွေ့မြင် ခံစားနိုင်ကြလေသည်။

တစ်ချိန်သော ကာလများစွာက အသိဉာဏ်ပရိက်ဖြင့် လည်းကောင်း၊ ဓာတ္တုမှုဆေးဝါးအတတ်ဖြင့် လည်း ကောင်း + ကျင့်ကြံအားထုတ်၍ လောကုတ္တရာချမ်းသာ၊ လောကီချမ်း သာကို ရရှိပေါက်မြောက်ခဲ့သော အောင်မြေဌာနတစ်ခုလည်းဖြစ်ပါသည်။

ဤနေရာဌာန၌ သစ်ပင်အုပ်များ၊ တောများ၊ . အဝေရာပင်များက အုပ်မိုးထားလျက် သာယာကြည်နူးစွာ တွေ့မြင်နိုင်ကြပါ၏။

### ဆံရှည်ရသေ့ဂူ

ရှင်ပင်နံကိုင်းတောင်၊ မုခ်ဦးရှေး



◆ နံကိုင်းတောင်ခြေမှ ဗိမ္မာလှတာညီကြ တောလမ်းအတက်လှေကား



◆ နံကိုင်းတောင်ခြေမှ ဆံရှည်ရသေ့ဂူ အား ပိတ်ဆို့ထားသော လိုဏ်ဂူ အဝင်ပေါက်အား မြင်တွေ့ရပုံ

ဟောင်း ခြသေ့်ကြီး(၂)စီး၏ အရှေ့ဘက်တွင် စေတီတော် တစ်ဆူ ရှိလေ၏။ ဘွဲ့တော်မှာ **"ဆုတောင်းပြည့် အောင်ချမ်းသာ စေတီ"**ဟူ၍ အတွင်းလိုဏ်ပါ ရှေးဟောင်းစေတီ ဖြစ်ပါသည်။

စေတီတော်မှာ တောင်အရပ်သို့ မျက်နှာမူထားလေ၏။ စေတီတော်မြတ် ၏ မြောက်ဘက်တံတိုင်းသည် ရှင်ပင် နံကိုင်းစေတီတော်ကြီး သီတင်းသုံးရာ နံကိုင်းတောင် ဖြစ်လေသည်။ တောင် တော်၏နံရံတွင် **ကျောက်ထွင်းလိုဏ် ဂူကြီး** တည်ရှိလေ၏။

ထို ကျောက်လိုဏ်ဂူအတွင်း၌ **ဆံရှည်ကိုယ်တော်ကြီး**ဟု အမည် ကျော်ကြားသော **ရသေ့ကြီးတစ်ပါး** ကျင့်ကြံ အားထုတ်နေလေသည်။

ရသေ့ကြီး၏ ဘွဲ့အမည်မှန်ကို မည်သူကမျှ မသိရှိကြပါ။ ရသေ့ကြီး၏ ထူးခြားချက်မှာ ကျောက်ဂူကြီးအတွင်း နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင် ခဲ့စဉ် **မည်သည့်အခါမှ ရေချိုးသုံး သပ်ခြင်း မရှိပါ။**

ရသေ့ဝတ်စုံအပိုလည်း တစ်စုံမျှ မရှိ။ သူ၏ ကိုယ်ပိုင်ပစ္စည်းများမှာလည်း လွယ်အိတ်ကြီးတစ်လုံးနှင့် ကောက်ရိုးသား တောင်ဝှေးတစ်ချောင်းဖြစ်ပါသည်။

ဝတ်ရုံတော်အပိုလည်း မရှိ၊ ရေ လည်း မချိုးသော်လည်း **နံစော်ခြင်း၊ အနံ့အသက်ဆိုးဝါးခြင်းလည်း လုံးဝ မရှိပါ။** ဒကာ,ဒကာမလည်း လွန်စွာ နည်းပါးလှပေ၏။ ဆွမ်းခံစားသုံးဖို့ သပိတ်တစ်လုံးတောင်မရှိ။

ရသေ့ကြီးသွားလေ့ရှိသော အိမ်မှာ စစ်ကိုင်းမြို့ဈေးလမ်းမှာ **"အောင်စေ သတည်း"**နှင့် ကျွန်ုပ်၏မိဘများ ပိုင် သော **ဝင်းလက်ဖက်ရည်ဆိုင်**တို့ ဖြစ်ပါသည်။


ရံဖန်ရံခါ အဘိုး၏ အောင်မင်္ဂလာ ကဖေးနှင့် ဘော်ဂါရပ်ရှိ သူကြီးဟောင်း ဦးစံမင်း၏ ခြံသို့ သွားရောက်ပြီး စကား စမြည် ပြောတတ်လေ၏။ ရသေ့ကြီးမှာ လက်ဖက်ရည်နှင့်, ဦးညိုမုန့်ကျွပ်ကြော် များစွာ သုံးဆောင်လေ့ရှိပါသည်။

ကျွန်ုပ်၏ဖခင်က မတ်ချက်ကြီး



www.burmeseclassic.com

www.burmeseclassic.com





◆ နံကိုင်းတောင်ထိပ်မှ
ဆံရှည်ရသေ့ တည်ရှိရာ
ရှေ့တည့်တည့်မှ မြင်ရသော
ဆုတောင်းပြည့် အောင်မြင်သောစေတီ



◆ ကျောက်မဂူချုပ်ဆီသို့ သွားရောက်နိုင်သော
ပထမဦးဆုံးစောင်းတန်း၏ မုခ်ဦး

◆ ကျောက်မဂူချုပ်သို့ ဝင်ရောက်ရာ ဂူ၏ အမိုးပုံကြီး





အပြည့်ဖျော်၍ ဦးညိုမုန့်ကျွပ် တိုက် ပန်းကန်ပြား၌ ထည့်၍ ကျွေးလေရာ ကုန်အောင် စားသောက်လေ့ရှိပါသည်။ **သို့ရာတွင် ပေးလှူသော ငွေကြေးနှင့် မုန့်ထုပ်များကို လုံးဝလက်မခံပါ။**

ဤ၌ ထူးခြားသော အချက်မှာ ဖော်ပြပါ ရုပ်ကွက်များသို့ ရောက်ရှိခြင်းမှာ မနက် (၉း၀၀)နာရီ အချိန်သာဖြစ်၍ တစ်ချိန်တည်းမှာပင် ထိုအိမ်များ၌ စားသောက်နေခြင်းမှာလည်း ထူးခြားလှပါ၏။ ကိုယ်ပွား ကိုယ်ခွဲများ ဖြစ်သည်ဟု သိရပါ၏။

ဆံရှည်ကိုယ်တော်ကြီး မည်သည့်အချိန်က ပျောက်ကွယ်သွားခြင်းကို နံကိုင်းတောင်ခြေမှ မည်သူကမျှ မသိရှိကြပါ။ ယခုအခါ နှစ်ပေါင်း(၇၀)ဆယ်မျှ ရှိလေပြီ။

ကျောက်မဂူချုပ်၏ အလင်းပေါက်နှင့်
လေရှူပေါက်အား တွေ့ရပုံ
ပုံ၏ ဝဲဘက်တွင် ဗိုလ်ဗိုလ်ကျောက်ရုပ်ရှိပါသည် ◆



www.burmeseclassic.com

www.burmeseclassic.com





← ကျောက်မဏ္ဍာပ်ဂူ၏ ဂူပေါက်သို့ ဆင်းသက်နိုင်သော တောတွင်းလမ်းကလေး

◄ ကျောက်မဏ္ဍာပ်အတွင်းမှ ချော်ခဲများကို တွဲဆက်လျက် ကျောက်စရစ်ခဲ အဖြစ် မြင်တွေ့ရပုံ

ထိုကျောက်လိုဏ်ဂူကြီးမှာ ယခုအခါ မသမာသူများ၏ အန္တရာယ်ကြောင့် ထုံးဖိုသူကြီးနှင့် ဥပါသကာများက အုတ်စီ၍ ပိတ်ထားလိုက်လေသည်။

## ကျောက်မဏ္ဍာပ်ဂူ

ရှင်ပင်နံ့ကိုင်းစေတီတော်၏ ပတ္တမြား ရွှေစောင်းတန်း၏ လှေကားထစ် (၅၀) ခန့် အနောက်ဘက်တွင် သံဆူးကြိုး ကာရံထားသော နဘူးချုံတောကြီး တည်ရှိနေပါသည်။ မိုးနံ့ပင်၊ ဗောင်ဗွဲ့ ပင်၊ စီးနဲ့ပင်နှင့် ကျွဲနှာခေါင်းချိတ်ပင် များဖြင့် ပြည့်နှက်လျက် ရှိလေ၏။

အဝေရာပင်၊ ဖျောက်ဆိပ်ပင်၊ ဒဟတ်ပင်များကလည်း အစီအရီ အပြိုင်အရိုင်း ရှင်သန်လျက်ရှိသော ကြောင့် တိုးဝှေ့ ဝင်ရောက်ရာ လမ်း တစ်လျှောက် လမ်းဟူ၍ သီးသန့် ဖောက်လုပ်ထားခြင်း မရှိသော်လည်း လူသွားလမ်းကလေး ကွေးကွေး ကောက်တည်ရှိသောကြောင့် ကျောက် မဏ္ဍာပ်ဂူသို့ လမ်းမှားစရာ မရှိပါ။

မိနစ်(၂၀)မျှ တိုးဝှေ့သွားရောက်ပါ က ရှေးနှစ်ပေါင်းများစွာက ပြုလုပ်ထား သော အနားယူစရာ အုတ်ထိုင်ခုံများ နှင့် လှေကားဟောင်းကလေးကို တွေ့ မြင်နိုင်လေ၏။

လှေကား(၄)ထစ်၏ လက်ဝဲဘက် ကမ်းပါးကို ငုပ်လျှိုးဝင်ရောက်ပါက ကျောက်မဏ္ဍာပ်၏ ဂူအဝကို တွေ့မြင် ရပါသည်။ ခြေချော် မကျဖို့အတွက် သတိထားဆင်းပါက ဝင်ရောက်နိုင်ပြီ ဖြစ်ပါ၏။

ဂူအဝင်ပေါက်မှာ လူ(၃)ယောက် တစ်ပြိုင်တည်း ဝင်ရောက်နိုင်ပါသည်။ ဂူပေါက်အမိုးမှာ မဏ္ဍပ်ကဲ့သို့ သဘာဝ အတိုင်း အခုံးကြီးဖြစ်ပါ၏။

အနည်းငယ်ငုံ့၍ ဝင်လိုက်ပါက (၇) ပေခန့်မျှမြင့်သော ဂူအတွင်း လူ(၁၀) ယောက်လောက် နားနေ၊ အိပ်နေနိုင် လေ၏။

ဂူ၏ လက်ယာထောင့်အမိုးတွင် လေဝင်ပေါက်နှင့် အလင်းရောင် ရရှိ နိုင်သော အချင်း(၃)ပေခန့် အဝိုင်း ပေါက်ကြီးက သဘာဝအတိုင်း တည် ရှိနေလေသည်။

ဂူကြီး၏ လက်ဝဲဘက်ထောင့်တွင် ကား အင်္ဂရုတ်ထိုး၍ ထားသောကြောင့် ချော်များကို တွေ့မြင်နိုင်လေ၏။ ချော် များမှာ လုံးချောနေကြပြီး အချင်းချင်း တွဲစပ်လျက်ရှိသောကြောင့် ကျောက် စလစ်ခဲ ပြောင်ချောချောများအဖြစ် ရောက်ရှိနေကြပါသည်။

ဤ ကျောက်မဏ္ဍာပ်ဂူအတွင်းသို့ ဂျာမဏီနိုင်ငံမှ တိုးရစ်နှစ်ဦးနှင့် ဂိုက် တစ်ဦးတို့ ရောက်ရှိလာပြီး လေ့လာ ခြင်း၊ အနည်းငယ်ဖဲ့ယူခြင်းနှင့် ဓာတ်ပုံ မှတ်တမ်းများ ရိုက်ကူးသွားကြောင်း ရပ်မိရပ်ဖတစ်ဦးနှင့် အုပ်ချုပ်ရေးမှူးမှ ပြောပြပါသည်။

ကျောက်မဏ္ဍာပ်ဂူအတွင်း ပတူကြီး သံဃရာဇာ၏ အဆက်အနွယ်ဖြစ် သော **ဇေယျသိဒ္ဓိရသေ့နှင့် တေဇော သာရ ရသေ့ကြီးနှစ်ပါး**တို့ လုပ်ရတ် လှမ်းစဥ် အောင်မြင်ပြီးမြောက်ခဲ့ဖူးလေ ၏။

ဂူကြီး၏ ပတ်ဝန်းကျင်၌ လောကီ ကျမ်းတို့၌လာသော ဆေးပင်မျိုး ကျောက်မျိုး လုပ်ရတ်ဆိုင်ရာတို့အား အပြီးတိုင် ရရှိနိုင်သော ဌာနဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်မဏ္ဍပ်ဂူ၏ အမိုးပေါက်မှ အလင်းဝင်ပေါက်နှင့် လေရှူပေါက်ကို ဂူအထက်မှ တွေ့မြင်ရပါသည်

◆ ကျောက်မဏ္ဍပ်အနီးဝေး တာဝန်ရှာမှ သစ်ပင်ပန်းပင်ကြီးများနှင့်အတူ ရှင်သန်နေသော ဆေးပင်တောကြီး



ရသေ့ကြီး(၂)ပါးတို့ကား ဘိုးတော် ဖဒိုမင်း၏ လက်ထက်တွင် နံကိုင်း တောင်တော်သို့ ရောက်ရှိလာပြီး လုပ်ရပ်ကိစ္စကို ဖွဲကောင်းကောင်းဖြင့် ဆောင်ရွက်လေသည်။

နံကိုင်းတောင်တစ်ရိုးတွင် ထိုစဉ် အချိန်ကာလများ၌ လူသူအရောက် အပေါက်မရှိသောကြောင့် စိတ်ကြိုက် အားစိုက်လုပ်နိုင်သကဲ့သို့ ဆေးပင်များ လည်းရရှိခဲ့လေ၏။

**နံကိုင်းတောင်လှိုဏ်အတွင်း ဆေးများစွာ ရှင်သန်ပေါက်ရောက်သော အရိုးရိုးတစ်ပင် ချွတ်ဝီးပင်၏ ပွင့်ဖိပ်နှင့် ဘင်နာတို့ကို တစ်ပါးထွက်၊ နှီး၍ ထိုးခဲ့ကြလေသည်။ ဤ နည်းအားဖြင့် လုပ်ရပ်အကျိုးတိုင် ပေါက် မြောက်ခဲ့ကြခြင်းဖြစ်လေ၏။**

ဖေယျသိဒ္ဓိရသေ့ကြီးနှင့် တေဇော သာရရသေ့ကြီးတို့သည် နောင်လာ နောက်သား ပညာလိုလား၊ အားထုတ် လိုသူများအတွက် ပေပုရပိုက်တွင် မှတ်တမ်းတင်ခဲ့ကြလေ၏။ ပေါက် မြောက်ခဲ့သော လုံများ၊ ဆေးဖက်များ ကို စွန့်ထားခဲ့ကြလေသည်။

မှတ်တမ်းပုရပိုက်ကိုလည်း ကျောက် မဏ္ဍပ်ဂူကြီးအတွင်း အဓိဋ္ဌာန်ပြု၍ မြှုပ်နှံထားခဲ့ကြောင်း **"ဆရာ ဦးကံ မြင့်(သုခကာရီ)"**မှ ပြောပြ၍ မှတ် သားခဲ့ရပါ၏။

**အရိုးရိုး တစ်ပင်တစ္ဆေးပင်မှာ တောင် ထုပ်ဆန့်ရှိပါသည်။ အရိုးအသစ်များမှာ နူးညံ့သောကြောင့် လက်ဖြင့် ထုပ်ချိုးလို့ ရကြောင်း သိရပါ၏။**

**အရွက်ပုံစံမှာ ထီးကာလေးကဲ့သို့ ပုံစံတူ ၍ အသီးများမှာ သိုးချေးညည်လုံးကလေး ကဲ့သို့ ရစ်လုံးကလေးနှင့် လွန်စွာ တူပါ ကြောင်း ပြောပြခဲ့ပါ၏။**

အစွမ်းထက် ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်ဆိုသည်မှာ **"မသိလျှင်တော့ ရွှေတစ်ဆုပ်၊ သိလျှင်တော့ မြေ တစ်ဆုပ်"**ဟူသကဲ့သို့ အဆိုရှိသော ကြောင့် စကားပုံ၏ အတွင်းသဘောကို သေချာမသိသော်လည်း လက်တွေ့ လေ့လာဖို့ ကျွမ်းကျင်ကြဖို့တော့ တိုက် တွန်းလိုက်ရပါ၏။

ရှင်ပင်နံကိုင်းတောင်မှာ နိုင်ငံခြား သားများ အရောက်များသောကြောင့် ကျော်ကြားသော လူသိများပြီးဖြစ်ပါ၍ လေ့လာလိုသော ဝါသနာရှင်များ အတွက် ထူးခြားနေရာတစ်ခုကို ရေး သား ဒါနပြုလိုက်ပါသည်။

**ဒေသန္တရ ဗဟုသုတကြွယ်ဝ ချမ်းသာ အဝေရာ ဘေးမခ အေးမြ ကြပါစေ။**

**ဘကြီးအောင်**
***(စစ်ကိုင်းတောင်)***

**ကျမ်းကိုး**

၁။ စစ်ကိုင်းတောင်ညွှန်းကျမ်း၊
၂။ ဆရာတော်ခင်ကြီးဖျော်ကျမ်း၊
၃။ စစ်ကိုင်း ဂေဇက်တီးယားကျမ်း၊
၄။ သာသနာ့လင်္ကာရကျမ်း၊
၅။ ဆရာအရှင်များ။



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်

# လောက်တက်ခဲ့သော်

အရာခံဗိုလ် မျိုးအောင်



၁၉၇၆ ခုနှစ်၊ ဇူလိုင်လ(ဝါတွင်းကာလ)က ဖြစ်ပျက်ခဲ့တဲ့ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုပါ။ ထိုလတွင် ထူးဆန်းသော ဖြစ်ရပ်တစ်ခု ကျွန်တော့်ဘဝတွင် ကြုံတွေ့ခဲ့ရပါတယ်။

ကျွန်တော့်ရဲ့အသက် (၂၇)နှစ် ဖြစ်ပါတယ်။ မိဘလက်ထက်ကတည်းက ကြုံဖူး,ကြားဖူးခြင်း မရှိ၍ အထူးအဆန်း ဖြစ်ခဲ့ရပါတယ်။ ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းမှာလဲ ဒီလိုအဖြစ်မျိုး ဖြစ်ခဲ့တာ ရှားပါတယ်။

အဲဒီ ဖြစ်ရပ်ဆန်းကလေးတစ်ခု ကြုံတွေ့ရမယ့်နေ့ကတော့ ရုံးပိတ်ရက် တနင်္ဂနွေနေ့ဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်ရဲ့ ဝါတွင်းကာလမို့ မိုးကလဲ တဖွဲဖွဲရွာနေပါတယ်။

မိုးရွာတယ်ဆိုပေမယ့် သဲသဲမဲမဲ ရွာခြင်းမဟုတ်ပါ။ မိုးရွာလိုက်၊ နေပူလိုက် ဖြစ်နေပါတယ်။ ညနေသုံးနာရီမှစ၍ မိုးမရွာတော့ပါ။ ရာသီဥတုကတော့ အေးငြိမ်းလျက်ပါ။

အဲဒီညမှာပဲ ကျွန်တော်တို့ ဇနီးမောင်နှံ ညကိုးနာရီတွင် အိပ်ရာဝင်ခဲ့ကြပါတယ်။ နှစ်ဦးသား အိပ်ပျော်သွားခဲ့ပါတယ်။ ညဆယ့်နှစ်နာရီလောက်တွင် ကျွန်တော့်ဇနီးက အထိတ်တလန့်ဖြင့်...

'အစ်ကို... အစ်ကို... ထပါဦး ခေါင်းအုံးအောက်မှာ ဘာတွေမှန်း မသိဘူး။ မီးဖွင့်စမ်းပါဦး'

လို့ ပြော၍ နိုးသဖြင့် ကျွန်တော်လဲ လန့်နိုးပြီး မီးခလုတ် ဖွင့်လိုက်ပါတယ်။

ရုတ်တရက် မြင်ကွင်းကြောင့် အံ့သြထိတ်လန့်ခြင်းများစွာဖြင့် ကြည့်နေမိပါတယ်။ တွေ့နေရတာက ဖြူဖွေးနေသော လောက်ကောင်လေးများမှာ တစ်ထောင်ခန့်ရှိမယ် ထင်ပါတယ်။ ကျွန်တော့်ဇနီး ရင်ဘတ်ကြား၊ ချိုင်းကြား နေရာများထိ ရောက်နေလို့ လက်ဖြင့် ခါချနေရပါတယ်။

ကျွန်တော့် လည်ပင်းနဲ့ အင်္ကျီ ရင်ဘတ်ကြားထဲတွင် ရှုစိရှုစိတ် ဖြစ်နေလို့ ခါချနေရပါတယ်။ ကျွန်တော့် ခေါင်းအုံးနဲ့ ဇနီးသည်ခေါင်းအုံးများကို ဖယ်ကြည့်လိုက်သောအခါ လောက်ကောင်လေးများ အဖွေးသား တွေ့မြင်လိုက်ရလို့ လန့်သွားပါတယ်။

စိတ်ထဲမှာ ဘယ်လိုကြောင့်များ ဒီလောက်များတဲ့ လောက်တွေ ရောက်နေပါလိမ့်မှာ တွေးမိလိုက်ပါတယ်။

တို့အိမ်လဲ သန့်ရှင်းပါတယ်။ ဘာအညစ်အကြေးမှလဲ မရှိပါဘူးပေါ့လို့ တွေးနေရင်းနဲ့ စောင်တွေ,ခေါင်းအုံးတွေ ဖယ်ပြီး တံမြက်စည်းအနုနဲ့ ကြမ်းပေါက်ထဲ လှည်းချပစ်လိုက်ပါတယ်။

ညမှောင်နေတော့ အိမ်အောက်မှာလဲ ဘာမှ မမြင်ရပါဘူး။ အိမ်က ခြေတံရှည် မြေစိုက်အိမ်ဆိုတော့ အဆင်ပြေစွာ အိမ်အောက်ထဲ လှည်းချပစ်လိုက်ပါတယ်။

ကျွန်တော်တို့ကလဲ ဘာမှ အတွေ့အကြုံမရှိ လူငယ်တွေ ဖြစ်ပြန်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ဘာမှ နားမလည် ဖြစ်နေရပါတယ်။

ဒါနဲ့ အိပ်ရာတွေ ပြန်ခင်းပြီး အိပ်ကြတာပေါ့။ ကျွန်တော်ကလဲ ချက်ချင်း အိပ်မပျော်ဘဲ တွေးနေမိတယ်။

**လောက်တက်ရင် စီးပွားတက်တယ်။ လာဘ်ရတယ်လို့ လူကြီးတွေ ပြောတာ ကြားဖူးတယ်လေ။ ဘာစီးပွား ဘာလာဘ်လာဘတွေများ ရကြမလို့ပါလိမ့် တွေးပြီး စဉ်းစားရင်း အိပ်ပျော်သွားပါတယ်။**

ထူးဆန်းနေတာက မနက် မိုးလင်းလို့ အိပ်ရာထတော့ အိမ်အောက်ကို အရင်ကြည့်မိတယ်။ ဒီလောက်များတဲ့ လောက်တွေ အိမ်အောက်မှာ ဖွေးနေလိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ တခြားစီ ဖြစ်နေတယ်။ လောက် တစ်ကောင် တလေမျှ မရှိတော့ပါဘူး။

ဒီကိစ္စကို ဘယ်သူ တစ်ဦး တစ်ယောက်မျှလဲ ယခုအချိန်ထိ မပြောခဲ့ပါ။ ကျွန်တော်တို့ ညစ်ပတ်လို့ ဖြစ်တာပါလို့ ထင်ကြမှာလဲ စိုးရိမ်တာနဲ့ မပြောဖြစ်ခဲ့ပါ။ ဒါပေမယ့် ကျွန်တော် ထီတစ်စောင်တော့ ထိုးဖြစ်ခဲ့ပါတယ်။ ထီတစ်စောင် နှစ်ကျပ်ခေတ်ပါ။

ဒီထူးခြားဖြစ်စဉ်တစ်ခု ခံစားတွေ့ရှိပြီး နောက်လ တော်သလင်းလဆန်း (၃)ရက်မှာ ကျွန်တော့်ဇနီးသည် ဗိုက်နာပါတော့တယ်။ **(၂၅.၈.၁၉၇၆) ခုနှစ်** ညဆယ်နာရီမှာ ဖြစ်ပါတယ်။

ဒါနဲ့ တပ်တွင်းဆေးခန်းပို့လိုက်ပါတယ်။ ကိုယ်ဝန်က သားဦးဆိုတော့ တပ်တွင်းဆေးခန်းမှ တစ်ဆင့် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးကို ပို့လိုက်ပါတယ်။

နောက်နေ့ (၂၆.၈.၁၉၇၆)ရက်နေ့ ကြာသပတေးနေ့ မနက် ကိုးနာရီခွဲမှာ မွေးပါတယ်။ သားဖွားမီးယပ်ပါရဂူ ဒုတိယဗိုလ်မှူးကြီး(...)က မွေးဖွားပေးခဲ့ပါတယ်။

သားဦး ယောကျ်ားကလေးဖြစ်ပြီး



ကြာသပတေးသားလဲဖြစ်တော့ သားလေးကိုလဲ ဆရာဝန်ကြီးက နာမည်ပေးလိုက်ပါတယ်။

ခန္ဓာကိုယ် လောက်တက်တာနဲ့ ပတ်သက်ပြီး ပြောရမလားတော့မသိဘူး၊ သားဦးယောကျ်ားလေး မွေးပြီး ထောက်ပံ့ငွေလေး ရလိုက်တာနဲ့ အားလုံးအဆင်ပြေသွားပါတယ်။

တစ်ခု ထူးခြားတာက ကျွန်တော် ထိုးလိုက်တဲ့ ထီကလဲ တစ်သိန်းဆုမှာ နောက်ဆုံးတစ်လုံး လွဲခဲ့ရပါတယ်။ ထီဆုငွေ မရလိုက်တော့ပါ။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ရပ်ကွက်ထဲမှ သက်ကြီးရွယ်အိုများကို မေးမြန်းကြည့်ပါတယ်။ သိတဲ့လူ ရှားပါတယ်။ သိတဲ့ အဘိုးကြီးတစ်ယောက်ကတော့…

'ငါတို့ အဲဒီလိုဖြစ်လာရင် လောက်ကလေးများကို သီးခြား ပန်းကန်ပြားတစ်ချပ်နဲ့ ခံယူပြီး ရွှေရည်,ငွေရည်လောင်း၊ အမွှေးနံ့သာ ပက်ဖျန်းပြီး ဖိုးဖိုးအိမ်ရဲ့ တောင်အရပ်ကို စွန့်ပစ်ရတယ်။ လာဘ်လာဘ ဂါထာတော်တွေ ရွတ်ပေးရမယ်။ ငွေဝင်စေတဲ့ အစီအမံတွေ လုပ်ဆောင်ပေးရမယ်',

လို့ ပြောပြပါတယ်။ သတ္တဝါတွေ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့ ဆုတောင်းရမယ်လို့ ပြောပြပါတယ်။

အဲဒီအဘိုးကြီး ပြောပြတဲ့အချက်တွေ ကျွန်တော် ဘာတစ်ခုမှ လုပ်ဆောင်ခဲ့ခြင်း မရှိ၍ လာဘ်လာဘ လွဲခဲ့ရတယ်လို့ပဲ ကျွန်တော် ယူဆလိုက်ပါတယ်။

လောကမှာ မကြားဘူးသော စကားကြားရလျှင် ပို၍ စိတ်ဝင်၏။ တစ်ခါဖူးမျှ မမြင်ဘူးသော အရာကို မြင်ရလျှင် ပို၍ စိတ်ဝင်စားဖွယ်ကောင်း၏။ ပို၍ နက်နဲ၏။ ပို၍ လျှို့ဝှက်၏။

ထိုသို့ လျှို့ဝှက်နက်နဲသော အကြောင်းအရာတို့သည် လောကဌ် အမှန်ပင် ဖြစ်ပျက်နေကြသည်သာ ဖြစ်၏။ ထိုအကြောင်းအရာများသည် ဖန်တီးတည်ဆောက်၍ရသည့် ကိစ္စများမဟုတ်၊ အကျိုးတရားနှင့် အကြောင်းတရား တိုက်ဆိုင်မှု ဖြစ်ပေါ်လာသော အဖြစ်အပျက်များသာလျှင် ဖြစ်ကြ၏။ အကြောင်း ညီညွတ်တိုက်ဆိုင်မည့် အချိန်မှာလည်း မျှော်မှန်း၍ ရသည် မဟုတ်ပါချေ။

ထိုအကြောင်းကိစ္စများသည် မထင်မှတ်သော အချိန်ကာလတစ်ခုတွင် လာရောက် ဖြစ်ပျက်ကြသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။

ထို့ကြောင့် ဂမ္ဘီရအကြောင်းဆက်များဟု ဆိုနိုင်၏။ ကျွန်ုပ် တွေ့ကြုံခံစားခဲ့ရသော ဖြစ်ရပ်ဆန်းများ ပြည်သူလူထုအတွင်းမှာ ရှိခဲ့ပါက **ကျွန်တော်ကဲ့သို့ မလုပ်တတ် မကိုင်တတ် မဖြစ်ရအောင် စေတနာထား ရေးသား တင်ပြလိုက်ပါတယ်။** သိရှိသူ ကြုံတွေ့ဖူးသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဆက်လက် တင်ပြပေးကြပါရန် တောင်းခံအပ်ပါတယ်။

***စာဖတ်ပရိသတ်အပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**အရာခံဗိုလ် မျိုးမောင်**



www.burmeseclassic.com

www.burmeseclassic.com

# ပညာရှင်များ ပြေကြားစေချင်ပါသည်

ခရီးသည်ဘုတောဒီ

## တောင်ဘက်လှည့်တော်မူသော ဗုဒ္ဓရုပ်ပွားတော်

ကျောက်ဆည်မြို့ ရုံးကြီးလမ်းရှိ "သန့်"တည်းခိုခန်းတွင် နှစ်လဆက်တိုက် တည်းခိုခဲ့သဖြင့် ဝန်ထမ်းများနှင့် ရင်းနှီးလာခဲ့သည်။ **ပြက္ခဒိန်ရွှေတောင်ခရီးစဉ်**မှအပြန်တွင် ချွေးစေး၊ ဖုန်မှုန့်များဖြင့် ငြိုးစီစီဖြစ်နေသော်လည်း ရေချိုးရဲသဖြင့် အိပ်မပျော်နိုင်ချေ။

ထို့ကြောင့် ကျော်အောင်စံထားဆရာတော်၏ ဗောဓိပက္ခိယအဖွင့်ကျမ်း(အိတ်ဆောင်)ကို အထပ်ထပ်လေ့လာတာ ရေသောက်ရန် အောက်သို့ ဆင်းခဲ့သည်။

'ဆရာကြီး၊ ဒီလောက် ပင်ပန်းလာတာ အိပ်မပျော်ဘူးလား'

'အေးဗျာ၊ ရေမချိုးဝံ့လို့ စေးကပ်ပြီး အိပ်မရ ဖြစ်နေတယ်။ ဒါနဲ့ ကျွန်တော့်ကို ဆရာကြီးလို့ မခေါ်ပါနဲ့ဗျာ၊ အသက်ကြီးတဲ့ သီလရှင်အဘွားအို ဖြစ်နေပြီ'

'တည်းခိုခန်းထုံးစံ သားနားသေသပ်တဲ့ညွှန့်သည်ကို ဆရာခေါ်ရိုးရှိသဗျ။ အခုဟာက ကျွန်တော်တို့အလေးထားတဲ့ စာရေးဆရာတစ်ယောက်မို့ ဆရာကြီးလို့ ခေါ်တာပါ။ အဆင်သင့်လို့ အပန်းမကြီးရင်တစ်ခုတော့ ကူညီပါဦး၊ ကျွန်တော့်အိမ်က **ရုပ်ပွားတော်ဟာ တောင်ဘက်ကိုရှည်းလှည့်နေလို့**ဆန်းစစ်ပေးပါလား'

'သမိုင်းကြောင်းကိုလဲ ပြောပြမှပေါ့ခန့်နေရှာကြီးရယ်'

'တေဘူဆရာတော် စိုက်ပျိုးခဲ့တဲ့ သီဟိုဠ်(သီရိလင်္ကာ)က ဗောဓိညောင်ပင်ဟာ ဆရာတော် ဘဝနတ်ထံ ပျံလွန်တော့ အလိုအလျောက် လဲပြိုကျသွားတယ်။ အဲဒီညောင်ပင်က အသားကို ကျက်သရေတိုက်ထဲ သိမ်းထားရာက ကျွန်တော်လဲ ကံကြုံလို့ ရုပ်ပွားတော် ထုဆစ် ပူဇော်ခွင့်ရခဲ့တယ်။

အိမ်မှာ ကိုးကွယ်ထားတော့ အိပ်ခန်း




◆ ဦးပု ကိုးကွယ်ထားသည့် အဂ္ဂိဗသာဒါ ရုပ်ပွားတော်





www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရားစင်တွင် တောင်ဘက်သို့သာ မျက်နှာမူ သီတင်းသုံးတော်မူနေသည်

▼ သန့်၊ တည်းခိုခန်း မန်နေဂျာ ဦးမို



ဦးပို၏ ဖိတ်ခေါ်မှုကြောင့် ပေါက်တောရပ်၊ ဇော်ဂျီ မြစ်ကမ်းရှိ နေအိမ်သို့ သွားရောက် လေ့လာသော အခါ နေအိမ်မှာ အနောက်ဘက်သို့ မျက်နှာ လှည့်၍ စည်းရိုးခတ်ထားသည်။ ရုပ်ပွားတော်အား အရှေ့ဘက်နံရံတွင် ကျောင်းဆောင်ဖြင့် ပူဇော်ထားသည်။

သို့သော် ပူဇော်ဝတ်ပြုသူရှိရာ အနောက်ဘက်သို့ မျက်နှာမူခြင်း မရှိဘဲ၊ တောင်ဘက် (လက်ယာဘက်)သို့ သာ မျက်နှာ ပြုတော်မူသည်ကို ကိုယ်တွေ့ ဖူးမြော်ရလေသည်။

အိမ်တွင်း ပူဇော်သူဘက်ကို မျက်နှာမူစေတာ ပါပဲ။ နံနက်လင်းလို့ ကြည့်လိုက်ရင် တောင်ဘက် လှည့်သွားလေ့ရှိတယ်။ ယနေ့အထိပါ။ ကျွန်တော့်အမြင်က နေအိမ်ဂေဟာ မသန့်ရှင်းလို့ဘဲ အိမ်တွင်းကို မျက်နှာ လှည့်သလားလို့ ပူပန်မိတယ်။ ဆရာကြီး တတ်နိုင်ရန် ကူညီပါ’

“သန့်” တည်းခိုခန်း မန်နေဂျာ

ဝေဘူဆရာတော်၏ တန်ခိုးပေလော။ ရက္ခဆိုင်ရာ ပါလနတ်မြတ်ကြောင့် ပေလော။ ဉာဏ်မမီသဖြင့် ပညာရှင်များ ကူညီဖြေရှင်း ပေးကြပါရန် မေတ္တာရပ်ခံလျက် ဓာတ်ပုံ မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

**ခရီးသည်သုတေသီ**


စာရှုသူ...သုတေသီ...
ပညာရှင်တို့ခင်ဗျာ...
၂၀၁၇ခုနှစ်
ဇူလိုင်လထုတ်သည်
နက္ခတ္တရောင်ခြည်
မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်
အမှတ်တရ
အထူးထုတ်လ
ဖြစ်ပါသည်။
သို့ဖြစ်ပါ၍
မည်သူမဆို
ပါဝင်ရေးသားနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။
လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-(ဧမြဲညီ)
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၇၇၆၃၄၉၇၈၉
၀၉-၉၆၈၀၀၄၄၂


F.23B. June, 2017.



www.burmeseclassic.com

www.burmeseclassic.com

# ပညာလက်အာဝါနှင့်

စက်လေးလုံး

မောင်ဖယ်နီး (အင်းတော်)

စာရေးသူ ဘုရားဝတ်ပြုအပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်ဆန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးခင်မောင်ဝင်းတို့ ရောက်လာသည်။

'အစောကြီးပါလားဗျ'

စာရေးသူ၏အမေးကို ဦးအောင်ဆန်းက ပြန်ဖြေပါသည်။

'လက်ဖက်ရည်သောက် သွားရအောင်ဗျာ'

'ခင်ဗျားတို့ကို ပြရဦးမယ်၊ ကျွန်တော့်သား မောင်တင့်ဇော ဝါးပျုံ ခုတ်လာခဲ့တာ'

စာရေးသူသည် ဝါးပျုံနှင့် ဝါးပျုံအမြစ်ကို ပြလိုက်ပါသည်။

'ရှင်သီဝလိရုပ် ထုရအောင်ဗျာ'

ဦးအောင်ဆန်း၏ အပြောကို စာရေးသူက ထောက်ခံသည့်အနေဖြင့်...

'ရှင်သီဝလိရုပ်ထုဖို့မြဲ၊ ထုရင်တော့ ပြည်ဝင်ပြည်ထွက် ထုရမှာ'

'ပြည်ဝင်၊ ပြည်ထွက်ဆိုတာက ဘာလဲဗျ'

ဦးအောင်ဆန်း၏ အမေးကို စာရေးသူက ပြန်ဖြေလိုက်ပါသည်။

'ပြည်ဝင်ဆိုတာက သပိတ်ကိုကိုင်လျက် ဆွမ်းခံထွက်တဲ့ ရုပ်တုပေါ့၊ ပြည်ထွက်ဆိုတာက သပိတ်လွယ်လျက် ယပ်ကိုင်ပြီး တောင်ဝှေး ပါ,ပါတဲ့ ရုပ်တုပေါ့ဗျာ။

စီးပွားရေးလာဘ်လာဘကို လိုချင်ရင် ပြည်ဝင်ပြည်ထွက် ထုလုပ်ပြီး ကိုးကွယ်ရတယ်'

ဦးအောင်ဆန်းကပင်...

'တမ်းတကို သွားရအောင် လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့'

စာရေးသူတို့သုံးယောက် တမ်းတ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပါသည်။

တမ်းတ လက်ဖက်ရည်ဆိုင်မှာ



လက်ဖက်ရည်သောက်ကြပြီး စာရေးသူကပင် လက်ပံကုန်းသွားရန် ပြောလိုက်ပါသည်။

'လက်ပံကုန်းသွားရအောင်၊ လက်ပံကုန်းမှာ ကိုဝင်းမောင် ရှိတယ်။ သူလဲ ပန်းပုရုပ်ကလေးတွေ ထုတယ်။ သူ့ပညာကို အကဲခတ်သိရအောင်'

စာရေးသူ၏ အပြောကြောင့် သုံးယောက်စလုံး အင်းတော်-ဖန်းမောက် ကားလမ်းအတိုင်း ထွက်လာခဲ့ပါသည်။

လက်ပံကုန်းရွာအဝင်တွင် အင်းတော်သို့ စက်ဘီးစီး ထွက်လာသော ကိုဝင်းမောင်နှင့် တွေ့သည်။

'ကိုဝင်းမောင် ခင်ဗျားအိမ်လာတာ ခင်ဗျား တစ်ခါပြောတဲ့ ပန်းပုရုပ်ကလေးတွေ ကြည့်ဖို့ပဲ'

စာရေးသူ၏ အပြောကြောင့် ကိုဝင်းမောင်လည်း ပြန်လှည့်ပြီး သူ့အိမ်သို့ ခေါ်ခဲ့ပါသည်။ သူ့အိမ်တွင် အဘအောင်မင်းခေါင်နှင့် ဘိုးဘိုးအောင် ရုပ်တုကို တွေ့ရသည်။

'ခင်ဗျား ထုထားတဲ့ ရှင်သီဝလိ ရုပ်တုတော်ကို ပြပါဦး'

စာရေးသူအပြောကြောင့် ကိုဝင်းမောင်သည် နဂါး ပါးပျဉ်းထောင်ပြီး မိုးလျက် ရှင်သီဝလိရုပ်တုတော် ပြည်ထွက်ပုံတော်ကို ဖူးရပါသည်။

'သစ်အယ်သားကို ထုထားတာ၊ ကျွန်တော်က စနေသားဆိုတော့'

ကိုဝင်းမောင်၏အပြောကို ဦးအောင်ဆန်းမှ နားရှင်းပုံ မပေါ်။

'ဘယ်လို သစ်အယ်သားလား'

စာရေးသူက ရှင်းပြလိုက်ပါသည်။

'အမြစ်,အညွန့်ပေါ့ဗျာ၊ ကိုဝင်းမောင်က စနေသားဆိုတော့ သူ့နေ့နံရဲ့အမြစ်က ယောကြာ၊ အညွန့်က တနင်္ဂနွေဆိုတော့ သစ်အယ်သားထုတာပေါ့၊ ယောကြာဆိုရင် ပိတောက်သားပေါ့'

စာရေးသူ ရှင်းပြလိုက်မှ ဦးအောင်ဆန်း သဘောပေါက်သွားပါသည်။

'ကျန်တဲ့ နေ့သားတွေလဲ ဒီလို အမြစ်အညွန့် ထုရင်ရတာပေါ့'

ဦးအောင်ဆန်း၏ အမေးပင် ဖြစ်ပါသည်။ ဦးခင်မောင်ဝင်းကမူ မည်သို့မျှ မပြော နှုတ်ဆိတ်လျက်ရှိသည်။

စာရေးသူက နေ့ခုနစ်နံအရ အမြစ်အညွန့်ကို ပြောပြလိုက်ပါသည်။

❖ **တနင်္ဂနွေသားဆိုရင်** ဒန့်ကြီးသား နေ့နံရုပ် ဂဠုန်၊

❖ **တနင်္လာသားက** သြဇာသား ကျားရုပ်၊

❖ **အင်္ဂါသားက** ခရေသား ခြင်္သေ့ရုပ်

www.burmeseclassic.com

❖ **ဗုဒ္ဓဟူးသားကတော့** စံပယ် ဆင်ရုပ်၊
❖ **ကြာသပတေးသားက** လောက် သေ ကြွက်ရုပ်၊
❖ **သောကြာသားက** ပိတောက် ပူးရုပ်၊
❖ **စနေသားကတော့** သစ်အယ် နဂါးရုပ်။

ဒီနေ့နဲ့ ရုပ်တုပေါ်မှာ ရှင်သီဝလီရုပ် ကို ထုပြီး ကိုးကွယ်ရတယ်။ လာဘ်ဝင် တာပေါ့'

စာရေးသူ ပြောနေစဉ် ဦးဝင်းမောင် မှ လောကဟိတရာသီကျမ်းကို ယူလာ ပြီး စက်လေးလုံးအကြောင်း မေးပါ သည်။

'စက်လေးလုံးကို ကျွန်တော် မရှင်း ဘူးဗျာ၊ မှန်တာကတော့ တော်တော် မှန်တာ ရှင်းပြပါဦး ဆရာ'

'ကျမ်းစာအုပ်တွေမှာ ဟင်းစားပေးပြီး ဖိုက်ချက်မပြတာတွေ တွေ့ရတယ်။ ပညာ လိုချင်ရင် ဆက်ရှာ အဖြေတွေ့မယ်ဆိုတဲ့ သဘောလဲပါမယ်။ ဉာဏ်ရည်တူရင် စားကြ ပေါ့ဆိုတာမျိုးပေါ့ဗျာ။

နားနောင်ဆရာတော် ဦးကုလျာဏရဲ့ မှတ်စုထဲက စက်လေးလုံးကို ကျွန်တော် ပြောမယ်'

စာရေးသူသည် ကိုဝင်းမောင်၏'ရှေ့ တွင် စာရွက်တစ်ရွက်အပေါ် အောက် ပါအတိုင်း စက်လေးလုံးစာသားကွက် ကို ရေးဆွဲလိုက်ပါသည်။

* * * ————→

လဆန်း(၁)ရက်၊ (၆)ရက်၊ (၁၁) ရက်ရဲ့ ပထမအချိန်နေထွက်မှာ စက်(၄)လုံးအခါ၊ မွန်းလပ် ဒုတိယ အချိန်မှာ ကြက်ခြေခတ်(×) တတိယ အချိန် နေလွဲအခါမှာ ကွက်လပ်(□) စတုတ္ထအချိန် နေစောင်းအခါမှာ ၂ (စက်နှစ်လုံး) ပဥ္စမအချိန် နေဝင်အခါမှ



စက်(၁)လုံး ကျန်တဲ့ရက်နဲ့ ပဥ္စလက် အခါ ဒီအတိုင်း သမ္မန်တော့...'

'ရှင်းပြီဆရာ အဟောပြောပါဦး'

စာရေးသူ ရွတ်ဆိုပြလိုက်ပါသည်။

**စက်လေးလုံးအခါဆိုရင်...** ကျွဲ မင်းပဋိသန္ဓေ၊ နေသည်မှန်ပြား၊ ဘွား သည်ရွှေစင်၊ ဘခင်အန္တူ၊ သတ်ပြု အသေ၊ ပုဏ္ဏေနန်းစံ။

**ကြက်ခြေခတ် အခါကတော့...** ဥယျာဉ်ပြုစု၊ စည်မှုသာယာ၊ ပင်မှာ ရွှေသီး၊ မင်းကြီးကခေါ်၊ ညိုးလျော် ထောင်သွယ်၊ ထောင်လွတ်ဆုပေး။

**ကွက်လပ်အခါမှာ...** ပေါရိသာဒ၊ စားထလူသား၊ နေပြားပြည်ခွာ၊ ခြေမှာ ဓားထိ၊ ကျွတ်ဘိအစွယ်၊ ပြည်ဝယ် နန်းစံ။

**စက်(၂)လုံးအခါ...** မနော်ဟာရီ အညီတတန်၊ ရေကန်ကစား၊ မိပြား နဂါးပတ်၊ ဆက်ကပ်သုဓနူ၊ ယစ်နတ် ပူဇော်၊ မနော်ပြည်ပြန်။

**စက်(၁)လုံးအခါ...** သူရာသေ သောက်၊ ယစ်မူးတွန်းချ၊ တက်ကျဖျ ဟာ စစ်မှာလည်းရှို၊ ရှုံးဘိပြည်ပြန်။

---

စက်လေးလုံးအဟောမှာ...

---

ဝါးဆိုရင် အဖျားအထက်ရှိမယ်၊ အဖြူအမည်းခွဲရင် လက်ယာအဖြူ၊ လက်ဝဲအမည်း။ ဥစ္စာပျောက်ရင်ရမယ်။

ကျွဲနွားပျောက်ရင် မြောက်ဘက် မှာရှာ၊ ကျွန်,ကျွဲပျောက်ရင် မြောက်မှာ ရှာ။ ရက်ကိုမေးရင်(၂)ရက်၊ (၃)ရက် အတွင်းရမယ် သူနာကိုမေးရင် တောင် အရပ်ကို ခေါ်ခွက်ပို့။

---

ကြက်ခြေကတော့...

---

ဝါးအဖျားမြေကြီး လက်ဝဲအဖြူ လက်ယာအမည်း။ ကျွန်,ကျွဲ,နွား ပျောက်ရင် အနောက်မှာရှိမယ်။ (၇) ရက်ကြာမှ ရမယ်။ ခရီးသွားသူ မပြန် သေး။

သူနာကိုမူ အိမ်နတ်ကို ခေါ်ခွက်နှင့် အနောက်အရပ်ပို့။ စစ်ထိုးသော် အသားညိုသူ နိုင်မယ်၊

<u>ပဥ္စလက်အခါ စက်လေးလုံးဇယား</u>

| လဆန်း/ လဆုတ်ရက် | | | နေထွက် (နံနက် ၆နာရီ မှ ၈နာရီ ၂၄မိနစ်) | မွန်းလပ် (၈နာရီ ၂၄မိနစ် မှ ၁၀နာရီ ၄၈မိနစ်) | နေလွဲ (၁၀နာရီ ၄၈မိနစ် မှ ၁နာရီ ၁၂မိနစ်) | နေစောင်း (၁နာရီ ၁၂မိနစ် မှ ၃နာရီ ၃၆မိနစ်) | နေဝင် (၃နာရီ ၃၆မိနစ် မှ ၆နာရီထိ) |
|---|---|---|---|---|---|---|---|
| ၁ | ၆ | ၁၁ | ၄ | × | | ၂ | ၁ |
| ၂ | ၇ | ၁၂ | ၁ | ၄ | × | | ၂ |
| ၃ | ၈ | ၁၃ | ၂ | ၁ | ၄ | × | |
| ၄ | ၉ | ၁၄ | | ၂ | ၁ | ၄ | × |
| ၅ | ၁၀ | ၁၅ | × | | ၂ | ၁ | ၄ |

စာမျက်နှာ (၁၈၂) သို့



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **"ရေနစ်သူကို ကယ်တင်ရန်"** ဆောင်းပါးကို ဖတ်ရှုရင်း **၁၉၈၄ ခုနှစ်က** စာရေးသူ "ကိုယ်တွေ့"ကြုံခဲ့ရသည့် အဖြစ်တစ်ခုကို သတိရမိပါသည်။

စာရေးသူ တွေ့ကြုံခဲ့ရသည်မှာလည်း "ရေနစ်သူ ကယ်တင်ရန်" ဆောင်းပါး၊ ပါနည်းနှင့် ခပ်ဆင်ဆင် တူနေပါလိမ့်မည်။

စာရေးသူကတော့ "ကိုယ်တွေ့" ကြုံခဲ့ရပြီး မှန်ကန်လှပါသဖြင့် စာရှုသူများလည်း ကိုယ်တိုင် ကြုံသည့်အခါ ဖြစ်စေ၊ အများအတွက်ဖြစ်စေ ကူညီနိုင်စေရန် ထိုဆောင်းပါး အပေါ်ဝယ် ထပ်မံ "အားဖြည့်" ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

**၁၉၈၄ ခုနှစ်၊ ရုံးပိတ်ရက် တစ်ရက်**၏ မနက်ခင်းဝယ် စာရေးသူ ပုတီးစိပ်၊ အမျှဝေပေးပြီး ခေတ္တ အနားယူနေစဉ် တပည့်ဖြစ်သူ စိုးရွှေ ရောက်ရှိလာပြီး "မျိုးဝေ"မနေ့ညနေက ထုံးဘို ရေဝတီမြစ်ဆိပ်ကမ်းတွင် ရေဆင်းချိုးရာ ရေနစ်သေဆုံးကြောင်း၊ အလောင်းမှာ ယခုထိ ရှာမရသေးကြောင်း အကြောင်းကြားလာခဲ့ပါသည်။

မျိုးဝေဆိုသည်ကလည်း စာရေးသူ၏အိမ်တွင် ဝင်,ထွက်သွားလာနေသော ရင်းနှီးသည့် တပည့်တစ်ဦး ဖြစ်ပါသည်။ မျိုးဝေသည် ရိုးသား ဖြောင့်မတ်၍ လုပ်ငန်းတွင် အားကိုးရသူဖြစ်သည်။ သူသည် ရေမကူး တတ်ကြောင်းကိုလည်း ပြောပြဖူးပါသည်။

ထုံးဘိုသို့လည်း မင်္ဂလာဆောင်ကိစ္စ ရှိသဖြင့် မနေ့က ညနေတွင် သွားမည်ကိုလည်း စာရေးသူအား ပြောသွားခဲ့ပါသည်။

ယခုလို ကြားရသည့် သတင်းကြောင့် များစွာ စိတ်မကောင်းဖြစ်ရပါသည်။ သို့နှင့် စာရေးသူလည်း မိမိအထက် လူကြီးထံ အကြောင်းကြားပြီး ထုံးဘိုသို့ အားချင်း လိုက်သွားခဲ့ပါသည်။ ရောက်လျှင်ရောက်ချင်း အလောင်းရှာရန် အတွက် စက်လှေတစ်စီး ငှား၍ ရေကူးရေငုပ် ကျွမ်းကျင်သူနှစ်ဦးနှင့် မြစ်ရိုးတစ်လျှောက် အလောင်း လိုက်လံ ရှာဖွေမှု ပြုလုပ်ကြရပါသည်။

စာရေးသူတို့ မနက်(၈)နာရီလောက် ကတည်းက ရှာဖွေခဲ့ရာ ထမင်းဆာရမှန်းတောင် မသိတော့ဘဲ နေ့လယ် (၂)နာရီသာ ထိုးခဲ့ပါသည်။ ထူးခြားချက် မရှိခဲ့ပါ။ လူပန်း၊ စိတ်ပန်းသာ ကြုံခဲ့ရပါသည်။

မိုးကိုကိုကြီး (စစ်ဆေးရေး)
(၂)မတာလထုံးဘို

# ရေနစ်သူကို

ရှာဖွေရန် နည်းကောင်း



ဒီလိုနှင့် စာရေးသူနှင့် စိုးရွှေတို့သည် မောမောနှင့် မျိုးဝေ ရေနစ်သေဆုံးသည့် မြစ်ကမ်းစပ်နားတွင် လက်မှိုင်ချ၍ ထိုင်နေကြစဉ် အသက်(၆၀)ကျော် ဦးကြီးတစ်ဦး စာရေးသူတို့ ထိုင်နေရာ ကမ်းစပ်သို့ ဆင်းလာပြီး...

'မောင်ရင်တို့ အလောင်းရှာလို့မတွေ့ဘဲ မောနေကြပြီထင်တယ်'

ဟု အစချီကာ...

'ဒီလို ရမ်းရှာလို့ကတော့ မောတာပဲ ရှိလိမ့်မယ်။ ဦးကြီး အကြံဉာဏ်ပေးမယ်၊ ယုံယုံကြည်ကြည်နဲ့ လုပ်။ သေဆုံးသူရဲ့ခေါင်းအုံးကို သွားပြန်ယူ။ ခေါင်းအုံးရတာနဲ့ သူ ရေနစ် သေဆုံးသွားတဲ့ ဒီနေရာကနေပြီး အလုံခြုံဆုံးသစ္စာကို တိုင်တည်ပြုပြီး ဤသစ္စာ မှန်ကန်တည်ကြည်ပါက ရေတွင် မျောလိုက်သော သေဆုံးသူ၏ ခေါင်းအုံးသည် သေဆုံး ရှိနေရာ၌ ရပ်တန့်ကာ လည်နေပါစေ သတည်းလို့ သစ္စာပြုမျှောလိုက်။ သေဆုံးသူရှိရာ နေရာကို ရေထဲ မျောပါသွားတဲ့ ခေါင်းအုံးက ရပ်ပြီး လည်ပြလိမ့်မယ်။ ဦးကြီးလဲ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ဖို့ မောင်ရင်တို့ကို စေတနာနဲ့ လာပြောတာ'

ဟု ပြောသဖြင့် စာရေးသူလည်း စိုးရွှေအား မျိုးဝေ၏ခေါင်းအုံးကို သွားပြန်ယူခိုင်းပြီး ထိုဦးကြီး၏ အကြံပေးချက်အတိုင်း ပြုလုပ်ပါတော့သည်။

'ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရား တပည့်တော်သည် ငယ်စဉ်ကစ ယခုထိတိုင် သိလျက်သားနှင့်...
၁။ ကျွဲသား၊ နွားသားများ မစားပါ။
၂။ အရက်သေစာ မသောက်စားပါ။
၃။ လင်ရှိမယားအား ပြစ်မှားကျူးလွန်ခြင်း မပြုပါ။

ဤသစ္စာ(၃)ချက် မှန်ပါက ဤရေထဲ မျှောလိုက်သော ခေါင်းအုံးလေးသည် မျိုးဝေ သေဆုံးတည်ရှိမည့်နေရာတွင် ရပ်တန့် လည်ပတ်နေပါစေသတည်း'

ဟု စာရေးသူ၏ အလုံးခြုံဆုံး သစ္စာပြုဆိုကာ ရေတွင် မျှောချလိုက်ပါတော့သည်။

**ခေါင်းအုံးလေးသည် ရေစီးနှင့်အတူ မျောပါသွားပါသည်။ စာရေးသူတို့လည်း ခေါင်းအုံးလေးအား လိုက်လံကြည့်ရှုခြင်း ရှိမိနေကြပါသည်။ ခဏအကြာ ခေါင်းအုံးလေးသည် ရေဝဲရှိသော နေရာတွင် ရပ်တန့်သလိုလို ဖြစ်သွားပြီး အထက်သို့ အနည်းငယ် မြောက်တက်ကာ အောက်သို့လည်းမထင်။ အထက်သို့လည်း မတက်တော့ဘဲ (၃)မိနစ်ခန့်ကြာကြာ ငြိမ်ညင်စွာ လည်ပြီးနေပြီးမှ ရေစီးအတိုင်း မျောပါသွားပါတော့သည်။**

စာရေးသူလည်း ထိုနေရာကို သေချာမှတ်၍ ရေငုပ်သမား(၂)ဦးအား ခေါ်၍ ရေငုပ်ခိုင်းရပါတော့သည်။

သူတို့(၂)ဦးလည်း ပြသည့်နေရာ တည့်တည့်သို့ ရေငုပ်ကြပြီး ရေပေါ်သို့ ပြန်တက်လာသောအခါ...

'တွေ့တယ် ဆရာလေး။ ဒါပေမယ့် သူ တစ်ခုခုကို မလွှတ်တမ်း ကိုင်ထားပုံရတယ်၊ ကျွန်တော်တို့ ဆွဲကြည့်တာ မရဘူး။ ငါးတားပိုက်သွားငြားပြီး ကျွန်တော်တို့ ရေအောက်ကနေ အလောင်းကို ပတ်အုပ်ပေးမယ်၊ အပေါ်က လူအားနဲ့ ဆွဲရင် ရနိုင်တယ်'

ဟု ရေငုပ်သမားက ပြောသဖြင့် သူပြောသည့်အတိုင်း ဆောင်ရွက်ကြရာ မျိုးဝေ၏ အလောင်းကို စာရေးသူတို့ကုန်းပေါ်သို့ဆယ်ယူရရှိခဲ့ကြပါသည်။

ဒီနောက် မျိုးဝေအတွက် ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးပြီး အကြံပြုခဲ့သူ ဦးကြီးအား လိုက်လံ စုံစမ်းကာ သွားရောက် ကန်တော့မှု ပြုလုပ်ခဲ့ပါသည်။ ထိုသူကား ထုံးဘိုမြို့၊ ခပေါင်းလမ်းနေ ဦးကြီး ဦးရွှေဆိုသူ ဖြစ်ပါသည်။ ယခုတော့ ကွယ်လွန်သွားရှာပြီ ဖြစ်ပါသည်။

စကားချက်

***အမည်၊ နေရပ်အမှန်တို့ဖြင့်သာ ရေးသားထားသော "ဖြစ်ရပ်မှန်" ဖြစ်ပါသည်။ ကွယ်လွန်သွားရှာပြီဖြစ်သော ဦးကြီး ဦးရွှေအား ဤဆောင်းပါးဖြင့် "ဂါရဝ"ပြုလျက်...***

***ဦးကိုကိုကြီး(စစ်ဆေးရေး)***
***(၂)မတာယထုံးဘို။***

စာမျက်နှာ (၁၈၀)မှ အဆက်

**ကျွတ်လပ်အခါ...**

ဝါးအရင်းအောက်၊ အဖျားအထက်၊ ဝဲဘက်ကအနက်၊ လက်ယာက အဖြူ၊ စစ်ထိုးရင် အသားဖြူကနိုင်၊ အသားမည်းက ရှုံး၊ ရွှေငွေဥစ္စာပျောက်ရင် မြောက်ဘက်မှာရှိမယ်။

ကျွန်၊ ကျွဲ၊ နွားပျောက်ရင် အနောက်တောင်အရပ်မှာရှာ။ (၂)ရက်အတွင်းရမည်။ သူနာကို မေးရင် ဖုတ်စာရွှေဖမ်း၊ မြောက်ဘက်ကို ခေါ်ခွက်နှင့်ပို့။

**စက်(၂)လုံးအခါ...**

ဝါးအရင်းအောက်၊ အဖျားအထက် လက်ဝဲက အမည်း၊ လက်ယာအဖြူ၊ ကျွန်၊ ကျွဲ၊ နွားပျောက်ရင် အရှေ့တောင်အရပ်မှာရှာ။ ဖြူသူနိုင်ပြီး မည်းသူ ရှုံးမယ်။

အရောင်းအဝယ်မေးရင် ကောင်းမယ်။ ခရီးသွားမေးက (၃)ရက်အတွင်းရောက်မယ်။ သူနာမေးမူ အရှေ့အရပ်သို့ ခေါ်နှင့်ပို့။ မိန်းမဖြစ်မှု ပျောက်လွယ်မည်။ ယောက်ျားမေးမူ ပျောက်ခဲ၏။

**စက်တစ်လုံးအခါ...**

ဝါးအဖျားအပေါ် အောက်ကအရင်း လက်ဝဲအဖြူ၊ လက်ယာအမည်း ကျွန်၊ ကျွဲ၊ နွားပျောက်မူ အနောက်တောင်အရပ်မှာရှိမယ်။ သူနာမေးမူ အနောက်တောင်ကို ခေါ်နှင့်ပို့။ (၆) ရက်အတွင်းရမယ်။

မေးလာတဲ့အခါကိုကြည့်ပြီး စက်လေးလုံးအခါနဲ့ ဟောတာပါ။ တောရွာတွေမှာတော့ ဒီအဟောတွေကပင်တိုင်သုံးတွေပါ'

'သရာရှင်းပြမှပဲ ကျွန်တော် ရှင်းသွားတယ်။ လောကဟိတရာသီမှာပါတဲ့ စက်လေးလုံးဇယားက နေထွက်၊ မွန်းလပ်၊ မွန်းလွဲ၊ နေစောင်း၊ နေဝင်လဲမပါ၊ ရက်လဲမပါ ဆိုတော့အဖြေရှာရတာ ခက်တာပေါ့ဗျာ'

'ကိုဝင်းမောင် အချိန်ကြာသွားပြီ၊ ပြန်ဦးမယ်၊ ဒီအကြောင်းကို ကျွန်တော် ဆောင်းပါးရေးဦးမယ် ပါလာရင် လက်ဆောင်ပေးပါ့မယ်'

စာရေးသူတို့ သုံးဦးစုလုံး ကိုဝင်းမောင်အိမ်မှ ထွက်လာခဲ့ကြပါသည်။ မွန်းလပ်ဖြစ်နေသော်လည်း မိုးအုံ့သဖြင့် အေးပါသေးသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

ရဲမျိုးသူ (ဇောဓိမြိုင်)
ဘောင်ဒူမြို့

# လက်ချား



မည်သို့သော သတ္တုများမဆို မီးတွင် လွယ်ကူစွာ ပျော်ဝင်စေရန်အတွက် လည်းကောင်း၊ ဓာတ်သတ္တုတို့ကို သန့်စင်စေရန်အတွက်သော် လည်းကောင်း လက်ချားမပါမရှိ ထည့်သွင်း ပါဝင်ရပါသည်။

လက်ချားဟုဆိုသည်နှင့် အဂ္ဂိရတ် ဝါသနာရှိတို့ သိနှင့်ပြီး ဖြစ်ကြလေသည်။ မြန်မာအဂ္ဂိရတ်ပညာသည် ဝိဇ္ဇာ အသိပညာနှင့် သိပ္ပံအတတ်အား အခြေခံထားခြင်းဖြစ်လေသည်။

ဓာတ်သတ္တုများအား မီးအတတ် ပညာဖြင့် ပေါင်းစပ်ခြင်း၊ သန့်စင်ခြင်း တို့ကို အခြေခံထား ဆောင်ရွက်ခြင်း အထိ သဘောချင်း တူညီမှုရှိသော်လည်း လိုချင်သည့် ကြီးမားသော ရည်မှန်းချက် ပန်းတိုင်ကြီးတစ်ခုဆီသို့ ရောက်သည့်အထိ ရယူကြဲဆ ဆောင်ရွက်ကြရပုံမှာ သာမန်အသိဖြင့် လိုက်မမီအောင် ဖြစ်တော့သည်။

ဝါသနာရှင်အချို့သည်လည်း လမ်းခုလတ်တွင် ခါးပြတ်၍ ကျန်ကြလေသည်။ အကြောင်းကား ပါရမီစခန်း ထွက်ရပ်လမ်းအထိ ရည်ရွယ်ကြ၍ ဖြစ်သည်။ သာမန်လူတို့အဖို့ကား လိုက်မမီနိုင်သော အတွေးအခေါ် အယူအဆများနှင့် မဖြစ်နိုင်သော ကြံဆမှုဟုသာ မှတ်ချက်ပြု၍ လူလေအတတ် အဂ္ဂိရတ် ဟု ဝေဖန်ပြောဆိုသည်ကို ကြားဖူးခဲ့ပါသည်။

လက်ချားနှင့်ပတ်သက်ပြီး အမှတ်တရ ရှိခဲ့ဖူးပါသည်။ ဖားဖိုကြီး၏ နှုတ်ခမ်းဝဆီမှ တဝေါဝေါ အသံပေးနေသော စုပ်လေ၊ မှုတ်လေကြောင့် ဖိုခွင်အတွင်းမှ မီးပန်းလေးများ လေသာရာ ဘက်သို့ ပျံလွင့်သွားပြီး ပြာမှုန်များအဖြစ် တဖျောက်ဖျောက် အသံပြုရင်း ပြောင်းလဲသွားသည်ကို ကြည့်နေမိနေ ခိုက် ပညာသခင် ရသေ့ရှင်က...

'မောင်ရင်လေး လက်ချားထည့်ဖျော်လေ'

'တင်ပါ့ဘုရား'

အမှန်မသိခဲ့ပါ။ အသင့်ဝယ်ထားသော လက်ချားခဲ အပိုင်းအစအား လက်ဖြင့် ယူ၍ လုံးအိုးလေးအတွင်း ခက်ခက်ခဲခဲ ဝင်အောင် ပစ်ထည့်လိုက်လေသည်။ ရသေ့ကြီးက ခေါင်း တဆတ်ဆတ်ညိတ်၍ မိန့်သည်မှာ...

'အကာလေးက ဝါသနာပါတဲ့ အဆင့်သာပဲ ရှိနေသေးသည်ကို၊ သန့်စင်သေသပ် သိဠ်တက်စေတဲ့ ဓာတ်ပြုတ်ထွက်ရာ ဆေးသည်ကား လက်ချားသာပဲ'

ထို့နောက် လက်ချားသည် အဂ္ဂိရတ်သမားအတွက် မဖြစ်မနေ သိရသလို မီးအတတ်တွင် စနစ်တကျ အသုံးပြုပုံကို မိန့်ဆိုညွှန်ပြပြီး လက်ချားမီးပေါက် အမှုန့်ပြုလုပ်၍ ဖန်ပုလင်းဖြင့် လေလုံအောင် သိမ်းရကြောင်းကို လက်တွေ့ပြုလုပ် ပြသခဲ့ဖူးလေသည်။ အတတ်ပညာကို စနစ်တကျ တတ်မြောက်ဖို့ **ဆရာ,မပြ နည်းမကျဆိုကာ ညှပ်ကိုင်လုံထားဆေးတစ်ပါး**ဟု မိန့်မှာခဲ့လေသည်။

**အဂ္ဂိရတ်ပညာတွင် ဆေးခွင်ချန်ပါး ဆိုတာရှိကြောင်း၊ လုံ့ခြောက်ထိုးခြင်းနှင့် လက်ချားမီးပေါက်ထည့်၍ ထိုးခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။**

လက်ချားစိမ်းကို တိုက်ရိုက်သုံးက ငါးမုန့်ကြော်သလို ပွတက်လာတတ်၍ အခန့်မသင့်က ဓာတ်ဆုံးရှုံးတတ်ကြောင်း ဖြစ်တော့သည်။

**နဂါးရောင်ခြည်မဂ္ဂဇင်း ၁၈၁**

www.burmeseclassic.com

www.burmeseclassic.com

### လက်ချားအခေါ်

လက်ချားကို သိပ္ပံအမည် **ဗိုရက်** ဟု ခေါ်ဆိုပြီး **ဆိုဒီယမ်နှင့် ဗောရစ်အက်စစ်**တို့ ပေါင်းစပ်ရာမှ ရရှိသော ဓာတ်ဆားဖြစ်ပါသည်။ ဓာတုဗေဒအမည်မှာ ဆိုဒီယမ်ဗိုရိတ်(သို့မဟုတ်) ဆိုဒီယမ်တက်ကြာဗိုရိတ် ဖြစ်ပါသည်။

အရောင်မှာ ဖြူပြီး အမှုန့်၊ အပွင့်၊ အခဲအသွင် မြင်တွေ့ရပါသည်။ လက်ချားသည် ရေတွင် အလွယ်တကူ ပျော်ဝင် အယ်ကာလီအရသာ အနည်းငယ်ရှိပါသည်။

### လက်ချားအသုံး

အထူးသဖြင့် သံထည်ပစ္စည်းများ ဆက်ခြင်း၊ သတ္တုများ ဂဟေဆော်ခြင်း၊ ကြေးသတ္တုများ အရောင်တင်ခြင်း၊ ကြေထည်ပစ္စည်းများ အရောင်တင်ခြင်း၊ ကြေထည်များ အရောင်စွဲမြဲအောင် ပြုလုပ်ခြင်း၊ မျက်မှန်ပြုလုပ်ခြင်းများအပြင် စက်မှုလုပ်ငန်းများတွင် အမြောက်အမြား အသုံးများလှပါသည်။

### လက်ချားအစွမ်း

သတ္တုများကို မီးတွင် လွယ်ကူစွာ ပျော်ဝင်စေခြင်းကြောင့် သတ္တုအရည်ကျိုသောလုပ်ငန်းများတွင် အပျော်ကူပစ္စည်းအဖြစ် မဖြစ်မနေ သုံးရပါသည်။ ထို့ပြင် သတ္တုတွင် ပါဝင်လာသော မကောင်းသော အညစ်ဓာတ်များအားလည်း ချော်အဖြစ် ပြောင်းလဲစေကာ သတ္တုသန့်စင်စေရန်အတွက် လည်းများစွာ အထောက်အကူပေးပါသည်။

အမဲဆီကို လက်ချားရည်ဖြင့် ဆေးသောအခါ အမဲဆီ ရုတ်ခြည်း ပျော်ဝင်ခြင်းကြောင့် အမဲဆီချွတ်ဆေးအဖြစ်လည်း အသုံးပြုပါသည်။

ရေစေးကို ဖြစ်စေသော မဂ္ဂနီဆီယမ်နှင့် ကယ်ဆီယမ်ဓာတ်ဆားများကို ဖယ်ရှားပစ်နိုင်သောကြောင့် အဝတ်အစားများကို ဖြူစင်စေ၍ အဝတ်လျှော်ဖွပ်ရာတွင်လည်း သုံးစွဲကြပါသည်။

ကြေးချွတ်ဆေး၊ အပုပ်အသိုးကို နိုင်သောဆေး၊ အစားအစာများကို တာရှည်ခံအောင် ပြုလုပ်ပေးသော ပစ္စည်းစသည်ဖြင့် အသုံးများလှပါသည်။

လက်ချားနှင့် ပျားရည် ရောစပ်ထားသော မဲပိုးရက်ခေါ် ဆေးမှာ ဗြိတိသျှဆေးကျမ်းဝင် ချေးချွတ်ဆေးတစ်မျိုးဖြစ်ပါသည်။

### လက်ချားထွက်ရာ ပင်ရင်းမြေများ

လက်ချားကို ရှေးအခါမှစ၍ တိဗက်ဒေသရှိ ဆားကန်များ အမြောက်အမြား ရရှိ၍ ပါးရှား၊ ချီလီနှင့် ပီရူးနိုင်ငံများ၌လည်း အနည်းငယ်စီ ရရှိလေသည်။

ကမ္ဘာပေါ်တွင် တိဗက်ဒေသမှာ လက်ချား အများဆုံးထွက်ပါသည်။ ယခုအခါတွင် မြောက်အမေရိကတိုက် ကယ်လီဖိုးနီးယားပြည်နယ် အရှေ့တောင်ဘက်ရှိ သဲကန္တာရများတွင် အမြောက်အမြား ရရှိပါသည်။

ထိုသဲကန္တာရများသည် ယခင်က ပင်လယ်ရေမျက်နှာပြင် ပေပေါင်းများစွာ နိမ့်သဖြင့် ရှေးအခါက ထိုဒေသများတွင် ရေကန်ကြီးများ တည်ရှိခဲ့ဖူးပါသည်။

နှစ်ပေါင်းများစွာကြာ၍ ယင်းရေကန်ကြီးများ ခန်းခြောက်သွားသောအခါ လက်ချားနှင့် အခြား ဓာတ်ဆားများများစွာ ကျန်ရှိခဲ့ခြင်းဖြစ်လေသည်။

### လက်ချားဆေး အသုံးပြုပုံ

လက်ချားအား မြန်မာတိုင်းရင်းဝင် ဆေးဝါးအဖြစ် ပြုပြင် အသုံးပြုခြင်း ရှိပါသည်။ လက်ချားကို အမှုန့်ပြုပြီး လက်ချား(၁)ဆ၊ ရေ(၂၄)ဆဖြင့် ဖျော်ရပါသည်။ အရည်ပျော်ပါက ပိတ်ပါးဖြင့် စစ်ယူ၍ သံဒယ်ဖြင့် ရေခန်းအောင် ချက်ယူရပါသည်။

ရေခန်းခြောက်သွားသောအခါ အိုး၏ အောက်ခြေတွင် လက်ချားမှုန့်များ ကပ်နေခဲ့သဖြင့် စနစ်တကျ ခြစ်ယူအသုံးပြုရခြင်း ဖြစ်သည်ဟု ဖတ်ရှုမှတ်သားဖူးပါသည်။

### အာနိသင်နှင့်

### ပျောက်ကင်းစေသော ရောဂါများ

လက်ချားသည် စပ်၏။ ခြောက်ကပ်၏။ ပူသော သတ္တိရှိ၏။ ကျင်ကြီးကျင်ငယ်ကို ရွှင်စေတတ်၏။ သလိပ်ကို စင်ကြယ်စေပြီး၊ နှလုံးရောဂါကို ပယ်နိုင်သော ဝမ်းမီးကို တောက်စေပါသည်။ ဥတုသွေးကို ကျစေလေသည်။

သားမဖွားနိုင်ပါက လက်ချားမှုန့် အနည်းငယ် တိုက်ပေးပါက သားဖွားလွယ်ကူစေပါသည်။ လေရောဂါ၊ ပန်းနာ၊ အဆိပ်ရောင်ရောဂါ၊ ဝမ်းဗိုက်တင်းရောင်နာတို့ကို ပယ်ဖျက်နိုင်ပြီး **စိန်စားမိ၍ အဆိပ်သင့်ပါက လက်ချားနှင့် ထန်းလျက်အား ကျိုကာ တိုက်ကျွေးပါက** အဆိပ်ပြေစေပါကြောင်း ဖြစ်ပါသည်။

**ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...**

ရဲမျိုးသူ(ဗောဓိမြိုင်)
တောင်ငူမြို့



www.burmeseclassic.com

www.burmeseclassic.com



▲ ပုံ(၁) ထူးခြား အင်းဂမုန်းအိုး



▲ ပုံ(၂) ထူးခြား အင်းဂမုန်းအိုးထဲမှ ထူးခြားသော အင်းဂမုန်းရွက်

# ကံကောင်းခြင်း လက်ဆောင်

## ထူးခြားအင်းဂမုန်း

နတ်မောက်ချိုးရှော်

(၇-၁-၂၀၁၇)နေ့ နံနက်(၉)နာရီခန့်တွင် ကျွန်ုပ်၏ ပုတီးစိပ်ဖက် မိတ်ဆွေကြီး ဦးမျိုးကျော်သည် သူ့ဝသီအတိုင်း ကျွန်ုပ်နာမည်ကို တကြော်ကြော်အော်ခေါ်ရင်း ကျွန်ုပ်အိမ်သို့ ရောက်လာပါသည်။

'လာပါဗျ၊ ကိုယ့်လူကလဲ ဘာတွေထူးလို့လဲ'

'ထူးတယ်ဟေ့ ထူးတယ်၊ မင်းအတွက် "ကံကောင်းခြင်း လက်ဆောင်" လာပေးတာ။ ဟင်းကောင်းစားရရင် မိတ်ဆွေကောင်းတွေကို အမှတ်ရသလိုပဲ။ ရော့...ဆောင်ထား' ဟု ဆိုကာ ပုံတွင် ဖော်ပြထားသည့် **"အင်းဂမုန်း"** **(အချို့ဒေသတွင် "မြင်းခေါင်းဂမုန်း"**" ဟု ခေါ်ကြသည်ကို တွေ့မြင်ကြားသိခဲ့ဖူးပါသည်။) ပုံနှစ်ပုံကို ထုတ်ပေးပါသည်။ ထိုသို့ ပေးပြီးနောက် သူကပင် ဆက်လက်၍...

'ကဲ... သေချာကြည့်စမ်း ဘာထူးခြားလဲ'

အမေးရှိလျှင် အဖြေရှိရမည်ဆိုသည်နှင့်အညီ ဓာတ်ပုံနှစ်ပုံကို ကျွန်ုပ်သေချာကြည့်မိပါသည်။

'အ,တယ်၊ ညံ့တယ် ပြောလဲခံရမှာပဲဗျ။ မမြင်မိဘူး'

ကျွန်ုပ်မှ ထိုသို့ ဖြေလိုက်ရာ သူက တဟားဟား ရယ်လိုက်ပြီး ထောက်ပြပြောဆိုပါတော့သည်။

**ပုံတွင် ဖော်ပြထားသည့် အင်းဂမုန်းအိုးမှ အမိုးကောင်း အင်းဂမုန်းအိုးထဲမှ အရွက်တွင် တစ်ခြမ်းလျှင် အကွက်(၉)ကွက် ပေါ်ထွက်နေပြီး အရွက် တစ်ရွက်လုံး (နှစ်ခြမ်းပေါင်း) (၁၈)ကွက် ထက်ပိုသင်**





www.burmeseclassic.com

www.burmeseclassic.com

**ဂျာရှား ပေါ်နေသည်ကို တွေ့ရပါမည်။ (Yပိုင်းသဏ္ဍာန်၏ တစ်ခြမ်းစီတွင် ရေတွက်ကြည့်ပါ။)**

ထိုကဲ့သို့မျိုး အင်းဂမုန်းအရွက်ကျွန်ုပ် မတွေ့ မမြင်ဘူးကြောင်း ဝန်ခံလိုပါသည်။ အရွက်တစ်ခြမ်း ကိုးကွက်ပေါ်ထွက်သည်သာ တွေ့ဖူးမြင်ဖူးပါသည်။

ယခုကဲ့သို့ အရွက်နှစ်ခြမ်းလုံး ကိုးကွက်စီ ထင်ရှား ပေါ်ထွက်လာသည်မျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးပါ။ မိတ်ဆွေ စာရှုသူသည် ဂမုန်းဝါသနာအိုးဖြစ်ပြီး နေအိမ်တွင် စိုက်ပျိုးထားသော အင်းဂမုန်းရှိလျှင် ထိုသို့မျိုး ပေါ်ထွက်ဖူးပါသလား။ အရွက်တစ်ခြမ်း ကိုးကွက် ထွက်ပေါ်သည်သာ တွေ့ကြုံဖူးမည် ဖြစ်ပါသည်။

ယခုကဲ့သို့ အရွက်တစ်ရွက်လုံး ဘယ်ခြမ်းရော၊ ညာခြမ်းပါ ကိုးကွက် ထွက်ပေါ်သည်ကို တွေ့ကြုံဖူးမည် မဟုတ်ဟု ထင်ပါသည်။

အကယ်၍ ပေါ်ထွက်ခဲ့ဖူးသည်၊ တွေ့မြင်ဖူးသည် ဆိုလျှင်လည်း စိုက်ပျိုးချိန့်မှစ၍ ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ရှိမှ ပေါ်ထွက်ခြင်းသာ ဖြစ်ပါမည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကျော်မှာ ဂမုန်းဝါသနာအိုးသုတေသီဖြစ်ပြီး ဖမုန်းမျိုးစုံ စိုက်ပျိုးခဲ့သည်မှာ အနှစ် သုံးဆယ်ကျော်ခဲ့ပြီဖြစ်ပြီး ယခုတစ်ကြိမ်သာ ယခုကဲ့သို့ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

နေ့စဉ် သူ့ဂမုန်းပင်အိုးများအနီး အမှိုက်လှည်းကျင်း၊ ရေသန့်ရေကြည်များလောင်း၊ အမွှေးတိုင်ထွန်းညှိ၊ ဂါထာမန္တန်များ ရွတ်ပွားလေ့ရှိသူ ဖြစ်ပါသည်။ ယခု သူ့အသက်သည်(၆၇)နှစ်ရှိပြီဖြစ်သည်။

'အေးဗျာ ထူးခြားလိုက်တာ ကိုယ့်လူရယ်'

'ထူးတာမှ တအားကို ထူးတာ၊ ခုလို ပေါ်ထွက်လာတာ နှစ်လကျော်၊ သုံးလနီးပါးရှိနေပြီ။ ကိုယ်လဲ ဓာတ်ပုံရိုက်ပြီး ဆယ်ပုံလောက်ကူးထားတယ်။ တစ်ပုံကို ဘုရားကို လှူတဲ့အနေနဲ့ ဘုရားစင်အောက်ဘက်မှာ ချိတ်ထားတယ်။

သားတွေ၊ သမီးတွေနဲ့ ဇနီးကိုပါ ဆောင်ထားစေတယ်။ နှစ်လအတွင်းမှာ ကိုယ့်ဇနီးရဲ့ အိမ်ဈေးဆိုင်ဟာ ရောင်းကောင်းလိုက်တာကွာ။

နေ့စဉ် မြို့မဈေး လက်ကားဆိုင်ကြီးတွေဆီ တစ်ခေါက်ကနေ နှစ်ခေါက်ဖောက်သည် ယူနေရတယ်။

အထူး ထူးခြားတာက စာရင်းရုံးက ငါ့သမီးကြီး ရာထူးတစ်ဆင့်တိုးဖြေတာ အရင်နှစ်ကြိမ်ရှိပြီ။ ပထမအကြိမ်မှာ ရေးဖြေကို မအောင်ဘူး။ ဒုတိယအကြိမ်မှာ ရေးဖြေအောင်သေးတယ်။ အဲဒီကနေ မဖြေဖြစ်တော့တာ သုံးနှစ်လောက်ရှိပြီ။

အခု တိုက်တိုက်ဆိုင်ဆိုင် တတိယအကြိမ် ဒီပုံကို ဆောင်သွားပြီး ဖြေတာ အောင်ဘယ်လေကွာ။ ပြီးတော့ နေရာလွတ်ရှိနေတော့ ကိုယ့်မြို့မှာ ကိုယ်ပဲ ပြန်ကာဝန်ကျ ရာထူးတိုးတယ်ကွာ။ ဟား...ဟား...ဟား။ ကံကောင်းလာတာ၊ ကံကောင်းလာတာ။ ပဲက ရ၊ နှမ်းက ရ၊ စပါးက ရာကျော်ပဲဟေ့'

ဦးမျိုးကျော်မှာ စိတ်ပျော်ကိုယ်ပျော် ပီတိအပြည့်ဖုံးသော အပြုံးအရယ်ဖြင့် ဆက်ပြောပါသည်။

'ကိုယ့်ရဲ့ အငယ်ဆုံးသား ခုအသက်(၂၅)နှစ်ထဲမှာ လစွန်းရောက်နေပြီ။ ဘွဲ့ရ အလုပ်လက်မဲ့လေ။ အလုပ်စာမေးပွဲတွေ ခဏခဏ ဖြေခဲ့တာ။ တစ်ခါမှ မရခဲ့ဘူး။ ကုမ္ပဏီတွေမှာလဲ မလုပ်ချင်ဘူးတဲ့ကွာ။

နိုင်ငံ့ဝန်ထမ်းကို လုပ်ချင်တာဆိုပြီး ပေကာပ်ဖြေနေတာ။ ဟော... အခုနှစ်လအတွင်း ထွေအုပ်ရုံးမှာ ရုံးစာရေးအလုပ်ရသွားပြီကွ ဟဲ...ဟဲ...ဟဲ...ဟဲ။

အလုပ်ရမှပဲ ငါ့သားငယ်က ထောက်ခံစတား ထွက်လာတယ်ဗျ။ အဖေ့ အင်းဂမုန်းပုံအဆောင်ဟာ ကံကောင်းစေတဲ့ အဆောင်ပဲဗျတဲ့လေ။ ရေးဖြေ့,ဖြေတော့ သူက အရံအဖြစ် အောင်တာတဲ့ကွ။ တကယ်အလုပ်ခန့်တော့ အောင်တဲ့တစ်ယောက် တခြားအလုပ်ဌာန ဝင်သွားတော့ သူရတာတဲ့။

ကိုယ်ကတော့ ဘယ်လိုပဲရရ မှဆိုးစကားပုံလို "ခွေးကိုက်လို့ ရရ၊ တုတ်နဲ့ပစ်လို့ရရ ရဖို့ အရေးကြီးတယ်" ဆိုပဲ။ ဒီ သားအငယ်ဆုံး အလုပ်မရလို့ ပူပန်နေရတာ။ ခုလို အလုပ်ရသွားတော့ ကိုယ့်စိတ်မှာ အေးချမ်းသွားတာပေါ့ကွာ'

'အေးဗျာ... ကြားရ နားဝင်ချိုလိုက်တာ ကိုယ့်လူရာ။ တကယ်ကို ကံကောင်းစေတဲ့အဆောင် ထူးခြားချက်ပါပဲ'

'ခုတော့ ငါ့သားတွေရော၊ သမီးနဲ့ ဇနီးရော ဂမုန်းပင်တွေ ရေလောင်း အမှိုက်လှည်းပေး၊ အမွှေးတိုင်ထွန်း စိုက်ပေးဖြစ်နေကြပြီကွ ဟား...ဟား...ဟား'

'လက်တွေ့ဂမုန်းရဲ့အစွမ်း သူတို့သိသွားပြီကိုးဗျ ဟဲ...ဟဲ...ဟဲ... ဟဲ'

**နတ်မောက်မျိုးနောင်**

F.246. June, 2017.

www.burmeseclassic.com

# အောင်မြင်မှုရှာသူများ

ဆောင်းလိုသူများသို့

ပထဝီဇယမန္တန်နှင့် စွမ်းအင်များ

ဦးကိုဦး

အောင်မြင်မှု ရလိုသူများအတွက် နည်းကောင်းတစ်ခုကို အာစရိယဝါဒ အရ တင်ပြလိုက်ပါတယ်။

**အာစရိယဝါဒအရ** ပထဝီဇယမန္တန်တော်ကို နေ့သားအလိုက် သတ်မှတ်ထားသည့် အခါဇယားအတိုင်း ရွတ်ရမှာ ဖြစ်ပါတယ်။

ပထဝီဇယမန္တန်တော်သည် အစဉ်အလာ ကြီးမားသော ဂါထာတစ်ပုဒ်လဲ ဖြစ်ပါတယ်။

ဂါထာမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ သမ္မာဒေဝနတ်ကောင်းနတ်မြတ် စသည်တို့ရဲ့အားတွေ၊ မေတ္တာ သစ္စာတရားတွေ အားတွေနဲ့ ဖွဲ့သီအပ်သော ဂါထာဖြစ်တဲ့အတွက် ထူးခြားကောင်းမွန်သော ဂါထာဖြစ်ကြောင်း ပြောရန် လိုမည်မထင်ပါ။

သို့သော် -အနည်းမျှ ရှင်းပါဦးအံ့။ **"ပထဝီ"**သည် မြေကြီး၊ **"ဇယ"**သည် အောင်မြင်ခြင်း ဖြစ်သောကြောင့် မြေပြင်မှာ ရှိသမျှ၊ လိုချင်သမျှ အောင်မြင်တွေ ရနိုင်ကြောင်း ပြဆိုထားသလိုပါပဲ။ ဒါကြောင့် **"အောင်မြေ" ဂါထာ**ဟု ခေါ်ဆိုနိုင်ပါတယ်။

ကြာသပတေးနံနဲ့ အစပြုပြီး တနင်္ဂနွေနံဖြင့် အဆုံးသတ် မှည့်ခေါ်ထားသော်လဲ အနက်အဓိပ္ပါယ်အရကတော့ **"အောင်မြေ"**ဖြစ်တဲ့အတွက် တနင်္ဂနွေနဲ့စပြီး ကြာသပတေးနံဖြင့် အဆုံးသတ်ထားသဖြင့် ရပ်ကို နာမ်တူနည်းအရ တနင်္ဂနွေနံကို အားကောင်းစေတဲ့အတွက်...

- ◎ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိခြင်း။
- ◎ လုပ်ငန်းခွင် ပပိုပဏ္ဍကင်းစေခြင်း။
- ◎ အိမ်ထောင်ရေးသောက ကင်းစေခြင်း။
- ◎ ရာထူးဌာနန္တရ တိုးတက်စေခြင်း။
- ◎ နေရာကောင်း,ဌာနကောင်း, အိုးအိမ်

ကောင်းများ ပိုင်ဆိုင်ရခြင်း

- ◎ ရန်အပေါင်းကို တရားသဖြင့် အောင်နိုင်ခြင်း။
- ◎ စည်းစိမ်ဥစ္စာ တိုးတက်စေခြင်း။
- ◎ အကြံအစည်များ အောင်မြင်ခြင်း။
- ◎ အကြီးအကဲ ခေါင်းဆောင်ဖြစ်စေခြင်း

စသည့် စသည့် အကျိုးများ ဖြစ်ထွန်းစေတဲ့အတွက် (၇)ရက်သားသမီးများသည် ပထဝီဇယမန္တန်တော်ကြီးကို သတ်မှတ်ထားသော အချိန်အတိုင်း မပျက်မကွက် ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ပါတယ်။

***



<u>နေ့သားအလိုက် ရွတ်ဖတ်ပူဇော်ရမည့် အချိန်ဇယား</u>

| နံ / နေ့သား | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | ၀-နေ |
|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ |
| တနင်္လာ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ |
| အင်္ဂါ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ |
| ဗုဒ္ဓဟူး | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ |
| ကြာသပတေး | ၄:၃၀ ↓ ၆:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ |
| သောကြာ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ |
| စနေ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ |



www.burmeseclassic.com

www.burmeseclassic.com

## ပထဝီဇယမန္တန်တော်

✻ ဩံ ပထဝီ ဇယံ သဗ္ဗ
အနေက အန္တရာယိကံ။
ဇယံ ပစ္စေက ဗုဒ္ဓါစ၊
ဇယံ ပရိ မဟာသယော။
✻ ဇယံဟာရော ဟာရိဒေဝေါ၊
ဇယံပြဟ္မာ ဓံတရဇ္ဇော။
ဇယံ နာဂေါစ ဝိရူဠှော၊
ဝိရူပက္ခောစ စန္ဒိမာ။
✻ ဝိဏှုဏှော ဝေနတေယျောစ၊
ကုဝေရော ဝရုဏောပိစ။
အဂ္ဂိဝါရုဏော ပဇ္ဇုန္နော၊
ကုမာရော စတုပါလကော။
✻ အဋ္ဌာရသ မဟာဒေဝါ၊
သုဓိတာစ ယသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊
သဗ္ဗံဇယံ ဒဒန္တုမေ။
✻ ဝေဇယျာ ဓမ္မောစ သံဃောစ၊
ဒသ ဗလော စ ဝေယျကော။
ဝတေန သစ္စဝဇ္ဇေန၊
ဝေယျာသုခီ ဘဝန္တုမေ။
✻ နရာ ဒေဝါစ ပြဟ္မာနော၊
ယက္ခာ နာဂါစ ဂရုဠာ။
တေဝိ ဒိဗ္ဗာ ဝိဇ္ဇာ မယုံ၊
ပုတ္တံ မမေဝ သိနေဟာ။
✻ ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊
အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ
သဗ္ဗေ တိဋ္ဌန္တု မတ္ထကေ။
✻ တေသံ မေတ္တာ နုဘာဝေန၊
သဗ္ဗရောဂါ သုသီတလာ။
သဗ္ဗ ဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။
✻ ဣမသ္မိံ စက္ကဝါဠေစ၊
ဗဟုအနန္တ ပါကာသော၊
အနန္တ စက္ကဝါဠေစ၊
ဗဟုအနန္တ ပါကာသော။



✻ ဣမေ သတ္တာ အဝေရာစ၊
အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာစ၊
အညမညံ သုခီ ဟောန္တု။
✻ နေရယိကာ တိရစ္ဆာနာ၊
ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေယတာ သတ္တာ၊
ဒုက္ခာ မုစ္စန္တု တတ္တကာ။
✻ ဒသ ကောဋိ ဒုကာဇာစ၊
ထလဇာ နဝ ကောဋိယော။
သံသေဒဇာ ပါဏိကာ၊
ဩယာယုကာ ဘဝန္တုဧဝ။
✻ ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊
အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု
ယေ သတ္တာ ပထဝီစရာ။
✻ အဗျာပဇ္ဇာ နိဝေရာစ၊
နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။
သဗ္ဗသတ္တာ အဝေရာစ၊
သဟ သဗ္ဗေဟိ ဉာတိဘိ၊

### ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| ✻ ဩံ | = အောင်း |
| သဗ္ဗံ | = သဗ်ဗံ |
| အန္တရာယိကံ | = အန်တရာယိကံ |
| ပစ္စေက | = ပစ်စေက |
| ဗုဒ္ဓါစ | = ဗုတ်ဓါစ |
| ✻ ပြဟ္မာ | = ပြန်မာ |
| ဓတရဇ္ဇော | = ဓတရတ်ထော |
| ဝိရူဠှော | = ဝိရုန်လှော |
| စန္ဒိမာ | = စန်ဒိမာ |
| ✻ ဝိဏှုဏှော | = ဝိဒိန်ဒေါ |
| အဂ္ဂိ | = အက်ဂိ |
| ပဇ္ဇုန္နော | = ပစ်ဇုန်နော |
| ✻ အဋ္ဌာရသ | = အတ်ထာရသ |
| ယသိဒ္ဓိယော | = ယသိတ်ဓိယော |
| သဗ္ဗံ | = သဗ်ဗံ |
| ဒဒန္တုမေ | = ဒဒန်တုမေ |
| ✻ ဓမ္မောစ | = ဓမ်မောစ |
| သစ္စဝဇ္ဇေန | = သစ်စဝစ်ဇေန |
| ဘဝန္တုမေ | = ဘဝန်တုမေ |
| ✻ ပြဟ္မာနော | = ပြန်မာနော |
| ယက္ခာ | = ယက်ခါ |
| ဂရုဠာ | = ဂရုလာ |
| ဒိဗ္ဗာ | = ဒိတ်ဗါ |
| မယှံ | = မယ်ရှံ |
| ပုတ္တံ | = ပုတ်တံ |
| ✻ ဗုဒ္ဓါ | = ဗုတ်ဓါ |
| ပစ္စေက | = ပစ်စေက |
| အဂ္ဂ | = အက်ဂ |
| ကရောန္တု | = ကရွန်တု |
| မေတ္တံ | = မစ်တံ |
| တိဋ္ဌန္တု | = တိတ်ထန်တု |
| မတ္ထကေ | = မတ်ထကေ |
| ✻ မေတ္တာ | = မစ်တာ |
| ဝိနဿန္တု | = ဝိနတ်သန်တု |
| ပဒ္ဒဝါ | = ပတ်ဒဝါ |
| ✻ ဣမသ္မိံ | = အိမသမိန် |
| စက္ကဝါဠေစ | = စက်ကဝါလေစ |
| ဗဟုအနန္တ | = ဗဟူအနန်တ |
| ✻ ဣမေ | = အိမေ |
| သတ္တာ | = သတ်တာ |
| အညမညံ | = အင်ညမင်ညံ |
| ဟောန္တု | = ဟွန်တု |
| ✻ တိရစ္ဆာနာ | = တိရစ်ဆာနာ |
| ဒုက္ခာ | = ဒုတ်ခါ |
| မုစ္စန္တု | = မုတ်စန်တု |
| တတ္တကာ | = တတ်တကာ |



www.burmeseclassic.com

www.burmeseclassic.com



* **ကောဋိ** =ကောတိ
**ဘဝန္တုတေ** =ဘဝန်တုတေ
* **ဥဒ္ဒိ** =အုဒ်ဒိ
**ဘဝဂ္ဂိစ** =ဘဝက်ဂ်ိစ
**သမန္တာ** =သမန်တာ
**စက္က** =စက်က
**ဝါဠေသု** =ဝါလေသု
* **အဗျာပဇ္ဈာ** =အဗျာပစ်ဇာ
**နိဒ္ဒုက္ခာစ** =နိတ်ဒုတ်ခါစ
**နုပဒ္ဒဝါ** =နုပတ်ဒဝါ
**သဗ္ဗေသတ္တာ** =သပ်ဗေသတ်တာ
**ဉာတိဘိ** =ညာတိဘိ

ပဋ္ဌာနဗီဇယမန္တန် ဂါထာအနက်

* **အနေက အန္တရာယိက်**– တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော၊ **ပထဝီဇယသမ္ဘိ** –မြေအပြင်၌ အောင်မြင်ဖွယ် ဟူသမျှ တစ်စမကြွင်း ရန်ခပင်းကို၊ **ဩ**– ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက်ထင်ထင် အောင်မြင်စေသတည်း။

**ပဇ္ဇေကဗုဒ္ဓါစ**– ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း၊ **မေ**–အကျွန်ုပ်အား၊(**နော**–အကျွန်ုပ်တို့အား)**ဇယံ**–အောင်ဆုကို၊ **ဒဒန္တု**–ပေးတော်မူကြပါစေကုန်သတည်း။

**မဟာသာဝကာစ**– မြတ်သောသီလက္ခန္ဓ စသည်ကို ရှာတော်မူကုန်ပြီးသော၊ ပညာဓိက,သဒ္ဓါဓိက, ဝီရိယာဓိက၊ဘုရားသခင်၊ အရှင်အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာမြတ် တို့သည်လည်း၊ **ပရိ**–ထက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်၊ **မေ**–အကျွန်ုပ်အား၊ (**နော**–အကျွန်ုပ်တို့အား) **ဇယံ**–အောင်ဆုကို၊ **ဒဒန္တု**– ပေးတော်မူကြပါစေကုန်သတည်း။

* **ဟာရော**–ဟာရမည်သော နတ်သည် လည်းကောင်း၊ **ဟာရိဒေဝေါ**–ဟာရိမည်သော နတ်သည် လည်းကောင်း၊ **မေ**–အကျွန်ုပ်အား၊(**နော**–အကျွန်ုပ်တို့အား) **ဇယံ**–အောင်ဆုကို၊ **ဒဒန္တု**– ပေးတော်မူကြပါစေကုန်သတည်း။

**ဗြဟ္မာ**–ဗြဟ္မာသည် လည်းကောင်း၊ **ဓတရဋ္ဌော**– ဓတရဋ္ဌနတ်မင်းသည် လည်းကောင်း၊ **မေ**–အကျွန်ုပ်အား (**နော**–အကျွန်ုပ်တို့အား) **ဇယံ**–အောင်ဆုကို၊ **ဒဒန္တု**– ပေးတော်မူကြပါစေကုန်သတည်း။

**နာဂေါစ** – မဟာနာဂနတ်မင်းကြီးသည် လည်းကောင်း၊ **ဝိရူဠှကော**– ဝိရူဠှကနတ်မင်းသည် လည်းကောင်း၊ **ဝိရူပက္ခောစ**– ဝိရူပက္ခနတ်မင်းသည် လည်းကောင်း၊ **စန္ဒိမာစ**– လနတ်သားသည် လည်းကောင်း။

* **ဝိဏ္ဍုမေနာစ**–အထူးထူးသော နတ်တို့ကိုအစိုးရသော သိကြားမင်းသည် လည်းကောင်း၊ **ဝေနတေယျောစ**– ဝိနတာ အမည်ရှိသော နတ်သမီး၏သားဖြစ်သော နတ်မင်းသည် လည်းကောင်း၊ **ကုဝေရောစ**–ကုဝေရနတ်မင်းသည် လည်းကောင်း၊ **ဝရုဏောပိစ**– ဝရုဏ နတ်မင်းသည် လည်းကောင်း၊ **အဂ္ဂိစ**–မီးနတ်သားသည် လည်းကောင်း၊ **ဝါယုဇောစ**–လေနတ်သားသည် လည်းကောင်း၊ **ပဇ္ဇုန္နောစ**– မိုးနတ်သားသည် လည်းကောင်း၊ **ကုမာရောစ**–ကုမာရနတ်သည် လည်းကောင်း၊ **ဓတုပါလကောစ**– လောကပါလနတ်သား လေးယောက်သည် လည်းကောင်း၊ **မေ**–အကျွန်ုပ်အား၊ (**နော**–အကျွန်ုပ်တို့အား) **ဇယံ**–အောင်ဆုကို၊ **ဒဒန္တု**– ပေးတော်မူကြပါစေကုန်သတည်း။

* **သုခိတာစ**– ချမ်းသာအောင်ဆောင်နိုင်ကုန်သော၊ **အဋ္ဌာရသ မဟာဒေဝါစ**– တစ်ဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည်လည်းကောင်း၊ **ပသိဒ္ဓိယော** –အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော၊ **အသီတိမဟာသာဝကာစ**–ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာ အရှင်မြတ်တို့သည် လည်းကောင်း၊ **မေ**–အကျွန်ုပ်အား၊ (**နော**–အကျွန်ုပ်တို့အား)သဗ္ဗ**ဇယံ**–အောင်ဆုဟူသမျှကို၊ **ဒဒန္တု**–ပေးတော်မူကြပါစေကုန်သတည်း။

* **ဓမ္မောစ**–ဆယ်ပါးသော တရားတော်သည် လည်းကောင်း၊ **သံဃော စ**–သမ္မုတိ၊ ပရမတ် နှစ်ရပ်သော သံဃာတော်သည် လည်းကောင်း၊ **ဇယော**– ရန်ဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။

**ဒသ ဗလောစ**–ကာယဉာဏ်တော်အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်သည် လည်းကောင်း၊ **ဇေယျကော**–ရန်မျိုးဥဿုံ အလုံးစုံကို ချက်ကုံမကြွင်း ခုတ်စဉ်းဖျက်ဆီး အထူး အောင်မြင်တော်မူပေ၏။

**ဓဝတာန သဗ္ဗဓမ္မေန**–ဤသို့ ဆိုငြား


www.burmeseclassic.com

မှန်ကန်သော သစ္စာစကားကြောင့်၊ **ဖယာ**–ရန်အပေါင်းကို အထူး အောင်မြင်ခြင်းတို့သည် လည်းကောင်း၊ **သုခါ**–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့သည် လည်းကောင်း၊ **မေ**–အကျွန်ုပ်အား၊ (**နော**–အကျွန်ုပ်တို့အား)၊ **ဘဝန္တု**–ဖြစ်စေကုန်သတည်း။

* **နရာစ**–လူတို့သည် လည်းကောင်း၊ **ဒေဝါစ**–နတ်တို့သည်လည်းကောင်း၊ **ဗြဟ္မာနောစ**– ဗြဟ္မာတို့သည် လည်းကောင်း၊ **ယက္ခာစ**–ဘီလူးတို့သည် လည်းကောင်း၊ **နာဂါစ**–နဂါးတို့သည်လည်းကောင်း၊ **ဂရုဠာစ**–ဂဠုန်တို့သည် လည်းကောင်း၊ **တေဝီ**–ထိုလူ, နတ်, ဗြဟ္မာ, ဘီလူး, နဂါး, ဂဠုန်တို့သည်လည်း၊ **မံ**–အကျွန်ုပ်ကို၊ (**နော**–အကျွန်ုပ်တို့ကို)၊ **ဒိသွာ**–မြင်သည်ရှိသော်၊ **မယှံ**–အကျွန်ုပ်အား(**နော**–အကျွန်ုပ်တို့အား)၊ **ပီယာ**–မြတ်နိုးချစ်ခင်ကြကုန်သည်၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

**ပုတ္တံ**–မိမိတို့၏ သားကို၊ **သီနေဟာ ဣဝ**–ချစ်ခင်ကြကုန်သကဲ့သို့၊ **မမ**–အကျွန်ုပ်အား၊ (**နော**–အကျွန်ုပ်တို့အား)၊ **ပီယာ**–မြတ်နိုးချစ်ခင်ကြကုန်သည်၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

* **ဗုဒ္ဓါစ**– မြတ်စွာဘုရားတို့သည် လည်းကောင်း၊ **ပစ္စေကဗုဒ္ဓါစ**–ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း၊ **အရဟာစ**–ရဟန္တာတို့သည် လည်းကောင်း၊ **အဂ္ဂသာဝကာစ**–အဂ္ဂသာဝကာတို့သည် လည်းကောင်း၊ **သဗ္ဗေ**–အလုံးစုံကုန်သော ဘုရား၊ **ပစ္စေကဗုဒ္ဓါ**–ရဟန္တာ၊ အဂ္ဂသာဝကတို့သည်၊ **မေ**–အကျွန်ုပ်အား၊ (**နော**–အကျွန်ုပ်တို့အား) **မေတ္တံ**–ချစ်ခြင်း မေတ္တာကို၊ **ကရောန္တု**–ပြုတော်မူပါ



စေကုန်သတည်း။

**သဗ္ဗေ** –အလုံးစုံကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ–ရဟန္တာ၊ အဂ္ဂသာဝကတို့သည်၊ **မေ**–ကျွန်ုပ်၏၊ (**နော**–အကျွန်ုပ်တို့၏) **မတ္ထကေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌန္တု**– ရပ်တည်တော်မူပါစေကုန်သတည်း။

* **တေသံ**–ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကတို့၏၊ **မေတ္တာနုဘာဝေန**–မေတ္တာ၏ အာနုဘော်ကြောင့်၊ **သဗ္ဗေ**–အလုံးစုံကုန်သော ရောဂါ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည်၊ **သုသီတလာ**–အလွန် ငြိမ်းအေးကြကုန်သည်၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

**သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဘယာ**–ကြောက်မက်ဖွယ် ဘေးအမျိုးမျိုးတို့သည်၊ **ဝိနဿန္တု**–ပျောက်ကွယ်ကြပါစေကုန်သတည်း၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဥပဒ္ဒဝါ**–ကပ်၍ နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်၊ **နဿန္တု**–ပျက်စီးကြပါစေကုန်သတည်း။

* **ဣမသ္မိံ စက္ကဝါဠေ**– ဤစကြဝဠာ၌၊ **ဗဟူ**–များစွာကုန်သော၊ **အနန္တ ပါထိနောစ**– အဆုံးအပိုင်း အခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **အနန္တ စက္ကဝါဠေ**–အဆုံးအပိုင်း အခြားမရှိသော စကြဝဠာတိုက်အပေါင်း၌၊ **ဗဟူ**–များစွာကုန်သော၊ **အနန္တ ပါထိနောစ**–အဆုံးအပိုင်း အခြားမရှိသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။

* **ဣမေသတ္တာ**– ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **အညမညံ**– အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား၊ **အဝေရာ**– ရန်မရှိကြကုန်သည်ဖြစ်၍၊ **ပီယာစ**– မြတ်နိုးချစ်ခင်ကြကုန်သည်၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

**ဣမေသတ္တာ**– ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **အညမညံ**–အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား၊ **အဝေရာ**– ရန်မရှိကြကုန်သည်ဖြစ်၍၊ **သုခါစ**– ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

* **နေရယိကာစ**– ငရဲသားတို့သည် လည်းကောင်း၊ **တိရစ္ဆာနာစ**–တိရစ္ဆာန်တို့သည် လည်းကောင်း၊ **ပေတာစ**– ပြိတ္တာတို့သည်လည်းကောင်း၊ **အသုရကာစ**–အသုရကာယ်တို့သည် လည်းကောင်း၊ **ယမာစ**– ငရဲသနင်း ယမမင်းတို့သည်လည်းကောင်း၊ **ယထာ**–အကြင်သို့သော အခြင်းအရာအားဖြင့်၊ **ဇာတာ**–ဖြစ်ကုန်သော၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **ဣမေ သတ္တာ**– ဤ ဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **သန္တိ**–ရှိကြကုန်၏။ **တတ္ထကာ**–ထိုမျှလောက်ကုန်သောသတ္တဝါအပေါင်းတို့သည်၊ **ဒုက္ခာ**–ဆင်းရဲအပေါင်းမှ၊ **မုစ္စန္တု**–ကင်းလွတ်ကြစေကုန်သတည်း။

* **ဒသဒေါဘဒိ ဒကစရာ**– ရေနေ

(စာမျက်နှာ (၁၉၂) သို့)

www.burmeseclassic.com

# ကင်းခြေများအကျွက်

မောင်ခင်လတ်
(အင်းစိန်)

ဆေးနည်းမခက်

**ကင်းမြီးကောက်၊ ကင်းမလက်မည်း၊ ကင်းခြေများ** ဆိုပြီး ကင်းသတ္တဝါသုံးမျိုးရှိသည့်အနက် လူတစ်ဦးလျှင် ကင်းတစ်မျိုးစီပြီးသည်ဟု ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားကိုတော့ ကြားဖူးပါသည်။ ကျွန်တော်ကတော့ ကင်းမြီးကောက်နှင့် ကင်းခြေများကိုက်ခံခဲ့ဖူးပါသည်။

ကင်းမလက်မည်းနှင့်တော့ မကြုံတွေ့ဘူးသေးပါ။ ကင်းမြီးကောက်ထိုးခံခဲ့ရဖူးသော်လည်း ထူးထူးခြားခြား နာကျင်မှုဝေဒနာမျိုး မခံစားရသော်လည်း ကင်းခြေများ အကိုက်ခံလိုက်ရ၍ တော်တော်လေးကို နာကျင်မှုဝေဒနာမျိုး ခံစားလိုက်ရပါသည်။

**၁၉၈၇ ခုနှစ်၊ မွန်ပြည်နယ်တွင် စစ်ဆင်ရေးတာဝန် ထမ်းဆောင်ခဲ့စဉ်က ကျိုက်မရောမြို့နယ်အပိုင်၊ မီကာသစ်ကျေးရွာတွင်** ညအိပ်စခန်းချရပ်နားစဉ် မိမိ တစ်ညစခန်းချသော တဲအိမ်မှ ကင်းခြေများ အကိုက်ခံရပြီး ခံစားခဲ့ရသောဝေဒနာနှင့် ဝေဒနာပျောက်ကင်းသွားအောင် မီးဖိုချောင်သုံးပစ္စည်းများဖြင့် အမြန်ဆုံးနှင့် လွယ်ကူစွာ ကုသပေးခဲ့ပုံကို ကိုယ်တိုင်ခံစားရ၍ စာဖတ်သူတို့မှ နီးစပ်ရာ ကင်းကိုက်ခံရသော ဝေဒနာသည်များကို ကုသပေးနိုင်ပါရန် ဖော်ထုတ် ရေးသားရခြင်းဖြစ်ပါသည်။

ကျွန်တော်ဦးစီးသော စစ်ဆေးရေးတပ်ခွဲတစ်ခွဲသည် နယ်မြေလုံခြုံရေးတာဝန်အရ ကျိုက်မရောမြို့နယ်အပိုင် မီကာသစ်ကျေးရွာအစုကြီးအား ချီတက်ရှင်းလင်းဆောင်ရွက်ပြီး ညနေမှောင်ရီပိုးတဝါးအချိန်တွင် အိမ်ခြေ(၁၀)လုံးခန့်ရှိသော တဲစုလေးတစ်စုတွင် ညအိပ်စခန်းချ ရပ်နားပါသည်။

အနက်ရောင်နီးပါးဖြစ်နေသော နယ်မြေဖြစ်သောကြောင့် အိမ်ကြီးအိမ်ကောင်းမရှိဘဲ အင်တိုင်ထူပြီး အင်ဖက်မိုးနေသော တောရွာ တဲစုတ်ကလေးတွေသာ ဖြစ်ပါသည်။



လုံခြုံရေးကင်းများကို လိုက်လံစစ်ဆေးပြီး ကျွန်တော် စခန်းချရာ တဲအိမ်သို့ ပြန်လာကာ တပည့်ကျော် တပ်သား ခင်လှိုင် ခင်းပေးထားသော အိပ်ရာသို့ လဲလျောင်းပြီး အနားယူပါသည်။

ည(၁၁)နာရီထိုးနေသဖြင့် အိပ်ရာထဲတွင် ခြေပစ်လက်ပစ် အကြောဆန့်လိုက်စဉ် ကျွန်တော်၏ ဘယ်ဘက်လက်သည် တဲအိမ်နံရံနှင့် ထိမိပြီး ဘယ်ဘက် လက်သန်းကြွယ်မှာ မီးစနှင့် ထိုးလိုက်သလို ပူခနဲ ခံစားလိုက်ရပါသည်။

အိပ်ရာမှ ကမန်းကတန်းထပြီး ခေါင်းရင်း ထရံကြားအား ဓာတ်မီးဖြင့် ထိုးရှာရာ ကြမ်းခင်းနှင့် ထရံကြားမှ ကျွန်တော်၏လက်အား ကိုက်သွားသော ကင်းခြေများ တစ်ကောင်ကို တွေ့ရပါသည်။

လက်သန်းကြွယ်၏ ပထမအဆစ် နေရာတွင် အဆိပ်သွင်းရာ အပေါက်သေးနှစ်ပေါက်ကိုလည်း တွေ့ရပါသည်။ အကိုက်ခံရသော ဘယ်ဘက်လက်မှာလည်း ကင်းဆိပ်တက်သောကြောင့် မတရားနာကျင်နေပြီး ၄ လက်မောင်းရင်းထိ အဆိပ်တက်လာသောကြောင့် ညာလက်ဖြင့် ဘယ်လက်မောင်းရင်းကို ဖိနှိပ်ထားရပါသည်။ မကြာခင်မှာလည်း ဘယ်လက်တစ်ချောင်းလုံး ရောင်ကိုင်းလာပါသည်။ တတ်သိသရွေ့ မန်ကျည်းစေ့ကို မီးကင်ပြီး နှစ်ခြမ်းခွဲကာ အကိုက်ခံရသောနေရာကို တံတွေးစွတ်၍ ကပ်သော်လည်း မရပါ။ ဆေးတပ်သားကျော်ဇင်လတ်မှ နားလည်တတ်ကျွမ်းသရွေ့ ကုသပေးသော်လည်း သက်သာခြင်း အလျဉ်းမရှိဘဲ တစ်ညလုံး နာကျင်ကိုက်ခဲသော ဝေဒနာကိုသာ ခံစားနေရပါသည်။

ကင်းဆိပ်တက်ခြင်းကြောင့် ဘယ်ဘက်လက်တွင် ဝတ်ဆင်ထားသော နာရီနှင့် လက်စွပ်ကို ဖြုတ်ချွတ်၍ မရအောင် ရောင်ကိုင်းနေပါသည်။

မနက်မိုးလင်းသည်နှင့် ကျွန်တော်တို့တပ်ခွဲသည် အနီးဆုံးရွာဖြစ်သော **မရင်းကုန်းကျေးရွာသို့** ဝင်ရောက်လာရာ ရွာထဲတွင် ကျွန်တော်တို့၏ မိတ်ဆွေ ကရင်တိုင်းရင်းသူ ဒေါ်ရင်ကြည်နှင့်တွေ့ပြီး...

'ဗိုလ်ကြီးလက်က ရောင်ကိုင်းနေတာ ဘာဖြစ်လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

ဟု မေမြန်းရာ ကျွန်တော်မှ မိကာသစ်ရွာမှာ ညက စခန်းချစဉ် ကင်းခြေများ အကိုက်ခံရကြောင်းကို ပြောပြမိပါသည်။

ချက်ချင်းဆိုသလိုပင် ဒေါ်ရင်ကြည်မှ **အသက်(၇၀)ခန့်ရှိသော ကရင်တိုင်းရင်းသူ အဘွားကြီးအား...**

'အမိုးရေ... ဒီမှာ ဗိုလ်ကြီးလက်ကို ကင်းကိုက်သွားလို့ ရောင်နေတယ်။ လာပြီး ကုပေးပါဦး'

ဟု ပြောလိုက်သည်နှင့် အဘွားက ကျွန်တော့်လက်ကို လာကိုင်ကြည့်ပြီး...

'မကြာခင် ပျောက်သွားမှာပါ' သားရယ်'

ဟု ပြောပြီး မီးဖိုချောင်ထဲက တုန်တုန်ချည့်ချည့်နှင့် ဝင်သွားပါသည်။

မကြာပါဘူး၊ အဘွားပြန် ထွက်လာပြီး **လက်ထဲမှာတော့ ဆန်ကောတစ်ချပ်ပါလာပြီး တစ်ဖက်ကတည်း မီးဖိုချောင်နံရံမှာ ထိုးထားသော ငါးဖောင်ရိုး နှုတ်သီးခြောက်တစ်ခုပါ ယူလာပါသည်။** ငါးဖောက်ရိုး နှုတ်သီးက သွားများသည့် အပ်ကလေးများကဲ့သို့ ချွန်ထက်နေပါသည်။

ဆန်ကောထဲမှာတော့ နောက်ဖေး မီးဖိုချောင်က **ကျပ်ခိုးမှိုင်းတွေ၊ နနွင်းမှုန့်နှင့် ဆားအနည်းငယ်စီ** ပုံထားတာတွေ့ရပါသည်။ အဘွားသည် ဆန်ကောထဲတွင် ကျပ်ခိုး၊ နနွင်းမှုန့်၊ ဆားတို့ကို သမအောင် ရောမွှေပြီး ရေအင်တုံတစ်ခုတွင် ရေထည့်ပြီး...

'သားလက်က အဆိပ်တွေ မကြာခင် ပျောက်သွားမှာ'

ဟု ပြောပြီး ရောင်ကိုင်းနေသော ဘယ်ဘက်လက်ဖမိုးပေါ် ငါးဖောင်ရိုး နှုတ်သီးခြောက် လက်တစ်လုံး အကွာမှာထားကာ လက်ဖြင့် တောက်ပြီး ရောင်နေသော လက်ကို သွေးဖောက်ထုတ်ပေးပါသည်။

ပထမဦးဆုံးထွက်လာသော သွေးများသည် ညိုမည်းနေပါသည်။ သွေးတွေကို လက်မောင်းရင်းမှ တစ်ဆင့် ညှစ်ညှစ်ချပြီး ရေအင်တုံထဲတွင် ရေဆေးကာ ခုနက အဘွား ရောနယ်ထားသော ကျပ်ခိုး၊ နနွင်းမှုန့်၊ ဆားတို့ကို သွေးဖောက်ချထားသော ဒဏ်ရာများပေါ်တွင် ဖိ၍ ပွတ်ပေးလိုက်၊ ရေဆေးလိုက်၊ ထပ်ဖောက်လိုက်၊ လက်နှင့် သပ်ချလိုက်နှင့် သုံးကြိမ်ခန့် ပြုလုပ်ပေးပါသည်။

ငါးဖောင်ရိုးသွားနှင့် ဖောက်ထားသော လက်ဖမိုးမှ သွေးအညိုရောင်မထွက်ဘဲ အနီရောင်သွေးများ ထွက်လာမှ အဘွားက **"သားလက်မှာ ကင်းဆိပ်တွေ မရှိတော့ဘူး ပျောက်သွားပြီ"** ဟု ပြောကာပြန်သွားပါသည်။

အဘွား၏ ငါးဖောင်ရိုးနှုတ်သီးနှင့် သွေးဖောက်ပြီး ကျပ်ခိုး၊ နနွင်းမှုန့်၊ ဆားနှင့် ပြုလုပ်ပေးမှုကြောင့် ရောင်ကိုင်းပြီး နာကျင်ကိုက်ခဲနေသော လက်မှာ မနာကျင်တော့ဘဲ အရောင်များ လျော့ကာ သက်သာ ပျောက်ကင်းသွားပါသည်။

စေတနာတရားဖြင့် မီးဖိုချောင်သုံးပစ္စည်းများကို အသုံးပြုပြီး ကုသပေးသော ကရင်တိုင်းရင်းသူအဘွားအိုအား အဘွားကြိုက်တတ်သော အရက်ဦးရည်တစ်လုံးဖိုး ကန်တော့ရင်း နှုတ်ဆက်ခဲ့ပါတော့သည်။

ဤဆေးနည်းဖြင့် ကုသပေးခဲ့သော ကျိုက်မရောမြို့နယ်၊ မရင်းကုန်းကျေးရွာနေ ဒေါ်ရင်ကြည်၏မိခင် အဘွားအိုအား ဤဆောင်းပါးဖြင့်ကျေးဇူးဆပ် ကန်တော့လိုက်ပါတော့သည်။

**မောင်ခင်လတ်(အင်းစိန်)**

**စာမျက်နှာ (၁၉၀)မှ အဆက်**

ဆယ်ကုဋေသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **ထလဇာ နဝကောဋိယောဝ**–ကုန်းနေ ကိုးကုဋေသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **သံသေဒဇောပပါတိကာစ**–အညှိ၌ဖြစ်သောသတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်ပေါ်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **တေ**–ထိုဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **ဒီဃာယုကာ**–အသက်ရှည်ကြကုန်သည်၊ **ဘဝန္တု**–ဖြစ်စေကုန်သတည်း။

* **သမန္တာ**– ထက်ဝန်းကျင်အရပ်မှ၊ **စက္ကဝါဠေသု**– အဆုံးအပိုင်းအခြားမရှိကုန်သော စကြာဝဠာတိုက် အပေါင်းတို့၌၊ **ဥဒ္ဓံ**–အထက်၌ **ယာဝဘဝဂ္ဂါစ**–နေဝသညာ နာသညာယတန ဘဝဂ်ဘုံတိုင်အောင် လည်းကောင်း၊ **အဓော**–အောက်၌၊ **ယာဝအဝီစိတောစ**–အဝီစိငရဲဘုံတိုင်အောင်လည်းကောင်း၊ **ယေသတ္တာ**–အကြင် သတ္တဝါအပေါင်းတို့သည်၊ **ပထဝီစရာ**–မြေရေနှစ်ပြင် ထက်ကောင်းကင်၌ ကျင်လည်လှည့်သွား ကျက်စားကြကုန်၏။

* **သဗ္ဗေ**– အလုံးစုံကုန်သော၊ **တေသတ္တာ**– ထိုသတ္တဝါအပေါင်းတို့သည်၊ **သဗ္ဗေဟိ**–အလုံးစုံကုန်သော၊ **ဉာတိဘိ**–အဆွေအမျိုးတို့နှင့်၊ **သဟ**–တကွ၊ **အဗျာပဇ္ဇာစ** – စိုးရိမ်ကြောင့်ကြမရှိကုန်သည် လည်းကောင်း။

**နိဝေရာစ**–အပရန် မရှိကြကုန်သည် လည်းကောင်း၊ **နိဒ္ဒုက္ခာစ**–ဆင်းရဲဒုက္ခမရှိကြကုန်သည်လည်းကောင်း၊ **အနုပဒ္ဒဝါစ**–ဥပဒ္ဒဝေါ မရှိကြကုန်သည် လည်းကောင်း၊ **အဝေရာစ**–အတွင်းရန် မရှိကြကုန်သည် လည်းကောင်း၊ **ဟောန္တု**–ဖြစ်ပါစေကုန်သတည်း။

***[ဤဂါထာတော်ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ဖါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်မွေ [မှော်စရိယ (မဟာဝဏ္ဏဒီပြန်မာ ဂုဏ်ထူး) ဒီယာဘာအက–ဒီဃနိကာယ ကောင်း (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

**အရှင်ဦး၍ ထူးပါစေ**

**ဦးကိုဦး**



www.burmeseclassic.com

www.burmeseclassic.com



ဥမင်သုံးဆယ်ဘုရား

ဦးမိန်းသွင်

စစ်ကိုင်းတောင်ရိုးမှ

# ဥမင်သုံးဆယ် မြတ်ဘုရားကြီး

ထူးခြားအံ့ဖွယ်(ရ)သွယ်

အထက်အညာသို့ ဘုရားဖူးလာကြသူများသည် မန္တလေးမြို့မှသည် စစ်ကိုင်းမြို့သို့ ရောက်ရှိကြမြဲ ဖြစ်သည်။ စစ်ကိုင်းမြို့သို့ ရောက်လျှင်လည်း စစ်ကိုင်းတောင်သို့ မသွားဘဲ နေကြပါ။

စစ်ကိုင်းတောင်သို့ ရောက်လျှင်လည်း တောင်ရိုးပေါ်ရှိ ပုညရှင်ဘုရား၊ ဥမင်သုံးဆယ်ဘုရား၊ ဥမင်(၉၀) ဘုရား၊ ရှင်ဖြူရှင်လှဘုရား၊ ပဋ္ဌာန်ပြား စသည်တို့ကို လှည့်လည် ဖူးမြော်ကြမြဲ ဖြစ်ပါသည်။

ဥမင်သုံးဆယ်ဘုရားသည် ပုညရှင်ဘုရား၏မြောက်ဘက် (၁)ဖာလုံခန့်အကွာ(**စစ်ကိုင်းတောင်ရိုး၏ တောင်စွယ်တောင်မွှား တစ်ခုဖြစ်သော) တမရိတောင်ထွတ်ပေါ်တွင်** တည်ရှိပါသည်။ ***(သုဝဏ္ဏဂီရိတောင်ဟုခေါ်ကြောင်းလည်း မှတ်ရှိပါသည်။ စစ်ကိုင်းတောင်ရိုးမှာ တောင်လုံးပေါင်း(၅၀) ဆက်စပ်သွယ်တန်းနေခြင်း ဖြစ်ပါသည်။)***

ဥမင်သုံးဆယ်ဘုရားကို **စစ်ကိုင်းတရုတ်ပြေးမင်း(၆၈၄–၆၉၈)၏** ငယ်ဆရာ **အင်းဝ သတိုးမင်းဖျား(၇၂၆–၇၂၉)**၏ မင်းဆရာဖြစ်သော **ပဒူကြီး သဃ်ရာဇာက** ၇၂၉ ခုနှစ်တွင် တည်ထားတော်မူခဲ့သည်။

ပဒူကြီး သဃ်ရာဇာ ဆရာတော်ကြီးသည် တမရိတောင်ထွတ်တွင် အလျား(၁၉၀)ပေရှိ ဂူဥမင်တန်းကြီး တူးဖောက်စေ၍ ဥမင်လိုဏ်ဂူပေါက်(၃၀)ထားကာ ယင်း ဥမင်လိုဏ်ကြီးအတွင်း၌ ဉာဏ်တော်တူ လုံးပတ်တော်တူ ဗုဒ္ဓရုပ်ပွားတော်(၄၅)ဆူကို သွန်းလုပ်၍

www.burmeseclassic.com



ထုလုပ်တော်မူစေခဲ့သည်။

**[မြတ်စွာဘုရား ကျင့်ကြံအား ထုတ် ဖြည့်ဆည်းတော်မူခဲ့သည့် ပါရမီ(၁၀)ပါး၊ အပြား(၃၀)ကို ရည်စူး၍ ဥမင်ပေါက်(၃၀)ပေါက် ထားရှိခြင်းဖြစ်ပြီး၊ မြတ်စွာဘုရားရှင်သည် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါတွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်ကို ရည်စူးကာ ဘုရားရုပ်ပွားတော် (၄၅)ဆူ တည်ထားခဲ့ကြောင်း သိရှိရပါသည်။] ထို့ကြောင့် "ဝါတော်စဉ်" ဘုရားဟုလည်း ဘွဲ့အမည်တွင်ကြောင်းလည်း သိရှိရပါသည်။**

ပဒူသယ်ရာဇာသည် ဂန္ဓာရီဆရာတော်ကြီးတစ်ပါးဖြစ်ပြီး စာမရီတောင်ခြေမှာပင် သီတင်းသုံးခဲ့ကာ ကျောင်းတော်ကြီး(၇)ဆောင်၊ ဂူကြီး(၅)လုံး၊ စေတီတော်(၄)ဆူနှင့် ပိဋကတ်တော်များ တည်ထားလှူဒါန်းတော်မူခဲ့ကြောင်းလည်း လေ့လာသိရှိရပါသည်။

ဥမင်သုံးဆယ် လိုဏ်ဂူကြီးအတွင်း အရှေ့အနောက် စီတန်းကာ သီတင်းသုံးတော်မူကြကုန်သော ဘုရားရုပ်ပွားတော်(၄၅)ဆူတွင် **[အရှေ့မှစ၍ ရေတွက်သော် (၃၉)ဆူမြောက် ရုပ်ပွားတော်မှာ]ပဒူသယ်ရာဇာ ဆရာတော်ကြီး၊ ထူးခြားသော အစီအရင်တို့ဖြင့် လုပ်ဆောင်တည်ထားကြောင်း သိရှိရပါသည်။**

ယင်းရုပ်ပွားတော်၏နောက်တွင် ပဒူသယ်ရာဇာ ကမ္မဋ္ဌာန်းတရား ကျင့်ကြံအားထုတ်တော်မူခဲ့သော လိုဏ်ဂူကြီး ရှိသည်ဟု ဆိုကြပါသည်။

ပဒူသယ်ရာဇာ တည်ထားတော်မူခဲ့သော ထိုဥမင်သုံးဆယ်ဘုရားသည် ထူးခြားအံ့ဖွယ်(၇)သွယ်နှင့် အမှန်တကယ် ပြည့်စုံနေကြောင်းလည်း သိရှိရပါသည်။ ကိုယ်တွေ့ကြုံသူများလည်း များစွာရှိနေပါသည်။

**ဥမင်သုံးဆယ် ဘုရား၏ ထူးခြားအံ့ဖွယ်(၇)သွယ်မှာ...**

၁။ ဥမင်သုံးဆယ်ဘုရား ရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ဆီမီး တတ်စွမ်းသမျှ ကပ်လှူဒါန်းပြီး မိနစ်ပိုင်းဖြစ်စေ၊ နာရီပိုင်းဖြစ်စေ ပုတီးစိပ်ခြင်း၊ တရားမှတ်ခြင်းများ ပြုပါက ဘဝအဆက်ဆက်မှ ပြုခဲ့ဖူးသော ဒါန၊သီလ၊ပါရမီတို့နှင့် အချိတ်အဆက်ဖြစ်ကာ ကောင်းကျိုးများ ဆင့်ပွားဖြစ်ထွန်းလာလျက် ကောင်းကျိုးချမ်းသာများ မကြာမီ အချိန်မှာပင် ရရှိခြင်း။

၂။ ဖျောင်းဘယ ကြီးမား၍ ကုသရခက်ခဲမှုများ ရှိနေလျှင် ဥမင်သုံးဆယ်ဘုရားသို့ သွားရောက်ကာ ဆွမ်း၊ပန်း၊သစ်သီး၊ဆီမီးတို့ကို ကပ်လှူဒါန်း၍ ဆုတောင်းပါက ကျန်းမာလာခြင်း။

၃။ အမှုထမ်းအရာထမ်းတို့ ကိစ္စကြီးငယ်တို့နှင့် ကြုံတွေ့ပါက ဥမင်သုံးဆယ်ဘုရားထွင် အထက်ပါအတိုင်း ကပ်လှူဒါန်းကာ ဆုမွန်တောင်းပါက ကြုံတွေ့ရသော ကိစ္စကြီးငယ် မှန်သမျှ ပြေပျောက်စေခြင်း။

၄။ အဝိဇ္ဇာနှင့် ကျင့်စဉ်စခန်း လိုက်စားသူ ပုဂ္ဂိုလ်များ ဥမင်သုံးဆယ်ဘုရား၏ ရုပ်ပွားတော် (၄၅)ဆူအနက် (၃၉)ဆူမြောက် ဘုရားရုပ်ပွားတော်ရှေ့တွင် သိဒ္ဓိတင်ခြင်းများ ပြုလုပ်ကာ ဆက်လက် လုပ်ဆောင်ပါက လျင်မြန်စွာအောင်မြင်ခြင်း။

၅။ စီးပွားရေး ပညာရေး ရာထူးဂုဏ်ထူး တိုးတက်ရေးအတွက် ယင်း(၃၉)ဆူမြောက် ဘုရားရုပ်ပွားတော်ရှေ့တွင် အဓိဋ္ဌာန်ဝင်ကာ ပုတီး (၉)ပတ်၊ (၉)ကြိမ် စိပ်ပါက ပြည့်ဝအောင်မြင်ခြင်းသို့ ရောက်ရှိခြင်း။

၆။ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများနှင့် ကြုံကြိုက်နေလျှင်လည်း အထက်ပါအတိုင်း လုပ်ဆောင်က ဂြိုဟ်စီးဂြိုဟ်နင်းတို့မှ လွတ်ကင်းကာ ကောင်းကျိုးချမ်းသာများ ရရှိခြင်း။

၇။ ရုပ်ပွားတော်(၄၅)ဆူအား ဆွမ်း၊ပန်း၊သစ်သီးတို့ကပ်လှူပြီး ပုတီး(၄၅)ပတ် စိပ်ကာ လိုရာဆုတောင်းပါက မကြာမီပြည့်ဝခြင်း။

သို့ဖြစ်ရာ စာရှုသူ အခွေသည် စစ်ကိုင်းမြို့သို့ ရောက်ရှိခဲ့လျှင် **စစ်ကိုင်းတောင်ရိုး စာမရီတောင်ထွတ်ပေါ်မှာ တည်ရှိသည့် ထူးခြားအံ့ဖွယ် (၇) သွယ်နှင့် ပြည့်စုံတော်မူသည့် ဥမင်သုံးဆယ်ဘုရားသို့ သွားရောက်၍** ဗုဒ္ဓရုပ်ပွားတော်များ၏ ရှေ့မှောက်၌ ပန်း၊ဆီမီး၊သစ်သီးတို့ တတ်စွမ်းသမျှ လှူဒါန်းပြီး လိုရာ ဆုတောင်းကြစေလိုပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။

**["ရွှေကိုင်းသား"၏ စစ်ကိုင်းတောင်တော်ရိုးမှ မှတ်သားစရာ အဖြာဖြာ (လက်ရေးမူ)မှ ထုတ်နုတ်ရေးသားပါသည်။]**

***ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။***

ဦးစိန်သွင်






www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း



ဆရာကြီးဦးအောင်မြင့် (ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် **နံပါတ်(၁)**မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က အသက်(၃၅)နှစ်ခန့် အမျိုးသားတစ်ဦးဖြစ်ပါတယ်။

"**လှရွှေ**"ဆိုတဲ့နာမည်ကို လက်မှတ်ထိုးထားကြောင်း သိရတယ်။

လက်မှတ်ပုံသဏ္ဌာန်ကတော့ ငွေအိတ်ဖောက်သင်္ကေတဖြစ်လို့ ငွေရှာကောင်းသလို ငွေထွက်များပြီး ငွေကြေးမစုဆောင်းမိနိုင်ပါဘူး။

**မြန်မာသက္ကရာဇ် ၁၃၂၅ခုနှစ်၊ တပို့တွဲလ ဗုဒ္ဓဟူးညပိုင်းမွေးတဲ့ ရာဟုဖွား** ဖြစ်ပါတယ်။ မူလမဟာဘုတ်ခွင်ချကြည့်ရင် အောက်ပါအတိုင်းတွေ့ရှိရမယ်။

* * * [နံပါတ်–၁]

နံပါတ်–၁

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄* | ၀ |
| ၅ | ၂ | ၃ |

သိုက်ဖွားဖြစ်ပါတယ်။ **လ** = ဗုဒ္ဓဟူး၊ **ရ**=ရာဟုလို့ ယူဆတဲ့အတွက် ဗုဒ္ဓဟူး ၈၊ ရာဟုဆုံး နာမည်ဖြစ်တယ်။ ဘုမ္မိကြိုဟ်တွဲနာမည်ဖြစ်လို့ သိပ်မကောင်းပါဘူး။ ဒါပေမယ့် **လှ**=၈၊ **ရွှေ**=၁၉၊ စုစုပေါင်း (၂၇)ဂဏန်းတွဲဟာ သင်္ချာဗေဒင်ပညာအရ နိမိတ်ကောင်းဖြစ်ပါတယ်။

စုစုပေါင်း (၉)ဂဏန်းဖြစ်တဲ့အတွက် သွေးထွက်သံယို ဘေးဥပဒ်အန္တရာယ်တွေနဲ့ မကင်းတတ်ဘူး။ ဘာလုပ်လုပ် အခက်အခဲ အကြန့်အကြာ တွေ့ကြုံတတ်တယ်။

ဒီနာမည်နှစ်လုံးတွဲ လက်မှတ်ထိုးမယ့်အစား နာမည်နောက်စလုံး "**ရွှေ**" ရာဟုနံကို လက်မှတ်ရွေးထိုးရင်ဂဏန်းပေါင်းလဒ်(၁၉)ရရှိမယ်။ နိမိတ်ပိုကောင်းတဲ့အတွက် အဲဒီစာလုံးကိုသာ လက်မှတ်ရွေးထိုးသင့်ပါတယ်။

* * *



ငွေအိတ်ဖောက်သင်္ကေတ မဖြစ်အောင်တော့ သတိထားဖို့ လိုပါမယ်။

၂။ * * *



ယခုလအတွက် နံပါတ်(၂)နေရာတွင် ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က အသက်(၄၂)နှစ်အရွယ် အမျိုးသမီး ဖြစ်ပါတယ်။ "**မှုမှုဝင်း**" ဆိုတဲ့ နာမည်သုံးလုံးကို လက်မှတ်တွဲထိုးထားကြောင်း သိရတယ်။

ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်ကတော့ ခေါင်းကြီးကိုယ်သေး လူတစ်ယောက်ပုံပေါ်နေတယ်။

မိသားစုတာဝန်တွေကို မနိုင်ဝန်ထမ်းနေရတတ်တဲ့ နိမိတ်ဖြစ်ပါတယ်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သူ ဖြစ်တတ်တယ်။


သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၃၆ ခုနှစ်၊ ဝါဆိုလ၊ ကြာသပတေး** သမီး ဖြစ်ပါတယ်။ မူလမဟာဘုတ်ခွင်၊ နာမက္ခရာတိုင်၊ ဝုဒ္ဓိစဉ်နဲ့ အင်္ဂဝိဇ္ဇာတိုင်တို့ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။


* * * [နံပါတ်–၂]

ကြာသပတေး အထွန်းဖွားကို ကြာသပတေး၈ ဗုဒ္ဓဟူးဆုံး **အထွန်း+ရာဇ=ဣန္ဒြ+ဣန္ဒြ**နာမည် ပေးထားတာပါ။

အင်္ဂဝိဇ္ဇာတိုင်မှာ နာမည်ဆုံး

www.burmeseclassic.com





စာလုံး အောက်တန်းမှာရှိသလို နာမက္ခရတိုင်စဉ်မှာ၊ ဝုဒ္ဓိမှာ၊ မွေးနံကို အမြစ်အုပ်နာမည်ဖြစ်လို့ နာမည်ညံ့ပါတယ်။

ဘာလုပ်လုပ် ထိပ်ဆုံးမရောက်တတ်ဘူး။ လုပ်ချင်တာတွေများပြီး လုပ်နိုင်တာ နည်းလိမ့်မည်။ အသားလတ်နဲ့ညိုကြားမှာရှိပြီး အသားမည်းသူ မဟုတ်တဲ့အတွက် **"မ"အက္ခရာ** နှစ်လုံးဆင့် နာမည်မပေးသင့်ဘူး။

"မ"အက္ခရာစာလုံး"မူ"ကို လက်မှတ်ရွေးမထိုးသင့်ဘူး၊ အိမ်ထောင်ရေးနဲ့ ကျန်းမာရေး ဒုက္ခပေးတတ်တယ်။


ဒါကြောင့် နာမည်စာလုံး "ဝင်း"ကို လက်မှတ်ရွေးထိုးတာ အကောင်းဆုံးဖြစ်ပါမယ်။

* * *



**ကြာသပတေးကိုယ်စားပြု ပွင့်ဖတ် (၅)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပေးရင် ပိုကောင်းပါတယ်။**

၃။ * * *



ယခုလအတွက် **နံပါတ်(၃)နေရာမှာ** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က အသက်(၄၃)နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ **"တင်တင်ဆွေ"**ဆိုတဲ့ နာမည်သုံးလုံးကို အင်္ဂလိပ်လို လက်မှတ်ထိုးထားပါတယ်။

**စာလုံးတစ်လုံးနဲ့ တစ်လုံးခြားပြီး ထိုးထားခြင်းဟာ မိသားစုနဲ့ မကြာခဏ ခွဲခွာရခြင်း၊ မယ်တစ်ရွာ မောင်တစ်ရွာ ခွဲခွာနေထိုင်လုပ်ကိုင်ရခြင်း၊ ခရီးတွေ မကြာခဏ သွားလာလှုပ်ရှား ပင်ပန်းရခြင်းတွေ ဖြစ်တတ်တယ်။**

ထိုးမြဲလက်မှတ်အောက်မှာ မျဉ်းဖိတ်ထားတာကလဲ တစ်ဝက်တစ်ပျက်မို့ ငွေမမြဲနိုင်ဘူး။ ထွက်ငွေ များတတ်တယ်။

အမျိုးသမီးရဲ့ နာမည်အစစာလုံးဟာ "တ" တွေဖြစ်နေတဲ့အတွက် "ဗို"အက္ခရာဖြစ်လို့ ယောက်ျားတစ်ယောက်လို လှုပ်ရှားလုပ်ကိုင် ပင်ပန်းခံရတတ်ပါတယ်။

အိမ်ထောင်ရေးဆိုရင်လဲ ခင်ပွန်းကို သိပ်အားမကိုးရတတ်ဘူး။

သူမရဲ့ မွေးသက္ကရာဇ်ဟာ **၁၃၃၉ခုနှစ်၊ ဝါခေါင်လ၊ စနေနေ့** ဖြစ်လို့ မူလမဟာဘုတ်ခွင် နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိစဉ်၊ အင်္ဂဝိဇ္ဇာတိုင် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။


* * * **[နံပါတ်-၃]**

စနေသိုက်ဖွားဖြစ်သူကို စနေအင်္ဂါဆုံး=သိုက်+ရာဇ နာမည်ပေးထားတယ်။ ဣဋ္ဌ+ဣဋ္ဌ နာမည်ဖြစ်ခြင်း နာမက္ခရတိုင်စဉ် မှန်ခြင်း၊ ဝုဒ္ဓိမှန်ခြင်း ရှိလို့ နာမည်ကောင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




အင်္ဂဝိဇ္ဇာတိုင်မှာတော့ နာမည်အဆုံးစာလုံး၊ တိုင်အောက်မှရှိလို့ သိပ်မကောင်းပေမယ့် အလွန်မဆိုးပါ။

သို့သော် **သိုက်+ရာဇ**နာမည်ဟာ ပက္ခမိနေခြင်း၊ "ဖို"အက္ခရာ နှစ်လုံးဆင့် နာမည်အစ၊ အလယ် ပေးထားခြင်းတို့က ညံ့ပါတယ်။

ဒီနာမည်မျိုးကို လက်မှတ်တွဲမထိုးသင့်ပါဘူး။

နာမည်နောက်ဆုံးစာလုံး အင်္ဂါနံ "**ဆွေ**"ဟာ "မ"အက္ခရာဖြစ်တဲ့အတွက် အဲဒီစာလုံးကိုသာ လက်မှတ်ရွေးထိုးသင့်ပါတယ်။


သူမက အသားဖြူတဲ့အတွက် "**ဆ**"**အက္ခရာ**ကလည်း အဖြူရောင်ဖြစ်လို့ လိုက်ဖက်ပါတယ်။

* * *



စနေနံကိုယ်စားပြု ပွင့်ဖတ်(၇)ခုပါတဲ့ ပန်းပွင့်သင်္ကေတကို လက်မှတ်ရဲ့အညွန့်နေရာမှာ ထားသင့်တယ်၊ လက်မှတ်အောက်က မျဉ်းမသားသင့်ပါဘူး။

၄။ * * *



ယခုလအတွက် **နံပါတ်(၄)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ အသက်(၃၁)နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

"**သဉ္ဇာဝေ**"ဆိုတဲ့ နာမည်(၃)လုံးထဲက နောက်ဆုံးစာလုံး"ဝေ" ကိုအင်္ဂလိပ်အက္ခရာနဲ့ လက်မှတ်ရွေးထိုးထားတာပါ။

**ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်က အမြင်သဘောတာတွေကြောင့် အလုပ်အကိုင်စီးပွားရေးမှာရော အိမ်ထောင်ရေးမှာပါ အမြင်တွေ ပေါ်ပေါက်နိုင်တယ်။**

အောက်ခြေမျဉ်းပိတ်က တစ်ဝက်တစ်ပျက်ဖြစ်လို့ ငွေမမြဲနိုင်ဘူး။ အညွန့်ရှည်နေလို့ ဘာလုပ်လုပ် အစကောင်းပြီး နောက်တော့ အဖျားရှူးသွားနိုင်တယ်။

၁၃၄၇ခုနှစ်၊ သီတင်းကျွတ်လ သောကြာနေ့မွေးသူဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဒ္ဓိစဉ်တို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရတယ်။


* * * **[နံပါတ်-၄]**

သောကြာ မရဏဖွားကို၊ **သောကြာ+အင်္ဂါ+ဗုဒ္ဓဟူး=မရဏ+ဘင်္ဂ+ပုတိ** နာမည်ပေးထားလို့ အနိဋ္ဌ(၃)ဌာန ဖြစ်ပါတယ်။ ဝုဒ္ဓိမှာ၊ နာမက္ခရတိုင်စဉ်များဖြစ်လို့ နာမည်ညံ့သူဖြစ်ပါတယ်။

ဒီနာမည်(၃)လုံးမှာ ပုတိဌာနက နာမည်စာလုံးကို လက်မှတ် ရွေးထိုးထားတာဟာ မမှားပါဘူး။ ဘင်္ဂ၊ မရဏတို့နဲ့စာရင် ပုတိဌာနက ပိုကောင်းလို့ပါပဲ။

ရွေးချယ်မှု မမှားပေမယ့် ထိုးမြဲလက်မှတ်သဏ္ဌာန်ကတော့ ညံ့ပါတယ်။ ဒါကြောင့် ဒီနာမည်မှာ အကောင်းဆုံးရွေးချယ်နိုင်တဲ့ နာမည်နောက်စာလုံး "ဝေ" ကိုသာ လက်မှတ်ပုံသဏ္ဌာန်ကောင်းဖြစ်အောင် ပြုပြင်ထိုးဖို့ သင့်ပါတယ်။

* * *



လက်မှတ်အောက်က မျဉ်းမသားသင့်ပါဘူး။ လက်မှတ်ရဲ့အညွန့်နေရာမှာ မူလမဟာဘုတ်ရဲ့ သိုက်ဌာနက ကြာသပတေးကိုယ်စားပြု ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ရပါမယ်။

***[ဒီတစ်လ ဒီမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ...]***

***အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**[လက္ခဏာဗေဒင်ပညာသုတေသီ]**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ကြုံလို့ ပုံရသည် (၇)

နှင်းပုလဲသူ



၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖြစ်ပေါ်ခဲ့သော စာရေးသူ၏ အဖြစ်မှန်ဖြစ်ပါသည်။

စာရေးသူသည် ထိုအချိန်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်မှ ရုံးတစ်ခုတွင် အကြီးတန်းစာရေးအဖြစ် လုပ်ကိုင်နေစဉ်က ဖြစ်ပါသည်။

ထိုနေ့က ရုံးတွင် နေ့လယ်(၂)နာရီ ထိုးသည်ထိလချုပ်စာရင်းများမပြီးပြတ်သေးသည်ကို ထိုင်ရေးနေရာ စာရေးသူမှာ နံနက်စာ မစားရသေးပါ။

ထိုအချိန် စာရေးသူထက် ရာထူးနှစ်ဆင့် နိမ့်သော အခြားအဆင့် ဝန်ထမ်း(က)ဖြစ်သူ အမျိုးသမီးက သူအပြင်ထွက် မုန့်ဝယ်သွားမှာ...

'ဘာမုန့်မှာမလဲ'

လို့ လာမေးပါသည်။

စာရေးသူက ငါးကျပ်တန် အသစ်တစ်ရွက်ထုတ်ပေးလိုက်ပြီး ကိတ်မုန့် (၂)ခု ဝယ်လာပေးပါရန် မှာလိုက်ပါသည်။ ခဏအကြာ ထိုအမျိုးသမီး ပြန်လာပြီး...

'ဆန္ဒွင်းမကင်းတစ်တုံး ဝယ်လာတယ်'

တု ပြောကာ လာပေးပါသည်။

စာရေးသူက ချက်ချင်း ယူစားလိုက်ပါသည်။ စားနေရင်း တစ်ဖက်ကလည်း ဂဏာန်းပေါင်းစက်ရိုက်ရင်း၊ စာရင်းများရေးရင်း အလုပ်ကို ဆက်လုပ်နေပါသည်။ ထမင်းဘူးမှာ ထမင်းစားရန် အချိန်မရခဲ့ပါ။

ညနေရုံးမှ အိမ်သို့ပြန်ရောက်ပြီး ညစာထမင်းစား တစ်လုတ်သာ အတင်းမျိုချလိုက်ရပါသည်။ နောက်ထပ် ဘယ်လိုမှ စား၍မရပါ။ ရင်ဝတွင် တောင့်နေပြီး စားချင်စိတ် မရှိလို့ ရပ်လိုက်ပါသည်။

နို့သစ်ခွတစ်ခွက် ဝယ်သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အိပ်လိုက်ပါသည်။ နောက်ရက်တွေမှာလည်း ရုံးတွင် ထမင်းလုံးဝ စားလို့မဝင်ပါ။ တစ်လုတ်နှစ်လုတ်စားပြီး သွန်ပစ်လိုက်ရပါသည်။

ငါးရက်မြောက်နေ့တွင် စာရေးသူ၏ ခင်ပွန်းမှ သန်ကောင်ရှိလို့ ထမင်းစားမဝင်တာဟု ထင်ပြီး သန်ချဆေးတိုက်ပါသည်။ သန်မကျပါ။

ထိုသို့ နံနက်စာရော ညနေစာပါ မစားနိုင်ဘဲ အအေးသာ ဝယ်သောက်နေရသည်မှာ အောက်တိုဘာလထိ ရောက်လာပါသည်။ လူလည်း ပိန်ချုံးလာပါသည်။ (၅၃)ရက် ကြာလာသည်ထိ ထမင်းလုံးဝမစားနိုင်ပါ။ ထိုအခါ မေမေက...

'သမီး အောက်လမ်းများမိတာလား မသိဘူး'

လို့ ပြောလာပါသည်။ စာရေးသူက တော်ရုံကိစ္စ ယုံတတ်သူ မဟုတ်သဖြင့်...

'အောက်လမ်းဆိုတာ မရှိပါဘူး မေမေရာ မဖြစ်နိုင်ပါဘူး'

လို့ ပြန်ပြောခဲ့ပါသည်။

စာရေးသူ၏ခင်ပွန်းသည်လည်း ဖြစ်နိုင်သည်ဟု ထင်ကာ အမရပူရမှ အဘကြီးဆီ သွားကြရအောင်ဟု တိုင်ပင်ပြီး နှစ်ဦးလုံး မိမိတို့ရုံးမှ ခွင့်အသီးသီးယူကာ အောက်တိုဘာ နောက်ဆုံးပတ်တွင် အဘကြီးဆီသို့ ရောက်ကြပါသည်။

ရောက်ရောက်ခြင်း အဘကြီးအား လှူဖွယ်ပစ္စည်းများလှူနေစဉ် အဘကြီးမှ စာရေးသူအား အတော်ကြာ ကြည့်နေပြီး...

'ညည်း ပိန်လှချည်လား၊ ဆရာဝန်ကို မပြဘူးလား'

လို့ မေးပါသည်။

စာရေးသူမှ ခေါင်းခါပြီး...

'မပြပါဘူး အဘ'

လို့သာ ပြန်ပြောရသေးသည်။ အဘကြီးမှ...

'ညကို မုဂ္ဂိုလ်တွေကြွမှ ဆေးကုပေးလိမ့်မယ်'

လို့ တိုတိုတုတ်တုတ် ပြောပါသည်။

ထိုနေ့ညနေတွင် အဘကြီး၏ တပည့်များပြင်ပေးသော ညစာထမင်းကို စာရေးသူမှာ ထုံးစံအတိုင်း နှစ်လုတ်လောက်ရအောင် မနဲမျိုချပြီး ရင်ဝက တောင့်လာသဖြင့် ရပ်လိုက်ရပါသည်။

ထိုနေ့ည (၁၀)နာရီတွင် အဘကြီးထံ၌ ရာကျော်ဆရာတော်ကြီး ဓာတ်စီးကြွလာပါသည်။ စာရေးသူလည်း ရန်ကုန်မှဝယ်လာသည့် သင်္ကန်းဒွိစုံအား ရာကျော်ဆရာတော်ကြီးကို လှူလိုက်ပါသည်။

ထိုအချိန် အဘရာကျော် ဆရာတော်ကြီးက...

'ဟဲ့... ရန်ကုန်က မိန်းကလေး ရှေ့တိုးခဲ့စမ်း။ ညည်း ဘယ်လို ခံစားနေရတုန်း ပြောစမ်း'

လို့ မိန့်ပါသည်။ စာရေးသူက...

'ထမင်း လုံးဝစားလို့မရဘဲ အအေးပဲ သောက်နေရတာ(၅၃)ရက် ရှိပါပြီ ဘုရား။ ထမင်းမျိုချလိုက်ရင် ရင်ဝကနေ လည်ပင်းထိတောင့်လာပြီး လုံးဝစားလို့မရပါဘုရား'

လို့ ပြန်လျှောက်လိုက်ပါသည်။

ရာကျော်ဆရာတော်ကြီးက...

'မင်းတို့က သိပ္ပံသမားတွေဆိုတော့ မယုံကြဘူး၊ သောက်ရေတစ်ခွက် ခပ်ခဲ့စမ်း'

လို့မိန့်ပါသည်။ စာရေးသူ၏ ခင်ပွန်းမှ သောက်ရေတစ်ခွက် ခပ်လာပါသည်။

ထိုသောက်ရေခွက်ကို လှမ်းယူပြီး စာရေးသူအား ခေါင်းမော့ခိုင်းပါသည်။ စာရေးသူနှင့်အတူ ကြမ်းပြင်တွင် ထိုင်နေသူအားလုံး (၁၁)ယောက်ဖြစ်ပါသည်။ ရာကျော်ဆရာတော်ကြီးက ကုလားထိုင်ဖြင့် ထိုင်နေပါသည်။

စာရေးသူ၏ လည်ပင်းမှ မေးစေ့ထိ ထိုသောက်ရေခွက်နှင့် သုံးကြိမ်ပင့်တင်ပြီး စာရေးသူခေါင်းပေါ်သို့ ရေခွက်ကိုတင်ကာ တစ်ခါမှ မကြားဖူးသော ဘုရားစာများကို တိုင်ပေးပါသည်။ စာရေးသူမှ လိုက်ဆိုရပါသည်။

ရွတ်ဖတ်ပေးနေသော ဘုရားစာများ ပြီးသွားသောအခါ စာရေးသူ ခေါင်းပေါ်တင်ထားသော ရေခွက်ထဲတွင် ရေ၏အောက်ခြေမျက်နှာပြင်မှ ရေပေါ်သို့ ပစ္စည်းတစ်ခု တဖြည်းဖြည်းခြင်း မှောက်လျက်အနေအထားဖြင့် ပေါ်လာပါသည်။

ထိုကဲ့သို့ ပေါ်လာသည်ကို စာရေးသူ ခင်ပွန်းနှင့် သူ၏ငယ်သူငယ်ချင်းဖြစ်သူ ဦးဝင်းမြင့်သိန်းတို့မှ မျက်တပ်ရပ်ကြည့်နေကြသဖြင့် မြင်တွေ့ရသည့် မြင်ကွင်းကို နောင်မှ သူတို့နှစ်ဦးလုံး ပြန်ပြောပြသည့်အတွက် စာရေးသူ သိရခြင်းဖြစ်ပါသည်။

ရာကျော်ဆရာတော်ကြီးက...

'ဒီကောင်မကို ကိုင်ကြည့်လို့ ရပြီ ယူကြည့်ကြ'

လို့ ပြောပါသည်။ ဦးဝင်းကိုက ထိုအရုပ်ကို ယူကြည့်လိုက်ပြီး...

'အမလေး ရွှံ့စေးရုပ်ကောင်းလိုက်တာ'

ဟု ဆိုကာ ချက်ချင်း လွှတ်ချပစ်လိုက်ပါသည်။

ထိုအရုပ်ကို သေသေချာချာကြည့်ရာ အဝတ်အစားမပါသော မိန်းမတစ်ယောက် ဆံပင်ဖားလျားချ၍ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားပြီး ပေါင်နှစ်ဖက်ကားကာ ဆောင့်ကြောင့်ထိုင်နေသည့်ပုံ ဖြစ်ပါသည်။

အဆိုးဆုံးမှာ အပေါ်မှအောက်

www.burmeseclassic.com

မဖော်ပြအပ်သည့် အတွင်းအင်္ဂါများကို ပီပြင်စွာ ထုလုပ်ထားခြင်းဖြစ်ပါသည်။

အဘရာကျော်ဆရာတော်ကြီးက...

"ဒီကောင်မကို ရေခွက်ထဲ ပြန်ထည့်ပြီး အရှေ့ဘက်က ချောင်းထဲ သွားလွှင့်ပစ်ခဲ့။ လွှင့်ပစ်စဉ်မှာ ခုနှိုက်ကစပြီး ငါတို့နဲ့လဲ မဆိုင်ဘူး။ ရွာနဲ့လဲ မဆိုင်ဘူး။ နင့်လမ်း နင်သွား။ နင့်အဏ်နင်ခံပေတော့'

လို့ ပြောခဲ့ဟု မိန့်ပါသည်။

စာရေးသူ၏ ခင်ပွန်းနှင့် သူ့သူငယ်ချင်းတို့နှစ်ယောက် ထိုရေခွက်ကိုယူ၍ ချောင်းသို့ ထွက်သွားကြပါသည်။

ထိုအချိန် စာရေးသူစိတ်ထဲတွင် ပုတီးမှန်မှန် စိပ်နေတာကလွဲလို့ ဘာမျှလည်း မတတ်တာမို့ ကြောက်နေမိသည်။ ရာကျော်ဆရာတော်ကြီးက...

'ညည်းရုံးကမိန်းမတစ်ယောက်က အစာထဲမှာ လုပ်လိုက်တာ၊ ခုနကအရုပ်ကို "ဂဝံမျက်နှာဖုံး"လို့ခေါ်တယ်။ ညည်းတို့သာမန်မျက်လုံးနဲ့တော့ မမြင်ရဘူးပေါ့။ ညည်းရုတ်ပေါ်ခွစီးပြီး လည်ပင်းကို ညှစ်ထားတော့ ထမင်းစားလို့ ဘယ်ရမလဲ။ ကြာရင် တဖြည်းဖြည်းနဲ့ ပိန်ချုံးပြီး ရူးပြီး သေအောင်လုပ်တာ ညည်းတို့က သိပ္ပံသမားတွေဆိုတော့ အောက်လမ်းကို မယုံကြဘူး။ ညည်းက မြစ်ကူးချောင်းခြား ယိုးဒယား (ထိုင်း)မှာနေရင်တောင် ခုနကကောင်မကို ဒီကနေ ညည်းဆီရောက်အောင် လွှတ်လို့ရတယ်။ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓ ဓမ္မ သံဃာ သားသမီး ဘိုးမင်းခေါင်၊ ဘိုးတိုးအောင် ရာကျော်ဆရာတော်ကြီးတို့ရဲ့ သားသမီးပီသစွာ ရုံးက မိန်းမကို လုံးဝကလဲ့စားမချေပါဘူးလို့ ကတိပေးပါ'

လို့ မိန့်ပါသည်။ စာရေးသူမှ...

'လုံးဝ ကလဲ့စားမချေပါဘူးလို့ မိန့်ပါတယ်ဘုရား'

လို့ ပြန်လျှောက်လိုက်ပါသည်။


ရာကျော်ဆရာတော်ကြီးမှာ ညာလက်ဝါးကို အပေါ်သို့ ဆန့်တန်း၍ ဖြန့်လိုက်ပြီး ပြန်ချလိုက်ရာတွင် လက်ဝါးပြင်ပေါ်၌ ဖော်ပြပါဓာတ်ပုံမှ ရှင်ဥပဂုတ္တ မထေရ်ရုပ်ပုံတော် ပေါ်လာပြီး စာရေးသူအား ထိုပုံတော်ကို နေအိမ်ဘုရားစင်တွင် ဆောင်ထားရန် မိန့်ကာ လှမ်းပေးပါသည်။

စာရေးသူသည် နောက်နေ့နံနက်စာကို သုံးပန်းကန်ထိ စားပါတော့သည်။ စာရေးသူ ရန်ကုန်ပြန်ရောက်ပြီး (၄၅)ရက်အကြာတွင် စာရေးသူအား ဆန္ဒင်းမကင်းတုံးကျွေးခဲ့သည့် အမျိုးသမီးသည် အလွဲသုံးစားမှုဖြင့် ရုံးမှ အလုပ်ထုတ်ခြင်း ခံရပါသည်။

**[ဤစာစုဖြင့်အသက်သခင်ကျေးဇူးရှင်ဖြစ်သော အဘရာကျော်ဆရာတော်ကြီးနှင့် အဘကြီးဘိုးမင်းခေါင်ရေး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သော အဘကြီးကိုပါ ရိုသေစွာ ဦးညွှတ် ကန်တော့ပါသည်။]**

**နှင်းပုလဲသူ**

# ရေသံ ခြသံ လပ်း



ရေသံ၊ ခြသံ (ဒ်)တစ်ကျပ်သားကို **နှမ်းလုံးကြိုင်အစေးနှင့်** နေကုန် (၇)လုံးထိုး စေ့လျှင် ပျားရည် ခံရည်လောင်းပျားရည်အရသာပျက်၏။ နွားနို့ကဲ့သို့ ဖြူလိမ့်မည်။

ဓာတ်လုံးကို လုံခြောက်ထိုး၊ ဘော်(ဒ်)တစ်ကျပ်သား လုံ့ခွင်မှာ ထည့်၍ထိုး၊ ခြောက်မူးရည် (ဖျူး)(၆–မူး)ရည် ဝါ၏။

ပျားရည်မှာ စိမ်၍စား ခံမဖြူ သွားမကျိုး အရွယ်ပြန်နု၏။ ***(ကုဋ္ဌရောဂါအထူးပျောက်၏)***

သံလုံးကို လက်ချားနှင့် (၁၂)လုံထိုး၊ ပျားရည်ခံရည်လောင်း ဘော်(ဒ်)တစ်ကျပ်သားကျင်း၊ ဂျူး(ခုနစ်မူး)ဝါ၏။

သံလုံးကို လက်ချားနှင့် (၃၆)လုံထိုး၊ ပျားရည်ခံရည်လောင်း၊ ဘော်ကျင်း ဂျူး(ရှစ်မူး)ရည်ဝါ၏။

(၃၆)လုံထိုး ခံရည်လောင်း၊ ဘော်ကျင်း (၉)မူးရည်ဝါ၏။ (၄၈)လုံ၊ လုံ(၁၂၀)ထိုးက အသမှုန့်ဆိုက်၍ အရည်မဖြစ်တော့ပါ။

ဓာတ်ရောင်မှာ နေကဲ့သို့ လင်း၏။ ပျားရည်စိမ်သောက် အရိမေ့တွေ့ယျ ဘုရားမိ၏။

လက်ယာလမ်းကိုလိုလျှင် နာတစ်ဆယ်ကျပ်သားရည်ကျို၊ ဓာတ်လုံးကိုထည့် ငုပ်ဖေါ်ဆယ်ယူ။ သပြေရောင်မှည့်၏။ ဘော်(၅)ကျပ်(၈) (၂ကျပ် ရှစ်ပဲသား)ကျွေး၊ ၅–၈ ထည့်ထိုး။ အပြီးတိုင်၏။

**[မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ ရွှေပြည်မနောမယကျောင်းဆရာတော် ဦးအရိယဝံသဆရာတော် (၁၉၃၉–၂၀၁၃)၏မှတ်စု]**

**တင်လှ (ဆ–မ–ပြီး)**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့




ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သည့် ဝဲလက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်သုံးဆယ်ကျော်ရှိ အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

လက်ဖဝါးပြင်ရှိ လက်ရေးစာများ၊ လမ်းကြောင်းများ၊ မင်္ဂလာအခြံအရံ သင်္ကေတများ၊ အဖျက်သင်္ကေတများ၊ လက်ဖွေများ စသည်ဖြင့် ကြည့်ရှု စစ်ဆေးသင့်သည်များကို သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ပြည်ပနှင့် ဆက်သွယ်ပတ်သက်သော ရေကြောင်းဆိုင်ရာ လုပ်ငန်းမျိုး လုပ်ကိုင်လျှင် အကျိုးပေးနိုင်ခြင်း ရှိ၊ မရှိ။

၂။ အောင်မြင်ကျော်ကြား ချမ်းသာ ကြွယ်ဝနိုင်သောကံ ရှိ၊ မရှိ။

၃။ ဖိတ၊ မောင်နှမဆွေမျိုးတို့ကို ကျွေးမွေးပြုစုစောင့်ရှောက်ထောက်ပံ့နိုင်မည့်သူ ဟုတ်၊ မဟုတ်။

၄။ အိမ်ထောင်ရေး ကောင်း၊မကောင်း။

မိမိတို့၏အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိအဖြေများနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်ပါရန် အကြံပေးအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၂၀၃ )
တွင်ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

မြေကျဉ်းကျဉ်းတွင်

# နနွင်း၊ချင်းတက် စီးပွားတက်အောင် စိုက်နည်း

မောင်ခင်သက်လှိုင် (လယ်ဝေး)



လွန်ခဲ့သော **၁၉၉၅ ခုနှစ် အလုပ်တာဝန်ဖြင့်** ကျွန်တော် ရန်ကုန်မြို့ အရှေ့ပိုင်း လမ်း(၅၀)အထက်၌ လပေါင်းများစွာ နေထိုင်ခဲ့ဖူးပါသည်။

လမ်း(၅၀)နှင့် ပုဇွန်တောင်ပန်းခြံသည် မကွာဝေးသလို ပုဇွန်တောင်ဈေးနှင့်မကွာ၊ ရေကျော်ဈေးနှင့်မဝေး၊ မင်္ဂလာဈေးနှင့်လည်း လမ်းသာပါသည်။

ကျွန်တော်သည် ပုဇွန်တောင်ပန်းခြံ၌ ညနေတိုင်း ရောက်ရှိရာ တွေ့နေကျမိတ်ဆွေများဖြစ်သော အောင်ဆန်းမှ ဦးဖိုးထိန်၊ ဒေါ်အေးဟန်၊ ကျောက်ဆည်သင်ဖြာမှ ကိုစိန်ကြီးနှင့် မူဆယ်မှ ကိုတောက်ထွန်းတို့ အမြဲ တွေ့ကြပါသည်။

ဦးဖိုးထိန်နှင့် ဒေါ်အေးဟန်တို့မှာ လင်မယားမဟုတ်ပါ။ တခြားစီဖြစ်ပြီး ချင်းခြောက် လာရောင်းကြသော ကုန်သည်များ ဖြစ်ပြီး ကျောက်ဆည်သင်ဖြာမှ ကိုစိန်ကြီးမှာလည်း နနွင်းစို့ခြောက် လာရောင်းသူ ကုန်သည်ဖြစ်ပါသည်။

မူဆယ်မှ ကိုတောက်ထွန်းမှာ တောင်တွင်းကြီးဇာတိဖြစ်ပြီး မူဆယ်သူနှင့် အကြောင်းပါပြီး လိုင်စင်ဖြင့် အရက်ရောင်းသူသာ ဖြစ်ပါသည်။

ကျွန်တော်သည် စိုက်ပျိုးရေးသမားသက်သက်သာဖြစ်၍ ကုန်သည်မဟုတ်ပါ။ ကျွန်တော့်ခြံတွင် လောင်းမကြောက်သော ပိန်းအမျိုးမျိုး၊ ဖုံ့ယဉ်ဥ အမျိုးမျိုးအပြင် နနွင်းများကိုလည်း စိုက်ပျိုးသဖြင့် နနွင်းအထွက်တိုး စိုက်ပျိုးနည်းကို ထိုမိတ်ဆွေများအား မေးမြန်းရာ သူတို့မှာ ကုန်သည်များသာဖြစ်၍ စိုက်ပျိုးနည်းစနစ်ကို တိတိကျကျ မပြောနိုင်ကြပါ။

တောင်တွင်းကြီးသား ကိုတောက်ထွန်းမှာ အရက်ရောင်းသူ ဖြစ်သော်လည်း **သူ၏ယောက္ခမ ဦးအိုက်ပန်၏** မြေကျဉ်းကျဉ်းတွင် နနွင်း၊ချင်းတက် အထွက်တိုးအောင် စိုက်ပျိုးနည်းကို ပြောပြပါသည်။

ရှမ်းတောင်သူကြီး ဦးအိုက်ပန်သည် သူ၏ယာမြေဖြစ်သော တောင်စောင်း၌ **အကျယ်လေးတောင် အနက်လေးတောင်ရှိသော ကျင်းကို** တူးပြီးလျှင် အောက်ခံမြေအဖြစ် သဲကို လက်လေးလုံးခန့် အထူခင်းပါသည်။

ထိုသဲမြေပေါ်၌ ချင်း၊နနွင်း မျိုးတက်များကို စိနေအောင် ဖြန့်ကြပါသည်။

အပေါ်မှတစ်ဖန် သဲလက်လေးလုံးခန့်အုပ်ပြီး မျိုးတက်များ တစ်ဖန်ဖြန့်ကြပါသည်။ ပြီးလျှင် တစ်ဖန် သဲမြေနှင့် ပြန်အုပ်ကာ လေးတောင်ကျင်း ပြည့်မောက်သည်အထိ ပြုလုပ်ပေးရပါသည်။

မိုးရေထဲ၌ အပင်များ ပေါက်လာသောအခါ အောက်မှ နနွင်းတက်၊ ချင်းတက်များသည် ကန့်၍ တက်လာ

www.burmeseclassic.com

ကြသဖြင့် နနွင်းရုံ့,ချင်းရုံကြီးများ ဖြစ်လာပြီး မျိုးဥအတက်များသည် တစ်ခုနှင့်တစ်ခု တိုးဝှေးတက်ပြီး ကြီးထွားလာသည်။

အပင်များကျ၍ ယင်းတို့ကို တူးဖော်သောအခါ ဒေါးမှုပိုက်၍ တူးရပါသည်။ ချင်းရုံသည် ချင်းတက်ချင်း ညှပ်သတ်နှံသည်းကောင်း။ နနွင်းရုံသည်လည်း ထိုကဲ့သို့ပင် တွေ့ရှိရပြီး တံခွန်တိုင်ကြီးသဖွယ် ဖြစ်နေရာ ယင်းကို လက်ဖြင့်ဖုတ်၍ ပုတ်၍ မြေသားများ ကွာကျစေခြင်းနည်းအားဖြင့် သန့်မာသန့်ရှင်းသော ချင်းတက်များ၊ နနွင်းတက်များတို ရရှိပါသည်။

လေးတောင်ပတ်လည် ကျင်းတလေးတွင် မြေအကောင်း,အညှိသိုက်၍ သမားရိုးကျစိုက်ပျိုးနည်းထက် အထွက်များ အထူးတိုးကြောင်း...

မြေကွက်ကျယ်လျှင်လည်း ထိုနည်းအတိုင်း စိုက်ပျိုးပါလျှင် တစ်ခါစိုက်လျှင် နှစ်သီး,သုံးသီး စိုက်ပျိုးသည်နှင့် အပ်တူဖြစ်ကြောင်း ကိုတောက်ထွန်းမှ ပြောပါသည်။

စာရေးသူသည် ထိုနည်းအတိုင်း [illegible]စိုက်ပျိုးအရာ အထူးအောင်မြင်[illegible]သည်။


မြေကျဉ်းကျဉ်းတွင် အထွက်တိုး၍ မြင့်မှု သက်သာသော စိုက်ပျိုးနည်းဖြင့်၍ စိုက်ပျိုးမှု ဝါသနာပါသောသူများအတွက် နည်းနည်းဖြင့် များများ ထွက်ကြစေရန် နက္ခတ္တရောင်ခြည် မှ စိုက်ပျိုးရောင်ခြည်အဖြစ် ဖြန့်ဝေလိုက်ပါသည်ခင်ဗျား။

***စိုက်ပျိုးသူတိုင်း အောင်မြင်ကြပါစေ။***

**မောင်ခင်သက်လှိုင်**
***(လယ်ဝေး)***

စာမျက်နှာ (၂၀၁)မှ အဆက်

## လက္ခဏာပဓာနမှ အခြေပြများ





**၁။ ပြည်ပနှင့် ဆက်သွယ်ပတ်သက်သောရေကြောင်းဆိုင်ရာလုပ်ငန်းမျိုး လုပ်ကိုင်လျှင် အကျိုးပေးနိုင်ပါသည်။**


*အဘယ်ကြောင့်ဆိုသော်...* လက်ဖဝါးစောင်းအောက်ခြေ တနင်္လာဂြိုဟ်ကွက်မှ ကံလမ်းထီးရိုးစတင်ထွက်ပေါ်ပြီး ဉာဏ်လမ်းကြောင်းနှင့် ပေါင်းစပ်တွာ အားကောင်းသွားသောကြောင့် ဖြစ်သည်။ **"က" အကွရာ**

တနင်္လာဂြိုဟ်ကွက်မှာ ပြည်ပနှင့် လည်းကောင်း၊ ရေကြောင်းနှင့် လည်းကောင်း သရော်ဆိုင်၍ ကံလမ်းထီးရိုးနှင့် ဉာဏ်လမ်းမှာ အလုပ်အကိုင်နှင့် ဝါသနာ စိတ်ဝင်စားမှုတို့နှင့် သက်ဆိုင်သည်။

**၂။ အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားနိုင်သော ကြွယ်ဝပြည့်စုံနိုင်သောက် ရှိသည်။**




အဘယ်ကြောင့်ဆိုသော်... အောင်မြင်ကျော်ကြား ချမ်းသာကြွယ်ဝမှုနှင့် သက်ဆိုင်သောလက်သူကြွယ် လက်ချောင်း၏တနင်္ဂနွေဂြိုဟ်ကွက်ပေါ်မှာ သရုပ်သင်္ကေတအောက်ခံနှင့် ကြာပူးမင်္ဂလာအခြံအရံဖြင့် ဆုံးသော အောင်မြင်ရေးလမ်း ထင်ရှားရှိခြင်းကြောင့်ဖြစ်သည်။ **"ခ" အကွရာ။**




**၃။ မိဘမောင်နှမဆွေမျိုးတို့ကို ကျွေးမွေးပြုစု စောင့်ရှောက် ထောက်ပံ့နိုင်မည့်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... လက်ခလယ်အောက် စနေဂြိုဟ်ကွက်ပေါ်တွင် ကံလမ်းထီးရိုးက သစ်ပင်ပုံ မင်္ဂလာအခြံအရံသင်္ကေတ ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။ **"ဂ" အကွရာ။**

**၄။ အိုဇာတာကောင်းသူ ဖြစ်မည်။**

အဘယ်ကြောင့်ဆိုသော်... အသက်လမ်းကြောင်းအောက်ခြေမှာ ငါးကြင်းမြီး မင်္ဂလာအခြံအရံသင်္ကေတ ဖြစ်ပေါ်နေခြင်းကြောင့်ဖြစ်သည်။ **"ဃ" အကွရာ။**




***(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြင့်** ***(ဥပဓေဘွဲ့)***
**[လက္ခဏာဗေဒင်ပညာ သုတေသီ]**

www.burmeseclassic.com

# အခက်အခဲပြေလည်စေရန်

## နည်းလမ်းအစီအရင်

မတွေ့တာ (၃)၊ (၄)နှစ်ရှိနေပြီဖြစ်တဲ့ မိတ်ဆွေတစ်ယောက်က သူ့အိမ်ကို လာဖို့ ဖိတ်ခေါ်တာကြောင့် နေ့တစ်နေ့ရဲ့ညပိုင်းမှာ သူ့အိမ်ကို ရောက်သွားပါတယ်။

ဟိုအကြောင်း သည်အကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြရင်းနဲ့ သူ့ဆီကနေ ယခုဖော်ပြမယ့် နည်းလမ်းအစီအရင်တစ်မျိုးကို ရလိုက်တာပါပဲ။

'ဒီအစီအရင်ကို ငါ့အဖေက ပြောခဲ့တာကွ။ အဖေတော့ ဘာတွေ အစွမ်းထက်ခဲ့လဲတော့ ငါမသိဘူး။ အဖေပေးတုန်းက ပြောတာ တစ်ခုတော့ ရှိတယ်။

မင်း စကားပြောစရာ၊ ဖြေရှင်းစရာ တကယ့်အခက်အခဲတွေလာရင် ဒီနည်းနဲ့ အဆောင်လုပ်သွား။ ကိုယ့်ဘက်ကသာ သစ္စာဖြစ်နေပါစေ၊ အောင်မြင်လိမ့်မယ်လို့ ပြောတယ်။

အဲဒီတုန်းကတော့ ဘာသိဘာသာပေါ့ကွာ။ လူ့ဘဝဆိုတာလဲ ခက်သားပဲကွာ။ တစ်ခါတစ်ရံမှာ ကိုယ့်ဘက်ကနေ မှန်တာတွေ လုပ်နေပေမယ့် တဖက်လူက အများထင်မိတာတွေ ရှိနေတာပဲ။

ပြီးတော့ ကိုယ့်ဘက်က မမှားပေမယ့် တောင်းတောင်းပန်ပန် ပြောစရာ အခြေအနေတွေ ဖြစ်လာနိုင်တာ ရှိတယ်။ ဒီအခါမျိုးမှာ ဖြေရှင်းရာ စကားတွေ ပြောလာကြရရော။

ငါ့ အတွေ့အကြုံအရတော့ အတော်လေး အောင်မြင်တဲ့နည်းပဲ။ မင်း ရောက်နေတာ မနေ့ကတည်းက ငါ သိတယ်ကွ။ ဒါပေမယ့် ငါပေါင်ထားတဲ့ မြေကွက်က လစေ့နေတာကြောင့် ငါ သွားပြောရဖို့ စီစဉ်ရတယ်။

လ,ကသာ စေ့နေတာ ငါက မရွေးနိုင်သေးဘူးကွာ။ ဒီတော့ သွားတောင်းပန်ရမှာ။ နောက်ထပ် (၃)လလောက် ဆိုင်းငံ့ပေးဖို့ ပြောရမှာကွ။ အဲဒီကိစ္စကြောင့် မင်းကို ချက်ချင်း ငါ လာမခေါ်ဖြစ်ဘူး'

'ရပါတယ်ကွာ... ဒါနဲ့ အဲဒီကိစ္စမှာ စာချုပ်အရ သူတို့က တရားတယ်မဟုတ်လား'



'အေးလေကွာ ဒါကြောင့် ကိုယ်ကတောင်းပန်စကား ဆိုရတာပေါ့။ သူတို့ဘက်က ရက်ရွှေ့ပေးရတာ တစ်ကြိမ် မဟုတ်တော့ဘူး ဆိုတော့ နည်းနည်းတော့ စိုးရိမ်တာပေါ့ကွာ'

'ဒါနဲ့ အဆင်ပြေရဲ့လား'

'ပြေပေါ့ကွာ၊ ငါလဲ ငါ့အဖေပြောခဲ့တဲ့ အစီအရင် သုံးရတော့တာပေါ့။ ဟိုရောက်တော့ ငါထင်ထားတာထက်ကို အဆင်ပြေခဲ့တယ်လေ'

'ဘယ်လိုများလဲကွ'

'ငါက (၃)လ ဆိုင်းပါဦးဆိုတာ (၅)လ အချိန်ပေးတဲ့အပြင် အဲဒီအတွက် အတိုးလဲ မယူတော့ပါဘူးတဲ့'

'တယ်နိုင်ပါလားကွ၊ မင်းက ဒါဟာ မင်း ဟိုအစီအရင်ကြောင့်လို့ ပြောချင်တာလား'

'ပါတာပေါ့ကွာ။ တစ်ခုတော့ ရှိတယ်။ ဒီအစီအရင်ကလေးက လွယ်ကူတယ်ကွ။ ဒါပေမယ့် သစ္စာတော့ ရှိရတယ်။ ဒီမြေကိစ္စမှာ ငါ့မှာ တကယ်ကို ပြန်ရွေးစရာ ငွေကြေး မရှိပါဘူးလို့ သစ္စာစကားဆိုရတယ်။ ကိုယ့်ဘက်က ဘာတ်နိုဘာတ်နက်တွေနဲ့ မဟုတ်မတာရားဆိုရင်တော့ မစွမ်းဘူးကွ'

'ကဲ...ပြောစမ်းပါဦးကွာ၊ မင်းအစီအရင်ကို ငါသိချင်လှပြီ'

'မင်း... စာရေးဦးမယ်မဟုတ်လား။ နည်းကိုတော့ ရေးပါကွာ။ ငါနာမည်တော့ ထည့်မရေးနဲ့ ရှက်တယ်ကွ'

'အေးပါကွာ ပြောမှာသာ ပြောစမ်းပါ'

'ဒီလိုကွ...ပထမလုပ်ရမှာက ဘုရားရှိခိုး၊ မိမိဘက်က မှန်ကန်ပါကြောင်း သစ္စာစကားဆို တိုင်တည်၊ ပြီးရင် ညဘက်နားကိုသွား၊ ညြဇာရွက် တစ်ရွက်ကို လက်နဲ့ထိထား။

မိမိမျက်နှာက မိမိရဲ့ တေဇအရုပ်ဘက်ကို မူလက်နဲ့ ထိပြီဆိုတာနဲ့လဲ မိမိပါးစပ်က "ပု"လို့ လေးလေးနက်နက် ရွတ်ရမယ်။ ပြီးတော့ ဗုဒ္ဓဘုရားကို မြင်ယောင်ကြည့်ရမယ်။

ပြီးရင် "ဒိ"ဆိုပြီး ကိုင်ထားတဲ့အရွက်ကို လေးလေးနက်နက် ခူးလိုက်ရမယ်။ ဒီအခါမှာလဲ ဗုဒ္ဓကို မြင်ယောင်ကြည့်ရမယ်။

ပြီးရင် "**အာ**"ဆိုပြီး အဲဒီညြဇာရွက်ကို မိမိပါးစပ် တို့ပြီး အဆောင်အဖြစ်နဲ့ အိတ်ကပ်ထဲကိုလေးလေးနက်နက်ထည့်လိုက်ရမယ်။ဗုဒ္ဓကို မြင်ယောင်ရမယ်။

တစ်ချက် သတိထားရမှာက **ခူးလိုက်တဲ့ ညြဇာရွက် စုတ်ပြဲမသွားစေနဲ့။** ပြီးတော့ အိတ်ကပ်ထဲကို ထည့်ရင် ချော်ထွက်မသွားစေဘဲ ရှောရှော ရှုရှု ဝင်အောင်လုပ်ရမယ်။ **မျက်နှာမူတဲ့ တေဇအရုပ်လဲ** မှန်ပါစေ'

ကျွန်တော့်မိတ်ဆွေဆီက ရလိုက်သောနည်းမှာ ဤမျှသာ ဖြစ်ပါတယ်။ လွယ်ကူတဲ့ ကိုယ်တွေ့နည်းကောင်းလေးဖြစ်တာကြောင့် ရေးပြောလိုက်ပါတယ်။

တေဇအရုပ်

| | |
|---|---|
| ❖တနင်္ဂနွေသားသမီး | ⇨ အနောက် |
| ❖တနင်္လာသားသမီး | ⇨ အနောက်မြောက် |
| ❖အင်္ဂါသားသမီး | ⇨ မြောက် |
| ❖ဗုဒ္ဓဟူးသားသမီး | ⇨ အရှေ့မြောက် |
| ❖ကြာသပတေးသားသမီး | ⇨ အရှေ့တောင် |
| ❖သောကြာသားသမီး | ⇨ အနောက်တောင် |
| ❖စနေသားသမီး | ⇨ အရှေ့ |

မင်းခန့်ကျော်နိုင်



www.burmeseclassic.com

www.burmeseclassic.com

# အဂ္ဂိရတ်ပညာနှင့် နက္ခတ်ပညာ

ဂါမဏိဇော် (စစ်ကိုင်း)(ဝေဒပညာရှင်)

အကျွန်ုပ်တို့ လေ့လာလိုက်စား၍ နေကြသော လောကီပညာ အရပ်ရပ်တို့သည် လေ့လာ၍၊ လိုက်စား၍ မကုန်နိုင်အောင်ပင် အများအပြား ရှိကြလေကုန်၏။

ထိုကဲ့သို့ မြားမြောင်ပြောဟုန် သင်ယူ၍ မကုန်နိုင်သော လောကီ ပညာရပ်အများတို့ထဲ၌ ပညာအပေါင်းတို့၏ ပင်မဟု ဆိုထိုက်သော နက္ခတ် ဗေဒင်ပညာရပ်သည် ဤဘုံလောက၌ အကယ်ပင် လေ့လာလိုက်စားထိုက်သော ပညာရပ်ကြီး ဖြစ်လေသည်။

နက္ခတ်ဗေဒင်ပညာကို အရင်း မူလ တည်ထားလျက် အင်းအိုင်လက်ဖွဲ့ ပညာများ၊ မီးနေမီးရပ် အဂ္ဂိရတ်ပညာ များ၊ ဓာတ်နေဓာတ်ဖျက် ချင့်တွက်၍ ကုသသော ဆေးပညာများ စသည် အားဖြင့် များပြားကျယ်ပြန့်စွာရှိသည်။

ထိုသို့ လေ့လာဆည်းပူးအပ်သော ပညာရပ်မှန်သမျှတို့သည် နက္ခတ် ဗေဒင်ပညာနှင့် မကင်းရာ မကင်း ကြောင်း ဆက်နွယ်၍ ရှိသောကြောင့် မူလဘူတ ပင်မပညာတစ်ခုအပါအဝင် ဖြစ်သည်။

ထို နက္ခတ်ဗေဒင်ကို လိုက်စား လေ့လာကြည့်လျှင် ဆုံးခန်းတိုင်ဖို့ကို မဆိုထားနှင့် အစိတ်အပိုင်းတစ်ခုကို ပင် ပြည့်စုံစွာ သိမြင်ပေါက်မြောက်ရန် မလွယ်ကူလှပါ။

ဗေဒင်ပညာရပ်ကြီး တစ်ခုလုံးကို ချုံငုံ၍ကြည့်လျှင် သုံးပွင့်ဆိုင်(ဖို့ခုံ လောက်ဆိုင်) တည်ရှိနေသော ပညာ ဖြစ်ပါသည်။ ထိုသုံးခုကား...

**ရာသီ၊ ဂြိုဟ်၊ နက္ခတ်** ဤ(၃)မျိုး ပေါင်းစပ်ဖွဲ့စည်းထားသော ပညာရပ် ဖြစ်ပါသည်။

ယခုပစ္စက္ခကာလ၌ အကျွန်ုပ် အပါဝင် ဗေဒင်ပညာဖြင့် အသက်မွေး သူ၊ လောကီပညာများကို လေ့လာ လိုက်စားသူ၊ ဝါသနာထုံသူ အတော် များများတို့သည် နက္ခတ္တသျှတ္တရကို ကြိုးပမ်းအားထုတ် လေ့လာမှု လျော့ နည်းကြပေသည်။

**ပထဝီနက္ခတ်၊ တေဇောနက္ခတ်၊ ဝါယောနက္ခတ်၊ အာပေါနက္ခတ်**ဟူ သော ဓာတ်(၄)ပါးကို နက္ခတ်တို့နှင့် တွဲစပ်လျက် မခွဲခြားနိုင်တော့ပေ။

သို့ဖြစ်၍ နက္ခတ်(၂၇)လုံးတို့၏ ဓာတ်(၄)ပါးကို ခွဲပြခြင်း၊ အသုံးပြု နည်းကို အမြွက်မျှ ညွှန်ပြခြင်းဖြစ် သော နက္ခတ္တသျှတ္တရ၏ နိဒါန်းကို



ဝါသနာတူသူတို့အတွက် တင်ပြရေး သားလိုက်ပါသည်။

* * *(နက္ခတ်၉-ခိုင်ဇယား)

နက္ခတ် ၉-ခိုင်ဇယား

| နက္ခတ် | နက္ခတ် | နက္ခတ် | ဓာတ်စဉ် | ၉-ခိုင်စဉ် | ဂြိုဟ်စဉ် | အရောင် |
|---|---|---|---|---|---|---|
| အဿဝနီ | မာဃ | မူလ | ပထဝီ | ဒလိဒ္ဒ | ၈-နွေ | ညိုနက် |
| ဘရဏီ | ပြုဗ္ဗဖလဂုနီ | ပြုဗ္ဗာသာဠ် | အာပေါ | သေဋ္ဌ | ၂-လာ | အနီ |
| ကြတ္တိကာ | ဥတ္တရဖလဂုနီ | ဥတ္တရာသာဠ် | တေဇော | ဓောရ | ၃-ဂါ | အဖြူ |
| ရောဟဏီ | ဟဿတ | သရဝဏ် | ဝါယော | ရာဇ | ၄-ဟူး | အဝါ |
| မိဂသီ | စိတြ | ဓနသိဒ္ဓ | အာကာသ | ဒေဝီ | ၈နေ | ရောင်စုံ |
| အဒြ | သွာတိ | သတ္တဘိသျှ | သည်းခြေ | ယက္ခ | ၅-ကြား | အစိမ်း |
| ပုနဖုသျှ | ဝိသာခါ | ပြုဗ္ဗာဘဒြပိုဒ် | ဓာတ်မီး | အမန္တ | ရာဟု | |
| ဖုသျှ | အနုရာဓ | ဥတ္တရာဘဒြပိုဒ် | အာဟာရ | ဗြဟ္မာ | ၆-ကြာ | အပြာ |
| အသလိဿ | ဇေဋ္ဌ | ရေဝတီ | အပုပ် | သမဏ | ၉-ကိတ် | |



www.burmeseclassic.com

www.burmeseclassic.com

ယင်းနက္ခတ်(၉)ခိုင်ဇယားကို ပညာရှင်အများ နှစ်သက်၍ ဖော်ပြလိုက်ပါသည်။

အထက်ပါ နက္ခတ်(၉)ခိုင်ဇယား အရ လက်ရင်းမှ အဖျားသို့ အစဉ်တိုင်း ကောက်ယူသော **အဿဝနီ၊ မာဃ၊ မူလ နက္ခတ်(၃)လုံး**တို့သည်...

**ဓာတ်အားဖြင့်** ပထဝီဓာတ်မည်၏။

**အမျိုးအားဖြင့်** ဒလိဒ္ဒ(သူဆင်းရဲ) နက္ခတ်မည်၏။

**ဂြိုဟ်ပိုင်အားဖြင့်** ၁-နွေ မည်၏။

**အရောင်အားဖြင့်** ညိုနက် ဖြစ်လေသည်။

ဤကဲ့သို့ အတန်းလိုက် ဓာတ်စသည် ဆိုင်ရာအားဖြင့် နက္ခတ်(၂၇)လုံးကို ကောက်ယူသော် လွယ်ကူပါလိမ့်မည်။

ယင်း ဓာတ် နက္ခတ်တို့သည် ပညာရပ်အသီးသီးတို့၏ ဆိုင်ရာကိစ္စများ၌ ပဓာနမူ၍ ပြုလုပ်ပုံ နိဿရည်းကို အကျဉ်းအားဖြင့် နည်းရုံ ဖော်ပြရသော်...

ဗေဒင်ပညာဖြင့် ဆေးကုသခြင်း ဆိုင်ရာ စသည်ကို ပြုလိုလျှင် **အာဒိကပ္ပ၊ ဒွါဒသီမ်ကျမ်းတို့**၌ လာသည့်အတိုင်း ဦးစွာ **နေစီးနက္ခတ်၊ စန်းစီးနက္ခတ်**တို့ကို လေ့လာရ၏။

**ဥပမာ** ။ ။ နေစီးနက္ခတ်ကို ယူပါစို့၊ ထိုနေစီးနက္ခတ်အရ ဖြစ်တတ်သော ရောဂါလက္ခဏာနှင့် ပေးရန်အစာတို့ကို လေ့လာရခြင်း၊ နေစီးနက္ခတ်မှ သမသတ်ဖြစ်သော နက္ခတ်တို့ကို ဓာတ်တွဲသောအခါ အန္တော၊ ဂန္ဓော၊ စရေ၊ ဝံသေ ဟူ၍ ကောက်ယူခြင်းတို့ ဖြစ်ပါသည်။

အထက်ပါ နက္ခတ်(၉)ခိုင်ဇယားကို သေချာကြည့်ရှုပါ။ ယင်းနက္ခတ်တို့၏ ဂြိုဟ်စဉ်အတန်းကို ထုတ်ယူသော အခါ အန္တော အစရှိသော ဓာတ်(၄)ပါး ပေါ်လာ၏။

** *(သမသတ်နက္ခတ်များ)

<u>သမသတ်နက္ခတ်များ</u>

| | | |
|---|---|---|
| အဿဝနီ | နှင့် စိတြ | ➡ အန္တောဓာတ်(အဿဝနီဂြိုဟ်စဉ်၏ ၁-နွေ၊ စိတြဂြိုဟ်စဉ်၏ စနေ ၁+၀=အန္တော) |
| ဘရဏီ | နှင့် သွာတိ | ➡ ဂန္ဓောဓာတ် |
| ကြတ္တိကာ | နှင့် ဝိသာခါ | ➡ စရေဓာတ် |
| ရောဟဏီ | နှင့် အနုရာဓ | ➡ ဝံသေဓာတ် |
| မိဂသီ | နှင့် မူလ | ➡ အန္တောဓာတ်ပြန် |
| အဒြ | နှင့် ပြုဗ္ဗာသာဠ် | ➡ ဂန္ဓောဓာတ်ပြန် |
| ပုနဗ္ဗုသျှ | နှင့် ဥတ္တရာသာဠ် | ➡ စရေဓာတ်ပြန် |
| ဖုသျှ | နှင့် သရဝဏ် | ➡ ဝံသေဓာတ်ပြန် |
| မာဃ | နှင့် ဓနသိဋ္ဌ | ➡ အန္တောဓာတ်ပြန် |
| ပြုဗ္ဗဖလဂုနီ | နှင့် သတဘိသျှ | ➡ ဂန္ဓောဓာတ်ပြန် |
| ဥတ္တရဖလဂုနီ | နှင့် ပြုဗ္ဗဘဒြပိုဒ် | ➡ စရေဓာတ်ပြန် |
| ဟဿတ | နှင့် ဥတ္တရာဘဒြပိုဒ် | ➡ ဝံသေဓာတ်ပြန် |

**မှတ်ချက်** ။ ။ နက္ခတ်(၉)ခိုင်မှ အောက်ဆုံး ဓာတ်နက္ခတ်(၃)လုံး မပါ။ သမသတ်နက္ခတ်ကို အလိုရှိသော နက္ခတ်မှ (၁၄)လုံးမြောက် နက္ခတ်ဟု မှတ်ယူလျှင် ရ၏။

နေသည် (၁၂)နာရီ၌ လှည့်လည်၍ သွားလာရာတွင် နက္ခတ်(၁)လုံး အပေါ်၌ (၁၃)ရက်နှင့် နာရီ(၂၀)နှုန်း အကြမ်းအားဖြင့် စီးနင်း၍ လည်၏။ ထို့ကြောင့် မိဿရာသီ၌ရှိသော အဿဝနီနက္ခတ်ပေါ်၌ နေစီးသော (၁၃)ရက်နှင့် နာရီ(၂၀)အတွင်း၌ အောက်ပါလက္ခဏာတို့ ဖြစ်ပေါ်ကြ၏။

**"ကမ္မဇနှင့်၊ အာကာသမင်း။ မပွင့်လင်း၍၊ ပူခြင်းလူးလဲ၊ အံသွားခဲကာ၊ မေးမြဲမရ၊ မရွှင်ပျသည်၊ တသသယောင်ယမ်း။ စုန်းနတ်ဖမ်းသို့"** ဟူသော လင်္ကာအတိုင်း ရောဂါလက္ခဏာတို့ ပြဆို၏။

**ပေးရန်အစာ** ။ ။ "သီး,ထန်းလျက်၊ ရှောက်၊ ကင်ပွန်းထောက်ပါ၊ သံပရာ၊ ငရုတ်၊ လက်သုပ်ချဉ်ပေါင်၊ အုန်း,ထန်း မြှောင်၍" ဟူသော လင်္ကာအတိုင်း ဓာတ်စာများ ပေးသွင်းရလေသည်။

ဤကား ဆေးပညာ၌ (၂၇)လုံး နက္ခတ်ဓာတ်တို့ လျော်စွာ အသုံးချရပုံ ဖြစ်ပါသည်။

---

### အင်္ဂုရတ်ပညာ၌ နက္ခတ်ဓာတ်တို့၏ ဆိုင်ရာကိစ္စများ၌ အကျုံးဝင်သော ရွှေသံပြာရောက်အာယုပေါက်လုစ်ထုံး

---

"ဓာတ် ၄-ပါးကို၊ နက္ခတ်တွင်ယူ၊ ပြဒါးမူကား၊ ဖြူစင်မှချ၊ တေဇောရ၏"

ဆိုသော လင်္ကာ၏ အဓိပ္ပါယ်မှာ (၁၂)ရာသီစက်၌ အန္တော, ဂန္ဓော, စရေ ဝံသေ ဟူသော ဓာတ်စဉ်အတိုင်း ဓာတ်(၄)ပါး စသည့် (၂၇)လုံး ပါဒ်သုဥ်းအထိချ၍ ဓာတ်,နက္ခတ်ကြိုက်၊ ဓာတ်(၄)ပါးကို ကောက်ရမည်။

တေဇောနဝင်းသည် ဖြူသော အရောင်ရှိ၏။ ပြဒါးသည် ဖြူသော အရောင်ရှိ၏။ ထို့ကြောင့် "ပြဒါးမူ



www.burmeseclassic.com

www.burmeseclassic.com

**ကာ။ ဖြူစင်မှုချ၊ တေဇောရ၏**"ဟု ဆိုသည်။ ယင်း ပြဒါးသည် အာကာသ ဝင် အာပေါယှဉ်၏။ **အရည်ပြဒါး**ဟု ဆိုလိုသည်။

"မြေတွင်အဆီ၊ ပထဝီကို၊ မှီ၍ကျွေးက၊ အခဲရလိမ့်"

ဆိုသည်မှာ... မြေအဆီကို နာဟု ယူပါ။ "**နာ**"နှင့်"**ပြဒါး**"တွဲက အာကာသဝင် အာပေါယှဉ်သည့် ပြဒါး အခဲ ရလိမ့်မည်။

---

နာ–ပြဒါး တွဲနည်း

---

ရွှေခြောက်၊ နောက်လေး ဆိုသဖြင့် **နာ(၆)ကျပ်သား၊ ပြဒါး(၄)ကျပ်သား** တွဲရသည်။ **၆+၄=၁၀** ဖြစ်သည်ကို အခွေ့ာဟု ဆိုသည်။

"ဝိသာခါနက္ခတ်၊ ရာဟုဓာတ်ကို ရစ်ပတ် လုံးသွင်း၊ တေဇောလင်းက၊ တင်းတင်း သံကျောက်၊ အမာရောက်လိမ့်"

ဟူသည်ကား ဝိသာခါနက္ခတ်သည် ရာဟုဓာတ်ဖြစ်၏။

အင်္ဂရတ်ကျမ်းတို့၌ ဆေးဒန်းကို ရာဟုဓာတ်ဟု ကောက်ယူသည်ဖြစ်၍ နာ–ပြဒါးတွဲသော အခဲကို ဆေးဒန်းနှင့် ကြိတ်၍ လုံးမှာ ထည့်ရမည်ဟု ဆိုလိုသည်။

**ဆေးဒန်း(၈)ကျပ်သား**နှင့် ကြိတ်ပါ။ **၁၀+၈=၁၈ အဋ္ဌာရသ** ဖြစ်၏။ **၁+၈=၉ နဝင်း**ရ၏။ **တစ်,သုည,ရှစ်** ကို ဂဏန်းရေးသော် **(၁၀၈)** ဖြစ်၏။

နာ၊ ပြဒါး၊ ဆေးဒန်း ကြိတ်ပြီးသည်ကို လုံးမှာသွင်း။ ယင်းအပေါ်က ဘတ်ချားချော်ကို ကျက်အောင်ချက်၍ ဆောင်း၊ လုံပိတ်၍ ဖော်မံပြီးလျှင် ဖိုမှာစိုက်ပါ။ ဖွဲ(၁)ပြည်မှ စ၍ စိုက် ပြီးလျှင် (၂)ပြည်၊ (၃)ပြည် စသည် (၁)တင်းအထိ ဆင့်ကာဆင့်ကာ ထည့်ပေးပါ။



**ဖွဲမီးစိုက်ရမည့် အချိန်ကာလမှာ...**

"တစ်ရာသီတွေ့၊ အချိန်စေ့တွင်၊ မာန်ငွေ့ လျှမ်း၊ ရာဟုဖမ်းက၊ နေနန်းစကြာ၊ ရတနာ သည်၊ ရောင်ဝလျှပ်လျှပ်၊ သက်ဖော်ပြတ်၏"

ဟု ဆိုသဖြင့် ၂–လာ စန်းသည် တစ်ရာသီ၌ (၂)ရက် မွှန်းတည့်ကြာသည်ကို "**တစ်ရာသီတွေ့၊ အချိန်စေ့တွင်**"ဟု ယူဆ၍ အနည်းဆုံး (၂)ရက်ခွဲကြာအောင် မီးစိုက်ပါ။

ဖွဲမီးစိုက်ပြီး ဖိုမှာတင် မီးလျှံကစပြီးလျှင် (၃)မီးထိုးပါ။ ထိုအခါ ပြဒါးသည် သံကဲ့သို့လည်းကောင်း၊ ကျောက်ကဲ့သို့လည်းကောင်း မာဆတ်သော အဖြစ်သို့ ရောက်လာသည်။ ယင်းပြဒါး လုံးသည် မည်းနက်သော အရောင် အဆင်း ရှိ၏။ ယင်းကိုပင် ဣန္ဒာစရိယ ဆရာက "**ရာဟုဖမ်းသည်**"ဟု ဆိုလေသည်။

ထို ရာဟုဖမ်းထားသော ပြဒါးလုံးကို ရာဟုလွတ်အောင် (အမည်းပျောက်အောင်) **စတုပညာသဆေး**ဖြင့် ထိုးပါ။ ရာဟုလွတ်၍ လရောင်ပမာ ဖြူလာလျှင် တေဇောရသည်ဟု ဆို၏။

"ထို့နောက် ငွေ့ အသလိဿနှင့်၊ ခေါ်ကြ အညီ၊ ရေဝတီကိတ်ဓာတ်၊ မီးမှာနှပ်က၊ ဆတ်ဆတ်မှုန့်ကြေ၊ ပြာဆိုက်ချေ၏"

ဟု ဆိုသည်ကား...အင်္ဂရတ်ကျမ်း တို့၌ ရွှေကို ကိတ်ဓာတ်ဟုခေါ်သည်။

နက္ခတ်ကိတ်နှင့် အလားတူ ကိတ် ဓာတ်ကိုယူ၍ တေဇောပြဒါးလုံးနှင့် ကိတ်ခေါ် ရွှေကို မီးမှာနှပ်က ရွှေပြာ ကျသည်ကို ဆို၏။

"ဘော်ငွေဘရဏီ၊ ပြာနှင့်မှီသော်၊ နှစ်လီ ထုံးကျ၊ သဘာဝမို့၊ မူလဒန်စင်၊ သေလေ လျှင်၏၊ ဒန်စင်အသေ၊ ရုပ်ကာယေကို၊ ဆယ့်နှစ်တွေပြန်၊ ဓာတ်သွားမှန်က၊ ရွှေသံပြာ ရောက်၊ အာယုပေါက်လိမ့်"

ဆိုသည်ကား... ဘရဏီနက္ခတ် သည် အာပေါဓာတ် (၂)ဂဏန်းဖြစ် ၏။ ဘော်ငွေလည်း (၂)ဂဏန်းပင် ဖြစ်၏။ ယင်းငွေကို ယူစေလို၍ "**ဘော်ငွေ ဘရဏီ**"ဟု ဆိုလေ သည်။

ဘော်ငွေကို ပြဒါးဓာတ်လုံးကြောင့် ကျသော ရွှေပြာနှင့် တွဲထိုးလျှင် ဘော် ထုံးကျ၏။ ထိုဘော်ထုံးကို ဒန်တွင်မစ်က ဒန်သေ၏။ ဤကား ပြဒါးဓာတ် လုံး၏ တန်ခိုးသတ္တိ ရှိ,မရှိ စမ်းသပ်ခြင်း ဖြစ်သည်။

ဓာတ်တစ်ပါး၏ မူလရုပ်ကို ပြောင်း လဲစေနိုင်သော တန်ခိုးသတ္တိရှိမှ ယင်း ပြာကို မှီဝဲရသော သူတို့မှာ အာယု ပေါက်နိုင်မည်ဟု သိစေလိုသည်။

ယင်း ပြဒါးဓာတ်လုံးကြောင့်ကျ သော ရွှေပြာကို ပြဒါးနှင့်တွဲ၍ မီးစိုက် ထားပါ။ ပြဒါးလည်း ပြာကျတော့၏။ ပြဒါး(၁၂)ဆင့်တွင် သွင်းရသည်။ ယင်း ပြာကို ဒေါသငြိမ်းအောင် ပြုပြီးမှ သုံးဆောင်ပါ။

ရွှေပြာရောက်လျှင် သံလည်း ပြာ ရောက်တော့သည်သာ၊ သံကိုလည်း ပြဒါး(၁၂)ဆင့်တက်၍ ဒေါသငြိမ်း အောင် ပြုပြီးမှ သုံးဆောင်ရ၏။

အင်းစမပညာရပ်တို့၌လည်း (၂၇) လုံးသော နက္ခတ်တို့၏ ဓာတ်, အမျိုး, အရောင် စသည် ခွဲခြားလျက် စီရင် ရင်းစွဲ ရှိကြပါသည်။ ထို့ကြောင့်...

"**ရူနတ်မြှဟွာ၊ သတ္တဝါတို့၊ စိတ်ဖြာကြစည်၊ သတ္တမီသာ၊ နဝ ဂြဟာ၊ ကောဇာကောင်း၊ သုရိန်**


www.burmeseclassic.com

www.burmeseclassic.com

**စန္ဒရ၊ နေလရုံးပေါင်း၊ ကိန်းခမ်းလောင်း၍**''ဟု ဝိဇ္ဇာမယယိဒ္ဒိကျမ်းတို့၌ မိန့်ဆိုလေသည်။

မိမိတို့ ပြုစီရင်မည့်အင်းသည် အမှုကိစ္စ အားလျော်စွာ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ စသော ဓာတ်တစ်ပါးပါးအင်း ဖြစ်ပါလိမ့်မည်။

ပြုစီရင်မည့်အင်းကား လျင်မြန်စေလိုသော ကိစ္စဖြစ်လျှင် ဝါယောအင်း၊ ဝါယောအချိန်၊ ဝါယောနက္ခတ်၊ ဝါယောလဂ် စသည် စုံညီတူမျှမှသာ လျှင် လိုသောအကျိုးကို အောင်မြင်၍ လျင်စွာ ရနိုင်ပါလိမ့်မည်။

ဝါယောအမှုကို ပထဝီနက္ခတ်နှင့် ပြုစီရင်မိလျှင် ပညာတန်ဖိုး နိမ့်ကျလျက် အကျိုးမများ ကိစ္စမပြီး ရှိတတ်ပါသည်။

အဝင်အထွက် ခပါဒ်,နက္ခတ်တို့ကို ရွေးစီစစ်ခြင်း၊ ဥပါဒ်, မိတ္တ, ကာန, အမြိတ္တ, လာဘ, သိဒ္ဓိ, ဝရစုတ်တို့ကို ရွေးစီစစ်ခြင်း၊ အမြင့်,အကာဏ်း, နက္ခတ် တို့ကို စီစစ်ခြင်း...

စသည်တို့သည် အင်းစမပညာ လိုက်စားသူများအတွက် မသိမမြင်သော အကြောင်းအရာ ဖြစ်ပါသည်။

စီရင်သောကိစ္စ၏ ရွေးသောနက္ခတ်သည် အထက်ပါ အကြောင်းအချက်တို့နှင့်ညီစေ၊ ဓာတ်တစ်ပါးကိုလည်း ညီစေလျှင် လောကီပညာ၏ အကျိုးကျေးဇူးကို ကေန်ပင် ခံစားနိုင်ကြပါလိမ့်မည်။

**''ခိုင်မာစေမှုပထဝီပြု၊ ပျော့ပျောင်းစေမှု၊ အာပေါပြု၊ ကျော်စောစေမှု၊ တေဇောပြု''** ဟူသော ဆောင်ပုဒ်နှင့်ညီစွာ...

(၂၇)လုံးသော နက္ခတ်တို့၏ ဓာတ်(၉)ပါးတွဲခြင်း၊ ဓာတ်(၄)ပါးထုတ်ခြင်းတို့နှင့် ယင်းတို့၏ အသုံးပြုပုံကို အကျဉ်းအားဖြင့် ပြဆိုလိုက်ပါသည်။

နက္ခတ္တသျှုတ္တရတို့၏ အသုံးကားများစွာပင် ကျယ်ဝန်းလှ၍ ဆုံးခန်းတိုင်အောင် မဆိုထားဘိ၊ နိဒါန်းမျှပင်ပြည့်စုံအောင် ဖော်ထုတ်ရန် မလွယ်ကူလှပါ။

ပညာကို ရှာမှီးဆဲ ရှာမှီးလတ္တံ့ဖြစ်သော ပညာနုပျိုသူတို့အတွက် တစ်စိတ်တစ်ဒေသ ဗဟုသုတတိုးပွားလျှင်ပင် ရေးရကျိုး နပ်ပေပြီဟူသော သမ္မာဆန္ဒဖြင့် နက္ခတ်တို့၏ ပရိယာယ် အနည်းငယ်ဖြစ်သော နက္ခတ္တသျှုတ္တ နိဒါန်းကို ရှာဖွေရေးသားဖော်ထုတ်လိုက်ရပါတော့သည်။

**ဂါမဏီဇော်(စစ်ကိုင်း)**
**(ဝေဒပညာရှင်)**

---

၂၀၁၇ ခုနှစ်၊ ဖွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။


| | |
|---|---|
| **အကြိမ်** | ၃၄၁ |
| **ဖွန်လ** | + ၆ |
| **ခုနှစ်** | ၂၀၁၇ |
| | ၂၃၆၄ = ၁၅ = ၆ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက **(၆)** **ဂဏန်း**ရသည်။ သို့ဖြစ်၍ **၁၊ ၃၊ ၅၊ ၆၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၃၊ ၅၊ ၆၊ ၉** ဂဏန်းများကို ထိပ်ဆုံးဂဏန်းများအဖြစ် ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၁ | ၅...၁ | ၆...၁ | ၉...၁ |
| ၃...၃ | ၅...၃ | ၆...၃ | ၉...၃ |
| ၃...၅ | ၅...၅ | ၆...၅ | ၉...၅ |
| ၃...၆ | ၅...၆ | ၆...၆ | ၉...၆ |
| ၃...၉ | ၅...၉ | ၆...၉ | ၉...၉ |

၂၀၁၇ ခုနှစ်၊ ဖွန်လ



**ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း**

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၃၊ ၅၊ ၆** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

''**အကြိမ်**''ဂဏန်းမပါဘဲ ''**လ**''ဂဏန်းနှင့် ''**နှစ်**''ဂဏန်းကိုသာ ပေါင်းပါက (၆ + ၂ + ၀ + ၁ + ၇)=၁၆= ၇ ဂဏန်းရသည်။ သို့ဖြစ်၍ ''၇'' ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...

| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၃... | ၁၊ | ၃၊ | ၅၊ | ၆၊ | ၇၊ | ၉ |
| ၅... | ၅၊ | ၆၊ | ၇၊ | ၉၊ | ၁၊ | ၃ |
| ၆... | ၆၊ | ၇၊ | ၉၊ | ၁၊ | ၃၊ | ၅ |
| ၉... | ၉၊ | ၁၊ | ၃၊ | ၅၊ | ၆၊ | ၇ |

ဤလတွင် **သောကြာနှင့် စနေသား** သမီးများ ထီကံပွင့်နေပါသည်။

ထို့ကြောင့် မိမိဒေသရှိ ရေးဟောင်းဘုရားတစ်ဆူဆူတွင် သန့်ရှင်းရေး(၃)ရက် လုပ်ဆောင်ပေးပြီး မိမိမွေးနံအရပ်/ထောင့်တွင် ရေသက်စေ့ ကပ်လှူရန်နှင့် မေတ္တာသုတ်တော်ကြီးကို နေ့စဉ်(၃)ရက်တိတိ သက်စေ့ ရွတ်ပွားပူဇော်ပေးပါ။


အဓိဋ္ဌာန် အောင်မြင်ပြီးမှ နီးစပ်ရာဆိုင်တွင် ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

**✦၃၅၆၉၅၁ ✦၆၇၅၉၇၃ ✦၅၆၉၇၃၁**

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက်(သုတေသီ)**





www.burmeseclassic.com

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော်မှ

## ရွှေခေတ် ရခိုင်ပိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၁၆)

ပန်းချီထူးလှ (ရွှေဟောင်းသုတေသန)

ပုံ-၇၆



ပုံ-၇၇



* * *[ပုံ-၇၆]

ထုက္ကန့်သိမ် ပုထိုး တော်ကြီး၏ ဝင်ဝ ထိုးပတ်လမ်းလက်ဝဲ ဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၇၈)မှ ကူးယူ ရေးဆွဲထားသောပုံဆွဲ ဒီဇိုင်း လက်ရာတစ်ခု ဖြင့် ဖြစ်ပါသည်။

ဘုရား မုခ်ငယ် (၁) လက်ယာဘက် တွင် မူရင်းလက်ရာ ကို တွေ့ရှိနိုင်ပါသည်။ ကျောက်ဆစ်ရုပ် ကြွ အမြင့်(၅၃)စင်တီမီတာခန့်၊ အကျယ် (၃၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာချောပြီး အဝတ်အဆင် ဒီဇိုင်းများလည်း ချောနေသည်ကို တွေ့ရှိရပါသည်။ ခါးအထက် ကျောက် သား အက်ကွဲနေသည်ကို တွေ့ရှိရပါ သည်။

ပုံ(၇၆)ပုံဆွဲလက်ရာ၏ ဆံထုံး ဒီဇိုင်းပုံမှာ အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်း ထားသည်ကို တွေ့ရှိရပါသည်။ အောက်ဆုံးအဆင့်မှာ အလယ်တည့် တည့်တွင် ပွင့်ဖတ်ကြီးတစ်ခု သဏ္ဍာန် ...ရှိပြီး လက်ဝဲ,လက်ယာတွင် ပွင့် ဖတ်ငယ်သဏ္ဍာန် တစ်ဖက်တစ်ခုဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိ ရပါသည်။

ဒုတိယအဆင့်မှာ ပထမအဆင့် ထက် ပိုကျယ်သည်ကို တွေ့ရှိရပါ သည်။ တတိယအဆင့်မှာ ဒုတိယ အဆင့်ထက် ပိုကျဉ်းပါ၏။ မျက်နှာမှာ လုံးပြီး နားနှစ်ဖက်တွင် နားတောင်းဝန်း ကြီး ပန်ဆင်ထားသည်ကို တွေ့ရှိရပါ သည်။

လည်ပင်းတွင် လည်ရစ် သုံးရစ်ဖော် ထားပါ၏။ လက်နှစ်ဖက်ကို မူး၍ ဘယ် ဘက်သို့လှည့်ကာ လက်ဖျားမြှောက် ကာ ကြာဖူးတစ်ဖူး ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ကြာဖူးဖြင့် ဘုရား ကန်တော့နေဟန် တွေ့ရှိရပါ၏။

တဘက်စ နှစ်ဖက်ကို နောက်ကျော ခါး လက်ဝဲ,လက်ယာတွင် ဖြန့်ကားစွာ ချထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင် ထားပါ၏။ အင်္ကျီအောက်နားစ၏ ရှေ့ တွင် ခါးကြိုးစ နှစ်စကို ပေါင်ပေါ်တွင် ချထားပါသည်။ ခါးကြိုးစအဖျားကို ပန်းဖူးသဏ္ဍာန် အလှဆင်ထားပါ သည်။

ထဘီကို ခြေချင်းဝတ်လောက်ထိ ချဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားထောက်ကာ ဘယ်ဘက်သို့ လှည့်၍ ဘုရားကန်တော့နေဟန် တွေ့ ရှိရပါသည်။

www.burmeseclassic.com

ဆံထုံးဖွဲ့စည်းပုံ အနေအထားအရ ဤအမျိုးသမီးဆံထုံး,ထုံးပုံကို တစ်ပတ်ခွေ ဆံထုံး,ထုံးပုံဟု ခေါ်ဆိုကြသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသမီး ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးစင်းလှသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသမီးကို မုစုံတာကြီး ကတော်ဖြစ်သည်ဟု သိရှိရပါသည်။

* * *[ပုံ–၇၇]

**ပုံ(၇၇)** ပုံဆွဲဒီဖိုင်းလက်ရာသည် ထုတ္တန့်သိမ် ပုထိုးတော်ကြီး၏ ဝင်ဝလိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံ **ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၇၉)** မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှခ်ငယ်(၄၁) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။

မူရင်းကျောက်ဆစ် ရုပ်ကြွအမြင့်(၄၈)စင်တီမီတာခန့်၊ အကျယ်(၂၈)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု(၉)စင်တီမီတာခန့်ကို တိုင်းတာ တွေ့ရှိရပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွ လက်ရာတွင် အဝတ်အဆင်တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ရင်အုပ်တွင် ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၇၇)** ပုံဆွဲဒီဖိုင်းလက်ရာ၏ မောင်းတော်ဖွဲ့စည်းပုံကို ခန့်မှန်းရခြင်းအားဖြင့် ပုံ(၇၇)လက်ရာကို မုစုံတာကြီး ဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာဟု ပြောရမည်ပင်ဖြစ်ပါသည်။

မျက်နှာမှာ လုံးသွယ်ပြီး နားတောင်းဝန်းကြီး ပန်ဆင်ထားပါသည်။ လက်နှစ်ဖက်ကို တံတောင်ဆစ်မှ ကွေး၍ ပူးကာ အဖျားကို ညာဘက်သို့ လှည့်၍ မြှောက်ထားပါသည်။

ပုံ-၇၈



ပူးထားသော လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော် ကန်တော့နေဟန် တွေ့ရှိရပါသည်။ တဘက်စနှစ်ဖက်ကို လက်ဝဲ,လက်ယာ ခါးလောက်မှ ဘေးသို့ ဖြန့်ကားထားပါသည်။

ဘယ်ဘက်ချိုင်းအောက်မှ တဘက်စကို ပတ်ထားပါ၏။ ညာဘက် တဘက်စအဖျားတွင် ဖောင်းအစင်းကြောင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ် တစ်ပတ်,ပတ်ထားပါ။ ခါးပတ်အောက်မှ ဣန္ဒြေကာပြားနှင့် ခါးပတ်စ တစ်စကို ချထားပါသည်။

ဣန္ဒြေကာပြားမှာ ပေါင်ပေါ်တွင် အပြားလိုက်ချထားပြီး ခါးပတ်စကို ပေါင်ပေါ်မှတစ်ဆင့် ခြေချင်းဝတ်ထိ ချထားသည်ကို တွေ့ရှိရပါသည်။

ခြေဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားထောက်ကာ ဒူးကုပ်၍ ညာဘက်သို့လှည့်ကာ ထိုင်နေပါ၏။ ဤပုံ(၇၇) ပုံဆွဲဒီဖိုင်း မုစုံတာကြီး ဝတ်ဆင်မှု ဒီဖိုင်းလက်ရာမှာလည်း ရိုးစင်းလှသည်ကို တွေ့ရှိရပါသည်။

* * *[ပုံ–၇၈]

**ပုံ(၇၈)** ပုံဆွဲဒီဖိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီး ဝင်ဝလိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံ **ကျောက်ဆစ်ရုပ်ကြွနံပါတ် (၈၀)** မှ ကူးယူရေးဆွဲထားသော ဒီဖိုင်းပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှခ်ငယ်(၄၂) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၇)စင်တီမီတာခန့်၊ အကျယ်(၂၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု(၉)စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံး မျက်နှာ ချောနေပါသည်။ ဘယ်ဘက်နားသာ တွေ့ရှိရပါသည်။

အဝတ် အဆင်တန်ဆာများ ချောမွတ်နေပါသည်။ ခါးအထက် ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၇၈)** ပုံဆွဲလက်ရာ၏ ဆံထုံး ဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ဆံထုံးဖွဲ့စည်းပုံအရ ဤဆံထုံး ဖွဲ့စည်းပုံမျိုးကို ဘီးစိုက်ဆံထုံးဟု ခေါ်ဆိုကြသည်ကို သိရှိရပါသည်။

နားတွင် နားတောင်း ပန်ဆင်ထား၏။ လည်ပင်းတွင် လည်ရစ် ဖော်ထားပါ၏။ လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှ ကွေးကာ လက်ဖျားနှစ်ဖက်ကို ပူး၍ ဘုရား ကန်တော့ဟန် တွေ့ရှိရပါသည်။

ပူးထားသည့် လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူး ကိုင်ထားပါသည်။ ခန္ဓာကိုယ်ကို ဘယ်ဘက်သို့ လှည့်ထားပါ၏



www.burmeseclassic.com

www.burmeseclassic.com

တဘက်စ တစ်စကို ဘယ်ဘက် လက်အောက်မှ အပြင်သို့ ဖြန့်ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးကြိုးပတ် တစ်ပတ်,ပတ်ထားပါ၏။

ခါးကြိုးစ နှစ်ပင်ကို ပေါင်ပေါ်တွင် ဖြန့်၍ ချထားပါသည်။ ခါးကြိုးစအဖျား နှစ်ဘက်ကို ပွင့်ဖတ်သဏ္ဌာန် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီကို တင်ပါးဖုံးအောင်အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီကို ခြေချင်းဝတ်အထိ ချ၍ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီအောက်ပိုင်းတွင် အစင်းကြောင်း အနည်းငယ် တွေ့ရှိရပါသည်။ ထဘီအောက်နားကိုလည်း ဖောင်းရစ်ဖြင့် အနားသတ်ထားပါ၏။

ဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားကော့ထောက်ကာ ဒူးကုပ်၍ ဘယ်ဘက်သို့လှည့်ကာ ထိုင်ထားသည်ကို တွေ့ရှိရပါသည်။ **ပုံ(၃၈)** **ပုံဆွဲဒီဇိုင်း**လက်ရာ၏ ဝတ်ဆင် ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။ ပုံ(၃၉)ခွင်ဆရာ၏ ကြွင်ရာတော်ဖြစ်ဟန်တူပါသည်။

*** * *[ပုံ-၃၉]**

**ပုံ(၃၉)** ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ ဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် **တျောက်နံရံ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၈၁)**မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားနံငယ်(၄၂) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၅၄)စင်တီမီတာခန့်၊ အကျယ် (၂၈)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ

ပုံ-၃၉



(၉)စင်တီမီတာခန့်ရှိသည် တိုင်းတာတွေ့ရှိရပါသည်။

ဤ ကျောက်ဆစ်ရုပ်ကြွ မူရင်းလက်ရာတွင် မောင်းတော် ချောနေပြီး စဋ္ဌအညိုရောင် အနည်းငယ် ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။

မျက်နှာဝန်းပြီး အဝတ်အဆင်တန်ဆာများ ချောနေသည်ကို တွေ့ရှိရပါသည်။ ခါးအထက် ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၃၉) ပုံဆွဲဒီဇိုင်းလက်ရာ၏ မောင်းတော်ဖွဲ့စည်းပုံမှာ အပေါ်ပိုင်းလုံးချောပြီး မောင်းတော်အောက်နားတွင် ဖောင်းပြားတစ်ခု ခံထားသည်ကို တွေ့ရှိရပါသည်။

ဤမောင်းတော်မျိုးကို ခွင်ဆရာ မောင်းတော်ဟု ခေါ်ဆိုကြသည်ကို တွေ့ရှိရပါသည်။ မျက်နှာဝန်းပြီး မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်အား ကောင်းပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ် သုံးရစ် ဖော်ဆောင်ထားပါ၏။ ညာဘက်ပခုံးနှင့် ဘယ်ဘက်ချိုင်းအောက်ကို တဘက်,ပတ်ထားသည်ကို တွေ့ရှိရပါသည်။

တဘက်စ တစ်ဖက်ကို ညာဘက်ခါးအောက်မှ ဖြန့်ကားစွာ ဖြန့်၍ ချထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှ ကွေးကာ လက်နှစ်ဖက်ကို ပူး၍ အဖျားကို မြှောက်ထားပါသည်။

ညာဘက်သို့လှည့်၍ ပူးပြီး မြှောက်ထားသော လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူး ကိုင်၍ ဘုရားကန်တော့နေဟန် တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ် တစ်ပတ်,ပတ်ထားပါသည်။ ခါးပတ်အောက်မှ ဣန္ဒြေကာပြားတစ်ခုနှင့် အစတစ်စကို ချထားပါသည်။

ဣန္ဒြေကာပြားကို ပေါင်ပေါ်တင်၍ အစတစ်စကို ခြေချင်းဝတ်ထိ တင်၍ ချထားသည်ကို တွေ့ရှိရပါသည်။ ခြေထောက် ဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားခွထောက်ကာ ဒူးကုပ်၍ ညာဘက်သို့ လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသား၏ မောင်းတော်ဖွဲ့စည်းပုံအရ ခွင်ဆရာ ဝတ်ဆင်ထုံးဒီဇိုင်းလက်ရာဖြစ်သည်ဟု သိရှိရပါသည်။

*** * *[ပုံ-၈၀]**

**ပုံ(၈၀)** ပုံဆွဲဒီဇိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ ဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံ ကျောက်ဆစ်**ရုပ်ကြွနံပါတ်(၈၂)**မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာ

www.burmeseclassic.com

ကို ဘုရားမုခ်ငယ်နံပါတ် (၄၃) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ အမြင့်(၄၇)စင်တီမီတာခန့်၊ အကျယ် (၂၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့် ရှိပါသည်။

မူရင်းကျောက်ဆစ် ရုပ်ကြွလက်ရာတွင် နှာခေါင်း၊ ပါးစပ် ပီပြင်မှု မရှိသည်ကို တွေ့ရှိရပါသည်။ ဤကျောက်ဆစ်ရုပ်ကြွတွင် စဥ့်အဖြူရောင်နှင့် အညိုရောင် အနည်းငယ် ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။

မူလက စဥ့်ရောင်စုံများ အလှဆင်ခဲ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ရင်အုပ်အောက် ကျောက်ဆက် အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ လက်ကောက်အရာသာ တွေ့ရှိရပါ၏။ အဝတ်အဆင်တန်ဆာများလည်း ချောမွတ်နေပါသည်။

**ပုံ(၈၀)**၏ ဆံထုံး, ထုံးပုံ ဖွဲ့စည်းမှုမှာ အဆင့်သုံးဆင့် တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်မှာ အလယ် တည့်တည့်၌ ပွင့်ဖတ်ကြီး တစ်ဖတ် မဏ္ဍိုင်ခံ၍ လက်ဝဲ,လက်ယာတွင် ပွင့်ဖတ်ငယ်များဖြင့် ရံ၍ အလှဆင်ထားပါသည်။

ဒုတိယအဆင့်မှာ အပေါ်ဆုံးအဆင့်ထက် ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက် ပိုကျဉ်းပါ၏။

ဤဆံထုံးဖွဲ့စည်းပုံမျိုးကို တစ်ပတ်ခွေ ဆံထုံးဖြစ်သည်ဟု ခေါ်ဆိုသည်ကို သိရှိရပါသည်။ မျက်နှာမှာ လုံးဝန်းပြီး မျက်ခုံးမှာ စင်ရော်တောင်ပျံခတ်နေဟန် တွေ့ရှိရပါသည်။

မျက်နှာမှာ မေ့ပြီး အောက်သို့ စိုက်ကြည့်နေပါ၏။ နားနစ်ဖက်တွင် နားတောင်းကြီးများ ပန်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ဖော်ထားပါသည်။ ညာဘက်ပခုံးတွင်

ပုံ-၈၀



တဘက်ကို ခြုံထားပါသည်။

လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှ ကွေးကာ လက်ဖျားနှစ်ဖက်ထောင်၍ ပူးထားသည်ကို တွေ့ရှိရပါသည်။

ပူးထားသည့် လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူး ကိုင်၍ ဘုရားပူဇော် ကန်တော့နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံးကို ဘယ်ဘက်သို့ လှည့်ထားပါ၏။ လက်နှစ်ဖက်တွင် တစ်ဖက် လက်ကောက်သုံးကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီအပေါ်ပိုင်းတွင် အရစ်,ရစ်ဖော်ထားပါသည်။ ခါးတွင်လည်း ခါးရစ်ဖော်ထားပါ၏။ အင်္ကျီအောက်ပိုင်းကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားရပါသည်။

တဘက်စ တစ်ဖက်ကို ဘယ်ဘက်ခါးအောက်တွင် ဖြန့်ကားစွာ ချထားပါသည်။ တဘက်စကို ဖောင်းရစ်နှင့် အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။

အင်္ကျီအောက်စ အနားမှ ခါးကြိုးစ နှစ်ဖက်ကို ပေါင်ပေါ်တွင် ချထားပြီး ခါးကြိုးစအဖျားကိုပွင့်ဖတ်များသဏ္ဌာန် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီကိုခြေချင်းဝတ်လောက်တွင် အောက်နားစ ဖော်ထားပြီး ဖောင်းရစ်ဖြင့် အနားသတ်ဖော်ထားပါသည်။ ထဘီအခေါက်ကို ပေါင်ပေါ်တွင် အခေါက်လိုက် ဖော်ထားပါ၏။

ထဘီကို အောက်ပိုင်းတွင် အရစ်၊ အရစ်ဖော်ထားပါသည်။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားကော့၍ ထောက်ကာ ဒူးတုပ်၍ ဘယ်ဘက်သို့လှည့်၍ ထိုင်နေသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသမီး ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးသော်လည်း ဆန်းသယောင်ယောင် တွေ့ရှိရပါသည်။ တစ်ပတ်ခွေ ဆံထုံး, ထုံးပုံဖြင့် တန်ဆာဆင်ထားသော အမျိုးသမီးလက်ရာပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒီဇိုင်းပုံဆွဲ လက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှုကို အဆင့်အတန်းအလိုက် သရုပ်ဖော်ထားသော လက်ရာများပင် ဖြစ်ပါသည်။

***အနုစွှောအနုဋ္ဌပါးကို တာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျှက်...***

**ပန်းချီထူးလှ**
**(ရွှေပေါင်းသုတေသန)**



www.burmeseclassic.com

www.burmeseclassic.com



(၁၂)လရာသီ နက္ခတ်စာတ်စာ

(2017-April လအတွက်)

# တန်ခူးလ

မိဿရာသီ (Aries)

# နက္ခတ်စာတ်စာ

ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

သရာ မင်းသူဇာ





ရာသီမိဿ... စိတ်ကြကြယ်... သန်းခေါင်လယ်... ကွန်မြူး ပန်းကုံကော်ပွင့်ဖူးတဲ့ လရာသီခါတော်မှီ ပိတောက်ပန်းနဲ့ နှစ်ဦးကို ကြိုဆိုမယ်... အတာကူးတဲ့ တန်ခူးလရာသီဝယ်...ဒါနတွေ တဝေဝေ...ရေတွေတချွဲချွဲ...တို့မြန်မာတွေ ပျော်ရွှင်ပွဲ နွှဲကြတဲ့ သင်္ကြန် နှစ်သစ်ကူးပွဲ။

ရွှေမြန်မာတို့၏ (၁၂)လရာသီခွင်မှာ မိဿရာသီ အတာကူးသည့် နှစ်ဦးရာသီအခါ သမယဟာ (၁၂)လရာသီမှာ အစဦးဆုံး လရာသီဖြစ်သလို **မူလရာသီ အိမ်ရှင်ဓာတ်ဖြစ်သော တေဇောဓာတ်**၊ အားကောင်းကြီးစိုးသည့် လရာသီဖြစ်တာမို့ ဩကာသလောကတစ်ခုလုံး ပူပြင်းသည့် လရာသီဟု ဆိုရပေမည်။

ဒါကြောင့် အပူဒဏ်ကို နှစ်သစ်ကူး သင်္ကြန်ရေဖြင့်- ပက်ဖျန်းကာ ဖြေဖျောက်ကြလေသည်။

ဤသို့ ပူပြင်းသည့် တပေါင်း၊ တန်ခူးလ ရာသီများတွင် အများအားဖြင့် ကိုယ်တွင်း အပူအောင်းများပြီး ကန်ထွက်လာတတ်သောကြောင့် ကလေးသူငယ်များတွင် ဝက်သက်၊ ပဲသီတာ၊ ရေကျောက်၊ မိတ်ဖု၊ အယားဖုများ ကန်ထွက်လာသည်။ ရာသီနာခေါ်သည့် အနာရောဂါများ အဖြစ်များကြပါသည်။

သို့ဖြစ်၍ ရာသီအလိုက် ဓာတ်အကြိုက် နေထိုင်စားသောက်နိုင်ကြစေရန်အတွက်...

## ရှောင်ကြဉ်ရမည့် အစားအစာများ

ခန္ဓာကိုယ်နှင့် ဝမ်းတွင်းကို ပူလောင်စေတတ်သော အပူအစပ်များ၊ အအေးသွန်စာများကို ရှောင်ကြဉ်ရပေမည်။

တညင်းသီး၊ ဥသျှစ်သီး၊ ဒူးရင်းသီး၊ ဥသျှစ်ရွက်၊ ငရုတ်သီး၊ ကုလားအော်သီး၊ မိုးမျှော်ငရုတ်သီး၊ ရဲယိုရွက်၊ ရဲယိုသီး၊ ကြောင်ပန်းရွက်၊ ခွေးတောက်ရွက်၊ ကြက်ဟင်းခါးသီး။

ကြောင်လျှာသီး၊ တမာရွက်၊ ချင်း၊ ပတဲကော၊ ငရုတ်ကောင်း၊ ဆိပ်ဖူး၊ မာလာဖူး၊ ကန့်အိပ်၊ ပျဉ်းတော်သိမ်၊ မလွှပွင့်၊ စပါးလင်၊ ကင်ပလင်းရွက်၊ ဒန့်သလွန်ရွက်၊ ပင်စိမ်းရွက်၊ ဇီရာ၊ ပူစီနံ၊ နွားသား၊ သိုးသား၊ ဆိတ်သား၊ ချိုးသား၊ ယုန်သား၊ မြေအောင်းသား၊ ပုရစ်၊ လမင်းပိုး၊ သင်ပေါင်းပိုး၊ တောကြောင်သား စသည်တို့ကို ရှောင်ကြဉ်ပါ။

## ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင် စားသုံးသင့်သည့် အစားအစာများ

### အသီးအရွက်

မရန်းသီး၊ မန်ကျည်းသီး၊ မန်ကျည်းရွက်၊ သရက်သီး၊ ဖရဲသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ရုံးပတီသီး၊ ဒုန်းရင်းငှက်ပျောသီး၊ ငှက်ပျောဖူး၊ ဗိန္ဒိသီး ကင်း,အမှည့်၊ သဘောသီးအစိမ်း၊

www.burmeseclassic.com

စောင်းလျားသီး၊ ခရမ်းသီး၊ ဝါးရှောင်း ချဉ်ရွက်။

ကင်ပွန်းချဉ်ရွက်၊ ပဲနီလေး၊ ပဲစင်းငုံ ကုလားပဲ၊ မြင်းခွာရွက်၊ ရေထိကရုံး၊ ရေညှိ၊ ကျောက်ပွင့်၊ ကြွက်နားရွက်၊ မှိုခြောက်၊ ပန်းခြောက်၊ ပေါက်ပန်းဖြူ၊ နီပွင့်။

ကြက်သဟင်းရွက်၊ မြူရွက်၊ ပဲမင် ပေါက်၊ ခရမ်းချဉ်သီး၊ ရေမှုန်ညင်း၊ ရေပြောင်းဖူး(စပါး၅)၊ ဆလတ်ရွက်၊ မုန်လာပင်၊ ကတက်ရွက် စသည်တို့ကို စားသုံးပေးပါ။

**အသားငါး...**

ကျွဲသား၊ ဘဲသား၊ ရေစစ္စလီသား၊ ဝက်သား၊ ကြက်သား၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးစင်ရိုင်း၊ ငါးသလောက်၊ ငါးမြင်း၊ ငါးတန်၊ ကကူရံငါး၊ ပုစွန်ထုပ်၊ ပုစွန်ဆိတ်၊ ရေချူ၊ ရေကြက်။


ရေဘဝဲ၊ ပြည်ကြီးငါး၊ ကဏန်းပျော့၊ လယ်ပုစွန်လုံး၊ ဆိတ်သား၊ ငါးရံ့ခြောက်၊ ငါးကြင်း၊ ဂုံး၊ ခရု၊ ကနုကမာ စသည့် သား၊ငါးများကို စားသုံးပေးနိုင်ပါသည်။

**အချဉ်သီး...**

သံပရာသီး၊ မရန်းသီး၊ စောင်းလျား သီး၊ မန်ကျည်းမှည့်၊ ဗီနီကာချဉ်၊ ဒိန်ချဉ်၊ ဆန်ပုံးရည်ချဉ် စသည်တို့ကို ဟင်းပွဲ၊ အသုပ်ပွဲတို့တွင် ထည့်သွင်း အသုံးပြုနိုင်ပါသည်။

**အထူးသဖြင့်...**

မိဿရာသီ၊ တန်ခူးလတွင် ကလေး သူငယ်များ ဝက်သက်၊ ပဲသီတာ၊ ရေကျောက်၊ မိတ်ယားနာဖုများ၊ အနာ စက် စသော အပူကန် ရာသီနာများ ဖြစ်ခဲ့သော် ရေမှန်မှန်ချိုးပေးပြီး ဝမ်း တွင်းအေးစေသော မုန့်နှပ်၊ မုန့်ကျွဲ သည်း၊ ကျောက်ဖရုံယို၊ ဆီးဖျော်ရည်၊ ထန်းလျက်၊ မုန့်လက်ဆောင်း စသည် တို့ကို ဓာတ်စာအဖြစ် ပေးကျွေးပြီး...





**သောက်ဆေးအဖြစ်** ကရမက်နှင့် ဆန်ဆေးရည်ကို သွေးပြီးဟင်းစားဇွန်း (၁)ဇွန်း တစ်နေ့(၂)ကြိမ်,(၃)ကြိမ်ခန့် သကြား(၁)ဇွန်းခန့် ထည့်၍ ဖျော်ပြီး တိုက်ပေးပါ။

ခန္ဓာကိုယ်ပြင်ပ အနာများကို အကင်း(၁၀)ပါးဆေးမှုန့်နှင့် ကရမက် ရောသွေးပြီး နိုင်နိုင်လိမ်းကျံပေးပါက သက်သာပျောက်ကင်းစေပါသည်။

---

မိသားစုထမင်းဝိုင်းအတွက်

ဆေးဖက်ဝင် ဓာတ်စာ

ဟင်းစပ်အတွဲများ

[(၇)ရက်(၁)ပတ်စာ ဟင်းပွဲများ]

---

**၁။ ငါးရံ့,ဝါးရှောင်းချဉ်ရွက် အချဉ်ချက်**

- သရက်သီးသုပ်၊
- မြေပဲဆန် ဗာလချောင်ကြော်၊
- လဲလှူရွက်ဟင်းချို၊

**၂။ ဝက်သနီချက်**

- ခံတက်ချဉ်သုပ်၊
- မရန်းသီးငါးပိထောင်း၊
- ပဲနီလေးဟင်းချို၊

**၃။ ပြည်ကြီးငါး ချိုချဉ်ဟင်းမွဲ**

- ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊
- ကျောက်ပွင့်သုပ်၊
- (၁၂)မျိုးဟင်းချို၊

**၄။ ငါးသလောက်ပေါင်း**

- မရန်းသီးသုပ်၊
- ငါးပိဆီကြော်၊
- ပဲတီချဉ်တို့စရာ၊

**၅။ ကြက်သားကင်ပွန်းချဉ် ဆီပြန်ဟင်း**

- မြူရွက်သုပ်၊
- နွားနို့ခဲကြော်၊
- ငါးရံ့ဆန်လှော် တာလပေါ်ဟင်း ရည်၊

**၆။ ငါးခူကြော်နှပ်**

- ရေခူသုပ်၊
- ပုစွန်ခြောက်ဗာလချောင်ကြော်၊
- သီးစုံပဲကုလားဟင်း၊

**၇။ ငါးခြောက်ထောင်းကြော်**

- သရက်ချဉ်သုပ်၊
- ငရုတ်သီး တောင်လုံးကြော် ဆားဖြူး၊

**အချိုပွဲ...**

ရွှေရင်အေး၊ ကျောက်ကျော၊ သာခွေယိုင်၊ စပျစ်သီး၊ သဘော်သီး၊ ဖရဲသီး၊ ငှက်ပျောသီးပေါင်း၊ ပူတင်း၊ လိမ္မော်သီး၊ ကျွဲကောသီး၊ မုန့်ကျွဲသည်း၊

ထိုးမုန့်၊ ကျောက်ကျော၊ မဲမဲကြီး၊ စောင်းလျားသီးယို၊ သီးသီးယို စသည် တို့ကို အချိုပွဲ တည်ခင်းစားသုံးနိုင်ပါ သည်။

ယခုတင်ပြခဲ့သော (၇)ရက် (၁) ပတ်စာ ဟင်းစပ်အတွဲများသည် အတာ ကူးသည့် တန်ခူးလ မိဿရာသီ အတွက် ရာသီအလိုက် ဓာတ်အကြိုက် ဆေးဖက်ဝင် ကျန်းမာရေး အကျိုးပြု နက္ခတ်ဓာတ်စာ ဟင်းလျာများ ဖြစ်ပါ သည်။

***စားသမျှ ဆေးဖက်ဝင်၍ ကျန်းမာကြ ပါစေ။***

ဆရာ မင်းချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကောင်း ဟောချက်



ကြည့်ပါ။

**✪ လက်သန်းသည်**
အပြင်သို့ကား
ထွက်နေတယ်။(A.A)
ဒါကတော့...
✱လွတ်လွတ်လပ်လပ်
နေချင်တယ်။

(A.A)

✱ချုပ်ချယ်တာ မကြိုက်ဘူး။
✱ခေါင်းမာတယ်။
✱တစ်ခါတစ်ရံ
စည်းကမ်းမဲ့သလိုမျိုး
ဖြစ်တတ်တယ်။
✱စကားကြွယ်တယ်။
✱အနိုင်ကျင့်တာမျိုး မကြိုက်ဘူး။
✱ရှင်းရှင်းဘွင်းဘွင်း
ပြောတတ်တယ်။
✱ယှန်ဆောင်မှု ကင်းတယ်။
✱ဆန်းသစ်တဲ့
အတွေးအခေါ်တွေရှိတယ်။

သေည်ဖြင့် ဟောပြောလို့ ရပါတယ်။ လက္ခဏာရှင်ရဲ့ အမေးကို ကြည့်ပြီး အဖြေပေးလိုက်ရုံပါပဲ။ ဗဟုသုတအလို့ငှာ တင်ပြပေးလိုက်ပါ တယ်။

ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ

ဦးသော်ခင်(ဟသ္တ)



www.burmeseclassic.com

www.burmeseclassic.com

# မြရာပေါက်

ဆီးချုပ်ပျောက်၏

'အဖေ...အဖေ...အဖေ'

သားဖြစ်သူ၏ ခေါ်သံကြောင့် ဖခင်ဖြစ်သူမှာ အိပ်ရာမှ အလူးအလဲ ထလာခဲ့ပြီး ဖယောင်းတိုင်အား မီးထွန်းလိုက်ရင်း နံရံကပ်နာရီကို လှမ်းကြည့်လိုက်ရာ ညသန်းခေါင်ကျော် (၁)ချက်တီးနေပေပြီ။ အပြင်ရှိ သားဖြစ်သူ အိပ်ရာသို့ အရောက်တွင်...

'မောင်စိုး ဘာပြုလို့ခေါ်တာလဲ'

'အဖေ သားဆီးသွားလို့မရဘူး။ ဆီးလဲ သိပ်ပေါက်ချင်နေပါတယ်'

သားဖြစ်သူ၏ ဆီးခုံအား စမ်းကြည့်တော့ တင်းကျပ်၍နေရှာ၏။ တပ်ရင်းဆေးခန်းသို့ အမြန်ဆုံး သွားပြရန် ဆုံးဖြတ်ရင်း...

'လာ...သား ဆေးခန်းသွားပြရအောင်'

သားဖြစ်သူအား တွဲခေါ်ရင်း လက်နှိပ်ဓာတ်မီးဖြင့် တပ်ရင်းဆေးခန်းသို့ ရောက်ခဲ့၏။ ဆေးခန်း တာဝန်ကျသူက လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်ပေးရှာပါသည်။

သို့သော် အိမ်ပြန်ရောက်သည်အထိ ဆီးမပေါက်နိုင်သေးပါ။ အိပ်၍လည်း မရပါ။ ထိုစဉ် တစ်ဖက်ခြံတွင်နေသည့် ကိုလှစိန်ဆိုသူ ရောက်လာပြီး...

'ဆရာလှမြင့် အချိန်မတော် ဘာအကြောင်းများထူးလို့လဲ၊ လှုပ်လှုပ်ရှားရှား ဖြစ်နေလို့ လာမေးတာပါ'

ဟု ပြောရာ...

'ဒီမှာဗျာ ကိုလှစိန် မြင်တဲ့အတိုင်းပဲ ကျုပ်သား ဆီးမပေါက်နိုင်ဖြစ်နေတယ်။ ဆီးချုပ်တယ်ထင်ပါ့ဗျာ'

'ဘာများ စားမိလို့လဲ'

'မနေ့ကတော့ **တညင်းသီး ဆားရည်စိမ်** တို့စရာအဖြစ်နဲ့ စားမိမှာပေါ့၊ အခြားတော့ မစားပါဘူး'

'ခင်ဗျားတို့က အင်္ဂလိပ်ဆေးကုတဲ့ တပ်ကဆိုတော့မြန်မာ့ဆေးနည်းကို ယုံကြည်မှုရှိမလား။ ဆေးကတော့တစ်ခါသောက်ရုံနဲ့ကောင်းသွားမယ့် လက်တွေ့ အစွမ်းထက်တဲ့ ဆေးပဲဗျို့'

'ယုံပါတယ် ကိုလှစိန်ရာ ပျောက်ဖို့သာအရေးကြီးပါတယ်'

သားဖြစ်သူ ဝေဒနာခံစားနေရ၍ ရောဂါပျောက်စေလိုသည့် ဖခင်တစ်ယောက်၏ အဖြစ်ကို ကိုလှစိန်ကြည့်၍ ကိုယ်ချင်းစာနေမိပါသည်။

'ကဲ...ကြားပါတယ်ဗျာမိုးလင်းအောင် စောင့်မနေနဲ့တော့ လက်နှိပ်ဓာတ်မီး ရှိတယ် မဟုတ်လား၊ ကလေးတွေ ကစားတဲ့ ဘောင်ဘောင်သီးအပင် (မြရာပင်) ရဲ့အခေါက်ကို သွားခုတ်ကြရအောင် မပြောင်းက ဆန်တစ်ဆုပ်လောက် ရေစိမ်ထားဗျာ'

ဟု ကျွန်တော်၏ ဇနီးဖြစ်သူအား တစ်ဆက်တည်း မှာခဲ့ပါသည်။

ကိုလှစိန်နှင့်အတူ ခြံရှေ့ရှိ ဘုရားကုန်းတွင် ပေါက်နေသည့် မြရာပင်များဆီသို့ ဓားမတစ်ချောင်း ယူ၍ ထွက်ခဲ့ကြလေ၏။ မြရာပင်ဆီ ရောက်လျှင်...

'ကဲ...ဆရာကိုလှမြင့် အပင်ရဲ့အခေါက်ကို အောက်ကနေ အပေါ်ကိုလှန်ပြီး ခုတ်ပါ၊ နှုတ်ကလဲ ဆေးဆရာအိမ်ကို ကြွပါလို့ပင့်ခဲ့ပါ'

ဟု ပြော၍ ကိုလှစိန်ပြောသည့်အတိုင်း မြရာပင်အခေါက်ကို ခုတ်ခဲ့ပြီး နှုတ်ကလည်း သူပြောခိုင်းသကဲ့သို့ ပြောခဲ့၏။ အိမ်ရောက်တော့ မြရာပင် အခေါက်အပွေးများကို ခြစ်ပစ်လိုက်ပြီး



နောက် ယင်းအခေါက်များကို ဆန်တစ်ဆုပ် ရေစိမ်ထားသည့် ဆန်ဆေးရည်နှင့် ရောသွေးပြီး အကြမ်းပန်းကန်တစ်လုံးခန့် တိုက်လိုက်လေ၏။

(၁၀)မိနစ်ခန့် စကားပြောရင်း ကိုလှစိန်နှင့် သားဖြစ်သူကို စောင့်ကြည့်နေစဉ် သားဖြစ်သူမှ "အဖေသား ဆီးပေါက်တော့မယ် (ဆီးသွားတော့မယ်)" ဟု ပြောရင်း ပုဆိုးပင် မလှတ်တော့ဘဲ ဆီးပေါက်ချလိုက်တော့၏။

အံ့ဖွယ်ထူးဆန်းလှပေသည့် တကယ့်ကိုယ်တွေ့ ဆေးစွမ်းကောင်းတစ်လက်မို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများအတွက် ရေးသား ဖော်ပြအပ်ပါသည်။ **(အနာသိ ဆေးရှိပါ၏။)**

မှတ်ချက်။ ။ **ဖြစ်စဉ်အား ပြောပြသူ တကကလှမြင့်အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။**

**ဖိုးကျော်ကြွး**



www.burmeseclassic.com

www.burmeseclassic.com

# သစ်ကိုင်းခြောက်ကိုင်းခြောက်ရှု

ချုန့်ထားပေးပါ

စောမိသွင်
(ရန်ကုန်)



သစ်ပင်ကြီးတွေ တိမ်တွေ တောင် ... ကြယ်တွေ လတွေကို သိပ်ချစ် ...သော သူဇာက ညဘက်ဆို ...တွက်ထိုင်ခါ လမင်းကြီးကို ကြည့် တတ်သလို ကြယ်လေးတွေကိုလဲ ရေတွက်တတ်ပါသေးတယ်။

သစ်ပင်ကြီးတွေဟာ ညအမှောင် အောက်မှာ အရိပ်မည်းကြီးတွေလို အုပ်ဆိုင်းနေပေမယ့် လရောင်ရှိတဲ့ည တွေမှာတော့ သစ်ကိုင်းသစ်ခက်တွေ ဟာ လရောင်ကြောင့် လင်းလက်နေပါ တယ်။

www.burmeseclassic.com

သစ်ပင်တွေကို ငေးကြည့်နေမိရင်း တစ်ချိန်က အရွက်တွေ အခက်အလက်တွေနဲ့ လှပနေတဲ့ သစ်ပင်ကြီးတစ်ပင်ကို လှမ်းမြင်လိုက်ပါတယ်။

အရင်က အိမ်ဘေးမှာ အရိပ်ရတဲ့ အပင်ကြီး ငှက်တို့ရဲ့ ခိုနားရာ သစ်ပင်ကြီးရဲ့အဖြစ်ကို လရောင်အောက်မှာ မြင်ရတာကတော့ အရွက်တွေမရှိတော့တဲ့ ကိုင်းခြောက်တွေနဲ့ သစ်ခြောက်ပင်ကြီးပါပဲ။ လူတွေနှိပ်စက်တဲ့ဒဏ်ကို ခံရရှာတာပေါ့လေ။

သစ်ခြောက်ပင်ဆိုပေမယ့် နေဝင်ခါနီးမှာ တိမ်ရောင်နောက်ခံတွေနဲ့ သူ့ရဲ့ အခက်အလက်တွေ ဝေဖြာနေတာကို မြင်ရတဲ့အချိန်မှာတော့ လှပနေဆဲပါပဲ။

သူ့ရဲ့အရွက်ကို ပဲမှုန့်အကျက်မှုန့်၊ ဆီချက်၊ ပုစွန်ခြောက်၊ ငံပြာရည်လေး ထည့်ပြီး သုပ်စားလို့ရတယ်။ သူ့ရဲ့ အရွက်ကို ချဉ်ရည်ဟင်း ချက်စားလို့ရတယ်။ သူ့ရဲ့အသီးကို နုရင် အစိမ်းအတိုင်း ငါးပိလေးမီးဖုတ်ပြီး ငရုတ်သီးစိမ်းမီးအုံးလေးပါထည့်ပြီး ထောင်းစားလို့ရပါတယ်။

အသီးရင့်လာရင်တော့ အခွံတွေချွတ်ပစ်၊ အစေ့တွေကို ပစ်ဖယ်ပစ်ပြီး သီးစုံချဉ်ရည်ဟင်းတို့ ပဲကုလားဟင်းတို့ထဲ ထည့်ချက်လို့ရတယ်။ မျက်စိနာရင် မျက်စိကိုက်ရင် သူ့ရဲ့အခေါက်ကို ကျောက်ပျဉ်မှာ သွေးလိမ်းလို့ရတယ်။ သူ့ရဲ့အခေါက်အစိမ်းထက် မန်ကျည်းအနီကပိုပြီး ဆေးဖက်ဝင်တယ်လို့ ဆိုကြပါတယ်။ အဲဒီအထိ အသုံးဝင်တဲ့ အပင်ကြီးပါပဲ။

အပင်ကြီး သိပ်ကြီးလာတော့ သူ့ရဲ့ အကိုင်းအခက်တွေက အိမ်ဘက်အထိ နယ်ချဲ့လာကာ အိမ်ခေါင်မိုးပေါ်ကို လေတိုက်တိုင်း တဒိုင်းဒိုင်းရိုက်နေသလို သူ့ရဲ့အရွက်တွေကလဲ ခေါင်မိုးပေါ်



ကြွေကျကြပါတယ်။

အပင်ကြီးဘယ်လောက် အသုံးဝင်နေပါစေ သူ့အရွက်ကြောင့် သူ့အသီးတွေကြွေကျလို့ သွပ်မိုးပေါ်တင်နေတော့ အပြစ်ဖြစ်ရပြီပေါ့။ အိမ်နီးနားချင်းအိမ်က အပင်ကြီးကိုမြင်ရတော့ သူတို့လင်မယား လမ်းထွက်လျှောက်ကြရင်း ပြောတဲ့စကားကို ပြန်ကြားမိတယ်။

'သူ့အရွက်တွေက ခေါင်မိုးပေါ်တင်နေတာ မိုးရွာရင် အချဉ်တတ်ပါလို့ သွပ်တွေဆွေးတယ်။ အပင်ကြီးကို သတ်ပစ်မှ ဖြစ်မယ်။ ဒီနှစ် မိုးကောင်းတော့ အရွက်ဆွေးတွေကြောင့် သွပ်မိုးတွေပေါက်ထားလို့ မိုးတွေယိုတာ အိပ်ခန်းမှာစိုရွှဲနေတာပဲ အိပ်လို့ကို မရတော့ဘူး ကြည့်လုပ်ပါဦး ကိုရယ်'

'အေးပါကွာ သွပ်တွေဆွေးပြီး မိုးတွေယိုတော့ ကိုယ့်အိမ်ဘက်ရောက်နေတဲ့ အကိုင်းတွေကို ခုတ်ပစ်လိုက်မယ်လေ။ အိမ်ခေါင်းမိုးပေါ်ကိုလဲ အကိုင်းတွေရိုက်တော့ လန့်လန့်နိုးပြီး အိပ်ရေးပျက်ရတာများပြီကွာ'

သူတို့လင်မယားက အခက်အလက်တွေကို ခုတ်ပစ်ပေမယ့် အိမ်ဘက်ကို အကိုင်းတွေရှည်ထွက်ပြီး ပြန်ရောက်လာတဲ့အခါ သစ်ပင်ကြီးကို **သင်းသတ်**လိုက်သော်လဲ ပထမအကြိမ်မှာ မသေဘဲ လန်းလန်းဆန်းဆန်းနဲ့ ရှင်သန်နေတာကို တွေ့ရပါတယ်။ အပင်ကြီးက အကြီးကြီး နှမြောစရာလို့ မဆီမဆိုင် ပြောလိုက်မိပါသေးတယ်။

သူ့ဇာတို့ငယ်ငယ်တုန်းက ဘုရားဖူးကားတွေနဲ့ ခရီးသွားတဲ့အခါ လမ်းဘေးသစ်ပင်တွေမှာသစ်တစ်ပင်ခုတ်ထောင်သုံးနှစ်ဆိုလား စာကပ်ထားတာ အခုခေတ်တော့ မရှိတော့ဘူး ထင်ပါရဲ့။ မတွေ့ရတော့ပေမယ့် ကိုယ့်ခြံထဲက အပင် ကိုယ့်ဘာသာခုတ်တာတော့ ဘယ်ပြောလို့ရမလဲနော်။

သစ်ပင်ကြီးကို နောက်တစ်ကြိမ်မှာ ပတ်ချာလည် တော်တော်လေးနက်အောင် သင်းသပ်လိုက်တော့ သစ်ပင်ကြီးလည်း မစိမ်းလန်းနိုင်တော့ဘဲ သစ်ရွက်တွေ ကြွေကျပြီး သစ်ကိုင်းတွေလဲခြောက်လို့ သစ်ခြောက်ပင်ကြီးဘဝနဲ့ လေး,ငါးလ ကြာခဲ့ရတာပါပဲ။

သစ်ပင်ကြီးတစ်ပင်ဖြစ်ဖို့ မလွယ်ပေမယ့် သတ်ဖို့တော့လွယ်ပါတယ်။ သစ်ပင်ကြီး သစ်ခြောက်ပင်ဖြစ်သွားတော့ အရင်က အရိပ်ရနေတာလဲ မရလို့ အိမ်ဘေးဘက်တွေ အိပ်ခန်းထဲအထိ နေရောင်ခြည်ရပြီး နေပူနေပါတယ်။ သူတို့အတွက် တစ်ခုကောင်းပေမယ့် တစ်ခုမကောင်းဘူးပေါ့။

ထင်းလိုချင်လို့ အပင်ကြီးကို ဝယ်မယ့်သူ ပေါ်လာခဲ့ပါတယ်။ ထင်းစိုက်တဲ့အခါ မန်ကျည်းသားက အခက်အလက်ကလေးပင် ဖြစ်ပါစေ မီးတောက်ပါတယ်။ သရက်သားလို မဟုတ်ပါဘူး။ သရက်ကိုင်းတွေ ခုတ်ထားပြီး အိမ်ရှေ့ပုံထားရင် တောင်းမယ့်သူမရှိပေမယ့် မန်ကျည်းကိုင်းလေးတွေကိုတော့ ကိုင်းသေးလေးအစ လိုချင်





www.burmeseclassic.com

www.burmeseclassic.com

ကြပါတယ်။

နယ်ဘက်မှာ ထင်းမီးသုံးတဲ့သူတွေ ပေါပါတယ်။ ထင်းမီးသုံးလျှင် အိုးတွေ မည်းတယ်ဆိုပြီး မြို့ကလူတွေက 'မီး ပျက်ရင် မီးသွေးသုံးပေမယ့် ရွာက အများစုကတော့ ထင်းမီးကိုပဲ သုံးကြပါ တယ်။

အပင်ကြီးကို လှဲဖို့ဟာ တော်တော် မလွယ်ပါဘူး။ ကြီးမားတဲ့အပင်ကြီးမို့ လွှစက်နဲ့ဖြတ်ကြရတယ်။ ဝေါ့...ဝေါ်... ဝေါ်ဆိုတဲ့ လွှစက်ဖြတ်တဲ့အသံက တော်တော်ကို နားညည်းပါတယ်။ သူဇာတို့နေလာခဲ့တာ ခြံနဲ့အနေများ လို့ သစ်ပင်ကြီးတွေကို အရိပ်ရအောင် စိုက်ကြပါတယ်။

'သစ်ပင်စိုက်ရင် စားလို့ရတဲ့အပင်ကိုစိုက်၊ စိုက်ပြီးရင်လဲ အပင်ကိုခုတ်ဖို့ စိတ်မကူးနဲ့ အခက်အလက် ကိုင်းလက်ကျော်ရင် ရုက္ခစိုးတို့ မမြင်အပ်တဲ့ သတ္တဝါတွေနေကြတယ်။ အပင် ကိုခုတ်မယ်ဆို သစ်ပင်တစ်ပင်လုံးကို ခုတ် မပစ်ရဘူး။ ရုက္ခစိုးကိုင်းတစ်ကိုင်းတော့ ချန်ထားခဲ့ရတယ်။

အမေတို့ ငယ်ငယ်တုန်းက ဆရာတော်ကြီး တစ်ပါးက ဟောတဲ့တရားကို နာဖူးတယ်။ နာမည်ကြီးဆရာတော်ကြီးပါပဲ။ ဆရာတော် ကြီးပါလာတဲ့ကားက ဗိုလ်ချုပ်ကြေးရုပ်ရှိတဲ့ ကန်တော်ကြီးပန်းခြံရှေ့ကနေ ကားဖြတ် မောင်းတော့ ဆရာတော်ကြီးက ကန်တော် ကြီးထဲကို ကြည့်လိုက်တဲ့အခါ သစ်ပင် အောက်မှာ အတွဲတွေက ချိန်းတွေ့နေကြတာ ကို တွေ့ပါတယ်။

သစ်ပင်ပေါ်တွေကို ကြည့်လိုက်တော့ သစ်ပင်ပေါ်တွေမှာ သစ်ကိုင်းသစ်ခက်တွေကို မှီခိုနေကြတဲ့ သတ္တဝါတွေ၊ တစ္ဆေတွေ သရဲတွေအများကြီးပဲတဲ့။ ဆရာတော်ကြီး က...

သစ်ပင်အောက်မှာ သူတို့က ချိန်းတွေ့နေ လိုက်ကြတာ သူတို့အပေါ်မှာ သူတို့မမြင်ရ



တဲ့ အကောင်တွေက အများကြီးပဲသိရင် ကြောက်ကြမှာပဲလို့ ဟောတာလို့ အမေက ပြောပြဖူးပါတယ်။

သီတင်းကျွတ်လပြည့်နေ့မှာ နတ် ပြည်မှ မယ်တော်မိနတ်သားကို တရားဟောပြီး လူ့ပြည်ကို ပြန်ကြွ ဆင်းလာမယ့် မြတ်စွာဘုရားသခင်ကို ကြိုဆိုကြဖို့ မီးတွေထွန်းကြ ကြိုဆို ကန်တော့ကြပါတယ်။

လူတွေက ကိုယ်တိုင်လဲ မီးတွေ ထွန်းပြီး ကြိုဆိုကန်တော့ကြသလို **မြေ စောင့်နတ်၊ ဆန်အိုးစောင့်နတ်၊ ကျောက်ပျဉ်စောင့်နတ်၊ လှေကား စောင့်နတ်၊ မြို့စောင့်နတ်၊ သစ်ပင် စောင့်နတ်**တို့ပါမကျန် အိမ်သာထဲတို့ ဆန်အိုးပေါ်တို့၊ သောက်ရေအိုးပေါ်တို့ မြေကြီးပေါ် သစ်ပင်ခြေရင်းတွေမှာ ခြံဝင်းထဲပါမကျန် မီးတိုင်တွေ ထွန်းလှူ ပေးပြီး မြတ်စွာဘုရားသခင်ကို ပူဇော်ဖို့ မီးတိုင်၊ ဖယောင်းတိုင်းတွေကိုလဲ လှူပါတယ်လို့ဆိုပြီး ထွန်းညှိပေးပါ တယ်။

သစ်ပင်တွေမှာ ရုက္ခစိုးနတ်ရှိလို့လဲ ရုက္ခစိုးနတ်ကို မီးလှူဖို့ ဖယောင်းတိုင် တွေကိုလဲ လှူကြတာပေါ့။

မြတ်စွာဘုရားသခင် လက်ထက် မှာလဲ ရဟန်းတစ်ပါးက သူ့ကျောင်း အတွက်လိုလို့ သစ်ပင်မှာနေတဲ့ ရုက္ခစိုး မက သူ့သားလေးနဲ့ သူနေတဲ့သစ်ကိုင်း ကို မခုတ်ပါနဲ့လို့ တောင်းပန်တာကို မရဘဲ ခုတ်လိုက်လို့ ကလေးရဲ့လက် ပြတ်သွားလို့ ဘုရားရှင်ကို လျှောက်ခဲ့တာ ဘုရားရှင်က ရဟန်းတော်တွေ သစ်ပင် မခုတ်ရဆိုတဲ့ ဝိနည်းတော်ကို ပြဋ္ဌာန်း ခဲ့တာမို့ ရုက္ခစိုးနတ်ဆိုတာ တကယ် ရှိတာပါ။

တချို့က အယုံမရှိဘူး။ ကိုယ့်အိမ် ကအပင်ကို ကိုယ်ခုတ်တာ ဘာဖြစ် သလဲဆိုတဲ့သူတွေလဲ ရှိကြပါတယ်။

ဒီအပင်ကြီးက ရာဇဝင်နဲ့ပါ။ အရင် နေတဲ့လူတွေ သိကြပါတယ်။ ဘုရား ရှိခိုးအမျှဝေလျှင် သစ်ပင်ပေါ်မှနေ ဖြူဖြူသင်္ကန်းကြီး ဆင်းလာပြီး ဘုရား ရှိခိုးနေတဲ့ လူနောက်မှာ လာရပ်နေ တတ်ပါတယ်။ နောက်တော့ သစ်ပင် ကြီးပေါ်ကို ပြန်တက်သွားတတ်တာကို မြင်တွေ့ကြပါတယ်။

ဘုရားရှိခိုးနေတဲ့ လူကလဲ သူ့ နောက်မှ တစ်စုံတစ်ယောက် လာရပ် နေတယ်ထင်လို့ မျက်စိဖွင့်ကြည့်မိတဲ့ အခါ တွေ့မြင်ကြရတာပါပဲ။

တချို့လဲ ကြောက်လို့ဆိုပြီး အိမ် ပြောင်းသွားတတ်ကြပါတယ်။ လူကို ဘာမှ အန္တရာယ်မပေးတဲ့ သူတော် ကောင်း ရုက္ခစိုးကြီးလို့လဲ ဆိုကြပါ တယ်။ အိမ်နဲ့သစ်ပင်နဲ့ ကူးသန်းနေတာ ကို မြင်တဲ့လူတွေလဲ မြင်ရပါတယ် အိမ်ထဲကိုလဲ ဝင်နိုင်ပါတယ်။

ရုက္ခစိုးနှင့်ပတ်သက်လို့ သူဇာကိုယ် တွေ့ကို ပြောပြချင်ပါတယ်။ သူဇာတို့ အိမ်နဲ့ ယောက္ခမကြီးအိမ်က တစ်မြို့စီ ပါ။ ယောက္ခမကြီး နေမကောင်းတုန်း က တစ်ခါ သွားတွေ့ကြပါသေးတယ် ယောက္ခမကြီးက [illegible] မယ့် ပစ်ပစ်များပါတယ် [illegible] အမကြီးကတော့ မှုရှေ့တာပါပဲ မျက်နှာမလိုက်ပါဘူး။ [illegible] သူ့



www.burmeseclassic.com

www.burmeseclassic.com

သားသမီးတွေနဲ့ တန်းတူသဘောထားပါတယ်။

အိမ်ထောင်ကျခါစက ယောက္ခမအိမ်မှာ အတူတူနေဖြစ်ကြလို့ သူ့သားသမီးတွေ သုံးယောက်ရှိပေမယ့် ညည်းခန်းထဲပွနေတယ်။ အိမ်ကို တံမြက်စည်း လှဲဖော်မရဘူးဆိုတဲ့ စကားကို ကိုယ့်ကိုကြည့်ပြီး ပြောတတ်ပါတယ်။

ညည်းခန်းထဲပွနေတာက သူ့သမီး စက်ချုပ်ထားတဲ့ ညှပ်စဖြတ်စတွေပါ။ ယောက္ခမဆိုတော့ သည်းခံလိုက်ရပါတယ်။ မြေးနှစ်ယောက်အတူတူ အဘိုးရုံးက ပြန်လာလို့ ပြေးကြိုကြရင် သူ့သမီးကမွေးတဲ့မြေးကိုပဲ ကောက်ချီပါတယ်။

အိမ်မှုကိစ္စတွေကို ရုံးမသွားခင် ယောက္ခမနဲ့အတူတူ ကူလုပ်ပေးခဲ့ပြီးမှ ရုံးချိန်ကိုးနာရီခွဲအမီ ကားဂိတ်ကို လင်မယားနှစ်ယောက် အသည်းအသန် ပြေးကြရပါတယ်။ အမျိုးသားကလဲ မနေရရှာပါဘူး။ ပန်းကန်ဆေးဖို့၊ ဟင်းချက်ဖို့ ရေတွေကို ရေတွင်းထဲကနေ ခြံနောက်ဘက်က တိုက်ကီထဲကို ခပ်ထည့်ရပါတယ်။

အစ်ကိုကြီးရှိပေမယ့် ရေခပ်ဖော်မရပါဘူး။ အိမ်ရှေ့က ရေပိုင်ကီနှစ်လုံးထဲကိုလဲ ချိုးရေ၊ အဝတ်လျှော်ဖို့ရေ ခပ်ပေးရပါတယ်။ ယောက္ခမအိမ်မှာ သားအငယ်ဖြစ်ပေမယ့် မျက်နှာမရဘဲ အဆူအပူခံပြီး အလုပ်လုပ်ပေးကြရတာပါ။

အခု သူနေမကောင်းဖြစ်နေတဲ့အချိန် ထူးထူးခြားခြား ယောက္ခမကြီးက ကိုယ့်ကို ဖက်ငိုပါတယ်။ "**ဒယ်ဒီကို ခွင့်လွှတ်ပါသမီး**" လို့လဲ ပြောပါတယ်။ သူ့သားဆီကို လိုက်ချင်တယ်လို့လဲ ပြောပါတယ်။ အဲဒီလိုဆိုတော့လဲ



စိတ်မကောင်းဖြစ်ရပါတယ်။

သူဇာတို့ ရာထူးတိုးပြီး နယ်ပြောင်းကြရတော့ ကိုယ်ကသာ တစ်နှစ်(၂)ခါလောက် ရန်ကုန်ကို လုပ်သက်ခွင့်နဲ့ ပြန်လာကြပါတယ်။ သူတို့အိမ်မှာ တစ်ရက်နှစ်ရက်လောက်နေပြီး ကိုယ့်မိဘအိမ်ကို ပြန်နေပါတယ်။ အမျိုးသားကလဲ သူ့အိမ်မှာသူနေပါတယ်။

ကိုယ်နေတဲ့အလုပ်ရှိရာ မြို့လေးကို ဘယ်မိဘကမှ လာမလည်ကြပါဘူး။ ဒယ်ဒီလဲ မရောက်ဘူးပါဘူး။ မာမီကမှ ကိုကြီးနဲ့အတူ တစ်ခါလာလည်ခဲ့ဖူးပါတယ်။

သူဇာတို့ပြန်လာပြီး မကြာခင်မှာ ဒယ်ဒီဆုံးကြောင်း ဖုန်းဝင်လာလို့ ရန်ကုန်ကို ပြန်ကြရပြန်ပါတယ်။ ရက်လည်ပြီးမှ ပြန်လာကြပေမယ့် ခြံထဲက အသီးအနှံတွေ အထူးသဖြင့် သြဇာသီးတွေ ငှက်ကိုက်တာ မခံထားရပါဘူး။ အရင်ဆို လူရှိနေရက်နဲ့ လင်းဆွဲတွေက စားသွားတတ်ကြလို့ တစ်ခြမ်းပဲ့နေတာတို့ ကြွေကျတာတို့ မြင်ရပါတယ်။

'သူဇာရေ သူဇာတို့ခြံဘက်မှာ ညဘက်ဆို ခွေးတွေအတင်းဟောင် အတင်းလဲအူတာ ခွေးတွေအူတော့ မလေးဖြစ် ကြောက်လိုက်တာ၊ ခွေးဟောင်တုန်းကတော့ လူကပ်တာလားလို့ တယ်မီးနဲ့ ထိုးကြည့်ရတာ၊ အူတော့ ခြံထဲမဆင်းရဲဘူး။ ခြံထဲမှာ ဘာမှ မပျောက်ဘူး ယူတယ်လား'

'ကျေးဇူးပါပဲ အစ်မရေ၊ ဘာမှမပျောက်ပါဘူး။ မိုးစက်က သိပ်ခြံလုံတာ အိမ်ပေါ်ကို လူစိမ်းတက်ရင်လဲ မကြိုက်ဘူး။ အိမ်ပေါ်ရောက်တာနဲ့ 'မပေါင်ဘဲ ဝင်ဆွဲတာ သူဇာတို့ ရန်ကုန်သွားနေတုန်း မိုးစက်ကို ထမင်းကျွေးပေးထားတာ ကျေးဇူးတင်ပါတယ်။ ငါးခြောက်တွေပါလာတာ ပြီးမှ လက်ဆောင်ပေးမယ်နော်။ ဈေးတော့ မသွားဖြစ်ခဲ့ပါဘူး။ အမေက သူ့အိမ်မှာ ဝယ်ထားတာကို ထည့်ပေးလိုက်တာပါ'

အိမ်နီးနားချင်းနဲ့ စကားပြောကြပြီးတော့ မောင်က သူ့အလုပ်ဆင်းမည့်အကြောင်း ပြောပါတယ်။

'သူဇာရေ မောင်တော့ ရုံးပြန်တက်ဦးမယ်။ ခွင့်နှစ်ရက်လောက် ကျန်နေပေမယ့် ဒီနှစ်ထဲ ခဏခဏရုံးပျက်နေတာ လုပ်သက်ခွင့် ပြန်အပ်ရင်ရတယ်။ သူဇာကတော့ အိမ်မှာ ကလေးတွေနဲ့ နေခဲ့ဦးပေါ့ ရုံးမတက်နဲ့ဦး'

မောင့်စကားအတိုင်း ခရီးလဲ ပန်းလာလို့ ခွင့်မစေ့သေးလို့ ရုံးမတက်သေးဘဲ အိမ်လဲရှင်းရင်း နေလိုက်ပါတယ်။ ညနေစောင်းမှ ခြံထဲမှာပဲ မီးဖိုပြီး ရေနွေးကျိုပါတယ်။ ဆောင်းတွင်းမို့ အုတ်ကန်ထဲကရေကို မချိုးနိုင်ကြပါဘူး။

ညနေလေးနာရီကျော်မှ ရုံးကနေ အိမ်ပြန်ရောက်တာမို့ မောင်က ဒန်ဇလုံကြီးထဲမှာ ရေနွေးနဲ့ ရေအေးစပ်ပြီး ရေချိုးပြီးတဲ့အခါ မီးလှုံရင်းအိမ်အောက်က ထင်းမီးဖိုမှာပဲ မနက်က လုံးထားခဲ့တဲ့ အသားဟင်းကို ပြန်ချက်ပါတယ်။

ဟင်းအိုးကျက်တဲ့အချိန်မှာ ဆောင်းအခါဆိုတော့ ညနေခြောက်နာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com

လောက်နဲ့ မှောင်နေပါပြီ။ ခြံထဲမှာလဲ မဲဇလီပင်၊ မန်ကျည်းပင်၊ မာလကာပင်၊ ဩဇာပင်၊ ငှက်ပျောပင်၊ သရက်ပင်တို့ စိုက်ထားတာမို့ မှောင်စပျိုးတာနဲ့ အလင်းရောင်ကောင်းကောင်း မရတော့ပါ။

ရှေးလူကြီးတွေက အိမ်ရှေ့မှာ တမာပင် စိုက်ရတယ်။ ငွေဝင်ငွေထွက်ကောင်းတယ်။ ကျန်းမာရေးကောင်းတယ်လို့ ဆိုကြလို့ သူဇာတို့အိမ်ရှေ့မှာ တမာပင်တစ်ပင်ကလဲ နေရာယူထားပါတယ်။

တော်တော်လေး မှောင်လာတော့ ခြံထဲက ဟင်းအိုးတို့ ပန်းကန်ဆေးပြီး သား အိုးခွက်ကအစ အိမ်ပေါ်တင်ခဲ့ပါတယ်။

အိမ်ပေါ်မှာ ထမင်းစုစားနေတုန်းမှာပဲ **သူဇာက အတင်းငိုပြီး မောင့်ကို သားသားနဲ့ခေါ်နေတာကို** သူဇာက ဘေးကနေထိုင်ပြီး ကြည့်နေရသလို သတိမလွှတ်ဘဲ သိနေပါတယ်။ မောင်က ဘုရားစင်ပေါ်က သောက်တော်ရေခွက်ထဲကရေနဲ့တောက်တော့...

'သားရယ် မလုပ်ပါနဲ့ ပူပါတယ် အဖေပါ သားနဲ့နေချင်လို့ ဒီကိုလိုက်လာတာပါ။ အဖေ့ကို နေခွင့်ပေးပါ'

'အဖေဆိုရင် တစ်ခါမှ မရောက်ဘူးဘဲ ဘယ်လိုလုပ် အိမ်ကိုသိတာလဲ လာတတ်တာလဲ'

'အဖေတို့တစ္ဆေတွေက စိတ်ထဲကနေ သွားချင်တဲ့နေရာကို စိတ်ညွတ်လိုက်ရင် သွားလို့ရပါတယ်။ သားကို သိပ်လာနေချင်လို့ စိတ်ထဲကနေ တောင့်တလိုက်တာနဲ့ ဒီအိမ်ကို ရောက်လာတာပေါ့။ သားတို့ ပြန်မလာခင်ကတည်းက ရောက်နေတာပါ'

ဒါဆို ရန်ကုန်မှာ အမျှဝေအလှူလုပ်တုန်းက သာဓုမခေါ်ဘဲ ဒီရောက်နေလို့ မကျွတ်မလွတ်တာပေါ့လို့ ထင်မိပါတယ်။ သူဇာနှုတ်ကနေ ဒီလိုပြောနေတော့ အိမ်ဘေးမှာလဲ ဘုရားတရားလိုက်စားတဲ့ တရားအမြဲတမ်းထိုင်တဲ့ ဦးလေးကြီးရှိနေလို့ မောင်က ပြေးခေါ်ပါတယ်။

ကလေးတွေဆိုတာလဲ လန့်ပြီး ငိုလိုက်ကြတာ သူဇာက သူ့ကို ပူးကပ်တော့ သူ့ယောက္ခမကြီးဆိုတာ သိလိုက်ပါတယ်။ **သူဇာရဲ့ထူးခြားချက်က သူများဝင်ပူးကပ်စကားပြောရင် လုံးဝ သတိမလစ်သွားဘဲ ဘေးမှာ ထိုင်နားထောင်နေရသလို အကုန်သိပါတယ်။**

ဦးလေးကြီးက မောင့်အဖေကို ဘဝခြားသွားလို့ အတူနေလို့မရကြောင်း အခု လောလောဆယ် အိမ်ခေါင်းရင်းက မဲဇလီပင်ကြီးမှာ ခေတ္တနေဖို့ နောက်နေ့မှာကောင်းရာမွန်ရာရောက်ဖို့ ဘုန်းတော်ကြီးတွေ အိမ်ကိုပင့်ပြီး အမျှဝေပေးမယ် သာဓုခေါ်ပါလို့ ဆိုပေမယ့် သူ့သားကို စွဲလမ်းနေတဲ့ ယောက္ခမကြီးက မခေါ်ချင်ဘူး ဘုန်းကြီးမပင့်နဲ့ ဒီအိမ်မှာပဲ အတူတူနေမယ်လို့ပဲ ပြောနေတာ။

'ခေါင်းရင်းက မဲဇလီပင်မှာ ရုက္ခစိုးကြီးရှိတယ်။ သူက သူ့အပင်မှာ ပေးမနေဘူးတဲ့ နေလို့မရဘူး အိမ်ပေါ်မှာပဲ နေပါရစေ'

လို့ပဲ အခါခါပြောနေတာ အိမ်စောင့်နတ်က ဘာလို့များ ဝင်ခွင့်ပေးတာလဲလို့ တွေးမိပါတယ်။

ဦးလေးကြီးက ဖယောင်းတိုင်တစ်တိုင်ကို သစ်ပင်ခြေရင်းမှာထွန်းပြီး သစ်ပင်မှာရှိနေတဲ့ ရုက္ခစိုးမင်းကို ခေါင်းရင်းက သစ်ပင်မှာ သုံးလေးရက်လောက် နေခွင့်ပေးဖို့ ခွင့်တောင်းပေးမှ နေခွင့်ရသွားပါတယ်။

နောက်နေ့တွေမှာ ဘုန်းတော်ကြီး သုံးပါးပင့်ပြီး အမျှအတန်းဝေတဲ့အခါ သာဓုမခေါ်ဘူးလို့ တင်းခံနေရာကနေ နောက်ဆုံးတော့ ဘုန်းတော်ကြီးတွေ **နားချလို့ သာဓုခေါ်ပြီး ပုပ္ပါးတောင်မကြီးက စေတီနားမှာ သွားနေရမယ့်အကြောင်း၊ နတ်ဘီလူးဖြစ်သွားတဲ့အကြောင်း** ပူးကပ်ပြောသွားပါတယ်။

**လူနဲ့အတူ ပူးကပ်လိုက်လာလျှင် အိမ်စောင့်နတ်ခွင့်မပေးလဲအိမ်တွင်းကို ဝင်လို့ရကြောင်း သိရပါတယ်။** ဒါကြောင့် ရှေးလူကြီးတွေက အဝတ်တွေကို မမှောင်ခင်ရုပ်၊ အစားအစာကို ညဘက်အိမ်ထဲမသွင်းနဲ့ တို့ ဆိုးမကြတာပေါ့။ သူဇာတို့အနေနဲ့ ဒယ်ဒီကြောင့်ပဲ သစ်ပင်မှာ ရုက္ခစိုးတွေနေကြောင်း လက်တွေ့သိရှိခဲ့ရပါတယ်။

ရုက္ခစိုးနတ်တွေဟာ အသက်ရှည်ကြပြီး နောင်ပွင့်တော်မူမယ့် ဘုရားကို တောင် စောင့်နိုင်တဲ့အတွက် တချို့သော ဘုန်းတော်ကြီးတွေက ဘုရားရှင်ကို ဖူးတွေ့နိုင်ဖို့ ရုက္ခစိုးဖြစ်ဖို့ ဆုတောင်းကြတယ်လို့ ဖတ်ဖူးခဲ့ပါတယ်။

ရုက္ခစိုးတွေနေတဲ့ သစ်ပင်ကြီးတွေကို ခုတ်မိတဲ့အခါ ကိုယ့်ကံမြင့်နေရင် ဘာမှမဖြစ်ပေမယ့် ကံနိမ့်နေရင်တော့ ထိခိုက်မိတာတို့ သစ်ပင်ပေါ်က ပြုတ်ကျတာတို့ ဖြစ်ကြတာပေါ့။

ရှေးအခါက သစ်ပင်ကြီးတွေကို ခုတ်တဲ့အခါ မင်းမိန့်ပြန်တမ်းဖတ်ပြီး ခုတ်ခဲ့ကြပါတယ်။ ရှိသည်၊ မရှိသည် မသိနိုင်တာမို့ သူများရဲ့ ဘုံဗိမာန်ကို မဖျက်ဆီးတာကတော့ အကောင်းဆုံးမို့ သစ်ပင်ခုတ်လျှင် ရုက္ခစိုးကိုင်းတော့ ချန်ထားသင့်ကြောင်း ရေးသားလိုက်ရပါတယ်။

**စောမိသွင် (ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



စီကင်း ဦးမြမောင်
(မန္တလေး)

# ရှမ်းတောင်တန်းပေါ်တွင်

## အဖြစ်ဆန်းနှင့် ကြုံတွေ့သူ မုဆိုးကြီး ဦးထန်ကီးပေါင်

ကျွန်တော်သည် စာရေးဆရာ မဟုတ်ပါ။ ဘဝအတွေ့အကြုံများကို ရေးတတ်သလို ရေးသော စာရေးသူ တစ်ယောက်ပါ။

**လွန်ခဲ့သော နှစ်ပေါင်း(၆၀)က** အဖြစ်အပျက်တို့ကို ထိုခေတ်အခါက အသုံးအနှုန်းများအတိုင်း ရေးသား တင်ပြလိုပါသည်။

ပျဉ်းမနားမြို့တွင် ပထမဆုံး တည်ဆောက်သော သကြားစက်ကို ၁၉၅၆ ခုနှစ်လယ်လောက်တွင် မြို့အရှေ့ဘက် (၆)မိုင်ကွာ ဈေးကုန်းရွာနှင့် ကျွန်းဦးရွာအနီးတွင် ဂျပန်အင်ဂျင်နီယာများနှင့် ဆောက်လုပ်ပါသည်။

အမှတ်(၁) သကြားစက် ဖြစ်ဖွယ် ရှိပါသည်။ ထိုစက်၏ လုံခြုံရေးကို ကျွန်တော်တို့တပ်က တာဝန်ယူရပါသည်။

ထိုအချိန်က မန္တလေးတောင်ဘက်တွင် ကျောက်ဆည်၊ တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့တွင် တပ်ရင်း တစ်ရင်းစီသာ ရှိပါသည်။

ပဲခူးရိုးမနှင့် ရှမ်းရိုးမတို့တွင် သူပုန်တို့ ရှိနေကြသဖြင့် သကြားစက် လုံခြုံရေးကို အထူးဂရုစိုက်နေရချိန်လည်း ဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့တွင် မုဆိုးဝါသနာရှင်များ ပါရှိကြရာတွင် ကျွန်တော်နှင့် လူရိုင်း ချင်းတိုင်းရင်းသားကြီး ထန်ကီးပေါင် အပါအဝင် ဖြစ်ပါသည်။

ထန်ကီးပေါင်သည် အရပ်(၆)ပေ ကျော်ရှည်၍ ထန်းပလပ်ပြားထောင်ထားသလို ပိန်ရှည်ကြီးဖြစ်ပါသည်။ ကိုယ်နေဟန်ထား ပျော့သူဖြစ်သည်။

တောပစ်ထွက်ကြသည့်အခါ သွားမည့်နေရာဒေသကို ကျန်ရစ်သူတို့ကို ပြောထားခဲ့ရသည်။ ဒေသ မအေးချမ်းသည့်အတွက် တစ်ခုခုဖြစ်ပါက စစ်ကူ လိုက်တတ်အောင်နှင့် လူချင်း မမှားစေရန်ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက် အရှေ့ဘက် ရှမ်းရိုးမပေါ်အရောက်တွင် နှစ်ယောက်နှစ်ကွဲ သွားကြလျှင် နှစ်ကောင်ပစ်ရမည့် မက်လုံးဖြင့်

www.burmeseclassic.com

မြောက်ဘက်ခပ်ဝေးဝေးရှိ သစ်ပင်အမြင့်ကြီးကို ဆုံမှတ်အဖြစ် သတ်မှတ်လိုက်ပါသည်။

သူ့ပုန်လည်းကြည့် တောကောင်လည်းရအောင် ပစ်ရန် မှာလိုက်သေးသည်။ တောတောင်အစောင့်များကိုလည်း ချိုကျိုးနားရွက်ပဲ့ အကောင်ကြီးကြီး နည်းနည်းပေးသနားပါ ဟူ၍ တောင်းဆိုရပါသည်။

မတောင်းဆိုပါက ထိမှန်သော်လည်း မရတတ်ပါ။ ပုပ်ပွနေမှ တွေ့တာလည်းကြုံဖူးပါသည်။

စစ်ရေးကိစ္စများဖြင့် တောထဲ ဝင်ကြသည့်အခါ တောကောင်များကို ပစ်ခွင့်မရှိကြပါ။ ထိုအခါမျိုးတို့တွင် ဆတ်၊ ဂျီ(ချေ)၊ တောဝက်၊ ကြက်၊ ရစ်တို့သည် ပမာမခန့် နီးနီးလေးမှာ ရွှေ့ရွှေ့လေး သွားနေကြတာ လက်ယားစရာပါ။

အေးဆေးစွာ ပြန်လာကြသည့်အခါ အကောင်ကြီးများ ပစ်မိန့်ရပြန်တော့ အကောင်ကြီးတို့ လုံးဝမတွေ့ရတော့ဘဲ အကောင်ငယ် ကြက်၊ ငှက်တို့သာ တွေ့ရတော့သည်။

ဘာကောင်မဆို ပစ်နိုင်သည်လည်း ဆိုရော ဘာကောင်မှ မတွေ့ရသည့်ပြင် တွန်သံအော်သံများပင် ဆိတ်ငြိမ်နေတော့သည်။ ထိုဒေသတစ်ဝိုက်မှ အံ့ဩစရာအလေ့ထများဖြစ်ပါသည်။

## ဆုံမှတ်ဆီမှ သေနတ်သံ

နာရီဝက်ခန့်အကြာတွင် ဆုံရပ်သစ်ပင်ကြီးမှ သေနတ်သံတစ်ချက် ခပ်အုပ်အုပ် ကြားရတယ်။ အသံလဲ တိုတယ်။ ဒါ ထိသံဖြစ်ကြောင်း နားလည်လိုက်ပါတယ်။

ထန်ကီးပေါင်နဲ့ တောကောင် အုပ်လိုက်ဖြစ်နေပါက ဦးတည့်ရာ ပြေးတတ်သဖြင့် တွေ့ရင် မလွှဲတမ်းပစ်နိုင်ရန် ခြေသံလုံလုံ ခပ်သုတ်သုတ် တောတိုးနေရင်း ထန်ကီးပေါင်အသံကို မသဲမကွဲကြားနေရတယ်။

'မြမောင်ရေ မြန်မြန်လာပါဟေ့'

တဲ့။ ဆက်တိုက်လို အော်ခေါ်နေတယ်။ တောတောင်ထဲတွင် တစ်စုံတစ်ခုကြောင့် အဖော်ကို ခေါ်လိုရင် အူသံပေး ဆက်သွယ်ရတယ်။

တစ်ယောက်ကလဲ အူသံပြန်ပေးပြီး ဆုံကြရတယ်။ နာမည်အတိုင်း မခေါ်ရတဲ့အကြောင်းကတော့ မကောင်းဆိုးဝါး ကျတ်တွေက အသံတူပြုပြီး နာမည်အတိုင်းခေါ်လို့ ထူးမိရင် နာမည်ရှင် သေတတ်တယ်ဆိုသော အယူအဆကြောင့် အူသံပေး ဆက်သွယ်ကြရတာဖြစ်တယ်။

တစ်ယောက်တည်း တောလည်တဲ့အခါ သားကောင်ကြီးရထားပါက တံကောက်ကြောများဖြတ်၊ လည်လှီးထားခဲ့ပြီးမှ လူပြန်ခေါ်လေ့ရှိပါတယ်။ တောကြီးရင် အပမှီပြီး အကောင်ပျောက်သွားတတ်တယ်။

ထန်ကီးပေါင် တစာစာ ခေါ်နေပုံထောက်တော့ သူပုန်နဲ့တွေ့ပြီး လူကိုပစ်၊ သေနတ်ကို ယူလိုက်ပြီလို့ သံသယဝင်မိတယ်။ ကျွန်တော့်ကိုလဲ သူပုန်တို့ အပိုင် စောင့်ပစ်မှာ သေချာနေတယ်။

ဒါကြောင့် အသံမပေးရဲဘဲ နား၊ မျက်စိရှင်ရှင် သတိကြီးစွာနဲ့ တောတိုးသွားတဲ့အခါ လူကိုမမြင်ရပေမယ့် တုန်ယင်နေသော မောသံကြီးနဲ့ **"မြမောင်ရေ မြန်မြန်လာပါဟေ့"** တဲ့။

ထင်ထားတဲ့အတိုင်း သေနတ်မှန်ထားပြီနဲ့တူတယ်။ ဒဏ်ရာ ဘယ်လောက်ကြီးတယ် မသိပါ။ သူ့ကို သက်သာအောင် ပြုစုထားရစ်ပြီး လူပြန်ခေါ်ဖို့ပါ တွေးထားရတယ်။

အသံမပေးရဲပါ။ သူ့အနားရောက်အောင် ခြေသံလုံလုံဖြင့် တောတိုးသွားရာ သူ့နားအရောက် အထင်နဲ့အမြင် ပါစင်အောင် လွဲနေကြောင်း တွေ့ရှိရသဖြင့် ဆိတ်ငြိမ်နေတဲ့ တောကြီးတစ်ခုလုံး ကျွန်တော့်ရယ်သံကြောင့် ပဲ့တင်ထပ် ဟိန်းညံသွားပါတော့တယ်။

သူ့ခါးလောက်ရှိတဲ့ ချေပေါက်ကြီးကို ဦးချိုနှစ်ဖက် ချုပ်ကိုင်ရင်း "မြမောင်ရေ...မြန်မြန်လာပါဟေ့" အော်လိုက်၊ ချေပေါက်ကြီးက ရုန်းကန်ခုန်ထိုးလိုက်၊ ထန်ကီးပေါင် ခါးကုန်းကြီးနဲ့ ချေပေါက်ကြီးနောက် ပါသွားလိုက်...

ချေပေါက်ကြီး မောနေတုန်း အော်ခေါ်လိုက်၊ ချေပေါက်ကြီးက ခုန်ထိုးလိုက် ထန်ကီးပေါင် ခါးကုန်းကြီးနဲ့ ချေပေါက်ကြီးနောက် ပါသွားလိုက်...

ထိုမြင်ကွင်းကြောင့် ရယ်ချင်စိတ်ကို ချုပ်တည်းလို့ မရအောင်ပါဘဲ၊ သူ့နားရောက်တဲ့အခါ...

> 'မင်း တော်တော်ရက်စက်တယ် ခေါ်နေတာကြာပြီ တွေ့တော့လဲ ရယ်နေတယ်၊ ဒီမှာ မောလို့ သေတော့မယ်'

တဲ့။

ချေကြီးကို ပစ်လိုက်တာ လဲကျသွားတယ်တဲ့၊ သူ့အနေနဲ့ လက်နှစ်ဖက်နဲ့ ချိုနှစ်ချောင်းဆွဲရင်း သူ့နောက်ပါသွားတယ်ဆိုပါတယ်။

ဒါကြောင့် သေနတ်တခြား လူတခြား ဖြစ်သွားတာတဲ့ဗျာ။ ထန်ကီးပေါင်ရယ် မှဆိုး တစ်ရာတစ်ယောက်ဖြစ်ခဲလှတဲ့အဖြစ်ကို မင်းတစ်ယောက် လှုပ်ချလိုက်ပုံကတော့ကွာ ဟူ၍ နှစ်ယောက်သား ဟားတိုက် ရယ်မောသံများ ရှမ်းတောင်တန်းပေါ်တွင် ပဲ့တင်ထပ်ကျန်ရစ်ပါတော့သည်။

**ဆီကာင်းဦးမြမောင်(မန္တလေး)**

www.burmeseclassic.com

# သူနာပေါ် အန္တရာယ်လွတ်ကြောင်း

## ယတြာချေနည်း



လောက၌ ခန္ဓာတစ်ခု ဖြစ်ပေါ်ရရှိလာလျှင် ကိုယ်စိတ်နှစ်ပါးတွင် ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ကျန်းမာခြင်း၊ ရောဂါဝေဒနာခံစားရရှိခြင်း စသည့် ဆန့်ကျင်ဘက် ဝိရောဓိ နှစ်ခုကတော့ တစ်ကြိမ်မဟုတ်တစ်ကြိမ် တစ်ခါမဟုတ် တစ်ခါ ကြုံကြရမည်မှာ ကေန်မလွဲပင်တည်း။

ထိုသို့ ကြုံလာကြရသော အချိန်၌ မိမိတို့၏ ရောဂါဝေဒနာ အကျပ်အတည်း တစ်ခုခုကို ပျောက်ကင်းသက်သာရာ ရစေခြင်းငှာ ဆေးရုံဆေးခန်း အကြားအမြင် ဆရာဗေဒင်နှင့် နတ်ဆရာတို့ထံ အကုအသ အကြံဉာဏ်ယတြာရရန် သွားရောက်ကြရ၏။ ငွေကြေးအကုန်အကျခံကာ အကူအညီ ယူကြရ၏။

ဒါကတော့ လူတို့၏ဓမ္မတာ ပျောက်ကင်းသက်သာရန် အားကိုးရှာကြရခြင်းပင်တည်း။

ယခု စာရေးသူရေးမည့် ယတြာချေနည်းသည် ကျန်းမာရေး ညံ့နေသော သူနာမှ မဟုတ် စီးပွားရေး၊ လူမှုရေး အကျပ်အတည်း တစ်ခုခုနှင့် ကြုံတွေ့နေသူတိုင်း မိမိတို့ကိုယ်တိုင် အလွယ်တကူ တွက်ယူ၍ တစ်ဖက်တစ်လမ်းမှ ကံလမ်းကြောင်းကောင်းအောင် ကံမြင့်စေရန် ယတြာချေ၍ ပြုလုပ်ပေးနိုင်သော နည်းတစ်နည်း ဖြစ်ပါသည်။

လွန်သော နည်းမဟုတ်၍ ယုံကြည်စွာ ပြုလုပ်ပေးလျှင် အထောက်အကူရမည်မှာ မလွဲပင်ဖြစ်၍ တွက်ယူအသုံးပြုကြပါကုန်။

တွက်နည်းနှင့် ချေနည်းမှာ...

ရောက်ရှိနေသော ခုနှစ်သက္ကရာဇ်ကိုတည်ပြီး သူနာ (သို့မဟုတ်) တွက်လိုသူ၏ ဂြိုဟ်သက်နှင့် ပေါင်းပါ။

နေ့,မိုး,ဆောင်းဟု ဆိုသော ကာလသုံးပါး (၃)နှင့်မြှောက်ပါ။ ထိုသို့ မြှောက်ပြီးကို (၇)နှင့် စားပါ။ အကြွင်းကို ယူ၍ ကျရောက်ရာ ယတြာနည်းအတိုင်း ချေရမှာဖြစ်၏။

* * *

| | | |
|---|---|---|
| ၁/၆ | ၂/၁၅ | ၃/၈ |
| ၆/၂၀ | | ၄/၁၇ |
| ၈/၁၂ | ၅/၁၉ | ၀/၁၀ |

အထက်တွင် ရေးပြထားသော ဇယားမှာ **အထက်မွေးနံဂြိုဟ် အောက်မှာ ဂြိုဟ်သက်ဖြစ်ပြီး** (ဥပမာ) ၁–နွေဂြိုဟ်သက် (၆)ဖြစ်ပြီး ၂–လာဂြိုဟ်သက် (၁၅)ဖြစ်၍ (၀)သုညကို စနေဟု ယူပါသည်။ ကျန်ဂြိုဟ်သက်တို့ကို ထိုအတိုင်းယူပါ။

တွက်နည်းကို သိပြီဆိုတော့ အကြွင်းအတိုင်း ကောက်ယူကာ ယတြာချေနည်းကို ရေးပြပါမည်။

**၁–ခုကြွင်းလျှင်** တရားကိုပူဇော်ပါ။ တရားပွဲချ (သို့မဟုတ်) တရားတိပ်ခွေ ဖွင့်ပြီး ပူဇော်ပါ။

**၂–ခုကြွင်းလျှင်** ဘုရားမှာ ရွှေချပူဇော်ပါ။

**၃–ခုကြွင်းလျှင်** ရက္ခစိုးနတ်ကို ပူဇော်ပသပါ။ (သစ်ပင်ကြီးဝါးပင်ကြီး တစ်ပင်ပင်တွင် ကလပ်ပြုလုပ်၍ ဆွမ်း, ကွမ်း,သစ်သီး တင်၍ ပသပါ။)

**၄–ခုကြွင်းလျှင်** အသက်ရှိစာသူငယ် (သို့မဟုတ်) ငါးသတ္တဝါတို့ကို လွှတ်ပါ။

**၅–ခုကြွင်းလျှင်** ဆွမ်းကျွေး ဆွမ်းလောင်း ပြုလုပ်ကုသိုလ်ယူပါ။

**၆–ခုကြွင်းလျှင်** ယာယီပြောင်း (ခရီးသွားပါ။)

**၇–ခုကြွင်းလျှင်** အိပ်ရာနေရာ ပြောင်းရွှေ့ပြီး ယတြာချေပါ။

**ဥပမာ လက်တွေ့ တွက်ပြပါမည်။**

ကျန်းမာရေးညံ့နေသော (သို့မဟုတ်) အကျပ်အတည်း ဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်နေရသော ၂–လာ်သားကို ယတြာချေမည် ဆိုပါစို့။

| | | |
|---|---|---|
| **တွက်သည့်ခုနှစ်** | | ၁၃၇၉ |
| **၂–လာ်သားဂြိုဟ်သက်** | | + ၁၅ |
| | | ၁၃၉၄ |
| **မြှောက်ကိန်း** | | × ၃ |
| **စားကိန်း** | ၇ ÷ | ၄၁၈၂ = ၅၉၇ |
| | | ၃၅ |
| | | ၆၈ |
| | | ၆၃ |
| | | ၅၂ |
| | | ၄၉ |
| | | ၃ **အကြွင်းကိုယူပါ** |

ဥပမာတွက်ကြည့်သူသည် **၃–ခုကြွင်းသောကြောင့်** ရက္ခစိုးနတ်အား ပူဇော်ပသပါ။

အထက်ပါ ယတြာချေနည်းသည် လွယ်ကူ၍ ငွေကြေးလည်း အကုန်အကျ သက်သာသောနည်း ဖြစ်သဖြင့် ယုံကြည်စွာ ပြုလုပ်ပြီး ကောင်းကျိုးချမ်းသာမှုကို ရယူနိုင်ပါသည်။

***သုနက္ခတ္တ ကောင်းသော နက္ခတ်နှင့်ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ***

**ကောင်းခန့်(သခွတ်ချောင်) ဝက်လက်**

www.burmeseclassic.com

www.burmeseclassic.com



စာရှုသူများကို စလင်းမြို့နယ်မှ ဂမ္ဘီရ ပညာရှင်ကြီး၏အကြောင်းကို ရေးသားတင်ပြသွားပါမည်။

ဂမ္ဘီရဆရာကြီးသည် **လွန်ခဲ့သော ရှေးယခင်ခေတ်က** ပေါ်ပေါက်ခဲ့သူ ဖြစ်ပါသည်။ သူ၏ မွေးဇာတိနှင့် နေထိုင်ခဲ့သော နေရပ်မှာ စလင်းမြို့နယ်၊ ကျွဲကျောင်းကျေးရွာကလေးပင် ဖြစ်ပါသည်။

ထိုဂမ္ဘီရဆရာကြီး၏ အကြောင်းကို ပြောပြသော ပုဂ္ဂိုလ်မှာ ဦးမြဆိုင်ဖြစ်ပါသည်။ ဦးမြဆိုင်မှာ ထိုမေးမြန်းစဉ်က အသက်(၇၄)နှစ် ရှိပါသည်။

ကူတိုတောင်ရွာ(ပြွန်သုံးလုံး)တွင် နေထိုင်ပါသည်။ အလွန်ရိုးသားပြီး ဘဝတစ်လျှောက်လုံးတွင် ကောင်းသော အသက်မွေးဝမ်းကျောင်းဖြင့် လုပ်ကိုင်စားသောက်သူ ဖြစ်ပါသည်။ ကျွဲကျောင်းရွာဇာတိဖြစ်ပြီး ဂမ္ဘီရဆရာကြီးနှင့် အိမ်နီးနားချင်း ဖြစ်ခဲ့ပါသည်။

# ဂမ္ဘီရပညာရှင်ကြီးတစ်ဦး၏

အကြောင်း ထစေ့တစောင်း

စလင်း ဦးကျော်

နောက်ပြောပြသည့် ပုဂ္ဂိုလ်မှာ **ဦးတုတ်ကြီး** ဖြစ်ပါသည်။ ဦးတုတ်ကြီးမှာ ထိုစဉ်က အသက်(၇၀)နှစ် ရှိပါသည်။ ကြူဝန်းကျေးရွာတွင် နေထိုင်ပါသည်။ ဂမ္ဘီရပညာရပ်များကို စိတ်ပါဝင်စားသူ ဖြစ်ပါသည်။ ကျွဲကျောင်းရွာဇာတိဖြစ်ပြီး ဂမ္ဘီရဆရာကြီးနှင့် အိမ်နီးနားချင်း ဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ငယ်စဉ်က ဂမ္ဘီရဆရာကြီးအစွမ်း လက်တွေ့ မြင်တွေ့ခဲ့ရသူများ ဖြစ်ပါသည်။

နောက်ထပ် ပြောပြသူ ပုဂ္ဂိုလ် တစ်ဦးမှာ **ဦးပိုင်** ဖြစ်ပါသည်။ ဦးပိုင်မှာ ၂၀၀၆ ခုနှစ်က ဤဆောင်းပါး ရေးချိန်က အသက်(၅၇)နှစ် ရှိပါသည်။ ကျွဲကျောင်းရွာတွင် နေထိုင်ပါသည်။ စာပေဝါသနာပါသူ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများ ပြောပြသည့်အတိုင်း ရေးသားတင်ပြသွားပါမည်။

ဂမ္ဘီရဆရာကြီး၏ အမည်မှာ **ဦးဖိုးမင်း** ဖြစ်ပါသည်။ အသားညိုပြီး အရပ် ထောင်ထောင်မောင်းမောင်းကြီး ဖြစ်ပါသည်။ ဘန်ကောက်လုံချည်၊ ပင်နီတိုက်ပုံအင်္ကျီ၊ ခေါင်းပေါင်းတို့ကို အမြဲဝတ်ဆင်လေ့ရှိပါသည်။

တစ်ခါက ကျွဲကျောင်းရွာသို့ ကရင်ဆရာပုခေါ်သော ဆရာတစ်ယောက် ရောက်လာပါသည်။ သူ့နောက်တွင် တပည့်တစ်ယောက် ပါလာပါသည်။

ကရင်ဆရာပုတို့ ဆရာတပည့်နှစ်ယောက်သည် ဆရာကြီးဦးဖိုးမင်း၏ သမီးအိမ်ပေါ်တွင် ထိုင်၍ ရွာခံပုဂ္ဂိုလ်အချို့နှင့် စကားပြောနေပါသည်။

ဆရာကြီးဦးဖိုးမင်းသည် အခြားမှ ဆရာများ ရောက်လာသည်ဟု ကြား၍ လေ့လာရန် ရောက်လာပါသည်။

အိမ်ရှင်မသည် ဘုရားပန်းအိုး ရွက်လာသော ခေါင်းပူအဝတ်ကို ကြမ်းပြင်သို့ ချလိုက်ရာ ခေါင်းပူအဝတ်က မြွေဖြစ်လာပြီး ကရင်ဆရာပုတို့ ဆရာတပည့်နှစ်ယောက်ကို လိုက်ပါတော့သည်။

ကရင်ဆရာပုတို့ ဆရာတပည့် နှစ်ယောက်သည် မြွေကိုက်သေမည် ကြောက်၍ အိမ်ပေါ်တွင် ပတ်ချာလည် ပြေးကြသည်။



ဆရာတပည့်နှစ်ယောက် ရှေ့က ပြေး မြွေက နောက်ကလိုက်နှင့် အိမ်ပေါ်တွင် ပြောင်းဆန်နေပါသည်။ ထရံတွေတက် ပန်းကန်တွေတက်နှင့် ဆူ၍ ညံ၍နေသည်။

အဲဒီတော့မှ ရွာခံ လူတစ်ယောက်က ရိပ်မိ၍ **"ဆရာကြီး ဦးဖိုးမင်း ပညာကို ပြန်သိမ်းပေးပါ"** ဆိုမှ စောစောက နောက်မှ လိုက်နေသည့် မြွေသည် ခေါင်းပူအဝတ် ပြန်ဖြစ်သွားပါသည်။

အဲဒီအချိန်မှစပြီး ကရင်ဆရာပုတို့ ဆရာတပည့်နှစ်ယောက် ကျွဲကျောင်းရွာမှာ မတွေ့ရတော့ပါ။

* * *

စလင်းမြို့ပေါ်ရှိ သူကောင်းတိုက်မှာ(**သူကောင်းတိုက် ဆိုသည်မှာ ရှေးက ရှင်ဘုရင်များ သူကောင်းပြု မြှောက်စားခဲ့သော ပုဂ္ဂိုလ်များကို ခေါ်ပါသည်။**

**ထိုပုဂ္ဂိုလ်များကို သူကောင်းမျိုးဟု ခေါ်ပါသည်။ ကျွန်တော်တို့ စလင်းမြို့တွင် သူကောင်းမျိုး ယခုချိန်ထိ ရှိပါသည်။**) ရွှေ(၂၅)ကျပ်သား ပျောက်ပါသည်။

မိမိတို့ နိုင်းစေသော အလုပ်သမားများထဲမှ ယူမှန်းတော့ သိသည်။ သို့သော် တပ်အပ်မမိ၍ အပြောရ အတောင်းရ ခက်နေပါသည်။

သူကောင်းသည် ဆရာဦးဖိုးမင်းထံ ရောက်လာပြီး ရွှေ(၂၅)ကျပ်သား ပြန်ရရန် ဆရာပင့်လာပါသည်။ ဆရာကြီးသည် သူကောင်းတိုက်သို့ ရောက်လျှင် ကန်တော့ပွဲပြင်ကာ မီးထွန်းထားပါသည်။

အပေါက်အနာအဆာ မပါသော ဝါးလုံးအစိမ်းအဆစ်ပိတ် တစ်လုံးကို ဝယ်ခိုင်းသည်။ အမဲသား အစိတ်သားကိုလည်း ဝယ်ခိုင်းပြီး ဓားဖြင့် နုပ်နုပ်စဉ်းခိုင်းသည်။ အိမ်နီးနားချင်းမှ လူများကိုလည်း သူခိုးဖမ်းမည်ဖြစ်၍ လာကြည့်ကြရန် ကြေညာခိုင်းပါသည်။

ဆရာကြီးဦးဖိုးမင်း သူခိုးဖမ်းရန် ပညာခန်းပြချိန်တွင် အိမ်နီးနားချင်းများနှင့် ရွှေ(၂၅)ကျပ်သား ခိုးယူထားသောသူတို့ ဝိုင်းဝန်းကြည့်နေကြပါသည်။

ဆရာကြီးသည် ဘန်ကောက်လုံချည်၊ ပင်နီတိုက်ပုံအင်္ကျီနှင့် ခေါင်းပေါင်း ပေါင်းကာ တင့်တယ်ထည်ဝါလျက် ရှိပါသည်။

'ကိုင်း...ပရိသတ်တို့ အခု ကျုပ် သူခိုးဖမ်းမှာ ဖြစ်ပါတယ်'

ဟု ဆိုကာ ဓားနှင့် နုပ်နုပ်စဉ်းထားသည့် အမဲသားကို တောင်းယူပြီး ဆရာကြီးသည် သူ၏ ဘယ်လက်ဝါးကို ဖြန့်ကာ တင်လိုက်ပါသည်။

ဝယ်လာသည့် ဝါးလုံးစိမ်းအဆစ်ပိတ်ကို အိမ်ပေါ်တွင် ထောင့်တစ်ထောင့်၌ ထောင်ထားစေသည်။ ဆရာကြီး လုံးဝ မထိမကိုင်ပါ။

'ကိုင်း...ကိုင်း...ပရိသတ်တို့ ကျုပ် ဘယ်လက်ဝါးပေါ်မှာ တင်ထားတဲ့ အမဲသား (၅)ကျပ်သားကို ညာဘက်လက်ဝါးနဲ့ အပေါ်က အုပ်လိုက်မယ်။

နောက်ပြီး လက်ဝါးနှစ်ဖက်ကို ပေါ်သည်အထိ ထိကပ်လိုက်ရင် လက်ဝါးထဲက အမဲသားတွေ ဟိုထောင့်မှာ ထောင်ထားတဲ့ အဆစ်ပိတ် ဝါးလုံးစိမ်းထဲ ရောက်ရမယ်'





www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆိုနှင့် ဆရာကြီး သက်များကို ဖြန့်လိုက်သောအခါ အက်ထဲ၌ အမဲသားများ မရှိတော့ပါ။

'ကဲ...ကဲ... အမဲသားတွေ ရှိသေးရဲ့လား မြင်သေးလား။ မရှိတော့ဘူး။ ဟော... ဟို ထောင့်မှာ ထောင်ထားတဲ့ ဝါးလုံးစိမ်း အဆစ်ပိတ်ထဲ ရောက်သွားပြီ'

ဆရာကြီးက "ခွဲကြည့်"ဟု အမိန့် ပေးလိုက်ပါသည်။ ဝါးလုံးစိမ်းကို ခွဲကြည့်ရာ တကယ်ပင် အမဲသားများ ကို တွေ့ရပါသည်။ ပရိသတ်ကြီး အံ့ဩ သွားသည်။ မျက်လုံးများ ပြူးသွားကြ သည်။

'ဟင်...ဟယ်... တကယ်စွမ်းတာ ပေါ့၊ တကယ့်စွမ်းတာတော့'

ဟု စကားများ ထွက်ပေါ်လာပါ သည်။

ဆရာကြီးက...

'ကိုင်း...ကိုင်း...ကျုပ် ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ သိကြပြီပဲ။ ဒီပရိသတ်ကြီးထဲမှာ ရွှေ(၂၅)ကျပ်သား ခိုးတဲ့လူပါတာကို ကျုပ်သိတယ်။ ဘယ်သူ ဆိုတာလဲ တပ်အပ်သိတယ်နော်။

လူမှုရေးကို ငဲ့ပြီး ဘယ်သူရယ်လို့ မပြော ဘူးနော်။ ခိုးယူထားတဲ့ ရွှေ(၂၅)ကျပ်သား ကို မူလနေရာမှာ ပြန်ထားပါ။ မထားရင် တော့... ဟင်း...ဟင်း...အပေါက်မရှိတဲ့ ဝါးစိမ်းထဲတောင် အမဲသားအစိတ်သား ရောက်အောင် သွင်းသေးတာပဲ။

သူ့ဗိုက်မှာ ဒွါရ(၉)ပေါက်ရှိတယ်။ အဲဒီ အပေါက်တွေကနေ ဝမ်းဗိုက်ထဲ အမဲသား တစ်ပိဿာ ရောက်အောင် အပင်းသွင်းမယ်'

ဟု ကြိမ်းဝါးပါတော့သည်။

နောက်တစ်နေ့တွင် သူကောင်း၏ ရွှေ(၂၅)ကျပ်သား ခိုးသောသူသည် ဟန်မပျက် မူလနေရာသို့ ပြန်ထားပါ တော့သည်။

* * *

တစ်နေ့မှာ ကြံ့ဝန်းဘီးဇပ်ရွာ ဘုန်းတော်ကြီးကျောင်း(တောင်ကျောင်း) ဆရာတော် ဦးကုမာရထံသို့ ဆရာကြီး ဦးဖိုးမင်း ရောက်လာပါသည်။ ဆရာ တော်ကို ရှိခိုးဝတ်ချပြီး စကားစမြည် ပြောဆိုနေကြပါသည်။

ဗေဒင်,နက္ခတ် အကြောင်းတွေ ဆွေးနွေးကြပါသည်။ ဆရာတော် ဦးကုမာရမှ...

'အကာကြီး ရော့.,. ကျောက်သင်ပုန်းနဲ့ ကျောက်တံ ဒသဂီရိအင်း ကစားပြစမ်းပါ'

ဟု မိန့်တော်မူပါသည်။

ဆရာကြီးက...

'တပည့်တော် ဒီအင်းကို ကစား လိုက်ရင် အရှင်ဘုရားကျောင်း မီးလောင်လိမ့်မယ်'

ဟု ပြန်လျှောက်ပါသည်။

ဆရာတော်မှ...

'ဒသဂီရိအင်း ကစားရုံနဲ့ မီး မလောင်နိုင်ရာ'

ဟု ပြန်လည်မိန့်တော်မူပါသည်။

ဆရာကြီးဦးဖိုးမင်းသည် ကျောက် သင်ပုန်းတွင် ဒသဂီရိအင်းကို ရေးခြစ် ကစားပါတော့သည်။ အင်းချပြီးလျှင်ပဲ ကျောင်းပန်းဆွဲကို မီးထတောက်ပါ တော့သည်။

ဆရာတော်သည် ပန်းဆွဲကို မီးတောက်သည်ကိုမြင်လျှင်...

'အကာကြီး...အင်းကို မြန်မြန်ဖျက် မြန်မြန် ဖျက်'

ဟုဆို၍ အင်းဖျက်၍ ဖျက်သွားမှ ကျောင်းပန်းဆွဲတွင် တောက်နေသော မီး ငြိမ်းသွားပါသည်။

* * *

သူ့ခေတ် သူ့အခါက ဆရာကြီး ဦးဖိုးမင်းသည် ရွာနီးချုပ်စပ်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် နာမည် ကြီးပါသည်။ နွေရာသီကောက်ခြေ ပြတ်ပြီး သရက်သီး သီးချိန်တွင် မြစ်နဖူးရှိ ရွာများကို ဆေးကုသွားပါ သည်။

ဆေးကုသွားရင်း လမ်းတွင်တွေ့ သော သရက်ပင်များကို စောင့်သည့် လူများထံ သရက်သီးတောင်းလေ့ ရှိပါသည်။

အချို့က **"သရက်သီးအကြွေ မရှိလို့ မပေးနိုင်ကြောင်း"**ပြောကြ ပါသည်။ **"အသီးကြွေရင် ပေးမှာ လား"**ဟု ပြန်မေးပါသည်။ အစောင့် များက **"သရက်သီးအကြွေ ရရင် ယူပါ"**ဟု ခွင့်ပြုကြသည်။

ဆရာကြီးသည် သရက်ပင်ပေါ်မှ သရက်သီးများကို လက်ညှိုးနှင့် ထိုးပါ သည်။ လက်ညှိုးထိပ်နှင့် အတည့်ကျ သော သရက်သီးများ ဖုန်းဖုန်း

www.burmeseclassic.com

ကြွေကျပါသည်။

ဆရာကြီးသည် အလိုရှိသလောက် သရက်သီးများကို ကောက်၍ ယူခဲ့ပါသည်။ နောက်ပိုင်း၌ ဆရာကြီး သရက်သီးတောင်းလျှင် မပေးဘဲ မနေကြတော့ပါ။

* * *

ကျွဲကျောင်းရွာ၏ မြောက်ဘက်နားတွင် ကျီကုန်းရွာ ရှိပါသည်။ ကျီကုန်းရွာမှ ဒေါ်တုတ်ကို မြွေကိုက်လိုက်ပါသည်။ တောင်ရွာ, ထန်းတောရွာမှ မြွေကိုက်ခံရသူကို ကုသပေးသော မြွေဆရာကြီးအား သွားရောက်ပင့်ပါသည်။

ညချမ်းအချိန် ရောက်သောအခါ မြွေကိုက်ခံရသော လူနာ အသက်ချမ်းသာရာ ရ,မရ သိရန် ဆရာကြီး ဦးဖိုးမင်းကို လာရောက်မေးပါသည်။

ဆရာကြီးသည် ကောင်းကင်နက္ခတ်ကို မော့ကြည့်ပြီး လူနာ အသက်သေဆုံးနိုင်ကြောင်း အဟောထုတ်လိုက်ပါသည်။ တစ်ဆက်တည်းမှာပင် မြွေကုဆရာ ဆေးမေ့နေ၍ အခုညချင်း သူ့အိမ်သူပြန်ယူပါက မြွေကိုက်ခံရမည်ဖြစ်ကြောင်း အဟောထုတ်လိုက်ပြန်ပါသည်။

ဆရာကြီးပြောလျှင် မှန်ကန်သည်မို့ မြွေဆရာသည် မေ့နေခဲ့သော ဆေးများကို ပြန်မယူရဲပါ။ မြွေကိုက်ခံရသော လူနာလည်း အမှန်ပင် သေဆုံးသွားခဲ့ပါသည်။

* * *

ဆရာကြီးသည် သူ၏ ခန္ဓာကိုယ်ပေါ်တွင် ဆေးစီရင်ထိုးရာ၌ မြွေပွေးဦးခေါင်းထဲမှာ အဆိပ်ရှိသော ဆူး(၃၀) ထည့်၍ ထိုးသည်ဟု ဆိုပါသည်။

ဆေးများ စီရင်ဖော်စပ်ရာ၌ နက္ခတ်အဝင်အထွက်၊ တစ်ဖက်ကန်း၊ နှစ်ဖက်



ကန်း၊ နှစ်ဖက်မြင်၊ ဥပဒ်၊ မိတ္တူ၊ ကာန၊ အမြိတ္တ၊ လာဘ၊ သိဒ္ဓိ၊ ဝရ စသည်တို့ကို ရွေးချယ်စိစစ်ပြီးမှ ပြုလုပ်လေ့ ရှိပါသည်။

နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်းကျမ်း၊ အဂ္ဂိရတ်ကျမ်းတို့ကို ကျွမ်းကျင်တတ်မြောက်သူ ဖြစ်ပါသည်။ အနုအကြမ်း စွယ်စုံတတ်မြောက်သော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

ပရလောကသားများကို ကျွေးမွေးသိမ်းသွင်းထားပါသည်။ သူ၏ အိမ်ဝိုင်းအတွင်းတွင် ဆေးများ စီရင်ခြင်းနှင့် အင်းများ မြှုပ်နှံထားခဲ့ပါသည်။ ဆရာကြီးမှ...

'ငါသေရင်တော့ ငါ့အိမ်ဝိုင်းထဲ ငါ့သားသမီးများ နေနိုင်မှာ မဟုတ်ဘူး'

ဟု ပြောကြားခဲ့ပါသည်။ သူ သေဆုံးစဉ် အသုဘအခမ်းအနားသို့ ဆွေမျိုးမိတ်သင်္ဂဟများ လာရောက်ကြပါသည်။

ထိုလာရောက်ကြသူများမှ ဆရာကြီးဦးဖိုးမင်း၏ ဆေးများကို ကျော်နင်းသွားသူများသည် အကောင်းပကတိမှ သတိမေ့လဲကျသွားကြပါသည်။ နှင်းနှိပ် အကြောများကိုကုပ် ယပ်ခတ်ခြင်းများ ပြုလုပ်ပေးမှ သတိရကြပါသည်။

ထို့အတူ ဆရာကြီး မရှိသည့်နောက်ပိုင်းတွင် သားသမီးများက အိမ်ကို ရောင်းလိုက်ကြပါသည်။ အိမ်ဖျက်သော ပုဂ္ဂိုလ်များထဲမှ ဆေးများ၊ ဆေးရုပ်များကို ကျော်နင်းမိသူများလည်း သတိမေ့လဲကျ မေ့မြောသွားပါသည်။ နှာနှပ်ယူကြရပါသည်။

ထိုအိမ်ဝိုင်းထဲသို့ အိမ်ဆောက်နေကြည့်သော အိမ်ထောင်စုမှ ဒေါ်လှစိန်ဆိုသူ အမျိုးသမီးကြီး ရုတ်တရက် သေဆုံးသွားခဲ့ပါသည်။

ထိုအချိန်မှစ၍ ဆရာကြီးဦးဖိုးမင်း၏ အိမ်ဝိုင်းအတွင်း၌ မည်သူမှ အိမ်ဆောက်မနေနိုင်ပါ။ မနေဝံ့ကြပါ။ ယခုစာရေးသောအချိန်အထိ ဖြစ်ပါသည်။ နွားတင်းကုပ်နှင့် နွားများသာ ထားပါသည်။

အခုတင်ပြခဲ့သည်များမှာ ဆရာကြီး ဦးဖိုးမင်း၏ ဂမ္ဘီရပညာများမှ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ အနုရောအကြမ်းပါ တတ်မြောက်ကျွမ်းကျင်သော ပြောသလိုလုပ်၊ လုပ်သလိုဖြစ်စေတတ်သော **စလင်းမြို့နယ်၊ ကျွဲကျောင်းကျေးရွာမှ ဂမ္ဘီရပညာရှင်ကြီး ဆရာကြီးဦးဖိုးမင်း၏** အကြောင်း တင်ပြခြင်းကို ဤမျှဖြင့်ပင် ရပ်နားအပ်ပါတော့သည် ခင်ဗျား။

**စကားချီး ။ ။ စာရှုသူများအား တင်ပြနိုင်ရန် ဆရာကြီး ဦးဖိုးမင်း၏ အကြောင်းများကို ပြောပြကြသော ကုတိုတောင်ရွာ (မြွန်သုံးလုံး)မှ ဦးမြဆိုင်၊ ကြူဝမ်းရွာမှ ဦးတုတ်ကြီးနှင့် ကျွဲကျောင်းကျေးရွာမှ ဦးဝိုင်တို့အား အထူးကျေးဇူးတင်ပါသည်။**

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com



# စပါးကြီးမြွေကြီးကို တွေ့ပေမယ့်...

နိုင်ဒွေးတွတ်
(ပီဖွာ-စီးပွားရေး)

ကျွန်တော်သည် အမှတ် (၂၄၆)၊ ၂၀၀၇ခု၊ ဇန်နဝါရီလ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၂၅၇)တွင် စာရေးဆရာမ မမိုးပွင့်ရေးသည့် **"ကျောက်စိမ်းတုံးကို တွေ့သော်လည်း"** အမည်ရှိ စာတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။

မမိုးပွင့်က သူဟာ အမှတ် (၂၄၁)၊ ၂၀၀၆ခု၊ ဩဂုတ်လ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၂၇၁)တွင် **"ပုဂ္ဂိုလ်ထူးနှင့် တွေ့လိုက်သော်လည်း"**ဆိုသည့် ဖြစ်ရပ်ကို ဖတ်မိလို့ သတိတရ ဖြစ်သွားတယ်လို့ ဆိုပါသည်။ ကျွန်တော်ကလည်း မမိုးပွင့်၏ စာကို ထပ်ဖတ်မိမှ အခုလို ကိုယ်၏ ကိုယ်တွေ့ဖြစ်ရပ်ကို ရေးဖို့သတိရလာတာပါ။ ကျေးဇူးပါပဲ ဆရာမရေ။

* * *

ထိုင်း(ယိုးဒယား)နိုင်ငံ ရာတ်ချပူရီခရိုင်ထဲက ကျေးရွာလေးတစ်ရွာ၏ မွေးမြူရေးခြံတစ်ခုမှာ အလုပ်လုပ်ကိုင်ခဲ့စဉ်က ဖြစ်ပါသည်။ ကျေးရွာဆိုပေမယ့်လည်း တောခေါင်ခေါင်ကြီးတော့ မဟုတ်ပါ။ ခေတ်မီတဲ့ ထိုင်း(ယိုးဒယား) လူနေမှုစနစ်နှင့်အညီ တစ်ရွာလုံးမှာ မြေသားလမ်းဟူ၍ မရှိပါ။ ကတ္တရာလမ်း ကွန်ကရစ်ခင်းလမ်း အပြည့်ခင်းထား၏။ တိုက်တာများလည်း ပေါများပါသည်။

ကျွန်တော်တို့၏ မွေးမြူရေးခြံဟာလည်း ခရိုင်မြို့တော်ဖြစ်သည့် ရာတ်ချပူရီမြို့နှင့် ဘန်ကောက်သွား အဝေးပြေးလမ်းမကြီးဘေး မလှမ်းမကမ်းမှာ ပဲတည်ရှိပါသည်။ဘန်ကောက်မြို့တော်နှင့်ဆို ကီလိုမီတာအားဖြင့် (၁၀)၊ မိုင်အားဖြင့် (၅၀)မျှလောက်သာ ဝေးပါ

www.burmeseclassic.com

သည်။ ရာဇဝင်ချုပ္ပရီခရိုင်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဟာ အဓိကဖြစ်ပါ၏။

မွေးမြူရေးခြံ ဆိုသည့်အတိုင်း ကျေးရွာ၏ အစွန်အဖျားမှာ ရှိပြီးတော့ ခြံဝင်းကြီးကလည်း လွန်စွာကျယ်ဝန်းလှပါသည်။ ကျွန်တော်တို့ အလုပ်သမားတွေ နေထိုင်ဖို့အတွက် အဆောင်တွေကိုတော့ အစောင့်သဘောလည်း ရအောင်ဆိုပြီး ခြံဝင်းကျယ်ကြီး၏ ထောင့်စွန်း ထောင့်ဖျားတွေမှာ ဆောက်လုပ်ပေးထားပါသည်။

တစ်ဆောင်နှင့် တစ်ဆောင် ခေါ်မကြား အော်မကြားလောက်အောင် ကွာလှမ်း၏။ အိမ်သာ၊ ရေချိုးခန်း ရေမီးအစုံနှင့် လုပ်ပေးထားပြီးတော့ ညဘက်မှာဆိုလျှင် ဝင်းခြံတစ်ခုလုံးကို လျှပ်စစ်မီးထိန်လင်းစွာ ထွန်းပေးထားပါသည်။

ကျွန်တော်နှင့် ဖိုးခွားဆိုသော လူငယ်လေး တစ်ယောက်ကတော့ ဝင်းခြံ၏ နောက်ဘက် ထောင့်တစ်ထောင့်က အဆောင်လေးတစ်ခုမှာ တစ်ယောက် တစ်ခန်းစီ နေခွင့်ရကြပါသည်။

မွေးမြူရေးခြံ၏ ဘေးနားတစ်ပိုက်မှာ တိုက်တာ အဆောက်အအုံများ ရှိနေပေမယ့် ကားလမ်း၏တစ်ဖက်ခြမ်း မျက်စောင်းထိုးမှာတော့ လွန်စွာကျယ်ဝန်းလှတဲ့ ခြံကြီးတစ်ခြံလည်း ရှိပါသည်။

အဲဒီ ခြံကျယ်ကြီးထဲ ကားလမ်းနှင့် ကပ်လျက် တစ်နေရာမှာသာ တိုက်ပုလေးတစ်လုံး ဆောက်ထားပြီးတော့ ကျန်တာတွေကတော့ သစ်ပင်ကြီးငယ် ချုံနွယ်တွေနှင့် ပြည့်နှက်နေပါသည်။ တကယ့် တောအုပ်လေးတစ်ခုအတိုင်းပင်။ ရှဉ့်၊ ဖွတ်၊ မြွေနှင့် ကျေးငှက်တိရစ္ဆာန်တွေ ကျက်စားစရာ နေရာလိုဖြစ်လို့နေပါသည်။



တစ်နေ့မှာတော့ ထိုင်း(ယိုးဒယား) အလုပ်သမားလေး တစ်ယောက်က လက်ဆောင်ပေးလို့ ကျွန်တော်တို့ နှစ်ယောက် အိမ်ကြက်သုံးကောင် ရရှိခဲ့၏။ ကြက်အိပ်ဖို့ဆိုပြီး ကျွန်တော်တို့နှစ်ယောက် အဆောင်၏နောက်ဘက်ကပ်လျက်မှာ ကြက်အိပ်စင်လေး ဆောက်ထားပေးလိုက်သည်။ ကြက်က အထီးတစ်ကောင်၊ အမနှစ်ကောင်မို့ မကြာမီမှာပဲ ကျွန်တော်တို့မှာ ကြက်တစ်အုပ်ကြီး ဖြစ်လာပါတော့သည်။

တစ်ည ည(၁၀)နာရီခန့်လောက်မှာ အဆောင်နောက်ဘက်မှ ကြက်များ ရုန်းရင်းဆန်ခတ်သံ၊ ပျံသန်းပြေးလွှားသံများ ကြားလိုက်ရ၏။ ကျွန်တော်က တစ်ဖက်ခန်းမှ ဖိုးခွားအား...

'ဖိုးခွားရေ နောက်ဘက်မှာ ကြက်တွေ ဝရုန်းသုန်းကား ဖြစ်နေတယ်။ သွားကြည့်လိုက်ပါဦး'

'ဟုတ်တယ် ကျွန်တော်လဲ ကြားတယ်၊ သွားကြည့်ကြမယ်'

နှစ်ယောက်သား နောက်ဖေးမီးဖွင့်ပြီး အဆောင်နောက်ဘက်သို့ ပတ်လိုက်ကြသည်။ ကြက်အိပ်စင်ကို လှမ်းကြည့်လိုက်ရာ လား လား ရောမရှည်လျားလျား သတ္တဝါတစ်ကောင်ကို ကြက်အိပ်စင်ပေါ်မှာ အခုံသားတွေ့လိုက်ရပါသည်။

'မြွေ မြွေ အဲဒါ စပါးကြီးမြွေပဲ'

ဖိုးခွားက ပြောပြောဆိုဆို တုတ်ပြေးရှာ၏။ ကျွန်တော်လည်း စပါးကြီးမြွေမှာ အဆိပ်မရှိမှန်း ကြားဖူးနားဝရှိသည်မို့ မကြောက်ပါ။ ကျွန်တော်တို့ဆီမှာ သစ်ဝါးရှားပါသည်။ သံဆန်ခါ၊ သံပိုက်လုံး အပေါင်းများကတော့ တစ်ပုံတစ်ပင်။

ကျွန်တော်နှင့် ဖိုးခွားလည်း သံပိုက်လုံး တစ်ယောက်တစ်ချောင်းစီဖြင့် ဝိုင်းဝန်းသမလိုက်ကြရာ အနီ လက်မောင်းလုံးခန့် စပါးကြီးမြွေမှာ ဇိဝိန်ချုပ်သွားတော့၏။ နံနက်မိုးလင်း၍ ထိုင်း(ယိုးဒယား)လူမျိုး အလုပ်ကြပ်ဆိုသူအား ခေါ်ပြလိုက်သည်။ အလုပ်ကြပ်က...

'ခင်ဗျားတို့ အဲဒီမြွေသား စားသလား'

'မစားပါဘူး။ စားလဲ မစားဖူးပါဘူး'

'ဒါဆိုရင် မြေမြှုပ်လိုက်ပါ။ ဒီအတိုင်း ပစ်ထားလိုက်ရင် ပုပ်စော်နံနေပါ့မယ်'

ကျွန်တော့်မှာ စပါးကြီးမြွေ၏သည်းခြေဟာ ဆေးဖက်ဝင်သည်ဟု ကြားဖူးပါသည်။ ဘယ်လို အသုံးဝင်သည်ကိုလည်းမသိ။ မြင်လည်း မမြင်ဖူးပါ။ သည်းခြေကို ဘယ်လို ထုတ်ယူရမှန်းလည်း မသိပါ။ ထို့ကြောင့် ထိုင်း(ယိုးဒယား) အလုပ်ကြပ်ဆိုသူ ညွှန်သည့်အတိုင်း ကျွန်တော်တို့နှစ်ဦး မြေတူးပြီး မြှုပ်နှံလိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ ထိုဖြစ်ရပ်မျိုး ထပ်ကြုံပြန်ပါသည်။ ကျွန်တော်တို့လည်း ထုံးစံအတိုင်း ထိုသတ္တဝါအား စတေးလိုက်ရပြန်ပါသည်။ မကြာမကြာ ကြုံတိုင်းလည်း ထိုစပါးကြီးမြွေများမှာ ကျွန်တော်တို့၏ လက်ချက်ဖြင့် လွတ်ထွက်သည်ဟူ၍ မရှိပါ။ ကျွန်တော်တို့လည်း ထုံးစံအတိုင်း မြေမြှုပ်ပစ်လိုက်သည်ချည်းပင်။

ထူးဆန်းသည်မှာ အခြားမြွေသတ္တဝါဆိုပါက လူသားနှင့် ရင်ဆိုင်တွေ့လျှင် လျင်မြန်စွာ ရှောင်တိမ်းသွားတတ်ကြသော်လည်း ကျွန်တော်တို့ကြုံခဲ့ရသော စပါးကြီးမြွေများကား ဘယ်သောအခါမှ လျင်မြန်စွာ ထွက်ပြေးခြင်း မရှိပါ။

* * *

တစ်ခုသော နေ့ညနေခင်းမှာ ဖြစ်၏။ နေမင်းကတော့ အတော်ပင် စောင်းနေပြီ။ ကျွန်တော်အလုပ်ပြီး၍ လက်စသိမ်းနေခိုက် အလုပ်ကြပ်ဆိုသူ ရောက်လာပြီး ကျွန်တော်နှင့် အခြားလုပ်ဖော်ကိုင်ဖက်တစ်ဦးကို မြက်ရှင်းခိုင်းပါသည်။

ခြံထောင့်တစ်နေရာရှိ မြက်တောများကား အတော်အတန် ကျယ်ဝန်းစွာ နေရာယူထား၏။ ကျွန်တော်လည်း ထိုမြက်တောကို ကြည့်ပြီး စိတ်တိုသွားသည်။ တာဝန်ပေးလာ၍ မလုပ်လို့ကလည်းမဖြစ်။

'ဟေ့ကောင် ဒီမြက်တောကို မီးတင်ရှို့မယ်ကွာ'

'ဖြစ်ပါ့မလား။ တော်ကြာ အပြောခံနေရဦးမယ်'

'ဒီလောက်များတဲ့ မြက်တော၊ ဓားနဲ့ရှင်းရင် မိုးလင်းတောင် ပြီးမှာမဟုတ်ဘူး။ ပြောလာရင် ငါဖြေရှင်းမယ်'

သို့နှင့် နှစ်ဦးသား ထိုမြက်တောကို မီးတင်ရှို့လိုက်ကြ၏။ တဖြုံးဖြုံးတိုက်ခတ်နေသော လေအရှိန်နှင့် မြက်ပင်ခြောက်တစ်ဝက် စိုတစ်ဝက်များကား တောမီးလောင်သည့်နှယ် ပြိုက်ပြိုက်နှင့် လောင်ကျွမ်းနေတော့၏။ မိုးမချုပ်တချုပ်အချိန်၌ ထိုမြက်တောရှင်းသည့်ကိစ္စ ပြီးမြောက်သွားပါတော့သည်။

နောက်တစ်နေ့ နေ့ခင်း၌ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က သတင်းပေးလာသဖြင့် ထိုမီးရှို့ထားသော မြက်တောဘက်သို့ ကျွန်တော်ရောက်သွားသည်။ မယုံနိုင်စရာ မြင်ကွင်းတစ်ခုတွေ့လိုက်ရ၏။ လုံးပတ် လူ့ကြီးခြေသလုံးခန့်ရှိသော စပါးကြီးမြွေနှစ်ကောင် ထိုမီးလောင်ပြင်၌ စန့်စန့် ကြီးသေနေပါသည်။ ပြေးလွှားစရာ လမ်းကြောင်း မြောက်မြားစွာရှိပါလျက် ဘယ့်အတွက်ကြောင့် ထွက်မပြေးဘဲ အသေခံနေကြပါသနည်း။

'စပါးကြီးမြွေတွေဟာ သူတို့အနှောင်အဖွဲ့ဖြစ်ကြပြီး သိုက်မြုံထူထောင်ကြတော့မယ်ဆိုရင် သူတို့နေမယ့်နေရာကို စည်းချထားတတ်ကြတယ်။ စည်းချပြီးပြီဆိုရင် တော့ ဘာအကြောင်းကိစ္စ ဘာအန္တရာယ်နဲ့ ကြုံကြုံ စည်းကိုကျော်ပြီး ထွက်လေ့မရှိ ကြဘူး'

ထိုင်း(ယိုးဒယား)လူမျိုး အလုပ်ကြပ်ဖြစ်သူက ရှင်းပြသည်။ သူလည်း ကြားဖူးနားဝနှင့် ဆရာကြီး လာလုပ်နေသည်ဆိုသည့်အတွေးနှင့် သူ့စကားကို ကျွန်တော် အလေးမထားခဲ့ပါ။ ထုံးစံအတိုင်း ထိုမြွေနှစ်ကောင်ကို မြေမြှုပ်ပစ်ရပြန်ပါသည်။

တစ်နေ့ ကျွန်တော်တို့နှင့် ရင်းနှီးနေသော ကိုသိန်းလှိုင်ဆိုသူ အလည်ရောက်လာ၏။ စပါးကြီးမြွေအကြောင်း ပြောမိရာမှ သူက...

'ဒီတစ်ခါ စပါးကြီးရရင် ကျွန်တော့်ကို လာခေါ်ပါ။ ကျွန်တော်သည်းခြေ ထုတ်တတ်ပါတယ်။ စပါးကြီးသည်းခြေက ဆေးဖက်မှာ သိပ်စွမ်းတာ။ ခင်ဗျားတို့အတွက်လဲ အခြောက်လှန်းပြီးရင် ကျွန်တော်ခွဲပေးပါ့မယ်'

ကျွန်တော်က သူ့စကားကို စိတ်မဝင်စားပါ။ အကယ်၍ ပေးခဲ့လျှင်သော်လည်း ကျွန်တော် မက်မက်မောမော ရှိလှမည်

www.burmeseclassic.com

မဟုတ်ပါ။ သို့ပေမယ့် ကြုံခဲ့လျှင်တော့ သူ့ကို အကြောင်းကြားဖို့တော့ ကျွန်တော် စိတ်ကူးထားပါသည်။

ကိုသိန်းလှိုင်ပြောပြီး နောက်ပိုင်း၌ ကျွန်တော်တို့လည်း ထိုစပါးကြီးမြွေဆိုသော သတ္တဝါနှင့် မကြုံဆုံတော့ပါ။ ကျွန်တော့်စိတ်ထဲတော့ မျိုးပြုတ်သွားပြီထင်ပါ၏။

သို့နှင့် မိုးဦးကျ ကာလသို့ ရောက်လာတော့၏။ ထိုကျွန်တော်တို့ နေထိုင်သော ရာတ်ချုပူရီခရိုင်သည် မိုးရာသီဆိုသော်လည်း မိုးသဲသဲမဲမဲ ရွာသည့်နေ့ဟူ၍ မကြုံဖူးပေ။ တဖွဲဖွဲနှင့်ပင် မိုးရာသီ ကုန်ဆုံးသွားသည်ချည်း ဖြစ်၏။ ကျွန်တော်တို့ ရှင်းထားသည့် မြက်များကား လွယ်လွယ်နှင့်မသေ။ ပြန်လည် ခေါင်းထောင်လာကြပြန်၏။

မြားမြောင်လှသော မြက်တောကို ဓားဖြင့် ရှင်းရန်မလွယ်ပေ။ ထို့ကြောင့် အလုပ်ရှင်သူဌေးက မြက်ရှင်းသမားငှားရတော့၏။ မြက်ရှင်းသမားကလည်း မြက်ဖြတ်စက်ဖြင့် ဝှေ့ယမ်းရှင်းလင်းလိုက်ရာ နေ့ဝက်ခန့်မှာပင် ရှိသမျှ မြက်တောများ ပြောင်ထွက်သွားတော့၏။

မြက်ရှင်းသမားက အလုပ်ကိစ္စပြီး၍ ကျွန်တော်နှင့်ဆုံကြရာ သူက စပါးကြီးမြွေတစ်ကောင် မြက်ဖြတ်စက်ဖြင့် တိုးမိပြီး သေနေကြောင်း ပြောပြသည်။

သို့နှင့် ကျွန်တော်လည်း အားလပ်သော ညနေပိုင်း၌ ကိုသိန်းလှိုင်ကို ပြေးခေါ်ရတော့၏။ ကိုသိန်းလှိုင်လည်း အဖော်တစ်ဦးနှင့်အတူ လိုက်လာပြီး ထိုစပါးကြီးမြွေကို သည်းခြေထုတ်ကြလေတော့သည်။

ကျွန်တော်ကတော့ ဘေးက ရပ်ကြည့်သူ ဖြစ်ပါ၏။ မြွေကို ဗိုက်ခွဲပြီး



ဟိုနှိုက်ဒီနှိုက် လုပ်ကြသည်။ ကျွန်တော့်အမြင်မှာတော့ ကလီစာလိုလို အရာလေးတွေတော့ တွေ့လိုက်ပါသည်။

'ဒီစပါးကြီးက သည်းခြေမရှိဘူးဗျ။ ဒီနေ့ မြန်မာလို ဘယ်နှစ်ရက်လဲ မသိဘူး။ ကျွန်တော်ကြားဖူးတာက လဆန်းဆိုလား လဆုတ်ဆိုလား၊ အဲဒီအချိန်မှာ သည်းခြေက ငုပ်နေတတ်တယ်'

သည်တော့မှ ကိုသိန်းလှိုင်ဆိုသော သူသည်လည်း တတ်ယောင်ကား တစ်ယောက်မှန်း ကျွန်တော် ရိပ်စားမိလိုက်သည်။ ကျွန်တော်ကလည်း စပါးကြီးသည်းခြေအပေါ် မက်မက်မောမောရှိလှသူ မဟုတ်တာမို့ ဘာမျှစောဒကမတက်တော့ပါ။

သည်လိုနှင့် သူတို့နှစ်ယောက်လည်း လူမော လက်ပေသာအဖတ်တင်ကာ ကျွန်တော့်မှာလည်း သူပေးလာမည့် စပါးကြီးသည်းခြေ ဆိုသောအရာကို မရရှိသည့်အပြင် မြင်တောင် မမြင်ဖူးလိုက်တော့ပါ။

* * *

ကျွန်တော် အမိမြေပြန်ရောက်၍ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း အဟောင်းများ ရှာဖွေ ဖတ်ရှုမိသောအခါမှ စပါးကြီးမြွေ၏ အကြောင်းကို သိလာရတော့သည်။ စပါးကြီးမြွေဟူသည်ကား ရှားပါးပြီး တန်ဖိုးကြီးမားလှသည့် ရတနာတစ်မျိုးကဲ့သို့ပင် ဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်ပါပြီ။

၎င်း၏ ခန္ဓာကိုယ်တွင်းမှ အရာများသည်လည်း ဆေးဝါးအတွက် အံ့မခန်းဖွယ် အသုံးဝင်သလို လောကီရေးရာအတွက်လည်း သိဒ္ဓိအစွမ်းနှင့် ပြီးပြည့်စုံကြောင်း သဘောပေါက်ရပါပြီ။သို့သော်လည်း ၎င်းတို့ကို သိရှိရသော အချိန်၌ ကျွန်တော့်မှာ အခါနှောင်းခဲ့ပြီ ဖြစ်၏။

စပါးကြီးမြွေနှင့် ပတ်သက်သည့် အကြောင်းများဖတ်မိတိုင်း ကျွန်တော် အလဟဿ မြေမြှုပ်ပစ်ခဲ့သည့် မြောက်မြားစွာသော စပါးကြီးမြွေများကို မျက်စိထဲ မြင်ယောင်လာကာ နှမြောတသ နေမိပါတော့သည်။ ခုမှတော့ ဘယ်လို တတ်နိုင်တော့မည်နည်း။

လွန်စွာအဖိုးတန်လှသည့် စပါးကြီးမြွေဟူသော ရတနာကို မြောက်မြားစွာပင် လက်ဝယ်ရောက်ရှိခဲ့ပါလျက် မိမိအသိအမြင် အတွေ့အကြုံ ဗဟုသုတ မကြွယ်ဝမှုကြောင့် ဆုံးရှုံးခဲ့ရသည့် အဖြစ်တစ်ခုကို တွေးမိတိုင်းလည်း စိတ်ထဲမှ "လွတ်တဲ့ငါးတော့ ကြီးပြန်ပြီ မမိုးပွင့်ရေ" ဟုသာ အခါခါ ရေရွတ် နေမိပါတော့သည်။

**နိုင်ခဲ့တွတ်**
**(ဝိရှာ-စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com

# နှောင့်ယှက်
# [illegible]

## အခြောက်အလှန့်
## ကင်းလွတ်ခဲ့ရသည့် အစီအရင်

အောင် (သိဒ္ဓိရာဇာ)
(နဝင်းမြို့တော်)



တစ်နေ့ ကျွန်ုပ်သည် ဆရာတော် ရှင်ဇနကာဘိဝံသ၏ အခြေပြု ပဋ္ဌာန်း စာအုပ်ကို ဖတ်ရှုနေချိန်ဖြစ်လေသည်။

'ဆရာအောင်'

ဟု နှုတ်ဆက်သံနှင့်အတူ လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ကတည်းက ခင်မင်ရင်းနှီးခဲ့ရသော မိတ်ဆွေ ဦးစိန်ဝင်း ရောက်လာခဲ့ပါသည်။

'ဦးစိန်ဝင်းပါလား၊ ဘယ်လို မျက်စိလည်ပြီး ရောက်လာတာလဲဗျ။ မတွေ့ရတာတောင် နှစ်တွေ အတော်ကြာနေပြီနော်။ လာလေဗျာ ဒီမှာထိုင်ပါ'

ဟု ရှည်လျားစွာ ပြောဆိုပြီး ခရီးဦးကြို ပြုလုပ်လိုက်ပါတော့သည်။

ကျွန်ုပ်၏ မိတ်ဆွေဦးစိန်ဝင်းသည် အဆောက်အအုံများ ဆောက်လုပ်သော ဗိသုကာအလုပ်ဖြင့် အသက်မွေးသောသူ ဖြစ်လေသည်။ ယခု ကျွန်ုပ်ထံ ရောက်လာခဲ့သော အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ဟဲ... ဦးစိန်ဝင်း အကြောင်းကိစ္စ ရှိလို့သလား'

ဟု ကျွန်ုပ်မှ မေးလိုက်သောအခါ ဦးစိန်ဝင်းက ဖြစ်စဉ်တစ်ခုကို ရှည်လျားစွာပင် ပြောပြပါတော့သည်။

'ဖြစ်စဉ်က အဆန်းလို့ပဲ ပြောရမှာပါပဲ ဆရာအောင်ရေ၊ ကျွန်တော်တို့နေတဲ့ ရပ်ကွက်ထဲမှာပဲ ကျွန်တော့် ဦးကြီး နေထိုင်တဲ့အိမ် ရှိတယ်ဗျ။ ကျွန်တော့်ဦးကြီးက လူရိုးကြီးဖြစ်သလို တချို့ကိစ္စတွေမှာ တစ်ယူသန်တယ်ဗျ။ သူ့ကို နားပေါက်အောင်၊ နားဝင်အောင် ပြောဖို့ ခက်တယ်ဗျ။ ကျွန်တော်အပါအဝင် လူအတော်များများက ကျွန်တော့်ဦးကြီးနဲ့ စကားမဆုံဖြစ်၊ စကားမပြောဖြစ်အောင် ရှောင်ရှားလေ့ ရှိတယ်ဗျ။

ပြီးခဲ့တဲ့ တစ်လခွဲလောက်က ဦးကြီး ကျွန်တော့်အိမ်ကို ရောက်လာပြီး သူ့အိမ်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းတွေကို ပြန်ပြောပြခဲ့တယ်။ ကျွန်တော့် အနေနဲ့တော့ ကိုယ်သိတဲ့ နားလည်တဲ့ အကြောင်း မဟုတ်တော့ ဦးကြီးပြောစကားကို နားထောင်ရုံကလွဲပြီး ဘာမှ အကူအညီ မပေးနိုင်ခဲ့ဘူးဗျ။

ဆရာ မြင်သာအောင် ကျွန်တော် ပြောပြရရင်တော့ ကျွန်တော့်ဦးကြီး နေအိမ်ဝင်းခြံ ဖွဲ့စည်းပုံကို စတင်ပြီး ပြောပြရမှာပါပဲ။ အိမ်ဝင်းရဲ့ အရှေ့ဘက်အရပ်နဲ့ မြောက်ဘက် မျက်နှာ

www.burmeseclassic.com

**စာမှာ လမ်းရှိတယ်ဗျ။ နေအိမ်က မြောက်ဘက်လှည့် ထောင့်ဝင်းခြံပေါ့ဗျာ။** အိမ်ရဲ့ အရှေ့ဘက်နဲ့ တောင်ဘက် ဝင်းထရံအတွင်းဘက်မှာ မန်ကျည်းပင်ကြီးတွေ ရှိတယ်ဗျ။ (၅)ပင်,(၆)ပင်လောက် ရှိမှာပါ။

အိမ်အဆောက်အအုံက လေးပင်သုံးခန်း (၂)ထပ်အိမ်ပေါ့ဗျာ။ အိမ်ကို ထရံကာပြီး သွပ်ပြားမိုးအိမ်ဗျ။ ကျွန်တော့်ဦးကြီး အခုနေထိုင်တဲ့ အိမ်မှာ နေထိုင်လာခဲ့တာ နှစ်(၂၀) ကျော်လာပါပြီ။ သူ့အကြိုက် ဆောက်လုပ်ခဲ့တာပါ။ ရှေးယခင်က ဘာမှ ထူးထူးခြားခြား မဖြစ်ခဲ့ပါဘူး။

အခု ဖြစ်ပေါ်လာတဲ့ အကြောင်းကိစ္စကတော့ (၃)လလောက်ပဲ ရှိမယ်လို့ ပြောပြတယ်ဗျ။ ဖြစ်ပုံက ညနေ နေဝင်ချိန်ရောက်လို့ အိမ်တိုင်းလို မီးထွန်းကြတဲ့ အချိန်ကစပြီး **အိမ်ရဲ့ အနောက်တောင်ဘက် အရပ်ကနေပြီး အိမ်မိုးဖြစ်တဲ့ သွပ်ပြားအမိုးပေါ်ကို ခဲလုံးတွေ ကျတော့တာပါပဲ။**

ခဲလုံးတွေဟာ ကျောက်စရစ်ခဲလုံးတွေ ဖြစ်ပြီး ကွမ်းသီးလုံးအရွယ်စားလောက် ရှိမယ်လို့ ထင်တယ်။ အများဆုံးကတော့ လေးခွ(လောက်လေး) ခဲလုံးလေးတွေလောက် ဆိုတော့ တစ်စုံတစ်ယောက်က လေးခွ(လောက်လေး)နဲ့ ပစ်နေတယ်လို့ ထင်ခဲ့တာတဲ့ဗျ။

**တကယ်ကျပြန်တော့ ခဲလုံးတွေက တစ်လုံးချင်း ကျသလို တစ်ခါတစ်ရံမှာ ခဲ(၂)လုံးပြိုင်၊ ခဲ(၃)လုံးပြိုင်အထိ ကျတတ်သတဲ့။ ခဲကျတဲ့ကာလဲ တစ်ကြိမ်တစ်ခါတင် မဟုတ်ဘူးတဲ့။ (၅)မိနစ်လောက် နားလိုက်၊ (၁၀)မိနစ်လောက် အကြာမှာ ခဲကျလိုက်နဲ့ မိုးလင်းခါနီးထိ ဖြစ်နေတာတဲ့ဗျ။**

နေ့ခင်းမှာတော့ ဘာမှ မဖြစ်ပြန်ဘူးတဲ့ ဆရာအောင်ရေ၊ ညရောက်လို့ ခဲလုံးလေးတွေကျလို့ တစ်နာရီလောက်



အကြာ ရောက်လာရင် **အိမ်ဝင်းထဲနဲ့ အိမ်ပေါ်မှာ လူများ သွားလာနေသလို ခြေသံတွေကို ကြားနေရပြန်သတဲ့ဗျာ။**

ညဘက်မှာ ခဲကျလို့ ဓာတ်မီး(လက်နှိပ်ဓာတ်မီး)နဲ့ မီးထိုးပြီး ရှာတဲ့အခါမှာတော့ ခဲကျသံတွေသာ များနေပေမယ့်လို့ ခဲလုံးတွေကတော့ (၄),(၅)လုံး ဒါမှမဟုတ်ရင် အများဆုံး(၇)လုံးလောက်ပဲ ရှာတွေ့ရသတဲ့ဗျ။

ကိုယ့်အိမ်ဝင်းထဲက ကျောက်ခဲရော မဖြစ်နိုင်ဘူးလားလို့ မေးစရာရှိတာပေါ့။ ဦးကြီးက ဘာကိုမှ သိပ်ပြီး ယုံကြည်တတ်တာ မဟုတ်တော့ သေချာအောင်ဆိုပြီး အိမ်ဝင်းခြံထဲမှာ အမှိုက်သရိုက်ကစပြီး မြေတလင်းပြောင်နေအောင် သန့်ရှင်းရေး လုပ်ထားတာဆိုတော့ အခိုင်အမာ ပြောနိုင်နေတော့တာပေါ့။

အိမ်ဝင်းထဲက မြေကလဲ သဲမြေမဟုတ်ဘူးလေ။ မြေက အမာဆိုတော့ ချောပြောင်နေတာပါ။ ညရောက်လာတိုင်း အိမ်ပေါ် ခဲကကျ၊ ခြေသံတွေကြားနဲ့ မကြောက်တတ်ပေမယ့်လို့ ရက်ရှည်လာတော့ အိပ်ရေးပျက်လာတယ်တဲ့ဗျ။ သူ သည်းမခံချင်တော့ဘူး။

ဒါနဲ့ သူသိသမျှ လက်တစ်ကမ်းအသိနဲ့ သူလုပ်နိုင်တာကို လုပ်ခဲ့တာ တစ်လခွဲလောက် ရှိနေပြီဗျ။ ဘာမှ ထူးခြားတိုးတက်တာ မရှိတော့ အတော်ကို စိတ်ပျက်နေပြီဗျ။ ဒီလိုဖြစ်တာကို ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးဖို့နဲ့ သူ့ကို ကူညီဖို့ဆိုပြီး ကျွန်တော့်ဆီ ရောက်လာတာဗျ'

ဟု ရှည်လျားစွာ ပြောပြပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးစိန်ဝင်းမှာ ဆေးလိပ်မီးညှိပြီး အားပါးတရ ဖွာရှိုက်နေလိုက်ပါသည်။ ကျွန်ုပ်မှာလည်း ဦးစိန်ဝင်း၏ ပြောစကားများကို လွန်စွာ စိတ်ဝင်စားသဖြင့် အထူးပင် အာရုံစိုက်ပြီး နားထောင်နေမိပါတော့သည်။

ဦးစိန်ဝင်းက...

'အထက်က ကျွန်တော် ပြောခဲ့တဲ့ အကြောင်းကိစ္စကို ဆရာအောင်အနေနဲ့ ဘယ်လို အကူအညီပေးနိုင်မလဲလို့ အကူအညီတောင်းချင်တာပါ'

ဟု ပြောပြန်ပါသည်။

ကျွန်ုပ်မှာလည်း မိတ်ဆွေဦးစိန်ဝင်း၏ စကားလာအတိုင်း မည်သို့သော အကြောင်းဖြင့် အကူအညီ အကြံဉာဏ်ပေးရမည်ကို စဉ်းစားရပါတော့သည်။

ကျွန်ုပ်မှ...

'ဦးစိန်ဝင်းရေ...အခု ခင်ဗျား ပြောစကားများအရဆိုရင် **ပုဏ္ဏကတိုက်၊ အခြောက်အလှန့်ပဲ ဖြစ်မယ်ထင်တယ်ဗျ။** အခု အနောက်တိုင်းတွေမှာတောင် အဲဒီအဖြစ်မျိုးအပြင် ဒီထက်ဆန်းပြားတဲ့ အဖြစ်တွေအကြောင်း ဆောင်းပါးတွေကို ဖတ်ရတယ်ဗျ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ...

အလွန်သိမ်မွေ့တဲ့ အကြောင်းအရာဖြစ်နေလေတော့ ကျွန်တော် သိသမျှကို ပြောပြရမှာပဲလေ၊ လုပ်တာ,မလုပ်

www.burmeseclassic.com

တာ၊ ယုံတာ,မယုံတာကတော့ ကာယ ကံရှင်ရဲ့ ကိစ္စပဲပေါ့။ ဖြစ်တာ,မဖြစ်တာ ကိုလဲ တိတိကျကျတော့ တာဝန်ယူနိုင် တာ မဟုတ်ဘူးဗျ။

ဒီလိုကိစ္စမျိုးကို ကျွန်တော် ဒီတစ်ခါပဲ ဦးစိန်ဝင်း အပြောကြောင့် သိရတာဗျ။ ကျွန်တော်တို့လူမျိုးရဲ့ ကိုးကွယ်ယုံကြည် တာက ထေရဝါဒဗုဒ္ဓဘာသာဆိုတော့ သုံးလောကသခင် ဖြစ်တော်မူသော မြတ်စွာ ဘုရားရှင်ရဲ့ သုံးဆယ်ပါးနဲ့ ရှေးနတ်တော်လာ ပရိတ်တွေ, ပဋ္ဌာန်းတွေကိုလဲ အားကိုးရ အားထားရမှာပဲဗျ။ တစ်ဖက်ကလဲ မဂ် ကြောင်း,ဖိုလ်ကြောင်း မဟုတ်တဲ့ လောကီ ရေးရာကိစ္စ နယ်လွန်ကိစ္စတွေ ဆိုပြန်တော့ ဝိဇ္ဇာဓရဂုဏ်ရှိရနည်းကိုပဲ သုံးစွဲရဦးမှာပဲ။

ဝိဇ္ဇာဓရဂုဏ်ရှိရနည်းနဲ့ သုံးတဲ့အခါမှာ သုံးလောကသခင် ရှင်တော်မြတ်ဘုရားရဲ့ တရားတော်,ပရိတ်တော်တွေကို အထွတ် ပြုပြီး ဗုဒ္ဓအာဏာ၊ ဓမ္မအာဏာ၊ သံဃာ့ အာဏာတွေနဲ့ အသုံးပြုရင် အခု ခင်ဗျား ဦးကြီး တွေကြုံနေရတဲ့ ဒုက္ခက ကင်းမယ် လို့တော့ ထင်တယ်ဗျ'

ဟု ပြန်ပြောပြလိုက်ပါသည်။

ကျွန်ုပ်၏ ခွေးနွေးချက်ကို သဘော ကျသဖြင့် ပြုဖွယ်ကိစ္စများကို ပြောပြ ရန် တောင်းပန်သဖြင့် ကျွန်ုပ်မှ အောက် ပါအတိုင်း စီမံဆောင်ရွက်ရန်ကို ပြော ပြလိုက်ရပါတော့သည်။

အတိုက်အခိုက်နှင့် အခြောက် အလှန့် ကင်းစေသော အစီအမံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ဦးစိန်ဝင်းရေ... ခင်ဗျားဦးကြီးကို ကျွန်တော် ပြောပြလိုက်တဲ့ စနစ် အတိုင်း တိတိကျကျ လုပ်ဖို့တော့ ပြောလိုက်မယ်ဗျ။ တစ်ရက်နဲ့ ပြီးချင်မှ ပြီးမှာ။ ဒီတော့ ကာလတစ်ခု သတ်မှတ် ရမယ်။ သတ်မှတ်ကာလမှာ အဓိဋ္ဌာန် သန်ရင် ပိုကောင်းတာပေါ့ဗျာ။ မြတ်စွာ



ဘုရားရှင်ရဲ့ ဂုဏ်တော်၊ တန်ခိုးတော် တွေကိုလဲ တကယ်ကို အကြွင်းမဲ့ ယုံကြည်ရင် အောင်မြင်မယ်လို့ ကျွန်တော်တော့ ခံယူပါတယ်'

ဟု ပြောလိုက်ပါသည်။

---

**စီမံရမည့်မှာ**

---

၁။ ညစဉ် ပစ်ပေါက်ခံရသော ကျောက်ခဲကို ရတန်သလောက် စုဆောင်းထားရမည်။

၂။ ထိုကျောက်ခဲများကို ဒန်ရေဖလား အသစ် တစ်လုံးထဲတွင် ထည့်ပါ။ ထိုကျောက်ခဲများ ထည့်သော ဒန်ဖလားတွင် ရေသန့်ကို ကျောက်ခဲများ မြုပ်နေအောင် ရေဖြည့်ထား ပါ။

၃။ ကာယကံရှင်(အိမ်ရှင်)အနေဖြင့် စတင် ဆောင်ရွက်စဉ်က စပြီး (၉)ရက် ကာလတိုင် အဓိဋ္ဌာန်တင်ထားပါ။ ထိုအဓိဋ္ဌာန်ရက်အတွင်း နဝင်္ဂသီလထိန်းခြင်း၊ သက်သတ်လွတ် စားခြင်း ပြုလုပ်နိုင်လျှင် ပိုကောင်းပါသည်။

၄။ စတင် ဆောင်ရွက်သည့်နေ့မှ စပြီး ဖယောင်း တိုင်(အလင်းတိုင်)နှင့် ဆောက်တော်ရေတို့ ကို(၅)ခွက်၊ (၅)တိုင်စီ ကပ်လှူပါ။ သာသနာ စောင့် နတ်မင်းကြီးများကို ပင့်ဖိတ်ပါ။

၅။ ဒန်ဖလားတွင် ထည့်ထားသော ကျောက်ခဲ များခွက်ကို ရှေ့တွင် ချထားပါ။

၆။ ဘုရားကန်တော့ခြင်း၊ သီလခံယူဆောက် တည်ခြင်း၊ မေတ္တာပို့သခြင်း ပထမလုပ်ပါ။ နောက်...

(က) မေတ္တသုတ်(၁၀)ခေါက် ရွတ်ဖတ်ပူဇော် ပါ။

(ခ) ပဋ္ဌာန်းပစ္စယုဒ္ဒေသကို (၁၀)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

(ဂ) သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

(ဃ) နမောပုံဂါထာတော်ကို (၁၀)ခေါက် ရွတ်ဖတ်ပူဇော်ရန်ဖြစ်သည်။

မေတ္တသုတ်၊ ပဋ္ဌာန်းနှင့် သမ္ဗုဒ္ဓေ ဂါထာတော်ကို ရေးသားဖော်ပြခြင်း မပြုတော့ပါ။ နမောပုံဂါထာတော်ကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

---

**နမောပုံဂါထာ**

---

❖ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

❖ ဝမ္မာတရဒ္ဓဂဿမော အမ္မာဘတော နတော သဿဿဟံသ။

❖ သတောတမ္မဟ ဂနမ္မာ အဿဒ္ဓတော ဝမောသရတာဿ။

❖ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ထိုဂါထာတော် လေးပုဒ်ဆုံးမှ (၁)ခေါက် သတ်မှတ်ရပါမည်။ (၁၀) ခေါက်ရွတ်ရမည် ဖြစ်ပါသည်။

ထိုသို့ နေ့စဉ်ပြုဖွယ်များကို တိုင် တည်၍ သစ္စာပြုပါ။ သစ္စာတိုင်ဖြင့် မေတ္တာထပ်မံပို့ပါ။ နောက် (၃၁)ဘုံ သား ဝေနေယျများစွာအား ကုသိုလ် အမျှ ပေးဝေပါ။

အဓိဋ္ဌာန်ကိုးရက် ပြည့်သောအခါ တွင် ကျောက်ခဲများကို **ကာယကံရှင် (အိမ်ရှင်)၏ ဘုမ္မိအရပ်သို့ ပစ်စွန့် လိုက်ပါ။**

အထက်ပါ ဆောင်ရွက်ဖွယ်များကို

www.burmeseclassic.com

ဝေသာလီခေတ်

# မဟာတိုင်းစန္ဒြားမင်းလက်ထက်

အတိတ်နိမိတ် ကောက်ယူမှုများ

စောလှိုင်းသျှင် (မြောက်ဦး)

ရခိုင်ပြည်သူတို့သည် မင်း၊ မိဖုရား၊ မှူးမတ်၊ သေနာပတိမှအစ တောင်ယာလယ်လုပ် တားမ,ခုတ်အဆုံးထိ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသည်တို့ လုပ်ဆောင်ရာတွင် အတိတ်နိမိတ် ကောက်ယူမှုများ ရှိကြပါသည်။

ထို့အတူ ဝေသာလီပြည်သူတို့သည်လည်း ဘုရားတည်ရာ၌ လည်းကောင်း၊ နန်းတော်,မြို့ရိုး စသည်တို့ကို တည်ဆောက်ရာ၌ လည်းကောင်း၊ သာရေး, နာရေး စသော ကိစ္စအဝဝ စသည်တို့ကို ပြုလုပ်ရာ၌ လည်းကောင်း၊ စစ်ချီ, စစ်ထွက်ရာ၌ လည်းကောင်း အတိတ်နိမိတ်များကို ကောက်ယူပြီး ပြုလုပ်လေ့ရှိကြပါသည်။

ဤနေရာ၌ **ဝေသာလီခေတ် မဟာတိုဥ်း(တိုင်း)စန္ဒြားမင်း လက်ထက် အတိတ်နိမိတ် ကောက်ယူမှုများ**ကို လေ့လာတင်ပြလိုပါသည်။

တတိယ ဓညဝတီခေတ်၏ နောက်ဆုံးမင်း သူရိယကေတု ကွယ်လွန်ပြီးနောက် သားတော်မဟာတိုင်းစန္ဒြားနှင့် မိဖုရား သုပဘာဒေဝီတို့သည် ကောဇာ ၂၃၉ ခုနှစ်တွင် ထီးနန်း ဆက်ခံခဲ့ကြ၏။

**တိုင်းစန္ဒြားမင်းကြီးသည် မထွေးမွေးဖွားစဉ်ကပင် ထူးဆန်းသော အတိတ်နိမိတ်များ ပြသ၍ မွေးဖွားလာခဲ့သူ ဖြစ်၏။**

ဖခမည်းတော် သူရိယကေတုမင်း၌ နန်းမွေဆက်ခံမည့် နန်းလျာ သားဘေနာ မရှိ၍ သားဆုတောင်းကြရာ တစ်နေ့သ၌ **ငှက်လင်းတ တစ်ကောင်သည် သားတစ်ကိုချီ၍ နန်းတော်တွင် နားလာသည်**။ ထိုနိမိတ်ကို ပြည့်ရှင်မင်းက မေး:တော်မူလေရာ ပညာရှင်အမတ်ဖြစ်သော **သောင်းတီးစားဥတ္တမသီရိကျော်** လျှောက်သည့် လျှောက်ထုံးတော်ကား...

'အရှင်မင်းမြတ်၊ ငှက်အမျိုးတွင် လင်းတငှက်သည် အသက်ရှိသော သတ္တဝါတို့ကို မစားပါ။ အသက်ကုန်မှ စားသည့် ငှက်သူတော်မျိုး ဖြစ်ပါသည်။ ယိမိတို့ သွားရာသို့လဲ အစာကို ချီယူ၍ ပျံသွားရိုးထုံး မရှိပါ။

သားသမီးတို့ကိုလည်း မိမိတို့ စားခဲ့သော အာဟာရနှင့်သာ ကြီးပြင်းအောင် ကျွေးမွေးလေ့ရှိပါသည်။ ထိုငှက်မျိုးသည် သားတစ်ကို ချီလျက် နန်းတော်၌ နား၍ သားတစ်ကို ချထားခဲ့သည့်အလိုမှာ ဘုန်းပညာကျက်သရေနှင့် ပြည့်စုံတော်မူသော သားရတနာတစ်ပါးကို အရှင်မိဖုရား၌ ဧကန်ဖွားမြင်တော်မူပါလိမ့်မည်'

ဟု လျှောက်လေ၏။

ထိုအခါ မင်းကြီး အလွန်နှစ်သက်သဘောကျ၍ အဖိုးအနဂ္ဃထိုက်သော ပတ္တမြားလက်စွပ် တစ်ကွင်းကို ဆုချီးမြှင့်တော်မူခဲ့လေသည်။

မကြာမီ မိဖုရားကြီး သုပဘာဒေဝီသည် အေးချမ်းငြိမ်သက်စွာ အလိုတော်ပြည့်စုံသည်ဟု အိပ်မက်ကို မြင်မက်လေ၏။ **ဖွားမြင်တော်မူသောအခါ၌လည်း ဥက္ကာပျံခြင်း၊ မြေငလျင်သည်းထန်းစွာ လှုပ်ခြင်း စသည့် အံ့ဩဖွယ်အတိတ်၊ နိမိတ်တို့ကို ပြသလေသောကြောင့်** ထိုမင်းသားကို **မဟာစန္ဒြား** ဟူသော အမည်မှည့်လေ၏။



ထို မဟာစန္ဒြားမင်း မင်းဖြစ်တော်မူသောအခါ ထိုမင်း၏ ဘုန်းတန်ခိုးကြောင့် သိကြားမင်းသည် **အရိန္ဒမာလှံ့ပျံ့**ကို ဆက်သလာ၏။

ထိုမင်းကြီးအား အရိန္ဒမာလှံပျံ ဆက်သလာပုံမှာ မင်းကြီးသည် မြတ်စွာဘုရားကိုယ်စား ရုပ်ပွားတော် မဟာမုနိကို တမုတ်ကြိုးဖြင့် မြှင့်၍ထားတော်မူပြီးသော် ပလ္လင်တော်ကို မိမိသည် တနင်္လာသား ဖြစ်တော်မူ၍ **ကြေး၊ ကျောက်၊ သစ်၊ ကံ့ကော် စသည်**တို့ကိုပယ်လျက်ခြောက်ရက်သား သစ်နံ့နှင့် ဆောက်လုပ်တော်မူစေ၏။

ပလ္လင်တော်ပြီးလျှင် ရုပ်ပွားတော် မဟာမုနိအား တမုတ်ကြိုးကို လျှော၍ ချစေသော် မကျနိုင်သောကြောင့် ... သည် ကြေးနှင့် ကျောက်ကို နံ့ဖြ... သည်ဟု မလုပ်စေဘဲ သစ်သားနှ... လုပ်စေသောကြောင့်လော မသိ... မင်းကြီးကြောင့်ကြတော်မူလေ၏။

ထိုအခါ ရက္ခစိုးနတ်ကြီးက...

'မင်းကြီး မကြောင့်ကြ ...

သည် မင်းကြီးနံရက် ...သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပလ္လင်တော်သို့ သက်(ဆင်း)တော်မမူ ယနေ့မှ စ၍ ခုနစ်ရက်လွန်၍ အင်္ဂါနေ့မှ သက်(ဆင်း) တော်မူလိမ့်မည်။ အချိန်မှာလုံပုံ့ကို ရလိမ့်မည်' ဟု အိပ်မက်ပေး၏။ မင်းကြီးလည်း သီတင်းသီလ ဆောက်တည်၍ နေတော်မူ၏။ ထိုအိပ်မက်အတိုင်းပင် တန်ဆောင်မုန်းလပြည့်၊ အင်္ဂါနေ့ တစ်နာရီကျော်တွင် ပလ္လင်ပေါ်သို့ မဟာမုနိ ဆင်းသက်တော်မူ၏။ ထိုနေ့ မွန်းလွဲတွင် မိန်းမတစ်ယောက်သည် လုံပုံ့ကို ကိုင်လျက် မင်းကြီးပေါင်တော်ကို ကျော်၍ သိမ်တော်ဂူထဲသို့ ဝင်ပြီးလျှင် ပလ္လင်တော်ထက်၌လုံပုံ့ကိုထောင်လျက်ထားခဲ့၍ ပျောက်သွားလေ၏။

မင်းကြီးလည်း သတိတော်မမူဘဲ ဂူထဲသို့ ဝင်လေသော် တစ်ပြိုင်နက်တည်း မှောင်အတိကျလေ၏။ သို့နှင့် ရုပ်ပွားတော်ကို မမြင်သည်ဖြစ်၍ ထွက်တော်မူခဲ့၏။

သီတင်းသီလ ဆောက်တည်လျက် နေမြဲနေတော်မူ၏။ နောက် လေးရက်မြောက် သောကြာနေ့မှ ရုပ်ပွားတော်ကို မြင်တော်မူ၍ လုံပုံ့ကိုလည်း နံနက် ခုနစ်နာရီကျော်တွင် ရတော်မူလေ၏။

**ထိုအင်္ဂါရွှေလုံပုံ့၏ အရိုးသည် ရွှေဖြင့်ပြီး၏။ သုံးတောင်ရှည်၏။ အသွားကိုမူ ငွေဖြင့်ပြီး၏။ အလျား သုံးမိုက်ရှည်၏။ မိုးကြီး လတ်တကောက်ဆို၍ကွင်း ဝတ်လျက်ပါ၏။ ထိုမင်းလက်ထက် ရတနာမိုးလည်း ရွာလေ၏။ ဆင်ဖြူရတနာ တစ်ထယ်နှစ်စီး ရောက်လာလေသည်ဟု ဆိုပါသည်။**

ထိုမင်း မင်းဖြစ်၍ နှစ်မလည်ခင် ဆင်ဖြူရတနာနှင့် မျောက်သားတော် မိဖုရားတို့ လွှန်ခဲ့ကြလျှင် ဗေဒင်တတ် ပုဏ္ဏားကျော်တို့ မေးတော်မူသော် **ဓညဝတီမြို့တော်သည် ကိန်းခန်းကုန်ပြီ ဖြစ်၍ မြို့သစ်ပြောင်းသင့်ပါကြောင်း နားတော်လျှောက်လေသော်** ဓညဝတီမြို့တော်မှ ထွက်ခွာလာခဲ့ကြပြီး



ကန်သုံးဆင့်မြို့တော်ကို ကောဇာ ၂၄၉ ခုနှစ်တွင် တည်ခဲ့ကြလေသည်။

ထိုသို့ မြို့တည်၍ ခုနစ်လအတွင်းတွင် မှူးမတ်၊ ဗိုလ်ပါ၊ ဆင်၊ မြင်း သုံးသိန်းမက သေကျေပျက်စီးကြကုန်၏။ ထိုသို့ သေကျေပျက်စီးသောအကြောင်းကြောင့် ပညာရှိမှူးမတ်တို့နှင့် တိုင်ပင်၍ **မြေဇာသဏ္ဍာန်ကို တူးဖော်၍ ကြည့်ကြကုန်၏။**

**ထိုအခါ ခုနစ်တောင်အနက်ရှိ မြေအောက်၌ ချိုးငှက်အသင်ကဲ့သို့ ဖြူမြင်းသော မြေတစ်ရသည် နဂါးရုပ်သဏ္ဍာန်ဖြင့် အထက်တောင်ကောင်းသို့ မျှော်ကြည့်နေဟန်ကို အံ့ဩဖွယ်တွေ့ကြကုန်သည်။**

ထိုအခါ မင်းကြီးသည် နန်းဦးဘုရားရင်ပြင်တော်၌ ခုနစ်ရက်ပတ်လုံး ဥပုသ်သီလ ဆောက်တည်တော်မူ၏။ ထိုသို့ ဥပုသ်သီလ ဆောက်တည်နေစဉ်အတွင်း တစ်ညနေတွင် ဘုမ္မစိုးနတ်လာ၍ အိပ်မက်ပေးလာ၏။

'ယောႋး... မဟာရာဇာမင်းမြတ် ငါ့စကားကို နားထောင်ပါလော့။ ကန်သုံးဆင့်မြို့တော်တွင် နန်းသက် မကြာဆုံးလိမ့်မည်။ ငါ ညွှန်ပြသော နေရာဒေသကို အသေအချာ ကြည့်ပါလော့။ ရေကြိုင်(ကြည်)ချောင်ရှိ လတာပြင်ရှိ မြေကို အမြန်မြေညှိ၍ နန်းတော်မြို့တော် တည်ဆောက်ပါ။ မြို့အမည်ကိုလဲ ဝေသာလီ ကျောက်လှေကားမြို့တော်ဟု အမည်ခေါ်တွင်ပါလော့'

ဟု အိပ်မက် မြင်မက်ခဲ့လေ၏။

အိပ်မက်အတိုင်းပင် ဘုမ္မစိုးနတ် ညွှန်ပြသော ရန္တနဒီမည်သော ရန်းချောင်း၏ အညာဒေသဖြစ်သည့် သေလနဒီချောင်းသို့ ရောက်လေသော် ဘုမ္မစိုးနတ်သည် မြည်းဟန်ဖန်ဆင်း၍ သတင်းရှိသောက် (သက်တန်း)ဖြင့် ပြလေသော် ထိုသက်တန်း လှည့်ပြသောနေရာ၌ ရပ်တန့်၍ မြို့တည်တော်မူလေသည်။ မြို့အမည်ကိုလည်း **"ဝေသာလီကျောက်လှေကား"** ဟု ခေါ်တွင်စေသည်။

ထိုသို့ မဟာစန္ဒြားမင်းကြီး အစပြု၍ ဝေသာလီ၌ မြို့တည်ကြောင်းကို မြောက်ဦးခေတ် **စာဆိုတော် ဒုတိယ မင်းညိုက ရခိုင်မင်းသမီးချင်းတွင်...**

'ဌ ဝတုံ့ရှိရှ၊ တမြမြတည့်၊ ညဝတီ၊ သိဂ္ဂီ ရွှေပြည်၊ ဘုန်းထွန်းစည်သား၊ အမည်စန္ဒ၊ သူရိယချည်း၊ ဆက်ကာ တည်းလျှင်၊ သားမြေးစဉ်လျှောက်၊ ငါးယောက်နှစ်ကျိပ်၊ ဖြူရိပ်ဖြန့်ဆောင်း၊ နှောင်းကာခါရှိန်၊ ကြိမ်သည့်နတ်မွန်၊ ညွှန်ပြလတ်တိ၊ ဝေသာလီ၌၊ ဇာတိဆန့်နှံ၊ မျိုးမှန်ဖြူလဲ့၊ တစ်ဆယ့်နှစ်စီး၊ ကျော်သီးထိုခါ၊ ကျော်ထင်စွာထား၊ မဟာမည်လှိုင်း၊ တိုင်း(တိုင်း)စန္ဒြား၊ ကျောက်လှေကား၌...၊

သိကြားနတ်ဓမ္မ၊ လေးနှင့်သန်လျက်၊ လက်နက်လုံပုံ၊ စေစားခံလျက်၊ နံ့ပုံ့ သောင်းကွက်၊ ကိုးဆက်မင်းတိုင်၊ တုတ်ခွန်လှိုင်၏၊ ရိုက်တိုင်ထိန်ကြိုး၊ မိုးလည်းရတနာ၊ ရွာကာကာလျှပ်၊ မည်လာကျော်မွန်း၊ ဥဒိန်းထောင်လွှား၊ စန္ဒြားဟု၊ ကြီးအားမြှောက်စည်၊ ကိုးဆက်တည်သည်၊ လှုပြည်တုန်းဟိန်းစူးတည့်လေ...'

ရေးဖွဲ့ စပ်ဆိုခဲ့ပါသည်။

ထိုသို့ မြို့တည်သောအခါ၌ ပြည်ထောင်နီးချင်း မင်းအပေါင်းတို့သည် တာဝန်းခံ၍ လုပ်လာကြပေ၏။ မြို့ထော်အတွင်း မင်းသုံးရေကန်တို့ကို တူးဖော်သောအခါ ထွက်အံ့သော ရေကို နဂါးမှုတ်လေ၍ ထန်းခုနစ်ဆင့် နက်အောင်တူးမှ ကောင်းစွာသော ရေသည် ဗုန်တက်(လျှံကျ)လာလေ၏။

ထိုမင်းလက်ထက်အခါ၌ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား၏ သာသနာတော်သည် နေရောင် လရောင်ပမာ တောက်ပ ထွန်းလင်း၏။ ပြည်သူပြည်သား အပေါင်းတို့မှာလည်း အေးချမ်းသာယာ ဝပြောစွာ ရှိကြလေကုန်၏။

မဟာမုနိသိမ်တော်နှင့် ပလ္လင်တော်ကို ရွှေပြားခတ်၍ အမျက်ကိုးပါး စီခြယ်လျက် ဆောက်လုပ် လှူဒါန်းတော်မူလေသည်။ ထိုမင်းကြီးသည် ရုပ်ပွားတော် မဟာမုနိအား ဦးသျှောင်တော်မကိုဋ်ကို ရွှေဖြင့် လုပ်စေတော်မူပြီးသော် ပတ္တမြားစီလျက် ကပ်လှူတော်မူ၏။

ထို မဟာစန္ဒြားမင်းကြီးသည် သားတော်သူရိယစန္ဒြားနှင့် ထိမ်းမြားရန် မင်းသမီးကို မေးမြန်းတော်မူလေသော် ပညာရှိအမတ် သောင်းတီးစား ဥတ္တမသီရိကျော် လျှောက်သည်ကား...

'အရှင်မင်းမြတ် ပတ္တမြားကျောက်ကောင်းတို့တွင် ဂေါပလ္လေ(ကျောက်၌ဖြစ်တတ်သော အပြစ် အနာအဆာ) စသော အနာရှိလျှင် မင်းတို့မသုံးရ။ စိန်ကျောက်တို့တွင် ခလုပ်တာ စာယိန္နာပစ်စ၊ တောကြောင်မွေးမှင် စသော အပြစ်မကင်းလျှင် မင်းမသုံးထိုက်။ မျိုးစပ်ပါးတို့မှာလဲ အရောပါလျှင် အပင်အသီးမညီ။ ရွှေ၌လဲ ကြေးနီ၊ ငွေ သံမလွတ်လျှင် အရည်အသွေးမပြောင်။

ထို့အတူ သာကီဝင်မင်းတို့၌လဲ နွယ်တော်ဝံသစင်မှ အမျိုးဘူစွာ ဆင့်လာကြီးမြင့်၊ အကျင့်မဖောက်စေလို၍ ရှေးဘေးလောင်းတော်၊ ဘီလောင်းတော်၊ ခမည်းတော်ထီးနန်းမင်းဆက် မောင်နှမရင်းချာ ပေးမြားတော်မူခဲ့ကြောင်း ထုံးဟောင်းရှိပါသည်။ သားတော်နှင့် သမီးတော်ကို ပေးမြားတော်မူလျှင် မြင့်မြတ်လှပါသည်'

ဟု လျှောက်လေ၏။ သားတော်နှင့် သမီးတော် စောစန္ဒီကို မောင်နှမရင်းချာ ပေးမြားတော်မူ၍ ပညာရှိအမတ်ကို ငွေအသပြာ(၁၀၀၀)ဆု ချီးမြှင့်တော်မူလေသည်။

အချုပ်အားဖြင့် ဆိုရသော် မဟာတိုင်းစန္ဒြားမင်းသည် မမွေးဖွားမီက ရှေးပညာရှိမျိုးရိုးဖြစ်သော သောင်းတီးစား ဥတ္တမသီရိကျော်က ဘုန်းတန်ခိုးကြီးသော မင်းသားတစ်ပါး ဖြစ်မည်ဟု အတိတ်နိမိတ် ဖတ်ခဲ့ဖူး၏။

တစ်ဖန် ဓညဝတီ မြို့သည် မြို့သက်ကိန်းခန်း ကုန်ပြီဖြစ်ကြောင်း မျှောက်သားတော် မိဖုရားကြီးနှင့် ဆင်ဖြူ ရတနာတို့ ဆုံးပါးခဲ့၍မြို့သစ်ပြောင်းသင့်ကြောင်း အတိတ်နိမိတ် ဖတ်ခဲ့ဖူး၏။

ကန်သုံးဆင့်မြို့တော်ကို မြို့သစ်တည်ပြီး နောက်တွင်လည်း မကြာမီ ဆင်၊ မြင်း၊ ဗိုလ်ပါ များစွာတို့ သေကျေပျက်စီးကြ၍ ပညာရှိ ဟူးရားတတ်တို့နှင့်ခွေးနွေးကြရာ ခုနစ်တောင်အနက်ရှိ မြေအောက်၌ ချိပ်ရည်အဆင်းကဲ့သို့ နီမြန်းသော မြေတစ်ခုသည် နဂါးရုပ်သဏ္ဌာန်ဖြင့် အထက်ကောင်းကင်သို့ မျှော်ကြည့်နေဟန်ကို တွေ့ကြရလေ၏။

ထိုအခါ ဘုမ္မစိုးနတ်သည် အိပ်မက်လာ၍ ပေးလေ၏။ ထိုအိပ်မက်အတိုင်း ဝေသာလီမြို့တော်ကို တည်ကြလေ၏။ အဲဆုံးစွန်ဆိုရသော် သူ၏ သားတော်နှင့် သမီးတော် ထိမ်းမြားရေးတွင်ပင် ပညာရှိမျိုးရိုးဖြစ်သော ဥတ္တမသီရိကျော်ကိုပင် အတိတ်နိမိတ်နှင့် ပတ်သက်၍ ခေါ်ယူမေးမြန်းရသည်ထိ ဖြစ်ချေသတည်း။

**စောထွီးသျှင်(မြောက်ဦး)**

ကျမ်းကိုး

၁။ ဓညဝတီ အရေးတော်ပုံကျမ်း၊

၂။ ရခိုင် မဟာရာဇဝင်သစ်ကျမ်း၊ စတုတ္ထတွဲ။

**စာမျက်နှာ (၂၃၅)မှ အဆက်**

ကျွန်ုပ်၏မိတ်ဆွေမှာ ရေးသားမှတ်ယူပြီး ကျွန်ုပ်ကို နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

တစ်လကျော်လောက် ကြာသောအခါ ဦးစိန်ဝင်းတစ်ယောက် ကျွန်ုပ်ထံ ရောက်လာပြီး သူ့ဦးကြီးအိမ် ဖြစ်နေခဲ့သော မကောင်းသော နိမိတ်နှင့် အခြောက်အလှန့် အန္တရာယ်များ ကင်းလွတ်သွားပြီဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် အကြောင်းပြန်ကြားလာပါတော့သည်။

ကျွန်ုပ်မှာလည်း သွန်စွာပင် ဝမ်းမြောက်ဝမ်းသာစွာ မိတားရလေတော့၏။

မိတ်ဆွေဦးစိန်ဝင်း၏ တိုက်တွန်းချက်စကား ဆိုလာသည်မှာ...

'ဆရာအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးနေတာဖြစ်လို့ ကျွန်တော့်ဦးကြီးကဲ့သို့ စိတ်ဆင်းရဲမှုနှင့် ကြုံတွေ့နေကြရသော သူများရှိ၍ ယုံကြည်စွာ ဆောင်ရွက်ခဲ့လျှင် အန္တရာယ်ကင်းပြီး စိတ်ချမ်းသာခြင်း ရရှိနိုင်ကြပါစေရန် ဖြစ်စဉ်ဆောင်းပါး ရေးသားပါ'

ဟု တောင်းပန် တိုက်တွန်းပါတော့သည်။

ကျွန်ုပ်မှာလည်း ပညာမိရမိ ဒါနအတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ စာဖတ်သူများ၊ သူတော်သီများ၊ အခက်အခဲရှိသူများ ဆန္ဒတူညီက လုပ်ဆောင်နိုင်ကြစေရန် စေတနာမွန်ဖြင့် ဤစာစုကို ရေးသားလိုက်ရပါတော့သည်။

*ဘေးရန်ကင်းကွာ စိတ်ချမ်းသာကြပါစေ။*

**အောင်(သိဒ္ဓိရာဇာ)**
**(နဝင်းမြို့တော်)**



www.burmeseclassic.com

မြင့်ရွှေသိန်း (တကောင်းသား) (ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

# အကြားအမြင်ရစေသော

## ပုတီးစိပ်နည်း

တစ်ခုသောလပြည့်ညတွင် ဖြစ်သည်။ အသက်(၈၀)နှစ်ကျော်ပြီဖြစ်သော အမေကြီး (အမေ၏အမေ) အား ရှိခိုးကန်တော့သောအခါ အမေကြီးပေးသော မှတ်စုစာအုပ်မှ ရှေးလူကြီးများ လက်ရေးဖြင့်ရေးထားသော **"အကြားအမြင်ရစေသော ပုတီးစိပ်နည်း"**ဟူသော ခေါင်းစဉ်ကို အလွန်စိတ်ဝင်စားမိသည်။

ထို့ကြောင့် သိလိုသည်များကို ရှင်းရှင်းလင်းလင်းသိရန် မေးမြန်းရာ အမေကြီးမှ အောက်ပါအတိုင်း ရှင်းပြပါသည်။

'ဒီပုတီးစိပ်နည်းဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်(၉)ပါးကို အဆင့်(၉)ဆင့်ခွဲပြီး တစ်ဆင့်စီတစ်ဆင့်စီ ပုတီးစိပ်သွားရတယ်။ ဒါကြောင့် ဂုဏ်တော်(၉)ဆင့်လို့လဲ ခေါ်နိုင်တယ်'

'ဒီဂုဏ်တော်(၉)ဆင့်ကို ပုတီးစိပ်တော့မယ်ဆိုရင် သက်သတ်လွတ် အတတ်နိုင်ဆုံး စားပါတော့မယ်ဆိုတာရယ်၊ ဂုဏ်တော်(၉)ဆင့်ကို မပျက်မကွက် ပုတီးစိပ်ပါတော့မယ်ဆိုတာရယ်ကို ကိုယ်တတ်နိုင်တဲ့ကာလ (၄၅ ရက်၊ ရက်၉၀)အထိ သစ္စာပြုအဓိဋ္ဌာန်လိုက်ရတယ်။ အဲဒီလို သစ္စာပြုပြီး မှန်မှန်ကျင့်လာလိုက်ရင် (၄၅)ရက်အတွင်း ထူးခြားလာတော့မယ်'

'ဂုဏ်တော်တန်ခိုးကြောင့် အမျိုးမျိုး တန်ခိုးအစွမ်းတွေပြလာမယ်။ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စီးပွားရေးအခက်အခဲတွေ၊ လူမှုရေး အခက်အခဲတွေ၊ ဓာတ်ရိုက်လို့မရနိုင်တဲ့ ကိစ္စကြီးငယ်တွေ အောင်မြင်လာမယ်။

လူတစ်ယောက်ကို စိတ်ဝင်စားလိုက်ရင် ရင်ထဲမှာ အဲဒီလူရဲ့အကြောင်းတွေ စီကာပတ်ကုန်း သိနေသလို ခံစားရမယ်။အကြားဓာတ်၊ အမြင်ဓာတ်၊



မနောဓာတ်တွေရမယ်။ ထွက်ရပ်လမ်းအထိ သွားနိုင်တယ်။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ဖြစ်တာကြောင့် ယုံယုံကြည်ကြည်နဲ့ စိပ်ဖို့တော့လိုတယ်'

'အဲဒီလို ယုံယုံကြည်ကြည်နဲ့ ပုတီးစိပ်လာမယ်ဆိုရင် မနောစွမ်းအင်နဲ့ ဆရာတစ်ဆူ ဖြစ်လာနိုင်ပါတယ်။

အဲဒီဂုဏ်တော် (၉)ဆင့်ကတော့ ရိုးရိုးလေးပါ။ ဒါပေမယ့်တိကျပြတ်သားမှု၊ ယုံကြည်သက်ဝင်မှု၊ အာရုံစူးစိုက်မှုနှင့် အကျင့်စရဏ မှန်ကန်မှုအပြင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေ အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်ဖို့လိုပါတယ်။

အထူးသဖြင့်တော့ ကံ(၂)ပါးကပါထုပေတံထိန်းနိုင်ရင် အကောင်းဆုံးပါပဲ။ ယုံကြည်သဒ္ဓါစိတ်အပြည့်နဲ့ အကုသိုလ် ဒုစရိုက်တွေ ရှောင်ဖြတ်အောင်ဓာတ်ယူနိုင်ပါစေ'

### ဂုဏ်တော်(၉)ဆင့်ပုတီးစိပ်နည်း

ဘုရားရှင်၏ ရုပ်ပွားတော်ရှေ့တွင် ဆောက်တော်ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်စတဲ့ လှူဒါန်းပူဇော်မှု၊ ဗုဒ္ဓပူဇနီယ၊ ဝေယျာဝစ္စတွေကို ပူဇော်မှုပရိက်ပြုပြီးတဲ့အခါမှာ အမျိုးသားဆိုလျှင် တင်ပလ္လင်ခွေထိုင်၊ အမျိုးသမီးဆိုလျှင် ပုဆစ်ဒူးတုတ်ထိုင်ပြီးလျှင်...

၁။ ညာလက်က ပုတီးခေါင်းကိုကိုင်၊ ရင်ဘတ်နှလုံးသားနားထိ ကိုင်မြှောက်အာရုံပြုပြီး **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"** သုံးကြိမ် လေးလေးနက်နက် ဆိုပေးရတယ်။

ပြီးတော့မှ...

၂။ ဟေတုပစ္စယော၊အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောဟောတိ ဆိုတဲ့ ၂၄–ပစ္စည်း ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ကို ထစ်ကြိမ်ရွတ်ဆိုရတယ်။ အဲဒီလို အစဉ်တကျ ရွတ်ဆိုပြီးရင်



www.burmeseclassic.com

www.burmeseclassic.com

အောက်ပါဂုဏ်တော် (၉)ဆင့်ကို ပုတီး စိပ်လို့ရပါပြီ။

## ဂုဏ်တော်(၉)ဆင့်

* * *


(၉)ဆင့် (၉)ပါး ပြီးမြောက်ပါတယ်။

အားထုတ် ပြီးမြောက်သွားတဲ့အခါ ကျတော့ ဦးဆုံးအစလို ပုတီးခေါင်းကို ကိုင်ပြီး (၂၄)ပစ္စည်းရောင်တော်ဖွင့်ကို

၁၀၈ x ၆-ပတ် = ၆၄၈
(ဆဋ္ဌမ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၇-ပတ် = ၇၅၆
(သတ္တမ တစ်ပတ် ဂုဏ်တော်ပေါင်း)

| |
|---|
| **အရဟံ** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ** |
| **အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။** |




* ပထမဦးဆုံး **အရဟံ**ဂုဏ်တော်ကို ပုတီးတစ်ပတ်စိပ်ရပါတယ်။

* ဒုတိယတစ်ပတ်ကြတော့ **အရဟံ သမ္မာသမ္ဗုဒ္ဓေါ** ဆိုပြီး ပုတီးတစ်လုံးချ စိပ်ရပါတယ်။

* တတိယတစ်ပတ်ကြတော့ **အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော**ဆိုပြီး ပုတီးတစ်လုံးချ စိပ်ရပါတယ်။

အဲဒီလိုစိပ်သွားလိုက်ရင် အထက်မှာ ပြထားတဲ့ စေတီတည်သလိုပုံစံမျိုး ဖြစ်လာပါတယ်။ အဖျုတ္တစေတီ တည်ရတာပါပဲ'

'တစ်ကြောင်းစီဟာ ပုတီးတစ်လုံးသာချပြီး တစ်ပတ်စိပ်ရပါတယ်။ နောက်ဆုံးတစ်ဆင့်စီ ဂုဏ်တော်တစ်ပါးစီတက်သွားရင်း တစ်လုံးစီချရင်း "**ဘဂဝါ**"ထိ ရောက်သွားတဲ့အခါ တစ်ကြိမ်အာရုံပြုရွတ်ဆိုပြီး အဲဒီ ပုတီးနဲ့ မျက်နှာကိုသပ်ချ လိုရာဆုကို တောင်းရပါတယ်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဒါမှမဟုတ် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနေတာပါပဲ။ ခပ်မှန်မှန်နဲ့ ခပ်မြန်မြန် စိပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေတောင် အနည်းဆုံး မိနစ် (၄၀)ကြာပါတယ်။ တန်ဖိုးအနန္တနဲ့ တန်ခိုးအစွမ်းသတ္တိကတော့ လက်တွေ့ အဓိဋ္ဌာန်ဝင်ပြီး ကျင့်ကြံအားထုတ်ကြတဲ့ အခါ လက်တွေ့ မျက်ဝါးထင်ထင် ခံစားကြရပါလိမ့်မယ်'

### ဂုဏ်တော်(၉)ဆင့်တည်နေပုံဟာ

၁၀၈ x ၁-ပတ် = ၁၀၈
(ပထမ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၂-ပတ် = ၂၁၆
(ဒုတိယ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၃-ပတ် = ၃၂၄
(တတိယ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၄-ပတ် = ၄၃၂
(စတုတ္ထ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၅-ပတ် = ၅၄၀
(ပဉ္စမ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၈-ပတ် = ၈၆၄
(အဋ္ဌမ တစ်ပတ် ဂုဏ်တော်ပေါင်း)

၁၀၈ x ၉-ပတ် = ၉၇၂
(နဝမ တစ်ပတ် ဂုဏ်တော်ပေါင်း)

ဂုဏ်တော်ပေါင်း **၄၈၆၀ = ၁၈ = ၉(နဝင်း)**ဖြစ်လို့ ဂုဏ်တော်(၉)ဆင့် အစအဆုံး ပုတီးစိပ်ပြီးတိုင်း ဂုဏ်တော်ပေါင်း "**၄၈၆၀**"ကို အာရုံပြုပြီး နှလုံးသားမှာ ဘုရားတည်တဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်ပါတယ်။

ကျွန်တော်သည် အမေကြီးရှင်းပြသည်များကို သေချာစွာ နားထောင်ပြီး မြတ်စွာဘုရားရှင်အား ယင်းဂုဏ်တော် (၉)ဆင့်အား လည်းကောင်း၊ အထူးသက်ဝင်ယုံကြည်ပါ၍ ထို ယုံကြည်သက်ဝင်မှုကို ဝေငှ ကုသိုလ်ပြုလိုက်ပါသည်။

***သဒ္ဓေဗုဒ္ဓေသျှသက်ပွါ...***

**မြင့်ဆွေသိန်း (တကောင်းသား)**
**(ဘောဂဗေဒ၊**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# ကိုချစ်ခင် ကျောက်ထုနေသည်

ဒွေးချစ်အောင်
(ရမည်းသင်း)



ထိုစဉ်က ခရီးတစ်ခု သွားလိုက စက်ဘီးကိုသာ အားကိုးရသည်။ ယခုလို ဆိုင်ကယ်တွေက မရှိသေးသလောက်။

သစ်တောထွက်ကုန်များ ထုတ်လုပ်သောကုမ္ပဏီကြီးတွင် ကျွန်တော် တာဝန်ယူ လုပ်ကိုင်ခဲ့စဉ်က အားဝင် မရသော တောတောင်တွေထဲ သွား လာရာတွင် စက်ဘီးကိုသာ အားကိုးရသည်။

ယခုလည်း မိုင်(၂၀)ကျော်ဝေးသော ခရီးကို ကျွန်တော်နှင့် အတူလုပ်ကိုင်သော ကိုကျော်မြသိန်းနှင့် စက်ဘီးကိုယ်စီ စီးကာ တောင်ပေါ်မှ ပြန်ခဲ့ကြသည်။

လွန်စွာ ကျဉ်းမြောင်းသော လူသွားလမ်းလေးကို တစ်နာရီခန့် အတွေးသတိထား နင်းလာခဲ့ရာ လမ်းကျယ်လမ်းကောင်းရောက်လာမှ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စီးသော စက်ဘီးက ဘီးပေါက်လေသည်။

ဘီးပေါက်တော့ ဆင်းတွန်းရသည်။ အချိန်ကလည်း နေဝင်ခါနီးနေပြီ ဖြစ်သည်။ (၁၀)မိုင်ကျော်ခရီးက ကျန်သေးသည်။ စက်ဘီးပေါက်တာ ထက်ဆိုးသည်က အနောက်တောင်က မိုးဆင်လာနေပြီဖြစ်သည်။

ခါတိုင်းတော့ စက်ဘီးအပိုပစ္စည်းတွေ အမြဲ ယူဆောင်ခဲ့ပေမယ့် ဒီတစ်ခေါက်မှာ ပါမလာခဲ့။ ကိုယ့်ကိုယ်ကို မကျေနပ်စိတ်တွေနှင့် စက်ဘီးတွန်းရင်း တရိပ်ရိပ်နီးလာနေသော မိုးကို တလှည့် ကြည့်ကြည့်နှင့် စိတ်တွေ ဗျာများနေရသည်။

ငှက်ဖျားခံရှိနေသော ကျွန်တော် မိုးမိခဲ့လို့ မဖြစ်။ အနီးဆုံး မိုးခိုနိုင်သော နေရာကို စဉ်းစားရသည်။ ရွှေမိုင်ဝက်လောက် ကျောက်မိုင်းတောင်ကြီးအောက်တွင် တောင်ယာ တဲလေးတစ်လုံး ရှိသည်။ ထိုတဲ အမြန်ဆုံးရောက်ဖို့ကို သာ အလေးထားနေရတော့သည်။

ကျောက်မိုင်းတောင်ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော် လွတ်လပ်ရေး မရမီကာလက အင်္ဂလိပ်အစိုးရက မီးရထားလမ်းသုံးရန်အတွက် ကျောက်ထုတ်လုပ်ခဲ့သော တောင်ကြီးဖြစ်လေသည်။

တောင်ခြေ ရောက်သည်အထိ ကျောက်သယ်ရန် မီးရထားလမ်း ဖောက်လုပ်ထားသည်။ ယခုတော့ သံလမ်းပေါင်တွေ မရှိတော့။ မီးရထားလမ်းကို မြူပြင်ကာ နယ်ချင်းဆက် လမ်းအဖြစ် အသုံးပြုနေကြပြီ ဖြစ်သည်။

ကျောက်မိုင်းတောင်ကြီးနှင့် တစ်ဖာလုံခန့်အကွာတွင် နွေ၊ မိုး၊ ဆောင်း နေထိုင်သော တောင်ယာတဲကို မိုးမရောက်ခင် ဦးစွာ ရောက်ဖို့လိုသည်မို့ စက်ဘီးကို အပြေးတစ်ပိုင်း တွန်းနေရသည်။

တဲအတွင်း ဝင်လိုက်သည်နှင့် ညာသံပေး ရွာလာသည့် မိုးပေါက်တွေက ရေမိုးလုံသွန်လိုက်လေသည့်အလား။ မိုးလေသံတွေကြောင့် တောတောင်ကြီး တစ်ခုလုံးက ဝုန်းဝုန်းနှင့် တုန်ဟည်းလို့နေသည်။

တဲရှင်ဦးလေးကြီးကို ကျွန်တော့်မှာ ငှက်ဖျားခံရှိလို့ မိုးမိခံမရသည့် အကြောင်း ခဏ မိုးခိုခွင့်ပြုပါဟု ခွင့်ပန်စကားပြောရသည်။

တဲရှင်ဦးလေးကြီးကလည်း မိုးဝင်ခိုတာ ခွင့်တောင်းစရာမလိုသည့် အကြောင်း ပြောပြီး ဘယ်သွားမှာလဲဟု မေးမြန်းသည်မို့ ကျွန်တော်တို့ ခရီးစဉ်နှင့် လုပ်ငန်းအကြောင်းကို ပြောပြရသည်။

မိုးတိတ်လျှင် ခရီးဆက်မည်ပြောတော့ တဲရှင်ဦးလေးကြီး စကားကြောင့် ကျွန်တော်တို့ တွေဝေသွားကြသည်။ သူပြောလာသည်မှာ...

'မောင်ရင်တို့ မိုးကတော့ တော်တော်နဲ့ တိတ်မှာ မဟုတ်ဘူးကွ။ မိုးတိတ်သွားလဲ မင်းတို့သွားမယ့်လမ်းက တောင်ကျချောင်းကို မင်းတို့ ကူးနိုင်မှာ မဟုတ်ဘူး။ နေ့ဘက်လဲ မဟုတ်။ ဒီညတော့ ငါ့တဲမှာပဲ မင်းတို့ အိပ်ပါကွာ။ စားဖို့သောက်ဖို့လဲ မပူနဲ့။ အားလုံး အပြည့်အစုံ ရှိတယ်။

မိသားစုတွေက ရွာပြန်သွားကြတယ်။ ငါ တစ်ယောက်တည်း တောင်ပေါ်က ဝက်တွေ ပဲခင်း ဆင်းဆင်းစားလို့ ဝက်စောင့်နေတာလေး တဲက အကျယ်ကြီးပါ။ ဘာမှ အားနာနေစရာမလိုဘူး'

ညအိပ်နေရလည်း ကျွန်တော်တို့အတွက် အကြောင်းမဟုတ်။ ကျောပိုးအိတ်ထဲမှာ အပြည့်အစုံပါပြီးသား။ တဖြည်းဖြည်းနှင့် အလင်းရောင်ပျောက်ကာ အမှောင်ရိပ်သန်းလာပြီ ဖြစ်သည်။ မိုးကလည်းအငြိမ်းမပြသေး။ တဲရှင်ဦးလေးကြီးက ညစာ ချက်





www.burmeseclassic.com

www.burmeseclassic.com

ကျွေးသည်။ တောင်ပေါ်က လက်ဆောင်ပေးလိုက်သည့် ဆိတ်သားခြောက်တွေပါလာတော့ ဟင်းအတွက် အဆင်ပြေလေသည်။

စားသောက်ပြီးသည်နှင့် တဲရှင်ဦးလေးကြီးနှင့် အချိန်အတော်ကြာစကားပြောပြီးနောက် အိပ်ရာဝင်ခဲ့ကြသည်။

နှစ်နာရီခန့် မိုးကြီးရွာပြီးနောက် တဖြည်းဖြည်း မိုးစဲသွားသည်။ ကျောက်မိုင်းတောင်ကြီး အထက်ဆီမှ ဂျီ(ချေ)ဟောက်သံတွေ ကြားလာရသလို ညဉ့်ငှက်မျိုးစုံတို့၏ တောင်ပံခတ် ပျံသန်းသံ၊ အော်ဟစ်သံမျိုးစုံတို့ကိုလည်း ဟိုမှဒီမှ ကြားလာရပြီဆိုတော့လည်း နောက်တစ်ကြိမ် မိုးဆက်ရွာမှာ မဟုတ်ဟု ပြောနေသယောင်။

တစ်နေကုန် စက်ဘီးနင်းနေခဲ့ပေမယ့် ပင်ပန်းသော်လည်း ရုတ်တရက် အိပ်မပျော်။ အတွေးတွေ နောက်လိုက်သွားနေမိတော့သည်။

* * *

အတွေးများနှင့် အိပ်ပျော်မည်အပြု ကျောက်မိုင်းတောင်ကြီးဆီမှ တဒေါက်ဒေါက် ကျောက်ထုနေသံကို ကြားလိုက်ရသည်မို့ ဒီလို ညအချိန် တောင်ပေါ်တွင် ဘယ်သူများ ကျောက်ထုနေပါလိမ့်ဟုလည်း တွေးမိသလို သစ်ခုတ်သံများလားဟုလည်း ဆန်းစစ်ကြည့်နေမိသည်။

အသံက ကျောက်ထုနေသံဖြစ်တာ သေချာသည်။ ဒီကျောက်မိုင်းတောင်ကြီးမှာ လုံးဝ ကျောက်မထုတ်တော့တာ ကျွန်တော်သိသည်။

ကျောက်ထုခွဲနေသံ တွေကတော့ အဆက်မပြတ် ကြားနေရတော့ **အိပ်ရာက ထထိုင်ပြီး အသံလာရာ**



**ကျောက်မိုင်းတောင်ကြီးကို ကြည့်နေမိသည်။** ကျောက်ထုနေသံတွေသာ ကြားနေရပြီး မီးရောင်ကိုတော့ မမြင်တွေ့ရ။

မိုးလေ ကင်းစင်သွားပြီမို့ လရောင်ရေးရေးလေးတော့ ရှိနေသည်။ လရောင်အားကိုးနှင့် ကျောက်ထုလို့လည်းမရနိုင်။ ကျောက်ထုသံတွေက ပို၍ပင် အသံကျယ်လာသည့် အလားထင်ရသည်။

ထိုင်ကြည့်နေရင်း ကျွန်တော့်မှာ အတွေးများ ပဟေဠိဖြစ်လို့နေသည်။ ကျောက်မိုင်းတောင်ကြီးနှင့် ယခုကျွန်တော်တို့နေသည့် တဲနှင့် တစ်ဖာလုံလောက်သာ ဝေးလိမ့်မည်။

တိမ်ဖုံး၍ လရောင်ပျောက်ကာ မှောင်နေသော်လည်း ကျောက်ထုနေသံကတော့ မပျက်။ မီးရောင်များ မြင်တွေ့ရလေမလား စိတ်ဝင်တစား ကြည့်နေမိသော်လည်း မီးရောင် လုံးဝ မမြင်ရ။

ကျွန်တော် မတွေးတတ်နိုင်တော့၍ အိပ်ပျော်နေသော ကိုကျော်မြသိန်းကို နှိုး၍ အကျိုးအကြောင်း ပြောပြတော့...

'အေးဗျ အထူးအဆန်းပဲဗျို့'

'ဒီကျောက်မိုင်းကြီးပိတ်ထားတာ ကျွန်တော်တို့ မမွေးခင်ကတည်းကလေ။ ဘယ်သူတွေဘာလုပ်ဖို့ ညကြီးအချိန်မတော် ကျောက်လာထုနေရတာလဲ၊ ကျွန်တော် စဉ်းစားမရလို့ ခင်ဗျားကို နှိုးလိုက်တာ'

'မောကလဲ မော ပင်ပန်းနေတော့ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားတာ ခင်ဗျားနှိုးမှပဲ။ တစ်ခုခုလုပ်ဖို့ အရေးတကြီး ကျောက်လိုနေလို့ လာလုပ်တာများလား'

'အဲဒီလို လာလုပ်တယ်ထားဦးဗျာ၊ အမှောင်ထဲမှာ ဘယ်လိုလုပ် ကျောက်ထုရနိုင်မလဲ။ မီးလဲ မမြင်ရဘူး။ တွေးမရဘူးဗျာ'

'အင်း... တစ်ခုခုတော့ တစ်ခုခုဖြစ်မယ်ဗျ'

ကိုကျော်မြသိန်းက ထိုကဲ့သို့ ပြောပြီး ကျောက်မိုင်းတောင်ကြီးကို အထူးအဆန်းသဖွယ် ကြည့်နေလေသည်။ ကျွန်တော့်အနေနှင့် ဖြစ်နိုင်လျှင် လက်တွေ့ သွားကြည့်လိုက်ချင်သည်။ ပါလာသည့် ဓာတ်မီးက တောင်ပေါ်စခန်းများ ကျန်ခဲ့သည်။

နှစ်ယောက်သား စကားပင် မပြောမိကြဘဲ ကျောက်မိုင်းတောင်ကြီးဆီကိုသာ ကြည့်နေမိကြသည်။ ဘာမှ ထူးခြားမှု မတွေ့ရဘဲ ကျောက်ထုနေသံတွေသာ ကြားနေရသည်။

တဲအတွင်းမှ ခြေသံကြားလိုက်ရခြင်းကြောင့် နှစ်ယောက်သား လှည့်ကြည့်မိကြသည်။ တဲရှင်ဦးလေးကြီး ဓာတ်မီးထိုးကာ အပေါ့အပါးသွားရန် တဲပေါ်မှ ဆင်းသွားသည်။ တဲပေါ်ပြန်ရောက်လာတော့...

'ဟ ကောင်လေးတွေ မအိပ်ကြသေးဘူးလား'

'အိပ်မပျော်ဘူးဗျ၊ မိုင်းတောင်က ကျောက်ထုနေသံက တစ်မျိုးပဲဗျို့။ မီးရောင်လဲ မတွေ့ရဘူး။ အမှောင်ထဲမှာ ကျောက်ထုနေသံ ကြားနေရတာနဲ့ဗျာ၊ အိပ်လို့လဲ မရဘူး'



www.burmeseclassic.com

www.burmeseclassic.com

'ဩော်...အဲဒါကြောင့်လား။ အိပ်... အိပ် မနက်ရောက်မှ အဲဒီအကြောင်း ပြောပြမယ်'

'ဒီည မိုးကြီးရွာထားတော့ ဦးလေး ကြီးလဲ တောင်ပေါ်က ဝက်တွေ ဆင်း မလာနိုင်တာသိလို့ စိတ်အေးလက် အေး အိပ်နေလိုက်တာ'

'မိုးရွာတာနဲ့ တောဝက်တွေ ဆင်း မလာတာ ဘယ်လို ဆက်စပ်နေလို့လဲ ဦးကြီး'

သိချင်စိတ်နှင့် ကျွန်တော်မေးကြည့် မိသည်။

'မိုးကြီးရွာတော့ တောင်ကျချောင်း ရေ အရမ်း စီးကြမ်းတယ်လေကွာ။ ဝက်တွေ တောင်ပေါ်က ဆင်းလာရင် တောင်ကျချောင်းရေကို ဖြတ်ပြီးလာ ရမှာ ရေကြီးတော့ သူတို့ ချောင်းကို ဖြတ် ယာခင်းကိုလာလို့ မရဘူးလေ'

'ဩော်'

'ကဲ...ကဲ အိပ်ကြ၊ အိပ်ကြ'

ဟု တဲရှင်ဦးလေးကြီးက စကားစ ဖြတ်ကာ အိပ်ရာဝင်သွားလေသည်။ ကျွန်တော်တို့ နှစ်ဦးသည်လည်း အမှောင်ထဲမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး လှဲအိပ်လိုက် ကြသည်။

ကျောက် ထုနေသံတွေကတော့ အဆက်မပြတ် ကြားနေရဆဲပင်။ ကျွန်တော်တို့လည်း ဘယ်အချိန် အိပ်ပျော်သွားခဲ့ကြသည် မသိတော့။

* * *

'လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)ကျော်က ဒီကျောက်မိုင်းကြီးမှာ ကျောက် ထုတ် လုပ်နေတဲ့အချိန်ကပေါ့၊ ဦးဘရင်ဆိုတဲ့ လူကြီးဟာ ကျောက်ခေါင်းအဖြစ်နဲ့ တာဝန်ယူရတယ်။ သူ့မိသားစုနဲ့အတူ ဒီကျောက်မိုင်းမှာ သီးခြား အိမ်တစ်လုံး နဲ့ နေထိုင်တယ်။



ကျန်တဲ့ ကျောက်ထုတ်လုပ်သား တွေကတော့ အနယ်နယ် အရပ်ရပ်က လာလုပ်ကြတယ်။ အလုပ်သမား တန်း လျားကြီးနဲ့ နေထိုင်ကြတယ်။

အဲဒီအထဲမှာ **ကျောက်ထုတ်လုပ် သား ကိုချစ်ခင်**တစ်ယောက်လည်း အပါအဝင်ပေါ့။ အလုပ် အလွန်ကြိုးစား သူဆိုတော့ ကျောက်မိုင်းတာဝန်ခံကာ အထူးသဘောကျတယ်။

ကျောက်ခေါင်း ဦးဘရင်မှာ အင်မတန် ချောမောလှပတဲ့ မမြရင် ဆိုတဲ့ သမီးတစ်ယောက်လဲ ရှိတယ်။ ကျောက်ထုလုပ်သား ကိုချစ်ခင်နဲ့ မမြရင်ဟာ လူငယ်ဘာဝ သမီးရည်းစား ဖြစ်ကြတယ်။

ကျောက်မိုင်းတာဝန်ခံ လူကြီးကလဲ ကိုချစ်ခင်နဲ့ မမြရင်တို့နှစ်ဦး ချစ်သူတွေ ဖြစ်နေကြတာကို သဘောကျပြီး ကိုချစ် ခင်ဘက်က အမြဲရပ်တည်နေလေ့လဲ ရှိတယ်တဲ့လေ။

မမြရင်မိဘတွေကတော့ လုံးဝ သဘောမတူဘူးတဲ့လေ။ သူတို့သမီးကို ဒီလို ကြမ်းတမ်းတဲ့အလုပ်နဲ့ အသက် မွေးတဲ့ ဆင်းရဲသား ကိုချစ်ခင်နဲ့ မပေး စားနိုင်လို့ အပြင်းအထန် ကန့်ကွက်ကြ တယ်။

ကျောက်ထုစားရတဲ့ ငမွဲနဲ့ မပေးစား နိုင်တာကတော့ မိဘတွေရဲ့ သားသမီး အပေါ်ထားတဲ့ စေတနာမို့ အပြစ်မဆို သာဘူးပေါ့လေ။

ကိုချစ်ခင်နဲ့ သူတို့သမီး မတွေ့ အောင် မမြရင်မိဘတွေက အမြဲ ဂရု တစိုက်နဲ့ အရိပ်တကြည့်ကြည့်နဲ့ ထား လေ့ရှိသတဲ့လေ။

**တစ်နေ့မှာတော့ ကိုချစ်ခင်နဲ့ မမြရင်တို့ ချစ်သူနှစ်ဦး တွေ့ဆုံခဲ့ကြတယ်။ ကိုချစ်ခင် က သူ့အလုပ်ကြိုးစားလုပ် ရထားတဲ့ ငွေ တွေ မမြရင်ကို ထုတ်ပြတယ်။**

**တစ်နှစ်လောက် အလုပ်ကြိုးစားလုပ် ရပြီးရင် သူတို့နှစ်ယောက် တစ်နေရာကို ထွက်ပြေးပြီး တခြားမြို့ ဘဝထူထောင်ဖို့ နှစ်ဦးသဘောတူလိုက်ကြတယ်။**

မမြရင် မိဘတွေက ကိုချစ်ခင်နဲ့ မမြရင် တွေ့ဆုံတာ သိပေမယ့် ဘာမှ မပြောဘူးတဲ့။ သူတို့မှာ အကြံတစ်ခုရှိ နေတယ်လေ။ အလုပ်ထုတ်ပစ်ဖို့ မဖြစ် နိုင်တာက ကျောက်မိုင်းတာဝန်ခံလူကြီး အချစ်တော်ဖြစ်နေတာမို့ ဒီအတိုင်း ကြည့်နေရတာ။

ကိုယ့်သမီးကိုသာ မျက်ခြည်ပြတ်မခံ ဘဲ ကြည့်နေရတာ။ အလုပ်ပိတ်ထား လဲ ကိုချစ်ခင်ကိုတော့ မိုင်းတာဝန်ခံ လူကြီးက အလုပ်အမြဲ ဖွင့်ပေးထား တယ်တဲ့လေ။

တစ်ရက်မှာတော့ ကျောက်မိုင်း တာဝန်ခံလူကြီးဟာ အလုပ်တာဝန် တစ်ခုနဲ့ လချီကြာ သွားနေစဉ်မှာ ကျောက်ထုလုပ်သားတွေနဲ့ ကျောက် မိုင်းကို ပိတ်ထားခဲ့တယ်။ ကျောက်မိုင်း ပိတ်ထားတော့ သူ့တို့အတွက် အကွက် ဝင်သွားတာပေါ့'

တဲရှင်ဦးလေးကြီးက ဆက်မပြောဘဲ ရေနွေးကြမ်း ငုံသောက်နေသည်။ ကျွန်တော်တို့နှစ်ယောက်လည်း ဆက် ပြောလာမည့်စကားကို နားစွင့်နေကြ သည်။ အတန်ကြာမှပင်...



www.burmeseclassic.com

www.burmeseclassic.com

'တစ်ယောက်တည်း အလုပ်ဖွင့်ပေးထားတဲ့ ကိုချစ်ခင် ကျောက်ထုနေတဲ့အချိန် မမြရင် အဖေ ဦးဘရင်က ဘယ်သူမှ အသိမပေးတဲ့ သူ့တပည့်တွေနဲ့ ကျောက်မိုင်းခွဲလိုက်တယ်။ မိုင်းခွဲလို့ကွဲထွက်လာတဲ့ ကျောက်တုံးကြီးတွေ မှန်ပြီး ကိုချစ်ခင် သေဆုံးသွားခဲ့တယ်'

'ဟာ... ဒါတော့ မတရားလိုက်တာ ဗျာ။ မဟုတ်သေးပါ ဦးလေးကြီးရာ၊ ကျောက်မိုင်းခွဲတယ်ဆိုရင် ဘယ်သူမှ နေခွင့်မရှိဘူးဗျာ'

ကျွန်တော့်စကားကြောင့်...

'မှန်တယ် အလုပ်ပိတ်ထားတယ်လေ။ ကျောက်မိုင်းပိတ်ထားတော့ မိုင်းလုပ်သားတွေ၊ ကျောက်ထုလုပ်သားတွေလဲ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်သွားကြတယ်။

ကိုချစ်ခင်တစ်ယောက်သာ မိုင်းတာဝန်ခံလူကြီးရဲ့ အရေးပေးခံသူဆိုတော့ သူတစ်ယောက်တည်း ကျောက်ထုနေချိန် အဲဒီအခွင့်အရေးကို အသုံးချ လုပ်ကြံလိုက်တာလေ'

'ရက်စက်လိုက်တာဗျာ၊ ဒါနဲ့ မမြရင် အဖေ ပြဿနာတက်မှာပေါ့နော်'

'ခေတ်ကလဲ ခေတ်ဆိုးခေတ်ပျက်ကြီးဖြစ်နေတော့ ကြီးကြီးမားမား အပြစ်ဖြစ်ခဲ့ဟန် မတူပါဘူး။

ကိုချစ်ချင် သေဆုံးသွားပြီးတဲ့နောက် ကျောက်ထုသံတွေ ကြားလာရတယ်။ အထူးသဖြင့် ညဘက်တွေမှာပေါ့။

မမြရင်လဲ သူ့ကိုစွဲလမ်းနေတဲ့ ကိုချစ်ခင်ရဲ့ ကျောက်ထုနေသံတွေ ဆိုတာ သိသွားပြီးတဲ့နောက် အတော့်ကို ခံစားသွားရတယ်နဲ့ တူပါတယ်။

ကျောက်မိုင်းမှာ မမြရင် မနေတော့ဘဲ သူတစ်ယောက်တည်း သူ့အရပ် ပြန်သွားတာကစ သူ့မိဘတွေပါ နောက်တော့ လိုက်သွားကြသတဲ့။

မမြရင်ရဲ့အကြောင်းတွေ နောက်ဆုံးကြားရတာကတော့ သူ့ဘဝ တစ်လျှောက်လုံး အိမ်ထောင်မပြုဘဲ နေသွားခဲ့တယ်တဲ့လေ။ ခုဆိုရင် မမြရင်လဲ လူ့လောကမှာ မရှိနိုင်လောက်တော့ပါဘူး။ နှစ်ပေါင်းလဲ (၇၀)ကျော်ပြီလေ'

'စိတ်မကောင်းလိုက်တာဗျာ'

'ဟုတ်တယ် စိတ်မချောင်းစရာပါ။ ဒီအကြောင်းတွေကို ကျောက်မိုင်းလုပ်စဉ်က မီခဲ့တဲ့သူတွေက တစ်ယောက်စကား တစ်ယောက်နား ပြောလာခဲ့ကြတဲ့ ပါးစပ်ရာဇဝင်တစ်ခုရယ်ပေါ့'

ဦးလေးကြီး စကားဆုံးသွားသည်နှင့် ကျောက်မိုင်းတောင်ကြီးကို ကျွန်တော်တို့ စိတ်မကောင်းစွာ ကြည့်နေမိကြသည်။ ညက ကြားနေရသည့် ကျောက်ထုသံကြားရာ နေရာကို စိတ်ကူးနှင့် ရှာကြည့်နေမိသည်။

'ညတိုင်း ကျောက်ထုသံကြားနေရတာပဲလား ဦးလေးကြီး'

'ညတိုင်းလိုတော့ မဟုတ်ဘူး။ တစ်ခါတစ်ခါကျတော့လဲ ညစဉ် ကြားနေရတယ်။ ဦးလေးကြီးတို့ကတော့ အထူးအဆန်း မဟုတ်တော့ပါဘူး'

'အင်း... နှစ်ပေါင်း(၇၀)ကျော်ပြီဖြစ်ပေမယ့် ကိုချစ်ခင်ခမျာ မမြရင်ကို စွဲလမ်းစိတ်နဲ့ နှစ်ဦးပေါင်းဆုံဖို့ ကျောက်ထုနေတာ သူ့ရဲ့ စွဲလမ်းစိတ်က ဝဋ်ကြွေးလိုဖြစ်ပြီး ဒီနေ့ထိ မကျွတ်မလွတ်တာကို ကြည့်ရင် စွဲလမ်းစိတ်ဆိုတာ အင်မတန် ကြောက်စရာကောင်းသကွယ်။ သံဝေဂ ယူစရာပေါ့'

ဟု တဲ့ရှင်ဦးလေးကြီးက စကားဖြတ်ပြီး သူကိုယ်တိုင် ကျောက်မိုင်းတောင်ကြီးကို ငေးကြည့်နေတော့သည်။ ကျွန်တော်တို့လည်း စကားဆက်မပြောနိုင်ကြတော့။

**အေးချမ်းအောင် (ရမည်းသင်း)**

စာမျက်နှာ (၂၄၇)မှ အဆက်

အကယ်၍ စာရေးသူရဲ့ မြွေဟောက်သာ မသိလို့ လုပ်လိုက်ရင် မြွေဟောက် ပေါက်ခြင်းကို ကျိန်းသေခံရမှာပါ။

မြွေဟောက်က ပါးပျဉ်းထောင်ပြီးနောက် ပါးပျဉ်းကို ပြန်ချလျက် စာရေးသူရဲ့ အိမ်ခေါင်းရင်းဘက်သို့ ကွေ့ဝင်သွားပါတယ်။

သို့သော် မြွေဟောက်ရဲ့ ကံကြမ္မာမှာ မကောင်းလှပါ။ ခေါင်းရင်းအိမ်မှ ပန်းရန်လုပ်ကိုင်နေသော ပန်းရန်ဆရာများရဲ့ လက်ချက်ဖြင့် သေဆုံးသွားပါတော့တယ်။

ထူးခြားသည်မှာ ယခု နေထိုင်သော အိမ်တွင် စာရေးသူရဲ့ မိသားစု နေထိုင်သည်မှာ (၁၃)နှစ်နီးပါး ကြာနေပါပြီ။ ရေမြွေများကိုသာ အများဆုံး တွေ့မြင်နေရပါတယ်။ မြွေဆိုး မြွေဟောက်များကို တစ်ကြိမ်တစ်ခါမှ မမြင်ခဲ့ဘူးပါ။

ဤသစ်ခွရောက်လာမှ မြွေဟောက်ကို မြင်ဖူးကြသလို မြွေဟောက်ရန် ဘေးမှလဲ ကင်းဝေးသွားပါကြောင်း သတိထားမိပါတယ်။

**ဒုတိယထူးခြားချက်က** စာရေးသူဟာ ၂၀၀၇ ခုနှစ်ကမှ စတင်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်ကြီးသို့ စာမူများ ရေးသားပေးပို့ခဲ့သူ ဖြစ်ပါတယ်။ ကြိုကြားကြိုကြား အရွေးခံခဲ့ရပါတယ်။

ယခု သစ်ခွ ရောက်လာပြီးနောက်မှ စာမူများကို တစ်လခြားလောက် အရွေးခံခဲ့ရပါတယ်။ စာမူ(၃)စောင်ပို့က(၃)စောင်လောက် အရွေးခံရပါတယ်။

စာရေးသူမှာ ပင်စင်အငြိမ်းစား တစ်ဦးသာ ဖြစ်ပါသဖြင့် ပင်စင်လစာသာ ခံစားနေရသူပါ။ အခြား အလုပ်အကိုင်မရှိပါ။

အကယ်၍များ အခြားကိုယ်ပိုင်လုပ်ငန်းတစ်ခုခု လုပ်ကိုင်ပါက အောင်မြင်မယ်လို့ ထင်မြင်ယူဆပါကြောင်း မှတ်ချက်ပြုလိုက်ပါတယ်။

**ဦးစိန်(တိုးချောင်ကြီး)**



www.burmeseclassic.com

# ထူးခြားတဲ့ သစ်ခွ

မြင့်စိန် (ကိုးချောင်ကြီး)



◆ ထူးခြားတဲ့ သစ်ခွ

စာရေးသူဖခင်က အင်္ဂလိပ်ရတ်နဲ့ ဂမုန်းပင် စိုက်ပျိုးခြင်းတွေကို ဝါသနာပါသူ တစ်ယောက်ပါ။

အဖေနဲ့ ဝါသနာတူသူတွေ စကားဝိုင်းဖွဲ့ ပြောဆိုရာမှ တစ်စွန်းတစ်စ ကြားမိတာက ဂမုန်းပင်တွေ၊ သစ်ကွင်း၊ သစ်ခြောက်နဲ့ ကျည်းပေါင်းတွေဟာ ထူးခြားတဲ့ သိဒ္ဓိတန်ခိုးတွေရှိကြောင်း မှတ်မိတယ်။ ဒါပေမယ့် ကလေးပီပီ ဘာမှ မည်မည်ရရ အမှတ်မထားခဲ့ရဘူး။

ယခု အသက်ကြီးလာတော့မှ ဂမ္ဘီရ အနွယ်ဝင်တွေဖြစ်ကြောင်း စာအုပ်ဆာပေတွေထဲက ဖတ်လိုက်ရတယ်။ စိတ်ဝင်စားလာတယ်။

ဒါပေမယ့် အလုပ်အကိုင်က စာရင်းကိုင်တစ်ယောက်။ ၁၉၆၅ ခုနှစ်လောက်ကတည်းက စာရင်းကိုင်တစ်ဦးအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၉၉ ခုနှစ် ကုန်ကြမှ စာရင်းကိုင်ဘဝမှ လွတ်မြောက်လာတယ်။

သိကြတဲ့အတိုင်း စာရင်းကိုင်ဆိုတာ ကုလားထိုင်နဲ့ ဖင်ကပ်နေအောင် အလုပ် လုပ်ရတာ။ ဘယ်ခရီး၊ ဘယ်တောတောင်မှ မထွက်ရဘူး။

ဒါကြောင့် စိတ်ဝင်စားတဲ့ ဂမ္ဘီရပစ္စည်းတွေလဲ မမြင်ဘူး၊ မတွေ့ဖူးဘူး။

၂၀၀၀ ပြည့်နှစ်မှာ လုပ်သက်ပြည့် ပင်စင်တင်ပြီးနောက် မြိတ်မြို့က ငါးဖမ်းကုမ္ပဏီတစ်ခုမှာ ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။

တာဝန်ချထားတာက ရေလယ် ဆီဗောပေါ်မှာ နေ့ရောညပါ။ ဆီဗောပေါ်မှာအိပ်၊ ဆီဗောပေါ်မှာ စားခဲ့ရတယ်။

မြိတ်မြစ်ရဲ့ မြစ်ဝဆိုတော့ ရေလှိုင်းတွေကလွဲလို့ ဂမ္ဘီရပစ္စည်းရှာဖို့ ဘယ်လိုမှ မဖြစ်ဘူး။

ဒါပေမယ့် **၂၀၀၇ ခုနှစ် တစ်ရက်မှာတော့** ဆီဗောပေါ်မှာ မမျှော်လင့်ဘဲ ကျည်းပေါင်း သစ်ကွင်းတစ်ခုကို တွေ့လို့ သိမ်းထားလိုက်တယ်။

ဘယ်လို သတ္တဝါတွေ ရှိလဲလို့ သတိထားကြည့်မိတယ်။ အဲဒီက တွေ့ရှိချက်တွေကိုတော့ ၂၀၀၇ ခုနှစ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတို့ကို ဓာတ်ပုံနဲ့တကွ စာမူရေးပို့တယ်။ အရွေးခံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**(မြိတ်မြို့မှ နေရင်းဒေသ ပဲခူးမြို့သို့ ပြောင်းရွှေ့လာရာ ယင်း နဂါးဗွားရောင်ခြည်မဂ္ဂဇင်း စာအုပ်များကို မြိတ်မြို့ သိမ်တော်ကြီး ဘုရား၊ စာကြည့်တိုက်တွင် ပေးလှူခဲ့ပါသဖြင့် မဂ္ဂဇင်းအမှတ်၊ လအမည်၊ စာမျက်နှာများကို မဖော်ပြနိုင်တာ ခွင့်လွှတ်ပါ။)** ကျည်းပေါင်းသစ်ကွင်းကိုတော့ ယနေ့ထက်တိုင် သိမ်းဆည်းထားပါတယ်။

ကုမ္ပဏီက နုတ်ထွက်ပြီး ယခု ပဲခူးနေအိမ်ရောက်ပြန်တော့လဲ ဝါသနာပါသူ အပေါင်းအသင်းက မရှိတော့ ဆွေးနွေးပြောဆိုဖို့တောင်ခက်နေတယ်။

ဒါပေမယ့် သားသမက်က ပဲခူးတိုင်းဒေသကြီး ရေအရင်းမြစ်ဦးစီးဌာနမှာ စာရေးဝန်ထမ်းပါ။ မကြာခဏ မြစ်ချောင်းများ တာတမံ ဆောက်ရာမှာ ကြီးကြပ်ဖို့ တောနယ်တွေကို ခရီးထွက်စေခိုင်းခံရတယ်။

ဒါကြောင့် သူ့ကိုပဲ "မင်း တောတောင် မြစ်ချောင်းတွေရောက်လို့ရှိရင် ထူးခြားတဲ့ ဂမ္ဘီရအနွယ်ဝင် ပစ္စည်းတွေရရင် ဝယ်ခဲ့ပါ။ ဒါမှမဟုတ် တွေ့ရင်လဲ ကောက်ခဲ့၊ ခုတ်ခဲ့" လို့ မှာထားတယ်။

**၂၀၁၅ ခုနှစ်၊ ဧပြီလထဲမှာ** ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပဲနွယ်ကုန်းအပိုင်၊ အနမ်းဘော်အုပ်စု၊ ညောင်ပိုင်းကျေးရွာရှိ ချောင်းပေါက်အား တာတမံ ဆည်ဖို့ရန်အတွက် စေလွှတ်ခြင်း ခံရတယ်။

(၁၁–၆–၂၀၁၅)နေ့ ပြန်လာတော့ ထူးခြားတဲ့ သစ်ခွေတစ်ခု ပါလာလို့ လက်ခံရှိပါတယ်။ **(ဓာတ်ပုံနဲ့တကွ ထင်ပြပါတယ်။)**

**ဗွီဒီယိုကွင်းထိုးလဲ မဟုတ်၊ ကျည်းပေါင်းလဲ မဟုတ်လို့ သစ်ခွေရယ်လို့ စာရေးသူ နာမည်တပ်လိုက်တာပါ။**

အဲဒီသစ်ခွေဟာ ဘာပင်လဲလို့ဆိုတော့ မသိကြောင်း၊ ချောင်းကမ်းစပ် မြေထဲမှာ ပေါက်နေတာဖြစ်လို့ ကိုယ်တိုင် ခုတ်ယူလာတာဖြစ်ကြောင်းလောက်ပဲ သိရတယ်။

သစ်ခွေကို သွေးပြီး မြည်းစမ်းကြည့်တော့ ဘာအရသာမှ မတွေ့ပါဘူး။

အဲဒီသစ်ခွေပုံသဏ္ဌာန်ဟာ ဓာတ်ပုံတွင် မြင်ရတဲ့အတိုင်း အစာမျိုထားပြီး ဗိုက်ပူနေတဲ့ မြွေတစ်ကောင်နဲ့ တူနေတယ်။ အစာမဝသေးတာကြောင့် စားစရာ နောက်တစ်ကောင်ကောင်ကို ရှာဖွေနေပုံ ပေါက်နေပါတယ်။

အောက်ပိုင်းက ပုံပါ သေးသေးလေးအချောင်းက သစ်ပင်ရဲ့ အမြစ်လို့ ပြောပါတယ်။

ဘယ်လိုသတ္တိတွေ ရှိတယ်ဆိုတာကို ယခင်ရထားပြီးသား ကျည်းပေါင်းသစ်ကွင်းနဲ့အတူ ရောပြီး ချိတ်ထားခဲ့တယ်။ ထူးခြားတာက...

စာရေးသူနေတဲ့ ပဲခူးမြို့ ဇိုင်းကနိုင်တောင်/မြောက်ပိုင်းတွေဟာ ပဲခူးမြစ်က ရေလျှံလာရင် နှစ်စဉ် ရေကြီးမှုဒဏ်ကို ခံရတယ်။ စာရေးသူအိမ်က ဇိုင်းကနိုင်းတောင်ပိုင်းမှာပါ။

ရေကြီးပြီး မြစ်ရေပြန်ဆင်းပေမယ့် ဇိုင်းကနိုင်းတောင်ရဲ့ အနိမ့်ပိုင်းရှိ အိမ်များရဲ့ အောက်ခြေမှာ ရေများကျန်နေခဲ့တယ်။ တပေါင်း တန်ခူးလတွေမှာလဲ ရေတွေ ဝပ်တတ်ပါတယ်။

စာရေးသူရဲ့ အိမ်နောက်ဖေးနဲ့ ပတ်လည်တွေမှာ ရေမပြတ် ဝပ်နေပါတယ်။ ရေများနဲ့အတူ ငါးရံ့ပေါက်များ၊ ငါးရံ့ ခေါင်းတိုများနဲ့ ရေမြွေများ မပြတ်မြင်တွေ့နေရပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်မှာ မြေဝယ်ဖို့ပြီး နောက်ဖေးမြေကွက် အနည်းငယ်သာချန်ပြီး ထားခဲ့ပါတယ်။ ကျန်နေရာအားလုံး ကွန်ကရစ်လောင်း ခင်းလိုက်ပါတယ်။ ကုန်းမြေ မြင့်သွားတာပေါ့။ ဘေးအိမ်တွေမှာတော့ ရေတွေဝပ်လျက်ပါ။

မြွေတွေက ပဲခူးမြစ်ရေ လျှံတက်လာစဉ်က ပဲခူးရိုးမမှာ မျောပါလာတဲ့ မြွေတွေဖြစ်ပါတယ်။ အများဆုံး ရှိတာက ရေမြွေနဲ့ ငန်းတော်ကျားသားပေါက်တွေပါ။

လင်းမြွေကိုတော့ တစ်ခါမှ မတွေ့ဘူးပါ။ သို့သော် မြွေဆိုးများဖြစ်သော မြွေဟောက်နဲ့ မြွေပွေးတွေလဲ တွေ့ရတတ်ကြောင်း ကြားဖူးပါတယ်။

ယခင်က စာရေးသူ အိမ်ခြံဝင်းအတွင်းမှာ မြေဖို့တာတောင်မှ ရေမြွေများကို မြင်တွေ့ရတတ်ပါတယ်။

**ထူးခြားတာက သစ်ခွေရပြီးသော ၂၀၁၅ ခုနှစ် ရေကြီးချိန်မှာ အိမ်အောက်ထပ် ရေမြုပ်သော်လဲ ရေမြွေတစ်ကောင် တလေမှ မတွေ့မမြင်ရပါ။**

ယခင်ဆိုရင် ရေကြီးချိန်မှာ မီးဖိုဆောင်တွင်းက မထိန်းနိုင်တဲ့ သစ်တိုသစ်စများထက်မှာ ရေမြွေတွေ တက်နေတာကို မြင်တွေ့ခဲ့ဖူးပါတယ်။

ယခုနှစ်မှာတော့ ဘေးပတ်ဝန်းကျင်က အိမ်တွေအောက်မှာ 'ရေမြွေများ ကူးသန်းသွားလာနေတာကို မြင်နေရပါတယ်။

ဒီတော့ ဒီသစ်ခွေရောက်လာမှ မြွေမလာဘူးလို့ ပြောရတော့မလို ဖြစ်နေပါတယ်။ ဒါပေမယ့် ထူးခြားသွားတာက...

**(၄–၂–၂၀၁၆) ကြာသပတေးနေ့ ညနေ(၄း၀၀)နာရီခန့်** အချိန်မှာ စာရေးသူက အိမ်အောက်ထပ်ပြင်ပ အိမ်ဝင်းဝမှာ ဆက်တီထိုင်ခုံချပြီး ထိုင်နေတုန်းမှာ မြွေဟောက်တစ်ကောင်ဟာ စာရေးသူ ထိုင်နေတဲ့ ဆက်တီကုလားထိုင်အောက်က ဖြတ်သွားလိုက်တယ်။

ဘာတိရလို့ မြင်လိုက်တော့ စာရေးသူနဲ့ တစ်ပေခွဲ သာသာလောက် ရောက်နေပါပြီ။

စာရေးသူတစ်ယောက် အင်မတန်ကံကောင်းပါတယ်။ မြွေဟောက်ဖြတ်သန်းချိန်မှာ စက္ကန့်ပိုင်းသာ ရှိပါသေးတယ်။

 (စာမျက်နှာ (၂၄၅) သို့)

www.burmeseclassic.com

# နွားမကြီးများမှ

နွားဗိုက် (နွားထီး)မွေးအောင် လက်တွေ့ပြုလုပ်နည်း

**နတ်မောက်မြို့၏ အနောက်ဘက် (၈)မိုင်ခန့်ဝေးသော "မယ်ဇယ်ပင်ရွာ"** သို့ ရောက်ခဲ့ရာ သူငယ်ချင်း ကိုဝင်းသီး၏ ကိုဝင်းမောင်၏ နေအိမ်တွင် တည်းခို စားသောက်ခဲ့ရပါသည်။

စာရေးသူ ရောက်ရှိစဉ်တွင် ကိုဝင်းသီးမှာ **နွားမကြီးမှ နွားဗိုက်ကလေး (နွားထီးလေး)မွေးသဖြင့် "နချင်း" (နွားအချင်း)**ပြုတ်နေသည်ကို တွေ့ရပါသည်။

နချင်းပြုတ်နေသော အိုးကို ရိုးရိုးထမင်းချက်ရာတွင် မွှေသော **ဆီးသား ယောက်မနှင့် မမွှေဘဲ တစ်တောင်ခန့်ရှည်သော ငါးမူးလုံးခန့် တုတ်သည့် ဝါးဆစ်ပိတ်တုတ်နှင့် မွှေနေသည်ကို ထူးခြားစွာ တွေ့မြင်သဖြင့်** လှေ့လာမေးမြန်း စပ်စုကြည့်ရာ အောက်ပါအတိုင်း ရှင်းပြသဖြင့် တစ်ခါမှ မသိဘူး၊ မကြားဘူးသော ဗဟုသုတ တိုးခဲ့ရပါ၍ ဖြန့်ဝေ ရေးသားတင်ပြလိုက်ပါသည်။

"ဒီလို ကိုလှမြင့်ရေ... ကျွန်တော်တို့ တောင်သူတွေဟာ ကိုယ့်အိမ်ခြံပေါက် နွားထီးကို တောင်သူလုပ်ငန်းခွင်မှာ ဂုဏ်ရှိစွာ အသုံးပြုချင်တယ်လေဗျာ။ အဝတ်ခြံပေါက်၊ အစားခြံပေါက်၊ နွားခြံပေါက် ဆိုတဲ့ စကားကို ခင်ဗျားလည်း သိကိုယ်တိုင် ပြုစုမွေးမြူထားတဲ့ အိမ်ခြံပေါက် နွားဗိုက်ကို သုံးချင်တာပေါ့။ ယ်မွေးခြံပေါက် နွားပေါ့ဗျာ။

"နွားကိုယ်ရှိမှ နွားကောင်းရ" ဆိုသလို ဝမ်းဗိုက်ကျယ်ကျယ်၊ သားအိမ်ကောင်းကောင်း နွားမကြီးများ မွေးမြူပြီး လိုက်နွားသိုးကောင်းကောင်းနဲ့ သားစပ်မှ နွားကောင်းမွေးတာပေါ့။

နွားကောင်းတော့ မွေးပါရဲ့ ဒါပေမယ့် နွားထီးမမွေးဘဲ နွားမလေး မွေးရင် တောင်သူလုပ်ငန်းခွင်မှာ အင်တိုက်အားတိုက် တွင်တွင်



ကျယ်ကျယ် ခိုင်းမဖြစ်၊ သုံးမဖြစ်ပြန်ဘူးဗျာ။ ဒီတော့ နွားမကြီးကနေ နွားဗိုက်မွေးစေချင်တာ တောင်သူတိုင်း စိတ်ဆန္ဒပါပဲ။ နောင်နွားလေးကြီးလာလို့ ရောင်းစားရရင်တောင်မှပဲ နွားဗိုက်က နွားမထက် ဈေးပိုရ၊ ငွေပိုရတာပေါ့ဗျာ။

အဲဒီတော့ နွားမကြီးက နွားဗိုက်မွေးအောင် အခုလို ပြုလုပ်ရတယ်ဗျ။

နွားမကြီး သားမွေးပြီးရင် နွားအချင်းကျလာတာကို စောင့်ယူရမယ်။ နွားအချင်းဟာ ဆေးဖက်ဝင်၊ စားကောင်းတယ်။ သက်ကြီးရွယ်အိုများအတွက် သဘာဝ အသက်ရှည်ဆေးတစ်ပါးပဲဗျ။

ထားပါတော့လေ။ အဲဒီလို နွားမကြီးရဲ့ သားအိမ်က ထွက်ကျလာတဲ့ နွားအချင်းကို အရိုက်သဲ ကင်းစင်အောင် အရိုအရွဲများ စင်အောင် ရေဆေးပါ။ နှမ်းဆီ၊ သုံးထပ်သောရတယ်။

ဆေးပြီးရင် နွားချင်း တစ်ခြမ်းလုံးကို အိုး(သို့မဟုတ်) မြေအိုးထဲ ထည့်ပြီး ရေနဲ့ ကျက်အောင်ပြုတ်ရတယ်။ အဲလိုပြုတ်တဲ့ အခါမှာ နွားလှည်း ထမ်းပိုးတုံးမှာ တပ်တဲ့ "ထမ်းပိုးကြီးတုတ်" နဲ့ နွားချင်းပြုတ် အိုးကို မွှေပေးရတယ်။

ရိုးရိုးယောက်မယ မသုံးရဘူး။ နွားချင်း ကျက်ပြီဆိုရင် အအေးခံပြီး (၇)ပိုင်း အညီအမျှ ပိုင်းပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆိုသလို ခိုခိုသန့်တော် သလို သက်ကြီးပါကြီး(၇)ဦး (၇)အိမ် ဝေငှပေးရတယ်။

အဲဒီလို ပြုလုပ်ပေးရင် နွားမကြီးလဲ ကုသိုလ်ရ၊ ခိုခိုလဲ ကုသိုလ်ရ၊ မွေးသမျှလဲ နွားဗိုက်၊ နွားထီးလေးများချည်း မွေးပါတယ်ဗျာ။

ကျွန်တော့် နွားမကြီးဆိုရင် အခုမွေးတာပါဆိုရင် နွားထီးချည်း(၃)ကောင် နှစ်စဉ်တစ်နှစ်တစ်သား မှန်မှန်မွေးပါတယ်။ လက်တွေ့ပါပဲဗျာ။ ဒီနည်းကျွန်တော်တို့ အဘိုးကာတစ်ဆင့် ကျွန်တော့်အဖေဦးအောင်မှ ရရှိပြီး အခုကျွန်တော့်အထိ လက်ဆင့်ကမ်း ရရှိခဲ့တာပါပဲ"

ကိုဝင်းသီး(ခေါ်) ကိုဝင်းမောင်၏ လက်တွေ့ရှင်းပြချက်ကို မူရင်းအတိုင်း တင်ပြလိုက်ပါတယ်။

**နတ်မောက် လှမြင့်သစ်**

www.burmeseclassic.com

အနေတောင်းလို

# အသေကောင်းတဲ့ ဆရာတော်ကြီး

ကောင်းမြင့်မြတ်စိန်

ကျွန်တော်ဟာ **မိတ္ထီလာမြို့နယ်၊ တောင်းကောက်ရွာကျောင်း ဆရာတော်ကြီးဦးပဏ္ဍိတ**ကို ၁၉၈၉ ခုနှစ်မှာ စတင် ဖူးတွေ့ရစဉ်ကတည်းက အလွန်ကြည်ညိုခဲ့ပါတယ်။ ဆရာတော်ကြီးဟာ အလွန်ရိုးသား အေးချမ်းပါတယ်။ သီလ အလွန်ကောင်းပါတယ်။ မာန်မာန အရိပ်အယောင်မျှ မတွေ့ရ။ အလွန်နှိမ့်ချတတ်တဲ့ ဆရာတော်ကြီး ဖြစ်ပါတယ်။

အဲဒီအချိန်က ကျွန်တော့် အသက် (၃၀)ဝန်းကျင်သာ ရှိပါသေးတယ်။ ကျွန်တော့်အိမ်သူဟာ တောင်းကောက်ရွာအနီးက ကုက္ကိုကုန်းရွာဇာတိ ဖြစ်ပါတယ်။ သူမရဲ့အိမ် ရောက်တဲ့အခါ ယောက္ခမများ ဥပုသ်စောင့်သွားတဲ့အခါ ကျွန်တော်လဲ လိုက်သွားပါတယ်။

တောင်းကောက် ကျောင်းကိုပဲ သွားလေ့ရှိပါတယ်။ ကုက္ကိုကုန်းရွာ ပတ်ပတ်လည်မှာလဲ ဘုန်းကြီးကျောင်းတွေ ရှိနေပါတယ်။ ကုက္ကိုကုန်းအုပ်စုမှာ ရွာ(၆)ရွာရှိပြီး ဘုန်းကြီးကျောင်းတွေလဲ ပေါပါတယ်။

ဒီနယ်ဒီရွာ တစ်ဝိုက်မှာ တောင်းကောက်ဆရာတော်ကြီးကို ကြည်ညိုဆည်းကပ်သူ ပိုပြီး အများဆုံး ဆိုတာ လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ စတင် ဖူးတွေ့လိုက်ရတာနဲ့ ကြည်ညိုသွားခဲ့ရပါတယ်။

၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ဇနီးမောင်နှံဟာ တခြားမြို့ရွာတွေမှာ လုပ်ကိုင် နေထိုင်ခဲ့တာကြောင့် ရွာနဲ့ အဆက်ပြတ်သွားခဲ့ပါတယ်။ ဒါပေမယ့် ကြုံတဲ့အခါတိုင်းတော့ တောင်းကောက်ဆရာတော်အကြောင်း မေးမိပါသေးတယ်။

၂၀၀၀ ပြည့်နှစ် လောက်ကတော့ တောင်းကောက်ဆရာတော်ကြီး ပျံလွန်



▲ တောင်းကောက်ဆရာတော်ကြီး ဦးပဏ္ဍိတ

တော်မူပြီဆိုတာ ကြားသိခဲ့ရပါတယ်။ အဲဒီအချိန်က ကျွန်တော်ဟာ နည်းပညာကောလိပ် (တောင်ကြီး)မှာ နည်းပြလုပ်နေပါသေးတယ်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ စာမူတွေ မပို့ဖြစ်သေးပါ။ စာပေတွေကိုတော့ ရေးနေပါပြီ။ ဇနီးရဲ့ရွာကို တစ်နှစ်တစ်ခေါက်တော့ အနည်းဆုံး ရောက်ပါတယ်။ ဒါပေမယ့် တောင်းကောက်ဆရာတော်ကြီးနဲ့ ပတ်သက်လို့

www.burmeseclassic.com

ထွေထွေထူးထူး မကြားသိခဲ့ရဘူးပါ။

ဒါပေမယ့် (၂၁–၁၁–၁၆)နေ့ ကတော့ ထူးခြားတာကို ကြားသိခဲ့ရပါပြီ။

အဲဒီရက်က ကျွန်တော်တို့ ဇနီးမောင်နှံဟာ ကုက္ကိုကုန်းရွာအရှေ့ ထိပ်က အောင်သိဒ္ဓိကျောင်းဘုရားပွဲမှာ အလှူကုသိုလ်ပြုဖို့ ရောက်နေတာ ဖြစ်ပါတယ်။

အောင်သိဒ္ဓိကျောင်း ဆရာတော် ဦးဉာဏိကဟာ ရွာနီးချုပ်စပ်မှ ကြည်ညို အားကျစရာကောင်းတဲ့ ဆရာတော်ကြီးတွေ အကြောင်း ကျွန်တော့်ကို ပြောပြရာမှ တောင်းကောက် ဆရာတော်ကြီးအကြောင်း ပါလာခဲ့တာ ဖြစ်ပါတယ်။

'အကာကြီးဦးမြင့်စိန်လဲ တောင်းကောက် ဆရာတော်ကြီးကို မီလိုက်မယ် ထင်ပါတယ်။ ဆရာတော်ကြီးက အလွန် ထူးခြားတယ်။ ခန္ဓာဝန်ချတော့ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ပျောင်းနေတယ်။

(၅)ရက်တိတိ ထားပြီးမှ မီးသင်္ဂြိုဟ်ခဲ့တာ ဆိုပေမယ့် (၅)ရက်မြောက်နေ့အထိ မပုပ် မသိုးဘူး။ ဘာအပုပ်နံ့မှ မထွက်ဘူး။ အဲဒီ ဒီနယ်တစ်ဝိုက်က လူတိုင်းသိတယ် အကာကြီး'

'ဟာ...ဟုတ်လား ဘုရား၊ တပည့်တော် အခုမှ သိရပါတယ် ဘုရား။ စောစောကများ သိရရင် တပည့်တော် ဆောင်းပါး ရေးပြီးပြီပေါ့ဘုရား'

'အင်း... ဟုတ်တော့ ဟုတ်တယ်၊ မစပ်မိကြလို့ ဖြစ်ပါလိမ့်မယ် ဒကာကြီး'

'တင်ပါ့ဘုရား... တောင်းကောက် ဆရာတော်ကြီးအကြောင်း ဆရာတော် သိသလောက် မိန့်ပါဦးဘုရား'

'ဆရာတော်ကြီးဟာ ကလေးတွေကို ချစ်တတ်တယ်။ စာဖတ်တာကို အလွန် အားပေးတယ်။ ကျုပ် ငယ်ငယ်



တောင်းကောက်ဆရာတော်ကြီး ဦးပဏ္ဍိတအကြောင်း ပြောပြနေသော ကုက္ကိုကုန်းရွာ အောင်သိဒ္ဓိဆရာတော် ဦးဉာဏိက

ကပေါ့ဗျာ။ ဖိနတ္တဖကာသနီ စာအုပ်ကြီး သွားနှုတ်တော့ တောင်းကောက် ဆရာတော်ကြီးက လက်နှစ်ဖက်နဲ့ ပေးတယ်ဗျ။ **"မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ဖတ်လို့"**တဲ့။ ဖတ်ပြီးမှ ပြန်ပေးလို့လဲ မှာလိုက်သေးတယ်ဗျ။

ပြီးတော့ ဆရာတော်ကြီးဟာ အလွန် မှတ်ဉာဏ်ကောင်းတယ်ဗျ။ ကျုပ်က ရွာက ထွက်သွားပြီး ရန်ကုန်မှာ နှစ်ပေါင်းများစွာ နေခဲ့တာဗျ။ ရွာပြန်ရောက်ရင် တောင်းကောက် ဆရာတော်ကြီး သွားဖူးရင် ဆရာတော်က **"တောသား ပေါက်စလား"** လို့ ချက်ချင်း နှုတ်ဆက်တယ်။ **"ငါက မင်းအဖေကို မှတ်မိတယ်ကွ"**လို့လဲ မိန့်တယ်ဗျ'

'တင်ပါ့ဘုရား... ဆရာတော်တို့လို တပည့်တွေကို တောင်းကောက် ဆရာတော်ကြီးက ဆုံးမတဲ့ ထူးခြားတဲ့ ဩဝါဒစကား ရှိရင်လဲ သိလိုပါတယ် ဘုရား'

'အင်း...ဆရာတော်ကြီးက စကားနည်းတယ်။ တပည့်တွေ၊ ဒကာ,ဒကာမတွေကို သိပ်ပြီး ထွေထွေထူးထူး မပြောဘူးဗျ။ ဒါပေမယ့် အမြဲလိုလို ဆုံးမတဲ့ စကားတော့ ရှိတယ်။ ကျုပ်ကိုလဲ မိန့်မှာဖူးတယ်။ ဆရာတော်ကြီး ပျံလွန်တော်မမူခင် (၃)ဝါလောက်ကပေါ့ဗျာ'

"ငါတပည့်...
မချွန်နဲ့ကွ၊ ချွန်လွန်းရင် ကျိုးတတ်တယ်၊
မမောက်နဲ့၊ မောက်ရင် လျှံကျတတ်တယ်၊
မထောင်နဲ့၊ ထောင်ရင် လဲတတ်တယ်၊
မြဲမြဲမှတ်ကွယ့်"

အဲဒီလို ဆုံးမသွားတယ် ဒကာကြီး။

**ပြီးတော့ ထူးတာတစ်ခု ပြောဦးမယ်။ ဆရာတော်ကြီးကို မီးသင်္ဂြိုဟ်စဉ်က ညနေ(၄)နာရီ ကျော်ကျော်လောက် မီးသင်္ဂြိုဟ်ခဲ့တယ်။**

**ညနေ(၆)နာရီလောက်မှာ အဲဒီ မီးသင်္ဂြိုဟ်တဲ့နေရာက ရောင်ခြည်တန်းကြီးတစ်ခု ဝင်းခနဲ ကောင်းကင်ပေါ် ပျံတက်သွားတာတွေ့လိုက်ကြရတယ်။ လူတချို့ပဲ သတိထားမိလိုက်တာပါ'**

အဲဒီလို ကျွန်တော်နဲ့ အောင်သိဒ္ဓိ ဆရာတော်ဦးဉာဏိကတို့ ပြောဆိုနေစဉ်မှာ လူကြီးတစ်ဦး ရောက်လာပါတယ်။ ဒီအခါ ဆရာတော်ဦးဉာဏိကက...

'ဟာ... ဒကာကြီး ဦးထွန်းငြိမ်း ရောက်တာတာနဲ့ အတော်ပဲ၊ ဦးမြင့်စိန်ရေ့ သူက တောင်းကောက်ရွာသားပဲ။ တောင်းကောက် ဆရာတော်ကြီးရဲ့ တပည့်ရင်းပဲဗျ။ သူ့ကို မေးလို့ရတယ်ဗျ'

ထိုအခါ ဦးထွန်းငြိမ်းဆိုသူက...

'ဘာမေးချင်လို့လဲဗျာ'

'ဩော်...ဒီလိုပါ၊ ဦးမြင့်စိန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးဆရာဗျ။ အခုင် တောင်းကောက်





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ခန္ဓာဝန်ချတုန်းက ထူးခြားတဲ့အကြောင်းတွေ သိချင်လို့ ဦးထွန်းငြိမ်း သိတာလေး မေးစေချင်လို့ပါ'

'ဒီလိုပါ... ကျွန်တော်က တောင်းကောက် ဆရာတော်ကြီးအကြောင်း ဆောင်းပါးရေးဖို့ သိချင်တာလေးတွေ ရှိလို့ပါ။ ဦးကြီး သိတာလေးတွေ ပြောပြပါခင်ဗျာ'

'ဆရာတော်ကြီး ပျံလွန်တော်မူစဉ်က ခန္ဓာကိုယ်တစ်ခုလုံး ပျော့ပျောင်းနေတယ်ဗျ။ (၅)ရက်ထားတာတောင် အပုပ်နံ့ မထွက်ဘူး။ အံ့စရာပဲဗျ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ဆရာတော်ကြီး ဘယ်နေ့ရက်က ပျံလွန်တော်မူတာလဲ၊ ပြီးတော့ ဆရာတော်ကြီးရဲ့ မိဘ,မွေးချင်းမောင်နှမတွေရယ်၊ မွေးရပ်ဇာတိရယ် သိချင်ပါတယ် ခင်ဗျာ'

'ဇာတိကတော့ ဝါးရင်းတုတ်ရွာပဲဗျ။ မိတ္ထီလာမြို့နယ်ပဲ။ တခြားအကြောင်းတွေတော့ အတိအကျမသိဘူးဗျ။ တောင်းကောက်ရွာကျောင်း သွားလိုက်ပါ ဆရာ။ လက်ရှိ တောင်းကောက်ဆရာတော်ထံ သွားပြီး မေးလျှောက်ကြည့်ပါ'

'ဟုတ်ကဲ့ခင်ဗျ၊ တခြား သိတာရှိရင် ပြောပါဦး'

'ဆရာတော်ကြီးက ဖျားတာ နာတာ မရှိဘူး။ ကျန်းမာရေး သိပ်ကောင်းတာပဲ သက်တော်(၈၇)နှစ်ကျမှ တစ်ခါဖြစ် တစ်ခါလဲ ဆိုသလို ပျံလွန်တော်မူသွားတာဗျ။ ပြီးတော့ ဘုန်းကြီးပျံပွဲ ဖြစ်သွားတာ ထူးခြားတယ်ဗျ၊ တောရွာတွေမှာ ဘုန်းကြီးပျံပွဲလုပ်ရတာ မလွယ်ဘူးဗျ။ ရက်လချိန်းပြီးကြာအောင် ကြိုးစားလုပ်ကြရတာ။

ဆရာတော်ကြီးကျတော့ (၅)ရက်တည်းနဲ့ ဘုန်းကြီးပျံပွဲကြီး လုပ်နိုင်



◆ မိတ္ထီလာမြို့နယ်

ကုက္ကိုကုန်းရွာဘုန်းကြီးကျောင်း

ခဲ့တယ်ဗျ။ အလွန် စည်းကားခမ်းနားခဲ့တယ်ဗျ။ ဒီနယ်က လူတွေ အကုန်လာကြတယ်။ အစည်ဆုံး ဘုန်းကြီးပျံပွဲပေါ့ဗျာ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ နောက်နေ့ကျရင် တောင်းကောက်ရွာကျောင်း သွားလိုက်ပါမယ်ခင်ဗျား'

နောက်ရက်(၂၂–၁၁–၁၆) နေ့လယ်စာစားပြီးချိန်မှာ ကျွန်တော်ဟာ ကျွန်တော့်အိမ်သူနဲ့အတူ တောင်းကောက်ရွာကျောင်း (ဘုန်းကြီးကျောင်း)ကို သွားခဲ့ပါတယ်။ လက်ရှိ တောင်းကောက် ဆရာတော်ကို ကျွန်တော့်အိမ်သူက သိကျွမ်းပါတယ်။

ဒါကြောင့် ကျောင်းကို ရောက်တဲ့အခါ ဆရာတော်က ရင်းနှီးစွာ,ညှော်ခံပါတယ်။ ကျွန်တော်တို့ကလဲ ပင်လောင်း လက်ဖက်ခြောက်ထုပ်ကို လှူလိုက်ပါတယ်။ ကျွန်တော့်ဇနီးက ကျွန်တော့်အကြောင်း ပြောပြ မိတ်ဆက်ပေးပါတယ်။ ဒီတော့ ဆရာတော်ကလဲ ဝမ်းသာအားရနဲ့...

'မေးပါ ဒကာကြီး... ဘုန်းကြီးကလဲ ဘုန်းကြီးရဲ့ဆရာအကြောင်း ပြောပြချင်နေတာ၊ ဖော်ထုတ်ချင်တာနဲ့ အတော်ပဲဗျာ'

'တင်ပါ့ဘုရား... အရင်ဆရာတော်ကြီးနဲ့ပတ်သက်လို့ တပည့်တော် သိချင်တာတွေကတော့ ဆရာတော်ကြီး ပျံလွန်ခါနီး အခြေအနေတွေ၊ ဆရာတော်ရဲ့ ဇာတိ၊ မိဘဆွေမျိုးသားချင်းတွေ...

ပြီးတော့ ဆရာတော်ကြီးရဲ့ စိတ်နေစိတ်ထား၊ အကျင့်စရိုက် လုပ်ဆောင်ချက်တွေ၊ ဩဝါဒတွေ၊ ကျင့်ကြံအားထုတ်ပုံတွေ ပါဘုရား။ ပြီးတော့ ဆရာတော်ကြီးရဲ့ ပရိယတ္တိစာပေ ကျွမ်းကျင်မှုတွေ သိလိုပါတယ်ဘုရား'

'ဆရာတော်ကြီးဟာ ကျန်းမာရေး အလွန်ကောင်းပါတယ်။ သက်တော်(၈၇)နှစ်မှာမှ လေဖြတ်ခံရလို့ အိပ်ရာထဲ လဲသွားခဲ့တာ။ လေတစ်ခြမ်းဖြတ်လို့ စကားတောင် မပီနိုင်အောင် ဖြစ်သွားခဲ့တယ်။ သုံးရက်ပဲ ခံလိုက်ရပြီး ပျံလွန်တော်မူသွားတာ။

အေးအေးချမ်းချမ်းပဲဗျ။ ပျံလွန်တော်မူပြီးတော့လဲ ဆရာတော်ကြီးရဲ့ ခန္ဓာကိုယ်တစ်ကိုယ်လုံးဟာ ပျော့ပျောင်းနေတယ်။ (၅)ရက်ရှိမှ မီးသင်္ဂြိုဟ်တာတောင် အပုပ်နံ့တွေ ဘာတွေ မနံဘူး။ တကယ်ထူးပါတယ်ဗျာ။ အဲဒါကတော့ ရွာနီးချုပ်စပ်က ဒကာ,ဒကာမတွေ အကုန်သိတယ်ဗျ။

ဆရာတော်ကြီးရဲ့ မိဘနဲ့ ဆွေမျိုးသားချင်းနာမည်တွေ အကုန်မသိဘူး။ ဒါပေမယ့်။ ဆရာတော်ကြီးရဲ့ ဇာတိက ဝါးရင်းတုတ်ရွာပါ။ ဘုန်းကြီး ဖုန်းဆက်ပြီး မေးလိုက်မယ်။ ဝါးရင်းတုတ်ရွာကျောင်းဆရာတော်ဆီ ဖုန်းဆက်မေးထားမယ်။ နောက်မှ ဒကာကြီးကို ပြန်ဖုန်းဆက်ပေးပါမယ်။ ဒကာကြီး

www.burmeseclassic.com

ဖုန်းနံပါတ် ပေးခဲ့ပေါ့’

‘တင်ပါ့ ဘုရား’

ကျွန်တော်ဟာ ကျွန်တော့် ဖုန်းနံပါတ်ကို ပေးခဲ့ပါတယ်။ ဆရာတော်က ဆက်ပြီး မိန့်ပါတယ်။

‘ဆရာတော်ကြီးက မေတ္တာစိတ် ကြီးမားတယ်ဗျ။ ပြီးတော့ သည်းခံတတ်တယ်။ နှိမ့်ချပြီးတော့လဲ အမြဲနေလေ့ရှိတယ်။ ဒကာ, ဒကာမတွေ ဆွမ်းကပ်ရင် ဘယ်တော့မှ မကောင်းဘူး မကြိုက်ဘူးလို့ မပြောဘူး။ ဟင်းခွက်အားလုံးကို ဒကာ,ဒကာမတွေ ရှေ့မှာ ဘုဉ်းပေးပြတယ်။

ဘယ်တော့မှ မညည်းညူဘူး။ ချေမများဘူး။ ဒကာတွေ စိတ်ကျေနပ်အောင် နေထိုင်လေ့ရှိပါတယ်။ ဒကာ,ဒကာမတွေကို အမြဲ ငဲ့ညှာလေ့ရှိတယ်။ ရောင့်ရဲတတ်တယ်။ တောရွာမှာဆိုတော့ ဟင်းကောင်းက ရှားပါတယ်။ တောထဲကထွက်တဲ့ ရက်ဲ့ အသီးအရွက်က များတာပါ ဒကာကြီး။

ဒါကြောင့် ဒီနယ်တစ်ဝိုက်မှာရှိတဲ့ ဒကာ,ဒကာမတွေ အားလုံးဟာ ဆရာတော်ကြီးကို အလွန် ကြည်ညိုကြတယ်၊ အားကိုးကြတယ်ဗျာ။ ဆရာတော်ကြီးကလဲ ရွာထဲက ကလေးတွေကို စာသင်ပေးတယ်။ ဟိုတုန်းက (ဘ.က)ကျောင်း (၄)တန်းထိ ဆရာတော်ကြီးကိုယ်တိုင် သင်ပေးခဲ့တယ်။

ကျုပ်ကိုယ်တိုင် ဆရာတော်ကြီးရဲ့ (ဘ.က)ကျောင်းက (၄)တန်း အောင်ခဲ့တယ်။ ပရိတ်ကြီးလဲ ကုန်အောင် သင်ပေးခဲ့တယ်။ ဆရာတော်ဟာ နေ့ဘက်မှာ စာသင်ပေးပြီး ညဘက်ဆို တရားအားထုတ်တယ်။ များသောအားဖြင့် စင်္ကြံလျှောက်ပါတယ်။ ရွတ်တာဖတ်တာ မရှိသလောက်နည်းတယ်၊ တရားမှတ်တာပဲ များပါတယ်။

ပြီးတော့ ဆရာတော်ကြီးက အအိပ်



◆ ယခင် တောင်ကောက်ဆရာတော်ကြီး ဦးပဏ္ဍိတာဓိကသည် တောင်ကောက်ရွာမှ ဦးထွန်းငြိမ်း (ဆရာတော်ကြီးအကြောင်းပြောပြနေစဉ်)

အနေ နည်းတယ်။ ညဘက်လဲ ညဉ့်နက်မှ ကျိန်းတယ်။ မနက်ကျတော့လဲ စောစောထပြီး တရားအလုပ် လုပ်တယ်ဗျ’

‘တင်ပါ့ဘုရား... ဆရာတော်ကြီးရဲ့ ဩဝါဒတွေလဲ သိလိုပါတယ်ဘုရား’

‘ဆရာတော်ကြီး အမြဲဆုံးမတာကတော့ “မချွန်နဲ့၊ မမောက်နဲ့၊ မထောင်နဲ့”လို့ မှတ်သားထားပါတယ်၊ တပည့်ရင်းတွေကို မာန်မာန မထောင်လွှားဖို့ အမြဲဆုံးမပါတယ်။

နောက်တစ်ခု ရှိသေးတယ်။

**“တပည့်တို့ ပစ္စောက်နဲ့ဖဦးထုပ် တာမှာပဲ ကပ်ပါစေ၊ လူမှာ မကပ်စေနဲ့”**

**“ပျင်းရင် ဖျင်းမယ်”**တဲ့၊

ဆရာတော်ကြီးက သူကိုယ်တိုင်လဲ ဘယ်တော့မှ မာန်မာန မရှိဘူး။ အမြဲတမ်းလဲ အလုပ်တစ်ခုခုတော့ လုပ်နေလေ့ပဲရှိတယ်။ လျောင်းနေတာ အိပ်နေတာ မရှိဘူး။ အားရင် စင်္ကြံလျှောက် တရားမှတ်နေလေ့ရှိပါ

တယ် ဒကာ’

‘တင်ပါ့ဘုရား... အလွန် ကြည်ညိုစရာ ကောင်းလှပါတယ်ဘုရား။ ပရိယတ္တိ စာပေနဲ့ ပတ်သက်လို့ မိန့်ပါဦးဘုရား’

‘ဆရာတော်ကြီး ကျမ်းကြီးပေါက် သင်ကြားခဲ့မယ် ထင်ပါတယ်။ စာမေးပွဲ အောင်လက်မှတ်တွေ ဘာတွေတော့ မတွေ့ဖူးပါဘူး။ ဘုန်းကြီးကလဲ ၁၃၅၉ ခုနှစ်ကျမှ ဒုလ္လဘရဟန်း ဝတ်ရာက လူမထွက်တော့ဘဲ ဆရာတော်ကြီး အရိပ် ခိုလှုံခဲ့တာပါ။

ဆရာတော်ကြီးနဲ့ (၃)နှစ်လောက်ပဲ အနီးကပ် နေခဲ့ရတာပါ။ ဆရာတော်ကြီးက ၁၃၆၂ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်မှာ ပျံလွန်တော်မူခဲ့တာလေ’

ယခင် တောင်းကောက်ရွာကျောင်း ဆရာတော်ကြီးရဲ့ ပုံတူပန်းချီကားကို ဘုရားခန်းရှေ့မှာ ဖူးတွေ့ခဲ့ရပါတယ်။ မွေးသက္ကရာဇ် ရေးသားထားတာ တွေ့ရပါတယ်၊ **(၁၂၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်)** လို့ ဖတ်ရပါတယ်။ ဓာတ်ပုံရိုက်ယူခဲ့ပါတယ်။

ယခုလက်ရှိ ဆရာတော်ဟာ သူ့ဆရာတော်ကြီးအကြောင်းကို ပြောပြရလို့ အလွန် ဝမ်းသာနေပါတယ်။ ယခုလက်ရှိ ဆရာတော်ရဲ့ ဘွဲ့တော်ကတော့ ဦးပါမောက္ခလို့ သိရပါတယ်၊ သက်တော် (၆၀)ခန့်ကျင် ရှိပါတယ်။

ကျွန်တော့်ထံသို့လဲ နောက်(၃)ရက်ကြာတဲ့အခါ ဖုန်းဆက်ပြီး ယခင်ဆရာတော်ကြီးရဲ့ မိဘနဲ့ မွေးချင်း အမည်တွေကို ပြောပြခဲ့ပါတယ်။

ယခင် တောင်းကောက်ဆရာတော်ကြီးဦးပဏ္ဍိတရဲ့ ...မည်းတော်မှာ

(စာမျက်နှာ (၂၅၄) သို့)

www.burmeseclassic.com

လေနှင့်အတူလာ၍

# မိတ်နှင့်အရှ

ပျောက်သွားခြင်း

ဝဇိ (စက်မှုတက္ကသိုလ်)



မိခင်ဖြစ်သူနှင့် သမီးများ အပြင်သွား ကြ၍ သားအဖနှစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့သည်။ စာမေးပွဲ ဖြေခါနီးဖြစ်၍ သားဖြစ်သူက စာကျက်နေသည်။ ကျွန်တော်ကတော့ စာဖတ်လိုက်၊ စာရေးလိုက် လုပ်နေသည်။ နေ့လယ် (၁၁)နာရီခန့်တွင် သားအဖနှစ်ယောက် ထမင်းစားရန် ပြင်ဆင်ကြသည်။

ထမင်းဟင်းလျာများကို မီးဖိုချောင်မှ အိမ်ရှေ့သို့ သယ်ယူရန် အိမ်နောက်တံခါးကို ဖွင့်လိုက်သည်။ သုတ်ခနဲ လေတစ်ချက်ဝှေ့လိုက်ပြီး ယင်ကောင်လေး၊ ငါး၊ ဆယ်ကောင်ခန့် တိုးဝင်လာကာ အပုပ်နံ့ ထောင်းခနဲ ရလိုက်သည်။ သားဖြစ်သူရော ကျွန်တော်ပါ နှာခေါင်းရှုံ့လိုက်မိသည်။

'သား ယူစရာရှိတာတွေ မြန်မြန်ယူကွာ၊ စားပြီးမှ ရှာကြတာပေါ့'

ဟု ကျွန်တော်က လိုရင်းရောက်အောင် ပြောပြီး အိမ်ရှေ့ခန်းရှိ ကြွေပြားပေါ်တွင် အမြင့်ခင်းထားသော အသားကြမ်းခင်းပေါ်၌ စားပွဲခုံချ၍ ထမင်းဝိုင်းဖွင့်ကာ စားလိုက်ကြသည်။

ထိုအခါ အသားကြမ်းခင်းအောက်မှ ဟု ထင်ရသော အပုပ်နံ့က ရလာ၍ သားအဖနှစ်ယောက် စားလက်စ ထမင်းဟင်းကို ရပ်လိုက်ကြသည်။ **ထမင်းမစားမီက ဒီနေရာမှာ ဒီအပုပ်နံ့က မရပါလား၊ ဘယ်လိုဖြစ်တာပါလိမ့် ဟု တွေးနေမိပါသည်။**

သို့အတွက် ထမင်းဟင်း ပန်းကန်များ ပြန်လည် သိမ်းဆည်းရာ မီးဖိုခန်းမှ အပုပ်နံ့က ရလာပြန်ပါသည်။

'ဟ ဘယ်လိုဖြစ်တာလဲဟ၊ အနံ့က တစ်အိမ်လုံး ပျံ့နေပါလားကွ'

ဟု ပြောပြီး ကြွက်၊ အိမ်မြှောက်စသည့် အသေကောင်များ ရှိလိမ့်နိုးဖြင့် သားအဖနှစ်ယောက် ရှာဖွေကြသည်။ မတွေ့ရပါ။

ညနေ(၄)နာရီခန့်တွင် ဇနီးနှင့်သမီး

www.burmeseclassic.com

များ အိမ်ပြန်ရောက်ကြရာ အိမ်ဝိုင်း အဝင်မှာပင် နံသည်၊ နံသည် ဖြစ်ကုန်ကြသည်။ ကျွန်တော်တို့ကလည်း တစ်အိမ်လုံး ရှာကြည့်ပြီးပြီဖြစ်ကြောင်း၊ ဘာမျှ မတွေ့ရကြောင်း ပြောသည်။ မငှကျေနပ်ကြပါ။

အိမ်ထဲတွင်မက ဝိုင်းထဲ၌ပင် ရှာဖွေကြသည်။ ဘာမျှ မတွေ့ကြရပါ။ သို့အတွက် လက်လျှော့လိုက်ကြပြီး ချက်ပြုတ်၊ ရေမိုးချိုးပြီး ညစာထမင်းကို နံနံနှင့်ပင် ဖွတ်စားလိုက်ရသည်။

နေရီချုပ်စ ညနေ(၆)နာရီခန့်တွင် ကျွန်တော်သည် ပြုနေကျ ဝတ်အတိုင်း **ရေတံခွန်တောင် ဆရာတော်ကြီး၏ မှုနှင့်အညီ ခုနစ်နေ့၊ ခုနစ်နံ သားသမီးများကို ရည်စူး၍ မေတ္တာသုတ်ခုနစ်ခေါက် ရွတ်ဖတ်ပါသည်။** အိမ်အပေါ်ထပ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ ရွတ်ဆိုခြင်း ဖြစ်ပါသည်။ ပြီးသည့်အခါ မေတ္တာသုတ်ရွတ်ပွားရသော ကုသိုလ်အဖို့ကို အမျှပေးဝေလိုက်ပါသည်။

တစ်ဆက်တည်းမှာပင် ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ပြင်ဆင်ကပ်လှူပြီး ဂုဏ်တော်ကို စိပ်ပွားပါတော့သည်။

စိပ်ပွား၍ စိတ်ကို ထိန်းချုပ်သည့်အခါ အပုပ်နံ့သည် ကြီးစွာ အနှောင့်အယှက် ဖြစ်လာပါသည်။ ကျွန်တော်တတ်နိုင်သမျှ အနံ့ကို လျစ်လျူရှုပါသည်။ လုံးလည်ချာလည်ဖြစ်၍ အပူတက်ကာ ချွေးများ စို့လာသည်။ စိတ်ထိခိုက်လာ၍...

'ဖြော် ငါ့ကို အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်တွေကများ အပုပ်နံ့ပေးပြီး ဒီအိမ်မှာ မနေနိုင်အောင် လုပ်နေတာများလား'

ဟု မဆီမဆိုင် အောက်မေ့မိလိုက်ပါသည်။ လူမစွမ်း နတ်မ ဆိုသကဲ့သို့ပါပဲ။ မီးကို ရေနှင့်ငြိမ်းသည်ကမျှ ရှိခနဲ အသံ ကျန်နေရစ်ပါဦးမည်။ **အနံ့သည် တိခနဲ ပျောက်သွားသည်ကို သတိထားလိုက်မိပါသည်။**

ထိုအခါကျမှ ကျွန်တော်လည်း စိတ်အေးချမ်းသာစွာ စိပ်ပွားနိုင်ပါတော့သည်။ စိပ်ပွား၍ ပြီးလျှင်ပြီးချင်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် **ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်များကို အစထား၍ အမျှဝေ၊ မေတ္တာပို့သလိုက်ပါသည်။**

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ ပရိတ်တော်နှင့် ဂုဏ်တော်တို့၏ တန်ခိုးအာနိသင်ကြောင့် **သက်ဆိုင်ရာ၏ အကူအညီကိုရရှိကာ (မရှိးသားသော) အနံ့ဆိုးများ ပပျောက်သွားခြင်းဖြစ်မည်ဟု စဉ်းစား ဒိပါသည်။**

ထို့ပြင် ရေတံခွန်တောင်ဆရာတော်ကြီး၏ **"အောက်နတ်တွေက နံတယ်ကွ"** ဟူသော မိန့်ဆိုချက်တစ်ရပ်ကိုလည်း ဖျတ်ခနဲ သတိရလိုက်မိပါတော့သည်။

**ဝမ်း(စက်မှုတက္ကသိုလ်)**

စာမျက်နှာ (၂၅၂)မှ အဆက်

ဦးဝုလေး၊ မယ်တော်မှာ ဒေါ်လှမြင့် ဖြစ်ပါတယ်။ မွေးချင်း(၆) ယောက် ရှိပါတယ်။ ဦးရာဆိုင်က အကြီးဆုံး ဖြစ်ပါတယ်။

ဦးရာခင်၊ ဦးထွန်းအောင်၊ ဒေါ်မိလေး၊ ဒေါ်မှတ်ကြီးနဲ့ ဦးမောင်ငယ်တို့ ဖြစ်ပါတယ်။ ဆရာတော်ရဲ့ လူအမည်က ဦးမောင်ငယ်ဖြစ်ပြီး အငယ်ဆုံး ဖြစ်ပါတယ်၊ ဒေါ်မှတ်ကြီးနဲ့ အမြွှာ ဖြစ်ပါတယ်။ ဒေါ်မှတ်ကြီးက အကြီးပါ။

ကျွန်တော်ဟာ တောင်းကောက် ဆရာတော်ကြီးဦးပဏ္ဍိတ အကြောင်းကို ကျွန်တော်နဲ့ နီးစပ်တဲ့ ကုက္ကိုကုန်းရွာကလူတွေထံမှာလဲ မေးကြည့်ခဲ့ပါသေးတယ်။ ကျွန်တော်ရဲ့ ဇနီးဟာ ကုက္ကိုကုန်းရွာဇာတိဖြစ်လို့ကျွန်တော်နဲ့ အဲဒီရွာက လူတော်တော်များများဟာ ခင်မင်ကြပါတယ်။ ကျွန်တော့်ဇနီးရဲ့ မိခင်ကြီးဟာ အသက်(၇၇)နှစ်ရှိပြီဖြစ်လို့ ရှေးမီနောက်မီ လူကြီးသူမတစ်ဦးပါ။

သူ့ထံမှလဲ ဆရာတော်ကြီးအကြောင်းတွေ တော်တော်လေး သိခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော့်ဇနီးရဲ့ မောင်တစ်ဦးဖြစ်တဲ့ မူလတန်းကျောင်းအုပ် ဦးငွေဝင်းထံမှလဲ ဆရာတော်ကြီးအကြောင်း သိရှိခဲ့ရပါတယ်။

သူတို့တွေအားလုံး ပြောသမျှ တူညီတဲ့အချက်ကတော့ "ဆရာတော်ကြီးဟာ သီလ၊ သမာဓိ အထူးကောင်းကြောင်း၊ ဒကာ၊ ဒကာမတွေကို အလွန် ငဲ့ညှာမေတ္တာထားကြောင်း၊ ပျံလွန်တော်မူတဲ့အခါ ဆရာတော်ကြီးရဲ့ ရုပ်ကြွင်းခန္ဓာဟာ ပျော့ပျောင်းနေကြောင်း၊ (၅)ရက်ထိထားပေမယ့် မပုပ်မသိုးကြောင်း) ပြောပြကြတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မိတ္တီလာမြို့နယ်၊ တောင်းကောက်ရွာ ဘုန်းတော်ကြီးကျောင်းရဲ့ ယခင်က ကျောင်းထိုင်ဆရာတော်ကြီး ဦးပဏ္ဍိတဟာ ရဟန်းဘဝတစ်လျှောက် တရားနဲ့နေခဲ့ပြီး အနေကောင်းခဲ့ကြောင်း ထင်ရှားပါတယ်။

အဲဒီလို အနေကောင်းခဲ့လို့လဲ အသေကောင်းခဲ့တာ ဖြစ်ပါတယ်။ အနေတတ်လို့ အသေမြတ်ခဲ့တဲ့ ရဟန်းမြတ်တစ်ပါး ဖြစ်ခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လဲ ဖူးတွေ့လိုက်ရတဲ့ ကြည်ညိုဖွယ်ရဟန်းတော်တစ်ပါးလဲ ဖြစ်ပါတယ်၊ ယနေ့တိုင်လဲ သိမ်းလိုက်သူ ဒကာ၊ ဒကာမအပေါင်းက ကြည်ညိုတမ်းတ တဖွဖွပြောကြတဲ့ ဆရာတော်ကြီးဖြစ်ပါတယ်။

**တောင်းမြှင့်မြတ်စိန်**



www.burmeseclassic.com

# အဆောက်ကို

### တစ်နှစ်ကြိုတင်

# နိမိတ်ဖတ်ရှုခဲ့ကြ

### အန္တရာယ်မှ လွတ်ကင်းခဲ့ခြင်းလား

စကြာဝေါင် သုဝေဏ
(စဉ့်ကူးမြို့)



'ဗျူဒိပါ လက်ယာတောင်ကျွန်း
ဩဘာ နိမိတ်ထွန်း'

တဲ့။ ကောင်းတဲ့နိမိတ် ကောက်ရင် နိမိတ်နောက် အရောင်တွေပါ၊ မကောင်းတဲ့နိမိတ်ကောက်ရင်လဲ နိမိတ်နောက်အရောင်တွေပါမယ်ပေါ့။

ရှေးတုန်းက ရွာတစ်ရွာမှာ တောအုပ်ကြီးထဲက "ချေ"တစ်ကောင် ရွာထဲဝင်လာတယ်။ ရွာထဲမှာရှိတဲ့ ရွာသားတွေက "ချေ" ဝင်လာတယ်ဟေ့ဆိုပြီး ရွာသားတွေ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြတယ်။

ချေကောင်ကြီးက ရွာထဲကနေ တောအုပ်ထဲ ပြန်ဝင်ပြေးတော့ ရွာသားတွေ အစုအဝေးလိုက် ကျန်ရစ်ကြတယ်။ အဲဒီချိန်မှာ ရွာသူကြီးက နိမိတ်စဖတ်တယ်။

'ဟာ...ရွာထဲ ချေ(ဂျီ)ဝင်ရင် ကျီးပြတ်တယ်တဲ့၊ သတိထားကြဟေ့'

လို့ ထပြီး နိမိတ်ဖတ်တယ်။

ဒီနိမိတ်စကားက တစ်ယောက်စကား တစ်ယောက်နား တစ်ရွာလုံးပြန့်သွားတယ်။ ချေ(ဂျီ)ဝင်ရင် ကျီးပြတ်သတဲ့လို့ နိမိတ်ဖတ်တော့ နောက်လေး၊ ငါးရက်လောက်နေတော့ ,တစ်ရွာလုံး မီးလောင်လို့ စပါးကျီတွေပါ မီးထဲပါသွားကြတယ်တဲ့။

နောက် ရွာတစ်ရွာကတော့ ရွာမကြီး အလယ် ချေ(ဂျီ)ဝင်လာတာကို ကလေးလူကြီး ပြေးလာကြည့်ပြန်တယ်။ လူတွေစုမိကြတာပေါ့။ လူအုပ်ထဲက တစ်ယောက်က ထအော်လိုက်တယ်။

'ဟာ...ချေ(ဂျီ)ဝင်ရင် ကျီပြည့်ပြီဟေ့၊ ချေ(ဂျီ)ရောက်တော့ ငွေရောက်မယ်ဟေ့'

လို့ အော်လိုက်တယ်။ သူတို့ရွာလေးလဲ တစ်ယောက်စကား တစ်ယောက်နား ပြန့်သွားတယ်။

ချေ(ဂျီ)ဝင်ရင် ကျီပြည့်၊ ချေ(ဂျီ)ရောက်ရင် ငွေရောက်မယ်တဲ့ဟေ့ပေါ့။ အတိတ်နိမိတ်ကတော့ ကောင်းတာပေါ့။

အဲဒီနှစ်မှာပဲ ရွာမကြီးတစ်ရွာလုံး စပါးခင်းတွေ ကောင်းပြီး စပါးတွေ ကျီအပြည့်ရကြတယ်။ စပါးရတော့ စပါးရောင်းတော့ ငွေလဲဝင်တာပေါ့။

မှန်တယ်ဟေ့...ချေ(ဂျီ)ဝင်ရင် ကျီပြည့်တယ်၊ ကျီပြည့်တော့ ငွေဝင်တယ်ဆိုပြီး ပျော်နေကြတာပေါ့။

**ကိုယ်တွေ့နိမိတ်ဖတ် ဖြစ်ရပ်အချို့**

မောင်သုတော်ရဲ့ မွေးသက္ကရာဇ်က ၁၃၄၅ ခုနှစ်၊ ကဆုန်လပြည့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

(၁၅)ရက် သောကြာနေ့မှာ မွေးပါတယ်။ တန်ခူးလမှ သီတင်းကျွတ်လထိ အထူးအားဖြင့် သရဏဂုံ သုံးထောင်နဲ့ ဘုရားဂုဏ်တော်သုံးထောင် ရွတ်ဖတ်ပူဇော်တယ်။ အိပ်မက်ကောင်း၊ နိမိတ်ကောင်းတွေလဲ မြင်ရ၊ မက်ရတယ်။

စကြံတောင်ပေါ် ဘုရားဖူးလာတဲ့ သူတွေက မောင်သူတော် အသက်ဘယ်လောက်ရှိပြီလဲလို့ မေးကြတယ်။

ထူးဆန်းတာ မောင်သူတော်က (၃၄)နှစ်လို့ ပြောမယ်ကြံနေတာကို လျှာဖျားတွေက လေးပြီး နှုတ်ခမ်းတွထူလာကာ (၃၅)နှစ်လို့ ပြောနေတယ်။

လေး,ငါးဆယ်ဦးမက မေးကြတယ်။ အဲဒီလိုပဲ ပြောနေမိတာပဲ။ (၃၅)နှစ်ပဲ ပြောထွက်တယ်။ "အရဟံ"ဂုဏ်တော်ကြောင့် ရောဂါဆိုးပျောက်ကင်းခဲ့ရခြင်းဖြစ်ရပ်ဆန်းစာမူ ရေးနေတုန်းကလဲ မောင်သူတော် အသက်ရေးရမယ့်နေရာရောက်လာတော့ စိတ်တွေ တစ်မျိုး ခံစားရပြီး စိတ်ထဲမှာ(၃၅)နှစ်လို့ ရေးချင်စိတ်တွေ ပေါ်လာတယ်။

ရေးမပြီးမချင်း ကြက်သီးတွေ တောင် ထလာပြီး ရေးပြီးမှပဲ ပျောက်သွားတယ်။ စိတ်လဲ ကြည်လင်လာတယ်။ လိမ်လည်လှည့်စားကာ ရေးနေခြင်း မဟုတ်ပါဘူး။ တကယ့်ဖြစ်ရပ်လေးပါ။

## ရွှေဘိုမြို့ ရွှေတန်ဆာဘုရားမှ အပြန် အတွေ့အကြုံလေး

၁၃၃၈ ခုနှစ်၊ နယုန်လဆန်း(၁၀)ရက်နေ့ကပါ။ မောင်သူတော် ရွှေဘိုမြို့ ရွှေတန်ဆာဘုရားမှာ ပုတီးစိပ်ပြီး ပြန်အလာ အုန်းပေါက်နဲ့ တအုံကြားမှာ ကားတစ်စီးကို ကျော်တက်ဖို့ လမ်းတောင်းတာပေါ့။

ရှေ့က ကားကလဲ လမ်းမပေးဘူး။



ကားနောက်ကနေ ကပ်ပြီး မှေးလိုက်လာတာ လမ်းကျယ်ရောက်တော့ ကျော်တက်မယ်ဆိုပြီး ညာဘက်ကနေ အရှိန်တင်မောင်းလိုက်တာ ရှေ့က ထိပ်တိုက်လာတဲ့ကားကို ကွင်းအရှောင် မောင်သူတော်ဆိုင်ကယ်နဲ့ ငါးပေအလိုမှာ နောက်ထပ် ကားတစ်စီးကို ထပ်တွေ့လိုက်ပါတယ်။

အဲဒီမှာ စိတ်ထဲမှာ ဒီတစ်ခါတော့ သေပြီကွ ဆိုပြီး သရဏဂုံရွတ်ပြီး လမ်းဘေးထိုးချလိုက်တယ်။

မြေသားလမ်းကလဲ ကျင်းတွေ၊ ချိုင့်တွေနဲ့ဆိုတော့ အရှိန်နဲ့ မောင်းလာတဲ့ ဆိုင်ကယ်ဟာ ဘေးထိုးကျပြီး ရှေ့ဘီးထောင် ယိုင်လဲသွားနိုင်တယ်။ ဒါပေမယ့် ဆိုင်ကယ် လဲမသွားဘဲ မြေပြင်ညီလမ်းပေါ် မောင်းနေရသလို ဖြစ်သွားပြီး မယုံနိုင်စရာ အသက်ဘေးမှ လွတ်ခဲ့ရတယ်။

တောင်ပေါ်ရောက်မှ စိတ်အေးအေးထား စဉ်းစားမိလာတယ်။

'သြော်...ငါကံကောင်းလို့ မသေခဲ့တာပါလား ဘယ်သူက အသက်မေးမေး (၃၅)နှစ်လို့ နိမိတ်ကြိုဖတ်ပြီး ပြောခဲ့လို့ ဒီအန္တရာယ်ကနေ ထွက်ခဲ့တာနေမှာ'

ဆိုပြီး တွေးနေမိပါတယ်။

## ကလေးများ ကစားခဲ့ကြသော နိမိတ်ကောင်း

မောင်သူတော်နေတဲ့ စကြံတောင်ပေါ်မှာ တစ်နေ့တော့ ရွာထဲက ကလေးတွေပါတဲ့ အမျိုးသမီး(၅)ဦး ရေလှူလာကြတယ်။ မောင်သူတော်က ရေလှူလာတဲ့ကလေးတွေကို ချိုချဉ်၊ ငှက်ပျောသီး အစရှိတဲ့ တောင်ပေါ်မှာရှိတဲ့ သရေစာလေးများကို ကျွေးတယ်။ ကလေးတွေက ပျော်ပြီး မပြန်ကြသေးဘူး။ ကစားပြီးမှ ပြန်တယ်။

သူတို့ကစားပုံက ကျောက်တုံးလေးတွေကောက်ပြီး စေတီလေးတွေ တည်,တည်ထားတယ်။ စဉ့်ကူးမြို့ပေါ်က ကလေးလေးတွေလဲ လာရင် စေတီတည်ပြီး ကစားကြတယ်။

မောင်သူတော်က မြင်တော့ အင်း... ကလေးတွေ တောင်ပေါ်မှာ စေတီတည်တမ်း ကစားကြတာ နိမိတ်ကောင်းတယ်။ တောင်ပေါ်မှာ စေတီတွေ အဆူဆူပွင့်ပေါ်ဦးမယ်လို့ နိမိတ်ဖတ်လိုက်တယ်။

အဲဒီတုန်းက ကောက်ခဲ့တဲ့ နိမိတ်ကြောင့် အခု လမ်းဘေးဝဲယာ တောင်ခြေအတက်မှစ၍ တောင်ပေါ်အထိ လမ်းတစ်လျှောက်လုံး စေတီလေးတွေနဲ့ တင့်တယ်လှပ ကျက်သရေအပေါင်းနှင့် ပြည့်စုံနေပါတယ်။

ဒါကြောင့် စာဖတ်သူပရိသတ်အပေါင်းတို့လဲ ကောင်းသော အတွေးအကြံများ၊ ကောင်းသောစကား ကောင်းသောစိတ်ထားတို့ဖြင့် သရဏဂုံရွတ်၊ ဂုဏ်တော်ပွား၊ သမထဘာဝနာ ဝိပဿနာဘာဝနာများကို ပွားများအားထုတ်၍ ကောင်းသော နိမိတ်များဖြင့် သာသနာအကျိုး သယ်ပိုး ထမ်းရွက်လျက် ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုလျက်...

**စကြံတောင် သူတော်**
**(စဉ့်ကူးမြို့နယ်)**



www.burmeseclassic.com

www.burmeseclassic.com



ဦးဉာဏ်

# ကျွန်တော့်အဖေ

ကျွန်တော့် ဖခင်ကြီးသည် (၁၁.၁၁.၂၀၁၃) တနင်္လာနေ့ ည (၉)နာရီ(၄၅)မိနစ်တွင် ကွယ်လွန်သွားပါတော့သည်။ ကွယ်လွန်ချိန်တွင် အသက်(၉၀)နှစ်ဖြစ်ပြီး သက်ရှိထင်ရှား မိခင်ကြီး(အသက် ၈၆–နှစ်) ကျန်ရှိနေပါသေးသည်။ ယခု အသက်(၈၈)နှစ် ရှိပြီဖြစ်သည်။

ကျွန်တော့် ဖခင်နှင့်မိခင်တို့သည် တောသူတောင်သားများ ဖြစ်ကြပြီး နိုးသားကြသလို သမ္မာအာဇီဝကျသော အသက်မွေးမှုနှင့်သာ လုပ်ကိုင်စားသောက်ရင်း မိမိတို့၏ ကျန်းမာရေးကိုလည်း အလေးဂရုပြု စောင့်ရှောက်ကာ ဒါန,သီလ, ဘာဝနာတရားတို့ကို ပြုလုပ်ဆောင်ရွက်ရင်း ယခု သေဆုံးချိန်အထိ ဖခင်ကြီးသည် တရားနှလုံး သွင်းအားထုတ်လျက် ရှိပါသည်။

ဖခင်ကြီးသည် အသက်(၅၀) ပတ်ဝန်းကျင်လောက်က သူ၏ မိတ်ဆွေအချို့တို့နှင့် တစ်နှစ်တစ်ခါဆိုသလို တောင်ပုလုတောရသို့ သွားရောက်ကာ ရဟန်းဝတ်ရင်း ဆရာတော်တို့၏ နည်းပေးလမ်းညွှန်မှုနှင့် ရှုတင်တရားတို့ကို ဆောက်တည်ကျင့်ကြံအားထုတ်ပါသည်။

ထို့ပြင် လူဝတ်,ယောဂီဝတ်နှင့်လည်း **မွန်ပြည်နယ် ဖင်းကျိုက်တောင်ရှိ ဘုရားနှစ်ဆူကျောင်းဝန်းသို့** ဒါနကုသိုလ်ပြုရင်း(ဘုရားတည်, ကျောင်းဆောက်)ဘာဝနာတရားတို့ အားထုတ်လာသည်မှာ နှစ်အတော် ကြာခဲ့ပေပြီ။

ထိုစဉ်က ဝိပဿနာတရားထက် သမထတရားတို့သာ အားထုတ်ဖြစ်ခဲ့ပြီး ဝိပဿနာတရားနှင့် ပတ်သက်၍ ဆရာတော်များစွာတို့ ဟောကြားသော တရားတော်တို့ကို များစွာနာကြားဖြစ်ခဲ့လေသည်။

ဖခင်ကြီးသည် မှတ်ဉာဏ် အတော်ကောင်းလှပေသည်။ တရားသွားနာပြီး ပြန်လာပါက အိမ်ရှိ အိမ်သူအိမ်သားသားသမီးတို့ကိုပါ တရားပွဲမှ ဆရာတော် ဟောကြားလိုက်သည့်အတိုင်း အစအဆုံး ပြန်ဟောပြလေ့ ရှိပါသည်။

အထူးသဖြင့် ကျွန်တော်သည် ဖခင်ကြီး ပြန်ဟောပြသည်တို့ကို အများဆုံး နာကြားရသူဖြစ်သည်။ ကျွန်တော်တို့မိသားစုတွင် ဖခင်ကြီးနှင့် ကျွန်တော်သည် တရားတော်အပေါ်

www.burmeseclassic.com

လွန်စွာ ယုံကြည်အားကိုး အားထုတ်ဖြစ်ကြလေသည်။

ထိုသို့ နေလာရင်း ၂၀၀၈ ခုနှစ်အတွင်းဝယ် ကျွန်တော်တို့ မိသားစုနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေဟောင်း ဆရာဟာန်နှင့်တွေ့ပြီး ဖခင်ကြီးသည် ဆရာဟာန်၏ တရားစခန်း(တစ်ပတ်စခန်း၊ ၁၀–ရက်စခန်း)များတွင် အကြိမ်ကြိမ် ဝင်ဖြစ်ခဲ့သည်။

သို့နှင့် ဝိပဿနာ၏ သဘောတရားတို့ကို အတော်လေး သဘောပေါက်လာကာ အိမ်မှာပင် တစ်နေ့(၃)ကြိမ် တစ်ခါထိုင်လျှင် (၁)နာရီခွဲ (၂)နာရီနီးပါးမျှ တရားနှလုံးသွင်း ရှုမှတ်လေ့ရှိပါသည်။

ရံဖန်ရံခါ သားအဖနှစ်ယောက် တရားဆွေးနွေးဖြစ်ပြီး ကျွန်တော်တို့နှစ်ဦး တရားအကြောင်း ပြောဆိုဆွေးနွေးနေသည်ကို မိခင်ကြီးသည် ဘာမှ ဝင်မပြောဘဲ ငြိမ်၍ တရားနာနေလေသည်။

ဖခင်ကြီးသည် ငယ်ရွယ်စဉ်မှစ၍ ယခုမဆုံးခင် တစ်လအလို အသက်(၉၀)ပတ်ဝန်းကျင်လောက်ထိ ဆေးရုံသို့ တစ်ခါဖူးမျှ မတက်ခဲ့ဘူးပေ။ ကျန်းမာရေးလည်း အလွန် ကောင်းသူဖြစ်၏။

နံနက်စောစောထကာ ရပ်ကွက်အတွင်း တစ်ပတ်မျှ လမ်းလျှောက်၍ အပေါင်းအသင်း မိတ်ဆွေတို့နှင့် တရားစကား ပြောဆိုပြီး အိမ်ပြန်လာကာ ခဏအပန်းဖြေပြီး (၁၁း၀၀)နာရီလောက်တွင် ဘုရားဆွမ်းတော် ကပ်၏။ ဘုရားဆွမ်းတော် စွန့်ပြီးမှသာ နေ့လယ်စာ စားလေ့ရှိ၏။

ဆွမ်းမကပ်ရသေးဘဲ ကြို၍ စောစောထမင်းစားလေ့ မရှိပါ။ ဤအလေ့အကျင့်သည် ဖခင်ကြီးရော မိခင်ကြီးပါ နှစ်ပေါင်းများစွာ အလေ့အကျင့် ဖြစ်နေပေပြီ။

ထိုသို့ နေလာရင်း **(၃၀.၉.၂၀၁၃)** နံနက်(၈း၀၀)နာရီခန့်တွင် ဖခင်ကြီးသည် မျက်နှာသစ် သွားတိုက်၍ မိမိနေရာ ခုတင်အနီး မျက်နှာသုတ်ပဝါယူ၍ သုတ်နေစဉ် မတ်တတ်ရပ်လျက် ငြိမ်နေသဖြင့် ကျွန်တော့်ဖနီးနှင့် မိခင်ကြီးမှ **"ဖခင်ကြီး ဘာဖြစ်နေပါလိမ့်"** ဟု ဆိုပြီး ဖနီးမှ မေးပါသည်။

ထိုစဉ် ဖခင်ကြီးမှာ စကားမပြန်နိုင်ဘဲ ငြိမ်နေသဖြင့် တစ်ခုခု ဖြစ်နေပြီဆိုကာ ဖနီးသည်မှ အသာလက်တွဲ၍ အနီးရှိ ကုလားထိုင်တွင် ထိုင်စေရာ ညာလက်,ညာခြေတို့ လှုပ်ရှား၍ မရမှန်းသိပြီး…

'အဖေ လေဖြတ်တာနဲ့တူတယ်'

ဟု ဆိုရာ ညီဖြစ်သူမှ ကျွန်တော့်အား လက်ဖက်ရည်ဆိုင်တွင် လိုက်ခေါ်ပြီး အတူတကွ ဖခင်ကြီးဆီသို့သွားကာ အခြေအနေကို သုံးသပ်ရာ ညာဘက်တစ်ခြမ်း လေဖြတ်သွားသည်ကို သိရပါသည်။

ဖခင်ကြီးအား ခုတင်ပေါ်သို့ အသာမ၍ တင်ထားပြီး ဆရာဝန် ပြေးခေါ်ကာ ဆရာဝန်နှင့် ပြကြည့်ရာ ညာဘက်တစ်ခြမ်း လေဖြတ်သွားကြောင်း ပြောဆိုပြီး ဆေးတစ်လုံး ထိုးပေးသွား၏။

ကျွန်တော်တို့လည်း ဖခင်ကြီး၏ အခြေအနေကို ကြည့်ပြီး နေ့လယ်(၁၂း၀၀)နာရီတွင် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ သွားရောက်ပြသပြီး လိုအပ်သည့် ဆေးမှတ်တမ်းတို့ ပြုလုပ်စစ်ဆေးကာ ဆေးရုံတင်လိုက်ရပါသည်။

ဖခင်ကြီးအား အနားမှနေ၍ သတိပေးစကား ပြောကြားနေသဖြင့် လေဖြတ်သွားသော်လည်း ဖခင်ကြီး သတိမေ့ သတိလစ်သွားခြင်း မဖြစ်ခဲ့ပေ။

ကုသဆောင်(၁/၂)တွင် တက်ရောက် ကုသနေသော်လည်း စကားမပြောနိုင် လှုပ်ရှားစားသောက်နိုင်ခြင်း မရှိတော့သည့်အတွက် နှာခေါင်းမှ အစာပိုက်အား တာဝန်ကျ ဆရာဝန်လေးမှ ပိုက်သွင်းပါသည်။

ထိုအခါ ဖခင်ကြီးမှာ ခေါင်းယမ်းပြီး ရုန်းကန်နေသဖြင့် ဆရာဝန်လေးလည်း အကြိမ်ကြိမ် ပိုက်သွင်းနေရသဖြင့် အခက်တွေ့နေရသလို ဖခင်ကြီးလည်း ခံရခက်နေပုံ ရပါသည်။

ထိုသို့ ဖြစ်နေစဉ် ကျွန်တော်သည် ဖခင်ကြီး၏ ဦးခေါင်းကိုကိုင်၍ ထိန်းပေးထားရင်း နား,နားကပ်၍…

'အဖေ စိတ်ကိုလျှော့ပါ။ ခန္ဓာကိုယ်ကဖြစ်သမျှတွေကို ဆင်ခြင်ပါ။ သည်းခံပြီး စိတ်ကိုလျှော့ပြီး နှာခေါင်းကသွင်းတဲ့ ပိုက်ကို မျိုချလိုက်ပါ အဖေ'

ဟု သတိပေး ပြောကြားလိုက်ရာ ဖခင်ကြီးသည် ရုန်းကန်ခြင်း မပြုတော့ဘဲ ဆရာဝန်လေး ပြုပေးသမျှကို ငြိမ်ခံ၍နေရာ အစာပိုက် ချောချောမွေ့မွေ့နှင့် သွင်း၍ ကိစ္စပြီးသွားလေသည်။

ကျွန်တော် ထိုသို့ပြောပြီး ငြိမ်သက်စွာနေခြင်းကို ကြည့်ပြီး ဖခင်ကြီးသည် ညာဘက်တစ်ခြမ်း လေဖြတ်သွားသော်လည်း အသိနှင့်သတိ မလွတ်ပါလားဟု သိရပြီး တရားနှင့်ယှဉ်၍ အားပေးစကား သတိပေးစကားကို ပြောလေသည်။

'အဖေ… အခု ကိုယ်မပိုင်တဲ့ ခန္ဓာကြီး ဖောက်ပြန်တတ်တဲ့ သဘောကို လက်တွေ့ တကယ်ရင်ဆိုင်နေရပြီ အရှုမပျက်နဲ့ အသိ,သတိကပ်ပြီး ဖောက်ပြန်မှု သဘောတွေ၊ ဝေဒနာတွေကို သတိကပ်ကြပ်ထား





www.burmeseclassic.com

www.burmeseclassic.com

ပြီး ရအောင်ရှုပါ အဖေ။

ရှုမှတ်နေသမျှ ကိုယ့်အတွက် တန်ဖိုးကြီးပဲ။ အခုမှ ဖောက်ပြန်ခြင်းအမှန်၊ ဆင်းရဲခြင်းအမှန်တွေကို လက်တွေ့ အဖေ ရင်ဆိုင်နေပြီဖြစ်လို့… ဒီအသိလေးကို သတိနဲ့ယှဉ် ဉာဏ်ကပ်ပြီး သုံးသပ်ပါတော့'

ဟု ကျွန်တော် အသံကျယ်ကျယ်နှင့်ပြောသည်ကို ဘေးပတ်ဝန်းကျင်မှ လူနာများနှင့် လူနာစောင့်များ ဝိုင်း၍ ကြည့်ရှုနေကြပါသည်။



ဖခင်ကြီး၏ ခြေရင်းနှင့် ဘေး(၂)ခုတင်ကျော်လောက်မှ လူနာတချို့ တဖြုတ်ဖြုတ်နှင့် သေဆုံးကုန်ကြသည်ကို ကျွန်တော်တို့ တွေ့မြင်နေရပါသည်။

အားအင်ကုန်ခန်းနေသည့် အသက်(၉၀)နှစ်အရွယ်တွင် လေတစ်ခြမ်းလာဖြတ်သော ကျွန်တော့်အဖေသည် ပြန်ကောင်းဖို့ရန် မလွယ်ကူမှန်း ဆရာဝန်များမှလည်း…

'အတိုးက အသက်(၉၀)တောင် ရှိပြီကိုး'

ဟု ဆို၍ သုံးသပ်ကြသည်ကို ကျွန်တော်တို့ညီအစ်ကို နှစ်ယောက် သဘောပေါက်ကြသော်လည်း ညီမ(၃)ယောက်က သဘောမပေါက်ပေ။

အဖေ ပြန်၍ လူကောင်းတစ်ယောက်ကဲ့သို့ ဖြစ်လာနိုး မျှော်ကိုး၍ သာ အားလုံး ကြိုးစားဂရုစိုက် ပြုစုကြပါသည်။

အမေအိုကြီးကိုလည်း တစ်ဖက်က ပြုစုစောင့်ရှောက်ရင်း အလှည့်ကျ ခင်ကြီးကိုလည်း ပြုစုစောင့်ရှောက်လာခဲ့ကြသည်မှာ (၈)ရက်ခန့် ကြာခဲ့ပေပြီ။

ထို(၈)ရက်အတွင်း ဖခင်ကြီးသည် စကားလည်း မပြောနိုင်သလို မျက်စိသည်းမဖွင့်နိုင် ဘယ်ဘက်ခြေ၊ လက် အနည်းငယ်မျှသာ လှုပ်ရှားနိုင်ပြီး ကိုယ့်တံတွေးကိုပင် ကိုယ်တွေးထုတ်နိုင်စွမ်း မရှိတော့ပေ။

အသက်အရွယ်ကလည်းကြီး အားအင်လည်း ကုန်ခန်းနေပြီဖြစ်၍ အခြားရောဂါများ မဖြစ်ရလေအောင် ဆေးရုံမှ ကြပ်မတ်ကုသပေးပါသည်။

ဆေးရုံကြီး ကုသဆောင်(၁/၂)တွင် ကုသနေစဉ် ဖခင်ကြီးသည် အသိ၊ သတိမလွတ် ပြောသမျှ ဆိုသမျှ အားလုံးကို သိနေသဖြင့် တရားနှင့်ယှဉ်၍ ဖောက်ပြန်သမျှ ခန္ဓာဒုက္ခတို့ကို သည်းခံ၍ ရှုမှတ်ပါရန် မကြာခဏ သတိပေးပြောကြားသလို **မောရှင်သုတ်တော်**ကိုလည်း ရွတ်ဖတ်ပေး၍ နာကြားစေပါသည်။

တရားလုပ်ဖော်ကိုင်ဖက် ဆွေးနွေးဖက်ဖြစ်သော သားဖြစ်သူ ကျွန်တော်၏စကားကို ဖခင်ကြီးသည် နားထောင်ရှာပါသည်။ ရုပ်နာမ်တရားတို့၏ အမှန်ဖောက်ပြန်တတ်သည့် သစ္စာတရားတို့ကို(**ဖခင်ကြီးသည် မျက်လုံးမဖွင့်နိုင်၊ စကားပြန်မပြောနိုင်ရှာသော်လည်း အကြားအာရုံ ရှိနေသည်ဖြစ်၍ သူ၏အပြုအမူကို ကြည့်ရင်း သိသာပေသည်။**) ကျွန်တော် တရားစကားပြောဆိုနေစဉ် လေမဖြတ်သည့် ဘယ်ဘက် လက်ကလေးနှင့် လေဖြတ်ခံထားရရှာသည့် ညာဘက်လက်ကလေးပေါ်သို့ ဆုပ်ကိုင်ထားရင်း ငြိမ်သက်စွာ တရားနာယူရှာပါသည်။

တရားနာယူပြီးမှ…

'အဖေ…ခန္ဓာတရား ရှုမှတ်ပါတော့'

ဟု ကျွန်တော်မှပြောလျှင် ပိန်ဖောင်းသဘောကို ရှုမှတ်ပါတော့သည်။

ကျွန်တော်သည်လည်း ဖခင်ကြီး၏ အခြေအနေကိုကြည့်ပြီး… ခန္ဓာကိုယ်ပေါ်ရှိ ထင်ရှားရာတို့၏ တည်မြဲမှု မရှိခြင်းသဘော၊ ထိုသဘောတို့ သူ့သဘောသူဆောင် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်နေသည့်အတွက် ဆင်းရဲလှသည့်သဘော…

ထိုသဘောတို့ အရှိန်မပြတ် တားမရ၊ ဆီးမရ အဆက်မပြတ် ဖြစ်ပေါ်နေသည့် အနတ္တသဘောတို့ကို ထိထိမိမိရှိအောင် အာရုံစူးစိုက်၍ ရှုသိပါရန် **အသိရှိနေသေးသမျှ အရှုံးမပေးဘဲ** ဤအသိလေးကို တန်ဖိုးရှိရှိ(နှလုံးသွင်း)အသုံးချရန် ဘေးမှနေ၍ ပြောပေးနေပါသည်။

ကျွန်တော်၏ စိတ်အတွင်းမှလည်း…

'ငါ့အဖေ ချက်ချင်း မသေသေးဘဲ အသိ၊ သတိ ရှိနေသေးတာဟာ သူ့အတွက် အသုံးချချိန် ရနေသေးလို့ အလွန် တန်ဖိုးရှိနေတာပါလား'

ဟု တွေးနေမိပါသည်။

ထိုသို့ နေလာရင်း **(၈.၁၀.၂၀၁၃) နေ့ ညနေ(၇)နာရီ (၂၀)မိနစ်တွင်** ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်ရှိ ဦးနော်က်နှင့် အာရုံကြောဌာန ဆေးရုံသို့ ပြောင်းရွှေ့ရပါသည်။ ဆေးမှတ်တမ်းများအရ ဖခင်ကြီးတွင် နှလုံးရောဂါ၊ ဆီးချို၊ ကျောက်ချို၊ သွေးတိုးရောဂါတို့ မရှိပါ။

ယခင် လေဖြတ်(ကိုယ်တစ်ခြမ်းသေ)ရောဂါသာရှိပြီး ထိုရောဂါအတွက်

www.burmeseclassic.com

သီးသန့်ဆေးကုသမှု ခံယူနေရပြီး ယခင်ထက်စာလျှင် တိုးတက်မှု ရှိလာသည်ဟု ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော်... လေမဖြတ်သည့် ဘယ်ဘက်ခြမ်းမှ ခြေ၊ လက်တို့ ယခင်ကထက်စာလျှင် မိုမို လှုပ်ရှားလာပြီး အကြောဆန့် အညောင်းဆန့်သကဲ့သို့ ပြုမူ လှုပ်ရှားလာသဖြင့် ကျွန်တော်တို့လည်း ဆရာဝန်ညွှန်ကြားသလို ခြေ၊လက် နှစ်ဖက်စလုံးကို လေ့ကျင့်ခန်း လုပ်ပေးရပါသည်။

ဖခင်ကြီးသည် တစ်ချက်၊တစ်ချက် မျက်စိဖွင့်ကြည့်တတ်ပါသည်။ အိုက်တတ်သူ ဖြစ်သဖြင့် ဝတ်ထားသည့် အင်္ကျီကြယ်သီးတို့ကို လက်နှင့်စမ်းရင်း ဖြုတ်တတ်ပါသည်။

ထို့ပြင် သန်သည့် လက်ကလေးနှင့် အင်္ကျီကို ရင်ဘတ်ပေါ်ထိ လိပ်တင်ထားတတ်သလို... ပုဆိုးကိုလည်း ဒူးပေါ်သို့ ဆွဲမပြီး ဒူးထောင်ထားတတ်ပါသည်။

ဆီးမှန်၊ ဝမ်းမှန်သဖြင့် အခြားရောဂါများ မရှိပါ။ တာဝန်ကျ ဆရာဝန်တို့မှ နေ့စဉ် ဆေးစစ်မှတ်တမ်းပြုပါသည်။

ဤဆေးရုံပေါ်တွင်လည်း မကြာခဏ ဆိုသလို ခန္ဓာတရား ရှုမှတ်ရန် သတိပေး ပြောကြားပေးခဲ့သလို ကျွန်တော် မရှိလျှင်လည်း ဆေးရုံစောင့်၍နေသည့် ညီနှင့်ညီမတို့ကို ဖခင်ကြီးအား ခန္ဓာတရား နှလုံးသွင်း ရှုမှတ်ရန် သတိပေး ပြောကြားခိုင်းထားပါသည်။

ဖခင်ကြီးသည် ရောဂါမဖြစ်ခင် ယခင်အချိန်များကတည်းက တရားနှင့်သာ နှလုံးသွင်းပျော်ပိုက်ခဲ့သူ ဖြစ်သဖြင့် ယခုလို ဖြစ်သည့်အချိန်တွင် တွေတွေထူးထူး သိပ်ပြောစရာ မလိုတဲ့ သတိပေးစကားနှင့်ပင် လုံလောက်နေပေပြီဖြစ်သည်။

ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်သလို အများသူငါတို့အားလည်း ခန္ဓာတရား ဟောပြောတတ်သူ ဖြစ်သဖြင့် တရားနှင့် ယဉ်ပါးနေသူဟု ဆိုရပေမည်။

ဤသို့ နေလာရင်း **(၂၈.၁၀.၂၀၁၃) နေ့တွင်** အခြေအနေအားလုံး ကောင်းမွန်သည်ဟု ဆေးရုံမှ ဆုံးဖြတ်၍ ဆေးရုံမှဆင်းကာ အိမ်သို့ ပြောင်းရွှေ့လာခဲ့ပါသည်။

အိမ်တွင်လည်း ဆေးရုံမှာကဲ့သို့ အတိုင်း နေ့ရောညပါ ညီနှင့်ညီမ အပျိုကြီးနှစ်ဦးသည် ချေးသေးမှအစ မရွံမရှာ ပြုစုစောင့်ရှောက်ကြပါသည်။

နံနက်မိုးလင်းသည်နှင့် ခန္ဓာဉာဏ်ရောက်တရားပေး တရားခွေကို ဖွင့်ကာ ဖခင်ကြီးအား အနား၊နားကပ်၍ တရားနာစေပါသည်။

ထိုသို့နေရင်း ဖခင်ကြီး၏မိတ်ဆွေ ဝိပဿနာကမ္မဋ္ဌာန်းပြ ယောဂီဆရာကြီး ဆရာဟန် ရောက်ရှိလာပြီး ဖခင်ကြီးအား ရင်ဘတ်ကို ထိကိုင်၍ တရားစကားတချို့ ပြောပြီး...

'ကျွန်တော်ပြောတာကို ကြားလား'

ဟု မေးရာ စကားပြန်မပြောနိုင်သော်လည်း ကြိုးစား၍ ခေါင်းနှစ်ခါ၊ သုံးခါမျှ ညိတ်ရှာ(သူကြားကြောင်း)ပါသည်။

ဆရာဟန်မှ ကျွန်တော့်အား...

'မောင်ရင့်အဖေကို မကြာခဏ ဆိုသလို တရားစကား သတိပေး ပြောကြားပါလေ'

ဟု မှာကြားပြီး ပြန်သွားပါလေသည်။

ကျွန်တော်သည် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်တို့တွင် တရားနှင့်ယှဉ်၍ သတိပေးစကား ပြောကြားပြီး ည(၇)နာရီနှင့် (၈)နာရီခွဲတို့တွင် ဗောဇ္ဈင်သုတ်တော်ကို (၇)ကြိမ် ရွတ်ဖတ်ပေးပြီး ဗောဇ္ဈင်တရား နာစေကာ သာဓုခေါ်စေပါသည်။

ဗောဇ္ဈင်တရား နာပြီးပါက 'မိမိ၏ခန္ဓာတရားတို့ကို သတိလက်မလွှတ်စေဘဲ ဆက်လက်၍ နှလုံးသွင်းပါလေ' ဟု မှာကြားပါသည်။

ထိုသို့ နေလာရင်း ဆုံးမည့်နေ့ **(၁၁.၁၁.၂၀၁၃) ည(၈)နာရီတွင်** ကျွန်တော်သည် ဖခင်ကြီးအား ဗောဇ္ဈင်သုတ် ရွတ်ဖတ်မည်ဖြစ်၍ သတိပေး ပြောကြားရာ ဖခင်ကြီးသည် ညာဘက်သို့စောင်း၍ လက်ကလေးနှစ်ဖက်ယှက်ကာ ကျွန်တော် ရွတ်ဖတ်နေသော ဗောဇ္ဈင်သုတ်တော်ကို နာယူနေရင်း ချွဲကျပ်သလို ဖြစ်လာ၍ ရွတ်ဖတ်မှုကို ခဏရပ်ရင်း...

'အဖေ ချွဲသလိပ်တွေကို ခတ်ထုတ်လိုက်၊ ခတ်ထုတ်လိုက်'

ဟု ပြောရာ ဖခင်ကြီးလည်း အား စိုက်၍ ခတ်ထုတ်လိုက်ရာ ကြက်ဥနှစ် အရွယ် ချွဲလုံးကြီး ထွက်လာပြီး ဖခင်ကြီးလည်း အတော်အားကုန်သွားပုံရ သဖြင့်...

'အဖေ... ထွက်လေဝင်လေကို မှန်မှန်လေးရှုပြီး အမောဖြေပါ အဖေ'

ဟု ပြောရာ အသက်(လေ)ကို ဖြည်းဖြည်းမှန်မှန်ရှုရင်း ငြိမ်သက်နေ သဖြင့် ကျွန်တော်လည်း အခြေအနေ ကိုကြည့်ပြီး ရွတ်ဖတ်မှုကို ခဏရပ် ထားလိုက်၏။

ထိုအခြေအနေတွင် (ဖခင်ကြီးသည် စုတိစိတ်ကျရန် မိနစ်ပိုင်း အလို သာ ရှိတော့သည်ကို ကျွန်တော် မသိ ပါ။) စုတိစိတ်ကျခါနီး အမှုအရာ သင်္ကေတ သဘောတို့လည်း မပြ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရ၍ ခဏအကြာ ခန္ဓသုတ်တော်ကို နှစ်ခေါက်မျှ ဆက်လက်ရွတ်ဖတ်နေစဉ် ကျွန်တော်၏ဘေးမှ ကျွန်တော့်သမီး အငယ်မက ခြင်မကိုက်စေရန် ဖြည်းညင်းသာယာစွာ ယပ်ခတ်ပေးနေပါသည်။

ထိုသို့ ကျွန်တော် ရွတ်ဖတ်နေစဉ် ဖခင်ကြီးသည် လက်နှစ်ဖက်ယှက်၍ တရားနာယူနေရင်း နှာခေါင်းယားသဖြင့် နှာခေါင်းဖျားလေးအား လက်ညှိုးနှင့် အသာအယာ နှစ်ချက်၊ သုံးချက်မျှ အယားပြေစေရန် ကုတ်ပြီးနောက်...

ပုဆိုးကို ဒူးပေါ်သို့ အသာဆွဲ၍ လိပ်တင်ပြီး ဘေးတစောင်း ဒူးတစ်ဖက်ထောင်ရင်း ကျွန်တော် ရွတ်ဖတ်နေသည့် ခန္ဓသုတ်တရားတော်ကို ဆက်လက် နာယူနေပါသည်။

ကျွန်တော်လည်း နှစ်ခေါက်မျှ ရွတ်ဖတ်ပြီး၍ ဖခင်ကြီးအား...

'အဖေ... နေ့ကောသလို သက်သက်သာသာနေရင်း ခန္ဓာတရားကို အမှတ်သတိပြုနေပါ'

ဟု ပြောကြားကာ ညီမနှစ်ယောက်တို့အား...

'ခဏနေ... အဖေ့ကို တစ်ဖက်ကို ပြောင်းပေးလိုက်ပါ'

ပြောပြီး တိုက်အောက်သို့ ဆင်းလာကာ စက်ဘီးစီးပြီး အလုပ်ရှိရာသို့ ဂျူတီပြန်ဝင်ရန် ထွက်သွား၏။

အလုပ်နှင့်အိမ်သည် နှစ်ဖာလုံလောက်မျှသာ ဝေးသည်ဖြစ်၍ အလုပ်သို့ရောက်ပြီး ခုံ၌ ခဏထိုင်၍ နေစဉ် အိမ်မှ သားဖြစ်သူ လိုက်လာပြီး **"အဘိုး ဆုံးသွားပြီဖြစ်ကြောင်း"** ပြောသဖြင့် "ဟင်...ငါ အခုပဲ ရွတ်ဖတ်ပြီး ဆင်းလာတာ အခုပဲ ဆုံးသွားပြီ" ဆို၍ အံ့ဩပြီး စက်ဘီးစီးကာ အိမ်သို့



ပြန်လာ၍ ဖခင်ကြီးကို သွားတွေ့ရာ ခုတင်ပေါ်တွင် ပက်လက်အနေအထားနှင့် အိပ်နေသည့်အတိုင်း ငြိမ်သက်စွာ တွေ့ရပါတော့သည်။

ထိုသို့ဖြစ်စဉ် ဆရာဝန်ခေါ်ပြီး ပြသရာ ဆရာဝန်မှ စမ်းသပ်ပြီး **"ဆုံးသွားပြီဖြစ်ကြောင်း"** အတည်ပြု ပြောကြားသဖြင့် အိမ်သားအားလုံးနှင့် အနီးအနား ပတ်ဝန်းကျင်မှ ခင်မင်သူတို့ သတင်းမေး ကြည့်ရှုကြပါသည်။

ဖခင်ကြီး သေဆုံးချိန်သည် (၉)နာရီ (၄၅)မိနစ်ဖြစ်ပြီး ကျွန်တော် ဗောဇ္ဈင်သုတ်၊ ခန္ဓသုတ် ရွတ်ဖတ်အပြီး တိုက်အောက်သို့ ဆင်းအသွား သားဖြစ်သူမှ လိုက်ခေါ်ချိန်သည် (၅)မိနစ်မျှသာ ကြာမည်ဖြစ်သည်။

ဖခင်ကြီးအား သေဆုံးသူတို့ ထုံးစံအတိုင်း ခြေမ,လက်မတို့ကို ပူး၍ ကြိုးချည်ထားပြီး နာရေးကူညီမှုအသင်းသို့ အကြောင်းကြားထားသလို လိုအပ်သည့် သေဆုံးမှု အထောက်အထား စာရွက်စာတမ်းတို့ကို ညတွင်းချင်း ဆောင်ရွက်ရသည်။

အချို့ကိစ္စတို့အား နံနက်လင်းမှ သေစာရင်း ထုတ်ယူရသဖြင့် နာရေးကူညီမှုအသင်းမှ နံနက်(၁၀)နာရီတွင် ကျန်ရစ်သည့် ရုပ်ကလာပ်ကို လာသယ်မည်ဖြစ်ကြောင်း အကြောင်းပြန်သဖြင့် ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ရင်း စောင့်နေကြ၏။ ဖခင်ကြီး သေဆုံးချိန်သည် ဒီဇင်ဘာလ၏ အကြိုလဖြစ်၍ အအေးဓာတ်တို့ ရှိနေလေပြီဖြစ်သည်။

ထိုသို့နေရင်း နံနက် (၉)နာရီ (၃၀)မိနစ်ထိ နာရေးကူညီမှုအသင်းမှ ဘော်ဒီ လာသယ်သည့် ယဉ်ကို စောင့်ရင်း ကျွန်တော်သည် ဖခင်ကြီး၏ ခြေချောင်းလေးများ၊ လက်ချောင်းလေးများကို ကောက်ကွေးကြည့်မိပါသည်။

ထိုအခါ တောင့်တင်းမနေဘဲ ကောက်ကွေး၍ ရသဖြင့် ချည်ထားသည့် ခြေမ,လက်မကြိုးတို့ကို ဖြေပြီး လက်တစ်ဖက်ချင်းဆီကို ကွေးလိုက်၊ ဆန့်လိုက်၊ လက်ချောင်းလေးများ,ခြေချောင်းလေးများကို ကွေးလိုက်,ဆန့်လိုက်၊ ခြေချီး,လက်ချီး ပြုလုပ်၍ ရပါသည်။

သို့ဖြစ်၍ စာထဲတွင်သာ ဖတ်ဖူးပြီး လက်တွေ့ကျကျ မသိ မကြုံဘူး၍ အံ့ဩမိပါသည်။

အမှန်မှာ ည (၉)နာရီ (၄၅)မိနစ်မှ နံနက်(၁၀)နာရီထိ သေဆုံးချိန် (၁၂) နာရီကြာမှုဖြစ်၍ သေသူတို့ တောင့်တင်းနေပေပြီဖြစ်သည်။

စိတ်ထဲမှလည်း "ငါ၏ ဖခင်သည် တရားနှလုံးသွင်းရင်း သေဆုံးရသူဖြစ်သဖြင့် ဤကဲ့သို့ ကိုယ်လက်ခြေတို့ တောင့်တင်းခြင်း မရှိပါလား"၊ ဦးခေါင်းသည်လည်း ညာဘက်သို့ စောင်း၍ နေသဖြင့် ပြန်လည်တည့်မတ်ရာ ဖက်ခိုင်၍ တောင့်တင်းခြင်းမရှိ ဘယ်ညာ ပြောင်း၍လည်း ရ၏။

ဤသို့ ရုပ်မပျက် ပုပ်နံ့ကင်း၍ ကိုယ်လက်ခြေတို့ ပျော့ပျောင်းနေ၏။ ကျွန်တော် စမ်းသပ်ပြုလုပ်နေသည်ကို

www.burmeseclassic.com

ညီအငယ်ဆုံး အသက်(၄၅)နှစ်သည် ဘာလုပ်နေပါလိမ့်ဟု နားမလည်စွာနှင့် ကြည့်နေ၏။ သူ ကြည့်နေမှန်းသိ၍...

'ပါတို့အဖေရဲ့ ခန္ဓာကိုယ်ဟာ တောင့်တင်းခြင်းမရှိ ပျော့ပျောင်းနေတဲ့အတွက် ခန္ဓာရဲ့ အင်္ဂါကိုယ်ညစ်ခံပြီး တရားသဘောနဲ့ ဆင်ခြင်ပြီး ခန္ဓာကို စွန့်သွားတဲ့အတွက် အခုလို ဖြစ်ရတာပါ'

ဟု အနားတွင်ရှိကြသော အမေနှင့် ညီအစ်ကို မောင်နှမ တစ်စုတို့ကို ရှင်းပြရာ အားလုံး စိတ်သက်သာရာရ၍ ဝမ်းသာပီတိ ဖြစ်ကြလေသည်။

(၁၀)နာရီ (၁၅)မိနစ်တွင် နာရေးကူညီမှုအသင်းမှ ရုပ်ကလာပ် သယ်သည့်ကား ရောက်လာ၍ လိုအပ်သည့် စာရွက်စာတမ်းတို့ကို အပ်နှံပြီး ဘော်ဒီသယ်ရန် ဘော်ဒီသယ်သည့် ကပ်မှာ ရှည်နေပါသည်။

သို့အတွက် တိုက်လှေကား အကွေ့နှင့် မလွတ်ကင်းသည်ကြောင့် တိုက်ဘေး အောက်ဆုံး လှေကားရင်းတွင် အသင့်ထားပြီး ဖခင်ကြီး၏ ခန္ဓာကိုယ်ကို ခေါင်းနှင့်ခြေတို့မှ မ,ရာ ပျော့ပျောင်းပြီး ကွေးညွှတ်နေသည့်အတွက် လူ(၄)ယောက် ခေါင်း, ခြေ, ကိုယ်တို့မှ ဝိုင်းမပြီး တိုက်အောက်သို့ သယ်ကာ ကပ်ပေါ်တင်ပြီး ကားအတွင်းသို့ မ,၍ ထည့်ရပါသည်။

အိမ်ပေါ်မှနေ၍ ဖခင်ကြီး၏ ခန္ဓာကိုယ်ကို သယ်မရာ ပျော့ပျောင်း ကွေးညွှတ်နေသဖြင့် မိခင်ကြီးမှ ကျွန်တော့်အား...

'ဟဲ့... နင့်အဖေ သေသွားတာမှ ဟုတ်ရဲ့လား'

ဟု လှမ်းမေးရာ...,

'အမေ...အဖေ ဆုံးသွားပါပြီ ဒါပေမယ့် အဖေ့ခန္ဓာကိုယ်က မတောင့်တင်းဘူး။ အမေ့



ကို နောက်တော့မှ ကျွန်တော် ရှင်းပြမယ်။ အမေ စိတ်အေးအေးထားပါ'

ဟု ပြောပြီး ဝိုင်းမ သယ်ချသွားကြ၏။

ရုပ်ကလာပ် သယ်သွားသည့် ကိစ္စအားလုံးပြီး၍ အိမ်ပေါ်သို့ ပြန်တက်လာပြီး အမေနှင့် မောင်နှမတစ်စုတို့အား အောက်ပါအတိုင်း ပြောဆိုရှင်းပြပေးပါသည်။

'အဖေ အခုလို မျက်လုံးကြောအဲ့ခြင်းမရှိ ရုန်းကန်လှုပ်ရှားခြင်း မရှိသလို... သေဆုံးခါနီးသူတို့ရဲ့ အပြုအမူမျိုး မတွေ့ရတာဟာ ဗောဇ္ဈင်သုတ်တရား နာပြီး ခန္ဓာကိုယ်ကို နှလုံးသွင်းရှုမှတ်ရင်း(အသိပျောက်) သေဆုံးသွားတာဖြစ်လို့ အခုလို တောင့်တင်းခြင်းမရှိ ဖြစ်ရတာပါ။

ယခု မျက်မြင်လက်တွေ့မို့ ကျန်ရစ်သူအားလုံး အတုယူ နှလုံးသွင်းတတ်ဖို့ လိုတယ်။ အဖေ့ရဲ့ လားရာဂတိကို ခန္ဓာနဲ့ သက်သေပြသွားတာမို့ ပူဆွေးမှု မဖြစ်ကြပါနဲ့၊ အားလုံး အတုယူကြပါ'

ဟု ပြောကြားရာ ကျန်ရစ်သူတို့ စိတ်သက်သာရာရ၍ ဝမ်းသာပီတိ ဖြစ်ကြရလေသည်။

နောက်ထပ် ထူးခြားမှုကို **အသုဘချသည့်နေ့ (၁၃-၁၁-၂၀၁၃)ရ ညနေ (၃)နာရီ (၄၅)မိနစ်တွင်** ထင်ရှားစွာ တွေ့ကြရပါသည်။

နေအိမ်မှ အသုဘပို့ယာဉ်များ (၂း၀၀)နာရီမှ ရေဝေးသုသာန်သို့ ထွက်ခွာလာရာ (၃)နာရီ (၁၅)မိနစ်တွင် ရေဝေးသုသာန်သို့ ရောက်ရှိပြီး ကြိုတင် မှာထားသည့် အခန်းတွင် ကြိုရောက်နေသည့် ကျွန်တော့်အောက် ညီနှင့် မိတ်ဆွေတချို့တို့ ရုပ်ကလာပ်အား ပြင်ဆင်ထားရှိပြီး ညှော်သည်နှင့် ဆွေမျိုးမိသားစုတို့ နောက်ဆုံးကြည့်ခြင်းနှင့် ကြည့်ရှုကြပါသည်။

ဖခင်ကြီး၏ ရုပ်ကလာပ်ရှိ အသားအရေ မျက်နှာတို့သည် ဝင်း၍နေ၏။ ကျွန်တော်တို့မိသားစုလည်း နောက်ဆုံး ကြည့်ရှုကန်တော့ပြီး၍ သိပ်မကြာခင် မီးသင်္ဂြိုဟ်ရန် အလှည့်ကျပြီဖြစ်ကြောင်း အကြောင်းကြားလာပါသည်။

သို့နှင့် ကျန်ရစ်သည့် ရုပ်ကလာပ်ကို သင်္ဂြိုဟ်စက်ရှိရာသို့ တွန်းယူသွားရာ လှည်းတွန်းသည့် အရှိန်ကြောင့် မှန်ခေါင်းသည် တုန်ခါ၍နေရာ ဦးခေါင်းသည် ဘယ်ညာ ပျော့ပျောင်း၍ ယမ်းနေသည်ကို ကျွန်တော် သတိထားမိ၏။

အခြားသူတို့ကတော့မသိ သင်္ဂြိုဟ်စက်ရှေ့ရောက်၍ နောက်ဆုံးအနေနှင့် ကြည့်ရှုရန် ခဏတာမျှ ဖွင့်ပြပြီး မီးစက်ရှိရာ အတွင်းခန်းသို့ ကျွန်တော်တို့ ညီအစ်ကို မိတ်ဆွေတချို့နှင့် ဖခင်ကြီး၏တူ ညီငယ်တို့ လိုက်ဝင်သွားပြီးနောက် အတွင်းခန်း၌ မှန်ခေါင်းမှ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်မည့်ကပ် အသေးလေးပေါ်သို့ မ,ရွှေ့ပြောင်းချပါသည်။

ထိုအခါ ဖခင်ကြီး၏ ဦးခေါင်းသည် ဘယ်ညာ (၂)ခါတိတိ ယမ်းလှုပ်သွားပြီး ညာဘက်သို့ စောင်း၍ကျသွားသည်ကို ရှိနေသည့် လူအားလုံး တွေ့မြင်ရလေရာ ဖခင်ကြီး၏တူ မောင်စိုး



www.burmeseclassic.com

www.burmeseclassic.com

လှိုင်မှ အံ့ဩပြီး...

'ဘကြီး... ရေခဲတိုက်ထဲက ထုတ်လာတာ တောင်မတောင့်မတင်းဘဲ ခေါင်းက ဘယ် ညာယမ်းပြီး ပျော့ပျောင်းနေပါလား ဒါ ထူး တယ်နော်'

ဟု ကျွန်တော့်ကိုပြောရာ...

'အေး...ဟုတ်တယ်၊ ဒီလိုမျိုးဖြစ်နေတာ မင်း မြင်ဖူးတယ်ရှိအောင် သေသေချာချာ ကြည့်ထား'

ဟုပြောပြီး ဝန်ထမ်းများ ဆောင်ရွက် နေသည်တို့ကို ကြည့်နေရာ မီးစက် တံခါးပေါက်ဖွင့်ပြီး အလောင်းစင်ကို တင်၍ အလောင်းစင်အောက်မှ သံပိုက် လုံး(၂)ချောင်းနှင့် ဝန်ထမ်း(၂)ဦးတို့မှ မပြီး အရှိန်နှင့် မီးစက်အတွင်း ထိုးသွင်း လိုက်ရာ ထို ထိုးသွင်းလိုက်သည့် အရှိန်နှင့် ဖခင်ကြီး၏ ဦးခေါင်းသည် ဘယ်ညာ(၂)ခါ,(၃)ခါပြန်မှု လှုပ်ယမ်း သွားပြီး ညာဘက်သို့သာ ဦးခေါင်း စောင်းကာ ငြိမ်သက်သွားသည်။

ထိုအခါ မီးစက်တံခါးလည်း ပိတ် လိုက်ပြီဖြစ်၍ နောက်ဆုံးမြင်ကွင်းကို မြင်ရပြီး ကျွန်တော့်ရင်ထဲတွင် အတုယူ စရာ၊ ဝမ်းသာအားကျစရာများနှင့်အတူ ပီတိဖြစ်ပြီး ပြန်ထွက်လာခဲ့ရပါတော့ သည်။

ကျွန်တော့်အတွေ့အကြုံ လုံခြုံရေး တာဝန်အရ ရပ်ကွက်ဆိုင်ရာတို့ကို လုပ်ဆောင်စဉ်က သေသွားသူ အတော်များများ သယ်မ ပေးဖူးသည့် ကျွန်တော်သည် တောင့်တင်းနေသူ များကိုသာ တွေ့ခဲ့ဖူးပါသည်။

ညလယ်တွင်သေ၍ နံနက် သယ်မ ရာ ခြေတစ်ဖက်ဆန့် ဒူးတစ်ဖက် ထောင်နှင့် သေဆုံးသူကို သယ်မရာ ခြေနှစ်ချောင်းလုံး ဆန့်အောင် ထောင် နေသည့် ဒူးကို ဆွဲဆန့်ရာ ဆန့်၍ ရသဖြင့် ဒူးတစ်ဖက်ထောင်လျက်နှင့် သော်လည်းကောင်း၊ ပါးစပ်ဟ၍သော် လည်းကောင်း၊ မျက်စိပိတ်မရ ဖွင့် လျက်နှင့်သော်လည်းကောင်း များစွာ ကြုံဖူးပါသည်။

ဖခင်ကြီး သေဆုံးပုံနှင့် ခန္ဓာကိုယ်၏ ထူးခြားချက် ပျော့ပျောင်းနေပုံ စသည် တို့ကို ဝိပဿနာကမ္မဋ္ဌာန်း နည်းပြ ဆရာဟန်နှင့်တကွ ဓမ္မမိတ်ဆွေ အပေါင်းတို့အား ပြောပြရာ ဝမ်းသာ ပီတိ ဖြစ်ကြရလေသည်။

ဖခင်ကြီးသည် ဒါန,သီလတို့နှင့် မွေ့ပျော်သလို ဘာဝနာတရားကိုလည်း သေဆုံးချိန်အထိ သည်းခံ၍ ရှုမှတ် ပွားများကြောင်းကို ခန္ဓာနှင့် သက်သေ ပြသွားသည်မှာ အများသူငါတို့ အတု ယူမှတ်သားဖွယ်ရာပင်။

ဘယ်နေ့ ဘယ်သောအခါ သေမည် ကို မည်သူမျှ မသိကြပါ။ ခန္ဓာရှိလျှင် ဖောက်ပြန်ပျက်စီး သေဆုံးခြင်းသည် နောက်ဆုံးကွေကွင်း ရှောင်လွှဲ၍ မရ၊ အို,နာ,သေ တရားသည် သတ္တဝါတို့ အား ကျရောက်မြဲ ဓမ္မတာပင်ဖြစ်သည်။

အသက်ရှင်စဉ် (လှုပ်ရှားသွားလာနိုင် နေသည့်ကာလ)တွင် ဘဝအတွက် တန်ဖိုးရှိလှသည့် အချိန်ကို နားလည် ထားဖို့လိုပါ။ အသိ,သတိပေး ပြောကြား တတ်သည့် သားသမီး,ကလျာဏ မိတ်ဆွေကောင်းတို့လည်း လိုအပ်ပါ။ မိမိကိုယ်တိုင်လည်း နှလုံးသွင်းအားထုတ် တတ်ဖို့လည်း လိုပါ။

သို့မှသာ သက်ရှိထင်ရှား၏ နောက် ဆုံးဘဝကို အောင်မြင်စွာ ကျော်ဖြတ် သွားနိုင်ပေမည်ဖြစ်ကြောင်း...

**စာရှုပရိသတ် အပေါင်းတို့အား တင်ပြရင်း...။**

**[၁၁.၁၁.၂၀၁၃ နေ့တွင် ကွယ်လွန် သွားရှာပြီဖြစ်သော ဖခင်ကြီးသို့ အမှတ်သတိရရင်း...]**

**ဦးညဏ်**


စာရှုသူ...သူတော်...

ပညာရှင်တို့ခင်ဗျာ...

၂၀၁၃ခုနှစ်

ဇူလိုင်လထုတ်သည့်

**နက္ခတ္တရောင်ခြည်**

**မဂ္ဂဇင်း၏ (၃၁)နှစ်ပြည့်**

**အမှတ်ထရ**

**အထူးထုတ်လ**

ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

မည်သူမဆို

ဝင်ငွေရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

အမှတ် ၂၈၉-(မြေညီ)

၂၉-လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း- ၀၉-၇၇၈၁၃၄၉၇၈၅

၀၉-၅၅၆၈၀၀၄၅၅




www.burmeseclassic.com

www.burmeseclassic.com



◆ စာရေးသူနှင့် သက်တော်ရှည် ဆရာတော်ကြီး

သက်တော်ရှည်ဆရာတော်ကြီး၏

# ကျန်းမာသက်ရှည်အားဆေး

ပေါင်းတည် မြို့နယ်၊ ကိုယ်ဝန်ဆောင်အုပ်စု၊ ညောင်ပင်သာကျောင်း၌ သီတင်းသုံးတော်မူသော **သက်တော်(၁၀၀)နှစ်ရှိ ဘဒ္ဒန္တ ဣန္ဒြေဘာသ၏သက်တော်ရာကျော်အကြို ပူဇော်ပွဲကို (၁၀-၂-၂၀၀၁)နေ့က** တပည့်ဒါယကာအစုံနဲ့ ကျင်းပခဲ့ရာ စာရေးသူလဲ ရောက်ရှိခဲ့ပါတယ်။

ဆရာတော်ကြီး ယခု သက်တော်တိုင်အောင် သတိကောင်း၍ တပည့်ဒကာများကို မှတ်မိခြင်း၊ အသားအရေ ဝင်းဝါ စိုပြည်နေခြင်းတို့မှာ အံ့သြစရာ ကောင်းလှပါတယ်။

စာရေးသူလဲ တစ်ချိန်က ထိုဒေသမှာ တာဝန် ထမ်းဆောင်ခဲ့စဉ်က ဆရာတော်ကြီးကို အနီးကပ်ပြုစုခဲ့သော တပည့်ရင်း တစ်ယောက်ဖြစ်တဲ့အတွက် လူရှင်းချိန်မှာ သိလိုသမျှ မေးလျှောက်ခဲ့ပါတယ်။

▲'ဆရာတော်ဘုရား ခိုင်ခဲ့တဲ့ ဆေးနည်းကောင်းများရှိရင်လဲ ချီးမြှင့်တော်မူပါဘုရား'

○'ဟဲ့...မောင်သိန်းဝင်းရဲ့ သက်တော်ရှည်တိုင်း ဆေးကြောင့်လို့ မထင်နဲ့ကွ။ အတိတ်က သီလပါရမီကံလဲ ရှိသေးတယ်လေ။

ဒါပေမယ့် မင်းလဲ ဒီမှာနေသွားတော့ အသိပဲ ဥစ္စာ၊ ငါဖော်စားတဲ့ ကျန်းမာသက်ရှည်အားဆေးဟာ မင်းတို့ ယောက်ျားတွေအတွက် သိပ်သင့်တော်တာပေါ့ကွ'

▲'အဲဒီဆေးကို အမိန့်ရှိပါဦး ဘုရား'

○'ကဲ...ကဲ ဒါဆို မင်း လိုက်ရေးမှတ်ကွ။

၁။ရှဉ့်မတက်ဥအခြောက်မှုန့်က (၁၀)ကျပ်သား
၂။သျှားဖြူသီးအခြောက်မှုန့်က (၁၀)ကျပ်သား
၃။နွယ်ချိုမှုန့် (၁၀)ကျပ်သား
၄။ပျားရည် (၂၀)ကျပ်သား
၅။ထောပတ် (၅)ကျပ်သား

အားလုံးသမအောင် ရောမွှေပြီး ဖန်ဘူးထဲမှာ သိမ်းထားပေါ့'

▲'သုံးစွဲပုံနဲ့ အကျိုးအာနိသင်ကိုလဲ အမိန့်ရှိပါဦးဘုရား'

○'ညအိပ်ရာဝင်ခါနီး **လက်ဖက်ရည်ဇွန်းနဲ့ တစ်ဇွန်းကို ရေအေးနဲ့** ပုံမှန်မှီဝဲသွားရင် စားဝင်အိပ်ပျော်မယ်၊ အသားအရေ စိုပြည်ပြီးတော့ ဆံပင်တောင် မဖြူဘူးကွ။ မင်းလဲ ဖော်စား၊ သူများလဲ ဆေးနည်းဒါန လက်ဆင့်ကမ်းပေါ့'

▲'တင်ပါ့ဘုရား။ အိမ်ပိုင်ရာတော့ ကြိုတဲ့အခါ တပည့်တော်တို့ နှလုံးလှရောင်ခြည်မဂ္ဂဇင်းကို ရေးပို့လိုက်ပါမယ်ဘုရား'

**[ကျေးဇူးရှင် သက်တော်ရှည်ဆရာတော်ကြီးအား ဦးဆောင်းပါးဖြင့် ဦးခိုက်လျက်...]**

မေတ္တာအရင်းခံ စေတနာမှန်ဖြင့်...

**ပေါင်းတည် သိန်းဝင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီရှိသည့်တစ်ဦး နှင့်

တွေ့ဆုံခဲ့ရပုံခြင်း

မကွေး ဝင်းမောင်

စာရေးသူသည် လွန်ခဲ့သော (၁၅) နှစ်က **၁၃၆၃ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက် အင်္ဂါနေ့** ညနေ ညီကိုမသိတသိအချိန် မှောင်ရီပျိုးစ အခါဝယ် **မကွေးမြို့နယ်၊ ကြာကန်ရွာ (၇)နေ့ (၇)နံ ဘုရားလေးဆူဘုရားသို့** ဘုရားဖူး၊ စိပ်ပုတီးစိပ် ရောက်ခဲ့သည်။

ထိုဘုရားလေးဆူတွင် တစ်ဆူသော ဘုရားကို ကြာကန်ရွာမှ ဘုန်းကြီး ဦးသန့် (ထိုစဉ်က ကွယ်လွန်)က ဒါယကာ,ဒါယိကာမများနှင့် ပေါင်းစုကာ ဘုရားဟောင်းအား ပြန်လည်ပြုပြင်ခဲ့ရာတွင် ရှေးနှစ်ပေါင်း(၂၀၀) ကျော်ခန့်က ဘကြီးတော်မင်းလက်ထက်ကတည်းက ပုဂံသို့ ခရီးတစ်ထောက်အနားတွင် တည်ထားကိုးကွယ်ခဲ့သည်ဟု ယူဆ ရကြောင်း **အုတ်ချပ်ကြီးများပါ သက္ကရာဇ်အရ** သိရသည်။


**ဥစ္စာစောင့်ဟု ယူဆရသော လှပချောမောသော အမျိုးသမီးတစ်ဦးက ဘုရားဒါယကာရန်အတွက် အဝတ်ဖြူကလေးဖြင့် ထုပ်ထားသော ရတနာများအား လာရောက် လှူဒါန်းပါသည်။**

**ထို့နောက် ဘုရား ပြုပြင်ဆောင်ရွက်နေသော ရွာသူရွာသားများအားလည်း အဆိုပါ ဒါယကာရန် ရည်ရွယ်ထားသော အထုပ်အား တစ်စုံတစ်ယောက်သောသူမှ ဖွင့်မကြည့်ရန် ကတိတောင်းရာ ကတိအတိုင်း မည်သူမျှ ဖွင့်မကြည့်ဘဲ ဒါယကာထဲသို့ အများနှင့် ရောမွှေ၍ ထားလိုက်ရသည်ဟု သိရ၏။**

ရွာမြောက်ဘက် ဘုရားလေးဆူတွင် မြောက်ဘက်ရှိ ဘုရားကြီးသည် ဘွဲ့အမည် **"အောင်ကျော်ဇေယျမြသီတာ"** ဖြစ်သည်။

"အောင်ကျော်ဇေယျ မြသီတာကိုယ်တော်၊ (၇)ရက်သား အကြံပေါ်လျှင် ကိုးကွယ်ရန် တည်ထား ဘေးဘယာ ကင်းကြစေရန် အမြန်သာ ဆည်းကပ်ကြစေသား" ဟူ၍ ရေးသားထားသည်။

**အောင်** – တနင်္ဂနွေ
**ကျော်** – တနင်္လာ
**ဇေ** – အင်္ဂါ
**ယျ** – ဗုဒ္ဓဟူး
**မြ** – ကြာသပတေး
**သီ** – သောကြာ



◆ ဂန္ဓာရီရှိသည့် အဘယောဂီ ဦးထွန်းရွှေ မြင်လည်းပြုပြင် မွမ်းမံပြီး မပြတ်တရား အားထုတ်ရာ မြင်ကွန်းမြို့မှ ရှေးဟောင်း ဘုရားတစ်ဆူအား ပြုပြင်မွမ်းမံအပြီးမှတ်တမ်းတင်ရိုက်ကူး

www.burmeseclassic.com

တာ    – စနေ...ဖြစ်ပါသည်။

ထိုနေ့က ဘုရားကြီးကျောင်းတွင် အစောင့် ကိုရင်ကြီးနှင့် ဝါကပ်နေသော ဆရာတော် **ဦးတေဇိန္ဒ**(စန်းရိုးကျောင်း ဆရာတော်)တို့အပြင် ရွာသူရွာသား များဖြင့် ယခင်ကထက် ပိုမို စည်ကား နေသည်ကို တွေ့ရ၏။

ထူးခြားနေသည်ကို တွေ့ရ၏။ ဆီမီး..အမွှေးနံ့သာများ လာရောက် လှူဒါန်းကြသူများနှင့် ကျောင်းမှာ ပိုစည်ကားနေသည်။

အကြောင်းရင်းမှန်ကို သိရပေရာ အမည်မသိ ဧည့်ယောဂီတစ်ဦး (၇) ရက်စခန်းဝင်ရန် ဆရာတော်အား ခွင့် ပန်ပြီး တရားထိုင် အဓိဋ္ဌာန်ဝင်နေသည် ဟု သိရ၏။


ဘုရားကြီးကျောင်းသည် ရှေး နှစ်ပေါင်း (၅၀)ကျော်က ကျောင်းထိုင် ဘုန်းကြီး ရှိခဲ့သော်လည်း ယခုအခါ တွင် ကျောင်းထိုင်ဘုန်းကြီး မရှိခဲ့ရာမှ သိမ်အတွင်းရှိ ရုပ်ပွားတော်၊ ဆင်းတု တော်များ၊ ရွာမြောက်ဘက် နတ်ကွန်း စင်မှ နတ်ရုပ်တု အပါအဝင် မသမာသူ များက ခိုးယူခံရသည်။

ကျောင်းအိုကျောင်းပျက်၊ ဘုရားအို ဘုရားပျက် ဖြစ်ခဲ့ရာမှ ယခုအခါ ပြန် လည် ပြုပြင်လာခဲ့ရသည်။ ယနေ့ထိ ကျောင်းစောင့် ကိုရင်ကြီးတစ်ပါးသာ ရှိသည်ဟု သိရ၏။

စာရေးသူသည် ဘုရားရှိခိုး၊ အဓိဋ္ဌာန် ပုတီးစိပ်ပြီးနောက် ဧည့်သည် ယောဂီနှင့် အာလာပသလ္လာပ စကား ပြောဆိုကြသည်။

ထိုယောဂီကြီးသည် အဖော်မပါ တစ်ဦးတည်း ခရီးသွား ပြီး ဂန္ဓာရီခရီး သည် တစ်ဦးဖြစ်ကြောင်း သိရ၏။

အထက်ပုဂ္ဂိုလ်များ၏ တာဝန်ပေး ချက်အရ လည်းကောင်း၊ အဓိဋ္ဌာန်



◆ ဂန္ဓာရီခရီးသည် အဘယောဂီ ဦးထွန်းရွှေ တရားအားထုတ်နေစဉ်

ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ မေတ္တာ ပို့ခြင်းအလုပ်များကို အနယ်နယ် အရပ် ရပ်သို့ သွားရသည်။

ခြေကျင်ခရီးသွားခြင်းဖြင့် ခရီးဆန့် ရသည်။ **ဝတ္ထုငွေကြေးလည်း မပါ။ ရောက်ရာနေရာတွင်အိပ်၊ ရရာ ရေ သောက်၊ ရရာ သစ်ရွက်သစ်သီးသာ အာဟာရပြုရသည်**လည်း ရှိသည်။

ကိုးနဝင်းကျေစေရန် **"မ" အက္ခရာ ပါသော** (၁)မန္တလေး၊ (၂)မုံရွာ၊ (၃)မကွေး၊ (၄)မင်းဘူး၊ (၅)မင်းလှ၊ (၆)မင်းရွာ၊ (၇)မင်းတုန်း၊ (၈)မင်းတပ်၊ (၉)မြောင်းမြတို့တွင် (၁၁)မိးငြိမ်းစေရန် (၁၁)ရက်စီ အဓိဋ္ဌာန်ဝင်ခြင်း၊ နဝင် သီလဆောက်တည်ခြင်း၊ တရား အား ထုတ်ခြင်းများကို ပြုလုပ်ခဲ့သည်။

**"မ" အက္ခရာပါသော မြို့ရွာများ (၉)မြို့တွင် တရားအားထုတ်ရခြင်း ၏ အဓိပ္ပါယ်မှာ** ဘုရားသာသနာ သီကြား စောင့်သည်။

သိကြားဒေဝါကူညီမှု၊ (၇)ရက် သားသမီး သာယာမှု အကြောင်းပြုကာ မ,စစေနိုင်ရန်၊ မွေးသမိခင် ကျေးဇူး ရှင်အား ကျေးဇူးဆပ်ရန် မ,က မွေး သည်။ မ,စသည်။

သတ္တဝါများ အေးချမ်းသာယာစေ ရန်၊ "မ" ကိုးလုံးကျေစေရန်အတွက် ရည်ရွယ်ကာ "မ" အက္ခရာ အမည်ပါ သော မြို့ရွာများတွင် သစ္စာအဓိဋ္ဌာန်ပြု၊ သမထဝိပဿနာ အလုပ်များ ကျင့်ကြံ ပွားများရသည်ဟု သိရပေရာ ဗဟု သုတ ရရှိစေပါသည်။

ထို့အပြင်...

**ကန်(၄)ကန်တွင်...**

၁။ မိတ္တီလာကန်

၂။ မှန်တိုင်ကန်

၃။ ရွှေပေါက်ကွန်းကန်

၄။ စလင်းကန်

တို့တွင် (၇)ရက်စီ အဓိဋ္ဌာန်ဝင်ခဲ့ သည်ဟု သိရ၏။

**ကံကောင်းစေရန်၊ (၇)ရက် သားသမီး အေးချမ်းသာယာစေရန်** ဟု ဆို၏။

အလားတူ **"တောင်ကိုးတောင်၊ ဘုဝဆောင်၊ (၇)ရက်သားသမီး အရာရာအောင်စေရန်"** ဟူသော အဓိဋ္ဌာန်ဖြင့် တောင်(၉)တောင်တွင် ရရာရေ သောက်၊ သစ်သီးသစ်ရွက် စား၊ နဝင်သီလဆောက်တည်၊ ဆန် ကျုံမစား တရားရှုမှတ် ပွားများခဲ့ရသည် ဟု သိရလေရာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

အဆိုပါ ဂန္ဓာရခရီးသည် ယောဂီ၏ ကျင့်စဉ်များတွင် ကျင့်ကြံပွားများ





www.burmeseclassic.com

www.burmeseclassic.com

တရားရှုမှတ်ခဲ့သော တောင်(၉)တောင်မှာ အောက်ပါတို့ ဖြစ်သည်။

၁။ မွန္တလေးတောင် ***(မြေကြီးနှစ်ကောင်နေရာ)***
၂။ စစ်ကိုင်းတောင် ***(စစ်ကိုင်းဘုရားကြီး)***
၃။ ပုပ္ပါးတောင် ***(တောင်ကလပ်ပေါ်)***
၄။ ပုပ္ပါးတောင်မကြီး ***(ရသေ့ညီနောင်ဂူ)***
၅။ တောင်ပုလုတောင် ***(မိတ္ထီလာမြို့နယ်)***
၆။ တောင်ကြီးတောင် ***(မင်းဘူးတောင်ဘက်ထောက်ရှာပင်အနီးရှိ)***
၇။ ဖိုဦးတောင် ***(သရက်မြို့)***
၈။ ကျိုက်ထီးရိုးတောင် ***(မွန်ပြည်နယ်)***
၉။ ရွှေစက်တော်တောင် ***(မကွေးတိုင်းဒေသကြီး)***

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ **သုသာန် (၄၉)သုသာန်**တို့တွင်လည်း (၇)ရက်စီ၊ (၅)ရက်စီနှင့် (၃)ရက်စီခန့် ရာသီဥတု မိုးလေဝသအပေါ် သုံးသပ်ကာ အနည်းဆုံး (၃)ရက် သတ်မှတ်ပြီး အဓိဋ္ဌာန်သုသာန် ဓုတင် ဆောက်တည်ခဲ့သည်။

မ(၉)လုံး၊ ကန်(၄)ကန်၊ တောင်(၉)တောင်၊ သုသာန်(၄၉)သုသာန်တို့တွင် အဓိဋ္ဌာန်အောင်ခဲ့သော ဂန္ဓာရီခရီးသည် ထိုယောဂီပုဂ္ဂိုလ်ကြီးကို စာရေးသူသည် များစွာ စိတ်ဝင်စားလာတော့သည်။

သူ၏ ကိုယ်ရေးရာဇဝင်ပါ ရင်းနှီးသာကာ စပ်စုလာမိတော့သည်။ အံ့ဩချက်မှာ (၇)ရက်သားသမီးများတွင် ဖြစ်ပွားတတ်သော **အကြောအုဦးရောဂါ၊ အကြောကပ်ရောဂါ၊ ဆေးဖြတ်ရောဂါ၊ မိန်းကလေးများတွင် ဖြစ်ပွားတတ်သော သွေးဆလချုန်ရောဂါ**တို့ကို ဆေးဝါး လုံးဝမပါ၊ သစ္စာအဓိဋ္ဌာန် ပြုကာ ကုသပေးသည်။

ထိုသို့ (၇)ရက်သားသမီးများ၏ ရောဂါဝေဒနာကို အဓိဋ္ဌာန်သစ္စာဖြင့် ကုသပေးရာ အဖိုးအခလည်း မတောင်းဆိုရ၊ အမှုအရာဖြင့် မာယာပြုကာလည်း ဆေးဖိုး မတောင်းရပေ။

ဝေဒနာရှင်၏ မေတ္တာ၊ စေတနာနှင့် တတ်နိုင်သမျှ ကန်တော့ခြင်းကိုသာ လက်ခံသည်။

ကြာကန်ဘုရားကြီး ကျောင်းတွင် ရောဂါဝေဒနာရှင်များက ကန်တော့ငွေကိုလည်း ဘုရားဝန်းကျင် သန့်ရှင်းရေးအတွက် လှူဒါန်းခဲ့သည်။

စာရေးသူနှင့် ဂန္ဓာရီခရီးသည် ထိုယောဂီ အညိုရောင် ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတို့မှာ ခဏတွင်းမှာပင် ရင်းနှီးလာကာ သူ၏ ဘဝအစိတ်အပိုင်းအချို့ကို သိလိုက်ရ၍ ဖော်ပြလိုက်ရပါသည်။

မကွေးမြို့နယ်၊ အင်းနက်ကျေးရွာ အဖ ဦးပန်းတော၊ အမိဒေါ်သိန်းကြီးတို့မှ ၁၃၃၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက် စနေနေ့တွင် ဖွားမြင်ပြီး အမည်ရင်း **ဦးထွန်းရွှေ**...

ဆရာတော်ဦးကောဏ္ဍညထံ ပညာသင်ယူခဲ့ပြီး ၁၃၄၇ ခုနှစ်တွင်မှ စကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မြင်ကွန်းမြို့ ရွှေနန်းပေါက်ဘုရားဂေါပကအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

မြင်ကွန်းမြို့မှ ဦးဘိုးမြိုင်၊ ဦးမြခဲ၊ ဦးစိန်ဘူ၊ ဦးဘကြိုင်၊ ဆရာကြီး ဦးသောင်းညွန့်၊ ဦးအောင်လှင်းတို့ဖြင့် အလိုတော်ပေါက်ဘုရား၊ ရွှေနန်းပေါက်ဘုရား၊ ရာဇမုနိဘုရား၊ မုန့်ပေါင်းညီမဘုရား၊ သရဖီဘုရား စသော ရှေးဟောင်းဘုရားများ ပြန်လည်ဖော်ထုတ်ခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်ခဲ့သည်။

**၁၃၅၀ ပြည့်နှစ်တွင်** မကွေးမြို့နယ် အင်းနက်ရွာ ဆရာတော်ဦးပညာဝံသထံမှ နဝင်္ဂသီလဆောက်တည်ကာ ဒုဝဏ္ဏသာမ မွေးဖွားရာဟု ဒေသခံတို့က ယုံကြည်ယူဆ လက်ခံထားသော **ကိန္နရာတောင်ကျွင် (၆)လ တရားကျင့်ခဲ့သည်။**

၁၃၅၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၃)ရက် မကွေးမှ ပုပ္ပါးသို့ ခြေကျင်ခရီးသွားကာ ပုပ္ပါးတောင် ဒေါ်မြင့်အောင်ကျောင်း၊ ဘိုးမင်းခေါင် ဓာတ်စခန်းတွင်လည်းကောင်း၊ ရွှေကူချောင်၊ ကြေးဘုရားကြီးအတွင်း (၄၅)ရက် အဓိဋ္ဌာန်စခန်းဝင်ခြင်းကို လည်းကောင်း၊ ဦးပြည့်စုံ၏ စံကားဝါချောင် အခန်းနံပါတ်(၈)တွင် ရက်(၉၀)၊ ပုပ္ပါးတွင် (၆)လခန့် တရားကျင့်ကြံ အားထုတ်ခဲ့သည်ဟု သိရပေသည်။

မြင်ကွန်းမြို့ အလိုတော်ပေါက်ဘုရားနှင့် မကွေးနယ်၊ အင်းနက်ရွာ ကိန္နရာတောင်တို့တွင်လည်း ယောဂီအဘ ဦးထွန်းရွှေကို ရံဖန်ရံခါ တွေ့နိုင်ပေသည်။

ယောဂီအဘ ဦးထွန်းရွှေခေါ် ဂန္ဓာရီခရီးသည်တစ်ဦးကို မမျှော်လင့်ဘဲ တွေ့ကြုံခွင့်ရရှိပေရာ **ငယ်စဉ်ကပင် အသားမစား။ သက်သတ်လွတ် သားဟင်းစားခြင်း၊ ငါးပါးသီလစောင့်ထိန်းခြင်း၊ (၉)ပါးသီလစောင့်ထိန်းခြင်း၊ သစ္စာအဓိဋ္ဌာန်တို့ဖြင့်သာ (၇)ရက်သားသမီးတို့၏ ရောဂါဝေဒနာများကို** ကုသပေးခဲ့ရာ ရောဂါပျောက်ကင်းကြောင်းမှတ်သားရပေသည်၊

သစ္စာမေတ္တာ၏ အစွမ်းနှင့် ဂန္ဓာရီခရီးသည်တစ်ဦး၏ အကြောင်းကို တစေ့တစောင်း သိခွင့်ရခဲ့ပေရာ မြင့်မြတ်သော သူတော်စင်တို့၏ လုပ်ငန်းကို တစ်စိတ်တစ်ဒေသ ရေးသားတင်ပြလိုက်ရပေသည်။

**မကွေး ဝင်းမောင်**



www.burmeseclassic.com

www.burmeseclassic.com



# ခန္ဓာကိုယ်ကို

မောင်ကံ (တံတားရွာ)

## ဘေးအန္တရာယ် မကျရောက်စေနိုင်သည့် အစွမ်းထက်ဂါထာ

### ဂါထာရရှိပုံ

ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယမြို့နယ်ဦးစီးမှူးတာဝန် ထမ်းဆောင်နေစဉ်က မဂ္ဂဇင်း(၁)အုပ်တွင် ဂါထာ(၁)ပုဒ် ဖတ်ခဲ့ဖူးပါသည်။

မဂ္ဂဇင်းအမည်ကို မမှတ်မိသလို စာရေးသူအမည်ကိုလည်း မမှတ်မိပါ။

စာရေးသူက အဓိက ရေးထားသော အကြောင်းအရာမှာ သူသည် ထိုဂါထာကို နေ့စဉ်ရွတ်ဆိုခြင်းကြောင့် သူ၏ ခန္ဓာကိုယ်တွင် ကျရောက်မည့် ဘေးအန္တရာယ်များမှ အကြိမ်ကြိမ် လွတ်မြောက်လာခဲ့ကြောင်း ကိုယ်တွေ့ဖြစ်စဉ်များကို ရေးထားခြင်း ဖြစ်ပါသည်။

ဂါထာသည် ဖတ်ရ မှတ်ရသည်မှာ လွယ်ကူသည့်အပြင် ယင်းဂါထာ၏ အကျိုးအာနိသင်ကိုလည်း ယုံကြည်သဖြင့် ကျွန်တော် အိပ်ရာထ ဘုရားရှိခိုးပြီးလျှင် (၉)ခေါက်၊ အိပ်ရာဝင် ဘုရားရှိခိုးပြီးလျှင် (၉)ခေါက် နေ့စဉ်မပျက် ရွတ်ဆိုခဲ့ပါသည်။ အချို့ရက်များတွင် (၂၇)ခေါက်ထိ ရွတ်ဆိုပါသည်။

လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ဖြင့် ခရီးသွားလျှင်လည်း ယာဉ် စ,ထွက်သည်နှင့် ယင်းဂါထာကို ခေါက်ရေမသတ်မှတ်ဘဲ လမ်းတစ်လျှောက် ရွတ်နိုင်သမျှ ရွတ်ဆိုခဲ့ပါသည်။

ကျွန်တော် နေ့စဉ်မပျက် ရွတ်ဆိုနေသော ဂါထာမှာ...

"ဗုဒ္ဓစက္ကုံ ကိုယ်လုံးခြုံပါစေသတည်း။

ဓမ္မစက္ကုံ ကိုယ်လုံးခြုံပါစေသတည်း။

သံဃာ့စက္ကုံ ကိုယ်လုံးခြုံပါစေသတည်း"

ဟူ၍ ဖြစ်ပါသည်။ **အဓိပ္ပါယ်မှာ...**

"ဘုရား,တရား,သံဃာ ဟူသော ရတန (၃)ပါးတို့၏ တန်ခိုးတော်တို့သည် တပည့် တော် တစ်ကိုယ်လုံးကို လွှမ်းခြုံထားသ... တပည့်တော်၏ ခန္ဓာကိုယ်တစ်ခုလုံး ဘေး အန္တရာယ် တစ်စုံတစ်ရာ မကျရောက်စေ... လုံခြုံပါစေ"

ဟု အဓိပ္ပါယ်ရပါသည်။

---

အစွမ်းထက်ဂါထာ

---

ရွတ်ဆိုခြင်းကြောင့် ပထမအကြိ...

အသက်ဘေးမှ လွတ်မြောက်ခြင်း

---

ကျွန်တော်သည် မင်းလှမြို့နယ်...



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယဦးစီးမှူးမှ ရာထူးတိုးဖြင့် ချင်းပြည်နယ်၊ ဟားခါးမြို့သို့ မ.ယ.က ဥက္ကဋ္ဌတာဝန်ဖြင့် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ပါသည်။

ထိုအချိန်က နိုင်ငံတော်နှင့် ငြိမ်းချမ်းရေး မယူသေးသော CNA(Chin National Army)အဖွဲ့သည် ဟားခါး၊ ထန်တလန်၊ မတူပီမြို့နယ်တို့တွင် လှုပ်ရှားနေပြီး ဟားခါးမြို့တွင် မကြာခဏ ပုံးခွဲနေချိန် ဖြစ်ပါသည်။

သူတို့၏ အဆက်အနွယ်များသည် ဟားခါးမြို့ပေါ်တွင်ရှိ၍ ယင်းတို့သည် ဟားခါးမြို့တွင်းသို့ ဝင်ထွက်သွားလာမှုများ ရှိပါသည်။

ဟားခါးမြို့၏ အရှေ့ဘက်ရှိ ရုန်း(Rome)တောင်ထိပ်တွင် ပ.ယ.က၊ မ.ယ.က၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၏ စုပေါင်း လှူဒါန်းငွေများဖြင့် စေတီတစ်ဆူကို တည်ပြီးဖြစ်၍ ထီးတော်တင်ပွဲကို မိုးလေကင်းရှင်းသည့် တပေါင်းလပြည့်နေ့တွင် ကျင်းပရန် စီစဉ်ထားပါသည်။

ကျွန်တော်သည် ရုန်းတောင်ပေါ်သို့ လိုအပ်သော ပစ္စည်းများကို မော်တော်ယာဉ်ပေါ်တင်ပြီး နံနက်(၇း၀၀)နာရီတွင် တက်ရန် စီစဉ်ထားပါသည်။ ပ.ယ.က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျွန်တော် ပစ္စည်းများနှင့် အဆင်သင့်ဖြစ်နေပြီးမှ နောက်က လိုက်လာမည်ဖြစ်ပါသည်။

မိုးသားမိုးတိမ် ကင်းစင်သည့် တပေါင်းလတွင် ညအိပ်ရာဝင်ပြီးနောက် နံနက်(၃း၀၀)နာရီခန့်မှစ၍ လုံးဝ မျှော်လင့်မထားသော မိုးကသည်းထန်စွာ ရွာသွန်းပါသည်။

မိုးက အဆက်မပြတ် ရွာသွန်းနေ၍ ကျွန်တော်သည် ထီးတော်တင်ပွဲအတွက် အတော်စိတ်ပူသွားပါသည်။ မိုးရွာပုံမှာ သွန်ချနေသလို ရွာနေခြင်းဖြစ်ပါသည်။

သို့ရာတွင် နံနက်(၆း၀၀)နာရီခန့်တွင် မိုးမှာ လုံးဝရပ်သွားသဖြင့် စိတ်သက်သာရာရပြီး ဘုရားရှိခိုး ရွတ်နေကျဂါထာကို (၂၇)ခေါက် ရွတ်ကာ နံနက်(၇း၀၀)နာရီတွင် လိုအပ်သော ပစ္စည်းများနှင့်အတူ တောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့် တက်သွားပါသည်၊ မိုးသည်းထန်စွာ ရွာသွန်းထားသဖြင့် တောင်တက်လမ်းမှာ မြေနီရွှံ့များ ဖြစ်နေပါသည်။

ပစ္စည်းများ အဆင်သင့်ဖြစ်ပြီးနောက် ပ.ယ.ကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ရောက်လာကြပြီး ထီးတော်တင်ပွဲကို အောင်မြင်စွာ ကျင်းပကာ တောင်ပေါ်မှ ပြန်ဆင်းလာကြပါသည်။ နံနက်(၆း၀၀)နာရီက ရပ်သွားသော မိုးမှာ လုံးဝ ပြန်မရွာတော့ပါ။

ကျွန်တော့်ရုံးတွင် ဝန်ထမ်း(၃၃)ဦးရှိပြီး ကျွန်တော်မှလွဲ၍ ကျန်ဝန်ထမ်းအားလုံးမှာ ဟားခါးမြို့ခံ ချင်းတိုင်းရင်းသားများဖြစ်ကာ ဝန်ထမ်းအားလုံးသည် ကျွန်တော့်ကို ချစ်ခင်ရှိသေကြပါသည်။

ထီးတင်ပွဲပြီးနောက် (၂)ရက်ခန့်အကြာ ရုံးတက်ချိန်တွင် ဝန်ထမ်းများက ကျွန်တော့်ကို ပြောသည်မှာ သူတို့သည် ညအချိန်တွင် မြို့ပေါ်ရှိ သူငယ်ချင်းများအိမ်သို့ သွားလည်ကြောင်း...

ခေါင်းကျန်းသူနှင့် ဆက်နွယ်မှုရှိသော သူငယ်ချင်းများထံမှ သိခဲ့ရသည်မှာ ထီးတော်တင်မည့်နေ့က လူကြီးများ ရုန်းတောင်ပေါ်သို့ သေချာလာမည်ဖြစ်၍ CNAအဖွဲ့က တောင်တက်လမ်းတွင် မိုင်း(၂)လုံးမြှုပ်၍ထားကြောင်း...

သို့ရာတွင် ထိုနေ့နံနက်က သည်းထန်စွာ အဆက်မပြတ် ရွာသွန်းသည့်မိုးကြောင့် ထောင်ထားသည့် မိုင်းများမှ ယမ်း,ဓာတ်ခဲနှင့် ဆက်စပ်ပစ္စည်းများ ရေစိုကုန်သဖြင့် မော်တော်ယာဉ်များက နင်းသော်လည်း မိုင်းများ မကွဲတော့ကြောင်း ကြားသိခဲ့ရသည်ဟု ပြောပါသည်။

ဤဖြစ်စဉ်တွင် နွေရာသီ တပေါင်းလပြည့်နေ့ဖြစ်၍ မိုးရွာသွန်းရန် မဖြစ်နိုင်သော်လည်း မိုင်းများ ထောင်ထားသည့် လမ်းကို ပထမဆုံး သွားရသည့်ကျွန်တော့်အနေဖြင့် အစွမ်းထက်ဂါထာကို နေ့စဉ်မပြတ် နှစ်ရှည်စွာ ယုံကြည်မှုဖြင့် ရွတ်ဆိုခဲ့သောကြောင့် နွေခေါင်ခေါင်တွင် အချိန်ကိုက် မိုးရွာချပြီး ထောင်ထားသည့် မိုင်းများ မကွဲခြင်းမှာ ကျွန်တော် နေ့စဉ် ရွတ်ဆိုနေသော အစွမ်းထက်ဂါထာကြောင့် အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့သည်ဟု ယုံကြည်ပါသည်။

## အစွမ်းထက်ဂါထာ
## ရွတ်ဆိုခြင်းကြောင့် ဒုတိယအကြိမ် အသက်ဘေးမှ လွတ်မြောက်ခြင်း

ကျွန်တော် ချင်းပြည်နယ်၊ ဟားခါးမြို့တွင် မ.ယ.ကဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ ထိုအချိန်က နိုင်ငံတော်နှင့် ငြိမ်းချမ်းရေး မယူသေးသော CNAအဖွဲ့သည် ဟားခါးမြို့တွင် မကြာမကြာ ပုံးခွဲလေ့ ရှိပါသည်။

နှစ်စဉ်နှစ်တိုင်း "ချင်းပြည်နယ်နေ့"ကို ဟားခါးမြို့ အ.ထ.က အနီးရှိ အားကစားကွင်းတွင် စည်ကားစွာ ကျင်းပပါသည်။

ချင်းပြည်နယ်တွင်းရှိ မြို့နယ်များမှ အကအဖွဲ့များသည် အ.ထ.က အနီး

www.burmeseclassic.com

ရှိ ကွင်းသို့ လာရောက်ကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုအကများကို နွေညမပြတ် ကပြနေပါသည်။

ဌာနဆိုင်ရာ အသီးသီးတို့၏ ပြခန်းများနှင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့ များ ပါဝင်သော ထမနဲထိုးပြိုင်ပွဲကိုလည်း ကျင်းပရာ ကျွန်တော်၏ရုံးသည် နှစ်စဉ် ဝင်ပြိုင်ပါသည်။

ယခုနှစ်တွင် ဝင်ပြိုင်ရန် လိုအပ်သော ပစ္စည်းများကို ကြိုတင် စုဆောင်းထားပြီး ပြိုင်နေကျ မိုးပြဲဒယ်ကိုလည်း အဆင်သင့် ထားရှိပါသည်။ ရုံးမှ မိုးပြဲဒယ်အိုးသည် သက်တမ်းတော့ ကြာမြင့်နေပြီ ဖြစ်ပါသည်။

ထမနဲထိုးပြိုင်မည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ နံနက်တွင် ကျွန်တော်သည် ပြခန်းအကဲဖြတ်ဒိုင်များနှင့်အတူ ပြခန်းများကို လှည့်လည်စစ်ဆေးနေစဉ် ရုံးမှ ဝန်ထမ်း(၁)ဦးက လာခေါ်၍ လိုက်သွားရာ ကျွန်တော့်ရုံးအဖွဲ့ ထမနဲထိုးရန် စီစဉ်ထားသည့် နေရာ အရောက်တွင် ဒုဦးစီးမှူးက...

'ဥက္ကဋ္ဌ ထမနဲထိုးမယ့် ဒယ်အိုးကို ရေဆေးရင်း သံယောက်မနဲ့ ထိုးလိုက်တာ အယ်အိုးပေါက်သွားတယ်'

ဟု ပြောသဖြင့် ဒယ်အိုးကိုကြည့်လိုက်ရာ မိုးပြဲဒယ်ဖင်ပိုင်းတွင် (၁) လက်မခန့် အပေါက်(၁)ပေါက် တွေ့သဖြင့် ဝန်ထမ်းများကို ကြိုတင် မစစ်ဆေးရကောင်းလားဟု စိတ်ပေါက်ပေါက်နှင့် ဆူလိုက်ပါသည်။

**"ဒီဒယ်အိုးနဲ့တော့ ပြိုင်လို့ မရတော့ဘူး"**ဟု တွေးမိပြီး ပြိုင်ပွဲချိန်က နီးကပ်နေပြီဖြစ်၍ ကျွန်တော် ရင်ပူသွားပါသည်။

ပြိုင်ပွဲစမည့်အချိန်မှာ (၉း၀၀)နာရီဖြစ်၍ ယခု (၈း၀၀)နာရီသာ ရှိသေးသောကြောင့် ဒယ်အိုး ရနိုင်မည့် နေရာ



ကို စဉ်းစားရာ ပြည်တော်သာရပ်ကွက်ရှိ တရုတ်အစားအစာ ရောင်းသောဆိုင်သည် ကျွန်တော် မကြာမကြာ သွားစားလေ့ ရှိသဖြင့် ဆိုင်ရှင်နှင့် ရင်းနှီးနေပါသည်။

ထိုဆိုင်မီးဖိုခန်းထဲတွင် ထမင်းချက်ရန် မိုးပြဲဒယ်(၁)လုံး၊ အကြော်အလှော်အတွက်(၁)လုံး၊ ဟင်းချိုအတွက် (၁)လုံး ပေါင်း(၃)လုံး ရှိနေသည်ကို တွေ့ပြီးဖြစ်၍ ဆိုင်ရှင်အား ကျွန်တော့် အခက်အခဲကို ပြောပြပြီး ပြိုင်ပွဲဝင်ချိန် (၁)နာရီခန့်အတွက် ဒယ်အိုး(၁)လုံး ငှားရန် ရည်ရွယ်ချက်ဖြင့် ရုံးဝန်ထမ်း (၂)ဦးနှင့်အတူ ရုံးကားဖြင့် ပြည်တော်သာရပ်ကွက် စားသောက်ဆိုင်သို့ လာခဲ့ပါသည်။

စားသောက်ဆိုင်သည် အောက်ထပ်တွင် လက်ဖက်ရည်ဆိုင် ဖွင့်ထားပြီး အပေါ်ထပ်တွင် စားသောက်ဆိုင်ဖြစ်ပါသည်။

အောက်ထပ်မှ အပေါ်ထပ်သို့ တက်ရာတွင် အုတ်နံရံ၏ တံခါးပေါက် အပြင်ဘက်သို့ထွက်ပြီး နံရံဘေး လှေကားမှ တက်ရပါသည်။ လှေကားမှ အပေါ်ထပ် မီးဖိုခန်းသို့ တက်လျှင် မိနစ်ဝက်ခန့်သာ ကြာပါသည်။

စားသောက်ဆိုင်ရှေ့တွင် ကားရပ်ပြီးနောက် ဒယ်အိုးစိတ်ဖြင့် အောက်ထပ်မှ အပေါ်ထပ်သို့ အလျင်အမြန်တက်ရန် ဆိုင်တွင်း ဝင်လာစဉ် အောက်ထပ်၌ ရဲတပ်သား(၃,၄)ဦးနှင့်အတူ လက်ဖက်ရည်သောက်နေသော ညက ပွဲခင်းလုံခြုံရေးကျသည့် ဒုရဲအုပ်(၁)ဦးက ကျွန်တော့်ကိုမြင်လျှင်...

'ဥက္ကဋ္ဌ လက်ဖက်ရည် သုံးဆောင်ပါဦး'

ဟု စားပွဲမှ မတ်တတ်ရပ်၍ ဖိတ်ခေါ်နေပါသည်။

ဒယ်အိုးအတွက် ဦးနှောက်ဆူနေချိန်ဖြစ်၍ လက်ဖက်ရည်လည်း မသောက်လို၊ မည်သည့်စကားမျှ မပြောလိုသော်လည်း ရဲအရာရှိ ဖိတ်ခေါ်မှုကို လေးစားသောအားဖြင့် မထိုင်တော့တဲ့ မတ်တတ်ရပ်လျက်ပင် ညက ပွဲခင်းလုံခြုံရေးအခြေအနေ၊ သောင်းကျန်းသူသတင်း ထူးခြားမှုရှိ မရှိ မေး၍ ရဲအရာရှိက ပြန်ဖြေနေသည်မှာ (၂) မိနစ်ခန့် ကြာပါသည်။

မေးပြီးလျှင် ကျွန်တော်လည်း ဒယ်အိုးစိတ်ဇောဖြင့် အပေါ်ထပ်တက်ရန်အတွက် အောက်ဆုံးလှေကားထစ်ကို နင်းလိုက်ချိန်တွင် အပေါ်ထပ်မှ "ဝုန်း"ခနဲ ပေါက်ကွဲသံကြီးကို ကျယ်လောင်စွာ ကြားလိုက်သဖြင့် ရုတ်တရက် လန့်သွားပြီး ရဲတပ်ဖွဲ့ဝင်များရှိသည့် လက်ဖက်ရည်ဆိုင်တွင်းသို့ ပြန်ဝင်လိုက်ပါသည်။

ပေါက်ကွဲသံ ကြားပြီးနောက် ရဲအရာရှိက...

'အပေါ်ထပ်မှာ ဗုံးကွဲတယ်။ သူပုန်



www.burmeseclassic.com

www.burmeseclassic.com

ခွဲတာဖြစ်ထှာယ်။ ရဲဘော်တို့ လိုက်ခဲ့'

ဟု ပြောပြီး ခါးတွင် ချိတ်ထားသော သေနတ်ကို လက်တွင်ကိုင်ကာ လှေကားထစ်များအတိုင်း ပြေးတက်သွားပါသည်။


ကျွန်တော်နှင့် ဝန်ထမ်းများလည်း ရဲတပ်ဖွဲ့ဝင်များနောက်မှ လိုက်သွားပါသည်။

အပေါ်ထပ် မီးဖိုခန်းထဲတွင် အိုးခွက်ပန်းကန် အသုံးအဆောင် ပစ္စည်းများ တစ်စစီ ကွဲနေပြီး မိုးပြဒယ်များမှာမူ မြေသားမီးဖိုထဲတွင် မြှုပ်ထားသောကြောင့် အထူးတလည် ထိခိုက်မှု မရှိပါ။

ချင်းပြည်နယ်ရှိ အိမ်များသည် မညီညာသည့် တောင်ကုန်းများကို တူးပြီးမှ အိမ်ဆောက်ရသည်ဖြစ်ရာ မီးဖိုခန်းသည် အိမ်အနေနှင့်မူ အပေါ်ထပ် ဖြစ်သော်လည်း ယင်း၏နောက်မှ တောင်ကုန်းမြေသားသည် မီးဖိုခန်းပြတင်းပေါက်နှင့် တညီတည်း ဖြစ်နေပါသည်။

သောင်းကျန်းသူက ဖွင့်ထားသော ပြတင်းပေါက်မှ မီးဖိုခန်းအတွင်းသို့ ဗုံးပစ်လိုက်ပြီးနောက် နောက်ကြော တောင်ကုန်းပေါ်သို့ ပြေးတက်သွားသည်ကို တောင်ကုန်းပေါ်ရှိ အိမ်များက မြင်လိုက်သည်ဟု ပြောပါသည်။

ဆိုင်ပိုင်ရှင်နှင့် လုပ်သားများမှာ နံနက်စောစောဖြစ်၍ ချက်ပြုတ်ခြင်း မရှိသေးသောကြောင့် မီးဖိုခန်းတွင် မရှိသဖြင့် ထိခိုက်မှု တစ်စုံတစ်ရာ မရှိပါ။ ထမနဲထိုးမည့် မိုးပြဒယ်ကိုမူ အလှူခံရသည့်ဆိုင်မှ မငှားတော့ဘဲ ပွဲကျင်းပသည့် ကွင်းအနီးရှိ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးသင်တန်းကျောင်းမှ သင်တန်းသူများအတွက် ချက်ပြုတ်သည့် မိုးပြဒယ်ကို ငှား၍ ရသဖြင့် ပြိုင်ပွဲဝင်လိုက်ပါသည်။



ဤဖြစ်စဉ်တွင် ကျွန်တော်သည် ဒယ်အိုးယူရန်အတွက် အပေါ်ထပ် မီးဖိုခန်းသို့ တိုက်ရိုက်တက်သွားပါက သောင်းကျန်းသူက မီးဖိုခန်းထဲသို့ ဗုံးပစ်လိုက်ချိန်တွင် ကျွန်တော်နှင့် ဝန်ထမ်း(၂)ဦးတို့သည် ဒယ်အိုးဘေးတွင် ရပ်လျက်ဖြစ်စေ၊ ဒယ်အိုးကို မီးဖိုပေါ်မှ မ,နေစဉ်ဖြစ်စေ အချိန်ကိုက် အပစ်ခံရပြီး အသက်ဘေးအန္တရာယ် ကြုံတွေ့နိုင်ပါသည်။

သို့ပါသော်လည်း ရဲအရာရှိနှင့် (၂)မိနစ်ခန့် စကားပြောနေ၍သာ ဗုံးပစ်ချိန်တွင် မီးဖိုခန်းသို့ မရောက်သေးဘဲ အသက်ဘေးအန္တရာယ်မှ လွတ်ကင်းရသည်မှာ ကျွန်တော် နေ့စဉ် ရွတ်ဆိုနေသော ခန္ဓာကိုယ်ကို ဘေးအန္တရာယ် မကျရောက်စေနိုင်သည့် အစွမ်းထက်ဂါထာကြောင့်သာ လွတ်မြောက်ရသည်ဟု ယုံကြည်ပါသည်။

---

အစွမ်းထက်ဂါထာ

ရွတ်ဆိုခြင်းကြောင့် တတိယအကြိမ်

အသက်ဘေးမှ လွတ်မြောက်ခြင်း

---

ကျွန်တော် ချင်းပြည်နယ်၊ ဟားခါးမြို့တွင် မ.ယ.က ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ ချင်းပြည်နယ်ရှိ ကားလမ်းများသည် ကျဉ်းမြောင်းပြီး ကွေ့ကောက်သဖြင့် အန္တရာယ်များပါသည်။

မြို့ချင်းဆက် လမ်းများမှာ နှစ်စဉ် ပြုပြင်နေ၍ အန္တရာယ် နည်းပါးသော်လည်း ကျေးရွာများသို့သွားသော လမ်းများမှာ မပြုပြင် မတိုးချဲ့နိုင်သဖြင့် အန္တရာယ်များသောကြောင့် ကျေးရွာများသို့ မဖြစ်မနေမှသာ မော်တော်ယာဉ်ဖြင့် သွားပါသည်။

တစ်နေ့တွင် မဖြစ်မနေ သွားရမည့် ကိစ္စကြောင့် ဟားခါးမြို့မှ သီဖူးလ်ရွာသို့ ရုံးကားဖြင့် သွားပါသည်။ အိမ်မှ မထွက်မီ ဘုရားစင်ရှေ့တွင် ရွတ်နေကျ ဂါထာကို (၂၇)ခေါက်ရွတ်ပြီး ကားစထွက်ချိန်တွင်လည်း ရွတ်လာခဲ့ပါသည်။

သီဖူးလ်ရွာ သွားလမ်းမှာ တောင်တက်လမ်းဖြစ်ပြီး ကားလမ်း၏ ဘယ်ဘက်တွင် တောင်နံရံရှိပြီး ညာဘက်တွင် ချောက်ရှိပါသည်။

ချောက်ရှိသည့်ဘက်တွင် လုံးပတ် (၁)ပေ (၁)ပေခွဲခန့်ရှိ ကျောက်တုံးများသည် မြေပေါ်သို့ ပေါ်နေပါသည်။ လမ်းတစ်လျှောက်လုံးတော့ မဟုတ်ပါ။

www.burmeseclassic.com

ရှိသည့်နေရာတွင်ရှိပြီး မရှိသည့်နေရာတွင် မရှိပါ။

ခရီးထွက်၍ လမ်းတစ်ဝက်လောက်အရောက်တွင် မော်တော်ယာဉ်သည် ပုံမှန်သွားနေရာမှ မည်သို့ဖြစ်သည်မသိ ချောက်ရှိသည့် ညာဘက်သို့ စောင်းပြီးဆွဲသွားရာ ကျွန်တော် ထိတ်လန့်သွားပါသည်။

မော်တော်ယာဉ် ချောက်ထဲ ကျခါနီးတွင် ရုတ်တရက် တုံ့ခနဲ ရပ်သွားသဖြင့် မော်တော်ယာဉ်ပေါ်မှ အမြန်ဆင်းလိုက်ပါသည်။

ယာဉ်မောင်းလည်း ကားပေါ်မှ ဆင်းပြီး ကားအောက်သို့ ငုံ့ကြည့်ကာ **"တိုင်းရော့ ပြုတ်သွားတယ်"**ဟု ပြောပါသည်။

ကျွန်တော်လည်း ကားအောက်သို့ ငုံ့ကြည့်ရာ တိုင်းရော့မှာ တစ်ဖက်ပြုတ်ကျနေပြီး ကားရှေ့ဘီးသည် ချောက်ထဲကျခါနီး (၁)ပေခန့်သာ ကွာတော့သည်ကို တွေ့ရပါသည်။

ကားရပ်သွားသည့် အကြောင်းရင်းကို ရှာကြည့်ရာ ချောက်ဘက်သို့ ဆွဲသွားသော ကားဘီးသည် ချောက်နှုတ်ခမ်းတွင် မြေပေါ်သို့ ပေါ်နေသော ကျောက်တုံးနှင့် တိုက်မိပြီး ရှေ့ဆက်မသွားနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော် တွေးမိသည်မှာ ကားဘီး တည့်တည့်တွင် အဆိုပါ ကျောက်တုံး မရှိလျှင်ဖြစ်စေ၊ ရှိသော်လည်း ကျောက်တုံးသေးသောကြောင့် ကားက ကျောက်တုံးကို ကျော်သွားလျှင်ဖြစ်စေ ကားမှာ ချောက်ထဲသို့ ကျမည်မှာ သေချာပါသည်။

ချင်းပြည်နယ်မှ ချောက်များသည် နက်လှသဖြင့် ချောက်ထဲသို့ ကားကျပါက အသက်ရှင်ရန်မှာ ရာနှုန်း နည်းပါးပြီး မသေပါကလည်း တစ်သက်လုံး ခြေကျိုး၊ လက်ကျိုးဘဝ ရောက်မည်မှာ သေချာပါသည်။

သို့ရာတွင် ကား ချောက်ထဲ ကျခါနီးတွင် ကားအရှိန်ကို ရပ်စေနိုင်သည့် ကျောက်တုံး(၁)တုံးက ကားဘီးရှေ့တွင် ခံနေ၍သာ ကားမှာ ချောက်ထဲ မကျဘဲ ကျွန်တော် အသက်ဘေးက လွတ်ကင်းခဲ့ပါသည်။

ဤသည်မှာ ကျွန်တော် နေ့စဉ်ရွတ်ဆိုနေသော **"ဗုဒ္ဓစကြာ ကိုယ်လုံးခြုံပါစေသတည်း။ ဓမ္မစကြာ ကိုယ်လုံးခြုံပါစေသတည်း။ သံဃာ့စကြာ ကိုယ်လုံးခြုံပါစေသတည်း"**ဟူသည့် အစွမ်းထက် ဂါထာကြောင့်သာ အသက်ဘေးက လွတ်မြောက်ခဲ့သည်ဟု ယုံကြည်ပါကြောင်း ကျွန်တော်၏ ကိုယ်တွေ့ ဖြစ်ရပ်မှန်များကို စာဖတ်သူများ သိရှိနိုင်ရန် မျှဝေပေးလိုက်ပါသည်။

**မောင်ကံ(တံတားရွာ)**

# မမြင်ဖူးသေးသူများ မြင်ဖူးစေချင်

## နှစ်ပေါက်ပါသည့်ဝါး

ဝါးတစ်လုံးတွင် အပေါက်နှစ်ပေါက်ပါသည့် ဝါးမျိုးကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ယခင်က ဖတ်ရှုခဲ့ရသော်လည်း မတွေ့မမြင်ခဲ့ဘူးပါ။

ရခိုင်ပြည်နယ်၊ သံတွဲမြို့မှအစ်ကိုဖြစ်သူသည် စာရေးသူထံ အလည်ရောက်လာ ခိုက်လက်ဆောင်အဖြစ် ပေးသွားခဲ့သော နှစ်ပေါက်ပါ ဝါးတစ်ခုအား ဖော်ပြပါသည်။

အစ်ကို၏ ပြောပြချက်မှာ ထိုဝါးကို ကြိုးဖြင့်ချည်၍ ချိတ်ထားပါက ကံပွင့်ကာ လာဘ်ပွင့်ပြီး ကံမြင့်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

နှစ်ပေါက်ဝါးစွမ်းအင် သိရှိကြုံတွေ့သူများမှ ဆက်လက်ရေးသားပေးကြပါရန် ပန်ကြားအပ်ပါသည်။

**(အစ်ကိုဖြစ်သူ ဦးမိုးမြင့်အား ဦးခိုက်လျက်...)**

ဖိုးကုန်းဆြာမော်



နှစ်ပေါက်ပါသည့်ဝါး



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သိန်း
(သတင်းထောက်-ဗိုးကုန်း)

# မဏိသေလစေတီတော် ၏

## အဓိဋ္ဌာန်ခရီးစဉ်နှင့် ထူးခြားချက်များ

'ပန်းများလှိုင်ကြွ
ပျူရွှေသက်၊
ပန်းညက်ကြိုင်သင်း
ပွင့်တော်ပွဲ၊

'သဲသဲအုတ်အော်' ဟု စာဆိုတော် ဦးယာ ဖွဲ့နွဲ့ခဲ့သည့် အတိုင်း မိုးဖြိုင်ဖြိုင်ရွာနေသော ဝါဆို မိုးပွင့်၊ မိုးစက်၊ မိုးပေါက်များနှင့်အတူ ပွင့်ပြူလာကြသည့် ပုန်းညက်ပန်းများနှင့်အဖြိုင် ကြည့်ရှုလေရာ လယ်ကွင်းများတွင် မိုးရေများ ဖွေးဖွေးဖြူလျက်ရှိလေသည်။ ထို့ကြောင့် ရှေးလူကြီး သူမတို့သည် ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟု ဆိုစမှတ်ပြုခဲ့ကြလေသည်။ ဟိုအဝေးတွင် မြင်ရသော စိမ်းစိမ်းညိုညို ရိုးမ တောင်တန်းကြီးသည် ပြာလဲ့သော မိုးကောင်းကင် အောက်ဝယ် မှိုင်းညို့ညို့ တန်းလျက် တွေ့ရှိရလေသည်။ **ဦးသူတော်ဝိဇ္ဇာကြီး ဦးဆောင်လျက် ဦးစံသိန်း၊ ဦးမောင်မြင့်၊ ဦးသိန်းတို့သည်** လယ်ကွင်းများကို ဖြတ်လျက် ရွှေကျောင်းဆောင် တောင်တော်သို့ ရှေးရှုသွားနေကြလေသည်။ လမ်းဘေး ဝဲ,ယာ မိုးရေဖွေးဖွေး လယ်ကွင်းပြင် ကန်သင်းတစ်လျှောက်မှာ ဖားလက်တက်အော်သံ၊ ခရုမြည်သံတို့ကား တေးဂီတဖြင့်ဖျော်ဖြေ ညွှန်ခံနေသည့်အလား။

ဝိဇ္ဇာကြီးတို့အဖွဲ့သည် **ဝါဆိုလပြည့် နေ့တွင် ရွှေကျောင်းဆောင်တောင် တော် မဏိသေလစေတီတော်**တွင် ဝါတွင်းသုံးလပတ်လုံး တရားထိုင် အဓိဋ္ဌာန်ဝင်ရန် လာရောက်ကြခြင်း ဖြစ်လေသည်။ ဝါဆိုမိုးကား သဲသဲမဲမဲ ရွာချနေလေသည်။ မိုးပွင့်မိုးစက်များနှင့် အတူ တောပန်းရနံ့များနှင့် ပုန်းညက် ပန်းရနံ့တို့ကား မွှေးကြူသင်းပျံ့လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးရိုးမတောအတွင်း ရွှေလေးချောင်းကို ဖြတ်လျက် တစ်ဖက်ကမ်းအရောက် **ဖီးကွဲရွာ၊ ရွှေတဲသဲခုံရွာ**တို့ကို ကျော်လွန်ခဲ့ပြီးမှ မကြာမီ ဝိဇ္ဇာကြီးတို့ ခမ္မမိတ်ဆွေ (၄)ယောက်တို့သည် ရွှေကျောင်းဆောင်တောင်ပေါ်ရှိ မဏိသေလစေတီအနီး ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ကြလေပြီ။

ယနေ့ကား ဝါဆိုလဆန်း(၁၄)ရက်။ ဝိဇ္ဇာကြီးတို့သည် ဆရာတော်ကြီးအား ဖူးမြော်ပြီး လာရင်းအကြောင်းအား လျှောက်ထားရာ ဆရာတော်မှ...

'ဒကာကြီးတို့ ကျောင်းအနောက်ဘက်မှာ ဇရပ်တစ်ဆောင်ရှိတယ်။ အဲဒီမှာ လွတ်လပ်စွာ တည်းခိုနေထိုင်ပြီး စိတ်ချမ်းမြေ့စွာ ဓမ္မအလုပ်ကို ကြိုးစားလုပ်ကြပါ။ သာဓု...သာဓု...သာဓု'

ဝိဇ္ဇာကြီးတို့အဖွဲ့သည် ဆရာတော်အား ဝတ်ဖြည့်ပြီး ကျောင်းအနောက်ဘက်ဇရပ်သို့ လာခဲ့ကြပြီး ဇရပ်သို့ရောက်သောအခါ ဇရပ်မှာ လေးပင်ပတ်လည် ပျဉ်ခင်းပျဉ်ကာနှင့် လုံခြုံစွာရှိပြီး ခွမ်းချက်ဆောင်နှင့် အတော်ပင် အဆင်ပြေလှပေသည်။

ရွှေကျောင်းဆောင် တောရသည် မှိုင်းညို့ညို့တန်းလျက်ရှိသော စိမ်းစိမ်းညိုညို မှိုင်းညိုသော တောင်တန်းကြီးပေါ်တွင် အေးဆေးငြိမ်သက်တည်ငြိမ်လျက် သပ္ပာယ်စွာဖြင့် တည်ရှိသော ဉာဏ်တော်အမြင့် (၁၁)တောင်ရှိစေတီတော်ကြီးနှင့်အတူ သာသနိက အဆောက်အအုံ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ဧည့်သည်၊ အာဂန္တုများ တည်းခိုနားနေရန် ပျဉ်ထောင်ပျဉ်ခင်းနှင့် လုံခြုံစွာရှိသော ဇရပ်တစ်ဆောင်တို့သည် **ပေပေါင်း (၁၀၀)ခန့်မြင့်သော တောင်ပေါ်တွင်** တည်ထားသည်မှာ ရှုမဝနိုင်စရာ ပန်းချီကားကြီးတစ်ချပ်ပမာပင်။

ကျောင်းပတ်ဝန်းကျင် တောတောင်တစ်ခွင်တွင် တောပန်းတောင်ပန်းတို့သည် အပြိုင်အဆိုင် ပွင့်နေကြလျက် လေနုအေးတို့နှင့်အတူ တောပန်းရနံ့တို့ကား လေအဝှေ့ဝယ် ထုံသင်းမွှေးကြူလျက် ဆိတ်ငြိမ် အေးချမ်းလျက်ရှိရာ သူတော်စင်များအတွက် တရားရှာမှီးရာ ဘူမိနက်သန် နေရာမှန် ဓမ္မရိပ်သာ တောရကျောင်းတစ်ဆောင် ဖြစ်လေသည်။

ဝိဇ္ဇာကြီးတို့အဖွဲ့သည် ဇရပ်ပေါ် ရောက်ရှိလာပြီး ပါလာသည့် ပစ္စည်းများအား စီမံခန့်ခွဲ နေရာချထားပြီး ယနေ့ညအဖို့တော့ ပင်ပန်းနွမ်းနယ်လာကြသဖြင့် ဘုရားဝတ်တက်ပြီး အသီးသီး အိပ်ရာဝင်ကြလေသည်။

* * *

ယနေ့ကား ဝါဆိုလပြည့်နေ့ ရွှေကျောင်းဆောင်တောင်တော် မဏိသေလစေတီတော်တွင် ဘုရားဖူးများ၊ ဝါဆိုပန်း ကပ်လှူသူများဖြင့် အနီးဝန်းကျင်ရွာများမှ ရွာသူရွာသားတို့ လာရောက် ဖူးမြော်ကြလျက် ရှိလေသည်။

ဝါဆိုလပြည့်နေ့ မိုးလေကင်းစင်နေသည့် ပတ်ဝန်းကျင် တောတောင်တစ်ခွင် သာယာစိမ်းစိုလျက် အားလုံးသော မြင်မြင်သမျှ အရာတို့သည် သာယာငြိမ်းအေးလျက် ဆိတ်ငြိမ်စွာရှိလှသဖြင့် စိတ်နှလုံးပျော်မွေ့ဖွယ်ရာ တောတောင်နှင့် စေတီတော်တို့ ဖြစ်လေသည်။

နေမင်းကြီးကား အနောက်ဂေါယာကျွန်းတွင် ငုပ်လျှိုးစပြုနေပေပြီ။ အရှေ့လောကဓာတ်မှ လမင်းကြီးကား ပေါ်ထွန်းစပြုလေပြီ။ ယနေ့ ဤအချိန်ကား မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရာ ဝါဆိုလပြည့်နေ့ထူးနေ့မြတ်ပေတည်း။

ဝိဇ္ဇာကြီးတို့အဖွဲ့သည် ည(၇)နာရီအချိန်တွင် မဏိသေလ စေတီတော်တွင် နေရာအသီးသီး ယူ၍ ဆီမီးများ ထွန်းညှိပူဇော်ပြီး အဓိဋ္ဌာန်ဝင်တရားထိုင် ပုတီးစိပ်ကြလေသည်။

ပြာလဲ့လဲ့ ကောင်းကင်တွင် မိုးသားတိမ်လိပ်များ ကင်းစင်လျက် လမင်းကြီးကား ထိန်ထိန်သာလျက် ရှိနေလေသည်။ မဏိသေလစေတီတော်အနီး ပိတောက်ပင်ကြီးထက်မှ ဇီးကွက်မောင်နှံတို့ကား ဘာသာဘာဝ အသီးသီး အော်မြည်ကြလျက် ကောင်းချီးသြဘာပေးနေသည့်ပမာ။

ညဉ့်(၁၀)နာရီခန့်ရှိလေပြီ။ ဝိဇ္ဇာကြီးတို့အဖွဲ့သည် တစ်ညတာ အဓိဋ္ဌာန်များပြီး၍ မဏိသေလစေတီတော် ရင်ပြင်တော်ပေါ်တွင် စေတီတော်အား လှည့်ပတ်လျက် **(၃၁)ဘုံသားများနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်နှင့်တကွ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့အား ဗိုဓိတို့ ပြုခဲ့သော ကုသိုလ်ဒါနဘာဝနာ အစုစုတို့အား** အမျှပေးဝေ မေတ္တာပို့နေကြလေသည်။

ထိုအချိန်တွင် ရွှေကျောင်းဆောင်တောင်တော်၏ အတွင်းမှ လိုဏ်သံကြီးများပါလျက် **စည်ကြီးတီးသံတို့ကား တောင်တော်တစ်ခုလုံး တုန်ဟည်းစွာ** မြည်လျက်ရှိနေသည်ကို ဝိဇ္ဇာကြီးတို့ အဖွဲ့အားလုံး ကြားကြရလေသည်။

ဝိဇ္ဇာကြီးတို့အဖွဲ့သည် ကြက်သီးမွေးညင်းများထလျက် မေတ္တာဘာဝနာအား ပို့၍ အာရုံပြု မှီသလျက်ရှိလေသည်။

(၁၀)မိနစ်ခန့် ကြာသောအခါ တောင်တော်မှ စည်တီးသံလည်း ငြိမ်



www.burmeseclassic.com

www.burmeseclassic.com

သက်သွားပြီး တောတောင်တို့မှာလည်း အေးမြကြည်လင်သော လရောင်ကြောင့် ငွေရောင်များ ပက်ဖျန်းထားသည့်အလား စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ ငြိမ်သက်တိတ်ဆိတ်လျက် ရှိလေသည်။

* * *

အောက် အီး အီး အွတ်…။

အဝေးတောတန်းတစ်နေရာမှ တောကြက်ဖတို့၏ တွန်သံကို ကြားနေရလေပြီ။ ဦးစံသိန်းသည် ဦးမောင်မြင့်နှင့်အတူ နံနက်(၄)နာရီထ၍ ဆွမ်းချက်နေလေသည်။

ဆွမ်းတော်တင်၊ ဆရာတော် ဆွမ်းကပ်ရန်နှင့် မိမိတို့အဖွဲ့ နံနက်စာအတွက် ဆွမ်းချက်နေရာ ဝိဇ္ဇာကြီးသည် အိပ်ရာမှထ၍ ကိုယ်လက် သုတ်သင်ရန် ဇရပ်အပြင်သို့ ထွက်သွားလေသည်။ မကြာမီ ဝိဇ္ဇာကြီးသည် ဇရပ်အတွင်း ပြန်လည် ဝင်ရောက်လာပြီး…

'ဦးစံသိန်း တောင်အောက်မှာ ဖားဓိုတုတ်တွေပျ။ ဒီအနီးအနား ရှာတွေ့ရ လာပြီး ဖားရိုက်ကြတာဖြစ်မယ်'

ဟု ဝိဇ္ဇာကြီးက ပြောသောအခါ ရေနွေးအိုးတည်နေသော ဦးမောင်မြင့်မှ…

'ဝိဇ္ဇာကြီးရေ ဒီအနီးအနားမှာ ရွာမရှိပါဘူး။ ရွာတွေနဲ့ အတော်ဝေးပါတယ်'

ဟု ပြောဆိုပြီး ဦးမောင်မြင့်သည် သုံးခဲထိုးလက်နှိပ်ဓာတ်မီး (တုတ်မီး)ကို ယူပြီး မီးခွက်များပမာ လင်းနေသော နေရာသို့ ဝိဇ္ဇာကြီးနှင့်အတူ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ **တောင်ပေါ်တွင်ရှိကြသော ကျောက်တုံးများမှ ထင်းလက်နေသည်တို့ကို တွေ့ရှိရသဖြင့်** ဝိဇ္ဇာကြီးနှင့် ဦးမောင်မြင့်တို့သည် ကျောက်များ တောက်ရာနေရာသို့ သွားကြလေသည်။



**အနီးသို့ ရောက်သောအခါ တောက်နေသော ကျောက်သည် ငြိမ်းသွားပြန်၍ အဝေးသို့ ရောက်သွားပြန်လေသည်။**

ဝိဇ္ဇာကြီးနှင့် ဦးမောင်မြင့်တို့သည်လည်း တစ်ဖန် ပြောင်းရွှေ့သွားသော ကျောက်တောက်ရာနေရာသို့ လိုက်သွားပြန်လေသည်။ အနီးသို့ ရောက်သောအခါ တစ်ဖန် ဝါးတစ်ပြန်ခန့် ရွေ့သွားပြန်လေသည်။

ဝိဇ္ဇာကြီးနှင့် ဦးမောင်မြင့်တို့လည်း ဆက်၍ မလိုက်တော့ဘဲ ပတ်ဝန်းကျင် တောတောင်တစ်ခွင် ကြည့်ရှုရာ အရောင်မျိုးစုံတို့ဖြင့် လင်းလက်တောက်ပနေသော တောင်တော်တစ်ခွင်ကို တွေ့ရှိရလေသည်။

ဦးမောင်မြင့်နှင့် ဝိဇ္ဇာကြီးတို့သည် ဇရပ်သို့ ပြန်လည်လာကြပြီး နံနက်အရုဏ်တက်သောအခါ ဆရာတော်အား အရုဏ်ဆွမ်း ကပ်ကြလေသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဝိဇ္ဇာကြီးမှ…

'ဆရာတော်ဘုရား… ည(၁၀)နာရီအချိန်လောက်က တောင်တော်တစ်ခွင်လုံး မြည်ဟည်းနေပြီး တောင်တော်တစ်ခွင်မှာ အရောင်မျိုးစုံတို့ဖြင့် လင်းလက်နေပါတယ်ဘုရား'

ဟု လျှောက်ထားရာ ဆရာတော်မှ…

'ဒကာကြီးတို့က အာဂန္တုဧည့်သည်တွေဖြစ်ကြတော့ မသိကြသေးဘူး။ ဆရာတော် ပြောပြမယ်'

ဟု အမိန့်ရှိပြီး ဆရာတော်မှ…

* * *

"သာသနာသက္ကရာဇ် ၁၀၁ ခုနှစ်တွင် ဒွတ္တပေါင်မင်းကြီးသည် သရေခေတ္တရာပြည်ကြီးကို တည်ထောင်ပြီး စိုးစံ၍ စီမံအုပ်ချုပ်မင်းလုပ်နေစဉ် **မြောက်နန်းစံ ဥမ္မာဒေဝီမိဖုရားကြီး၏သားတော် ဒွတ္တဖတို့ညီနောင်သည်** လူ့ဘောင်အား ငြီးငွေ့၍ ရသေ့ရဟန်းပြုရန် တောရပ်သို့ မိုရိုလာကြသည်။

ထိုစဉ် ရိုးမတောင် တစ်နေရာအရောက်တွင် မောပန်း၍ ခေတ္တနားနေကြစဉ် တောတွင်းတစ်နေရာမှ တောတိုးသံတို့အား ဆူညံစွာ ကြားနေရသဖြင့် ကြည့်ရှုနေရာ မကြာမီမှာပင် **သမင်တစ်ကောင်အား ကျားတစ်ကောင်မှ အစာအလို့ငှာ လိုက်လာသည်ကို တွေ့ရှိရလေသည်။**

သမင်သည် မိမိအသက်ဘေး ဘေးမည်စိုးသောကြောင့် လွတ်မြောက်ရန် ပြေးလွှားနေရလေသည်။ မကြာမီ သမင်နှင့် ကျားတို့သည် မင်းသားနှစ်ပါး အပန်းဖြေထိုင်နေသော တောင်ပေါ်သို့ ရောက်လာကြရာ မင်းသားနှစ်ပါးတို့သည် ကြည့်ရှုနေရာ သမင်သည် တောင်ပေါ်မှ ရပ်လျက် ကျားအား စောင့်နေလေသည်။

**ကျားသည် မကြာမီ သမင်အား မီလာ၍ အနားသို့ ရောက်လာပြီး တွေတွေကြီး ရပ်နေသော သမင်မှ ကျားအား တစ်ဖန်မြန်၍ လိုက်လေသည်။ ကျားလည်း တောင်အောက်သို့ ပြန်လည်ထွက်ပြေး တိမ်းရှောင်သွားလေတော့သည်။**

ညီနောင်နှစ်ပါးတို့လည်း ပါလာသည့် စားမြိန်ဇာတို့အား စားသောက်ကြပြီး ခေတ္တမျှ အပန်းဖြေနားနေကြစဉ် **ငန်းမြွေကြီးတစ်ကောင်သည် ဗေဒ တစ်ကောင်အား အစာလို့ငှာ လိုက်**



www.burmeseclassic.com

www.burmeseclassic.com

**လာလေသည်။** ဖားသည် မိမိ အသက် ဘေးလွတ်ရာ လွတ်ကြောင်း ပြေးလွှားရင်း တောင်ပေါ်သို့ ရောက်လာလေသည်။

တောင်ပေါ်သို့ရောက်သောအခါ ဖားသည် ရှေ့သို့ ဆက်၍ မပြေးတော့ဘဲ ရပ်တန့်၍ စောင့်နေရာ ငန်းမြွေသည် ဖားအနီးသို့ ရောက်လာသောအခါ ဖားသည် ငန်းမြွေအား တစ်ဖန်ပြန်၍ လိုက်ပြန်လေသည်။ ငန်းမြွေသည် ဖားအလိုက်ခံရ၍ တောင်အောက်သို့ တစ်ဖန်ပြန်၍ ထွက်ပြေး တိမ်းရှောင်သွားပြန်လေသည်။

မင်းသားနှစ်ပါးတို့သည် မိမိတို့ ရှေ့မှောက်တွင်ပင် သမင်က ကျားကို ပြန်လိုက်ခြင်း၊ ဖားက မြွေကို ပြန်လိုက်ခြင်းတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောကြောင့် **ဤနေရာ,ဤအရပ်, ဤတောင်ကုန်းသည် အောင်မြေစင်စစ် ဖြစ်ချေသည်ဟု ပြောဆိုတိုင်ပင် ဆုံးဖြတ်ပြီး ညီနောင်မင်းသားနှစ်ပါးတို့သည် လှုဝတ်ကြောင်ကို စွန့်ခွာ၍ ရဟန်းပြုပြီး တရားအားထုတ်ကြရာ** ညီနောင်နှစ်ပါးတို့သည် မကြာမီ အာသဝေါကုန်ခန်း၍ ရဟန္တာများ ဖြစ်သွားကြလေသည်''

ဆရာတော်သည် ဤသို့ ရှည်လျားစွာ မဏိသေလတောင်တော်၏ ထူးခြားချက်အောင်မြေအား ပြောပြပြီးနောက် တစ်ဆက်တည်းမှာပင်...

'အာကြီးတို့ ညက ကြားရတဲ့ တောင်တော်၏ မြည်သံဟာ လပြည့်နေ့တိုင်း ဤတောင်တော်၏အတွင်းမှ လိုဏ်သံကြီးများ ပါလို့ စည်တီးပြီး တောင်တော်ပေါ်ရှိ ကျောက်တုံးကျောက်ခဲများဟာ အားလုံး အရောင်မျိုးစုံတို့ဖြင့် တောက်ပကြတာ ပဲ။

အဲဒီအခါမှာ ဤတောင်ပေါ်မှာ ရှိတဲ့ ကျောက်တုံးကျောက်ခဲတစ်ခုအား ကောက်ယူ၍ သိမ်းထားပေတော့၊ ဘယ်နေရာရောက်



ရောက် ဒီတောင်မှာ ကျောက်တွေ တောက်ပနေရင် အဲဒီကျောက်လဲ တောက်တော့တာပဲ။

ဒီမဏိသေလ ရွှေကျောင်းဆောင် တောင်တော်သည် အောင်မြေအစစ်အမှန် ဖြစ်တာကြောင့် ကျင့်စဉ်ပြီးမြောက် ပုဂ္ဂိုလ်များ၊ အစောင့်အရှောက်များနဲ့ ဘုမ္မစိုး၊ ရုက္ခစိုး နတ်ကြီးတို့ အစဉ်သဖြင့် မပြတ်စောင့်ရှောက်နေကြတယ်။

ဝိဇ္ဇာကြီးတို့လည်း ဆရာတော်ထံမှ တောင်တော်၏ ထူးခြားချက်များအား ကြားနာသိရှိခဲ့ရပြီးနောက် မိမိတို့၏ အလုပ်စခန်း အသီးသီးသို့ ဝင်ရောက် အဓိဋ္ဌာန်ပြု တရားထိုင် ကမ္မဋ္ဌာန်း တရားများကိုဆက်၍ အားထုတ်နေကြလေတော့သည်။

*　　*　　*

ဤသို့ဖြင့် နာရီမှ ရက်၊ ရက်မှ လသို့ အလီလီကူးပြောင်း ကုန်လွန်ခဲ့ရာ ယနေ့ကား သီတင်းကျွတ်လပြည့်နေ့ဝါတွင်းအဓိဋ္ဌာန်လည်း ပြီးဆုံးပြီဖြစ်၍ နောက်တစ်နေ့ မိမိတို့နေရပ်သို့ ပြန်ကြတော့မည် မဏိသေလစေတီရင်ပြင်တော်ပေါ်တွင် ဆီမီးများထွန်းညှိ ပူဇော်ပြီး တရားထိုင်နေကြလေသည်။

ယနေ့ကား အဓိဋ္ဌာန်၏ နောက်ဆုံးနေ့ရက် ဖြစ်သည်။ လမင်းကြီးကား ထိန်ထိန်သာလျက် တောင်တော်တစ်ခွင် ပတ်ဝန်းကျင်တွင် ငွေရောင်တို့ ဆွတ်ပက်ဖျန်းထားသဖြင့် ကြည်လင်အေးမြလျက် စိတ်၏ ငြိမ်းအေးစေရာ မဏိသေလ တောင်တော်ပါတကား။

အချိန်ကား ညဉ့်(၁၀)နာရီခန့် ရှိပေပြီ။ မဏိသေလဘုရားရင်ပြင်တော်ပေါ်တွင် ဝိဇ္ဇာကြီးတို့အဖွဲ့သည် မေတ္တာပို့ အမျှပေးဝေလျက် စေတီတော်အား လှည့်ပတ်ဖူးမြော်နေကြစဉ် တောင်တော်အတွင်းမှ စည်သံများ လိုက်၍တက်လာသံကို ကြားရပြီး ဤရွှေကျောင်းဆောင်တောင်တော်နှင့် မဏိသေလစေတီတော်သည် ထူးခြားမွန်မြတ် ဆန်းကြယ်သော တောင်တော်နှင့် စေတီတော်ပါတကား။

ဝိဇ္ဇာကြီးတို့အဖွဲ့လည်း ညဉ့်နက်လာပြီဖြစ်၍ ဇရပ်ပေါ်သို့ ပြန်လည်တက်ရောက်လာကြစဉ် တောင်တော်တစ်ခွင် ပတ်ဝန်းကျင်တွင် နီ,ပြာ,စိမ်း,ဝါ အရောင်စုံများတို့သည် ကျောက်တုံးကျောက်ခဲများမှ လင်းလက် တောက်ပနေကြလေသည်။

**ဝိဇ္ဇာကြီးတို့လည်း ကြက်ဥလုံးခန့်ရှိသော ကျောက်ခဲတစ်လုံးအား ကောက်ယူ၍ ဇရပ်အတွင်းရှိ ဘုရားစင်ပေါ်တွင် တင်ထားလေသည်။ မကြာမီသော အချိန်အတွင်းမှာပင် ဘုရားစင်ပေါ်မှ ကျောက်ခဲတုံးသည် ပြာလဲ့လဲ့အရောင်များ ထွက်၍ လင်းလက်နေလေတော့သည်။**

ဝိဇ္ဇာကြီးသည် ဇရပ်ပေါ်ရောက်ပြီး ပြတင်းတံခါးအား ဖွင့်၍ မဏိသေလစေတီတော်ကြီးနှင့်တကွ တောင်တော်တစ်ခွင်အား ကြည့်ရှု၍ ပီတိစိမ့်နေလေသည်။ တောင်တော်တစ်ခွင် ပတ်ဝန်းကျင်တွင် လရောင်တို့ လင်းလက်ပက်ဖျန်းထားသဖြင့် သာယာ ကြည်နူးဖွယ်ရာ စိတ်အေးငြိမ်လှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တောင်အောက်မှ မော်တော်ကား မီးလုံးခန့် ဖြူဖွေးလင်း လက်နေသော အဖြူရောင်မီးလုံးသည် တောင်တော်ပေါ်သို့ တက်၍ လာနေပေသည်။ ဝိဇ္ဇာကြီးသည် "**အချိန်မရှိ ဘယ်က ဘုရားဖူး လူတွေများ တက်လာကြသလဲ**"ဟု စိတ်ထဲမှ တွေးထင်နေမိသည်။

ဖြူလင်းသော မီးလုံးကြီးသည် တဖြည်းဖြည်း တောင်တော်ပေါ်သို့ ရောက်ရှိလာပြီး မဏိသေလ ဘုရား ရင်ပြင်တော်ပေါ်သို့ ရောက်သွားလေသည်။

ရင်ပြင်တော်ပေါ် ရောက်သွားသောအခါ ဖြူဖြူမီးလုံးကြီးသည် နတ်သားတစ်ပါး အသွင် ဆောင်ယူလျက် မဏိသေလ စေတီတော်အား ဝတ်ပြုပြီး ဦးတိုက်နေလေသည်။

ဝိဇ္ဇာကြီးသည် ဦးမောင်မြင့်နှင့် ဓမ္မမိတ်ဆွေ အဖော်နှစ်ယောက်တို့အား ခေါ်ယူပြီး မဏိသေလဘုရား ရင်ပြင်တော်ပေါ်မှ ဘုရားဝတ်ပြုနေသည့် နတ်သားသဏ္ဍာန်အား ပြ၍ ဓမ္မမိတ်ဆွေလေးယောက်တို့သည် ကြည့်၍ နေကြလေသည်။

အချိန်ကား ညဥ့်(၁၂)နာရီကျော်လေပြီ။

တစ်နာရီခန့်ကြာသောအခါ အဆိုပါ အဖြူရောင်မီးလုံးကြီးသည် လာလမ်းအတိုင်း မဏိသေလဘုရား ရင်ပြင်တော်ပေါ်မှထွက်ခွာ၍ တောင်အောက်သို့ ပြန်လည် ဆင်းသက်သွားလေသည်။

* * *

ဝိဇ္ဇာကြီးတို့အဖွဲ့သည် နံနက် အရုဏ် ဆွမ်းဆက်ကပ်ပြီး ဆရာတော်ကြီးအား ဝတ်ဖြည့်၍ မိမိတို့နေရပ်တို့သို့ ပြန်တော့မည့်အကြောင်း လျှောက်ထားပြီးသောအခါ ညက တောင်အောက်မှ တက်လာသော အဖြူရောင်မီးလုံးကြီး အကြောင်း လျှောက်ထားသောအခါ ဆရာတော်မှ...

'ဒကာကြီးတို့ အခါအားလျော်စွာ ရက္ခစိုးနတ်မင်းကြီးသည် ဤမဏိသေလစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်တယ်။ ရက္ခစိုးနတ်မင်းကြီး လာရောက် ဘုရားဖူးရင် တစ်တောလုံး လင်းလက်နေတယ်။

ပဋ္ဌာန်းဆက်ရှိပြီး ပါရမီရင့်ကျက်၍ စရဏတရား ပွားများသူများ တွေ့မြင်နိုင်ကြပြီး ရွှေကျောင်းဆောင် အောင်မြေတောင်တော်နှင့် မဏိသေလစေတီတော်တို့သည် အောင်မြေအစစ် ဖြစ်တာကြောင့် အခါအားလျော်စွာ ဝိဇ္ဇာများနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်များ ဖူးမြော်ကြပြီး ဂန္ဓာရီပညာကို လိုက်စားနေကြသူများတို့သည်လည်း လာရောက် အဓိဋ္ဌာန်ဝင်ကြတယ်။

မိမိတို့ အလိုရှိရာ ဂန္ဓာရီ အတတ်ပညာနဲ့တကွ လောကီ၊ လောကုတ္တရာ တရားတို့ပါရမီအလျောက် ကျင့်ကြံအားထုတ်ကြမည်ဆိုရင် ပါရမီအလျောက် အဓိဋ္ဌာန်ပြီးမြောက် အောင်မြင်နိုင်ကြတယ်။ ကိုယ်တိုင်ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်ကြီးများက တစ်ဆင့် ကြားနာသိရှိရပါတယ်'

ဝိဇ္ဇာကြီးတို့ ယူဆောင်လာသော ကျောက်ခဲသည် အခါအားလျော်စွာ လင်းလက်တောက်ပလျက် ရှိသည်ဟု သိရှိရပါသည်။

လောကီလောကုတ္တရာ တရားနှစ်ပါးနှင့်တကွ မိမိတို့ စီးပွားရေး၊ လူမှုရေး အခက်အခဲ အကျပ်အတည်းများ တွေ့ကြုံနေရပါက လွတ်မြောက် အောင်မြင်စေရန်နှင့်တကွ အထူးထူးသော ကောင်းကျိုးစုံလင်စွာ ခံစားပြည့်စုံ ပြီးမြောက်စေရန် အဓိဋ္ဌာန်ဝင်လိုသူတို့ **ရွှေကျောင်းဆောင်အောင်မြေ မဏိသေလ စေတီတော်တွင် နဝင်္ဂသီလ ဆောက်တည်ပြီး သက်သတ်လွတ်စား၍ မေတ္တာဘာဝနာ စီးဖြန်းပြီး မြတ်စွာဘုရား၏ဂုဏ်တော်တို့အား အဓိဋ္ဌာန်ဝင် ပုတီးစိပ်** တရားထိုင် ကမ္မဋ္ဌာန်းတရား အားထုတ်မည်ဆိုလျှင် အဓိဋ္ဌာန်ဝင်လိုသူ သူတော်စင်တို့သည်...

**ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းကိုက်နယ် အရှေ့ဘက်(၇)မိုင်ခန့် ကွာဝေးသော ရွှေကျောင်းဆောင် အောင်မြေတောင်တော်တောရ မဏိသေလ ရှုမဟာ စေတီတော်အောင်မြေတွင် အဓိဋ္ဌာန်ဝင်နိုင်ပါရန် ဖြစ်ရပ်မှန်အား ရေးသားတင်ပြလိုက်ရပါသည်။**

***[ကြုံဖြစ်ရပ်မှန်အား ပြန်လည်ပြောပြသော ဝိဇ္ဇာကြီးအား အထူးဂါရဝပြု ကျေးဇူးတင်လျက် ...]***

**မောင်မောင်သိန်း**
***(သတင်းထောက်-ဇီးကုန်း)***



www.burmeseclassic.com

www.burmeseclassic.com



ကိုလွန်း (မင်းလှ)

# ကျွန်တော် သရဲမကြောက်ပါ

ကျွန်တော်၏အမည်မှာ မောင်စောထွန်း ဖြစ်ပါသည်။ ကျွန်တော်သည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၏ အနောက်ဘက် (၁၀)မိုင်ခန့်အကွာ ထန်းပင်ကုန်းရွာတွင် နေထိုင်ပါသည်။ ကျွန်တော်တို့ရွာမှာ မင်းလှ–မိုးညို ကားလမ်းမပေါ်တွင် တည်ရှိပြီး မင်းလှနှင့်မိုးညိုမြို့တို့၏ နယ်စပ်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာကို မြစ်မခမြစ်က ဖြတ်သန်းစီးဆင်းပြီး မြစ်၏ အရှေ့ဘက်ကမ်းသည် မင်းလှပိုင်ဖြစ်ပြီး အနောက်ဘက်ကမ်းမှာ မိုးညိုမြို့နယ် အပိုင် ဖြစ်ပါသည်။

ကျွန်တော်တို့ ထန်းပင်ကုန်းရွာသည် မင်းလှမြို့နယ်အပိုင်တွင် တည်ရှိပါသည်။

ကျွန်တော်သည် ထန်းပင်ကုန်းရွာတွင် မွေးဖွားကြီးပြင်းသူ ဖြစ်ပါသည်။ ရွာအလယ်တန်းကျောင်းမှ သတ္တမတန်း အောင်သောအခါ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းတို့ကို မင်းလှမြို့ အထက်တန်းကျောင်းတွင် ဆက်လက်တက်ရပါသည်။

စက်ဘီးဖြင့်ပင် နေ့စဉ် ကျောင်းတက်ရပါသည်။ နံနက် စက်ဘီးဖြင့်လာပြီး ညနေ စက်ဘီးဖြင့်ပင် ပြန်ပါသည်။ တစ်ခါတစ်ရံ မိုးချုပ်သည့်အခါလည်း ရှိပါသည်။

ကျွန်တော်တို့ ထန်းပင်ကုန်းရွာနှင့် မင်းလှမြို့ကြားတွင် **အင်းဘုတ်ကုန်းရွာ၊ သဲကောရွာ၊ အောက်ကိုင်းရွာ၊ ကြို့ကုန်းရွာများ** မော်တော်ကားလမ်းပေါ်တွင် ရှိကြပါသည်။ ထန်းပင်ကုန်းရွာနှင့် အင်းဘုတ်ကုန်းရွာကြားတွင် ရွာဆက်ပြတ်သော်လည်း ကျန်သောရွာများမှာ တစ်ရွာနှင့်တစ်ရွာ မဝေးလှပါ။

ကျွန်တော်တို့ ငယ်စဉ်က ထန်းပင်ကုန်းနှင့် အင်းဘုတ်ကုန်းရွာကြားရှိ လက်ပံပင်ကြီးနှင့် သဲကောရွာနှင့် အောက်ကိုင်းရွာကြားရှိ ကုက္ကိုပင်ကြီးများက သရဲခြောက်သည်ဟု လူအများက ပြောကြပါသည်။ ကျွန်တော်ကတော့ သရဲမကြောက်တတ်ပါ။

ယခု အိမ်ထောင်ကျပြီးနောက် မော်တော်ဆိုင်ကယ်ဖြင့် မင်းလှမြို့သို့ မကြာခဏ ရောက်ပါသည်။ (၁၀)မိုင် ခရီးကို စက်ဘီးဖြင့်ပင် သွားနေကျဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရာ မော်တော်ဆိုင်ကယ်နှင့်ဆိုလျှင် သွားရသည့်ပင် မထင်တော့ပါ။ တစ်ခါတစ်ရံ တစ်နေ့(၄,၅)ကြိမ်လောက်ပင် သွားလိုက်ပြန်လိုက် လုပ်မိပါသည်။

ကျွန်တော်မှာ အိမ်ထောင်ကျပြီးနောက် ကလေး(၂)ယောက်ပင် ရပြီးဖြစ်ပါသည်။ အိမ်ထောင်ကျပြီးနောက် အိမ်သူက ဈေးရောင်းသဖြင့် လိုသည့် ပစ္စည်းများကို မင်းလှမြို့ဈေးသို့ ပြေးဝယ်လိုက်၊ ပြေးပြန်လိုက်နှင့် မကြာခဏ ဆိုသလို သွားလိုက်ပြန်လိုက် လုပ်နေရခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ငယ်စဉ်ကပင် ထိုအပင်များအနီးမှ အကြိမ်ပေါင်းများစွာ နေ့ညမရွေး သွားလာနေသည်မှာ တစ်ကြိမ်မှ သရဲမတွေ့ဘူးပါ။ ကျွန်တော် အသက်(၂၂)နှစ် ရှိပါပြီ။ တစ်ကြိမ်မှလည်း သရဲခြောက်တာ မခံရဘူးပါ။

ကျွန်တော် ပဲကိုင်းများ သိမ်းသောအခါ ပဲတလင်းမှာ ရွာနှင့်အဝေးကြီးဖြစ်ပါသည်။ တစ်ယောက်တည်း ပဲတလင်းစောင့်ရင်း အိပ်ခဲ့ဖူးသည်။ ဘာသရဲမှလည်း မတွေ့ဘူး၊ အခြောက်မခံရဘူးပါ။ အမှန်ပြောရလျှင်တော့ သရဲရှိသည်ဆိုသည်ကိုပင် ကျွန်တော် မယုံပါ။ ဒါကြောင့် သရဲမကြောက်ပါ။

ထန်းပင်ကုန်းရွာနှင့် အင်းဘုတ်ကုန်းရွာကြားရှိ လက်ပံပင်ကြီးမှာ မော်တော်ကားလမ်းဘေးတွင် ရှိပြီး လူသူဝေးသဖြင့် သရဲရှိသည်ဟု လူအများက ထင်နေကြခြင်း ဖြစ်ပါသည်။ သစ်ပင်ကြီးလျှင် သရဲရှိသည်ဟု အထင်နှင့် ပြောနေကြခြင်း ဖြစ်မည်ဟု ထင်ပါသည်။

သဲကောရွာနှင့် အောက်ကိုင်းရွာကြားရှိ ကုက္ကိုပင်မှာလည်း အောက်ကိုင်းသုသာန်ကုန်းနှင့် ကပ်နေပြီး သစ်ကိုင်းများမှ သုသာန်ကုန်းရော မော်တော်ကားလမ်းပေါ် ထိအောင် အုပ်မိုးနေသဖြင့် သရဲရှိသည်ဟု ထင်နေကြခြင်း ဖြစ်နိုင်ပါသည်။

ထိုကုက္ကိုပင်ကြီးနားတွင် ကားလမ်းကလည်း တစ်ဆစ်ချိုး ကွေ့နေသဖြင့် ညဉ့်အခါသွားလျှင် အနည်းငယ်မှောင်ကျသောအခါ လူဆက် ပြတ်နေတတ်ပါသည်။



ညဉ့်အခါတွင် မော်တော်ကားနှင့်ဖြစ်စေ၊ မော်တော်ဆိုင်ကယ်ဖြင့်ဖြစ်စေ မီးထိုးမောင်းလာလျှင် ကုက္ကိုပင်ကြီး၏ တစ်ဖက်ရှိ သုသာန်မှ အုတ်ဂူများကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ထို့ကြောင့် လူတွေက သရဲရှိသည်ဟု ပြောနေကြတာလည်း ဖြစ်နိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅) ရက်နေ့က ညနေ(၄)နာရီခန့် ကျွန်တော် ရွာမှ မင်းလှမြို့သို့ လာပါသည်။ လာရသည့် ကိစ္စမှာလည်း ကျွန်တော့်ညီ မောင်စည်သူက မင်းလှမြို့အရှေ့ဘက်ခြမ်း စမ်းတောင်ကွေ့ရွာမှ မိန်းကလေးအား ခိုးလာသဖြင့် မင်္ဂလာဆောင်ကိစ္စပြောရန် ထွက်လာရခြင်း ဖြစ်ပါသည်။

မိန်းကလေးမှာ စမ်းတောင်ကွေ့ရွာမှ ဦးသန်းနိုင်နှင့်ဒေါ်သီတာတို့၏ သမီး မငယ် ဖြစ်ပါသည်။ ကျွန်တော်၏ညီနှင့် မငယ်တို့သည် စမ်းတောင်ကွေ့ရွာတွင် ရောက်နေကြသဖြင့် စကားစမြည် ပြောဆိုပြီး သူတို့ကိုပါ အပြန်ခေါ်လာရန် ဖြစ်ပါသည်။

ညနေ(၄)နာရီကျော် ရွာမှ ထွက်လာရသဖြင့် လိုရမည်ရ လက်နှိပ်ဓာတ်မီး ခါးထိုး၍ မော်တော်ဆိုင်ကယ်ဖြင့် တစ်ယောက်တည်း မောင်းလာပါသည်။

သဲကောရွာနှင့် အောက်ကိုင်းရွာကြား အောက်ကိုင်းသုသာန် ကုက္ကိုပင်ကြီးအနီး လမ်းကွေ့အရောက်တွင် ကျွန်တော့်ခါးကြား ထိုးထားသော ဓာတ်မီးမှာ လမ်းပေါ် ထွက်ကျသွားပါသည်။

ကျွန်တော် ဆိုင်ကယ်ရပ် မီးဖွင့်ပြီး ပြန်ကြည့်ရာ ဓာတ်မီးတွေ့သဖြင့် ပြန်ကောက်ယူပြီး ခါးကြားထိုးပြီး ဆိုင်ကယ် ပြန်လှည့်ကာ ဆက်မောင်းလာခဲ့ပါသည်။

မင်းလှမြို့ထဲ ရောက်တော့ မှောင်စပျိုးနေပါပြီ။ လမ်းမီးများလည်း ဖွင့်နေပြီ ဖြစ်ပါသည်။ ထိုမှဆက်၍ စမ်းတောင်ကွေ့ရွာ ဦးသန်းနိုင်တို့အိမ်ရှေ့ထိ မော်တော်ဆိုင်ကယ် မောင်းသွားပါသည်။ အိမ်ရှေ့တွင် မင်္ဂလာဆောင်အတွက် မဏ္ဍပ်ထိုးထားပြီး မီးများလည်း ဆင်ထားပြီး ဖြစ်ပါသည်။

ကျွန်တော် ဆိုင်ကယ်ကို အိမ်ရှေ့ မီးရောင်အောက်တွင် ရပ်လိုက်ပြီး မဏ္ဍပ်အတွင်း ဝင်သွားပါသည်။ မဏ္ဍပ်ထဲတွင် ဦးသန်းနိုင်နှင့်အတူ စမ်းတောင်ကွေ့ရွာမှ လူ(၄,၅)ယောက်ခန့် ရှိနေပါသည်။

ကျွန်တော် ဆိုင်ကယ်ပေါ်မှဆင်း သူတို့ထံ လျှောက်သွားသောအခါ ထိုထိုင်နေသော သူများက ကျွန်တော့်ကို ကျော်ပြီး အိမ်ဘေးဘက်သို့ လှမ်းကြည့်နေကြပါသည်။ ကျွန်တော်က ဦးသန်းနိုင်အား နှုတ်ဆက်လိုက်ပါသည်။

'ဦးလေး နေကောင်းလား'

'အေး… နေကောင်းတယ်။ မင်းမိန်းမ ခေါ်လိုက်ဦးလေကွာ၊ မှောင်ထဲ လဲနေဦးမယ်'

'ဗျာ… ကျွန်တော့်မိန်းမ မပါဘူး။ ကျွန်တော် တစ်ယောက်တည်းရယ်'

'ဟာ…မင်းကလဲ နောက်နေပြန်ပြီ၊ မင်းမိန်းမ ဆိုင်ကယ်ပေါ်က ဆင်းပြီး ဟိုထွက်သွားတာ'

ဦးသန်းနိုင်၏ညီ ဦးမောင်ခွေးက



www.burmeseclassic.com

www.burmeseclassic.com

ပြောပါသည်။

'ဗျာ...'

'ဟောကောင်...မင်းရှိနေ လုံချည်ဝယ်ဆေက် ပန်းရောင်နဲ့ ဆံပင်နောက်တွဲချလို့ ဒေါက် ဖိနပ်အညိုရောင်နဲ့'

'ဗျာ...'

'ဟောကောင်... ဘာတွေ ဗျာနေတာ လဲ၊ တို့အားလုံးမြင်တယ်'

'ဗျာ'

ကျွန်တော် ဘာမှ မပြောတတ်ပါ။ သူတို့အားလုံးက ကျွန်တော့်ဆိုင်ကယ် ပေါ်မှ မိန်းမတစ်ယောက် ထိုင်လိုက် လာသည်၊ ဆိုင်ကယ်ရပ်မှ ဆင်းပြီး အိမ်ဘေး အမှောင်ရိပ်ထဲသို့ ဝင်သွား သည်ဟု ပြောနေကြပါသည်။

ကျွန်တော်ကတော့ ဘာမှ မမြင်ပါ။ တစ်ခုရှိတာက ကျွန်တော် အောက် ကိုင်းသုသာန် ကုက္ကိုပင်အောက်တွင် ဓာတ်မီးကျ၍ ခဏဆိုင်ကယ်ရပ်မိပါ သည်။ အဲဒီတစ်ခါသာ ဆိုင်ကယ် ရပ်မိပါသည်။

ကျွန်တော် သရဲမကြောက်ပါ။ သရဲ ရှိသည်ကို မယုံပါ။ သို့သော် သူတို့ အတိအကျ ပြောကြတော့ ကျွန်တော် ထိုင်နေရင်း ကြက်သီးများ ထလာပါ သည်။ ချွေးစေးများလည်း ပြန်လာပါ သည်။

ထိုနေ့ညက ရွာသို့ ညတွင်းချင်း ပြန်ရန်လာခဲ့သော်လည်း မပြန်ရဲတော့ ပါ။ "အဲဒီအမျိုးသမီးက ဘာလို့ လိုက် လာတာလဲ၊ ပြန်ရင်ရော ပြန်လိုက်ဦး မှာလား၊ စမ်းတောင်ကွေ့မှာပဲ အိပ်တာ ကောင်းပါတယ်"ဟု ဆုံးဖြတ်ကာ တစ်ညအိပ်ပြီး နောက်နေ့ မိုးလင်းမှ လူအများဖြင့် ရွာသို့ ပြန်လာခဲ့ရပါ တော့သည်။

**မှတ်ချက်။ ။ကိုစောထွန်း၏ ဖြစ်ရပ်မှန် ကိုယ်တွေ့ ပြောပြချက်အား ရေး သားတင်ပြအပ်ပါသည်။**

**ကိုထွန်း(မင်းလှ)**

# ရေလည်းဆေး

ဆေးလည်းရေ



စာရေးသူ၏ အဒေါ်တော်စပ်သူ **"ဒေါ်တော်" (ကသာမြို့၊ တက်လူ ပုံနှိပ် တိုက် စာစီ)**ကွယ် လွန်ခဲ့သည်မှာ ကိုး နှစ် - ကျော်ခဲ့ပြီ ဖြစ်ပါသည်။

အဒေါ်ဖြစ်သူ ဒေါ်တော်သည် အဖုအကျိတ်များကို ထုံးနှင့်နနွင်း ရောစပ်ပြီး အင်းချပေးလိုက်ပါက အဖုအကျိတ်များ လုံးဝ ပျောက်ကင်းသွားပါသည်။

တရုတ်မတစ်ဦးကို ထိုသို့ကုသပေး လိုက်ရာ ထို တရုတ်မမှာ မခွဲမစိတ်ရဘဲ အဖုအကျိတ် ပျောက်သွားသဖြင့် အဒေါ်အား သီတင်းကျွတ်တိုင်း နှစ်စဉ်မပျက် လာရောက်ကန်တော့ပါသည်။ အဒေါ်မကွယ်လွန်မခြင်း ဖြစ်ပါသည်။

အဒေါ်သည် စာရေးသူ ကျွန်တော့်အား ရေသည်ဆေးဖြစ်ကြောင်း အောက်ပါ အတိုင်း ပြောပြပါသည်။

'ဒီမှာ မောင်အေးကို (စာရေးသူ၏ ငယ်နာမည်) အဒေါ် ပြောပြမယ်။ ရေဟာ ဆေးတစ်ပါးပဲကွယ့်။ အိပ်ရာထထချင်း မျက်နှာမသစ်ခင် ရေကို အခါးမန်းကန်လုံး (၇)လုံး နေ့စဉ်နေ့တိုင်း မပျက်မကွက် စွဲသောက်မယ်ဆိုရင် (၆)လ စွဲသောက်တဲ့ သူဟာ အရေပြားပေါ်မှာဖြစ်တဲ့ရောဂါ မှန်သမျှ အကုန်ပျောက်လိမ့်မယ်။

(၁)နှစ်သာစွဲသောက်မယ်ဆိုရင် ခုရောင်း သွယ်ဖြူ ရောဂါတောင်မှ ပျောက်တယ်။ (ခြေ၊ လက်မတိုပြီ ဖြစ်စကိုသာ ဆိုလိုပါသည်။)

အဲဒါကြောင့် မောင်အေးကိုလဲ နေ့စဉ်အဒေါ် ပြောသလို သောက်ကြည့်ပါ။ အဖျားအနာရောဂါ ကင်းပါလိမ့်မည်။ အဲဒီနည်းကို အဒေါ့်ရဲ့အဘိုးက ပေးခဲ့တာပဲ။ အလကား ရတဲ့ရေမို့ ငွေလဲကုန်စရာ မလိုဘူး။ တကယ်လုပ်ကြည့်ရင် တကယ် အကျိုးရှိပါလိမ့်မယ်'

အဒေါ့်စကားမှာ တကယ်မှန်ပါသည်။ စာရေးသူ ထိုနည်းအတိုင်း ကျင့်သုံး ခဲ့ရာ ဆယ်နှစ်နေ၍ တစ်ခါ မဖျားမနာပါ။ ထို့ကြောင့်လည်း နဂ္ဂတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များအား မျှဝေပေးလိုက်ရခြင်းဖြစ်ပါသည်။

**ကိုကိုခန့်ချော (ကသာမြေ)**

www.burmeseclassic.com

www.burmeseclassic.com

'ဒေါ်အေးခင်ရေ... ဒီအစီရင်ခံစာကို အပေါ်စာလုပ်ပြီး ခရိုင်ရုံးပို့ပေးဖို့ စီစဉ်လိုက်ပါ'

'ဟုတ်ကဲ့ရှင်... ဒီနေ့ပဲ ပို့လိုက်ပါမယ်'.

နယ်ရုံးမှာ တာဝန်ကျနေသည့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဒုဦးစီးဌာနမှူး ဒေါ်သွန်းနေရီတစ်ယောက် မမျှော်လင့်ဘဲ တိုင်းရုံးစိုက်ရာ ဒီမြို့သို့ ပြောင်းရွှေ့ခွင့်ရခဲ့ပါသည်။

လက်ရှိတာဝန်ကျရာ မြို့ကလေးက နေ့ချင်းပြန်ခရီးသာရှိသဖြင့် အမိန့်စာ လက်ခံရပြီးပြီးချင်း အလုပ်လွှဲပြောင်းခဲ့ကာ နောက်တစ်နေ့မှာပဲ အလုပ်စတင်ဝင်ရောက်ကြောင်း အစီရင်ခံစာတင်ခဲ့ခြင်းဖြစ်ပါသည်။

တာဝန်ကျရာရုံးရှိ ဝန်ထမ်းအင်အား၊ ရုံးဖွဲ့စည်းပုံနှင့် လုပ်ငန်းအဝဝနှင့် ဝန်ထမ်းများကို လေ့လာထိတွေ့ရင်းက...

'ဒါနဲ့ အခြားအဆင့်ဝန်ထမ်းတွေထဲမှာ ညှိရိပ်သာစောင့်တစ်ယောက်ပါဖွဲ့စည်းပုံထဲ ပါနေပါလား'

'ဟုတ်ပါတယ် အစ်မ... ဦးဆန်းပိုက တိုင်းရုံးအမည်ပေါက် ညှိရိပ်သာမှာ တာဝန်ယူရတာပါရှင့် မြို့နယ်ရုံးကိုတော့ ခေါ်မှ လာဖြစ်တာပါ'

'ဟုတ်ပါပြီ... ဒါဘာလုပ်တဲ့နေ့ကျမှပဲ လူစုံတက်စုံ တွေ့ရမှာပေါ့။ ဒါဘာတော့ လစဉ် လုပ်ဖြစ်တယ်နော်'

'လုပ်ဖြစ်ပါတယ်အစ်မ... ဒီမှာ ဒါဘာအစည်းအဝေး မှတ်တမ်းပါ'

*  *  *





သွန်းနေနီ

# ဒဏ္ဍာရီလိုတဲ့ဆင်းမျိုး

'အစ်မ... မနေ့ကပဲ ကျွန်မတို့ပြောနေတဲ့ ညှိရိပ်သာစောင့် ဦးဆန်းပိုလေ။ အဲဒီရိပ်သာစောင့်ကြီး မနေ့ညကပဲ ဆုံးသွားပြီတဲ့ရှင့်၊ မနက်ဖြန်နေ့လယ် အသုဘချမှာမို့ သူ့အတွက် ရုံးအမိန့်ပြန်တမ်း ထုတ်ပေးလိုက်ပါလို့ ဆရာ မှာခဲ့ပါတယ်အစ်မ'

'ဟင်... ဟုတ်လား ဖြစ်ရလေ၊ ဒါနဲ့ မြို့နယ်ဦးစီးမှူးက နယ်ဆင်းသွားပြီ

www.burmeseclassic.com

လား'

'ဆင်းသွားပြီအစ်မ… ဟိုမှာ (၂)ည အိပ်ရမှာလို့ ပြောသွားပါတယ်'

'အင်း… အင်း… ဒါဆို ကျွန်မတို့ တစ်တွေ ဦးဆန်းပိုအိမ် လိုက်သွားပြီး လိုတာတွေ ဝိုင်းကူပေးရအောင်၊ လာ…သွားကြစို့'

မိမိမြို့နယ်ရုံးနှင့် မနီးမဝေးမှာ ရှိသော အစိုးရဉ္စည့်ရိပ်သာကြီးသို့ သွန်းနေရီတို့ ရုံးအဖွဲ့ စုရုံးရောက်ရှိခဲ့ ကြသည်။ သေဆုံးသူ၏ မိသားစုမှာ ဧည့်ရိပ်သာ အောက်ထပ်က အခန်း ကြီးတစ်ခန်းမှာ နေထိုင်ကြသည်။ သူမတို့ ရောက်သွားတော့ အလောင်း ကို အခေါင်းထဲ မထည့်ရသေးပါ။ တစ်ကိုယ်လုံး ပွရောင်းပြီး မျက်တွင်း ဟောက်ပက်နှင့် အသားများ ဝါနေ သော သေသူက ပုံပျက်စ ပြုနေပြီ။

အလောင်းနံဘေးမှာတော့ နာရေး သတင်းမေးလာကြသူတွေကို ပြန်ဖြေ လိုက် ငိုကြွေးပူဆွေးလိုက် ဖြစ်နေသော သေသူ၏ ဇနီးဖြစ်သူ ဒေါ်လှအေးနှင့် သားသမီး လူမမည်ကလေးများ။

သူတို့၏ဖြစ်အင်ကို ကြည့်ပြီး စိတ် လက်မကောင်းစွာဖြင့် တတ်သမျှ မှတ်သမျှ အားပေးနှစ်သိမ့်မိသည်။ အတော်လေး တည်ငြိမ်လာတော့မှ သွန်းနေရီက စကား စ,ပြောဖြစ်သည်။

'အဒေါ်က ဦးဆန်းပိုရဲ့ ဇနီး ထင်ပါတယ်။ ကျွန်မကတော့ အသစ်ပြောင်းရွှေ့ရောက် ရှိလာတဲ့ ဒုဦးစီးမှူး ဒေါ်သွန်းနေရီပါ အဒေါ်၊ ဦးဆန်းပိုရဲ့ နာရေးသတင်း ကြားကြားချင်း လာခဲ့ကြတာပါ။ ဒါနဲ့ ရိပ်သာစောင့်ကြီးက ဘာရောဂါလဲဟင်… နေမကောင်းဖြစ်နေ တာရော ကြာပြီလားရှင့်'

'မဟုတ်ပါဘူး ဆရာမရယ်… ဦးဆန်းပိုက ကျန်းမာရေးကောင်းပြီး မာမာချာချာကြီးပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ (၅)ရက်လောက်ကတော့ ဘူးစင် ဆောက်ဖို့ ဝါးခုတ်မယ်ဆိုပြီး တောထဲ သွားခဲ့တာ အဲဒီက ပြန်ရောက်လာပြီး ကတည်းက လူမှန်းမသိတော့အောင် ကို ဖျားတော့တာပါပဲရှင်။ ညည်တွေ ဆို ကယောင်ကတမ်းတွေ ပြောပြော ပြီး ခုလို…ခုလို…'

ဒေါ်လှအေးမှာ စကားပင် မဆက် နိုင်ရှာတော့ဘဲ မျက်ရည်တွေသာ တတုတ်တုတ်ကျလာတော့သည်။

'အင်း…ဖြစ်မှဖြစ်ရလေရှင်၊ ကျွန်မ တို့လဲ စိတ်မကောင်းဖြစ်ရပါတယ် အဒေါ်ရယ်။ မာမာချာချာကြီးကနေ ခုလို ဖြစ်သွားရတာဆိုတော့ ထူးတော့ တော်တော် ထူးဆန်းတာပဲနော်'

'ဖျားခါစတုန်းက ကျွန်မ သူ့ကို မေးကြည့် တော့ ပြန်ပြောပြသေးတယ်။ သူ တောထဲ ရောက်လို့ ဝါးတွေ စိတ်ကြိုက် လိုက်ရှာနေ တုန်းမှာ လူနှစ်ယောက် ရုတ်တရက် ပေါ်လာ ပြီး သူ့ကို ဝါးကောင်းကောင်းလိုချင်လို့လား ဒါဆို သူတို့နောက် လိုက်ခဲ့ဆိုလို့ တောနက် ကြီးထဲ လိုက်သွားခဲ့တာတဲ့။

ဟိုလဲရောက်ရော အဲဒီလူနှစ်ယောက်လဲ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရော ပဲတဲ့။ ဒါနဲ့ သူလဲ အရမ်းကို ထိတ်လန့်ပြီး ဝါးလဲ မရှာနိုင်တော့ဘဲ အိမ်ကို အပြေး တစ်ပိုင်း ပြန်ခဲ့ရတာ ဆရာမရယ်။ ဦးဆန်းပို ဟာ အဲဒီ ရက်ကစပြီး ဖျားတာ လူမှန်းကို မသိတော့အောင်ပါပဲရှင်။

သူ့ပါးစပ်ကလဲ ကယောင်ကတမ်း တွေ အော်လိုအော်နဲ့ **"ဟိုမှာ… ဟိုမှာ… သူတို့ ငါ့ကို လာခေါ်နေကြ ပြီ"** ပြောလို့ သွားကြည့်တော့လဲ ဘာမှ မတွေ့ရဘူး။

**"အမယ်လေး ဟိုပြတင်းပေါက် ကနေ လာခေါ်နေပြီ"** လို့ အော်နေ သလို ပက်လက်အိပ်မိရင်လဲ **"ဟာ… ဟို မျက်နှာကြက်က ပန်ကာပေါ်မှာ ထိုင်ပြီး ငါ့ကို ခေါ်ပြနေပြီ လုပ်ကြပါဦး"** တဲ့။

အဲဒီလို အော်နေရင်းက မစားနိုင်၊ မအိပ်နိုင် ဖြစ်ရာကနေ ဆေးရုံ ဆေးခန်း သွားပြတော့လဲ ထူးမလာ တော့ဘဲ (၃)ရက်လောက်အကြာမှာ အသက်ပါ ပါသွားရှာတော့တာပါပဲ ဆရာမရယ်'

မျက်ရည်စက်လက်ဖြင့် ရှင်းပြနေ ရှာသော ဒေါ်လှအေးနှင့် ဒိုမဲ့မဲ့ မျက်နှာ ကလေးများဖြင့် မအေ့နံဘေးမှာ ထိုင်နေကြသည့် လူမမည်လေးများကို မြင်ရသည်မှာ ရင်နာစရာ ကောင်းလှ သည်။

သွန်းနေရီတို့လည်း နာရေးအလှူ ငွေများ ထောက်ပံ့လှူဒါန်းခဲ့ပြီး အသုဘချရန်ကိစ္စအဝဝကို ရပ်ရွာ လူကြီးများနှင့်အတူ ဝိုင်းဝန်း ဆောင် ရွက်ပေးခဲ့သည်။

သေဆုံးသူ ဝန်ထမ်းအတွက် အမြန် ပြန်တမ်းထုတ်ပြန်ပေး၍ ရက်လည် ဆွမ်းကျွေးပြီးချိန်အထိ ကူညီပေးခဲ့ ကြသည်။

* * *

'ဒီစားပွဲကို တံခါးပေါက်နားရွှေ့ ဟုတ်ပြီ…မင်းတို့နှစ်ယောက်ရဲ့ ခုတင် ကိုတော့ ဘုရားစင်ရဲ့ ဘေးတစ်ဖက်စီ မှာ ထားရအောင် မ,ကြဦး'

'မမနေမယ့် နေရာကိုတော့ ဒီခန်း ဆီး ထူထူကာပြီး အခန်းဖွဲ့ပေးလိုက် မယ်နော်'

'အေး…အေး… ဒါက ဧည့်ရိပ်သာ ကြီးဆိုတော့ ငါတို့အတွက် ပေးထားတဲ့ ဒီအခန်းကြီးမှာပဲ အခန်းလေးတွေ ပြန် ဖွဲ့ပြီး အဆင်ပြေသလို နေရမှာပေါ့ ကွာ'

'ဒီမှာ ရိပ်သာစောင့်မရှိဘူးလား မမရဲ့'





www.burmeseclassic.com

www.burmeseclassic.com

'ဆုံးသွားတာ (၃)လလောက်ရှိပြီ ကွယ့်။ ကျန်ရစ်တဲ့မိသားစုလဲ ဒီကနေ ပြောင်းသွားကြပြီဆိုတော့ လောလော ဆယ် ငါတို့မောင်နှမသုံးယောက်ပဲ ဒီ ရိပ်သာကြီးကို စောင့်ရှောက်ရမယ့် တာဝန် ရှိတယ်နော်'

(၁၅)ရက်လောက် အကြာမှာတော့ သူမတို့ဌာန၊ တိုင်းမင်းကြီးမှ ရုံးစစ် ဆေးရန် ကိစ္စအတွက် မိသားစုနှင့်အတူ ဧည့်ရိပ်သာတွင် တည်းခိုရန် စီစဉ်ကြ သည်။ တိုင်းစစ်ဌာနမှူး၏ အစီအမံ အရ တိုင်းရုံးအဖြစ် ထပ်မံ ဖွင့်လှစ် ရုံးစိုက်ခဲ့ရာမြို့မှ လာရောက်ရခြင်း ဖြစ်သည်။

တိုင်းမင်းကြီးနှင့် မိသားစုကို ဧည့် ရိပ်သာအပေါ်ထပ် ဘယ်ဘက်က အခန်းကျယ်ကျယ်မှာ စီစဉ်ထားပေးပြီး ရန်ကုန်ရုံးချုပ်က အကြီးတန်း စာရေးမ ဒေါ်မူမူအေးနှင့် ခင်ပွန်းတို့လည်း လာ ရောက်တည်းခိုကြသဖြင့် သူတို့ကို တော့ လှေကားထိပ်အတွင်းဘက်၊ အလယ်ခန်းတွင် နေရာချထားပေးခဲ့ ရာ ဧည့်သည်များရောက်ပြီး (၂)ရက် ခန့်အကြာမှာတော့ ဆန်းကြယ်သော အဖြစ်အပျက် တစ်ခုကို မထင်မှတ်ဘဲ ကြုံလိုက်ရသည်။

ထိုနေ့က မိုးက သဲသဲမဲမဲနှင့် တစ်နေ ကုန်ရွာနေပြီး မိုးချုပ်စကတည်းက လျှပ်စီးတလက်လက်နှင့် လေပြင်းများ ပါ တိုက်ခိုက်နေသဖြင့် တစ်ဆောင်လုံး ချမ်းချမ်းစီးစီးနှင့် အိပ်မောကျနေကြ သည်။

သွန်းနေရီတို့ မောင်နှမ အိပ်သည့် အခန်းအပြင်ဘက် ဝရန်တာမှာတော့ တိုင်းမင်းကြီးဩဝါဒ ခံယူပွဲအတွက် ရုံးမှသယ်ယူထားသော ပလတ်စတစ် ကုလားထိုင် အထပ်လိုက်ကြီးမှာ လည်း မိုးပက်ထား၍ ရွှဲရွှဲစိုနေသည်။



ညဉ့်လယ်ခန့်ရောက်တော့...

"ဒုန်း"အပြင်ဝရန်တာဆီက ပြိုကျ သံကြီးလိုလို ကြားလိုက်ရသဖြင့် သွန်းနေရီမှာ အိပ်ရာကနေ လန့်နိုးလာ ပြီး မောင်လေးနှစ်ယောက်ကို ကမန်း ကတန်း ခေါ်နိုးလိုက်သည်။

'မောင်လေး...မောင်လေးတို့ ထ... ထ... မြန်မြန်ထကြစမ်း။ လေပြင်းတိုက် လို့ ဝရန်တာက ကုလားထိုင်ထပ်ကြီး ပြိုလဲကျသံကြားတယ်။ ထွက်ကြည့်ရ အောင်ဟေ့...လာကြ မြန်မြန်'

ပြောနေရင်း မှန်တံခါးကြီး၏ ခန်းဆီး ကို လှပ်ပြီး အပြင်ဘက်ကို အမှတ်တမဲ့ လှမ်းကြည့်လိုက်ချိန် လျှပ်စီးရောင် လက်ခနဲမှာ မြင်လိုက်ရတာကတော့ မှန်တံခါးကြီးနှင့်ကပ်လျက်မှာ လက်နှိပ် ဓာတ်မီးဖွင့်ပြီး ဟိုဟိုဒီဒီကို လိုက်ထိုး ကြည့်နေသော ရှပ်အင်္ကျီဖြူကော်လံ ကတုံးလက်တိုနှင့် အသားညိုညို ခပ်ပိန်ပိန် လူတစ်ယောက်။

သူ့ဓာတ်မီးရောင်က သွန်းနေရီကို ထိုးမိလိုက်ချိန်၊ သူက မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး မီးရောင် ရော လူပါ ဖျတ်ခနဲ ပျောက်ကွယ်သွား တော့သည်။

ဒါနှင့် တစ်ပြိုင်တည်းလိုလို တံခါး လည်း ဖွင့်သွားပြီမို့ သွန်းနေရီ၊ မောင် နှစ်ယောက်နှင့်အတူ အပြင်ကို ထွက် လိုက်ပြီး ကုလားထိုင်ထပ်ကြီးရှိရာ ချက်ချင်း သွားကြည့်လိုက်တော့ ကုလားထိုင်ထပ်ကြီးက နဂိုအတိုင်း သာ ရှိနေသည်။

ဝရန်တာတစ်လျှောက် သေချာ အောင် လိုက်စစ်ကြည့်တော့လည်း ဘာထူးခြားမှုမှ မတွေ့၊ မကျေနပ်သေး ၍ လှေကားထိပ်တံခါးပါ ဖွင့်ပြီး အောက်ထပ်၊ ထမင်းစားခန်းမကြီး အထိပါ သွားကြည့်တော့လည်း ဘာမှ ထူးခြားတာမရှိ။

တံခါးမကြီးမှာ ခတ်ထားသည့် သော့ခလောက်ကြီးလည်း လက်ရာ မပျက်၊ ရှိသမျှ ဧည့်သည်အားလုံး လည်း တုတ်တုတ်မျှ လှုပ်သံမျှပင် မကြားရသဖြင့် စိတ်ထဲမှာ လိပ်ခဲတည်း လည်းဖြင့် တံခါးတွေ ပြန်ပိတ်ပြီး အိပ်လိုက်ရသည်။

* * *

အိပ်ရာကနိုးလာတော့ ငြိမ်းစီစီနှင့်မို့ ချက်ချင်း မထဖြစ်သေးဘဲ ညက အဖြစ် အပျက်ကိုသာ သေချာပြန်တွေးကြည့် မိသည်။

လျှပ်စီးရောင်မှာ လျှပ်တစ်ပြက် တွေ့လိုက်ရသူ၏ ပုံပန်းသဏ္ဌာန် ဒီလို ပုံစံမျိုး အခုဧည့်ရိပ်သာမှာ တည်းခိုနေ ကြသူ အားလုံးထဲ တစ်ဦးမှ မပါပါ။ အပြင်က လာသူဆိုလည်း သော့ အဆင့်ဆင့် ခတ်ပြီး ပိတ်ထားသည့် ဒီရိပ်သာအပေါ်ထပ်အထိ တက်လာ နိုင်စရာ အကြောင်းမရှိပါ။

အဖြစ်အပျက်က တော်တော် ထူးဆန်းနေသည်။ ဒါကြောင့် ရုံးရှေ့က မှ လူဟောင်းတွေကို မေးမြန်းကြည့်ဖို့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲ တေးထားလိုက်မိသည်။

ညနေရောက်တော့ ပိန္နဲသီးမှည့်တစ်လုံးနှင့် မိမိထံ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာသူက ကွယ်လွန်သူ ရိပ်သာစောင့်ကြီး၏ အကြီးဆုံးသမီး ချောစုမ။

'ဩော်... ချောစုပါလား၊ ဘယ်က လာလဲ လာထိုင်လေသမီး'

'အိမ်က လာတာပါ။ အနောက်အိမ်က အစ်ကိုကြီးသန်းထိုက်တို့ဆီ လာရင်း အန်တီအတွက် ပိန္နဲသီးမှည့် လာပို့တာပါ'

'အေးကွယ်... ကျေးဇူးပါကွယ်၊ ဘုရားဆွမ်းတော် အရင်ကပ်ပေးလိုက်မယ်နော်။ သမီးအမေရော နေကောင်းလား'

'ဟုတ်ကဲ့ နေကောင်းပါတယ် အန်တီ'

ချောစုမလေးနှင့် ရောက်တတ်ရာရာ စကားစမြည် ပြောဆိုနေရင်းက ကိစ္စကို သွားသတိရမိသဖြင့်...

'ဒါနဲ့...စကားမစပ် ချောစုရေအန်တီ ဒီကိုရောက်တဲ့နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သမီးရဲ့အဖေ ဆုံးတာနဲ့ ကြုံလိုက်ရတယ်ကွယ်။ အန်တီ သူ့ကို သက်ရှိထင်ရှား မမြင်ဖူး လိုက်ဘူးဆိုပါတော့၊ ဒါကြောင့် ဦးဆန်းပို ရဲ့ ပုံပန်းသဏ္ဌာန်ကို ခုနေ ပြန်စဉ်းစားလို့ မရဘူးကွယ်'

'အဖေပုံစံကလေ အသားညိုညို ကိုယ်လုံးက ခပ်သေးသေးပဲ၊ ရှပ်အင်္ကျီ အဖြူလက်တိုကော်လံကတုံးကိုပဲ အမြဲ ဝတ်တတ်တယ်။ အဖေကလေ သူ့အလုပ်ကို အရမ်းဂရုစိုက်တာအန်တီရဲ့... ဒါကြောင့် လူကြီးတွေက သူ့ကို ခင်လဲခင်၊ အားလဲကိုးကြတယ်၊

ညညဆို ဓာတ်မီးတစ်လက်နဲ့ ဒီရိပ်သာတစ်ဝိုက်လုံးကို လှည့်ကြည့်နေတာပဲ။ အပေါ်ထပ်တက်လိုက်၊ အောက်ထပ်ပြန်



ဆင်းလိုက် ခြံဝင်းထဲ လှည့်ကြည့်လိုက်နဲ့ တော်တော်နဲ့ကို ပြန်မအိပ်ဘူး'

'ဟင်... ဟုတ်လား သမီး'

သွန်းနေရီ၏ တအံ့တဩ ဖြစ်သွားပုံကို ချောစုမက သတိမပြုမိပါ။

'ဟုတ်တယ် အန်တီ... အခုရောက်နေတဲ့ တိုင်းမင်းကြီးနဲ့မိသားစု ဒီမှာ နေသွားတုန်းကဆို အဖေ့ကို သူတို့ အိမ်သားတစ်ယောက်လို ရင်းနှီးကြတယ်။ ပျော်ပျော်နေတတ်ပြီး ခြေလက်ပေါ့ပါးတဲ့အဖေ့ကို အားလဲကိုးတယ်။ ခင်လဲ အရမ်းခင်ကြတယ်။

အဖေကလဲ အချိန်ရတိုင်း အဲဒီကိုပဲ သွားသွားနေတာကိုး။ ခုလို အဖေ နာမကျန်းနဲ့ အသည်းအသန် ဖြစ်လာတော့လဲ မင်းကြီးတို့ အားလုံးက ဂရုစိုက်ကြတယ်။

နောက်ဆုံး မင်းကြီးကတော် ကြီးကြီးစုကိုယ်တိုင် သူ့ကားနဲ့ ဆေးခန်းလိုက်ပြတဲ့နေ့ပေါ့။ မသက်သာလို့ အဲဒီကအပြန် ဒီဧည့်ရိပ်သာကြီး ရှေ့ဆင်ဝင်အောက်မှာလဲ ကားရပ်လိုက်ရော အဖေလေ သတိကို ပြန်မလည်လာတော့ဘူး။ အန်တီရယ် အဟင့်...ဟင့်...'

ပြောရင်း ပြောရင်းက ချောစု ငိုရှာလေတော့သည်။

'အင်း... ဖြစ်မှဖြစ်ရလေ၊ ဒီအကြောင်းတွေ ကြားရတာ အန်တီလဲ တော်တော် စိတ်မကောင်း ဖြစ်မိတယ်ကွယ်။ သမီးလဲ တိတ်ပါ... တိတ်ပါတော့နော်'

သွန်းနေရီက ချောစု၏ ခေါင်းကလေးကို အသာသပ်ရင်း ချော့လိုက်တော့ အငိုရပ်သွားသည်။ မျက်ရည်တွေကို လက်ခုံနှင့် သုတ်ပစ်၊ နှပ်တွေကို ညှစ်ပစ်လိုက်သည်။ ပြီးတော့မှ တစ်ခုခုကို သတိရလိုက်သလိုဖြင့်...

'ဟိုလေ...အန်တီက ဘာလို့ အဖေ့ပုံစံကို မေးတာလဲဟင်... အန်တီ အခြောက်ခံရလို့လား'

ချောစုက ရုတ်တရက် ဒီလို တဲ့တိုးကြီး ပြန်မေးလာတော့ နေရီမှာ ပျာပျာသလဲဖြင့် ပြောင်လိမ်လိုက်ရသည်။

'အို... မဟုတ်ရပါဘူး ချောစုရယ်၊ ဒီလိုပဲ ကြုံကြိုက်လို့ မေးလိုက်မိတာပါ အန်တီကို တစ်မျိုးမထင်နဲ့နော်သမီး'

ဒီလို ဖြေလိုက်ပေမယ့် နေရီမျက်နှာကို မျက်လုံးစူးစူးလေးတွေနှင့် စိုက်ကြည့်နေသည်။ သူ့ ကျေနပ်ပုံမရပါ။

'ဟုတ်မှာပါလေ... ကျွန်မ အဖေ့ကို အန်တီ မမြင်လိုက်ရလို့ဘဲ ဖြစ်မှာပါ'

သူ့ဘာသူ ရေရွတ်သလို ပြောဆိုနေပြီးမှ ရုတ်တရက် နေရီ လက်နှစ်ဖက်ကို ဆွဲယူ လှုပ်ယမ်းရင်း ငို၍...

'အဟင့်... ဟင့်... သမီးကို ပြောပြပါ အန်တီရယ်၊ အဖေဟာ ဒီဧည့်ရိပ်သာကြီးထဲမှာ မကျွတ်ဘဲ အခုထိ ရှိနေတုန်းပဲလို့ လူတွေက ပြောပြောနေကြတယ်၊ အဲဒီ ဟုတ်လားဟင်၊ အဖေကလေ သမီးတို့သားအမိတွေကိုကျတော့ ကြောက်ကြမှာစိုးလို့ ထင်တယ်၊ တစ်ခါမှကို ရုပ်လဲမပြ အသံလဲ မပေးဘူး။ သမီးတို့တစ်တွေကသာ အဖေများ လာမလား ဆိုပြီး အမြဲ မျှော်နေရတာပါ၊ အဟင့်... ဟင့်'



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းစွာ တရှုပ်ရှုပ် ငိုကြွေးနေရှာသော ကလေးမလေးကို ဘယ်လိုချော့ရမည်ကို မသိတတ်တော့စွာ ငေးကြည့်နေမိရင်း နေရီထံကိုပါ ဝမ်းနည်းကြေကွဲမှုတွေ ကူးစက်လာကာ ချောစုလေးကို ဖက်ထားရင်း ကိုယ်တိုင် ဆို့နင့်စွာ ခံစားရသည်။

ခဏအကြာ ရင်ခွင်ထဲက ရုန်းထွက်လိုက်ပြီး မျက်ရည်တွေကို ခပ်ကြမ်းကြမ်းလေး သုတ်နေရင်းက...

'ဟုတ်တယ်အန်တီ... ဟိုတစ်နေ့တုန်းက ဦးလေးသန်းထိုက်ရဲ့ သားအငယ်ဆုံး ခေါင်းကြီးကို မိုးတွေချုပ်တိုင်း အဖေက လာလာခေါ်နေတယ်လို့ဆိုပြီး အဖျားတွေ ထ၊ ကယောင်ကတမ်းတွေ ဖြစ်နေလို့ တောကျောင်းဆရာတော်ဆီ ခေါ်သွားပြီး ကုနေရတယ်တဲ့'

'ဟင်...ခေါင်းကြီးလေးက ဦးဆန်းပိုရဲ့ တူအရင်းလေးဆို...ဘာဖြစ်လို့'

'အဲဒီ ခေါင်းကြီးကို မွေးရာပါ သူ့ခေါင်းက အဆမတန်ကြီးနေလို့ လူစဉ်မမီတဲ့ ဒုက္ခိတလေးဆိုပြီး အဖေက သနားပြီး အရမ်းချစ်တယ် အန်တီ။ ကလေးကလဲ အဖေနဲ့ဆို ပျော်နေတာပဲ။

ဒီရက်ပိုင်းတွေမှာ ညနေမိုးချုပ်တာနဲ့ ခေါင်းကြီးက အိမ်ရှေ့ကပြင်ကို ထွက်ထွက်ပြီး "**ဟော... ဦးလေးသားကို ခေါ်လာ။ ဟုတ်ကဲ့ သားလာပါပြီ**"ဆိုပြီး အိမ်အောက်ကို အတင်း ဆင်းဆင်းသွားတော့တာ။ အဲဒီနေ့တွေကစပြီး ဖျားတာပဲတဲ့။ ဆရာတော် စစ်ကြည့်တော့ အဖေ ဝင်ပူးတယ်တဲ့ အန်တီ'

'ဝင်ပူးတယ် ဟုတ်လား ချောစု အဲဒီတော့...'

'အဖေ ဝင်ပူးတော့ "**တပည့်တော် တစ်ယောက်တည်း နေရတာ ပျင်းလွန်းလို့ တူလေးကို ခေါ်ထားမလို့ပါ**"လို့ ပြန်ဖြေလို့ ဆရာတော်က မနည်းကို မေတ္တာရပ်ခံပြီး တားလိုက်ရတယ်တဲ့ အန်တီရယ်။ အဖေ့မှာ အဖော်မရှိရင် သမီးတို့တွေကိုပဲ ခေါ်ပါတော့လားနော် ခုတော့...'

'ဖွဟဲ့...ဒီလိုမျိုး မပြောကောင်းဘူး သမီးရဲ့၊ ဩော်...ခက်လိုက်တာကွယ်'

ထင်ရာမြင်ရာ ပြောဆိုနေသော ချောစုတစ်ယောက်ကို နေရီ ဘယ်လို နှစ်သိမ့်ပေးရမှန်းကို မသိတော့အောင်ပင်။



*  *  *

မောင်လေးနှစ်ယောက် ဘောလုံးပွဲသွားကြည့်ကြ၍ သန်းထိုက်၏ သမီးအငယ်မကို ခေါ်သိပ်ရသည်။ နေရီမွေးစားထားသည့် ကြောင်ကြီးရွှေသွေး (ရှ-နှစ်သားခန့်)ကတော့ ရိပ်သာအပေါ်ထပ်မှာ လူမနေသည့် အမှောင်ခန်းတွေဆီက လျှောက်သွားနေသည်။

ခေါ်လိုက်၍ ပြန်အလာ အငယ်မကိုလည်း တွေ့ရော ရွှေသွေးက တစ်ဟုန်ထိုး လိုက်ပါတော့သည်။ အစကတော့ ဆော့နေတာပဲဆိုပြီး ကလေးမလေးကလည်း ရယ်ရင်းမောရင်း ပတ်ပြေးနေသည်။

ကောင်မလေးပြေးရာ တောက်လျှောက်လိုက်ရင်း ရွှေသွေး၏ မျက်လုံးတွေက မီးဝင်းဝင်းတောက်နေပြီး နှုတ်ခမ်းမွေးတွေ ကားနေကာ အမြီးကြီးပါ ပွနေတာ တွေ့တော့မှ သူ့ဒေါသ တကြီး ဖြစ်နေမှန်း သိလိုက်ရချိန်မှာ မထင်မှတ်ဘဲ ကြောင်က အငယ်မကို ဝင်လုံးလိုက်သည်။

"အမယ်လေး" ငယ်သံပါအောင် အော်လိုက်သော ကလေးမလေး၏ အသံက တိတ်ဆိတ်နေသည့် ညဉ့်ယံကို ဖောက်ထွင်းသွားသည်။ နေရီ ကလေးမကို အတင်းဝင်ဖက်လိုက်ရင်း ကြောင်ကို မောင်းထုတ်လိုက်ရသည်။ ရွှေသွေးက ဒီတော့မှ ထောင့်တစ်ထောင့်မှာ အသာဝပ်နေသည်။

အငယ်မကို ပရိတ်ရေနှင့် ပက်ဖျန်းပေးပြီး ပွန်းပဲ့သွားသည့် နေရာကို ဆေးလိမ်းပေးလိုက်သည်။ ပြီးမှ ရွှေသွေးကို ပရိတ်ရေနှင့် ဖျန်းလိုက်တော့ ဝပ်နေရာက ထလာပြီး အရင်ကလို ပွတ်သီးပွတ်သပ် လုပ်နေသည်။ ကလေးမလေးကတော့ ကြောင်ကို ကြောက်သွားပြီး အနားကပ်မခံတော့။ သူ့ကို အိပ်ရာထဲ ချော့သိပ်နေရင်းတောင် နေရီမှာ ရင်တလှပ်လှပ်တုန်နေသည်။

လူယဉ်ပြီး အလွန်လိမ္မာသော ရွှေသွေး၊ မကြုံစဖူး ရုတ်တရက် ရန်လိုပြီး ဒေါသတကြီးနှင့် လူကို လိုက်ကိုက်တာကို ပြန်တွေးမိရင်း ထိတ်လန့်နေမိသည်။ မိုးလင်းတော့ ကလေးက လန့်ဖျား,ဖျားသွားပြီး ကိုယ်တွေပူနေ၍ ဆေးခန်း လိုက်ပြလိုက်ရလေသည်။

*  *  *

စနေရုံးပိတ်ရက်မို့ အိပ်ရာမှ နိုးလာ

www.burmeseclassic.com



တာ မထဖြစ်သေးဘဲ ဖိမ်နှင့် ပြန်နှပ်နေမိသည်။

'ဝါး…အား…အား…'

ခြေရင်းဘက် ရေချိုးခန်းထဲကနေ ယောက်ျားကြီးတစ်ယောက် အားပါးတရ သမ်းဝေလိုက်သည့် အသံကြီးကို မှေးစင်းနေသည့်နေရီ မျက်လုံးတွေကို ပြူးကျယ်သွားစေသည်။

မောင်လေးနှစ်ယောက်က အစောကြီးထပြီး လမ်းလျှောက်ထွက်သွားသည်။ နေထွက်နေပြီဆိုပေမယ့် ဒီအခန်းကြီးထဲမှာက နေရီတစ်ယောက်တည်း။

'ဂျစ်…ဂျစ်…ဂျစ်…'

အံ့သြတွေ ဝေနေ၍မှ မဆုံးမီ ရေချိုးခန်းထဲမှာ ကြောင်ကြီးရွှေသွေးအတွက် စီစဉ်ပေးထားသည့် သဲတွေထည့်ထားသော ကြွေပန်းအိုးကို ရွှေ့လိုက်သံပါ ကြားလိုက်ရလျှင် နေရီမှာ အိပ်ရာကနေ ဝုန်းခနဲထပြီး ရေချိုးခန်းကို အလျင်စလို ဖွင့်လိုက်သည်။

'ဟင်…'

အိမ်သာနှင့် တွဲထားပြီး အီတာလျံကြွေပြားတွေ ခင်းထားသည့် ဒီရေချိုးခန်းထဲမှာ ဘယ်သူမှရှိမနေ။ ပန်းအိုးကြီးလည်း လက်ရာခြေရာမပျက်။ မိုးလင်းကြောင်တောင်ကြီးမှာ ကြုံလိုက်ရသည့် အဖြစ်က အာရုံနောက်စရာမို့ နေရီ ခေါင်းကို ကုတ်ပြီး မျက်နှာသစ်ရန် ပြင်ရတော့သည်။

* * *

'ဟော…ဝါဝါပါလား။ လာ…ထိုင်လေသမီး။ ဆရာနဲ့အန်တီကော'

'ပြန်ကြတော့မလို့ ဈေးဝယ်ထွက်သွားကြတယ်အန်တီ၊ လိုက်ရမှာပျင်းလို့ ကျန်နေခဲ့ရင်းက တဖြည်းဖြည်းကြောက်လာလို့ ဒီဘက်ကို ကူးခဲ့တာပါ'

'နေ့ခင်းကြောင်တောင်ကြီး ဝါဝါရယ်၊ ဘာလို့ ကြောက်တာလဲကွယ့်'

'ညက အန်တီ မကြားလိုက်ဘူးထင်တယ်။ မောင်လေးနှစ်ယောက် အိပ်နေတဲ့ ခုတင်ကို လာဆွဲလှုပ်နေလို့ ကြောက်ပြီး အော်ကြတာလေ'

'ဟယ်…ဟုတ်လား'

'တစ်နေ့ညနေကလဲ သမီး အိပ်ရာက နိုးလာလို့ ခြေရင်းက ဝိတ်ထားတဲ့ မှန်ပြတင်းပေါက်ကို အမှတ်တမဲ့ ကြည့်လိုက်မိတာ အမယ်လေး…အန်တီရေ အဆောင်နားကပ်ပေါက်နေတဲ့ သီဟိုဠ်ပင်ကြီးပေါ်ကနေ လူကြီးတစ်ယောက် ဇောက်ထိုးဆွဲပြီး ကပြပြောင်ပြနေလို့ သမီး လန့်အော်လိုက်တာ အကျယ်ကြီးပဲ။ ဒါတွေ ပြန်တွေးပြီး ကြောက်နေတာပါ'

'အဲဒါတော့ ကြားလိုက်သလိုပဲ၊ ဒါပေမယ့် သရဲခြောက်တယ်လို့ မထင်မိဘူး သမီးရဲ့၊ အင်း…ခက်တာပဲ'

* * *

ညေ့သည်တွေအားလုံး ပြန်သွားကြပြီး နောက်ပိုင်းမှာတော့ အစစငြိမ်သက်နေသည်။ ပြောစရာ ရှိတာကတော့ တစ်ခါတလေမှာ မောင်နှမတွေ ဇာတ်လမ်းကြည့်နေစဉ် အောက်ထပ်မှာ ညေ့သည်ရောက်လာပြီး ခေါ်မကြား အော်မကြား ဖြစ်နေလျှင် ဝရန်တာကနေ ခြေဆောင့်သံကြီးပေးပြီး ခေါ်ပေးတာမျိုး၊ ညနေပိုင်း အောက်ထပ်မှာ စကားပြောနေကြလျှင် အခန်းထဲက ချောင်းဆိုးသံပေးတာမျိုး၊

အလုပ်သွားဖို့ တံခါးတွေ သော့ပိတ်ပြီး အထွက်မှာ အမှတ်တမဲ့ ပြန်လှည့်ကြည့်မိရင် သူ့အခန်း ပြတင်းပေါက်ကနေ (ကိုယ်ထည်မပြဘဲ) လက်ပြနေတာမျိုးတွေ ကြုံခဲ့ရတာတွေက နေရီတို့အဖို့ ရိုးအီနေပေပြီ။

ဦးဆန်းပိုသည် ဝန်ထမ်းဟောင်းကြီးတစ်ဦးပီပီ သေဆုံးသူအတွက် ဝန်ထမ်းဆိုင်ရာ မလေ့ထုံးစံအရ အမိန့်ပြန်တမ်းဖြင့် သွားလိုရာ သွားခွင့်ပြုပြီးဖြစ်သော်လည်း သူ့အလုပ် သူ့တာဝန်နှင့် သူ့ဆရာတို့အပေါ် စွဲလမ်းမှုကြောင့် ဆရာရင်းဖြစ်သူ ရောက်ရှိလာချိန်မှစတင်ကာ သူ့အလုပ်တာဝန်ကို ပြန်လည်ဆောင်ရွက်လာခြင်း ဖြစ်ပုံရပါသည်။

ထို့အတူ လက်ရှိတွင် တာဝန်ရှိနေသူ ဒေါ်သွန်းနေရီကိုလည်း အသိအမှတ်ပြုစေလိုခြင်းဖြစ်ကြောင်း စာနာသဘောပေါက်စွာဖြင့် နေရီ၏ နှုတ်ကတိုးတိုးလေး ရေရွတ်မိသည်။

'ဦးဆန်းပိုရေ… အမျှ…အမျှ…အမျှယူပါရှင်'

**သဗ္ဗေသတ္တာ ကမ္မသကာ…**

**မှတ်ချက်။ ။ယခုအခါ ယင်းစည်ပိုင်သာကြီးကို ကုမ္ပဏီတစ်ခုအား နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်းထားလိုက်ပြီဖြစ်ကြောင်း…**

**မေတ္တာ၊သစ္စာ ရည်လျက်…**

**သွန်းနေရီ**



www.burmeseclassic.com

www.burmeseclassic.com





ဟူကျင်ချီ
(Hu Jin Zhi)

ဒန့်သလွန်တိုင်းဖျားက

# ပရဆောကကြသားလေးလား

ဇန်နဝါရီ နံနက်ခင်းတစ်ခု။

ဗဟိုလမ်းနံဘေးက လျှောက်လာရင်း "ပန်းတနော်"လမ်းထိပ်ရောက်တော့ ကျောင်းတုန်းက သူငယ်ချင်းတစ်ဦးနဲ့တွေ့လို့ လက်ဖက်ရည်ဆိုင်ဝင်ပြီး စကားလက်ဆုံကျဖြစ်ပါတယ်။

လွန်ခဲ့တဲ့(၃၆)နှစ်ကျော်၊ မော်လမြိုင်ကောလိပ်မှာ ဆုံခဲ့ကြတဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ပါ။

'ကြုံတုန်း မေးရဦးမယ်။ တရုတ်မလေးမှာ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး ကွယ်လွန်ရင် လင်ယောကျ်ားဘက်က သင်္ချိုင်းမှာ သင်္ဂြိုဟ်ရတယ်ဆိုလား'

'အိမ်ထောင်ကျသွားရင် ခင်ပွန်းရဲ့ မျိုးရိုးနာမည်ကို ယူရတယ်လေ၊ အိမ်တစ်အိမ်မှာ ဖခင်ကွယ်လွန်ရင် သူ့ရဲ့အုတ်ဂူနံဘေးမှာ မိခင်အတွက် နေရာယူထားလေ့ ရှိကြတယ်၊ ကွယ်လွန်တဲ့အခါ အတူ ယှဉ်မြှုပ်နှံကြတယ်၊

သင်္ချိုင်းကန်တော့ပွဲနေ့မှာ တစ်နေရာတည်း ကန်တော့လို့ရတာပေါ့၊ အခြေအနေအကြောင်းကြောင့် နေရာခွဲခြားပြီး သင်္ဂြိုဟ်ရတာတွေလဲ ရှိပေမယ့် ဖြစ်နိုင်ရင် အတူတူ မြှုပ်နှံကြပါတယ်၊

သူ့ရဲ့သားတွေ မြေးမတွေလဲ အဲဒီဝန်းကျင်မှာ တစ်စုတစ်ဝေးတည်း သင်္ဂြိုဟ်ကြတယ်၊ သမီးကတော့ အိမ်ထောင်ကျသွားရင် ခင်ပွန်းရဲ့ သင်္ချိုင်းမှာ မြှုပ်ရတယ်၊ ဘာဖြစ်လို့လဲ'

'ကျောင်းတုန်းက ဝါဝါခိုင်ဆိုတာ မှတ်မိသေးလား ဖြူဖြူကျစ်ကျစ် ကလေး'

'မှတ်မိတာပေါ့... အင်မတန် ပျော်တတ်ခင်တတ်တဲ့ တရုတ်မလေးပဲ'

'သူဆုံးသွားပြီလေ၊ ဒီလိုပါ... ဇာတ်ရည်လည်အောင်တော့ နည်းနည်း ပြောရဦးမယ်။ ကျောင်းပြီးတော့ ဝါဝါခိုင်က (...)က တရုတ်အမျိုးသားတစ်ဦးနဲ့ အကြောင်းပါတယ်၊ စီးပွားရေးကောင်းကြပေမယ့် အိမ်ထောင်ရေး အဆင်မပြေကြဘူး။ နေ့စဉ်နဲ့အမျှ တကျော်ကျက်ပဲ။

တစ်နေ့မှာ ဝါဝါခိုင်တစ်ယောက် ရုတ်တရက် ကွယ်လွန်ရှာပြီလို့ သတင်းရလို့ ကျွန်မတို့ သူငယ်ချင်းအရင်းအချာတစ်စု သူနေတဲ့ ဗဟိုလမ်းက အိမ်ကို သွားကြတယ်။

ကြေကွဲစရာပါ။ အသ[illegible]ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်အလောင်းကို ရေဝေး ရေခဲတိုက်ပို့ပြီး မသင်္ဂြိုဟ်ခင်သူ့အမေကိုအိပ်မက်ပေးတယ်။

'သူယောကျ်ားက လုပ်ကျွံတာတဲ့၊ သူ့ အရိုးပြာကို ခင်ပွန်းဘက်က သင်္ချိုင်းမှာ မထားစေချင်ဘူးတဲ့ ... သူ့အဖေ အမေတို့ရဲ့ သင်္ချိုင်းမှာ မြှုပ်နှံပေးပါတဲ့"

ကျွန်မတို့က သူ့မိသားစုနဲ့လဲ သိပ်ရင်းနှီးကြတယ်။ မိဘတွေကို သူခေါ်သလို **"ပါပါ၊ မာမား"**လို့ပဲ ခေါ်ကြတာ။ **"မာမား"**က ကျွန်မတို့ကို ခေါ်ပြီး ပြောပြတယ်လေ။

ရက်လည်ဆွမ်းသွတ်တော့ သူ့မိဘတွေ အိမ်မှာလုပ်တယ်။ ကျွန်မတို့တစ်စုက အပေါ်ထပ် ပြတင်းပေါက်နံဘေးမှာ စုထိုင်ပြီး တရားနာကြတယ်။ သူ့ နာမည်ခေါ်ပြီး အမျှဝေမယ်လုပ်တော့ အင်မတန်ဆိုးတဲ့ အပုပ်နံ့ကြီးလှိုင်ထွက်လာတယ်။

ပြတင်းပေါက်နားမှာရှိတဲ့ ဒန့်သလွန်ပင်ဆီကနေ ပျံ့လာတာလို့ ထင်တယ်။ သူငယ်ချင်းအားလုံးသတိထားမိကြတယ်။

ဘုန်းတော်ကြီးက အမျှလဲ ဝေပြီးရော လက်ကောက်ဝတ်လောက်ရှိတဲ့ဒန့်သလွန်ကိုင်းက လူတစ်ယောက် တက်ထိုင်လိုက်သလို ဂျွတ်ခနဲ ကျိုးကျသွားပါလေရော။ အပုပ်နံ့ဆိုးကြီးလဲ တဖြည်းဖြည်း ပျောက်သွားတယ်။

"မာမား"က တီးတိုးပြောတယ်။

"သမီးတို့ သူငယ်ချင်းလာသွားတာ ဖြစ်မယ်"တဲ့'

'နောက်တော့ကော အိပ်မက်ပေးသေးလား'

**"မမက်တော့ဘူးတဲ့"**။ သူ့အရိုးပြာကိုတော့ သူ့မိဘ ဘိုးဘွားသင်္ချိုင်းမှာပဲ မြှုပ်ပေးလိုက်ကြပါတယ်။ 'အယူဖြောင့်ပြီး ကောင်းရာသုဂတိ ရောက်သွားပြီနဲ့ တူပါတယ်'

'တရုတ်အယူအဆမှာတော့ ကွယ်လွန်ပြီးနောက် အရိုးပြာ၊ ဒါမှမဟုတ် ရုပ်ကလာပ်မြှုပ်နှံရာ ဂူဗိမာန်က အရေးပါတယ်။ အဲဒီဂူဗိမာန်မရှိရင် ကွယ်လွန်သူဟာ တမလွန်ဘဝမှာ ခိုကိုးရာမဲ့၊ ဦးတည်ရာမဲ့ လေလွင့်နေရတတ်တယ်လို့ ယူဆကြတယ်။


အခုဟာက ယူဆနှုပြည်သွားတာမို့ တမလွန်မှာ အေးချမ်းစွာ နားခိုနိုင်ပြီလို့ ယူဆနိုင်သလို ကောင်းမွန်ရာ ဘုံဘဝ၊ သုဂတိကို လားရောက်နိုင်ပြီလို့လဲ ယူဆလို့ရပါတယ်'

***(ဝါဝါနိုင်အပါအဝင် အသျင်ကြွေနှင့်လေပြီးသောမိတ်ဆွေများအားလုံး ကောင်းရာသုဂတိသို့ လားရောက်နိုင်ကြပါစေ)***

**ဟူကျင်းဇီ*(Hu Jin Zhi)***

# ကျွဲ၊နွား အရေပြားရောဂါ

## ဝဲယားနာပေါက်ခြင်းအတွက် ဆေး



သတ္တဝါတိုင်းရဲ့ အရေပြားမှာ အရေပြား မသန့်ရှင်းမှုကြောင့်သော်လည်းကောင်း၊ အခြားသော အကြောင်းများကြောင့်သော် လည်းကောင်း ဝဲတွေ,ယားနာတွေ ဖြစ်တတ်ပါတယ်။ သွေးသားရဲ့ ဖောက်ပြန်မှုကြောင့်လဲ ဖြစ်တတ်ပါတယ်။ လူတွေ ဖြစ်ရင်တော့ ကုတ်နေရတာနဲ့ လူကြားထဲ အနေရခက်ပါတယ်။

ကျွဲ,နွားတွေ ဝဲရောဂါ၊ အရေပြားရောဂါ ဖြစ်ပြီဆိုရင်တော့ နီးစပ်ရာသစ်ပင်တွေ၊ တိုင်တွေ၊ နံရံတွေကို ခန္ဓာကိုယ်နဲ့ ပွတ်တိုက်ကြပါတယ်။ တချို့ တိရစ္ဆာန်တွေဆိုရင် အနာတွေဖြစ်တဲ့အထိ၊ သွေးတွေ ထွက်တဲ့အထိ ပွတ်တိုက်ကြပါတယ်။ ဖြစ်တဲ့နေရာမှာ အမွေးတွေ ကျွတ်တတ်ပါတယ်။ အရေပြားတွေ နီလာတတ်ပါတယ်။

မကုဘဲထားလို့ ကြာရင် အအိပ်ပျက် အစားပျက်ပြီး ပိန်သွားတတ်ပါတယ်။ ကြည့်ရတာလဲ တော်တော်ရုပ်ဆိုးပါတယ်။ မသင့်တော်တဲ့ဆေးတွေ လိမ်းမိရင်လဲ ပိုဆိုးသွားတတ်ပါတယ်။ ကြာရင် တစ်ကိုယ်လုံး ပျံ့နှံ့သွားတတ်ပါတယ်။

**ဆေးနည်းကတော့ လွယ်လွယ်ကလေးပါ။**

နီးလျက်နဲ့ ဝေးနေကြတာပါ။ အိမ်တိုင်းအိမ်တိုင်းမှာ မရှိမဖြစ် မီးဖိုချောင်သုံး **နနွင်းမှုန့်ပါ။ အုန်းဆီနဲ့ ရောပြီး လိမ်းပေးရပါတယ်။**

နနွင်းမှုန့်(၅)ကျပ်သားကို အုန်းဆီ(၁၅)ကျပ်သားနဲ့ ရောမွှေပြီး ဖြစ်နေတဲ့ နေရာတွေကို နေ့တစ်ကြိမ်,ညတစ်ကြိမ်ပေါ့။ သံပရာသီး(၅)လုံးကို အရည်ညှစ်ပြီး တိုက်ပေးရပါတယ်။

"ဖြစ်နေတဲ့ ကျွဲ,နွားကို နေ့စဉ် သန့်ရှင်းတဲ့ ရေနဲ့ ချိုးပေးရပါတယ်။ တစ်ကိုယ်လုံးလဲ ကာဘော်လစ်ဆပ်ပြာနဲ့ တိုက်ပြီး ဆေးကြောပေးရပါတယ်။"

ဒီနည်းအတိုင်း (၅)ရက်လောက် ကုသလိုက်ရင် ကျွဲ,နွားတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဝဲယားနာတွေ ပျောက်ကင်းပါတယ်။

**ငွေသိန်း*(တီ/မွေး/ကု)***



www.burmeseclassic.com

www.burmeseclassic.com

# အဂ္ဂိရတ် ဝိဇ္ဇာလမ်းမှ

အန္တရာယ်

ကောင်းသူ၁



စကြဝဠာအနန္တ ဟူသော စကား ရှိ၏။ **မည်မျှ ပမာဏ ကြီးစေကာမူ အားလုံးသည် ရုပ်,နာမ် အစုအဖွဲ့သာ ဖြစ်၏။ ရုပ်ဟူသမျှ အဏုမြူ အဖွဲ့အစည်း**ဖြစ်၏။ အရာဝတ္ထုများအား အသေးငယ်ဆုံးအထိ စိတ်ပိုင်းလျှင် **အက်တမ်**(Atom)ကို တွေ့ရ၏။ ထိုအက်တမ်သည်ပင်လျှင် စကြဝဠာ သက်တမ်း နှစ်သုံးသိန်းခန့်ကြာမှ စတင်ဖြစ်ပေါ်လာသည်ဟု ယူဆကြ၏။

အက်တမ်တွင် အပေါ့ဆုံး အရာဝတ္ထုမှာ **ဟိုက်ဒရိုဂျင်**(Hydrogen)ဖြစ်၏။ ထို ဟိုက်ဒရိုဂျင်ဒြပ်စင်များသည် အိုင်းစတိုင်း၏ $E=mc^2$ (သို့မဟုတ်) DIRAC၏ $E=\pm mc^2$ သီအိုရီအရ စွမ်းအင်အဖြစ် ဆင့်ကဲ ပြောင်းလဲမှုကြောင့် ဟိုက်ဒရိုဂျင် အက်တမ်များသည် **ဟီလီယမ်**အဖြစ် ပြောင်းလဲသွား၏။

ဤနည်းအတိုင်း **အက်တမ် အလေးအချိန်**(Atomic Weight) များပြားသော ဒြပ်စင်များ ဆင့်ကဲ ဖြစ်ထွန်းလာ၏။ ထိုဒြပ်စင်များတွင် **ကာဗွန်** (Carbon) နှင့် **ခဲ**(Lead) များလည်း ပါဝင်လာ၏။ "**ကာဗွန်**"ဟူသည် ပုံစံအမျိုးမျိုး ကွဲပြားနေသော မီးသွေး, ကျောက်မီးသွေး,ရေနံ, စိန် စသည်တို့ဖြစ်ပြီး ဖိအားနှင့် အပူချိန် ပြင်းထန်မှုများပေါ်တွင် မူတည်၍ **မီးသွေးခဲတစ်ခဲသည် စိန်အဖြစ် ပြောင်းလဲနိုင်၏။ ထို့အတူ ခဲကိုလည်း ရွှေအဖြစ် ပြောင်းလဲနိုင်၏။** လိုအပ်သော ဖိအား,အပူနှင့် ပြင်ပဓာတ်ကူပစ္စည်းများကြောင့်သာ ဒြပ်စင်များ အဆင့်ဆင့်

www.burmeseclassic.com

ဖြစ်ထွန်းလာခြင်းဖြစ်၏။

သို့သော် မီးသွေးခဲတစ်ခဲကို စိန်အဖြစ် ပြောင်းလဲရသော ကုန်ကျစရိတ်မှာ ပြင်ပဈေးကွက်တွင် စိန်တစ်ပွင့် ဝယ်ယူရသည်ထက် ကြီးမြင့်နိုင်၏။ ထို့အပြင် လူတို့ပြုလုပ်သော(Man Made) တစ်နည်းအားဖြင့် (Artificial)ပစ္စည်း၏ အရည်အသွေးကို သဘာဝပစ္စည်းကဲ့သို့ တန်ဖိုးမထားကြသောကြောင့် ဤသို့ ပြုလုပ်မှုများ နည်းပါး၏။

သို့သော် တစ်နိုင်တစ်ပိုင် နည်းများဖြင့် တန်ဖိုးနည်းသော ပစ္စည်းများကို တန်ဖိုးရှိသော ရတနာများအဖြစ် ဆောင်ရွက်ခဲ့ကြသော မြန်မာများ ရှိ၏။ ယင်းတို့ကို အင်္ဂလိပ်သမားများဟုလည်း အချို့က ကင်ပွန်းတပ်ကြ၏။ ရွှေဖြစ်,ငွေဖြစ် လမ်းစဉ်ဖြင့် သတ္တုဝါများအား ကယ်မမည်ဟု ကြွေးကြော်၍ ဖိုထိုးကြသူများလည်း ရှိ၏။

တန်ဖိုးရှိသော ပစ္စည်းကို လည်းကောင်း၊ မြတ်နိုးဖွယ်ပစ္စည်းကို လည်းကောင်း "**ရတနာ**"ဟု ခေါ်ကြသည် ဖြစ်ရာ "ရတနာ"ဟူသည် လမ်းဘေးမှ ကျောက်စရစ်ခဲတစ်လုံး မဟုတ်သည့်အတွက် ထိုသို့ ကြိုးစားရာတွင် အောင်မြင်သည်ဟု ယူဆနိုင်သူများ ရှိသကဲ့သို့ ရှုံးနိမ့်သူများလည်း ရှိ၏။

အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ ယင်းတို့၏ ကြိုးစားမှုကို မြန်မာ့ရိုးရာ ပညာတစ်ရပ်အနေဖြင့် လေးစားအပ်၏။ **ယင်းပညာရပ်သည် အခြားသော ဂန္ထီရပညာများနှင့်လည်း ထူးခြားဆန်းကြယ်စွာ ဆက်စပ်နေတတ်၏။**

ဤအဖြစ်အပျက်များနှင့် ပတ်သက်သည့် ဖြစ်ရပ်မှန်ကို မတင်ပြမီ အင်္ဂလိပ်သမားများကို လှောင်ပြောင်တတ်သည့် ပုံပြင်တစ်ပုဒ်ကိုလည်း တင်ပြလိုပါ၏။ ဤပုံပြင်ကို အများစု ဖတ်ဖူး,ကြားဖူးကြမည်ဟုလည်း ထင်ပါ၏။

ရှေးအခါက သူဌေးကြီးတစ်ဦး ကွယ်လွန်သွားသောအခါ အမွေဆက်ခံရသူ သားက သူဌေးကြီး၏ ခွေးကို ရိုက်နှက် နှင်ထုတ်လိုက်၏။ သူဌေးကြီး ရှိစဉ်က အလိုလိုက် မျက်နှာသာပေး ခံရသော ခွေးဖြစ်၏။ ခွေးမှာ နာကြည်းစိတ်ဖြင့် အခြေအနေမဲ့ ဆင်းရဲဒုက္ခ ကြုံနေရသဖြင့် မိတ်ဆွေဖြစ်သူ ဖွတ်တစ်ကောင်အား သူဌေးသား မွဲတေစေရန် သူဌေးအိမ်ပေါ် တက်ခိုင်းလေ၏။ "ဖွတ်တက်လျှင် မွဲသည်"ဟူသော စကားအတိုင်း ဖွတ်က သူဌေးအိမ်ပေါ် တက်ရန် ကြိုးစည်သော်လည်း မတက်ဖြစ်ဘဲ ပြန်လာပြီး...

'မင်းရဲ့ သူဌေးအိမ်ပေါ်ကို ငါ တက်စရာ မလိုတော့ဘူး။ အင်္ဂလိပ်သမား ရောက်နေပြီ၊ အဲဒီလူ ရောက်ရင် ငါတက်တာထက် ပွဲလိမ့်မယ်'

ဟု ပြောလိုက်လေတော့၏။ ဤပုံပြင်သည် အင်္ဂလိပ်ထိုးရင်း ကုန်ကျစရိတ်များကြောင့် ဆင်းရဲသွားရသူတို့၏ဘဝကို ရည်ညွှန်းလိုရင်း ဖြစ်ပေလိမ့်မည်။

အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း မီးသွေးတစ်ခဲအား စိန်တစ်ပွင့်အဖြစ် ဖန်တီးရန်မှာ လွန်စွာခက်၏။ ကုန်ကျစရိတ် များ၏။ **ခက်ပြီး အကုန်အကျ သက်သာသောနည်းကို တွေ့ရှိရေးသည်သာ ချမ်းသာစေသော နည်း ဖြစ်သည်ဟု ယူဆရန်ဖြစ်၏။** စာရေးသူကိုယ်တွေ့ ဖြစ်ရပ်မှန်တစ်ခုကိုလည်း ဤသို့ တင်ပြလိုပါ၏။

ရှမ်းရိုးမနှင့် ပဲခူးရိုးမ လွင်ပြင်ရှိ မြို့ကြီးတစ်မြို့၏ တောင်ပိုင်းတွင် "**ဦးစိန်ရွာ**"ဟူသော ရွာတစ်ရွာရှိ၏။ ရွာဟု ဆိုသည်မှာ ဒေသခံများက နှုတ်ကျိုးနေ၍ ခေါ်ခြင်းသာဖြစ်၏။ စင်စစ် မြို့နှင့်တစ်ဆက်တည်းရှိသော ရပ်ကွက်တစ်ခုသာ ဖြစ်၏။

ရပ်ကွက်၏ထိပ်တွင် မြန်မာတိုင်းရင်းဆေးဆရာကြီးတစ်ဦး နေထိုင်၏။ ဆရာကြီးမှာ ဦးဖိုးလှုဖြစ်ပြီး ဇနီးနှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ရှိ၏။ အကျင့်သီလ,သိက္ခာနှင့် ပြည့်စုံ၏။ ခြေကြွခ, ဆေးဖိုးဝါးခနှင့် မိသားစု စားဝတ်နေရေး လုံလောက်၏။ လူအများစုက အားကိုးအားထား ပြုကြပြီး လူချစ်လူခင် တပည့်တပန်း ပေါများ၏။ အေးဆေးတည်ကြည်သော အပြောအဆို၊ နူးညံ့သိမ်မွေ့သော အနေအထိုင် ရှိ၍လည်း ကြည်ညိုသူ ပေါများ၏။

ဆရာကြီး၏နေအိမ်နှင့် လမ်းခြားလျက် စာသင်ကျောင်းတိုက်ကြီး ရှိနေ၏။ "**လသာကျောင်းတိုက်**"ဟုခေါ်၍ စာသင် သံဃာတော် အပါး(၁၀၀)ခန့် ရှိ၏။ ကျောင်းထိုင်ဆရာတော်ကြီးသည် ဆရာကြီးနှင့် အထူး ခင်မင်ရင်းနှီးကြ၍ တရားဓမ္မအကြောင်း ဆွေးနွေးပြောဆို နာယူကြ၏။ ဆရာကြီး၏ အိမ်ဝိုင်းမှာ အတော်အတန် ကျယ်ဝန်း၏။ ခြံဝင်းအတွင်း သရက်, မာလကာ, ငှက်ပျော စသည့် နှစ်ရှည်ပင်ကြီးများ ရှိသကဲ့သို့ ပန်းပင်,ဂမုန်းပင်များလည်း ရှိ၏။

ခြံထောင့်တွင် သွပ်မိုး,သွပ်ကာ ဖိုရုံတစ်ခုရှိပြီး ဖိုရုံနှင့်ကပ်လျက် မီးသွေးသိုလှောင်ခန်းလည်း ရှိ၏။ ဆရာကြီးမှာ ပိုလျှံသော ငွေစကလေးများဖြင့် စုဆောင်းပြီး အင်္ဂလိပ်ပညာကို လိုက်စား၏။ ဆရာကြီး၏ လက်ထဲတွင် ဓာတ်လုံးကလေးများ မကြာခဏ တွေ့ရပြီး ဆေးကုသသောအခါတွင်လည်း အသုံးပြုသည်ကို တွေ့ရ၏။





www.burmeseclassic.com

www.burmeseclassic.com



ဆရာကတော်မှာလည်း စိတ်နှလုံးကောင်း၍ အေးအေးနေတတ်သူဖြစ်၏။ ငွေကြေးလိုအပ်မှု မရှိစေရန် ချွေတာစုဆောင်းတတ်သူလည်း ဖြစ်၏။ ငွေကြေး မဖြစ်မနေ လိုအပ်မှသာ ဆရာကြီးကို ပြောလေ့ရှိ၏။ ထိုသို့ အရေးပေါ် လိုအပ်ချက်မှာလည်း တစ်နှစ်တစ်ကြိမ် ခန့်သာ ရှိတတ်၏။

ထိုအခါ ဆရာကြီးသည် အိမ်နီးချင်းလည်းဖြစ်၊ တပည့်လည်းဖြစ်သူ "မောင်ဖိုးထောင်"(ခေါ်)"မောင်ရုပ်ဆိုး" ကိုခေါ်၍ ရွှေတိုရွှေစကလေးများ ပေးတတ်၏။ မောင်ဖိုးထောင်လည်း ဆရာကြီးပေးသော ရွှေတိုရွှေစကလေးများကို ယူ၍ ရွှေပန်းထိမ်များတွင် ရောင်းချရ၏။ ရရှိသော ငွေကြေးကို ဆရာကြီးသို့ ပေးအပ်ရ၏။ ရွှေများကို ပန်းထိမ်တွင် မှတ်ကျောက်တင်သော အခါတွင်လည်း အစစ်အမှန်သာ ဖြစ်နေ၏။ မောင်ဖိုးထောင်၏ စိတ်တွင်းမှ ဆရာကြီးသည် "ရွှေဖြစ်သောလမ်း"ပေါ်တွင် ရောက်နေပြီဟု ယုံကြည်၍ ဤသို့ စကား စ,ကြည့်၏။

'ဆရာကြီး ရွှေဖြစ်ပြီလား။ ဒါဆိုရင် တရားအားထုတ်တဲ့အခါ စိတ်အေးရအောင် ဒီတစ်ခါ ပိဿာနဲ့ချီတဲ့ ရွှေတွေ ပေးပါလား ဆရာကြီး။ ဆရာကော တပည့်ပါ ကောင်းစားနိုင်တာပေါ့'

ဆရာကြီးသည် တပည့်အား ကရုဏာသက်သော အကြည့်ဖြင့် ကြည့်၍...

'ဩော်... မောင်ဖိုးထောင် လောဘတက်နေပါလား။ ခုလို စားရ,ဝတ်ရ,နေရရင် တော်ရောပေါ့။ ဆရာကြီး ဖြစ်တာက သမုဒ္ဒရာထဲက ရေစက်ပဲ ရှိပါသေးတယ်။ အများချမ်းသာဖို့က ဝေးပါသေးတယ်ကွာ။ ဒီလမ်းက ထင်သလောက် မလွယ်ပါဘူး။ အန္တရာယ်များလဲ များပါတယ်'

ဆရာကြီးပြောသော "**အန္တရာယ်**" ကို မောင်ဖိုးထောင် ကောင်းစွာ နားမလည်သော်လည်း သူခိုးသူဝှက်ရန် ကင်းစေရန် ဆရာကြီး၏အိမ်ဝိုင်းထဲတွင် ဂမုန်းပင်တစ်ပင် စိုက်ထားလိုက်၏။ တစ်ညတွင် အလွန် ထိတ်လန့်ဖွယ် အသံကြီးဖြင့် အော်ဟစ်သံကြားရ၍ ပတ်ဝန်းကျင် အိမ်နီးနားချင်းများမှ ဝိုင်းဝန်းရှာဖွေ ဖမ်းဆီးကြရာ သရက်ပင် တစ်ပင်အောက်၌ သတိလစ်နေသော သူခိုးကို တွေ့ရလေ၏။

ဆရာကြီးက မည်သို့မျှ အပြစ်မယူပါ။ သူခိုးမှာ ဗိုရ်ထဲတွင် ရွှေတိုရွှေစ တွေ့လိုတွေ့ငြား ဝင်ခိုးရာမှ ယခုကဲ့သို့ ထိတ်လန့်စရာ တစ်ခုခုကို တွေ့၍ ထွက်ပြေးရာမှ သတိလစ်နေခြင်းဖြစ်ကြောင်း သိရလေ၏။

သူခိုးမှာ ရွာအစွန်တွင် နေထိုင်သော အခြေအနေမဲ့ တစ်ဦးပင်ဖြစ်ပြီး လန့်ဖျား ဖျားနေသဖြင့် ဆရာကြီးကပင် ဆေးကုပေးရလေ၏။ ရောဂါပျောက်ကင်းသွားသောအခါ ဆရာကြီးအား အုန်းပွဲ,ငှက်ပျောပွဲဖြင့် လာရောက်တောင်းပန်ကန်တော့လေ၏။ ထိုသို့ ကန်တော့ရင်း သူ ဝင်ရောက်ခဲ့သော ညက အဖြစ်အပျက်ကို ဤသို့ ပြောပြလေ၏။

**'ဆရာကြီးရဲ့ ဗိုရ်ထဲမှာ ရွှေတိုရွှေစများ ရှိနိုင်မလားဆိုပြီး ခြံစည်းရိုးကြားထဲက တိုးဝင်မိတာပါ။ ဆရာကြီးရဲ့ သရက်ပင်အောက်နားမှာ ခွေခွေ ခိုနေမိတယ်။ အဲဒီအချိန်မှာ မလှမ်းမကမ်းက မြွေမြွေ အလုံးကြီးတစ်လုံး ပေါ်လာပြီး ခြံစည်းရိုးအတိုင်း တမြည်မြည် ရွေ့နေတယ်။**

**အဲဒီအလုံး မြွေမြွေကြီးဟာ ကျွန်တော့်နား ရောက်လာတဲ့အခါ ထင်းတုံးကြီး တစ်ကောင်လို အရှည်က ဆူးချွန်တွေနဲ့ မျက်လုံးက နှစ်မလောက်ရှိပြီး မီးလုံး အနီကြီးတွေလိုပဲ။ ပါးစပ်က တော်တော် ကျယ်ပြီး သွားစွယ်နှစ်ချောင်း ထွက်နေတယ်။ တော်တော် ကြောက်စရာ ကောင်းတဲ့ မကောင်းဆိုးဝါးကြီးပါ ဆရာရယ်။ အဲဒါ့ ... လန့်ပြီး အော်မိရာက သတိ လစ်သွားတာပါပဲ'**

ဆရာကြီးလည်း သူခိုး၏ စကားကို ကြားသည်နှင့် မောင်ဖိုးထောင်(ခေါ်) မောင်ရုပ်ဆိုးကို ခေါ်၍ မေးမြန်းသည့် အခါ မောင်ဖိုးထောင်က...

'ဆရာကြီးပြောတော့ ဒီအလုပ်က အန္တရာယ် များတယ်ဆိုလို့ ကျွန်တော့် မိတ်ဆွေတစ်ယောက်ထံက ဘီလူးဂမုန်း တောင်းပြီး စိုက်ထားလိုက်တာပါ။ (၇)ရက်တိတိ သားစိမ်း,ငါးစိမ်းရည် လောင်းပြီး "အသင် ဂမုန်းဘီလူးကို လပြည့်,လကွယ်နေ့တိုင်း အစာကျွေးပါမယ်။ ဒီဝင်းခြံကိုလဲ စောင့်ရှောက်ပါ"လို့ ပြောလိုက်တယ်။

ဆရာကြီးက တရားသမားမို့ မတွေ့တာပါ။ သာမန်လူတွေကတော့ ယောဒီခြံထဲမှာ မြွေမြွေကြီး လျှောက်သွားနေတာ မကြာခဏ မြင်ရပါတယ်။ အိမ်သားတွေ၊ လူကောင်းတွေကို ဘာမှ ဒုက္ခမပေးပါဘူး။ ဒီဟာက သူခိုးဖြစ်နေလို့ ခြောက်လှန့်လိုက်တာ ထင်ပါတယ်'

ထိုအခါ ဆရာကြီးလည်း ဘီလူးဂမုန်းကို သင့်လျော်ရာ အခြား

www.burmeseclassic.com



တစ်နေရာတွင် ပြောင်း၍ စိုက်ပျိုးရန် မောင်ဖိုးထောင်အား ပြောကြားလိုက်လေ၏။ မည်သူ့ကိုမျှ မတော်တဆ ဘေးရန် မဖြစ်စေလိုသောကြောင့် ဖြစ်၏။ မောင်ဖိုးထောင် လည်း ဆရာကြီးကို မလွန်ဆန်ရဲသောကြောင့် အခြား တစ်နေရာသို့ ပြောင်းရွှေ့စိုက် ထားလိုက်ရ၏။

ဆရာကြီးလည်း အားလပ်သော အချိန်တွင် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းပြု၏။ ပိုသောအချိန်များတွင် ဖိုရုံထဲသွားပြီး ဖိုထိုး၏။ ဖိုထိုးသောကြောင့် မီးသွေးဖိုး မရှိသောအခါ ဆရာကတော်က နေအိမ်သွပ်ပြားများကို ခွာ၍ရောင်း၏။ ထိုသို့ ပြုရသည့်အတွက် စိတ်ထိခိုက်ခြင်းလည်းမရှိ။ ခင်ပွန်းဖြစ်သူ လုပ်ငန်းကို ပါဝင်ကူညီရသဖြင့် စိတ်ချမ်းသာ၏။

ဆရာကြီး ဖိုထိုးသောအခါ အဓိက ကူညီရသူမှာ မောင်ဖိုးထောင်ဖြစ်၏။ မောင်ဖိုးထောင်မှာ အဂ္ဂိရတ်ပညာကို ကောင်းစွာ နားမလည်သော်လည်း ဆရာကြီး ခိုင်းစေသမျှ လေးလေးစားစား ဆောင်ရွက်ပေးသူဖြစ်၏။

တစ်နေ့သောအခါ ဖိုရုံအတွင်းမှ ပြင်းထန်သော ပေါက်ကွဲသံတစ်ခု ကြားရလေ၏။ အိမ်သားများ ပြေးလွှားသွားရောက်သောအခါ ဖိုရုံထဲတွင် မီးဖိုဘေး၌ ညှပ်ကိုင်၍ သတိလစ်နေသော ဆရာကြီးကို တွေ့ရလေ၏။ မီးဖိုပေါ်ရှိ လုံထဲမှ အဖြူ၊ အစိမ်း၊ အပြာ ရောင်စုံမီးတန်းများသည် လင်းလက်တောက်ပပြီး ကောင်းကင်သို့ တက်နေ၏။

ဖိုရုံ၏ သွပ်မိုးတွင် တစ်ပေခန့် အပေါက်ကြီးတစ်ပေါက် ဖြစ်နေပြီး ထို အပေါက်မှ အပြင်သို့ အလင်းတန်းများ ထွက်နေကြ၏။ ဆရာကြီးအား သွေးဆေး အနည်းငယ် တိုက်ကျွေးပြီးသော အခါ သတိရလာ၏။ သတိရလာသော်လည်း မျက်နှာမကောင်းသည်ကို တွေ့ရ၏။ အသားအရေ အနည်းငယ် ဖြူရော်ရော် ဖြစ်နေ၏။ စကားလည်း အထူးအထွေ မပြော။

မည်ကဲ့သို့ ဖြစ်ပျက်ကြောင်းလည်း မပြောသဖြင့် အိမ်သားများကလည်း ထပ်မံ မေးမြန်းခြင်း မပြုကြ။ နှစ်ပတ်ခန့်ကြာသောအခါ မောင်ဖိုးထောင် အား ခေါ်၍ ထူးခြားသော စကား တစ်ခွန်း ပြော၏။

'မောင်ဖိုးထောင် လကွယ်နေ့ညမှာ ဆရာ ဖိုသွဲ့တဲ့အခါ အနားမှာ လာနေပါ။ ကြက်ဖ တစ်ကောင်ကိုလဲ ယူလာခဲ့ပါ။ အနားမှာ ထားပါ။ ဖိုသွဲ့နေတဲ့အချိန် 'အဲဒီကြက်ဖကို သေသေချာချာ ကြည့်ထားပါ။ ကြက်ဖက ခေါင်းကလေးစောင်းပြီး တွန်ဖို့ အားယူ အသံထွက်မလာခင် ညှပ်နဲ့ လုံကို ဆွဲထုတ်လိုက်ပါ။ မီးနဲ့ဖိုကို ဆရာလုပ်မယ်။ ဒီအလုပ်က အရေးကြီးတယ်။ ဘယ်သူ့ကိုမှ မပြောနဲ့။ တကယ်လို့ ဒီတစ်ကြိမ် အောင်မြင်ရင် ကိစ္စအားလုံးပြီးပြီ။ မအောင်မြင်ရင် မင်းတို့နဲ့ ဆရာ တစ်လအကြာမှာ ခွဲရလိမ့်မယ်'

မောင်ဖိုးထောင်လည်း ဆောင်ရွက်ပေးမည့်အကြောင်း ကတိပေးလိုက်၏။ သို့သော် ဆရာကြီးပြောသည့် "**ကိစ္စအားလုံး ပြီးပြီ**"၊ "**တစ်လအကြာမှာ ခွဲရလိမ့်မယ်**"ဟူသော စကားများ၏ အဓိပ်အနက်ကို သဘော မပေါက်ခဲ့။ နောင်တစ်လ အကြာတွင်မူ ကောင်းစွာ သဘောပေါက်သွားပေ၏။

ထိုညသည် လကွယ်ညဖြစ်၏။ ဆရာကြီးသည် လုံထဲသို့ ပစ္စည်း အမည် (အမယ်) တစ်မျိုးမျိုး ထည့်လိုက်၊ ဖိုသွဲ့လိုက် လုပ်နေ၏။ တပည့် မောင်ဖိုးထောင်မှာ ကြက်ဖတစ်ကောင်အား အနားတွင် ကြိုးနှင့် ချည်ထားပြီး လုံကို ဆွဲထုတ်ရန် ညှပ်ကို ကိုင်ထား၏။ တဖြည်းဖြည်းနှင့် သန်းခေါင်ယံ အချိန်သို့ နီးကပ်လာ၏။

မောင်ဖိုးထောင်မှာ အနည်းငယ် ငိုက်မျဉ်းလိုသော်လည်း ကြက်ဖကို သာ သတိနှင့် ကြည့်နေရ၏။ ထိုစဉ် အလွန် တောင့်ခံထားရသော ချင်ခြင်း တစ်ခုကို ပြေရန်လိုအပ်နေ၏။ ဆေးလိပ် သောက်လိုသော စိတ်သည် တားဆီးမရ ဖြစ်နေ၏။

နောက်ဆုံးတွင် လက်တစ်ဖက်က အိတ်ထဲနှိုက်ပြီး ဆေးပေါ့လိပ်ကို ရှာ၏။ မတွေ့သည့်အတွက် ညှပ်ကို အသာချကာ ဖိုရုံထောင့်တွင် ချိတ်ထားသော လွယ်အိတ်အတွင်းသို့ သွား၍ လက်နှိုက်ရှာ၏။ ထိုအချိန်မှာပင် ကြိုးချည်ထားသော ကြက်ဖသည် လည်ကိုစောင်းကာ "ကရော် ကရော်" ဟု အသံပြုပြီး အားပါးတရ တွန်လိုက်လေ၏။

မောင်ဖိုးထောင်မှာ လုံကို ဆွဲထုတ် ရန် အပြေးသွားသော်လည်း ရုတ်တရက် ညှပ်ကို ရှာမရ ဖြစ်နေစဉ် ပြင်းထန်သော ပေါက်ကွဲသံကြီးတစ်ခု ကြားလိုက်ရပြီး ကောင်းကင်သို့ စိမ်း၊ နီ၊ ပြာ တောက်ပသော အလင်းတန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်ပေါ်ပြီး ကောင်းကင်သို့ ထိုးတက်သွား၏။ သွပ်ပြားတစ်ချပ်မှာ လွင့်ထွက်သွား၏။ မောင်ဖိုးထောင်မှာ နောက်သို့ ပက်လက်လန် လဲကျသွားပြီး မည်သို့မျှ မဖြစ်သော်လည်း ဆရာကြီးမှာမူ ယခင်အတိုင်း သတိမေ့မြောသွားလေ၏။

မောင်ဖိုးထောင်က ဆရာကြီးကို ပြေး၍ပွေ့လိုက်၏။ အိမ်သားများ ရောက်လာသောအခါ ဆရာကြီးမှာ သတိပြန်ရလာပြီး မည်သည့်စကားမျှ မပြောတော့ပါ။ မောင်ဖိုးထောင်လည်း သူ၏ မမျှော်လင့်သော အနည်းငယ် ပေါ့ဆမှုအတွက် ဤသို့ ဖြစ်ပျက်ရသည်ဟု ယူဆပြီး ဆရာကြီးအား အပြင်းအထန် တောင်းပန်လေ၏။

ထိုနေ့မှစ၍ ဆရာကြီးသည် မည်သည့်စကားမျှ သိပ်မပြောတော့၊ အနီးရှိ လသာကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးထံသို့ သွား၍သာ တစ်နေကုန် နေထိုင်လေ၏။ **ဗိုရုံတွင်လည်း ဗိုမထိုးတော့ပါ။** တစ်လတိတိ ကြာမြင့်သောအခါ ဆရာကြီးသည် အိမ်သားများအား ညပိုင်းတွင် ထူးခြားသော နှုတ်ဆက်စကားများ ပြောပြီး နောက်တစ်နေ့ နံနက်စောစောတွင် မည်သည့် ရောဂါဝေဒနာမျှ မဖြစ်ပေါ်ဘဲ ကွယ်လွန်သွားလေ၏။ ဆရာကတော်သည် ဆရာကြီး၏ ရင်အလောင်းအား တစိမ့်စိမ့်ကြည့်ရင်း နှုတ်မှ စကားအနည်းငယ် ပြော၏။ ပြောသောစကားမှာ...

'နောက်တစ်လကြာရင် ကျွန်မ လိုက်ခဲ့ပါ့မယ် ဆရာကြီးရယ်'

ဟု ဖြစ်၏။ ဆရာကတော်မှာလည်း ဆရာကြီးနှင့် တစ်လတိတိ ကွာ၍ မည်သည့်ရောဂါ အထွေအထူးမျှ မခံစားရဘဲ ကွယ်လွန်သွားလေ၏။ တပည့်ဖြစ်သူ မောင်ဖိုးထောင်မှာ သူ၏ ပေါ့ဆမှုကြောင့်သာ ဤသို့ဖြစ်ရသည်ဟု မဖြေနိုင်သည့်အတွက် ရဟန်းဘောင်သို့ ဝင်ရောက်သွားလေတော့၏။

ဤအဖြစ်အပျက်များသည် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က ဖြစ်ပျက်ခဲ့ပြီး အဖြစ်မှန်ကို အလွန် နီးကပ်စွာ သိရှိခဲ့သူများက တစ်ဆင့် ပြန်ပြောပြ၍ သိရှိရခြင်းဖြစ်၏။ ထို့အတူ ဤဖြစ်ရပ်ကို နီးကပ်စွာ သိရှိခဲ့သော စာရေးသူ၏ မိခင်ကြီးကိုလည်း မရှင်းလင်းသည့် အကြောင်းအရာများကို မေးမြန်းခဲ့ပါ၏။

စာရေးသူသည် လည်းကောင်း၊ မိခင်ကြီးသည်လည်းကောင်း အဂ္ဂိရတ်ပညာ, ဝိဇ္ဇာလမ်း စသည်နှင့် နီးစပ်မှု မရှိသူများ ဖြစ်ကြသည့်အတွက် ထိထိကျကျ အကြောင်းအကျိုး မရှင်းပြနိုင်ကြပါ။ သို့သော် သိနိုင်သမျှ လေ့လာမေးမြန်း၍ တင်ပြလိုပါ၏။

၁။ ဂမုန်းများတွင် အစောင့်ရှိသည် ဆိုသည်မှာ အမှန်တကယ် ဖြစ်ပါ၏။ တွေ့မြင်သူများ ရှိကြပါ၏။

၂။ ရွှေဖြစ်သော အဂ္ဂိရတ်ပညာမှာလည်း အမှန်တကယ် ရှိပါ၏။ အောင်မြင်မှု အနည်းအများ ကွာခြားလေ့ ရှိကြ၏။

၃။ ဗိုရုံအတွင်း ပေါက်ကွဲမှု (၂)ကြိမ် ဖြစ်ပွားခြင်းမှာ ဓာတ်ပြုမှုကြောင့်မဟုတ်ပါ။ ဗိုအောင်ပြီး သိဒ္ဓိပြည့်စုံသော ဓာတ်လုံး အောင်မြင်ခါနီးတွင် အခြား ဝိဇ္ဇာများက ဝင်ရောက်နှောင့်ယှက် လုယူကြခြင်း ဖြစ်ကြ၏။ ထိုသို့ လုယူခံရသောအခါ ပေါက်ကွဲမှု ဖြစ်ပွားပြီး ဓာတ်လုံးထိုးသူ၏ အသက်ကို ထိခိုက်တတ်၏။ ထို့ကြောင့် အနီးတွင် ကြက်ဖတစ်ကောင် ထားရှိပြီး ထိုသို့ ဝင်ရောက်လုယူရန် အခြား မမြင်တွေ့အပ်သော ဝိဇ္ဇာများ လာရောက်သည့်အခါ ယင်းကြက်က သိမြင်၍ အချက်ပေးခြင်း,တွန်ခြင်း ပြုလုပ်တတ်ကြ၏။

ထို့ကြောင့် **မြန်မာ့အဂ္ဂိရတ်ပညာသည် လျို့ဝှက်ဆန်းကြယ်ပြီး အနောက်နိုင်ငံများကဲ့သို့ ဓာတုဗေဒနည်းလမ်းသက်သက် မဟုတ်ပါကြောင်း တင်ပြအပ်ပါသည်။**

**ကောင်းသုခ**

www.burmeseclassic.com

# ရွှေပေါ်ကျွန်းမှ



အိပ်မက်ထဲက ကိုယ်တွေ့ဖြစ်ရပ်

မင်းမောင်သွား (မြောင်းမြ)

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်းရွာကြီးတွင်"**စေတော်ဝင်**" ကျောင်းတော်ဟူသော အမည်ဖြင့် အမိက သာသနာပြုစခန်းကြီးတစ်ခု ရှိပါသည်။

ယနေ့ထက်တိုင်အောင် ဘုရားဖူး များဖြင့် အသွားအလာမပျက် စည်ကား နေဆဲဖြစ်ပါသည်။

ရွှေပေါ်ကျွန်း၏ ထူးခြားချက် တစ်ခုမှာ ဘဝဟောင်းမှ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်တို့ကို ဖော်ထုတ်ရာ နယ်မြေ(စခန်း)ဟု အမိပ္ပါယ်ဖွင့်ဆိုကြပါ သည်။

ဖွင့်ဆိုချက်ကြောင့်လား မသိ ရွှေပေါ်ကျွန်း သာသနာ့နယ်မြေသည် အေးချမ်းသာယာလျက် မျှော်လေရာ ပတ်ဝန်းကျင်တိုင်း၌ လွမ်းစရာ ကောင်းနေသည့်အချက်က ထူးခြားနေ ပါသည်။

ကျွန်တော်သည် တောင်ပိုင်း ချင်းပြည်နယ် မင်းတပ်မြို့တွင် အ–ထ–က(၁)၌ အ–ထ–ပြအဖြစ် အမှုထမ်းနေစဉ်က တစ်နေ့တွင် ကျောင်းသားမိဘအိမ်တစ်အိမ်၌ ခေတ္တ ဝင်၍ နားပါသည်။

နံနက်ခင်းနှင်းမှုန်များ ဝေနေအောင် ကျနေသဖြင့် ထိုင်သည့်နေရာအနီးရှိ လက်လှမ်းမီရာ စားပွဲခုံမှ စာအုပ် တစ်အုပ်ကို ဆွဲယူဖတ်ရှုမိပါသည်။

ရွှေပေါ်ကျွန်း သာသနာပြုစခန်း ဆိုင်ရာ မဂ္ဂဇင်းစာအုပ်ဖြစ်နေပါသည်။ စာရေးဆရာ "မောင်သိန်းဆိုင်" ၏ အဖွဲ့အနွဲ့ အရေးအသား အယူအဆ တင်ပြပုံ များကောင်းလွန်း၍ ကျွန်တော် ရွှေပေါ် ကျွန်းကို မှန်းဆပြီး အရောက်သွားခဲ့ဖူး ပါသည်။

ယခု ကျွန်တော့်လက်တွေ့ ရောက် ရှိနေပါပြီ။ သို့သော် ဆရာမောင်သိန်း ဆိုင်လို မဖွဲ့နွဲ့နိုင်ပါ။

သူ့ကို (ဆရာ့ကို) အားကျ၍ ကိုယ် တွေ့ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးသား ဖြစ်ခဲ့ပါသည်။ ရွှေပေါ်ကျွန်းသည်...

သူ့လိုကိုယ့်လို ရွာကြီးပင် ဖြစ်ပါ သည်။

သို့သော် မတူပါ။

စိမ်းလဲ့ကြည်လင်နေသော တစ်မျှော် တစ်ခေါ် ရေကန်ကြီး အဖူးအငုံ၊ အပွင့် အဖတ်၊ အချပ်အလွှာအစုံစုံတို့ဖြင့် တင့်တယ်လျက် လေယူရာ ရနံ့ တသင်းသင်းဖြင့်လှချင်တိုင်းလှ၊ မွှေးချင် တိုင်းမွှေးနေသော ပဒုမ္မာကြာပင်များ၊ စကြံလျှောက်ရာ လမ်းကလေးများ တမာရိပ်၊ ထနောင်းရိပ်၊ သျှစ်ရှားရိပ် တို့ဖြင့် အေးမြနေသော တရားထိုင်ရန် နေရာ အဆောင်ကလေးများ။

တစ်ခေါက်ရောက်ဖူးမိလျှင် ထိုနေရာ [illegible]လေးသို့ နောက်ထပ်တစ်ခေါက် ပြန် [illegible]သွားချင်လောက်အောင် ဆွဲဆောင်နိုင် မှုရှိသော လွမ်းမောဖွယ်၊ ကြည်နူး ဖွယ်ရာ တရားစခန်းသာပင် ဖြစ်ပါ သည်။

ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ညီမလေးသဖွယ် သံယောဇဉ်တွယ်မိ သော ဆရာမဒေါ်ခင်နှင်းဝေတို့သည် တရားစခန်းကို ရောက်ခဲ့ကြပါသည်။

ကျွန်တော်သည် တရားစခန်းသို့ ရောက်ပင်ရောက်ချင် ညားသော်လဲ ဆရာတော်ကို တစ်ခါမျှ မဖူးမမြင်ခဲ့ဘူး သဖြင့် သွားရောက် ဖူးမြော်လိုကြောင်း ပြောသော် အခေါ်ဖြစ်သူက အဖြူအမဲ ဓာတ်ပုံတစ်ပုံကို ဘုရားစင်မှယူပြရင်း...

'အဲဒါ ဆရာတော်ကြီးရဲ့ ဓာတ်ပုံပဲ'

ဟု ပြောဆို တိုက်တွန်းရာမှ ရွှေပေါ်ကျွန်းသို့ ရောက်ရှိခဲ့ပါသည်။ မလှိုင်မြို့မှ ရွှေပေါ်ကျွန်းကားကိုစီးစဉ် က အခက်အခဲတစ်ခု ကြုံရပါ၏။ ကားဦးခန်းမှစီးလို၍...

'သူက နေမကောင်းဘူး။ တစ်ခါ မှလဲ မရောက်ဖူးဘူး။ ဒါကြောင့် ဦးခန်းမှ လိုက်ပါရစေ'

ဟု ညီမလေးက တောင်းပန်သည် ကို တောင်းပန်မှုဖြစ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ကားရှေ့တည့်တည့်ရှိ တမာပင်ကြီးကို စိုက်ကြည့်ရင်း ဆရာတော်၏ မျက်နှာတော်ကို မြင်အောင် ပုံဖော်၍ ဆုတောင်းနေမိပါသည်။

မကြာပါ...။ ကားဦးခန်းမှပင် စီးခွင့်ရခဲ့ပြီး ကျောင်းတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါသည်။

ကျောင်းတော်သို့အဝင် ဘယ်ဘက်အဆောင်ရှေ့၌ စက္ကူပန်းများ ရောင်စုံပွင့်နေသည့် ပန်းခြံကြီးကို တွေ့ရပါသည်။ စိတ်ထဲမှာလည်း...

**'ဒီအဆောင်မှာ တည်းလို့ရရင် သိပ်ကောင်းမှာပဲ'**

ဟု တွေးနေမိပါသည်။

အဆောင်တွေ အများကြီးရှိပါလျက်နှင့် ထိုအဆောင်တွင်ပဲ တည်းခွင့်ရခဲ့ပါသည်။

ထိုအဆောင်သည် ကြမ်းပိုး(ကျပိုး) အလွန်ထူသည်ဟု နာမည်ကြီးသဖြင့် သူတို့ကို မေတ္တာပို့ရင်း အိပ်စက်ရာ အစပထမတွင် တစ်ကောင်စ၊ နှစ်ကောင်စ မိတ်ဆက်သည့်အနေဖြင့် အကိုက်ခံရသော်လည်း နောက်ပိုင်းတွင် တစ်ကောင်မျှ မကိုက်တော့ပါ။

ထူးဆန်းသည်မှာ ဤပုံစံမျိုးကို အိပ်မက်ထဲတွင် အတိအကျ မြင်မိနေခြင်းပင်၊ ညနေဘက်ရေချိုးရန် ကျောင်းအနီးသို့အသွား ကျောင်းဝင်းအနီးသို့ ရောက်သော် အော်ဂင်သံကို ကျောင်းဝင်းထဲမှ ကြားရပါသည်။ သီချင်းတိုက်ရန် ပြင်ဆင်နေပုံရသည်။

နောက်မှသိရသည်မှာ ရွာစားနိုင်ငံကျော် ဂီတစာဆို "ဦးစိန်လှမြိုင်"က ရဲဝင်းစိန်၊ ညီဝင်းစိန်တို့ကို သီချင်းများ ချပေးနေကြောင်း သိခဲ့ရပါသည်။

စိတ်ထဲမှ...

'ဆရာတော်ကို အတီးနဲ့ ပူဇော်ချင်လိုက်တာ'

ဟု တောင့်တမိပါသည်။ ညီမလေးက ခဏစောင့်ဟု မှာခဲ့ပြီး သွားရောက်ဆက်သွယ်ရာမှ ဆရာတော်က ခွင့်ပြုကြောင်းသိရပြီး၊ ညချမ်းအချိန်တွင် ထိုနေရာသို့ ရောက်ခဲ့ပါသည်။ ဦးသန်းလှိုင် (ဂေါပကအဖွဲ့ဝင်)က ကျွန်တော့်ကို လာ၍ ပြောပါသည်။

'ဦးတေဇာလင်းဖေ ဆရာတော်က "ရတုတုရင်"သီချင်းကို တီးခိုင်းတယ်'

ဟု ပြောရာ ကျွန်တော်က...

**'မတီးတာကြာ၍ မေ့နေကြောင်း'**

ပြောမိပါသည်။ တကယ်လည်း မေ့နေပါသည်။

ရေဒီယိုနှင့် ဓာတ်ပြားအဆိုတော် **"ကျွန်တော့်ဆရာမောင်မောင်ညွှန့်"** သီဆိုထားပါသည်။

'ဆရာတော်ခိုင်းရင် တီးသာတီး တီးရင်းနဲ့ အလိုလို ဖြစ်သွားလိမ့်မယ်'

ဟု ဦးသန်းလှိုင်က ပြောပါသည်။

ထိုစကား အသွားအလာအရ ရွှေပေါက်ကျွန်းတွင်...

**'ဆရာတော်ကခိုင်းလျှင် လုပ်သာလုပ် ဖြစ်တယ်'**

ဟု ခေတ်စားပါသည်။

တကယ်လည်း ဟုတ်ပါသည်။ တီးရင်း ဆိုနေရင်း သူ့အလိုလို စာသားများ၊ အသံများ ဖြစ်ပေါ်လာပြီး အဆင်ပြေသွားသည်မှာ အံ့သြစရာကောင်းလှပါတော့သည်။

ဆရာတော်သည် တစ်ဖက်သား၏ အခြေအနေနှင့်စိတ်ဓာတ်ကို ကြိုတင်သိနေခြင်းကပင် ကြည်ညိုဖွယ်ရာဖြစ်ပါတော့သည်။ အခြားသောပုဂ္ဂိုလ်များကို မညွှန်းပါ။ ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ပါသည်။

ကျွန်တော်တို့ မန္တလေးပြန်ရန် ငွေမလုံလောက်တော့ပါ။ ရွှေပေါက်ကျွန်းမှ ထုတ်ဝေသော မဂ္ဂဇင်းစာအုပ်တစ်အုပ်ကိုလည်း ဝယ်ချင်ပါသည်။ သုဝဏ္ဏသာမဇာတ်မှ **"သားရွှေအိုးထမ်းသည့်"** မျက်နှာဖုံးပုံဖြစ်ပါသည်။

ဆရာတော်၏ ဓာတ်ပုံကိုလည်း ပူဇော်ချင်ပါသည်။ မင်းတပ်တွင်ရှိစဉ်ကတည်းက ထိုမဂ္ဂဇင်းကို စိတ်ဝင်စား၍ဖြစ်ပါသည်။

ငွေလိုသည်မှာ အမှန်ပါ။ ကားထွက်ခါနီးပါပြီ။ ဂေါပကအဖွဲ့မှ စာရေးဆရာ "မြေလတ်မြတ်သူ"ကလှမ်း၍ခေါ်သဖြင့် အနီးသို့သွားသော် ဆရာတော်ကို ဖူးမြော်ခိုင်းပါသည်။

ဆရာတော်က ပြုံး၍ကြည့်နေရင်းမှ ရှေ့တွင်ရှိသော စားပွဲခုံကို လက်နှင့်ပုတ်ရင်း...

'သူ့ကိုကျောင်းမှာ သင်တန်းပေးဖို့ ခေါ်ခိုင်းရမယ်ကွ'

ဟု ကျွန်တော့်ကိုကြည့်ရင်း မိန့်ပါသည်။ တစ်ခွန်းတည်းသာ ဖြစ်ပါသည်။

ထို့နောက် မုန့်ဖိုးချီးမြှင့်ပါသည်။ ကားခ၊ ထမင်းဖိုး၊ ဝယ်ချမ်းစရာ လက်ဆောင်ပစ္စည်း၊ စာအုပ်ဖိုးအပြင် မန္တလေးသို့ အဆောင်ရောက်သည်အထိ အလျှံပယ် စွန့်ကြဲပါသည်။ အံ့သြ၍ပင် မဆုံးနိုင်တော့ပါ။

ဤသို့ဖြင့် နောင်တစ်ချိန်တွင် ဤ "စေတော်ဝင်"ကျောင်းတော်၌ အမြဲနေထိုင်ခဲ့ရသည့်အဖြစ်သို့ ရောက်ခဲ့ရပါတော့သည်။

ရွှေပေါက်ကျွန်းတွင် နေထိုင်ခဲ့စဉ်က တိုက်ဆိုင်လွန်းလှသော ထူးဆန်းသည့် အိပ်မက်တစ်ခု မက်ပါသည်။

ကျွန်တော်နေထိုင်ရာ အဆောင်သို့ ဆရာတော်ဘုရား ကြွလာပါသည်။ ကျွန်တော်က အံ့အားသင့်စွာဖြင့် နေရာထိုင်ခင်း ပြုလုပ်ဆောင်ရွက်ပေးပြီး...

'ဆရာတော် နေမကောင်းဘူးလို့'

ဟု မိန့်သဖြင့် နောက်မှနေ၍ ဆရာ

www.burmeseclassic.com

တော်၏ခါးကို အသာမှီထားပါသည်။

ဆရာတော်က ကျွန်တော့်ကိုမှီထားရင်း ရှေ့သို့ ငေးကြည့်နေစဉ် ကျွန်တော်၏ဖခင်က အဆောင်တွင် ချိတ်ဆွဲထားသော မောင်းကြီးများကို လက်ခတ်နှင့် တီး၍ ဆရာတော်ကို လျှောက်ပါသည်။

'တပည့်တော်ရဲ့သားကို ဝယ်ပေးမလို့ဘုရား'

ဟု လျှောက်သော်...

'အေး... ကောင်းသားပဲ'

ဟု မိန့်ပါသည်။ ကျွန်တော်က...

'ဆရာတော် နေမကောင်းဘူးလားဘုရား'

ဟု မေးသော်...

'အေး...ညာဒူး တော်တော်ကြီးကို နာနေတယ်ကွ'

ဟု မိန့်ဆိုရင်း ကျောင်းတော်သို့ ပြန်လည်ကြွသွားပါသည်။

နောက်တစ်နေ့ညနေ မိုးချုပ်စတွင် ကျွန်တော်က ဆရာတော် သီတင်းသုံးရာအတွင်းတိုက်သို့ သွားရောက်ဖူးကာ ရန်ကုန်ကို ခေတ္တပြန်ဖို့ လျှောက်တင်ပါသည်။ ဆရာတော်က လေသံအေးအေးစွာဖြင့် **"နီးမှသွားတာပေါ့"** ဟုသာ မိန့်ပါသည်။

ထိုအချိန်တွင် ဆရာတော်၏ ယခင်ဘဝက မယ်တော်၊ ယခုဘဝ၌ "ဦးစန်းထွန်း–ဒေါ်ညွန့်ရီ"၏ သမီးထွေး ငါးနှစ်အရွယ်ခန့်ရှိသော **"မဖြူဖြူသင်း"** ကလေးက ကလေးသဘာဝ ဆရာတော်၏အနီးတွင် ရပ်လျက် ဖယောင်းတိုင်များကို မီးမှုတ်တမ်းကစားနေသည်။

ဖယောင်းတိုင် တစ်တိုင်ပြီးတစ်တိုင် ပါးစပ်က **"ဖုန်းကြီး"** ဟု ရွတ်ဆိုလိုက်၊ ဖယောင်းတိုင်မီးများ ငြိမ်းသွားလိုက်၊ **"ဖုန်း"** ဟုဆိုတိုင်း ဖယောင်းတိုင်မီးက ငြိမ်းသွားသည်ကို သူသဘောကျ၍



ဆက်မှုတ်နေသည်။

တစ်ခါတစ်ရံ "ဖူး" ဟူ၍ မှုတ်ပြလိုက်သေးသည်။

'တွေ့တယ်မဟုတ်လား၊ "ဖူး" လို့ မမှုတ်ချင်လို့ "ဖုန်း" လို့ မှုတ်တာ'

ဟူသည့် အသွင်ဆောင်သည့် အပြုံးကလေးဖြင့် လှည့်၍ကြည့်သေးသည်။

ဆရာတော်က သဘောကျစွာဖြင့် ဖက်လက်ကုလားထိုင်တွင် သီတင်းသုံးရင်းက ကလေး၏ဆော့ကစားနေပုံကို ပြုံးပြုံးလေး ငေးကြည့်နေသည်။

ကျွန်တော်က အဆောင်သို့ပြန်ရန် လှည့်၍အထွက်တွင် "ဖြူဖြူသင်း" ၏ ထိပ်ကို အသာပုတ်၍ နှုတ်ဆက်မိသော် ခေါင်းကိုငုံ့၍ ရှောင်ရင်း...

**"သွား...အလုပ်ရှုပ်"** **"အခေါ်ဘူး"** ဟု နှုတ်ခမ်းစူ၍ မျက်စောင်းထိုးသည်ကို ဆရာတော်က သဘောကျစွာ ပြုံးနေတော်မူ၏။

'ကိုင်း...ဖြူဖြူသင်း အဘသွားတော့မယ်'

ဟု သူ့ကို နှုတ်ဆက်တော့လည်း...

'သွားပေါ့ ညံ့ညံ့သွား'

ဟု နှုတ်ခမ်းစူသည်။

ဤသို့နှင့် ကျွန်တော်အဆောင်သို့ ပြန်ခဲ့သည်။

ဤတွင် ဆရာတော်၏တပည့်ရင်း အတွင်းတိုက်ထဲ၌ ဆရာတော်နှင့်အတူ နေထိုင်သူ ကိုဝင်းမြင့်ဦးက ကျွန်တော်၏နောက်သို့ ပြေးလိုက်လာပြီး...

'ဦးတေဇာလင်းဖေ ခဏခဏ... မနေ့က အိပ်မက်ထဲမှာ ဆရာတော် ညာဒူးနာနေတယ်လို့ မိန့်တယ်ဆို'

ဟု ကျွန်တော့်ကို မေးပါသည်၊ ကျွန်တော်ကလည်း...

'အင်း... ဟုတ်တယ်လေ ညာဒူးနာနေတယ်လို့ သေသေချာချာကြီးကို မိန့်တာ ကျွန်တော်ကတောင် ဆရာတော်ရဲ့ခါးကို နောက်ကနေပြီး ဖေးမထားရသေးတယ်လေ'

ဟုပြောသော် ကိုဝင်းမြင့်ဦးက အံ့သြစွာ ငေးကြည့်နေရင်း...

'အင်း... အခုလဲ ဆရာတော် ညာဒူး တစ်ဖက် တော်တော်ကြီးကို နာနေတယ်'

ဟု ပြောပါသည်။ ကျွန်တော်က...

'ဟာ... တိုက်တိုက်ဆိုင်ဆိုင်ကြီးဗျာ၊ တော်တော်ကြီးကိုပါပဲ၊ ကျွန်တော့်အတွက်တော့ သိပ်ပြီး ထူးဆန်းတယ်ဗျာ၊ အိပ်မက်က အပြင်မှာ တကယ်ဖြစ်နေသလိုပါပဲလားဗျာ'

ဟု ပြောရင်း အဆောင်သို့ ပြန်လာခဲ့ပါတော့သည်။ စိတ်ထဲမှာလည်း...

'အင်း... ဖြူဖြူသင်းတော့ သူ့ဘဘ ဖယောင်းတိုင်ထုပ်တွေ ကုန်အောင် မှုတ်ပြီး ကစားနေတော့မှာပဲ'

ဟူ၍ စဉ်းစားလာခဲ့ပါသည်။

ဤ အကြောင်းအရာများသည် ရွှေပေါ်ကျွန်းတွင် ကျွန်တော်ရှိနေစဉ် အခါက ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်များဖြစ်ပြီး ထူးဆန်းတိုက်ဆိုင်သော ကျွန်တော်၏ အိပ်မက်များဖြစ်ပါသည်။

အခြားသောသူတို့လည်း ဤသို့ တိုက်ဆိုင်ကြုံတွေ့ကြမည်ဟု စာနာစိတ်ထား၊ ကရုဏာပွားလျက် ဤဆောင်းပါးဖြင့် ရွှေပေါ်ကျွန်းသို့ အမှတ်တရ အလွမ်းစာခွေအဖြစ် တင်ပြမိပါသတည်း...။

**မင်းမောင်ဘွား (မြေပြင်းမြို့)**



www.burmeseclassic.com

www.burmeseclassic.com



ဘိ(အမရပူရ)

# ပင်းယ ရွှေစည်းခုံဘုရားကြီး

## လျှပ်စစ်မီးပူဇော်ရန် မီးစက်ဖိုးငွေထစ်ရာ လာလှူသော ဘုန်းဘုန်းယဇနီးမောင်နှံ

တံတားဦးမြို့နယ်၊ စကားအင်းရွာတွင် တည်ထားကိုးကွယ်သော မဟာရွှေစည်းခုံဘုရားကြီးသို့ ကျွန်မတို့မိသားစု ဘုရားဖူးသွားကြပါသည်။ မဟာရွှေစည်းခုံဘုရားကြီးကို ရှေးပင်းယခေတ် တစည်းရှင်သီဟသူမင်းသည် သက္ကရာဇ် ၆၅၄ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ပါသည်။

ရှေးဟောင်း ဘုရားတစ်ဆူဖြစ်ပြီး ပြန်လည်ပြုပြင်ကာ ရှေးစေတီဘုရားပျက်ကြီးကို အသစ်မွမ်းမံ တည်ထားကိုးကွယ်ထားသည်ကိုဖူးတွေ့ရပါသည်။

ရွှေစည်းခုံ ကျောင်းတိုက်တွင် သီတင်းသုံးနေသော သံဃာတော် (၃)ပါးကိုပင့်ပြီး ဆွမ်းခဲဖွယ်များ ကပ်ကာ ဝတ္ထုငွေ,သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများဆက်ကပ်ခဲ့ပါသည်။

ရေစက်ချ တရားနာပြီးချိန်တွင် ဦးပဥ္စင်းတစ်ပါးမှ ဘုရားကြီးအကြောင်းကို ဗဟုသုတအဖြစ် ပြောပြပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် ဦးပဥ္စင်း ငယ်စဉ်ကလေးဘဝက ဦးလေးတော်သော ဆရာတော်သည် ရွှေစည်းခုံဘုရားတွင် ကျောင်းထိုင်ပါသည်။

ကျောင်းထိုင် ဆရာတော်သည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံပါသည်။ လောကီပညာတို့ကိုလည်း တတ်ကျွမ်းပါသည်။

ရွာတွင် လျှပ်စစ်မီး မရသေးသောကြောင့် ရေနံဆီမီးအိမ်၊ ဖယောင်းတိုင်တို့ကိုသာ အားထားရပါသည်။ ရွှေစည်းခုံ ဘုရားကြီးတွင်လည်း အောက်လင်းဓာတ်မီးအိမ်၊ ဖယောင်းတိုင်မီးတို့သာ မီးပူဇော်နိုင်ပါသည်။

ဘုရားလူကြီးများ အဖွဲ့သည် ဘုရားကြီးအား လျှပ်စစ်မီးထွန်းကာ ပူဇော်ချင်သည့် ဆန္ဒများ ရှိနေကြပါသည်။ မီးစက်ထွန်း ပူဇော်လျှင် ဘုရားကြီးအား ညတွင် ကြည်ညိုဖွယ် ပူဇော်နိုင်မည် ဖြစ်ပါသည်။

ဘုရားလူကြီးများက ဆရာတော်အား မီးစက်တစ်လုံးရှိလျှင် ဘုရားကြီးမီးပူဇော်ရန်ရကြောင်း လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်က ခေတ္တ[illegible]စောင့်ခိုင်းထားပါသည်။ တစ်နေ့တွင်

www.burmeseclassic.com

သုံးရက်လောက်နေလျှင် အလှူငွေရမည်ဖြစ်ကြောင်း ဆရာတော်က မိန့်လာပါသည်။

အလှူရှင် မည်သူဖြစ်ကြောင်း၊ မည်သည့်အရပ်မှ လာမည်ဖြစ်ကြောင်းလည်း ဘုရားလူကြီးများ မသိကြပါ။

သုံးရက်ပြည့်သည့်နေ့တွင် ဆရာတော်ထံ ရှေးခေတ်ပုံစံ သျှောင်ထုံးနှင့် ယောကျ်ားကြီးတစ်ဦး၊ မိန်းမကြီးတစ်ဦးတို့ ရောက်လာကာ အလှူငွေ(၁၀၀)ကျပ်ကို ဆရာတော်ထံ လှူပါသည်။

ထိုခေတ်က ငွေ(၁၀၀)ကျပ်သည် တန်ဖိုးရှိပြီး မီးစက်တစ်လုံး ဝယ်နိုင်သည့် ပိုက်ဆံဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးကျပ်တန် ရွက်ရေနှစ်ဆယ် ဖြစ်ပါသည်။

ထိုအချိန်တွင် ဦးပဥ္ဇင်းငယ်သည် ကလေးဘဝအရွယ်ဖြစ်၍ ဆရာတော်၏ ဘေးတွင် ရှိနေခဲ့ပါသည်။ ရှေးခေတ်ပုံစံ ရှေးခေတ်အဝတ်အစားများနှင့် ဖြစ်၍လည်း ထူးထူးဆန်းဆန်း ဖြစ်နေခဲ့ပါသည်။

ထိုထူးဆန်းသော ဖနီးမောင်နှံသည် ငွေ(၁၀၀)ကျပ်ကို ဆရာတော်ထံ ကပ်လှူပြီး ကန်တော့ကာ ကျောင်းတိုက်အတွင်းမှ ထွက်သွားကြပါသည်။

ခဏအကြာတွင် ဆရာတော်အား ဝတ်ပြုသည့် ဦးပဥ္ဇင်းတစ်ပါး ရောက်လာပါသည်။ ထိုဦးပဥ္ဇင်းသည် ဆရာတော်အား ဆံရိတ်ပေးရန် ရောက်လာခြင်း ဖြစ်ပါသည်။

ဦးပဥ္ဇင်းသည် ဆရာတော်ကျောင်းတိုက်တွင်းမှ ထွက်လာသော ရှေးခေတ် ဖနီးမောင်နှံကို တွေ့သဖြင့် ကြည့်သောအခါ ဦးခေါင်းအောက်သို့ ငုံ့ထားကြပြီး ခပ်သုတ်သုတ် ထွက်သွားကြပါသည်။ မမြင်ဘူးသော ရှေးခေတ်ပုံစံ လူစိမ်းများ ဖြစ်သဖြင့် ကြည့်မိပါ



သည်။

ဦးပဥ္ဇင်းကို မကြည့်ကြဘဲ ထွက်လာပြီး ဘုရား၏ အနောက်တောင်ဘက်သို့ ထွက်သွားသဖြင့် လိုက်ကြည့်လိုက်ပါသည်။ ဦးပဥ္ဇင်းမှ နောက်က လိုက်သောအခါ ထိုဖနီးမောင်နှံသည် အနောက်တောင်အရပ်မှ တောင်ဘက်သို့ ရောက်နေသည်ကို တွေ့လိုက်ရပါသည်။

ဦးပဥ္ဇင်းမှ ပြေးပြီး လိုက်သော်လည်း သာမန်လူများ သွားနေသည်ထက် ပိုလျင်မြန်နေပြီး လိုက်မမီပါ။ ဦးပဥ္ဇင်းက နောက်က လိုက်နေရင်း မျက်စိရှေ့မှာပင် ပျောက်သွားကာ မည်သည့်နေရာ ရောက်သွားမှန်းမသိဘဲ လိုက်ရှာမမီ ဖြစ်သွားပါသည်။

ဘုရားတောင်ဘက်မှ အရှေ့ဘက်ထိ လိုက်ရှာသော်လည်း လူရိပ်လူယောင်မျှ မတွေ့သဖြင့် မကျေမနပ်ဖြစ်ကာ ဆရာတော်၏ ကျောင်းတိုက်သို့ မောပန်းစွာ ရောက်လာပါသည်။ ကျောင်းထဲတွင် ထိုင်နေသည့် ဆရာတော်ထံ ရောက်လာပြီး...

'အရှင်ဘုရား... စောစောက ကျောင်းတိုက်ထဲက ထွက်သွားတဲ့ ဧည့်သည်တွေ ဘယ်ကလဲ ဘုရား၊ လူစိမ်းတွေမို့ လိုက်ကြည့်တာ မမီလိုက်ဘူး၊ မြန်လိုက်တာ လွန်ပါရော ဘုရား'

ဟု လျှောက်လိုက်ရာ ဆရာတော်မှ ပြုံးပြီး...

'ဘယ်လိုက်လို့ မီမှာလဲ၊ သာမန်လူသားတွေမှ မဟုတ်တာ၊ သိုက်မှာ နေကြတဲ့ ဘုမ္မိယတွေလေ'

ဟု ပြောလိုက်ပါသည်။

ထိုအခါ ဦးပဥ္ဇင်းမှ မည်သည့်အကြောင်းကိစ္စနှင့် ဆရာတော်ထံ လာကြောင်း မေးလျှောက်ရာ ဆရာတော်မှ...

'ပင်းယရွှေစည်းခုံ ဘုရားကြီးအတွက် အလှူငွေ လာလှူကြတာ၊ ဟောဒီမှာ လှူထားတဲ့ ငွေတစ်ရာ၊ ဘုရားကြီးကို လျှပ်စစ်မီးပူဇော်ဖို့ မီးစက်ဖိုးအလှူငွေ'

ဟု ပြန်ပြောကာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးကျပ်တန် အရွက်နှစ်ဆယ်ကို ပြလိုက်ပါသည်။

ထိုငွေတစ်ရာသည် မီးစက် ဝယ်နိုင်သော ငွေအတိုင်းအတာ ဖြစ်ပါသည်။ ဦးပဥ္ဇင်းသည် အံ့ဩထူးဆန်းသော မျက်နှာဖြင့် ဆရာတော်ကို ကြည့်နေမိပါသည်။

ထိုငွေတစ်ရာကို ဘုရားလူကြီးများသို့ ပေးသောအခါ ဆရာတော်ကို ထူးဆန်းစွာ အလှူငွေ ရရှိပုံကို မေးကြပါသည်။ မကြာမီ ထိုငွေတစ်ရာဖြင့် မန္တလေးသို့ မီးစက် သွားဝယ်ကြပါသည်။

မဟာရွှေစည်းခုံ ဘုရားကြီးအား ညစဉ် မီးစက်ဖြင့် လျှပ်စစ်မီး ပူဇော်နိုင်ခဲ့ကြပါသည်။ ဘုမ္မိယသိုက်မှ ငွေတစ်ရာ လာလှူသော ရှေးခေတ်ပုံစံ ဖနီးမောင်နှံအားလည်း လျှပ်စစ်မီး ကုသိုလ်ကောင်းမှုကို အမျှအတန်း ဝေခဲ့ကြပါတော့သည်။

**[ဦးပဥ္ဇင်းဦးလာဘ ပြောပြသည်များကို ရေးဖွဲ့ပါသည်။]**

**ချို(အမရပူရ)**





www.burmeseclassic.com

www.burmeseclassic.com



# ငှက်မုဆိုးနှင့်

ချိုးလည်ပြောက်

စေတုတ္တရာ မုန်းအနောက်ကြိုးဝိုင်း ထဲက ဝေါ်ချောင်းများမှာ ကျွန်းသတ် ပင် ပေါပေမယ့် လျာထားချက် မပြည့် တတ်လို့ ဝေါ်ချောင်းနှင့် ဒွေးချောင်း အဆုံဘက်က သစ်ကွက်ကို ဆက်ပြီး ချီတက်ခဲ့ကြရပါပြီ။

တောအမျိုးအစားကလည်း အထက် ရွက်ပြတ်ရော တောစိုဆိုတဲ့အတိုင်း တောက စိမ်းစိုညိုမှိုင်းနေသည်။ ကျွန်း၊ ပျဉ်းကတိုး၊ပိတောက်၊ ထောက်ကြံ့ပင်၊ နဘဲ၊ သတီ၊ နှောဆိုသည့် သစ်ပင်ကြီး တွေကလည်း ပေါမှပေါ။

သည့်တော၏အခြေက စိမ့်စမ်းတွေ ကောင်းလှသည့် မြေပြင်ကို တောတွေ ထွင်ပြီး လယ်ပြင်ဖြစ်အောင် တည်ထား ကြသည်။

ရွာနှင့် အလှမ်းဝေးပေမယ့် ဝမ်းရေး အတွက် စပါးအထွက်ကောင်းသည့် မိုးကောင်လယ်တွေကို လုပ်ကြသည်။ လယ်တောတိုင်းတွင် ခြေတံရှည် လယ်တဲတွေကလည်း အစီအရီနှင့် ရှိသည်။

စပါးရိတ်သိမ်းပြီးချိန်ဆိုလျှင် လယ် တဲတွေမှာ လူမနေကြတော့။ ဒီတဲ လွတ်တွေက စာရေးသူတို့ သစ်တော ဝန်ထမ်းတွေအတွက် နေရေးထိုင်ရေး အဆင်ပြေလှသည်။

အလုပ်သမားတွေက . တစ်တဲ၊ ဝန်ထမ်းတွေက တစ်တဲ ခွဲနေရပေမယ့် တစ်တဲနှင့်တစ်တဲက သိပ်မဝေးလှ၊ အော်ခေါ်၍ရသည်။ တောထဲမှာ နေကြ ရသည့် သဘာဝ ကျားလို၊ ကျားသစ်လို သားရဲတွေကို ကြောက်ကြရသည်။

အရေးကြုံလျှင် လူချင်းဆုံပြီး စုပြု ကာကွယ်နိုင်ဖို့ ဒီလိုနေကြရသည်ဟု နတ်ကြီးရွာသား သင်းသတ်လုပ်သား ကိုရှဲက ပြောပြသည်။

ကိုရှဲက ချင်းတိုင်းရင်းသား တော လည်း ကျွမ်းသည်။ သူ မရောက်ဘူး သည့် တောမရှိ ဘယ်တောမှာ ကျွန်း ပေါသည်၊ ဘယ်တောက ပီတောက် ပေါသည်မှအစ ပြောပြနိုင်သည်။

www.burmeseclassic.com

ဒွေးချောင်းဖျားက ရခိုင်ရိုးမကို ကျော်သည့်အခါ လည်ပြီချောင်း လက်တက်ကို ရောက်သည့်အကြောင်း **ဒွေးချောင်း ရေလဲအနောက်ရိုးမ တောင်ကြောပေါ်က တလက်လက် တောက်ပနေသည့် အရောင်တွေ မြင်လို့ သွားကောက်ပြီး နားလည်သည့် လူကြီးတွေကို ပြကြည့်တော့ နတ်သေ့ကျောက်နှင့် မြိုင်စိန်တွေ** ဖြစ်ကြောင်း သိခဲ့ရပုံတွေကိုလည်း ပြောပြသည်။

ဒွေးချောင်းဖျားနှင့် ငတ်ချောင်းဖျားတွေမှာ **ဒီးနတ်ငှက်ကြီး**တွေ ပေါကြောင်း။ ပြောင်တို့ ဆတ်တို့ ရှိပေမယ့် အနေကျစ်လို့ တွေ့ခဲ့ကြောင်း။ ကျီ(ချေ)ကတော့ ပေါကြောင်း၊ ကျားတို့ ကျားသစ်တို့က သူတို့ ငယ်ငယ်က လယ်တောတွေထိ မကြာမကြာ ဆင်းလာတတ်တယ်ဆိုတာ သိရပေမယ့် ခုတော့ မရှိသလောက် ရှားနေပြီဖြစ်ကြောင်း…

ဒီလို သားကောင်ကြီးတွေ ရှားသွားတာဟာ တူးမီးသေနတ်တွေနှင့် အမဲလည်သည့် တောင်ပေါ်သားတွေကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။

ကိုရှဲက ကျန်သည့် ကျွန်းသင်းသတ်လုပ်သားတွေနှင့် ကျွန်းပင်တွေကို သတ်သည်။ ရင်စို့ လုံးပတ်(၆)ပေ (၆)လက်မကျော်၊ ခုနစ်ပေ၊ ရှစ်ပေရှိတဲ့ ကျွန်းပင်ကြီးတွေ၏ ပင်စည်ရင်းမှာ ကျွဲနှံ့နှင့် ရစ်ပြီး အနှစ်သား နှစ်လက်မလောက်ပေါ်အောင် ခုတ်ဖြတ်သတ်လျှင် ကျွန်းပင်က သေသည်။

ဤနည်းဖြင့် ကိုရှဲတို့ လုပ်သားတွေက စာရေးသူ သတ်မိန့်ပေးထားသည့် ကျွန်းပင်တွေကို ရွေးသတ်ကြသည်။ မှန်ထစ်တွေလည်း ထစ်ရသည်။

စာရေးသူနှင့် တောခေါင်း မောင်မောင်က ရှေ့မှ တောတိုးပြီး



ကျွန်းပင်ရှာ ပေကြိုးနှင့် တိုင်တာပြီး သတ်ရမည့် ကျွန်းပင်ကြီးတွေကို ရှာပေးထားသည်။

တောခေါင်း ကိုတုတ်က နောက်မှ လိုက်ပြီး ကိုရှဲတို့ သတ်ထားသည့် ကျွန်းပင်၏ မှန်ထစ်ပေါ်မှာ နံပါတ်နှင့် တံဆိပ်ရိုက်နှိပ်ရင်း သီချင်း တကြော်ကြော် အော်နေတတ်သည်။

ကျွန်းသတ်ရက် တောတက်သည့်နေ့ဆိုလျှင် တောတစ်ခွင်မှာ **"သတ်ပင်"**၊ **"ချန်ပင်"**အော်သံ၊ တစ်ယောက်နှင့် တစ်ယောက် "ဝူး" ဟစ် ခေါ်ထူးသံ၊ လုပ်သားတွေ၏ ကျွဲနှံ့ပေါက်သံ၊ ဓားတောက်သံ၊ တစ်ချက် တစ်ချက် ထွက်လာတတ်သည့် ချေဟောက်သံ၊ လန့်ကြောက်ပြေးသည့် တောကြက်တွေ၏ တောင်ပံခတ်သံတွေက လွင့်ပျံ့နေလို့ လက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေထဲကလို **"တောကြီးဆိတ်သည်"** မဟုတ်တော့ပါ။

ညအချိန် ဆောင်းမီးဖိုဘေးမှာ စာရေးသူ စာရင်းလုပ်နေလျှင် ကိုရှဲ အမြဲလာကြည့်သည်။ မီးလှုံရင်း၊ ဓားသွေးကျွဲနှံ့သွေးရင်း သူ သိချင်တာတွေကို မေးသည်။ ကိုရှဲ သိချင်သည့် အကြောင်းတွေကလည်း သစ်တောလုပ်ငန်းတွေနှင့် ဆက်စပ်နေလေသည်။

'ဆရာတို့က ကျွန်းပင်တွေကိုပဲ စာရင်းကောက်ပြီး ရွေးသတ်နေတာ တခြားသစ်ပင်တွေကိုတော့ ဒီလို မလုပ်ဘူးလား'

'လုပ်တာပေါ့ တခြားသစ်ပင်ကြီးတွေကိုလဲ ကွင်းနင်းပြီး စာရင်းမှတ်တယ်၊ ပင်ထောင်မှာ နံပါတ်တွေ ရိုက်ထားတယ်၊ ကျွန်းပင်ကြီးတွေလိုတော့ မသတ်ရဘူး'

'တခြားအပင်ကြီးတွေကိုတော့ ဘာကြောင့် မသတ်တာလဲ'

ကိုရှဲက သူသိချင်တာကို ရွေးပြီး မေးနေပြီ၊ စာရေးသူက လုပ်လက်စ စာရင်းတွေကိုချပြီး သူ နားလည်အောင် ရှင်းပြရတော့မည်။ ရှင်းပြရမှာကလည်း ရှည်လှဝေးလှသည်။ ကျွန်းနှင့် သစ်မာ တန်ဖိုးချင်း မတူတာကိုလည်း သူ သိစေချင်သည်။

သဘာဝ သစ်တောကြီးတွေထဲက နိုင်ငံတော်၏ စီးပွားရေးအတွက် သစ်သယံဇာတတွေကို ထုတ်လုပ်သည့် လုပ်ငန်းကြီး နှစ်မျိုးရှိကြောင်း။ တစ်မျိုးက ကျွန်းသစ်တွေကို ထုတ်လုပ်ခြင်းနှင့် ကျန်တစ်မျိုးက သစ်မာတွေကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း…

ကျွန်းနှင့် သစ်မာထုတ်လုပ်မည်ဆိုလျှင် အလုပ်စီမံချက်(Working plan) ရေးဆွဲထားသည့် ခုတ်ပတ်၊ သက်ပတ်စေ့ ရောက်သည့် သစ်ကွက်တွေမှ ကျွန်းပင်တွေကို သတ်သည့် အလုပ် စ,လုပ်ရကြောင်း။ သစ်ပင်တွေ၏ ကြီးထွားပုံစနစ်က ကတော့ပုံဖြင့်ပြီး တစ်နှစ်ပြီး တစ်နှစ် တစ်ရစ်ပြီး တစ်ရစ် တိုးတက်ကြီးထွားကာ မြင့်မားလာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း…

သစ်ပင်တွေ၏ တစ်နှစ်တစ်နှစ် ကြီးထွားလာသည့် အရစ် အရစ်တွေကို သစ်ပင်တစ်ပင်၏ ပင်စည်ကို ဖြတ်ကြည့်သည့်အခါ အကွင်းလေးတွေ တွေ့ရမှာဖြစ်ကြောင်း၊ အဲဒီကွင်းတွေကို **နှစ်ကွင်း**(Annual ring) ခေါ်ကြောင်း။ ဒီနှစ်ကွင်းတွေကို ကျွန်းသစ်ဖြတ်ပိုင်းတွေမှာသာ ထင်ထင်ရှားရှား တွေ့ရကြောင်း…

**ထင်ထင်ရှားရှားတွေ့ရသည့် ကျွန်းဖြတ်ပိုင်း၏ နှစ်ကွင်းတွေကို ရေတွက်စစ်ဆေးကြည့်သည့်အခါ နှစ်ပေါင်း(၃၀)မှာ လုံးပတ်တစ်ပေပတ်ရှိပြီး ကြီးထွားတာ တွေ့ရကြောင်း။ ထို့ကြောင့် ကျွန်းပင်တွေ၏ နှစ်(၃၀)မှာ တစ်ပေပတ်လာသည့် အတိုင်းကို ထုတ်ယူပို့ သစ်ကွက်တစ်ကွက်ကို ကျွန်းသင်းသတ်ထိပ်ပို့ နှစ်(၃၀)သတ်မှတ်ထားတာဖြစ်ကြောင်း…**

သစ်မာပင်တွေက ကြီးထွားနှုန်းနည်းပါးလို့ နှစ်ကွင်း မထင်ရှားကြောင်း၊ နှစ်ကွင်း မထင်ရှားသည့်အတွက် သစ်မာပင်၏ အသက်တွက်ဖို့ ခက်လို့ သစ်မာပင်တွေ၏ ခုတ်ပတ် သက်ပတ်ကို ကျွန်းသင်းသတ်သည့် နှစ်မှာပဲ ပင်ထောင်ရိုက်မှတ်ဖို့ သတ်မှတ်ထားကြောင်း…

ကျွန်းပင်တွေကို သတ်ပြီးမှ ထုတ်လုပ်တာက အဖိုးတန်ကျွန်းသစ်တွေ ခြောက်ပြီး အသားသေဖို့ ခုတ်လှဲသည့်အခါ အပျက်အစီးနည်းဖို့ သယ်ယူပို့ဆောင်သည့်အခါ ပေါ့ပါးဖို့ ဖောင်ဖွဲ့မျှောသည့်အခါ ရေပေါ်ပေါ်ဖို့ သတ်ပြီး ပင်ထောင်ကို (၃)နှစ်ထားပြီးမှ ခုတ်ယူရတာဖြစ်ကြောင်း…

သစ်မာပင်တွေကို ကျွန်းလို မသတ်တာက သစ်၏ အလေးချိန်မှာ စိုတာနှင့် ခြောက်တာ သိပ်မကွာလို့ မြစ်ချောင်းတွေထဲ ဖောင်ဖွဲ့မျှောသည့်အခါ ကျွန်းသစ်လို ရေပေါ် မပေါ်လဲ ဝါးတွေ



နှင့် တွဲမျှောမှ မျောလို့ သတ်ပြီးမှ ထုတ်တာနှင့် မသတ်ဘဲ ထုတ်တာ အတူပဲ ဖြစ်နေလို့ မသတ်တာဖြစ်ကြောင်း စိတ်ရှည်လက်ရှည် ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်မှ ကိုရဲ့ သဘောကျပြီး ထပြန်သွားသည်။

ကိုရဲပြန်သွားတော့ အတော်ညဉ့်နက်နေပြီး တောခေါင်းမောင်မောင်နှင့် ကိုတုတ်တို့လည်း အိပ်နေကြပြီ။ ဆောင်းမီးဖိုကြီးကလည်း မီးရှိန်ကျလို့ ထင်းစ တစ်စနှစ်စသာ မီးပျပျရှိတော့သည်။ ဆောင်းည လေတသွေးသွေး ကလည်း အေးလှသည်။

တစ်နေ့တာ အလုပ်ဆင်းခဲ့သည့် ကျွန်းသတ်ပင် ချန်ပင်စာရင်းကို အပြီး သတ်လိုက်သည်။ ဟိုအဝေးဆီမှ တောလုံငှက်သံက သာယာလှသည်။ တဲဘေးက ပျဉ်းကတိုးပင်ကြီးမှ "ဖြော"ခနဲ သစ်ကိုင်း ခါလှုပ်သွားသံ ကြားလိုက်ရပြီး မကြာမီ ချောင်းစပ်ဆီက "ရှဲ…ရှဲ…ပူစီ…ဒီးဒုတ်" ဆိုသည့် ဆောင့်ကြီးအောင့်ကြီး အသံကြီးကို ကြားနေရသည်။

အိပ်ရာထဲဝင်တော့လည်း ကိုရဲ့ ပြောပြသည့် ဒီးဒုတ်အကြောင်းက ခေါင်းထဲ ရောက်လာသည်။

ဒီးဒုတ်တွေက ပွေးလုံးကို ကြိုက် နှစ်သက်ကြောင်း ညည ပွေးတွင်းဝမှာ ထိုင်ပြီး တွင်းကလိုင်ထဲက ပွေးထွက်လာအောင် အဆက်မပြတ် အော်တတ်ကြောင်း ပွေးလုံး ထွက်လာတဲ့အခါ ဖမ်းပြီး ကျောက်ဆောင် ကျောက်တုံးတွေပေါ်မှာ အေးအေးဆေးဆေး စားနေတတ်ကြောင်း…

တစ်ခါတစ်ရံ သစ်ပင်ပေါ်မှာ အိပ်တန်းတက်နေသည့် ကြက်ရှိသည့် သစ်ကိုင်းကြီးပေါ် နားပြီး တဖြည်းဖြည်း တရွေ့ရွေ့တိုးရွှေ့ပြီး အိပ်နေသည့် ကြက်အနားရောက်လို့ ကပ်ပိတာနှင့် တပ်ပြီး ဖမ်းစားလေ့ရှိကြောင်း ကြက်တွေကလည်း ဒီးဒုတ်ရန်ဘေးက ဝေးအောင် သစ်ပင်ကြီးတွေမှာ အိပ်တန်းမတက်တော့ဘဲ ဝါးရုံရှုပ်ရှုပ်က ရွက်အုပ်တွေ ဖုံးနေသည့် ဝါးပင်လုံးမှာ ပုန်းအိပ်လေ့ရှိကြောင်း ညငှက်တွေ၏ သဘာဝကို သတိရနေလို့ တော်တော်နှင့် အိပ်မရဘဲ တောရိပ်ကောင်းသည့် ဆောင်းညအေးအေးမှာ နွေးအောင် မနည်း ကွေးအိပ်ခဲ့ရသည်။

ဒီနေ့ သောကြာနေ့ တောင်ပေါ်က ဆင်းပြီး တဲရောက်ရောက်ချင်း ချောင်းတွင်း ရေချိုးရင်း တောဝတ် ယူနီဖောင်းတွေကို လျှော်လိုက်သည်။ စနေနေ့မှာ တစ်ပတ်အတွင်း ကွင်းနင်းထားသည့် ကျွန်းသတ်ပင် ချန်ပင် ဆမ်မာရီစာရင်းကို စေတုတ္တရာက နယ်စီးတောအုပ်ရုံးကို ပို့လိုက်သည်။ တနင်္ဂနွေက အားသည်။ ချိုးပစ်ထွက်ဖို့လည်း ကိုရဲ့နှင့် ချိန်းထားပြီးပြီ။

အားလပ်ရက် ဖြစ်ပေမယ့် ခါတိုင်းလို အစောကြီးထပြီး ထမင်းစား ရေနွေးကြမ်းသောက်ရင်း ကိုရဲ့ကို စောင့်နေမိသည်။ စောင့်ရင်း လေသေနတ်ကို ပွတ်တိုက်ပြီး ခဲကျည်(၃၀)ကို ရေတွက်



www.burmeseclassic.com

www.burmeseclassic.com

ကာ ဘူးလေးထဲ ထည့်နေစဉ် ကိုရှဲ ရောက်လာသည်။

'ဆရာ အစောကြီး ထစောင့်နေတာလား။ ချိုးတွေက နေရောင်လေး ပြင်းလို့ နှင်းကွဲမှ အစာစားဆင်းတာ နေမြင့်လေ ချိုးမျိုးစုံလေပဲ'

'ချိုးမျိုးစုံဆိုတော့ ဘယ်နှစ်မျိုးရှိလို့လဲ'

'လေး၊ငါးမျိုးရှိတယ်။ ခုသွားမယ့် ချောင်းဝက မိုးကောင်းလယ်တောရောက်ရင် ဆရာကို ပြမယ်'

ဟု ပြောရင်း ချောင်းစ လယ်တောဘက် ထွက်ခဲ့ကြသည်။

လယ်စပ်က သတ်ပင်ကြီးတစ်ပင်အောက်ရောက်တော့ ချောင်းတစ်ဖက်က သစ်ပင်ကြီးတစ်ပင်မှ ထိုးဆင်းပြီး စာရေးသူနှင့် ကိုရှဲ ခေါင်းထက်က သစ်ကိုင်းပေါ် မော့တက်ကာ ငှက်တစ်ကောင် လာနားသည်။

အရွယ်က အိမ်ဆက်ရက်နှင့် သာလိကာအရွယ်၊ အတောင်နှင့် အမြီးက အစိမ်းရင့်ရင့် ရင်ဘတ်နှင့် ခေါင်းက စိမ်းနုရောင် ခေါင်းလေးထောင်နေပုံက ကြော့ရှင်းလှသည်။ ကိုရှဲက "အဲဒါ **ချိုးစိမ်း** ပစ်ပါ" ပြောပေမယ့် မသတ်ရက်လို့ မပစ်ခဲ့တော့ပါ။

လယ်ကျင်းရောက်တော့ အစာစားဆင်းသည့် ချိုးတွေက တစ်ကောင်ချင်းဆင်းစားတာ ဆိုပေမယ့် အတော်များနေပြီ၊ အနိမ့်ဘက် လယ်ကန်သင်းမှာ ကပ်ပြီး ချိုးပစ်ဖို့ နေရာယူလိုက်ကြသည်။ ကိုရှဲက ချိုးတွေကို လက်ညှိုးထိုးပြီး အမျိုးအစား ခွဲခြားပြနေပါပြီ။ စာရေးသူကလည်း ချိုးမပစ်သေးဘဲ စိတ်ဝင်တစား မှတ်သားနေမိသည်။

ချိုးကောင်ရေက များသလို ချိုးအမျိုးအစားကလည်း စုံလှသည်။ ခေါင်းကလေးမော့ပြီး ကြော့ရှင်းလှပ



သည့် ကိုယ်လုံးလေးနှင့် ရှေ့တိုးပြီး အစာ ကောက်ကောက်နေသည့် **"ချိုးလည်ပြောက်"**။ ချိုးလည်ပြောက်ဆိုတာ "ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က လွမ်းအောင်ကူခဲ့" ဆိုသည့် ကဗျာထဲက အသံသာသာ တွန်ကျူးတတ်သည့် ချိုး...

နီထွေးထွေး ညိုပြာပြာ အမွေးရောင်စိုစိုနှင့် **"ချိုးနီတို"**၊ အစာစားရင်း ကိုယ်ကိုယ်မိမ်းပြီး ဟိုကူးဒီကူးမြူးနေသည့် **"ချိုးပိန်းတူး"**၊ ခိုပြာရောင် အသွေးနှင့် အမြီးပိုရှည်ပြီး တစ်မျိုးအဆင်းသာသည့် **"ချိုးလင်းပြာ"**...

ဒီချိုးတွေကို ကြည့်ရင်း ရွှေစက်တော်ကြိုးဝိုင်းထဲမှာ တွေ့ဖူးခဲ့သည့် အမြဲ နှစ်ကောင်တွဲနေသည့် **"ချိုးဆန်ကွဲ"** အသေးလေးတွေ မတွေ့လို့ မေးကြည့်တော့ ဒီနယ်မှာ ဒီချိုးမျိုး မတွေ့ဖူးဘူးဟု ပြောပြသည်။

ချိုးမပစ်ပြီး လယ်ကျင်းက ပြန်ဆင်းလာတော့ ဒွေးချောင်းမြောက်ဘက်မှ ရွာဆိုးကုန်းသချိုင်းဟောင်းကို ဝင်ပြီး မှတ်တိုင်လေးတွေကို လေ့လာနေမိသည်။

သစ်သားမှတ်တိုင်တွေက တချို့ယိုင်၊ တချို့မတ်နေပေမယ့် အမှတ်အသားတွေက မိုးရေစားလို့ မထင်ရှားတော့၊ ဟိုနားကြည့်လိုက် ဒီနားကြည့်လိုက်နှင့် လိုက်ကြည့်နေဆဲ ခေါင်းပေါ်က သစ်ခက်ထဲ ချိုးတစ်ကောင် လာနားသည်။

ချိုးက ချိုးလည်မြောက်ပါ။ ချိုးက ခေါင်းလေးကို ငုံ့ကာ စောင်းကာ ကြည့်နေရှာသည်။ ကိုရှဲက ပစ်ဖို့ လက်တို့နေပြီ။ စာရေးသူကလည်း ပြောင်းချိုးကျည်ထိုးပြီး ပစ်လိုက်သည်။ "ဖောက်" ခနဲ ထွက်လာသည့်အသံနှင့်အတူ "ဖုတ်" ခနဲ ငုတ်မှတ်တိုင်ဘေး ထွေးခနဲ ကျလာသည်။ ကိုရှဲ ပြေးကောက်မှ ချိုးက ထပြေးသည်။

လက်တစ်ကမ်း အဝေးက ပြေးနေသည့် ချိုးကို ချုံတိုးနေရလို့ လိုက်မမီဖြစ်နေပြီ၊ စာရေးသူကပါ ထလိုက်ရင်း လေသေနတ်နှင့် ကပ်ပစ်လိုက်သည်။

"ဖောက်" ခနဲ အသံကြားမှ ထပျံကာ မလှမ်းမကမ်းက သစ်ခက်ပေါ် တက်နားနေသည်။ ထပ်ပစ်သည်။ ထိလည်း ထိသည်။ "ဖောက်" ခနဲ အသံကြားသည်နှင့် လွှားခနဲ နောက်တစ်နေရာ သွားနားသည်။

လိုက်ပြီး ထပ်ပစ်သည်။ "ဖောက်"၊ "ဖောက်" သံကြားတိုင်း ထထပျံနေသည်။ ကိုရှဲက ခနဲ့ပစ်၊ တုတ်နှင့် ပစ်ပေမယ့် တုတ်တုတ်မျှမလှုပ်၊ လေသေနတ်သံ မဟုတ်က မလှုပ်တော့၊ ချိုးတစ်ကိုယ်လုံး ကျည်မှန်တဲ့ ဒဏ်ရာတွေ ဖုံးနေလောက်ပြီ၊ ကျည်ကလည်း ကုန်ပြီ၊ မတတ်နိုင်တော့ လက်လျှော့

စာမျက်နှာ (၃၀၄) သို့

www.burmeseclassic.com

# ရေဖျဉ်းစွဲလို့



ဆေးနည်းတို့

ချစ်ခင်ရွှေ (ဥပဒေ)

ကျေးလက်တောရွာ ရောက်နေချိန်... ကျွန်တော်သည် ဝါဆိုလပြည့်ကျော်(၇)ရက်နေ့က ကန့်ဘလူမြို့နယ်၊ ဘူးကြီးရွာသို့ အလည်အပတ်သွားရာ ကျေးရွာထဲမှာ (အ.မ.က ဘူးကြီး) ဦးရွှေဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရေဖျဉ်းစွဲနေတာကို တွေ့ရတယ်။

အဲဒါနဲ့ သူ့ရဲ့ အခြေအနေကို မေးပြီး ယခုလို ပျောက်ကင်းတဲ့အကြောင်းကို အများပြည်သူ သိစေရန် ဆေးမြီးတို လေးရေးရန် ရည်ရွယ်ခဲ့ပါတယ်။

'ဆရာကြီးရွှေကို ဘယ်သူက ကုတာလဲ ဆရာကြီး'

'ဆရာကြီးကိုလား... မင်းတို့ဘူးကြီးအနောက်ပိုင်းက ဦးချစ်စိန်တဲ့ကွယ်။ ဆရာကတော့ ထမင်းစားပြီး တိုင်း ဗိုက်ကြီးတွေ ဖောင်းကြွလာတယ်။ မနေနိုင် မထိုင်နိုင် ဖြစ်လာတယ်။

ငါတို့ စဉ်းစားကြည့်လေ...ရေဖျဉ်းစွဲတယ်ဆိုတာ တစ်နေ့တခြား ဆိုးရွားပြီး ဖြစ်လာတဲ့ လူမှန်သမျှ အဲဒီရောဂါကုသဖို့ ဆေးမမရှိတာ။

များသောအားဖြင့် အဲဒီရောဂါဟာ ပြန်လမ်းမရှိတဲ့ ရောဂါပါ။ မင်းတို့ရွာအနောက်ပိုင်း ဆရာချစ်စိန်ရဲ့ ဆေးကြောင့် ယခုလို လူကောင်းပကတိ ဖြစ်လာရတာပါကွယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ ကဲ...အဲဒါဆိုရင် ကျွန်တော် ပြန်ပြီး ဆရာချစ်စိန်အိမ်လဲ အလည်အပတ် သွားလိုက်ဦးမယ်'

ဆရာကြီးရွှေသည် သူ့ရဲ့ ရေဖျဉ်းစွဲတဲ့ ရောဂါကို ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကုသခဲ့တာ ယခုလို ပျောက်ကင်းတော့ ကျွန်တော် အံ့အားသင့်သွားတယ်။

'ဗျို့...ဆရာချစ်'

'ဟော...ငါ့တူလား၊ လာလေ ထိုင်ပါ၊ ထိုင်ပါ အခု အလည်လာတာပေါ့လေ'

'ဟုတ်တယ်...ဟုတ်တယ်'

'ကဲ...ဆရာချစ် ခရီးရောက်မဆိုက် ဆိုသလို ဆရာကြီးရွှေ ရေဖျဉ်းစွဲတာ ပျောက်ကင်းတာ ကျွန်တော် အံ့သြမိတယ်ဗျ'

'အေးကွယ်...တစ်ရွာလုံးက သူ့ကို သေပြီလို့ပြောတယ်။ အဲဒီရောဂါဟာ ကုသလို့ မရတော့ဘူးလို့ ဘေးက ကဲ့ရဲ့တယ်လေ'

'အဲဗျာ... ဦးကြီးချစ်ရာ အခုလို တစ်ယောက်နဲ့တစ်ယောက် အကူအညီ ပေးတယ်ဆိုတာ ရွာထဲမှာတော့ အခုလို ပျောက်ကင်းတာဟာ ကျွန်တော်တို့ ဆရာရွှေတစ်ယောက်ပဲ တွေ့ရတယ်။ သေတဲ့ လူတွေချည်းပဲဗျာ'

'ငါ့တူ သိတဲ့အတိုင်းပဲ...ဦးကြီးချစ်ဟာ ရွာထဲက နေ့စဉ်လိုလို ကဲ့ရဲ့ခံရတယ်။ နောက်ပြီး ဒီလူဟာ ဘာမှမသိပါဘူးဆိုပြီး ပြောကြတယ်။

အဓိက,ကတော့ မိသားစုများတော့ စားဝတ်နေရေး မပြေလည်တာက တစ်ပိုင်းကွာ၊ ရွာတကာလျှောက်ပြီး အကြံအဖန်ရှာတယ်လို့ ပြောကြတယ်။

အခုချိန်မှာ ကိုရွှေကို ရေဖျဉ်းစွဲပြီး သေဘေးကနေ ကယ်တင်ခဲ့တယ်ဆိုပါတော့ကွာ။ အဲ... အဲဒီ ကိုရွှေကို ကုသတာလဲ ဦးကြီးပဲကွ။ အခုတော့





ရွာသားတွေလဲ အမြင်မှန်ရပါပြီ။

ဦးကြီးကတော့ မဟုတ်တာကို လုံးဝလုပ်ကိုင်မစားပါဘူး။ ဘုရားရှင် သိရင်ပြီးရော'

'ကဲ...ဒါနဲ့ ဦးကြီးချစ် ဆရာကြီးရွှေကို ကုသခဲ့တဲ့ ဆေးဟာ ဘယ်လိုဆိုတာကို ကျွန်တော့်ကို ပြောပြနော်'

'အေး...ပြောပြပေးမယ်'

ဆရာချစ်သည် မိသားစု စီးပွားရေးအဆင်မပြေတော့ ဒီလူဟာ အညတရအောက်တန်းစားလို့ သတ်မှတ်ပြီး ရွာသားများက ကဲ့ရဲ့ကြတယ်။

ဒါပေမယ် သူ့ရဲ့ ကံကြမ္မာက ယခုအချိန်ထိ ကောင်းနေဆဲပါ။ တကယ်တော့ သူဟာ လွန်ခဲ့သော နှစ်ပေါင်း (၆၀)ကျော်လောက်က သူ့ရဲ့ မိဘက တိုင်းရင်းဆေးဆရာဆိုတော့ "တင်ငါနားနီး တင်ငါ၊ မှဆိုးနားနီး မုဆိုး" ပေါ့။

အခုဆိုရင်တော့ ရွာထဲက ဘာရောဂါပဲဖြစ်ဖြစ် ဆရာချစ်ကိုပဲ ပင့်ကြတယ်။ သူဟာ တိုင်းရင်းဆေးကိုပဲ မှီဝဲတယ်။ လက်တွေ့လဲ ပျောက်ကင်းတဲ့ လူနာတွေ တွေ့ရပါတယ်။

'ဦးကြီးချစ်... ဆေးနည်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

တော့လေ’

‘အေးပါ…အေးပါ၊ ဆေးနည်းက တော့ လက်တွေ့ပဲကွ။ ဆေးနည်းကို ပဲ တန်းပြောပြမယ်။ ပြီးမှ သုံးစွဲပုံ၊ ကျိုချက်ပုံကို ဦးကြီးရှင်းပြမယ်။

၁။ ငုရွက် (၂၅)ကျပ်သား
၂။ သက်ရင်းကြီးရွက် (၂၅)ကျပ်သား
၃။ သဘော်မဲဇလီရွက် (၂၅)ကျပ်သား
၄။ မန်ကျည်းသီးမှည့် (၂၅)ကျပ်သား
၅။ ထန်းလျက်စစ်စစ် (၂၅)ကျပ်သား

အဲဒီ(၅)မျိုးထဲကမှ ဘယ်လို သုံးစွဲရမလဲဆိုတော့ ပထမ မြေအိုးသန့်သန့် တစ်လုံးထဲကို **ငုရွက်(၂၅)ကျပ်သား၊ သက်ရင်းကြီး (၂၅)ကျပ်သား၊ သဘော်မဲဇလီရွက် (၂၅)ကျပ်သား**ကို ဆတူထည့်ပြီး ရေတစ်ပိဿာချိန် ပြီး ထည့်ကျိုပါ။

ကျိုပြီးရင် အဝတ်သန့်သန့်လေးထဲကို အဲဒီက သစ်ရွက်တွေ၊ အမှုန်အမွှားတွေ ပြောင်အောင် အိုးတစ်ခုထဲ ပြောင်းညှစ်ချပါ။

အဲဒီဆေးရည်ကို ဘေးမှာ အသာထားပြီး မန်ကျည်းသီးမှည့်(၂၅)ကျပ်သားနဲ့ ထန်းလျက်စစ်စစ်(၂၅)ကျပ်သားကို အဲဒီ စစ်ပြီးတဲ့ အရည်ထဲကို ရောထည့်လိုက်ပါ။

(၅)မျိုးစလုံး အားလုံး ဆတူဖြစ်သွားတဲ့အချိန်…အဲဒီအချိန်မှာ ပထမ (၃)မျိုးက ရေတစ်ပိဿာနဲ့ ကျိုတယ်။ နောက် အဲဒီအရည်ထဲကို (၂)မျိုး ထပ်ထည့်တဲ့အခါ ရေတစ်ပိဿာ ထပ်ချိန်ထည့်ပါ။ ဒုတိယအကြိမ် ထပ်ပြီး တစ်ပိဿာထည့်ပါ။

အားလုံးဆိုရင် ယခင် ကျိုပြီးထားတာဆိုရင် ပေါင်းရင် (၃)ပိဿာပေါ့။ အဲဒီဆေးနည်းကိုသာ သုံးစွဲပါ။ မနက်, ညနေ,ည တစ်နေ့ သုံးကြိမ်သာ သောက်ပေးပါ။ လက်တွေ့ပျောက်ပါတယ်’

ဆရာချစ်ပေးသော ဆေးနည်းကို အများပြည်သူ သိရှိစေရန်အတွက် ကျွန်တော် ဆက်လက်ဖော်ပြပါမယ်။

ဆိုလိုတာကတော့ အထက်မှာ ဖော်ပြထားတဲ့ ဆေးငါးမျိုးကို (၃)ခွက် (၁)ခွက်တင်အောင် ကျိုပါ။ ပြီးရင် အဝတ်နဲ့စစ်ပါ။ တစ်နေ့(၃)ကြိမ် မှန်မှန် သောက်ပါ။ ရေဖျဉ်းစွဲရောဂါ လက်တွေ့ ပျောက်ပါလိမ့်မယ်။

ဤဆေးနည်းသည် လက်တွေ့ ဖြစ်သောကြောင့် စာရေးသူကိုယ်တိုင် သိရှိခဲ့ပါတယ်။ ဝေဒနာရှင်များ၊ စာဖတ် ပရိသတ်များအတွက် သိရှိစေရန် ဖော်ပြလိုက်ပါတယ်။

**[ဤဆေးနည်းပေးသော ဆရာချစ်ကိုလည်း ဂါရဝပြုလျက်…]**

ချစ်ခင်ဆွေ(ဥပဒေ)

စာမျက်နှာ (၃၀၂)မှ အဆက်



လိုက်ရသည်။

ကိုရှုက အတော်အံ့ဩနေသည်။ လေသေနတ် နံပါတ်ဝမ်းကျည်အချက် နှစ်ဆယ်လောက်ထိလို့ မသေသည့် ချိုးအမျိုးမျိုးထင်နေသည်။

‘အဲဒီလိုတယ်လို့ ပြောရမှာလား၊ တောနောက်တာပဲလား၊ နာနာဘာဝကြောင့်လား’

မကြားတကြား ပြောရင်း လိုက်လာသည်။

စာရေးသူက အတွေ့အကြုံရှိဖူးသည်။ မော်လိုက်နယ်မှာတုန်းက ဂျီ (ချေ)မ တစ်ကောင်ကို ရိုင်ဖယ်သေနတ်နှင့် ဆယ်ချက်တိတိ ထိအောင်ပစ်နိုင်ခဲ့ပေမယ့် “ဒိုင်း…ဒိုင်း”သံကြားတိုင်း ထထပြေးနေသည့် ဂျီ(ချေ)မ မရလို့ တပ်ကုန်းရွာက မုဆိုးဆရာ ဘိုးပုကို ပြောပြတော့…

ပြင်းထန်သည့်အသံနှင့် ထိမှန်ထားသည့် သားကောင်တွေက ချွေးထွက်ပြီး ထိမှန်သည့် အသံကြားတိုင်း ထထပြေးတတ်တာ နာနာ ဘာဝကြောင့်လားလို့တောင် ထင်မှားရောယ်း သူတို့ကို ထိမှန်တဲ့ အသံမကြားရတဲ့ နေရာရောက်မှ ချွေးလန့်တာတဲ့ပြီး သေလေ့ ရှိတယ်’

ဒီအကြောင်း ပြန်ပြောင်းပြောပြပေးမယ့် ကိုရှုကတော့ သောမှောက်တာ၊ တောနောက်တာ၊ အစမိုတယ် ဆိုတာ နာနာဘာဝကြောင့် ဖြစ်တာပါလို့ ထင်ကာထင်ကာ တပ်အပ်သေချာ ပြောနေပါတော့သည်။

နတ်ကြီးရွာ ဒွေးချောင်းဘေး ရွာဆိုးကုန်းသချိုင်းမှာ ကြုံခဲ့ရတဲ့ ချိုးလည်ပြောက်ကို သတိရမိတိုင်း နာနာဘာဝကြောင့်ပါလို့ အသေအချာ ပြောခဲ့သည့် ကိုရှုကိုပဲ သတိရနေမိပါတော့သည်။

တင်ဘုန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# လွှင့်မြောလိပ်ပြာ လေလား

ရှုမိုး (မတ္တရာ)



လောကကြီး
၌ရှိသော
လူသားများ၏ အသက်ဝိညာဉ် (ခေါ်) ဝိညာဉ်လိပ်ပြာသည် ထူးခြားဆန်းကြယ်လှ၏။ ရုပ်ခန္ဓာ လှုပ်ရှားသွားလာမှု မပြုလုပ်နိုင်တော့သည့် အရေးပေါ် အခြေအနေတွင် အသက်ဝိညာဉ် (သို့မဟုတ်) ဝိညာဉ်လိပ်ပြာသည် ရုပ်ခန္ဓာမှ ထာဝရ ထွက်သွားခြင်းကို လည်းကောင်း၊ ခေတ္တခဏ ထွက်သွားခြင်းကို လည်းကောင်း ကြားဖူး,သိဖူးခဲ့၏။

ထိုအသက်ဝိညာဉ်သည် ရုပ်ခန္ဓာမှ ထာဝရထွက်ခွာသွားခြင်းကို **"ရုပ်ခန္ဓာသေဆုံးခြင်း"**ဟု ခေါ်ဆို၍ အသက်ဝိညာဉ် (ခေါ်) ဝိညာဉ်လိပ်ပြာသည် ရုပ်ခန္ဓာမှ ခေတ္တခဏထွက်ခွာသွားခြင်းကို **"မေ့မြောခြင်း"**ဟု ခေါ်ဆိုနိုင်လေ၏။

ဦးမြင့်ဦး၏အဖြစ်ကတော့ ဝိညာဉ်လိပ်ပြာသည် သူ၏ ရုပ်ခန္ဓာမှ အချိန်တိုလေး ခေတ္တသာ ထွက်ခွာသွားခြင်းဖြစ်၍ မေ့မြောခြင်းဟု ခေါ်ဆိုရပေမည်။

ဝိညာဉ်လိပ်ပြာမှာ ရုပ်ခန္ဓာသို့ ပြန်လည် ဝင်ရောက်လာခြင်းနှင့်အတူ ဦးမြင့်ဦးတစ်ယောက် ပြန်၍ သတိဝင် (အသက်ရှင်) လာခဲ့ရ၏။

သတိဝင်လာသည်နှင့် မိမိဝိညာဉ်လိပ်ပြာ၏ အဝေးတစ်နေရာသို့ လွင့်မြောသွားခြင်းအကြောင်းကို ပြန်လည်စဉ်းစားမိပြီး အံ့သြခဲ့ရလေ၏။

ဦးမြင့်ဦးသည် မတ္တရာမြို့ဇာတိဖြစ်ကာ မြို့နယ်ဥပဒေရုံးတွင် ရုံးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့

www.burmeseclassic.com

ပြီး သက်ပြည့်ပင်စင်ယူခဲ့ပြီဖြစ်၏။

ပင်စင်ယူပြီးသော်လည်း ကျန်းမာရေးကောင်းသေးသဖြင့် ရန်ကုန်မြို့ရှိ ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုတွင် အတွင်းရေးမှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ပြန်၏။

ဦးမြင့်ဦး၏ သမီးအငယ်မှလည်း ဖခင် အလုပ်လုပ်သည့် ကုမ္ပဏီတွင် ကွန်ပျူတာစာရင်းကိုင် ကျွမ်းကျင်အဖြစ် အလုပ်ရရှိခဲ့ပြန်၏။

သမီး(မနန်းရွှေရီဝင်း)၏ ခင်ပွန်းကလည်း ရန်ကုန်မြို့ရှိ သတင်းစာတိုက်ကြီးတစ်ခုတွင် အငယ်တန်း အင်ဂျင်နီယာဖြစ်၍ ဦးမြင့်ဦးအတွက် ကုမ္ပဏီမှ ပေးနေခိုင်းသော တိုက်ခန်းတွင် အတူနေထိုင်ကြ၏။ ဦးမြင့်ဦး၏ဇနီးနှင့် သားကြီးတို့က မတ္တရာမြို့တွင် နေထိုင်ကြ၏။

**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၃) ရက်နေ့တွင်** မတ္တရာမြို့ရှိ သားဖြစ်သူ ပြည့်ဖြိုးမောင်ထံမှ ဦးမြင့်ဦးဆီသို့ ဖုန်းဆက်လာ၏။

မန္တလေး၌ စက်မှုကျွမ်းကျင်(၅) အလုပ်ခေါ်နေ၍ ညီမဖြစ်သူ မနန်းရွှေရီဝင်းပါ သူနှင့်အတူ အလုပ် လျှောက်ထားမည်ဆိုပါက လျှောက်လွှာလာ၍ တင်ရန်ပြော၏။

သမီးဖြစ်သူမှာ အလုပ်ကို ပြောင်းရွှေ့ လျှောက်ထားရန် ဆန္ဒရှိသော်လည်း လက်ရှိတွင် ကုမ္ပဏီအလုပ်များဖြင့် မအားလပ်နိုင် ဖြစ်နေရ၏။

သို့အတွက် ဦးမြင့်ဦးမှ သမီး၏ အလုပ်လျှောက်လွှာတင်ရန် လိုအပ်သော စာရွက်စာတန်းများ စီစဉ်၍ ရန်ကုန်မှ မတ္တရာသို့ ပြန်လာခဲ့လေ၏။

မတ္တရာသို့ရောက်ပြီး နောက်တစ်နေ့ နံနက်(၈)နာရီခန့်တွင် အိမ်၌ လိုအပ်သော ဟင်းချက်စရာများ ဝယ်ယူရန် မတ္တရာဈေးသို့ စက်ဘီးဖြင့် ဈေးဝယ်သွားခဲ့၏။

ဈေးဝယ်ပြီးအပြန်တွင် ဦးမြင့်ဦးမှာ သွေးတိုး၍ ခေါင်းမူးလာသဖြင့် ဈေးအနီးမှ မိတ်ဆွေဖြစ်သူ ဦးလှတင်၏ အိမ်သို့ ဝင်၍နား၏။ ဦးလှတင်၏ အိမ်တွင် ခေါင်းအမူးလွန်ပြီး ဦးမြင့်ဦးမှာ သတိလစ်မေ့မြောသွားလေ၏။

ဦးလှတင်တို့မိသားစုလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြပြီး ဆိုက်ကားခေါ်၍ ဦးမြင့်ဦးအား ဆိုက်ကားပေါ်တင်ကာ ဆေးရုံသို့ အမြန်ပို့ရ၏။

ဆေးရုံ၌ ဆရာဝန်များမှ လိုအပ်သော ဆေးများ သွင်းပေးပြီး ဦးမြင့်ဦးအား သတိလည်လာရန် ပြုစု ကုသပေးကြ၏။

ဦးမြင့်ဦး၏ ရုပ်ခန္ဓာမှာ သတိလစ်မေ့မြော၍ ဆေးရုံ၌ ဆေးသွင်းကုသနေသော်လည်း **“ဝိညာဉ်လိပ်ပြာ”**မှာတော့ ရုပ်ခန္ဓာ၏ အပြင်ဘက်တွင် လွင့်မြောခဲ့ပြီဖြစ်၏။

ရုပ်ခန္ဓာမှ ထွက်ခွာခဲ့သော ဦးမြင့်ဦး၏ ဝိညာဉ်လိပ်ပြာသည် ရန်ကုန်တွင်ရှိသော သမီးဖြစ်သူထံသို့ သွားချင်စိတ်များဖြစ်ပေါ်ခဲ့ရ၏။

စိတ်စွမ်းအားဟု ခေါ်ဆိုရမည်လား၊ ဝိညာဉ်လိပ်ပြာ၏ စွမ်းအားလေလား မသိရ။ သူ တွေ့ချင်သော သမီးဖြစ်သူ နေထိုင်သည့် ရန်ကုန်သို့ ဦးမြင့်ဦး၏ ဝိညာဉ်လိပ်ပြာသည် “ဖျတ်ခနဲ” ရောက်ရှိသွားခဲ့ရ၏။

ထိုနေ့သည် ရုံးပိတ်ရက်ဖြစ်၍ ရန်ကုန်မှ သူတို့နေထိုင်သည့် တိုက်ခန်းရှေ့တွင် သမီးဖြစ်သူ မနန်းရွှေရီဝင်းအား ဦးမြင့်ဦး၏ ဝိညာဉ်မှ တွေ့မြင်ရ၏။

သမီးဖြစ်သူမှာ လျှော်ထားသော အဝတ်များကို အကြိုချိတ်များဖြင့် ချိတ်ပြီး အိမ်ရှေ့ရှိ ကြိုးတန်းတွင် နေပူလှန်းလျက် ရှိ၏။ ဦးမြင့်ဦးမှ သမီးဖြစ်သူ၏ အနားသို့ ကပ်သွားပြီး...

‘သမီးလေး အဝတ်တွေ လျှော်နေတာလား’

ဟု မေးလိုက်ရာ သမီးဖြစ်သူမှ မကြားသကဲ့သို့ ဘာမျှ ပြန်မဖြေချေ။ အဝတ်များကိုသာ လှန်းနေလေ၏။

‘သမီးလေး...မနက်စာ ထမင်းရော ချက်ပြီးပြီလား’

ဟု မေးပြန်ရာ သမီးဖြစ်သူမှ မကြားသယောင်ဖြင့် သူ့အလုပ် သူလုပ်နေ၏။

‘သမီးက အဖေ့ကို စိတ်ဆိုးနေတာလား’

ဟု မေးပြန်လည်း မည်သို့မျှ ပြန်မဖြေချေ။

ဦးမြင့်ဦးမှာ သူက ဘယ်လိုပြောပြော သမီးမှ ပြန်မဖြေသဖြင့် စိတ်မကောင်းဖြစ်ကာ သူတို့နေသော တိုက်ခန်းအတွင်းသို့ ဝင်လာခဲ့၏။

ပြီးနောက် သူမေးသည်ကို နားမကြားချင်ယောင် ဆောင်နေသော သမီးအား နားကြားအောင် လုပ်ပြဦးမည်ဟု စဉ်းစားမိကာ အိမ်အတွင်း ပန်းကန်စင်ပေါ်မှ စတီးဇလုံ တစ်လုံးအား လက်ဖြင့် တွန်းချလိုက်ရာ စတီးဇလုံမှာ သမံတလင်းပေါ်သို့ ကျသွားလေ၏။

‘ချလွမ်း’

ထိုအသံကို ကြားသည်နှင့် သမီးဖြစ်သူမှာ အဝတ်လှန်းနေရာမှ ပြေးလာကြည့်၏။

သမံတလင်းပေါ်မှ စတီးဇလုံကို ကြည့်ပြီး အံ့သြနေသော သမီးကို ဦးမြင့်ဦးမှ တွေ့နေရ၏။

သို့သော်လည်း သမီးကတော့ သူ့ကို တွေ့မြင်သည့်သဘောမပြချေ။ ဦးမြင့်ဦးမှာ သမီးဖြစ်သူက သူ့ကို





www.burmeseclassic.com

www.burmeseclassic.com



စကားမပြောသည့်အတွက် စိတ်မကောင်းဖြစ်ပြီး...

'မတ္တရာကို ပြန်တာပဲ ကောင်းပါတယ်လေ'

ဟု စိတ်မှ မတ္တရာကို စိတ်ညွတ်လိုက်ရာတွင် မတ္တရာမြို့ရှိ သူ့အိမ်ရှေ့သို့ ပြန်ရောက်လာခဲ့ရ၏။

အိမ်ရှေ့တွင် သူ၏ ဇနီးဖြစ်သူနှင့် သားဖြစ်သူကို တွေ့ရ၏။ သူ့ဇနီးနှင့် သားတို့က အိမ်တံခါးပိတ်ပြီး အပြင်သို့ သွားမည့်ပုံစံ တွေ့မြင်နေရ၍...

'ဟေ့... မင်းတို့သားအမိ ဘယ်သွားကြမလို့လဲ'

ဟု မေးရာတွင် သူ့ကို ဘယ်သူကမျှ ပြန်မဖြေကြပေ။ သူတို့သားအမိမှာ မျက်စိမျက်နှာမကောင်းကြဘဲ သားကြီးက ဆိုင်ကယ်မောင်းပြီး သူ့အမေက နောက်မှထိုင်ကာ ဆိုင်ကယ်ထွက်သွားသဖြင့် ဦးမြင့်ဦးလည်း ဆိုင်ကယ်နောက်မှ အပြေးလိုက်သွားလေ၏။

ဆိုင်ကယ်နောက်မှ ပြေးလိုက်သွားသော်လည်း သူ့မှာ မောပန်းခြင်း မဖြစ်ပေ။ သူပြေးလိုက်နေသော လမ်းတစ်လျှောက်တွင် ပရလောကသားများကိုလည်း တွေ့မြင်ခဲ့ရ၏။

အချို့သော ပရလောကသားများမှာ လူပုံစံဖြစ်သော်လည်း မျက်နှာသေများနှင့် ဖြစ်ကြ၏။ အချို့ကို သစ်ပင်များပေါ်တွင် လည်းကောင်း၊ အချို့ကို လမ်းဘေးတွင် လည်းကောင်း တွေ့ရှိရ၏။

ဦးမြင့်ဦး၏ဝိညာဉ်မှာ သူ့သား၏ ဆိုင်ကယ်နောက်မှ ကပ်၍ပြေးလိုက်လာခဲ့ရာ မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း မောင်းဝင်သွား၍ တစ်ပါတည်း လိုက်လာခဲ့၏။

သူ့သားနှင့် သူ့ဇနီးတို့က ဆိုင်ကယ်ကို ရပ်လိုက်ပြီး လူနာဆောင်အတွင်း ဝင်သွားသဖြင့် လိုက်လာခဲ့ရာ လူနာခုတင်တစ်ခု၏ ဘေးတွင် သူ့မိတ်ဆွေ ဦးလှတင်နှင့် အခြားသူများကိုပါ တွေ့ရ၏။

လူနာခုတင်ပေါ်တွင် လဲလျောင်းနေသော လူနာကို ကြည့်လိုက်ရာ ဦးမြင့်ဦး၏ ဝိညာဉ်မှာ အံ့ဩသွားခဲ့ရ၏။ ခုတင်ပေါ်မှ သတိလစ်မေ့မြောနေသော လူနာမှာ သူဖြစ်နေပေသည်တကား။

'ဦးလှတင် ဖုန်းဆက်လို့ ချက်ချင်းလာခဲ့တာပါပဲ။ ကျွန်မယောကျ်ား ဘယ်လိုဖြစ်တာလဲ'

'ဈေးက ပြန်အလာမှာ ခေါင်းမူးလို့ဆိုပြီး တို့အိမ် ဝင်နားရင်းနဲ့ သတိလစ်သွားတာပါပဲ။ ဒါနဲ့ ဆေးရုံကို ချက်ချင်းခေါ်လာခဲ့တာ သွေးတိုးလို့ ပြောတာပဲ'

'ကျေးဇူးပါပဲ ဦးလှတင်ရယ်၊ ခုအခြေအနေကရော ဘယ်လိုတဲ့လဲ'

'လောလောဆယ်တော့ ဆရာဝန်က ဆေးထိုးပေးပြီး ဆေးချိတ်ထားတယ်။ သတိတော့ မရသေးဘူး'

'ဟုတ်ကဲ့...ဟုတ်ကဲ့ ကျွန်မတို့ပဲ ဆက်ပြီး စောင့်လိုက်ပါ့မယ် ဦးလှတင်ရယ် ပြန်လို့ရပါပြီ'

'အဲဒါဆို ကျွန်တော်တို့ ပြန်ဦးမယ်နော်၊ ညနေမှ လာခဲ့ပါဦးမယ်'

'ဟုတ်ကဲ့...ဟုတ်ကဲ့'

ထိုသို့ ပြောဆိုပြီး ဦးလှတင်နှင့် လူနာလိုက်ပို့သူ (၂)ယောက်တို့ ပြန်သွားကြ၏။ ဦးမြင့်ဦး၏ ဇနီးနှင့်သားတို့က လူနာအား စောင်ခြုံပေးခြင်း၊ ခြေလက်တို့အား နှိပ်နယ်ပေးခြင်းများ ပြုလုပ်ပေးကြ၏။

ဦးမြင့်ဦး၏ ဝိညာဉ်မှာတော့ ဘာလုပ်ရမှန်းမသိဘဲ သူ့ခန္ဓာကိုယ်၏ ဘေးတွင် မတ်တတ်ရပ်ပြီး သူ့ကိုယ်သူ ပြန်ကြည့်နေမိ၏။ ထိုစဉ်တွင်...

'ဟေ့...ဘာလုပ်နေတာလဲ၊ မင်းကိုယ်ထဲကို အမြန်ပြန်ဝင်တော့လေ'

ဆိုသော စကားသံကို ကြားလိုက်ရ၏။ သို့သော်လည်း သူ့ခန္ဓာကိုယ်ထဲသို့ မည်သို့ ပြန်ဝင်ရမည်ကို သူ မသိချေ။

'မင်းကိုယ်ထဲကို ခုန်ပြီး ဝင်ထည့်လိုက်'

ဆိုသော စကားသံကို ထပ်မံပြီး ကြားရပြန်၏။

ထို့ကြောင့် ဦးမြင့်ဦး၏ ဝိညာဉ်က

www.burmeseclassic.com

"ဖြစ်ချင်ရာဖြစ်"ဆိုပြီး သူ၏ ရုပ်ခန္ဓာပေါ်သို့ ခုန်ချလိုက်လေ၏။ ခဏအကြာတွင် ဦးမြင့်ဦး၏ ကိုယ်ခန္ဓာ လှုပ်ရှားလာခြင်းနှင့်အတူ မျက်လုံးများလည်း ပွင့်လာခဲ့၏။

'ဟော... အမေရေ အဖေ သတိရလာပြီဗျ'

'အေး... ဟုတ်သားပဲ ကိုမြင့်ဦး သက်သာရဲ့လား'

'အင်း တော်တော်လေး သက်သာပါပြီ၊ ခေါင်းနည်းနည်းပဲ မူးတော့တယ်'

'သက်သောင့်သက်သာ နားနေလိုက်ဦး၊ သားရေ... ဆရာဝန်ဆီကို သွားပြီး မင်းအဖေ သတိရလာပြီလို့ သွားပြောလိုက်၊ အမေက ဒီမှာစောင့်နေမယ်'

'ဟုတ်ကဲ့ အမေ'

ဟု ပြောကာ သားဖြစ်သူက ထွက်သွားလေ၏။

ဦးမြင့်ဦးမှာ မြို့နယ်ဆေးရုံမှ ဆရာဝန်များ၏ ကြပ်မတ် ကုသပေးမှုကြောင့် ဆေးရုံတွင် ဆေးသွင်းပြီး နောက်တစ်နေ့ နံနက်၌ လုံးဝ နီးပါးကောင်းသွားပြီဖြစ်၏။

ဆရာဝန်ကြီးက (၂)ရက်၊(၃)ရက် ဆက်နေပါဦးဆို၍ ဆေးရုံတက်နေရ၏။ ဦးမြင့်ဦးကို လူနာစောင့်အဖြစ် ဇနီးဖြစ်သူမှ နေပေး၍ သားဖြစ်သူက အိမ်ပြန်စောင့်အိပ်၏။

နံနက်(၈)နာရီခန့်တွင် ဆေးရုံရှိသူ့ အမေထံသို့ ရန်ကုန်မှ သမီးဖြစ်သူ မရွှေရိုဝင်းက ဖုန်းဆက်၏။ သမီးက ဖခင်ဖြစ်သူ ဦးမြင့်ဦး၏ ကျန်းမာရေး ကောင်းမကောင်း မေးမြန်းခြင်းဖြစ်လေ့၏။

မိခင်ဖြစ်သူမှ ဦးမြင့်ဦးမှာ မနေ့နံနက် (၈)နာရီကျော်ကျော်ခန့်က သွေးတိုး၍ သတိလစ်ပြီး ဆေးရုံတင်ထားရ



ကြောင်း ပြောနေ၏။ သမီးက...

'အမေ... သမီးရဲ့ စိတ်ထဲမှာ ထင့်နေလို့ ဖုန်းဆက်လိုက်တာပဲ၊ မနေ့မနက်က သမီးတို့ အခန်းမှာ စတီးလုံး တစ်လုံး သူ့အလိုလို ပန်းကန်စင်ပေါ်က ပြုတ်ကျတယ်။ နောက်ပြီး ညက အိပ်မက်ထဲမှာ အဖေ့ကို ညှိုးညှိုးငယ်ငယ်နဲ့ တွေ့ရပြီး ပျောက်ကွယ်သွားတယ်။ ဒါကြောင့် အခုပဲ မတ္တရာကို ကားနဲ့ လိုက်လာခဲ့တော့မယ်'

ဟု ပြောကာ ဖုန်းချသွားတော့၏။ သမီးဖြစ်သူနှင့် ဇနီးတို့၏ ဖုန်းပြောသံများကို အကြောဆေး ပိုက်တန်းလန်းဖြင့် လဲလျောင်းနေသော ဦးမြင့်ဦးမှ ကြားသိနေရ၏။

ထို့ကြောင့် မိမိ၏အဖြစ်ကို ပြန်လည် စဉ်းစားမိရ၏။ ရုပ်ခန္ဓာ၏ အရေးပေါ် အခြေအနေတွင် ဝိညာဉ်လိပ်ပြာသည် မည်သို့သည့်အတွက်ကြောင့် ခန္ဓာကိုယ်မှ ထွက်သွားရသနည်းဟု စဉ်းစားမိရ၏။

သူ၏ ဝိညာဉ်လိပ်ပြာသည် ရုပ်ခန္ဓာမှ ခေတ္တသာထွက်သွား၍ တော်ပေသေး၏။ ထာဝရထွက်သွားပါက မိမိသည် အသက်ရှင်နိုင်တော့မည် မဟုတ်ဟုလည်း စဉ်းစားမိရ၏။

'အသက်ဝိညာဉ်ခေါ် ဝိညာဉ်လိပ်ပြာ၏ လျှို့ဝှက်ဆန်းကြယ်မှုကိုလည်း အံ့ဩမိရ၏။ အချို့သောသူများ "မေ့မြော"နေရာ၌ သုသာန်ရောက်၍ သင်္ချိုင်းဓါးနှီးမှ သတိရလာသော အကြောင်းများကို ကြားသိခဲ့ခြင်းအား ယုံကြည်မိလာရ၏။

နောက်နေ့၏ နံနက်ပိုင်းတွင် ဦးမြင့်ဦး၏ သမီးဖြစ်သူ မရွှေရိုဝင်းက မတ္တရာသို့ ရောက်ရှိလာခဲ့၏။ ရောက်ရောက်ချင်းပင် ဖခင်ရှိသော မတ္တရာ ဆေးရုံသို့ လိုက်လာခဲ့၏။

ဆေးရုံတွင် ဦးမြင့်ဦးမှ ဇနီးနှင့် သမီးတို့အား မိမိ သတိလစ်သွားစဉ်က အကြောင်းများကို ပြန်လည်ပြောပြခဲ့၏။

**မရွှေရိုဝင်းထံ ရောက်သွားခြင်းနှင့် ပန်းကန်စင်ပေါ်မှ စတီးလုံးကို တွန်းချခဲ့ကြောင်းများကို လည်းကောင်း၊ အခြား ပုဂ္ဂိုလ်တစ်ဦးမှ မိမိ၏ ဝိညာဉ်အား ရုပ်ခန္ဓာတွင်းသို့ ပြန်ဝင်ရန် ပြောခဲ့ပုံများကို ပြန်လည်ပြောပြခဲ့၏။**

ဇနီးနှင့် သမီးတို့မှာ ဦးမြင့်ဦးပြောပြသော အဖြစ်အပျက်များကို နားထောင်ရင်း ဝိညာဉ်လိပ်ပြာ၏ လွင့်မြောမှု ဆန်းကြယ်ပုံကို အံ့ဩမခန်း ဖြစ်ကြရ၏။

အံ့ဩမိရခြင်းနှင့်အတူ လောကကြီးရှိ လူသားအားလုံးတို့၏ "ဝိညာဉ်လိပ်ပြာ"များသည် "သူ့ရုပ်ခန္ဓာနှင့်သူ" နှစ်(၁၂၀)တိုင် တည်ရှိနေနိုင်ပါစေကြောင်း ဆုတောင်းမိကြလေသတည်း။

**ဝန်ခံချက် ။ ။ ဦးမြင့်ဦး၏ ဖြစ်ရပ်မှန် ဖြစ်ပါသည်။**

ဦးစိုး(မတ္တရာ)



www.burmeseclassic.com

www.burmeseclassic.com


# နဝင်းရွှေပြာသတ္တု ရသာယနအားဆေး

# ဥဿှာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရုပ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသားေါ်ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာန ဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်ကာ ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့် ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥဿှာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥဿှာတေဇောရရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥဿှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥဿှာ အားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥဿှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥဿှာကောင်းလျှင် ကျန်းမာမည်။ ဥဿှာအားနည်းလျှင် ရောဂါရမည်။ ဥဿှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥဿှာ ပျက်လျှင်သေမည် ဖြစ်ပါသည်။

**ဥဿှာ အားနည်းကာ ခြေအေး လက်ဖဝါးပူ/ကြွမ်း ကတည်းက ဥဿှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**

**ဆေးသုံးစွဲရန်**

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥဿှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။ (ဥဿှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။ (ဥဿှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း–သိမ်ဖြူဆေးရာဇဝင် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**သမားတော်ကြီး ရွှေပြာသတ္တု ဦးကျော်မြင့်(တ/ဆ ၂၈၉၂ B.A, C.T.M.P)စေ တိုင်းရင်းဆေးကုဆေးဆိုင်**

**၅၂၄(ဂ)၊ မဟာဗန္ဓုလလမ်းဆုံ မြောက်ဥက္ကလာပမြို့ ဖုန်း–၀၉ ၅၀၅၆၀၃၆၊ ၀၉ ၉၆၉၉၇၇၉၈**




www.burmeseclassic.com